http://www.dhammadownload.com

အဘိဓမ္မတ္ထသင်္ဂဟပန်းကုံ

ဒါရှင်ကုမာရ

ပြုစုသည်

ဒုတိယ-ပုံနှိပ်

ကောဇော-၁၃၅၆

ပထမ-၁၀၀၀ သာသနာ-၂၅၃၈

အဘိဓမ္မတ္ထသင်္ဂဟပန်းကုံ


ဒါရှင်ကုမာရ

http://www.dhammadownload.com

မြောင်းမြမြို့
တိုက်သစ်ပဇ္ဇောတာရုံစာသင်တိုက်

မှော်ဘီမြို့
သာသနာ့ဝန်ဆောင်ကျောင်းတိုက်များ၏
နာယက
အရှင်ကုမာရ
၏

အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး



သာသနာ ၂၅၃၇ | ကောဇာ ၁၃၅၅ | ခရစ် ၁၉၉၄

http://www.dhammadownload.com

အဘိဝမ္မတ္ထသင်္ဂဟပန်းကုံး

စာမူခွင့်ပြုချက်အမှတ်	၅၈/၉၄ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	၄၀/၉၄ (၈)
ထုတ်ဆသူ	ဦးရဲမြင့် (၀၁၀၄၉) တက်လမ်းစာပေ ၉၆၇၊ ပဒေသာရပ်၊ စော်ဘွားကြီးကုန်း
ပုံနှိပ်သူ	ဦးထွန်းအောင်၊ (၀၄၄၂၇) ဖြူစင်ပုံနှိပ်တိုက် ၁၇၇၊ ၃၁ လမ်း၊ ရန်ကုန်
စာအုပ်ချုပ်	သန့်စင် ၂၈၂၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်
ပုံနှိပ်မှတ်တမ်း	ဒုတိယအကြိမ်၊ ၁၉၉၄၊ အောက်တိုဘာ
ဆောင်ရွက်	၃၀၀၀
တန်ဖိုး	တန်ဖိုး [redacted] ကျပ်


ပါရမီစာပေ

၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၈၂၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်

http://www.dhammadownload.com

ပဏာမ

နှင့်



ကျမ်းဦးပလ္လင်

ဝန္ဒနီယံ ဝတ္ထုတ္တယံ , ဝရဒံ ပဝရံ ဝရံ၊
ဝဏ္ဏယိဿံ ဝန္ဒိတွာန , ဝရတ္ထဿ္ဆေဝ သင်္ဂဟံ။

အဟံ-ငါသည်၊ ဝရံ-ဆည်းကပ်သမျှ, သာဝကကို, ဒုက္ခပယ်ဖျောက်, သုခ ရောက်အောင်, စောင့်ရှောက်ကာကွယ်, မြဲကယ်ဆယ်၍, တကယ်ပင် တောင့်တအပ် ပေထသော၊ ပဝရံ-မြတ်တေဂုဏ်မွန်, စုဝေလျှဲ၍, အလွန်ပင်မွန်မြတ်ပေထသော၊ ဝရဒံ-တစ်ကြိမ်ရိုက်ချိုး, ရှိလျှင်ခိုးက, ကောင်းကျိုးအသင်္ခ်ေ, ပေးစွမ်းနိုင်ပေထသော၊ ဝန္ဒနီယံ-ဖြဟ္မာနတ်လူ, သုံးဘုံသူတို့, ကြည်ဖြူနှစ်ခြိုက်, ရှိခိုးထိုက်ပေထသော၊ ဝတ္ထုတ္တယံ-ဘုရား တရား, သံဃာအားဖြင့်, သုံးပါးရတနာ,ကိုးကွယ်ရာကို၊ ဝန္ဒာမိ-ကြောင်းမျိုးအလျောက်, ကောင်းကျိုးရောက်ဖို့, ဝမ်းမြောက်ထောမနာ, ရှိခိုးပါ၏။

http://www.dhammadownload.com

ဝန္ဒိတွာ–ကြောင်းမျိုးလျော်စွာ, ကောင်းကျိုးလာဖို့, ကြည်သာဝဲချီး, ရှိခိုးပြီး၍၊ ဝရတ္ထဥွေဝ–စာသွားတင့်တယ်, နက်ခိမ်ဟယ်တို့, ပြည့်ကြွယ်ကောင်းစွာ, ပါရှိသည်လည်း ဖြစ်ပေထသော၊ ဝရံစ–အဘိဓမ္မာနက်ကျယ်, မြစ်ပင်လယ်ကို, ကူးလွယ်သင့်တန်, ယာဉ်ကောင်းမှန်၍, အလွန်လည်းတောင့်တအပ်ပေထသော၊ ပဝရံစ–ရုပ်ဓာတ် နာမ်ဓာတ်, ပရမတ်နှင့်, ပညတ်တစ်ဖြာ, ဘာဝနာမလွတ်, ပြည်ွန်တတ်၍, အလွန်လည်းကောင်းမြတ်ပေထသော၊ ဝရဒံစ–လောကီလောကုတ္တရာ, နှစ်ဖြာကောင်းကျိုး, အမျိုးမျိုးကို, ဖွဲ့ဖြိုးမြိုင်မြိုင်, တကယ်လည်းပေးစွမ်းနိုင်ပေထသော၊ သင်္ဂဟံ–အဘိဓမ္မတ္ထ, သင်္ဂဟဟု, နာမတင့်ဆန်း, သင်္ဂြိဟ်ကျမ်းကို၊ ဝဏ္ဏယိသံ–ပန်းကိုသီကုံး, ပြုပုံထုံးသို့, စုရုံးပြီးကာ, နက်ခိမ်ဟာကို, သင့်ရာကုံးထား, ဆောင်ပုဒ်များနှင့်, ဇယားစွက်ကာ, ဖွင့်ဆိုရပါတော့အံ့။

လိုလားကြည်ဖြူ သင်သူများသောကျမ်း

အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းသည် တင့်တယ်ဆန်းကြယ်၏၊ ဝါကျအထားအသို ကောင်း၏၊ စာသွားစာလာ ချောမောပြေပြစ် ညက်ညောကျစ်လစ်၏၊ တိုတိုစိစိနှင့် လိုရင်း ကိုမိ၏၊ အဘိဓမ္မာဆိုင်ရာ အနက်အဓိဟ်ယဟ်တို့ ပြည့်ကြွယ်စုံလင်သော ကျမ်းကောင်း ကျမ်းမြတ်ဖြစ်၏၊ ငယ်ပင်ငယ်သော်လည်း တကယ်ထယ်ဝါ၍ အရေးပါအရာရောက်သော ကျမ်းထူးတစ်ဆူ ဖြစ်ပါပေသည်။

ဗုဒ္ဓအဘိဓမ္မာသည် သဘောအဓိဟ်ယဟ်အားဖြင့် နက်နဲခက်ခဲ၏၊ ကျမ်းဂန်စာသား အနေအားဖြင့် ကျယ်ဝန်းများပြား၏၊ သာမန်အသိညာဏ်ရှိသူများ သက်ဝင်ကျက်စား ဖို့ရန် မလွယ်ကူလှပေ၊ နက်လှပြန့်ကျယ် သမုဒ္ဒရာအလယ်မှာ ယုန်ငယ်ခြေထောက်ဖြင့် ထောက်တည်ရာ မရနိုင်သကဲ့သို့သာ ဖြစ်ဖွယ်ရာရှိပါတော့သည်။

ဤအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းကား ယင်းအဘိဓမ္မာနက်ကျယ် မြစ်ပင်လယ်ကို အလွယ်တကူသက်ဝင်ကျက်စားနိုင်ဖို့ရန် ယာဉ်ကောင်းယာဉ်မွန်သဖွယ် ဖြစ်ပါပေသည်၊ ဤအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းအကူအညီဖြင့် အဘိဓမ္မာနက်ကျယ် မြစ်ပင်လယ်ကို အလွယ်တကူ သက်ဝင်ကျက်စားနိုင်သူတို့ကား တစ်ယောက်လည်းမဟုတ်၊ နှစ်ယောက်လည်း မဟုတ်ပါ၊ မရေမတွက်နိုင်လောက်အောင်ပင် များပြားလှပါသည်။

ထိုသူတို့သည် အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းအကူအညီဖြင့် ဗုဒ္ဓအဘိဓမ္မာ၏ သဘော အဓိဟ်ယဟ်ကို အလွယ်တကူသိမြင်နားလည်သွားကြပါသည်၊ ထို့ကြောင့်လည်း ဗုဒ္ဓ အဘိဓမ္မာကို လေ့လာလိုက်စားသူတိုင်း ဤအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းကို လက်လွတ်မခံနိုင် ကြပါ၊ လိုလိုလားလား လေ့လာလိုက်စားကြရသည်ချည်းသာ ဖြစ်ပါသည်။

ယင်းအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၌ ရုပ်ပရမတ်တို့ကိုလည်း ခွဲစိတ်ဝေဖန်ပြည့်စုံ ထားပါသည်၊ "စိတ်, စေတသိက်, နိဗ္ဗာန်"ဟူသော နာမ်ပရမတ်ကိုလည်း ခွဲစိတ်ဝေဖန်

http://www.dhammadownload.com

ပြည့္ဝန်ထားပါသည်၊ အချို့အချို့သော စိတ်, စေတသိက်တို့၏ အာရုံအကြောင်းဖြစ်သော သဒ္ဒပညတ်, အတ္ထပညတ်တို့ကိုလည်း ခွဲစိတ်ဝေဖန် ပြည့္ဝန်ထားပါသည်၊ ဤကျမ်း၏ အဆုံး၌ မြေလျှိုးမိုးပုံ, အဘိညာဏ်နှင့်, နိဗ္ဗာန်တိုင်အောင်, ပို့ဆောင်နိုင်သော သမထ, ဝိပဿနာ ဘာဝနာနည်းများကိုပင် တိကျသေချာ ညွှန်ပြထားလိုက်ပါသေးသည်။

သို့ဖြစ်၍ ဤအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းသည် သာမန်ကျမ်းစာမျိုးမဟုတ်ပါ၊ လောကီကောင်းကျိုး, လောကုတ္တရာကောင်းကျိုး အမျိုးမျိုးတို့ကို အပြည့်အဝပေးနိုင်သည့် အလွန်မြင့်မြတ်အထက်တန်းကျသော ကျမ်းစာမျိုးသာဖြစ်ပါသည်၊ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာ၏ အနှစ်သာရကို လိုလားကြည်ဖြူ အဘယ်မည်သောသူသည် ဤအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းကို မသင်ယူလိုဘဲ ရှိပါတော့မည်နည်း။

အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး

အကျွန်ုပ်သည်မာတိကာမာတုကထာပန်းကုံး, ယမကပန်းကုံး, ပဋ္ဌာနပန်းကုံးတို့ဖြင့် ဗုဒ္ဓအဘိဓမ္မာကို လေ့လာလိုက်စားသူတို့၏ လိုအင်ဆန္ဒကို အထိုက်အလျောက် ပြည့္ဝစေခဲ့ပါသည်၊ ဗုဒ္ဓအဘိဓမ္မာကို လေ့လာလိုက်စားသူတို့၏ စိတ်နလုံးကို ရွှင်ပြုံးနှစ်သိမ့်စေခဲ့ပါသည်၊ ဗုဒ္ဓအဘိဓမ္မာကို လေ့လာလိုက်စားသူများအား အဘိဓမ္မာညဝါနှင့်ပတ်သက်၍ အထိုက်အလျောက် အကူအညီပေးခဲ့ပါသည်၊ အကူအညီရသလောက်လည်း သူတို့တစ်တွေ ခရီးရောက်ကြပါသည်၊ တိုးတက်အောင်မြင်မှုကို ရရှိကြပါသည်။

သို့သော် သူတို့တစ်တွေကား ထိုမျှလောက်ဖြင့် အားရတင်းတိမ်မှုကို မရရှိနိုင်ကြပါ၊ ကျွန်ုပ်ထံမှ နောက်ထပ်အကူအညီတစ်ခုကို လိုလိုလားလားတောင်းခံလာကြပါသည်၊ ပြုစုပြီးအဘိဓမ္မာညဝါကျမ်းစာများနှင့် သဘောမပြား တသားတည်းဖြစ်အောင်အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းကိုလည်း လွယ်ကူရှင်းလင်း ဇယားနည်းသွင်းကာ ပြုစုပေးပါမည့်အကြောင်း လျှောက်ထားတောင်းပန်ကြပါသည်။

အကျွန်ုပ်သည် အောက်အခြေခံကျမ်းစာများနှင့်တကွ အထက်ပါဋ္ဌတော်, အဋ္ဌကထာ, ဋီကာကျမ်းများကိုပါ ရွေကျင်နိုက်ယ ဒသမသာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီးထံမှာ အများဆုံးနာကြားသင်ယူခဲ့ရပါသည်၊ အထူးအားဖြင့် "သဒ္ဒါ, သင်္ဂြိဟ်" စသော အချို့အချို့သောကျမ်းစာများကို ကိုယ်တိုင်ဆို၍ မိမိရရသင်ယူခဲ့ရပါသည်၊ ဆရာတော်ဘုရား၏ အထံတော်မှ သင်္ဂြိဟ်ဆိုင်ရာ အနက်အဓိပ္ပာယ်နှင့် သရုပ်ခွဲပုံခွဲနည်းများကိုလည်း တိတိကျကျရရှိလာခဲ့ပါသည်။

ဆရာတော်ဘုရား၏ အဘိဓမ္မာဆိုင်ရာအနက်အဓိပ္ပာယ် ယူဆပုံယူဆနည်း, သရုပ်ခွဲပုံခွဲနည်းများသည် လွယ်ကူရှင်းလင်းသည်၊ တိကျသေချာသည်၊ ပြည့္ဝစုံလင်သည်၊ မပျောက်ကွယ်သင့်သော နည်းကောင်းနည်းမွန်များချည်းသာ ဖြစ်ပါဘိသည်။

http://www.dhammadownload.com

သို့ဖြစ်၍ လျှောက်ထားတောင်းပန်သူများလည်း အလိုပြည့်ဝအောင်, ကျေးဇူးတော်ရှင် မြောင်းမြဆရာတော်ဘုရားကိုလည်း ကျေးဇူးဆပ်ရာရောက်အောင် မြောင်းမြဆရာတော် ဘုရား၏ နည်းနှင့် တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရား၏ အဘိဓမ္မာဆိုင်ရာကျမ်းစာများကို အခြေခံထားလျက် ဤအဘိဓမ္မတ္ထသင်္ဂဟပန်းကုံးကို ပြုစုတင်ဆက်ရပါသည်။

ပန်ကြားချက်

ဤသို့လျှင် ဤအဘိဓမ္မတ္ထသင်္ဂဟပန်းကုံးသည် ဒသမရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီး၏ နည်း, တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရား၏ အဘိဓမ္မာဆိုင်ရာကျမ်းစာများကို မှီးငြမ်းပြုကာ ပေါ်ထွက်လာသော ကျမ်းစာတစ်စောင်ဖြစ်ပါသည်၊ ယင်းသို့ အခြေခံမှီရာကောင်းမှ ပေါက်ပွားပေါ်ထွက်လာသည့်အတွက် "ဤကျမ်းစာသည်လည်း အများလက်ခံနိုင်လောက်သော ကျမ်းစာကောင်းတစ်စောင်ဖြစ်လိမ့်မည်၊ လျှောက်ထားတောင်းပန်သူတို့၏ အလိုဆန္ဒကို ပြည့်စေနိုင်သော ကျမ်းစာဖြစ်လိမ့်မည်"ဟု ယုံကြည်ကိုးစားပါသည်။

သို့သော် အရေးအသား မလိမ္မာမကျွမ်းကျင်မှု, စီစဉ်တင်ပြပုံဟန်မရမှု, မိမိ၏ အသိဉာဏ်မနှံ့စပ်မှုတို့ကြောင့် ချွတ်ချော်တိမ်းပါး လွဲမှားသောအချက်အလက်များလည်း ပါဝင်ကောင်းပါဝင်နိုင်စရာရှိပါသည်။

ယင်းသို့ ချွတ်ချော်တိမ်းပါး လွဲမှားသော အချက်အလက်များကို တွေ့ရှိကြပါလျှင် အပြစ်မတင် အချစ်ဝင်၍ ကြည်လင်ဝမ်းသာ ပြင်ဆင်ကြည့်ရှုကြပါရန်လည်း ပန်ကြားအပ်ပါသည်။

- ရေးအသား, တင်ပြထား ဟန်မူရာ၊
- မစွမ်းသန်–အမှန်ပျောက်လို့ရယ်, မှားမှောက်တတ်ပါ၊
- မောဟလွှမ်း–ဉာဏ်စွမ်းရယ်တဲ့ ကင်းလွတ်ကွာ, လွဲမှားပါ ချက်လက်များ၊
- ပြစ်မတင်–အချစ်ဝင် မေတ္တာသက်လို့ရယ်, ဖြည့်စွက် ပြင်ထား။

အရှင်ကုမာရ
တိုက်သစ် ပဇ္ဇောတာရုံစာသင်တိုက်
မြောင်းမြမြို့။

၁၃၄၂–ခု၊ ကဆုန်လပြည့်ကျော် ၁၂–ရက်။
(၁၀–၅–၈၀)

http://www.dhammadownload.com

အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး

မာတိကာ

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
	ပဏာမနှင့်ကျမ်းဦးပလ္လင်	
၁။	ပဏာမဂါထာ	ဂ
၂။	လိုလားကြည်ဖြူ သင်သူများသောကျမ်း	ဃ
၃။	အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး	၈
၄။	ပန်ကြားချက်	ဈ
	၁။ စိတ်ဝိုင်း	
၁။	ပဏာမနှင့်ပဋိညာဉ်	၁
၂။	ပရမတ္ထတရား ၄-ပါး	၂
၃။	အကုသိုလ်စိတ် ၁၂-ပါး	၅
၄။	အဟိတ်စိတ် ၁၈-ပါး	၁၂
၅။	ကာမာဝစရသောဘနစိတ် ၂၄-ပါး	၁၈
၆။	ရူပါဝစရစိတ် ၁၅-ပါး	၂၂
၇။	အရူပါဝစရစိတ် ၁၂-ပါး	၂၇
၈။	လောကုတ္တရာစိတ်အကျဉ်း ၈-ပါး	၂၆
၉။	စိတ်အကျဉ်း ၈၉-ပါး	၂၈
၁၀။	စိတ်အကျယ် ၁၂၁-ပါး	၃၀
၁၂။	လောကုတ္တရာစိတ်အကျယ် ၄၀	၃၀
၁၃။	လေ့ကျင့်ခန်းမေးခွန်းများ	၃၀
	၂။ စေတသိက်ဝိုင်း	
၁။	စေတသိက်လက္ခဏာ ၄-ပါး	၃၇
၂။	အညသမာန်းစေတသိက် ၁၃-ပါး.....	၃၈
၃။	အကုသိုလ်စေတသိက် ၁၄-ပါး	၃၉
၄။	သောဘနစေတသိက် ၂၅-ပါး	၄၀
၅။	သမ္မယောဂနည်း၏ သဘောလက္ခဏာနှင့် ပဋိညာဉ်	၄၃
၆။	သမ္မယောဂနည်း ဥဒ္ဒေသဂါထာ	၄၃
၇။	အညသမာန်းသမ္မယောဂနည်း ၇-ပါး	၄၅

http://www.dhammadownload.com

နံပါတ်	အကြောင်းအရာ			စာမျက်နှာ
၈။	အဟိတ်စိတ်၌ စေတသိက်ယှဉ်ပုံ	.....	.....	၄၈
၉။	အကုသိုလ်သမ္မယောဂနည်း ၅-ပါး	.....	.....	၄၉
၁၀။	အကုသိုလ်စိတ်၌ စေတသိက်ယှဉ်ပုံ	.....	.....	၅၂
၁၁။	သောဘနသမ္မယောဂနည်း ၄-ပါး	.....	.....	၅၃
၁၂။	ကာမာဝစရသောဘနစိတ်၌ စေတသိက်ယှဉ်ပုံ	.....	.....	၅၇
၁၃။	မဟဂ္ဂုတ်လောကုတ္တရာစိတ်၌ စေတသိက်ယှဉ်ပုံ	.....	.....	၅၈
၁၄။	နိယတယောဂီ အနိယတယောဂီစေတသိက်များ	.....	.....	၅၉
၁၅။	သင်္ဂဟနည်း ဥဒ္ဒေသ	.....	.....	၆၁
၁၆။	လောကုတ္တရာစိတ်သင်္ဂဟနည်း ၅-ပါး	.....	.....	၆၂
၁၇။	မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း ၅-ပါး	.....	.....	၆၄
၁၈။	ကာမာဝစရသောဘစိတ်သင်္ဂဟနည်း ၁၂-ပါး	.....	.....	၆၆
၁၉။	ထိုထိုစိတ်၌ မယှဉ်နိုင်သော စေတသိက်	.....	.....	၆၉
၂၀။	စိတ်ချင်းထူးအောင်ပြုတတ်သောစေတသိက်များ	.....	.....	၆၉
၂၁။	ဝိပွယောဂနည်းသစ်	.....	.....	၇၀
၂၂။	အကုသိုလ်စိတ်သင်္ဂဟနည်း ၇-ပါး	.....	.....	၇၅
၂၃။	အဟိတ်စိတ်သင်္ဂဟနည်း ၄-ပါး	.....	.....	၇၈
၂၄။	နှစ်နည်းစပ်တွဲ သရုပ်ခွဲ	.....	.....	၈၁
၂၅။	စေတသိက်ချင်းယှဉ်ပုံ	.....	.....	၈၂
၂၆။	လေ့ကျင့်ခန်းမေးခွန်းများ	.....	.....	၈၄

၃။ ပကိဏ်းပိုင်း

၁။	ဝေဒနာသင်္ဂဟ	.....	.....	၈၇
၂။	ဝေဒနာဖြင့် စိတ်ကိုဝေဖန်ပုံ	.....	.....	၈၉
၃။	ဝေဒနာဖြင့် စေတသိက်ကိုဝေဖန်ပုံ	.....	.....	၉၀
၄။	ဟေတုသင်္ဂဟ	.....	.....	၉၄
၅။	ဟိတ်ဖြင့် စိတ်ကိုဝေဖန်ပုံ	.....	.....	၉၅
၆။	ဟိတ်ဖြင့် စေတသိက်ကိုဝေဖန်ပုံ	.....	.....	၉၈
၇။	ကိစ္စသင်္ဂဟ	.....	.....	၁၀၄
၈။	ကိစ္စဖြင့် စိတ်ကိုဝေဖန်ပုံ	.....	.....	၁၀၁
၉။	ကိစ္စဖြင့် စေတသိက်ကိုဝေဖန်ပုံ	.....	.....	၁၀၅
၁၀။	ဒွါရသင်္ဂဟ	.....	.....	၁၀၇
၁၁။	ဒွါရဖြင့် စိတ်ကိုဝေဖန်ပုံ	.....	.....	၁၀၉

http://www.dhammadownload.com

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
၁၂။	ယထာရဟံ	၁၁၁
၁၃။	ဒွါရဖြင့် စေတသိက်တို့ကိုဝေဖန်ပုံ	၁၁၁
၁၄။	အာရမဏာသင်္ဂဟ	၁၁၃
၁၅။	အာရုံတရားများကို အုပ်စု ၆-ပါးဖြင့် ခွဲဝေပြပုံ	၁၁၃
၁၆။	ယထာရဟံ	၁၁၅
၁၇။	ယထာသမ္ဘဝံ	၁၁၆
၁၈။	ယေဘုယ္ယေန	၁၁၇
၁၉။	အာရမဏာသင်္ဂဟအကျဉ်းချုပ်ဇယား	၁၂၁
၂၀။	ဧကန်ဆောင်ပုဒ်	၁၂၅
၂၁။	အနေကန်ဆောင်ပုဒ်	၁၂၅
၂၂။	စေတသိက်အာရုံ	၁၂၅
၂၃။	ဝတ္ထုသင်္ဂဟ	၁၂၆
၂၄။	ဝတ္ထုဖြင့် စိတ်ကိုဝေဖန်ပုံ	၁၂၇
၂၅။	ဝတ္ထုဖြင့် စေတသိက်တို့ကိုဝေဖန်ပုံ	၁၂၉
၂၆။	လေ့ကျင့်ခန်းမေးခွန်းများ	၁၃၀

၄။ ဝီထိပိုင်း

၁။	ဆဆင်္ကမာတိကာ	၁၃၃
၂။	စိတ်သင်္ကန့်ရုပ်သင်္ကန်	၁၃၆
၃။	ပဥ္စဒွါရဝီထိ	၁၃၈
၄။	စက္ခုဒ္ဒါရဝီထိ ၁၅	၁၄၅
၅။	မနောဒွါရ ကာမဇောဝါရ	၁၄၇
၆။	မနောဒွါရ အပ္ပနာဇောဝါရ	၁၄၉
၇။	တဒါရမဏနိယမ	၁၅၁
၈။	ဇဝနနိယမ	၁၅၉
၉။	ပုဂ္ဂလဘေဒ	၁၆၄
၁၀။	ကာမပုဂ္ဂိုလ် ဝီထိစိတ်ရ	၁၆၈
၁၁။	ဘူမိဝိဘာဂ	၁၇၀
၁၂။	ထိုထိုဘုံ၌ ရသင့်သောဝီထိစိတ်	၁၇၂
၁၃။	ယထာရဟံအရ ရူပပုဂ္ဂိုလ်တို့၏စိတ်ရ	၁၇၃
၁၄။	ယထာရဟံအရ အရူပပုဂ္ဂိုလ်တို့၏စိတ်ရ	၁၇၄
၁၅။	လေ့ကျက်ရန် နည်းအမြွက်	၁၇၅

http://www.dhammadownload.com

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
၁၆။	လေ့ကျင့်ခန်းမေးခွန်းများ	၁၇၆

၅။ ဝီထိမုတ်ပိုင်း

၁။	ဘူမိစတုက္က	၁၇၉
၂။	ဘုံပုဂ္ဂိုလ်ရ	၁၈၄
၃။	ပဋိသန္ဓိစတုက္က	၁၈၅
၄။	အပါယ်ပဋိသန္ဓေ ၁-ပါး	၁၈၅
၅။	ကာမသုဂတိပဋိသန္ဓေ ၉-ပါး	၁၈၆
၆။	ကာမပုဂ္ဂိုလ်တို့၏ အသက်တမ်း	၁၈၇
၇။	ရူပါဝစရပဋိသန္ဓေ ၆-ပါး	၁၉၀
၈။	ရူပပုဂ္ဂိုလ်တို့ အသက်တမ်း	၁၉၁
၉။	အာရုပ္ပပဋိသန္ဓေ ၄-ပါး	၁၉၂
၁၀။	အရူပပုဂ္ဂိုလ်တို့၏ အသက်တမ်း	၁၉၃
၁၁။	တစ်ဘဝ၌ တူမြဲတရား ၃-ပါး	၁၉၃
၁၂။	ကမ္မစတုက္က	၁၉၄
၁၃။	အကုသိုလ်ကံ ၃-ပါး	၁၉၇
၁၄။	ကာမာဝစရကုသိုလ်ကံ	၂၀၀
၁၅။	ရူပါဝစရကုသိုလ်ကံ	၂၀၃
၁၆။	အရူပါဝစရကုသိုလ်ကံ	၂၀၃
၁၇။	အကုသိုလ်ကံ၏ အကျိုးပေးရာဘုံ	၂၀၄
၁၈။	ကာမာဝစရကုသိုလ်ကံ၏ အကျိုးပေးရာဘုံ	၂၀၄
၁၉။	ရူပါဝစရကုသိုလ်ကံ၏ အကျိုးပေးရာဘုံ	၂၀၈
၂၀။	အရူပါဝစရကုသိုလ်ကံ၏ အကျိုးပေးရာဘုံ	၂၁၀
၂၁။	မရဏုပ္ပတ္တိစတုက္က	၂၁၁
၂၂။	စုတေခါနိုး အာရုံထင်ပုံ	၂၁၁
၂၃။	စုတေခါနိုး စိတ်အစဉ်ဖြစ်ပုံ	၂၁၃
၂၄။	မရဏာသန္နဝီထိ	၂၁၄
၂၅။	ပဋိသန္ဓေစိတ် ဖြစ်ပုံ	၂၁၅
၂၆။	ယထာရဟံ	၂၁၆
၂၇။	ကာမပဋိသန္ဓေ၏ အာရုံ	၂၁၇
၂၈။	ရူပပဋိသန္ဓေ၏ အာရုံ	၂၁၉
၂၉။	အရူပပဋိသန္ဓေ၏ အာရုံ	၂၁၉

http://www.dhammadownload.com

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
၃၀။	စုတိနောင်ပဋိသန္ဓေ	၂၂၀
၃၁။	ဘဝင်နှင့်စုတိ ဖြစ်ပုံ	၂၂၃
၃၂။	သံသရာစက်လည်ပုံ	၂၂၃
၃၃။	သံသရာစက်ပြတ်ပုံ.....	၂၂၄
၃၄။	လေ့ကျင့်ခန်းမေးခွန်းများ	၂၂၅

၆။ ရုပ်ပိုင်း

၁။	အနုသန္ဓေနှင့်ပဋိညာဉ်	၂၂၉
၂။	သင်္ဂဟ ၅-ပါး၊ မာတိကာ	၂၃၀
၃။	ရူပသမုဒ္ဒေသ	၂၃၀
၄။	ဥပစယနှင့်သန္တတိ ထူးသလား?	၂၃၆
၅။	ရူပသမုဒ္ဒေသဇယား	၂၃၇
၆။	ရူပဝိဘာဂ	၂၃၈
၇။	ရူပဝိဘာဂဇယား	၂၄၃
၈။	ရူပသမုဋ္ဌာန	၂၄၄
၉။	ကံက ရုပ်ကိုဖြစ်စေပုံ	၂၄၄
၁၀။	စိတ်က ရုပ်ကိုဖြစ်စေပုံ	၂၄၅
၁၁။	ရုပ်ကိုဖြစ်စေတတ်သောစိတ်တို့၏ သတ္တိထူး	၂၄၅
၁၂။	ဥတုက ရုပ်ကိုဖြစ်စေပုံ	၂၄၇
၁၃။	အာဟာရက ရုပ်ကိုဖြစ်စေပုံ	၂၄၈
၁၄။	ဆိုင်ရာအကြောင်းကြောင့်ဖြစ်သောရုပ်များ	၂၄၈
၁၅။	ရူပကလာပ	၂၅၁
၁၆။	ကလာပ်အင်္ဂါ ၃-ပါး	၂၅၁
၁၇။	ကလာပ်ဖွဲ့ရန် အခြေခံ	၂၅၁
၁၈။	ကမ္မဇကလာပ် ၉-စည်း	၂၅၂
၁၉။	စိတ္တဇကလာပ် ၆-စည်း၊ ၈-စည်း	၂၅၃
၂၀။	ဥတုဇကလာပ် ၄-စည်းနှင့် အာဟာရဇကလာပ် ၂-စည်း	၂၅၄
၂၁။	အဋ္ဌတ္တ ဗဟိဒ္ဓကလာပ်ခွဲပုံ	၂၅၅
၂၂။	ကလာပ်မထိုက်သောရုပ် ၅-ပါး	၂၅၆
၂၃။	ရူပပဝတ္တိကြမ	၂၅၆
၂၄။	ကာမဘုံ၌ ရုပ်ဖြစ်စဉ်	၂၅၆
၂၅။	ရုပ်ချုပ်စဉ်	၂၆၁

http://www.dhammadownload.com

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
၂၆။	ရူပဘုံ၌ ရုပ်ဖြစ်စဉ်	၂၆၃
၂၇။	အသညသတ် ရုပ်ဖြစ်စဉ်	၂၆၄
၂၈။	ပဋိသန္ဓေအခါမှာ မရသောရုပ်	၂၆၆
၂၉။	နိဗ္ဗာန်	၂၆၆
၃၀။	လေ့ကျင့်ခန်းမေးခွန်းများ	၂၆၉

၇။ သမုစ္စည်းပိုင်း

၁။	အကုသလသင်္ဂဟ	၂၇၁
၂။	တစ်ထောင့်ငါးရာ ကိလေသာ	၂၇၈
၃။	အကုသလသင်္ဂဟ လေ့လာရန်	၂၈၀
၄။	မိဿကသင်္ဂဟ	၂၈၁
၅။	အဓိပတိနှင့်ကွန်ဒြေ	၂၈၅
၆။	မိဿကသင်္ဂဟသရုပ်ခွဲ လေ့လာရန်	၂၈၈
၇။	ယထာသမ္ဘဝံ	၂၈၉
၈။	ဗောဓိပက္ခိယသင်္ဂဟ	၂၉၀
၉။	ဗောဓိပက္ခိယသင်္ဂဟ လေ့လာရန်	၂၉၃
၁၀။	သဗ္ဗသင်္ဂဟ	၂၉၆
၁၁။	သတိပဋ္ဌာန်နှင့်ပဋ္ဌာန်းအထူး	၂၉၆
၁၂။	ဥပါဒါနက္ခန္ဓာ ၅-ပါး	၂၉၆
၁၃။	ခန္ဓဝိမုတ်	၃၀၀
၁၄။	အာယတန,ဓာတ် ပြားပုံ	၃၀၀
၁၅။	သစ္စာတရားကိုယ်	၃၀၁
၁၆။	သစ္စဝိမုတ်	၃၀၂
၁၇။	သစ္စဝိမုတ်နှင့်သစ္စာ.....	၃၀၂
၁၈။	လေ့ကျင့်ခန်းမေးခွန်းများ	၃၀၃

၈။ ပစ္စည်းပိုင်း

၁။	နည်းနှစ်ပါးနှင့် ထူးခြားချက်	၃၀၅
၂။	အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်	၃၀၇
၃။	သင်္ခါရကြောင့် ဝိညာဉ်ဖြစ်သည်	၃၀၈
၄။	ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်သည်	၃၀၉
၅။	နာမ်ရုပ်ကြောင့် သဠာယတနဖြစ်သည်	၃၀၉

http://www.dhammadownload.com


နံပါတ်	အကြောင်းအရာ	စာမျက်နှာ
၆။	သဇ္ဇာယတနကြောင့် ဖဿဖြစ်သည်	၃၁၀
၇။	ဖဿကြောင့် ဝေဒနာဖြစ်သည်	၃၁၀
၈။	ဝေဒနာကြောင့် တဏှာဖြစ်သည်	၃၁၁
၉။	တဏှာကြောင့် ဥပါဒါန်ဖြစ်သည်	၃၁၂
၁၀။	တဏှာနှင့်ကာမုပါဒါန်	၃၁၂
၁၁။	ဥပါဒါန်ကြောင့် ဘဝဖြစ်သည်	၃၁၂
၁၂။	သခ်ါရနှင့်ကမ္မဘဝ	၃၁၃
၁၃။	ဘဝကြောင့် ဇာတိဖြစ်သည်	၃၁၃
၁၄။	သောက, ပရိဒေဝ, ဥပါယာသတို့၏ ထူးခြားချက်	၃၁၄
၁၅။	ကာလသုံးပါး	၃၁၅
၁၆။	အပြား ၂၀၊ ၃-သွယ်အစပ်၊ ၄-ရပ်အဖို့	၃၁၆
၁၇။	သခ်ါရနှင့်ကမ္မဘဝ.....	၃၁၇
၁၈။	ဝဋ် ၃-ပါး	၃၁၉
၁၉။	ဝဋ်မြစ် ၂-ပါး	၃၁၉
၂၀။	ဝဋ်ပြတ်ပုံ	၃၂၀
၂၁။	အဝိဇ္ဇာ၏အကြောင်း	၃၂၀
၂၂။	ပဋ္ဌာန်းနည်း	၃၂၁
၂၃။	နာမ်က နာမ်အား ၆-ပစ္စည်း	၃၂၅
၂၄။	နာမ်က နာမ်ရုပ်အား ၅-ပစ္စည်း	၃၂၇
၂၅။	နာမ်က ရုပ်အား ၁-ပစ္စည်း	၃၂၉
၂၆။	ရုပ်က နာမ်အား ၁-ပစ္စည်း	၃၃၀
၂၇။	ပညတ် နာမ် ရုပ်က နာမ်အား ၂-ပစ္စည်း	၃၃၁
၂၈။	ယထာရဟံ	၃၃၃
၂၉။	နာမ်ရုပ်က နာမ်ရုပ်အား ၉-ပစ္စည်း	၃၃၃
၃၀။	ပစ္စည်းအကျဉ်း ၄-မျိုး	၃၄၁
၃၁။	တေကာလိက-စသည်အခွဲ	၃၄၂
၃၂။	ပညတ် ၂-မျိုး	၃၄၄
၃၃။	ပညတ် ၂-မျိုးကိုသိပုံနှင့် နာမပညတ်ဖြစ်လာပုံ	၃၄၈
၃၄။	လေ့ကျင့်ခန်းမေးခွန်းများ	၃၄၉

၉။ ကမ္မဋ္ဌာန်းပိုင်း

၁။	ကမ္မဋ္ဌာန်း ၄၀	၃၅၁

http://www.dhammadownload.com

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
၂။	သဗ္ဗာယဘောဒ	၃၅၉
၃။	ဘာဝနာဘောဒ	၃၆၁
၄။	ဂေါစရဘောဒ	၃၆၄
၅။	ပရိကမ္မနိမိတ်နှင့် ပရိကမ္မဘာဝနာ	၃၆၅
၆။	ဥဂ္ဂဟနိမိတ်နှင့် ပရိကမ္မဘာဝနာ	၃၆၆
၇။	ပဋိဘာဂနိမိတ်နှင့် ဥပစာရဘာဝနာ	၃၆၆
၈။	ပဋိဘာဂနိမိတ်နှင့် အပ္ပနာဘာဝနာ	၃၆၇
၉။	အပ္ပနာသို့ မရောက်စေနိုင်သော ကမ္မဋ္ဌာန်းများ	၃၇၀
၁၀။	အဘိညာဉ်	၃၇၁
၁၁။	ဝိပဿနာနည်းဝယ် သိမှတ်ဖွယ်	၃၇၃
၁၂။	သီလဝိသုဒ္ဓိ	၃၇၅
၁၃။	စိတ္တဝိသုဒ္ဓိ	၃၇၆
၁၄။	ဒိဋ္ဌိဝိသုဒ္ဓိ	၃၇၆
၁၅။	ကင်္ခါဝိတရဏဝိသုဒ္ဓိ	၃၇၆
၁၆။	မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ	၃၇၇
၁၇။	ဝိပဿနုပက္ကိလေသ ၁၀-ပါး	၃၇၉
၁၈။	ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ	၃၈၁
၁၉။	ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်	၃၈၃
၂၀။	ဉာဏဒဿနဝိသုဒ္ဓိ	၃၈၄
၂၁။	ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်	၃၈၄
၂၂။	ဝိမောက္ခဘေဒ	၃၈၅
၂၃။	ပုဂ္ဂလဘေဒ	၃၈၈
၂၄။	သမာပတ္တိဘေဒ	၃၉၀
၂၅။	လေ့ကျင့်ခန်းမေးခွန်းများ	၃၉၂
၂၆။	ကျမ်းပြီးနိဂုံး	၃၉၅
၂၇။	အာသီသပတ္ထနာ	၃၉၆
၂၈။	အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး၏ နိဂုံး.....	၃၉၇



http://www.dhammadownload.com

အဘိဓမ္မတ္ထသင်္ဂဟပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမနှင့်ပဋိညာဉ်

၁။ အဟံ–ငါသည်၊ သဿဒ္ဓမ္မဂဏ္ဌုတ္တမံ–သဒ္ဓမ္မသုံးဖြာ မြတ်သောအရိယာဂိုဏ်း (သံဃာ)နှင့်တကွ ဖြစ်တော်မူသော၊ အတုလံ–ပုံတော်တင့်လွန် ဂုဏ်မြင့်မွန်၍ နှိုင်းရန် တူသူ ရှိတော်မမူထသော၊ သမ္မာသမ္ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ (အဘိဝန္ဒာမိ–ကြည်ညိုမြတ်နိုး အထူးအားဖြင့်ရှိခိုးပါ၏၊)

အဘိဝါဒိယ–ကြည်ညိုမြတ်နိုး အထူးအားဖြင့် ရှိခိုးပြီး၍၊ အဘိဓမ္မတ္ထသင်္ဂဟံ–(အဘိဓမ္မာ, ဒေသနာဝယ်, ကျယ်စွာဟောထား, အနက်များကို, ချုံးထားပေါင်းကာ သိမ်းယူရာဖြစ်သော)အဘိဓမ္မတ္ထ သင်္ဂြိဟ်ကျမ်းကို၊ ဘာသိဿံ–မိန့်ဆိုတည်ထွင် စီရင်ရပေအံ့။

၁။ သမ္မာသမ္ဗုဒ္ဓမတုလံ–စသော ဂါထာဖြင့် ပဏာမနှင့် ပဋိညာဉ်ကို ပြပါသည်။

ပဏာမ ရှိခိုးခြင်းကို "ပဏာမ"ဟုခေါ်သည်၊ ကျမ်း၏အစ၌ ပဏာမကို ပြုစီရင်ခြင်းသည် အန္တရာယ်ကင်းခြင်း, ကျမ်းပြီးခြင်းအကျိုး ရှိပါသည်၊ ထို့ကြောင့် ကျမ်းပြုဆရာတို့သည် ကျမ်း၏အစမှာ ပဏာမကို ပြုစီရင်ကြရပါသည်။

"သမ္မာသမ္ဗုဒ္ဓမတုလံ၊သဿဒ္ဓမ္မဂဏ္ဌုတ္တမံ။ အဘိဝါဒိယ"ဟူသောပါဠိဖြင့် ပဏာမကို ပြသည်၊ သဒ္ဓမ္မသုံးဖြာ အရိယာဂိုဏ်းသံဃာနှင့်တကွ အတူမရှိသော မြတ်စွာဘုရားကို အထူးအားဖြင့် ရှိခိုးပါ၏–ဟု ဆိုလိုသည်။

http://www.dhammadownload.com

ပရမတ္ထတရား ၄-ပါး

၂။ တတ္ထ-ထိုအဘိဓမ္မာပိဋကတ်၌၊ သဗ္ဘဏာ-(ကုသိုလ်အစရှိသော ခန္ဓာအစရှိသော) ခပ်သိမ်းသောအပြားအားဖြင့်၊ (ဘဂဝတာ-မြတ်စွာဘုရားသည်၊) ဝုတ္တာ-ဟောတော်မူအပ်ကုန်သော၊ အဘိဓမ္မတ္ထာ-အဘိဓမ္မာ၏ အနက်တို့သည်၊ ပရမတ္ထတော-ပရမတ္ထအားဖြင့်၊

သဒ္ဒမ္မ ၃-ဖြာ

၁။ ပရိယတ္တိ= သင်အပ်သောပိဋကတ်ပါဠိတော်, အဋ္ဌကထာ-စသည်၊

၂။ ပဋိပတ္တိ= ကျင့်အပ်သော သီလ, ဓုတင်, ကမ္မဋ္ဌာန်း-စသည်၊

၃။ ပဋိဝေဓ= ထိုးထွင်းသိအပ်သော မဂ်, ဖိုလ်, နိဗ္ဗာန်။

ဤသို့ သဒ္ဒမ္မ ၃-ပါး ရှိပါသည်။

အရိယာဂိုဏ်းသံဃာ "မဂ္ဂင်္ဂာန်ပုဂ္ဂိုလ် ၄-ယောက်, ဖလင်္ဂာန်ပုဂ္ဂိုလ် ၄-ယောက်"ဟုဆို အပ်သော အရိယာပုဂ္ဂိုလ် အပေါင်းကိုပင် "မြတ်သော အရိယာဂိုဏ်းသံဃာ"ဟု ဆိုရပါသည်။

အဘိဝါဒိယ ကြောက်၍ရှိခိုးရခြင်း, လာဘ်လာဘကိုမျှော်လင့်တောင့်တ၍ရှိခိုးရခြင်း, ထုံးတမ်းစဉ်လာအားဖြင့် ရှိခိုးရခြင်း, သူတစ်ပါးတို့ ကဲ့ရဲ့မှာစိုး၍ ရှိခိုးရခြင်း စသည်ဖြင့် လောကဋ္ဌ ရှိခိုးရခြင်း အမျိုးမျိုးရှိသည်၊ ယင်းသို့ အကြောင်းအမျိုးမျိုးကြောင့် ရှိခိုးရခြင်းကို "အထူးအားဖြင့် ရှိခိုးသည်"ဟု မဆိုရပါ၊ ကြည်ညိုမြတ်နိုးသောအားဖြင့် ရှိခိုးခြင်းကိုသာ "အထူးအားဖြင့် ရှိခိုးသည်"ဟု ဆိုရပါသည်။

ပဋိညာဉ် "ကျမ်းကိုရေးသားမည်၊ ပြုစီရင်မည်"ဟု ဝန်ခံမှုကို "ပဋိညာဉ်"ဟုခေါ်သည်၊ ဘာသိသဲ အဘိဓမ္မတ္ထသင်္ဂဟ-ဖြင့် ပဋိညာဉ်ကို ပြပါသည်၊ "အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းကို ရေးသားပြုပြင် စီရင်ပြဆိုပါတော့မည်"ဟု ဆိုလိုပါသည်။

အဘိဓမ္မတ္ထသင်္ဂဟ အဘိဓမ္မာ ဒေသနာတော်၌ အကျယ်အားဖြင့် ဟောထားသော အနက်တို့ကို အကျဉ်းချုံး၍ ပြဆိုထားသော ကျမ်းကို "အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း"ဟု ခေါ်သည်။ (အဘိဓမ္မ-အဘိဓမ္မာ ဒေသနာတော်၏+အတ္ထ-အနက်အဓိပ္ပာယ်တို့ကို+သံ-အကျဉ်းချုံး၍+ဂဟ-ယူရာဖြစ်သောကျမ်း။)

၂။ တတ္ထ ဝုတ္တာစသော ဂါထာဖြင့် အဘိဓမ္မတ္ထတရား ၄-ပါးကို အကျဉ်းပြသည်။

အဘိဓမ္မတ္ထတရား ၄-ပါး

၁။ စိတ်= အာရုံကိုသိခြင်း၊ (ရအောင်ယူနိုင်ခြင်း) သဘောတရား၊

၂။ စေတသိက်= စိတ်၌မှီသော (စိတ်နှင့်ယှဉ်သော) သဘောတရား၊

၃။ ရုပ်= အအေး,အပူစသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သော သဘောတရား၊

၄။ နိဗ္ဗာန်= ဒုက္ခခပ်သိမ်းတို့၏ အေးငြိမ်းရာဖြစ်သော သဘောတရား။

ဤသို့ အဘိဓမ္မတ္ထတရား ၄-ပါးရှိပါသည်။

http://www.dhammadownload.com

စိတ္တ-စိတ်လည်းကောင်း၊ စေတသိက်-စေတသိက်လည်းကောင်း၊ ရူပ်-ရုပ်လည်းကောင်း၊ နိဗ္ဗာန်-နိဗ္ဗာန်လည်းကောင်း၊ ဣတိ-ဤသို့၊ စတုဓာ-၄-ပါးသောအပြားတို့ဖြင့်၊ (ဥတာ-တည်ကုန်၏။)

ယင်း ၄-ပါးသော တရားတို့ကိုပင် "ပရမတ္ထတရား ၄-ပါး"ဟုလည်း ခေါ်ကြပါသေးသည်။

(ပရမ-မိမိသဘောမှ မဖောက်မပြန် မှန်ကန်မြင့်မြတ်သော+အတ္ထ-အနက်သဘော၊) မိမိသဘောမှ မဖောက်မပြန် မှန်ကန်တည့်မတ် မြင့်မြတ်သောကြောင့် "ပရမတ္ထ"မည်ပါသည်။

တစ်နည်း-(ပရမ-မြတ်သော သဗ္ဗညုတဉာဏ်တော်၏+အတ္ထ-အာရုံ၊) သဗ္ဗညုတဉာဏ်တော်မြတ်၏ အာရုံဖြစ်သောကြောင့် "ပရမတ္ထ" မည်ပါသည်။

ဆောင်။　။ မဖောက်မပြန်, မှန်ကန်တည့်မတ်, လွန်မြင့်မြတ်, ပရမတ်ဟု ခေါ်၊
သဗ္ဗဉ်ဉာဏ်မြတ်, အာရုံဓာတ်, ပရမတ်ဟု ခေါ်။

သဗ္ဗထာ ဓမ္မသင်္ဂဏီပါဠိတော်၌ "ကုသလာဓမ္မာ"စသည်ဖြင့် ကုသိုလ်ကို စ၍ ဟောတော်မူသည်၊ ဝိဘင်းပါဠိတော်၌ "ပဥ္စက္ခန္ဓာ၊ ရူပက္ခန္ဓော"စသည်ဖြင့် ခန္ဓာကို စ၍ ဟောတော်မူသည်၊ ထိုသို့ ဟောတော်မူအပ်သော ကုသိုလ်စသောအပြား, ခန္ဓာစသောအပြားတို့ကိုပင် "သဗ္ဗထာ"ဟု ဆိုထားပါသည်။

အဘိဓမ္မတ္ထ စိစစ်ချက်

အဘိဓမ္မတ္ထကို နာမ်,ရုပ်အားဖြင့် ၂-ပါးမဆိုဘဲ အဘယ့်ကြောင့် ၄-ပါး ဆိုရပါသနည်း?။

အမည်သာမညအားဖြင့်သာ မဆိုမူ၍ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသော အမည်ဝိသေသအားဖြင့်သာ ဆိုသင့်သောကြောင့် ၂-ပါးမဆိုဘဲ ၄-ပါးဆိုရပါသည်။

စိတ်, စေတသိက်, နိဗ္ဗာန်, ရုပ်-ဟု နာမ်ချင်း အတူထားကာ ဆိုသင့်ပါလျက် အဘယ့်ကြောင့် နိဗ္ဗာန်ကို အဆုံးထား၍ ဆိုရပါသနည်း?။

စိတ်, စေတသိက်, ရုပ်တို့၏ချုပ်ရာကို ပြလိုသောကြောင့် နိဗ္ဗာန်ကို အဆုံးထား၍ ဆိုရပါသည်။

ထိုသို့ နိဗ္ဗာန်ကို အဆုံးထား၍ ဆိုသော် ရူပ်, စိတ္တ,စေတသိက်, နိဗ္ဗာန်-ဟု ဆိုပါ တော့လော၊ ဝိဘင်းပါဠိ၌လည်း ရုပ်ကိုပင် ရှေးဦးစွာ ဟောတော်မူသည် မဟုတ်ပါလော?။

ဝိဘင်းပါဠိ၌ ရုပ်ကို ရှေးဦးစွာ ဟောတော်မူသည် မှန်၏၊ သို့ပင် ဟောသည်မှန်သော်လည်း ဝိဘင်းပါဠိကို မမှီဘဲ ဓမ္မသင်္ဂဏီပါဠိကို မှီ၍ ဤအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းကို ပြုလိုသော အရှင်အနုရုဒ္ဓါဆရာသည် စိတ်, စေတသိက်ကို ရှေးဦးစွာ ဆိုအပ်သတည်း။

အဘယ့်ကြောင့် အရှင်အနုရုဒ္ဓါဆရာသည် ဓမ္မသင်္ဂဏီပါဠိကို မှီ၍ ပြုခြင်းငှာ အလိုရှိလေသနည်း?။

ဓမ္မသင်္ဂဏီပါဠိသည် အမြစ်ပင်စည်နှင့် တူ၏၊ ဝိဘင်းပါဠိသည် အခက်အလက်စသည်နှင့် တူ၏၊ သို့ဖြစ်ရကား အခက်အလက်စသည်နှင့်တူသော ဝိဘင်းပါဠိကို မမှီမူ၍ အမြစ်ပင်စည်နှင့်တူသော ဓမ္မသင်္ဂဏီပါဠိကို မှီခြင်းငှာ အလိုရှိရပါသည်။

http://www.dhammadownload.com

၁။ စိတ်ပိုင်း

ဘုံစိတ်အပြား ၄-ပါး

၃။ တတ္ထ-ထို ၄-ပါးသောအဘိဓမ္မတ္ထတို့တွင်၊ တာဝ-ရှေးဦးစွာ၊ (မယာ-ငါသည်၊ ဥဒ္ဒိဋ္ဌ-အကျဉ်းပြအပ်သော၊) စိတ္တံ-စိတ်သည်၊ ကာမာဝစရံ-ကာမာဝစရစိတ် လည်းကောင်း၊ ရူပါဝစရံ-ရူပါဝစရစိတ်လည်းကောင်း၊ အရူပါဝစရံ-အရူပါဝစရစိတ် လည်းကောင်း၊ လောကုတ္တရံစ-လောကုတ္တရာစိတ်လည်းကောင်း၊ ကုတိ-ဤသို့၊ စတုဘူမိ-၄-ပါးအပြား ရှိသည်၊ ဟောတိ-ဖြစ်၏။

စိတ်, စေတသိက် ၂-ပါးတို့တွင် စိတ်ကို အဘယ့်ကြောင့် ရှေးဦးစွာဆိုလေသနည်း?။

စိတ်, စေတသိက် ၂-ပါးတို့တွင် စိတ်သည် နိဿယဖြစ်၏၊ စေတသိက်သည် နိဿိတ ဖြစ်၏၊ ယင်း နိဿယ, နိဿိတ ၂-ပါးတို့တွင် နိဿယကို ရှေးဦးစွာပြသင့်သောကြောင့် နိဿယ ဖြစ်သောစိတ်ကို ရှေးဦးစွာ ဆိုရပါသည်။

အဘိဓမ္မတ္ထ အကျယ်ပြုပုံ

၃။ တတ္ထ စိတ္တံစသော စကားရပ်ဖြင့် အဘိဓမ္မတ္ထ ၄-ပါး၏အကျယ်ကို ပြသည်၊ ထိုတွင် စိတ်ပိုင်းကုန်အောင်သော စကားရပ်ဖြင့် "စိတ္တံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြသည်။

စေတသိက်ပိုင်းကုန်အောင်သော စကားရပ်ဖြင့် "စေတသိကံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကိုပြသည်။

ပကိဏ်းပိုင်းဖြင့် "စိတ္တံ စေတသိကံ"ဟူသော အကျဉ်းဥဒ္ဒေသတို့၏ အကျယ်ကို ထပ်ဆင့် ချဲ့ဖွင့်သော ပဋိနိဒ္ဒေသကို ပြသည်၊ ဝီထိပိုင်း ဝီထိမုတ်ပိုင်းတို့ဖြင့် ယင်းစိတ်, စေတသိက်တို့၏ ပဝတ္တိအခါမှာ ဖြစ်ပုံ, ပဋိသန္ဓေအခါ စုတိအခါမှာ ဖြစ်ပုံ စသည်တို့ကို ထပ်ဆင့်ဖွင့်ပြ ပြန်သည်။

ရုပ်ပိုင်း ရူပပဝတ္တိက္ကမဆုံးအောင်သော စကားရပ်ဖြင့် "ရူပံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြသည်။

ရုပ်ပိုင်းအဆုံးခွဲလာသော "နိဗ္ဗာနံ ပန ။ပ။ တထာဂတာ"ဟူသော စကားရပ်ဖြင့် "နိဗ္ဗာနံ" ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကိုပြသည်။

သမုစ္စည်းပိုင်း, ပစ္စည်းပိုင်း, ကမ္မဋ္ဌာန်းပိုင်းတို့ဖြင့် "စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ"ဟူသော အဘိဓမ္မတ္ထ ၄-ပါးနှင့်စပ်၍ သိမှတ်ဖွယ်ရာကို စုပေါင်းပြဆိုထားပါသည်။

http://www.dhammadownload.com

ကာမာဝစရစိတ် ၅၄-ပါး

၄။ တတ္ထ-ထိ ၄-ပါးသောစိတ်တို့တွင်၊ ကတမံ-အဘယ်စိတ်သည်၊ ကာမာဝစရံ-ကာမာဝစရမည်သနည်း?။

အကုသိုလ်စိတ် ၁၂-ပါး

လောဘမူစိတ် ၈=ပါး

သောမနဿသဟဂတံ-သောမနဿသဟဂုတ်ဖြစ်သော၊ ဒိဋ္ဌိဂတသမ္ပယုတ္တံ-ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်သော၊ အသင်္ခါရိကံ-အသင်္ခါရိကဖြစ်သော၊ ဧကံ-တစ်ပါးသောစိတ်လည်းကောင်း၊ သသင်္ခါရိကံ-သသင်္ခါရိကဖြစ်သော၊ ဧကံ-တစ်ပါးသောစိတ်လည်းကောင်း၊ သောမနဿသဟဂတံ-သောမနဿသဟဂုတ်ဖြစ်သော၊ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ-ဒိဋ္ဌိဂတဝိပ္ပယုတ်ဖြစ်သော၊ အသင်္ခါရိကံ-အသင်္ခါရိကဖြစ်သော၊ ဧကံ-တစ်ပါးသောစိတ်

ဘုံစိတ်အပြား ၄-ပါး

၁။ ကာမာဝစရ= ကာမတဏှာ၏ ကျင်လည်ရာဖြစ်သောစိတ်၊ ကာမ ၁၁-ဘုံ၌များသောအားဖြင့် သက်ဝင်၍ဖြစ်သောစိတ်၊

၂။ ရူပါဝစရ= ရူပတဏှာ၏ ကျင်လည်ရာဖြစ်သောစိတ်၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ များသောအားဖြင့် သက်ဝင်၍ဖြစ်သောစိတ်၊

၃။ အရူပါဝစရ= အရူပတဏှာ၏ ကျင်လည်ရာဖြစ်သောစိတ်၊ အရူပဘုံ၌ များသောအားဖြင့် သက်ဝင်၍ဖြစ်သောစိတ်၊

၄။ လောကုတ္တရ= ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာဟုဆိုအပ်သော လောကမှ လွန်မြောက်ဆဲ လွန်မြောက်ပြီးဖြစ်သောစိတ်၊

ဤသို့ ဘူမိဘေဒအားဖြင့် စိတ် ၄-မျိုးပြားသည်။

ရှေ့နောက်စီစဉ်ပုံ ထိုစိတ် ၄-မျိုးတို့တွင် ကာမာဝစရစိတ်သည် အည့ဆုံး "ဟီန"ဖြစ်၏၊ ရူပါဝစရစိတ်သည်အမြတ် "ဥက္ကဋ္ဌ"ဖြစ်၏၊ အရူပါဝစရစိတ်သည် အထူးအမြတ် "ဥက္ကဋ္ဌတရ"ဖြစ်၏၊ လောကုတ္တရာစိတ်သည် အမြတ်ဆုံး "ဥက္ကဋ္ဌတမ"ဖြစ်၏။

ဤသို့ ဟီန, ဥက္ကဋ္ဌ, ဥက္ကဋ္ဌတရ, ဥက္ကဋ္ဌတမအစဉ်အားဖြင့် "ကာမာဝစရ, ရူပါဝစရ, ၁၃ရူပါဝစရ, လောကုတ္တရာ"ဟု စိတ် ၄-မျိုးကို ရှေ့နောက်စဉ်ထားပါသည်။

ဆောင်။ ။ ဟီနုက္ကဋ္ဌ, တရတမာ, စဉ်ဖြင့်သာ, လေးဖြာစိတ်ကိုဟော။

၄။ အကုသိုလ်စိတ်သည် မူလဘေဒအားဖြင့် "လောဘမူ, ဒေါသမူ, မောဟမူ" ဟု ၃-ပါးပြား၏၊ တစ်ဖန် ဝေဒနာဘေဒ, သမ္ပယောဂဘေဒစသည်တို့၏ အပြားအားဖြင့် ၁၂-ပါး ဖြစ်လာရပါသည်၊ နောက်၌ပြထားသော ဇယားနှင့်တိုက်ဆိုင်၍ သဘောကျအောင်ကြည့်ပါ။

သင်္ခါရ သသင်္ခါရိကဋ္ဌပါသော "သ"သဒ္ဒါသည် တုလျယောဂ(အတူတကွဖြစ်ခြင်း) အနက်ကို ဟောပါလျှင် ပဗ္ဗပယောဂကြောင့်ဖြစ်သော နောက်စိတ်၏သတ္တိထူးသည် (ကာရဏူပစာအားဖြင့်) သင်္ခါရမည်၏။

http://www.dhammadownload.com

လည်းကောင်း၊ သသင်္ခါရိကံ–သသင်္ခါရိကဖြစ်သော၊ ဧကံ–တစ်ပါးသောစိတ်လည်းကောင်း၊ ဥပေက္ခာသဟဂတံ–ဥပေက္ခာသဟဂုတ်ဖြစ်သော၊ ဒိဋ္ဌိဂတသမ္မယုတ္တံ–ဒိဋ္ဌိဂတသမ္မယုတ်ဖြစ်သော၊ အသင်္ခါရိကံ–အသင်္ခါရိကဖြစ်သော၊ ဧကံ–တစ်ပါးသောစိတ်လည်းကောင်း၊ သသင်္ခါရိကံ–သသင်္ခါရိကဖြစ်သော၊ (ရှေ့ကအနက်အတိုင်းဆိုပါ၊) ဧကံ–လည်းကောင်း၊ဥပေက္ခာသဟဂတံ–သော၊ဒိဋ္ဌိဂတဝိပ္ပယုတ္တံ–သော၊ အသင်္ခါရိကံ–သော၊ ဧကံ–လည်းကောင်း၊ သသင်္ခါရိကံ–သော၊ ဧကံ–လည်းကောင်း၊ ဣတိ–ဤသို့၊ အဋ္ဌပိ–၈–ပါးလည်း ဖြစ်ကုန်သော၊ ဣမာနိ–ဤစိတ်တို့သည်၊ လောဘသဟဂတစိတ္တာနိနာမ–လောဘသဟဂုတ်စိတ်တို့မည်၏။ [အနက်ကျဉ်း။]

[သင်ခါစ အခြေခံမရသေးသူများဖြစ်ပါက ဤအနက်ကျဉ်းကိုသာ လေ့လာပါ၊ အခြေခံရလာမှ (တစ်နည်းကား)အနက်ကျယ်ကို ဆက်လက်လေ့လာပါ။]

တစ်နည်းကား= သောမနဿသဟဂတံ–သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဝါ–သောမနဿဝေဒနာနှင့်တကွ ဧကုပ္ပာဒတာ အစရှိသည်တို့၏ အဖြစ်သို့ ရောက်သော၊ ဒိဋ္ဌိဂတသမ္မယုတ္တံ–မိစ္ဆာဒိဋ္ဌိနှင့် အညီအမျှ ဧကုပ္ပာဒတာ အစရှိသော အပြားတို့ဖြင့်ယှဉ်သော၊ အသင်္ခါရိကံ–တွန့်တိုဆုတ်နစ်သော နောက်စိတ်ကို ထက်မြက်အောင် ပြုစီမံတတ်သော ပုဗ္ဗပယောဂကြောင့်ဖြစ်သည့် သတ္တိထူး မရှိသော၊ဝါ–တွန့်တိုဆုတ်နစ်သောနောက်စိတ်ကို ထက်မြက်အောင် ပြုစီမံတတ်သော ပုဗ္ဗပယောဂမရှိသော၊ ဧကံ–တစ်ပါးသောစိတ်လည်းကောင်း၊ သသင်္ခါရိကံ–တွန့်တိုဆုတ်နစ်သော နောက်စိတ်ကို ထက်မြက်အောင် ပြုစီမံတတ်သော ပုဗ္ဗပယောဂကြောင့်ဖြစ်သည့် သတ္တိထူးနှင့်တကွဖြစ်သော [တုလျယောဂတ္ထ]၊ ဝါ–တွန့်တိုဆုတ်နစ်သော နောက်စိတ်ကို ထက်မြက်အောင် ပြုစီမံတတ်သော ပုဗ္ဗပယောဂရှိသော [ဝိဇ္ဇမာနတ္ထ]၊ ဧကံ–လည်းကောင်း။

သောမနဿသဟဂတံ–သော၊ ဝါ–သော၊ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ–မိစ္ဆာဒိဋ္ဌိနှင့် မယှဉ်သော၊ အသင်္ခါရိကံ–သော၊ ဝါ–သော၊ ဧကံ–လည်းကောင်း၊ သသင်္ခါရိကံ–သော၊ ဝါ–သော၊ ဧကံ–လည်းကောင်း။

ယင်း "သ"သဒ္ဒါသည် ဝိဇ္ဇမာန(ရှိခြင်း) အနက်ကို ဟောပါလျှင် ပုဗ္ဗပယောဂသည်ပင်လျှင် သင်္ခါရမည်၏။

ဆောင်။ ။ သသင်္ခါရိက, ပုဒ်၌"သ"လျှင်, တုလျယောဂါ, နက်ဟောပါက, သင်္ခါအရ, ဝိသေသတည်း၊ ဝိဇ္ဇမာနာ, နက်ဟောပါမူ, ရှေ့လာပုဗ္ဗ, ပယောဂသည်---- ---- ခွဲကြသင်္ခါအရတည်း။

အဋ္ဌပိ အဋ္ဌပိစသော အပေါင်းသင်္ချာ နောက်၌ပါရှိသော "ပိ"သဒ္ဒါ ("စ"သဒ္ဒါ)တို့သည် အစိတ်အစိတ်ကိုဆည်းသည်၊ ၈–ပါးလုံးကသာ လောဘမူစိတ်မည်သည် မဟုတ်သေး၊ ၁–ပါး, ၂–ပါး, ၃–ပါး, ၄–ပါးစသည်တို့သည်လည်း လောဘမူစိတ်ပင် မည်ကြသည်–ဟူလို။

http://www.dhammadownload.com

ဥပေက္ခာသဟဂတံ-ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဝါ-ဥပေက္ခာဝေဒနာနှင့်တကွ ဧကုပ္ပာဒတာ အစရှိသည်တို့၏ အဖြစ်သို့ရောက်သော၊ ဒိဋ္ဌိဂတသမ္ပယုတ္တံ-သော၊ အသင်္ခါရိကံ-သော၊ ဝါ-သော၊ ဧကံ-လည်းကောင်း၊ သသင်္ခါရိကံ-သော၊ ဝါ-သော၊ ဧကံ-လည်းကောင်း။

ဥပေက္ခာသဟဂတံ-ဥပေက္ခာသဟဂုတ်ဖြစ်သော၊ ဝါ-သော၊ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ-သော၊ အသင်္ခါရိကံ-သော၊ ဝါ-သော၊ ဧကံ-လည်းကောင်း၊ သသင်္ခါရိကံ-သော၊ ဝါ-သော၊ ဧကံ-လည်းကောင်း၊ ဣတိ-ဤသို့၊ အဋ္ဌပိ- ၈-ပါးလည်းဖြစ်ကုန်သော၊ ဣမာနိ-ဤစိတ်တို့သည်၊ လောဘသဟဂတစိတ္တာနိနာမ-လောဘသဟဂုတ်စိတ်တို့မည်၏။ [အနက်ကျယ်။]

ဒေါသမူစိတ် ၂-ပါး

၅။ ဒေါမနဿသဟဂတံ-ဒေါမနဿသဟဂုတ်ဖြစ်သော၊ ပဋိဃသမ္ပယုတ္တံ-ပဋိဃသမ္ပယုတ်ဖြစ်သော၊ အသင်္ခါရိကံ-အသင်္ခါရိကဖြစ်သော၊ ဧကံ-တစ်ပါးသောစိတ်လည်းကောင်း၊ သသင်္ခါရိကံ-သသင်္ခါရိကဖြစ်သော၊ ဧကံ-တစ်ပါးသောစိတ်လည်းကောင်း၊ ဣတိ-သို့၊ ဒွေပိ- ၂-ပါးလည်းဖြစ်ကုန်သော၊ ဣမာနိ-ဤစိတ်တို့သည်၊ ပဋိဃသမ္ပယုတ္တစိတ္တာနိနာမ-ပဋိဃသမ္ပယုတ်စိတ်တို့မည်၏။ [အနက်ကျဉ်း၊]

တနည်းကား= ဒေါမနဿသဟဂတံ-ဒေါမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဝါ-ဒေါမနဿဝေဒနာနှင့်တကွ ဧကုပ္ပာဒတာ အစရှိသည်တို့၏ အဖြစ်သို့ရောက်သော၊ ပဋိဃသမ္ပယုတ္တံ-ဒေါသနှင့်အညီအမျှ ဧကုပ္ပာဒတာအစရှိသော အပြားတို့ဖြင့်ယှဉ်သော၊ အသင်္ခါရိကံ-အသင်္ခါရိကဖြစ်သော၊ ဝါ-သော၊ ဧကံ-လည်းကောင်း၊ သသင်္ခါရိကံ-သော၊ ဝါ-သော၊ ဧကံ-တစ်ပါးသောစိတ်လည်းကောင်း၊ ဣတိ-ဤသို့၊ ဒွေပိ- ၂-ပါးလည်းဖြစ်ကုန်သော၊ ဣမာနိ-ဤစိတ်တို့သည်၊ ပဋိဃသမ္ပယုတ္တစိတ္တာနိနာမ-ပဋိဃသမ္ပယုတ်စိတ်တို့မည်၏။ [အနက်ကျယ်။]

နိယ် အပေါင်းနောက်ယိုင်, ထိုင်သည့်စ-ပိ, ရှိသည့်အရာ, သဘောမှာလျှင်, ဆည်းရာကြောင်းဟိတ်, ခပ်ကြိတ်ကြိတ်, အစိတ်အစိတ်နေ။

လောဘသဟဂတ (လောဘ-လောဘနှင့်+သဟ-တကွ+ဂတ-ဖြစ်သည်၊) "လောဘနှင့်တကွဖြစ်သောစိတ်"ဟု ဆိုလိုသည်၊ ယင်းလောဘသည် မူလလည်းမည်ပြန်သည်၊ သို့ဖြစ်၍ "လောဘ"ဟုဆိုအပ်သော မူလရှိသောကြောင့် "လောဘမူလစိတ်"ဟုလည်းကောင်း, မူလမှ လ-ကိုပယ်ဖြုတ်လျက် "လောဘမူစိတ်"ဟုလည်းကောင်း ခေါ်ကြပါသေးသည်။

၅။ ပဋိဃသမ္ပယုတ္တ (ပဋိဃ-ဒေါသ+သမ္ပယုတ္တ-ယှဉ်သည်၊) "ဒေါသနှင့်ယှဉ်သောစိတ်"ဟုဆိုလိုသည်၊ ဒေါသမူလရှိသောကြောင့် "ဒေါသမူလစိတ်"ဟုလည်းကောင်း, လ-ကိုဖြုတ်လျက် "ဒေါသမူစိတ်"ဟုလည်းကောင်း ခေါ်ကြသည်။

http://www.dhammadownload.com

မောဟမူစိတ် ၂-ပါး

၆။ ဥပေက္ခာသဟဂတံ-ဥပေက္ခာသဟဂုတ်ဖြစ်သော၊ ဝိစိကိစ္ဆာသမ္မယုတ္တံ-ဝိစိကိစ္ဆာသမ္မယုတ်ဖြစ်သော၊ ဧကံ-တစ်ပါးသောစိတ်လည်းကောင်း၊ ဥပေက္ခာသဟဂတံ-သော၊ ဥဒ္ဓစ္စသမ္မယုတ္တံ-ဥဒ္ဓစ္စသမ္မယုတ်ဖြစ်သော၊ ဧကံ-လည်းကောင်း၊ ဣတိ-ဤသို့၊ ဒွေပိ-၂-ပါးလည်းဖြစ်ကုန်သော၊ ဣမာနိ-ဤစိတ်တို့သည်၊ မောမူဟစိတ္တာနိနာမ-မောမူဟစိတ်တို့မည်၏။ [အနက်ကျဉ်း။]

တစ်နည်းကား= ဥပေက္ခာသဟဂတံ-သော၊ ဝါ-သော၊ ဝိစိကိစ္ဆာသမ္မယုတ္တံ-ဝိစိကိစ္ဆာနှင့် အညီအမျှ ဧကုပ္ပာဒတာအစရှိသော အပြားတို့ဖြင့်ယှဉ်သော၊ ဧကံ-လည်းကောင်း၊ ဥဒ္ဓစ္စသမ္မယုတ္တံ-ဥဒ္ဓစ္စနှင့် အညီအမျှ ဧကုပ္ပာဒတာ အစရှိသော အပြားတို့ဖြင့်ယှဉ်သော၊ ဧကံ-လည်းကောင်း၊ ဣတိ-ဤသို့၊ ဒွေပိ-၂-ပါးလည်း ဖြစ်ကုန်သော၊ ဣမာနိ-ဤစိတ်တို့သည်၊ မောမူဟစိတ္တာနိနာမ-မောမူဟစိတ်တို့မည်၏။ [အနက်ကျယ်။]

နိဂုံး

၇။ ဣစ္စေဝံ-ဤသို့၊ ဝါ-ဤဆိုအပ်ပြီးသောသဒ္ဒါအပေါင်း, အနက်အပေါင်း, သဒ္ဒါအစဉ်, အနက်အစဉ်ဖြင့်၊ သဗ္ဗထာပိ-(ဝေဒနာယောဂ, သင်္ခါရဟူငြား) ခပ်သိမ်းသောအပြားအားဖြင့်လည်း၊ ဒွါဒသ-၁၂-ပါးကုန်သော၊ အကုသလစိတ္တာနိ-အကုသိုလ်စိတ်တို့သည်၊ သမတ္တာနိ-ပြီးကုန်ပြီ။

သင်္ဂဟဂါထာ

၈။ လောဘမူလာနိ-လောဘမူစိတ်တို့သည်၊ အဋ္ဌဓာ-ရှစ်ပါးပြားကုန်၏၊ ဒေါသမူလာနိစ-ဒေါသမူစိတ်တို့သည်ကား၊ ဒွိဓာ-၂-ပါးပြားကုန်၏၊ မောဟမူလာနိစ-မောဟမူ

၆။ မောမူဟ "မောဟမူဟ"ဟု ဆိုလိုလျက် "ဟ"ကိုချေ၍ "မောမူဟ"ဟု ဖြစ်လာရသည်၊ ထိုတွင် "မောဟ"သဒ္ဒါသည် တွေဝေခြင်းအနက်ကို ဟောသည်၊ "မူဟ" သဒ္ဒါလည်း တွေဝေခြင်းအနက်ကိုပင် ဟောသည်၊ ထို့ကြောင့် "တွေ့တွေဝေသော စိတ်၊ အလွန့်အလွန် တွေဝေသောစိတ်"ဟု ဆိုလိုသည်၊ "မောဟ"ဟုဆိုအပ်သော မူလရှိသောကြောင့် "မောဟမူလစိတ်"ဟုလည်းကောင်း, လ-ကိုချေ၍ "မောဟမူစိတ်"ဟုလည်းကောင်း ခေါ်ကြပါသေးသည်၊ ဤမောဟမူစိတ် ၂-ပါးသည် အသင်္ခါရိကလည်းမဟုတ်၊ သသင်္ခါရိကလည်းမဟုတ်၊ သင်္ခါရဝိမုတ်မျှသာ ဖြစ်ပါသည်။

၇။ နိဂုံး ရှေ့ကဆိုအပ်ခဲ့ပြီးသောအနက်တို့ကို တပေါင်းတည်းသွင်းယူရာဝါကျကို "နိဂုံး" ဟုဆိုသည်၊ ဆိုအပ်ပြီးသော "လောဘမူစိတ် ၈-ပါး, ဒေါသမူစိတ် ၂-ပါး, မောဟမူစိတ် ၂-ပါး"အားဖြင့် ၁၂-ပါးသော အကုသိုလ်စိတ်တို့ကို ဣစ္စေဝံစသော နိဂုံးဝါကျ၌ တစ်ပေါင်းတည်း သွင်းယူထားသည်၊ နောက်၌လည်း ဤနည်းချည်း မှတ်ပါ။

၈။ သင်္ဂဟဂါထာ (သံ-အကျဉ်းချုံး၍+ဂဟ-ယူကြောင်းစကား၊) ဆောင်လွယ်မှတ်လွယ်စေရန် အကျဉ်းချုပ်ရေးသားထားသောဆောင်ပုဒ်ကဗျာမျိုးကို "သင်္ဂဟဂါထာ"ဟု ခေါ်သည်။

http://www.dhammadownload.com

စိတ်တို့သည်ကား၊ ဒွေ- ၂-ပါးတို့တည်း၊ ဣတိ-ဤသို့၊ အကုသလာ-အကုသိုလ်စိတ် တို့သည်၊ ဒွါဒသ- ၁၂-ပါးတို့သည်၊ သိယုံ-ဖြစ်ကုန်၏။

အဒ္ဓစ္စ လောဘမူလာနိ-ဖြင့် သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံစသော အကျယ်စကားကို အကျဉ်းချုံးထားသည်၊ "အဒ္ဓစ္စ"ဟူသောသန်ဿ၏ သရှေ့ယျကို ယင်းအကျယ်စကားကို ကြည့်ရှု၍-

၁။ သောမနဿသဟဂုတ်, ဒိဋ္ဌိဂတသမ္ပယုတ်, အသင်္ခါရိကစိတ်တစ်ခု၊
၂။ သောမနဿသဟဂုတ်, ဒိဋ္ဌိဂတသမ္ပယုတ်, သသင်္ခါရိကစိတ်တစ်ခု၊
ဤသို့စသည်ဖြင့် ရေတွက်ပါ။

ဒေါသမူလာနိ စ ဒ္ဝိဓာ-ဖြင့် ဒေါမနဿသဟဂတံစသော အကျယ်စကားကို အကျဉ်းချုံးထားသည်၊ "ဒ္ဝိဓာ"၏အရကို-

၁။ ဒေါမနဿသဟဂုတ်, ပဋိဃသမ္ပယုတ်, အသင်္ခါရိကစိတ်တစ်ခု၊
၂။ ဒေါမနဿသဟဂုတ်, ပဋိဃသမ္ပယုတ်, သသင်္ခါရိကစိတ်တစ်ခု၊
ဤသို့ ရေတွက်ပါ။

မောဟမူလာနိ စ ဒွေ-ဖြင့် ဥပေက္ခာသဟဂတံစသော မောဟမူစိတ် ၂-ပါးကို အကျဉ်းချုံးထားသည်၊ ဒွေ၏အရကိုလည်း-

၁။ ဥပေက္ခာသဟဂုတ်, ဝိစိကိစ္ဆာသမ္ပယုတ်စိတ်တစ်ခု၊
၂။ ဥပေက္ခာသဟဂုတ်, ဥဒ္ဓစ္စသမ္ပယုတ်စိတ်တစ်ခု၊
ဤသို့ ရေတွက်ပါ။

ဣတိ ဒွါဒသာကုသလာ သိယုံ-ဖြင့် ဣစ္စေဝံစသော နိဂုံးစကားကို အကျဉ်းချုံးပြသည်၊ နောက်လည်း ဤနည်းချည်း ခွဲစိတ်ဝေဖန်ပါ။

လောဘမူစိတ် ၈-ပါး, ဒေါသမူစိတ် ၂-ပါး, မောဟမူစိတ် ၂-ပါး၊ ပေါင်း အကုသိုလ်စိတ် ၁၂-ပါးဖြစ်သည် ဟူလို။

သရုပ်ခွဲ အခြေခံ အကုသိုလ်စိတ်သည် မူလဘေဒအားဖြင့် "လောဘမူ, ဒေါသမူ, မောဟမူ" ဟု ၃-မျိုးပြား၏၊ ထိုတွင်-

လောဘမူစိတ်သည် ဝေဒနာအားဖြင့် "သောမနဿ, ဥပေက္ခာ"ဟု ၂-ပါး၊
သမ္ပယောဂအားဖြင့် "သမ္ပယုတ်, ဝိပ္ပယုတ်"ဟု ၂-ပါး၊
သင်္ခါရအားဖြင့် "အသင်္ခါရိက, သသင်္ခါရိက"ဟု ၂-ပါး၊
ဤသို့ အသီးအသီး ကွဲပြားသောကြောင့် ၈-ပါးဖြစ်လာရသည်၊ ထိုကြောင့် လောဘမူစိတ်ကို "ဝေဒနာ, သမ္ပယောဂ, သင်္ခါရဘေဒအကုသိုလ်"ဟု ခေါ်သင့်၏။

ဒေါသမူစိတ်ကား "ဝေဒနာ, သမ္ပယောဂ"အားဖြင့် ကွဲပြားမှု မရှိ၊ သင်္ခါရအားဖြင့်သာ "အသင်္ခါရိက, သသင်္ခါရိက"ဟု ကွဲပြားမှု ရှိသည်၊ ထို့ကြောင့် ဒေါသမူစိတ်ကို "သင်္ခါရဘေဒ အကုသိုလ်"ဟု ဆိုသင့်သည်။

http://www.dhammadownload.com

မောဟမူစိတ်လည်း "ဝေဒနာ, သင်္ခါရ" အားဖြင့် ကွဲပြားမှုမရှိ၊ "ဝိစိကိစ္ဆာသမွယုတ်, ဥဒ္ဓစ္စသမွယုတ်" ဟု သမွယောဂအားဖြင့်သာ ကွဲပြားမှုရှိသည်၊ ထို့ကြောင့် မောဟမူစိတ်ကို "သမွယောဂဘေဒအကုသိုလ်" ဟု ဆိုသင့်သည်။

ဤသဘောသွားကိုပင်အခြေခံထား၍ သရုပ်ခွဲဇယားကို ရေးသားထားပါသည်၊ နောက်နောက်ဇယားများကိုလည်း ယင်းသဘောသွားအလိုက် ထိုက်သည်အားလျော်စွာ နည်းယူ၍ ကြံစည်စဉ်းစားပါ။

အကုသိုလ်စိတ် ၁၂-ပါး သရုပ်ခွဲဇယား

စိတ်ဝေါဒ	ဝေဒနာ			သမွယောဂ		သင်္ခါရ		မူလ [စိတ်]		
	သော	ဒေါ	ဥ	သမွ	ဝိပွ	အ	သ	လော	ဒေါ	မော
လောဘမူစိတ် ၈-ပါး	။			ဒိဋ္ဌိ		။		၁		
	။			ဒိဋ္ဌိ			။	၁		
	။				ဒိဋ္ဌိ	။		၁		
	။				ဒိဋ္ဌိ		။	၁		
			။	ဒိဋ္ဌိ		။		၁		
			။	ဒိဋ္ဌိ			။	၁		
			။		ဒိဋ္ဌိ	။		၁		
			။		ဒိဋ္ဌိ		။	၁		
ဒေါ-၂		။		ပဋိဃ		။			၁	
		။		ပဋိဃ			။		၁	
မော-၂			။	ဝိစိ						၁
			။	ဥဒ္ဓစ္စ						၁
၁၂	၄	၂	၆	၈	၄	၅	၅	၈	၂	၂

ညွှန်ကြားချက် သော-စသည်တို့၏အောက်မှာ အမှတ်တွေ့ပါက သောမနဿသဟဂုတ်စသည်ဆိုပါ၊ သမွ, ဝိပွ-တို့၏အောက်မှာ အကွာအမှတ်ကိုရှုလျက် ဒိဋ္ဌိဂတသမွယုတ်, ဒိဋ္ဌိဂတဝိပွယုတ်စသည်ဖြင့် ယထာရဟဆိုပါ၊ အ(သင်္ခါရ), သ(သင်္ခါရ)-တို့၏အောက်မှာအမှတ်တွေ့ပါက "အသင်္ခါရိကစိတ်,သသင်္ခါရိကစိတ်" ဟုဆိုပါ၊ အမှတ်ရှိရာကိုရှုလျက် ဆိုခဲ့ပြီးသည့်အတိုင်း လက်ဝဲမှလက်ျာသို့ တစ် ဘန်းပြီးတစ်တန်း ဇယားကုန်အောင်ဆိုသွားပါ၊ သင်္ကြိုဟ်ပါဠိနှင့်လည်း ညှိနှိုင်းတိုက်ဆိုင်ပါ၊တစ်ဖက်၌ ပြထားသည်ကိုလည်းရှုပါ။

http://www.dhammadownload.com

၁။ သောမနဿသဟဂုတ်, ဒိဋ္ဌဂတသမ္ပယုတ်, အသင်္ခါရိကစိတ်တစ်ခု၊
၂။ သောမနဿသဟဂုတ်, ဒိဋ္ဌဂတသမ္ပယုတ်, သသင်္ခါရိကစိတ်တစ်ခု၊ ။ ပ ။
၈။ ဥပေက္ခာသဟဂုတ်, ဒိဋ္ဌဂတဝိပ္ပယုတ်, သသင်္ခါရိကစိတ်တစ်ခု၊
ဤသို့ လောဘမူစိတ် ၈-ပါးဖြစ်သတည်း။

၁။ ဒေါမနဿသဟဂုတ်, ပဋိဃသမ္ပယုတ်, အသင်္ခါရိကစိတ်တစ်ခု၊
၂။ ဒေါမနဿသဟဂုတ်, ပဋိဃသမ္ပယုတ်, သသင်္ခါရိကစိတ်တစ်ခု၊
ဤသို့ ဒေါသမူစိတ် ၂-ပါးဖြစ်သတည်း။

၁။ ဥပေက္ခာသဟဂုတ်, ဝိစိကိစ္ဆာသမ္ပယုတ်စိတ်တစ်ခု၊
၂။ ဥပေက္ခာသဟဂုတ်, ဥဒ္ဓစ္စသမ္ပယုတ်စိတ်တစ်ခု၊
ဤသို့ မောဟမူစိတ် ၂-ပါးဖြစ်သတည်း။

ဤသို့လျှင် လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ မောဟမူစိတ် ၂-ပါးအားဖြင့် အကုသိုလ်စိတ် ၁၂-ပါးဖြစ်သတည်း။ (ဤကား မူလဘေဒတည်း။)

အောက်၌ပြဆိုထားသော သင်္ခါတို့၏ သရုပ်ကို ဇယားကိုရှုလျက် ရေတွက်ပါ။(သ-ထင်ရှား ရှိသော+ရူပ-သဘောတရား။)

ယင်းအကုသိုလ်စိတ်သည် သောမနဿသဟဂုတ် ၄-ပါး၊ ဒေါမနဿသဟဂုတ် ၂-ပါး၊ ဥပေက္ခာသဟဂုတ် ၆-ပါးအားဖြင့်လည်း ၁၂-ပါးဖြစ်သတည်း။ (ဤကား ဝေဒနာဘေဒ တည်း။)

သမ္ပယုတ် ၈-ပါး၊ ဝိပ္ပယုတ် ၄-ပါးအားဖြင့်လည်း ၁၂-ပါး ဖြစ်သတည်း။ (ဤကား သမ္ပယောဂဘေဒတည်း။)

အသင်္ခါရိက ၅-ပါး၊ သသင်္ခါရိက ၅-ပါး၊ အသင်္ခါရိက သသင်္ခါရိကမဟုတ်သော (သင်္ခါရဝိမုတ်)စိတ် ၂-ပါးအားဖြင့်လည်း ၁၂-ပါး ဖြစ်သတည်း။ (ဤကား သင်္ခါရဘေဒတည်း။)

လောဘမူသောမနဿ ၄-ပါး၊ ဥပေက္ခာ ၄-ပါး၊ ဒေါသမူ ဒေါမနဿသဟဂုတ် ၂-ပါး၊ မောဟမူ ဥပေက္ခာသဟဂုတ် ၂-ပါးအားဖြင့်လည်း ၁၂-ပါး ဖြစ်သတည်း။ (ဤကား မူလ+ဝေဒနာ ဒုကဘေဒတည်း။)

လောဘမူသမ္ပယုတ် ၄-ပါး၊ ဝိပ္ပယုတ် ၄-ပါး၊ ဒေါသမူသမ္ပယုတ် ၂-ပါး၊ မောဟမူ သမ္ပယုတ် ၂-ပါးအားဖြင့်လည်း ၁၂-ပါးဖြစ်သတည်း။ (ဤကား မူလ+သမ္ပယောဂ ဒုကဘေဒ တည်း။)

လောဘမူအသင်္ခါရိက ၄-ပါး၊ သသင်္ခါရိက ၄-ပါး၊ ဒေါသမူအသင်္ခါရိက ၁-ပါး၊ သသင်္ခါရိက ၁-ပါး၊ မောဟမူသင်္ခါရဝိမုတ် ၂-ပါးအားဖြင့်လည်း ၁၂-ပါးဖြစ်သတည်း။ (ဤကား မူလ+သင်္ခါရ ဒုကဘေဒတည်း။)

သောမနဿသဟဂုတ် သမ္ပယုတ် ၂-ပါး၊ ဝိပ္ပယုတ် ၂-ပါး၊ ဥပေက္ခာသဟဂုတ် သမ္ပယုတ် ၄-ပါး၊ ဝိပ္ပယုတ် ၂-ပါး၊ ဒေါမနဿသဟဂုတ် သမ္ပယုတ် ၂-ပါးအားဖြင့်လည်း ၁၂-ပါး ဖြစ်သတည်း။ (ဤကား ဝေဒနာ+သမ္ပယောဂ ဒုကဘေဒတည်း။)

http://www.dhammadownload.com

အဟိတ်စိတ် ၁၈-ပါး

အကုသလဝိပါက် ၇-ပါး

၉။ ဥပေက္ခာသဟဂတံ-ဥပေက္ခာသဟဂုတ်ဖြစ်သော၊ စက္ခုဝိညာဏ-စက္ခုဝိညာဉ် စိတ်လည်းကောင်း၊ တထာ-ထိုဥပေက္ခာသဟဂုတ်ဖြစ်သော၊ သောတဝိညာဏ်- သောတဝိညာဉ်စိတ်လည်းကောင်း၊ ဃာနဝိညာဏ-လည်းကောင်း၊ ဇိဝှါဝိညာဏ်-လည်းကောင်း၊ ဒုက္ခသဟဂတံ-ဒုက္ခသဟဂုတ်ဖြစ်သော၊ ကာယဝိညာဏ်-လည်းကောင်း၊ ဥပေက္ခာသဟဂတံ-သော၊ သမ္ပဋိစ္ဆနစိတ္တံ-သမ္ပဋိစ္ဆိုင်းစိတ်လည်းကောင်း၊ ဥပေက္ခာသဟဂတံ-သော၊ သန္တီရဏစိတ္တံစ-သန္တီရဏစိတ်လည်းကောင်း၊ ဣတိ-ဤသို့၊ သတ္တပိ- ၇-ပါးလည်းဖြစ်ကုန်သော၊ ဣမာနိ-ဤစိတ်တို့သည်၊ အကုသလဝိပါကစိတ္တာနိနာမ-အကုသလဝိပါက်စိတ်တို့မည်၏။ [အနက်ကျဉ်း။)

သောမနဿသဟဂုတ် အသင်္ခါရိက ၂-ပါး၊ သသင်္ခါရိက၂-ပါး၊ ဥပေက္ခာသဟဂုတ် အသင်္ခါရိက ၂-ပါး၊ သသင်္ခါရိက ၂-ပါး၊ သင်္ခါရဝိမုတ် ၂-ပါး၊ ဒေါမနဿသဟဂုတ် အသင်္ခါရိက ၁-ပါး၊ သသင်္ခါရိက ၁-ပါးအားဖြင့်လည်း ၁၂-ပါး ဖြစ်သတည်း။ (ဤကား ဝေဒနာ+သင်္ခါရဒုကဘေဒတည်း။)

သမ္မယုတ်အသင်္ခါရိက ၃-ပါး၊ သသင်္ခါရိက ၃-ပါး၊ သင်္ခါရဝိမုတ်စိတ် ၂-ပါး၊ ဝိပ္ပယုတ်အသင်္ခါရိက ၂-ပါး၊ သသင်္ခါရိက ၂-ပါးအားဖြင့် ၁၂-ပါးဖြစ်သတည်း။ (ဤကား သမ္မယောဂ+သင်္ခါရဒုကဘေဒတည်း။)

၁။ သောမနဿသာဖြစ်၍ သမ္မယုတ်မဖြစ်သောစိတ် ၂-ပါး၊
၂။ သမ္မယုတ်သာဖြစ်၍ သောမနဿမဖြစ်သောစိတ် ၆-ပါး၊
၃။ သောမနဿလည်းဖြစ် သမ္မယုတ်လည်းဖြစ်သောစိတ် ၂-ပါး၊
၄။ သောမနဿလည်းမဟုတ် သမ္မယုတ်လည်းမဟုတ်သောစိတ် ၂-ပါး၊
ဤသို့အားဖြင့်လည်း ၁၂-ပါးဖြစ်သတည်း။ (ဤကား ၄-ချက်သော စက်လှည့်၍ ခွဲနည်း အမြွက်တည်း၊ ဖြစ်သင့်သည်အားလျော်စွာ နည်းမှီ၍ခွဲပါ။)

ဤနည်းအတိုင်း ကြွင်းသော ဇယားတို့ကိုလည်း ရသင့်သည်အားလျော်စွာ ခွဲစိတ်ဝေဖန်ပါ၊ သရုပ်ကိုလည်း အသီးသီးရေတွက်ပါ၊ သို့မှသာ သရုပ်ကြေညက်မည်၊ တစ်ဦးက ဇယားကိုကြည့်တစ်ဦးက ဤသရုပ်ခွဲနည်းများကိုကြည့်၍ စာသင်ဖက်ချင်း အပြန်ပြန်အလှန်လှန် မေးမြန်းဖြေဆိုမှုကို ပြုလျက် လေ့လာမှုကိုလည်း ပြုကြစေလိုပါသည်။

၉။ အဟိတ်စိတ်သည် "အကုသလဝိပါက်, ကုသလဝိပါက်, ကြိယာ"ဟု ၃-ပါး ပြား၏၊ တစ်ဖန် စက္ခုအစရှိသောမှီရာ, သမ္ပဋိစ္ဆိုင်းအစရှိသောကိစ္စတို့၏ အပြားအားဖြင့် ၁၈-ပါး ဖြစ်လာရပါသည်၊ ဤသဘောအဓိပ္ပာယ်များမှာ နောက်သရုပ်ခွဲဇယား၌ ပေါ်လွင်ထင်ရှားလာပါလိမ့်မည်။

တထာ တထာ သောတဝိညာဏ်၌ပါသော "တထာ"သဒ္ဒါဖြင့် သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်စိတ်တို့လည်း စက္ခုဝိညာဉ်စိတ်ကဲ့သို့ ဥပေက္ခာသဟဂုတ်

http://www.dhammadownload.com

တစ်နည်းကား= ဥပေက္ခာသဟဂတံ-ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဝါ-ဥပေက္ခာဝေဒနာနှင့်တကွ ဧကုပ္ပာဒတာအစရှိသည်တို့၏ အဖြစ်သို့ရောက်သော၊ စက္ခုဝိညာဏ်-စက္ခုဝိညာဉ်စိတ်လည်းကောင်း၊ တထာ-ထိုဥပေက္ခာသဟဂုတ်ဖြစ်သော၊ သောတဝိညာဏ်-သောတဝိညာဉ်စိတ်လည်းကောင်း၊ ဃာနဝိညာဏ်-လည်းကောင်း၊ ဇိဝှါဝိညာဏ်-လည်းကောင်း၊ ဒုက္ခသဟဂတံ-ဒုက္ခဝေဒနာနှင့်တကွဖြစ်သော၊ ဝါ-ဒုက္ခဝေဒနာနှင့်တကွ ဧကုပ္ပာဒတာ အစရှိသည်တို့၏အဖြစ်သို့ ရောက်သော၊ ကာယဝိညာဏ်-ကာယဝိညာဉ်စိတ်လည်းကောင်း၊ ဥပေက္ခာသဟဂတံ-သော၊ ဝါ-သော၊ သမ္ပဋိစ္ဆနစိတ္တံ-သမ္ပဋိစ္ဆိုင်းစိတ်လည်းကောင်း၊ ဥပေက္ခာသဟဂတံ-သော၊ ဝါ-သော၊ သန္တီရဏစိတ္တံစ-သန္တီရဏစိတ်လည်းကောင်း၊ ဣတိ-ဤသို့၊ သတ္တပိ- ၇-ပါးလည်းဖြစ်ကုန်သော၊ ဣမာနိ-ဤစိတ်တို့သည်၊ အကုသလဝိပါကစိတ္တာနိနာမ-အကုသလဝိပါက်စိတ်တို့မည်၏။ [အနက်ကျယ်။]

အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး

၁၀။ ဥပေက္ခာသဟဂတံ-ဥပေက္ခာသဟဂုတ်ဖြစ်သော၊ ကုသလဝိပါကံ-ကုသိုလ်၏အကျိုးဖြစ်သော၊ စက္ခုဝိညာဏ်-စက္ခုဝိညာဉ်စိတ်လည်းကောင်း၊ တထာ-ထိုဥပေက္ခာသဟဂုတ်ဖြစ်သော၊ သောတဝိညာဏ်-သောတဝိညာဉ်စိတ်လည်းကောင်း၊ ဃာနဝိညာဏ်-လည်းကောင်း၊ ဇိဝှါဝိညာဏ်-လည်းကောင်း၊ သုခသဟဂတံ-သုခသဟဂုတ် ဖြစ်သော၊ ကာယဝိညာဏ်-လည်းကောင်း၊ ဥပေက္ခာသဟဂတံ-သော၊ သမ္ပဋိစ္ဆနစိတ္တံ-လည်းကောင်း၊ သောမနဿသဟဂတံ-သော၊ သန္တီရဏစိတ္တံ-လည်းကောင်း၊ ဥပေက္ခာသဟဂတံ-သော၊ သန္တီရဏစိတ္တံစ-လည်းကောင်း၊ ဣတိ-ဤသို့၊ အဋ္ဌပိ- ၈-ပါးလည်းဖြစ်ကုန်သော၊ ဣမာနိ-ဤစိတ်တို့သည်၊ ကုသလဝိပါကာဟေတုကစိတ္တာနိနာမ-ကုသလဝိပါက်အဟိတ်စိတ်တို့မည်၏။ [အနက်ကျဉ်း။]

ဖြစ်ကြောင်းကို ညွှန်ပြသည်၊ ထို့ကြောင့် "တထာ-ထိုဥပေက္ခာသဟဂုတ်ဖြစ်သော"ဟု အနက်ယောဇနာရသည်။

အကုသလဝိပါက (အကုသလ-အကုသိုလ်+ဝိပါက-အကျိုးဖြစ်သောစိတ်၊) အကုသိုလ်၏အကျိုးဖြစ်သောစိတ်များကို "အကုသလဝိပါက်စိတ်"ဟုခေါ်သည်၊ ထိုတွင် သန္တီရဏစိတ်သည် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုး ၂-မျိုးလုံးပင် ဖြစ်နိုင်သည်၊ ကြွင်းသောစိတ် ၆-ပါးတို့ကား ပဝတ္တိကျိုးမျှသာ ဖြစ်သည်။

၁၀။ ကုသလဝိပါကာဟေတုက (ကုသလ-ကုသိုလ်၏+ဝိပါက-အကျိုးဖြစ်သော+အဟေတုက-သမ္မယုတ်ဟိတ်မရှိသောစိတ်၊) ကုသိုလ်၏အကျိုးဖြစ်၍ ယှဉ်ဖက်သမ္မယုတ်ဟိတ်မရှိသော စိတ်များသည် "ကုသလဝိပါက်အဟိတ်စိတ်"မည်၏၊ ထို ၈-ပါးတို့တွင် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုး ၂-မျိုးလုံးပင် ဖြစ်နိုင်သည်၊ ကြွင်းသောစိတ် ၇-ပါးတို့ကား ပဝတ္တိကျိုးမျှသာ ဖြစ်နိုင်ကြသည်။

http://www.dhammadownload.com

တစ်နည်းကား= ဥပေက္ခာသဟဂတံ-သော၊ ဝါ-သော၊ ကုသလဝိပါက်-ကုသိုလ်၏ အကျိုးဖြစ်သော၊ စက္ခုဝိညာဏ်-လည်းကောင်း၊ ။ ပ ။ သောမနဿသဟဂတံ-သော၊ ဝါ-သော၊ သန္တီရဏစိတ္တံ-လည်းကောင်း၊ ဥပေက္ခာသဟဂတံ-သော၊ ဝါ-သော၊ သန္တီရဏစိတ္တံစ-လည်းကောင်း၊ ဣတိ-ဤသို့၊ အဋ္ဌပိ- စ-ပါးလည်းဖြစ်ကုန်သော၊ ဣမာနိ-ဤစိတ်တို့သည်၊ ကုသလဝိပါကာဟေတုကစိတ္တာနိနာမ-ကုသလဝိပါက် အဟိတ်စိတ်တို့မည်၏။ [အနက်ကျယ်။]

အဟိတ်ကြိယာစိတ် ၃-ပါး

၁၁။ ဥပေက္ခာသဟဂတံ-သော၊ ပဥ္စဒ္ဒါရာဝဇ္ဇနစိတ္တံ-ပဥ္စဒ္ဒါရာဝဇ္ဇန်းစိတ်လည်းကောင်း၊ တထာ-ထိုဥပေက္ခာသဟဂုတ်ဖြစ်သော၊ မနောဒ္ဓါရာဝဇ္ဇနစိတ္တံ-မနောဒ္ဓါရာဝဇ္ဇန်းစိတ်လည်းကောင်း၊ သောမနဿသဟဂတံ-သော၊ ဟသိတုပ္ပာဒစိတ္တံစ-ဟသိတုပ္ပာဒ်စိတ်လည်းကောင်း၊ ဣတိ-ဤသို့၊ တီဏိပိ- ၃-ပါးလည်းဖြစ်ကုန်သော၊ ဣမာနိ-ဤစိတ်တို့သည်၊ အဟေတုကကြိယစိတ္တာနိနာမ-အဟိတ်ကြိယာစိတ်တို့မည်၏။ [အနက်ကျဉ်း။]

တစ်နည်းကား= ဥပေက္ခာသဟဂတံ-သော၊ ဝါ-သော၊ ပဥ္စဒ္ဒါရာဝဇ္ဇနစိတ္တံ-ပဥ္စဒ္ဒါရာဝဇ္ဇန်းစိတ်လည်းကောင်း၊ တထာ-ထိုဥပေက္ခာသဟဂုတ်ဖြစ်သော၊ မနောဒ္ဓါရာဝဇ္ဇနစိတ္တံ-မနောဒ္ဓါရာဝဇ္ဇန်းစိတ်လည်းကောင်း၊ သောမနဿသဟဂတံ-သော၊ ဝါ-သော၊ ဟသိတုပ္ပာဒစိတ္တံ စ-ဟသိတုပ္ပာဒ်စိတ်လည်းကောင်း၊ ဣတိ-ဤသို့၊ တီဏိပိ- ၃-ပါးလည်းဖြစ်ကုန်သော၊ ဣမာနိ-ဤစိတ်တို့သည်၊ အဟေတုကကြိယစိတ္တာနိနာမ-အဟိတ်ကြိယာစိတ်တို့မည်၏။ [အနက်ကျယ်။]

အဟေတုက သဟေတုက ဝိသေသန အကုသလဝိပါက်သည် အဟိတ်တစ်မျိုးသာရှိသည်၊ သဟိတ်မရှိ၊ ထိုသို့တားမြစ်စရာ သဟိတ်ဝိပါက်မရှိသည့် အတွက် "အဟေတုက"သဒ္ဒါဖြင့် အထူးမပြုဘဲ "အကုသလဝိပါက်"ဟုသာဆိုရသည်။

ကုသလဝိပါက်မူကား (ကာမာဝစရအရာ၌) အဟိတ်လည်းရှိသည်၊ သဟိတ်လည်းရှိသည်၊ ထို့ကြောင့် အဟိတ်ဝိပါက်မျှကိုသာ အလိုရှိပါက "အဟေတုက"သဒ္ဒါကို ထည့်စွက်လျက် "ကုသလဝိပါက်အဟိတ်စိတ် (အဟိတ်ကုသလဝိပါက်စိတ်)"ဟု ဆိုရသည်။

သဟိတ်ဝိပါက်ကိုသာအလိုရှိပါက"သဟေတုက"သဒ္ဒါကိုထည့်လျက် "သဟိတ် ကာမာဝစရ ဝိပါက်စိတ်"ဟု ဆိုရသည်၊ အဟိတ်ဝိပါက်, သဟိတ်ဝိပါက် ၂-ပါးလုံးကို အလိုရှိပါက မည်သည့်ဝိသေသနကိုမျှ မထည့်စွက်ဘဲ "ကာမာဝစရဝိပါက်စိတ်"ဟုသာ ဆိုရသည်။

၁၁။ ကြိယာစိတ်သည်လည်း (ကာမာဝစရအရာ၌) "အဟိတ်ကြိယာ, သဟိတ်ကြိယာ"ဟု ၂-မျိုးရှိသည်၊ ထို့ကြောင့် အဟိတ်ကြိယာမျှကိုသာ အလိုရှိပါက "အဟေတုက"သဒ္ဒါကို ထည့်စွက်လျက် "အဟိတ်ကြိယာစိတ်"ဟု ဆိုရသည်၊ သဟိတ်ကြိယာမျှကိုသာ အလိုရှိပါက "သဟေတုက"သဒ္ဒါထည့်စွက်လျက် "သဟိတ်ကာမာဝစရကြိယာစိတ်"ဟု ဆိုရသည်၊ အဟိတ်

http://www.dhammadownload.com

နိဂုံး

၁၂။ ကွစ္စေဝံ-ဤသို့၊ ဝါ-ဤဆိုအပ်ပြီးသော သဒ္ဒါအပေါင်း အနက်အပေါင်း , သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်၊ သဗ္ဗထာပိ-(အကုသလ, ဝိပါကနှင့်, ကုသလဝိပါ, ကြိယာဟူငြား,) ခပ်သိမ်းသော အပြားအားဖြင့်လည်း၊ အဋ္ဌာရသ- ၁၈-ပါးကုန်သော၊ အဟေတုက စိတ္တာနိ-အဟိတ်စိတ်တို့သည်၊ သမတ္တာနိ-ပြီးကုန်ပြီ။

သင်္ဂဟဂါထာ

၁၃။ အကုသလပါကာနိ-အကုသလဝိပါက်စိတ်တို့သည်၊ သတ္တ- ၇-ပါးတို့တည်း၊ ပုညပါကာနိ-အဟိတ်ကုသလဝိပါက်စိတ်တို့သည်၊ အဋ္ဌဓာ- ၈-ပါးပြားကုန်၏၊ ကြိယစိတ္တာနိ-အဟိတ်ကြိယာစိတ်တို့သည်၊ တီဏိ- ၃-ပါးတို့တည်း၊ ကွတိ-ဤသို့၊ အဟေတုကာ-အဟိတ်စိတ်တို့သည်၊ အဋ္ဌာရသ- ၁၈-ပါးတို့တည်း။

ကြိယာ သဟိတ်ကြိယာ ၂-မျိုးလုံးကို အလိုရှိပါက မည်သည့်ဝိသေသနကိုမျှ မထည့်စွက်ဘဲ "ကာမာဝစရကြိယာစိတ်"ဟုသာ ဆိုရသည်။

ဆောင်း။ ။ နှစ်မျိုးကွဲပြား, တရားများတွင်, တစ်ပါးပါးသာ, ယူလိုရာ, လျော်စွာ ထူးပြုရ။

၁၂။ သဗ္ဗထာပိ သဗ္ဗထာအရ အကုသလဝိပါက်အပြား, ကုသလဝိပါက်အပြား, ကြိယာအပြားတို့ကို ယူရသည်၊ အကုသလဝိပါက်, ကုသလဝိပါက်, ကြိယာတို့၏ အပြားအားဖြင့် အစွမ်းကုန်ဝေဖန်သော်လည်း ၁၈-ပါးမျှသာ ဖြစ်သည်ဟု ဆိုလိုသည်။

ထိုတွင် အကုသလဝိပါက်, ကုသလဝိပါက်တို့သည် စက္ခုအစရှိသောမှီရာ သမ္ဘင်္ဆိုင်းအစရှိသော ကိစ္စတို့၏ အပြားအားဖြင့် ထိုက်သည်အားလျော်စွာ ၇-ပါး, ၈-ပါး ပြားကြသည်၊ ကြိယာစိတ်သည် အာဝဇ္ဇန်းအစရှိသော ကိစ္စတို့၏ အပြားအားဖြင့် ၃-ပါးပြားရသည်၊ သို့ဖြစ်၍ ဝိပါက်စိတ်များသည် နိဿယဘေဒ, ကိစ္စဘေဒအဟိတ်စိတ်များ ဖြစ်ကြသည်၊ ကြိယာစိတ်သည် ကိစ္စဘေဒအဟိတ်စိတ်ဖြစ်သည်၊ သရုပ်ခွဲဖေးကိုလည်း ဤသဘော တရားကိုပင် အခြေခံထား၍ ပြဆိုထားပါသည်။

သမ္မယောဂ သခ်ါရဝိမုတ် ဤအဟိတ်စိတ် ၁၈-ပါးတို့ကို "သမ္မယုတ်"ဟုလည်းကောင်း, "ဝိပ္ပယုတ်"ဟုလည်းကောင်း, အသခ်ါရိကဟုလည်းကောင်း, သသခ်ါရိကဟုလည်းကောင်း မဆိုသင့်ပါ၊ အဟိတ်စိတ် ၁၈-ပါးလုံး သမ္မယောဂဝိမုတ်, သခ်ါရဝိမုတ်တို့သာ ဖြစ်ကြပါသည်။

ရှေးဆရာများကား "ဒိဋ္ဌိ, ပဋိဃ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ဉာဏ်"တည်းဟူသော စေတသိက်အထူးတို့နှင့် မယှဉ်သောကြောင့် အဟိတ်စိတ် ၁၈-ပါးလုံး "ဝိပ္ပယုတ်"ဟုလည်းကောင်း၊ ဆိုင်ရာအကြောင်းများပြည့်စုံလျှင် ဖြစ်လေ့ရှိကြ၍ တိုက်တွန်းဖွယ်မလိုသောကြောင့် "အသခ်ါရိက"ဟုလည်းကောင်း ယူကြ၏၊ နောက်ဆရာအချို့ကမူ "အသခ်ါရိက, သသခ်ါရိက ၂-ပါးပင် ဖြစ်သင့်သည်"ဟု ယူကြ၏။

http://www.dhammadownload.com

အဟိတ်စိတ် ၁၈-ပါး သရုပ်ခွဲဇယား

စိတ်ပေါင်း	ဝေဒနာ				နိဿယ					ကိစ္စ					အဟိတ်စိတ်			ဒေသနာဥစ္စာ
	ဒုက္ခ	ဒုက္ခ	သောမနဿ	ဥပေက္ခာ	စက္ခုဝိညာဏ် =	သောတ =	ဃာန =	ဇိဝှါ =	ကာယ =	သန္တီရဏ်	ဘဝင်	အာဝဇ္ဇန်း ပဉ္စ	အာဝဇ္ဇန်း မနော	ဟသိတုပ္ပါဒ်	အကုသလ	ဝိပါက်	ကိရိယာ	
အကုသလဝိပါက် ၇ ၊ ကုသလဝိပါက် ၈				=	=	=	=	=	=						၁	၁		၂
				=		=									၁	၁		၂
				=			=								၁	၁		၂
				=				=							၁	၁		၂
		=							=						၁			၂
	=								=							၁		၂
				=						=					၁	၁		၂
				=							=				၁	၁		၂
			=								=					၁		၂
ကြိယာ ၃				=								=					၁	၂
				=									=				၁	၂
			=											=			၁	၁
၁၈	၁	၁	၂	၁၄	၂	၂	၂	၂	၂	၂	၃	၂		၁	၇	၈	၃	၁၈

သရုပ်ခွဲ

၁။ ဥပေက္ခာသဟဂုတ်, စက္ခုဝိညာဉ်စိတ်တစ်ခု၊ ။ပ။

၇။ ဥပေက္ခာသဟဂုတ်, သန္တီရဏစိတ်တစ်ခုအားဖြင့် အကုသလဝိပါက်စိတ် ၇-ပါး ဖြစ်သည်။

၁။ ဥပေက္ခာသဟဂုတ်, စက္ခုဝိညာဉ်စိတ်တစ်ခု၊ ။ပ။

၈။ ဥပေက္ခာသဟဂုတ်, သန္တီရဏစိတ်တစ်ခုအားဖြင့် အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး ဖြစ်သည်။

၁။ ဥပေက္ခာသဟဂုတ်, ပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ်တစ်ခု၊

၂။ ဥပေက္ခာသဟဂုတ်, မနောဒ္ဝါရာဝဇ္ဇန်းစိတ်တစ်ခု၊

၃။ သောမနဿသဟဂုတ်, ဟသိတုပ္ပါဒ်စိတ်တစ်ခုအားဖြင့် အဟိတ်ကြိယာစိတ် ၃-ပါးဖြစ်သည်။

http://www.dhammadownload.com

သောဘနစိတ် ၅၉၊ ၉၁

၁၄။ ပါပါဟေတုကမုတ္တာနိ-အကုသိုလ်စိတ်, အဟိတ်စိတ်တို့မှလွတ်ကုန်သော၊ ဧကူနသင်္ခြိ-တစ်ခုယုတ်ခြော်က်ဆယ်သော၊ စိတ္တာနိ-စိတ်တို့ကို၊ သောဘနာနီတိ-သောဘန

ဤသို့လျှင် အကုသလဝိပါက်စိတ် ၇-ပါး, အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး, အဟိတ်ကြိယာစိတ် ၃-ပါးအား‌ဖြင့် အဟိတ်စိတ် ၁၈-ပါးဖြစ်သတည်း။

"စက္ခုဝိညာဉ်ဒွေး၊ သောတဝိညာဉ်ဒွေး၊ ဃာနဝိညာဉ်ဒွေး၊ ဇိဝှါဝိညာဉ်ဒွေး၊ ကာယဝိညာဉ်ဒွေး၊ (ဤ ၅-စုံကို 'ဒွေးပဉ္စဝိညာဉ် ၁၀'ဟု ခေါ်သည်၊) သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏ ၃-ခု၊ အာဝဇ္ဇန်းဒွေး၊ ဟသိတုပ္ပာဒ်"အား‌ဖြင့် အဟိတ်စိတ် ၁၈-ပါးဖြစ်သတည်း။ (ဒေသနာစဉ် အား‌ဖြင့် ရေတွက်ပုံ။)

"ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ ဒွေးပဉ္စဝိညာဉ် ၁၀၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏ ၃-ခု၊ ဝုဋ္ဌော (မနော ဒ္ဒါရာဝဇ္ဇန်း)၊ ဟသိတုပ္ပာဒ်"အား‌ဖြင့် အဟိတ်စိတ် ၁၈-ပါး ဖြစ်သတည်း။ (ဝိထိစဉ်အား‌ဖြင့် ရေတွက်ပုံ။)

"သုခသဟဂုတ်စိတ်တစ်ပါး၊ ဒုက္ခသဟဂုတ်စိတ်တစ်ပါး၊ သောမနဿသဟဂုတ်စိတ် ၂-ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၁၄-ပါး"အား‌ဖြင့် အဟိတ်စိတ် ၁၈-ပါးဖြစ်သတည်း။ (ဝေဒနာ ဘေဒအား‌ဖြင့် ရေတွက်ပုံ။)

အသောဘနစိတ် ၃၀

"အကုသိုလ်စိတ် ၁၂-ပါး၊ အဟိတ်စိတ် ၁၈-ပါး"အား‌ဖြင့် ၃၀-သော စိတ်တို့ကို "အသောဘနစိတ်"ဟု ခေါ်သည်။

အကုသိုလ်စိတ် ၁၂-ပါး၊ ဝိပါက်စိတ် ၁၅-ပါး၊ ကြိယာစိတ် ၃-ပါး"အား‌ဖြင့် အသောဘန စိတ် ၃၀-ဖြစ်သည်။ (ဇာတိဘေဒအား‌ဖြင့် ခွဲပုံ။)

"သုခသဟဂုတ်စိတ် ၁-ပါး၊ ဒုက္ခသဟဂုတ်စိတ် ၁-ပါး၊ သောမနဿသဟဂုတ်စိတ် ၆-ပါး၊ ဒေါမနဿသဟဂုတ်စိတ် ၂-ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၂၀"အား‌ဖြင့် အသောဘနစိတ် ၃၀-ဖြစ်သည်။ (ဝေဒနာဘေဒ။)

သုခသဟဂုတ်စိတ် ၁-ပါးဟူသော်ကား‌အဟိတ်ကုသလဝိပါက် ကာယဝိညာဉ်တည်း၊ ဒုက္ခသဟဂုတ်စိတ် ၁-ပါးဟူသော်ကား အကုသလဝိပါက် ကာယဝိညာဉ်တည်း၊ သောမနဿသဟဂုတ်စိတ် ၆-ပါးဟူသော်ကား အကုသိုလ်သောမနဿ ၄-ပါး, အဟိတ် သောမနဿ ၂-ပါး တို့ပင်တည်း၊ ဒေါမနဿသဟဂုတ်စိတ် ၂-ပါးဟူသော်ကား ဒေါသမူဒွေးပင်တည်း၊ ဥပေက္ခာသဟဂုတ်စိတ် ၂၀-ဟူသော်ကား အကုသိုလ်ဥပေက္ခာ ၆-ပါး, အဟိတ်ဥပေက္ခာ ၁၄-ပါး-တို့ပင်တည်း။

ဤသို့စသည်ဖြင့် ရသင့်သမျှကို ခွဲစိတ်ဝေဖန်ပါ၊ တစ်ဆင့်ပြီးတစ်ဆင့် အထပ်ထပ်လေ့လာပါ၊ သို့မှသာ သရုပ်ကြေညက်မည်။

၁၄။ ပါပါဟေတုကမုတ္တာနိစသော ဂါထာသည် သောဘနအမည်မှည့်သော ၈၈ထာဖြစ်သည်၊ အကုသိုလ်စိတ်, အဟိတ်စိတ်တို့မှတစ်ပါး ကြွင်းသောစိတ် ၅၉-ပါးတို့သည် "သောဘနမည်၏၊

http://www.dhammadownload.com

စိတ်တို့ဟူ၍၊ ဝုစ္စရေ–ဆိုအပ်ကုန်၏၊ အထဝါ–အကျယ်တစ်နည်းကား၊ ပါပါဟေတုက မုတ္တာနိ–ကုန်သော၊ ဧကနဝုတိပိ–၉၁–ပါးလည်းဖြစ်သော၊ စိတ္တာနိ–စိတ်တို့ကို၊ သောဘနာနီတိ–တို့ဟူ၍၊ ဝုစ္စရေ–ဆိုအပ်ကုန်၏။

ကာမာဝစရသောဘနစိတ် ၂၄–ပါး
မဟာကုသိုလ်စိတ် ၈–ပါး

၁၅။ သောမနဿသဟဂတံ–သောမနဿသဟဂုတ်ဖြစ်သော၊ ဉာဏသမ္ပယုတ္တံ–ဉာဏသမ္ပယုတ်ဖြစ်သော၊ အသင်္ခါရိကံ–သော၊ ဧကံ–လည်းကောင်း၊ သသင်္ခါရိကံ–သော၊ ဧကံ–လည်းကောင်း၊ သောမနဿသဟဂတံ–သော၊ ဉာဏဝိပ္ပယုတ္တံ–ဉာဏဝိပ္ပယုတ်ဖြစ်သော၊ အသင်္ခါရိကံ–သော၊ ဧကံ–လည်းကောင်း၊ သသင်္ခါရိကံ–သော၊ ဧကံ–လည်းကောင်း၊ ဥပေက္ခာသဟဂတံ–သော၊ ဉာဏသမ္ပယုတ္တံ–သော၊ အသင်္ခါရိကံ–သော၊ ဧကံ–လည်းကောင်း၊ သသင်္ခါရိကံ–သော၊ ဧကံ–လည်းကောင်း၊ ဥပေက္ခာသဟဂတံ–သော၊ ဉာဏဝိပ္ပယုတ္တံ–သော၊ အသင်္ခါရိကံ–သော၊ ဧကံ–လည်းကောင်း၊ သသင်္ခါရိကံ–သော၊ ဧကံ–လည်းကောင်း၊ ကုတိ–ဤသို့၊ အဋ္ဌပိ– ၈–ပါးလည်းဖြစ်ကုန်သော၊ ကုမာနိ–ဤစိတ်တို့သည်၊ ကာမာဝစရကုသလစိတ္တာနိနာမ–ကာမာဝစရကုသိုလ်စိတ်တို့မည်၏။ [အနက်ကျဉ်း။]

တစ်နည်းအားဖြင့် အကုသိုလ်စိတ်, အဟိတ်စိတ်တို့မှတစ်ပါး ကြွင်းသောစိတ် ၉၁–ပါးတို့သည် "သောဘနစိတ်မည်၏"ဟု ဆိုလိုသည်။

လောကုတ္တရာစိတ်ကို အကျဉ်းအားဖြင့် ၈–ပါးမျှသာ ယူပါက "ကာမာဝစရသောဘနစိတ် ၂၄–ပါး၊ မဟဂ္ဂုတ်စိတ် ၂၇–ပါး၊ လောကုတ္တရာစိတ် ၈–ပါး"အားဖြင့် သောဘနစိတ် ၅၉–ပါး ဖြစ်၏။

လောကုတ္တရာစိတ်ကို အကျယ်စွာန်ပွားလျက် ၄၀–ယူပါက "ကာမာဝစရသောဘနစိတ် ၂၄–ပါး၊ မဟဂ္ဂုတ်စိတ် ၂၇–ပါး၊ လောကုတ္တရာစိတ် ၄၀"အားဖြင့် သောဘနစိတ် ၉၁–ပါး ဖြစ်၏။

ကြဉ်ထားခဲ့သော အကုသိုလ်စိတ်နှင့် အဟိတ်စိတ်တို့ကိုကား ဗျတိရေကနည်း, အဝုတ္တသိဒ္ဓိနည်းအားဖြင့် "အသောဘနစိတ်"ဟု ခေါ်ကြသည်၊ သောဘနမှ တစ်ပါးသောစိတ်များ–ဟု ဆိုလိုပါသည်။

(သောဘနမဟုတ်လျှင် အသောဘနပင်တည်း–ဟု ပြောင်းပြန်ယူရသောနည်းသည် "ဗျတိရေကနည်း" မည်၏၊ တိုက်ရိုက်မဆိုသော်လည်း ပြီးနိုင်သောနည်းသည် "အဝုတ္တသိဒ္ဓိနည်း" မည်၏။)

"အသောဘနစိတ် ၃၀၊ သောဘနစိတ် ၅၉–ပါး"အားဖြင့် စိတ်အကျဉ်း တစ်ခုယုတ်ကိုးဆယ် (၈၉–ပါး) ဖြစ်သည်။ (တစ်ခုယုတ်ကိုးဆယ်= ကိုးဆယ်ပြည့်ရန် တစ်ခုလို၊ ၈၉–ပါး။)

http://www.dhammadownload.com

တစ်နည်းကား= သောမနဿသဟဂတံ-သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဝါ-သောမနဿဝေဒနာနှင့်တကွ ဧကုပ္ပာဒတာ အစရှိသည်တို့၏ အဖြစ်သို့ရောက်သော၊ ဉာဏသမ္မယုတ္တံ-ဉာဏ်နှင့်အညီအမျှ ဧကုပ္ပာဒတာ အစရှိသော အပြားတို့ဖြင့်ယှဉ်သော၊ အသင်္ခါရိကံ-တွန့်တိုဆုတ်နစ်သောနောက်စိတ်ကို ထက်မြက်အောင်ပြုစီမံတတ်သော ပုဗ္ဗပယောဂကြောင့်ဖြစ်သည့် သတ္တိထူးမရှိသော၊ ဝါ-တွန့်တိုဆုတ်နစ်သောနောက်စိတ်ကို ထက်မြက်အောင် ပြုစီမံတတ်သော ပုဗ္ဗပယောဂမရှိသော၊ ဧကံ-တစ်ပါးသောစိတ်လည်းကောင်း၊ သသင်္ခါရိကံ-တွန့်တိုဆုတ်နစ်သော နောက်စိတ်ကို ထက်မြက်အောင် ပြုစီမံတတ်သောပုဗ္ဗပယောဂကြောင့်ဖြစ်သည့် သတ္တိထူးနှင့်တကွဖြစ်သော၊ ဝါ-တွန့်တိုဆုတ်နစ်သော နောက်စိတ်ကို ထက်မြက်အောင်ပြုစီမံတတ်သော ပုဗ္ဗပယောဂရှိသော၊ ဧကံ-လည်းကောင်း၊ ။ ပ ။ ဥပေက္ခာသဟဂတံ-သော၊ ဝါ-သော၊ ဉာဏဝိပ္ပယုတ္တံ-ဉာဏ်နှင့်မယှဉ်သော၊ အသင်္ခါရိကံ-သော၊ဧကံ-လည်းကောင်း၊ သသင်္ခါရိကံ-သော၊ ဝါ-သော၊ ဧကံ-လည်းကောင်း၊ ဣတိ-ဤသို့၊ အဋ္ဌပိ- ၈-ပါးလည်းဖြစ်ကုန်သော၊ ဣမာနိ-ဤစိတ်တို့သည်၊ ကာမာဝစရကုသလစိတ္တာနိနာမ-ကာမာဝစရကုသိုလ်စိတ်တို့မည်၏။ [အနက်ကျယ်။]

မဟာဝိပါက်စိတ် ၈-ပါး

၁၆။ ။ ပ ။ သဟေတုကကာမာဝစရဝိပါကစိတ္တာနိနာမ-သဟိတ်ကာမာဝစရဝိပါက်စိတ်တို့မည်၏။

မဟာကြိယာစိတ် ၈-ပါး

၁၇။ ။ ပ ။ သဟေတုကကာမာဝစရကြိယစိတ္တာနိနာမ-သဟိတ်ကာမာဝစရကြိယာစိတ်တို့မည်၏။

နိဂုံး

၁၈။ ဣစ္စေဝံ-ဤသို့၊ ဝါ-ဖြင့်၊ သင်္ဂဏာပိ-(ကုသလဝိပါ, ကြိယာဟူငြား,) ခပ်သိမ်းသော အပြားအားဖြင့်လည်း၊ စတုဝိသတိ- ၂၄-ပါးသော၊ သဟေတုကကာမာဝစရကုသလဝိပါကကြိယစိတ္တာနိ-ကာမာဝစရကုသိုလ်, သဟိတ်ကာမာဝစရဝိပါက်, သဟိတ်ကာမာဝစရကြိယာစိတ်တို့သည်၊ သမတ္တာနိ-ပြီးကုန်ပြီ။

"အသောဘနစိတ် ၃၀၊ သောဘနစိတ် ၉၁-ပါး"အားဖြင့် စိတ်အကျယ် ၁၂၁-ပါး ဖြစ်သည်။

၁၈။ သဟေတုက ကုသိုလ်မှန်က သဟိတ်တစ်မျိုးသာရှိသည်၊ အဟိတ်မရှိ၊ အဟိတ်, သဟိတ်ခွဲခြားရန် မလို၊ သဟိတ်ဧကန်ဖြစ်သည်၊ ထို့ကြောင့် "သဟေတုက"သဒ္ဒါနှင့်မယှဉ်ဘဲ "ကာမာဝစရကုသိုလ်"ဟုသာ ဆိုရပါသည်။

ဝိပါက်နှင့်ကြိယာတို့မှာမူ (ကာမာဝစရအရာ၌) "သဟိတ်, အဟိတ်"အားဖြင့် ၂-မျိုးစီရှိကြသောကြောင့် အဟိတ်ဝိပါက်, အဟိတ်ကြိယာတို့ကို နစ်စေဖို့ရန် "သဟေတုက"သဒ္ဒါနှင့်တွဲယှဉ်စပ်ဟပ်လျက် "သဟိတ်ကာမာဝစရဝိပါက်, သဟိတ်ကာမာဝစရကြိယာ"ဟု ဆိုရသည်၊

http://www.dhammadownload.com

သင်္ဂဟဂါထာ

၁၉။ သဟေတုကာမာဝစရပုညပါကကြိယာ–ကာမာဝစရကုသိုလ်, သဟိတ်ကာမာဝစရဝိပါက်, သဟိတ်ကာမာဝစရကြိယာစိတ်တို့ကို၊ ဝေဒနာဉာဏသခ်ါရဘေဒေန–ဝေဒနာအပြား, ဉာဏ်အပြား, သခ်ါရအပြားအားဖြင့်၊ စတုဝီသတိ– ၂၄–ပါးဟူ၍၊ မတာ–သိအပ်ကုန်၏။

ယထာလာဘ(ရသင့်သလို ယူရသော) နည်းအားဖြင့် "သဟေတုက"သဒ္ဒါကို ကုသိုလ်နှင့် မတွဲစပ်ဘဲ ဝိပါက်, ကြိယာတို့နှင့်သာ တွဲစပ်ရမည်–ဟု ဆိုလိုပါသည်။

ဤကာမာဝစရကုသိုလ်, သဟိတ်ကာမာဝစရဝိပါက်, သဟိတ်ကာမာဝစရကြိယာတို့ကို ရူပ, အရူပ, လောကုတ္တရာ ကုသိုလ် ဝိပါက် ကြိယာတို့ထက် အရေအတွက်များသောကြောင့် "မဟာကုသိုလ်, မဟာဝိပါက်, မဟာကြိယာ"ဟုလည်း ခေါ်ကြပါသေးသည်။ (မဟာ–များသော+ကုသလ–ကုသိုလ်စသည်။)

၁၉။ ဝေဒနာဉာဏသခ်ါရဘေဒေနစသော ဂါထာသည် ကာမာဝစရသောဘနစိတ်ကို အကျဉ်းချုပ်ရေတွက်ပြသော သင်္ဂဟဂါထာဖြစ်သည်။

ကာမာဝစရသောဘနစိတ်သည် "ကုသိုလ်, ဝိပါက်, ကြိယာ"အားဖြင့် ၃–ပါးရှိသည်၊ တစ်ပါးတစ်ပါး၌ "သောမနဿသဟဂုတ်, ဥပေက္ခာသဟဂုတ်"ဟု ၂–ပါးစီရှိပြန်သောကြောင့် ၂–ဖြင့်မြှောက်က (၃x၂)=၆–ပါးဖြစ်သည်၊ ထိုတွင် တစ်ပါးတစ်ပါး၌ "ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ်"ဟု ၂–ပါးစီရှိပြန်သောကြောင့် ၂–ဖြင့်ထပ်မြှောက်က (၆x၂)=၁၂–ပါးဖြစ်သည်၊ ထိုတွင် တစ်ပါးတစ်ပါး၌ "အသင်္ခါရိက, သသင်္ခါရိက"ဟု ၂–မျိုးစီပြားပြန်သောကြောင့် ၂–ဖြင့်ထပ်မြှောက်က (၁၂x၂)= ၂၄–ပါးဖြစ်သည်ဟု ဆိုလိုပါသည်၊ ကုသိုလ်, ဝိပါက်, ကြိယာတို့ကို ၈–ပါးစီဖြစ်လာအောင် အသီးအသီးလည်း မြှောက်ကြည့်ပါ။

ကာမာဝစရသောဘနစိတ် သရုပ်ခွဲဇယား

စိတ်အမျိုးအမည်	ဝေဒနာ		ဉာဏ		သင်္ခါရ		စိတ်			အမျိုးရေ
	သော	ဥ	သဒ်	ဝိပ်	အ	သ	ကု	ဝိ	ကြို	
ကုသိုလ်–၈, ဝိပါက်–၈, ကြိယာ–၈	။		။		။		၁	၁	၁	၃
	။		။			။	၁	၁	၁	၃
	။			။	။		၁	၁	၁	၃
	။			။		။	၁	၁	၁	၃
		။	။		။		၁	၁	၁	၃
		။	။			။	၁	၁	၁	၃
		။		။	။		၁	၁	၁	၃
		။		။		။	၁	၁	၁	၃
၂၄	၁၂	၁၂	၁၂	၁၂	၁၂	၁၂	၈	၈	၈	၂၄

http://www.dhammadownload.com

ကာမစိတ် ၅၄- သင်္ဂဟဂါထာ

၂၀။ ကာမေ-ကာမ ၁၁-ဘုံ၌၊ (အဝစရာနိ-များသောအားဖြင့် သက်ဝင်၍ဖြစ်ကုန်သော၊ စိတ္တာနိ-စိတ်တို့သည်၊) တေဝိသ-၂၃-ပါးသော၊ ပါကာနိ-ဝိပါက်စိတ်တို့လည်းကောင်း၊ ဝိသတိ- ၂၀-သော၊ ပုညာပုညာနိ-ကုသိုလ်, အကုသိုလ်စိတ်တို့လည်းကောင်း၊ ဧကာဒသ-၁၁-ပါးကုန်သော၊ ကြိယာစ-ကြိယာစိတ်တို့လည်းကောင်း၊ ဣတိ-ဤသို့၊ သင်္ဂဟာ-(ကု အကု ဝိပါ, ကြိယာ၏, တွင်းမှာဝင်ငြား) ခပ်သိမ်းသော အပြားအားဖြင့်၊ စတုပညာသ- ၅၄-ပါးသည်၊ ဟောန္တိ-ဖြစ်ကုန်၏။

၁။ သောမနဿသဟဂုတ်, ဉာဏသမ္ပယုတ်, အသင်္ခါရိကစိတ်တစ်ခု၊ ။ ပ ။

၈။ ဥပေက္ခာသဟဂုတ်, ဉာဏဝိပ္ပယုတ်, သသင်္ခါရိကစိတ်တစ်ခုအားဖြင့် ကာမာဝစရကုသိုလ်စိတ် ၈-ပါး၊ ထို့အတူ သဟိတ်ကာမာဝစရဝိပါက်စိတ် ၈-ပါး၊ သဟိတ်ကာမာဝစရကြိယာစိတ် ၈-ပါးဖြစ်သည်။

ဤသို့လျှင် "ကာမာဝစရကုသိုလ်စိတ် ၈-ပါး, သဟိတ်ကာမာဝစရဝိပါက်စိတ် ၈-ပါး, သဟိတ်ကာမာဝစရကြိယာစိတ် ၈-ပါး"အားဖြင့် ကာမာဝစရသောဘနစိတ် ၂၄-ပါးဖြစ်သတည်း၊ ဝေဒနာဘေဒစသည်ဖြင့်လည်း ခွဲပါ၊ လွယ်ပါပြီ။

ဤစိတ်များသည် ကာမာဝစရစိတ်၌ ပါဝင်သောကြောင့် "ကာမာဝစရ"လည်းမည်သည်၊ သောဘနစိတ်၌ ပါဝင်သောကြောင့် "သောဘန"လည်းမည်သည်၊ သို့ဖြစ်၍ အမည် ၂-ရပ် ပေါင်းစပ်လျက် "ကာမာဝစရသောဘန"ဟူသော အမည်ကို ရကြသည်။

ဤသို့လျှင် "အသောဘနစိတ် ၃၀, ကာမာဝစရသောဘနစိတ် ၂၄-ပါး"အားဖြင့် ကာမစိတ် ၅၄-ပါးဖြစ်သတည်း။

ဝေဒနာဘေဒ, သမ္ပယောဂဘေဒ, သင်္ခါရဘေဒစသည်တို့ဖြင့် ရသင့်သည်အားလျော်စွာ ဆက်လက်ခွဲစိတ်ဝေဖန်ပါဦး။

၂၀။ ကာမေ တေဝိသပါကာနိစသော ဂါထာသည် ကာမစိတ် ၅၄-ပါးကို ဇာတ်အားဖြင့် ပေါင်းစုရေတွက်ပြသော သင်္ဂဟဂါထာဖြစ်သည်၊ "ဝိပါက်စိတ် ၂၃-ပါး, ကုသိုလ်အကုသိုလ် ၂၀, ကြိယာ ၁၁-ပါး"အားဖြင့် ကာမစိတ် ၅၄-ပါးဖြစ်၏-ဟု ဆိုလိုသည်။

"အကုသလဝိပါက် ၇-ပါး, အဟိတ်ကုသလဝိပါက် ၈-ပါး, သဟိတ်ကာမာဝစရဝိပါက် ၈-ပါး"အားဖြင့် ၂၃-ပါးသည် တေဝိသ ပါကာနိ၌ တေဝိသ၏အရဖြစ်သည်။

"အကုသိုလ်စိတ် ၁၂-ပါး, မဟာကုသိုလ်စိတ် ၈-ပါး"အားဖြင့် ၂၀-သည် ပုညာပုညာနိ ဝိသတိ၌ ဝိသတိ၏အရ ဖြစ်ပါသည်။

"အဟိတ်ကြိယာ ၃-ပါး, သဟိတ်ကာမာဝစရကြိယာ ၈-ပါး"အားဖြင့် ၁၁-ပါးသည် ဧကာဒသ ကြိယာ စ၌ ဧကာဒသ၏အရဖြစ်ပါသည်။

http://www.dhammadownload.com

ရူပါဝစရစိတ် ၁၅-ပါး

ကုသိုလ်စိတ် ၅-ပါး

၂၁။ ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာသဟိတံ-ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွဖြစ်သော၊ ပဌမဈာနကုသလစိတ္တံ-ပထမစျာန်ကုသိုလ်စိတ်လည်းကောင်း၊ ဝိစာရပီတိသုခေကဂ္ဂတာသဟိတံ-ဝိစာရပီတိသုခဧကဂ္ဂတာစျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော၊ ဒုတိယဈာနကုသလစိတ္တံ-ဒုတိယစျာန်ကုသိုလ်စိတ်လည်းကောင်း၊ ပီတိသုခေကဂ္ဂတာသဟိတံ-ပီတိသုခဧကဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော၊ တတိယဈာနကုသလစိတ္တံ-တတိယစျာန်ကုသိုလ်စိတ်လည်းကောင်း၊ သုခေကဂ္ဂတာသဟိတံ-သုခဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော၊ စတုတ္ထဈာနကုသလစိတ္တံ-စတုတ္ထစျာန်ကုသိုလ်စိတ်လည်းကောင်း၊ ဥပေက္ခေကဂ္ဂတာသဟိတံ-ဥပေက္ခာဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော၊ ပဉ္စမဈာနကုသလစိတ္တံစ-ပဉ္စမစျာန်ကုသိုလ်စိတ်လည်းကောင်း၊ ဣတိ-ဤသို့၊ ပဉ္စပိ- ၅-ပါးလည်းဖြစ်ကုန်သော၊ ဣမာနိ-ဤစိတ်တို့သည်၊ ရူပါဝစရကုသလစိတ္တာနိနာမ-ရူပါဝစရကုသိုလ်စိတ်တို့မည်၏။

ဝိပါက်စိတ် ၅-ပါး

၂၂။ ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာသဟိတံ-သော၊ ပဌမဈာနဝိပါကစိတ္တံ-ပထမစျာန်ဝိပါက်စိတ်လည်းကောင်း။ ပ ။ရူပါဝစရဝိပါကစိတ္တာနိနာမ-ရူပါဝစရဝိပါက်စိတ်တို့မည်၏။

၂၁။ "ကာမာဝစရံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြပြီးသည့်နောက် "ရူပါဝစရံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြလိုရကား ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာသဟိတံစသော စကားရပ်ကို မိန့်ဆိုရပါသည်။

စျာန်အင်္ဂါ (စျာန-စျာန်+အင်္ဂ-အစိတ်အပိုင်း၊) စျာန်၏အစိတ်အပိုင်းဖြစ်သော "ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ"ဟူသော တစ်ပါးတစ်ပါးသော စေတသိက်ကို "စျာန်အင်္ဂါ"ဟု ခေါ်သည်၊လက်, ခြေ, နား, နှာစသော ကိုယ်၏အစိတ်အပိုင်းကို "ကိုယ်အင်္ဂါ"ဟု ခေါ်ရသကဲ့သို့တည်း။

စျာန်နှင့် စျာန်စိတ် ထိုဝိတက်, ဝိစာရစသော စျာန်အင်္ဂါတို့၏ အပေါင်းကို "စျာန်"ဟု ခေါ်သည်၊လက်, ခြေ, နား, နှာစသော ကိုယ်အင်္ဂါတို့၏ အပေါင်းကို "ကိုယ်"ဟု ခေါ်ရသကဲ့သို့တည်း၊ ထိုစျာန်နှင့် ယှဉ်သော စိတ်များကိုကား "စျာန်စိတ်"ဟု ခေါ်ရသည်။

ထို့ကြောင့် "ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ"ဟူသော တစ်ခုတစ်ခုသော စေတသိက်ကို စျာန်အင်္ဂါ၊ ထိုစေတသိက် ၅-ပါး အပေါင်းကို ပထမစျာန်၊ ထိုပထမစျာန်နှင့်ယှဉ်သော စိတ်ကို ပထမစျာန်စိတ်-ဟုခေါ်သည်၊ဒုတိယစျာန်စိတ် စသည်တို့ကိုလည်း ထိုက်သည်အား လျော်စွာ အသီးအသီးခွဲစိတ်ဝေဖန်ပါ။

http://www.dhammadownload.com

ကြိယာစိတ် ၅-ပါး

၂၃။ ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာသဟိတံ-သော၊ ပဌမဈာနကြိယစိတ္တံ-ပထမ ဈာန်ကြိယာစိတ်လည်းကောင်း ။ ပ ။ ရူပါဝစရကြိယစိတ္တာနိနာမ-ရူပါဝစရကြိယာစိတ်တို့ မည်၏။

နိဂုံး

၂၄။ ဣစ္စေဝံ-ဤသို့၊ ဝါ-ဖြင့်၊ သဗ္ဗထာပိ-(ကုသိုလ်တစ်ဖြာ, ဝိပါကာနှင့်, ကြိယာ ဟူငြား,) ခပ်သိမ်းသော အပြားအားဖြင့်လည်း၊ ပန္နရသ- ၁၅-ပါးကုန်သော၊ ရူပါဝစရ ကုသလဝိပါကကြိယစိတ္တာနိ-ရူပါဝစရကုသိုလ်, ရူပါဝစရဝိပါက်, ရူပါဝစရ ကြိယာစိတ် တို့သည်၊ သမတ္တာနိ-ပြီးကုန်ပြီ။

သင်္ဂဟဂါထာ

၂၅။ ရူပါဝစရမာနသံ-ရူပါဝစရစိတ်သည်၊ ဈာနဘေဒေန-ဈာန်အင်္ဂါတို့နှင့်ယှဉ် ခြင်း၏အပြားအားဖြင့်၊ ပဉ္စဓာ- ၅-ပါးပြား၏၊ တံ-ထို ၅-ပါးပြားပြီးသောစိတ်သည်၊ ပုညပါကကြိယာဘေဒါ-ကုသိုလ်, ဝိပါက်, ကြိယာတို့၏ ပြားခြင်းကြောင့်၊ ပဉ္စဒသဓာ- ၁၅-ပါးပြားသည်၊ ဘဝေ-ဖြစ်၏။

အရူပါဝစရစိတ် ၁၂-ပါး

ကုသိုလ်စိတ် ၄-ပါး

၂၆။ အာကာသာနဉ္စာယတနကုသလစိတ္တံ-အာကာသာနဉ္စာယတနကုသိုလ်စိတ် လည်းကောင်း၊ ဝိညာနဉ္စာယတနကုသလစိတ္တံ-ဝိညာနဉ္စာယတနကုသိုလ်စိတ်လည်း

ဆောင်။ ။ အစိတ်အင်္ဂါ, ပေါင်းစုနာ, ယှဉ်လာမချုတ်, ဈာန်စိတ်မှတ်။

၂၅။ ဈာနဘေဒေန ဈာန်အင်္ဂါ ၅-ပါးနှင့်ယှဉ်သော အင်္ဂါ ၅-ပါးရှိသောဈာန်စိတ်၊ဈာန်အင်္ဂါ ၄-ပါးနှင့်ယှဉ်သော အင်္ဂါ ၄-ပါးရှိသောဈာန်စိတ်၊ ဈာန်အင်္ဂါ ၃-ပါးနှင့်ယှဉ်သော အင်္ဂါ ၃-ပါးရှိသောဈာန်စိတ်၊ ဈာန်အင်္ဂါ ၂-ပါးနှင့်ယှဉ်သော အင်္ဂါ ၂-ပါးရှိသောဈာန်စိတ်၊ တစ်ဖန် ဈာန်အင်္ဂါ ၂-ပါးနှင့်ယှဉ်သော အင်္ဂါ ၂-ပါးရှိသောဈာန်စိတ်။

ဤသို့ ဈာန်အင်္ဂါတို့၏ယှဉ်ပုံ ၅-မျိုးပြားခြင်းကိုပင် "ဈာနဘေဒေန"ဟု ခေါ်သည်၊ ထို့ကြောင့် အရှင်အနုရုဒ္ဓါဆရာကိုယ်တိုင်ပင် "ဈာနင်္ယောဂဘေဒေန၊ ကတွေကေဟံ တု ပဉ္စာ" ဟု လောကုတ္တရာစိတ်အကျယ် သင်္ဂဟဂါထာ၌ မိန့်ဆိုထားပါသည်။

ယင်းသို့ ဈာန်အင်္ဂါတို့နှင့်ယှဉ်ခြင်းအပြားအားဖြင့် ဈာန်စိတ် ၅-ပါး ပြားရသည်၊ တစ်ဖန် "ကုသိုလ်, ဝိပါက်, ကြိယာ"ဟု ၃-မျိုးကွဲပြားပြန်သောကြောင့် ရူပါဝစရစိတ် (၅x၃)=၁၅-ပါး ဖြစ်ရသည်-ဟူလို။

၂၆။ "ရူပါဝစရံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြဆိုပြီးသည့်နောက် "အရူပါဝစရံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြလိုသောကြောင့် အာကာသာ နဉ္စာယတနကုသလစိတ္တံစသော စကားရပ်ကို မိန့်ဆိုရပါသည်။

http://www.dhammadownload.com

ကောင်း၊ အာကိဉ္စညာယတနကုသလစိတ္တံ–အာကိဉ္စညာယတနကုသိုလ်စိတ်လည်းကောင်း၊ နေဝသညာနာသညာယတနကုသလစိတ္တံစ–နေဝသညာနာသညာယတန ကုသိုလ်စိတ်လည်းကောင်း၊ ဣတိ–ဤသို့၊ စတ္တာရိပိ– ၄–ပါးလည်းဖြစ်ကုန်သော၊ ဣမာနိ–ဤစိတ်တို့သည်၊ အရူပါဝစရကုသလစိတ္တာနိနာမ–အရူပါဝစရကုသိုလ်စိတ်တို့မည်၏။

ဝိပါက်စိတ် ၄–ပါး

၂၇။ အာကာသာနဉ္စာယတနဝိပါကစိတ္တံ–အာကာသာနဉ္စာယတနဝိပါက်စိတ်လည်းကောင်း ။ပ။ အရူပါဝစရဝိပါကစိတ္တာနိနာမ–အရူပါဝစရဝိပါက်စိတ်တို့မည်၏။

ကြိယာစိတ် ၄–ပါး

၂၈။ အာကာသာနဉ္စာယတနကြိယစိတ္တံ–အာကာသာနဉ္စာယတနကြိယာစိတ်လည်းကောင်း ။ပ။ အရူပါဝစရကြိယစိတ္တာနိနာမ–အရူပါဝစရကြိယာစိတ်တို့မည်၏။

နိဂုံး

၂၉။ ဣစ္စေဝံ–ဤသို့၊ ဝါ–ဖြင့်၊ သဗ္ဗထာပိ–(ကုသိုလ်တစ်ဖြာ, ဝိပါကာနှင့်, ကြိယာဟူငြား,) ခပ်သိမ်းသော အပြားအားဖြင့်လည်း၊ ဒွါဒသ– ၁၂–ပါးကုန်သော၊ အရူပါဝစရကုသလဝိပါကကြိယစိတ္တာနိ–အရူပါဝစရကုသိုလ်, အရူပါဝစရဝိပါက်, အရူပါဝစရကြိယာစိတ်တို့သည်၊ သမတ္တာနိ–ပြီးကုန်ပြီ။

သင်္ဂဟဂါထာ

၃၀။ အာရုပ္မာနသံ–အရူပါဝစရစိတ်သည်၊ အာလမ္ဗဏပွဘေဒေန–အာရုံတို့၏ အပြားအားဖြင့်၊ စတုဓာ–၄–ပါးပြား၏၊ ပုန–တစ်ဖန်၊ ပုညပါကကြိယာဘေဒါ–ကုသိုလ်, ဝိပါက်, ကြိယာတို့၏ ပြားခြင်းကြောင့်၊ ဒွါဒသဓာ– ၁၂–ပါးအပြားအားဖြင့်၊ ဌိတံ–တည်၏။

၃၀။ အာလမ္ဗဏပွဘေဒေန အောက်အောက်ဈာန်၏အင်္ဂါကို ပယ်ခွာနိုင်မှ အထက်အထက်ရူပဈာန်များ ဖြစ်နိုင်ကြသည်၊ ထို့ကြောင့် ရူပါဝစရဈာန်ကို "အင်္ဂါတိက္ကမဈာန်" ဟု ခေါ်ရသည်၊ ယင်းအထက်အထက်ရူပဈာန်များသည် အောက်အောက်ဈာန်၏ အာရုံကိုလည်း အာရုံပြုနိုင်ကြသည်။ (အင်္ဂ–ဈာန်အင်္ဂါကို+အတိက္ကမ–လွန်မြောက်သောဈာန်။)

အရူပါဝစရဈာန်တို့မူကား ထိုသို့ မဖြစ်နိုင်ကြကုန်၊ အောက်အောက်ဈာန်၏အာရုံကို လွန်မြောက်ခြင်းကြောင့်သာ ဖြစ်ကြရသည်၊ ထို့ကြောင့် အရူပါဝစရဈာန်ကို "အာရမဏာတိက္ကမဈာန်" ဟု ခေါ်သည်။ (အာရမဏ–အာရုံကို+ အတိက္ကမ–လွန်မြောက်သောဈာန်။)

သို့ဖြစ်၍ အာလမ္ဗဏပွဘေဒေနဠ် အာလမ္ဗဏအရ "အတိက္ကမိတမ္ဗ(လွန်မြောက်အပ်သော) အာရုံ, အာလမ္ဗိတမ္ဗ(အာရုံပြုအပ်သော)အာရုံ" ဟု အာရုံ ၂–ပါး ကွဲပြားလာရပါသည်။

http://www.dhammadownload.com

ထိုတွင် "ကသိဏ်းပညတ်အာရုံ, ကောင်းကင်ပညတ်အာရုံ, ပထမာရုပ္ပဝိညာဉ်အာရုံ, နတ္ထိဘောပညတ်အာရုံ"ဟု အတိက္ကမိတဗ္ဗအာရုံ ၄-ပါး၊ "ကောင်းကင်ပညတ်အာရုံ, ပထမာရုပ္ပဝိညာဉ်အာရုံ, နတ္ထိဘောပညတ်အာရုံ, တတိယာရုပ္ပဝိညာဉ်အာရုံ"ဟု အာလမ္ဗိတဗ္ဗအာရုံ ၄-ပါး၊ အစဉ်အတိုင်းပြားသောကြောင့် ထိုအာရုံနှင့်စပ်၍ဖြစ်ရသော အရူပါဝစရစိတ်သည်လည်း ၄-မျိုးပြားရသည်၊ အောက်၌ပြထားသော ဇယားကိုလည်း ရှုပါ။

တစ်ဖန် "ကသိုလ်, ဝိပါက်, ကြိယာ"ဟု ၃-မျိုးစီပြားပြန်သောကြောင့် အရူပါဝစရစိတ် (၄x၃)=၁၂-ပါး ဖြစ်ရသည်-ဟု ဆိုလိုသည်။

အရူပါဝစရစိတ် ၄-ပါးပြားပုံ

အတိက္ကမိတဗ္ဗအာရုံ	အာလမ္ဗိတဗ္ဗအာရုံ	စိတ်
ကသိဏ်းပညတ်	ကောင်းကင်ပညတ်	အာကာ
ကောင်းကင်ပညတ်	ပထမာရုပ္ပဝိညာဉ်	ဝိညာ
ပထမာရုပ္ပဝိညာဉ်	နတ္ထိဘောပညတ်	အာကိဉ္စညာ
နတ္ထိဘောပညတ်	တတိယာရုပ္ပဝိညာဉ်	နေဝသညာ

ဆောင်။ ။ကသိဏ်းအာကာ, ပထမာ, ဘာဝါနတ္ထိ, တိက္ကမိ။
ကောင်းကင်ပထမာ, နတ္ထိဘာ, တစ်ဖြာတတိ အာလမ္ဗိ။

မဟဂ္ဂုတ်စိတ် သရုပ်ခွဲဇယား

ဈာန်အင်	ဈာန်						ဈာန်အင်္ဂါ	စိတ်			ပေါင်း	စဉ်နံပါတ်
	ဝိတက်	ဝိစာရ	ပီတိ	ဒေဒနာ ဒု	ဒေဒနာ ဣ	သုခ		ကုသိုလ်	ဝိပါက်	ကြိယာ		
ပဌမဈာန်	။	။	။	။		။	ပ	၁	၁	၁	၃	၁ - ၄၅
		။	။	။		။	ဒု	၁	၁	၁	၃	
			။	။		။	တ	၁	၁	၁	၃	
				။		။	စ	၁	၁	၁	၃	
ဒုတိယဈာန်					။	။	ပဉ္စ	၁	၁	၁	၃	၄၆ - ၇၉
တတိယဈာန်					။	။	အာ	၁	၁	၁	၃	
					။	။	ဝိ	၁	၁	၁	၃	
					။	။	ကိ	၁	၁	၁	၃	
					။	။	နေ	၁	၁	၁	၃	
ပေါင်း								၉	၉	၉	၂၇	၂၇

http://www.dhammadownload.com

လောကုတ္တရာစိတ်အကျဉ်း ၈-ပါး
မဂ်စိတ် ၄-ပါး

၃၁။ သောတာပတ္တိမဂ္ဂစိတ္တံ-သောတာပတ္တိမဂ်စိတ်လည်းကောင်း၊ သကဒါဂါမိမဂ္ဂစိတ္တံ-သကဒါဂါမိမဂ်စိတ်လည်းကောင်း၊ အနာဂါမိမဂ္ဂစိတ္တံ-အနာဂါမိမဂ်စိတ်လည်းကောင်း၊ အရဟတ္တမဂ္ဂစိတ္တံစ-အရဟတ္တမဂ်စိတ်လည်းကောင်း၊ ကွတိ-ဤသို့၊

မဟဂ္ဂုတ်စိတ် ၂၇

ရူပါဝစရစိတ် ၁၅-ပါး၊ အရူပါဝစရစိတ် ၁၂-ပါး၊ ပေါင်း ၂၇-ပါးသောစိတ်တို့ကို "မဟဂ္ဂုတ်စိတ်"ဟု ခေါ်သည်။ (မဟာ-မြတ်သည်၏အဖြစ်သို့+ဂတ-ရောက်သောစိတ်၊ တစ်နည်း =မဟာ-မြတ်သောစျာန်ရပုဂ္ဂိုလ်တို့ကသာ+ဂတ-ရအပ်သောစိတ်။)

ဝေဒနာဘေဒ သရုပ်ခွဲဖေယျာဒ္ဒ ပြထားသည့်အတိုင်း အရူပါဝစရစိတ်များသည် "ဥပေက္ခာ, ဧကဂ္ဂတာ"ဟူသော စျာန်အင်္ဂါ ၂-ပါးနှင့်ယှဉ်သည့် ပဥ္စမစျာန်စိတ်များ ဖြစ်ကြသည်၊ ထို့ကြောင့် သောမနဿသဟဂုတ် ၁၂-ပါး၊ ဥပေက္ခာသဟဂုတ် ၁၅-ပါးအားဖြင့် မဟဂ္ဂုတ်စိတ် ၂၇-ပါးဖြစ်သည်-ဟု ခွဲစိတ်ဝေဖန်ပါ။ (စိတ်သရုပ်ကို ရေတွက်ရာ၌ အာကာသာနဉ္စာယတန ကုသိုလ်စိတ်တစ်ခု-စသည်ဖြင့်သာ ဆိုပါ၊ ဥပေက္ခာ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွ ဖြစ်သော"ဟု ထည့်မဆိုပါနှင့်။)

လောကီစိတ် ဧကာသီတိ

ကာမာဝစရစိတ် ၅၄-ပါး၊ မဟဂ္ဂုတ်စိတ် ၂၇-ပါး၊ ပေါင်း ၈၁-ပါးသောစိတ်တို့ကို "လောကီစိတ် ဧကာသီတိ"ဟုခေါ်သည်။ (လောက-လောကဋ္ဌ+ဤ-ထင်ရှားသောစိတ်၊ ဧက-တစ်ခု +အသီတိ-ရှစ်ဆယ်=ဧကာသီတိ-၈၁-ခု။)

သုခသဟဂုတ် ၁-ပါး၊ ဒုက္ခသဟဂုတ် ၁-ပါး၊ သောမနဿသဟဂုတ် ၃၀၊ ဒေါမနဿသဟဂုတ် ၂-ပါး၊ ဥပေက္ခာသဟဂုတ် ၄၇-ပါးအားဖြင့် လောကီစိတ် ၈၁-ပါး ဖြစ်သည်။

သောမနဿသဟဂုတ် ၃၀-ဟူသော်ကား ကာမာဝစရသောမနဿသဟဂုတ် ၁၈-ပါး၊ မဟဂ္ဂုတ်သောမနဿသဟဂုတ် ၁၂-ပါးတို့တည်း။

ဥပေက္ခာသဟဂုတ် ၄၇-ပါးဟူသော်ကား ကာမာဝစရဥပေက္ခာသဟဂုတ် ၃၂-ပါး၊ မဟဂ္ဂုတ် ဥပေက္ခာသဟဂုတ် ၁၅-ပါးတို့တည်း။ (ဤကား ဝေဒနာဘေဒတည်း။)

အကုသိုလ်စိတ် ၁၂-ပါး၊ ကုသိုလ်စိတ် ၁၇-ပါး၊ ဝိပါက်စိတ် ၃၂-ပါး၊ ကြိယာစိတ် ၂၀-အားဖြင့်လည်း လောကီစိတ် ၈၁-ပါးဖြစ်၏။ (ဇာတိဘေဒ။)

ကာမာဝစရစိတ် ၅၄-ပါး၊ ရူပါဝစရစိတ် ၁၅-ပါး၊ အရူပါဝစရစိတ် ၁၂-ပါးအားဖြင့်လည်း လောကီစိတ် ၈၁-ပါးဖြစ်၏။ (ဘူမိဘေဒ။)

၃၁။ "အရူပါဝစရံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြဆိုပြီးသည့်နောက် "လောကုတ္တရံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြလိုသောကြောင့် "သောတာပတ္တိမဂ္ဂစိတ္တံ"စသည်ကို မိန့်ဆိုရပါသည်။

http://www.dhammadownload.com

စတ္တာရိပိ– ၄–ပါးလည်းဖြစ်ကုန်သော၊ ဣမာနိ–ဤစိတ်တို့သည်၊ လောကုတ္တရကုသလ စိတ္တာနိနာမ–လောကုတ္တရာကုသိုလ်စိတ်တို့မည်၏။

ဖိုလ်စိတ် ၄–ပါး

၃၂။ သောတာပတ္တိဖလစိတ္တံ–သောတာပတ္တိဖိုလ်စိတ်လည်းကောင်း။ ပ ။ လောကုတ္တရဝိပါကစိတ္တာနိနာမ–လောကုတ္တရာဝိပါက်စိတ်တို့မည်၏။

နိဂုံး

၃၃။ ဣစ္စေဝံ–ဤသို့၊ ဝါ–ဖြင့်၊ သဗ္ဗထာပိ–(ကုသိုလ်တစ်ချက်, ဝိပါက်ဟူငြား,) ခပ်သိမ်းသော အပြားအားဖြင့်လည်း၊ အဋ္ဌ– ၈–ပါးကုန်သော၊ လောကုတ္တရကုသလ ဝိပါကစိတ္တာနိ–လောကုတ္တရာကုသိုလ်, လောကုတ္တရာဝိပါက် စိတ်တို့သည်၊ သမတ္တာနိ–ပြီးကုန်ပြီ။

သင်္ဂဟဂါထာ

၃၄။ စတုမဂ္ဂပ္ပဘေဒေန–၄–ပါးသောမဂ်တို့၏ အပြားအားဖြင့်၊ ကုသလံ–လောကုတ္တရာကုသိုလ်စိတ်သည်၊ စတုဓာ– ၄–ပါး ပြား၏၊ ပါကံ–ဝိပါက်စိတ်သည်၊ တဿ–ထို

၃၄။ စတုမဂ္ဂပ္ပဘေဒေန "ဣန္ဒြေမထက်မြက်မှု, ထက်မြက်မှု, အထူးထက်မြက်မှု, အစွမ်းကုန်ထက်မြက်မှု"အားဖြင့် မဂ် ၄–ပါး ပြားရသောကြောင့် ထိုမဂ်နှင့် ယှဉ်သော ကုသိုလ်စိတ်သည်လည်း ၄–ပါးပြားရပါသည်။

ချဲ့.ပါဠိးမည်၊ "သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ"ဟု ဆိုအပ်သော တစ်ပါးတစ်ပါးစီသော စေတသိက်တို့ကို မဂ်၏အစိတ်အပိုင်း ဖြစ်သောကြောင့် "မဂ္ဂင်"ဟု ခေါ်သည်၊ ထိုမဂ္ဂင် ၈–ပါးအပေါင်းအစုကို "မဂ်"ဟုခေါ်သည်၊ ထိုမဂ်နှင့်ယှဉ်သောစိတ်ကို "မဂ်စိတ်"ဟု ခေါ်သည်။

မဂ်စိတ် ၄–ပါး၌ မဂ္ဂင် ၈–ပါး အညီအမျှပင်ယှဉ်သည်၊ ထိုတွင် သမ္မာဒိဋ္ဌိသည် ပညာန္ဒြေမည်၏၊ သမ္မာဝါယာမသည် ဝီရိယိန္ဒြေမည်၏၊ သမ္မာသတိသည် သတိန္ဒြေမည်၏၊ သမ္မာသမာဓိသည် သမာဓိန္ဒြေမည်၏။

ထိုပညိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေတို့ မထက်မြက်သေးလျှင် သင်္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ သံယောဇဉ်တို့ကိုသာ ပယ်နိုင်၍ အစဆုံး သောတာပတ္တိမဂ် ဖြစ်သည်။

ထိုဣန္ဒြေတို့ အတော်အတန်ထက်မြက်လျှင် ကာမရာဂ, ဗျာပါဒ–သံယောဇဉ်တို့ကို နည်းပါးသွားအောင် ပယ်နိုင်၍ သကဒါဂါမိမဂ်ဖြစ်သည်။

ထိုဣန္ဒြေတို့ အထူးထက်မြက်လျှင် ထိုကာမရာဂ, ဗျာပါဒ–သံယောဇဉ်တို့ကို အကြွင်းမရှိအောင် ပယ်နိုင်၍ အနာဂါမိမဂ်ဖြစ်သည်။

ထိုဣန္ဒြေတို့ အစွမ်းကုန်ထက်မြက်လျှင် ကြွင်းကျန်သမျှသော ရူပရာဂစသော သံယောဇဉ်တို့ကို အကြွင်းမရှိအောင် ပယ်နိုင်၍ အရဟတ္တမဂ်ဖြစ်သည်။

http://www.dhammadownload.com

ကုသိုလ်စိတ်၏၊ ဖလတ္တာ–အကျိုး၏အဖြစ်ကြောင့်၊ တထာ–ထို့အတူ၊ စတုဓာ– ၄–ပါး ပြား၏၊ ဣတိ–ဤသို့၊ အနုတ္တရံ–လောကုတ္တရာစိတ်ကို၊ အဋ္ဌဓာ– ၈–ပါးပြား၏ ဟူ၍၊ မတံ–သိအပ်၏။

စိတ်အကျဉ်း ၈၉–ပါး

ဇာတ်အားဖြင့်ရေတွက်ပြခြင်း

၃၅။ ဧဝံ–ဤဆိုအပ်ပြီးသောနည်းဖြင့်၊ အကုသလာနိ–အကုသိုလ်စိတ်တို့သည်၊ ဒွါဒသဓာ– ၁၂–ပါးတို့သာတည်း၊ ကုသလာနိ–ကုသိုလ်စိတ်တို့သည်၊ ဧကဝီသတိဓာ– ၂၁–ပါးသာတည်း၊ ဝိပါကာနိ–ဝိပါက်စိတ်တို့သည်၊ ဆတ္တိံသဓာ– ၃၆–ပါးသာတည်း၊ ကြိယစိတ္တာနိ–ကြိယာစိတ်တို့သည်၊ ဝီသတိဓာ–၂၀–သာတည်း။

ဤသို့ ကုန်ဆွေမထက်မြက်မှု, ထက်မြက်မှု, အထူးထက်မြက်မှု, အစွမ်းကုန်ထက်မြက်မှုသို့လိုက်၍ မဂ် ၄–ပါးပြားရသောကြောင့် ထိုမဂ်နှင့်ယှဉ်သော ကုသိုလ်စိတ် (မဂ်စိတ်)လည်း ၄–ပါးပြားလာရသည်။

ဆောင်း။ ။ မထက် ထက်မြက်, အထူးထက်နှင့်, ထက်မြက်စွမ်းကုန်, ကုန်စွမ်းဟုန်သို့,လိုက်ကုန် မဂ်များ, လေးပါးပြား, လေးပါးမဂ်ယှဉ်စိတ်။

တစ်နည်း။ ။ မထက်မြက်၊ ထက်မြက်ရယ်တဲ့ အထူးသာ၊
အစွမ်းကုန်–ထက်ပါဘိတယ်၊ ကုန်ဆိုယာ၊
စွမ်းသတ္တိ–အားလျော်စွာ၊ မဂ်လေးဖြာ ကွဲပြား၊
ထို့ကြောင့်ပင်–ကုသလငယ်၊ ပြားရလေးပါး။

ကုသိုလ်ဖြစ်သောမဂ်က ၄–ပါးပြားသည့်အတွက် အကျိုးဖြစ်သော ဝိပါက်(ဖိုလ်) စိတ်လည်း မဂ်စိတ်နှင့်တူစွာပင် ၄–ပါးပြားရတော့သည်၊ ဤသို့ လောကုတ္တရာစိတ် ၈–ပါး ပြားရတော့သည်–ဟူလို။

ဤလောကုတ္တရာစိတ်ကိုလည်း "သမ္မယုတ်"ဟုလည်းကောင်း၊"ဝိပ္ပယုတ်"ဟုလည်းကောင်း၊ "အသင်္ခါရိက"ဟုလည်းကောင်း၊"သသင်္ခါရိက"ဟုလည်းကောင်း မဆိုသင့်၊ ဤလောကုတ္တရာစိတ်အကျဉ်းကို ဝေဒနာဘေဒအားဖြင့်လည်း ခွဲ၍မဖြစ်သေးပါ။

လောကီစိတ် ၈၁–ပါး၊ လောကုတ္တရာစိတ် ၈–ပါးအားဖြင့် စိတ်တစ်ခုယုတ်ကိုးဆယ်ဖြစ်၏၊ ပါပါဟေတုကမုတ္တာနိ ဂါထာ၌ ပြဆိုခဲ့သော ဧကူနသင်္ဌိအရကိုလည်း ပြပြီးဖြစ်တော့သည်။

၃၅။ ဇာတိဘေဒ သင်္ဂဟ ပရမတ္ထတရားတို့၏ အမျိုးအစားကို "ဇာတိ(ဇာတ်)"ဟု ခေါ်သည်၊ ယင်းဇာတ်သည် "ကုသိုလ်ဇာတ်, အကုသိုလ်ဇာတ်, အဗျာကတဇာတ်"အားဖြင့် ၃–ပါး၊တစ်နည်း "ကုသိုလ်ဇာတ်, အကုသိုလ်ဇာတ်, ဝိပါက်ဇာတ်, ကြိယာဇာတ်" အားဖြင့် ၄–ပါးရှိ၏၊ ထိုဇာတ်တို့၏ အပြားအားဖြင့် စိတ်တို့ကို ပေါင်းစု ရေတွက်ပြသောကြောင့် ဒွါဒသာကုသလာနေဝံစသော ဂါထာကို "ဇာတိဘေဒသင်္ဂဟဂါထာ"ဟု ဆိုရသည်။ (ဇာတိ–အမျိုးအစား+ဘေဒ–အပြားအားဖြင့်+သင်္ဂဟ–စိတ်တို့ကို ပေါင်းစုရေတွက်ပြသော ဂါထာ။)

http://www.dhammadownload.com

ဘုံအားဖြင့် ရေတွက်ခြင်း

၃၆။ ကာမေ-ကာမ ၁၁-ဘုံ၌၊ (အဝစရာနိ-များသောအားဖြင့်သက်ဝင်၍ ဖြစ်ကုန်သော၊) စိတ္တာနိ-စိတ်တို့ကို၊ စတုပညာသဓာ- ၅၄-ပါး ပြားကုန်၏ဟူ၍၊ ပရမတ္ထဝိဒူ-ပရမတ်မြင်သိ ပညာရှိသည်၊ ဥျရယေ-ဆိုရာ၏၊ ရူပေ-အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ၌၊ (အဝစရာနိ-ကုန်သော၊) စိတ္တာနိ-တို့ကို၊ ပန္နရသ- ၁၅-ပါး တို့ဟူ၍၊ ပရမတ္ထဝိဒူ-သည်၊ ဥျရယေ-၏၊ အာရုပ္ပေ-အရူပ ၄-ဘုံ၌၊ [ဏျပစ္စည်းသွတ္ထာ၊] (အဝစရာနိ-ကုန်သော၊) စိတ္တာနိ-တို့ကို၊ ဒွါဒသ- ၁၂-ပါးတို့ဟူ၍၊ ပရမတ္ထဝိဒူ-သည်၊ ဥျရယေ-၏၊ တထာ-ထိုမှတစ်ပါး၊ အနုတ္တရေ-လောကုတ္တရာတရားအပေါင်း၌၊ (သမဘိနိဝိဒ္ဓာနိ-ကောင်းစွာအကျုံးဝင်ကုန်သော၊) စိတ္တာနိ-တို့ကို၊ အဋ္ဌဓာ- ၈-ပါး ပြားကုန်၏ဟူ၍၊ ပရမတ္ထဝိဒူ-သည်၊ ဥျရယေ-၏။

တစ်နည်းကား= ကာမေ-ကာမ ၁၁-ဘုံ၌ များသောအားဖြင့်သက်ဝင်၍ဖြစ်ကုန်သော၊ စိတ္တာနိ စတုပညာသဓာ ပရမတ္ထဝိဒူ ဥျရယေ၊ ရူပေ-အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ များသောအားဖြင့်သက်ဝင်၍ဖြစ်ကုန်သော၊ စိတ္တာနိ ပန္နရသ ပရမတ္ထဝိဒူ ဥျရယေ၊ [“အဝစရနောက်ပုဒ်ကျေသည်”ဟု လည်းကောင်း၊ “ဒုတိယာဇဟုဝုစ် ယောဝိဘတ်အပ္ပြ နိအက္ခရာကို ဇပ္ပြထားသည် ”ဟုလည်းကောင်း ကြံပါ၊] အာရုပ္ပေ-အရူပဘုံ၌ ဖြစ်ကုန်သော၊ စိတ္တာနိ ဒွါဒသ ပရမတ္ထဝိဒူ ဥျရယေ၊ အနုတ္တရေ-လောကုတ္တရာ ဖြစ်ကုန်သော၊ စိတ္တာနိ-တို့ကို၊ အဋ္ဌဓာ- ၈-ပါးပြားကုန်၏ဟူ၍၊ ပရမတ္ထဝိဒူ-ပရမတ်မြင်သိ ပညာရှိသည်၊ ဥျရယေ-ဆိုရာ၏။ [ဆဋ္ဌမ္ပဒ်၌ “အရူပေ”ဟုရှိနေသည်၊ “အာရုပ္ပေ”ဟုရှိမှ ဋီကာဖွင့်နှင့်ညီမည်။]

နိဂုံး

၃၇။ ပန-အပေါင်းကိုပြဦးအံ့၊ ဣတ္ထံ-ဥျဆိုအပ်ပြီးသော အပြားအားဖြင့်၊ မာနသံ-စိတ်ကို၊ ဇကူနနဝုတိပဘေဒံ-တစ်ခုယုတ်ကိုးဆယ်အပြားရှိသည်ကို၊ (ကတွာ-ပြု၍၊) ဝိစက္ခဏာ-ပညာရှိတို့သည်၊ ဝိဘဇန္တိ-ဝေဖန်ကြကုန်၏။

“အကုသိုလ်စိတ် ၁၂-ပါး၊ ကုသိုလ်စိတ် ၂၁-ပါး၊ ဝိပါက်စိတ် ၃၆-ပါး၊ ကြိယာစိတ် ၂၀” အားဖြင့် စိတ် ၈၉-ပါးဖြစ်၏-ဟု ဆိုလိုသည်။

၃၆။ ဘူမိဘေဒသင်္ဂဟ　“ကာမဘုံ, ရူပဘုံ, အရူပဘုံ, လောကုတ္တရာအဝတ္ထာဘုံ”ဟူသော ဘုံ ၄-မျိုးဖြင့် စိတ်တို့ကို ပေါင်းစုရေတွက်ပြသောကြောင့် စတုပညာသဓာ ကာမေ-စသော ဂါထာကို “ဘူမိဘေဒသင်္ဂဟဂါထာ”ဟု ဆိုရသည်။

ကာမစိတ် ၅၄-ပါး၊ ရူပါဝစရစိတ် ၁၅-ပါး၊ အရူပါဝစရစိတ် ၁၂-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်း စိတ် ၈၉-ပါးဖြစ်၏-ဟု ဆိုလိုသည်။

၃၇။ နိဂုံး　ဣတ္ထံမေကူနနဝုတိပဘေဒံ-ကား ဆိုခဲ့ပြီးသော စိတ်တစ်ခုယုတ်ကိုးဆယ်ကို နိဂုံးအုပ်သောစကားတည်း၊ ဆိုခဲ့ပြီးသည့်အတိုင်း ဝေဒနာအပြား, သမ္မယောဂအပြား, သခ်ါရအပြား, စက္ခုစသောမှီရာ, သမ္မဋိဆွိုင်းစသော ကိစ္စအပြား, ဇာတ်အပြား, ဘုံအပြား,

http://www.dhammadownload.com

အထဝါ–တစ်နည်းကား၊ ဇကူနနဝုတိပဘေဒံ–တစ်ခုယုတ်ကိုးဆယ်အပြားရှိသော၊ မာနသံ–စိတ်ကို၊ ဇကဝိသသတံ– ၁၂၁–ပါးရှိသည်ကို၊ (ကတွာ–ပြု၍လည်း၊) ဝိစက္ခဏာ–ပညာရှိတို့သည်၊ ဝိဘဇန္တိ–ကုန်၏။ [ဤသို့ ယောဇနာမှသာ ကထမေကူနနဝုတိဝိဓံ–အစရှိသော နောက်စကားနှင့် ညီညွတ်မည်။]

စိတ်အကျယ် ၁၂၁–ပါး

၃၈။ ဇကူနနဝုတိဝိဓံ–တစ်ခုယုတ်ကိုးဆယ်အပြားရှိသော၊ စိတ္တံ–စိတ်သည်၊ ဇကဝိသသတံ– ၁၂၁–ပါးရှိသည်၊ ကထံ ဟောတိ–အဘယ်သို့ ဖြစ်နိုင်ပါသနည်း?။

လောကုတ္တရာစိတ်အကျယ် ၄၀
သောတာပတ္တိမဂ်စိတ် ၅–ပါး

ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာသဟိတံ–သော၊ ပဌမဈာနသောတာပတ္တိမဂ္ဂစိတ္တံ–ပထမဈာန်သောတာပတ္တိမဂ်စိတ်လည်းကောင်း ။ ပ ။ သောတာပတ္တိမဂ္ဂစိတ္တာနိနာမ–သောတာပတ္တိမဂ်စိတ်တို့မည်၏။

အထက်မဂ်စိတ် ၁၅–ပါးနှင့် ဖိုလ်စိတ် ၂၀

၃၉။ တထာ–ထို ၅–ပါးစီပြားသော၊ သကဒါဂါမိမဂ္ဂစိတ္တံ–သကဒါဂါမိမဂ်စိတ်လည်းကောင်း၊ အနာဂါမိမဂ္ဂစိတ္တံ–အနာဂါမိမဂ်စိတ်လည်းကောင်း၊ အရဟတ္တမဂ္ဂစိတ္တံစ–အရဟတ္တမဂ်စိတ်လည်းကောင်း၊ ဣတိ–ဤသို့၊ သမဝိသတိ–အတိအကျ ၂၀–သော၊ မဂ္ဂစိတ္တာနိ–မဂ်စိတ်တို့လည်းကောင်း။

စျာန်အပြား, အာရုံအပြား, မဂ်အပြားအားဖြင့် တစ်ခုယုတ်ကိုးဆယ်ပြားအောင် ပညာရှင်များက စိတ်ကို ဝေဖန်ကြသည်–ဟူလို။

စကားဦး ဇကဝိသသတံ ဝါထ, ဝိဘဇန္တိ ဝိစက္ခဏာ–ကား စိတ်အကျယ် ၁၂၁–ပါး ပြားပုံကို ပြပြန်လိုသည့်အတွက် စခ်ီရသော စကားဦး စကားလက်မွန်တည်း၊တစ်နည်းအားဖြင့် တစ်ခုယုတ်ကိုးဆယ် ပြားသောစိတ်ကို ၁၂၁–ပါးဖြစ်အောင်လည်း ပညာရှင်များ ဝေဖန်ကြပါသေးသည်–ဟု ဆိုလိုသည်။

၃၉။ တထာ "သောတာပတ္တိမဂ်စိတ်နှင့် အလားတူပင် သကဒါဂါမိမဂ်စိတ်, အနာဂါမိမဂ်စိတ်, အရဟတ္တမဂ်စိတ်များလည်း ၅–ပါးစီပြားကြသည်"ဟု "တထာ"သဒ္ဒါဖြင့်ညွှန်ပြသည်၊ သောတာပတ္တိမဂ္ဂစိတ္တံ–နေရာဝယ် "သကဒါဂါမိမဂ္ဂစိတ္တံ"စသည်တို့ကို လဲလှယ်ထည့်သွင်းလျက် ပါဠိဖော်ထုတ်ပါ၊ သရုပ်ရေတွက်ပါ။

"သကဒါဂါမိမဂ္ဂစိတ္တံ, အနာဂါမိမဂ္ဂစိတ္တံ, အရဟတ္တမဂ္ဂစိတ္တံ"ဟု ဆိုလိုလျက် စကားကျဉ်းအောင် ရှေ့ပုဒ်တို့၌ "စိတ္တ"သဒ္ဒါကို မယှဉ်စပ်ဘဲ သကဒါဂါမိမဂ္ဂ အနာဂါမိမဂ္ဂ အရဟတ္တမဂ္ဂစိတ္တံ"ဟု ဝါကျချုံးဆိုနည်းဖြင့် ချုံးဆိုထားသည်။

http://www.dhammadownload.com

၄၀။ တထာ-ထိုအတိအကျ ၂၀-သော၊ဖလစိတ္တာနိစ-ဖိုလ်စိတ်တို့လည်းကောင်း၊ ဣတိ-ဤသို့၊ သမစတ္တာလီသ-အတိအကျ ၄၀-သော၊ လောကုတ္တရစိတ္တာနိ- လောကုတ္တရာစိတ်တို့သည်၊ ဘဂဝန္တိ-ဖြစ်ကုန်၏၊ ဣတိ-ဤသို့၊ (ဧကူနနဝုတိဝိဓံ-တစ်ခုယုတ်ကိုးဆယ်အပြားရှိသော၊ စိတ္တံ-စိတ်သည်၊ ဧကဝိသသတံ- ၁၂၁-ပါး ရှိသည်၊ ဟောတိ-ဖြစ်နိုင်ပါ၏။)

သင်္ဂဟဂါထာ

၄၁။ တု-အကျဉ်းချုပ်ကား၊ ဈာနင်္ဂယောဂဘေဒေန-ဈာန်အင်္ဂါတို့၏ ယှဉ်ပုံအပြားအားဖြင့်၊ ဧကေကံ-တစ်ပါးတစ်ပါးသော လောကုတ္တရာစိတ်ကို၊ ပဉ္စဓာ- ၅-ပါးစီပြားသည်ကို၊ ကတွာ-ပြု၍၊ အနုတ္တရံ-လောကုတ္တရာဖြစ်သော၊ စိတ္တံ-စိတ်ကို၊ စတ္တာလီသ ဝိဓန္တိ စ- ၄၀-အပြားရှိ၏ဟူ၍လည်း၊ ဝုစ္စတိ-ဆိုအပ်၏။

သမဝိသတိမဂ္ဂစိတ္တာနိ အကျဉ်းမင်္ဂစိတ် ၄-ပါးကို ဈာန် ၅-ပါးဖြင့် အသီးအသီး ချဲ့ထွင်ပွားများပါက အတိအကျ မင်္ဂစိတ် ၂၀-ဖြစ်လာရပါသည်၊ ဤကဲ့သို့ ပွားများအောင် ပြုလုပ်ခြင်းကိုပင် "ဈာန်ပွားသည်"ဟု ခေါ်ကြသည်။

၄၀။ တထာ "မင်္ဂစိတ်များကို ပွားများသကဲ့သို့ ဖိုလ်စိတ်များကို ပွားများလျှင်လည်း အတိအကျ ၂၀-ပင် ဖြစ်လာရသည်"ဟု "တထာ"သဒ္ဒါဖြင့်ညွှန်ပြပြန်သည်၊ သောတာပတ္တိမဂ္ဂစိတ္တံ-နေရာ၌ သောတာပတ္တိဖလစိတ္တံ-စသည်တို့ကို လဲလှယ်ထည့်သွင်းလျက် ပါဠိကို ဖော်ထုတ်ပါ၊ သရုပ်ရေတွက်ပါ၊ သရုပ်ခွဲဇယားကိုလည်း ရှုပါ။

သမစတ္တာလီသ မင်္ဂစိတ် ၂၀၊ ဖိုလ်စိတ် ၂၀-အားဖြင့် လောကုတ္တရာစိတ် ၄၀-အတိအကျဖြစ်လာရသည်၊ ပါပါဟေတုကမုတ္တာနိ-စသော ဂါထာကဆိုခဲ့ပြီးသော "အထေကနဝုတီပိ ဝါ"အရကိုလည်း ပြပြီးဖြစ်တော့သည်။

လောကီစိတ် ၈၁-ပါး၊ လောကုတ္တရာစိတ်အကျယ် ၄၀-ကို ပေါင်းလျှင် စိတ်အကျယ် ၁၂၁-ပါးဖြစ်သည်၊ ထို့ကြောင့်ပင် "စိတ်တစ်ခုယုတ်ကိုးဆယ်, အကျယ် ၁၂၁-ပါး"ဟု ခေါ်ဝေါ်သုံးစွဲပြောဆိုနေကြသည်။

၄၁။ စတ္တာလီသဝိဓံ ဈာနင်္ဂယောဂဘေဒေန-စသော ဂါထာသည် လောကုတ္တရာစိတ်အကျယ်ကိုပေါင်းယူရေတွက်ပြသော သင်္ဂဟဂါထာဖြစ်သည်၊ အချို့စိတ်မှာ ဈာန်အင်္ဂါ ၅-ပါးယှဉ်သည်၊ အချို့စိတ်မှာ ၄-ပါးယှဉ်သည်၊ အချို့စိတ်မှာ ၃-ပါးယှဉ်သည်၊ အချို့စိတ်မှာ ၂-ပါးယှဉ်သည်၊ တစ်ဖန်အချို့စိတ်မှာ ၂-ပါးယှဉ်သည်။

ဤသို့ ဈာန်အင်္ဂါယှဉ်ပုံက ၅-မျိုးပြားသောကြောင့် လောကုတ္တရာစိတ် (မင်္ဂစိတ်, ဖိုလ်စိတ်) တစ်ပါးတစ်ပါးက ၅-ပါး ၅-ပါးစီကွဲပြားလာရကား လောကုတ္တရာစိတ်အကျယ် (၈x၅)= ၄၀-ဖြစ်လာရသည်။

"သောမနဿသဟဂုတ် ၃၂-ပါး၊ ဥပေက္ခာသဟဂုတ် ၈-ပါး"အားဖြင့် လောကုတ္တရာစိတ် ၄၀-ဖြစ်သည်၊ ဤသို့ ဝေဒနာဘေဒမျှဖြင့်သာ ခွဲထားပါဦး။

http://www.dhammadownload.com

လောကီလောကုတ္တရာစျာန်စိတ်ပေါင်း

၄၂။ ရူပါဝစရံ-ရူပါဝစရစိတ်ကို၊ ပဌမာဒိဈာနဘေဒေ-ပထမစျာန်အစရှိသော စျာန်အပြားဌ၌၊ ဂယှတိယထာ-သွင်းယူအပ်သကဲ့သို့၊ တထာ-ထို့အတူ၊ အနုတ္တရံ စ-လောကုတ္တရာစိတ်ကိုလည်း၊ ပဌမာဒိဈာနဘေဒေ-၌၊ ဂယှတိ-၏၊ အာရုပ္ပဉ္စာပိ-အရူပစိတ်ကိုလည်း၊ ပဋ္ဌမေ-ပဋ္ဌမစျာန်၌၊ ဂယှတိ-သွင်းယူအပ်၏။

တစ်နည်းကား= ရူပါဝစရံစ-ရူပါဝစရစိတ်ကိုလည်းကောင်း၊ အနုတ္တရံစ-လောကုတ္တရာစိတ်ကိုလည်းကောင်း၊ ပဌမာဒိဈာနဘေဒေ-၌၊ ဂယှတိယထာ-သို့၊ တထာ-ထို့အတူ၊ အာရုပ္ပဉ္စာပိ-ကိုလည်း၊ ပဋ္ဌမေ-၌၊ ဂယှတိ-၏။

တသ္မာ-ထို့ကြောင့်၊ ပဌမာဒိကံ-ပထမစျာန်အစရှိသော၊ ဧကေကံ-တစ်မျိုးတစ်မျိုးသော၊ စျာနံ-စျာန်စိတ်ကို၊ ဧကာဒသဝိဓံ- ၁၁-ပါးစီအပြားရှိ၏ဟူ၍၊ ဣရိတံ-ဆိုအပ်၏၊ အန္တေ-အဆုံး၌၊ (ဌိတံ-တည်သော၊) စျာနံတု-ပဋ္ဌမစျာန်စိတ်သည်ကား၊ တေဝိသတိဝိဓံ-၂၃-ပါး အပြားရှိသည်၊ ဘဝေ-ဖြစ်၏။

လောကုတ္တရာစိတ်အကျယ်သရုပ်ခွဲဇယား

လောကုတ္တရာ	စျာန်						ဈာန်အင်္ဂါ	လောကုတ္တရာစိတ် ၈								စျာန်စိတ်ပေါင်း	ဝေနေယျဘေဒ
				ဝေဒနာ				မဂ်စိတ် ၄				ဖိုလ်စိတ် ၄					
	ပဌမ	ဒုတိ	တတိ	သုခ	ဥပေက္ခာ	ဒုက္ခ		သောတ	သဂဒါ	အနာဂါ	အရဟ	သောတ	သဂဒါ	အနာဂါ	အရဟ		
မင်္ဂင်္ဂ ၂၀၊ ဈာဝိမင်္ဂ ၂၀	။	။	။	။		။	ပ	၁	၁	၁	၁	၁	၁	၁	၁	၈	သော ၃၂
		။	။	။		။	ဒု	၁	၁	၁	၁	၁	၁	၁	၁	၈	
			။	။		။	တ	၁	၁	၁	၁	၁	၁	၁	၁	၈	
				။		။	စ	၁	၁	၁	၁	၁	၁	၁	၁	၈	
					။	။	ပဉ္စ	၁	၁	၁	၁	၁	၁	၁	၁	၈	၄-ပွား
စိတ်ပေါင်း:								၅	၅	၅	၅	၅	၅	၅	၅	၄၀	၄၀

၄၂။ စျာန်စိတ်ပေါင်း ယထာ စ ရူပါဝစရံ-စသော ၂-ဂါထာသည် စျာန်စိတ်တို့ကို ပေါင်းယူရေတွက်ပြသော သင်္ဂဟဂါထာဖြစ်သည်၊ (ကုသိလ်, ဝိပါက်, ကြိယာ-ဟူသော) ရူပါဝစရစိတ်ကို ပထမစျာန်အစရှိသော စျာန် ၅-မျိုးဌ သွင်းယူရသကဲ့သို့ (သောတာပတ္တိမဂ်စသော) လောကုတ္တရာစိတ်တို့ကိုလည်း ပထမစျာန်အစရှိသော စျာန် ၅-မျိုးဌ သွင်းယူရသည်၊ အရူပစိတ်ကိုလည်း (ဥပေက္ခာ, ဧကဂ္ဂတာ) စျာန်အင်္ဂါချင်း တူသောကြောင့် ပဋ္ဌမစျာန်၌ သွင်းယူရသည်။

http://www.dhammadownload.com

ဇာတိဘေဒ အကျယ်ပြ

၄၃။ ပုည်–ကုသိုလ်စိတ်သည်၊ သတ္တတ္တိ သဝိဓံ– ၃၇–ပါးအပြားရှိ၏၊ ပါကံ–ဝိပါက်စိတ်သည်၊ ဒွိပညာသဝိဓံ– ၅၂–ပါး အပြားရှိ၏၊ တထာ–ထိုမှတစ်ပါး၊ (အကုသလာနိ–အကုသိုလ်စိတ်တို့သည်၊ ဒွါဒသဓေ– ၁၂–ပါးတို့သာတည်း၊ ကြိယစိတ္တာနိ–ကြိယာစိတ်တို့သည်၊ ဝီသတိဓေ–၂၀–သာတည်း၊) ဣတိ–ဤသို့၊ စိတ္တာနိ–စိတ်တို့ကို၊ ဧကဝီသသတံ–၁၂၁–ပါးဟူ၍၊ ဗုဓာ–ပညာရှိတို့သည်၊ အာဟု–ဆိုကုန်ပြီ။

အဘိဓမ္မတ္ထသင်္ဂဟေ–အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၌၊ စိတ္တသင်္ဂဟဝိဘာဂေါနာမ–စိတ္တသင်္ဂဟဝိဘာဂမည်သော၊ ပဌမော–ရှေးဦးစွာသော၊ ပရိစ္ဆေဒေါ–အပိုင်းသည်၊ ဣတိ–ပြီးပြီ။

ထို့ကြောင့် ပထမစျာန်ဧကာဒသ (၁၁–ပါး)၊ ဒုတိယစျာန်ဧကာဒသ၊ တတိယစျာန်ဧကာဒသ၊ စတုတ္ထစျာန်ဧကာဒသ၊ ပဉ္စမစျာန်တေဝီသ(၂၃–ပါး) ဖြစ်လာရသည်၊ မဟဂ္ဂုတ်ဇယားနှင့်လောကုတ္တရာဇယားတို့ကို ပေါင်းစပ်ကြည့်ရှုပါ။

၄၃။ ဇာတိဘေဒအကျယ် သတ္တတ္တိ သဝိဓံ ပုည်–စသော ဂါထာသည် စိတ်အကျယ် ၁၂၁–ပါး ကို ဇာတ်အားဖြင့် ပေါင်းယူရေတွက်ပြသော ဇာတိဘေဒ သင်္ဂဟ ဂါထာဖြစ်သည်၊ အကုသိုလ်နှင့် ကြိယာတို့မှာ အကျဉ်းအကျယ်ကွဲပြားမှု မရှိပါ၊ ကုသိုလ်နှင့် ဝိပါက်တို့မှာသာ အကျဉ်းအကျယ်ကွဲပြားမှု ရှိပါသည်၊ ထို့ကြောင့် ထူးခြားမှုရှိသော ကုသိုလ်, ဝိပါက်တို့ကိုသာ သင်္ဂဟဂါထာ၌ ထည့်သွင်းပြဆို၍ ထူးခြားမှုမရှိသော အကုသိုလ်နှင့်ကြိယာတို့ကို မပြဆိုတော့ပါ၊ သို့ပင် မပြဆိုစေကာမူ ဆိုခဲ့ပြီးသော ဒွါဒသာကုသလာနေဝံ–စသော ဂါထာမှယူ၍ အနက်ပေးထားပါသည်။

ကုသိုလ်စိတ် ၃၇–ပါး၊ ဝိပါက်စိတ် ၅၂–ပါး၊ အကုသိုလ်စိတ် ၁၂–ပါး၊ ကြိယာစိတ် ၂၀၊ ပေါင်းစိတ်အကျယ် ၁၂၁–ပါးဖြစ်၏–ဟု ဆိုလိုပါသည်။

ကုသိုလ် ၃၇–ပါးဟူသော်ကား လောကီကုသိုလ် ၁၇၊ လောကုတ္တရာကုသိုလ် ၂၀–တို့ ပင်တည်း၊ ဝိပါက်စိတ် ၅၂–ပါးဟူသော်ကား လောကီဝိပါက် ၃၂–ပါး၊ လောကုတ္တရာဝိပါက် ၂၀–တို့ပင်တည်း။

လေ့ကျင့်ခန်း မေးခွန်းများ

၁။ သမ္မာသမ္ဗုဒ္ဓမတုလံ–စသောဂါထာ၌ အဘယ်ပါဠိဖြင့် ပဏာမကိုပြု၍၊ အဘယ်ပါဠိဖြင့် ပဋိညာဉ်ကို ပြုပါသနည်း။

၂။ အဘိဓမ္မတ္ထတရား ၄–ပါးကို ပြသောဂါထာကို အနက်ယောဇနာပြု၍၊ ယင်း ၄–ပါးကိုပင် "ပရမတ္ထ"ဟု ခေါ်ရကြောင်းကိုလည်း ပြပါ။

၃။ ဘုံအားဖြင့်ပြားသော စိတ် ၄–ပါး၏ အဓိပ္ပာယ်ကို သိသာရုံမျှ ပြု၍ ယင်းစိတ်တို့ကို မည်သို့ "ရှေ့နောက်"စီစဉ်ထားသည်ကိုလည်း ပြပါ။

http://www.dhammadownload.com

၄။ အသင်္ခါရိကမဟုတ်, သသင်္ခါရိကမဟုတ်၌ အဘယ်ကို သင်္ခါရ-ဟု ခေါ်ရကြောင်း စိစစ်ဝေဖန်ပြပါ။

၅။ အကုသိုလ်စိတ် ၁၂-ပါးပြားလာရပုံကို ပြ၍ ကျမာနိ အင္ဂပိ လောဘသဟဂတစိတ္တာနိ နာမ-၌ "ပိ"သဒ္ဒါ၏ အဓိပ္ပာယ်ကိုလည်း ပြပါ။

၆။ လောဘမူစိတ်, ဒေါသမူစိတ်, မောဟမူစိတ်-ဟု ခေါ်ရပုံကို ပြ၍ အဘယ်ကို နိဂုံး-ဟု ခေါ်ရကြောင်းကိုလည်း ပြပါ။

၇။ အင္ဂမာ လောဘမူလာနိ-စသောဂါထာ၌ပါသော သဒ္ဒါတို့၏ သရေ်ယျကို ရေတွက်ပြ၍ ယင်းကို သင်္ဂဟဂါထာ-ဟု ခေါ်ရကြောင်းကိုလည်း ပြပါ။

၈။ (က) ဝေဒနာဘေဒ, သမ္မယောဂဘေဒ, သင်္ခါရဘေဒအကုသိုလ်၊ (ခ) သင်္ခါရဘေဒအကုသိုလ်၊ (ဂ) သမ္မယောဂဘေဒအကုသိုလ်-ဟု အဘယ်စိတ်များကို ခေါ်ရကြောင်း သဒ္ဒါနှင့်တကွပြပါ။

၉။ အကုသိုလ်စိတ် ၁၂-ပါးကို မူလဘေဒအားဖြင့်လည်းကောင်း, ဝေဒနာဘေဒအားဖြင့်လည်းကောင်း ခွဲစိတ်ဝေဖန်ပြပါ။

၁၀။ အကုသိုလ်စိတ် ၁၂-ပါးကို သမ္မယောဂဘေဒအားဖြင့်လည်းကောင်း, သင်္ခါရဘေဒအားဖြင့်လည်းကောင်း ခွဲစိတ်ဝေဖန်ပြပါ။

၁၁။ အကုသိုလ်စိတ် ၁၂-ပါးကို ဝေဒနာဘေဒ,သမ္မယောဂဘေဒ,သင်္ခါရဘေဒအားဖြင့် အသီးအသီး ဝေဖန်ပြပါ။

၁၂။ အကုသိုလ်စိတ် ၁၂-ပါးတို့တွင်-
(က) သောမနဿသဟဂတဖြစ်၍ သမ္မယုတ်မဖြစ်သောစိတ်၊
(ခ) သမ္မယုတ်သဟဂတဖြစ်၍ သောမနဿမဖြစ်သောစိတ်၊
(ဂ) သောမနဿ လည်းဖြစ် သမ္မယုတ်လည်းဖြစ်သောစိတ်၊
(ဃ) သောမနဿလည်းမဟုတ် သမ္မယုတ်လည်း မဟုတ်သောစိတ်တို့ကို အသီးသီး ခွဲစိတ်ဝေဖန်ပြပါ။

၁၃။ အကုသိုလ်စိတ် ၁၂-ပါးတို့တွင်-
(က) သမ္မယုတ်သဟဂတဖြစ်၍ အသင်္ခါရိကမဖြစ်သောစိတ်၊
(ခ) အသင်္ခါရိကသဟဂတဖြစ်၍ သမ္မယုတ်မဖြစ်သောစိတ်၊
(ဂ) သမ္မယုတ်လည်းဖြစ် အသင်္ခါရိကလည်းဖြစ်သောစိတ်၊
(ဃ) သမ္မယုတ်လည်းမဟုတ် အသင်္ခါရိကလည်းမဟုတ်သောစိတ်တို့ကို အသီးအသီး ခွဲစိတ်ဝေဖန်ပြပါ။

၁၄။ အဟိတ်စိတ် ၁၈-ပါးဖြစ်လာရပုံကို ပြ၍ တထာ သောတဝိညာဏ-၌ပါသော"တထာ" သဒ္ဒါဖြင့် အဘယ်ကို ညွှန်ပြကြောင်းကိုလည်း ရှင်းလင်းပြပါ။

၁၅။ အဘယ်စိတ်များကို အကုသလဝိပါက်စိတ် ခေါ်ရကြောင်း ပြ၍ ယင်းတို့ကို ပဋိသန္ဓေကျိုး, ပဝတ္တိကျိုးအားဖြင့် ဝေဖန်ပြပါ။

http://www.dhammadownload.com

၁၆။ အကုသလဝိပါက်စိတ်၏ နိဂုံးမှာ "အဟေတုက" သဒ္ဒါကို ထည့်မဆိုဘဲ ကုသလဝိပါက်နှင့် ကြိယာတို့၏ နိဂုံးမှာသာ အဘယ်ကြောင့် "အဟေတုက" သဒ္ဒါကို ထည့်ဆိုရပါသနည်း။

၁၇။ ဣစ္ဆေဝံ သဗ္ဗထာပိ အဋ္ဌာရသ-စသော စကားရပ်၌ "သဗ္ဗထာပိ"၏ အဓိပ္ပာယ်ကို ပြပါ။

၁၈။ (က) နိဿယဘေဒ, ကိစ္စဘေဒအဟိတ်စိတ်၊ (ခ) ကိစ္စဘေဒအဟိတ်စိတ်များကို အသီးသီး ရေတွက်ပြပါ။

၁၉။ အဟိတ်စိတ် ၁၈-ပါးသည် သမ္မယုတ်လော, ဝိပ္ပယုတ်လော၊ အသန်ဒိရိကလော, သသန်ဒိရိကလော စိစစ်ပြဆိုခဲ့ပါ။

၂၀။ အဟိတ်စိတ် ၁၈-ပါးကို ဒေသနာစဉ်အားဖြင့်လည်းကောင်း, ဝီထိစဉ်အားဖြင့်လည်းကောင်း, ဝေဒနာဘေဒအားဖြင့်လည်းကောင်း ရေတွက်ပြပါ။

၂၁။ သတ္တာကုသလပါကာနိ-၌ "သတ္တ" ဟူသော သန်ဂ္ဟသဒ္ဒါ၏ သရော်ယျကိုပြသော ပါဠိကို အပြည့်အစုံ ရေးပါ။

၂၂။ ဒွေးပဉ္စဝိညာဉ် ၁၀-ဟု အဘယ်စိတ်များကို ခေါ်ပါသနည်း၊ တိကျစွာ ရေတွက်ပြ၍ ယင်းစိတ်တို့ကို ဝေဒနာဘေဒအားဖြင့် ခွဲစိတ်ဝေဖန်ပြပါ။

၂၃။ အသောဘနစိတ်၏ သန်ဂ္ဟနှင့် သရော်ယျတို့ကိုပြပါ။

၂၄။ အသောဘနစိတ်များကို ဇာတိဘေဒ, ဝေဒနာဘေဒတို့ဖြင့် အသီးအသီး ဝေဖန်ပြပါ။

၂၅။ အသောဘနစိတ် ၃၀-၌-

(က) သောမနဿသဟဂတဖြစ်၍ အကုသိုလ် မဖြစ်သောစိတ်၊
(ခ) အကုသိုလ်သဟဂတဖြစ်၍ သောမနဿမဖြစ်သောစိတ်၊
(ဂ) သောမနဿလည်းဖြစ် အကုသိုလ်လည်းဖြစ်သောစိတ်၊
(ဃ) သောမနဿလည်းမဖြစ် အကုသိုလ်လည်းမဖြစ် သောစိတ်တို့ကို အသီးအသီး ရေတွက်ပြပါ။

၂၆။ ပါပါဟေတုကမုတ္တာနိ-စသောဂါထာဖြင့် အဘယ်ကို ပြပါသနည်း။

၂၇။ စိတ်အကျဉ်း,အကျယ်တို့၏ သန်ဂ္ဟကို ပြ၍ အသောဘန,သောဘနဖြင့် ဝေဖန်ပြပါ။

၂၈။ မဟာဝိပါက်, မဟာကြိယာစိတ်တို့၏အဆုံးမှာသာ "သဟေတုက" သဒ္ဒါထည့်ဆို၍ မဟာကုသိုလ်၏အဆုံးမှာ အဘယ်ကြောင့် "သဟေတုက" သဒ္ဒါကို ထည့်မဆိုပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

၂၉။ ကာမာဝစရသောဘနစိတ် ၂၄-ပါး ကွဲပြားရပုံကို အကိုးသာဓကနှင့်တကွ ပြ၍၊ ကာမာဝစရသောဘန-ဟု ခေါ်ရပုံကိုလည်း ပြပါ။

၃၀။ ကာမ(ကာမာဝစရ)စိတ်များကို သာဓကပြလျက် ဇာတ်အားဖြင့် ရေတွက်ပြပါ။

၃၁။ ကာမာဝစရစိတ်ကို ဝေဒနာဘေဒအားဖြင့် ရေတွက်ပြပါ။

၃၂။ ကာမာဝစရစိတ်ကို သမ္မယောဂဘေဒအားဖြင့်လည်းကောင်း, သန်ဒိရဘေဒအားဖြင့်လည်းကောင်း ဖြစ်သင့်သည်အားလျော်စွာ ခွဲစိတ်ဝေဖန်ပြပါ။

http://www.dhammadownload.com

၃၃။ အဘယ်ကို ဈာန်အင်္ဂါ, ဈာန်, ဈာန်စိတ်-ဟု ခေါ်ပါသနည်း၊ ရှင်းပြပါ။

၃၄။ အဘယ်ကို ဈာနဘေဒ-ဟု ခေါ်ရကြောင်းကို သိသာထင်ရှားအောင် ပြပါ။

၃၅။ ဇာတိဘေဒ, ဘူမိဘေဒ, ဝေဒနာဘေဒတို့ကို အသီးအသီး သိသာရုံမျှ ဝေဖန်စိစစ်ပြပါ။

၃၆။ ရူပါဝစရစိတ် ၁၅-ပါး ပြားရုပ်ကို အကိုးသာဓကသွင်း ဖြေရှင်းပြပါ။

၃၇။ အင်္ဂါတိက္ကမဈာန်နှင့် အာရမ္မဏာတိက္ကမဈာန်တို့၏ သဘောကို ရှင်းပြပါ။

၃၈။ အာလမ္ဗဏပွဘေဒေန-၌ အာရုံအပြားကို ပြ၍ ယင်းအာရုံများနှင့် သက်ဆိုင်ရာစိတ်တို့ကိုလည်း ယှဉ်တွဲစပ်ဟပ်ပြပါ။

၃၉။ မဟဂ္ဂုတ်စိတ် မည်မျှရှိသည်ကို ရေတွက်ပြ၍ မဟဂ္ဂုတ်စိတ်-ဟု ခေါ်ရပုံကိုလည်း သိသာရုံမျှ ရှင်းပြပါ။

၄၀။ မဟဂ္ဂုတ်စိတ်ကို (က) ဇာတိဘေဒ (ခ) ဝေဒနာဘေဒ (ဂ) ဈာနဘေဒအားဖြင့် ဝေဖန်ပြပါ။

၄၁။ လောကီစိတ် ခေါ်ရပုံနှင့် အရေအတွက်ကို သရုပ်သရှာနှင့်တကွ ရေတွက်ပြပါ။

၄၂။ လောကီစိတ်ကို ဝေဒနာဘေဒ, ဇာတိဘေဒ, ဘူမိဘေဒအားဖြင့် ရေတွက်ပြပါ။

၄၃။ လောကုတ္တရာစိတ် ၈-ပါးပြားရုပ်ကို အကိုးသာဓကနှင့်တကွ ဖြေဆိုပြပါ။

၄၄။ ဈာနဘေဒစိတ်, အာရမ္မဏဘေဒစိတ်, မဂ္ဂဘေဒစိတ်-ဟု အဘယ်ကို ခေါ်ပါသနည်း၊ သာဓကသွင်း ဖြေရှင်းပြပါ။

၄၅။ စိတ် ၈၉-ပါးကို ဇာတ်အားဖြင့်လည်းကောင်း, ဘုံအားဖြင့်လည်းကောင်း ရေတွက်ပြ၍ ဘူမိဘေဒသင်္ဂဟဂါထာ-ကို အနက်ပေးပါ။

၄၆။ ဣတ္ထမေကူနနဝုတိ , ပဘေဒံ ပန မာနသံ-အစရှိသော စကားရပ်၌ ဣတ္ထ-အရဖြစ်သင့်သောအပြားများကို ပြည့်စုံအောင်ပြပါ။

၄၇။ တထာ သကဒါဂါမိမဂ္ဂ အနာဂါမိမဂ္ဂ အရဟတ္တမဂ္ဂစိတ္တ-၌ သကဒါဂါမိမဂ်စိတ် ၅-ပါး, အနာဂါမိမဂ်စိတ် ၅-ပါး, အရဟတ္တမဂ်စိတ် ၅-ပါးဖြစ်လာရပုံ ပါဠိကို အကျယ် ဖော်ထုတ်ပြပါ။

၄၈။ တထာ ဖလစိတ္တာနိ-၌ ဖိုလ်စိတ် ၂၀-ဖြစ်လာရပုံပါဠိကို အကျယ်ဖော်ထုတ်ပြပါ။

၄၉။ လောကုတ္တရာစိတ် ၄၀-ဖြစ်လာရပုံကို သိသာရုံမျှ ပြ၍ ယင်းကို ဝေဒနာဘေဒ အားဖြင့် ဝေဖန်ပြပါ။

၅၀။ ဈာန်စိတ်များ ကွဲပြားလာရပုံနှင့် ယင်းတို့၏အရေအတွက်ကိုလည်း ပြပါ။

၅၁။ စိတ်အကျယ် ၁၂၁-ပါးကို ဇာတိဘေဒအားဖြင့်လည်းကောင်း, ဝေဒနာဘေဒအားဖြင့် လည်းကောင်း ရေတွက်ပြပါ။

စိတ်ပိုင်း ပြီး၏ ။

http://www.dhammadownload.com

၂။ စေတသိက်ပိုင်း

စေတသိက်လက္ခဏာ ၄-ပါး

၁။ ဧကုပ္ပာဒနိရောဓစ-တူသောဖြစ်ခြင်း, တူသောချုပ်ခြင်းရှိကုန်သည်လည်းကောင်း၊ ဧကာလမ္ဗဏဝတ္ထုကာ-တူသောအာရုံ, တူသောမှီရာရှိကုန်သည်လည်းကောင်း၊ (ဟုတွာ-ဖြစ်ကုန်၍၊) စေတောယုတ္တာ-စိတ်၌ယှဉ်ကုန်သော၊ ဒွိပညာသ- ၅၂-ပါးသော၊ ဓမ္မာ-သဘောတရားတို့ကို၊ စေတသိကာ-စေတသိက်တို့ဟူ၍၊ မတာ-သိအပ်ကုန်၏။

၁။ "စိတ္တံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြပြီး၍ "စေတသိကံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြလိုရကား "ဧကုပ္ပာဒနိရောဓစ"စသော စကားရပ်ကို မိန့်ဆိုရပါသည်။

စေတသိက်လက္ခဏာ

၁။ ဧကုပ္ပာဒ= တူသောဖြစ်ခြင်း၊ (စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ဖြစ်ခြင်း၊)
၂။ ဧကနိရောဓ= တူသောချုပ်ခြင်း၊ (စိတ်ချုပ်သည်နှင့်တစ်ပြိုင်နက် ချုပ်ခြင်း၊)
၃။ ဧကာလမ္ဗဏ= တူသောအာရုံရှိခြင်း၊ (စိတ်ယူအပ်သော အာရုံကိုသာ ယူခြင်း၊)
၄။ ဧကဝတ္ထုက= တူသောမှီရာရှိခြင်း၊ (စိတ်မှီရာဝတ္ထုကိုသာ မှီခြင်း၊)

ဤလေးပါးကို "စေတောယုတ္တလက္ခဏာ"ဟုခေါ်သည်၊ "သမ္မယုတ္တလက္ခဏာ"ဟုလည်းကောင်း, "စေတသိကလက္ခဏာ"ဟုလည်းကောင်း ခေါ်ကြသေးသည်။ (စေတောယုတ္တ-စိတ်၌ယှဉ်ခြင်း +လက္ခဏ-အမှတ်အသား။ သမ္မယုတ္တ-စိတ်၌ယှဉ်ခြင်း၏ +လက္ခဏ-အမှတ်အသား။ စေတသိက-စေတသိက်အမည်ရခြင်း၏+လက္ခဏ-အမှတ်အသား။)

မည်သည့်စေတသိက်မဆို (ကာမဘုံ, ရူပဘုံ၌) စိတ်၌ယှဉ်သည့်အခါ ဤအင်္ဂါ ၄-ပါးနှင့် ညီညွတ်ကြရသည်။

http://www.dhammadownload.com

အညသမာန်းစေတသိက် ၁၃-ပါး

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး

၂။ ကထံ- ၅၂-ပါး အဘယ်သို့ပြားသနည်း?။

ဖဿော-ဖဿလည်းကောင်း၊ ဝေဒနာ-ဝေဒနာလည်းကောင်း၊ သညာ-သညာလည်းကောင်း၊ စေတနာ-စေတနာလည်းကောင်း၊ ဧကဂ္ဂတာ-ဧကဂ္ဂတာလည်းကောင်း၊ ဇီဝိတိန္ဒြိယ်-ဇီဝိတိန္ဒြေလည်းကောင်း၊ မနသိကာရော၀-မနသိကာရလည်းကောင်း၊ ဣတိ-ဤသို့၊ သတ္တ- ၇-ပါးကုန်သော၊ ဣမေ စေတသိကာ-ဤစေတသိက်တို့သည်၊ သဗ္ဗစိတ္တသာဓာရဏာနာမ-သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့မည်၏။ (အနက်အကျယ်ပေးလိုက အောက်ခြေမှတ်ချက်၌ ဖွင့်ပြထားသည့်အတိုင်း "ဖဿော-အာရုံကို တွေ့ထိခြင်း သဘောလည်းကောင်း"စသည်ဖြင့် ပေးပါ။)

ပကိဏ်းစေတသိက် ၆-ပါး

၃။ ဝိတက္ကော-ဝိတက်လည်းကောင်း၊ ဝိစာရော-ဝိစာရလည်းကောင်း၊ အဓိမောက္ခော-အဓိမောက္ခလည်းကောင်း၊ ဝီရိယံ-ဝီရိယလည်းကောင်း၊ ပီတိ-ပီတိလည်းကောင်း၊ ဆန္ဒေါ-ဆန္ဒလည်းကောင်း၊ ဣတိ-ဤသို့၊ ဆ-ခြောက်ပါးကုန်သော၊ ဣမေ စေတသိကာ-ဤစေတသိက်တို့သည်၊ ပကိဏ္ဏကာနာမ-ပကိဏ်းစေတသိက်တို့မည်၏။

၂။ သဗ္ဗစိတ္တသာဓာရဏ

၁။ ဖဿ-အာရုံကိုတွေ့ထိခြင်းသဘော၊
၂။ ဝေဒနာ-အာရုံကိုခံစားခြင်းသဘော၊
၃။ သညာ-အာရုံကိုမှတ်သားခြင်းသဘော၊
၄။ စေတနာ-ယှဉ်ဖက်တရားတို့ကို ဆိုင်ရာကိစ္စ၌ ဆောင်ရွက်ကြဖို့ရာ စေ့ဆော်ခြင်းသဘော၊
၅။ ဧကဂ္ဂတာ-အာရုံ၌တည်တံ့ခြင်း၊ တည်ကြည်ခြင်းသဘော၊
၆။ ဇီဝိတိန္ဒြေ-ယှဉ်ဖက်တရားတို့ကို စောင့်ထိန်းခြင်းသဘော၊
၇။ မနသိကာရ-စိတ်ထဲ၌ အာရုံပေါ်လာအောင် ပြုပေးခြင်းသဘော။

ဤစေတသိက် ၇-ပါးတို့ကို "သဗ္ဗစိတ္တသာဓာရဏစေတသိက်"ဟု ခေါ်သည်၊ "အလုံးစုံသော စိတ်နှင့် ဆက်ဆံသော စေတသိက်, စိတ်အားလုံး၌ယှဉ်နိုင်သော စေတသိက်, စိတ်ဖြစ်တိုင်းပါသော စေတသိက်"ဟု ဆိုလိုသည်။ (သဗ္ဗ-အလုံးစုံသော+စိတ္တ-စိတ်နှင့်+သာဓာရဏ-ဆက်ဆံသော, ယှဉ်သောစေတသိက်။)

၃။ ပကိဏ်းစေတသိက်

၁။ ဝိတက္က-ယှဉ်ဖက်တရားတို့ကို အာရုံသို့တင်ပေးခြင်း၊ ကြဲစည်ခြင်းသဘော၊
၂။ ဝိစာရ-အာရုံကို ထပ်၍ထပ်၍ယူခြင်း၊ သုံးသပ်ခြင်းသဘော၊
၃။ အဓိမောက္ခ-အာရုံကို ဆုံးဖြတ်ချက်ချခြင်းသဘော၊

http://www.dhammadownload.com

၄။ ဧဝံ–ဤသို့၊ တေရသ– ၁၃–ပါးကုန်သော၊ ဧတေ စေတသိကာ–ဤစေတသိက်တို့ကို၊ အညသမာနာတိ–အညသမာန်းစေတသိက်တို့ဟူ၍၊ ဝေဒိတဗ္ဗာ–သိအပ်ကုန်၏။

အကုသိုလ်စေတသိက် ၁၄–ပါး

၅။ မောဟော–မောဟလည်းကောင်း၊ အဟိရိကံ–အဟိရိကလည်းကောင်း၊ အနောတ္တပ္ပံ–အနောတ္တပ္ပလည်းကောင်း၊ ဥဒ္ဓစ္စံ–ဥဒ္ဓစ္စလည်းကောင်း၊ လောဘော–လောဘလည်းကောင်း၊ ဒိဋ္ဌိ–ဒိဋ္ဌိလည်းကောင်း၊ မာနော–မာနလည်းကောင်း၊ ဒေါသော–ဒေါသလည်းကောင်း၊ ဣဿာ–ဣဿာလည်းကောင်း၊ မစ္ဆရိယံ–မစ္ဆရိယလည်းကောင်း၊ ကုက္ကုစ္စံ–ကုက္ကုစ္စလည်းကောင်း၊ ထိနံ–ထိနလည်းကောင်း၊ မိဒ္ဓံ–မိဒ္ဓလည်းကောင်း၊ ဝိစိကိစ္ဆာစ–ဝိစိကိစ္ဆာလည်းကောင်း၊ ဣတိ–ဤသို့၊ စုဒ္ဒသ– ၁၄–ပါးကုန်သော၊ ဣမေစေတသိကာ–ဤစေတသိက်တို့သည်၊ အကုသလာနာမ–အကုသိုလ်စေတသိက်တို့မည်၏။

၄။ ဝိရိယ–အားထုတ်ခြင်းသဘော၊
၅။ ပီတိ–နှစ်သက်ခြင်းသဘော၊
၆။ ဆန္ဒ–လိုလားတောင့်တခြင်းသဘော။

ဤစေတသိက် ၆–ပါးတို့ကို "ပကိဏ်းစေတသိက်" ဟု ခေါ်သည်၊ စိတ်အားလုံး၌မယှဉ်ဘဲ ဟိုစိတ်မှာတချို့ သည်စိတ်မှာတချို့ ရောရောပြွမ်းပြွမ်းယှဉ်သော စေတသိက်များ" ဟုဆိုလိုသည်။ (ပ–အပြား အား ဖြင့်+ကိဏ္ဏက–ရောပြွမ်းသော စေတသိက်။)

၄။ အညသမာန်း သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါး၊ ပကိဏ်းစေတသိက် ၆–ပါး၊ ပေါင်း ၁၃–ပါးသော စေတသိက်တို့ကို "အညသမာန်းစေတသိက်" ဟု ခေါ်သည်။

သောဘနကို ထောက်စာလျှင် အသောဘနတို့သည် "အည" မည်၏၊ အသောဘနကို ထောက်စာလျှင် သောဘနတို့သည် "အည" မည်၏၊ ထိုသို့ "အည" အမည်ရသော အသောဘန, သောဘနတို့နှင့် လိုက်လျောညီမျှ ယှဉ်နိုင်ကြသော စေတသိက်များ–ဟု ဆိုလိုပါသည်။ (အည–တစ်ပါးသောတရားတို့နှင့်+သမာနာ–တူသောစေတသိက်တို့။)

၅။ အကုသိုလ်စေတသိက်

၁။ မောဟ–အာရုံ၏ အမှန်သဘောကို ဖုံးကွယ်ခြင်းသဘော၊
၂။ အဟိရိက–ဒုစရိုက်တို့မှ မရှက်ခြင်းသဘော၊
၃။ အနောတ္တပ္ပ–ဒုစရိုက်တို့မှ မကြောက်လန့်ခြင်းသဘော၊
၄။ ဥဒ္ဓစ္စ–ပျံ့လွင့်ခြင်းသဘော၊
၅။ လောဘ–လောကီအာရုံ ကာမဂုဏ်တို့၌ လိုချင်ခြင်းသဘော၊
၆။ ဒိဋ္ဌိ–မှားမှားယွင်းယွင်း သိမြင်ခြင်းသဘော၊
၇။ မာန–ထောင်လွှားတက်ကြွခြင်းသဘော၊
၈။ ဒေါသ–ခက်ထန်ကြမ်းတမ်းခြင်းသဘော၊
၉။ ဣဿာ–သူတစ်ပါးဂုဏ်သိန် စည်းစိမ်ချမ်းသာကို ငြူစူစောင်းမြောင်းခြင်းသဘော၊
၁၀။ မစ္ဆရိယ–ကိုယ့်စည်းစိမ်ကို ဝန်တိုခြင်းသဘော၊

http://www.dhammadownload.com

သောဘနစေတသိက် ၂၅-ပါး

သောဘနသာမာရဏစေတသိက် ၁၉-ပါး

၆။ သဒ္ဓါ-သဒ္ဓါလည်းကောင်း၊ သတိ-သတိလည်းကောင်း၊ ဟိရီ-ဟိရီလည်းကောင်း၊ ဩတ္တပ္ပံ-ဩတ္တပ္ပလည်းကောင်း၊ အလောဘော-အလောဘလည်းကောင်း၊ အဒေါသော-အဒေါသလည်းကောင်း၊ တတြမဇ္ဈတ္တတာ-တတြမဇ္ဈတ္တတာလည်းကောင်း၊ ကာယပ္ပဿဒ္ဓိ-ကာယပ္ပဿဒ္ဓိလည်းကောင်း၊ စိတ္တပ္ပဿဒ္ဓိ-စိတ္တပ္ပဿဒ္ဓိလည်းကောင်း၊ ကာယလဟုတာ-ကာယလဟုတာလည်းကောင်း၊ စိတ္တလဟုတာ-စိတ္တလဟုတာလည်းကောင်း၊ ကာယမုဒုတာ-ကာယမုဒုတာလည်းကောင်း၊ စိတ္တမုဒုတာ-စိတ္တမုဒုတာလည်းကောင်း၊ ကာယကမ္မညတာ-ကာယကမ္မညတာလည်းကောင်း၊ စိတ္တကမ္မညတာ-စိတ္တကမ္မညတာလည်းကောင်း၊ ကာယပါဂုညတာ-ကာယပါဂုညတာလည်းကောင်း၊ စိတ္တပါဂုညတာ-စိတ္တပါဂုညတာလည်းကောင်း၊ ကာယုဇုကတာ-ကာယုဇုကတာလည်းကောင်း၊ စိတ္တုဇုကတာစ-စိတ္တုဇုကတာလည်းကောင်း၊ ဣတိ-သို့၊ ဧကူနဝိသတိ-တစ်ခုယုတ်နှစ်ဆယ်သော၊ ဣမေ စေတသိကာ-တို့သည်၊ သောဘနသာမာရဏာနာမ-သောဘနသာမာရဏစေတသိက်တို့မည်၏။

၁၁။ ကုက္ကုစ္စ-(ဒုစရိုက်ကို ပြုပြီးမှလည်းကောင်း, သုစရိုက်ကို မပြုခဲ့၍လည်းကောင်း) နောင်တတစ်ဖန် ပူပန်ခြင်းသဘော၊

၁၂။ ထိန-စိတ်မလန်းဘဲ ခပ်ထိုင်းထိုင်းဖြစ်နေခြင်းသဘော၊

၁၃။ မိဒ္ဓ-ယှဉ်ဖက်စေတသိက်များ မလန်းဘဲ မှိုင်းတိုင်းတိုင်းဖြစ်နေခြင်းသဘော၊

၁၄။ ဝိစိကိစ္ဆာ-ဘုရား တရား စသည်များ၌ ယုံမှားခြင်းသဘော။

ဤစေတသိက် ၁၄-ပါးတို့ကို "အကုသိုလ်စေတသိက်"ဟု ခေါ်သည်၊ အကုသိုလ်စိတ်မှာသာ ယှဉ်ကြသော စေတသိက်များ-ဟု ဆိုလိုသည်။

၆။ သောဘနသာမာရဏစေတသိက်

၁။ သဒ္ဓါ-စစ်မှန်သော ဘုရား, တရား, သံဃာနှင့် ကံ, ကံ၏အကျိုးစသည်တို့ကို ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ ကျေကျေနပ်နပ်ရှိခြင်းသဘော၊

၂။ သတိ-ကုသိုလ်နှင့်ဆိုင်ရာကို အောက်မေ့ခြင်း၊ အမှတ်ရခြင်းသဘော၊

၃။ ဟိရီ-ဒုစရိုက်တို့မှ ရှက်ခြင်းသဘော၊

၄။ ဩတ္တပ္ပ-ဒုစရိုက်တို့မှ ကြောက်လန့်ခြင်းသဘော၊

၅။ အလောဘ-လောကီအာရုံ ကာမဂုဏ်ကို မလိုချင် မစုံမက်ခြင်းသဘော၊

၆။ အဒေါသ-မခက်ထန်မကြမ်းတမ်းခြင်းသဘော၊

၇။ တတြမဇ္ဈတ္တတာ-(စိတ်, စေတသိက်တို့ကို ဆိုင်ရာကိစ္စ၌ အပိုအလွန်မရှိရအောင် အလယ်အလတ်၌ တည့်မတ်အောင်) လျစ်လျူရှုခြင်းသဘော၊

၈။ ကာယပ္ပဿဒ္ဓိ-စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်းသဘော၊

၉။ စိတ္တပ္ပဿဒ္ဓိ-စိတ်၏ ငြိမ်းအေးခြင်းသဘော၊

၁၀။ ကာယလဟုတာ-စေတသိက်အပေါင်း၏ လျင်မြန်ပေါ့ပါးခြင်းသဘော၊

http://www.dhammadownload.com

ဝိရတိစေတသိက် ၃-ပါး

၇။ သမ္မာဝါစာ-သမ္မာဝါစာလည်းကောင်း၊ သမ္မာကမ္မန္တော-သမ္မာကမ္မန္တလည်းကောင်း၊ သမ္မာအာဇီဝေါ-သမ္မာအာဇီဝလည်းကောင်း၊ ဣတိ-ဤသို့၊ တိသော-၃-ပါးသော သဘောတရားတို့သည်၊ ဝိရတိယောနာမ-ဝိရတိစေတသိက်တို့မည်၏။

အပ္ပမညာ ၂-ပါးနှင့် ပညာန္ဒြေ စေတသိက်

၈။ ကရုဏာ-ကရုဏာသည်လည်းကောင်း၊ မုဒိတာ-မုဒိတာသည်လည်းကောင်း၊ အပ္ပမညာယောနာမ-အပ္ပမညာစေတသိက်တို့မည်၏၊ ဣတိ-ဤသို့၊ သဗ္ဗထာပိ-ခပ်သိမ်း

၁၁။ စိတ္တလဟုတာ-စိတ်၏ လျင်မြန်ပေါ့ပါးခြင်းသဘော၊
၁၂။ ကာယမုဒုတာ-စေတသိက်အပေါင်း၏ နူးညံ့ခြင်းသဘော၊
၁၃။ စိတ္တမုဒုတာ-စိတ်၏နူးညံ့ခြင်းသဘော၊
၁၄။ ကာယကမ္မညတာ-စေတသိက်အပေါင်း၏ကုသိုလ်ကောင်းမှုဌဲခဲ့ကျန်းခြင်းသဘော၊
၁၅။ စိတ္တကမ္မညတာ-စိတ်၏ ကုသိုလ်ကောင်းမှုဌဲ ခဲ့ကျန်းခြင်းသဘော၊
၁၆။ ကာယပါဂုညတာ-စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှုဌဲ ပြွမ်းတီးလေ့လာခြင်းသဘော၊
၁၇။ စိတ္တပါဂုညတာ-စိတ်၏ ကုသိုလ်ကောင်းမှုဌဲ ပြွမ်းတီးလေ့လာခြင်းသဘော၊
၁၈။ ကာယုဇုကတာ-စေတသိက်အပေါင်း၏ ဖြောင့်မတ်ခြင်းသဘော၊
၁၉။ စိတ္တုဇုကတာ-စိတ်၏ဖြောင့်မတ်ခြင်းသဘော။

ဤစေတသိက် ၁၉-ပါးတို့ကို "သောဘနသာဓာရဏစေတသိက်"ဟုခေါ်သည်၊ သောဘနစိတ်အားလုံးနှင့် ဆက်ဆံသောစေတသိက်, သောဘနစိတ်အားလုံးနှင့် ယှဉ်နိုင်သောစေတသိက်, သောဘနစိတ် ဖြစ်တိုင်းဖြစ်တိုင်း ပါဝင်နိုင်သော စေတသိက်များ-ဟု ဆိုလိုသည်။ (သောဘန-သောဘနစိတ် နှင့်+သာဓာရဏ-ဆက်ဆံသောစေတသိက်။)

၇။ ဝိရတိစေတသိက်

၁။ သမ္မာဝါစာ-(အသက်မွေးမှုနှင့်မစပ်ဆိုင်သော) ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ခြင်း သဘော၊
၂။ သမ္မာကမ္မန္တ-(အသက်မွေးမှုနှင့်မစပ်ဆိုင်သော) ကာယဒုစရိုက် ၃-ပါးမှရှောင်ကြဉ်ခြင်းသဘော၊
၃။ သမ္မာအာဇီဝ-("အသက်မွေးမှုနှင့် စပ်ဆိုင်သော ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါး"ဟုဆိုအပ်သော) ဒုရာဇီဝမှ ရှောင်ကြဉ်ခြင်းသဘော။

ဤစေတသိက် ၃-ပါးကို "ဝိရတိစေတသိက်"ဟု ခေါ်သည်၊ (ဝိရတိ-မကောင်းမှု ဒုစရိုက် ဒုရာဇီဝမှ ရှောင်ကြဉ်ခြင်း။)

၈။ အပ္ပမညာ

၁။ ကရုဏာ-ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်းသဘော၊
၂။ မုဒိတာ-သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော။

http://www.dhammadownload.com

သောအပြားအားဖြင့်လည်း၊ ပညိန္ဒြိယေန–ပညိန္ဒြေစေတသိက်နှင့်၊ သဒ္ဓိ–တကွ၊ ပဉ္စဝိသတိ–၂၅–ပါးသော၊ ကုမေစေတသိကာ–ဤစေတသိက်တို့ကို၊ သောဘနာတိ–သောဘနတို့ဟူ၍၊ ဝေဒိတဗ္ဗာ–သိအပ်ကုန်၏၊ ကုတိ– ၅၂–ပါး ဤသို့ပြားသတည်း။

သင်္ဂဟဂါထာ

၉။ စ–အကျဉ်းချုံး၍ နိဂုံးကို ပြဦးအံ့၊ ဧတ္တာဝတာ–ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်၊ အညသမာနာ–အညသမာန်းမည်ကုန်သော၊ တေရသစ–၁၃–ပါးသော စေတသိက်တို့လည်းကောင်း၊ တထာ–ထိုမှတစ်ပါး၊ အကုသလာ–အကုသိုလ်မည်ကုန်သော၊ စုဒ္ဒသ– ၁၄–ပါးသော စေတသိက်တို့လည်းကောင်း၊ သောဘနာ–သောဘနမည်ကုန်သော၊ ပဉ္စဝိသ– ၂၅–ပါးသော စေတသိက်တို့လည်းကောင်း၊ ကုတိ–သို့၊ ဒွိပညာသ–၅၂–ပါးဟူ၍၊ ပဝုစ္စရေ–ဆိုအပ်ကုန်၏။

ဤ စေတသိက် ၂–ပါးကို "အပွမညာစေတသိက်" ဟုခေါ်သည်၊ "ဤရွေ့ဤမျှ" ဟု အတိုင်းအရှည် ပမာဏမထားဘဲ သတ္တဝါပညတ်ကို အာရုံပြု၍ဖြစ်သော တရားများ–ဟု ဆိုလိုသည်။

ပညိန္ဒြေ သိမှုကိစ္စ၌ အစိုးတရဖြစ်သောကြောင့် "ပညိန္ဒြေ" မည်သည်၊ ဤပညိန္ဒြေစေတသိက်ကိုပင် "အမောဟ" ဟုလည်းကောင်း, "ဉာဏ်" ဟုလည်းကောင်း ခေါ်ကြပါသေးသည်။

သောဘန သောဘနသာမာရဏစေတသိက် ၁၉–ပါး, ဝိရတိစေတသိက် ၃–ပါး, အပွမညာစေတသိက် ၂–ပါး, ပညိန္ဒြေစေတသိက် ၁–ပါး၊ ဤ ၂၅–ပါးသော စေတသိက်တို့ကို "သောဘနစေတသိက်" ဟု ခေါ်သည်။ (သောဘန–အပြစ်မရှိ တင့်တယ်သော စေတသိက်။)

၉။ သင်္ဂဟဂါထာ "တေရသညသမာနာစ" စသောဂါထာကား အုပ်စု ၃–ခုဖွဲ့၍ ပြထားခဲ့သော စေတသိက်တို့ကို အကျဉ်းချုံး၍ သိမ်းယူကြောင်းဖြစ်သော "သင်္ဂဟဂါထာ" တည်း။

တေရသညသမာနာဖြင့် "ဖဿော ဝေဒနာ" စသော အညသမာန်းအုပ်စုကို အကျဉ်းချုံးပေါင်းယူပြသည်၊ ယင်း "ဖဿော ဝေဒနာ" အစရှိသော အကျယ်စကားရပ်ကို ရှုလျက် "တေရသ" ဟူသော သင်္ချာ၏ သင်္ချေယျကို ဖော်ထုတ်ပါ။

စုဒ္ဒသာ ကုသလာဖြင့် "မောဟော အဟိရိကံ" အစရှိသော အကုသိုလ်အုပ်စုကို ပေါင်းယူထားသည်၊ ယင်းအကျယ်စကားရပ်ကို ရှုလျက် "စုဒ္ဒသ"၏ အရကို ရေတွက်ပါ။

သောဘနာ ပဉ္စဝိသ–ဖြင့် "သဒ္ဓါ သတိ" အစရှိသော သောဘနအုပ်စုကို အကျဉ်းပေါင်းယူပြထားသည်၊ ယင်း "သဒ္ဓါ သတိ" အစရှိသော အကျယ်စကားရပ်ကို ရှုလျက် "ပဉ္စဝိသ"၏ အရကို ကောက်ယူပါ။

ကုတိ ဒွိပညာသ ပဝုစ္စရေ–ဖြင့် "ယင်း ၃–ရပ်ကိုပေါင်းက စေတသိက် ၅၂–ပါး ဖြစ်လာသည်" ဟု အပေါင်းသင်္ချာကို ပြသည်။

http://www.dhammadownload.com

သမ္မယောဂနည်း၏ သဘောလက္ခဏာနှင့်ပဋိညာဉ်

၁၀။ စိတ္တာဝိယုတ္တာနံ–စိတ်နှင့်မယှဉ်သည် မဟုတ်ကုန်သော၊ ဝါ–စိတ်နှင့်မယှဉ်ဘဲ မဖြစ်နိုင်ကုန်သော၊ တေသံ–ထိုစေတသိက်တို့၏၊ စိတ္တုပ္ပာဒေသု–ဥပါဒ်ဖြစ်ပေါ်လာသော စိတ်တို့၌၊ ပစ္စေကံ–အသီးအသီး၊ သမ္မယောဂေါ–ယှဉ်ပုံယှဉ်နည်းကို၊ ဣတော–ဤအခါမှ၊ ပရံ–နောက်၌၊ ယထာယောဂံ–ယှဉ်ထိုက်သည်အားလျော်စွာ၊ ပဝုစ္စတိ–အပြားအားဖြင့် ဆိုအပ်၏။ [ယုတ္တ–ယှဉ်သည်၊ ဝိယုတ္တ–မယှဉ်၊ အဝိယုတ္တ–မယှဉ်သည်မဟုတ်၊ စိတ္တာဝိယုတ္တ–စိတ်နှင့်မယှဉ်သည်မဟုတ်။]

သမ္မယောဂနည်း ဥဒ္ဒေသဂါထာ

၁၁။ သတ္တ–သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါးတို့သည်၊ သဗ္ဗတ္ထ–အလုံးစုံသော စိတ်တို့၌၊ ယုဇ္ဇန္တိ–ယှဉ်ကုန်၏၊ ပကိဏ္ဏကာ–ပကိဏ်းစေတသိက်တို့သည်၊ သဗ္ဗတ္ထ–(ဒွေးပဉ္စဝိညာဉ် ၁၀–မှတစ်ပါး) အလုံးစုံသောစိတ်တို့၌၊ ယထာယောဂံ–ယှဉ်ထိုက်သည် အားလျော်စွာ၊ ယုဇ္ဇန္တိ–ယှဉ်ကုန်၏၊ စုဒ္ဒသ–အကုသိုလ်စေတသိက် ၁၄–ပါးတို့သည်၊ အကုသလေသွေဝ–အကုသိုလ်စိတ်တို့၌သာ၊ ယထာယောဂံ–စွာ၊ ယုဇ္ဇန္တိ –ကုန်၏၊

၁၀။ သမ္မယောဂ "တေသံ စိတ္တာဝိယုတ္တာနံ" စသောဂါထာသည် သမ္မယောဂနည်း၏ သဘောလက္ခဏာနှင့်ပဋိညာဉ်ကို ပြသောဂါထာဖြစ်သည်၊ စိတ်နှင့်ကင်းကွာ၍ မဖြစ်နိုင်သော စေတသိက်တို့၏ စိတ်တို့၌ အသီးအသီး ယှဉ်ပုံယှဉ်ဟန်ကို ပြသောနည်းသည် "သမ္မယောဂနည်း"မည်၏။

ယင်းသမ္မယောဂနည်းကို ၅၂–ပါးသော စေတသိက်တို့၏ သရုပ်ကို ပြပြီးသည့်နောက်မှာ ထိုက်သည်အားလျော်စွာ ပြဆိုရပါတော့မည်–ဟူလို။

သမ္မယောဂနည်း ဥဒ္ဒေသ

၁၁။ ဤ "သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ" စသောဂါထာသည် သမ္မယောဂနည်း၏ အကျဉ်းခေါင်းစဉ်မျှကိုပြသော ဥဒ္ဒေသဂါထာဖြစ်သည်၊ ဧယားဖြင့် ရှင်းပြပါဦးမည်။

စေတသိက်ယှဉ်ပုံ		အသောဘနစိတ်		သောဘနစိတ်
		အကုသိုလ်စိတ်	အဟိတ်စိတ်	
အညသမ္မစိတ္တသာဓာရဏ ၇		။	။	။
အညပကိဏ်း* ၆		။	။	။
အကုသလ* ၁၄		။		
သောဘန* ၂၅				။
စေတသိက်ပေါင်း		၂၇	၁၂*	၃၈

http://www.dhammadownload.com

သောဘနာ–သောဘနစေတသိက်တို့သည်၊ သောဘနေသွေဝ–သောဘနစိတ်တို့၌သာ၊ ယထာယောဂံ–စွာ၊ ယုဇ္ဇန္တိ–ကုန်၏။

---

*ဤအမှတ်ပြထားသော စေတသိက်များသည် ယှဉ်ထိုက်သည်အားလျော်စွာ ယှဉ်သော စေတသိက်များ ဖြစ်ကြသည်။

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါးတို့သည် စိတ်အားလုံး၌ ယှဉ်ကြသည်၊ ပကိဏ်းစေတသိက် ၆–ပါးတို့သည် (ဒွေးပဉ္စဝိညာဉ် ၁၀–မှတစ်ပါး) စိတ်အားလုံးမှာ ယှဉ်ထိုက်သည် အားလျော်စွာ ယှဉ်ကြသည်၊ အကုသိုလ်စေတသိက် ၁၄–ပါးတို့သည် အကုသိုလ်စိတ်များ မှာသာ ယှဉ်ထိုက်သလို ယှဉ်ကြသည်၊ သောဘနစေတသိက် ၂၅–ပါးတို့သည် သောဘနစိတ် တို့မှာသာ ယှဉ်ထိုက်သည်အားလျော်စွာ ယှဉ်ကြသည်။

ဇယားကို လက်ဝဲ–လက်ျာကြည့်ပါလျှင် ဂါထာ၌ ပြဆိုထားသော ဤသဘောသွားကိုပင် တွေ့ရမည်။

အကုသိုလ်စိတ်၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါးတို့သည် အပြည့်အဝ ယှဉ်နိုင် ကြသည်၊ ပကိဏ်းစေတသိက် ၆–ပါးနှင့် အကုသိုလ်စေတသိက် ၁၄–ပါးတို့မူကား ယှဉ်ထိုက်သည် အားလျော်စွာ ယှဉ်ကြသည်၊ ထို့ကြောင့် အကုသိုလ်စိတ်၌ယှဉ်သော စေတသိက် ၂၇–ပါး ဖြစ်သည်။

အဟိတ်စိတ်၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါးတို့ ခြွင်းချက်မရှိ ယှဉ်ကြသည်၊ ပကိဏ်းစေတသိက် ၆–ပါးတို့မူကား ယှဉ်ထိုက်သည်အားလျော်စွာ ယှဉ်ကြသည်၊ ထို့ကြောင့် အဟိတ်စိတ်၌ ယှဉ်သောစေတသိက် ၁၂–ပါးဖြစ်သည်။ (*ဆန္ဒ လုံးဝမယှဉ်နိုင်သောကြောင့် ပင်တည်း။)

သောဘနစိတ်၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါးတို့ ခြွင်းချက်မရှိ ယှဉ်ကြသည်၊ ပကိဏ်းစေတသိက် ၆–ပါးနှင့် သောဘနစေတသိက် ၂၅–ပါးတို့မူကား ယှဉ်ထိုက်သည် အားလျော်စွာ ယှဉ်ကြသည်၊ ထို့ကြောင့် သောဘနစိတ်၌ယှဉ်သော စေတသိက် ၃၈–ပါး ဖြစ်သည်။

ဤကား ဇယားကို အပေါ်နှင့်အောက်ကြည့်သည့်အခါမှာ ပေါ်ထွက်လာသော အဓိပ္ပာယ်တည်း၊ ဇယားကို ပိုင်နိုင်အောင် လေ့လာထားပါ။

ဤသည်ကိုပင် အထောက်အထားပြု၍ အညသမာန်းသမ္မယောဂနည်း ၏ အဆုံးမှာ အဟိတ် စိတ်၌ စေတသိက်ယှဉ်ပုံကို ပြပါမည်၊ အကုသိုလ်စေတသိက် သမ္မယောဂနည်း၏ အဆုံးမှာ အကုသိုလ်စိတ်၌ စေတသိက်ယှဉ်ပုံကို ပြပါမည်၊ သောဘနစေတသိက်၏ သမ္မယောဂနည်း အဆုံးမှာ သောဘနစိတ်များ၌ စေတသိက်ယှဉ်ပုံကို ပြသွားပါမည်၊ ယင်းသို့ပြသဖြင့် သင်္ဂဟ နည်းပါ တစ်ပါတည်း ကိစ္စပြီးသွားပါလိမ့်မည်၊ သမ္မယောဂနည်းမှပင် သင်္ဂဟနည်း ပေါ်ထွက် လာပါလိမ့်မည်။

http://www.dhammadownload.com

အညသမာန်းသမ္မယောနည်း ၇-ပါး

၁၂။ ကထံ-အဘယ်သို့ ယှဉ်ကုန်သနည်း?။

တာဝ-ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာ-ညွှန်ပြအပ်ကုန်သော၊) သဗ္ဗစိတ္တသာဓာရဏာ-သဗ္ဗစိတ္တ သာဓာရဏမည်ကုန်သော၊ သတ္တ- ၇-ပါးကုန်သော၊ ဣမေစေတသိကာ-ဤစေတသိက် တို့ကို၊ သဗ္ဗေသုပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ ဧကုနနဝုတိစိတ္တုပ္ပာဒေသု-တစ်ခုယုတ် ကိုးဆယ်သော စိတ်တို့၌၊ လဗ္ဘန္တိ-ရအပ်ကုန်၏။

၁၃။ ပန-အဖို့တစ်ပါးကား၊ ပကိဏ္ဏကေသု-ပကိဏ်းစေတသိက်တို့တွင်၊ တာဝ-ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌော-ညွှန်ပြအပ်သော၊) ဝိတက္ကော-ဝိတက်သည်၊ ဒွိပဉ္စဝိညာဏဝဇ္ဇိတ ကာမာဝစရစိတ္တေသုစေဝ-ဒွေးပဉ္စဝိညာဉ် ၁၀-ကိုကြဉ်တတ်သော ကာမစိတ် ၄၄-ပါး တို့လည်းကောင်း၊ ဝါ-ဒွေးပဉ္စဝိညာဉ် ၁၀-သည်ကြဉ်အပ်သော ကာမစိတ် ၄၄-ပါးတို့ လည်းကောင်း၊ ဧကာဒသသု- ၁၁-ပါးကုန်သော၊ ပဌမဈာနစိတ္တေသုစ-ပထမစျာန်စိတ် တို့လည်းကောင်း၊ ဣတိ-သို့၊ ပဉ္စပညာသစိတ္တေသု- ၅၅-ပါးသောစိတ်တို့၌၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။ (၁၂၁-၅၅=၆၆။)

၁၄။ ပန-ကား၊ ဝိစာရော-ဝိစာရသည်၊ တေသုစေဝ-ထိုဝိတက်နှင့်ယှဉ်သည့် ၅၅-ပါးသော စိတ်တို့လည်းကောင်း၊ ဧကာဒသသု- ၁၁-ပါးကုန်သော၊ ဒုတိယဈာန စိတ္တေသုစ-ဒုတိယစျာန်စိတ်တို့လည်းကောင်း၊ ဣတိ-သို့၊ ဆသင်္ခိစိတ္တေသု- ၆၆-ပါးသော စိတ်တို့၌၊ ဥပ္ပဇ္ဇတိ-၏။ (၁၂၁-၆၆=၅၅။)

အညသမာန်းသမ္မယောဂနည်း

၁၂။ သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့သည် စိတ်အားလုံးမှာ ယှဉ်ကြသည်၊ မယှဉ်သော "စိတ်"ဟူ၍ မရှိ။

၁၃။ ဝိတက်သည် ဒွေးပဉ္စဝိညာဉ် ၁၀-ကြဉ်သော ကာမစိတ် ၄၄-ပါး၊ ပထမစျာန်စိတ် ၁၁-ပါး၊ ပေါင်း ၅၅-ပါးသောစိတ်တို့၌ ယှဉ်သည်။ (ပဉ္စပညာသ-အရ။)

ဒွေးပဉ္စဝိညာဉ် ၁၀၊ ဒုတိယစျာန်စိတ် ၁၁-ပါး၊ တတိယစျာန်စိတ် ၁၁-ပါး၊ စတုတ္ထ စျာန်စိတ် ၁၁-ပါး၊ ပဉ္စမစျာန်စိတ် ၂၃-ပါး၊ ပေါင်း ၆၆-ပါးသောစိတ်တို့၌ မယှဉ်။ (ဆသင်္ခိ-အရ။)

၁၄။ ဝိစာရသည် ဒွေးပဉ္စဝိညာဉ် ၁၀-ကြဉ်သော ကာမစိတ် ၄၄-ပါး၊ ပထမစျာန်စိတ် ၁၁-ပါး၊ ဒုတိယစျာန်စိတ် ၁၁-ပါး၊ ပေါင်း ၆၆-ပါးသောစိတ်တို့၌ ယှဉ်သည်။ (ဆသင်္ခိ-အရ။)

ဒွေးပဉ္စဝိညာဉ် ၁၀၊ တတိယစျာန်စိတ် ၁၁-ပါး၊ စတုတ္ထစျာန်စိတ် ၁၁-ပါး၊ ပဉ္စမစျာန်စိတ် ၂၃-ပါး၊ ပေါင်း ၅၅-ပါးသောစိတ်တို့၌ မယှဉ်။ (ပဉ္စပညာသ-အရ။)

http://www.dhammadownload.com

၁၅။ အဓိမောက္ခော–အဓိမောက္ခသည်၊ ဒွိပဉ္စဝိညာဏ ဝိစိကိစ္ဆာသဟဂတဝဇ္ဇိတ စိတ္တေသု–ဒွေးပဉ္စဝိညာဉ် ၁၀, ဝိစိကိစ္ဆာသဟဂုတ်သည် ကြဉ်အပ်သော ၇၈–ပါးသော စိတ်တို့၌၊ ဥပဓဇ္ဇတိ–၏။ (၈၉–၁၁=၇၈။)

၁၆။ ဝီရိယံ–ဝီရိယသည်၊ ပဉ္စဒ္ဝါရာဝဇ္ဇန ဒွိပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏဝဇ္ဇိတ စိတ္တေသု–ပဉ္စဒ္ဝါရာဝဇ္ဇန်း, ဒွေးပဉ္စဝိညာဉ် ၁၀, သမ္ပဋိစ္ဆိုင်း, သန္တီရဏသည် ကြဉ်အပ်သော ၇၃–ပါးသောစိတ်တို့၌၊ ဥပဓဇ္ဇတိ–၏။ (၈၉–၁၆=၇၃။)

၁၇။ ပီတိ–ပီတိသည်၊ ဒေါမနဿုပေက္ခာသဟဂတ ကာယဝိညာဏ စုတုတ္ထဈာန ဝဇ္ဇိတစိတ္တေသု–ဒေါသမူဒွေး, ဥပေက္ခာသဟဂုတ်စိတ် ၅၅–ပါး, ကာယဝိညာဉ်ဒွေး, စတုတ္ထဈာန်စိတ် ၁၁–ပါးသည် ကြဉ်အပ်သော ၅၁–ပါးသောစိတ်တို့၌၊ ဥပဓဇ္ဇတိ–၏။ (၁၂၁–၇၀=၅၁။)

၁၈။ ဆန္ဒော–ဆန္ဒသည်၊ အဟေတုက မောမူဟဝဇ္ဇိတစိတ္တေသု–အဟိတ်စိတ် ၁၈–ပါး, မောဟမူဒွေးသည် ကြဉ်အပ်သော ၆၉–ပါးသောစိတ်တို့၌၊ ဥပဓဇ္ဇတိ–၏။ (၈၉–၂၀=၆၉။) ဣတိ–ပကိဏ်းစေတသိက်တို့ ဤသို့ယှဉ်ကုန်၏။

၁၅။ အဓိမောက္ခသည် ဝိစိကိစ္ဆာသဟဂုတ်မှတစ်ပါး အကုသိုလ်စိတ် ၁၁–ပါး၊ ဒွေးပဉ္စဝိညာဉ် ၁၀–ကြဉ်သော အဟိတ်စိတ် ၈–ပါး၊ သောဘနစိတ် ၅၉–ပါး၊ ပေါင်း ၇၈–ပါးသောစိတ်တို့၌ ယှဉ်သည်။ (အဋ္ဌသတ္တတိ–အရ။)

ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁–ပါး၊ ဒွေးပဉ္စဝိညာဉ် ၁၀၊ ပေါင်း ၁၁–ပါးသောစိတ်တို့၌ မယှဉ်။ (ဧကာဒသ–အရ။)

၁၆။ ဝီရိယသည် အကုသိုလ်စိတ် ၁၂–ပါး၊ မနောဒ္ဝါရာဝဇ္ဇန်းစိတ် ၁–ပါး၊ ဟသိတုပ္ပာဒ် စိတ် ၁–ပါး၊ သောဘနစိတ် ၅၉–ပါး၊ ပေါင်း ၇၃–ပါးသောစိတ်တို့၌ ယှဉ်သည်။(တိသတ္တတိ–အရ။)

အဟိတ်ဝိပါက်စိတ် ၁၅–ပါး၊ ပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ်၁–ပါး၊ ပေါင်း ၁၆–ပါးသောစိတ်တို့၌ မယှဉ်။ (သောဠသ–အရ။)

၁၇။ ပီတိသည် ကာမာဝစရသောမနဿသဟဂုတ်စိတ် ၁၈–ပါး၊ ပထမဈာန်စိတ် ၁၁–ပါး၊ ဒုတိယဈာန်စိတ် ၁၁–ပါး၊ တတိယဈာန်စိတ် ၁၁–ပါး၊ ပေါင်း ၅၁–ပါးသောစိတ်တို့၌ ယှဉ်သည်။ (ဧကပညာသ–အရ။)

ဒေါသမူဒွေး၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅–ပါး၊ ကာယဝိညာဉ်ဒွေး၊ စတုတ္ထဈာန်စိတ် ၁၁–ပါး၊ ပေါင်း ၇၀–သောစိတ်တို့၌ မယှဉ်။ (သတ္တတိ–အရ။)

၁၈။ ဆန္ဒသည် လောဘမူစိတ် ၈–ပါး၊ ဒေါသမူစိတ် ၂–ပါး၊ သောဘနစိတ် ၅၉–ပါး၊ ပေါင်း ၆၉–ပါးသောစိတ်တို့၌ ယှဉ်သည်။ (ဧကူနသတ္တတိ–အရ။)

မောဟမူဒွေး၊ အဟိတ်စိတ် ၁၈–ပါး၊ ပေါင်း ၂၀–သောစိတ်တို့၌ မယှဉ်။ (ဝီသတိ–အရ။)

http://www.dhammadownload.com

သင်္ဂဟဂါထာများ

၁၉။ ပန–အကျဉ်းချုပ်ကား၊ ပကိဏ္ဏကဝိဝဇ္ဇိတာ–ပကိဏ်းစေတသိက်သည် ကြဉ်အပ်ကုန်သော၊ တေစိတ္တုပ္ပာဒါ–ထိုစိတ်တို့သည်၊ ယထာက္ကမံ–အစဉ်အားလျော်စွာ၊ ဆသဋ္ဌိ–၆၆–ပါးသည်လည်းကောင်း၊ ပဉ္စပညာသ– ၅၅–ပါးသည်လည်းကောင်း၊ ဧကာဒသစ–၁၁–ပါးတို့သည်လည်းကောင်း၊ သောဠသ– ၁၆–ပါးတို့သည်လည်းကောင်း၊ သတ္တတိ–၇၀–သည်လည်းကောင်း၊ ဝိသတိစေဝ–၂၀–သည်လည်းကောင်း၊ ဟောန္တိ–ဖြစ်ကုန်၏။

သပကိဏ္ဏကာ–ပကိဏ်းစေတသိက်နှင့်တကွဖြစ်ကုန်သော၊ တေစိတ္တုပ္ပာဒါ–တို့သည်၊ ယထာက္ကမံ–စွာ၊ ပဉ္စပညာသ–၅၅–ပါးသည်လည်းကောင်း၊ ဆသဋ္ဌိ– ၆၆–ပါးသည်လည်းကောင်း၊ အဋ္ဌသတ္တတိ– ၇၈–ပါးသည်လည်းကောင်း၊ တိသတ္တတိ– ၇၃–ပါးသည်လည်းကောင်း၊ ဧကပညာသစ– ၅၁–ပါးသည်လည်းကောင်း၊ ဧကူနသတ္တတိ– တစ်ခုယုတ်ခုနစ်ဆယ်သည်လည်းကောင်း၊ ဟောန္တိ–ဖြစ်ကုန်၏။

၁၉။ တေ ပန စိတ္တုပ္ပာဒါ ယထာက္ကမံနှင့် ဆသဋ္ဌိ–အစရှိသော ၂–ဂါထာတို့ဖြင့် ပကိဏ်းစေတသိက်သမ္မယောဂနည်းကို အကျဉ်းပေါင်းယူ ရေတွက်ပြသည်၊ ထိုတွင် ဆသဋ္ဌိ–အစရှိသော ပထမဂါထာဖြင့် ပကိဏ်းစေတသိက်တို့နှင့် မယှဉ်သောစိတ် အရေအတွက် သုံးများကို အစဉ်အားလျော်စွာ ပြသည်၊ ယင်းဂါထာ၌ပါသော ပကိဏ္ဏကဝိဝဇ္ဇိတာ–ကို ထောက်ပါ။

ပဉ္စပညာသ–အစရှိသော ဒုတိယဂါထာဖြင့် ပကိဏ်းစေတသိက်တို့နှင့် ယှဉ်သောစိတ် အရေအတွက်သုံးများကို အစဉ်အားလျော်စွာ ပြပါသည်၊ ယင်းဂါထာ၌ပါသော သပကိဏ္ဏကာကို ထောက်ပါ၊ ယင်းသုံးတို့၏ သရေ်ယျကို ရှေ့၌ပြထားပြီး ဖြစ်ပါသည်။

ယထာက္ကမံအရ ယူပုံ

စေတသိက်	မယှဉ်နိုင်သောစိတ်	ယှဉ်နိုင်သောစိတ်	ပေါင်း
၁။ ဝိတက်	ဆသဋ္ဌိ	ပဉ္စပညာသ	၁၂၁
၂။ ဝိစာရ	ပဉ္စပညာသ	ဆသဋ္ဌိ	၁၂၁
၃။ အဓိမောက္ခ	ဧကာဒသ	အဋ္ဌသတ္တတိ	၈၉
၄။ ဝီရိယ	သောဠသ	တိသတ္တတိ	၈၉
၅။ ပီတိ	သတ္တတိ	ဧကပညာသ	၁၂၁
၆။ ဆန္ဒ	ဝိသတိ	ဧကူနသတ္တတိ	၈၉

အဓိမောက္ခ, ဝီရိယ, ဆန္ဒတို့သည် လောကုတ္တရာစိတ် အကုန်လုံးမှာ ယှဉ်နိုင်ကြသည်၊ ထို့ကြောင့် ၄င်းတို့၏ သမ္မယောဂနည်းကို စိတ်အကျဉ်းသုံးဖြင့် ပြသည်။

http://www.dhammadownload.com

ဝိတက်, ဝိစာရ, ပီတိတို့မူကား အချို့သော လောကုတ္တရာစိတ်မှာသာ ယှဉ်ကြသည်၊ ထို့ကြောင့် ၄င်းတို့၏ သမ္မယောဂနည်းကို စိတ်အကျယ်သချိုင်္ကာဖြင့် ပြသည်။

သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့ယှဉ်ပုံ ၁-နည်း၊ ဝိတက်အစရှိသော ပကိဏ်းစေတသိက် ၆-ပါးတို့၏ အသီးအသီးယှဉ်ပုံ ၆-နည်း၊ ပေါင်း အညသမာန်းစေတသိက်သမ္မယောဂနည်း ၇-ပါး ဖြစ်သတည်း။

သမ္မယောဂနည်းနှင့် သင်္ဂဟနည်း ထူးခြားချက်

စေတသိက်တို့၏ စိတ်တို့၌ အသီးအသီးယှဉ်ပုံကိုပြသော နည်းသည် သမ္မယောဂနည်း မည်၏။ (၄၃-နံပါတ်ကိုလည်း ပြန်ရှုပါ။)

ထိုထိုစိတ်၌ ယှဉ်ထိုက်သမျှသော စေတသိက်တို့ကို ပေါင်းယူရေတွက်ပြသောနည်းသည် သင်္ဂဟနည်းမည်၏၊ ဤကား နည်း ၂-ပါးတို့၏ ထူးခြားချက်တည်း။

ဆောင်။ ။ စေတသိက်များ, စိတ်အများ၌, သီးခြားယှဉ်ဟန်, ခွဲဝေဖန်၍, ပြည့္စုံနည်းကို, သမ္မဆိုဆိုဏ်၊ ထိုထိုစိတ်၌, ယှဉ်ထိုက်စေတသိ, ပေါင်းပြဘိမူ, မည်ရှိသင်္ဂဟ, ထူးပုံပြသည်..... ..... မှတ်ကြ ဤနည်းဤပုံတည်း။

တစ်နည်း။ ။ စေတသိက်၊ စိတ်တို့၌ သီးသီးသာ၊
ယှဉ်ကြဟန်-ဝေဖန်ပြလျှင်၊ သမ္မယောဂါ၊
စိတ်တို့၌-ယှဉ်ထိုက်သည့် စေများစွာ၊ ပေါင်းယူပါ သင်္ဂဟော၊
နည်းနှစ်တန်-ထူးဟန်ပြတယ်၊ မှတ်ကြစေသော။

အဟိတ်စိတ်၌ စေတသိက်ယှဉ်ပုံ

အညသမာန်းစေတသိက်	အကြိမ်ကြိမ်	ဝိတက်ဈာန်ပြည့်	ဝိစာရဈာန်ပြည့်	ပီတိဈာန်-ဒုတိယ	ပီတိဈာန်-တတိယ	ပီတိဈာန်ပေါင်း	စိတ်ပေါင်း
သဗ္ဗစိတ္တသာဓာရဏ	၇	။	။	။	။	။	၁၈
ဝိတက်, ဝိစာရ, အဓိမောက္ခ	၃		။	။	။	။	၈
ဝီရိယ	၁			။	။	။	၂
ပီတိ	၁			။		။	၂
ဆန္ဒ	၁						
စေတသိက်ပေါင်း	**၁၃**	၇	၁၀	၁၁	၁၁	၁၂	

ဖေယျားကို လက်ဝဲ-လက်ျာကြည့်ပါက

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးတို့သည် အဟိတ်စိတ် ၁၈-ပါးလုံး၌ ယှဉ်ကြသည်၊ "ဝိတက်, ဝိစာရ, အဓိမောက္ခ"ဟူသော ပကိဏ်းစေတသိက် ၃-ပါးတို့သည် ဒွေးပဉ္စဝိညာဉ်

http://www.dhammadownload.com

အကုသိုလ်သမ္မယောဂနည်း ၅-ပါး

၂၀။ ပန-အဖို့တစ်ပါးကား၊ အကုသလေသု-အကုသိုလ်စေတသိက်တို့တွင်၊ မောဟော-မောဟလည်းကောင်း၊ အဟိရိကံ-အဟိရိကလည်းကောင်း၊ အနောတ္တပ္ပံ-

---

၁၀-၌ မယှဉ်ကြ၊ ကြွင်းသောအဟိတ်စိတ် ၈-ပါးတို့၌သာ ယှဉ်ကြသည်၊ ဝိရိယသည် "မနောဒ္ဓါရာဝဇ္ဇန်းနှင့် ဟသိတုပ္ပာဒ်"ဟူသော အဟိတ်စိတ် ၂-ပါးတို့၌သာ ယှဉ်သည်၊ ပီတိသည် "သောမနဿသန္တီရဏ, ဟသိတုပ္ပာဒ်"ဟူသော အဟိတ်စိတ် ၂-ပါးတို့၌သာ ယှဉ်သည်၊ ဆန္ဒသည် မည်သည့် အဟိတ်စိတ်မှာမှ မယှဉ်နိုင်ပါ။

ဤသို့ သမ္မယောဂ သရုပ်ခွဲ ပေါ်ထွက်လာမည်၊ ပကိဏ်းစေတသိက်တို့၏ အဟိတ်စိတ်တို့၌ ထိုက်သည်အားလျော်စွာ ယှဉ်ပုံကိုလည်း ပြပြီးဖြစ်တော့သည်။

ဧယားကို အပေါ်နှင့်အောက် ကြည့်ပါက

ဒွေးပဋ္ဌဝိညာဉ် ၁၀-၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးမျှသာ ယှဉ်သည်၊ "ပဋ္ဌဒ္ဓါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း ဒွေး, ဥပေက္ခာသန္တီရဏ ၂-ပါး"အားဖြင့် ၅-ပါးသောစိတ်တို့၌ "သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး, ဝိတက်, ဝိစာရ, အဓိမောက္ခ"အားဖြင့် ၁၀-ပါးသော စေတသိက်တို့ ယှဉ်ကြသည်၊ သောမနဿသန္တီရဏစိတ်၌ "သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး, ဝိတက်, ဝိစာရ, အဓိမောက္ခ, ပီတိ"အားဖြင့် ၁၁-ပါးသော စေတသိက်တို့ယှဉ်ကြသည်၊ မနောဒ္ဓါရာဝဇ္ဇန်းစိတ်၌ "သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး, ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ"အားဖြင့် ၁၁-ပါးသော စေတသိက်တို့ ယှဉ်ကြသည်၊ ဟသိတုပ္ပာဒ်စိတ်၌ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ၁၂-ပါးတို့ ယှဉ်ကြသည်။

ဤသို့ သင်္ဂဟနည်းသရုပ်ခွဲ ပေါ်ထွက်လာလိမ့်မည်။

ထို့ပြင် အဟိတ်စိတ် ၁၈-ပါးလုံး၌ယှဉ်သော စေတသိက်တို့ကား သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးတို့တည်း၊ ဒွေးပဋ္ဌဝိညာဉ် ၁၀-မှတစ်ပါး အဟိတ်စိတ် ၈-ပါးတို့၌ယှဉ်သော စေတသိက်တို့ကား "ဝိတက်, ဝိစာရ, အဓိမောက္ခ"အားဖြင့် ၃-ပါးတို့တည်း၊ အဟိတ်စိတ် ၂-ပါးစီ၌ယှဉ်သော စေတသိက်တို့ကား "ဝီရိယ, ပီတိ"တို့တည်း၊ ဤသို့ စသည်ဖြင့် ဉာဏ်ရှိသလို ခွဲနိုင်ပါသေးသည်။

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးတို့သည် "သဗ္ဗာဟေတုကယောဂီ"ဖြစ်၍ ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိတို့သည် "အဟေတုကဝိသေသက စေတသိက်"များဖြစ်ကြသည်။

နောက်ဧယားများကိုလည်း ဤသဘောအတိုင်း ခွဲစိတ်ဝေဖန်ပါ၊ သမ္မယောဂနည်းမှပင် သင်္ဂဟနည်း ပေါ်ထွက်လာအောင် သရုပ်ခွဲတတ်ပါစေ၊ ပြီးက ဆိုင်ရာသင်္ဂဟနည်းကို ခုန်ကျော်၍ ပို့ချပေးပါ၊ ကြည့်ရှုလေ့လာပါ။

အကုသလသမ္မယောဂနည်း

၂၀။ မောဟ, အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ၊ ဤစေတသိက် ၄-ပါးတို့သည် "သဗ္ဗာကုသလသာဓာရဏစေတသိက်" မည်ကြသည်၊ အကုသိုလ်စိတ် ၁၂-ပါးလုံးမှာပင် ယှဉ်နိုင် ကြသည်။ (သဗ္ဗာပုညေသု စတ္တာရော။)

http://www.dhammadownload.com

အနောတ္တပ္ပလည်းကောင်း၊ ဥဒ္ဓစ္စစ်–ဥဒ္ဓစ္စလည်းကောင်း၊ ဣတိ–သို့၊ စတ္တာရော– ၄–ပါး ကုန်သော၊ ဣမေ စေတသိကာ–ဤစေတသိက်တို့သည်၊ သဗ္ဗာကုသလသာဓာရဏာနာမ–သဗ္ဗာကုသလသာဓာရဏစေတသိက်တို့မည်၏၊ စတ္တာရော– ၄–ပါးကုန်သော၊ ဣမေ စေတသိကာ–ဤစေတသိက်တို့ကို၊ သဗ္ဗေသုပိ–အလုံးစုံလည်းဖြစ်ကုန်သော၊ ဒွါဒသာကုသလေသု– ၁၂–ပါးသော အကုသိုလ်စိတ်တို့၌၊ လဗ္ဘန္တိ–ရအပ်ကုန်၏။

၂၁။ လောဘော–လောဘကို၊ အဋ္ဌသု– ၈–ပါးကုန်သော၊ လောဘသဟဂတစိတ္တေ သွေဝ–လောဘသဟဂုတ်စိတ်တို့၌သာ၊ လဗ္ဘတိ–ရအပ်၏။ [ဧဝသဒ္ဒါကို နောက်ဝါကျ များသို့လည်း လိုက်စေပါ။]

၂၂။ ဒိဋ္ဌိ–ဒိဋ္ဌိကို၊ စတူသု– ၄–ပါးကုန်သော၊ ဒိဋ္ဌိဂတသမ္ပယုတ္တေသုဧဝ–ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်တို့၌သာ၊ လဗ္ဘတိ–ရအပ်၏။

၂၃။ မာနော–မာနကို၊ စတူသု– ၄–ပါးကုန်သော၊ ဒိဋ္ဌိဂတဝိပ္ပယုတ္တေသုဧဝ–ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်တို့၌သာ၊ လဗ္ဘတိ–ရအပ်၏။

၂၄။ ဒေါသော–ဒေါသလည်းကောင်း၊ ဣဿာ–ဣဿာလည်းကောင်း၊ မစ္ဆရိယံ–မစ္ဆရိယလည်းကောင်း၊ ကုက္ကုစ္စံ–ကုက္ကုစ္စလည်းကောင်း၊ ဣတိ–ဤစေတသိက်တို့ကို၊ ဒ္ဝိသု–၂–ပါးကုန်သော၊ ပဋိဃသမ္ပယုတ္တစိတ္တေသုဧဝ–ပဋိဃသမ္ပယုတ်စိတ်တို့၌သာ၊ လဗ္ဘန္တိ–ရအပ်ကုန်၏။

၂၅။ ထိနမိဒ္ဓံ–ထိနမိဒ္ဓကို၊ ပဉ္စသု– ၅–ပါးကုန်သော၊ သသင်္ခါရိကစိတ္တေသုဧဝ–သသင်္ခါရိကစိတ်တို့၌သာ၊ လဗ္ဘတိ–ရအပ်၏။

အကုသိုလ်စိတ်အားလုံးနှင့် ဆက်ဆံသော စေတသိက်, အကုသိုလ်စိတ်အားလုံး၌ယှဉ်သော စေတသိက်, အကုသိုလ်စိတ်ဖြစ်တိုင်းပါသော စေတသိက်ကို "သဗ္ဗာကုသလသာဓာရဏ စေတသိက်"ဟု ခေါ်သည်။ (သဗ္ဗ–အလုံးစုံသော+အကုသလ–အကုသိုလ်စိတ်နှင့်+သာဓာရဏ–ဆက်ဆံသောစေတသိက်။)

၂၁။ လောဘသည် လောဘမူစိတ် ၈–ပါး၌သာယှဉ်သည်။

၂၂။ ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ပါး၌သာယှဉ်သည်။

၂၃။ မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါး၌သာယှဉ်သည်။
(ဤ ၃–ပါးသည်ပင် လောဘမူလေ တယော ဂတာ–အရဖြစ်၏။)

၂၄။ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ၊ ဤစေတသိက် ၄–ပါးတို့သည် ဒေါသမူစိတ် ၂–ပါး၌သာ ယှဉ်ကြသည်။ (ဒေါသမူလေသု စတ္တာရော။)

၂၅။ ထိန, မိဒ္ဓ၊ ဤစေတသိက် ၂–ပါးသည် သသင်္ခါရိကစိတ် ၅–ပါး၌သာယှဉ်သည်။ (သသင်္ခါရေ ဒွယံ။)

http://www.dhammadownload.com

၂၆။ ဝိစိကိစ္ဆာ–ဝိစိကိစ္ဆာကို၊ ဝိစိကိစ္ဆာသဟဂတစိတ္တေယေဝ–ဝိစိကိစ္ဆာသဟဂုတ်စိတ်၌သာ၊ လဗ္ဘတိ–ရအပ်၏၊ ဣတိ–အကုသိုလ်စေတသိက်တို့ ဤသို့ယှဉ်ကုန်၏။

သင်္ဂဟဂါထာများ

၂၇။ စတ္တာရော– ၄–ပါးသော စေတသိက်တို့သည်၊ သဗ္ဗာပုညေသု–အလုံးစုံသော အကုသိုလ်စိတ်တို့၌၊ ဂတာ–ဖြစ်ကုန်၏၊ တယော– ၃–ပါးသောစေတသိက်တို့သည်၊ လောဘမူလေ–လောဘမူစိတ်၌သာ၊ ဂတာ–ထိုက်သည်အားလျော်စွာ ဖြစ်ကုန်၏၊ စတ္တာရော–၄–ပါးသောစေတသိက်တို့သည်၊ ဒေါသမူလေသု–ဒေါသမူစိတ်တို့၌သာ၊ ဂတာ–ဖြစ်ကုန်၏၊ တထာ–ထိုမှတစ်ပါး၊ ဒွယံ–ထိနမိဒ္ဓ ၂–ပါး အပေါင်းသည်၊ သသခ်္ခါရေ–သသခ်္ခါရိကစိတ် ၅–ပါး၌သာ၊ ဂတံ–ဖြစ်၏။

ဝိစိကိစ္ဆာ–ဝိစိကိစ္ဆာစေတသိက်သည်၊ ဝိစိကိစ္ဆာစိတ္တေစ–ဝိစိကိစ္ဆာသဟဂုတ်စိတ်၌သာ၊ [စ–သဒ္ဒါ အဝဓာရဏတ္ထော၊] ဂတာ–ဖြစ်၏၊ ဣတိ–သို့၊ စတုဒ္ဒသ– ၁၄–ပါးသော အကုသိုလ်စေတသိက်တို့သည်၊ ဒွါဒသာကုသလေသွေဝ– ၁၂–ပါးသော အကုသိုလ်စိတ်တို့၌သာ၊ ပဝုစ္စာ– ၅–ပါးအပြားအားဖြင့်၊ သမ္မယုဇ္ဇန္တီ–ယှဉ်ကုန်၏။

၂၆။ ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌သာ ယှဉ်သည်။ (ဝိစိကိစ္ဆာ ဝိစိကိစ္ဆာစိတ္တေစ။)

၂၇။ သမ္မယုဇ္ဇန္တီ ပဝုစ္စာဖြင့်–

၁။ သဗ္ဗာပုညေသု စတ္တာရော–အရ တစ်နည်း၊
၂။ လောဘမူလေ တယော ဂတာ–အရ တစ်နည်း၊
၃။ ဒေါသမူလေသု စတ္တာရော–အရ တစ်နည်း၊
၄။ သသခ်္ခါရေ ဒွယံ–အရ တစ်နည်း၊
၅။ ဝိစိကိစ္ဆာ ဝိစိကိစ္ဆာစိတ္တေစ–အရ တစ်နည်း–ဟူကုန်သော အကုသိုလ်စေတသိက်တို့၏သမ္မယောဂနည်း ၅–ပါးကိုပြသည်၊

ထိုတွင်–

၁။ သဗ္ဗာပုညေသု စတ္တာရောဒ္ဓ စတ္တာရောအရကား မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စတို့တည်း၊
၂။ လောဘမူလေ တယော ဂတာဒ္ဓ တယောအရကား လောဘ, ဒိဋ္ဌိ, မာနတို့တည်း၊ စသည်ဖြင့် သခ်္ခါသဒ္ဒါတို့၏အရကို ညွှန်ပြထားခဲ့သည့်အတိုင်းပင်ရေတွက်ပါ။

(*လောဘ, ဒိဋ္ဌိ, မာနတို့သည် ယှဉ်ပုံချင်း မတူပါသော်လည်း ယှဉ်ရာစိတ်မှာ လောဘမူချည်းသာ ဖြစ်သည်၊ ထို့ကြောင့် "လောဘမူလေ တယော ဂတာ"ဟု သမ္မယောဂနည်း တစ်နည်းတည်း သတ်မှတ်ပြဆိုသည်။)

http://www.dhammadownload.com

အကုသိုလ်စိတ်၌ စေတသိက်ယှဉ်ပုံ

စေတသိက် ၂၇-ပါး	အကုသိုလ်စိတ် ၁၂	လောဘမူစိတ် ၈-ပါး								ဒေါ ၂		မော ၂		စိတ်ပေါင်း
		သောမနဿ သဟရဇ	သောမနဿ သဟရဇ	သောမနဿ ဝိပ္ပယုတ်	သောမနဿ ဝိပ္ပယုတ်	ဥပေက္ခာ သဟရဇ	ဥပေက္ခာ သဟရဇ	ဥပေက္ခာ ဝိပ္ပယုတ်	ဥပေက္ခာ ဝိပ္ပယုတ်	ဒေါသမူလ	ဒေါသမူလ	ဥဒ္ဓစ္စ	ဥဒ္ဓစ္စသဟဂတ်	
အညသမာန် ၁၀, သဗ္ဗာကု ၄=	၁၄	။	။	။	။	။	။	။	။	။	။	။	။	၁၂
အဓိမောက္ခ	၁	။	။	။	။	။	။	။	။	။	။		။	၁၁
ပီတိ	၁	။	။	။	။									၄
ဆန္ဒ	၁	။	။	။	။	။	။	။	။	။	။			၁၀
လောဘ	၁	။	။	။	။	။	။	။	။					၈
ဒိဋ္ဌိ	၁	။	။			။	။							၄
မာန	၁			။	။			။	။					၄
ဒေါသ, ကြွင်း, မစ်, ကုက်	၄									။	။			၂
ထိနမိဒ္ဓ	၂		။		။		။		။		။			၅
ဝိစိကိစ္ဆာ	၁											။		၁
စေတသိက်ပေါင်း	၂၇	၁၉	၂၁	၁၉	၂၁	၁၈	၂၀	၁၈	၂၀	၂၀	၂၂	၁၅	၁၅	

အဟိတ်စိတ်၌ စေတသိက်ယှဉ်ပုံ (၄၈)၌ နည်းပေးထားခဲ့သည့်အတိုင်း သမ္မယောဂနည်း, သင်္ဂဟနည်းတို့ဖြင့် ခွဲစိတ် ဝေဖန်ပါ။

အကုသိုလ်စိတ် ၁၂-ပါးလုံး၌ယှဉ်သော စေတသိက်များမှာ ဆန္ဒ,ပီတိ, အဓိမောက္ခကြွင်းသော အညသမာန်း ၁၀-ပါး၊ သဗ္ဗာကုသလသာမာရဏ ၄-ပါး၊ ပေါင်း ၁၄-ပါးဖြစ်သည်၊ ဤစေတသိက်တို့ကို "သဗ္ဗာကုသလယောဂီ"ဟု ခေါ်သည်၊ ကြွင်း ၁၃-ပါးသော စေတသိက်တို့သည် "အကုသလဝိသေသကစေတသိက်"များ ဖြစ်ကြသည်။

အကုသိုလ်စိတ် ၁၁-ပါး၌ ယှဉ်သော စေတသိက်မှာ အဓိမောက္ခဖြစ်သည်။

အကုသိုလ်စိတ် ၁၀-ပါး၌ယှဉ်သော စေတသိက်မှာ ဆန္ဒဖြစ်သည်။

အကုသိုလ်စိတ် ၈-ပါး၌ယှဉ်သော စေတသိက်မှာ လောဘဖြစ်သည်။

အကုသိုလ်စိတ် ၅-ပါး၌ယှဉ်သော စေတသိက်မှာ ထိနမိဒ္ဓဖြစ်သည်။

http://www.dhammadownload.com

သောဘနသမ္မယောဂနည်း ၄-ပါး

၂၈။ ပန-ကား၊ သောဘနေသု-သောဘနစေတသိက်တို့တွင်၊ တာဝ-ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာ- ညွှန်ပြအပ်ကုန်သော၊) သောဘနသာမာရဏာ-သောဘနသာမာရဏမည် ကုန်သော၊ ကေနဝိသတိ-တစ်ခုယုတ်နှစ်ဆယ်သော၊ ဣမေ စေတသိကာ-တို့သည်၊ သဗ္ဗေသုပိ-ကုန်သော၊ ဧကေနသင်္ခိသောဘနစိတ္တေသု-တစ်ခုယုတ်ခြောက်ဆယ်သော သောဘနစိတ်တို့၌၊ သံဝိဇ္ဇန္တိ-ရှိကုန်၏။ (ယှဉ်ကုန်၏။)

၂၉။ ပန-ကား၊ တိသောပိ- ၃-ပါးလည်းဖြစ်ကုန်သော၊ ဝိရတိယော-ဝိရတိ စေတသိက်တို့ကို၊ လောကုတ္တရစိတ္တေသု-လောကုတ္တရာစိတ်တို့၌၊ သဗ္ဗထာပိ-(ဒုစရိုက်

အကုသိုလ်စိတ် ၄-ပါး၌ယှဉ်သော စေတသိက်တို့မှာ ဝိတိ, ဒိဋ္ဌိ, မာန-တို့ ဖြစ်ကြသည်၊ ထို့တွင် ဝိတိသည် လောဘမူသောမနသ ၄-ပါး၌ယှဉ်သည်၊ ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌ ယှဉ်သည်၊ မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ယှဉ်သည်။

အကုသိုလ်စိတ် ၂-ပါး၌ယှဉ်သော စေတသိက်မှာ ဒေါစတုက်တို့ ဖြစ်ကြသည်။

အကုသိုလ်စိတ် ၁-ပါး၌သာယှဉ်သော စေတသိက်မှာ ဝိစိကိစ္ဆာဖြစ်သည်။

လောဘမူစိတ် ၈-ပါးလုံး၌ယှဉ်သောစေတသိက်မှာ ဝိတိကြဉ်သော အညသမာန်းစေတသိက် ၁၂-ပါး၊ သဗ္ဗာကုသလသာမာရဏစေတသိက် ၄-ပါး၊ လောဘ ၁-ပါး၊ ပေါင်း ၁၇-ပါး ဖြစ်သည်၊ ဤစေတသိက်တို့ကို "သဗ္ဗလောဘမူလယောဂီ"ဟု ခေါ်သင့်သည်၊ ဝိတိ, ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓတို့ကား "လောဘမူလ ဝိသေသကစေတသိက်"တို့တည်း။

ဒေါသမူစိတ် ၂-ပါးလုံး၌ယှဉ်သော စေတသိက်မှာ ဝိတိကြဉ်သော အညသမာန်းစေတသိက် ၁၂-ပါး၊ သဗ္ဗာကုသလသာမာရဏစေတသိက် ၄-ပါး၊ ဒေါစတုက် ၄-ပါး၊ ပေါင်း ၂၀-ဖြစ်သည်၊ ၄င်းတို့ကို"သဗ္ဗဒေါသမူလယောဂီ"ဟု ခေါ်သင့်သည်၊ ထိနမိဒ္ဓတို့ကား "ဒေါသမူလဝိသေသက စေတသိက်"တို့တည်း။

မောဟမူစိတ် ၂-ပါးလုံး၌ယှဉ်သောစေတသိက်မှာ သဗ္ဗာကုသလယောဂီစေတသိက် ၁၄-ပါးတို့သာတည်း၊ အဓိမောက္ခနှင့် ဝိစိကိစ္ဆာတို့ကား "မောဟမူလဝိသေသကစေတသိက်" များတည်း၊ ဤသို့စသည်ဖြင့်လည်း ဇယားကိုကြည့်၍ ခွဲပါ။

သောဘနသမ္မယောဂနည်း

၂၈။ သောဘနသာမာရဏစေတသိက် ၁၉-ပါးသည် သောဘနစိတ် ၅၉၊ (အကျယ် ၉၁)ပါး တို့၌ ယှဉ်သည်။ (ဧကေနဝိသတိ ဓမ္မာ ဇာယန္တေ ကုနသင်္ခိသု။)

၂၉။ ဝိရတိစေတသိက် ၃-ပါးသည် လောကုတ္တရာစိတ် ၈-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ ပေါင်း ၁၆-ပါးသောစိတ်တို့၌ ယှဉ်သည်။ (တယော သောဠသစိတ္တေသု။)

http://www.dhammadownload.com

ဒုရာဇိဝ ဟူသမျှကို လုံးဝကုန်စင် ရှောင်ကြဉ်ဖယ်ရှား) အလုံးစုံသော အပြားအားဖြင့်လည်း၊ နိယတာ–အမြဲယှဉ်ကုန်လျက်၊ ဧကတောဝ–တစ်ပြိုင်နက်ပင်လျှင်၊ လဗ္ဘန္တိ–ရအပ်ကုန်၏၊ ပန–ကား၊ လောကိယေသု–လောကီစိတ်တို့တွင်၊ ကာမာဝစရကုသလေသွေဝ–ကာမာဝစရကုသိုလ်စိတ်တို့၌သာ၊ ကဒါစိ–(ဒုစရိုက်ဒုရာဇိဝတို့မှ ရှောင်ကြဉ်ခိုက်သာ) တစ်ရံတစ်ခါ၌၊ ဝိသုံဝိသုံ–အသီးအသီး၊ ဝါ–တစ်ပါးချင်း တစ်ပါးချင်း၊ သန္ဒိဿန္တိ–ထင်ကုန်၏။ (ယှဉ်ကုန်၏။)

ထိုတွင် လောကုတ္တရာစိတ်၌ ယှဉ်သည့်အခါ–

၁။ **သဗ္ဗထာ=** ဒုစရိုက် ဒုရာဇိဝအားလုံးကို ဆိုင်ရာမဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖြတ်နိုင်သောကြောင့်

၂။ **နိယတာ=** လောကုတ္တရာစိတ်ဖြစ်တိုင်းဖြစ်တိုင်း အမြဲယှဉ်သည်၊

၃။ **ဧကတောဝ=** ယင်းသို့ယှဉ်သည့်အခါမှာလည်း တစ်ပါးနှင့်တစ်ပါး မကင်းကွာဘဲ ၃–ပါးလုံး အတူတကွ တစ်ပြိုင်နက်ပင် ယှဉ်ကြသည်။

မဟာကုသိုလ်စိတ်၌ ယှဉ်သည့်အခါမှာမူ–

၁။ **ကဒါစိ=** လောကုတ္တရာစိတ်မှာကဲ့သို့ အမြဲယှဉ်သည် မဟုတ်ပါ၊ ဒုစရိုက် ဒုရာဇိဝတို့မှ ရှောင်ကြဉ်ရာ တစ်ရံတစ်ခါ၌သာ ယှဉ်သည်၊ မှန်၏= ဘုရားဖူးတရားနာအစရှိသောအခါမျိုး၌ မဟာကုသိုလ်စိတ်များ ဖြစ်ကြသော်လည်း ဒုစရိုက်ဒုရာဇိဝတို့မှ ရှောင်ကြဉ်မှု မရှိသောကြောင့် ဝိရတိများ မယှဉ်နိုင်ပါ။

၂။ **ဝိသုံဝိသုံ=** ထိုသို့ တစ်ရံတစ်ခါ၌သာ ယှဉ်ကြသော်လည်း လောကုတ္တရာ၌ကဲ့သို့ အတူတကွ ယှဉ်နိုင်ကြသည်ကား မဟုတ်ပါ၊ အသီးအသီး တစ်ပါးချင်း တစ်ပါးချင်းသာ ယှဉ်နိုင်ကြပါသည်။

ဝစီဒုစရိုက်မှ ရှောင်ကြဉ်၍ သမ္မာဝါစာယှဉ်ခိုက် သမ္မာကမ္မန္တ သမ္မာအာဇီဝတို့ မယှဉ်နိုင်၊ ကာယဒုစရိုက်မှရှောင်ကြဉ်၍ သမ္မာကမ္မန္တ ယှဉ်ခိုက် သမ္မာဝါစာ, သမ္မာအာဇီဝတို့မယှဉ်နိုင်၊ ဒုရာဇိဝမှရှောင်ကြဉ်၍ သမ္မာအာဇီဝယှဉ်ခိုက် သမ္မာဝါစာ, သမ္မာကမ္မန္တ တို့ မယှဉ်နိုင်–ဟု ဆိုလိုပါသည်။

သတ်ဖြတ်ခိုးဝှက်မှု စသည်တို့ကို ပြုလုပ်လျက် မတရားအသက်မွေးမှုကို "ဒုရာဇိဝ"ဟု ခေါ်သည်။ (ဒု–မကောင်းသော+အာဇီဝ–အသက်မွေးမှု။)

ဆောင်။ ။ လောကုတ်ယှဉ်မှီ, ဝိရတိလျှင်, ဒုရာဇိဝ, စရိုတကို, လုံးဝပယ်ခွာ, သို့တွက်တာ, မြဲစွာ အတူယှဉ်။

ထူးခြားလောကီ, ဝိရတိမူ, ဝစီကာယာ, ဒုများစွာနှင့်, ဒုရာဇိဝ, ရှောင်ရခိုက်သာ, ရံတစ်ခါ, ယှဉ်လာသီးသီးပင်။

http://www.dhammadownload.com

၃၀။ ပန-ကား၊ အပ္ပမညာယော-အပ္ပမညာစေတသိက်တို့သည်၊ ဒွါဒသသု-၁၂-ပါး ကုန်သော၊ ပဋ္ဌမဈာနဝဇ္ဇိတမဟဂ္ဂတစိတ္တေသုစေဝ-ပဋ္ဌမစျာန်သည်ကြဉ်အပ်သော မဟဂ္ဂုတ်စိတ်တို့လည်းကောင်း၊ ကာမာဝစရကုသလေသုစ-ကာမာဝစရကုသိုလ်စိတ်တို့ လည်းကောင်း၊ သဟေတုကကာမာဝစရကြိယစိတ္တေသုစ-သဟိတ်ကာမာဝစရကြိယာ စိတ်တို့လည်းကောင်း၊ ဣတိ-သို့၊ အဋ္ဌဝီသတိစိတ္တေသွေဝ-၂၈-ပါးသော စိတ်တို့၌သာ၊ ကဒါစိ-(သတ္တဝါပညတ်ကို အာရုံပြု၍ သနားမှု ဝမ်းမြောက်မှုဖြစ်ရာ) တစ်ရံတစ်ခါ၌၊ နာနာ-အသီးအသီးတို့သည်၊ ဟုတ္ဝာ-ဖြစ်ကုန်၍၊ ဇာယန္တိ-ဖြစ်ကုန်၏၊ ပန-ဝါဒအထူး ဆက်ပြဦးအံ့၊ ဇတ္ထ-ဤ ၂၈-ပါးသောစိတ်တို့တွင်၊ ဥပေက္ခာသဟဂတေသု-ဥပေက္ခာ သဟဂုတ်စိတ် ၈-ပါးတို့၌၊ ကရုဏာမုဒိတာ-ကရုဏာမုဒိတာစေတသိက်တို့သည်၊ နသန္တိ-မရှိကုန်၊ ဣတိ-သို့၊ ကေစိ-အချို့သောဆရာတို့သည်၊ ဝဒန္တိ-မိန့်ဆိုကြကုန်၏။

၃၁။ ပန-ကား၊ ပညာ-ပညာစေတသိက်သည်၊ ဒွါဒသသု-ကုန်သော၊ ဉာဏသမ္မယုတ္တကာမာဝစရစိတ္တေသုစေဝ-ဉာဏသမ္မယုတ် ကာမာဝစရစိတ်တို့လည်းကောင်း၊ သဗ္ဗေသုပိ-ကုန်သော၊ ပဋ္ဌတ္တိံသ မဟဂ္ဂတလောကုတ္တရစိတ္တေသုစ- ၃၅-ပါးသော

၃၀။ အပ္ပမညာစေတသိက် ၂-ပါးသည် ရူပါဝစရပထမစျာန်စိတ် ၃-ပါး၊ ဒုတိယစျာန်စိတ် ၃-ပါး၊ တတိယစျာန်စိတ် ၃-ပါး၊ စတုတ္ထစျာန်စိတ် ၃-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာ ကြိယာစိတ် ၈-ပါး၊ ပေါင်း ၂၈-ပါးသောစိတ်တို့၌ ယှဉ်သည်။ (အဋ္ဌဝီသတိယံ ဒွယံ။)

ထိုသို့ ယှဉ်သည့်အခါမှာလည်း-

၁။ **ကဒါစိ=** သတ္တဝါပညတ်ကို အာရုံပြု၍ သနားမှု ဝမ်းမြောက်မှုဖြစ်သည့် အခါမျိုး မှာသာ ယှဉ်သည်၊ ဘုရားကို ကြည်ညိုဝတ်ပြုရာ စသော အခါမျိုးမှာ မယှဉ်နိုင်ပါ။

၂။ **နာနာ=** ယင်းသို့ တစ်ရံတစ်ခါမှာသာ ယှဉ်ကြပါသော်လည်း ၂-ပါးအတူတကွ ယှဉ်နိုင်ကြသည် မဟုတ်ပါ၊ တသီးတခြားစီသာ ယှဉ်နိုင်ကြပါသည်၊ ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားသည့်အခါမှာ ကရုဏာ ယှဉ်သည်၊ မုဒိတာ မယှဉ်နိုင်၊ သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သည့်အခါမှာ မုဒိတာသာ ယှဉ်သည်၊ ကရုဏာမယှဉ်နိုင်-ဟု ဆိုလိုပါသည်။

ထို ၂၈-ပါးသော စိတ်တို့တွင် မဟာကုသိုလ်ဥပေက္ခာ ၄-ပါး၊ မဟာကြိယာဥပေက္ခာ ၄-ပါး၊ ပေါင်း ၈-ပါးသော ဥပေက္ခာသဟဂုတ်စိတ်တို့၌ ကရုဏာ, မုဒိတာတို့ မယှဉ်သင့်-ဟု အချို့ဆရာများ မိန့်ဆိုကြပါသေးသည်၊ သို့ပင်ဆိုစေကာမူ သူတို့ဆိုတိုင်း မမှတ်ယူသင့်ပါ၊ ၂၈-ပါးသောစိတ်တို့၌ ယှဉ်နိုင်သည်-ဟုသာ မှတ်ယူသင့်ပါသည်။

၃၁။ ပညာစေတသိက်သည် ဉာဏသမ္မယုတ် ကာမာဝစရစိတ် ၁၂-ပါး၊ မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅-ပါး၊ ပေါင်း ၄၇-ပါးသောစိတ်တို့၌ ယှဉ်သည်။ (ပညာ ပကာသိတာ သတ္တ-စတ္တာလီသဝိဓေသုပိ။)

http://www.dhammadownload.com

မဟဂ္ဂုတ်လောကုတ္တရာစိတ်တို့လည်းကောင်း၊ ကုသိ-သို့၊ သတ္တစတ္တာလီသ စိတ္တေသု-၄၇-ပါးသောစိတ်တို့၌၊ သမ္မယောဂ်-ယှဉ်ခြင်းသို့၊ ဂစ္ဆတိ-ရောက်၏၊ ကုသိ-သောဘန စေတသိက်တို့ ဤသို့ယှဉ်ကုန်၏။

သင်္ဂဟဂါထာများ

၃၂။ ဧကူနဝီသတိ-တစ်ခုယုတ် နှစ်ဆယ်သော၊ ဓမ္မာ-သဘောတရားတို့သည်၊ ဧကူနသဋ္ဌိသု-တစ်ခုယုတ်ခြောက်ဆယ်သောစိတ်တို့၌၊ ဇာယန္တိ-ဖြစ်ကုန်၏၊ တယော-၃-ပါးသော စေတသိက်တို့သည်၊ သောဠသစိတ္တေသု- ၁၆-ပါးသောစိတ်တို့၌၊ ဇာယန္တိ-ကုန်၏၊ ဒွယံ-စေတသိက် ၂-ပါးအပေါင်းသည်၊ အဋ္ဌဝီသတိယံ- ၂၈-ပါးသောစိတ်၌၊ ဇာယတိ-ဖြစ်၏။

ပညာ-ပညာကို၊ သတ္တစတ္တာလီသဝိဓေသုပိ- ၄၇-ပါး အပြားရှိသောစိတ်တို့၌၊ (ပိသဒ္ဒါအနက်မရှိ၊) ပကာသိတာ-ပြအပ်၏၊ ဧဝံ-ဤသို့၊ သောဘနာ-သောဘန စေတသိက်တို့သည်၊ သောဘနေသွေဝ-သောဘနစိတ်တို့၌သာ၊ စတုဓာ- ၄-ပါးအပြား အားဖြင့်၊ သမ္မယုတ္တာ-ယှဉ်ကုန်၏။

၃၂။ သောဘနသာဓာရဏစေတသိက် ၁၉-ပါးသည် သောဘနစိတ် ၅၉-ပါးတို့၌ ယှဉ်၏။
ဝိရတိစေတသိက် ၃-ပါးသည် စိတ် ၁၆-ပါးတို့၌ ယှဉ်၏။
အပ္ပမညာစေတသိက် ၂-ပါးသည် ၂၈-ပါးသောစိတ်တို့၌ ယှဉ်၏။
ပညာစေတသိက်သည် ၄၇-ပါးသောစိတ်တို့၌ ယှဉ်၏။
အကျယ်သရုပ်ကို အပေါ်စုဏ္ဍိယကိုရှု၍ ရေတွက်ပါ။

"သမ္မယုတ္တာ စတုဓေဝံ"ဖြင့်-
၁။ "ဧကူနဝီသတိ ဓမ္မာ၊ ဇာယန္တေ ကုနသဋ္ဌိသု= သောဘနသာဓာရဏစေတသိက်တို့၏ သမ္မယောဂနည်း ၁-ပါး၊
၂။ တယော သောဠသစိတ္တေသု= ဝိရတိစေတသိက်တို့၏ သမ္မယောဂနည်း ၁-ပါး၊
၃။ အဋ္ဌဝီသတိယံ ဒွယံ= အပ္ပမညာစေတသိက်တို့၏ သမ္မယောဂနည်း ၁-ပါး၊
၄။ ပညာ ပကာသိတာ သတ္တ-စတ္တာလီသဝိဓေသုပိ=ပညာဇ္ဈေ၏ သမ္မယောဂနည်း ၁-ပါး"အားဖြင့်သောဘနစေတသိက်တို့၏ သမ္မယောဂနည်း ၄-ပါးကို ပြသည်၊ ဧကူနသဋ္ဌိစသော သရုပ်တို့၏ သရုပ်ယူကို ရှုမှတ်ညွှန်ပြခဲ့ပြီးပါပြီ။

သမ္မယောဂနည်းပေါင်း

အညသမာန်းစေတသိက်တို့၏ သမ္မယောဂနည်း ၇-ပါး၊
အကုသိလ်စေတသိက်တို့၏ သမ္မယောဂနည်း ၅-ပါး၊
သောဘနစေတသိက်တို့၏ သမ္မယောဂနည်း ၄-ပါး၊
ပေါင်း သမ္မယောဂနည်း ... ... ၁၆-ပါးဖြစ်သတည်း။

ဆောင်။ ။ အညသတ္တ, ပဉ္စအကု, သောစတု, ပေါင်းစုသမ္မယောဂ သောဠသ။

http://www.dhammadownload.com

ကာမာဝစရသောဘနစိတ်၌ စေတသိက်ယှဉ်ပုံ

အညနှင့်သောဘန စေတသိက် ၃၈ ↓ ဥပေက္ခာအစုံ	မဟာကုသိုလ် ၈				မဟာဝိပါက် ၈				မဟာကြိယာ ၈				စုစုပေါင်း
	ဉာဏသမ္ပယုတ်အစုံ	ဉာဏဝိပ္ပယုတ်အစုံ	ဒိဋ္ဌိသမ္ပယုတ်အစုံ	ဒိဋ္ဌိဝိပ္ပယုတ်အစုံ	ဉာဏသမ္ပယုတ်အစုံ	ဉာဏဝိပ္ပယုတ်အစုံ	ဒိဋ္ဌိသမ္ပယုတ်အစုံ	ဒိဋ္ဌိဝိပ္ပယုတ်အစုံ	ဉာဏသမ္ပယုတ်အစုံ	ဉာဏဝိပ္ပယုတ်အစုံ	ဒိဋ္ဌိသမ္ပယုတ်အစုံ	ဒိဋ္ဌိဝိပ္ပယုတ်အစုံ	
အညသမာန် ၁၂, သောဘန ၁၉ = ၃၁	။	။	။	။	။	။	။	။	။	။	။	။	၂၄
ဝိတက် ၁	။	။			။	။			။	။			၁၂
ဝိရတိ * ၃	။	။	။	။									၈
အပ္ပမညာ * ၂	။	။	။	။					။	။	။	။	၁၆
ပညာ ၁	။		။		။		။		။		။		၁၂
စေတသိက်ပေါင်း ၃၈	၃၈	၃၇	၃၇	၃၆	၃၃	၃၂	၃၂	၃၁	၃၅	၃၄	၃၄	၃၃	

ဆိုခဲ့ပြီးသည့်အတိုင်း သမ္မယောဂနည်း သင်္ဂဟနည်းတို့ဖြင့် ခွဲစိတ်ဝေဖန်ပါ၊ အဟိတ်စိတ်၌ စေတသိက်ယှဉ်ပုံ (၄၈)၌ နည်းပေးထားခဲ့သည်ကိုလည်း ပြန်ရှုပါ။

ကာမာဝစရသောဘနစိတ် ၂၄-ပါးလုံးမှာယှဉ်သော စေတသိက်တို့ကား ဝိတိက္ကသော အညသမာန်းစေတသိက် ၁၂-ပါး၊ သောဘနသာမာရဏစေတသိက် ၁၉-ပါး၊ ပေါင်း ၃၁-ပါး တို့တည်း၊ ဤစေတသိက်တို့ကို "သဗ္ဗကာမာဝစရသောဘနယောဂီစေတသိက်များ"ဟု ဆိုသင့်သည်၊ ကျန်စေတသိက်များ၏ ကာမာဝစရဝိသေသကဖြစ်ကြောင်းကိုကား "အပ္ပမညာစ မဒ္ဒိမေ၊ ဝိရတိဉာဏပီတိစ , ပရိတ္တေသု ဝိသေသကာ"ဟု ဆရာကိုယ်တိုင်ပင် မိန့်ဆိုထားပါသည်။

ကာမာဝစရသောဘနစိတ် ၁၆-ပါးမှာ ယှဉ်သောစေတသိက်ကား အပ္ပမညာဒွေးတည်း။

ကာမာဝစရသောဘနစိတ် ၁၂-ပါးမှာ ယှဉ်သောစေတသိက်ကား ဝိတိနှင့် ပညာတို့တည်း၊ ထိုတွင် ဝိတိသည် သောမနဿသဟဂုတ် ၁၂-ပါးမှာယှဉ်၍ ပညာသည် ဉာဏသမ္ပယုတ် ၁၂-ပါးမှာ ယှဉ်ပါသည်။

ကာမာဝစရသောဘနစိတ် ၈-ပါးမှာ ယှဉ်သောစေတသိက်ကား ဝိရတိစေတသိက် ၃-ပါးတည်း။

မဟာကုသိုလ်စိတ် ၈-ပါးလုံးမှာ ယှဉ်သောစေတသိက်ကား ဝိတိကြဉ်သော အညသမာန်း စေတသိက် ၁၂-ပါး၊ ပညာကြဉ်သော သောဘနစေတသိက် ၂၄-ပါး၊ ပေါင်း ၃၆-ပါးတည်း၊ ဤစေတသိက်တို့ကို "သဗ္ဗကာမာဝစရကုသလယောဂီစေတသိက်"ဟု ခေါ်သင့်သည်၊ ဝိတိနှင့် ပညာတို့သည် ဝိသေသကစေတသိက်များ ဖြစ်ကြသည်။

မဟာကြိယာစိတ် ၈-ပါးလုံးမှာ ယှဉ်သောစေတသိက်ကား ဝိတိကြဉ်သော အညသမာန်း ၁၂၊ သောဘနသာမာရဏ ၁၉၊ အပ္ပမညာ ၂၊ ပေါင်း ၃၃-ပါးတည်း၊ ၄င်းတို့ကို "သဗ္ဗ

http://www.dhammadownload.com

သဟေတုကကာမာဝစရကြိုယထောဂီစေတသိက်”ဟု ဆိုသင့်သည်၊ ပိတိနှင့်ပညာတို့ကား “ဝိသေသကစေတသိက်”များတည်း၊ မဟာဝိပါက်စိတ် ၈-ပါးလုံး၌ယှဉ်သော စေတသိက်စသည်တို့ကိုလည်း ရေတွက်ကြည့်ပါ။

မဟဂ္ဂုတ်လောကုတ္တရာစိတ်၌ စေတသိက်ယှဉ်ပုံ

အညသမာန်းနှင့်သောဘန စေတသိက် ၃၈	ပဋိဘာဂနိမိတ္တုပ္ပါဒကထာ	မဟဂ္ဂုတ် ၂၇					လောကုတ္တရာ ၄၀					စုစုပေါင်း
		ပဌမဈာန်	ဒုတိယဈာန်	တတိယဈာန်	စတုတ္ထဈာန်	ပဉ္စမဈာန်	ပဌမဈာန်	ဒုတိယဈာန်	တတိယဈာန်	စတုတ္ထဈာန်	ပဉ္စမဈာန်	
အညသမာန် ၉, သော ၁၉, ပညာ= ၂၉		။	။	။	။	။	။	။	။	။	။	၆၇
ဝိတက်	၁	။					။					၁၁
ဝိစာရ	၁	။	။				။	။				၂၂
ပီတိ	၁	။	။	။			။	။	။			၃၃
ဝေဒနာ* သုခ	၁	။	။	။	။		။	။	။	။		၄၄
ဝေဒနာ* ဥပေက္ခာ	၁					။					။	၂၃
ဝိရတိ	၃						။	။	။	။	။	၄၀
အပ္ပမညာ	၂	။	။	။	။							၁၂
စေတသိက်ပေါင်း	**၃၈**	၃၅	၃၄	၃၃	၃၂	၃၀	၃၆	၃၅	၃၄	၃၃	၃၃	

မဟဂ္ဂုတ်လောကုတ္တရာစိတ် အားလုံးမှာယှဉ်သော စေတသိက်ကား ဝိတက်, ဝိစာရ, ပီတိကြဉ်သော အညသမာန်း ၁၀၊ ဝိရတိအပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၀၊ ပေါင်း ၃၀-တို့တည်း၊ ၄င်းတို့ကို “သဗ္ဗမဟဂ္ဂတလောကုတ္တရယောဂီစေတသိက်”ဟု ခေါ်သင့်သည်၊ မဟဂ္ဂုတ်စိတ်အားလုံးမှာယှဉ်သော စေတသိက်များလည်း ၄င်းတို့ပင် ဖြစ်ကြသည်၊ ဝိတက်, ဝိစာရစသော စျာန်တရားများနှင့် အပ္ပမညာတို့သည် “မဟဂ္ဂတဝိသေသကစေတသိက်”များဖြစ်ကြသည်၊ “အပ္ပမညာ စ မဇ္ဈိမေ”ကိုလည်းထောက်ပါ။

လောကုတ္တရာစိတ်အားလုံး၌ ယှဉ်သောစေတသိက်များကား ဝိတက်, ဝိစာရ, ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၀၊ အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၃-ပါး၊ ပေါင်း ၃၃-ပါးဖြစ်သည်၊ ၄င်းတို့ကို “သဗ္ဗလောကုတ္တရယောဂီစေတသိက်များ”ဟု ခေါ်သင့်သည်၊ “ဝိတက်, ဝိစာရ, ပီတိ ဝေဒနာ”ဟုဆိုအပ်သော စျာန်တရားတို့သည် “လောကုတ္တရဝိသေသက စေတသိက်များ” ဖြစ်ကြသည်၊ ထို့ကြောင့်ပင် ဆရာကိုယ်တိုင် “အနုတ္တရေ စျာနဓမ္မာ”ဟု မိန့်ဆိုထားသည် မဟုတ်ပါလော။

http://www.dhammadownload.com

နိယတ, အနိယတယောဂီစေတသိက်များ

၃၃။ ယထာဝုတ္တာနုသာရေန–အကြင်အကြင်ဆိုအပ်ပြီးသော သမ္မယောဂနည်းသင်္ဂဟနည်းကို အစဉ်လိုက်သဖြင့်၊ ဣဿာမစ္ဆေရကုက္ကုစ္စဝိရတိကရုဏာဒယော–ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, (လောကီ)ဝိရတိ ၃–ပါး, ကရုဏာ, မုဒိတာစေတသိက်တို့သည်၊ နာနာ–တသီးတခြား တစ်ပါးစီတို့သည်၊ ဟုတွာ–ဖြစ်ကုန်၍၊ ကဒါစိ–တစ်ရံတစ်ခါ၌၊ ဇာယန္တိ–ဖြစ်ကုန်၏၊ မာနောစ–မာနစေတသိက်သည်လည်း၊ ကဒါစိ–(ငါအမြတ်ဆုံး စသည်ဖြင့်ဖြစ်ရာ) တစ်ရံတစ်ခါ၌၊ ဇာယတိ–ဖြစ်၏၊ ထိနမိဒ္ဓ–ထိနမိဒ္ဓသည်၊ တထာ–(ထိုထိုအမှု၌ မကောင်းသည်၏ အဖြစ်ဖြင့်ဖြစ်ရာ) ထိုတစ်ရံတစ်ခါ၌၊ သဟ–အတူတကွ၊ ဇာယတိ–ဖြစ်၏။

ပြခဲ့ပြီးသောသရုပ်ခွဲများကို ပိုင်နိုင်အောင် လေ့လာထားပါက နောက်ပြဆိုမည့် သင်္ဂဟနည်းအတွက်ပါ နားလည်ပြီး ဖြစ်လာပါလိမ့်မည်၊ တစ်စုံတစ်ရာ အခက်တွေ့ရတော့မည် မဟုတ်ပါ၊ သို့ဖြစ်၍ အပြန်ပြန် အလှန်လှန် ကြေညက်နိုင်သမျှ ကြေညက်အောင် လေ့လာထားစေလိုပါသည်။

"သဗ္ဗ... ...ယောဂီစေတသိက်"နှင့် "ဝိသေသကစေတသိက်"တို့ကိုအချိုးတကျ အသုံးချတတ်အောင်လည်း အထူးကြိုးစားထားစေလိုပါသည်။

၃၃။ နိယတယောဂီ, အနိယတယောဂီ

မိမိတို့ယှဉ်ဖက်စိတ် ဖြစ်တိုင်းဖြစ်တိုင်း အမြဲယှဉ်လျက် ပါသောစေတသိက်တို့ကို "နိယတယောဂီ"ဟု ခေါ်သည်၊ မိမိတို့၏ ယှဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲယှဉ်လျက် မပါဘဲ တစ်ရံတစ်ခါမှသာ ယှဉ်လျက်ပါလာသော စေတသိက်တို့ကို "အနိယတယောဂီ"ဟု ခေါ်သည်။ (နိယတ–အမြဲ+ယောဂီ–ယှဉ်လေ့ရှိသော စေတသိက်၊ အနိယတယောဂီ–အမြဲယှဉ်လေ့ရှိသည် မဟုတ်သော စေတသိက်။)

ထိုစေတသိက်တို့၏ သဘောကို သမ္မယောဂနည်း၌ ပြဆိုခဲ့သော စေတသိက်ယှဉ်ပုံအားလျော်စွာ ခွဲစိတ်ဝေဖန်ပြပါမည်၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတိ, ကရုဏာ, မုဒိတာ, မာန, ထိန, မိဒ္ဓ၊ ဤ ၁၁–ပါးသော စေတသိက်တို့သည် "အနိယတယောဂီ" မည်ကြသည်။ (ကရုဏာဒယော–၌ အာဒိ–သဒ္ဒါဖြင့် မုဒိတာကို ယူရသည်။)

ယင်းစေတသိက်တို့ကို "နာနာ ကဒါစိ စေတသိက်, ကဒါစိ စေတသိက်, သဟကဒါစိ စေတသိက် (တစ်နည်း–သဟနာနာကဒါစိစေတသိက်)"ဟု ၃–မျိုး ခွဲပြပါမည်။

ထိုတွင် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတိ ၃–ပါး, ကရုဏာ, မုဒိတာ၊ ဤ ၈–ပါးသော စေတသိက်တို့သည် "နာနာကဒါစိစေတသိက်"တို့ မည်၏၊ မှန်၏= ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့သည် ဒေါသမူဌေး၌ ယှဉ်ကြသော်လည်း ဒေါသမူစိတ်ဖြစ်တိုင်း ပါနိုင်ကြသည်ကား မဟုတ်ပါ၊ သူတစ်ပါးစည်းစိမ်ကို အာရုံပြု၍ ငြူစူမှု–စသည် ဖြစ်ခိုက်မှာသာ ပါနိုင်ကြပါသည်။

ယင်းသို့ ပါဝင်ကြသည့် အခါမှာလည်း ဣဿာက သူများစည်းစိမ်ကို အာရုံပြုသည်၊ မစ္ဆရိယက ကိုယ့်စည်းစိမ်ကို အာရုံပြုသည်၊ ကုက္ကုစ္စက ပြုပြီးဒုစရိုက်, မပြုမိသော သုစရိုက်ကို

http://www.dhammadownload.com

[တစ်နည်းကား=ထိနမိဒ္ဓ-သည်၊ တထာ-ထိုတစ်ရံတစ်ခါ၌၊ သဟစ-ဒေါသမူသသန်ဂါရိကစိတ်၌ယှဉ်ခိုက် ကျသော မစ္ဆရိယ ကုက္ကုစ္စ, ဒိဋ္ဌဂတဝိပ္ပယုတ် သသန်ဂါရိကဉ္စ ယှဉ်ခိုက် မာနတို့နှင့်တကွလည်းကောင်း၊ နာနာစ-(လောဘမူသသန်ဂါရိက ဒေါသမူသသန်ဂါရိကတို့၌ ယှဉ်ခိုက်သော်မှလည်း) တသီးတခြားလည်းကောင်း၊ ဇာယတိ-ဖြစ်၏။]

သေသာ-ကြွင်းသောစေတသိက်တို့သည်၊ နိယတယောဂိနော-အမြဲယှဉ်လေ့ရှိသော စေတသိက်တို့မည်၏။

အာရုံပြုသည်၊ ဤသို့ အာရုံမတူကြသည့်အတွက် ဧကာလမ္ဗဏလက္ခဏာ ချို့တဲ့ကြသောကြောင့် အတူတကွ မပါဝင်နိုင်ကြပါ၊ မိမိတို့ဆိုင်ရာ အာရုံကို အာရုံပြုခိုက် တစ်ပါးစီသာ ပါဝင်နိုင်ကြပါသည်။

ဆောင်။ ။ သူများဥစ္စာ, ကိုယ့်ဥစ္စာနှင့်, ကတာကတ, စရိတဟု, အာရုံပြုရာ, ကွဲပြားပါ၍, ကျသော မစ္ဆရိယ, ကုက္ကုစ္စ, ယှဉ်ရသီးသီးသာ။

တစ်နည်း။ ။ သူတစ်ပါး၊ စည်းစိမ်များ ကျသော၊
ကိုယ့်စည်းစိမ်-မစ္ဆရိုင်ယ်၊ ပြုဘို မှန်စွာ၊
ဒုပြုမိ- မပြုမိ သုစရိတာ၊ ကုက္ကုစ္စာ ပြုအပ်၊
ဤသို့သာ-အာရုံပြားလို့ရယ်၊ သီးခြားယှဉ်လတ်။

ထို့ပြင် ဝိရတိနှင့်ကရုဏာ, မုဒိတာတို့သည် မဟာကုသိုလ်စိတ်၌ ယှဉ်ကြစေကာမူ မဟာကုသိုလ်စိတ်ဖြစ်တိုင်း ယှဉ်နိုင်ကြသည်ကား မဟုတ်ပါ၊ ဝစီဒုစရိုက်စသည်တို့မှ ရှောင်ကြဉ်သည့် အခါမျိုးမှာသာ ယှဉ်နိုင်ကြပါသည်။

ယင်းသို့ ယှဉ်သည့်အခါ၌သော်မှလည်း ဝိရတိက ဝိတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍ အပ္ပမညာက သတ္တဝါပညတ်ကို အာရုံပြုသည့်အတွက် ဧကာလမ္ဗဏမဖြစ်ကြသောကြောင့် အတူတကွ မယှဉ်နိုင်ကြပါ၊ မိမိ မိမိတို့၏ ဆိုင်ရာအာရုံကို အာရုံပြုသည့်အခိုက်မှာသာ တစ်ပါးစီတစ်ပါးစီ ယှဉ်ကြပါသည်၊ ဝိရတိချင်း အတူတကွ မဖြစ်နိုင်ပုံကို (၅၄)၌လည်းကောင်း, အပ္ပမညာချင်း အတူတကွ မဖြစ်နိုင်ပုံကို (၆၅)၌လည်းကောင်း ရှုပါ။

ဆောင်။ ။ သုံးဝိရတိ, တိက္ကမိတဗ်, ဝတ္ထုရုပ်နှင့်, အပ္ပမညာ, နှစ်ပါးမှာမူ, သတ္တဝါပညတ်, ပြုပါအပ်၍, ပြားလတ်အာရုံ, တူမဆုံ, ယှဉ်ကုန် သီးသီးသာ။

တစ်နည်း။ ။ ဝိရတိ၊ တိက္ကမိတဗ္ဗာ၊
ဝတ္ထုဆို-အာရုံစုကို၊ ပြုဘိသေချာ၊
ပမညာ-သတ္တဝါ ပညတ်၊
ဤသို့သာ-အာရုံပြားလို့ရယ်၊ သီးခြား ယှဉ်လတ်။

မာနသည် ကဒါစိစေတသိက်မည်၏၊ မှန်ပါသည်= မာနသည် ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်၌ ယှဉ်စေကာမူ ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ဖြစ်တိုင်း ယှဉ်နိုင်သည်ကား မဟုတ်ပါ၊ ငါသာ အမြတ်ဆုံး

http://www.dhammadownload.com

သင်္ဂဟနည်း ၃၃-ပါး

၃၄။ ဒါန-ယခုအခါ၌၊ တေသံ-ထိုစေတသိက်တို့၏၊ သင်္ဂဟ-(ထိုထိုစိတ်၌ ယှဉ်ထိုက်သမျှ ပေါင်းယူပြသည့်) သင်္ဂဟနည်းကိုလည်း၊ ယထာရဟံ-ထိုက်သည်အား လျော်စွာ၊ ပဝက္ခာမိ-ဆိုပေအံ့။

သင်္ဂဟနည်း ဥဒ္ဒေသဂါထာ

၃၅။ အနုတ္တရေ-လောကုတ္တရာစိတ်၌၊ ဆတ္တိံသ- ၃၆-ပါးသော၊ ဓမ္မာ-သဘောတရားတို့ကို၊ လဗ္ဘန္တိ-ရအပ်ကုန်၏၊ မဟဂ္ဂတေ-မဟဂ္ဂုတ်စိတ်၌၊ ပဉ္စတ္တိံသ-၃၅-ပါးသော၊

အစရှိသည်ဖြင့် ထောင်လွှားတက်ကြွသည့် အခါမျိုးမှာသာ ယှဉ်နိုင်ပါသည်။ (ကဒါစိန္တ် အနိယတ ယောဂီ သဘောသွင်းတူကြောင်းကိုလည်း သတိပြုပါ။)

ထိနမိဒ္ဓသည် သဟကဒါစိစေတသိက် ဖြစ်၏၊ မှန်ပါသည်=ထိနမိဒ္ဓတို့သည် အကုသိုလ် သသခ်ါရိကစိတ် ၅-ပါး၌ ယှဉ်ပါသော်လည်း အမြဲယှဉ်နိုင်သည်ကား မဟုတ်ပါ၊ ထိုထိုအမှု၌ မကောင်းမှု၏ အဖြစ်ဖြင့်ဖြစ်ရာ တစ်ရံတစ်ခါ၌သာ ယှဉ်နိုင်ပါသည်၊ ယင်းသို့ယှဉ်သည့်အခါမှာလည်း ၂-ပါးမခွဲ တစ်တွဲတည်းပင် ယှဉ်နိုင်သည်။

စိတ်မလန်းဘဲ ခပ်ထိုင်းထိုင်း ဖြစ်နေမှုသည် "ထိန"မည်၍ ယှဉ်ဖက်စေတသိက်များ မလန်းဘဲ မှိုင်းတိုင်းတိုင်း ဖြစ်နေမှုက "မိဒ္ဓ"မည်ရကား၊ စိတ်နှင့် ယှဉ်ဖက်စေတသိက်တို့ကို ခွဲခြား၍ မရသလို ထိနနှင့်မိဒ္ဓကိုလည်း ခွဲခြား၍ မရစကောင်းပါ၊ ထို့ကြောင့် အတူတူယှဉ်ရပါသည်။

တစ်နည်း= ထိနမိဒ္ဓသည် သဟနာနာကဒါစိစေတသိက်ဖြစ်၏၊ မှန်ပါသည်= ထိနမိဒ္ဓသည် ဒေါသမူ သသခ်ါရိကစိတ်၌ ယှဉ်သည့်အခါ ကုဿာ, မဒ္ဒရိယ, ကုက္ကုစ္စတို့တွင် တစ်ပါးပါးနှင့် တကွဖြစ်၍ ဒိဋ္ဌိဂတဝိပ္ပယုတ် သသခ်ါရိကစိတ်၌ ယှဉ်သည့်အခါ မာနနှင့်တကွ ဖြစ်နိုင်သည်။ (သဟကဒါစိ။)

ဒိဋ္ဌိဂတသမ္ပယုတ် သသခ်ါရိက၌ယှဉ်ခိုက် ကုဿာ, မဒ္ဒရိယ, ကုက္ကုစ္စ,မာနတို့နှင့် တစ်သီးတစ်ခြား ဖြစ်သည်၊ ဒိဋ္ဌိဂတဝိပ္ပယုတ် သသခ်ါရိက, ဒေါသမူ သသခ်ါရိကတို့၌ ယှဉ်ခိုက်သော် မှလည်း တသီးတခြား ဖြစ်နိုင်ပါသေးသည်၊ (နာနာ ကဒါစိ။) ဤသဘောသွား ၂-ရပ်ကို ပေါင်းစပ်၍ "သဟနာနာကဒါစိ"ဟု ဆိုရပါသည်။

ဆိုခဲ့ပြီးသော အနိယတယောဂီစေတသိက် ၁၁-ပါးမှ ကြွင်းသော ၄၁-ပါးသော စေတသိက်တို့သည် "နိယတယောဂီစေတသိက်"တို့မည်၏။

၃၄။ ပဒီညာဉ် "သင်္ဂဟ ပဝက္ခာမိ၊ တေသံ ဒါနိ ယထာရဟံ"ဖြင့် ပဒီညာဉ်ကိုပြသည်၊ယခုအခါ ထိုစေတသိက်တို့၏ သင်္ဂဟနည်းကို ပြပါတော့မည်-ဟု ဆိုလိုပါသည်။

ထိုထိုစိတ်၌ ရထိုက်သမျှသော စေတသိက်တို့ကို ပေါင်းယူရေတွက်ပြသောနည်းသည် "သင်္ဂဟနည်း" မည်၏။ (သံ-ပေါင်း၍+ဂဟ-ယူကြောင်းနည်း။)

သင်္ဂဟနယ ဥဒ္ဒေသ

၃၅။ "ဆတ္တိံသာနုတ္တရေ ဓမ္မာ"စသော စကားရပ်ဖြင့်-

၁။ ဖြစ်သင့်သလို လောကုတ္တရာစိတ်၌ စေတသိက် ၃၆-ပါးယှဉ်သည်။

http://www.dhammadownload.com

ဓမ္မာ–တို့ကို၊ လဗ္ဘ န္တိ–ကုန်၏။ ကာမာဝစရသောဘနေ–ကာမာဝစရသောဘနစိတ်၌၊ အဋ္ဌတ္တိ˚သာပိ– ၃၈–ပါး လည်းဖြစ်သော၊ ဓမ္မာ–တို့ကို၊ လဗ္ဘ န္တိ–ကုန်၏။

အပုညမှိ–အကုသိုလ်စိတ်၌၊ သတ္တဝီသတိ– ၂၇–ပါးသော၊ ဓမ္မာ–တို့ကို၊ လဗ္ဘ န္တိ–ကုန်၏၊ အဟေတုကေ–အဟိတ်စိတ်၌၊ ဒွါဒသ– ၁၂–ပါးကုန်သော၊ ဓမ္မာ–တို့ကို၊ လဗ္ဘ န္တိ–ကုန်၏၊ ဣတိစ–ဤသို့လျှင်၊ ယထာသမ္ဘဝယောဂေန–ဖြစ်သင့်သည်အားလျော်စွာ ယှဉ်ခြင်းဖြင့်၊ တတ္ထ–ထိုစိတ်တို့၌၊ ပဉ္စဓာ– ၅–ပါး အပြားအားဖြင့်၊ သင်္ဂဟော– ပေါင်းယူရေတွက်နည်းသည်၊ ဟောတိ–ဖြစ်၏။

လောကုတ္တရာစိတ် သင်္ဂဟနည်း ၅–ပါး

၃၆။ ကထံ–အဘယ်သို့ ရအပ်သနည်း?။

တာဝ–ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေသု–ညွှန်ပြအပ်ကုန်သော၊) လောကုတ္တရေသု–လောကုတ္တရာစိတ်တို့တွင်၊ အဋ္ဌသု– ၈–ပါးကုန်သော၊ ပဌမဈာနိကစိတ္တေသု–ပထမဈာန်နှင့်ယှဉ်သောစိတ်တို့၌၊ အညသမာနာ–အညသမာန်းမည်ကုန်သော၊ တေရသ– ၁၃–ပါးကုန်သော၊ စေတသိကာ–စေတသိက်တို့လည်းကောင်း၊ အပွမညာဝဇ္ဇိတာ–အပွမညာသည်ကြဉ်အပ်ကုန်သော၊ တေဝီသတိ– ၂၃–ပါးသော၊ သောဘနစေတသိကာစ–သောဘနစေတသိက်တို့လည်းကောင်း၊ ဣတိ–ဤသို့၊ ဆတ္တိ˚သ– ၃၆–ပါးသော၊ ဓမ္မာ–သဘောတရားတို့သည်၊ သင်္ဂဟံ–ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့၊ ဂစ္ဆ န္တိ–ရောက်ကုန်၏။

၂။ မဟဂ္ဂတ်စိတ်၌ စေတသိက် ၃၅–ပါး ယှဉ်သည်။
၃။ ကာမာဝစရသောဘနစိတ်၌ စေတသိက် ၃၈–ပါး ယှဉ်သည်။
၄။ အကုသိုလ်စိတ်၌ စေတသိက် ၂၇–ပါး ယှဉ်သည်။
၅။ ဖြစ်သင့်သလို အဟိတ်စိတ်၌ စေတသိက် ၁၂–ပါး ယှဉ်သည်။

ဤသို့ သင်္ဂဟနည်း ၅–မျိုး၏ ခေါင်းစဉ် ဥဒ္ဒေသကို ပြသည်၊ ယင်းသင်္ချာတို့သရုပ်မှာ လွယ်ပါပြီ။

လောကုတ္တရာစိတ် သင်္ဂဟနည်း ၅–ပါး

၃၆။ လောကုတ္တရာ ပထမဈာန်စိတ် ၈–ပါး၌ အညသမာန်း စေတသိက် ၁၃–ပါး၊ အပွမညာကြဉ်သော သောဘနစေတသိက် ၂၃–ပါး၊ ပေါင်း စေတသိက် ၃၆–ပါး ယှဉ်သည်၊ လောကုတ္တရာ ပထမဈာန်စိတ် ၈–ပါး၏ သရုပ်ကိုလည်း စိတ်ပိုင်း၌ ပြဆိုထားခဲ့သည် အားလျော်စွာ ရေတွက်ကြည့်ပါ။

အပွမညာဝဇ္ဇိတာ လောကုတ္တရာစိတ်က နိဗ္ဗာန်ကို အာရုံပြုသည်၊ အပွမညာက သတ္တဝါပညတ်ကို အာရုံပြုသည်၊ ဤသို့ အာရုံပြုပုံချင်း မတူကြသောကြောင့် ဧကာလမွဏလက္ခဏာချို့တဲ့ရကား လောကုတ္တရာစိတ်၌ အပွမညာစေတသိက်တို့ မယှဉ်နိုင်ကြပါ။

ဆောင်။ ။လောကုတ္တရ၊ နိဗ္ဗာနနှင့်, အပွမညာ, သတ္တဝါစု, အာရုံပြု, ယှဉ်မှု မသင့်မှတ်။

http://www.dhammadownload.com

ဒုတိယဈာနိကစိတ္တေသု–ဒုတိယစျာန်နှင့်ယှဉ်သောစိတ်တို့၌၊ ဝိတက္ကဝေဒနာ–ဝိတက်သည် ကြဉ်အပ်ကုန်သော၊ တထာ–(အညသမာန်း အပွမညာကြဉ်သည့် သောဘန စေတသိက်–ဟုဆိုအပ်ကုန်သော) ထို ၃၅–ပါးသော သဘောတရားတို့သည်၊ သင်္ဂဟံ–သို့၊ ဂစ္ဆန္တိ–ကုန်၏။

တတိယဈာနိကစိတ္တေသု–တတိယစျာန်နှင့်ယှဉ်သောစိတ်တို့၌၊ ဝိတက္ကဝိစာရဝေဒနာ–ဝိတက်ဝိစာရသည် ကြဉ်အပ်ကုန်သော၊ တထာ–ထို ၃၄–ပါးသော သဘောတရားတို့သည်၊ သင်္ဂဟံ–သို့၊ ဂစ္ဆန္တိ–ကုန်၏။

စတုတ္ထဈာနိကစိတ္တေသု–စတုတ္ထစျာန်နှင့်ယှဉ်သော စိတ်တို့၌၊ ဝိတက္ကဝိစာရပီတိဝေဒနာ–ဝိတက် ဝိစာရ ပီတိသည်ကြဉ်အပ်ကုန်သော၊ တထာ–ထို ၃၃–ပါးသော သဘောတရားတို့သည်၊ သင်္ဂဟံ–သို့၊ ဂစ္ဆန္တိ–ကုန်၏။

ပဉ္စမဈာနိကစိတ္တေသုပိ–ပဉ္စမစျာန်နှင့်ယှဉ်သော စိတ်တို့၌လည်း၊ ဥပေက္ခာသဟဂတာ–ဥပေက္ခာနှင့် တကွဖြစ်ကုန်သော၊ တေဇေ–ထို ၃၃–ပါးသော သဘောတရား

တစ်နည်း။ ။ နိဗ္ဗာန်မြတ်၊ အာရုံမှတ် လောကုတ္တာ၊
သတ္တဝါ–ပညတ်မျှငယ်၊ အပွမညာ၊
ဤသို့သာ၊ အာရုံက ကွဲပြား၊
လောကုတ်ဝယ်–ပမညကို၊ ကြဉ်ချပယ်ထား။

လောကုတ္တရာ ဒုတိယစျာန်စိတ် ၈–ခု၌ ဝိတက်ကြဉ်သော အညသမာန်းစေတသိက် ၁၂–ပါး၊ အပွမညာကြဉ်သော သောဘနစေတသိက် ၂၃–ပါး၊ ပေါင်း ၃၅–ပါး ယှဉ်သည်၊ "တထာ"သဒ္ဒါဖြင့် အညသမာန်းနှင့် အပွမညာကြဉ်သော သောဘနစေတသိက်တို့ကို ငင်သည်၊ အကြွင်း သိသာထင်ရှားပါပြီ။

ပဉ္စမဈာနိက စိတ္တေသုပိ စတုတ္ထစျာန်စိတ်မှာသာ ၃၃–ပါး ယှဉ်သည်မဟုတ်၊ ပဉ္စမစျာန်စိတ်မှာလည်း ၃၃–ပါးပင် ယှဉ်သည်၊ သို့သော် "သုခဝေဒနာအရာဝယ် ဥပေက္ခာဝေဒနာကို လဲလှယ်ထည့်သွင်းရမည်ဟု သိစေလိုသောကြောင့် "ပဉ္စမဈာနိကစိတ္တေသုပိ" စသည်ကို မိန့်ဆိုထားသည်။

ပဉ္စကဈာနဝသေန "ပဉ္စကစျာန်, စတုက္ကစျာန်"ဟု စျာန် ၂–မျိုးရှိသည်၊ ထို ၂–မျိုးတို့တွင် ပဉ္စကစျာန်၏အပြားအားဖြင့်–

၁။ ပထမစျာန်စိတ်၌ သင်္ဂဟကား ဆတ္တိံသတည်း၊
၂။ ဒုတိယစျာန်စိတ်၌ သင်္ဂဟကား ပဉ္စတ္တိံသတည်း၊
၃။ တတိယစျာန်စိတ် သင်္ဂဟကား စတုတ္တိံသတည်း၊
၄။ စတုတ္ထစျာန်စိတ်၌ သင်္ဂဟကား တေတ္တိံသတည်း၊
၅။ ပဉ္စမစျာန်စိတ်၌ သင်္ဂဟကား တေတ္တိံသပင်တည်း၊

ဤသို့ သင်္ဂဟနည်း ၅–ပါး ဖြစ်ပေါ်လာသည်။

http://www.dhammadownload.com

တို့ကိုပင်၊ သင်္ဃန္တိ–ပေါင်းယူအပ်ကုန်၏၊ ဣတိ–သို့၊ သဗ္ဗထာပိ–အလုံးစုံသောအပြား အားဖြင့်လည်း၊ အဋ္ဌသု– ၈–ပါးကုန်သော၊ လောကုတ္တရစိတ္တေသု–လောကုတ္တရာစိတ်တို့၌၊ ပဋ္ဌကဇ္ဈာနဝသေန–ပဋ္ဌကဈာန်၏ အပြားအားဖြင့်၊ ပဋ္ဌာဝ– ၅–ပါးအပြားအားဖြင့်သာ၊ သင်္ဂဟော– ပေါင်းယူခြင်းသည်၊ ဟောတိ– ဖြစ်၏၊ ဣတိ– ဤသို့ရအပ်ကုန်၏။

သင်္ဂဟဂါထာ

၃၇။ အနုတ္တရေ–လောကုတ္တရာစိတ်၌၊ (သင်္ဂဟာ–သင်္ဂဟနည်းတို့သည်၊) ယထာက္ကမံ–အကြင်အကြင်အစဉ်ရှိတိုင်း၊ ဆတ္တိံသ–ဆတ္တိံသသင်္ဂဟလည်းကောင်း၊ ပဋ္ဌတ္တိံသ–ပဋ္ဌတ္တိံသသင်္ဂဟလည်းကောင်း၊ စတုတ္တိံသ–စတုတ္တိံသသင်္ဂဟလည်းကောင်း၊ တေတ္တိံသဒ္ဝယံ–တေတ္တိံသသင်္ဂဟ ၂–ပါးအပေါင်းလည်းကောင်း၊ ဣစ္စေဝံ–ဤသို့၊ ပဋ္ဌာဝ– ၅–ပါးအပြားအားဖြင့်၊ ဒ္ဝိတာ–တည်ကုန်၏။

မဟဂ္ဂတ်စိတ်သင်္ဂဟနည်း ၅–ပါး

၃၈။ ပန–ကား၊ မဟဂ္ဂတေသု–မဟဂ္ဂတ်စိတ်တို့တွင်၊ တာဝ–ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေသု–ညွှန်ပြအပ်ကုန်သော၊) တီသု– ၃–ပါးကုန်သော၊ ပဌမဈာနိကစိတ္တေသု–ပထမဈာန်နှင့်ယှဉ်သော စိတ်တို့၌၊ အညသမာနာ–ကုန်သော၊ တေရသ–ကုန်သော၊ စေတသိကာ–တို့လည်းကောင်း၊ ဝိရတိတ္တယဝဇ္ဇိတာ–ဝိရတိ ၃–ပါးအပေါင်းသည် ကြဉ်အပ်ကုန်သော၊ ဒ္ဝါဝိသတိ– ၂၂–ပါးသော၊ သောဘနစေတသိကာစ–တို့လည်းကောင်း၊ ဣတိ–ဤသို့၊ ပဋ္ဌတ္တိံသ– ၃၅–ပါးသော၊ ဓမ္မာ–တို့သည်၊ သင်္ဂဟံ–သို့၊ ဂစ္ဆန္တိ–ရောက်ကုန်၏။

စတုက္ကစျာန်၏ အပြားအားဖြင့်မူကား–

၁။ ပထမစျာန်စိတ်၌ ဆတ္တိံသသင်္ဂဟ တစ်နည်း၊
၂။ ဒုတိယစျာန်စိတ်၌ စတုတ္တိံသသင်္ဂဟ တစ်နည်း၊
၃။ တတိယစျာန်စိတ်၌ တေတ္တိံသသင်္ဂဟ တစ်နည်း၊
၄။ စတုတ္ထစျာန်စိတ်၌ တေတ္တိံသသင်္ဂဟ တစ်နည်း၊

ဤသို့ သင်္ဂဟနည်း ၄–နည်းမျှသာ ဖြစ်လာပါလိမ့်မည်။

စတုက္ကနည်း၌ "ပီတိ, သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၃–ပါးအပေါင်းကို ဒုတိယစျာန်, သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၂–ပါးအပေါင်းကို တတိယစျာန်, ဥပေက္ခာ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၂–ပါးအပေါင်းကို စတုတ္ထစျာန်"ဟု ခေါ်သည်။

မဟဂ္ဂတ်စိတ် သင်္ဂဟနည်း ၅–ပါး

၃၈။ ဝိရတိတ္တယဝဇ္ဇိတာ= အကျင့်သီလ ဖြူစင်သန့်ရှင်းပြီးသော ယောဂီသူမွန်တို့၏ သန္တာန်၌ သမာဓိကောင်းစွာရ၍ စိတ်တည်ကြည်ရုံမျှဖြင့် မဟဂ္ဂတ်စျာန်များ ဖြစ်နိုင်ကြသည်၊ ထို့ကြောင့် မဟဂ္ဂတ်စျာန်တို့ သီးခြားပယ်ဖို့ရန် ဒုစရိုက်, ဒုဏ္ဍိဝ မရှိနိုင်တော့ပါ၊ လောကုတ္တရာစိတ်များကဲ့သို့ ဒုစရိုက် အနုသယဓာတ်ကို အကြွင်းမဲ့ ဖြတ်နိုင်ကြသည်လည်း မဟုတ်၊ ထို့ကြောင့် မဟဂ္ဂတ်စိတ်၌ ဝိရတိစေတသိက်များ မယှဉ်နိုင်ပါ။

http://www.dhammadownload.com

ပန–အမှာအထား စကားတစ်ရပ် ကြားညှပ်ပြဦးအံ့၊ ဇတ္ထ–ဤ ၃၅–ပါးတို့တွင်၊ ကရဏာမုဒိတာ–ကရဏာ မုဒိတာတို့ကို၊ ပစ္စေကမေဝ–တစ်သီးတစ်ခြား တစ်ပါးစီသာ၊ ယောဇေတဗ္ဗာ–ယှဉ်စေထိုက်ကုန်၏။

ဒုတိယဈာနိကစိတ္တေသု–တို့၌၊ ဝိတက္ကဝဇ္ဇာ–ကုန်သော၊ တထာ–(အညသမာန်း စေတသိက်, ဝိရတိကြဉ်သည့်သောဘနစေတသိက်ဟုဆိုအပ်ကုန်သော) ထို၃၄–ပါးသော သဘောတရားတို့သည်၊ သင်္ဂဟံ–သို့၊ ဂစ္ဆန္တိ–ကုန်၏။

တတိယဈာနိကစိတ္တေသု–တို့၌၊ ဝိတက္ကဝိစာရဝဇ္ဇာ–ကုန်သော၊ တထာ–ထို ၃၃–ပါးသောသဘောတရားတို့သည်၊ သင်္ဂဟံ–သို့၊ ဂစ္ဆန္တိ–ကုန်၏။

စတုတ္ထဈာနိကစိတ္တေသု–တို့၌၊ ဝိတက္ကဝိစာရပီတိဝဇ္ဇာ–ကုန်သော၊ တထာ–ထို ၃၂–ပါးသော သဘောတရားတို့သည်၊ သင်္ဂဟံ–သို့၊ ဂစ္ဆန္တိ–ကုန်၏။

ပန–ကား၊ ပန္နရသသု–၁၅–ပါးကုန်သော၊ ပဥ္စမဈာနိကစိတ္တေသု–တို့၌၊ အပ္ပမညာယော–အပ္ပမညာတို့ကို၊ န လဗ္ဘန္တိ–မရအပ်ကုန်၊ ကတိ–သို့၊ သဗ္ဗထာပိ–လည်း၊ သတ္တဝိသတိမဟဂ္ဂတစိတ္တေသု– ၂၇–ပါးသော မဟဂ္ဂုတ်စိတ်တို့၌၊ ပဥ္စကဈာန ဝသေန–ဖြင့်၊ ပဥ္စဓာ–လျှင်၊ သင်္ဂဟော–သည်၊ ဟောတိ–၏၊ ကတိ–ဤသို့ရအပ်ကုန်၏။

ဆောင်။ ။ သီလကောင်းစွာ, သန့်စင်ပါ၍, သမာဓိရ, တည်ကြည်ကြသော်, မဟဂ္ဂစျာန်, ရနိုင်ပြန်၍, ပယ်ရန်ဒုစ္စရိ, ဒုရာဇိတို့, မရှိသည့်တွက်, စိတ်မဟဂ်ဝယ်, ယှဉ်ဖက်မရာ, ကြဉ်ရပါ, သုံးဖြာ ဝိရတိ။

တစ်နည်း။ ။ ကျင့်သီတင်း၊ ဖြူ သန့်ရှင်း ယောဂီရှင်၊
စိတ်တည်ကြည်–စျာန်ကိုရလျှင်၊ ပယ်ကြဖို့ပင်၊
ဒုစ္စရိ–မရှိစင်၊ ထို့ကြောင့်ပင် ဝိရတိ၊
မဟဂ်ဝယ်–ကြဉ်ဖယ်ရတယ်၊ မှတ်ကြပါဘိ။

ပစ္စေကမေဝ ကရဏာသည် ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၏၊ မုဒိတာမူကား သုခိတသတ္တဝါပညတ်ကို အာရုံပြု၏၊ ဤသို့ အာရုံမတူကြသောကြောင့် ကရုဏာနှင့် မုဒိတာတို့ကို အသီးအသီး တစ်ပါးစီသာ ယှဉ်စေရသည်၊ ကရုဏာယှဉ်ခိုက် မုဒိတာကို မယှဉ်စေရ၊ မုဒိတာယှဉ်ခိုက် ကရုဏာကို မယှဉ်စေရ။

ဆောင်။ ။ ကရု ဒုက္ခိ, မုဒိ သုခ, သတ္တပညတ်, ပြားလတ်အာရုံ, တူမဆုံ, ယှဉ်ပုံ သီးသီးသာ။

တစ်နည်း။ ။ ဒုက္ခိတ၊ မှတ်ပါကြ ကရုဏာ၊
သုခိဆို–ပုဂ္ဂိုလ်စုငယ်၊ မုဒိဖို့ရာ၊
ဤသို့သာ–အာရုံက ကွဲပြား၊
သီးသီးလျှင်–ယှဉ်စေဘိတယ်၊ သိရှိ မှတ်သား။

http://www.dhammadownload.com

သင်္ဂဟဂါထာ

၃၉။ မဟဂ္ဂတေ-မဟဂ္ဂုတ်စိတ်၌၊ (သင်္ဂဟ-တို့သည်၊) ယထာက္ကမံ-တိုင်း၊ ပဋ္ဌတ္တိ်သ-ပဋ္ဌတ္တိ်သသင်္ဂဟလည်းကောင်း၊ စတုတ္တိ်သ-လည်းကောင်း၊ တေတ္တိ်သ-လည်းကောင်း၊ ဗာတ္တိ်သစေဝ-လည်းကောင်း၊ တိ်သ-တိ်သသင်္ဂဟလည်းကောင်း၊ ဣတိ-သို့၊ ပဋ္ဌာဝ- ၅-ပါးအပြားအားဖြင့်ပင်လျှင်၊ ဠီတာ-တည်ကုန်၏။

ကာမာဝစရသောဘနစိတ် သင်္ဂဟနည်း ၁၂-ပါး

၄၀။ ပန-ကား၊ ကာမာဝစရသောဘနေသု-ကာမာဝစရသောဘနစိတ်တို့တွင်၊ တာဝ-ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေသု-ကုန်သော၊) ကုသလေသု-ကုသိုလ်စိတ်တို့တွင်၊ ပဌမဒ္ဝယေ-ပထမအစုံ၌၊ အညသမာနာ-ကုန်သော၊ တေရသ-ကုန်သော၊ စေတသိကာ-တို့လည်းကောင်း၊ ပဋ္ဌဝီသတိ- ၂၅-ပါးသော၊ သောဘနစေတသိကာစ-တို့လည်းကောင်း၊ ဣတိ-ဤသို့၊ အဋ္ဌတ္တိ်သ- ၃၈-ပါးသော၊ ဓမ္မာ-တို့သည်၊ သင်္ဂဟံ-သို့၊ ဂစ္ဆန္တိ-ကုန်၏။

ပန-အမှာအထား စကားတစ်ရပ် ကြားညှပ်ပြဦးအုံ၊ ဇတ္ထ-ဤ ၃၈-ပါးသော စေတသိက်တို့တွင်၊ အပွမညာဝိရတိယော-အပွမညာ ဝိရတိတို့ကို၊ ပဋ္ဌပိ- ၅-ပါးလုံးတို့ကိုလည်း၊ ပစ္စေကမေဝ-သာ၊ ယောဇေတဗ္ဗာ-ကုန်၏။

မဟဂ္ဂုတ် ပဋ္ဌမဈာန်စိတ် ၁၅-ပါး၌ ဝိတက်, ဝိစာရ, ပီတိကြဉ် အညသမာန်းစေတသိက် ၁၀၊ ဝိရတိ, အပွမညာကြဉ် သောဘနစေတသိက် ၂၀၊ ပေါင်း ၃၀-ယှဉ်သည်၊ သို့သော် ဝေဒနာမှာ ဥပေက္ခာဝေဒနာသာ ဖြစ်သည်။

၃၉။ မဟဂ္ဂုတ်စိတ်၌လည်း-

၁။ ပထမဈာန်စိတ်၌ ပဋ္ဌတ္တိ်သသင်္ဂဟ တစ်နည်း၊

၂။ ဒုတိယဈာန်စိတ်၌စတုတ္တိ်သသင်္ဂဟ တစ်နည်း၊

၃။ တတိယဈာန်စိတ်၌ တေတ္တိ်သသင်္ဂဟ တစ်နည်း၊

၄။ စတုတ္ထဈာန်စိတ်၌ ဗာတ္တိ်သသင်္ဂဟ တစ်နည်း၊

၅။ ပဋ္ဌမဈာန်စိတ်၌ တိ်သသင်္ဂဟ တစ်နည်း။

ဤသို့ ပဋ္ဌကဈာန်အားဖြင့် သင်္ဂဟ ၅-နည်းပင် ဖြစ်သည်၊ စတုက္ကနည်းဖြင့် ရေတွက်လို ပါက လောကုတ္တရာ၌ ဆိုထားခဲ့သည်ကို နည်းမှီရေတွက်ပါ၊ သင်္ချာတို့၏အရကိုလည်း အကျယ် စကားရပ်ကို ကြည့်ကောက်ပါ။

၄၀။ ကာမာဝစရသောဘနစိတ် သင်္ဂဟနည်း

သောမနဿသဟဂုတ် ဉာဏသမ္မယုတ် အသင်္ခါရိကစိတ်နှင့် သသင်္ခါရိကစိတ်တို့ကို "ပထမအစုံ"ဟု ဆိုသည်၊ ဒုတိယအစုံ-စသည်တို့ကိုလည်း ဆက်လက်ရေတွက်ပါ။

မဟာကုသိုလ် ပထမအစုံ၌ အညသမာန်း ၁၃-ပါး၊ သောဘနစေတသိက် ၂၅-ပါး၊ ပေါင်း ၃၈-ပါးသောစေတသိက်တို့ ယှဉ်ကြသည်၊ ဝိရတိနှင့် အပွမညာတို့ အသီးအသီး ယှဉ်ရခြင်း၏ အကြောင်းကို အနိယတယောဂီအဖွင့် (၆၀)၌ ပြခဲ့ပါပြီ။

http://www.dhammadownload.com

ဒုတိယဒွယေ–ဒုတိယအစုံ၌၊ ဉာဏဝဇ္ဇိတာ–ဉာဏ်သည်ကြဉ်အပ်ကုန်သော၊ တထာ–ထို ၃၇–ပါးသောသဘောတရားတို့သည်၊ သင်္ဂဟံ–သို့၊ ဂစ္ဆန္တိ–ကုန်၏။

တတိယဒွယေ–တတိယအစုံ၌၊ ဉာဏသမ္မယုတ္တာ–ဉာဏ်နှင့်ယှဉ်ကုန်သော၊ ပီတိဝဇ္ဇိတာ–ပီတိသည် ကြဉ်အပ်ကုန်သော၊ တထာ–ထို ၃၇–ပါးသော သဘောတရားတို့သည်၊ သင်္ဂဟံ–သို့၊ ဂစ္ဆန္တိ–ကုန်၏။

စတုတ္ထဒွယေ–စတုတ္ထအစုံ၌၊ ဉာဏပီတိဝဇ္ဇိတာ–ဉာဏ် ပီတိသည် ကြဉ်အပ်ကုန်သော၊ တေဧဝ–ထိုအညသမာန်း သောဘနစေတသိက်တို့ကိုပင်၊ သင်္ဂယှန္တိ–ပေါင်းယူအပ်ကုန်၏။

ကြိယစိတ္တေသုပိ–ကြိယာစိတ်တို့၌လည်း၊ ဝိရတိဝဇ္ဇိတာ–ဝိရတိသည် ကြဉ်အပ်ကုန်သော၊ တေဧဝ–ထိုအညသမာန်း သောဘနစေတသိက်တို့ကိုပင်၊ တထေဝ–ထိုမဟာကုသိုလ်စိတ်အတူသာလျှင်၊ စတူသုပိ– ၄–ပါးလည်းဖြစ်ကုန်သော၊ ဒုကေသု–အစုံတို့၌၊ စတုဓာဝ– ၄–ပါးအပြားအားဖြင့်သာလျှင်၊ သင်္ဂယှန္တိ–ကုန်၏။

တထာ–ထိုကြိယာစိတ်အတူ၊ ဝိပါကေသုစ–ဝိပါက်စိတ်တို့၌လည်း၊ အပ္ပမညာဝိရတိဝဇ္ဇိတာ–အပ္ပမညာ, ဝိရတိသည် ကြဉ်အပ်ကုန်သော၊ တေဧဝ–တို့ကိုပင်၊ သင်္ဂယှန္တိ–ကုန်၏၊ ဣတိ–သို့၊ သဗ္ဗထာပိ–လည်း၊ စတုဝီသတိကာမာဝစရသောဘနစိတ္တေသု–၂၄–ပါးသော ကာမာဝစရသောဘနစိတ်တို့၌၊ ဒုကဝသေန–အစုံ၏ အပြားအားဖြင့်၊ ဒွါဒသဓာဝ–၁၂–ပါး အပြားအားဖြင့်သာလျှင်၊ သင်္ဂဟော–ပေါင်းယူခြင်းသည်၊ ဟောတိ–ဖြစ်၏၊ ဣတိ–ဤသို့ ရအပ်ကုန်၏။

ယင်းသို့ ဝိရတိနှင့် အပ္ပမညာတို့ အသီးအသီး ယှဉ်ရသောကြောင့် "အများဆုံး ၃၄–ပါး တစ်ပြိုင်နက် ယှဉ်ကြသည်၊ အမြဲအားဖြင့်မူ ၃၃–ပါးသာ ယှဉ်နိုင်သည်"ဟု ခွဲပါ၊ နာနာ ကဒါစိ စေတသိက်တို့ ပါဝင်သည့် နေရာတိုင်းမှာ "ယှဉ်နိုင်သမျှသော စေတသိက်, အများဆုံး တစ်ပြိုင်နက် ယှဉ်သောစေတသိက်, အမြဲအားဖြင့် ယှဉ်သောစေတသိက်"ဟု ၃–မျိုး ရသင့်သည်ချည်း။

မဟာကြိယာစိတ်၌လည်း အစုံ ၄–စုံပင် ဖြစ်သည်၊ ထိုတွင် ပထမအစုံ၌၊ ဝိရတိကြဉ် ၃၅–ပါးယှဉ်သည်၊ ဒုတိယအစုံ–စသည်တို့၌လည်း ဉာဏ်, ပီတိတို့ကို ယထာရဟကြဉ်၍ ရေတွက်ရရုံမျှသာ ဖြစ်သည်။

ဝိရတိဝန္ဓိတာ လောကီဝိရတိမှန်လျှင် ဇကန်ကုသိုလ်သဘော ရှိသည်၊ ထို့ကြောင့် အဗျာကတဇာတ်ဖြစ်သော ဝိပါက်, ကြိယာတို့၌ မယှဉ်နိုင်။

ဆောင်။ ။ ဝိရတိဇာစ်, လောကီဖြစ်လျှင်, စင်စစ်ကုသလ, သဘာဝကြောင့်, အဗျာဇာတိ, ဝိပါက် ကြိ, မှတ်သိ မယှဉ်သင့်။

တစ်နည်း။ ။ ဝိရတိ၊ လောကီယမှန်လျှင်၊
မြဲဇကန်–ကုသလငယ်၊ ဖြစ်ရထင်ထင်၊
ထို့ကြောင့်ပင်–ဗျာဇာတ်တွင် လွတ်ကင်း၊
တွဲမယှဉ်–ဖဲကြဉ်ရတယ်၊ မှတ်ကြ ရှင်းရှင်း။

http://www.dhammadownload.com

သင်္ဂဟဂါထာများ

၄၁။ သဟေတုကာမာဝစရ ပုညပါကကြိယာမနေ–ကာမာဝစရကုသိုလ်, သဟိတ်ကာမာဝစရဝိပါက်, သဟိတ်ကာမာဝစရကြိယာစိတ်တွင်၊ သုဘေ–ကာမာဝစရကုသိုလ်စိတ်၌၊ အဋ္ဌတ္တိ°သ–အဋ္ဌတ္တိ°သ သင်္ဂဟသည်လည်းကောင်း၊ သတ္တတ္တိ°သဒွယံ– သတ္တတ္တိ°သ သင်္ဂဟ ၂–ပါးအပေါင်းသည်လည်းကောင်း၊ ဆတ္တိ°သကံ–ဆတ္တိ°သသင်္ဂဟသည်လည်းကောင်း၊ ဘဝေ–ဖြစ်၏၊ ကြိယေ–သဟိတ်ကာမာဝစရကြိယာစိတ်၌၊ ပဉ္စတ္တိ°သ–ပဉ္စတ္တိ°သသင်္ဂဟသည်လည်းကောင်း၊ စတုတ္တိ°သဒွယံ–စတုတ္တိ°သသင်္ဂဟ ၂–ပါးအပေါင်းသည်လည်းကောင်း၊တေတ္တိ°သကံ–တေတ္တိ°သသင်္ဂဟသည်လည်းကောင်း၊ ဘဝေ–ဖြစ်၏၊ ပါကေ–သဟိတ်ကာမာဝစရ ဝိပါက်စိတ်၌၊ တေတ္တိ°သ–တေတ္တိ°သသင်္ဂဟသည်လည်းကောင်း၊ ဗာတ္တိ°သဒွယံ–ဗာတ္တိ°သ သင်္ဂဟ ၂–ပါးအပေါင်းသည်လည်းကောင်း၊ ဧကေတ္တိ°သကံ–ဧကေတ္တိ°သသင်္ဂဟသည်လည်းကောင်း၊ ဘဝေ–ဖြစ်၏။

မဟာဝိပါက်စိတ်၌လည်း ၄–စုံပင် ရှိသည်၊ ပထမအစုံ၌ အညသမာန်း ၁၃၊ အပွမညာ, ဝိရတိကြဉ် သောဘနစေတသိက် ၂၀၊ ပေါင်း ၃၃–ပါးယှဉ်သည်၊ ဤသို့ စသည်ဖြင့် ခွဲစိတ်ဝေဖန်ပါ။

အပွမညာဝန္ဓိတာ ကာမဝိပါက်သာ မှန်ခဲ့ပါလျှင် "ပရိတ္တ"ခေါ်သော ကာမတရားကို ဧကန်အာရုံပြုကြရသည်၊ ထို့ကြောင့်ပင် ယင်း ကာမဝိပါက်စိတ်တို့၌ သတ္တဝါပညတ်ကို ဧကန်အာရုံပြုကြသော အပွမညာတို့ မယှဉ်နိုင်ပေ။

ဆောင်။ ။ ကာမာဝစရ, ဝိပါကလျှင်, ပရိတ္တစု, အာရုံပြု၍, ဒု သု ပညတ်, အာရုံကပ်သည်, အပွမညာ, ထိုနှစ်ဖြာ, မှန်စွာ မယှဉ်သင့်။

တစ်နည်း။ ။ ဝိပါက၊ ကာမသာ မှန်ခဲ့လျှင်၊
ပရိတ္တာ–အာလမ္ဗဉ်၊ ဖြစ်ရကြောင်းထင်၊
အပွမဉ်–မြဲအစဉ် ပညတ်၊
အာရုံသာ–ပြုပါကြတယ်၊ ကြဉ်ရမချွတ်။

ဆိုခဲ့ပြီးသည်အားလျော်စွာ ကာမာဝစရသောဘနစိတ်ကို အစုံဖွဲ့လျှင် ကုသိုလ်အတွက် ၄–စုံ၊ ကြိယာအတွက် ၄–စုံ၊ ဝိပါက်အတွက် ၄–စုံ၊ ပေါင်း ၁၂–စုံဖြစ်သောကြောင့် တစ်စုံလျှင် သင်္ဂဟနည်း တစ်နည်းစီအားဖြင့် သင်္ဂဟနည်း ၁၂–နည်းဖြစ်သည်။

၄၁။ ကာမာဝစရသောဘနသင်္ဂဟဇယား

စိတ်	ကုသိုလ်၌	ကြိယာ၌	ဝိပါက်၌
ပထမအစုံ	အဋ္ဌတ္တိ°သ	ပဉ္စတ္တိ°သ	တေတ္တိ°သ
ဒုတိယအစုံ	သတ္တတ္တိ°သ	စတုတ္တိ°သ	ဗာတ္တိ°သ
တတိယအစုံ	သတ္တတ္တိ°သ	စတုတ္တိ°သ	ဗာတ္တိ°သ
စတုတ္ထအစုံ	ဆတ္တိ°သ	တေတ္တိ°သ	ဧကေတ္တိ°သ

http://www.dhammadownload.com

ထိုထိုစိတ်၌ မယှဉ်နိုင်သော စေတသိက်များ

၄၂။ ဇထ္ထ–ဉာဏသောဘနစိတ်တို့တွင်၊ ကြိယေသုစ–သဟိတ်ကာမာဝစရကြိယာစိတ်တို့၌လည်းကောင်း၊ မဟဂ္ဂတေ–မဟဂ္ဂုတ်စိတ်၌လည်းကောင်း၊ ဝိရတီ–ဝိရတိတို့သည်၊ န ဝိဇ္ဇန္တိ– မရှိကုန်၊ အနုတ္တရေ– လောကုတ္တရာစိတ်၌၊ အပွမညာ– အပွမညာတို့သည်၊ န ဝိဇ္ဇန္တိ–မရှိကုန်၊ ကာမပါကေ–သဟိတ်ကာမာဝစရဝိပါက်စိတ်၌၊ ဒွယံ–ဝိရတိ,အပွမညာ ၂–မျိုးလုံးသည်၊ တထာ–ထို့အတူ၊ န ဝိဇ္ဇတိ–မရှိ။

စိတ်ချင်း ထူးအောင်ပြုသော စေတသိက်များ

အနုတ္တရေ–လောကုတ္တရာစိတ်၌၊ ဈာနဓမ္မာ–ဈာန်တရားတို့သည်၊ ဝိသေသကာ–စိတ်ချင်းကွဲပြား ထူးခြားအောင် ပြုတတ်ကုန်၏၊ မဇ္ဈိမေ–မဟဂ္ဂုတ်စိတ်၌၊ အပွမညာစ–အပွမညာတို့သည်လည်းကောင်း၊ ဈာနဓမ္မာစ–ဈာန်တရားတို့သည်လည်းကောင်း၊ ဝိသေ

ထိုထိုစိတ်၌ မယှဉ်နိုင်သောစေတသိက်များ

၄၂။ "နဝိဇ္ဇန္တေတ္ထ"စသောဂါထာသည် ဆိုခဲ့ပြီးသော သောဘနသင်္ဂဟနည်းတို့ဝယ် ထိုထိုစိတ်၌ မယှဉ်နိုင်သော စေတသိက်တို့ကို ပေါင်းယူရေတွက်ပြသော ဂါထာဖြစ်သည်။

မဟာကြိယာစိတ်နှင့် မဟဂ္ဂုတ်စိတ်တို့၌ ဝိရတိ မယှဉ်၊ လောကုတ္တရာစိတ်၌ အပွမညာ မယှဉ်၊ မဟာဝိပါက်စိတ်၌ ဝိရတိ, အပွမညာ ၂–ပါးလုံး မယှဉ်–ဟု ဆိုလိုသည်။

ဤသည်ကိုပင် အထောက်အထားပြု၍–

၁။ လောကုတ္တရာစိတ်၌ ဝိရတိသာယှဉ်၍ အပွမညာ မယှဉ်၊

၂။ မဟာကြိယာစိတ်နှင့် မဟဂ္ဂုတ်စိတ်တို့၌ အပွမညာသာ ယှဉ်၍ ဝိရတိ မယှဉ်၊

၃။ မဟာကုသိလ်စိတ်၌ ဝိရတိ, အပွမညာ ၂–ပါးလုံး ယှဉ်နိုင်သည်၊

၄။ မဟာဝိပါက်စိတ်၌ ဝိရတိ, အပွမညာ ၂–ပါးလုံး မယှဉ်နိုင်။

ဤသို့လည်း ခွဲစိတ်ဝေဖန်နိုင်ပါသေးသည်။

စိတ်ချင်းထူးအောင်ပြုသော စေတသိက်များ

"အနုတ္တရေ ဈာနဓမ္မာ"စသော ဂါထာဖြင့် ဝိသေသကစေတသိက်များကို ပေါင်းစုရေတွက်ပြသည်၊ မိမိယှဉ်ရာစိတ်စုကို တသန့်ထား၍ မိမိယှဉ်ရာမဟုတ်သော စိတ်များနှင့် ခွဲခြားတတ်သည်ကိုပင် "ဝိသေသက (ထူးခြားအောင် ပြုသည်)"ဟု ဆိုရသည်။

ဆောင်း။ ။ ယှဉ်ရာစိတ်များ, သီးသန့်ထား၍, ယှဉ်ငြားမရာ, စိတ်များစွာ, ခွဲပါ ဝိသေသက။

တစ်နည်း။ ။ ယှဉ်စိတ်များ၊ သီးသန့် ထားပြီးကာ၊
ကိုယ်ယှဉ်ရာ–မဟုတ်ငြားတယ်၊ စိတ်များနှင့်သာ၊
သေချာစွာ၊ နေရာကျ ခွဲခြား၊
ခေါ်ရလေ–ဝိသေသငယ်၊ ကျနမှတ်သား။

လောကုတ္တရာစိတ်၌ ဈာန်တရားတို့က စိတ်ချင်းကွဲပြားအောင် ပြုပေးကြသည်၊ မဟဂ္ဂုတ်စိတ်၌ အပွမညာနှင့် ဈာန်တရားတို့က စိတ်ချင်းကွဲပြားအောင်ပြုပေးကြသည်၊ ကာမာဝစရ

http://www.dhammadownload.com

သကာ–ကုန်၏၊ ပရိတ္တေသု–ကာမသောဘာနစိတ်တို့၌၊ ဝိရတိဉာဏာပိတိစ–ဝိရတိ, ဉာဏ်, ပီတိတို့သည်လည်းကောင်း၊ အပ္ပမညာစ–အပ္ပမညာတို့သည်လည်းကောင်း၊ ဝိသေသကာ–ကုန်၏။

သောဘနစိတ်တို့၌ ဝိရတိ, ဉာဏ်, ပီတိနှင့် အပ္ပမညာတို့က စိတ်ချင်းကွဲပြားအောင် ပြုပေးကြသည်။

ထိုတွင် "ဈာန်တရားတို့"ဟူသည် ဝိတက်, ဝိစာရ, ပီတိ, ဧဒနာ, (ဧကဂ္ဂတာ)တို့ပင်တည်း၊ ဝိတက်သည် လောကုတ္တရာစိတ်တွင် ပထမဈာန်စိတ်၌သာယှဉ်၍ ဒုတိယဈာန်စိတ် စသည်တို့၌ မယှဉ်၊ ဤသို့ ဝိတက်ယှဉ်မှု, မယှဉ်မှုကြောင့် ပထမဈာန်စိတ်သည် ဒုတိယဈာန်စိတ် စသည်တို့မှ ကွဲပြားထူးခြားရလေသည်၊ ဝိစာရ–စသည်တို့နှင့် စပ်လျဉ်း၍လည်း ဖြစ်ထိုက်သည်အားလျော်စွာ ချဲ့ထွင်စဉ်းစားပါ၊ ဤသို့ မိမိယှဉ်ရာစိတ်စုကို တသန့်ထား၍ မိမိယှဉ်ရာမဟုတ်သော စိတ်များနှင့် ခွဲခြားတတ်သော သဘောကိုပင် "ဝိသေသက (ထူးခြားအောင် ပြုသည်)"ဟု ဆိုသည်။

ဝိသေသက အမည်ရသင့်သော စေတသိက်များကား ဤမျှသာ ရှိသည်မဟုတ်ပါ၊ အသောဘနစိတ်တို့၌ အထူးပြုတတ်သော ဝိသေသကစေတသိက်များလည်း ရှိပါသေးသည်၊ ယင်းတို့ကို သမ္မယောဂနည်း၌ အထိုက်အလျောက် ပြဆိုထားခဲ့ပြီးပါပြီ။

ဝိပ္ပယောဂနည်းသစ်

ဆောင်။ ။(၁) မှတ်လော့ များရှင်လူ၊..... နဝိဇ္ဇန္တေ ထ္ထ, ဆရာပြတိုင်း, ဝိပ္ပနည်းသစ်ထူပိမ့်၊ လွယ်တကူ မှတ်လိုငြား,..... သတ္တဝီ အကု, ဟေတုတေရ, အဒ္ဓတိ်သာ, သောဘနာဟု, ဦးစွာသုံးစု ထားလော့၊ (၂) စိတ်ရှစ်ပါး လောဘမူ,..... ဒေါစတုက္ကာ, စိကိစ္ဆာကို, ဦးစွာနုတ်ပယ်ယူသင့်၊ သမ်လေးမူ မာနပယ်,..... ဝိပ္ပယုတ်တွင်, ဒိဋ္ဌိကြဉ်၍, "ဥ"တွင် ပီတိထပ်ပယ်လော့၊ ဒေါသမူဝယ် ဧကန်ပင်, ... ပီ လော ဒိဋ္ဌ မာ, စိကိစ္ဆာဟု, ငါးဖြာ နုတ်ပယ်ကြဉ်လော့၊ ငါးအသင်ထိမိဒ်ပယ်,..... မောဟမူကျ, ဆန္ဒ ပီတိ, လော ဒိ မာန, ဒေါစတုက္ကာ, ထိမိဒ္ဓါတို့, မရာ ကင်းဆိတ်ကွယ်၏၊ ဝိစိဝယ် ဓိမောက္ခံ, ... ဥဒ္ဓစ္စတွင်, ဝိစိကြဉ်၍, မယှဉ်နယ, အကုသဝယ်, ကိုးမျှ မှတ်သင့်တန်၏၊ (၃) ဟသိတုပ္ပံ ဆန္ဒသာ, ... ဝေါဋ္ဌဗ္ဗန, ဆန္ဒနှင့်ပီ, သောသန္တီဝယ်, ဝိနှင့်ဆန္ဒော, မနောဓာတု, ဥပေက်သန္တီ, ပေါင်းငါးလီမှာ, ဆန် ပီ ဝီရိယ, ဒွေးပဋ္ဌဝယ်, ကြဉ်ရပကိဏ်း, ငါးမျိုးထိန်းသည်, လူပြိန်း လွယ်လှပါ၏၊ (၄) မဟာကြီယာ မဟဂ္ဂုတ်, ... ဝိရတိကြဉ်, လောကုတ်တွင်မူ, ပမဉ်ကြဉ်ဘိ, မဟာဝိဝယ်, ဝိနှင့်ပမဉ်, ငါးခုကြဉ်သော်, ပေါင်းယှဉ် ဧကန်ဟုတ်လိမ့်၊ အစိတ်ထုတ်ဆင့်ပယ်လေ, ... မဟာကုသလာ, ဝိပါကြီယ, ဒုတိယမှန်, ဒွေးသုံးတန်၌၊ ဉာဏ်ကို ပယ်ရေး, တတိဒွေး၌, ကင်းဝေး ပီတိ, စတုတ်ဒွိဋ္ဌ, ပီတိနှင့်ဉာဏ်, ဤနှစ်တန်ကို, မချန် ကြွင်းမဲ့ချေဟု၊ ဒုတိယေ ဈာန်ဆယ့်တစ်ခု,..... ဝိတက် ကြဉ်ရ, တတိယဆက်, ဆယ့်တစ်ချက်၌, ဝိတက် ဝိစာ, စတုတ္ထာမူ, တက် စာ ပီနုတ်, မဟဂ္ဂုတ်မှန်, ပဉ်ဈာန်သတ်မှတ်, ဆယ့်ငါးရပ်၌, အပ္ပမညာ, တက် စာ ပီတိ, ကြဉ်ရာဘိသည်, ဆယ်ရှိနည်းတစ်စုနှင့်၊ (၅) ပေါင်းကာစု စတုဝီ, ... စေတသိက်ယှဉ်ရာ, လွယ်လှပါသည် ..... ဝိပ္ပါနည်းအဆီတည့်လေ။

http://www.dhammadownload.com

အဓိပ္ပာယ်ဖွင့်ပြချက်

(၁) "နံ ဝိဒ္ဓန္တေ ဌ ဝိရတိ" စသော ဂါထာကို နည်းယူ၍ ဝိပွဿောဂနည်းကို ဆက်လက် ပြဆိုပါဦးမည်။

စေတသိက်ယှဉ်ရာ၌-

၁။ အညသမာန်းစေတသိက် ၁၃-ပါး၊ အကုသိုလ်စေတသိက် ၁၄-ပါး၊ ဤ ၂၇-ပါးကို အကုသလရာသိ၊

၂။ အညသမာန်းစေတသိက် ၁၃-ပါးကို အဟေတုကရာသိ၊

၃။ အညသမာန်းစေတသိက် ၁၃-ပါး၊ သောဘနစေတသိက် ၂၅-ပါး၊ ဤ ၃၈-ပါးကို သောဘနရာသိ၊

ဤသို့ ရာသီ ၃-ပါးကို ဦးစွာ ပိုင်းခြားထားအပ်၏။

(အဟိတ်စိတ် ၁၈-ခုတို့၌ ဆန္ဒမယှဉ်သော်လည်း ကြဉ်လွယ်စေခြင်းငှာ အဟေတုက ရာသိကို ၁၃-ပါးပင် ထားသည်။)

(၂) **အကုသိုလ်စိတ်၌ ဝိပွဿောဂနည်း ၉-ပါး**

၁။ လောဘမူစိတ် ၈-ပါး၌ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ၊ ဤစေတသိက် ၅-ပါး မယှဉ်၊

၂။ ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄-ခု၌ မာနမယှဉ်၊

၃။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ ဒိဋ္ဌိမယှဉ်၊

၄။ ဥပေက္ခာသဟဂုတ် ၄-ခုတို့၌ ပီတိမယှဉ်၊

၅။ ဒေါသမူဒွေး၌ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာ၊ ဤစေတသိက် ၅-ပါး မယှဉ်၊

၆။ လောဘမူ, ဒေါသမူအသင်္ခါရိကစိတ် ၅-ခုတို့၌ ထိနမိဒ္ဓမယှဉ်၊

၇။ မောဟမူဒွေး၌ "ဆန္ဒ, ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ" ဟူသော စေတသိက် ၁၁-ပါး မယှဉ်၊

၈။ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ အဓိမောက္ခမယှဉ်၊

၉။ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ဝိစိကိစ္ဆာမယှဉ်၊

ဤသို့ အကုသိုလ်စိတ်၌ ဝိပွဿောဂနည်း ၉-ပါးဖြစ်၏။

(၃) **အဟိတ်စိတ်၌ ဝိပွဿောဂနည်း ၅-ပါး**

၁။ ဟသိတုပ္ပာဒ်စိတ်၌ ဆန္ဒမယှဉ်၊

၂။ မနောဓာတုဂဟဏ်းစိတ်၌ ဆန္ဒ, ပီတိ မယှဉ်၊

၃။ သောမနဿသန္တီရဏစိတ်၌ ဆန္ဒ, ဝီရိယမယှဉ်၊

၄။ သမ္ပဋိစ္ဆိဉ်းဒွေး, ဥပေက္ခာသန္တီရဏ ၂-ပါး, ပဥ္စဒ္ဒါရာဝဇ္ဇန်း၊ ဤ ၅-ပါးသော စိတ်တို့၌ ဆန္ဒ, ပီတိ, ဝီရိယမယှဉ်၊

၅။ ဒွေးပဥ္စဝိညာဉ် ၁၀-၌ ပကိဏ်းစေတသိက် ၆-ပါး မယှဉ်၊

ဤသို့ အဟိတ်စိတ်၌ ဝိပွဿောဂနည်း ၅-ပါးဖြစ်၏။

http://www.dhammadownload.com

(၄) **သောဘနစိတ်၌ ဝိပွယောဂနည်း ၁၀-ပါး**

၁။ မဟာကြိယာစိတ် ၈-ပါး, မဟဂ္ဂုတ်စိတ် ၂၇-ပါးတို့၌ ဝိရတိ၃-ပါးမယှဉ်၊ (နှ ဝိဇ္ဇန္တေတ္ထ ဝိရတိ၊ ကြိယေသု စ မဟဂ္ဂတေ။)

၂။ လောကုတ္တရာစိတ်၌ အပွမညာ ၂-ပါးမယှဉ်၊ (အနုတ္တရေ အပွမညာ။)

၃။ မဟာဝိပါက်စိတ် ၈-ပါး၌ ဝိရတိ, အပွမညာ စေတသိက် ၅-ပါး မယှဉ်၊ (ကာမပါကေ ဒွယံ တထာ။)

၄။ မဟာကုသိုလ်, မဟာဝိပါက်, မဟာကြိယာ ဒုတိယဒွေးခြိ ဉာဏ်မယှဉ်၊

၅။ တတိယဒွေးခြိ ပီတိမယှဉ်၊

၆။ စတုတ္ထဒွေးခြိကား ဉာဏ်, ပီတိ ၂-ပါးလုံးပင် မယှဉ်၊

၇။ မဟဂ္ဂုတ်လောကုတ္တရာ ဒုတိယစျာန် ၁၁-ခုတို့၌ ဝိတက်မယှဉ်၊

၈။ တတိယစျာန်စိတ် ၁၁-ခုတို့၌ ဝိတက်, ဝိစာရ မယှဉ်၊

၉။ စတုတ္ထစျာန်စိတ် ၁၁-ခုတို့၌ ဝိတက်, ဝိစာရ, ပီတိမယှဉ်၊

၁၀။ မဟဂ္ဂုတ် ပဉ္စမစျာန်စိတ် ၁၅-ပါးတို့၌ ဝိတက်, ဝိစာရ, ပီတိ, အပွမညာ, ဤ ၅-ပါး မယှဉ်၊

ဤသို့ သောဘနစိတ်၌ ဝိပွယောဂနည်း ၁၀-ပါး ဖြစ်၏။

(၅) ဤသို့လျှင် "အကုသိုလ်ဝိပွယောဂနည်း ၉-ပါး, အဟိတ်ဝိပွယောဂနည်း ၅-ပါး, သောဘနဝိပွယောဂနည်း ၁၀-ပါး"အားဖြင့် ဝိပွယောဂနည်း ၂၄-ပါး ဖြစ်သတည်း။

သင်္ဂဟနည်း အခြေခံ

အကုသိုလ်စိတ် ၁၂-ပါးတို့၌ အကုသလရာသိစေတသိက် ၂၇-ပါးတို့ ဖြစ်သင့်သည် အားလျော်စွာ ယှဉ်သည်၊ ယင်းဖြစ်သင့်သည်အားလျော်စွာ ယှဉ်ပုံကိုသိလိုလျှင် အကုသလ ရာသိစေတသိက် ၂၇-ပါးကိုတည်၊ မယှဉ်သည်ကိုနှတ်၊ အကြွင်း အယှဉ်ဖြစ်၏။

အဟိတ်စိတ် ၁၈-ပါးတို့၌ အဟေတုကရာသိစေတသိက်များ ဖြစ်သင့်သည်အားလျော်စွာ ယှဉ်သည်၊ ယင်းဖြစ်သင့်သည်အားလျော်စွာ ယှဉ်ပုံကို သိလိုလျှင် အဟေတုကရာသိစေတသိက် ၁၃-ပါးကိုတည်၊ မယှဉ်သည်ကိုနှတ်၊ အကြွင်း အယှဉ်ဖြစ်၏။

သောဘနစိတ်တို့၌ သောဘနရာသိစေတသိက် ၃၈-ပါး ဖြစ်သင့်သည်အားလျော်စွာ ယှဉ်သည်၊ ယင်းဖြစ်သင့်သည်အားလျော်စွာ ယှဉ်ပုံကို သိလိုလျှင် မယှဉ်သည်ကိုနှတ်၊ အကြွင်း အယှဉ်ဖြစ်၏။

အသောဘနစိတ်, သောဘနစိတ် ၂-မျိုး ပါဝင်ရာ၌ စေတသိက် ၅၂-ပါးကို မူတည်၍ မယှဉ်သည်ကိုနှတ်၊ အကြွင်း အယှဉ်ဖြစ်၏။

သင်္ဂဟနည်း

အကုသိုလ်စိတ်၌ စေတသိက်ယှဉ်ပုံ

လောဘမူစိတ် ၈-ပါး၌ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ် စေတသိက် ၂၂-ပါး ယှဉ်သည်။

http://www.dhammadownload.com

ပထမအသန်ဂါရိကစိတ်၌ ယင်း ၂၂-ပါးတွင် မာန, ထိန, မိဒ္ဓကို နုတ်၊ အကြွင်း ၁၉-ပါး ယှဉ်သည်၊ သသန်ဂါရိကစိတ်၌ မာနတစ်ခုကိုသာ နုတ်၊ ၂၁-ပါးယှဉ်သည်။

ဒုတိယအသန်ဂါရိကစိတ်၌ ဒိဋ္ဌိ, ထိန, မိဒ္ဓကိုနုတ်၊ ၁၉-ပါးယှဉ်သည်၊ သသန်ဂါရိကစိတ်၌ ဒိဋ္ဌိတစ်ခုကိုသာနုတ်၊ ၂၁-ပါး ယှဉ်သည်။

တတိယအသန်ဂါရိကစိတ်၌ ပိတိ, မာန, ထိန, မိဒ္ဓ၊ ၄-ပါးကိုနုတ်၊ ၁၈-ပါးယှဉ်သည်၊ သသန်ဂါရိကစိတ်၌ ပိတိနှင့်မာနကိုသာနုတ်၊ ၂၀-ယှဉ်သည်။

စတုတ္ထအသန်ဂါရိကစိတ်၌ ပိတိ, ဒိဋ္ဌိ, ထိန, မိဒ္ဓ၊ ၄-ပါးကိုနုတ်၊ ၁၈-ပါးယှဉ်သည်၊ သသန်ဂါရိကစိတ်၌ ပိတိနှင့်ဒိဋ္ဌိကိုသာနုတ်၊ ၂၀-ယှဉ်သည်။

ဤလောဘမူစိတ် ၈-ပါး၌ ပိတိ, ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓ၊ ဤ ၅-ပါးတို့ကို သတိထား၍ နုတ်ပါလေ။

ဒေါသမူဒွေး၌ ပိတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ် စေတသိက် ၂၂-ပါး ယှဉ်သည်။

ပဋိမ အသန်ဂါရိကစိတ်၌ ယင်း ၂၂-ပါးတွင် ထိန, မိဒ္ဓကိုနုတ်၊ ၂၀-ယှဉ်သည်၊ သသန်ဂါရိကစိတ်၌ နုတ်ဖွယ်မလို၊ ၂၂-ပါးပင် ယှဉ်သည်။

မောဟမူဒွေး၌ မယှဉ် ၁၁-ပါးကိုနုတ်၊ အကြွင်း ၁၆-ပါး ယှဉ်သည်။

ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ယင်း ၁၆-ပါးတွင် အဓိမောက္ခကိုနုတ်၊ ကျန် ၁၅-ပါးယှဉ်သည်။

ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ဝိစိကိစ္ဆာကိုနုတ်၊ ကျန် ၁၅-ပါးယှဉ်သည်။

အဟိတ်စိတ်၌ စေတသိက်ယှဉ်ပုံ

ဟသိတုဟာဒ်စိတ်၌ အဟေတုကရာသိတွင် ဆန္ဒကိုနုတ်၊ ကြွင်း ၁၂-ပါးယှဉ်သည်။

မနောဒွါရာဝဇ္ဇန်းစိတ်၌ ဆန္ဒနှင့် ပိတိကိုနုတ်၊ ကြွင်း ၁၁-ပါး ယှဉ်သည်၊

သောမနဿ သန္တီရဏစိတ်၌ ဆန္ဒနှင့် ဝီရိယကိုနုတ်၊ ကြွင်း ၁၁-ပါးယှဉ်သည်။

သမ္မဋိဆိုင်းဒွေး၊ ဥပေက္ခာသန္တီရဏ ၂-ပါး၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဤ ၅-ပါးသောစိတ်တို့၌ ဆန္ဒ, ပိတိ, ဝီရိယကိုနုတ်၊ ကြွင်း ၁၀-ပါးယှဉ်သည်။

ဒွေးပဉ္စဝိညာဉ် ၁၀-၌ ပကိဏ်းစေတသိက် ၆-ပါးကိုနုတ်၊ ကြွင်း သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးယှဉ်သည်။

ဤအဟိတ်စိတ်၌ ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ၊ ဤ ၅-ပါးတို့ကို သတိထားပါ။

ကာမာဝစရသောဘနစိတ်၌ စေတသိက်ယှဉ်ပုံ

မဟာကုသိုလ်စိတ် ၈-ပါး၌လည်းကောင်း, မဟာကုသိုလ် ပထမအစုံ၌လည်းကောင်း သောဘနရာသီအတိုင်း စေတသိက် ၃၈-ပါး ယှဉ်သည်။

http://www.dhammadownload.com

ဒုတိယအစုံ၌ ယင်း ၃၈-ပါးတွင် ဉာဏ်ကိုနုတ်၊ ၃၇-ပါး ယှဉ်သည်။

တတိယအစုံ၌ ပီတိကိုနုတ်၊ ကြွင်း ၃၇-ပါးယှဉ်သည်။

စတုတ္ထအစုံ၌ ဉာဏ်, ပီတိကိုနုတ်၊ ကျန် ၃၆-ပါးယှဉ်သည်။

မဟာဝိပါက်စိတ် ၈-ပါး၌ လည်းကောင်း, မဟာဝိပါက်စိတ် ပထမအစုံ၌လည်းကောင်း သောဘနရာသိတွင် ဝိရတိနှင့် အပွမညာကိုနုတ်၊ ကျန် ၃၃-ပါးယှဉ်သည်။

မဟာကြိယာစိတ် ၈-ပါး၌လည်းကောင်း, မဟာကြိယာစိတ် ပထမအစုံ၌လည်းကောင်း သောဘနရာသိတွင် ဝိရတိ ၃-ပါးကိုနုတ်၊ ၃၅-ပါးယှဉ်သည်။

မဟာဝိပါက်စိတ်, မဟာကြိယာစိတ် ဒုတိယအစုံ, တတိယအစုံ, စတုတ္ထအစုံတို့၌လည်း ကုသိုလ်၌ ပြထားခဲ့သည့်အတိုင်း နုတ်ပါ၊ လွယ်လှပါ၏။

မဟဂ္ဂုတ်စိတ်၌ စေတသိက် ယှဉ်ပုံ

မဟဂ္ဂုတ်စိတ် ၂၇-ပါး၌လည်းကောင်း၊ မဟဂ္ဂုတ် ပထမစျာန်စိတ် ၃-ပါး၌လည်းကောင်း သောဘနရာသိတွင် ဝိရတိ ၃-ပါးကိုနုတ်၊ ကျန် ၃၅-ပါးယှဉ်သည်။

ဒုတိယစျာန်စိတ် ၃-ခု၌ ယင်း ၃၅-ပါးတွင် ဝိတက်ကိုနုတ်၊ ၃၄-ပါး ယှဉ်သည်။

တတိယစျာန်စိတ် ၃-ပါး၌ ဝိတက်နှင့် ဝိစာရကိုနုတ်၊ ၃၃-ပါးယှဉ်သည်။

စတုတ္ထစျာန်စိတ် ၃-ပါး၌ ဝိတက်, ဝိစာရ, ပီတိတို့ကိုနုတ်၊ ၃၂-ပါး ယှဉ်သည်။

ပဉ္စမစျာန်စိတ် ၁၅-ပါးတို့၌ ဝိတက်, ဝိစာရ, ပီတိ, အပွမညာတို့ကိုနုတ်၊ ၃၀-ယှဉ်သည်။

လောကုတ္တရာစိတ်၌ စေတသိက်ယှဉ်ပုံ

လောကုတ္တရာစိတ်အကျဉ်း ၈-ပါး, အကျယ် ၄၀-၌လည်းကောင်း, လောကုတ္တရာ ပထမစျာန်စိတ် ၈-ပါး၌လည်းကောင်း သောဘနရာသိတွင် အပွမညာကိုနုတ်၍ ကျန် ၃၆-ပါး ယှဉ်သည်။

ဒုတိယစျာန်စိတ် ၈-ပါး၌ ယင်း ၃၆-ပါးတွင် ဝိတက်ကိုနုတ်၊ ကျန် ၃၅-ပါး ယှဉ်သည်။

တတိယစျာန်စိတ် ၈-ပါး၌ ဝိတက်နှင့် ဝိစာရကိုနုတ်၊ ကျန် ၃၄-ပါးယှဉ်သည်။

စတုတ္ထစျာန်စိတ် ၈-ပါး၌ ဝိတက်, ဝိစာရ, ပီတိတို့ကိုနုတ်၊ ကျန် ၃၃-ပါးယှဉ်သည်။

ပဉ္စမစျာန်စိတ် ၈-ပါး၌လည်း သောမနဿဝေဒနာအစား ဥပေက္ခာဝေဒနာကို သွင်း၍ ၃၃-ပါးပင် ယှဉ်သည်။

ဇာတ်အားဖြင့် ပြဆိုချက်

အကုသိုလ်စိတ် ၁၂-ပါး၌ အကုသလရာသိအတိုင်း စေတသိက် ၂၇-ပါး ယှဉ်သည်။ ကုသိုလ်စိတ် ၂၁-ပါး၌ သောဘနရာသိအတိုင်း ၃၈-ပါးယှဉ်သည်၊ ဝိပါက်စိတ် ၃၆-ပါး၌

http://www.dhammadownload.com

အကုသိုလ်စိတ်၌ သင်္ဂဟနည်း ၇-ပါး

၄၃။ ပန-ကား၊ အကုသလေသု-အကုသိုလ်စိတ်တို့တွင်၊ တာဝ-ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေသု-ကုန်သော၊) လောဘမူလေသု-လောဘမူစိတ်တို့တွင်၊ ပဌမေ-ပထမဖြစ်သော၊ အသင်္ခါရိကေ-အသင်္ခါရိကစိတ်၌၊ အညသမာနာ-ကုန်သော၊ တေရသ-ကုန်သော၊ စေတသိကာ-တို့လည်းကောင်း၊ သဗ္ဗာကုသလသာဓာရဏာ-သဗ္ဗာကုသလသာဓာရဏာ မည်ကုန်သော၊ စတ္တာရော- ၄-ပါးကုန်သော၊ စေတသိကာစ-စေတသိက်တို့လည်းကောင်း၊ ဣတိ-သို့၊ သတ္တရသ- ၁၇-ပါးသော စေတသိက်တို့သည်၊ လောဘဒိဋ္ဌိဟိ-လောဘ, ဒိဋ္ဌိတို့နှင့်၊ သဒ္ဓိ-တကွ၊ ဧကူနဝီသတိ-တစ်ခုယုတ်နှစ်ဆယ်သော၊ ဓမ္မာ-သဘောတရား တို့သည်၊ ဟုတွာ-ဖြစ်ကုန်၍၊ သင်္ဂဟံ-ပေါင်းယူအပ်ကုန်သည်၏၊ အဖြစ်သို့၊ ဂစ္ဆန္တိ-ရောက်ကုန်၏။

သောဘနရာသိတွင် အပွမညာကိုနုတ်၊ ၃၆-ပါးယှဉ်သည်။ ကြိယာစိတ် ဝီသ၌ သောဘနရာသိတွင် ဝိရတိကိုနုတ်၊ ၃၅-ပါးယှဉ်သည်။ ကုသိုလ်, အကုသိုလ်စိတ် ၃၃-ပါးတို့၌ အကုသလရာသိ, သောဘနရာသိစေတသိက် ၅၂-ပါးလုံး ယှဉ်သည်။

ဘုံအားဖြင့် ဝေဖန်ပုံ

ကာမစိတ် ၅၄-ပါး၌ အကုသလရာသိ, သောဘနရာသိ ၂-ရပ်ပေါင်း စေတသိက် ၅၂-ပါး ယှဉ်သည်။ ရူပစိတ် ၁၅-ပါး၌ သောဘနရာသိတွင် ဝိရတိကိုနုတ်က ကျန် ၃၅-ပါး ယှဉ်သည်။ အရူပစိတ် ၁၂-ပါး၌ သောဘနရာသိတွင် ဝိရတိ, ဝိတက်, ဝိစာရ, ပီတိ, အပွမညာတို့ကိုနုတ်က ကျန် ၃၀-သာ ယှဉ်သည်။ လောကုတ္တရာစိတ် ၈-ပါး၌ သောဘန ရာသိတွင် အပွမညာကိုနုတ်၍ ကျန် ၃၆-ပါးယှဉ်သည်။

သမ္မယောဂနည်း ၁၆-ပါး, ဝိပ္ပယောဂနည်း ၂၄-ပါးတို့ကို သဘောကျအောင် ကြံပါ၊ သဘောကျက သင်္ဂဟနည်း ၃၃-ပါးလည်း သဘောကျပြီး, နားလည်ပြီး ဖြစ်သွားပါလိမ့်မည်။

အကုသိုလ်စိတ် သင်္ဂဟနည်း

ဤအကုသိုလ်စိတ် သင်္ဂဟနည်းဝယ် အသင်္ခါရိကစိတ် ၅-ပါး၏ သင်္ဂဟနည်းကို အစဉ်အတိုင်း ပြပြီးမှ သသင်္ခါရိကစိတ် ၅-ပါး၏ သင်္ဂဟနည်းကို ပြထားပါသည်၊ ထို့နောက် အသင်္ခါရိက, သသင်္ခါရိက အလွတ်ဖြစ်သော (သင်္ခါရဝိမုတ်ဖြစ်သော) မောဟမူဒွေးကို ပြသည်၊ ထိုတွင် စေတသိက်ယှဉ်ပုံ ထူးသောကြောင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်ကို ဥဒ္ဓစ္စသဟဂုတ် စိတ်၏ နောက်မှာ ပြထားသည်။

၄၃။ ပထမအသင်္ခါရိက (သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက) စိတ်၌ အညသမာန်း ၁၃၊ သဗ္ဗာကုသလသာဓာရဏ ၄၊ လောဘ, ဒိဋ္ဌိ၊ ပေါင်း ၁၉-ပါးသော စေတသိက်တို့ ယှဉ်သည်၊ ဤသို့စသည်ဖြင့် သရုပ်ရေတွက်ပါ၊ ဇယားဖြင့်လည်း (၅၂)၌ ပြခဲ့ပြီးပါပြီ။

http://www.dhammadownload.com

၄၄။ ဒုတိယေ–ဒုတိယဖြစ်သော၊ အသင်္ခါရိကေ–အသင်္ခါရိကစိတ်၌၊ လောဘ မာနေန–လောဘ,မာနနှင့်၊ သဒ္ဓိ–တကွ၊ တထေဝ–ထိုအညသမာန်း, အကုသလသာမာရ ဏာစေတသိက်တို့သည်ပင်လျှင်၊ သင်္ဂဟံ ဂစ္ဆန္တိ။

၄၅။ တတိယေ–တတိယဖြစ်သော၊ အသင်္ခါရိကေ–၌၊ ပီတိဝဇ္ဇိတာ–ပီတိသည် ကြဉ်အပ်ကုန်သော၊ လောဘဒိဋ္ဌိဟိ–လောဘဒိဋ္ဌိတို့နှင့်၊ သဟ–တကွ၊ အဋ္ဌာရသ–၁၈–ပါး ကုန်သော၊ တထေဝ–တို့သည်ပင်လျှင်၊ သင်္ဂဟံ ဂစ္ဆန္တိ။

၄၆။ စတုတ္ထေ–စတုတ္ထဖြစ်သော၊ အသင်္ခါရိကေ–၌၊ လောဘမာနေန–လောဘ, မာနနှင့်၊ သဟ–တကွ၊ တထေဝ–တို့သည်ပင်လျှင်၊ သင်္ဂဟံ ဂစ္ဆန္တိ။

၄၇။ ပန–ကား၊ ပဥ္စမေ–ပဉ္စမဖြစ်သော၊ ပဋိဃသမ္မယုတ္တေ–ပဋိဃသမ္မယုတ်ဖြစ်သော၊ အသင်္ခါရိကေ–အသင်္ခါရိကစိတ်၌၊ ဒေါသော–ဒေါသလည်းကောင်း၊ ဣဿာ–လည်းကောင်း၊ မစ္ဆရိယ–လည်းကောင်း၊ ကုက္ကုစ္စ–လည်းကောင်း၊ ဣတိ–သို့၊ စတူဟိ–၄–ပါးသော စေတသိက်တို့နှင့်၊ သဒ္ဓိ–တကွ၊ ပီတိဝဇ္ဇိတာ–ပီတိသည်ကြဉ်အပ်ကုန်သော၊ ဝီသတိ– ၂၀–သော၊ တေဧဝမ္မာ–ထိုအညသမာန်း အကုသလသာမာရဏာတရားတို့ကိုပင်၊ သင်္ဂယှန္တိ–ပေါင်းယူအပ်ကုန်၏၊ ပန–အမှာအထား စကားတစ်ရပ် ကြားညှပ် ပြဦးအုံ၊ ဧတ္ထ–ဤ ၂၀–သောစေတသိက်တို့တွင်၊ ဣဿာမစ္ဆရိယကုက္ကုစ္စာနိ–ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ကို၊ ပစ္ဆေကမေဝ–တသီးတခြား တစ်ပါးစီသာ၊ ယောဇေတဗ္ဗာနိ–ယှဉ်စေထိုက်ကုန်၏။

၄၈။ သသင်္ခါရိကပဋိကေပိ–သသင်္ခါရိကစိတ် ၅–ပါးအပေါင်း၌လည်း၊ တထေဝ–ထိုအသင်္ခါရိကစိတ်၌ ယှဉ်ထိုက်သော စေတသိက်တို့ကိုပင်၊ ထိနမိဒ္ဓေန–ထိနမိဒ္ဓဖြင့်၊ ဝိသေသေတွာ–အထူးပြု၍၊ ယောဇေတဗ္ဗာ–ယှဉ်စေထိုက်ကုန်၏။

၄၇။ ဒေါမနဿသဟဂုတ် ပဋိဃသမ္မယုတ် အသင်္ခါရိကစိတ်၌ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၄–ပါး၊ ပီတိကြဉ် အညသမာန်း ၁၂–ပါး၊ သဗ္ဗာကုသလသာမာရဏာ ၄–ပါး၊ ပေါင်း စေတသိက် ၂၀–တို့ ယှဉ်ကြသည်၊ ထိုတွင် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ကို တစ်ရံတစ်ခါ တသီးတခြားစီသာ ယှဉ်စေရမည်၊ ယင်းသို့ ယှဉ်ရခြင်း၏အကြောင်းကို အနိယတ ယောဂီစေတသိက်အဖွင့် (၅၉)၌ ပြဆိုခဲ့ပြီးပါပြီ။

၄၈။ အသင်္ခါရိကစိတ် ၅–ပါး၌ ယှဉ်သောစေတသိက်များတွင် အစဉ်အတိုင်း ထိနမိဒ္ဓကို ပေါင်းထည့်ရေတွက်ပါက သသင်္ခါရိကစိတ် ၅–ပါး၌ယှဉ်သော စေတသိက်များ အစဉ်အတိုင်း ပေါ်ထွက်လာကြသည်၊ ပထမအသင်္ခါရိက၌ ယှဉ်သောစေတသိက် ၁၉–ပါးတွင် ထိနမိဒ္ဓကို ပေါင်းထည့်က ၂၁–ပါး ဖြစ်လာသည်၊ ယင်း ၂၁–ပါးသော စေတသိက်တို့သည်ပင် ပထမသသင်္ခါရိက၌ယှဉ်သော စေတသိက်များ ဖြစ်ကြသည်၊ ဤသို့စသည်ဖြင့် ချဲ့ထွင်ရေတွက်ပါ။

http://www.dhammadownload.com

၄၉။ ပန–ကား၊ ဆန္ဒပိတိဝဇ္ဇိတာ–ဆန္ဒ, ပီတိသည်ကြဉ်အပ်ကုန်သော၊ အညသမာနာ–ကုန်သော၊ ကောဒသ– ၁၁–ပါး‌တို့လည်းကောင်း၊ အကုသလသာဓာရဏာ–သဗ္ဗာကုသလသာဓာရဏမည်ကုန်သော၊ စတ္တာရောစ– ၄–ပါး‌တို့လည်းကောင်း၊ ဣတိ–သို့၊ ပန္နရသ–၁၅–ပါးကုန်သော၊ ဓမ္မာ–သဘောတရား‌တို့သည်၊ ဥဒ္ဓစ္စသဟဂတေ–ဥဒ္ဓစ္စသဟဂုတ်စိတ်၌၊ သမ္မယုဇ္ဇန္တိ–ယှဉ်ကုန်၏။

၅၀။ စ–အဖို့တစ်ပါးကား၊ ဝိစိကိစ္ဆာသဟဂတစိတ္တေ–ဝိစိကိစ္ဆာသဟဂုတ်စိတ်၌၊ အဓိမောက္ခဝိရဟိတာ–အဓိမောက္ခမ့ကင်းကုန်သော၊ ဝိစိကိစ္ဆာသဟဂတာ–ဝိစိကိစ္ဆာနှင့်တကွဖြစ်ကုန်သော၊ ပန္နရသ–၁၅–ပါးကုန်သော၊ တထေဝမ္ဟာ–ထိုအညသမာန်း, အကုသလသာဓာရဏစေတသိက်တို့ကိုပင်၊ သမုပလဗ္ဘန္တိ–ကောင်းစွာရအပ်ကုန်၏။

ဣတိ–သို့၊ သဗ္ဗထာပိ–လည်း၊ ဒွါဒသာကုသလစိတ္တုပ္ပာဒေသု– ၁၂–ပါးသောအကုသိုလ်စိတ်တို့၌၊ ပစ္စေကံ–အသီးအသီး၊ ယောဇီယမာနာပိ–ယှဉ်စေအပ်ပါကုန်သော်လည်း၊ ဂဏနဝသေန–ဂဏန်းသ‌ဏ်္ဌာ‌တို့၏ အပြားအားဖြင့်၊ သတ္တဓာ– ၇–ပါးအပြားအားဖြင့် သာလျှင်၊ သင်္ဂဟိတာ–ပေါင်းယူအပ်ကုန်သည်၊ ဘဝန္တိ–ဖြစ်ကုန်၏။ ဣတိ–ဤသို့ရအပ်ကုန်၏။

သင်္ဂဟဂါထာ

၅၁။ အကုသလေ–အကုသိုလ်စိတ်၌၊ (သင်္ဂဟ–သင်္ဂဟနည်း‌တို့သည်၊) ဧကူနဝီသ–ဧကူနဝီသသင်္ဂဟလည်းကောင်း၊ အဋ္ဌာရသ–လည်းကောင်း၊ ဝီသ–လည်းကောင်း၊ ဧကဝီသ–လည်းကောင်း၊ ဝီသတိ–လည်းကောင်း၊ ဒွါဝီသ–လည်းကောင်း၊ ပန္နရသ–ပန္နရသသင်္ဂဟလည်းကောင်း၊ ဣတိ–သို့၊ သတ္တဓာ– ၇–ပါးအပြားအားဖြင့်၊ ဋ္ဌိတာ–တည်ကုန်၏။

၄၉။ ဆန္ဒ, ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၁–ပါး၊ သဗ္ဗာကုသလသာဓာရဏစေတသိက် ၄–ပါး၊ ပေါင်း ၁၅–ပါးသောစေတသိက်တို့သည် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ယှဉ်ကြသည်။

၅၀။ ဆန္ဒ, ပီတိ, အဓိမောက္ခကြဉ် အညသမာန်းစေတသိက် ၁၀–ပါး၊ သဗ္ဗာကုသလသာဓာရဏစေတသိက် ၄–ပါး၊ ဝိစိကိစ္ဆာ ၁–ပါး၊ ပေါင်း ၁၅–ပါးသော စေတသိက်တို့သည် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ယှဉ်ကြသည်။

သတ္တဓာဝ ဆိုခဲ့ပြီးသည့်အတိုင်း အကုသိုလ်စိတ်များ၌ ယှဉ်သောစေတသိက်တို့ကို ပေါင်းစုရေတွက်သည့်အခါမှာ ၁၂–မျိုး ထွက်လာပါသည်၊ သို့သော် သ‌ဏ်္ဌာအနေအထား အမျိုးအစားအားဖြင့် ရေတွက်ပါက ၇–မျိုးမျှသာ ရှိပါသည်၊ယင်း ၇–မျိုးတို့ကို သင်္ဂဟဂါထာနှင့် ညှိနှိုင်း၍ပြပါမည်။

၁။ ပထမ ဒုတိယအသ‌ဏ်္ဌါရိကစိတ် ၂–ပါး၌ ဧကူနဝီသသင်္ဂဟ ၁–နည်း၊
၂။ တတိယ စတုတ္ထအသ‌ဏ်္ဌါရိကစိတ် ၂–ပါး၌ အဋ္ဌာရသသင်္ဂဟ ၁–နည်း၊

http://www.dhammadownload.com

အကုသလယောဂိစေတသိက် ၁၄-ပါး

၅၂။ စတ္တာရော- ၄-ပါးကုန်သော၊ သာမာရဏာစ-သဗ္ဗာကုသလသာမာရဏာ စေတသိက်တို့လည်းကောင်း၊ အပရေ-တစ်ပါးကုန်သော၊ ဒသ-ဆယ်ပါးကုန်သော၊ သမာနာစ-(ဆန္ဒ, ပီတိ, အဓိမောက္ခကြဉ်သော) အညသမာန်းစေတသိက်တို့ လည်းကောင်း၊ (ကုတိ-သို့၊) စုဒ္ဒသ- ၁၄-ပါးကုန်သော၊ ဧတေ-ဤစေတသိက်တို့ကို၊ သဗ္ဗာကုသလယောဂိနော-အလုံးစုံသော အကုသိုလ်စိတ်တို့၌ ယှဉ်ကုန်၏ဟူ၍၊ ပဝုစ္စန္တိ-ဆိုအပ်ကုန်၏။

အဟိတ်စိတ်သင်္ဂဟနည်း ၄-ပါး

၅၃။ ပန-ကား၊ အဟေတုကေသု-အဟိတ်စိတ်တို့တွင်၊ တာဝ-စွာ၊ (နိဒ္ဒိဋ္ဌေ-သော၊) ဟသနစိတ္တေ-ဟသိတုပ္ပာဒ်စိတ်၌၊ ဆန္ဒ ဝဇ္ဇိတာ-ဆန္ဒသည်ကြဉ်အပ်ကုန်သော၊ အညသမာနာ-ကုန်သော၊ ဒွါဒသ-ကုန်သော၊ ဓမ္မာ-သဘောတရားတို့သည်၊ သင်္ဂဟံ-ပေါင်းယူအပ်ကုန်သည်၏အဖြစ်သို့၊ ဂစ္ဆန္တိ-ရောက်ကုန်၏။

၅၄။ ဝေါဋ္ဌဗ္ဗနေ-ဝုဋ္ဌောစိတ်၌၊ ဆန္ဒပီတိဝဇ္ဇိတာ-ဆန္ဒ, ပီတိသည်ကြဉ်အပ်ကုန်သော၊ တထာ-ထိုအညသမာန်းစေတသိက်တို့သည်၊ သင်္ဂဟံ ဂစ္ဆန္တိ။

၃။ ပဉ္စမအသခ်ါရိကစိတ်၌ ဝီသသင်္ဂဟ ၁-နည်း၊
၄။ ပထမ, ဒုတိယသသခ်ါရိကစိတ် ၂-ပါး၌ ဧကဝီသသင်္ဂဟ ၁-နည်း၊
၅။ တတိယ, စတုတ္ထသသခ်ါရိကစိတ် ၂-ပါး၌ ဝီသသင်္ဂဟ ၁-နည်း၊
၆။ ပဉ္စမသသခ်ါရိကစိတ်၌ ဒွါဝီသသင်္ဂဟ ၁-နည်း၊
၇။ ဥဒ္ဓစ္စသဟဂုတ်နှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ပန္နရသသင်္ဂဟ ၁-နည်း၊
ပေါင်း အကုသိုလ်စိတ် သင်္ဂဟနည်း ၇-ပါးဖြစ်၏။

၅၂။ သဗ္ဗာကုသလယောဂိ "သာမာရဏာ စ စတ္တာရော" စသော ဂါထာဖြင့် အကုသိုလ်စိတ်အားလုံး၌ ယှဉ်နိုင်သောစေတသိက်တို့ကို ပေါင်းစုရေတွက်ပြသည်၊ ဤဂါထာဖြင့်ပင် ကြွင်း ၁၃-ပါးသော စေတသိက်တို့၏ အကုသလဝိသေသကစေတသိက်ဖြစ်ကြောင်းကိုလည်း ပြပြီးဖြစ်တော့သည်။

သဗ္ဗာကုသလသာမာရဏာစေတသိက် ၄-ပါး၊ ဆန္ဒ, ပီတိ, အဓိမောက္ခကြဉ် အညသမာန်းစေတသိက် ၁၀-ပါး၊ ပေါင်း ၁၄-ပါးသော စေတသိက်တို့သည် အကုသိုလ်စိတ် အားလုံး၌ ယှဉ်နိုင်ကြသည်။

အဟိတ်စိတ်သင်္ဂဟနည်း

၅၃။ ဟသိတုပ္ပာဒ်စိတ်၌ ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ၁၂-ပါးယှဉ်သည်။

၅၄။ မနောဒ္ဓါရာဝဇ္ဇန်းစိတ်ကို "ဝုဋ္ဌော"ဟု ခေါ်သည်၊ ယင်း ဝုဋ္ဌောခေါ် မနောဒ္ဓါရာဝဇ္ဇန်းစိတ်၌ ဆန္ဒ, ပီတိကြဉ် အညသမာန်းစေတသိက် ၁၁-ပါးယှဉ်သည်။

http://www.dhammadownload.com

၅၅။ သုခသန္တီရဏော–သောမနဿသဟဂုတ် သန္တီရဏစိတ်၌၊ ဆန္ဒဝိရိယဝဇ္ဈိတာ–ဆန္ဒ, ဝီရိယသည်ကြင့်အပ်ကုန်သော၊ တထာ–တို့သည်၊ သင်္ဂဟံ ဂစ္ဆန္တိ။

၅၆။ မနောဓာတုတ္တိကာဟေတုကပဋိသန္ဓိယုဂဠေ–မနောဓာတ် ၃–ပါး, အဟိတ်ပဋိသန္ဓေအစုံ၌၊ ဆန္ဒပိတိဝိရိယဝဇ္ဈိတာ–ဆန္ဒ, ပိတိ, ဝီရိယသည်ကြင့်အပ်ကုန်သော၊ တထာ–တို့သည်၊ သင်္ဂဟံ ဂစ္ဆန္တိ။

၅၇။ ဒွိပဉ္စဝိညာဏေ–ဒွေးပဉ္စဝိညာဉ် ၁၀–၌၊ ပကိဏ္ဏကဝဇ္ဈိတာ–ပကိဏ်းစေတသိက်သည်ကြင့်အပ်ကုန်သော၊ တေယေဝ–ထိုအညသမာန်းစေတသိက်တို့ကိုပင်၊ သင်္ဂဟန္တိ–ပေါင်းယူအပ်ကုန်၏၊ ဣတိ–သို့၊ သဗ္ဗထာပိ–လည်း၊ အဒ္ဒာရသသု– ၁၈–ပါးကုန်သော၊ အဟေတုကေသု–အဟိတ်စိတ်တို့၌၊ ဂဏနဝသေန–ဂဏန်းသုံးချက်၏ အပြားအားဖြင့်၊ စတုဓာဝ– ၄–ပါးအပြားအားဖြင့်သာလျှင်၊ သင်္ဂဟော–ပေါင်းယူခြင်းသည်၊ ဟောတိ–ဖြစ်၏၊ ဣတိ–ဤသို့ရအပ်ကုန်၏။

သင်္ဂဟဂါထာများ

၅၈။ အဒ္ဒာရသာဟေတုကေသု–၁၈–ပါးသော အဟိတ်ဟုဆိုအပ်ကုန်သော၊ စိတ္တုပ္ပာဒေသု–ဥပါဒ်သော စိတ်တို့၌၊ သင်္ဂဟော–သင်္ဂဟနည်းသည်၊ ဒွါဒသ–ဒွါဒသသင်္ဂဟ

၅၅။ သောမနဿသဟဂုတ်သန္တီရဏစိတ်၌ ဆန္ဒ, ဝီရိယကြင့် အညသမာန်းစေတသိက် ၁၁–ပါးယှဉ်သည်။

၅၆။ ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးကို "မနောဓာတ် ၃–ပါး"ဟု ခေါ်သည်၊ ဥပေက္ခာသဟဂုတ် သန္တီရဏ ၂–ပါးကို "အဟိတ်ပဋိသန္ဓေအစုံ"ဟု ခေါ်သည်၊ ယင်းပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေး, ဥပေက္ခာသန္တီရဏ ၂–ပါး၊ ပေါင်း ၅–ပါးသောစိတ်တို့၌ ဆန္ဒ, ပိတိ, ဝီရိယကြင့် အညသမာန်းစေတသိက် ၁၀–ပါးယှဉ်သည်။

၅၇။ စက္ခုဝိညာဉ်ဒွေး, သောတဝိညာဉ်ဒွေး, ဃာနဝိညာဉ်ဒွေး, ဇိဝှါဝိညာဉ်ဒွေး, ကာယဝိညာဉ်ဒွေး၊ ဤအစုံ ၅–ခုကို "ဒွေးပဉ္စဝိညာဉ်"ဟု ခေါ်သည်။ (ဒွေ– ၂–ခုစီ ၂–ခုစီသော +ပဉ္စ– ၅–ပါးသော+ဝိညာဏ–ဝိညာဉ်။)

ယင်းဒွေးပဉ္စဝိညာဉ် ၁၀–၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါး ယှဉ်သည်။

စတုဓာဝ ပြဆိုခဲ့ပြီးသော အစဉ်ဖြင့် ရေတွက်ပါက သင်္ဂဟနည်း ၅–နည်း ဖြစ်သင့်ပါသည်၊ သို့သော် ဝုဋ္ဌောနှင့် သုခသန္တီရဏတို့၌ ဂဏန်းသုံးချက် တူသောကြောင့် တစ်ခုတည်း ပေါင်းစုရေတွက်၍ ၄–နည်းသာ ဖြစ်လာရသည်၊ ယင်း ၄–နည်းတို့ကို သင်္ဂဟဂါထာနှင့် တွဲစပ်ပြပါဦးမည်။

၁။ ဟသိတုပ္ပာဒ်စိတ်၌ ဒွါဒသသင်္ဂဟ ၁–နည်း၊

၂။ ဝုဋ္ဌောနှင့် သုခသန္တီရဏစိတ်တို့၌ ဧကာဒသသင်္ဂဟ ၁–နည်း၊

၃။ မနောဓာတ် ၃–ခု, အဟိတ်ပဋိသန္ဓေအစုံ၌ ဒသသင်္ဂဟ ၁–နည်း၊

၄။ ဒွေးပဉ္စဝိညာဉ် ၁၀–၌ သတ္တသင်္ဂဟ ၁–နည်း၊

ဤသည်တို့ကား အဟိတ်စိတ်၌ ရသင့်သော သင်္ဂဟနည်း ၄–နည်းတို့ပေတည်း။

http://www.dhammadownload.com

လည်းကောင်း၊ ကောဒသ–လည်းကောင်း၊ ဒသ–လည်းကောင်း၊ သတ္တစ–သတ္တသင်္ဂဟ လည်းကောင်း၊ ကွတိ–သို့၊ စတုဗ္ဗိဓော– ၄–ပါးအပြားရှိ၏။

၅၉။ သဗ္ဗတ္ထ–အလုံးစုံသော၊ အဟေတုကေသု–အဟိတ်စိတ်တို့၌၊ သတ္တ– ၇–ပါး သော သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့သည်၊ (ယုဒ္ဓန္တိ–ယှဉ်ကုန်၏၊) သေသာ– ကြွင်းသော ပကိဏ်းစေတသိက်တို့သည်၊ ယထာရဟံ–ထိုက်သည်အားလျော်စွာ၊ (ယုဒ္ဓန္တိ– ကုန်၏၊) ကွတိ–သို့၊ ဝိတ္ထာရတော–အကျယ်အားဖြင့်၊ တေတ္တိံသ ဝိဓသင်္ဂဟော– ၃၃–ပါးအပြားရှိသော သင်္ဂဟနည်းကို၊ ဝုတ္တော–ဆိုအပ်ပြီ။

စေတသိက်တို့ကို စိတ်နှင့်အမျှ ရေတွက်ခြင်း

၆၀။ ကွတ္ထံ–ဤဆိုအပ်ပြီးသော အပြားအားဖြင့်၊ စိတ္တာဝိယုတ္တာနံ–စိတ်နှင့်မယှဉ်ဘဲ မဖြစ်နိုင်ကုန်သော စေတသိက်တို့၏၊ သမ္ပယောဂဿ–သမ္ပယောဂနည်းကိုလည်းကောင်း၊

၅၉။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါးတို့သည် အဟိတ်စိတ် အားလုံး၌ယှဉ်သော "သဗ္ဗာဟေတုကယောဂိ" စေတသိက်တို့ ဖြစ်ကြသည်၊ ဆန္ဒကြဉ် ပကိဏ်းစေတသိက် ၅–ပါး တို့သည် ထိုက်သည်အားလျော်စွာယှဉ်သော "ဝိသေသက"စေတသိက်များ ဖြစ်ကြသည်။

ဆတ္တိံသာနုတ္တရေ ဓမ္မာ–အစရှိသော ဂါထာ၌ "ယထာသမ္ဘဝယောဂေန ၊ ပဿဓာ တတ္ထ သင်္ဂဟော"ဟု အကျဉ်းချုပ် ပြခဲ့သော သင်္ဂဟ ၅–မျိုးကို ဖြစ်သင့်သလို ချဲ့ထွင် ယှဉ်ပြသည့်အခါ သင်္ဂနည်းပေါင်း အကျယ် ၃၃–ပါး ဖြစ်ပေါ်လာပါသည်၊ ၄င်းတို့ကို ပြုပြီးပါပြီ–ဟု ဆိုလိုသည်။

သင်္ဂဟနည်းပေါင်း

၁။ လောကုတ္တရာစိတ်၌ သင်္ဂဟနည်း ... ... ၅–နည်း၊
၂။ မဟဂ္ဂတ်စိတ်၌ သင်္ဂဟနည်း ... ... ၅–နည်း၊
၃။ ကာမာဝစရသောဘနစိတ်၌ သင်္ဂဟနည်း ... ... ၁၂–နည်း၊
၄။ အကုသိုလ်စိတ်၌ သင်္ဂဟနည်း ... ... ၇–နည်း၊
၅။ အဟိတ်စိတ်၌ သင်္ဂဟနည်း ... ... ၄–နည်း၊

ဤသို့ သင်္ဂဟနည်း အကျယ် ... ... ၃၃–နည်း ဖြစ်သတည်း။

ဆောင်း။ ။ လော မဟဂ် ကာ, အ အသာ, ငါးဖြာသင်္ဂဟ။
ငါး ငါး ဆယ့်နှစ်, ခုနစ် လေးပါး, စဉ်သင့်ထား, ပေါင်းငြားသင်္ဂဟ– တေတ္တိံသ။

ယှဉ်ရာစိတ်နှင့်အမျှ စေတသိက်ပြားပုံ

၆၀။ "ကွတ္ထံ စိတ္တာဝိယုတ္တာနံ"စသော ဂါထာဖြင့် နိဂုံးနှင့် မှာထားချက်ကို ပြတော်မူသည်၊ ထိုတွင် "ကွတ္ထံ ၊ ပ ၊ ဥတ္တာ"ဖြင့် နိဂုံးကိုပြသည်၊ "ဘေဒံ ။ ပ ။ ဥဒ္ဒိသေ"ဖြင့် မှာထားချက်ကို ပြသည်၊ "ဤဆိုခဲ့ပြီးသောနည်းအတိုင်း စေတသိက်တို့၏ သမ္ပယောဂနည်း, သင်္ဂဟနည်းများကို

http://www.dhammadownload.com

သင်္ဂဟ–သင်္ဂနည်းကိုလည်းကောင်း၊ ဥတ္တာ–သိပြီးသည်ရှိသော်၊ ယထာယောဂံ–ယှဉ်ထိုက်သည်အားလျော်စွာ၊ စိတ္တေန–ယှဉ်ရာစိတ်နှင့်၊ သမံ–အရေအတွက်ညီမျှသော၊ ဘေဒံ–အပြားကို၊ ဥဒ္ဒိသေ–ထုတ်ပြရာ၏။ [ဥတ္တာနှင့် ဥဒ္ဒိသေတို့ကား ကတ္တားမတူကြ။]

အဘိဓမ္မတ္ထသင်္ဂဟေ–၌၊ စေတသိကသင်္ဂဟဝိဘာဂေါနာမ–စေတသိကသင်္ဂဟဝိဘာဂမည်သော၊ ဒုတိယော–၂–ပိုင်းတို့၏ပြည့်ကြောင်းဖြစ်သော၊ ပရိစ္ဆေဒေါ–အပိုင်းသည်၊ ဣတိ–ပြီးပြီ။

စာသင်သားတို့ သိပြီးသည်ရှိသော် ယှဉ်ရာစိတ်နှင့်ညီမျှသော စေတသိက်အပြားကိုလည်း စာချဆရာက ထုတ်ပြပါလေ–ဟု ဆိုလိုပါသည်

ဖဿသည် စိတ် ၈၉–ပါးနှင့်ယှဉ်သည်၊ ထို့ကြောင့် "လောဘမူ ပထမစိတ်၌ယှဉ်သော ဖဿ, ဒုတိယစိတ်၌ယှဉ်သော ဖဿ, ဤသို့စသည်ဖြင့် ဖဿပေါင်း ၈၉–ပါးပြား၏၊ ဝေဒနာစသည်လည်း နည်းတူ၊ ဝိတက်သည် ၅၅–ပါးသောစိတ်၌ ယှဉ်သောကြောင့် "လောဘမူပထမစိတ်၌ ယှဉ်သောဝိတက်" ဤသို့စသည်ဖြင့် ဝိတက်ပေါင်း ၅၅–ပါးပြား၏၊ အဆုံး၌ ပညာသည် ၄၇–ပါးသောစိတ်၌ ယှဉ်သောကြောင့် ပညာပေါင်း ၄၇–ပါး ပြား၏၊ ဤသို့လျှင် ယှဉ်ရာစိတ်နှင့်ညီမျှစွာ စေတသိက်တစ်ပါးတစ်ပါး၏ အပြားကို ထုတ်ပြပါလေ၊ ဆိုလိုရင်းကား–"ဖဿော, ဝေဒနာ, သညာ"စသည်ဖြင့် "ဖဿတစ်ခု, ဝေဒနာတစ်ခု"စသည်ကိုသာ ပြခဲ့သော်လည်း "ယှဉ်ရာစိတ်များသလောက် ထိုစေတသိက်တို့လည်း များနိုင်သည်"ဟူလို။

နှစ်နည်းစပ်တွဲ သရုပ်ခွဲ

ပြဆိုခဲ့ပြီးသော သမ္မယောဂနည်း သင်္ဂဟနည်းတို့ဖြင့် စိတ်နှင့် စေတသိက်တို့ ယှဉ်ကြပုံကိုသာ နားလည်နိုင်ပါသည်၊ စေတသိက်ချင်း ယှဉ်ပုံကိုမူ နားမလည်နိုင်သေးပါ၊ ယင်းနည်း ၂–ပါးတို့ကို ပေါင်းစပ်ခွဲစိတ်မှသာ စေတသိက်ချင်း ယှဉ်ပုံကို သိနားလည်နိုင်ပါသည်။

သို့ဖြစ်၍ စေတသိက် တစ်ပါးတစ်ပါးနှင့် ယှဉ်ထိုက်သမျှသော စေတသိက်တို့ကို သိလိုပါလျှင်–

၁။ ထိုထို စေတသိက်၏ ယှဉ်ရာစိတ်ကို သမ္မယောဂနည်းအားလျော်စွာ ဖော်ထုတ်ထားပါ၊

၂။ ထို့နောက် ယင်းစိတ်များ၌ ယှဉ်ထိုက်သမျှသော စေတသိက်တို့ကို သင်္ဂဟနည်း သဘောသွားအတိုင်း ရှာဖွေပါ၊

၃။ ယင်း စေတသိက်များထဲမှ အရင်းခံမူလစေတသိက်ကို ပယ်နုတ်ထားလိုက်ပါ၊

၄။ ကြွင်းသော စေတသိက်များသည် ယင်း ပယ်နုတ်ထားသော စေတသိက်နှင့် ယှဉ်ထိုက်သော စေတသိက်များ ဖြစ်ရတော့သည်။

ဆောင်။ ။ ထိုထိုစေတသိက်, ယှဉ်သည့်စိတ်၌, ယှဉ်ထိုက်"စေ"မှ, ကြဉ်ရမူလာ, အကြွင်းမှာ, ယှဉ်လာ စေတသိက်။

http://www.dhammadownload.com

စေတသိက်ချင်း ယှဉ်ပုံ

စေတသိက်	ယှဉ်ရာစိတ်	ယှဉ်စေ	စေ	မှတ်ချက်
ဖဿ	၈၉	၅၂	၅၁	ဖဿကြဉ် [ဝေစသည် တူပြီ]
ဝိတက်	၁၅	၅၂	၅၁	ဝိတက်ကြဉ် [ဝိစာရလည်းတူ]
အဓိမောက္ခ	၇၈	၅၁	၅၀	အဓိ(ဝိစိကိစ္ဆာ)ကြဉ်
ဝီရိယ	၇၃	၅၂	၅၁	ဝီရိယကြဉ်
ပီတိ	၅၁	၄၇	၄၆	ပီတိ (ဒေါစတုက်, ဝိစိကိစ္ဆာ)ကြဉ်
ဆန္ဒ	၆၉	၅၁	၅၀	ဆန္ဒ (ဝိစိကိစ္ဆာ)ကြဉ်
မောဟ	၁၂	၂၇	၂၆	မောဟကြဉ် [အဟိရိကစသည် တူပြီ]
လောဘ	၈	၂၂	၂၁	လော(ဒေါစတုက်,ဝိစိကိစ္ဆာ)ကြဉ်
ဒိဋ္ဌိ	၄	၂၁	၂၀	ဒိဋ္ဌိ(မာန, ဒေါစတုက်, ဝိစိကိစ္ဆာ)ကြဉ်
မာန	၄	၂၁	၂၀	မာန(ဒိဋ္ဌိ, ဒေါစတုက်, ဝိစိကိစ္ဆာ)ကြဉ်
ဒေါသ	၂	၂၂	၂၁	ဒေါ(ပီ, လော, ဒိ, မာ, ဝိစိကိစ္ဆာ)ကြဉ်
ဣဿာ	၂	၂၂	၁၉	ဣ,မစ်,ကုက်(ပီ,လော,ဒိ,မာ,ဝိစိ)ကြဉ်
ထိန	၅	၂၆	၂၅	ထိန(ဝိစိ)ကြဉ် [မိဒ္ဓလည်း တူပြီ]
ဝိစိကိစ္ဆာ	၁	၁၅	၁၄	ဝိစိ(ပီ,အဓိ,ဆန္ဒ,လော-၃,ဒေါ-၄,ထိ,မိ)ကြဉ်
သဒ္ဓါ	၅၉	၃၈	၃၇	သဒ္ဓါကြဉ် [သတိစသည် တူပြီ]
သမ္မာဝါစာ	၁၆	၃၈	၃၃	ဝိရတိနှင့် ပမဉ်ကြဉ် [ကမ္မန္တ, အာဇီ တူပြီ]
ကရုဏာ	၂၈	၃၈	၃၃	ပမဉ်နှင့် ဝိရတိကြဉ် [မုဒိတာတူပြီ]
ပညာ	၄၇	၃၈	၃၇	ပညာကြဉ်

ဖဿနှင့်ယှဉ်သောစေတသိက်

၁။ ဖဿသည် စိတ် ၈၉-ပါး၌ ယှဉ်သည်၊ (သမ္မယောဂနည်း၊)

၂။ ထိုစိတ် ၈၉-ပါး၌ စေတသိက် ၅၂-ပါး ယှဉ်သည်၊ (သင်္ဂဟနည်း၊)

၃။ ယင်း စေတသိက် ၅၂-ပါးထဲမှ အရင်းခံမူလ ဖဿစေတသိက်ကို နှတ်လိုက်ပါက-

၄။ ကျန်စေတသိက် ၅၁-ပါးသည် ဖဿနှင့်ယှဉ်သော စေတသိက်များ ဖြစ်ကြသည်။

ထို့ကြောင့် "ဖဿသည် စိတ်တစ်ခုယုတ်ကိုးဆယ်, ဖဿကြဉ်သောစေတသိက် ၅၁-ပါး နှင့်ယှဉ်သည်"ဟု မှတ်ပါ၊ ဇယားနှင့်တိုက်ဆိုင်ကြည့်ပါ။

http://www.dhammadownload.com

ပီတိနှင့်ယှဉ်သောစေတသိက်

၁။ ပီတိသည် စတုတ္ထစျာန်မှ တစ်ပါးသော သောမနဿသဟဂုတ် ၅၁-ပါးခု ယှဉ်သည်၊

၂။ ထို ၅၁-ပါးသောစိတ်၌ (ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်) စေတသိက် ၄၇-ပါး ယှဉ်နိုင်သည်၊

၃။ ထို့ကြောင့် ပီတိသည် ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ် စေတသိက် ၄၆-ပါးနှင့် ယှဉ်သည်။

ဣဿာနှင့်ယှဉ်သောစေတသိက်

၁။ ဣဿာသည် ဒေါသမူဒွေး၌ ယှဉ်သည်၊

၂။ ထိုဒေါသမူဒွေး၌ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ် စေတသိက် ၂၂-ပါး ယှဉ်နိုင်သည်၊ [ထိုဣဿာသည် မစ္ဆရိယ, ကုက္ကုစ္စတို့နှင့် အတူတကွ မဖြစ်နိုင်၊]

၃။ ထို့ကြောင့် ဣဿာသည် ဣဿာ, ပီတိ, မစ္ဆရိယ, ကုက္ကုစ္စ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ် စေတသိက် ၁၉-ပါးတို့နှင့် ယှဉ်သည်၊

သမ္မာဝါစာနှင့်ယှဉ်သောစေတသိက်

၁။ သမ္မာဝါစာသည် မဟာကုသိုလ်စိတ် ၈-ပါး, လောကုတ္တရာစိတ် ၈-ပါးအားဖြင့် ၁၆-ပါးသောစိတ်တို့၌ ယှဉ်သည်၊

၂။ ထို ၁၆-ပါးသောစိတ်တို့၌ အညသမာန်း သောဘနစေတသိက် ၃၈-ပါး ယှဉ်နိုင်သည်၊ ထို့တွင် ဝိရတိနှင့်အပ္ပမညာတို့သည် နာနာကဒါစိ စေတသိက်များ ဖြစ်ကြသည်၊

၃။ ထို့ကြောင့် သမ္မာဝါစာသည် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ကရုဏာ, မုဒိတာကြဉ် စေတသိက် ၃၃-ပါးနှင့် ယှဉ်သည်။

ကရုဏာနှင့်ယှဉ်သောစေတသိက်

၁။ ကရုဏာသည် မဟာကုသိုလ်စိတ် ၈-ပါး, မဟာကြိယာစိတ် ၈-ပါး, ရူပါဝစရ ပထမစျာန်စိတ် ၃-ပါး, ဒုတိယစျာန်စိတ် ၃-ပါး, တတိယစျာန်စိတ် ၃-ပါး, စတုတ္ထစျာန်စိတ် ၃-ပါးအားဖြင့် ၂၈-ပါးသောစိတ်တို့၌ ယှဉ်သည်၊

၂။ ထို ၂၈-ပါးသောစိတ်တို့၌ အညသမာန်းနှင့်သောဘနစေတသိက် ၃၈-ပါး ယှဉ်သည်၊ (ထို ၃၈-ပါးသော စေတသိက်တို့တွင် အပ္ပမညာနှင့် ဝိရတိတို့သည် နာနာကဒါစိစေတသိက်များဖြစ်ကြ၍ အတူမယှဉ်နိုင်ကြပါ၊)

၃။ ထို့ကြောင့် ကရုဏာသည် ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝကြဉ် စေတသိက် ၃၃-ပါးတို့နှင့် ယှဉ်သည်။

ဤသို့ စသည်ဖြင့် ဇယားကိုရှုကာ ကြွင်းသောစေတသိက် တစ်ခုတစ်ခုနှင့် ယှဉ်နိုင်သည့် စေတသိက် များကိုလည်း နားလည်အောင် လေ့လာထားသင့်သည်၊ ဤနည်းကို နားလည်မှ ညဝါအရကောက်များကို သဘောကျနိုင်မည်။

http://www.dhammadownload.com

လေ့ကျင့်ခန်း မေးခွန်းများ

၁။ စေတောယုတ္တလက္ခဏာများကိုပြ၍၊ စေတသိက်များ၏ သဗ္ဗစိတ္တသာဓာရဏ, ပကိဏ္ဏက, အညသမာန်းမည်ပုံတို့ကို သိသာရုံမျှပြပါ။

၂။ အကုသိုလ်စေတသိက်, သောဘနသာဓာရဏစေတသိက်တို့၏ သဘောလက္ခဏာနှင့် အရေအတွက်ကို ပြပါ။

၃။ ဝိရတိစေတသိက် ၃-ပါးတို့၏ သဘောလက္ခဏာကို ပြ၍၊ ဝိရတိ-ဟု ခေါ်ရပုံကိုလည်း သိသာထင်ရှားအောင် ရှင်းလင်းပြပါ။

၄။ အပွဓညာစေတသိက်တို့၏ သဘောနှင့် အပွဓညာမည်ပုံကိုပြ၍၊ ပညိန္ဒြေစေတသိက်၏ သဘောကိုလည်းပြပါ။

၅။ တေရသညသမာနာစ-စသော သင်္ဂဟဂါထာ၌ပါသော သန်္ဓာသဒ္ဒါတို့၏ သန္နိယျကို ရေတွက်ပြပါ။

၆။ သမ္မယောဂနည်း အဓိပ္ပာယ်ကို သာဓကသွင်း ရှင်းလင်းပြပါ။

၇။ (က) အကုသိုလ်စိတ် (ခ) အဟိတ်စိတ် (ဂ) သောဘနစိတ်တို့၌ ယှဉ်နိုင်သောစေကသိက်တို့ကို အသီးအသီး ရေတွက်ပြပါ။

၈။ (က) ပကိဏ်းစေတသိက် ၆-ပါးတို့ ယှဉ်သောစိတ်၊ (ခ) မယှဉ်သောစိတ်တို့ကို အသီးအသီး ရေတွက်ပြပါ။

၉။ အညသမာန်းသမ္မယောဂနည်း သင်္ဂဟဂါထာလာသန်္ဓာတို့၏ သန္နိယျတို့ကိုပြပါ။

၁၀။ သမ္မယောဂနည်းနှင့် သင်္ဂဟနည်းတို့၏ ထူးခြားချက်ကို ရှင်းလင်းပြပါ။

၁၁။ (က) အဟိတ်စိတ် ၁၈-ပါးလုံးမှာယှဉ်သောစေတသိက်၊ (ခ) ၈-ပါးမှာသာ ယှဉ်သော စေတသိက်၊ (ဂ) ၂-ပါးမှာသာ ယှဉ်သောစေတသိက်တို့ကို အသီးအသီး ရေတွက်ပြပါ။

၁၂။ အဟိတ်စိတ်၌ယှဉ်သော စေတသိက်တို့တွင် (က) သဗ္ဗာဟေတုကယောဂီ(အဟိတ်စိတ်အကုန်လုံး၌ယှဉ်သော)စေတသိက်၊ (ခ) ဝိသေသကအမည်ရသင့်သော စေတသိက်တို့ကို ခွဲခြားဝေဖန်၍ ပြပါ။

၁၃။ (က) ဒွေးပဉ္စဝိညာဉ် ၁၀၊ (ခ) ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း-၂, ဥပေက္ခာသန္တီရဏ-၂၊ (ဂ) သောမနဿသန္တီရဏ၊ (ဃ) မနောဒွါရာဝဇ္ဇန်း၊ (င) ဟသိတုပ္ပာဒ်စိတ်တို့၌ ယှဉ်သော စေတသိက်တို့ကို အသီးအသီး ရေတွက်ပြပါ။

၁၄။ သဗ္ဗာကုသလသာဓာရဏမည်ပုံကိုပြ၍၊ ယင်းစေတသိက်တို့ကိုလည်း ရေတွက်ပြပါ။

၁၅။ လောဘမူလေ တယော ဂတာ-၌ တယော-အရ ဖြစ်သင့်သော စေတသိက်တို့ကို ယှဉ်ရာစိတ်နှင့် ယှဉ်တွဲစပ်ဟပ်ပြပါ။

၁၆။ အကုသိုလ်စေတသိက်တို့၏ သမ္မယောဂနည်းများကို ရေတွက်ပြ၍၊ သက်ဆိုင်ရာ သင်္ဂဟဂါထာကိုလည်း ရေးပြပါ။

http://www.dhammadownload.com

၁၇။ အကုသိုလ်စိတ်နှင့် ယှဉ်သောစေတသိက်တို့တွင် (က)သဗ္ဗာကုသလယောဂီ(အကုသိုလ်စိတ် အကုန်လုံးမှာယှဉ်သော) စေတသိက်၊ (ခ) ဝိသေသကအမည်ရသင့်သော စေတသိက်တို့ကို ရေတွက်ပြပါ။

၁၈။ (က) အကုသိုလ်စိတ် ၁၁-ပါး၊ (ခ) ၁၀-ပါး၊(ဂ) ၈-ပါး၊ (ဃ) ၅-ပါး၊ (င) ၄-ပါး၊ (စ) ၂-ပါး၊ (ဆ) ၁-ပါး၌ ယှဉ်သောစေတသိက်တို့ကို ယှဉ်ရာစိတ်နှင့် အသီးအသီး တွဲစပ်ပြပါ။

၁၉။ လောဘမူစိတ်၌ ယှဉ်သော စေတသိက်တို့တွင် – (က) သဗ္ဗလောဘမူလယောဂီ (လောဘမူစိတ် ၈-ပါးလုံး၌ယှဉ်သော) စေတသိက်၊ (ခ) ဝိသေသကအမည်ရသင့်သော စေတသိက်တို့ကို ပြပါ။

၂၀။ ဒေါသမူစိတ်၌ယှဉ်သော စေတသိက်တို့တွင်- (က) သဗ္ဗဒေါသမူလယောဂီ(ဒေါသမူစိတ် ၂-ပါးလုံး၌ယှဉ်သော) စေတသိက်၊ (ခ) ဝိသေသကအမည်ရသင့်သော စေတသိက်တို့ကို ခွဲစိတ်ဝေဖန်၍ ပြပါ။

၂၁။ မောဟမူစိတ်၌ ယှဉ်သောစေတသိက်တို့တွင်- (က) သဗ္ဗမောဟမူလယောဂီ(မောဟမူစိတ် ၂-ပါးလုံး၌ယှဉ်သော)စေတသိက်၊ (ခ) ဝိသေသကအမည်ရသင့်သော စေတသိက်တို့ကို ခွဲစိတ်ဝေဖန်ပြပါ။

၂၂။ ဝိရတိစေတသိက်တို့ လောကုတ္တရာစိတ်နှင့် မဟာကုသိုလ်စိတ်မှာ ယှဉ်သည့်အခါ ထူးခြားပုံကို ပါဠိသာဓကသွင်း၍ ရှင်းလင်းပြပါ။

၂၃။ သောဘနစေတသိက်တို့၏ သမ္မယောဂနည်းများကိုပြ၍ ၊ အလုံးစုံသော စေတသိက်တို့၏ သမ္မယောဂနည်းများကိုလည်း ရေတွက်ပြပါ

၂၄။ ကာမာဝစရသောဘနစိတ်၌ ယှဉ်သောစေတသိက်တို့တွင်- (က) သဗ္ဗကာမာဝစရ သောဘနယောဂီ(ကာမာဝစရသောဘနစိတ် ၂၄-ပါးလုံးမှာယှဉ်သော) စေတသိက်၊ (ခ) ဝိသေသက အမည်ရသင့်သော စေတသိက်တို့ကို ရေတွက်ပြပါ။

၂၅။ မဟာကုသိုလ်စိတ်၌ ယှဉ်သောစေတသိက်တို့တွင်- (က) သဗ္ဗကာမာဝစရကုသလ ယောဂီ(မဟာကုသိုလ်စိတ် ၈-ပါးလုံးမှာယှဉ်သော) စေတသိက်၊ (ခ) ဝိသေသကအမည် ရသင့်သော စေတသိက်တို့ကို ရေတွက်ပြပါ။

၂၆။ ဝိသေသကစေတသိက်တို့ကို အကြောင်းပြု၍ မဟာကုသိုလ်, မဟာဝိပါက်, မဟာ ကြိယာ စိတ်တို့၌ ပေါ်ထွက်လာရသော သင်္ဃာနည်းများကိုလည်း ပြပါ။

၂၇။ မဟာကြိယာစိတ်၌ ယှဉ်သော စေတသိက်တို့တွင်- (က) သဗ္ဗသဟေတုက ကာမာဝ စရကြိယယောဂီ(မဟာကြိယာစိတ် ၈-ပါးလုံးမှာယှဉ်သော) စေတသိက်၊ (ခ) ဝိသေသက အမည်ရသင့်သော စေတသိက်တို့ကို ခွဲစိတ်ဝေဖန်၍ ပြပါ။

၂၈။ မဟာဝိပါက်စိတ်၌ယှဉ်သော စေတသိက်တို့တွင်- (က) သဗ္ဗသဟေတုကကာမာဝစရ ဝိပါကယောဂီ(မဟာဝိပါက်စိတ် ၈-ပါးလုံးမှာယှဉ်သော) စေတသိက်၊ (ခ) ဝိသေသက အမည်ရသင့်သော စေတသိက်တို့ကို ခွဲစိတ်ဝေဖန်ပြပါ။

http://www.dhammadownload.com

၂၉။ မဟဂ္ဂုတ်စိတ်၌ ယှဉ်သော စေတသိက်တို့တွင်- (က) သဗ္ဗမဟဂ္ဂတယောဂီ(မဟဂ္ဂုတ်စိတ် အားလုံးမှာယှဉ်သော) စေတသိက်၊ (ခ) ဝိသေသကစေတသိက်တို့ကို ခွဲစိတ်ဝေဖန်ပြ၍၊ ယင်းဝိသေသကစေတသိက်တို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာရသော သင်္ဂဟနည်းများကိုလည်း ပြပါ။

၃၀။ လောကုတ္တရာစိတ်၌ ယှဉ်သောစေတသိက်တို့တွင်- (က) သဗ္ဗလောကုတ္တရယောဂီ (လောကုတ္တရာစိတ်အားလုံးမှာယှဉ်သော)စေတသိက်၊ (ခ) ဝိသေသကစေတသိက်တို့ကို ခွဲစိတ်ဝေဖန်၍ ပြပါ။

၃၁။ (က) နိယတယောဂီ (ခ) အနိယတယောဂီ-ဟု အဘယ်စေတသိက်မျိုးကို ခေါ်ပါသနည်း။

၃၂။ (က) နာနာကဒါစိစေတသိက်၊ (ခ) ကဒါစိစေတသိက်၊ (ဂ) သဟကဒါစိစေတသိက်၊ (ဃ) သဟနာနာကဒါစိစေတသိက်တို့ကို ခွဲစိတ်ဝေဖန်ပြပါ။

၃၃။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ အဘယ်ကြောင့် အတူတကွ မဖြစ်နိုင်ကြပါသနည်း၊

၃၄။ ဝိရတိနှင့်အပွမညာတို့ အတူတကွမဖြစ်ရခြင်း၏ အကြောင်းကို ပြပါ။

၃၅။ ထိနနှင့်,မိဒ္ဓသည် အဘယ်ကြောင့် အတူတကွ မကွဲမကွာ ဖြစ်ရပါသနည်း။

၃၆။ လောကုတ္တရာစိတ်, မဟဂ္ဂုတ်စိတ်, ကာမာဝစရသောဘနစိတ်, အဟိတ်စိတ်, အကုသိုလ်စိတ်တို့၌ ယှဉ်သောစေတသိက်တို့ကို အသီးအသီးပြပါ။

၃၇။ လောကုတ္တရာစိတ်၌ အဘယ်ကြောင့် အပွမညာ မယှဉ်ရပါသနည်း။

၃၈။ မဟဂ္ဂုတ်စိတ်၌ အဘယ့်ကြောင့် ဝိရတိမယှဉ်ရပါသနည်း။

၃၉။ ကရုဏာနှင့်မုဒိတာတို့ အဘယ့်ကြောင့် အတူတကွ မယှဉ်ကြပါသနည်း။

၄၀။ (က) မဟာကုသိုလ် ပထမအစုံ၌ ယှဉ်နိုင်သမျှသော စေတသိက်, (ခ) အများဆုံးတစ်ပြိုင်နက်ယှဉ်သောစေတသိက်၊ (ဂ) အမြဲယှဉ်သောစေတသိက်တို့ကို ပြပါ။

၄၁။ (က) မဟာဝိပါက်, မဟာကြိယာ၌ ဝိရတိမယှဉ်ရခြင်း၊ (ခ) မဟာဝိပါက်၌ အပွမညာမယှဉ်ရခြင်း၏ အကြောင်းတို့ကို ပြပါ။

၄၂။ အဘယ်စေတသိက်မျိုးကို ဝိသေသကခေါ်ရကြောင်းပြ၍၊ သောဘနစိတ်များ၌ ဝိသေသကစေတသိက်များကိုလည်း ပြပါ။

၄၃။ သင်္ဂဟနည်းပေါင်း မည်မျှရှိကြောင်း အကျဉ်းရေတွက်ပြပါ။

၄၄။ စေတသိက်တစ်ပါးတစ်ပါးနှင့် ယှဉ်သောစေတသိက်ကို သိလိုလျှင် မည်သို့လုပ်ရမည်နည်း၊ သိသာရုံမျှ ပြပါ။

၄၅။ အဓိမောက္ခနှင့်ယှဉ်သောစေတသိက်, ပီတိ, လောဘ, ပညာနှင့်ယှဉ်သောစေတသိက်တို့ကို အသီးအသီး ရေတွက်ပြပါ။

စေတသိက်ဝိုင်း ပြီး၏။

http://www.dhammadownload.com

၃။ ပကိဏ်းပိုင်း

ပဒိုဉ်ာဉ်

၁။ ယထာယောဂံ–ယှဉ်ထိုက်သည်အားလျော်စွာ၊ သမ္မယုတ္တာ–အညီအမျှ ဧကုပ္ပာဒတာ အစရှိသောအပြားတို့ဖြင့် ယှဉ်ကုန်သော၊စိတ္တစေတသိကာ–စိတ်, စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ–သဘောတရားတို့သည်၊ သဘာဝတော–မိမိ မိမိတို့၏ သဘောလက္ခဏာအားဖြင့်၊ တေပညာသ–၅၃–ပါးသည်၊ (ဟောန္တိ–ဖြစ်ကုန်၏၊) ဒါနိ–ယခု အခါ၌၊ ယထာရဟံ–ထိုက်သည်အားလျော်စွာ၊ တေသံ–ထို ၅၃–ပါးသော သဘောတရားတို့၏။ –

၂။ ဝေဒနာဟေတုတော–ဝေဒနာအပြား,ဟိတ်အပြားအားဖြင့်လည်းကောင်း၊ ကိစ္စဒွါရာလမ္ဗဏဝတ္ထုတော–ကိစ္စအပြား, ဒွါရအပြား, အာရုံအပြား, ဝတ္ထုအပြားအားဖြင့်လည်းကောင်း၊ သင်္ဂဟနာမ–ရောပြွမ်းပေါင်းပြ ပကိဏ္ဏကမည်သော သင်္ဂဟကို၊ စိတ္တုပ္ပာဒဝသေနေဝ–စိတ်၏အစွမ်းဖြင့်သာ၊ နီယတေ–ဆောင်အပ်၏။

၁။ စိတ်ပိုင်း စေတသိက်ပိုင်းတို့ဖြင့် "စိတ္တံ စေတသိကံ"ဟူသော အကျဉ်းဥဒ္ဒေသတို့၏ အကျယ်နိဒ္ဒေသကို ပြဆိုပြီးသည့်နောက် ယင်းကိုတစ်ဖန် ထပ်ဆင့်ချဲ့ဖွင့်လိုပြန်သောကြောင့် 'သမ္မယုတ္တာ ယထာယောဂံ' အစရှိသော စကားရပ်ကို မိန့်ဆိုရပါသည်။

ပဒိုဉ်ာဉ် ယှဉ်ထိုက်သည်အားလျော်စွာ ယှဉ်ကြသော စိတ် စေတသိက်တရားတို့သည် မိမိ မိမိတို့၏ သဘောလက္ခဏာအားဖြင့် ၅၃–ပါး ဖြစ်ကြသည်၊ ယခု ထို ၅၃–ပါးသော သဘောတရားတို့၏ ပကိဏ္ဏကသင်္ဂဟကို ထိုက်သည်အားလျော်စွာ စိတ်နှင့်စပ်လျဉ်း၍သာ ပြဆိုရပါတော့မည်။။

၂။ ထိုပကိဏ္ဏက သင်္ဂဟ၌ –

၁။ ဝေဒနာသင်္ဂဟ= ဝေဒနာအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်၊
၂။ ဟေတုသင်္ဂဟ= ဟိတ်အပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်၊
၃။ ကိစ္စသင်္ဂဟ= ကိစ္စအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်၊
၄။ ဒွါရသင်္ဂဟ= ဒွါရအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်၊
၅။ အာလမ္ဗဏသင်္ဂဟ= အာရုံအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်၊
၆။ ဝတ္ထုသင်္ဂဟ= ဝတ္ထုအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်။

ဤသို့ သင်္ဂဟ ၆–ပါး ပါဝင်သည်။ (ဝေဒနာစသော သင်္ဂဟ ၆–ပါးကို ရောပြွမ်းပေါင်းစု၍ ပြဆိုရာဖြစ်သောကြောင့် "ပကိဏ္ဏကသင်္ဂဟ" မည်ပါသည်။)

http://www.dhammadownload.com

ဝေဒနာသင်္ဂဟ

ဝေဒနာအပြား

၃။ တတ္ထ–ထိုခြောက်ပါးသော သင်္ဂဟတို့တွင်၊ တာဝ–စွာ၊ (နိဒ္ဒိဋ္ဌေ–ညွှန်ပြအပ်သော၊) ဝေဒနာသင်္ဂဟော–ဝေဒနာသင်္ဂဟဉ္စ၊ ဝေဒနာ–ဝေဒနာသည်၊ သုခံ–သုခဝေဒနာ လည်းကောင်း၊ ဒုက္ခံ–ဒုက္ခဝေဒနာလည်းကောင်း၊ အဒုက္ခမသုခါစ–အဒုက္ခမသုခါဝေဒနာ လည်းကောင်း၊ ဣတိ–သို့၊ တိဝိဓာ–(အာရမ္မဏာနုဘဝနလက္ခဏာအားဖြင့်) သုံးပါး အပြားရှိ၏။

တေပညာသ သဘာဝ စိတ်သည် အကျဉ်းအားဖြင့် တစ်ခုယုတ်ကိုးဆယ်, အကျယ်အားဖြင့် ၁၂၁–ပါးအပြားရှိသော်လည်း အာရုံကို မသိတတ်သော "စိတ်"ဟူ၍ မရှိ၊ စိတ်သာမှန်က အာရုံကို သိတတ်သည်ချည်းသာ ဖြစ်သောကြောင့် အာရမ္မဏ ဝိဇာနန(အာရုံကို သိခြင်းသဘော) လက္ခဏာအားဖြင့် တစ်ပါးသာဖြစ်သည်။

စေတသိက်တို့မူကား 'ဖုသန'အစရှိသည်ဖြင့် အသီးအသီး ကိုယ်ပိုင်လက္ခဏာ ရှိကြသည့်အတွက် ၅၂–ပါးပင် ဖြစ်ကြသည်။

ထို့ကြောင့် မိမိ မိမိတို့၏ သဘောလက္ခဏာအားဖြင့် စိတ် ၁–ပါး, စေတသိက် ၅၂–ပါး၊ ပေါင်း ၅၃–ပါးဖြစ်သည်၊ ယင်းကိုပင် "နာမ် တေပညာသ"ဟုလည်း ခေါ်ကြသည်။

ဝေဒနာသင်္ဂဟ

၃။ ဝေဒနာအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရေတွက်၍ မပြမီ အခြေခံမူလဖြစ်သော ဝေဒနာအပြားကို ဦးစွာပြလိုသောကြောင့် 'တိဝိဓာ ဝေဒနာ'စသော စကားရပ်ကို မိန့်ဆိုရသည်။

ဝေဒနာ ၃–ပါး ယင်းစကားရပ်၌ 'တိဝိဓာ ဝေဒနာ'စသည်ဖြင့် ပထမပြဆိုထားသောနည်းသည် အာရမ္မဏာနုဘဝန လက္ခဏာအားဖြင့် ပြထားသောနည်း ဖြစ်သည်၊ အာရုံ ခံစားပုံ သဘောလက္ခဏာအားဖြင့် ဝေဒနာသုံးပါး ပြားလာရသည်–ဟု ဆိုလိုပါသည်။ (အာရမ္မဏ–အာရုံ+အနုဘဝန–ခံစားပုံ+လက္ခဏ–အမှတ်အသား။)

အဘယ်သို့လျှင် အာရုံခံစားပုံ သဘောအားဖြင့် ဝေဒနာ ၃–မျိုး ပြားလာရသနည်း?။

၁။ ဣဋ္ဌာရုံ= အလိုရှိအပ် ကောင်းမြတ်သော အာရုံမျိုး၊
၂။ အနိဋ္ဌာရုံ= အလိုမရှိအပ် မကောင်းမြတ်သော အာရုံမျိုး၊
၃။ ဣဋ္ဌမဇ္ဈတ္တာရုံ= ဣဋ္ဌာရုံလောက်လည်း မကောင်းတတ်, အနိဋ္ဌာရုံ လောက်လည်း မဆိုးဝါးဘဲ အလယ်အလတ်မျှ အလိုရှိအပ်သော အာရုံမျိုး။

ဤသို့ အာရုံ ၃–မျိုး ရှိသည်၊ ထိုတွင် ဣဋ္ဌာရုံကို ခံစားသော ဝေဒနာသည် သာယာသောအားဖြင့် ခံစား၏၊ ဤခံစားမှုမျိုးကို "သုခဝေဒနာ"ဟု ခေါ်သည်။

အနိဋ္ဌာရုံကို ခံစားသောဝေဒနာသည် မသာယာသောအားဖြင့် ခံစား၏၊ ဤခံစားမှုမျိုးကို "ဒုက္ခဝေဒနာ"ဟု ခေါ်သည်။

http://www.dhammadownload.com

ပန–တစ်နည်းကား၊ သုခံ–သုခဝေဒနာလည်းကောင်း၊ ဒုက္ခံ–ဒုက္ခဝေဒနာလည်းကောင်း၊ သောမနဿံ–လည်းကောင်း၊ ဒေါမနဿံ–လည်းကောင်း၊ ဥပေက္ခာ–ဥပေက္ခာဝေဒနာလည်းကောင်း၊ ဣတိစ–ဤသို့လည်း၊ ဘေဒေန–ကွဲပြားအားဖြင့်၊ ပဉ္စဓာ–ငါးပါးပြားသည်၊ ဟောတိ–ဖြစ်၏။

ကွဒ္ဓမဗ္ဗတ္တာရုံကို ခံစားသောဝေဒနာသည် သာယာသည်လည်း မဟုတ်၊ မသာယာသည်လည်း မဟုတ်၊ လျစ်လျူရှုသောအားဖြင့် ခံစား၏၊ ဤခံစားမှုမျိုးကို "အဒုက္ခမသုခါ(ဥပေက္ခာ)ဝေဒနာ"ဟုခေါ်သည်။

ဤသို့ အာရုံခံစားပုံ သဘောလက္ခဏာအားဖြင့် ဝေဒနာ ၃–မျိုး ပြားလာရသည်။

ဝေဒနာ ၅–ပါး 'သုခံ ဒုက္ခံ'စသည်ဖြင့် ဒုတိယပြထားသောနည်းသည် ကွန်ဒြိယဘေဒအားဖြင့် ပြားသောနည်း ဖြစ်သည်၊ ကွန်ဒြိယဒေသနာတော်၌ "သုခိန္ဒြိယံ ဒုက္ခိန္ဒြိယံ သောမနဿိန္ဒြိယံ ဒေါမနဿိန္ဒြိယံ ဥပေက္ခိန္ဒြိယံ"ဟု ဝေဒနိန္ဒြေ ၅–ပါး ဟောထားသည်၊ ယင်းကွန်ဒြေအပြားအားဖြင့် "သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာ"ဟု ဝေဒနာ ၅–မျိုး ပြားလာရသည်။

ဝေဒနာဖြင့် စိတ်ကို ဝေဖန်ပုံ

စိတ် – ၁၂၁ – ပါး	အရာ	သုခဝေဒနာ		ဒုက္ခဝေဒနာ		ဥပက္ခာဝေဒနာ
	ကွန်ဒြိယဘေဒ	သုခဝေဒနာ	သောမနဿ = လုပ်ရွှင်မှု	ဒုက္ခဝေဒနာ	ဒေါမနဿ = လုပ်ငြီး	
သုခသဟဂုတ် ကာယဝိညာဉ်	၁	။				
သောမနဿသဟဂုတ်စိတ်	၆၂		။			
ဒုက္ခသဟဂုတ် ကာယဝိညာဉ်	၁			။		
ဒေါသမူစိတ်	၂				။	
ဥပေက္ခာသဟဂုတ်စိတ်	၅၅					။
သင်္ဂဟိုင်ရာ ဝေဒနာနှင့် ယှဉ်သည့်စိတ်		၁	၆၂	၁	၂	၅၅
		၆၃		၃		

ဤဝေဒနာသင်္ဂဟ၌ ဝေဒနာ ၅–ပါး အပြားအားဖြင့်ပင် စိတ်တို့ကို ပေါင်းယူရေတွက်ပြထားသည်၊ စိတ်ပိုင်း၌ဆိုခဲ့ပြီးသော ဝေဒနာဘေဒသရုပ်ခွဲနည်းအတိုင်းပင် ဖြစ်သည်၊ တစ်စုံတစ်ရာ ထူးခြားမှုမရှိပါ။

http://www.dhammadownload.com

ဝေဒနာဖြင့် စိတ်ကို ဝေဖန်ခြင်း

၄။ တတ္ထ–ထိုငါးပါးသော ဝေဒနာတို့တွင်၊ သုခသဟဂတံ–သုခဝေဒနာနှင့်တကွ ဖြစ်သော စိတ်သည်၊ ကုသလဝိပါက်–ကုသလဝိပါက်ဖြစ်သော၊ ကာယဝိညာဏ် ဧကံဝေ–ကာယဝိညာဉ်စိတ် တစ်ခုသာတည်း။

သို့သော် ထိုထိုဝေဒနာနှင့်ယှဉ်သော စိတ်တို့ကို သိနားလည်ရုံမျှဖြင့် မပြည့်စုံ မလုံလောက်သေးပါ၊ ယှဉ်ဖက်စေတသိက်များကိုလည်း သိရှိနားလည်ထားရန် လိုပါသေးသည်၊ ယင်းယှဉ်ဖက်စေတသိက်များကိုပါ သိရှိနားလည်ထားမှသာ အဘိဓမ္မာ ညဝါ အရကောက်များ၌ ကျေးဇူးများနိုင်ပါသည်၊ ထို့ကြောင့် စေတသိက်ယှဉ်ပုံကိုပါတွဲဖက်ရေတွက် ပြသွားပါမည်။

ဝေဒနာဖြင့် စေတသိက်တို့ကို ဝေဖန်ပုံ

စေတသိက် – ၅၂ – ပါး	သုခဝေဒနာ	ဒုက္ခဝေဒနာ	သောမနဿဝေဒနာ	ဒေါမနဿဝေဒနာ	ဥပေက္ခာဝေဒနာ	အပြုံစိတ် ဇာ
ဒေါသ, ဣဿာ,မစ္ဆရိယ ,ကုက္ကုစ္စ ၄				။		၆
ဝိစိကိစ္ဆာ ၁					။	
ပိတိ ၁			။			
လောဘ,ဒိဋ္ဌိ,မာန,သောဘန ၂၅ = ၂၈			။		။	၂၈
ပကိဏ်း ၅, သဗ္ဗာကု ၄,ထိနမိဒ္ဓ = ၁၁			။	။	။	၁၁
ဝေဒနာကြဉ် သဗ္ဗစိတ္တသာဓာရဏာ ၆	။	။	။	။	။	၆
ဝေဒနာ ၁						၁
ထိုထိုဝေဒနာနှင့်ယှဉ်သော စေတသိက်	၆	၆	၄၆	၂၁	၄၆	၅၂

အပေါ်နှင့်အောက် ဂဟိတဂ္ဂဟဏာနည်း၊ လက်ဝဲလက်ျာ အဂ္ဂဟိတဂ္ဂဟဏာနည်း၊ နောက်၌လည်း အကျယ်ပြထားပါသည်၊ သရုပ်မြင်အောင် ရှုပါ။

ဆောင်။ ။ ခြောက်စီ သု–ဒု , သော–ဥ တို့မှာ, ဆ စတ္တာ, ဒေါမှာ နှစ်ဆယ့်တစ်။

တစ်နည်း။ ။ သု–ဒုက္ခ၊ ယှဉ်လာကြ ခြောက်ချည်းသာ၊
သောဌ်ဝယ်–လေးဆယ့်ခြောက်ငယ်၊ စစ်ပေါက် ဖွေရှာ၊
ဒေါ–ယှဉ်ရာ၊ ဧကံဝိသာမှတ်ထား၊
ဥဌ်ဝယ်–လေးဆယ့်ခြောက်ကို၊ ကောက်တော့ မမှား။

၅။ သုခဝေဒနာနှင့် ယှဉ်သောစိတ်ကား အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဉ်စိတ် ၁–ပါးသာ ဖြစ်သည်။ (သမ္မယောဂနည်း။)

http://www.dhammadownload.com

ဒုက္ခသဟဂတံ–ဒုက္ခဝေဒနာနှင့် တကွဖြစ်သော စိတ်သည်၊ အကုသလဝိပါကံ–အကုသလဝိပါက်ဖြစ်သော၊ တထာ–ထိုကာယဝိညာဉ်စိတ် တစ်ခုသာတည်း။

၅။ ပန–ကား၊ သောမနဿသဟဂတစိတ္တာနိ–သောမနဿဝေဒနာနှင့် တကွဖြစ်ကုန်သော စိတ်တို့သည်၊ စတ္တာရိ–လေးပါးကုန်သော၊ လောဘမူလာနိ–လောဘမူစိတ်တို့လည်းကောင်း၊ ဒွါဒသ–၁၂–ပါးကုန်သော၊ ကာမာဝစရသောဘာနာနိ–ကာမာဝစရသောဘနစိတ်တို့လည်းကောင်း၊ ဒွေ–နှစ်ပါးကုန်သော၊ သုခသန္ဿိ ရဏဟသနာနိစ–သောမနဿသန္ဿိ ရဏ ဟသိတုပ္ပာဒ် စိတ်တို့လည်းကောင်း၊ ဣတိ–သို့၊ အဋ္ဌာရသ–၁၈–ပါး ကုန်သော၊ ကာမာဝစရ သောမနဿသဟဂတ စိတ္တာနိစေဝ–ကာမာဝစရ သောမနဿ သဟဂုတ် စိတ်တို့လည်းကောင်း၊ ပဌမ ဒုတိယ တတိယ စတုတ္ထဈာန သခ်္ခါတာနိ–ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်–ဟု ဆိုအပ်ကုန်သော၊ စတုစတ္တာလီသ–၄၄–ပါးသော၊ မဟဂ္ဂတလောကုတ္တရစိတ္တာနိစ–မဟဂ္ဂုတ်လောကုတ္တရာ စိတ်တို့လည်းကောင်း၊ ဣတိ–သို့၊ ဒွါသဋ္ဌိဝိဓာနိ–၆၂–ပါး အပြားရှိကုန်သည်၊ ဘဝန္တိ–ဖြစ်ကုန်၏။

ထိုသုခသဟဂုတ် ကာယဝိညာဉ်စိတ်၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါး ယှဉ်သည်။ (သင်္ဂဟနည်း။)

ထို့ကြောင့် သုခဝေဒနာကြဉ်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၆–ပါးသည် သုခဝေဒနာနှင့်ယှဉ်သော စေတသိက်များ ဖြစ်သည်၊ ဤသို့ နှစ်နည်းစပ်တွဲ သရုပ်ခွဲနည်းအတိုင်း ယူပါ၊ ဇယားကိုလည်း ရှုပါ။

ဒုက္ခဝေဒနာနှင့် ယှဉ်သော စေတသိက်သည်လည်း အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ် ၁–ပါးသာ ဖြစ်သည်၊ ထိုဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါး ယှဉ်သည်၊ ထို့ကြောင့် ဒုက္ခဝေဒနာကြဉ်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၆–ပါးသည် ဒုက္ခဝေဒနာနှင့် ယှဉ်သော စေတသိက် ဖြစ်သည်၊ ဤသည်ကိုပင် ရည်ရွယ်၍ "ခြောက်စီသု–ဒု"ဟု ဆိုထားပါသည်။ (သုခဝေဒနာ စသည် အချင်းချင်း သမ္မယုတ်, ဝိပ္ပယုတ် မဟုတ်သောကြောင့် ကြဉ်ရသည်။)

၅။ သောမနဿဝေဒနာနှင့် ယှဉ်သောစိတ်တို့သည် (လောဘမူ သောမနဿသဟဂုတ် ၄–ပါး၊ ကာမာဝစရသောဘန သောမနဿသဟဂုတ် ၁၂–ပါး၊ သောမနဿသန္ဿိ ရဏနှင့် ဟသိတုပ္ပာဒ် ၂–ပါးအားဖြင့်) ကာမာဝစရသောမနဿသဟဂုတ်စိတ် ၁၈–ပါး၊ (ပထမဈာန်စိတ် ၁၁–ပါး၊ ဒုတိယဈာန်စိတ် ၁၁–ပါး၊ တတိယဈာန်စိတ် ၁၁–ပါး၊ စတုတ္ထဈာန်စိတ် ၁၁–ပါး အားဖြင့်) မဟဂ္ဂုတ်လောကုတ္တရာ သောမနဿသဟဂုတ်စိတ် ၄၄–ပါး၊ ပေါင်း ၆၂–ပါးသော စိတ်တို့ပင် ဖြစ်သည်။

ယင်း ၆၂–ပါးသော စိတ်တို့၌ စေတသိက် ၄၇–ပါး ယှဉ်နိုင်သည်၊ ထို့ကြောင့် ဝေဒနာ (ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ)ကြဉ်သော စေတသိက် ၄၆–ပါးသည် သောမနဿ

http://www.dhammadownload.com

၆။ ပန–ကား၊ဒေါမနဿသဟဂတစိတ္တာနိ–ဒေါမနဿဝေဒနာနှင့်တကွဖြစ်သော စိတ်တို့သည်၊ ဒွေ–နှစ်ပါး၊ကုန်သော၊ ပဋိဃသမ္မယုတ္တစိတ္တာနိ၀–ပဋိဃ သမ္မယုတ်စိတ်တို့သာတည်း။

၇။ သေသာနိ–ဆိုအပ်ခဲ့ပြီးသည်မှကြွင်းကုန်သော၊ သဗ္ဗာနိပိ–အလုံးစုံးလည်းဖြစ်ကုန်သော၊ ပဥ္စပညာသ–၅၅–ပါးသည်၊ ဥပေက္ခာသဟဂတစိတ္တာနိ၀–ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော စိတ်တို့ချည်းသာတည်း၊ ဣတိ–ဤကား ဝေဒနာအပြားအားဖြင့် ပေါင်းယူရေတွက်ခြင်းတည်း။

ဝေဒနာနှင့် ယှဉ်သော စေတသိက်များ ဖြစ်ကြသည်၊ သည်ကိုရည်၍ "သောဥ တို့မှာ ဆစတ္တာ"ဟု ဆိုထားပါသည်။

၆။ ဒေါမနဿဝေဒနာနှင့် ယှဉ်သောစိတ်တို့ကား ဒေါသမူဒွေးပင် ဖြစ်သည်၊ ယင်းဒေါသမူဒွေး၌ စေတသိက် ၂၂–ပါးယှဉ်သည်၊ ထို့ကြောင့် ဝေဒနာ(ဝိတိ, လောဘ, ဒိဋ္ဌိ, မာန ဝိစိကိစ္ဆာ) ကြဉ်သော စေတသိက် ၂၁–ပါးသည် ဒေါမနဿဝေဒနာနှင့် ယှဉ်သော စေတသိက်များ ဖြစ်ကြသည်၊ သည်ကိုရည်၍ "ဒေါမှာ နှစ်ဆယ့်တစ်"ဟု ဆိုထားရပါသည်။

၇။ (အကုသိုလ် ဥပေက္ခာသဟဂုတ်စိတ် ၆–ပါး၊ အဟိတ် ဥပေက္ခာသဟဂုတ်စိတ် ၁၄–ပါး၊ ကာမာ၀စရသောဘနဥပေက္ခာသဟဂုတ်စိတ် ၁၂–ပါးအားဖြင့်) ကာမာ၀စရဥပေက္ခာသဟဂုတ်စိတ် ၃၂–ပါး၊ ပဉ္စမစျာန် ၂၃–ပါး၊ ပေါင်း ၅၅–ပါးသောစိတ်တို့သည် ဥပေက္ခာဝေဒနာနှင့် ယှဉ်သောစိတ်များ ဖြစ်ကြသည်။

ယင်း ၅၅–ပါးသောစိတ်တို့၌ စေတသိက် ၄၇–ပါး ယှဉ်နိုင်သည်၊ ထို့ကြောင့် ဝေဒနာ (ဝိတိ, ဒေါသ, ကြာသာ, မစ္ဆရိယ, ကုက္ကုစ္စ)ကြဉ်သော စေတသိက် ၄၆–ပါးတို့သည် ဥပေက္ခာဝေဒနာနှင့် ယှဉ်သောစေတသိက်များ ဖြစ်ကြသည်၊ သည်ကိုရည်၍ "သောဥတို့မှာ, ဆစတ္တာ"ဟု ဆိုထားခဲ့ရပါသည်။

အာရမဏာနုဘ၀နနည်းအားဖြင့် ခွဲစိတ်ဝေဖန်ပါက သုခသဟဂုတ်စိတ် ၆၃–ပါး, ဒုက္ခသဟဂုတ်စိတ် ၃–ပါး, ဥပေက္ခာသဟဂုတ်စိတ် ၅၅–ပါး ဖြစ်သည်၊ စေတသိက်တို့ကိုလည်း သိနိုင်လောက်ပါပြီ။

ယခုပြဆိုခဲ့ပြီးသော စေတသိက်ယှဉ်ပုံနည်းကား ယူပြီးသည်ကို ထပ်ယူရသော (ဂဟိတဂ္ဂဟဏ)နည်း ဖြစ်သည်၊ ယူပြီးသည်ကို ထပ်၍မယူရသော(အဂ္ဂဟိတဂ္ဂဟဏ) နည်းကိုလည်း ပြပါဦးမည်။

ဆောင်။ ။ ဝေဒနာတစ်, ခြောက်ပါးဖြစ်၏။ ။ နှစ်မှာဌဝီ, သုံးလီဆယ့်တစ်, ငါးဖြစ်ခြောက်ပါး, မ–တစ်ပါး, ပေါင်းငြားငါးဆယ့်နှစ်။

တနည်း။ ။ တစ်ပါး ဆ၊ နှစ်ယှဉ်ရ ဌဝီ၊
သုံးယှဉ်လာ–တစ်ဆယ့်တစ်ငယ်၊ ခြောက်ဖြစ် ငါးညီ၊
မယှဉ်ပြီ၊ သွေဖီရ တစ်ပါး၊
ပေါင်းစုလျှင်–ငါးဆယ့်နှစ်ငယ်၊ စိစစ်မှတ်သား။

http://www.dhammadownload.com

သင်္ဂဟဂါထာများ

၈။ တတ္ထ–ထိုဝေဒနာသင်္ဂဟ၌၊ ဝေဒနာ–တို့သည်၊ သုခံ–သုခဝေဒနာ လည်းကောင်း၊ ဒုက္ခံ–လည်းကောင်း၊ ဥပေက္ခာ–လည်းကောင်း၊ ဣတိ–သို့၊ တိဝိဓာ–(အာရမ္ဏာနုဘဝန လက္ခဏာအားဖြင့်) သုံးပါးအပြားရှိကုန်၏၊ သောမနဿံ–သောမနဿဝေဒနာလည်း ကောင်း၊ ဒေါမနဿံ–လည်းကောင်း၊ ဣတိ–ဤနှစ်ပါးကို ပေါင်းထည့်၍၊ ဘေဒေန–ဣန္ဒြေအပြားအားဖြင့်၊ ပဉ္စဓာ–ငါးပါးပြားကုန်၏။

ဝေဒနာတစ်, ခြောက်ပါးဖြစ်၏

ပီတိသည် သောမနဿသဟဂုတ်စိတ်မှာသာ ယှဉ်နိုင်သည့်အတွက် သောမနဿဝေဒနာ တစ်ပါးနှင့်သာ ယှဉ်ရသည်၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ–တို့သည် ဒေါသမူဒွေးဒ္ဒ်သာ ယှဉ်ကြသည့်အတွက် ဒေါမနဿ ဝေဒနာတစ်ပါးနှင့်သာ ယှဉ်ရသည်၊ ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌သာ ယှဉ်ရသည့် အတွက် ဥပေက္ခာဝေဒနာ တစ်ပါးနှင့်သာ ယှဉ်ရသည်၊ ထို့ကြောင့် "ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ"အားဖြင့် ဝေဒနာတစ်ပါးနှင့်ယှဉ်သောစေတသိက် ၆–ပါး ဖြစ်လာရသည်၊ ဇယားကိုလည်းရှုပါ။

နှစ်မှာ ဌဝီ

လောဘ,ဒိဋ္ဌိ, မာနတို့နှင့် သောဘနစေတသိက် ၂၅–ပါးအားဖြင့် ၂၈–ပါးသော စေတသိက်တို့၏ ယှဉ်ရာစိတ်များ၌ သောမနဿ,ဥပေက္ခာဝေဒနာ ၂–ပါး ပါရှိသည်၊ ထို့ကြောင့် ဝေဒနာ ၂–ပါးနှင့်ယှဉ်သော စေတသိက်တို့ကား လောဘစသော ၂၈–ပါးတို့ပင်တည်း။

သုံးလီဆယ့်တစ်

ပီတိကြဉ် ပကိဏ်းစေတသိက် ၅–ပါး၊ သဗ္ဗာကုသလသာမာရဏစေတသိက် ၄–ပါး၊ ထိန,မိဒ္ဓ၊ ဣ၌ ၁၁–ပါးသော စေတသိက်တို့သည် ဒွေးပဉ္စဝိညာဉ် ၁၀–မှတစ်ပါးသော စိတ်တို့၌ ထိုက်သည်အားလျော်စွာ ယှဉ်ကြသည်၊ ယင်းစိတ်တို့၌ "သောမနဿ, ဒေါမနဿ, ဥပေက္ခာ"အားဖြင့် ဝေဒနာ ၃–ပါး ပါရှိသည်၊ ထို့ကြောင့် ယင်းဝေဒနာ ၃–ပါးနှင့်ယှဉ်သော စေတသိက်တို့သည် ဆိုခဲ့ပြီးသော စေတသိက် ၁၁–ပါးတို့ပင် ဖြစ်သည်။

ငါးဖြစ် ခြောက်ပါး

ဝေဒနာကြဉ်သော သဗ္ဗစိတ္တသာမာရဏစေတသိက် ၆–ပါးတို့သည် စိတ်အကုန်လုံး၌ယှဉ်ကြသည်၊ ယင်းစိတ်များသည်လည်း ဝေဒနာဘေဒ အားဖြင့် ၅–ပါး ပြားကြသည်၊ ထို့ကြောင့် ဝေဒနာ ၅–ပါးနှင့်ယှဉ်သော စေတသိက်များကား ဝေဒနာကြဉ်သော ယင်းသဗ္ဗစိတ္တသာမာရဏစေတသိက် ၆–ပါးတို့ပင်တည်း။

မ တစ်ပါး

ဝေဒနာနှင့် ယှဉ်ဖက်ဖြစ်သော အခြားဝေဒနာတစ်ပါး မရှိတော့သည့်အတွက် ဝေဒနာစေတသိက်သည် မည်သည့်ဝေဒနာနှင့်မျှ မယှဉ်နိုင်တော့ပါ။

၈။ သင်္ဂဟ

'သုခံ ဒုက္ခမုပေက္ခာတိ'စသောဂါထာဖြင့် 'တိဝိဓာ ဝေဒနာ'စသောအကျယ်စုဏ္ဏိယစကားရပ်ကို အကျဉ်းချုံး၍ ပေါင်းယူပြသည်၊ ယင်းအကျယ်စုဏ္ဏိယနှင့် ညီနှိုင်း၍ သရုပ်ရေတွက်ပါ။

http://www.dhammadownload.com

၉။ သုခံ-သုခဝေဒနာသည်လည်းကောင်း၊ ဒုက္ခဉ္စ-ဒုက္ခဝေဒနာသည်လည်းကောင်း၊ ဧကတ္ထ-တစ်ခုစီသော ကာယဝိညာဉ်စိတ်၌၊ ဌိတံ-တည်၏၊ ဒေါမနဿံ-ဒေါမနဿဝေဒနာသည်၊ ဒ္ဝယေ-စိတ်နှစ်ပါးအပေါင်း၌၊ ဌိတံ-တည်၏၊ သောမနဿံ-သောမနဿဝေဒနာသည်၊ ဒွါသဋ္ဌိသု-၆၂-ပါးသောစိတ်တို့၌၊ ဌိတံ-တည်၏၊ ဣတရာ-ဆိုအပ်ပြီးသည်မှ တစ်ပါးသော ဥပေက္ခာဝေဒနာသည်၊ ပဉ္စပညာသကေ-၅၅-ပါးသောစိတ်၌၊ ဌိတာ-တည်၏။

ဟေတုသင်္ဂဟ

ဟိတ် ၆-ပါး

၁၀။ ဟေတုသင်္ဂဟေ-ဟေတုသင်္ဂဟ၌၊ ဟေတူနာမ-ဟိတ်တို့မည်သည်၊ လောဘော-လောဘလည်းကောင်း၊ ဒေါသော-ဒေါသလည်းကောင်း၊ မောဟော-လည်းကောင်း၊ အလောဘော-လည်းကောင်း၊ အဒေါသော-လည်းကောင်း၊ အမောဟော-လည်းကောင်း၊ ဣတိ-သို့၊ ဆဗ္ဘိဓာ-ခြောက်ပါးအပြားရှိကုန်သည်၊ ဘဝန္တိ-ဖြစ်ကုန်၏။

၉။ 'သုခမေကတ္ထ'စသော ဂါထာဖြင့် 'တတ္ထ သုခသဟဂတံ'စသော အကျယ်စကားရပ်ကို အကျဉ်းချုံး၍ ပေါင်းစုပြသည်၊ သန္နိဋ္ဌာန်တို့၏ သရုပ်ကို သက်ဆိုင်ရာ အကျယ်စကားရပ်နှင့် တိုက်ဆိုင်ညှိနှိုင်း ရေတွက်ပါ။

ဘုံပုဂ္ဂိုလ်ဖြင့် ဝေဒနာတို့ကို ဝေဖန်ခြင်း

ကာမဘုံ၌ ပုထုဇဉ် ၄-ယောက်, အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၂-ယောက်တို့မှာ ဝေဒနာ ၅-ပါးပင် ဖြစ်နိုင်သည်၊ အနာဂါမ်ရဟန္တာများမှာ ဒေါမနဿဝေဒနာမှ တစ်ပါး ဝေဒနာ ၄-ပါးဖြစ်နိုင်သည်၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်တို့မှာ သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ ၂-ပါးသာ ဖြစ်နိုင်သည်။

ရူပ အရူပဘုံတို့၌ သောမနဿ ဥပေက္ခာဝေဒနာ ၂-ပါးသာ ဖြစ်သင့်သည်။

ဟေတုသင်္ဂဟ

၁၀။ ဟိတ်အပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရေတွက်၍ မပြမီ ဟိတ်အပြားကို ဦးစွာပြလိုသောကြောင့် 'ဟေတုသင်္ဂဟေ ဟေတူနာမ'စသော စကားရပ်ကို မိန့်ဆိုရသည်။

"လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ"ဟု ဟိတ် ၆-ပါးရှိသည်-ဟု ဆိုလိုသည်၊ ထိုတွင် 'အမောဟ'ဟူသည် ပညာဖြစ်၍ စေတသိက်ပင်တည်း၊ ဟိတ်များဖြင့် စိတ်ကို ဝေဖန်ရင်း စေတသိက်တို့ကိုလည်း တပါတည်း ပေါင်းယူရေတွက်ပြသွားပါမည်။

ဆောင်။ ။ အဟိတ် တေရ, ဧက နှစ်ဆယ်, ဒွိဝယ် ဌစတ်, တိဟိတ်မှတ်, ရလတ် သုံးဆယ့်ငါး။

တစ်နည်း။ ။ စေတသိက်၊ အဟိတ်ရယ်တဲ့ ဆယ့်သုံးဖြာ၊
ဧကဝယ်-နှစ်ဆယ်ရှိတယ်၊ ဒွိ ဌစတ္တာ၊
တိဟိတ်မှာ၊ သုံးငါးသာ မှတ်ထား၊
ဟိတ်ယှဉ်နေ-စေတသိကို၊ နှိုင်းညှိ စဉ်းစား။

http://www.dhammadownload.com

ဟိတ်ဖြင့် စိတ်ကို ဝေဖန်ခြင်း

၁၁။ တတ္ထ–ထိုဟေတုသင်္ဂဟ၌၊ ပဉ္စဒ္ဒါရာဝဇ္ဇန ဒွိပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌပ္ပန ဟသနဝသေန–ပဉ္စဒ္ဒါရာဝဇ္ဇန်း, ဒွေးပဉ္စဝိညာဉ် ၁၀, သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏ ၃–ခု, ဝုဋ္ဌော, ဟသိတုပ္ပာဒ်တို့၏အပြားအားဖြင့်၊ အဒ္ဓာရသ–၁၈–ပါးသော စိတ်တို့သည်၊ အဟေတုကစိတ္တာနိနာမ–အဟိတ်စိတ်တို့မည်၏။

၁၂။ သေသာန်–ကြွင်းကုန်သော၊ သဗ္ဗာနိပိ–အလုံးစုံလည်းဖြစ်ကုန်သော၊ ဧကသတ္တတိစိတ္တာနိ–၇၁–ပါးသောစိတ်တို့သည်၊ သဟေတုကာနေဝ–သဟိတ်စိတ်တို့ ချည်းသာတည်း။

ဟိတ်ဖြင့် စိတ်ကို ဝေဖန်ပုံ

စိတ် – ၈၉ – ပါး			အကုသိုလ်ဟိတ်			ကုသိုလ်ဟိတ်			ဟိတ်ပေါင်း
			လောဘ	ဒေါသ	မောဟ	အလောဘ	အဒေါသ	အမောဟ	
		အဟိတ်စိတ် ၁၈							
သဟိတ်စိတ် ၇၁	၁ဂ္ဂ	မောဟမူစိတ် ၂			။				၁
	၂ဂ္ဂ	လောဘမူစိတ် ၈	။		။				၂
		ဒေါသမူစိတ် ၂		။	။				၂
		ဉာဏဝိပ္ပ–ကာ–သောဘန ၁၂				။	။		၂
	၃ဂ္ဂ	ဉာဏသမ်–ကာ–သောဘန ၁၂+ဂျုတ်လော ၃၅ = ၄ ၇				။	။	။	၃
ထိုထိုဟိတ်နှင့် ယှဉ်သော စိတ်ပေါင်း			၈	၂	၁၂	၁၉	၁၉	၄၇	

၁၁။ "ပဉ္စဒ္ဒါရာဝဇ္ဇန်း, ဒွေးပဉ္စဝိညာဉ် ၁၀, သမ္ပဋိစ္ဆိုင်း ဒွေး, သန္တီရဏ ၃–ခု, ဝုဋ္ဌော, ဟသိတုပ္ပာဒ်"အားဖြင့် ၁၈–ပါးသောစိတ်တို့သည် (ယှဉ်ဖက်ဟိတ် မရှိသောကြောင့်) အဟိတ်စိတ် မည်၏။ (ဝိထိစဉ်ဖြင့် ရေတွက်ပြသည်။)

ယင်းအဟိတ်စိတ် ၁၈–ပါး၌ ဆန္ဒကြဉ် အညသမာန်း ၁၂–ပါးယှဉ်သည်၊ "အဟိတ်စေတသိက် ၁၂–ပါး"ဟု မှတ်သားထားခဲ့ပါ။

၁၂။ ယင်းအဟိတ်စိတ်မှကြွင်းသည့် စိတ် ၇၁–ပါးလုံးသည် သဟိတ်စိတ်တို့ချည်းသာ ဖြစ်ကြသည်။ (သ+ဟေတုက–ယှဉ်ဖက်ဟိတ်ရှိသောစိတ်။)

http://www.dhammadownload.com

၁၃။ တတ္ထာပိ–ထိုသဟိတ်စိတ်တို့တွင်လည်း၊ ဒွေ–နှစ်ပါးကုန်သော၊ မောမူဟ စိတ္တာနိ–မောဟမူစိတ်တို့သည်၊ ဧကဟေတုကာနိ–ဧကဟိတ်စိတ်တို့တည်း။

၁၄။ သေသာနိ–မောဟမူဒွေးမှကြွင်းကုန်သော၊ ဒသ–ဆယ်ပါးကုန်သော၊ အကုသလ စိတ္တာနိစေဝ–အကုသိုလ်စိတ်တို့လည်းကောင်း၊ ဉာဏဝိပ္ပယုတ္တာနိ–ဉာဏဝိပ္ပယုတ် ဖြစ်ကုန်သော၊ ဒွါဒသ–၁၂–ပါးကုန်သော၊ ကာမာဝစရသောဘနာနိစ–ကာမာဝစရ သောဘနစိတ်တို့လည်းကောင်း၊ ဣတိ–သို့၊ ဒွါဝီသတိ–၂၂–ပါးသည်၊ ဒွိဟေတုကစိတ္တာနိ– ဒွိဟိတ်စိတ်တို့တည်း။

၁၃။ ယင်းသဟိတ်စိတ်တို့တွင် မောဟမူဒွေးသည် 'ဧကဟိတ်စိတ်' မည်၏။ (ဧက–တစ်ပါး+ဟေတုက–ယှဉ်ဖက်ဟိတ် ရှိသောစိတ်။)

ထိုမောဟမူဒွေး၌ စေတသိက် ၁၆–ပါးယှဉ်သည်၊ ယင်းစေတသိက် ၁၆–ပါးထဲ၌ မောဟ ဟိတ်တစ်ပါး ပါဝင်နေသည်၊ ယင်း မောဟဟိတ်ကို နုတ်လိုက်ပါက စေတသိက် ၁၅–ပါး ကျန်သည်၊ ယင်းကျန်နေသောစေတသိက် ၁၅–ပါး(နှင့် မောဟမူဒွေး)တို့သည် ယင်း "မောဟ" ဟူသော ဟိတ်တစ်ပါးနှင့် ယှဉ်ကြသည်၊ ထို့ကြောင့် 'ဧကဟိတ်' မည်ကြသည်၊ သို့ဖြစ်၍ "ဧကဟိတ်စေတသိက် ၁၅–ပါး"ဟု မှတ်သားထားခဲ့ပါဦး။

ယင်းမောဟမူဒွေး၌ယှဉ်သော မောဟကား တခြားယှဉ်ဖက်ဟိတ် မရှိတော့သည့်အတွက် အဟိတ်စေတသိက် ဖြစ်ရတော့သည်။

ဤသို့လျှင် "အဟိတ်စိတ်၌ယှဉ်သောစေတသိက် ၂–ပါး၊ မောဟမူဒွေး၌ယှဉ်သောမောဟ" အားဖြင့် အဟိတ်စေတသိက် ၁၃–ပါးဖြစ်လာရတော့သည်၊ သည်ကိုရည်၍ "အဟိတ် တေရ"ဟု ဆိုထားခဲ့ရပေသည်။

၁၄။ လောဘမူစိတ် ၈–ပါး၊ ဒေါသမူစိတ် ၂–ပါး၊ ဉာဏဝိပ္ပယုတ် ကာမာဝစရသောဘနစိတ် ၁၂–ပါး၊ ပေါင်း ၂၂–ပါးသောစိတ်တို့သည် ဒွိဟိတ်စိတ်တို့ မည်၏။ (ဒွိ–နှစ်ပါးသော+ဟေတုက–ယှဉ်ဖက်ဟိတ်ရှိသော စိတ်။)

ထိုဒွိဟိတ်စိတ် ၂၂–ပါး၌ ဝိစိကိစ္ဆာနှင့်ပညာကြွင် စေတသိက် ၅၀– ယှဉ်နိုင်သည်၊ ယင်း ၅၀–၌ "လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ"ဟု ဟိတ် ၅–ပါး ပါဝင်နေသည်၊ ယင်းဟိတ် ၅–ပါးကိုနုတ်က စေတသိက် ၄၅–ပါးကျန်သည်၊ ယင်းစေတသိက် ၄၅–ပါးသည် ယှဉ်ထိုက်သည်အားလျော်စွာ လောဘမူ၌ ယှဉ်သည့်အခါ "လောဘ, မောဟ"ဟူသော ဟိတ် ၂–ပါးနှင့်ယှဉ်နိုင်သည်၊ ဒေါသမူ၌ယှဉ်သည့်အခါ "ဒေါသ, မောဟ"ဟူသော ဟိတ်၂–ပါးနှင့် ယှဉ်နိုင်သည်၊ ဉာဏဝိပ္ပယုတ်စိတ်၌ ယှဉ်သည့်အခါ "အလောဘ, အဒေါသ"ဟူသော ဟိတ် ၂–ပါးနှင့် ယှဉ်နိုင်သည်၊ ထို့ကြောင့် ဒွိဟိတ်စေတသိက်များ ဖြစ်ကြသည်၊ "ဒွိဟိတ် စေတသိက် ၄၅–ပါး"ဟုမှတ်သားထားခဲ့ပါဦး။

နုတ်ထားခဲ့သော ဟိတ် ၅–ပါးတို့တွင် လောဘမူ၌ယှဉ်သော လောဘသည် မောဟဟိတ် တစ်ပါးနှင့်သာ ယှဉ်သည်၊မောဟသည်လည်း လောဘဟိတ်တစ်ပါးနှင့်သာ ယှဉ်သည်၊ ဒေါသမူ၌ ယှဉ်သော ဒေါသသည် မောဟဟိတ်တစ်ပါးနှင့်သာ ယှဉ်သည်၊ မောဟသည်လည်း ဒေါသဟိတ်

http://www.dhammadownload.com

၁၅။ ဒွါဒသ-၁၂-ပါးကုန်သော၊ ဉာဏသမ္မယုတ္တကာမာဝစရသောဘာနာနိစေဝ-ဉာဏသမ္မယုတ် ကာမာဝစရသောဘာနစိတ်တို့လည်းကောင်း၊ ပဉ္စတ္တိံသ-၃၅-ပါးသော၊ မဟဂ္ဂတလောကုတ္တရစိတ္တာနိစ-မဟဂ္ဂုတ်လောကုတ္တရာစိတ်တို့လည်းကောင်း၊ ဣတိ-သို့၊ သတ္တစတ္တာလီသ-၄၇-ပါးသည်၊ တိဟေတုကစိတ္တာနိ-တိဟိတ်စိတ်တို့တည်း၊ ဣတိ-ဤကား ဟိတ်အပြားအားဖြင့် စိတ်တို့ကို ပေါင်းယူခြင်းတည်း။

တစ်ပါးနှင့်သာယှဉ်သည်၊ ဉာဏဝိပ္ပယုတ်စိတ်၌ယှဉ်သော အလောဘသည် အဒေါသဟိတ် တစ်ပါးနှင့်သာယှဉ်သည်၊ အဒေါသသည်လည်း အလောဘဟိတ်တစ်ပါးနှင့်သာယှဉ်သည်၊ ထို့ကြောင့် ယင်းဟိတ် ၅-ပါးတို့သည် ဧကဟိတ်စေတသိက်များသာ ဖြစ်ကြရပါတော့သည်။

ဤသို့လျှင် မောဟမူဗွေးခြံယှဉ်သည့် မောဟကြဉ်သော စေတသိက် ၁၅-ပါး၊ ဒွိဟိတ်စိတ်၌ယှဉ်သောဟိတ် ၅-ပါး၊ ဤ ၂၀-သော စေတသိက်တို့သည် 'ဧကဟိတ် စေတသိက်'တို့မည်ကြသည်၊ ထို့ကြောင့်ပင် "ဧက နှစ်ဆယ်"ဟု ဆိုရပေသည်။

၁၅။ ဉာဏသမ္မယုတ် ကာမာဝစရသောဘနစိတ် ၁၂-ပါး၊ မဟဂ္ဂုတ်လောကုတ္တရာစိတ် ၃၅-ပါး၊ ပေါင်း ၄၇-ပါးသောစိတ်တို့သည် တိဟိတ်စိတ်တို့ မည်၏။ (တိ-၃-ပါးသော+ဟေတုက-ယှဉ်ဖက်ဟိတ်ရှိသောစိတ်။)

ယင်းတိဟိတ်စိတ် ၄၇-ပါး၌ စေတသိက် ၃၈-ပါး ယှဉ်သည်၊ ဟိတ် ၃-ပါးကို နုတ်က ၃၅-ပါးကျန်သည်၊ ယင်းစေတသိက် ၃၅-ပါးသည် နုတ်ထားသောဟိတ် ၃-ပါးနှင့် ယှဉ်သောကြောင့် တိဟိတ်စေတသိက်များဖြစ်ကြသည်၊ ထို့ကြောင့်ပင် "တိဟိတ်မှတ်, ရလတ်သုံးဆယ့်ငါး" ဟု ဆိုရပေသည်။

နုတ်ထားခဲ့သော စေတသိက် ၃-ပါးတို့တွင် အလောဘသည် "အဒေါသ, အမောဟ" ဟူသော ဟိတ် ၂-ပါးနှင့် ယှဉ်သည်၊ အဒေါသသည် "အလောဘ, အမောဟ"ဟူသော ဟိတ် ၂-ပါးနှင့်ယှဉ်သည်၊ အမောဟသည် "အလောဘ, အဒေါသ"ဟူသော ဟိတ် ၂-ပါးနှင့် ယှဉ်သည်၊ ထို့ကြောင့်ပင် ယင်းတိဟိတ်စိတ်၌ယှဉ်သော ဟိတ် ၃-ပါးသည် 'ဒွိဟိတ်စေတသိက်' များ ဖြစ်ကြရတော့သည်။

ဤသို့လျှင် ဒွိဟိတ်စိတ်၌ယှဉ်သည့် ဟိတ် ၅-ပါးကြဉ်သော စေတသိက် ၄၅-ပါး၊ တိဟိတ်စိတ်၌ယှဉ်သော ဟိတ် ၃-ပါး၊ ပေါင်း ၄၈-ပါးသော စေတသိက်တို့သည် "ဒွိဟိတ် စေတသိက်"များ ဖြစ်ကြသည်၊ ထို့ကြောင့်ပင် "ဒွိဝယ် ဌစတ်"ဟု ဆိုထားရပေသည်။

ဟိတ်နှင့်ယှဉ်သော စေတသိက်တို့ကို အဂ္ဂဟိတဂ္ဂဟဏနည်းဖြင့်လည်း ပြပါဦးမည်၊ ဆောင်ပုဒ်နှင့်ဇယားကို နှီးနှောတိုက်ဆိုင် ကြည့်ရှုလေ့လာပါ။

ဆောင်။ ။ သုံးမှာ ဧက, နဝနှစ်စီ, သတ္တဝီ တိ, တစ်ရှိ ပဉ္စ, ဒွါဒသ် ဆ, ပေါင်းက ဒွေးပညာ။

တစ်နည်း။ ။ ဟိတ် ဧက၊ ယှဉ်ပါရ စေသုံးတန်၊
ဒွိ ကိုးလျှင်-တိယှဉ်သင့်တယ်၊ နှစ်ဆယ်နှင့်ခွန်၊
ဟိတ်ငါးတန်၊ ယှဉ်ပြန်ရ တစ်ပါး၊
ဟိတ်ခြောက်ဖြာ- ဒွါဒသငယ်၊ ကျနမှတ်သား။

http://www.dhammadownload.com

သုံးမှာ ဧက "ဝိစိကိစ္ဆာ, လောဘ,ဒေါသ"အားဖြင့် စေတသိက် ၃-ပါးတို့သည် 'မောဟ' ဟူသော ဟိတ် ၁-ပါးနှင့်သာ ယှဉ်ကြသည်။

နဝ နှစ်စီ "မောဟ,ဒိဋ္ဌိ, မာန, ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ, အလောဘ, အဒေါသ, အမောဟ" အားဖြင့် ၉-ပါးသော စေတသိက်တို့သည် ထိုက်သည်အားလျော်စွာ ဟိတ် ၂-ပါးနှင့် ယှဉ်ကြသည်။

ဟိတ်ဖြင့် စေတသိက်တို့ကို ဝေဖန်ပုံ

စေတသိက် ၅၂ - ပါး	လောဘ	ဒေါသ	မောဟ	အလောဘ	အဒေါသ	အမောဟ	ဟိတ်ပေါင်း	စေပေါင်း
ဝိစိကိစ္ဆာ, လောဘ, ဒေါသ ၃			။				၁	၃
မောဟ ၁	။	။					၂	၉
ဒိဋ္ဌိ, မာန ၂	။		။				၂	
ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၃		။	။				၂	
အလောဘ ၁					။	။	၂	
အဒေါသ ၁				။		။	၂	
အမောဟ ၁				။	။		၂	
အဟိ, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ ၅	။	။	။				၃	၂၇
ဟိတ်သုံးပါးကြဉ် သောဘနစေ ၂၂				။	။	။	၃	
ပီတိ ၁	။		။	။	။	။	၅	၁
ပီတိကြဉ်သော အညသမာန်းစေ ၁၂	။	။	။	။	။	။	၆	၁၂
ထိုထိုဟိတ်နှင့်ယှဉ်သော စေတသိက်	၂၁	၂၁	၂၆	၃၇	၃၇	၃၇	*	၅၂

ထို ၉-ပါးသော စေတသိက်တို့တွင် မောဟသည် လောဘ, ဒေါသ-ဟိတ် ၂-ပါးနှင့် ယှဉ်သည်၊ ဒိဋ္ဌိနှင့်မာနသည် လောဘ, မောဟ ဟိတ် ၂-ပါးနှင့် ယှဉ်သည်၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့သည် ဒေါသ, မောဟ-ဟိတ် ၂-ပါးနှင့် ယှဉ်သည်၊ အလောဘ, အဒေါသ, အမောဟတို့သည် အချင်းချင်း အပြန်အလှန်ယှဉ်ကြသည်။

သဏ္ဌိ တိ "အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ, ဟိတ် ၃-ပါးကြဉ်သော သောဘန စေတသိက် ၂၂-ပါး"အားဖြင့် ၂၇-ပါးသော စေတသိက်တို့သည် ထိုက်သည် အားလျော်စွာ ဟိတ် ၃-ပါးနှင့်ယှဉ်ကြသည်။

http://www.dhammadownload.com

သင်္ဂဟဂါထာများ

၁၆။ အကုသလာ-အကုသိုလ်ဖြစ်ကုန်သော၊ ဟေတူ-ဟိတ်တို့သည်၊ လောဘော-လည်းကောင်း၊ ဒေါသော-လည်းကောင်း၊ မောဟော-လည်းကောင်း၊ (ကုတိ-သို့၊) တယော-၃-ပါး တို့တည်း။ ကုသလာဗျာကတာ-ကုသိုလ်အဗျာကတဖြစ်ကုန်သော၊ ဟေတူ-တို့သည်၊ အလောဘော-လည်းကောင်း၊ အဒေါသော-လည်းကောင်း၊ အမောဟော-လည်းကောင်း၊ (ကုတိ-သို့၊) တထာ-ထိုသုံးပါး စီတို့တည်း။

၁၇။ အဟေတုကာ-အဟိတ်စိတ်တို့ကို၊ အဒ္ဓာရသ-၁၈-ပါး တို့ဟူ၍၊ မတာ-သိအပ်ကုန်၏၊ ဧကဟေတုကာ-ဧကဟိတ်စိတ်တို့ကို၊ ဒွေ-၂-ပါး တို့ဟူ၍၊ မတာ-ကုန်၏၊ ဒွိဟေတုကာ-ဒွိဟိတ်စိတ်တို့ကို၊ ဒွါဒိသတိ-၂၂-ပါးဟူ၍၊ မတာ-ကုန်၏၊ တိဟေတုကာ-တိဟိတ်စိတ်တို့ကို၊ သတ္တစတ္တာလီသ-၄၇-ပါးဟူ၍၊ မတာ-သိအပ်ကုန်၏။

ထိုတွင် အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓတို့သည် "လောဘ, ဒေါသ, မောဟ" ဟူသော ဟိတ် ၃-ပါးတို့နှင့် ယှဉ်ကြသည်၊ သောဘနစေတသိက် ၂၂-ပါးတို့သည် "အလောဘ, အဒေါသ, အမောဟ"ဟူသော ဟိတ် ၃-ပါးတို့နှင့်ယှဉ်ကြသည်။

တစ်ရှိ ပဋ္ဌ ပီတိသည် ဒေါသမူဒွေးဒ္ဒ မယှဉ်နိုင်သည့်အတွက် ဒေါသဟိတ်မှ တစ်ပါးသော ဟိတ် ၅-ပါးနှင့် ယှဉ်သည်။

ဒွါဒသ် ဆ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂-ပါးတို့သည် ဟိတ် ၆-ပါးလုံးနှင့် ယှဉ်နိုင်သည်။

ဤသို့လျှင် "ဟိတ်တစ်ပါးနှင့်ယှဉ်သော စေတသိက် ၃-ပါး၊ ဟိတ် ၂-ပါးနှင့်ယှဉ်သော စေတသိက် ၉-ပါး၊ ဟိတ် ၃-ပါးနှင့် ယှဉ်သော စေတသိက် ၉-ပါး၊ ဟိတ် ၃-ပါးနှင့် ယှဉ်သောစေတသိက် ၂၇-ပါး၊ ဟိတ် ၅-ပါးနှင့်ယှဉ်သော စေတသိက် ၁-ပါး၊ ဟိတ် ၆-ပါး နှင့်ယှဉ်သော စေတသိက် ၁၂-ပါး"အားဖြင့် စေတသိက် ၅၂-ပါးဖြစ်သတည်း။

ဆောင်။ ။ လော ဒေါ ဝိစိ, တစ်ပါးသိလော့၊ မော ဒိ မာနာ, ဣဿာ မစ္ဆရိယ, ကုက္ကုစ္စနှင့်, အလော အဒေါ, အမောတို့မှာ, နှစ်စီသာတည်း၊ ရှေ့လာစေစု, ကြဉ်ဖယ်ပြုသည့်, အကုသလ, သောဘနဟု, သတ္တဝီသာ, 'စေ'တို့မှာလျှင်, သုံးသာယှဉ်ဘိ၊ ပီတိ ငါးပါး၊ ကြွင်းငြား အညာ, သမာနသည်... ...ယှဉ်ရဟေတု ခြောက်ပါးတည်း။

၁၆။ သင်္ဂဟ လောဘ, ဒေါသ, မောဟ-တို့ကို အကုသိုလ်၌ယှဉ်သောကြောင့် "အကုသိုလ်ဟိတ်"ဟု ဆိုထားသည်၊ အလောဘ, အဒေါသ, အမောဟတို့ကို ကုသိုလ်၌ ယှဉ်သောကြောင့် "ကုသိုလ်ဟိတ်"ဟုလည်းကောင်း, ဝိပါက် ကြိယာ ဗျာကတ၌ ယှဉ်သောကြောင့် "အဗျာကတဟိတ်"ဟု လည်းကောင်း ဆိုထားပါသည်။

၁၇။ 'တတ္ထ ပဋ္ဌဒွါရာဝဇ္ဇန'စသော အကျယ်စကားရပ်ကို "အဟေတုကာ အဒ္ဓာရသ"ဟု အကျဉ်းချုံး ဆိုထားသည်၊ ထို့ကြောင့် 'အဒ္ဓာရသ'၏ အရကို ယင်းအကျယ်စကားရပ်အတိုင်း ကောက်ပါ။

'တတ္ထပိ ဒွေ မောမူဟစိတ္တာနိ'စသော အကျယ်စကားရပ်ကို "ဧကဟေတုကာ ဒွေ"ဟု လည်းကောင်း, 'သေသာနိ ဒသ'-စသည်ကို "ဒွါဒိသတိ ဒွိဟေတုကာ"ဟုလည်းကောင်း,

http://www.dhammadownload.com

ကိစ္စသင်္ဂဟ

ကိစ္စ ၁၄-ပါး

၁၈။ ကိစ္စသင်္ဂဟော-ကိစ္စသင်္ဂဟဋ္ဌ၊ ကိစ္စာနိနာမ-ကိစ္စတို့မည်သည်၊ ပဋိသန္ဓိ ဘဝင်္ဂါ ဝဇ္ဇန ဒဿန သဝန ဃာယန သာယန ဖုသန သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌပ္ပန ဇဝန တဒါရမဏ စုတိဝသေန-ပဋိသန္ဓေကိစ္စ, ဘဝင်္ဂကိစ္စ, အာဝဇ္ဇန်းကိစ္စ, ဒဿနကိစ္စ, သဝနကိစ္စ, ဃာယနကိစ္စ, သာယနကိစ္စ, ဖုသနကိစ္စ, သမ္ပဋိစ္ဆနကိစ္စ, သန္တီရဏကိစ္စ, ဝုဋ္ဌေကိစ္စ, ဇောကိစ္စ, တဒါရုံကိစ္စ, စုတိကိစ္စတို့၏ အပြားအားဖြင့်၊ စုဒ္ဒသဝိဓာနိ-၁၄-ပါးအပြားရှိကုန်သည်၊ ဘဝန္တိ-ဖြစ်ကုန်၏။

'ဒွါဒသဉာဏသမ္ပယုတ္တ'စသည်ကို "သတ္တစတ္တာလီသ တိဟေတုကာ"ဟုလည်းကောင်း, အကျဉ်းချုံးဆိုထားသည်၊ ထို့ကြောင့် ဒွေ, ဒွါဒိသတိ, သတ္တစတ္တာလီသ-တို့၏ အရကို အသီးအသီး သက်ဆိုင်ရာ အကျယ်စကားရပ်ကို ရှုလျက်ကောက်ပါ။

ဤသို့လျှင် "ဧကဟိတ်စိတ် ၂-ပါး၊ ဒွိဟိတ်စိတ် ၂၂-ပါး၊ တိဟိတ်စိတ် ၄၇-ပါး"အားဖြင့် သဟိတ်စိတ် ၇၁-ပါးဖြစ်သတည်း။

ဘုံပုဂ္ဂိုလ်အားဖြင့် ဝေဖန်ခြင်း:

ကာမဘုံ၌ ဟိတ် ၆-ပါးလုံးပင် ဖြစ်နိုင်သည်၊ အဟိတ်စိတ် ဧကဟိတ်စိတ် ဒွိဟိတ်စိတ်တို့မှာ မထူးခြားတော့ပါ၊ တိဟိတ်စိတ်ကား ၃၈-ပါးသာတည်း။

ကာမပုဂ္ဂိုလ် ၁၂-ယောက်တို့တွင် ပုထုဇဉ်၄-ယောက်, အောက်ဖလဋ္ဌာန် ၂-ယောက်တို့အား ဟိတ် ၆-ပါး ဖြစ်၏၊ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်အား ဒေါသဟိတ် မဖြစ်၊ ကြွင်း ၅-ပါးသာ ဖြစ်၏၊ မဂ္ဂဋ္ဌာန် ၄-ယောက်နှင့် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား အလောဘ အဒေါသ အမောဟဟိတ် ၃-ပါးသာ ဖြစ်၏။

ရူပဘုံ၌ ဒေါသမှတစ်ပါး ဟိတ် ၅-ပါး ဖြစ်၏၊ အဟိတ်စိတ် ဧကဟိတ်စိတ် ဒွိဟိတ်စိတ် တိဟိတ်စိတ်တို့ကိုလည်း ခွဲစိတ်ဝေဖန်ပါ၊ ရူပပုဂ္ဂိုလ် ၉-ယောက်တို့တွင် တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့အား ဟိတ် ၅-ပါး ဖြစ်၏၊ မဂ္ဂဋ္ဌာန် ၄-ယောက် အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ဟိတ် ၃-ပါးသာဖြစ်၏။

အရူပဘုံ၌ ဒေါသမှတစ်ပါး ဟိတ် ၅-ပါးပင် ဖြစ်၏၊ တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန် ၃-ယောက်တို့အား ဟိတ် ၅-ပါး၊ အထက်မဂ္ဂဋ္ဌာန် ၃-ယောက်နှင့် အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ဟိတ် ၃-ပါးဖြစ်၏။

ကိစ္စသင်္ဂဟ

၁၈။ ကိစ္စအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရေတွက်၍ မပြမီ အရင်းခံ ကိစ္စအပြားကို ဦးစွာ ပြလိုသောကြောင့် 'ကိစ္စသင်္ဂဟော ကိစ္စာနိနာမ'စသော စကားရပ်ကို မိန့်ဆိုရသည်။

ကိစ္စ ၁၄-ပါးတို့၏ သရုပ်ကို ပါဠိရှိတိုင်း ရေတွက်ပါ။

http://www.dhammadownload.com

ဌာန ၁၀-ပါး

၁၉။ ပန-ကား၊ ပဋိသန္ဓိ ဘဝင်္ဂါဝဇ္ဇန ပဉ္စဝိညာဏဘဉ္ဇာနာဒိဝသေန-ပဋိသန္ဓေဌာန, ဘဝင်ဌာန, အာဝဇ္ဇန်းဌာန, ပဉ္စဝိညာဏဌာန အစရှိသည်တို့၏ အပြားအားဖြင့်၊ တေသံ-ထိုကိစ္စရှိသောစိတ်တို့၏၊ ဒသဓာ-၁၀-ပါးအပြားအားဖြင့်၊ ဌာနဘေဒေါ-ဌာနတို့၏ အပြားကို၊ ဝေဒိတဗ္ဗော-သိထိုက်၏။

၁၉။ စက္ခုစသော ဝိညာဉ် ၅-ပါးတို့၏ ဖြစ်ရာဌာနကို "ပဉ္စဝိညာဏဌာန" ဟု တစ်ဌာနတည်း သတ်မှတ်ပြသည်၊ အာဒိသဒ္ဒါဖြင့် သမ္ပဋိစ္ဆိုင်းဌာန စသည်တို့ကို ယူပါ၊ ဌာန ၁၀-ပါး သရုပ်ကိုလည်း ရေတွက်ပါ။

ကိစ္စဖြင့် စိတ်ကို ဝေဖန်ပုံ

စိတ် ၈၉ ပါး	*တဒ္ဓိ ဘဝင်	အာဝဇ္ဇန်း	ပဉ္စဝိညာဏဌာန					သမ္ပဋိစ္ဆိုဏ်	သန္တီရဏ	ဝုဋ္ဌ	ဇော	တဒါရုံ	ကိစ္စပေါင်း
			ဒဿန	သဝဏ	ဃာနန	သာယန	ဖုသန						
စက္ခုဝိညာဉ် ၂			။										၁
သောတဝိညာဉ် ၂				။									၁
ဃာနဝိညာဉ် ၂					။								၁
ဇိဝှါဝိညာဉ် ၂						။							၁
ကာယဝိညာဉ် ၂							။						၁
သမ္ပဋိစ္ဆိုင်း ၂								။					၁
သော-သန္တီရဏ ၁									။			။	၂
ဥ-သန္တီရဏ ၂	။								။			။	၅
ပဉ္စဒ္ဝါရာဝဇ္ဇန်း ၁		။											၁
မနောဒ္ဝါရာဝဇ္ဇန်း ၁		။								။			၂
ဇော ၅၅											။		၁
မဟာဝိပါက် ၈	။											။	၄
မဟဂ္ဂုတ်ဝိပါက် ၉	။												၃
ကိစ္စတပ်သောစိတ်	၁၉	၂	၂	၂	၂	၂	၂	၂	၃	၁	၅၅	၁၁	

(* ကိစ္စနှင့် ဌာနတို့ကို ရေတွက်သည့်အခါ စုတိကိစ္စ စုတိဌာနကို နောက်ဆုံးထား၍ ရေတွက်ပါ။)

http://www.dhammadownload.com

ကိစ္စဌာနတို့ဖြင့် စိတ်ကိုဝေဖန်ခြင်း

၂၀။ တတ္ထ–ထိုကိစ္စသင်္ဂဟ၌၊ ဝါ–ကိစ္စတို့တွင်၊ ဒွေ–နှစ်ပါးကုန်သော၊ ဥပေက္ခာသဟဂတ သန္တီရဏာနိစေဝ–ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တို့လည်းကောင်း၊ အဋ္ဌ–ရှစ်ပါးကုန်သော၊ မဟာဝိပါကာနိစ–မဟာဝိပါက်စိတ်တို့လည်းကောင်း၊ နဝ–ကိုးပါးကုန်သော၊ ရူပါရူပဝိပါကာနိစ–ရူပဝိပါက် အရူပဝိပါက်တို့လည်းကောင်း၊ ဣတိ–သို့၊ ဧကူနဝီသတိ–တစ်ခုယုတ် နှစ်ဆယ်သော၊ စိတ္တာနိ–စိတ်တို့သည်၊ ပဋိသန္ဓိ ဘဝင် စုတိ ကိစ္စာနိနာမ–ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စရှိသော စိတ်တို့မည်၏။

ကိစ္စ+ဌာန လူတို့၏လုပ်ငန်းကို "ကိစ္စ"ခေါ်၍ အလုပ်ရုံကို "ဌာန"ခေါ်သကဲ့သို့ ထို့အတူ စိတ်တည်းဟူသော ပရမတ္ထတရား၏ ပဋိသန္ဓိ(ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်း)စသော အခြင်းအရာ လုပ်ငန်းအရပ်ရပ်ကို "ကိစ္စ"ဟုခေါ်သည်။

ယင်းကိစ္စကို ပြုကြဖို့ရာ(စုတိစသော) ရှေ့စိတ်နှင့် (ပထမဘဝင်စသော)နောက်စိတ် ၂–ခုတို့၏အကြား စိတ်တစ်ခု ဖြစ်လောက်ရာ ကာလကို "ဌာန"ဟု ခေါ်သည်။

ဆောင်။ ။ ထိုထိုစိတ်ဓာတ်, ပရမတ်၏, စပ်ဟပ်ခြင်းရာ, စသည်မှာလျှင်, မည်ပါကိစ္စ၊ ယင်းကိစ္စကို, ပြုကြဖို့ရာ, ရှေ့လာစိတ်များ, နောက်စိတ်များ၏, အကြားကာလ, တစ်ခုမျှကား, ဌာနမည်ပါ၊ ခွဲဝေရာသည် ..... နှစ်ဖြာ ဤသို့ထူးသတည်း။

တစ်နည်း။ ။ ပရမတ်၊ စိတ်ဓာတ်၏ ခြင်းအရာ၊
စပ်ဟပ်ပုံ–စသည်ရပ်ငယ်၊ ကိစ္စမှတ်ပါ၊
ယင်းကိစ္စ–ပြုရန်သာ၊ စိတ်ဖြစ်ရာ ကာလ၊
စိတ်နှစ်ဖြာ–ကြားအရပ်ကို၊ မှတ်တော့ ဌာန။

၂၀။ ဥပေက္ခာသန္တီရဏ ၂–ပါး၊ မဟာဝိပါက်စိတ် ၈–ပါး၊ မဟဂ္ဂုတ်ဝိပါက် ၉–ပါး၊ ဤ ၁၉–ပါးသော စိတ်တို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်ကြသည်၊ "ပဋိသန္ဓေစိတ် ၁၉–ပါး၊ ဘဝင်စိတ် ၁၉–ပါး၊ စုတိစိတ် ၁၉–ပါး"ဟူသည်မှာလည်း ဤစိတ်များပင်တည်း။

ကာမပဋိသန္ဓေ ၁၀၊ ရူပပဋိသန္ဓေ ၅–ပါး၊ အရူပပဋိသန္ဓေ ၄–ပါး၊ တစ်နည်း–အဟိတ် ပဋိသန္ဓေ ၂–ပါး၊ သဟိတ်ပဋိသန္ဓေ ၁၇–ပါး၊ (သဟိတ်ပဋိသန္ဓေတွင်လည်း ဒွိဟိတ် ပဋိသန္ဓေ ၄–ပါး၊ တိဟိတ်ပဋိသန္ဓေ ၁၃–ပါး၊)အားဖြင့် ၁၉–ပါးဖြစ်သတည်း။

သောမနဿပဋိသန္ဓေ ၈–ပါး၊ ဥပေက္ခာပဋိသန္ဓေ ၁၁–ပါးအားဖြင့်လည်း ၁၉–ပါးဖြစ်၏၊ စသည်ဖြင့် ခွဲစိတ်ဝေဖန်ပါ၊ အသေးစိတ် သရုပ်ကိုလည်း ရေတွက်ပါ၊ အကြွင်း သိလွယ်ပါပြီ။

ကိစ္စတပ် "တပ်"ဟူသော စကားလုံးသည် တပ်နှစ်သက်သည် စသည်တို့၌ စိတ်စွဲလမ်းခြင်းကို ဟောသည်၊ အတပ်သိ–စသည်တို့၌ "အသေအချာ"ဟူသော အနက်ကို ဟောသည်၊ ရေတပ်, ကြည်းတပ်စသည်တို့၌ "အထပ်ထပ်"ဟူသော အနက်ကိုဟောသည်၊ 'ကြယ်သီးတပ်သည်၊ ပစ္စည်းတပ်သည်' စသည်တို့၌ ယှဉ်တွဲခြင်းအနက်ကို ဟောသည်၊ ဤသို့စသည်ဖြင့် အနက်များစွာကို ဟောနိုင်သည်။

http://www.dhammadownload.com

၂၁။ ပန-ကား၊ အာဝဇ္ဇနကိစ္စာနိ-အာဝဇ္ဇန်းကိစ္စရှိသောစိတ်တို့သည်၊ ဒွေ-နှစ်ပါး တို့တည်း။

၂၂။ ဒဿန သဝန ဃာယန သာယန ဖုသန သမ္ပဋိစ္ဆနကိစ္စာနိစ-ဒဿနကိစ္စ, သဝန ကိစ္စ, ဃာယနကိစ္စ, သာယနကိစ္စ, ဖုသနကိစ္စ, သမ္ပဋိစ္ဆိုင်းကိစ္စရှိသောစိတ်တို့သည်လည်း၊ တထာ-ထို့အတူ နှစ်ပါးစီတို့တည်း။

၂၃။ သန္တီရဏကိစ္စာနိ-သန္တီရဏကိစ္စရှိသော စိတ်တို့သည်၊ တီဏိ-သုံးပါးတို့တည်း။ (သန္တီရဏစိတ် ၃-ပါးပင်တည်း။)

၂၄။ မနောဒ္ဓါရာဝဇ္ဇနမေဝ-မနောဒ္ဓါရာဝဇ္ဇန်းသည်ပင်လျှင်၊ ပဉ္စဒ္ဓါရေ-ပဉ္စဒ္ဓါရအရာ၌၊ ဝေါဋ္ဌဗ္ဗနကိစ္စံ-ဝုဋ္ဌောကိစ္စကို၊ သာဓေတိ-ပြီးစေ၏။ (မနောဒ္ဓါရာဝဇ္ဇန်းသည် ပဉ္စဒ္ဓါရဝီထိ၌ ဝုဋ္ဌောကိစ္စတပ်သည်။)

၂၅။ အာဝဇ္ဇနဒ္ဝယဝဇ္ဇိတာနိ-အာဝဇ္ဇန်းဒွေးသည် ကြဉ်အပ်ကုန်သော၊ ပဉ္စပညာသ-၅၅-ပါးသော၊ ကုသလာကုသလဖလကြိယစိတ္တာနိ-ကုသိုလ်, အကုသိုလ်, ဖိုလ်,ကြိယာ စိတ်တို့သည်၊ ဇဝနကိစ္စာနိ-ဇောကိစ္စရှိကုန်၏။

၂၆။ အဋ္ဌ-ရှစ်ပါးကုန်သော၊ မဟာဝိပါကာနိစေဝ-မဟာဝိပါက်စိတ်တို့လည်းကောင်း၊ သန္တီရဏတ္တယဉ္စ-သန္တီရဏသုံးပါး အပေါင်းလည်းကောင်း၊ ဣတိ-သို့၊ ဧကာဒသ-၁၁-ပါးသောစိတ်တို့သည်၊ တဒါရမဏကိစ္စာနိ-တဒါရုံကိစ္စရှိကုန်၏။

ဤ၌လည်း ယှဉ်တွဲခြင်း အနက်ကိုပင် ဟောသည်၊ ထို့ကြောင့် ကိစ္စဝန္တ ကိစ္စအနေဖြင့် ယှဉ်စပ်နေသည်ကို "ကိစ္စတပ်သည်"ဟု ဆိုရပေသည်။

ဆောင်။ ။ကိစ္စဝန္တ, ကိစ္စစွမ်းအား, ယှဉ်စပ်ထား, မှတ်သားကိစ္စတပ်။

၂၅။ အကုသိုလ်စိတ် ၁၂-ပါး၊ ဟသိတုပ္ပာဒ်စိတ် ၁-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ မဟဂ္ဂုတ်ကြိယာ ၉-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်း ၅၅-ပါးသော စိတ်တို့သည် ဇောကိစ္စတပ်သော စိတ်တို့မည်၏။

ထိုတွင် အကုသိုလ်, ဟသိတုပ္ပာဒ်, မဟာကုသိုလ်, မဟာကြိယာအားဖြင့် ၂၉-ပါးသော ဇောတို့ကို "ကာမဇော တစ်ခုယုတ်သုံးဆယ်"ဟုခေါ်သည်၊ မဟဂ္ဂုတ်လောကုတ္တရာဇော ၂၆-ပါးကို "အပ္ပနာဇော"ဟု ခေါ်သည်။ လောကီဇော, လောကုတ္တရာဇော, သောမနဿဇော, ဥပေက္ခာဇော, အဟိတ်ဇော, ဧကဟိတ်ဇော, ဒွိဟိတ်ဇော, တိဟိတ်ဇောစသည်တို့ကိုလည်း ဖြစ်သင့်သည်အားလျော်စွာ ခွဲစိတ်ဝေဖန်ထားပါ။

၂၆။ မဟာဝိပါက် ၈-ပါး၊ သန္တီရဏ ၃-ပါး၊ ဤ ၁၁-ပါးသောစိတ်တို့သည် တဒါရုံကိစ္စ တပ်သော စိတ်တို့ မည်၏၊ သောမနဿတဒါရုံ မည်မျှ, ဥပေက္ခာတဒါရုံ မည်မျှ-စသည်ဖြင့် ရေတွက်စိစစ်ထားပါ။

http://www.dhammadownload.com

ဆိုင်ရာစိတ်တို့ တပ်နိုင်သည့် ကိစ္စများ

၂၇။ ပန–အပေါင်းကို ပြဦးအံ့၊ တေသု–ထိုဆိုင်ရာကိစ္စရှိသော စိတ်တို့တွင်၊ ဒွေ–နှစ်ပါးကုန်သော၊ ဥပေက္ခာသဟဂတ သန္တီရဏစိတ္တာနိ–ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်တို့သည်၊ ပဋိသန္ဓိ ဘဝင် စုတိ တဒါရမဏ သန္တီ ရဏဝသေန–ပဋိသန္ဓေ ဘဝင် စုတိ တဒါရုံ သန္တီရဏကိစ္စတို့၏ အပြားအားဖြင့်၊ ပဉ္စကိစ္စာနိနာမ–ငါးကိစ္စရှိသော စိတ်တို့မည်၏။

၂၈။ အဋ္ဌ–ရှစ်ပါးကုန်သော၊ မဟာဝိပါကာနိ–မဟာဝိပါက်စိတ်တို့သည်၊ ပဋိသန္ဓိ ဘဝင် စုတိ တဒါရမဏဝသေန–ပဋိသန္ဓေ ဘဝင် စုတိ တဒါရုံကိစ္စတို့၏ အပြားအားဖြင့်၊ စတုကိစ္စာနိနာမ–လေးကိစ္စရှိသော စိတ်တို့မည်၏။

၂၉။ နဝ–ကိုးပါးကုန်သော၊ မဟဂ္ဂတဝိပါကာနိ–မဟဂ္ဂုတ်ဝိပါက်စိတ်တို့သည်၊ ပဋိသန္ဓိ ဘဝင် စုတိဝသေန–ပဋိသန္ဓေ ဘဝင် စုတိကိစ္စတို့၏ အပြားအားဖြင့်၊ တိကိစ္စာနိနာမ–သုံးကိစ္စရှိသော စိတ်တို့မည်၏။

၃၀။ သောမနဿသန္တီရဏ–သောမနဿသန္တီရဏစိတ်သည်၊ သန္တီရဏ တဒါရမဏဝသေန–သန္တီ ရဏကိစ္စ, တဒါရုံကိစ္စတို့၏ အပြားအားဖြင့်၊ ဒုကိစ္စ–နှစ်ကိစ္စရှိ၏။

၃၁။ ဝေါဋ္ဌဗ္ဗနံ–ဝုဋ္ဌော(မနောဒ္ဓါရာဝဇ္ဇန်း)စိတ်သည်၊ ဝေါဋ္ဌဗ္ဗနာဝဇ္ဇနဝသေန–ဝုဋ္ဌော ကိစ္စ, အာဝဇ္ဇန်းကိစ္စတို့၏ အပြားအားဖြင့်၊ တထာ–ထို့အတူနှစ်ကိစ္စရှိ၏။

၃၂။ ပန–ကား၊ သေသာနိ–ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော၊ သဗ္ဗာနိပိ–အလုံးစုံလည်းဖြစ်ကုန်သော၊ ဇဝန မနောဓာတုတ္တိက ဒွိပဉ္စဝိညာဏာနိ–ဇော၊ ငါးဆယ့်ငါး,မနောဓာတ် သုံးပါး, ဒွေးပဉ္စဝိညာဉ် ၁၀–တို့သည်၊ ယထာသမ္ဘဝံ–ဖြစ်သင့်သည် အားလျော်စွာ၊ ဇကိစ္စာနိ–တစ်ကိစ္စစီရှိကုန်၏၊ ဣတိ–ဤကား ကိစ္စအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူခြင်းတည်း။

၃၂။ ယထာသမ္ဘဝံ ဇော ၅၅–ပါးသည် ဇောကိစ္စ တစ်ကိစ္စသာ တပ်သည်၊ မနောဓာတ် ၃–ခုတို့တွင် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်း တစ်ကိစ္စသာ တပ်သည်၊ သမ္ပဋိစ္ဆိုင်းဒွေးသည် သမ္ပဋိစ္ဆိုင်းတစ်ကိစ္စသာတပ်သည်၊ စက္ခုဝိညာဉ်ဒွေးသည် ဒဿနတစ်ကိစ္စသာ တပ်သည်၊ သောတဝိညာဉ်ဒွေးသည် သဝနတစ်ကိစ္စသာ တပ်သည်၊ ဃာနဝိညာဉ်ဒွေးသည် ဃာယနတစ်ကိစ္စသာ တပ်သည်၊ ဇိဝှါဝိညာဉ်ဒွေးသည် သာယနတစ်ကိစ္စသာ တပ်သည်၊ ကာယဝိညာဉ်ဒွေးသည် ဖုသနတစ်ကိစ္စသာ တပ်သည်၊ ဤကား ယထာသမ္ဘဝံအရ ဖြစ်သင့်သည် အားလျော်စွာ တစ်ကိစ္စတပ်ပုံတည်း။

ကိစ္စဖြင့် စေတသိက်တို့ကို ဝေဖန်ခြင်း

ဆောင်။ ။ တစ်ကိစ္စတပ်, သတ္တရသ်နှင့်, လေးတပ် နှစ်ပါး, ငါး နှစ်ဆယ့်တစ်, ခြောက်မှာ တစ်နှင့်, ခုနစ် ထို့တူ, ကိုးမူ သုံးမျှ, စုဒ္ဒသ, သတ္တ မှတ်လေပါ။

http://www.dhammadownload.com

တစ်နည်း။　။ တစ်သာတပ်၊ သတ္တရဿမုန်သည်၊
လေးကိစ္စာ–တပ်နှစ်ပါးငယ်၊ ငါး ဧကဝီ၊
ခြောက်မှာ တစ်–ခွန် တစ်လီ၊ ကိုးတပ်သည် သုံးပါး၊
ဆယ့်လေးမှာ– ခွန်သာ မှတ်လို့ရယ်၊ ပိုင်းဖြတ်ယူထား။

ကိစ္စဖြင့် စေတသိက်တို့ကို ဝေဖန်ပုံ

စေတသိက် ၅၂ – ပါး	ပဋိသန္ဓေကိစ္စ	ဘဝင်ကိစ္စ	ဘဝန်းကပ်ကိစ္စ	စုတိကိစ္စ	သန္တီရဏကိစ္စ	ဝောဋ္ဌဗ္ဗနကိစ္စ	ဇော	တဒါရုံ	ကိစ္စပေါင်း
အကုသိုလ်စေ ၁၄, ဝိရတိ ၃= ၁၇							။		၁
အပွမညာ ၂	။						။		၄
ကြွင်း သောဘန ၂၀, ဆန္ဒ = ၂၁	။						။	။	၅
ပီတိ ၁	။				။		။	။	၆
ဝီရိယ ၁	။	။				။	။	။	၇
ဝိတက်,ဝိစာရ,အဓိမောက္ခ ၃	။	။		။	။	။	။	။	၉
သဗ္ဗစိတ္တသာမာရဏ ၇	။	။	။	။	။	။	။	။	၁၄
စေတသိက်ပေါင်း	၃၅	၁၁	၇	၁၀	၁၁	၁၁	၅၂	၃၃	

ဇယားကို အထက်အောက် ကြည့်ရှုလျက် "ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စတပ်သော စေတသိက်တို့ကား အညသမာန်း စေတသိက် ၁၃–ပါး၊ ဝိရတိကြဉ် သောဘနစေတသိက် ၂၂–ပါး၊ ပေါင်း ၃၅–ပါးတို့တည်း" စသည်ဖြင့် ဇယားကွက်ကုန်အောင် ရေတွက်ပါ၊ ဤနည်းမှာ "ဂဟိတဂ္ဂဟဏနည်း" ဖြစ်သည်။

ထို့ပြင် ဇယားကို လက်ဝဲလက်ျာ ကြည့်ရှုလျက် အကုသိုလ်စေတသိက် ၁၄–ပါး၊ ဝိရတိ စေတသိက် ၃–ပါး၊ ပေါင်း ၁၇–ပါးသော စေတသိက်တို့သည် ဧကိစ္စတစ်ကိစ္စသာ တပ်ကြသည်။ (တစ်ကိစ္စတပ် သတ္တရဿနှင့်။)

အပွမညာဒွေးသည် "ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, ဧကိစ္စ" အားဖြင့် ၄–ကိစ္စတပ်သည်။ (လေးတပ် နှစ်ပါး။)

"ဝိရတိ အပွမညာကြဉ်သော သောဘနစေတသိက် ၂၀၊ ဆန္ဒစေတသိက် ၁–ပါး" အားဖြင့် ၂၁–ပါးသော စေတသိက်တို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, ဇဝနကိစ္စ, တဒါရုံကိစ္စ" အားဖြင့် ၅–ကိစ္စတပ်ကြသည်။ (ငါး နှစ်ဆယ့်တစ်။)

ပီတိသည် "ပဋိသန္ဓေ, ဘဝင်, စုတိ, သန္တီရဏ, ဇဝန, တဒါရမဏကိစ္စ" အားဖြင့် ၆–ကိစ္စတပ်သည်။ (ခြောက်မှာ တစ်နှင့်။)

http://www.dhammadownload.com

သင်္ဂဟဂါထာများ

၃၃။ ပဋိသန္ဓာဒယောနာမ– ပဋိသန္ဓေ အစရှိသည် မည်ကုန်သော၊ စိတ္တုပ္ပာဒါ–စိတ်တို့ကို၊ ကိစ္စဘေဒေန–ကိစ္စတို့၏ အပြားအားဖြင့်၊ စုဒ္ဒသ–၁၄–ပါးတို့ဟူ၍လည်းကောင်း၊ ဌာနဘေဒေန–ဌာနတို့၏ အပြားအားဖြင့်၊ ဒသဓာ–ဆယ်ပါးပြားကုန်၏ ဟူ၍လည်းကောင်း၊ ပကာသိတာ–ပြအပ်ကုန်၏။

၃၄။ ဧကေ ဒွိ တိ စတု ပဉ္စ ကိစ္စဌာနာနိ–တစ်ကိစ္စ တစ်ဌာန, နှစ်ကိစ္စ နှစ်ဌာန, သုံးကိစ္စ သုံးဌာန, လေးကိစ္စ လေးဌာန, ငါးကိစ္စ ငါးဌာနရှိသောစိတ်တို့ကို၊ ယထာက္ကမံ–အစဉ်အားလျော်စွာ၊ အဋ္ဌသဋ္ဌိ–ဖဝ–ပါးဟူ၍လည်းကောင်း၊ တထာ–ထိုမှတစ်ပါး၊ ဒွေစ–နှစ်ပါးတို့ဟူ၍လည်းကောင်း၊ နဝ–ကိုးပါးတို့ဟူ၍လည်းကောင်း၊ အဋ္ဌ–ရှစ်ပါးတို့ဟူ၍ လည်းကောင်း၊ ဒွေ–နှစ်ပါးတို့ဟူ၍လည်းကောင်း၊ နိဒ္ဒိသေ–ညွှန်ပြရာ၏။

ဝိရိယသည် "ပဋိသန္ဓေ, ဘဝင်, စုတိ, အာဝဇ္ဇန်း, ဝုဋ္ဌော, ဇော, တဒါရုံကိစ္စ"အားဖြင့် ၇–ကိစ္စတပ်သည်။ (ခုနစ် ထို့တူ။)

ဝိတက် ဝိစာရ အဓိမောက္ခတို့သည် "ပဋိသန္ဓေ, ဘဝင်, စုတိ, အာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံကိစ္စ"အားဖြင့် ၉–ကိစ္စတပ်သည်။ (ကိုးမူ သုံးမျှ။)

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါးသည် ၁၄–ကိစ္စတပ်သည်။ (စုဒ္ဒသ သတ္တ မှတ်လေပါ။) ဤသို့ "အဂ္ဂဟိတဂ္ဂဟဏနည်း" ပေါ်ထွက်လာအောင် ရေတွက်ပါ။

ဤသို့လျှင် "တစ်ကိစ္စတပ်သော စေတသိက် ၁၇–ပါး၊ လေးကိစ္စတပ်သော စေတသိက် ၂–ပါး၊ ငါးကိစ္စတပ်သော စေတသိက် ၂၁–ပါး၊ ခြောက်ကိစ္စတပ်သော စေတသိက် ၁–ပါး၊ ခုနစ်ကိစ္စတပ်သော စေတသိက် ၁–ပါး၊ ကိုးကိစ္စတပ်သော စေတသိက် ၃–ပါး၊ ဆယ့်လေးကိစ္စတပ်သော စေတသိက် ၇–ပါး"အားဖြင့် စေတသိက် ၅၂–ပါး ဖြစ်သတည်း။

သင်္ဂဟဂါထာများ 'ကိစ္စသင်္ဂဟော ကိစ္စာနိနာမ'အစရှိသော အကျယ်စကားရပ်ကို 'ပဋိသန္ဓာဒယော နာမ'စသောပထမဂါထာဖြင့် အကျဉ်းချုံးပြသည်၊ 'တေသု ပန' အစရှိသော နောက်ပိုင်းအကျယ်စကားရပ်ကို 'အဋ္ဌသဋ္ဌိ'စသော ဒုတိယဂါထာဖြင့် အကျဉ်းချုံး ပြသည်။

ယထာက္ကမ သရုပ်ပြ

ကိစ္စနှင့်ဌာန	ဧကေ	ဒွိ	တိ	စတု	ပဉ္စ
စိတ်	အဋ္ဌသဋ္ဌိ	ဒွေ	နဝ	အဋ္ဌ	ဒွေ

ဌာနဖြင့် ဝေဖန်ခြင်း

ကိစ္စနှင့် ဌာနတို့တွင် ကိစ္စဖြင့်သာ စိတ်တို့ကို ဝေဖန်ပြခဲ့ပါသည်၊ ဌာနဖြင့်မူကား ဝေဖန်ပြမှုကို မပြုရသေးပါ။

ပဉ္စ	စက်	သမ္ပ	သန္တီ	ဝုဋ္ဌော	ဇော
ဝ ဝ ဝ	ဝ ဝ ဝ	ဝ ဝ ဝ	ဝ ဝ ဝ	ဝ ဝ ဝ	ဝ ဝ ဝ

http://www.dhammadownload.com

ဒွါရသင်္ဂဟ

ဒွါရ ၆-ပါး

၃၅။ ဒွါရသင်္ဂဟေ-ဒွါရသင်္ဂဟဋ္ဌဲ၊ ဒွါရာနိနာမ-ဒွါရတို့မည်သည်၊ စက္ခုဒ္ဒွါရံ-စက္ခုဒ္ဒွါရလည်းကောင်း၊ သောတဒွါရံ-လည်းကောင်း၊ ဃာနဒွါရံ-လည်းကောင်း၊ ဇိဝှါဒွါရံ-လည်းကောင်း၊ ကာယဒွါရံ-လည်းကောင်း၊ မနောဒွါရံစ-မနောဒွါရလည်းကောင်း၊ ဣတိ-သို့၊ ဆဗ္ဘိဓာနိ-၆-ပါးအပြားရှိကုန်သည်၊ ဘဝန္တိ-ဖြစ်ကုန်၏။

အထက်ပါ ဝိထိပုံစံဝယ် စိတ်တစ်ခုတစ်ခု၏ အောက်၌ '၀'လုံးကလေး သုံးလုံးစီသုံးလုံးစီ ရေးသားထားသည်ကို တွေ့ရပါလိမ့်မည်၊ ယင်း '၀'လုံးကလေး သုံးလုံးတွဲသည်ပင် "ဌာန"တစ်ခု ဖြစ်သည်။

ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးတို့၏ အကြားသည် "ပဉ္စဝိညာဏဌာန"မည်၏၊ စက္ခု ဝိညာဉ်နှင့်သန္တီရဏတို့၏ အကြားသည် "သမ္ပဋိစ္ဆိုင်းဌာန"မည်၏၊ သမ္ပဋိစ္ဆိုင်းနှင့် ဝုဋ္ဌောတို့၏ အကြားသည် "သန္တီရဏဌာန"မည်၏၊ သန္တီရဏနှင့် ဇောတို့၏ အကြားသည် "ဝုဋ္ဌောဌာန" မည်၏-ဟု ဆိုလိုပါသည်။

ဌာနနှင့်စပ်၍ ဤမျှအခြေခံရုံက တော်လောက်ပါပြီ၊ ဝိထိကို နားလည်သည့်အခါ အလိုအလျောက် သဘောပေါက်လာပါလိမ့်မည်။

ဘုံအားဖြင့် ဝေဖန်ခြင်း

ကာမဘုံ၌ ကိစ္စ ၁၄-ပါး၊ ဌာန ၁၀-ပါးလုံးကိုပင် ရနိုင်ပါသည်၊ ရူပဘုံ၌မူကား "ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, အာဝဇ္ဇန်းကိစ္စ, ဒဿနကိစ္စ, သဝနကိစ္စ, သမ္ပဋိစ္ဆနကိစ္စ, သန္တီရဏကိစ္စ, ဝုဋ္ဌောကိစ္စ, ဇောကိစ္စ, စုတိကိစ္စ"အားဖြင့် ကိစ္စ ၁၀-ပါး၊ "ပဋိသန္ဓေဌာန, ဘဝင်ဌာန, အာဝဇ္ဇန်းဌာန, ပဉ္စဝိညာဉ်ဌာန"စသော ဌာန ၉-ပါးတို့ကိုသာ ရနိုင်ပါသည်၊ အရူပဘုံ၌ "ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, အာဝဇ္ဇန်းကိစ္စ, ဇောကိစ္စ, စုတိကိစ္စ"အားဖြင့် ကိစ္စ ၅-ပါး၊ ဌာန ၅-ပါးတို့ကိုသာ ရနိုင်ပါသည်၊ ယင်းကိစ္စဌာနများဖြင့် စိတ်တို့ကိုလည်း ထိုက်သည်အားလျော်စွာ ဝေဖန်ကြည့်ရှုစေလိုပါသည်။

ဒွါရသင်္ဂဟ

၃၅။ 'ဒွါရသင်္ဂဟေ ဒွါရာနိနာမ'စသော စကားရပ်ဖြင့် အရင်းခံဒွါရတို့ကို ဦးစွာပြသည်။

ဒွါရသဒ္ဒါသည် "တံခါးပေါက်"ဟူသောအနက်ကို ဟောဏ၏၊ တံခါးပေါက်သည် လူတို့၏ ဝင်ရောက်ကြောင်း ဖြစ်သကဲ့သို့ ထို့အတူစက္ခုပသာဒ-စသည်တို့သည်လည်း သက်ဆိုင်ရာ ဝိထိစိတ်တို့၏ ဝင်ရောက် (ဖြစ်ပေါ်)ကြောင်း ဖြစ်၏၊ ဤသို့ တံခါးနှင့် တူသောကြောင့် စက္ခုပသာဒ စသည်တို့ကိုလည်း "ဒွါရ"ဟုပင် ခေါ်ရတော့သည်။

http://www.dhammadownload.com

ဒွါရဖြင့် စိတ်ကို ဝေဖန်ခြင်း

၃၆၊ ၇၊ ၈။ တတ္ထ–ထို ဖ–ပါးသော ဒွါရတို့တွင်၊ စက္ခုမေဝ–စက္ခုပသာဒသည်ပင်၊ စက္ခုဒ္ဒွါရံ–စက္ခုဒ္ဒွါရမည်၏၊ တထာ–ထို့အတူ၊ သောတာဒယော ဧဝ–သောတပသာဒ အစရှိသည်တို့ပင်၊ သောတဒ္ဒါရာဒီနိ–သောတဒွါရ အစရှိသည်တို့ မည်၏၊ ပန–အထူးကား၊ ဘဝင်္ဂ–ဘဝင်စိတ်ကို၊ မနောဒွါရန္တိ–မနောဒွါရဟူ၍၊ ပဝုစ္စတိ–ဆိုအပ်၏။

၃၆၊ ၇၊ ၈။ 'တတ္ထ စက္ခုမေဝ'စသည်ဖြင့် ဒွါရ ဖ–ပါးတို့၏ ဝိဂ္ဂဟနှင့် တရားကိုယ်တို့ကို ပြသည်၊ (စက္ခုမေဝ ဒွါရံ–စက္ခုဒ္ဒွါရံ–စသည်ပြု၊) စက္ခုပသာဒရုပ်ကို "စက္ခုဒ္ဒွါရ"ခေါ်သည်၊ သောတပသာဒရုပ်ကို "သောတဒွါရ"ခေါ်သည်၊ ဃာနပသာဒရုပ်ကို "ဃာနဒွါရ"ခေါ်သည်၊ ဇိဝှါပသာဒရုပ်ကို "ဇိဝှါဒွါရ" ခေါ်သည်၊ ကာယပသာဒရုပ်ကို "ကာယဒွါရ"ခေါ်သည်၊ ဘဝင်စိတ်ကို "မနောဒွါရ" ခေါ်သည်–ဟု ဆိုလိုသည်။

ဒွါရဖြင့် စိတ်ကို ဝေဖန်ပုံ

စိတ် ၈၉ – ပါး		ရုပ်ဒွါရ ၅–ပါး					မနောဒွါရ	ဉာဏဒွါရ	ဒွါရပေါင်း
		စက္ခု	သောတ	ဃာန	ဇိဝှါ	ကာယ			
ပဉ္စဒွါရာဝဇ္ဇန်း	၁	။	။	။	။	။			၅
ဒွေပဉ္စဝိညာဏ် ၁၀ စက္ခုဝိညာဉ်	၂	။							၁
သောတဝိညာဉ်	၂		။						၁
ဃာနဝိညာဉ်	၂			။					၁
ဇိဝှါဝိညာဉ်	၂				။				၁
ကာယဝိညာဉ်	၂					။			၁
သမ္ပဋိစ္ဆိုင်း	၂	။	။	။	။	။			၅
တဒါရုံ ၁၁ သန္တီရဏ် ၂ သော	၁	။	။	။	။	။	။		၆
၂	၂	။	။	။	။	။	။	x	၆*
မဟာဝိပါက်	၈	။	။	။	။	။	။	x	၆*
ဝုဋ္ဌော [မနောဒွါရာဝဇ္ဇန်း]	၁	။	။	။	။	။	။		၆
ဟသိတုပ္ပါဒ် ၃ ကာမဇော	၂၉	။	။	။	။	။	။		၆
မဟက်+လော [အပုနာဇော]	၂၆						။		၁
မဟဂ္ဂုတ်ဝိပါက်	၉							x	
ဆိုင်ရာဒွါရ၌ဖြစ်သော စိတ်ပေါင်း		၄၆	၄၆	၄၆	၄၆	၄၆	၆၇	၁၉	

http://www.dhammadownload.com

၃၉။ တတ္ထ–ထို ဖ–ပါးသောဒွါရတို့တွင်၊ ပဋ္ဌဒွါရာဝဇ္ဇနေ စက္ခုဝိညာဏာ သမ္မဋ္ဌစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗန ကာမာဝစရဇဝေန တဒါရမဏာဝသေန–ပဋ္ဌဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ်ဒွေး, သမ္မဋ္ဌစ္ဆိုင်းဒွေး, သန္တီရဏသုံးခု, ဝုဋ္ဌော, ကာမဇောတစ်ခုယုတ်သုံးဆယ်, တဒါရုံတို့၏ အပြားအားဖြင့်၊ ဆစတ္တာလီသ–၄ဖ–ပါးသော၊ စိတ္တာနိ–စိတ်တို့သည်၊ စက္ခုဒ္ဒါရေ–စက္ခုဒွါရ၌၊ ယထာရဟံ–(အာရုံ, ဘုံ, ပုဂ္ဂိုလ်, မနသိကာရ–စသည်အလိုက်) ထိုက်သည် အားလျော်စွာ၊ ဥပ္ပဇ္ဇန္တိ–ဖြစ်ကုန်၏။

တထာ–ထို့အတူ၊ ပဋ္ဌဒွါရာဝဇ္ဇန သောတဝိညာဏာဒိဝသေန–ပဋ္ဌဒွါရာဝဇ္ဇန်း သောတ ဝိညာဉ်အစရှိသည်တို့၏အပြားအားဖြင့်၊ သောတဒွါရာဒိသုပိ–သောတဒွါရ အစရှိသည်

ဇယားအတွက် ညွှန်ကြားချက် ဇယားဌ် အပေါ်,အောက် အမှတ်ရှိရာရှုလျက် စက္ခုဒွါရဌ် "ပဋ္ဌဒွါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဉ် ၂၊ သမ္မဋ္ဌိစ္ဆိုင်း ၂၊ သန္တီရဏ ၃၊ တဒါရုံမဟာဝိပါက် ၈–ခု၊ ဝုဋ္ဌော ၁၊ကာမဇော ၂၉၊ "အားဖြင့် ၄ဖ–ပါးသော စိတ်များ ဖြစ်ကြသည်–ဟု သရုပ်ခွဲပါ၊ သောတဒွါရိကစိတ်–စသည်တို့ကိုလည်း နည်းတူခွဲပါ။

ထို့ပြင် ဇယားဌ် လက်ဝဲ,လက်ျာအမှတ်ရှိရာကို ရှုလျက် ပဋ္ဌဒွါရာဝဇ္ဇန်းစိတ်သည် "စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ"၅–ဒွါရဌ် ဖြစ်သည်–စသည်ဖြင့် ဇယားကုန်အောင် ခွဲပါ။

*သန္တီရဏသည် သန္တီရဏကိစ္စတပ်သည့်အခါ ၅–ဒွါရဌ် ဖြစ်သည်၊ တဒါရုံကိစ္စ တပ်သည့်အခါ ဖ–ဒွါရဌ်ဖြစ်သည်၊ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သည့်အခါ ဒွါရဝိမုတ် ဖြစ်သည်၊ မဟာဝိပါက်ကိုလည်း ရသင့်သည်အားလျော်စွာ ခွဲပါ။

၃၉။ တတ္ထ ပဋ္ဌဒွါရာဝဇ္ဇန–အစရှိသော စကားရပ်ဖြင့် စက္ခုဒွါရဌ်ဖြစ်နိုင်သော စိတ်တို့ကို ပြသည်။

ပဋ္ဌဒွါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဉ် ၂၊ သမ္မဋ္ဌိစ္ဆိုင်း ၂၊ သန္တီ ရဏ ၃၊ ဝုဋ္ဌော ၁၊ ကာမဇော ၂၉၊ (တဒါရုံ ၁၁–ပါးရှိသော်လည်း သန္တီ ရဏကို ယူပြီးဖြစ်သောကြောင့်) တဒါရုံ ၈၊ ပေါင်း ၄ဖ–ပါးသော စိတ်တို့သည် စက္ခုဒွါရဌ် ထိုက်သည်အားလျော်စွာ ဖြစ်ကြသည်–ဟု မှတ်ပါ။

ယထာရဟံ စက္ခုဒွါရဝယ် ပဋ္ဌဒွါရာဝဇ္ဇန်း အစရှိသော ဝီထိစိတ်များ ဖြစ်ရာဌ် ၄ဖ–ပါးလုံး တစ်ပြိုင်နက် ဖြစ်ကြသည်မဟုတ်၊ အာရုံ, ဘုံ, ပုဂ္ဂိုလ်, မနသိကာရအလိုက် ထိုက်သည်အားလျော်စွာသာ ဖြစ်ကြသည်။ ဖြစ်ပုံမှာ–

၁။ **အာရုံ**= ရူပါရုံက အနိဋ္ဌာရုံဖြစ်လျှင် အကုသလဝိပါက်စက္ခုဝိညာဉ်, သမ္မဋ္ဌိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့ ဖြစ်၏၊ (အနိဋ္ဌေ အာရမဏေ အကုသလဝိပါကာနေဝ ပဋ္ဌဝိညာဏာ သမ္မဋ္ဌစ္ဆန သန္တီရဏ တဒါရမဏာနိ။) ဣဋ္ဌာရုံဖြစ်လျှင် ကုသလဝိပါက် စက္ခုဝိညာဉ်–စသည်တို့ ဖြစ်၏၊ (ဣဋ္ဌေ ကုသလဝိပါကာနိ။) အတိဣဋ္ဌာရုံဖြစ်လျှင် သောမနဿသန္တီရဏ တဒါရုံတို့ ဖြစ်၏၊ (အတိဣဋ္ဌေ ပန သောမနဿသဟဂတာနေဝ သန္တီရဏတဒါရမဏာနိ။) ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်လျှင် ဥပေက္ခာသန္တီ ရဏ တဒါရုံတို့ ဖြစ်၏။

http://www.dhammadownload.com

တို့၌လည်း၊ ဆစတ္တာလီသေဝ–၄၆–ပါးစီသာလျှင် ဖြစ်သော၊ စိတ္တာနိ–စိတ်တို့သည်၊ ဘဝန္တိ–ဖြစ်ကုန်၏၊ ဣတိ–သို့၊ သဗ္ဗထာပိ–အလုံးစုံသောအပြားအားဖြင့်လည်း၊ ပဋ္ဌဒ္ဓါရေ–ငါးဒွါရ၌၊ စတုပညာသ–၅၄–ပါးသော၊ စိတ္တာနိ–စိတ်တို့သည်၊ ကာမာဝစရာနေဝ–ကာမာဝစရစိတ်တို့ချည်းသာတည်း။

၄၀။ ပန–ကား၊ မနောဒွါရေ–မနောဒွါရ၌၊ မနောဒွါရာဝဇ္ဇန ပဋ္ဌပညာသဇဝန တဒါရမဏာဝသေန–မနောဒွါရာဝဇ္ဇန်း, ဇော–၅၅, တဒါရုံ–၁၁–ပါးတို့၏ အပြားအားဖြင့်၊ သတ္တသဋ္ဌိ–၆၇–ပါးသော၊ စိတ္တာနိ–စိတ်တို့သည်၊ ဘဝန္တိ–ဖြစ်ကုန်၏။

၄၁။ ဇကူနဝီသတိ–တစ်ခုယုတ်နှစ်ဆယ်သော၊ စိတ္တာနိ–စိတ်တို့သည်၊ ပဋိသန္ဓိ ဘဝင် စုတိဝသေန–ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့၏အဖြစ်ဖြင့်၊ (ပဝတ္တမာနာနိ–ဖြစ်ကုန်သည်ရှိသော်၊) ဒွါရဝိမုတ္တာနိ–ဒွါရမှ လွတ်ကုန်၏။

ဆိုင်ရာစိတ်တို့ ဖြစ်နိုင်ရာ ဒွါရများ

၄၂။ ပန–အပေါင်းကို ပြဦးအံ့၊ တေသု–ထိုဆိုင်ရာဒွါရ၌ဖြစ်သော စိတ်တို့တွင်၊ ပဋ္ဌဝိညာဏာနိစေဝ–ဆွေးပဋ္ဌဝိညာဉ် ၁၀–တို့လည်းကောင်း၊ မဟဂ္ဂတလောကုတ္တရဇဝနာနိ

၂။ **ဘုံ=** ဘုံအားဖြင့် ကာမဘုံ၌ဖြစ်သော် ၄၆–ပါးလုံးဖြစ်၏၊ ရူပဘုံ၌ဖြစ်သော် တဒါရုံမဖြစ်။

၃။ **ပုဂ္ဂိုလ်=** ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်, သေက္ခတို့သန္တာန်၌ဖြစ်သော် ကုသိုလ်ဇော အကုသိုလ်ဇောများ ဖြစ်ကြ၏၊ ရဟန္တာသန္တာန်၌ဖြစ်သော် ကြိယာဇောများသာဖြစ်၏။

၄။ **မနသိကာရ=** မနသိကာရအားဖြင့် ပုထုဇဉ်, သေက္ခတို့သန္တာန်၌ ယောနိသော မနသိကာရ ရှိသော် ကုသိုလ်ဇောများ ဖြစ်၏၊ အယောနိသောမနသိကာရ ရှိသော် အကုသိုလ်ဇောများ ဖြစ်၏။

'တထာ ပဋ္ဌဒ္ဓါရာဝဇ္ဇန'အစရှိသော စကားရပ်ဖြင့် သောတဒွါရအစရှိသည်တို့၌ ဖြစ်နိုင်သော စိတ်တို့ကိုပြသည်၊ ထိုတွင် သောတဝိညာဏာဒိ–၌ "အာဒိ"သဒ္ဒါဖြင့် ဃာန, ဇိဝှါ, ကာယဝိညာဉ်တို့ကို ယူပါ၊ သောတဒွါရာဒီသုံ၌ "အာဒိ"သဒ္ဒါဖြင့် ဃာန, ဇိဝှါ, ကာယဒွါရတို့ကို ယူပါ၊ သောတဒွါရိကစိတ် ၄၆–ပါး စသည်တို့ကို ဇယားကို ကြည့်ရှုလေ့လာပါ။

၄၀။ 'မနောဒွါရေ ပန' အစရှိသောစကားရပ်ဖြင့် မနောဒွါရ၌ ဖြစ်ထိုက်သော စိတ်တို့ကို ပြသည်၊ စိတ်သရုပ်ကို ဝိထိစဉ်ဖြင့် ပြထားသည်ကို သတိပြုပါ။

၄၁။ 'ဇကူနဝီသတိ'စသော စကားရပ်ဖြင့် ဒွါရဝိမုတ်စိတ်တို့ကိုပြသည်၊ ဒွါရ၌ မဖြစ်ဘဲ ဒွါရမှလွတ်နေသောစိတ်တို့ကို "ဒွါရဝိမုတ်စိတ်"ဟု ခေါ်သည်။ (ဒွါရ–ဒွါရမှ+ဝိမုတ္တ–လွတ်နေသောစိတ်များ။)

၄၂။ 'တေသု ပန'အစရှိသော စကားရပ်ဖြင့် စိတ်တစ်မျိုးမျိုး၏ ဖြစ်နိုင်သော ဒွါရကို ပေါင်းယူရေတွက်ပြသည်။

http://www.dhammadownload.com

စ–မဟဂ္ဂုတ်လောကုတ္တရာဧောတို့လည်းကောင်း၊ ဣတိ–သို့၊ ဆတ္တိံသ–၃၆–ပါးသော၊ စိတ္တာနိ–စိတ်တို့သည်၊ ယထာရဟံ–ထိုက်သည်အားလျော်စွာ၊ ဧကဒွါရိကစိတ္တာနိ နာမ–တစ်ဒွါရ၌ဖြစ်သော စိတ်တို့မည်၏။

၄၃။ ပန–ကား၊ မနောဓာတုတ္တိကံ–မနောဓာတ်သုံးပါးအပေါင်းသည်၊ ပဉ္စဒွါရိကံ–ငါးဒွါရ၌ဖြစ်၏။

၄၄။ သုခသန္တီရဏ ဝေဠဗ္ဗနာ ကာမာဝစရဧဝနာနိ–သောမနဿသန္တီရဏ, ဝုဋ္ဌော, ကာမဧောတို့သည်၊ ဆဒွါရိကာနိ–၆–ဒွါရ၌ဖြစ်ကုန်၏။

၄၅။ ဥပေက္ခာသဟဂတ သန္တီ ရဏ မဟာဝိပါကာနိ–ဥပေက္ခာသဟဂုတ်သန္တီရဏ, မဟာဝိပါက်စိတ်တို့သည်၊ ဆဒွါရိကာနိစေဝ–ရံခါ ၆–ဒွါရ၌လည်းဖြစ်ကုန်၏၊ ဒွါရဝိမုတ္တာနိစ–ရံခါ ၆–ဒွါရမှလည်းလွတ်ကုန်၏။

၄၆။ မဟဂ္ဂတဝိပါကာနိ–မဟဂ္ဂုတ်ဝိပါက်စိတ် ကိုးခုတို့သည်၊ ဒွါရဝိမုတ္တာနေဝ–အခါခပ်သိမ်း ၆–ဒွါရမှ လွတ်ကုန်သည်သာလျှင်တည်း၊ ဣတိ–ဤကား ဒွါရအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူခြင်းတည်း။

ယထာရဟံ ဒွေးပဉ္စဝိညာဉ် ၁၀–တို့တွင် စက္ခုဝိညာဉ်ဒွေးသည် စက္ခုဒွါရ၌ဖြစ်၏၊ သောတဝိညာဉ် ဒွေးသည် သောတဒွါရ၌ ဖြစ်၏၊ ဃာနဝိညာဉ်ဒွေးသည် ဃာနဒွါရ၌ဖြစ်၏၊ ဇိဝှါဝိညာဉ်ဒွေးသည် ဇိဝှါဒွါရ၌ဖြစ်၏၊ ကာယဝိညာဉ်ဒွေးသည် ကာယဒွါရ၌ဖြစ်၏၊ မဟဂ္ဂုတ်လောကုတ္တရာ (အပွနာ)ဧောတို့သည် မနောဒွါရ၌ဖြစ်၏၊ ဤကား ထိုက်သည်အားလျော်စွာ ဖြစ်ပုံတည်း။

၄၅။ ဥပေက္ခာသန္တီရဏစိတ်သည် သန္တီ ရဏကိစ္စ, တဒါရုံကိစ္စတပ်ခိုက် ထိုက်သည်အားလျော်စွာ ၆–ဒွါရ၌ဖြစ်၍ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ခိုက် ၆–ဒွါရမှ လွတ်သည်၊ မဟာဝိပါက်စိတ်သည် တဒါရုံကိစ္စတပ်ခိုက် ၆–ဒွါရ၌ဖြစ်၍ ပဋိသန္ဓေ ဘဝင် စုတိကိစ္စတပ်ခိုက် ၆–ဒွါရမှ လွတ်သည်။

၄၆။ မဟဂ္ဂုတ်ဝိပါက် ၉–ပါးတို့သည် ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတို့မှတစ်ပါး အခြားကိစ္စ မတပ်နိုင်ကြကုန်၊ ထို့ကြောင့် အချင်းခပ်သိမ်း ၆–ဒွါရမှ လွတ်ကြသည်။

ဒွါရဖြင့် စေတသိက်တို့ကို ဝေဖန်ပုံ

ဝိရတိစေတသိက် ၃–ပါးသည် မနောဒွါရ၌သာ ဖြစ်သည်၊ ပဉ္စဒွါရ၌ မဖြစ်၊ အကုသိုလ်စေတသိက် ၁၄–ပါးသည် ၆–ဒွါရ၌ဖြစ်သည်။

အပွမညာစေတသိက် ၂–ပါးသည် မဟာကုသိုလ် မဟာကြိယာ ရူပကုသိုလ် ရူပကြိယာတို့၌ ယှဉ်ခိုက် မနောဒွါရ၌ဖြစ်သည်၊ ရူပဝိပါက်၌ယှဉ်ခိုက် ဒွါရမှလွတ်သည်။

အညသမာန်း ၁၃၊ ကြွင်းသော သောဘန ၂၀၊ ပေါင်း ၃၃–ပါးသော စေတသိက်တို့သည် ရံခါ ၆–ဒွါရ၌ဖြစ်၍ ရံခါ ၆–ဒွါရမှလွတ်သည်။

http://www.dhammadownload.com

သင်္ဂဟဂါထာများ

၄၇။ ဧကဒွါရိကစိတ္တာနိ–တစ်ဒွါရ၌ဖြစ်သော စိတ်တို့သည်လည်းကောင်း၊ ပဉ္စဆဒွါရိကာနိစ–၅–ဒွါရ၌ ဖြစ်သောစိတ် ၆–ဒွါရ၌ဖြစ်သော စိတ်တို့သည်လည်းကောင်း၊ ဆဒွါရိကဝိမုတ္တာနိ–ရံခါ ၆–ဒွါရ၌ဖြစ်၍ ရံခါ ၆–ဒွါရမှလွတ်သောစိတ်တို့သည်လည်းကောင်း၊ သဗ္ဗထာ–အလုံးစုံသောအပြားအားဖြင့်၊ ဝိမုတ္တာနိစ– ၆–ဒွါရမှ လွတ်သောစိတ်တို့သည်လည်းကောင်း။

ယထာက္ကမံ–အစဉ်အားလျော်စွာ၊ ဆတ္တိံသတိ– ၃၆–ပါးသည်လည်းကောင်း၊ တထာ–ထိုမှတစ်ပါး၊ တီဏိ– ၃–ပါးတို့သည်လည်းကောင်း၊ ဧကတ္တိံသ– ၃၁–ပါးသည်လည်းကောင်း၊ ဒသဓာ– ၁၀–ပါးပြားကုန်သည်လည်းကောင်း၊ နဝဓာစ– ၉–ပါး ပြားကုန်သည်လည်းကောင်း၊ ဟောန္တိ–ဖြစ်ကုန်၏၊ ဣတိ–သို့၊ ပဉ္စဓာ– ၅–ပါး အပြားအားဖြင့်၊ ပရိဒီပယေ–ပြရာ၏။

ဆောင်။ ။ ဝိရတိ မန, အကု ဆဒွါ, ပမညာကား, ရံခါမနော, ကြွင်းသောဘန, အညသမာ, တေတ္တိံသာ, ရံခါ ဆဒွါရိ။

တစ်နည်း။ ။ ဝိရတိ၊ ဖြစ်လေဘိ မနောသာ၊
အကုသိုလ်–ဆယ့်လေးပါးငယ်၊ ဖြစ်ပွား ခြောက်ဒွါ၊
မနောဒွ်–ပမညာ၊ ရံတစ်ခါ လွတ်ရ၊
ကြွင်းတေတ္တိံ–ဆဒွါရိငယ်၊ ဝိမုတ် ဒွါရ။

၄၇။ ပဉ္စဝိဓ ယထာက္ကမ

ဧကဒွါရိက	ပဉ္စဒွါရိက	ဆဒွါရိက	ဆဒွါရိက ဝိမုတ္တ	သဗ္ဗထာ ဝိမုတ္တ
ဆတ္တိံသတိ	တီဏိ	ဧကတ္တိံသ	ဒသဓာ	နဝဓာ

၄င်းသန်္ဃာတို့၏ သန္နိဿယသရုပ်ကိုလည်း သက်ဆိုင်ရာ အကျယ်စကားရပ်ကိုပင် ကြည့်ရှုရေတွက်ပါ၊ လွယ်ပါပြီ။

ဘုံအားဖြင့် ဝေဖန်ခြင်း

ကာမဘုံ၌ ဒွါရ ၆–ပါးလုံးဖြစ်နိုင်သည်၊ ရူပဘုံ၌ကား စက္ခုဒွါရ, သောတဒွါရ, မနောဒွါရ ၃–ပါးသာ ဖြစ်နိုင်သည်၊ အရူပဘုံ၌မူ မနောဒွါရတစ်ပါးသာ ဖြစ်နိုင်ပါသည်၊ ထိုတွင် ရူပဘုံ၌ စက္ခုဒွါရမှာပဉ္စဒွါရာဝဇ္ဇန်း ၁, စက္ခုဝိညာဉ် ၂, သမ္ပဋိစ္ဆိုင်း ၂, သန္တီရဏ ၃–၃, ဝုဋ္ဌော ၁, ဒေါသမူကြဉ် ကာမဇော ၂၇–အားဖြင့် ၃၆–ပါး ဖြစ်သည်၊ သောတဒွါရစသည်၌ ဖြစ်သင့်သော စိတ်တို့ကိုလည်း ထိုက်သည်အားလျော်စွာ ခွဲစိတ်ဝေဖန်ပါ။

http://www.dhammadownload.com

အာရုံမဏ္ဍသင်္ဂဟ

အာရုံ ၆-ပါး

၄၈။ အာလမ္ဗနသင်္ဂဟော-အာလမ္ဗနသင်္ဂဟဋ္ဌေ၊ အာရုံမဏ္ဍာနိနာမ-အာရုံတို့မည်သည်၊ ရူပါရုံမဏ်-ရူပါရုံလည်းကောင်း၊ သဒ္ဒါရုံမဏ်-လည်းကောင်း၊ ဂန္ဓာရုံမဏ်-လည်းကောင်း၊ ရသာရုံမဏ်-လည်းကောင်း၊ ဖောဋ္ဌဗ္ဗာရုံမဏ်-လည်းကောင်း၊ ဓမ္မာရုံမဏ်စ-ဓမ္မာရုံလည်းကောင်း၊ ဣတိ-သို့၊ ဆဗ္ဘိဓာနိ-၆-ပါးအပြားရှိကုန်သည်၊ ဘဝန္တိ-ဖြစ်ကုန်၏။

အာရုံဖြင့် စိတ်ကို ဝေဖန်ခြင်း

၄၉။ တတ္ထ-ထို ၆-ပါးသော အာရုံတို့တွင်၊ ရူပမေဝ-အဆင်းသည်ပင်၊ ရူပါရုံမဏ်-ရူပါရုံမည်၏၊ တထာ-ထို့အတူ၊ သဒ္ဒါဒယော ဧဝ-အသံအစရှိသည်တို့သည်ပင်၊ သဒ္ဒါရုံမဏာဒီနိ-သဒ္ဒါရုံအစရှိသည်တို့မည်၏။

အာရုံမဏ္ဍသင်္ဂဟ

၄၈။ 'အာလမ္ဗနသင်္ဂဟော အာရုံမဏ္ဍာနိနာမ'အစရှိသော စကားရပ်ဖြင့် အရင်းခံအာရုံအပြားကို ဦးစွာပြသည်၊ ပါဠိအားလျော်စွာ သရုပ်ရေတွက်ပါ။

စိတ်, စေတသိက်တို့၏ မွေ့လျော်ရာဖြစ်သောကြောင့် အဆင်းစသည်တို့သည် "အာရုံမဏ (အာရုံ)"မည်ကြသည်။

စိတ်,စေတသိက်တို့သည် အာရုံနှင့်ကင်း၍ ဖြစ်ရိုးမရှိကြ၊ အာရုံတစ်ခုခုကို စွဲမှီ၍သာ ဖြစ်ကြရသည်၊ ယင်းသို့ စိတ်, စေတသိက်တို့က စွဲမှီအပ်သောကြောင့် အဆင်းစသည်တို့သည် "အာလမ္ဗန"မည်ကြပြန်သည်။ (အာရုံမဏနှင့် အာလမ္ဗန-ဟူသော သဒ္ဒါ ၂-ခုသည် "အာရုံ" ဟူသော အနက်ကိုချည်း ဟောကြသည်။)

အာရုံများကို အုပ်စုခြောက်ပါးဖြင့် ခွဲဝေပြပုံ

၄၉၊ ၅၀။ "တတ္ထ ရူပမေဝ ။ပ။ သင်္ဃာတိ"ဟူသော စကားရပ်ဖြင့် အာရုံ ၆-ပါး၏ ဝစနတ္ထနှင့်တရားကိုယ်အရကောက်ကို ပြသည်၊ (ရူပမေဝ အာရုံမဏ်=ရူပါရုံမဏ်-စသည်ပြု၊) သဒ္ဒါဒယော၌ အာဒိသဒ္ဒါ၏အရကား အနံ့, အရသာ, အတွေ့တို့တည်း၊ သဒ္ဒါရုံမဏာဒီနိ၌ အာဒိသဒ္ဒါ၏ အရကား ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့တည်း။

၁။ မြင်ရသော အဆင်းဟူသမျှသည် ရူပါရုံမည်၏၊
၂။ ကြားရသော အသံဟူသမျှသည် သဒ္ဒါရုံမည်၏၊
၃။ နမ်းရှုရသော အနံ့ဟူသမျှသည် ဂန္ဓာရုံမည်၏၊
၄။ လျက်ရသော အရသာဟူသမျှသည် ရသာရုံမည်၏၊
၅။ တွေ့ထိရသော အတွေ့ဟူသမျှသည် ဖောဋ္ဌဗ္ဗာရုံမည်၏၊
၆။ ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်၊ ဤ ၆-မျိုးသော တရားသည် "ဓမ္မာရုံ"မည်၏-ဟု ဆိုလိုသည်။

ဤအာရုံ ၆-ပါးတရားများကို စုပေါင်းကြည့်ပါက "စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်"ဟု ပရမတ္ထတရား ၄-ပါးနှင့် ပညတ်တို့ကို တွေ့ရပါလိမ့်မည်၊ 'ကာမ'စသော

http://www.dhammadownload.com

၅၀။ ပန–ကား၊ ဓမ္မာရမဏ်–ဓမ္မာရုံကို၊ ပသာဒ သုခုမရူပ စိတ္တ စေတသိက နိဗ္ဗာန ပညတ္တိဝသေန–ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်တို့၏ အပြားအားဖြင့်၊ ဆဓာ– ဖ–ပါးအပြားအားဖြင့်၊ သင်္ဃတိ–ပေါင်းယူအပ်၏။

မည်သည့်အုပ်စုဖြင့်ပင် ခွဲစေကာမူ အာရုံဘက်၌ ဤတရားများ ကုန်စင်အောင် ခွဲယူရမည်၊ ချဲ့ပါဦးမည်။–

၁။ ကာမအာရုံ=ကာမစိတ် ၅၄၊ စေ ၅၂၊ ရုပ် ၂၈၊.... .... (အာရုံ–၆၊)
၂။ မဟဂ္ဂုတ်အာရုံ=မဟဂ္ဂုတ်စိတ် ၂၇၊ စေ ၃၅၊ .... (ဓမ္မာရုံ၊)
၃။ အပ္ပမာဏအာရုံ=လောကုတ္တရာစိတ် ၈၊ စေ ၃၆၊ နိဗ္ဗာန်၊ .... (ဓမ္မာရုံ၊)
၄။ ပညတ်အာရုံ=ကသိဏ်းပညတ် နာမပညတ်–စသည်၊ .... (ဓမ္မာရုံ၊)

တစ်နည်းကား

၁။ ပစ္စုပ္ပန်အာရုံ=ဖြစ်ဆဲစိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ .... (အာရုံ ၆၊)
၂။ အတိတ်အာရုံ=ဖြစ်ပြီး ။ ။ ။ .... (အာရုံ ၆၊)
၃။ အနာဂတ်အာရုံ=ဖြစ်လတ္တံ့ ။ ။ ။ .... (အာရုံ ၆၊)
၄။ ကာလဝိမုတ်အာရုံ=နိဗ္ဗာန်၊ ပညတ်၊ .... (ဓမ္မာရုံ၊)

တစ်နည်းကား

၁။ အဇ္ဈတ္တအာရုံ=မိမိသန္တာန်၌ဖြစ်သော စိတ်၊ စေ၊ ရုပ်၊ .... (အာရုံ ၆၊)
၂။ ဗဟိဒ္ဓအာရုံ=အပ၌ဖြစ်သောစိတ်၊ စေ၊ ရုပ်၊ နိ၊
နတ္ထိဘော ပညတ်မှတစ်ပါး ပညတ်အမျိုးမျိုး .... (အာရုံ ၆၊)
၃။ အဇ္ဈတ္တဗဟိဒ္ဓဝိမုတ်အာရုံ=နတ္ထိဘောပညတ်၊ .... (ဓမ္မာရုံ၊)

တစ်နည်းကား

၁။ ရုပ်အာရုံ = ရုပ် ၂၈၊ .... (အာရုံ ၆၊)
၂။ နာမ်အာရုံ = စိတ်၊ စေ၊ နိဗ္ဗာန်၊ .... (ဓမ္မာရုံ၊)
၃။ ပညတ်အာရုံ= ပညတ်အမျိုးမျိုး၊ .... (ဓမ္မာရုံ၊)

တစ်နည်းကား

၁။ ပရမတ်အာရုံ = စိတ်၊ စေ၊ ရုပ်၊ နိ၊.... .... (အာရုံ ၆၊)
၂။ ပညတ်အာရုံ = ပညတ်အမျိုးမျိုး၊ .... (ဓမ္မာရုံ၊)

ဤသို့ အသီးအသီး (၆–ပါးတွဲ တစ်စု, ၄–ပါးတွဲ ၂–စု, ၃–ပါးတွဲ ၂–စု, ၂–ပါးတွဲ တစ်စု၊) အုပ်စုတိုင်း အုပ်စုတိုင်းမှာ ယင်းအာရုံတရားများ အကြွင်းအကျန်မရှိ ပါဝင်သွားကြသည်ချည်းသာ ဖြစ်ပါသည်။

ထိုတွင် မိမိတို့ဆိုင်ရာ အုပ်စုထဲ၌ ပါဝင်သော အာရုံတစ်မျိုးမျိုးကိုသာ အာရုံပြုလျှင် "ဧကန်"ဟုခေါ်သည်၊ ၂–မျိုး ၃–မျိုးစသည်ကို အာရုံပြုလျှင် "အနေကန်"ဟုခေါ်သည်။

ဤအာရုံအခွဲနှင့် ဧကန်,အနေကန်–သဘောကို ပိုင်နိုင်အောင် လေ့လာထားသင့်သည်၊ ယင်းသို့ လေ့လာထားမှသာ နောက်၌ပြဆိုထားသည်များကို နားလည်နိုင်ပါလိမ့်မည်။

http://www.dhammadownload.com

၅၁။ တတ္ထ–ထို ဖ–ပါးသောအာရုံတို့တွင်၊ စက္ခုဒ္ဒါရိကစိတ္တာနံ–စက္ခုဒ္ဒါရိကစိတ်တို့၏၊ သဗ္ဗေသမ္မိ–အလုံးစုံတို့၏လည်း၊ ရူပမေဝ–ရူပါရုံသည်သာ၊ အာရမဏံ–အာရုံသည်၊ ဟောတိ–ဖြစ်၏၊ တဒ္ဓ–ထိုရူပါရုံသည်လည်း၊ ပစ္စုပ္ပန္နံ–ပစ္စုပ္ပန်သာတည်း၊ တထာ–ထို့အတူ၊ သောတဒ္ဒါရိကစိတ္တာဒီနမ္ပိ–သောတဒ္ဒါရိကစိတ်အစရှိသည်တို့၏လည်း၊ သဒ္ဒါဒီနိ–သဒ္ဒါရုံအစရှိသည်တို့သည်၊ (အာရမဏာနိ–တို့သည်၊ ဟောန္တိ–ကုန်၏။) တာနိစ–ထိုသဒ္ဒါရုံအစရှိသည်တို့သည်လည်း၊ ပစ္စုပ္ပန္နာနိယေဝ–ပစ္စုပ္ပန်တို့ချည်းသာတည်း။

၅၂။ ပန–ကား၊ မနောဒ္ဒါရိကစိတ္တာနံ–မနောဒ္ဒါရိကစိတ်တို့၏၊ ဆဗ္ဘိဓမ္မိ– ဖ–ပါးအပြားရှိသည်လည်းဖြစ်သော၊ အာရမဏံ–အာရုံသည်၊ ယထာရဟံ–ထိုက်သည်အားလျော်စွာ၊ ပစ္စုပ္ပန္နံ–ပစ္စုပ္ပန်သည်လည်းကောင်း၊ အတီတံ–အတိတ်သည်လည်းကောင်း၊ အနာဂတံ–အနာဂတ်သည်လည်းကောင်း၊ ကာလဝိမုတ္တဉ္စ–ကာလဝိမုတ်သည်လည်းကောင်း၊ ဟောတိ–ဖြစ်၏။

၅၁။ '**တတ္ထ စက္ခုဒ္ဒါရိကစိတ္တာနံ**' အစ '**ဂတိနိမိတ္တသမ္မတံ အာရမဏံ ဟောတိ**' တိုင်အောင် သောစကားရပ်ဖြင့် ထိုထိုစိတ်တို့၏ အာရုံကိုပြသည်။

စက္ခုဒ္ဒါရိကစိတ် ၄ဖ–ပါးသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုသည်၊
သောတဒ္ဒါရိကစိတ် ၄ဖ–ပါးသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုသည်၊
ဃာနဒ္ဒါရိကစိတ် ၄ဖ–ပါးသည် ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြုသည်၊
ဇိဝှါဒ္ဒါရိကစိတ် ၄ဖ–ပါးသည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြုသည်၊
ကာယဒ္ဒါရိကစိတ် ၄ဖ–ပါးသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသည်။

၅၂။ မနောဒ္ဒါရဉ်ဖြစ်သော စိတ်တို့သည် ထိုက်သည်အားလျော်စွာ ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလဝိမုတ်ဖြစ်သော အာရုံ ဖ–ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုသည်။

ယထာရဟံ ကာမဓော, အဘိညာဉ်ဓော, အဘိညာဉ်မှကျန်သော မဟဂ္ဂုတ်လောကုတ္တရာဓောတို့၏ အစွမ်းအားဖြင့် ထိုက်သလို အာရုံပြုသည်၊ ပြုပုံကား–

(၁) ဟသိတုပ္ပာဒ်ကြဉ်ကာမဓော ၂၈–ပါးသည် အာရုံ ဖ–ပါး, ကာလ ၃–ပါး, ကာလဝိမုတ်ဟူသော နိဗ္ဗာန်,ပညတ်ကို အာရုံပြု၏၊ ဟသိတုပ္ပာဒ်သည် ကာမအာရုံ ကာလ ၃–ပါးကို အာရုံပြု၏၊ နိဗ္ဗာန်, ပညတ်ဟူသော ကာလဝိမုတ်ကို အာရုံမပြု။

(၂) ဤနေရာ၌ အဘိညာဉ်ဓောဟူသည် ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ဣဒ္ဓိဝိဓ စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်တို့တည်း။ ထိုတွင်––

ဒိဗ္ဗစက္ခုသည် ရူပါရုံပစ္စုပ္ပန်၊ ဒိဗ္ဗသောတသည် သဒ္ဒါရုံပစ္စုပ္ပန်၊ ဣဒ္ဓိဝိဓသည် အာရုံ ဖ–ပါး, ကာလ ၃–ပါး၊ စေတောပရိယသည် ဓမ္မာရုံ အတိတ် အနာဂတ် ကာလ ၂–ပါး၊ (တစ်နည်း) သန္တတိအဒ္ဓါပစ္စုပ္ပန်၏ အစွမ်းအားဖြင့် ကာလ ၃–ပါး၊ ပုဗ္ဗေနိဝါသာနုဿတိသည် အာရုံ ဖ–ပါး အတိတ်ကာလဝိမုတ်ဟူ၍ အသီးအသီး အာရုံပြု၏၊ ဤသို့လျှင် ဒိဗ္ဗစက္ခုစသော

http://www.dhammadownload.com

၅၃။ ပဋိသန္ဓိ ဘဝင် စုတိသခ်ါတာနံ–ပဋိသန္ဓေ ဘဝင် စုတိ–ဟု ဆိုအပ်ကုန်သော၊ ဒွါရဝိမုတ္တာနဉ္စ–ဒွါရဝိမုတ်စိတ်တို့၏လည်း၊ ဆဗ္ဗိဓမ္မိ– ဖ–ပါးအပြားရှိသည်လည်း ဖြစ်သော၊ အာရမဏံ–အာရုံသည်၊ ယထာသမ္ဘဝံ–ဖြစ်သင့်သည်အားလျော်စွာ၊ ယေဘုယျေန–များသောအားဖြင့်၊ ဘဝန္တရေ–အခြားမဲ့လွန်ခဲ့ပြီးသော ဘဝတစ်ပါး၌၊ ဆဒ္ဒါရဂ္ဂဟိတံ– ဖ–ဒွါရသည် ယူအပ်သည်လည်းကောင်း၊ ပစ္စုပ္ပန္နံ–ပစ္စုပ္ပန်သည်သော်လည်းကောင်း၊

အဘိညာဉ်ဇောများသည် အာရုံ ဖ–ပါး ကာလ ၃–ပါး ကာလဝိမုတ်ဟူသောနိဗ္ဗာန်, ပညတ်ကို ထိုက်သလို အာရုံပြုကြသည်။

(၃) အဘိညာဉ်ဇောမှကျန်သော မဟဂ္ဂုတ်လောကုတ္တရာဇောတို့တွင်––

ရူပါဝစရနှင့် ပဌမတတိယာရုပ္ပဇောတို့သည် ပညတ်ဓမ္မာရုံ ကာလဝိမုတ်၊ ဒုတိယ စတုတ္ထာရုပ္ပဇောတို့သည် မဟဂ္ဂုတ်ဓမ္မာရုံ အတိတ်ကာလ၊ လောကုတ္တရာဇောတို့သည် နိဗ္ဗာန်အာရုံ ကာလဝိမုတ်–ဟူ၍ အသီးအသီး အာရုံပြု၏၊ ဤသို့လျှင် မဟဂ္ဂုတ်လောကုတ္တရာဇောများသည် ကာလဝိမုတ် အတိတ်ကာလကို ထိုက်သလိုအာရုံပြုကြသည်။

၅၃။ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စတပ်သော ဒွါရဝိမုတ်စိတ်တို့သည် အများအားဖြင့် အခြားမဲ့ လွန်ခဲ့ပြီးသော (အတီတာနန္တရ) ဘဝဟောင်းက ဆဒ္ဒါရိက မရဏာသန္နဇောသည် ယူပေးအပ်သော ပစ္စုပ္ပန်, အတိတ်, ပညတ်ဖြစ်၍ "ကံ, ကမ္မနိမိတ်, ဂတိနိမိတ်"ဟု သမုတ်အပ်သော အာရုံ ဖ–ပါးတို့တွင် တစ်ပါးပါးကို ထိုက်သည်အားလျော်စွာ အာရုံပြုသည်။

ယထာသမ္ဘဝံ ပဋိသန္ဓေ, ဘဝင်, စုတိဟုဆိုအပ်သော ဒွါရဝိမုတ်စိတ်များသည် ပစ္စုပ္ပန်, အတိတ် ပညတ်ဖြစ်၍ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု သမုတ်အပ်သော ရူပါရုံစသောအာရုံ ဖ–ပါးတို့တွင် တစ်ပါးပါးကို ထိုက်သလို အာရုံပြုကြသည်။ ပြုပုံကား–

(၁) ကာမပဋိသန္ဓေ ဘဝင်စိတ်တို့သည် ပဉ္စာရုံဖြစ်အံ့၊ ဆဒ္ဒါရ ပစ္စုပ္ပန် အတိတ်ကာလ ကမ္မနိမိတ်၊ စုတိစိတ်သည် ဆဒ္ဒါရ အတိတ်ကာလ ကမ္မနိမိတ်၊ ကာမပဋိသန္ဓေ, ဘဝင်,စုတိ ၃–ပါးစုံသည် ဓမ္မာရုံ ဖြစ်အံ့၊ မနောဒွါရ အတိတ်ကာလ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်၊ ရူပါရုံ ဖြစ်အံ့၊ မနောဒွါရ ဧကန် ပစ္စုပ္ပန်ကာလ ဂတိနိမိတ်–ဟူ၍ အသီးအသီး အာရုံပြု၏၊ ဤသို့လျှင် ကာမပဋိသန္ဓေ, ဘဝင်, စုတိစိတ်များသည် ဆဒ္ဒါရ ပစ္စုပ္ပန် အတိတ်ကာလ ကံ ကမ္မနိမိတ် ဂတိနိမိတ်ကို ထိုက်သလို အာရုံပြုကြသည်။

(၂) မဟဂ္ဂုတ်ပဋိသန္ဓေ, ဘဝင်, စုတိတို့တွင် ရူပါဝစရနှင့် ပထမ တတိယာရုပ္ပစိတ် ၇–ခု တို့သည် ဓမ္မာရုံ မနောဒွါရ ကသိုဏ်းပညတ်စသောကမ္မနိမိတ်၊ ဒုတိယ စတုတ္ထာရုပ္ပစိတ် ၂–ခု တို့သည် ဓမ္မာရုံ မနောဒွါရ အတိတ်ကာလ မဟဂ္ဂုတ်ကမ္မနိမိတ်–ဟူ၍ အသီးအသီး အာရုံပြု၏၊ ဤသို့လျှင် မဟဂ္ဂုတ် ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့သည် မနောဒွါရ ပညတ် အတိတ်ကာလ ကမ္မနိမိတ်ကို ထိုက်သလို အာရုံပြုကြသည်။

http://www.dhammadownload.com

အတီတံ-အတိတ် သည်သော်လည်းကောင်း၊ ပညတ္တိဘူတံဝါ-ပညတ်ဖြစ်၍ ဖြစ်သည်သော်လည်းကောင်း၊ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တသမ္မတံ-ကံ, ကမ္မနိမိတ်, ဂတိနိမိတ်-ဟု သမုတ်အပ်သည်လည်းကောင်း၊ ဟောတိ-ဖြစ်၏။

ယေဘုယျေန "ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့၏ အာရုံသည် လွန်ခဲ့ပြီး ကာမဘဝတုန်းက ဆဒ္ဒါရိက မရဏာသန္နဇောသည် ယူအပ်သော အာရုံများဖြစ်၏"ဟူသော စကားသည် ယေဘုယျစကားတည်း၊ ဆဒ္ဒါရိကမရဏာသန္နဇောသည် မယူအပ်သော အာရုံများလည်း ရှိသေး၏၊ ထိုအာရုံကား အသည်သတ်ဘုံမှ စုတေသော ပုဂ္ဂိုလ်၏ ပဋိသန္ဓေအာရုံတည်း၊ ထို့ကြောင့် "ယေဘုယျေန"ဟု မိန့်သည်။

ချဲ့ဦးအံ့= အသညသတ်ဘုံ၌ ဖြစ်ဆဲပုဂ္ဂိုလ်သည် ကာမဘုံမှ လာခဲ့သူ တည်း၊ အသညသတ်ဘုံမှ စုတေ့မည့်အခါ အသညသတ်ဘုံ စိတ် စေတသိက် မရှိရကား မရဏာသန္နဇော စောခွင့်မရှိ၊ ထို့ကြောင့် အသညသတ်ဘုံမှ စုတေ့၍ ကာမဘုံ၌ ပဋိသန္ဓေစိတ်၏အာရုံသည် အခြားမဲ့ လွန်ခဲ့ပြီးစ အသညသတ်ဘဝ၌ ဆဒ္ဒါရိက မရဏာသန္နဇောသည် ယူအပ်သော အာရုံ မဟုတ်၊ အသညသတ်ဘုံသို့ မရောက်မီ ရှေးရှေးဘဝက ပြုခဲ့၍ ယခု ပဋိသန္ဓေကျိုး ပေးခွင့် ကြုံသော အပရာပရိယဝေဒနိယကံသည် ထင်စေအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တစ်ပါးပါးဖြစ်သည်။

'တေသု စက္ခုဝိညာဏာဒီနိ' မှစ၍ 'လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမဏာနိ' တိုင်အောင်သော စကားရပ်ဖြင့် ထိုထိုအာရုံကို အာရုံပြုနိုင်သော စိတ်များကို ပေါင်းစုရေတွက်ပြသည်။

သရုပ်ခွဲရာ၌ လွယ်ကူသက်သာစေရန် အုပ်စု ဖွဲ့ပြခဲ့ပြီးသော အာရုံများကိုပင် အကျဉ်းအားဖြင့် ဆောင်ပုဒ်နှင့်တကွ ထပ်ပြပါဦးမည်။

ဆောင်။ ။ ရူ ကာ ပန္နေ, အဏ္ဏတ္တ, ရူပ ပရမတ်၊
အစုခြောက်ဖြာ, ရသင့်ရာ၊ သေချာခွဲဝေမှတ်။

ရူ။ ။ "ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ"ဟု အာရုံ ၆-မျိုးတစ်စု၊

ကာ။ ။ "ကာမအာရုံ, မဟဂ္ဂုတ်အာရုံ, အပ္ပမာဏအာရုံ, ပညတ်အာရုံ"ဟု ၄-မျိုးတစ်စု၊

ပန္နေ။ ။ "ပစ္စုပ္ပန်အာရုံ, အတီတ်အာရုံ, အနာဂတ်အာရုံ, ကာလဝိမုတ်အာရုံ"ဟု ၄-မျိုးတစ်စု၊

အဏ္ဏတ္တ။ ။ "အဏ္ဏတ္တအာရုံ, ဗဟိဒ္ဓအာရုံ, အဏ္ဏတ္တဗဟိဒ္ဓဝိမုတ်အာရုံ"ဟု ၃-မျိုးတစ်စု၊

ရူပ။ ။ "ရုပ်အာရုံ, နာမ်အာရုံ, ပညတ်အာရုံ"ဟု ၃-မျိုးတစ်စု၊

ပရမတ်။ ။ "ပရမတ်အာရုံ, ပညတ်အာရုံ"ဟု ၂-မျိုးတစ်စု။

ဤသို့ အစု ၆-ပါးဖြင့် ရသင့်သည်အားလျော်စွာ ခွဲဝေမှတ်သား ရမည်၊ ထိုအာရုံတို့၏ အရကောက်ကို (၁၁၃၊ ၁၁၄)က ဆိုခဲ့ပြီးပါပြီ။

http://www.dhammadownload.com

ထိုထိုအာရုံကို အာရုံပြုသောစိတ်များ

၅၄။ တေသု–ထိုစိတ်တို့တွင်၊ စက္ခုဝိညာဏာဒီနိ–စက္ခုဝိညာဉ်အစရှိသောစိ၀တို့သည်၊ ယထာက္ကမံ–အစဉ်အားလျော်စွာ၊ ရူပါဒိဧကေကာရမဏာနေ၀–ရူပါရုံအရှိသော တစ်ပါးတစ်ပါးစီသာ အာရုံရှိကုန်၏။

၅၅။ ပန–ကား၊ မနောဓာတုတ္တိကံ–မနောဓာတ်သုံးခုတို့၏အပေါင်းသည်၊ ရူပါပဉ္စာရမဏံ–ရူပါရုံအစရှိသော ငါးပါးသောအာရုံရှိ၏။

၅၆။ သေသာနိ–ကြွင်းကုန်သော၊ ကာမာ၀စရဝိပါကာနိ–ကာမာ၀စရဝိပါက်စိ၀တို့လည်းကောင်း၊ ဟသနစိတ္တဉ္စ–ဟသိတုပ္ပာဒ်စိတ်လည်းကောင်း၊ ဣတိ–ဤ ၁၂–ပသောစိတ်တို့သည်၊ သဗ္ဗထာပိ–အလုံးစုံသောအပြားအားဖြင့်လည်း၊ ကာမာ၀စရာရမဏာနေ၀–ကာမတရားသာလျှင် အာရုံရှိကုန်၏။

၅၇။ အကုသလာနိ–အကုသိုလ်စိတ်တို့လည်းကောင်း၊ ဉာဏဝိပ္ပယုတ္တကာမာ၀စဧ၀နာနိစ–ဉာဏဝိပ္ပယုတ် ကာမာ၀စရဧောတို့လည်းကောင်း၊ ဣတိ–ဤ ၂၀–သေစိတ်တို့သည်၊ လောကုတ္တရ၀ဇ္ဇိတသဗ္ဗာရမဏာနိ–လောကုတ္တရာသည် ကြဉ်အပ်သေအလုံးစုံသော အာရုံရှိကုန်၏။

၅၄။ စက္ခုဝိညာဉ်ဒွေးသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုသည်။ (ရူxကာxပန်xအဓိပ္ပါယ်xမတ်။)

သောတဝိညာဉ်ဒွေးသည် သဒ္ဒါရုံကို အာရုံပြုသည်။ (သဒ်xအကြွင်း တူပြီ။)

ဃာနဝိညာဉ်ဒွေးသည် ဂန္ဓာရုံကို အာရုံပြုသည်။ (ဂန်xအကြွင်း တူပြီ။)

ဇိဝှါဝိညာဉ်ဒွေးသည် ရသာရုံကို အာရုံပြုသည်။ (ရသxအကြွင်း တူပြီ။)

ကာယဝိညာဉ်ဒွေးသည်ဖောဋ္ဌဗ္ဗာရုံကိုအာရုံပြုသည်။ (ဖောxကာxပန်xအဓိပ္ပါယ်xမတ်၊ ဤစိတ်စုကို (၁၀)ဟု မှတ်ထားပါ။

၅၅။ မနောဓာတ် ၃–ခု(ပဉ္စဒ္ဝါရာ၀ဇ္ဇန်း+သမ္ပဋိစ္ဆိုင်းဒွေး)သည် "ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရသာရုံ, ဖောဋ္ဌဗ္ဗာရုံ"ဟု ဆိုအပ်သော အာရုံ ၅–ပါးကို အာရုံပြုသည်။ (၅xကာxပန်xအဓိပ္ပါယ်xယရမတ်။) ဤစိတ်စုကို (၃)ဟု မှတ်ထားပါ။

၅၆။ တဒါရုံ ၁၁၊ ဟသိတုပ္ပာဒ် ၁၊ ပေါင်း ၁၂–ပါးသော စိတ်တို့သည် "ကာမစိတ် ၅၄ စေတသိက် ၅၂, ရုပ် ၂၈"ဟု ဆိုအပ်သော ကာမတရားကိုသာ အာရုံပြုသည်။ (၆xကာxxအဓိပ္ပါယxနာမ် ရုပ်xမတ်။) ဤစိတ်စုကို (၁၂)ဟု မှတ်ထားပါ။

၅၇။ အကုသိုလ်စိတ် ၁၂၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ၄၊ မဟာကြိယာ ဉာဏဝိပ္ပယုတ် ၄၊ ပေါင်း ၂၀–သော စိတ်တို့သည် "လောကီစိတ် ၈၁, စေတသိက် ၅၂, ရုပ် ၂၈, ပညတ်" ဆိုအပ်သော အာရုံ ၆–ပါးကို အာရုံပြုသည်။ (၆xကာ,ဂ္ဂုတ်,ညတ်x၄xအဓိ,ဗxသုx၂ ဤစိတ်စုကို (၂၀)ဟု မှတ်ထားပါ။

http://www.dhammadownload.com

၅၈။ ဉာဏသမ္မယုတ္တကာမာဝစရ ကုသလာနိစေဝ–ဉာဏသမ္မယုတ် ကာမာဝစရ ကုသိုလ်စိတ်တို့လည်းကောင်း၊ ပဉ္စမဈာနသခ်ါတံ–ပဉ္စမစျာန်ဟုဆိုအပ်သော၊ အဘိညာ ကုသလဉ္စ–အဘိညာဉ်ကုသိုလ်စိတ်လည်းကောင်း၊ ကွတိ–ဤ ၅–ပါးသော စိတ်တို့သည်၊ အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာရမဏာနိ–အရဟတ္တမဂ် အရဟတ္တဖိုလ်သည်ကြဉ်အပ်သော အလုံးစုံသော အာရုံရှိကုန်၏။

၅၉။ ဉာဏသမ္မယုတ္တ ကာမာဝစရ ကြိယာနိစေဝ–ဉာဏသမ္မယုတ် ကာမာဝစရ ကြိယာစိတ်တို့လည်းကောင်း၊ ကြိယာဘိညာ–ကြိယာအဘိညာဉ်စိတ်လည်းကောင်း၊ ဝေါဋ္ဌဗ္ဗနဉ္စ–ဝုဋ္ဌေစိတ်လည်းကောင်း၊ ကွတိ–ဤ ၆–ပါးသောစိတ်တို့သည်၊ သဗ္ဗထာပိ–အလုံးစုံသောအပြား အားဖြင့်လည်း၊ သဗ္ဗာရမဏာနိ–အလုံးစုံသော အာရုံရှိကုန်၏။

၆၀။ အာရုပ္ပေသု–အရူပါဝစရစိတ်တို့တွင်၊ ဒုတိယ စတုတ္ထာနိ–ဒုတိယ စတုတ္ထ အရူပါဝစရစိတ်တို့သည်၊ မဟဂ္ဂတာရမဏာနိ–မဟဂ္ဂုတ်တရားသာလျှင် အာရုံရှိကုန်၏။

၅၈။ ဉာဏသမ္မယုတ် ကာမာဝစရ ကုသိုလ်စိတ် ၄၊ ကုသိုလ်အဘိညာဉ် ၁၊ ပေါင်း ၅–ပါးသော စိတ်တို့သည် အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော "စိတ် ၈၇၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်"ဟုဆိုအပ်သော အာရုံ ၆–ပါးကို အာရုံပြုနိုင်သည်။ (၆x၄x၄x၃x၂x၂။) (၅)ဟု မှတ်ထားပါ။

ဤငါးပါးသောစိတ်တို့သည် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့၌ ဖြစ်ကြသည်၊ ပုထုဇဉ်တို့၌ ဖြစ်သည့်အခါ မဂ်ဖိုလ်ကို အာရုံမပြုနိုင်၊ သောတာပန်စသည်တို့၌ ဖြစ်သည့်အခါ၌သော်မှလည်း အထက်မဂ်ဖိုလ်များကို အာရုံမပြုနိုင်ကြပါ။

အထူးသိစွမ်းနိုင်သော ရူပါဝစရ ပဉ္စမစျာန်ဧကိုပင် "အဘိညာဉ်"ဟု ခေါ်သည်၊ (အဘိ–အလွန်+ဉာ–သိစွမ်းနိုင်ခြင်း။)

၅၉။ ဉာဏသမ္မယုတ် ကာမာဝစရကြိယာစိတ် ၄၊ ကြိယာအဘိညာဉ် ၁၊ မနောဒွါရာဝဇ္ဇန်း ၁၊ ပေါင်း ၆–ပါးသောစိတ်တို့သည် "စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်"ဟုဆိုအပ်သော အာရုံ ၆–ပါးကို အာရုံပြုနိုင်သည်။ (၆x၄x၄x၃x၂x၂။) (၆)ဟု မှတ်ထားပါ။

ဤမျှသော စကားရပ်ဖြင့် ကာမာဝစရစိတ်များနှင့် အဘိညာဉ်ဒွေးတို့၏ အာရုံကို ပြသည်၊ ထိုတွင် (၁၀)+(၃)+(၁၂)တို့သည် သင်္ဂဟဂါထာ၌ ပဉ္စဝိသ ပရိတ္တမှိ–ဝယ် "ပဉ္စဝိသ" အရ ဖြစ်လာပါလိမ့်မည်၊ (၂၀)သည် ဝိသာနုတ္တရမုတ္တမှိ–ဝယ် "ဝိသ"အရ ဖြစ်လာပါလိမ့်မည်၊ (၅)သည် အဂ္ဂမဂ္ဂဖလဏ္ဌိတေ ပဉ္စ–ဝယ် "ပဉ္စ"အရ ဖြစ်လာပါလိမ့်မည်၊ (၆)သည် သဗ္ဗတ္ထ ဆ–ဝယ် "ဆ"အရ ဖြစ်လာပါလိမ့်မည်။

၆၀။ ဝိညာနဉ္စာယတနစိတ် ၃–ပါး၊ နေဝသညာနာသညာယတနစိတ် ၃–ပါး၊ ပေါင်း ၆–ပါးသောစိတ်တို့သည် မဟဂ္ဂုတ်(ဓမ္မာရုံ)ကို အာရုံပြုသည်။ (၈x၇ုတ်xတိxအဓိxနာမ် xမတ်။) (၆)ဟု မှတ်ထားပါ။

http://www.dhammadownload.com

၆၁။ သေသာနိ–ကြွင်းကုန်သော၊ သဗ္ဗာနိပိ–အလုံးစုံလည်း ဖြစ်ကုန်သော၊ မဟဂ္ဂတ စိတ္တာနိ–မဟဂ္ဂုတ်စိတ်တို့သည်၊ ပညတ္တာရမဏာနိ–ပညတ်တရားသာလျှင်အာရုံရှိကုန်၏။

၆၂။လောကုတ္တရစိတ္တာနိ–လောကုတ္တရာစိတ်တို့သည်၊ နိဗ္ဗာနာရမဏာနိ–နိဗ္ဗာန်တရားသာ လျှင် အာရုံရှိကုန်၏၊ ဣတိ–ဤကားအာရုံအပြားအားဖြင့် စိတ်တို့ကိုပေါင်းယူခြင်းတည်း။

၆၁။ အဘိညာဉ်ဒွေးမှတစ်ပါး ရူပါဝစရစိတ် ၁၅–ပါး၊ အာကာသာနဉ္စာယတနစိတ် ၃–ပါး၊ အာကိဉ္စညာယတနစိတ် ၃–ပါး၊ ပေါင်း ၂၁–ပါးသော စိတ်တို့သည် ပညတ်(ဓမ္မာရုံ)ကို အာရုံပြုကြသည်။ (၈xညတ်xမုတ်xဗ*xညတ်xညတ်။) (၂၁)ဟု မှတ်ထားပါ။

၆၂။ လောကုတ္တရာစိတ် ၈–ခုသည် နိဗ္ဗာန် (အပွမာဏ ဓမ္မာရုံ)ကို အာရုံပြုသည်။ (၈xနိxမုတ်xဗxနာမ်xမတ်။) (၈)ဟု မှတ်ထားပါ။

ဤမျှသော စကားရပ်ဖြင့် အဘိညာဉ်ဒွေးမှ တစ်ပါးသော မဟဂ္ဂုတ်စိတ်နှင့် လောကုတ္တရာ စိတ်တို့၏ အာရုံကို ပြသည်၊ ထိုတွင် (၆)သည် သင်္ဂဟဂါထာ၌ ဆ စိတ္တာနိ မဟဂ္ဂတေ–ဝယ် 'ဆ' ၏အရ ဖြစ်လာပါလိမ့်မည်၊ (၂၁)သည် ဧကဝီသတိ ဝေါဟာရေ–ဝယ် 'ဧကဝီသတိ' အရ ဖြစ်လာပါလိမ့်မည်၊ (၈)သည် အဋ္ဌ နိဗ္ဗာနဂေါစရေ–ဝယ် 'အဋ္ဌ' ၏အရ ဖြစ်လာပါလိမ့်မည်၊ ထိုတွင် မဟဂ္ဂုတ်စိတ်များ၏အာရုံကို အကျယ်ဝေဖန်ပြပါဦးမည်။

ဝိညာနဉ္စာယတနကုသိုလ်သည် "ဤဘဝ ရှေးဘဝ အစ္ဆတ္တသန္တာန်၌ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်"ဟု ဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံကို အာရုံပြုသည်။

ဝိညာနဉ္စာယတနဝိပါက်စိတ်သည် "ရှေးဘဝ အစ္ဆတ္တသန္တာန်၌ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်"ဟု ဆိုအပ်သော မဟဂ္ဂုတ် ဓမ္မာရုံကို အာရုံပြုသည်။

ဝိညာနဉ္စာယတနကြိယာသည် ဤဘဝ အစ္ဆတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတနကြိယာ၊ ဤဘဝရှေးဘဝ အစ္ဆတ္တသန္တာန်၌ဖြစ်ဖူးသော အာကာသာနဉ္စာယတန ကုသိုလ်" ဟုဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံကို အာရုံပြုသည်။

နေဝသညာနာသညာယတန ကုသိုလ်, ဝိပါက်, ကြိယာတို့၏ အာရုံကိုလည်း "အာကာ" အစား "အာကိ ဉ် "ကို ပြောင်းလဲထည့်သွင်း၍ ဆိုပါ။

ရူပါဝစရ ပထမစျာန်စိတ် ၃–ပါးသည် ကသိုဏ်းပညတ် ၁၀–ပါး၊ အသုဘပညတ် ၁၀–ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံပင်အစရှိသော ကာယအစုပညတ်၊ အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ, ကရုဏာ, မုဒိတာ ဗြဟ္မဝိဟာရတရား ၃–ပါး၏ အာရုံဖြစ်သော အတိုင်းမသိသောသတ္တဝါပညတ်၊ ဤ ၂၅–ပါးသောပညတ် ဓမ္မာရုံကို အာရုံပြုသည်။

ရူပါဝစရ ဒုတိယစျာန်စိတ် ၃–ခု၊ တတိယစျာန်စိတ် ၃–ခု၊ စတုတ္ထစျာန်စိတ် ၃–ခု၊ ပေါင်း ၁၂–ခုသည် ကသိုဏ်းပညတ် ၁၀–ပါး၊ အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာ ဗြဟ္မဝိဟာရတရား ၃–ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ၁၄–ပါးသော ပညတ်ဓမ္မာရုံကို အာရုံပြုနိုင်သည်။

http://www.dhammadownload.com

သင်္ဂဟဂါထာများ

၆၃။ ပဥ္စဝိသ–၂၅–ပါးသော၊ စိတ္တာနိ–စိတ်တို့သည်၊ ပရိတ္တာမှိ–ကာမအာရုံ၌သော၊ ဟောန္တိ–ဖြစ်ကုန်၏၊ ဆ– ၆–ပါးကုန်သော၊ စိတ္တာနိ–တို့သည်၊ မဟဂ္ဂတေ–မဟဂ္ဂုတ်အာရုံ၌သော၊ ဟောန္တိ–ကုန်၏၊ ဧကဝီသတိ–၂၁–ပါးသော၊ စိတ္တာနိ–တို့သည်၊ ဝေါဟာရေ–ပညတ်အာရုံ၌သော၊ ဟောန္တိ–ကုန်၏၊ အဋ္ဌ– ၈–ပါးကုန်သော၊ စိတ္တာနိ–တို့သည်၊ နိဗ္ဗာန ဂေါစရေ–နိဗ္ဗာန်အာရုံ၌သော၊ ဟောန္တိ–ဖြစ်ကုန်၏။

ရူပါဝစရ ပဉ္စမစျာန်စိတ် ၃–ခုသည် ကသိဏ်းပညတ် ၁၀–ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက် ပညတ်၊ ဥပေက္ခာဖြဟ္မဝိဟာရ၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ ၁၂–ပါးသော ပညတ်ဓမ္မာရုံကို အာရုံပြုနိုင်သည်။

အာကာသာနဉ္စာယတနစိတ် ၃–ခုသည် အာကာသကြဉ်သောကသိဏ်း ၉–ပါးတို့တွင် တစ်ပါးပါးကို ဆွ၍ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြုသည်၊ အာကိဉ္စညာယတနစိတ် ၃–ခုသည် အာကာသာနဉ္စာယတနစျာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြုသည်။

"ရူ ကာ ပန္နှ, အဇ္ဈတ္တ, ရူပ ပရမတ်၊
အစုခြောက်ဖြာ, ရသင့်ရာ, သေချာခွဲဝေမှတ်။"

ဤသို့ ဆိုခဲ့ပြီးသော အာရုံအပြားကို "(၁၀) (၃) (၁၂) (၂၀) (၅) (၆) (၆) (၂၁) (၈)"ဟု မှတ်သားထားခဲ့သော အာရမဏိက စိတ်များဖြင့် ရသင့်သည်အားလျော်စွာ ခွဲဝေပြပါဦးမည်၊ ဦးစွာ အကျဉ်းချုပ်ဇယားကို ပြ၍ နောက်မှ အသေးစိတ်ဇယားကို ဆက်လက်ပြသွားပါမည်။

အာရမဏသင်္ဂဟ အကျဉ်းချုပ်

အာရမဏိက	အုပ်စုခြောက်ပါး အာရုံများ					
	ရူ ၆	ကာ ၄	ပန္နှ ၄	အဇ်၃	ရူပ ၃	မတ် ၂
၁၀	၅*	ကာ	ပန်	အဇ် ဗ	ရုပ်	မတ်
၃	၅	ကာ	ပန်	အဇ် ဗ	ရုပ်	မတ်
၁၂	၆	ကာ	၃	အဇ် ဗ	ရုပ် နာမ်	မတ်
၂၀	၆	ကာ,ဂ္ဂုတ်,ညတ်	၄	၃	၃	၂
၅	၆	၄	၄	၃	၃	၂
၆	၆	၄	၄	၃	၃	၂
၆	၈	ဂ္ဂုတ်	တီ	အဇ်	နာမ်	မတ်
၂၁	၈	ညတ်	မုတ်	ဗ*	ညတ်	ညတ်
၈	၈	နီ [အပ္ပမာဏ]	မုတ်	ဗ	နာမ်	မတ်

http://www.dhammadownload.com

ဝိသ–၂၀–သော၊ စိတ္တာနိ–တို့သည်၊ အနုတ္တရမုတ္တမို–လောကုတ္တရာ ၉–ပါးမှ လွတ်သော အလုံးစုံသော အာရုံ၌၊ ဟောန္တိ–ကုန်၏၊ ပဋ္ဌ– ၅–ပါးကုန်သော၊ စိတ္တာနိ–တို့သည်၊ အဂ္ဂမဂ္ဂဖလဋ္ဌိတေ–အရဟတ္တမဂ် အရဟတ္တဖိုလ်သည် ကြည်အပ်သော အလုံးစုံသော အာရုံ၌၊ ဟောန္တိ–ကုန်၏၊ ဆ စ– ၆–ပါးသော စိတ်တို့သည်ကား၊ သဗ္ဗတ္ထ–အလုံးစုံသောအာရုံ၌၊ ဟောန္တိ–ကုန်၏၊ ဣတိ–သို့၊ တတ္ထ–ထိုအာရမဏသင်္ဂဟ၌၊ သတ္တမာ–၇–ပါးအပြားအားဖြင့်၊ သင်္ဂဟော–ပေါင်းယူခြင်းသည်၊ ဟောတိ–ဖြစ်၏။ (သခ်္ခါတို့၏ အရကို ညွှန်ပြထားခဲ့သည့်အတိုင်းကောက်ပါ၊ သတ္တမာ၏အရကား ပထမဂါထာလာ ၈ကန် ၄–ပါး၊ ဒုတိယဂါထာလာ အနေကန် ၃–ပါးတို့ပင်တည်း။)

---

*ဤသို့ အမှတ်အသားပြထားသော အာရုံများမှာ ယထာရဟသာဖြစ်သည်၊ ရသင့်သည် အားလျော်စွာ ခွဲစိတ် ဝေဖန်ယူရမည်။

ဇယ ၆

အာရမဏိကစိတ်			ဒွိဟေတု	တိဟေတု	ဥပ္ပေက္ခာ	ဒေါမနဿ	သောမနဿ	ဟေတုမူလ
[ဝိ]	စက္ခုဝိညာဉ်	၂	။					၁
	သောတဝိညာဉ်	၂		။				၁
	ဃာနဝိညာဉ်	၂			။			၁
	ဇိဝှါဝိညာဉ်	၂				။		၁
	ကာယဝိညာဉ်	၂					။	၁
၃ [မနောဓာတ်]		၃	။	။	။	။	။	၅
၁၂+၂၀+၅+၆ =		၄၃	။	။	။	။	။	၆
၆+၂၁+၈ =		၃၅					။	၁
အာရမဏိကစိတ်ပေါင်း	၈ကန်		၂	၂	၂	၂	၂	၃၅	
	အနေကန်		၄၆	၄၆	၄၆	၄၆	၄၆	၄၃	

၁၂+၂၀+၅+၆*ကို "မနောဒွါရာဝဇ္ဇန်း, ကာမဇော တစ်ခုယုတ် သုံးဆယ်, တဒါရုံ ၈ကဒသ, အဘိညာဉ်ဒွေး"ဟု ဆိုပါ၊ ၆+၂၁+၈* ကို "အဘိညာဉ်ဒွေးမှတစ်ပါး မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅"ဟု ဆိုပါ။

http://www.dhammadownload.com

ရူပါရုံကို ဧကန်အာရုံပြုသောစိတ်ကား စက္ခုဝိညာဉ် ဒွေးတည်း၊ အနေကန် အာရုံပြုသော စိတ်ကား "မနောဓာတ် ၃-ခု, မနောဒွါရာဝဇ္ဇန်း, ကာမဧောတစ်ခုယုတ်သုံးဆယ်,တဒါရုံ ဧကာဒသ, အဘိညာဉ် ဒွေး"အားဖြင့် ၄၆-ပါးတို့တည်း၊ ဧကန်, အနေကန် ၂-ရပ်ပေါင်းသော် ရူပါရုံကို အာရုံပြုနိုင်သောစိတ် ၄၈-ပါးဖြစ်၏ ။ ပ ။

ဓမ္မာရုံကို ဧကန်အာရုံပြုသောစိတ်ကား အဘိညာဉ်ဒွေးမှတစ်ပါး မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅-ပါးတည်း၊ အနေကန်အာရုံပြုသော စိတ်ကား "မနောဒွါရာဝဇ္ဇန်း, ကာမဧော တစ်ခုယုတ် သုံးဆယ်, တဒါရုံဧကာဒသ, အဘိညာဉ်ဒွေး"အားဖြင့် ၄၃-ပါးတို့တည်း၊ ဓမ္မာရုံကို အာရုံပြုနိုင် သမျှသောစိတ်ကား ဧကန် ၃၅-ပါး၊ အနေကန် ၄၃-ပါး၊ ပေါင်း ၇၆* -ပါးတည်း။ (*ရူပ ပဋ္ဌမစျာန်ဧော ၂-ထပ်ပါနေသောကြောင့် နုတ်ထားသည်။)

ကာ ၄

အာရုံမဏ္ဍိကစိတ်		ဓာတ်	ဇာတိ	ဇရာ	ဘင်	အာရုံမဏ္ဍိကပေါင်း
၁၀+၃+၁၂ [ကာဝိ ၂၃+ပဋ္ဌဒွါရာဇ္ဇန်း+ ဟသိတုပ္ပဒ်]	၂၅	။				၁
၂၀ [အကုသိုလ်, ကာမ-ဉာဝိပ်ဧော]	၂၀	။	။		။	၃
၅+၆ [မ-ဇ္ဇန်း,ကာမ-ဉာသမ်ဧော,အဘိညာဉ်ဒွေး]	၁၁	။	။	။	။	၄
၆ [ဝိညာ ၃+နေဝ ၃]	၆		။			၁
၂၁ [အဘိညာဉ်ကြဉ် ရူ, အာကာ, အာကိ]	၂၁				။	၁
၈ လောကုတ္တရာစိတ်	၈			။		၁
အာရုံမဏ္ဍိကစိတ်ပေါင်း ဧကန်	၂၅	၆	၈	၂၁		
အနေကန်	၃၁	၃၁	၁၁	၃၁		

ပန္နရ ၄

အာရုံမဏ္ဍိကစိတ်		ဝစီဒွါရ အဝဇ္ဇဝဿ	ဒွါရ အနာဝဇ္ဇဝဿ	ကာယဒွါရ အနာဝဇ္ဇဝဿ	ကာယဒွါရ အဝဇ္ဇဝဿ	အာရုံမဏ္ဍိကပေါင်း
၁၀+၃ [ဒွေးပဋ္ဌဝိညာဉ်, မနောဓာတ် ၃] =	၁၃	။				၁
၁၂ [တဒါရုံ, ဟသိတုပ္ပဒ်]	၁၂	။	။	။		၃
၂၀+၅+၆* =	၃၁	။	။	။	။	၄
၆ [ဝိညာနေဝ]	၆		။			၁
၂၁+၈ [ရူ,အာကာ,အာကိ,ကုတ်]	၂၉				။	၁
အာရုံမဏ္ဍိကစိတ်ပေါင်း ဧကန်	၁၃	၆		၂၉		
အနေကန်	၄၃	၄၃	၄၃	၃၁		

၂၀+၅+၆* ကို "အကုသိုလ်စိတ် ၁၂, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ် ၈, မဟာကြိယာ ၈, အဘိညာဉ်ဒွေး"ဟုဆိုပါ၊ အကြွင်း သိလွယ်ပါပြီ။

http://www.dhammadownload.com

အဇ် ၃

	အာရုံမကိုကစိတ်		ပဉ္စဒွါရိကစိတ်	မနောဒွါရိကစိတ်	ပဉ္စဒွါရိကနှင့် မနောဒွါရိကစိတ်	အာရုံအင်္ဂါ
	၁၀+၃+၁၂ [ကာမဝိ, ပ-ဇွန်း, ဟသိတုဟ္ဘာဒ်] =	၂၅	။	။		၂
	၂၀+၅+၆ =	၃၁	။	။	။	၃
	၆ [ဝိညာနေဝ]	၆	။			၁
၁+၆	အာကိဉ္စညာယတနစိတ် *	၃			။	၁
	၁၈+၈ [ရူ, အာကာ, ကုတ်] =	၂၆		။		၁
အာရုံမကိုကစိတ်ပေါင်း	ဇကန်		၆	၂၆	၃	
	အနေကန်		၅၆	၅၆	၃၁	

၅၆-ကို "ကာမစိတ် စတုပညာသ, အဘိညာဉ်ဒွေး"ဟု ဆိုပါ။

အာကိဉ္စညာယတနစိတ် * အာကိဉ္စညာယတစိတ်၏ အာရုံဖြစ်သော နတ္ထိဘောပညတ်သည် 'ပထမာရုပ္ပဝိညာဉ်'ဟူသော အဇ္ဈတ္တတရားဇ၏ မရှိခြင်း အဘာဝ ပညတ်မျှသာဖြစ်သည်၊ ထို့ကြောင့် အဇ္ဈတ္တသက်သက်လည်းမဟုတ်၊ ဗဟိဒ္ဓစစ်စစ်လည်း မဟုတ် ရကား ယင်းနတ္ထိဘောပညတ် အာရုံသည် အဇ္ဈတ္တဗဟိဒ္ဓဝိမုတ်သာ ဖြစ်ရတော့သည်။

အာရုံ ၂-ပါးကို ပေါင်းစပ်ထားရုံမျှသာ ဖြစ်သောကြောင့် "အဇ္ဈတ္တ ဗဟိဒ္ဓအာရုံ"ကို တသီး တခြား ထည့်သွင်းပြဆိုမှုကို မပြုဘဲ ချန်ထားခဲ့ရပါသည်။

ရူ ၃ နှင့် မတ် ၂

	အာရုံမကိုကစိတ်		ပရမတ်		ပဉ္စဒွါရိကစိတ်	အာရုံအင်္ဂါ
			ဝဏ္ဏ	နာမ်		
	၁၀+၃ [ဒွေးပဉ္စဝိညာဉ်,မနောဓာတ်] =	၁၃	။			၁
	၁၂ [တဒါရုံ, ဟသိတုဟ္ဘာဒ်]	၁၂	။	။		၂
	၂၀+၅+၆ =	၃၁	။	။	။	၃
	၆+၈ [ဝိညာနေဝ, လောကုတ်] =	၁၄		။		၁
	၂၁ [ရူပ, အာကာ,အာကိ]	၂၁			။	၁
အာရုံမကိုကစိတ်ပေါင်း	ဇကန်		၁၃	၁၄	၂၁	
	အနေကန်		၄၃	၄၃	၃၁	
	ဇကန်		၃၉		၂၁	
	အနေကန်		၃၁		၃၁	

http://www.dhammadownload.com

ကေန်

ဆောင်။ ။ ပဥ္စာရုံမှာ, နှစ်စီသာတည်း၊ ဓမ္မာ သုံးဆယ့်ငါး, နှစ်ဆယ့်ငါး ကာ, မဟဂ္ဂါ ဆ, အပွကား ရှစ်, နှစ်ဆယ့်တစ် ပညတ်, တေရသ် ပန်မှာ, တိတ် ခြောက်သာမှတ်, နာဂတ် မရှိ, ဝိမုတ် နှစ်ဆယ့်ကိုး, ပြုရိုးအဇ ဆ, ဗဟိဒ္ဓ ဆဗ္ဗီ, သုံးလီ ဝိမုတ်, ရုပ် တေရသ, နာမ စုဒ္ဒသ်, ပရမတ္ထ, နဝတ်ိသာ, တစ်မှာ ဌဝီ, ဒွေး နှစ်လီတည်း၊ ငါးလီမှာ သုံး, ဆယ့်နှစ်သုံးပင်, ပညတ်တွင်ရွေး, ဆယ့်လေး ကိုးလီ, ပဥ္စဝီသုံးတန်, ဇကန်ပေါင်းစု, အာရုံပြုသည် ..... သောတုမှတ်ဖွယ် အချုပ်တည်း။

တစ်မှာ ဌဝီ ဒွေးပဥ္စဝိညာဉ် ၁၀၊ အာကာသာနဉ္စာယတနစိတ် ၃-ခု၊ အာကိဉ္စညာယတနစိတ် ၃-ခု၊ ဝိညာနဉ္စာယတနကုသိုလ်, ဝိပါက် ၂-ခု၊ နေဝသညာနာသညာယတန ကုသိုလ်, ဝိပါက် ၂-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ ပေါင်း ၂၈-ပါးသောစိတ်တို့သည် ထိုက်သည် အားလျော်စွာ အာရုံတစ်ပါးစီကိုသာ အာရုံပြုကြသည်။

ဒွေးနှစ်လီ ဝိညာနဉ္စာယတနကြိယာ ၁-ခု၊ နေဝသညာနာသညာယတနကြိယာ ၁-ခု၊ ပေါင်း ၂-ပါးသောစိတ်တို့သည် အာရုံ နှစ်ပါးကို ထိုက်သည်အားလျော်စွာ အာရုံပြုကြသည်။

ငါးလီမှာ သုံး မနောဓာတ် ၃-ပါးသည် အာရုံ ၅-ပါးကို အာရုံပြုသည်။

ဆယ့်နှစ် သုံးပင် ရူပါဝစရ ပဥ္စမစျာန်စိတ် ၃-ပါးသည် အာရုံ ၁၂-ပါးကို အာရုံပြုသည်၊ ၁၂-ပါး စသည်တို့၏ သရုပ်ကို ရှေ့ (၁၂၀၊ ၁၂၁)၌ ပြခဲ့ပြီ။

ဆယ့်လေး ကိုးလီ ရူပါဝစရဒုတိယစျာန်စိတ် ၃-ပါး၊ တတိယစျာန်စိတ် ၃-ပါး၊ စတုတ္ထစျာန်စိတ် ၃-ပါး၊ ပေါင်း ၉-ပါးသော စိတ်တို့သည် အာရုံ ၁၄-ပါးကို အာရုံပြုကြသည်။

ပဥ္စဝီသုံးတန် ရူပါဝစရ ပထမစျာန်စိတ် ၃-ပါးတို့သည် အာရုံ ၂၅-ပါးကို အာရုံပြုကြသည်။

အနေကန်

ဆောင်။ ။ ပဥ္စာရုံမှာ, ဆစတ္တာတည်း၊ ကာ မဟဂ္ဂတ်, ဝိမုတ်ပညတ်, ပရမတ်-ဟု, ခြောက်ရုပ် တူလစ်, သုံးဆယ့်တစ်စီ၊ ပစ္စုပ် တီတ, နာဂတနှင့်, ဓမ္မ ရုပ် နာမ်, ခြောက်တန်ပေါင်းရုံး, လေးဆယ့်သုံးစီ၊ သုံးလီအဏ္ဏတ်, စွဲလတ်မှီရောက်, ငါးဆယ့်ခြောက်သာ၊ အပွမာဝယ်, ဇကာဒသ၊ စုပေါင်းပြသည် ..... မှတ်ကြနေကန် အာရုံတည်း။

* ဝိမုတ်သည် "ကာလဝိမုတ်, အဏ္ဏတ္တဗဟိဒ္ဓဝိမုတ်"ဟု ၂-မျိုး ကွဲပြားး၏၊ ဇယားနှင့် တိုက်ဆိုင်ကောက်ယူပါ၊ လွယ်ပါပြီ။

စေတသိက်အာရုံ

ဆောင်။ ။ ငါးဆယ့်နှစ်ခု, စေတသိက်စုတွင်, အကုသလာ, လောကီသာတည်း၊ ကျသာ ပမဉ်, ပယ်ကြဉ် အဏ္ဏ၊ လောကဖြစ်ဘိ, ဝိရတိမူ, ဝိတိက္ကမိတဗ္ဗ, သမုတ်ရသည်, ကာမ နာမ်ရုပ်, ပစ္စုပ်မြဲမှတ်, စွဲမှီကပ်၏၊ နောက်ထပ် ဝိရတိ, လောကုတ်သည်ကား, ရွှေပြည်ခေမာ, အပွမာဏ, ကာလဝိမုတ်, ဖွင့်ထုတ်လေအပ်၊ ပညတ်ပမညာ, ဝိမုတ္တာဟု, အာရုံပြုလျှင်း၊ ကြွင်းလေသမျှ, တေတ္တိ်သမှာ, ဘယ်ဟာတစ်ခု, အာရုံစုကို, မပြုမရှိလေဘူးတည်း။

http://www.dhammadownload.com

ဝတ္ထုသင်္ဂဟ

ဝတ္ထု ၆-ပါး

၆၄။ ဝတ္ထုသင်္ဂဟော-ဝတ္ထုသင်္ဂဟဋ္ဌ၊ ဝတ္ထူနိနာမ-ဝတ္ထုတို့မည်သည်၊ စက္ခုဝတ္ထု-စက္ခုဝတ္ထုလည်းကောင်း၊ သောတဝတ္ထု-လည်းကောင်း၊ ဃာနဝတ္ထု-လည်းကောင်း၊ ဇိဝှါဝတ္ထု-လည်းကောင်း၊ ကာယဝတ္ထု-လည်းကောင်း၊ ဟဒယဝတ္ထု-ဟဒယဝတ္ထုလည်းကောင်း၊ ဣတိ-ဤသို့၊ ဆဗ္ဗိဓာနိ-၆-ပါးအပြားရှိကုန်သည်၊ ဘဝန္တိ-ဖြစ်ကုန်၏။

ဝတ္ထုဖြင့် ဘုံကိုဝေဖန်ခြင်း

၆၅။ တာနိ-ထို ၆-ပါးသော ဝတ္ထုရုပ်တို့ကို၊ ကာမလောကေ-ကာမဘုံ၌၊ သဗ္ဗာနိပိ-အလုံးစုံတို့ကိုလည်း၊ လဗ္ဘန္တိ-ရအပ်ကုန်၏။

၆၆။ ပန-ကား၊ ရူပလောကေ-အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌၊ ဃာနာဒိတ္တယံ-ဃာနအစရှိသော ဝတ္ထုရုပ် ၃-ပါးအပေါင်းသည်၊ နတ္ထိ-မရှိ။

၆၇။ ပန-ကား၊ အရူပလောကေ-အရူပဘုံ၌၊ သဗ္ဗာနိပိ-အလုံးစုံသော ဝတ္ထုရုပ်တို့သည်လည်း၊ န သံဝိဇ္ဇန္တိ-မရှိကုန်။

အဓိပ္ပာယ် အကုသိုလ် စေတသိက်တို့သည် လောကီကိုသာ အာရုံပြုကြသည်၊ ကျသာနှင့် အပွမညာတို့သည် အဇ္ဈတ္တကို အာရုံမပြုကြပါ၊ လောကီဝိရတိ ၃-ပါးသည် "ဒီတက္ကမိတဗ္ဗဝတ္ထု"ဟု ခေါ်ဝေါ် သမုတ်အပ်သော ပစ္စုပ္ပန်ဖြစ်သည့် ကာမစိတ် စေတသိက် ရုပ်တရားတို့ကို အာရုံပြုသည်၊ အနာဂတ်ကို အာရုံမပြုပါ၊ လောကုတ္တရာ ဝိရတိကား "နိဗ္ဗာန" ဟူသော ကာလဝိမုတ် အပွမာဏတရားကို အာရုံပြုသည်၊ အပွမညာလည်း ကာလဝိမုတ်ဖြစ်သော သတ္တဝါပညတ်ကို အာရုံပြုသည်၊ ကြွင်းသော စေတသိက် ၃၃-ပါးတို့ကား အလုံးစုံသော အာရုံကို အာရုံပြုနိုင်ကြသည်၊ မပြုနိုင်သော အာရုံ မရှိ၊ ("မစ္ဆရိယသည် ဗဟိဒ္ဓကို အာရုံမပြု၊ လောကီဝိရတိသည် အနာဂတ်ကိုလည်း အာရုံပြုသည်"ဟု ဆိုကြသေး၏။)

ဝတ္ထုသင်္ဂဟ

၆၄။ "ဝတ္ထုသင်္ဂဟော ။ ပ ။ ဘဝန္တိ"ဟူသောစကားရပ်ဖြင့် ဝတ္ထုအပြားကို ဦးစွာ ဝေဖန်ပြသည်။ (စက္ခုဝတ္ထု -စသည်ဆိုလိုလျက် စာအနေအထား ကျဉ်းသွားအောင် ရှေးရှေးသော ဝတ္ထုသဒ္ဒါများကို ချေထားသည်။)

စိတ် စေတသိက်တို့၏ မှီရာ(ဖြစ်သော ပသာဒရုပ် ၅-ပါးနှင့် ဟဒယရုပ်)ကို "ဝတ္ထု"ဟု ခေါ်သည်၊ သရုပ်ကိုလည်း ရေတွက်ကြည့်ပါ။

၆၅။ ကာမဘုံ၌ ဝတ္ထုရုပ် အကုန်လုံး ရှိသည်။

၆၆။ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ "ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု" ၃-ပါးမရှိ၊ "စက္ခုဝတ္ထု, သောတဝတ္ထု, ဟဒယဝတ္ထု" ၃-ပါးသာ ရှိသည်။

၆၇။ အရူပဘုံ၌ မည်သည့်ဝတ္ထုရုပ်မျှ မရှိ။

http://www.dhammadownload.com

ဝတ္ထုဖြင့် စိတ်ကို ဝေဖန်ခြင်း

၆၈။ တတ္ထ–ထို ၆–ပါးသော ဝတ္ထုတို့တွင်၊ ပဉ္စဝိညာဏဓာတုယော–ပဉ္စဝိညာဏဓာတ်တို့သည်၊ ယထာကမ္မမံ–အစဉ်အားလျော်စွာ၊ ဇနေန္တေ နေ–ကောန်အားဖြင့်၊ ပဉ္စပသာဒဝတ္ထူနိ– ၅–ပါးသော ပသာဒဝတ္ထုတို့ကို၊ နိဿာယေဝ–မှီကုန်၍သာလျှင်၊ ပဝတ္တန္တိ–ဖြစ်ကုန်၏။

၆၉။ ပန–ကား၊ ပဉ္စဒ္ဝါရာဝဇ္ဇန သမ္ပဋိစ္ဆနသန်္တီတာ–ပဉ္စဒ္ဝါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေး–ဟု ဆိုအပ်သော၊ မနောဓာတုစ–မနောဓာတ်သည်လည်း၊ ဟဒယံ–ဟဒယဝတ္ထုကို၊ နိဿိတာယေဝ–မှီလျက်သာလျှင်၊ ပဝတ္တတိ–ဖြစ်၏။ ၃။

ဝတ္ထုဖြင့် စိတ်ကို ဝေဖန်ပုံ

ဓာတ် ၇ – ပါး		စက္ခုဝတ္ထု	သောတဝတ္ထု	ကာမဋ္ဌသာ ဃာနဝတ္ထု	ကာမဋ္ဌသာ ဇိဝှါဝတ္ထု	ကာမဋ္ဌသာ ကာယဝတ္ထု	ဟဒယဝတ္ထု အဇ္ဈတ္တိက	ဟဒယဝတ္ထု ဗာဟိရ	ဟဒယဝတ္ထု ဥဘယဝတ္ထု	ဝတ္ထုပေါင်း
ပဉ္စဝိညာဏဓာတ်	စက္ခုဝိညာဏဓာတ် ၂	=								၁
	သောတဝိညာဏဓာတ် ၂		=							၁
	ဃာနဝိညာဏဓာတ် ၂			=						၁
	ဇိဝှါဝိညာဏဓာတ် ၂				=					၁
	ကာယဝိညာဏဓာတ် ၂					=				၁
မနောဓာတ်	၃						=			၁
မနောဓာတုဝတ္ထုဇာတ်	ပဉ္စဝေါကာရဘုံ၌သာဖြစ် ၃၀						=			၁
	စတုဝေါ + ပဉ္စဝေါဠ်ဖြစ် ၄၂							=		
	စတုဝေါကာရဘုံ၌သာဖြစ် ၄								=	
စိတ်ပေါင်း		၂	၂	၂	၂	၂	၃၃	၄၂	၄	

၆၈။ ယထာကမ္မမံ စက္ခုဝိညာဏဓာတ်သည် စက္ခုဝတ္ထုကို မှီသည်၊ သောတဝိညာဏဓာတ်သည် သောတဝတ္ထုကို မှီသည်၊ ဃာနဝိညာဏဓာတ်သည် ဃာနဝတ္ထုကို မှီသည်၊ ဇိဝှါဝိညာဏဓာတ်သည် ဇိဝှါဝတ္ထုကိုမှီသည်၊ ကာယဝိညာဏဓာတ်သည် ကာယဝတ္ထုကို အမြဲမှီသည်။

၆၉။ ပဉ္စဒ္ဝါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးကို "မနောဓာတ်"ဟု ခေါ်သည်၊ ယင်းမနောဓာတ်သည်လည်း ဟဒယဝတ္ထုကို အမြဲမှီသည်။

http://www.dhammadownload.com

၇၀။ ပန–ကား၊ အဝသေသာ–ကြွင်းကုန်သော၊ သန္တီရဏ မဟာဝိပါက ပဋိဃဒွယ ပဌမဓဂ္ဂ ဟသန ရူပါဝစရဝသေန–သန္တီရဏ မဟာဝိပါက် ဒေါသမူဒွေး သောတာပတ္တိမဂ် ဟသိတုပ္ပာဒ် ရူပါဝစရစိတ်တို့၏ အပြားအားဖြင့်၊ (ပဝတ္တာ–ဖြစ်ကုန်သော၊) မနောဝိညာဏ ဓာတုသခ်္ခါတာစ–မနောဝိညာဏဓာတ်–ဟု ဆိုအပ်ကုန်သော စိတ်တို့သည်လည်း၊ ဟဒယံ–ကို၊ နိဿာယေဝ–မှီကုန်၍သာလျှင်၊ ပဝတ္တန္တိ–ဖြစ်ကုန်၏။ ၃၀။

၇၁။ ပန–ကား၊ အဝသေသာကုသလကုသလကြိယာနုတ္တရဝသေန–ကြွင်းသော အကုသိုလ်,ကုသိုလ်,ကြိယာ လောကုတ္တရာတို့၏အပြားအားဖြင့်၊(ပဝတ္တာ–ဖြစ်ကုန်သော၊) မနောဝိညာဏဓာတုသခ်္ခါတာစ–စိတ်တို့သည်လည်း၊နိဿာယဝါ–မှီကုန်၍လည်းကောင်း၊ အနိဿာယဝါ–မမှီကုန်ဘဲလည်းကောင်း၊ ပဝတ္တန္တိ–ဖြစ်ကုန်၏။ ၄၂။

၇၂။ အာရုပ္ပဝိပါကဝသေန–အရူပါဝစရဝိပါက်၏အဖြစ်ဖြင့်၊ (ပဝတ္တာ–ဖြစ်ကုန်သော၊) မနောဝိညာဏဓာတုသခ်္ခါတာစ–တို့သည်ကား၊ ဟဒယံ–ကို၊ အနိဿာယေဝ–မမှီကုန်ဘဲသာလျှင်၊ ပဝတ္တန္တိ–ကုန်၏၊ ဣတိ–ဤကား ဝတ္ထုအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူခြင်းတည်း။ ၄။

၇၀။ ဒေါသမူ ၂၊ ဟသိတုပ္ပာဒ် ၁၊ တဒါရုံ ၁၁၊ ရူပါဝစရစိတ် ၁၅၊သောတာပတ္တိမဂ် ၁၊ ပေါင်း ၃၀–သော မနောဝိညာဏဓာတ်တို့သည် ဟဒယဝတ္ထုကို အမြဲမှီ၍ဖြစ်ကြသည်။

“ဒွေးပဉ္စဝိညာဉ် ၁၀၊ မနောဓာတ် ၃–ခု၊ ဒေါသမူစသော မနောဝိညာဏဓာတ် ၃၀”အားဖြင့် ဆိုခဲ့ပြီးသော ၄၃–ပါးသော စိတ်တို့သည် ဝတ္ထုရုပ်ရှိသော ပဉ္စဝေါကာရဘုံ၌သာ ဖြစ်ကြသည်၊ ဆိုင်ရာဝတ္ထုရုပ်ကို အမြဲမှီကြသည်၊ သင်္ဂဟဂါထာ၌ တေစတ္တာလီသ နိဿာယ–ဝယ် ‘တေစတ္တာလီသ’အရ ဖြစ်လာလိမ့်မည်။

၇၁။ ဆိုခဲ့ပြီးသည်မှတစ်ပါး လောဘမူစိတ် ၈၊ မောဟမူစိတ် ၂၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အရူပါဝစရကုသိုလ် ၄၊ အရူပါဝစရကြိယာ ၄၊ အထက်မဂ် ၃၊ ဖိုလ် ၄၊ ပေါင်း ၄၂–ပါးသော မနောဝိညာဏဓာတ်တို့သည် ဟဒယဝတ္ထုကို မှီ၍လည်း ဖြစ်ကြသည်၊ မမှီဘဲလည်း ဖြစ်ကြသည်။

ဤ ၄၂–ပါးသောစိတ်တို့သည် ပဉ္စဝေါကာရဘုံ၌လည်း ဖြစ်နိုင်ကြသည်၊ စတုဝေါကာရဘုံ၌လည်း ဖြစ်နိုင်ကြသည်၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ဟဒယဝတ္ထုကို မှီ၍ဖြစ်ကြသည်၊ စတုဝေါကာရဘုံ၌ဖြစ်ခိုက် မမှီဘဲဖြစ်ကြသည်၊ သင်္ဂဟဂါထာ၌ ‘ဒွေစတ္တာလီသ’အရ ဖြစ်လာပါလိမ့်မည်။

၇၂။ “အရူပါဝစရဝိပါက်စိတ် ၄–ပါး”ဟုဆိုအပ်သော မနောဝိညာဏဓာတ်သည် (ဝတ္ထုရုပ် မရှိရာ စတုဝေါကာရဘုံ၌သာ ဖြစ်ရသောကြောင့်) ဟဒယဝတ္ထုကို အမြဲမမှီဘဲ ဖြစ်ကြရသည်၊ သင်္ဂဟဂါထာ၌ ‘ပါကာရုပ္ပာ အနိဿိတာ’အရ ဖြစ်လာပါလိမ့်မည်။

http://www.dhammadownload.com

သင်္ဂဟဂါထာများ

၇၃။ ကာမေ-ကာမ ၁၁-ဘုံ၌၊ ဆဝတ္ထုံ- ၆-ပါးသော ဝတ္ထုရုပ်ကို၊ နိဿိတာ-**မှီကုန်**သော၊ သတ္တ-၇-ပါးသောဓာတ်တို့ကို၊ မတာ-ကုန်၏၊ ရူပေ-အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌၊ တိဝတ္ထုံ- ၃-ပါးသောဝတ္ထုရုပ်ကို၊ နိဿိတာ-မှီကုန်သော၊ စတုဗ္ဗိဓာ-၄-ပါးအပြားရှိသောဓာတ်တို့ကို၊ မတာ-ကုန်၏၊ အရူပေ-အရူပ ၄-ဘုံ၌၊ အနိဿိတာ-မမှီသော၊ ဧကာ-၁-ခုသော၊ ဓာတု-မနောဝိညာဏဓာတ်ကို၊ မတာ-သိအပ်၏။

၇၄။ တေစတ္တာလီသ- ၄၃-ပါးသော စိတ်တို့သည်၊ နိဿာယ-မှီကုန်၍သာလျှင်၊ ဇာယရေ-ဖြစ်ကုန်၏၊ ဒွေစတ္တာလီသ- ၄၂-ပါးသောစိတ်တို့သည်၊ နိဿာယစ-ပဋ္ဌဝေါကာရဘုံ၌ဖြစ်ခိုက် မှီကုန်၍လည်းကောင်း၊ အနိဿာယ-စတုဝေါကာရဘုံ၌ဖြစ်ခိုက် မမှီကုန်ဘဲလည်းကောင်း၊ ဇာယရေ-ကုန်၏၊ ပါကာရပ္ပာ-အရူပဝိပါက်စိတ် ၄-ခုတို့သည်၊ အနိဿိတာ-မမှီကုန်ဘဲသာ၊ ဇာယရေ-ဖြစ်ကုန်၏။

အဘိဓမ္မတ္ထသင်္ဂဟေ-၌၊ ပကိဏ္ဏကသင်္ဂဟ ဝိဘာဂေါနာမ-ပကိဏ္ဏကသင်္ဂဟဝိဘာဂ မည်သော၊ တတိယော-သုံးပိုင်းတို့၏ ပြည့်ကြောင်းဖြစ်သော၊ ပရိစ္ဆေဒေါ-သည်၊ ဣတိ-ပြီးပြီ။

၇၃။ သင်္ဂဟဂါထာ　ကာမဘုံ၌ စက္ခုဝိညာဏဓာတ် အစရှိသော ဓာတ် ၇-ပါးတို့သည် ဝတ္ထုရုပ် ၆-ပါးကို ထိုက်သည်အားလျော်စွာ မှီ၍ ဖြစ်ကြရသည်၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ "စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်"ဟူသော ဓာတ် ၄-ပါးတို့သည် "စက္ခုဝတ္ထု, သောတဝတ္ထု, ဟဒယဝတ္ထု" ဟူသော ဝတ္ထုရုပ် ၃-ပါးတို့ကို ထိုက်သည်အားလျော်စွာ မှီ၍ ဖြစ်ကြသည်၊ အရူပဘုံ၌ ဖြစ်သော မနောဝိညာဏဓာတ် ၁-ပါးကား မှီဖို့ရာရုပ်မရှိသောကြောင့် မမှီဘဲဖြစ်ရသည်။

၇၄။ 'တေစတ္တာလီသ'စသည်တို့၏ အရကောက်ကို ညွှန်ပြခဲ့သည့်အတိုင်း ကောက်ပါ။

စေတသိက်တို့ကိုဝေဖန်ပုံ

ဆောင်။　။ သဗ္ဗစိတ္တ, သာဓာရဏ်, ဆဝတ္ထုကာ, ရုံခါ မှီကြ၊ ဒေါစတုက္ကာ, ပမညာကား, မြွှာဟဒယ, မှီပါရ၏၊ နဝတိ်သာ, ကြွင်းစေမှာမူ, ရုံခါဟဒယ, မှီပါကြသည်..... ပေါင်းက ငါးဆယ့်နှစ်ပါးတည်း။

တစ်နည်း။　။ သဗ္ဗသာ-ခုနစ်ခု၊ ဆဝတ္ထု ရုံတစ်ခါ၊
ခြောက်ပါးမူ-ဟဒယငယ်၊ မှီကြ မြွှာ၊
သုံးဆယ့်ကိုး-မှီကြရိုး ဟဒယာ၊ ရုံခါသာ မှတ်သား၊
ခွဲဝေဖန်-ပြည့်နှန်ခဲ့တယ်၊ ငါးဆယ့်နှစ်ပါး။

(သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးသည် ဝတ္ထုရုပ် ၆-ပါးကို ရုံခါမှီသည်၊ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်ခိုက် ဆဝတ္ထုကိုမှီ၍ စတုဝေါကာရဘုံ၌ ဖြစ်ခိုက် မမှီ-ဟူလို။)

http://www.dhammadownload.com

ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့သည် ကာမဘုံ၌သာ ဖြစ်ကြသည်၊ အပွမညာသည် ကာမဘုံ, ရူပဘုံတို့၌သာ ဖြစ်သင့်သည်၊ ထို့ကြောင့် ယင်း စေတသိက် ၆-ပါးသည် ဟဒယဝတ္ထုကို အမြဲမှီကြရသည်။

ကြွင်းသော စေတသိက် ၃၉-ပါးကား ကာမဘုံ, ရူပဘုံတို့၌ ဖြစ်ခိုက် ဟဒယဝတ္ထုကို မှီ၍ အရူပဘုံ၌ ဖြစ်ခိုက် ဟဒယဝတ္ထုကို မမှီပါ။

("အပွမညာ ၂-ပါးသည် အရူပဘုံ၌လည်း ဖြစ်နိုင်၏"ဟုလည်း ယူကြသေးသည်။)

လေ့ကျင့်ခန်း မေးခွန်းများ

၁။ ပကိဏ်းပိုင်းလာ သင်္ဂဟ ၆-ပါးကို လိုရင်းအဓိပ္ပာယ်နှင့် ယှဉ်တွဲစပ်ဟပ်ပြပါ။

၂။ တေပညာသ ဝိဘာဝယေ-၌ တေပညာသ၏အရကို တိကျစွာဖော်ပြ၍၊ ၄င်းကို မည်သို့ ခေါ်ကြောင်းကိုလည်း ပြပါ။

၃။ အာရုံခံစားပုံ သဘောလက္ခဏာအားဖြင့် ကွဲပြားသော ဝေဒနာတို့၏သဘောကို သိသာရုံမျှ ပြ၍၊ ဣန္ဒြိယဘေဒအားဖြင့် ဝေဒနာ ၅-မျိုးပြားပုံကိုလည်း သိသာရုံမျှ ပြပါ။

၄။ (က) သုခဝေဒနာ (ခ) ဒုက္ခဝေဒနာ (ဂ) သောမနဿဝေဒနာ (ဃ) ဒေါမနဿဝေဒနာ (င) ဥပေက္ခာဝေဒနာတို့နှင့် ယှဉ်သောစိတ်တို့ကို အသီးအသီး ရေတွက်ပြပါ။

၅။ (က) သုခဝေဒနာ (ခ) ဒုက္ခဝေဒနာ (ဂ) သောမနဿဝေဒနာ (ဃ) ဒေါမနဿဝေဒနာ (င) ဥပေက္ခာဝေဒနာတို့နှင့်ယှဉ်သော စေတသိက်တို့ကို အသီးအသီး ရေတွက်ပြပါ။

၆။ ဝေဒနာ ၁-ပါးနှင့် ယှဉ်သောစေတသိက်, ဝေဒနာ ၂-ပါး, ဝေဒနာ ၃-ပါး, ဝေဒနာ ၅-ပါးနှင့်ယှဉ်သော စေတသိက်တို့ကို ပြပါ။

၇။ ဝေဒနာနှင့် မယှဉ်သော စေတသိက်များ ရှိပါသလား၊ ရှိနေပါက အကြောင်းထည့်သွင်း ရှင်းလင်းပြပါ။

၈။ (က) အဟိတ်စိတ်,စေတသိက် (ခ) ဧကဟိတ်စိတ်, စေတသိက် (ဂ) ဒွိဟိတ်စိတ်, စေတသိက် (ဃ) တိဟိတ်စိတ်, စေတသိက်တို့ကို အသီးအသီး ရေတွက်ပြပါ။

၉။ (က) ဟိတ် ၁-ပါးနှင့်သာယှဉ်သောစေတသိက် (ခ) ဟိတ် ၂-ပါးနှင့်ယှဉ်သောစေတသိက် (ဂ) ဟိတ် ၃-ပါးနှင့်ယှဉ်သောစေတသိက် (ဃ) ဟိတ် ၄-ပါးနှင့်ယှဉ်သော စေတသိက် (င) ဟိတ် ၆-ပါးနှင့်ယှဉ်သော စေတသိက်တို့ကို အသီးအသီး ရေတွက်ပြပါ။

၁၀။ အကုသိုလ်ဟိတ်, ကုသိုလ်အဗျာကတဟိတ်တို့ကို အသီးအသီး ဖော်ပြပါ။

၁၁။ "အဟေတုကာ အဒ္ဓာရသ"ဟူသော အကျဉ်းသင်္ဂဟ၏ အကျယ်စုဏ္ဏိယပါဠိကို အပြည့်အစုံ ရေးပြပါ။

၁၂။ "ဒွါဒိသတိ ဒွိဟေတုကာ"ဟူသော အကျဉ်းသင်္ဂဟစကား၏ အကျယ်စုဏ္ဏိယပါဠိကို ရေးပြပါ။

http://www.dhammadownload.com

၁၃။ ကိစ္စ ၁၄–ပါးနှင့် ဌာန ၁၀–ပါးတို့၏သရုပ်ကို ရေတွက်ပြ၍ ကိစ္စနှင့်ဌာနတို့၏ ထူးခြားချက်ကိုလည်း ပြပါ။

၁၄။ ဇော ၅၅–ပါးကို ကာမဇော, အပွနာဇောအားဖြင့်လည်းကောင်း၊ လောကီဇော, လောကုတ္တရာဇောအားဖြင့်လည်းကောင်း၊ ဝေဒနာအားဖြင့်လည်းကောင်း ခွဲစိတ်ဝေဖန်ပြပါ။

၁၅။ ပဋိသန္ဓေကိစ္စတပ်သော စိတ်များကို ဘုံ, ဟိတ်, ဝေဒနာတို့ဖြင့် ခွဲစိတ်ဝေဖန်ပြပါ။

၁၆။ တဒါရုံကိစ္စတပ်သော စိတ်တို့ကို ဝေဒနာ, ဟိတ်, ဒွါရ, အာရုံ, ဝတ္ထုတို့ဖြင့် ဝေဖန်ပြပါ။

၁၇။ ယထာသမ္ဘဝံ ဇကကိစ္စာနိ–၌ ယထာသမ္ဘဝံ–အရကို ရှင်းလင်းပြဆိုပါ။

၁၈။ သန္တီရဏကိစ္စတပ်သော စေတသိက်များကို ပြ၍ ၇–ကိစ္စတပ်သော စေတသိက်တို့ကိုလည်း ပြပါ။

၁၉။ ၁–ကိစ္စ ၁–ဌာန, ၂–ကိစ္စ ၂–ဌာန, ၃–ကိစ္စ ၃ဌာန, ၄ကိစ္စ ၄–ဌာန, ၅–ကိစ္စ ၅–ဌာန ရှိသောစိတ်တို့ကို အသီးအသီး ရေတွက်ပြပါ။

၂၀။ ကိစ္စ ၁၄–ပါးကို ဘုံအားဖြင့် ဝေဖန်ပြပါ။

၂၁။ ဒွါရ ၆–ပါးကို တရားကိုယ်နှင့် ယှဉ်တွဲပြပါ။

၂၂။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အဘယ်အခါမျိုးမှာ ၆–ဒွါရ၌ဖြစ်၍ အဘယ်အခါမျိုးမှာ ၆–ဒွါရမှ လွတ်ပါသနည်း။

၂၃။ သန္တီရဏစိတ်သည် အဘယ်အခါမျိုးမှာ ၅–ဒွါ၌ဖြစ်၍ အဘယ်အခါမျိုးမှာ ၆–ဒွါရ၌ ဖြစ်ပါသနည်း။

၂၄။ စက္ခုဒွါရ၌ဖြစ်သော စိတ်တို့ကို ရေတွက်ပြ၍ ယင်းစိတ်တို့၏ ယထာရဟဖြစ်ပုံကိုလည်း ပြပါ။

၂၅။ ပဉ္စဒွါရ၌ ဖြစ်သောစိတ်, မနောဒွါရ၌ ဖြစ်သောစိတ်, ဒွါရဝိမုတ်စိတ်တို့ကို အသီးအသီး ရေတွက်ပြပါ။

၂၆။ ၁–ဒွါရ၌ဖြစ်သော စိတ်တို့ကို ဖြစ်ရာဒွါရနှင့် ယှဉ်တွဲစပ်ဟပ်ပြပါ။

၂၇။ ၅–ဒွါရ၌ ဖြစ်သောစိတ်, ၆–ဒွါရ၌ ဖြစ်သောစိတ်များသည် အဘယ်ကိစ္စများ တပ်ကြပါသနည်း၊ အသီးအသီး ခွဲစိတ်ဝေဖန်ပြပါ။

၂၈။ ဒွါရဝိမုတ်စိတ်တို့ကို ရေတွက်ပြ၍ ၄င်းတို့ကို ဝေဒနာ, ဟေတု, ကိစ္စအားဖြင့် ဝေဖန်ပြပါ။

၂၉။ ဒွါရ ၆–ပါးကို ဘုံ ၃–ပါးဖြင့် ဝေဖန်ပြပါ။

၃၀။ အာရုံ ၆–ပါးကို တရားကိုယ်အရကောက်နှင့် အသီးအသီး ယှဉ်တွဲစပ်ဟပ်ပြ၍ ဇကန်သဘော, အနေကန်သဘောကိုလည်း ပြပါ။

၃၁။ (က) ကာမစသော အာရုံ ၄–မျိုး (ခ) ပစ္စုပ္ပန်စသော အာရုံ ၄–မျိုး (ဂ) အဇ္ဈတ္တစသော အာရုံ ၃–မျိုး (ဃ) ရုပ်စသော အာရုံ ၃–မျိုး (င) ပရမတ်–ပညတ်ဟူသော အာရုံ ၂–မျိုးတို့ကို တရားကိုယ်အရကောက်နှင့် အသီးအသီး ယှဉ်တွဲစပ်ဟပ်ပြပါ။

http://www.dhammadownload.com

၃၂။ အဘိညာဉ်ဒွေးမှတစ်ပါး ရူပါဝစရစိတ်နှင့် အာကာသာနဉ္စာယတနစိတ်, အာကိဉ္စညာယတနစိတ်တို့ကို အာရုံဖြစ်သော ပညတ်များနှင့် ယှဉ်တွဲစပ်ဟပ်ပြပါ။

၃၃။ (က) စက္ခုဒွါရိကစိတ် (ခ) သောတဒွါရိကစိတ် (ဂ) ဃာနဒွါရိကစိတ် (ဃ) ဇိဝှါဒွါရိကစိတ် (င) ကာယဒွါရိကစိတ်တို့သည် အဘယ်ကို အာရုံပြုကြပါသနည်း။

၃၄။ မနောဒွါရိကစိတ်တို့သည် အဘယ်အာရုံမျိုးကို အာရုံပြုကြ၍ ဒွါရဝိမုတ်စိတ်တို့သည် အဘယ်အာရုံမျိုးကို အာရုံပြုကြပါသနည်း။

၃၅။ (က) ရူပါရုံ (ခ) သဒ္ဒါရုံ (ဂ) ဂန္ဓာရုံ (ဃ) ရသာရုံ (င) ဖောဋ္ဌဗ္ဗာရုံ (စ) ဓမ္မာရုံတို့ကို ဧကန်အာရုံပြုသောစိတ်, အနေကန်အာရုံပြုသောစိတ်တို့ကို အသီးအသီး ခွဲစိတ်ဝေဖန်ပြပါ။

၃၆။ (က) ကာမ (ခ) မဟဂ္ဂုတ် (ဂ) အပ္ပမာဏ (ဃ) ပညတ်တို့ကို ဧကန်အာရုံပြုသောစိတ်, အနေကန်အာရုံပြုသောစိတ်တို့ကို အသီးအသီး ခွဲစိတ်ဝေဖန်ပြပါ။

၃၇။ (က) ပစ္စုပ္ပန် (ခ) အတိတ် (ဂ) အနာဂတ် (ဃ) ကာလဝိမုတ်တို့ကို ဧကန်အာရုံပြုသောစိတ်, အနေကန်အာရုံပြုသောစိတ်တို့ကို အသီးအသီး ခွဲစိတ်ဝေဖန်ပြပါ။

၃၈။ (က) အဇ္ဈတ္တ (ခ) ဗဟိဒ္ဓ (ဂ) အဇ္ဈတ္တဗဟိဒ္ဓဝိမုတ်တို့ကို ဧကန်အာရုံပြုသောစိတ်, အနေကန်အာရုံပြုသောစိတ်တို့ကို အသီးအသီး ခွဲစိတ်ဝေဖန်ပြပါ။

၃၉။ (က) ရုပ် (ခ) နာမ် (ဂ) ပညတ်တို့ကို ဧကန်အာရုံပြုသောစိတ်, အနေကန်အာရုံပြုသောစိတ်တို့ကို အသီးအသီး ခွဲစိတ်ဝေဖန်ပြပါ။

၄၀။ (က) ပရမတ် (ခ) ပညတ်တို့ကို ဧကန်အာရုံပြုသောစိတ်, အနေကန်အာရုံပြုသောစိတ်တို့ကို အသီးအသီး ခွဲစိတ်ဝေဖန်ပြပါ။

၄၁။ သေသာနိ ကာမာဝစရဝိပါကာနိ ။ပ။ သဗ္ဗထာပိ ကာမာဝစရာရမဏာနေဝ–၌ အာရမဏိက ဖြစ်သောတရား, အာရုံဖြစ်သော တရားတို့ကို အသီးအသီး ရေတွက်ပြပါ။

၄၂။ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမဏာနိ–အရ အာရုံတရားတို့ကို တိကျစွာ ကောက်ပြပါ။

၄၃။ အကုသိုလ်စေတသိက်နှင့် လောကီဝိရတိ ၃–ပါးတို့၏ အာရုံဖြစ်သော တရားကို အသီးအသီး ရေတွက်ပြပါ။

၄၄။ (က) ဓမ္မာရုံဧကန်–အနေကန် (ခ) မဟဂ္ဂုတ် ဧကန်–အနေကန် (ဂ) အတိတ်ဧကန်–အနေကန် (ဃ) အဇ္ဈတ္တဧကန်–အနေကန် (င) ရုပ်ဧကန်–အနေကန်ဖြစ်သောစိတ်များကို စေတသိက်ပါ ယှဉ်တွဲပြပါ။

၄၅။ (က) ပဋ္ဌဝေါကာရဘုံ၌သာဖြစ်၍ စတုဝေါကာရဘုံ၌ မဖြစ်သောစိတ် (ခ) စတုဝေါကာရဘုံ၌သာဖြစ်၍ ပဋ္ဌဝေါကာရဘုံ၌ မဖြစ်သောစိတ် (ဂ) ပဋ္ဌဝေါကာရဘုံ–စတုဝေါကာရဘုံ ၂–ပါးစုံ၌ဖြစ်သော စိတ်တို့ကို ပြပါ။

၄၆။ ရူပဘုံ၌ ဓာတ် ၄–ပါးတို့ ဝတ္ထုရုပ် ၃–ပါးကို မှီသည်ဆိုထားရာ မှီတတ်သော ဓာတ်နှင့် မှီရာဝတ္ထုတို့ကို အသီးအသီး ယှဉ်စပ်တွဲဖက်ပြပါ။

ပကိဏ်းဝိုင်း ပြီး၏။

http://www.dhammadownload.com

၄။ ဝိထိပိုင်း

ပဋိညာဉ်

၁။ ကွစ္စေဝံ–ဤဆိုအပ်ပြီးသော နည်းဖြင့်၊ စိတ္တုပ္ပာဒါနံ–စိတ် စေတသိက်တို့၏၊ ဥတ္တရံ–ကောင်းမြတ်သော၊ သင်္ဂဟံ–ပကိဏ္ဏကသင်္ဂဟကို၊ ကတွာ–ပြုစီရင်ပြီး၍၊ ဘူမိပုဂ္ဂလ ဘေဒေန–ဘူမိဘေဒ ပုဂ္ဂလဘေဒနှင့် တကွ၊ ပဗ္ဘာပရနိယာမိတံ–ရှေ့စိတ် နောက်စိတ်တို့ကို ပိုင်းခြားမှတ်သားအပ်ရာဖြစ်သော၊–

ပဋိသန္ဓိ ပဝတ္တိယံ–ပဋိသန္ဓေအခါ ပဝတ္တိအခါ၌၊ စိတ္တုပ္ပာဒါနံ–စိတ်စေတသိက်တို့၏၊ ပဝတ္တိသင်္ဂဟနာမ–ဖြစ်ပုံကိုပြ ပဝတ္တိမည်သော သင်္ဂဟကို၊ ယထာသမ္ဘဝတော–ဖြစ်သင့်သည် အားလျော်စွာ၊ သမာသေန–အကျဉ်းအားဖြင့်၊ ပဝက္ခာမိ–ဆိုပေအံ့။

ကထံ–အဘယ်သို့ဆိုအံ့နည်း?၊–

၁။ပဋိညာဉ် 'စိတ္တုပ္ပာဒါနမိစ္စေဝံ' အစရှိသော ၂–ဂါထာဖြင့် စကားစပ်နှင့် ပဋိညာဉ်ကို ပြသည်၊ ဆိုခဲ့ပြီးသော နည်းဖြင့် စိတ်, စေတသိက်တို့၏ ကောင်းမြတ်သော ပကိဏ္ဏက သင်္ဂဟကို ပြုစီရင်ပြီး၍ ဘူမိဘေဒ ပုဂ္ဂလဘေဒနှင့်တကွ စိတ်, စေတသိက်တို့၏ ဖြစ်ပုံ ဖြစ်ဟန်ကို ပြသော ပဝတ္တိသင်္ဂဟကို ဖြစ်သင့်သည်အားလျော်စွာ အကျဉ်းပြရပေတော့မည်–ဟု ဆိုလိုသည်၊ ဤပဋိညာဉ်သည် ဝိထိပိုင်း, ဝိထိမုတ်ပိုင်း ၂–ပိုင်းလုံးအတွက် ပဋိညာဉ် ဖြစ်သည်–ဟု မှတ်ပါ။

'ဘူမိဘေဒ'ဟူသည် ဝိထိပိုင်း ဆုံး ခါနီး၌ ပြထားသော ဘူမိဝိဘာဂနှင့် ဝိထိမုတ်ပိုင်းလာ ဘူမိစတုက္က–စသည်တည်း၊ 'ပုဂ္ဂလဘေဒ' ဟူသည်မှာလည်း ဝိထိပိုင်း အဆုံးနားး၌ ပြထားသော ပုဂ္ဂလဘေဒနှင့် ဝိထိမုတ်ပိုင်းလာ ပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ပြဆိုထားသော ကဏ္ဍများတည်း။

ဆိုခဲ့ပြီးသော စိတ်တို့၏ ဖြစ်ပုံ ဖြစ်ဟန်သည်လည်း "ပဋိသန္ဓေအခါ ဖြစ်ပုံ, ပဝတ္တိအခါ ဖြစ်ပုံ"ဟု နှစ်မျိုး ရှိ၏၊ ထိုတွင် ပဝတ္တိအခါဖြစ်ပုံမှာ 'ပဥ္စဒ္ဒါရာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း' စသည်ဖြင့် ဒွါရ ၆–ပါး၌ ထိုက်သည်အားလျော်စွာ ရှေ့,နောက် စီကာစဉ်ကာ ဖြစ်နေသောကြောင့် "ဝီထိ"ဟူသော အမည်ကိုရသည်၊ ထိုဝီထိကိုပြသော သင်္ဂဟကိုလည်း "ဝီထိသင်္ဂဟ" ဟူ၍ပင် ခေါ်ရသည်၊ ဤနေရာ၌ ဝီထိသဒ္ဒါသည် 'အစဉ်အတန်း'ဟူသော အနက်ကိုဟော၏။

http://www.dhammadownload.com

ဆဆက္ကမာတိကာ

၂။ ဆ– ဖ–ပါးကုန်သော၊ ဝတ္ထုနှိ–ဝတ္ထုတို့လည်းကောင်း၊ ဆ– ဖ–ပါးကုန်သော၊ ဒွါရာနိ–ဒွါရတို့လည်းကောင်း၊ ဆ– ဖ–ပါးကုန်သော၊ အာရမ္မဏာနိ–အာရုံတို့လည်းကောင်း၊ ဆ– ဖ–ပါးကုန်သော၊ ဝိညာဏာနိ–ဝိညာဉ်တို့လည်းကောင်း၊ ဆ– ဖ–ပါးကုန်သော၊ ဝီထိယော–ဝီထိတို့လည်းကောင်း၊ ဆဓာ– ဖ–ပါးပြားသော၊ ဝိသယပ္ပဝတ္တိစ–ဝိသယပ္ပဝတ္တိ လည်းကောင်း၊ ဣတိ–သို့၊ ဝီထိသင်္ဂဟေ–၌၊ ဆ–ကုန်သော၊ ဆက္ကာနိ–ဆက္ကတို့ကို၊ ဝေဒိတဗ္ဗာနိ–သိထိုက်ကုန်၏။

အမှာစကား

၃။ ပန–ဆက်ဦးအံ့၊ ဝီထိမုတ္တာနံ–ဝီထိမုတ်စိတ်တို့၏၊ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ ဝသေန–ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့၏ အပြားအားဖြင့်၊ ဝိသယပ္ပဝတ္တိ–အာရုံတို့၏ ဖြစ်ခြင်းသည်၊ တိဝိဓာ– ၃–ပါးအပြားရှိသည်၊ ဟောတိ–ဖြစ်၏။

ပဋိသန္ဓေ(ဘဝင်, စုတိ)အခါ ဖြစ်ပုံမှာကား စိတ်တစ်မျိုးတည်းသာ ဖြစ်သောကြောင့် လည်းကောင်း, ဒွါရ၌မဖြစ်သောကြောင့်လည်းကောင်း "ဝီထိမုတ္တ"ဟူသော အမည်ကို ရသည်၊ ထိုဝီထိမုတ်စိတ်များကို ပြရာသင်္ဂဟကိုလည်း "ဝီထိမုတ္တသင်္ဂဟ"ဟူ၍ပင် ခေါ်ရသည်။ (ဝီထိ–ဝီထိမှ+မုတ္တ–အလွတ်ဖြစ်သောစိတ်များ။)

အဘိဓမ္မာအလိုအားဖြင့် ပဋိသန္ဓေစိတ် (စေတသိက်, ကမ္မဇရုပ်)တို့၏ ဥပါဒ်ခဏကိုသာ "ပဋိသန္ဓေ"ဟု ခေါ်သည်၊ ပဋိသန္ဓေစိတ် (စေတသိက်, ကမ္မဇရုပ်)များ ဥပါဒ်ပြီးသည့်နောက် ဌီခဏမှစ၍ အမိဝမ်းထဲ အောင်းနေဆဲပင် ဖြစ်စေကာမူ "ပဝတ္တိ"ဟုသာ ခေါ်ရတော့သည်။

ဆက္က

၂။ 'ဆဝတ္ထုနှိ' အစရှိသော စကားရပ်ဖြင့် ဝီထိပိုင်း၌ အရေးတကြီး သိနားလည်ထားရမည့် ဆက္က ဖ–ပါးတို့ကို အကျဉ်းညွှန်ပြသည်။

ထိုထိုဝီထိ၌ ပါဝင်သမျှသော စိတ်တို့၏ "မိုရာဝတ္ထု, ဖြစ်ရာဒွါရ, စွဲမိုအပ်သောအာရုံ, မှတ်သားကြောင်းဝိညာဉ်, ဝီထိတို့၏အမည်, အာရုံထင်လာပုံ"ဟူသော ဖ–ချက်တို့ကို စေ့စုံအောင် သိနားလည်မှသာ"ဝီထိနှင့်စပ်၍ အကုန်နားလည်သည်"ဟု ဆိုသင့်သည်၊ ထို့ကြောင့် ဝတ္ထုဆက္က စသော ဆက္က ဖ–ပါးတို့ကို ဦးစွာ လေ့လာထားရမည်၊ နားလည်စေရမည်–ဟု ဆိုလိုသည်။ (ဆက္က= ဖ–ခုတို့၏ အပေါင်း။)

၃။ 'ဝီထိမုတ္တာနံ ပန' စသောစကားရပ်ဖြင့် ဝီထိမုတ်စိတ်တို့၏ဝိသယပ္ပဝတ္တိကို ပြသည်။

("ပဋိသန္ဓေ, ဘဝင်, စုတိ"ဟုဆိုအပ်သော) ဝီထိမုတ်စိတ်တို့မှာ "ကံ, ကမ္မနိမိတ်, ဂတိနိမိတ်"ဟု ဝိသယပ္ပဝတ္တိ ၃–မျိုးသာ ရှိသည်၊ ဝီထိစိတ်တို့မှာကဲ့သို့ ဖ–မျိုး မရှိပါ–ဟု ဆိုလိုသည်။

http://www.dhammadownload.com

၄။ တတ္ထ–ထို ဖ–ပါးသော ဆက္ကတို့တွင်၊ ဝတ္ထုဒွါရာရမဏာနိ–ဝတ္ထုဆက္က, ဒွါရဆက္က, အာရမဏဆက္ကတို့သည်၊ ပုဗ္ဗေ–ရှေ့ပကိဏ္ဏက သင်္ဂဟ၌၊ ဝုတ္တနယာနေဝ–ဆိုအပ်ပြီးသော နည်းရှိကုန်သည်သာတည်း။

ဝိညာဏဆက္က

၅။ စက္ခုဝိညာဏံ–စက္ခုဝိညာဉ်လည်းကောင်း၊ သောတဝိညာဏံ–လည်းကောင်း၊ ဃာနဝိညာဏံ–လည်းကောင်း၊ ဇိဝှါဝိညာဏံ–လည်းကောင်း၊ ကာယဝိညာဏံ–လည်းကောင်း၊ မနောဝိညာဏံ–မနောဝိညာဉ်လည်းကောင်း၊ ဣတိ–သို့၊ ဆ– ဖ–ပါးကုန်သော၊ ဝိညာဏာနိ–ဝိညာဉ်တို့ကို၊ ဧဝဒိတဗ္ဗာနိ–သိထိုက်ကုန်၏။

ဝိထိဆက္က

၆။ ပန–ကား၊ စက္ခုဒွါရဝီထိ–စက္ခုဒွါရဝီထိလည်းကောင်း၊ သောတဒွါရဝီထိ–လည်းကောင်း၊ ဃာနဒွါရဝီထိ–လည်းကောင်း၊ ဇိဝှါဒွါရဝီထိ–လည်းကောင်း၊ ကာယဒွါရဝီထိ–လည်းကောင်း၊ မနောဒွါရဝီထိ–လည်းကောင်း၊ ဣတိ–သို့၊ ဒွါရဝသေနဝါ–ဒွါရနှင့် စပ်သဖြင့်လည်းကောင်း၊ စက္ခုဝိညာဏဝီထိ–စက္ခုဝိညာဏဝီထိလည်းကောင်း၊ သောတ

၄။ 'တတ္ထ ဝတ္ထုဒွါရာရမဏာနိ' အစရှိသော စကားရပ်ဖြင့် ဝတ္ထုဆက္က, ဒွါရဆက္က, အာရမဏဆက္ကတို့ကို ပကိဏ္ဏကသင်္ဂဟ၌ ပြဆိုထားခဲ့ပါပြီ၊ ယင်းဆိုအပ်ပြီးသည့် အတိုင်းပင် မှတ်သိကြပါတော့၊ ဤ၌ အကျယ်မပြတော့ပါ–ဟု ဆိုခဲ့ပြီးသည်ကို ပြန်ညွှန်းသည်။

ယင်းသို့ ပကိဏ္ဏကသင်္ဂဟက ပြပြီးဖြစ်စေကာမူ ဝိထိပိုင်း၌ အရေးတကြီး နားလည်ရမည့် ဆက္က ဖ–မျိုးတို့ကို စာသင်သားတို့ အမှတ်ရလွယ်ကူစေရန် ရည်သန်၍ အပြည့်အစုံ တပေါင်းတည်း ထုတ်ပြလိုသောကြောင့် ဤဆက္က ၃–ပါးကို ထပ်ပြရသည်။

ဆောင်။ ။ ဝိထိပိုင်းမှာ, အရေးပါသည့်, ခြောက်ဖြာဆက္က, နားလည်ကြရန်, ကျိုးရည်သန်, သုံးတန်ဆက္က ထပ်၍ပြ။

တစ်နည်း။ ။ ရေးကြီးရယ်တဲ့ ခွင့်ကျယ်၊
ဝိထိဝယ်–နားလည်ရမယ်၊ ဆက္က ခြောက်သွယ်၊
ပေါင်းရောရု–သောတုငယ်၊ မှတ်လွယ်စေ အရေး၊
ထောက်ထားကာ–သုံးဆက္ကကို၊ ထပ်ပြရသေး။

၅။ 'စက္ခုဝိညာဏံ' စသော စကားရပ်ဖြင့် ဆဝိညာဏာနိအရ အကျယ်ပြသည်၊ ထိုတွင် စက္ခုဝိညာဉ်စသည်တို့မှာ ဒွေးပဉ္စဝိညာဉ် ၁၀–တို့ပင် ဖြစ်ကြသည်၊ 'မနော ဝိညာဉ်'ဟူသည်မှာကား ဒွေးပဉ္စဝိညာဉ် ၁၀–မှ တစ်ပါးသောစိတ် အားလုံးပင်တည်း။

၆။ 'ဆ ဝီထိယော ပန' စသည်ဖြင့် ဆ ဝီထိယော–အရ အကျယ်ပြသည်၊ ဝီထိများကို "စက္ခုဒွါရဝီထိ, ။ ပ ။ မနောဒွါရဝီထိ"ဟု ဒွါရနှင့်စပ်၍လည်း အမည်ပေးနိုင်သည်၊ စက္ခုဝိညာဏ ဝီထိ, ။ ပ ။ မနောဝိညာဏဝီထိ"ဟုဝိညာဉ်နှင့်စပ်၍လည်း အမည်ပေးနိုင်သည်–ဟု ဆိုလိုသည်။

http://www.dhammadownload.com

ဝိညာဏဝီထိ-လည်းကောင်း၊ ဃာနဝိညာဏဝီထိ-လည်းကောင်း၊ ဇိဝှါဝိညာဏဝီထိ-လည်းကောင်း၊ ကာယဝိညာဏဝီထိ-လည်းကောင်း၊ မနောဝိညာဏဝီထိစ-လည်းကောင်း၊ ကြတိ-သို့၊ ဝိညာဏဝေသနဝါ-ဝိညာဉ်နှင့် စပ်သဖြင့်လည်းကောင်း၊ ဒွါရပ္ပဝတ္တာ-ဒွါရ၌ဖြစ်ကုန်သော၊ စိတ္တပ္ပဝတ္တိယော-စိတ်တို့၏ ဖြစ်ခြင်းဟူကုန်သော၊ ဆ- ၆-ပါး ကုန်သော၊ ဝီထိယော-ဝီထိတို့ကို၊ ယောဇေတဗ္ဗာ-ယှဉ်စေထိုက်ကုန်၏။

ဝိသယပ္ပဝတ္တိ ဆက္က

၇။ ပဉ္စဒွါရေ-ပဉ္စဒွါရ၌၊ အတိမဟန္တံ-အလွန်များသော စိတ္တက္ခဏရှိသော အာရုံလည်းကောင်း၊ မဟန္တံ-များသော စိတ္တက္ခဏရှိသော အာရုံလည်းကောင်း၊ ပရိတ္တံ-နည်းသော စိတ္တက္ခဏရှိသော အာရုံလည်းကောင်း၊ အတိပရိတ္တံ-အလွန်နည်းသော စိတ္တက္ခဏရှိသော အာရုံလည်းကောင်း၊ ကြတိ-ဤသို့လည်းကောင်း၊ မနောဒွါရေ ပန-မနောဒွါရ၌ကား၊ ဝိဘူတံ-ထင်ရှားသောအာရုံလည်းကောင်း၊ အဝိဘူတဉ္စ-မထင်ရှားသော အာရုံလည်းကောင်း၊ ကြတိ-ဤသို့လည်းကောင်း၊ ဆဓာ- ၆-ပါးပြားသော၊ ဝိသယပ္ပဝတ္တိ-အာရုံတို့၏ ဖြစ်ခြင်းကို၊ ဝေဒိတဗ္ဗာ-သိထိုက်၏။

စိတ်သက်နှင့် ရုပ်သက်

၈။ ကထံ-ဝိသယပ္ပဝတ္တိ ၆-ပါး အဘယ်သို့ ပြားသနည်း?။

ယင်းစကားရပ်၌ပါသော ဒွါရပ္ပဝတ္တာ စိတ္တပ္ပဝတ္တိယော-ဖြင့် ထိုထိုဒွါရ၌ ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း-စသောစိတ်တို့၏ ရှေ့,နောက်အစဉ်အားဖြင့် ဖြစ်ခြင်းကိုပင် "ဝီထိ"ဟု ခေါ်သည်-ဟူသော သဘောကိုလည်းပြသည်။

၇။ 'အတိမဟန္တံ'စသော စကားရပ်ဖြင့် ဆဓာ ဝိသယပ္ပဝတ္တိ-၏အရ အကျယ်ပြသည်၊ ယင်းဝိသယပ္ပဝတ္တိသည်-

၁။ အတိမဟန္တ= (အာရုံထင်လာသည့် ခဏမှ စ၍ ချုပ်သည့် ခဏတိုင်အောင် ရေတွက်ပါလျှင်) အလွန်များသော စိတ္တက္ခဏရှိသော အာရုံ၊

၂။ မဟန္တ= (..... ....)များသော စိတ္တက္ခဏရှိသော အာရုံ၊

၃။ ပရိတ္တ= (..... ....) နည်းသော စိတ္တက္ခဏရှိသော အာရုံ၊

၄။ အတိပရိတ္တ= (..... ....)အလွန်နည်းသော စိတ္တက္ခဏရှိသော အာရုံ၊

ဤသို့ ပဉ္စဒွါရ၌ ၄-ပါး။

၅။ ဝိဘူတ= ထင်ရှားသော အာရုံ၊

၆။ အဝိဘူတ= မထင်ရှားသော အာရုံ၊

ဤသို့ မနောဒွါရ၌ ၂-ပါး၊ ပေါင်း ၆-ပါးရှိသည်။

ဖြစ်ပေါ်လာသော, ထင်လာသော အာရုံမှတစ်ပါး အာရုံ၏ဖြစ်ခြင်း, ထင်လာခြင်းဟူ၍ မရှိ၊ ထို့ကြောင့် ဝိသယပ္ပဝတ္တိအရ အတိမဟန္တစသော အာရုံများကိုပင် ထုတ်ပြရသည်။

၈။ 'ဥပ္ပာဒဋ္ဌိတိ ။ ပ ။ မာယု'ဟူသောစကားရပ်ဖြင့် နာမ်သက်နှင့်ရုပ်သက်တို့ကို ပြသည်။

http://www.dhammadownload.com

ဥပ္ပာဒ ဠိတိ ဘင်္ဂဝသေန–ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏတို့၏ အပြားအားဖြင့်၊ ခဏတ္တယံ–ခဏငယ် ၃–ခုတို့၏ အပေါင်းသည်၊ ဧကစိတ္တက္ခဏနာမ–တစ်ခုသော စိတ္တက္ခဏမည်၏။

၉။ ပန–ကား၊ သတ္တရသ– ၁၇–ချက်ကုန်သော၊ တာနိ စိတ္တက္ခဏာနိ–ထိုစိတ္တက္ခဏတို့သည်၊ ရူပဓမ္မာနံ–(ဝိညတ်ဒွေး လက္ခဏရုပ် ၄–ခုမှတစ်ပါး ၂၂–ပါးသော) ရုပ်တရားတို့၏၊ အာယု–အသက်ရှည်ရာ:ကာလတည်း။

စိတ်သက်

၁။ ဥပ္ပာဒ= ဥပါဒ် (ဖြစ်ပေါ်လာမှု)၊ ဥပါဒ်ခဏ= ဖြစ်ရာကာလ၊
၂။ ဌီတိ= ဌီ (ဖြစ်ပြီးသည့်နောက် တည်နေမှု)၊ ဌီခဏ= တည်နေရာကာလ၊
၃။ ဘင်္ဂ= ဘင် (ပျက်စီးချုပ်ပျောက်မှု)၊ ဘင်ခဏ= ပျက်ရာကာလ၊

ဤသို့ စိတ်တစ်ခုတစ်ခုခု၌ "ဥပါဒ်, ဌီ, ဘင်= ဖြစ်, တည်, ပျက်"ဟု အခိုက်အတန့် ၃–ခု, ခဏငယ် ၃–ခု ရှိကြသည်။

အတိုဆုံးသော အချိန်ကာလကလေးကိုပင် "ခဏငယ်"ဟု ဆိုရသည်၊ ထိုခဏငယ် ၃–ခုအပေါင်းသည် 'စိတ္တက္ခဏတစ်ခု"မည်၏၊ ယင်းစိတ္တက္ခဏကို "ခဏကြီး"ဟုလည်း ခေါ်ကြသည်၊ "မျက်စိတစ်မှိတ်ခန့် ကာလအတွင်း၌ ဥပါဒ်, ဌီ, ဘင်နှင့်ပြည့်စုံသော စိတ်ပေါင်း ကုဋေတစ်သိန်းမက ရှေ့,နောက်ဆက်ကာ ဖြစ်,ပျက်နိုင်သည်"ဟု အဆိုရှိသည်။

ရုပ်သက်

၉။ ရုပ်တရားတို့သည် စိတ္တက္ခဏ ၁၇–ချက်ကြာအောင် အသက်ရှည်ကြသည်၊ ရုပ်၏ အသက်သည် စိတ်၏အသက် ၁၇–ချက်နှင့် ညီမျှသည်။

ယင်းရုပ်တရားများမှာလည်း"ဥပါဒ်, ဌီ, ဘင်"ဟု ခဏ ၃–မျိုး ရှိပြန်သည်၊ ထိုတွင် ရုပ်တို့၏ ဥပါဒ်ခဏနှင့် စိတ်၏ ဥပါဒ်ခဏသည်လည်းကောင်း, ရုပ်၏ ဘင်ခဏနှင့် စိတ်၏ ဘင်ခဏသည်လည်းကောင်း တန်းတူညီမျှ ဖြစ်သည်၊ ဖြစ်ပြီးသည့်နောက် မချုပ်သေးဘဲ တည်နေရာ (ရုပ်၏) ဌီခဏကသာ ရှည်ကြာသည်၊ စိတ္တက္ခဏ ၁၆–ချက်နှင့် ခဏငယ်တစ်ချက်ခန့် ကြာသည်၊ ခဏငယ်သက်သက်ဖြင့် ရေတွက်ပါလျှင် (၁၆x၃+၁=) ၄၉–ချက်ခန့် ကြာသည်၊ ထို့ကြောင့် –

ရုပ်တရားသည် ခဏငယ် { ၁+ ၄၉ + ၁ / ၃+ ဌီ + ဘင် } = ၅၁–ချက်ခန့် ကြာအောင် အသက်ရှည်သည်–ဟု မှတ်ပါ။

သတ္တဝါတို့၏ သန္တာန်၌ အများအားဖြင့် စိတ်တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ ဖြစ်နေတတ်သည်၊ ထိုစိတ်များသည် ဝိထိစိတ်သော်လည်း ဖြစ်နိုင်သည်၊ ဝိထိစိတ်မဟုတ်က ဘဝင်စိတ်သော်လည်း ဖြစ်နိုင်သည်၊ အိပ်ပျော်နေစဉ်စသော အခါများမှာ ဘဝင်စိတ်ချည်း ဖြစ်နေတတ်သည်၊ ယင်းသို့ ဘဝင်စိတ်ဖြစ်နေသည့်အခါမှာ ထွေထွေထူးထူး ဘာကိုမျှ မသိနိုင်ပါ၊

http://www.dhammadownload.com

ပဋ္ဌာနရဝီထိ

၁၀။ ဧကစိတ္တက္ခဏာတီတာနိ–တစ်ခုသော စိတ္တက္ခဏကို လွန်ကုန်သည်၊ ဟုတ္တာဝါ–ဖြစ်ကုန်၍သော်လည်းကောင်း၊ ဗဟုစိတ္တက္ခဏာတီတာနိ–များသော စိတ္တက္ခဏကိုလွန်ကုန်သည်၊ ဟုတ္တာဝါ–ဖြစ်ကုန်၍သော်လည်းကောင်း၊ ဌိတိပ္ပတ္တာနေဝ–ဌိခဏသို့ရောက်ကုန်သည် ဖြစ်၍သာလျှင်၊ ပဋ္ဌာရမဏာနိ– ၅–ပါးသောအာရုံတို့သည်၊ ပဋ္ဌဒွါရေ–၅–ဒွါရ၌၊ အာပါတံ–ရှေ့ရှုကျခြင်းသို့၊ ဝါ–ထင်ခြင်းသို့၊ အာဂစ္ဆန္တိ–ရောက်ကုန်၏။

အခြားမဲ့ လွန်ခဲ့ပြီးသော ဘဝဟောင်းက မရဏာသန္နဇော ယူပေးအပ်သော 'ကံ, ကမ္မနိမိတ်, ဂတိနိမိတ်' ၃–ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဖြစ်နေသည်၊ ယင်းဘဝင်စိတ်တို့၏ အကြားအကြား၌ ထင်လာသော အာရုံသစ်ကို စွဲ၍ စိတ်အစဉ် တစ်မျိုးမျိုး ဖြစ်ပေါ်လာတတ်သည်၊ ထိုသို့ ဖြစ်ပေါ်လာမှုကိုပင် "ဝီထိကျသည်"ဟု ခေါ်သည်၊ ဝီထိစိတ်အစဉ် ကုန်သောအခါ ဘဝင်ကျမြဲ ကျပြန်တော့သည်။

ဤသို့လျှင် ဘဝင်တို့၏ အကြားအကြား၌ ထင်လာသောအာရုံသည် ရူပါရုံစသော ရုပ်အာရုံမျိုး ဖြစ်ခဲ့ပါလျှင် ဥပါဒ်ရာအခါ ထင်ရာအခါ ချုပ်ရာအခါတို့ကို စိတ္တက္ခဏဖြင့် သတ်မှတ်ရေတွက်ပြရလိမ့်မည်၊ ထို့ကြောင့် နာမ်သက်နှင့် ရုပ်သက်တို့ကို ကြိုတင်ပြဆိုထားခဲ့ရပေသည်။

၁၀။ 'ဧကစိတ္တက္ခဏာတီတာနိ ဝါ ။ ပ ။ အာပါတမာဂစ္ဆန္တိ'ဖြင့် အာရုံ ၅–ပါး ထင်လာတတ်ပုံ သဘာဝကိုပြသည်။

အနည်းဆုံး စိတ္တက္ခဏတစ်ချက်ကို လွန်ပြီး၍ ဌိသို့ ရောက်မှသာ, သို့မဟုတ် များစွာသော စိတ္တက္ခဏတို့ကို လွန်ပြီး၍ ဌိသို့ ရောက်မှသာ ပဋ္ဌာရုံတို့သည် ပဋ္ဌဒွါရ၌ ထင်လာနိုင်ကြသည်။

ရူပါရုံသည် စက္ခဒွါရ၌, သဒ္ဒါရုံသည် သောတဒွါရ၌, ဂန္ဓာရုံသည် ဃာနဒွါရ၌, ရသာရုံသည် ဇိဝှါဒွါရ၌, ဖောဋ္ဌဗ္ဗာရုံသည် ကာယဒွါရ၌ထင်လာသည်၊ ဤသို့ အသီးအသီး စပ်ဟပ်ယူပါ။

ရူပါရုံစသောအာရုံ ၅–ပါးသည် စက္ခုပသာဒစသော ၅–ဒွါရ၌ထင်လာသောအခါ ဥပါဒ်လျှင် ဥပါဒ်ချင်း မထင်နိုင်သေးပါ၊ ရုပ်တို့မည်သည် ဌိခဏ၌သာ အားရှိကြသည်၊ ထို့ကြောင့် အားအကောင်းဆုံး အာရုံသည် အကြည်လင်ဆုံး ပသာဒမှာ ထင်လာရသော်လည်း အနည်းဆုံး စိတ္တက္ခဏတစ်ချက်ခန့်လွန်ပြီး၍ ဌိသို့ရောက်မှသာ ထင်လာနိုင်ပါသည်။

၁။	စက္ခုပသာဒ	ရူပါရုံ	အာလောက	မနသိကာရ၊
၂။	သောတပသာဒ	သဒ္ဒါရုံ	အာကာသ	မနသိကာရ၊
၃။	ဃာနပသာဒ	ဂန္ဓာရုံ	ဝါယောဓာတ်	မနသိကာရ၊
၄။	ဇိဝှါပသာဒ	ရသာရုံ	အာပေါဓာတ်	မနသိကာရ၊
၅။	ကာယပသာဒ	ဖောဋ္ဌဗ္ဗာရုံ	ပထဝီဓာတ်	မနသိကာရ။

http://www.dhammadownload.com

စက္ခုဒွါရိက အတိမဟန္တာရုံ ဝိဘင်

တသ္မာ–ထို့ကြောင့်၊ ဧကစိတ္တက္ခဏာတီတံ–လွန်ပြီးသော တစ်ခုသော စိတ္တက္ခဏ ရှိသော၊ ရူပါရမဏ်–ရူပါရုံသည်၊ စက္ခုဿ–စက္ခုပသာဒ၏၊ ဝါ–သို့၊ အာပါတံ–ရှေ့ရှုကျခြင်းသို့၊ ဝါ–ထင်ခြင်းသို့၊ ယဒိ အာဂစ္ဆတိ–အကယ်၍ ရောက်လာအံ့၊ တတော–ထိုသို့ ထင်လာသည်ရှိသော်၊ ဝါ–ထိုသို့ ထင်လာခြင်းကြောင့်၊ ဒွိက္ခတ္တုံ– ၂–ကြိမ်၊ ဘဝင်္ဂေ–ဘဝင်သည်၊ စလိတေ–လှုပ်ပြီးလတ်သော်၊ ဘဝင်္ဂသောတံ–ဘဝင်အလျဉ်ကို၊ ဝေါစ္ဆိန္ဒိတွာ–ဖြတ်၍၊ တမေဝရူပါရမဏ်–ထိုရူပါရုံကိုပင်၊ အာဝဇ္ဇန်တော–ဆင်ခြင်သကဲ့သို့ ဖြစ်သော၊ ပဋ္ဌဒွါရာဝဇ္ဇနစိတ္တံ–ပဋ္ဌဒွါရာဝဇ္ဇန်းစိတ်သည်၊ ဥပ္ပဇ္ဇိတွာ–ဖြစ်ပြီး၍၊ နိရုဇ္ဈတိ–ချုပ်ပျက်၏။

အဆိုပါ ပဋ္ဌဝိညာဉ်၏ ဖြစ်ကြောင်းတရား ၄–ပါး ၄–ပါးတို့တွင် ပသာဒကသော်လည်းကောင်း, အာရုံကသော်လည်းကောင်း, လင်း–အာကာ–ဝါ–အာ–ပတို့ကသော်လည်းကောင်း တစ်ပါးပါးက အားသေးညံ့ဖျင်း ချို့ယွင်းနေခဲ့ပါလျှင် စိတ္တက္ခဏ၂–ချက်ခန့်မှစ၍ ၁၅–ချက်ခန့်တိုင်အောင် လွန်ပြီးနောက် ဌီသို့ အတော်ကြာ ရောက်ပြီးမှသာ ထင်လာနိုင်ပါသည်။

ဆောင်း။ ။ပသာဒ အာ, အာလောကာသ, ဝါ အာ ပ–ကို, စဉ်ကျယူငင်, နောက်ဆုံးတွင်, ပါဝင် မနသိ။

တစ်နည်း။ ။ပသာဒ၊ အာရမဏ တွဲယှဉ်၊
'လင်း အာကာ' ဝါ အာ ပ'တို့ကို၊ စဉ်ကျ ယူငင်၊
မနသိ–နောက်ဆုံးတွင်၊ သီးသီးပင် ယှဉ်စပ်၊
ပဉ်ဝိညာဏ်–ဖြစ်ရန်ကြောင်းငယ်၊ စုပေါင်း ယူမှတ်။

'တသ္မာ'စသော စကားရပ်ဖြင့် စက္ခုဒွါရိက အတိမဟန္တာရုံဝိထိ ဖြစ်ပုံကိုပြသည်။

ထိုသို့ ပဋ္ဌာရုံတို့သည် ဥပါဒ်ပြီးသည့်နောက် စိတ္တက္ခဏ တစ်ချက်ခန့် လွန်ပြီးမှဖြစ်စေ, များစွာသော စိတ္တက္ခဏကို လွန်ပြီးမှဖြစ်စေ ပဋ္ဌဒွါရမှာ ထင်လာတတ်သည့်အတွက် ရူပါရုံသည် ဥပါဒ်ပြီးနောက် စိတ္တက္ခဏတစ်ချက်ခန့်ကို လွန်ပြီးမှ စက္ခုဒွါရမှာ ထင်လာခဲ့ပါလျှင် ထိုသို့ ရူပါရုံထင်လာမှုကြောင့် ဘဝင် ၂–ကြိမ် လှုပ်ရသည်၊ ထို့နောက် ဘဝင်အစဉ်ကို ဖြတ်လျက် ရူပါရုံကို ဆင်ခြင်သကဲ့သို့ဖြစ်သော ပဋ္ဌဒွါရာဝဇ္ဇန်းစိတ် ဖြစ်၍ချုပ်သည်။

အဆိုပါ စကားများအရ "ရူပါရုံသည် စက္ခုပသာဒမှာ ထင်လာသည့်အခါ စိတ္တက္ခဏ တစ်ချက်ခန့်ကာလကို လွန်ခဲ့ပြီ"ဟု မှတ်ပါ၊ ထိုလွန်ခဲ့ရာကာလ၌ ဖြစ်သော ဘဝင်စိတ်ကို "အတီတဘဝင်"ဟုခေါ်သည်။ (အတီတ–အာရုံထင်လာရာကာလကို ထောက်၍ လွန်ခဲ့ပြီးသော+ဘဝင်္ဂ်–ဘဝင်။)

ထို့ပြင် ဘဝင်စိတ်သည် "ကံ, ကမ္မနိမိတ်, ဂတိနိမိတ်" ၃–ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုနေစဉ်ထင်လာသော အာရုံသစ်ကြောင့် ယူနေဆဲအာရုံကို စွဲမြဲစွာလည်းမယူနိုင်၊ လွတ်လည်း

http://www.dhammadownload.com

တတော–ထိုသို့ ပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ် ချုပ်ခြင်းကြောင့်၊ တဿ–ထိုပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ်၏၊ အနန္တရံ–အခြားမဲ့၌၊ တမေဝရူပံ–ထိုရူပါရုံကိုပင်၊ ပဿန္တံ–မြင်တတ်သော၊ စက္ခုဝိညာဏံ–စက္ခုဝိညာဉ်စိတ်လည်းကောင်း၊ သမ္မဋ္ဌံ ဆန္တံ–ခံယူသကဲ့သို့ဖြစ်သော၊ သမ္မဋ္ဌံ ဆန္တစိတ္တံ–သမ္မဋ္ဌံဆိုင်းစိတ်လည်းကောင်း၊ သန္တီရယမာနံ–စုံစမ်းသကဲ့သို့ဖြစ်သော၊ သန္တီရဏစိတ္တံ–သန္တီရဏစိတ်လည်းကောင်း၊ ဝဝတ္ထပေန္တံ–ပိုင်းခြားသတ်မှတ် ဆုံးဖြတ်သကဲ့သို့ဖြစ်သော၊ ဝေါဋ္ဌဗ္ဗနစိတ္တဉ္စ–ဝုဋ္ဌေစိတ်လည်းကောင်း၊ ဣတိ–ဤစိတ်တို့သည်၊ ယထာဂ္ကမံ–အစဉ်အားလျော်စွာ၊ ဥပ္ပဇ္ဇိတ္ဝာ–ဖြစ်ကုန်ပြီး၍၊ နိရုဇ္ဈန္တိ–ချုပ်ပျက်ကုန်၏။

တတော–ထိုဝုဋ္ဌေစိတ်မှ၊ ပရံ–နောက်၌၊ ဇကူနတ္တိ˙သကာမာဝစရဇဝနေသု–တစ်ခုယုတ်သုံးဆယ်သော ကာမာဝစရဇောတို့တွင်၊ ယံကိဉ္စိ–အမှတ်မထား တစ်ပါးပါးသော ဇောသည်၊ လဒ္ဓပစ္စယံ–ရအပ်သော ယောနိသောမနသိကာရစသော အကြောင်းရှိသည်ဖြစ်၍၊ ယေဘုယ္ယေန–များသောအားဖြင့်၊ သတ္တက္ခတ္တုံ– ၇–ကြိမ်၊ ဇဝတိ–စေား၏။

မလွတ်နိုင်ဘဲ ပင်ကိုယ်သဘောမှ ဖောက်ပြား၍ ၂–ကြိမ်တိုင်လှုပ်ချောက်ချားမှုကိုပင် "ဘဝင်စလန–ဘဝင်လှုပ်သည်"ဟု ခေါ်ရသည်။

သို့သော်ဒုတိယဘဝင်စလနကို ဘဝင်အစဉ်ပြတ်သောကြောင့် "ဘဝင်ုပေဒ္ဆေဒ"ဟု နောက်ဆရာတို့ နာမည်တပ်ကြသည်။ (ဥပဒ္ဆေဒ–ပြတ်စဲသော+ဘဝင်–ဘဝင်။)

ဆောင်။ ။ အာရုံထင်ကာ, ကျော်လွန်လာသည့်, ထိုခါဖြစ်ပွား, ဘဝင်များ, မည်ငြားအတိတ။
သဘာဝမှ, နှစ်ကြိမ်မျှပင်, ယွင်းခွဖောက်ပြား, လှုပ်ချောက်ချား, မှတ်သားစလန။

တစ်နည်း။ ။ အာရုံသစ်၊ ထင်ရာစစ် သေချာ၊
လွန်ခဲ့လျှင်–ဘဝင်များကို၊ မှတ်သား တိတာ၊
အာရုံသစ်–ထင်သည့်ခါ၊ သဘာဝါ ဖောက်ပြား၊
နှစ်ကြိမ်တိုင်–စလနငယ်၊ လှုပ်ရ ချောက်ချား။

ထိုပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ် ချုပ်ခြင်းကြောင့် ပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ်၏ အခြားမဲ့၌ ထိုရူပါရုံကို မြင်တတ်သော စက္ခုဝိညာဉ်စိတ်, ခံယူသကဲ့သို့ဖြစ်သော သမ္မဋ္ဌံဆိုင်းစိတ်, စုံစမ်းသကဲ့သို့ဖြစ်သော သန္တီရဏစိတ်, "ရူပါရုံပါပဲ"ဟု ဆုံးဖြတ်သကဲ့သို့ဖြစ်သော ဝုဋ္ဌေစိတ်တို့သည် အစဉ်အတိုင်းဖြစ်၍ ချုပ်သွားကြသည်၊ ဝုဋ္ဌေစိတ် ချုပ်ပြီးသည့်နောက် ကာမဇော တစ်ခုယုတ်သုံးဆယ်တို့တွင် တစ်ပါးပါးသော ဇောသည် အကြောင်းအားလျော်စွာ အများအားဖြင့် ၇–ကြိမ်စောသည်။

လဒ္ဓပစ္စယ မှန်၏–အသင့်အတင့် နှလုံးသွင်းမှု ယောနိသော မနသိကာရအကြောင်းရှိလျှင် ကုသိုလ်ဇော တစ်ပါးပါး စောသည်၊ မသင့်မတင့် နှလုံးသွင်းမှု အယောနိသော မနသိကာရ အကြောင်းရှိလျှင် အကုသိုလ်ဇော တစ်ပါးပါး စောသည်၊ အနုသယကင်းသော

http://www.dhammadownload.com

ဇဝနာနုဗန္ဓာနိ–ဇောသို့ အစဉ်လိုက်ကုန်သော၊ ဒွေ–နှစ်ကြိမ်ကုန်သော၊ တဒါရမဏာ ပါကာနိစ–တဒါရုံဝိပါက်စိတ်တို့သည်လည်း၊ ယထာရဟံ–ထိုက်သည်အားလျော်စွာ၊ ပဝတ္တန္တိ–ဖြစ်ကုန်၏၊ တတော–ထိုဒုတိယတဒါရုံမှ၊ ပရံ–နောက်၌၊ ဘဝင်္ဂပါတော–ဘဝင်ကျခြင်းသည်၊ ဟောတိ–ဖြစ်၏။

၁၁။ ဇတ္တာဝတာ–ဤမျှအတိုင်းအရှည်ရှိသောအစဉ်ဖြင့်၊ စုဒ္ဒသ–၁၄–ကြိမ်ကုန်သော၊ ဝီထိစိတ္တုပ္ပာဒါ–ဝီထိစိတ္တုပ္ပာဒ်တို့လည်းကောင်း၊ ဒွေ–၂–ကြိမ်ကုန်သော၊ ဘဝင်္ဂစလနာနိ–

ရဟန္တာသန္တာန်၌ဖြစ်လျှင် ကြီယာဇောတစ်ပါးပါးစောသည်၊ ဤသို့ဖြစ်ရသည်ကိုပင် "အကြောင်းအားလျော်စွာ စောသည်"ဟု ဆိုရပါသည်။

ဆောင်။　။ ယောနိ အယောနိ, အကြောင်းရှိက, စောဘိကုသိုလ်, အကုသိုလ်တည်း၊ ထိုထိုနုသယ, ကင်းစင်ကြသည့်, အရဟန္တာ, သန္တာန်မှာမူ, ကြိယာဇောများ, တစ်ပါးပါး, ဖြစ်ပွား လဒ္ဓပစ္စယ။

တစ်နည်း။　။ ယောနိသော၊ ကြောင်းသဘော ရှိလျှင်၊
ဇောကုသိုလ်–တစ်ပါးပါးငယ်၊ ဖြစ်ပွားအစဉ်၊
အယောနိ–ကြောင်းရှိလျှင်၊ အကုပင် ဖြစ်ပွား၊
ရဟန္တာ–ဖြစ်ပါဘိလျှင်၊ ကြိ မှတ်သား။

ယေဘုယျေန　ကာမာဝစရဇောတို့သည် ပင်ကိုယ်ရိုးရာ အခါမှာ ၆–ကြိမ်လည်း အနည်းငယ် စောနိုင်သေးသည်၊ စုတေ့ခါနီးနှင့်တွေဝေမိန်းမောရာ အခါမျိုးတို့၌မူ ၅–ကြိမ် မျှသာ စောနိုင်သည်၊ ထိုသို့ အမြဲတန်း ၇–ကြိမ် မစောနိုင်ကြသောကြောင့် "အများအားဖြင့် ၇–ကြိမ်စောသည်"ဟု ယေဘုယျနသဒ္ဒါကို ထည့်သွင်းမိန့်ဆိုရပါသည်။

ဆောင်။　။ မှတ်ကြသေချာ, ဇောကာမာတို့, ရိုးရာကာလ, ခြောက်ကြိမ်မျှလည်း, စောကြသည်သာ၊ သေခါနီးနေ, တွေဝေမိန်းမော, ငါးကြိမ်စော၍, ဇောမှာခုနစ်, မြဲမဖြစ်သည်.... .... ဖွင့်လှစ် ယေဘုယျနတည်း။

တစ်နည်း။　။ အပွက၊ ခြောက်ကြိမ်မျှ ရိုးရာ၊
နီးစုတေ–တွေဝေများငယ်၊ ငါးကြိမ်မျှသာ၊
ဤကဲ့သို့–ဇောကာမာ၊ မမြဲပါ ခုနစ်၊
ထို့ကြောင့်ပင်–ယေဘုယျကို၊ ထည့်ပြဖွင့်လှစ်။

ဇော၏အဆုံး၌ တဒါရုံ ၁၁–ပါးတို့တွင် တစ်ပါးပါးသည် ဇောနောက်သို့ လိုက်ပါလျက် ၂–ကြိမ် ထပ်ဖြစ်သည်၊ ဒုတိယ တဒါရုံချုပ်ပြီးသည့်နောက် ဝီထိစဉ်ကုန်သဖြင့် ဘဝင်ဘက်သို့ စိတ်အစဉ် ကျရောက်ရလေတော့သည်။

၁၁။ ဤမျှဖြင့် ဝီထိစိတ် ၁၄–ကြိမ် ဘဝင်္ဂစလန ၂–ကြိမ် အတီတဘဝင် ၁–ကြိမ် ပေါင်း စိတ္တက္ခဏ ၁၇–ကြိမ် ပြည့်တော့သည်၊ ယင်းသို့ စိတ္တက္ခဏ ၁၇–ချက် ပြည့်မှကြောင့်ပင် ရူပါရုံလည်း ချုပ်ရတော့သည်၊ ဤအာရုံမျိုးကို **"အတိမဟန္တာရုံ"**ဟုခေါ်သည်။

http://www.dhammadownload.com

ဘဝင်္ဂစလနတို့လည်းကောင်း၊ ပုဗ္ဗေဝ–ရှေးဦးကပင်လျှင်၊ အတီတံ–လွန်နှင့်ပြီးသော၊ ဧကစိတ္တက္ခဏံ–တစ်ခုသောစိတ္တက္ခဏလည်းကောင်း၊ ဣတိကတ္တာ–ဤသို့ပြု၍၊ သတ္တရသ စိတ္တက္ခဏာနိ– ၁၇–ချက်သောစိတ္တက္ခဏတို့သည်၊ ပရိပူရေန္တိ– ပြည့်ကုန်၏၊ တတော–ထိုသို့ ၁၇–ချက်ပြည့်ခြင်းကြောင့်၊ ('ပရံ' ရှိသည်ကား အပို၊ ရှေးဆရာများက "တတော–ထိုဒုတိယတဒါရုံ၏ ဋ္ဌိကာလမှ၊ ပရံ–ဘင်္ကာလဒ္ဒ"ဟု ပေးကြသည်။) နိရုဇ္ဈတိ–ချုပ်၏၊ ဧတံ အာရမဏံ–ဤအာရုံသည်၊ အတိမဟန္တံ နာမ–အတိမဟန္တ မည်သော၊ ဂေါစရံ–အာရုံတည်း။

မဟန္တာရုံ ဝိထိ

၁၂။ ပန–ကား၊ ယာဝတဒါရမဏူပဂဒါ–တဒါရုံ ၂–ကြိမ်ဖြစ်ရာ ခဏတိုင်အောင်၊ အပုဗ္ဗောနန္တာတီတကံ–တည်ခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ လွန်ခဲ့ပြီးသည်၊ (ဟုတွာ–ဖြစ်၍၊) အာပါတံ–ရှေ့ရှုကျခြင်းသို့၊ ဝါ–ထင်ခြင်းသို့၊ အာဂတံ–သော၊ အာရမဏံ–သည်၊ မဟန္တံ နာမ–မဟန္တာရုံ မည်၏၊ တတ္ထ–ထိုမဟန္တာရုံ၌၊ ဧဝနာဝသာနေ–ဧော၏ အဆုံး၌၊ ဘဝင်္ဂပါတောဝ–ဘဝင်ကျခြင်းသည်သာလျှင်၊ ဟောတိ–၏၊ တဒါရမဏူပဂဒေါ–တဒါရုံတို့၏ဖြစ်ခြင်းသည်၊ နတ္ထိ–မရှိ။

မှန်ပါသည်= ရူပါရုံသည် ဥပါဒ်သည်မှစ၍ ရေတွက်လျှင် "အတီတဘဝင်, ဘဝင်္ဂစလန, ဘဝဂ္ဂုပစ္ဆေဒ, ပဉ္စဒ္ဒါရာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇–ကြိမ်, တဒါရုံ ၂–ကြိမ်"အားဖြင့် စိတ္တက္ခဏ ၁၇–ချက် ပြည့်ခဲ့ပြီ၊ ဥပါဒ်ခဲ့သော ရူပါရုံသည်လည်း ၁၇–ချက်အသက်ပြည့်ခြင်းကြောင့် ချုပ်ရတော့သည်။

ဤအာရုံသည် စိတ္တက္ခဏတစ်ချက် အလွန်မှာ ထင်လာသည်၊ ယင်း ထင်လာသည်မှစ၍ ရေတွက်လျှင် စိတ္တက္ခဏ ၁၆–ချက်ခန့် ရှိသည်၊ အသက်အရှည်ဆုံး ဖြစ်သည်၊ ဤအာရုံထက် အသက်ရှည်သောအာရုံဟူ၍ မရှိတော့၊ ထို့ကြောင့် "အတိမဟန္တာရုံ"ဟူသောအမည်ကို ရသည်။

၁၂။ တဒါရုံ ၂ကြိမ် မဖြစ်နိုင်လောက်အောင် အတီတဘဝင် လွန်ခဲ့ပြီးမှ ထင်လာသော အာရုံသည် "မဟန္တာရုံ"မည်၏၊ ထိုမဟန္တာရုံ ဝိထိ၌ ဧော၏အဆုံးမှာ ဘဝင်သာ ကျရတော့သည်၊ တဒါရုံ မဖြစ်ရတော့ပါ။

အတိမဟန္တာရုံသည်လည်း ဥပါဒ်လျှင်ဥပါဒ်ချင်း ထင်လာနိုင်သည်မဟုတ်ပါ၊ စိတ္တက္ခဏ တစ်ချက်ခန့် လွန်ပြီးမှသာ ထင်လာခဲ့ပါသည်၊ သို့သော် ယင်း အတိမဟန္တာရုံ၏ လွန်ခြင်းသည် တဒါရုံ ၂–ကြိမ် ဖြစ်နိုင်လောက်အောင် လွန်ခြင်းမျိုးသာဖြစ်သည်၊ ဤမဟန္တာရုံ၏ လွန်ခြင်းမူကား တဒါရုံ ၂–ကြိမ် ဖြစ်နိုင်လောက်အောင် (မချုပ်ဘဲ တည်နေနိုင်သော) လွန်ခြင်းမျိုး မဟုတ်ပါ။

ထို့ကြောင့် မဟန္တာရုံသည် စိတ္တက္ခဏ ၂–ချက်, ၃–ချက်လွန်ပြီးမှ သက်ဆိုင်ရာပသာဒ၌ ထင်လာနိုင်သည်၊ ဧော ၇–ကြိမ် ဖြစ်ရာကာလတိုင်အောင် တည်နေရဦးမည် ဖြစ်သည့်အတွက် ၃–ချက်ထက်လည်း ပိုမလွန်သင့်ပါ၊ ဤသို့လျှင်–

http://www.dhammadownload.com

ပရိတ္တာရုံ ဝိထိ

၁၃။ ယာဝဇဝနုပ္ပာဒါဝိ–ဧော ၇–ကြိမ်ဖြစ်ရာကာလတိုင်အောင်လည်း၊ အပ္ပဟောန္တာ တိတက်–သည်၊ (ဟုတွာ–၍၊) အာပါတံ–သို့၊ အာဂတံ–သော၊ အာရမဏံ–သည်၊ ပရိတ္တံ နာမ– ပရိတ္တာရုံ မည်၏၊ တတ္ထ–ထိုပရိတ္တာရုံဝိထိ၌၊ ဇဝနမ်ပိ–ဧော၏လည်း၊ * အနုပ္ပဒ္ဒိတ္တာ–မဖြစ်ခြင်းကြောင့်၊ ဒွတ္တိက္ခတ္တုံ– ၂–ကြိမ် ၃–ကြိမ်၊ ဝေါဋ္ဌဗ္ဗနမေဝ–ဝုဋ္ဌောစိတ်သည်သာလျှင်၊ ပဝတ္တတိ–ဖြစ်၏၊ တတော–ထိုဝုဋ္ဌောမှ၊ ပရံ–နောက်၌၊ ဘဝင်္ဂံ ပါတော–ဘဝင်ကျခြင်းသည်သာလျှင်၊ ဟောတိ–ဖြစ်၏။ [*ကတ္တားကွဲဘိ, မတ္ထရှိသော်, မိမိ ကတ္တား, သမ္မန်ထား၍, ဖြစ်ငြားဟိတ်မှာ, သက်တော့်ရာသည် .... မှတ်ပါတွာဒိပစ္စည်း သဘောတည်း။ **နိယံ**။]

၁။ "အတီတဘဝင် ၂–ချက်လွန်သော ပထမမဟန္တာရုံဝိထိ၊

၂။ အတီတဘဝင် ၃–ချက်လွန်သော ဒုတိယမဟန္တာရုံဝိထိ၊"ဟု မဟန္တာရုံဝိထိနှစ်မျိုး ရှိနိုင်သည်။

ဤသို့ အနည်းဆုံး စိတ္တက္ခဏ ၂–ချက်လွန်ပြီးမှ ထင်လာနိုင်သောကြောင့် အာရုံထင်သည်မှ စ၍ ရေတွက်ပါလျှင် စိတ္တက္ခဏ ၁၄–ချက်, ၁၅–ချက်မျှသာ ကျန်ပါတော့သည်၊ အတိမဟန္တာရုံလောက် စိတ္တက္ခဏမများတော့ပါ၊ သို့သော် ပရိတ္တာရုံလောက်ကား မနည်းသေး၊ ထို့ကြောင့် "မဟန္တာရုံ"ဟူသော အမည်ကိုရသည်။

စိတ္တက္ခဏ ၂–ချက်လွန်သော အာရုံ၌ တဒါရုံကျမည်ဆိုက ၁–ကြိမ် ကျထိုက်ပါသည်၊ သို့သော် တဒါရုံတို့မည်သည် ၂–ကြိမ်သာ ကျရိုးရှိသောကြောင့် ဧော၏အဆုံးမှာ ဘဝင်သာ ကျရတော့သည်၊ တဒါရုံမကျရတော့ပါ။

၁၃။ ဧော ၇–ကြိမ် မဖြစ်နိုင်လောက်အောင် အတီတဘဝင် လွန်ပြီးမှ ထင်လာသော အာရုံသည် "ပရိတ္တာရုံ" မည်၏၊ ထိုပရိတ္တာရုံဝိထိ၌ ဧောမဖြစ်တော့သည့်အတွက် ဝုဋ္ဌော ၂–ကြိမ် ၃–ကြိမ်ဖြစ်ရတော့သည်၊ ထိုဝုဋ္ဌော၏ နောက်၌ကား ဘဝင်သာ ကျရတော့သည်။

"ဧော ၇–ကြိမ် မဖြစ်နိုင်လောက်အောင် အတီတဘဝင် လွန်ပြီးမှ ထင်လာသည်"ဟု ဆိုသဖြင့် အနည်းဆုံး စိတ္တက္ခဏ ၄–ချက်လွန်ပြီးမှ ထင်လာကြောင်း သိသာပါသည်၊ အနည်းဆုံး ဝုဋ္ဌော ၂–ကြိမ်ဖြစ်ရဦးမည် ဖြစ်သောကြောင့် စိတ္တက္ခဏ ၉–ချက်ထက် ပို၍လည်း မလွန်သင့်ပါ၊ ဤသို့လျှင် အတီတဘဝင် ၄–ချက်လွန်မှ ၉–ချက်လွန်ထိ ပရိတ္တာရုံ ဖ–ဝီထိ ရှိနိုင်ပါသည်။

ဤအာရုံသည် အနည်းဆုံး စိတ္တက္ခဏ ၄–ချက်လွန်ပြီးမှ ထင်လာနိုင်သောကြောင့် မဟန္တာရုံလောက် စိတ္တက္ခဏမများတော့ပါ၊ အာရုံထင်ပြီးသည်မှစ၍ ရေတွက်ပါလျှင် အများဆုံး ၁၃–ချက်, အနည်းဆုံး ၈–ချက်မျှသာကျန်တော့သည်၊ ဤသို့လျှင် ထင်လာသည်မှစ၍ ရေတွက်ပါက နည်းသောစိတ္တက္ခဏ အသက်ရှိသောကြောင့် "ပရိတ္တာရုံ"မည်ရလေတော့သည်။

http://www.dhammadownload.com

အတိပရိတ္တာရုံဝီထိ

၁၄။ ပန-ကား၊ ယာဝဝေါဋ္ဌဗ္ဗနုပ္ပာဒါစ-ဝုဋ္ဌော ၂-ကြိမ်ဖြစ်ရာကာလတိုင် အောင်လည်း၊ အပ္ပဟောန္တာတိတက်-သည်၊ (ဟုတ္တာ-၍၊) အာပါတံ-သို့၊ အာဂတံ-သော၊ နိရောဓသန္နံ-နီးကပ်သော ချုပ်ခြင်းရှိသော၊ ဝါ-ချုပ်လုခါနီးဖြစ်သော၊ အာရမဏံ-သည်၊ အတိပရိတ္တံ နာမ-အတိပရိတ္တာရုံမည်၏၊ တတ္ထ-ထိုအတိပရိတ္တာရုံဝီထိ၌၊ ဘဝင်္ဂစလနမေဝ-ဘဝင်လှုပ်ရုံသည်သာလျှင်၊ ဟောတိ-ဖြစ်၏၊ ဝီထိစိတ္တုပ္ပာဒေါ-ဝီထိစိတ်တို့၏ ဖြစ်ခြင်းသည်၊ နတ္ထိ-မရှိ။

သောတဒွါရစသည်

၁၅။ ဣဿေဝံ-ဤဆိုအပ်ပြီးသောနည်းဖြင့်၊ စက္ခုဒ္ဒွါရေ-စက္ခုဒ္ဒွါရလည်းကောင်း၊ တထာ-ထို့အတူ၊ သောတဒွါရာဒီသု-သောတဒွါရအစရှိသည်တို့လည်းကောင်း၊ ဣတိ-သို့၊ သဗ္ဗထာပိ-အလုံးစုံသော အပြားအားဖြင့်လည်း၊ ပဉ္စဒွါရေ-ပဉ္စဒွါရ၌၊ တဒါရမဏ

၁၄။ ဝုဋ္ဌော ၂-ကြိမ်မဖြစ်နိုင်လောက်အောင် အတိတဘဝင်လွန်ပြီးမှ ထင်လာ၍ ချုပ်လုခါနီးဖြစ်သော အာရုံသည် "အတိပရိတ္တာရုံ"မည်၏၊ ဤအတိပရိတ္တာရုံဝီထိ၌ ဘဝင်လှုပ်ရုံသာ လှုပ်တော့သည်၊ ဝီထိစိတ် မဖြစ်တော့ပါ။

"ဝုဋ္ဌော ၂-ကြိမ် မဖြစ်နိုင်လောက်အောင် အတိတဘဝင် လွန်ပြီးမှ ထင်လာသည်"ဟု ဆိုသဖြင့် အနည်းဆုံး စိတ္တက္ခဏ ၁၀-ချက် လွန်ပြီးမှ ထင်လာကြောင်း သိသာသည်၊ ဘဝင် ၂-ကြိမ် လှုပ်ရဦးမည် ဖြစ်သောကြောင့် ၁၅-ချက်ထက် ပို၍လည်း မလွန်သင့်ပါ၊ ဤသို့လျှင် အတိတဘဝင် ၁၀-ချက်လွန်မှ စ၍ ၁၅-ချက်လွန်အထိ အတိပရိတ္တာရုံ ၆-ဝီထိ ရှိနိုင်သည်။

ဤအာရုံသည် အနည်းဆုံး စိတ္တက္ခဏ ၁၀-ချက်လွန်ပြီးမှ ထင်နိုင်သောကြောင့် ပရိတ္တာရုံလောက်ပင် စိတ္တက္ခဏမများတော့ပါ၊ အများဆုံး ၇-ချက် အနည်းဆုံး ၂-ချက်မျှသာ ကျန်ပါတော့သည်၊ ဤသို့ ထင်လာသည်မှစ၍ ရေတွက်ပါက အလွန်နည်းသော စိတ္တက္ခဏ အသက်ရှိသောကြောင့် "အတိပရိတ္တာရုံ"မည်ရလေတော့သည်။

ဆောင်။ ။ တိမဟန္တန္တ, တစ်ချက်မျှတည့်၊ မဟန္တမှာ, နှစ်သုံးသာပေ, လေးဖြာအစ, ကိုးထိကျအောင်, လွန်ကပရိတ်, တိပရိတ်ဝယ်, တစ်ဆယ်စထား, တစ်ဆယ့်ငါးသည် ....လွန်သွား အတိတ ဘဝင်တည်း။

တစ်နည်း။ ။ အတိတ၊ တစ်ချက်မျှ တိမဟန်၊
နှစ်သုံးသာ-မဟန္တ ငယ်၊ ဖြစ်ရန္တစ်တန်၊
လေးစပျိုး-ကိုးထိလွန်၊ ပရိတ္တံ ခြောက်မျှ၊
ဆယ်စကာ-ဆယ့်ငါးထိလျှင်၊ တိပရိတ် ဆ။

၁၅။ 'ဣဿေဝံ' အစရှိသောစကားရပ်ဖြင့် ပဉ္စဒွါရ၏ ဝိသယပွဝတ္တိကို နိဂုံးအုပ်သည်။

စက္ခုဒ္ဒွါရ၌ ဝိသယပွဝတ္တိ ၄-ပါး၊ ထို့အတူသောတဒွါရ၌ ၄-ပါး၊ ဃာနဒွါရ၌ ၄-ပါး၊ ဇိဝှါဒွါရ၌ ၄-ပါး၊ ကာယဒွါရ၌ ၄-ပါး၊ ဤသို့ အစဉ်အတိုင်း ဒွါရ ၅-ပါးလုံး၌ "တဒါရမဏ

http://www.dhammadownload.com

ဇဝန ဝေါဋ္ဌဗ္ဗနမောဃဝါရသခ်ါတာနံ–"တဒါရမဏဝါရ, ဇဝနဝါရ, ဝေါဋ္ဌဗ္ဗနဝါရ, မောဃဝါရ"ဟု ဆိုအပ်ကုန်သော၊ စတုန္နံ–၄–ပါးကုန်သော၊ ဝါရာနံ–ဝါရတို့၏၊ ယထာက္ကမံ–အစဉ်အားလျော်စွာ၊ အာရမဏာဘူတာ–အာရုံအကြောင်း ဖြစ်၍ဖြစ်သော၊ ဝိသယပ္ပဝတ္တိ–အာရုံတို့၏ ဖြစ်ခြင်းကို၊ စတုဓာ–၄–ပါးပြား၏ဟူ၍၊ ဝေဒိတဗ္ဗာ–သိထိုက်၏။

ဝါရ, ဇဝနဝါရ, ဝေါဋ္ဌဗ္ဗနဝါရ, မောဃဝါရ"ဟူကုန်သော ဝါရ ၄–ပါးတို့၏ အာရုံဖြစ်သော ဝိသယပ္ပဝတ္တိ ၄–ပါးပြားသည်–ဟု ဆိုလိုပါသည်။

စက္ခုဒ္ဒွါရဝိထိ ၁၅

အာရုံ	ဝိထိစဉ်																														ဝါရ
အတိမဟန္တာရမ္မဏ	တီ	နံ	ဒ	ပဉ္စ	စက်	သံ	တီ	ဝု	ဇ	ဇ	ဇ	ဇ	ဇ	ဇ	ဇ	ဇ	ရုံ	ရုံ														တဒါရမဏ
	ဝီ	ဝီ	ဝီ	ဝီ		ဝီ	ဝီ	ဝီ	ဝီ	ဝီ	ဝီ	ဝီ	ဝီ	ဝီ	ဝီ	ဝီ	ဝီ	ဝီ														
မဟန္တာရမ္မဏ	တီ	တီ၂	နံ	ဒ	ပဉ္စ	စက်	သံ	တီ	ဝု	ဇ	ဇ	ဇ	ဇ	ဇ	ဇ	ဇ	ဘ														ဇဝန
	တီ	တီ	တီ၃	နံ	ဒ	ပဉ္စ	စက်	သံ	တီ	ဝု	ဇ	ဇ	ဇ	ဇ	ဇ	ဇ	ဇ														
ပရိတ္တ	တီ	တီ	တီ	တီ၄	နံ	ဒ	ပဉ္စ	စက်	သံ	တီ	ဝု	ဝု	ဘ	ဘ	ဘ	ဘ	ဘ														ဝေါဋ္ဌဗ္ဗန်
	တီ	တီ	တီ	တီ	တီ၅	နံ	ဒ	ပဉ္စ	စက်	သံ	တီ	ဝု	ဝု	ဘ	ဘ	ဘ	ဘ														
	တီ	တီ	တီ	တီ	တီ	တီ၆	နံ	ဒ	ပဉ္စ	စက်	သံ	တီ	ဝု	ဝု	ဘ	ဘ	ဘ														
	တီ	တီ	တီ	တီ	တီ	တီ	တီ၇	နံ	ဒ	ပဉ္စ	စက်	သံ	တီ	ဝု	ဝု	ဘ	ဘ														
	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ၈	နံ	ဒ	ပဉ္စ	စက်	သံ	တီ	ဝု	ဝု	ဘ														
	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ၉	နံ	ဒ	ပဉ္စ	စက်	သံ	တီ	ဝု	ဝု														
အတိပရိတ္တ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ၁၀	နံ	နံ	ဘ	ဘ	ဘ	ဘ	ဘ														ဃနေ
	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ၁၁	နံ	နံ	ဘ	ဘ	ဘ	ဘ														
	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ၁၂	နံ	နံ	ဘ	ဘ	ဘ														
	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ၁၃	နံ	နံ	ဘ	ဘ														
	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ၁၄	နံ	နံ	ဘ														
	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ	တီ၁၅	နံ	နံ														

သင်္ကေတ

တီ= အတီတဘဝင်	စက်= စက္ခုဝိညာဉ်	ဇ= ဇော
နံ= ဘဝင်္ဂစလန	သံ = သမ္ပဋိစ္ဆိုင်း	ရုံ= တဒါရုံ
ဒ= ဘဝင်္ဂုပေစ္ဆဒ	တီ = သန္တီရဏ	ဘ= ဘဝင်
ပဉ္စ= ပဉ္စဒ္ဒွါရာဝဇ္ဇန်း	ဝု = ဝုဋ္ဌော	(အကြွင်းကို နည်းမှီသိပါ။)

http://www.dhammadownload.com

ဝိထိစိတ်သရုပ် သင်္ဂဟဂါထာ

၁၆။ ပဋ္ဌဒ္ဝါရေ–ပဋ္ဌဒ္ဝါရဉ္စ၊ ယထာရဟံ–(ဒ္ဝါရပစ္စယာ, အာရမ္မဏ,စသည်အလိုက်) ထိုက်သည်အားလျော်စွာ၊ ဝိထိစိတ္တာနိ–ဝိထိစိတ်တို့သည်၊ သတ္တော–၇–ပါးတို့သာတည်း၊ စိတ္တုပ္ပာဒါ–စိတ်တို့၏ဖြစ်ခြင်းအားဖြင့်၊ စတုဒ္ဒသ–၁၄–ပါးတို့တည်း၊ ဝိတ္ထာရာ–အကျယ်အားဖြင့်၊ စတုပညာသ– ၅၄–ပါးတည်း။

ဧတ္ထ–ဤဝိထိသင်္ဂဟအရာ၌၊ အယံ–ဤဆိုအပ်ပြီးသော စကားရပ်သည်၊ ပဋ္ဌဒ္ဝါရေ–ပဋ္ဌဒ္ဝါရဉ္စ၊ ဝိထိစိတ္တပ္ပဝတ္တိနယော–ဝိထိစိတ်တို့၏ဖြစ်ပုံနည်းတည်း။

ယထာက္ကမံ အတိမဟန္တာရုံကို တဒါရုံ အဆုံးရှိသော ဝိထိစိတ်တို့၏ အလှည့်အကြိမ်ကို ပြသောကြောင့် "တဒါရမဏဝါရ"ဟု ခေါ်သည်၊ မဟန္တာရုံကို ဓောအဆုံးရှိသော ဝိထိစိတ်တို့၏ အလှည့်အကြိမ်ကို ပြသောကြောင့် "ဇဝနဝါရ"ဟု ခေါ်သည်၊ ပရိတ္တာရုံကို ဝုဋ္ဌောအဆုံးရှိသော ဝိထိစိတ်တို့၏ အလှည့်အကြိမ်ကို ပြသောကြောင့် "ဘဝင်္ဂဇနဝါရ"ဟု ခေါ်သည်၊ အတိပရိတ္တာရုံကို အချင်းခပ်သိမ်း ဝိထိစိတ် မဖြစ်သောကြောင့် "မောဃဝါရ"ဟု ခေါ်သည်၊ ဤကား ယထာက္ကမံ (အစဉ်အားလျော်စွာ) ဖြစ်ပုံတည်း။

ဤသို့ စက္ခဒ္ဝါရဉ် "၁. တိမဟန္တာရုံ ၁–မျိုး, မဟန္တာရုံ ၂–မျိုး, ပရိတ္တာရုံ၆–မျိုး, အတိပရိတ္တာရုံ ၆–မျိုး"အားဖြင့် ၁၅–မျိုး ရှိသကဲ့သို့ သောတဒ္ဝါရစသည်တို့၌လည်း ၁၅–မျိုးစီပင် ရှိနိုင်သည်၊ ထို့ကြောင့် ပဋ္ဌဒ္ဝါရဝိထိ (၁၅x၅=) ၇၅–ဝိထိ ရှိသည်။

သောတဒ္ဝါရဝိထိစသည်တို့ကို ချလိုပါက "စက္ခုဝိညာဉ်"နေရာ၌ "သောတဝိညာဉ်"စသည်တို့ကို အစားထိုးလဲလှယ်ရုံမျှသာ ဖြစ်တော့သည်။

၁၆။ "ဝိထိစိတ္တာနိ သတ္တော"စသော ဂါထာသည် ပဋ္ဌဒ္ဝါရဝိထိစိတ်တို့ကို အကျဉ်းချုံး၍ ပေါင်းယူရေတွက်ပြသော သင်္ဂဟဂါထာဖြစ်သည်။

ပဋ္ဌဒ္ဝါရ၌ ထိုက်သည်အားလျော်စွာ ဝိထိစိတ် အမျိုးအစား သာမညအားဖြင့် ၇–ပါး, ဝိထိစိတ်အကြိမ် ဝိသေသအားဖြင့် ၁၄–ပါး, ဖြစ်နိုင်သမျှစိတ်ပေါင်း ၅၄–ပါး ဖြစ်သည်–ဟု ဆိုလိုသည်။

ဝိထိစိတ် အမျိုးအစားကား ပဋ္ဌဒ္ဝါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဉ်စသည် ၁၊ သမ္ပဋိစ္ဆိုင်း ၁၊ သန္တီရဏ ၁၊ ဝုဋ္ဌော ၁၊ ဇော ၁၊ တဒါရုံ ၁၊ ပေါင်း ၇–ပါးတို့တည်း။ (သာမည။)

ဝိထိစိတ်အကြိမ်ကား ပဋ္ဌဒ္ဝါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဉ်စသည် ၁၊ သမ္ပဋိစ္ဆိုင်း ၁၊ သန္တီရဏ ၁၊ ဝုဋ္ဌော ၁၊ ဇော ၇၊ တဒါရုံ ၂၊ ပေါင်း ၁၄–ကြိမ်တည်း။ (ဝိသေသ။)

ဖြစ်နိုင်သမျှစိတ်အကျယ်ကား "သဗ္ဗထာပိ ပဋ္ဌဒ္ဝါရေ စတုပညာသ စိတ္တာနိ ကာမာဝစရာနေဝ"ဟူသော ဒ္ဝါရသင်္ဂဟစကားနှင့်အညီ ကာမစိတ် ၅၄–ပါးတည်း။

ယထာရဟံ စက္ခဒ္ဝါရဉ် စက္ခုဝိညာဉ်ဒွေး၊ ။ ပ ။ ကာယဒ္ဝါရဉ် ကာယဝိညာဉ်ဒွေးဖြစ်သည်၊ ဤကား ဒ္ဝါရအလိုက် ဖြစ်ပုံတည်း၊ (ပဋ္ဌဝိညာဉ်အတွက်) ယောနိသော မနသိကာရ အကြောင်းရှိက ကုသိုလ်ဇောစောမည်၊ အယောနိသော မနသိကာရ အကြောင်းရှိက အကုသိုလ်ဇော

http://www.dhammadownload.com

မနောဒွါရ ကာမဇောဝါရ
ဝိဘူတာရုံဝိထိ

၁၇။ ပန-ကား၊ မနောဒွါရေ-မနောဒွါရ၌၊ ဝိဘူတံ-ထင်ရှားသော၊ အာရမဏံ-အာရုံသည်၊ အာပါတံ-သို့၊ ယဒိအာဂစ္ဆတိ-အကယ်၍ ရောက်လာအံ့၊ တတော-ထိုသို့ ထင်လာသည်ရှိသော်၊ ဝါ-ထိုသို့ ထင်လာခြင်းကြောင့်၊ ['ပရံ' ပိုနေသည်၊ "တတော-ထိုသို့ ထင်လာသည်မှ၊ ပရံ-နောက်၌"ဟု ရှေးဆရာများ အနက်ပေးကြ၏။] ဘဝင်္ဂစလန မနောဒွါရာဝဇ္ဇန ဇဝနာဝသာနေ-ဘဝင်္ဂစလန မနောဒွါရာဝဇ္ဇန်း ဇောတို့၏ အဆုံး၌၊ တဒါရမဏပါကာနိ-တဒါရုံဝိပါက်စိတ်တို့သည်၊ ပဝတ္တန္တိ-ဖြစ်ကုန်၏၊ တတော-ထိုတဒါရုံမှ၊ ပရံ-နောက်၌၊ ဘဝင်္ဂပါတော-သည်၊ ဟောတိ-၏။

စောမည်၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်က ကြိယာဇော စောမည်၊ ဤကား ပစ္စယအလိုက် ဖြစ်ပုံတည်း။ (ဇောများအတွက်။)

အနိဋ္ဌာရုံဖြစ်က အကုသလဝိပါက် ပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့ ဖြစ်မည်၊ ဣဋ္ဌာရုံဖြစ်က ကုသလဝိပါက် ဖြစ်မည်၊ အတိဣဋ္ဌာရုံဖြစ်က သောမနဿသန္တီရဏ တဒါရုံ ဖြစ်မည်၊ ဤကား အာရမဏအလိုက် ဖြစ်ပုံတည်း။ (ဝိပါက်စိတ်များအတွက်။)

တစ်နည်း= အာရမဏအလိုက်ဖြစ်ပုံ-

မဟန္တာရုံဖြစ်က- ဝိထိစိတ္တာနိ ဆယေဝ , စိတ္တုပ္ပာဒါ စ ဒွါဒသ၊
ဆစတ္တာလီသ ဝိတ္ထာရာ , ပဉ္စဒွါရေ ယထာရဟံ။

ပရိတ္တာရုံဖြစ်က- ဝိထိစိတ္တာနိ ပဉ္စေဝ , စိတ္တုပ္ပာဒါ ဆ သတ္တ ဝါ၊
သတ္တရသေဝ ဝိတ္ထာရာ , ပဉ္စဒွါရေ ယထာရဟံ။

အတိပရိတ္တာရုံဖြစ်က- 'ဝိထိစိတ္တာနိ နတ္ထေဝ'စသည်သာ ဖြစ်ဖွယ်ရာရှိတော့သည်။

၁၇။ မနောဒွါရ၌ ထင်ရှားသော အာရုံတစ်ပါးပါး ထင်လာခဲ့ပါလျှင် ဘဝင်္ဂစလန, ဘဝင်္ဂုပယ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်ဖြစ်ပြီးသည့်နောက် ဘဝင်္ဂဖြစ်ထိုက်သမျှဖြစ်၏။

မနောဒွါရဝိထိကို-

"၁။ ကာမဇောဝါရ-ကာမဇောစိတ်တို့၏ ဖြစ်လှည့်၊
၂။ အပ္ပနာဇောဝါရ-အပ္ပနာဇောစိတ်တို့၏ ဖြစ်လှည့်"ဟု ၂-မျိုး ခွဲပြထားသည်။

"မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ"ဟု မိန့်ဆိုခဲ့သည်အားလျော်စွာ "မနောဒွါရ"ဟူသည် ဘဝင်္ဂစိတ်ပင်ဖြစ်သည်၊ ယင်း "ဘဝင်္ဂစိတ်"ဟု ဆိုအပ်သော မနောဒွါရ၌ကား ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဖြစ်သော စိတ်, စေတသိက်, ရုပ်အားလုံးနှင့် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်, ပညတ်အာရုံများပင် ထင်လာနိုင်သည်၊ မထင်လာနိုင်သော အာရုံဟူ၍ မရှိတော့ပါ၊ ယင်းသို့ ထင်လာသည့်အခါ ထင်ထင်ရှားရှား ထင်လာသော အာရုံကို "ဝိဘူတာရုံ" မထင်မရှား မှုန်မှားမှားထင်လာသော အာရုံကို "အဝိဘူတာရုံ"ဟုခေါ်သည်။

http://www.dhammadownload.com

အဝိဘူတာရုံဝိထိ

၁၈။ ပန–ကား၊ အဝိဘူတေ–မထင်ရှားသော၊ အာရမဏော–အာရုံ၌၊ ဇဝနာဝသာနေ–ဇော၏အဆုံး၌၊ ဘဝင်္ဂပါတောဝ–ဘဝင်ကျခြင်းသည်သာလျှင်၊ ဟောတိ–၏၊ တဒါရမဏူပဂါဒေါ–သည်၊ နတ္ထိ–မရှိ၊ ဣတိ–ဝိသယပွဝတ္တိ ဖြ–ပါး ဤသို့ပြားသတည်း။

ယင်းမနောဒွါရ၌ စိတ္တက္ခဏ တစ်ချက်မျှသာရှိသော စိတ်, စေတသိက်, အတိတ်ရုပ်တရား, အနာဂတ်ရုပ်တရား, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်, ပညတ်အာရုံများ ထင်လာသည့်အခါ "ဥပါဒ်ပြီးသည့်နောက် စိတ္တက္ခဏ ဘယ်လောက်လွန်မှ ထင်လာသည်"ဟုလည်း မဆိုထိုက်၊ အတီတဘဝင်လည်း ချဖွယ် မလိုပါ။

အချို့သော ပစ္စုပ္ပန်ရုပ်အာရုံများ ထင်လာသည့်အခါမှာမူ "ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ဘယ်လောက်လွန်မှ ထင်လာသည်"ဟုလည်း ဆိုသင့်သည်၊ အတီတဘဝင်လည်း ချသင့်သည်။

သို့သော် ဤသို့ အာရုံများကို ခွဲခြားပြဆိုမှုကို မပြုဘဲ ဘဝင်္ဂစလနမှ စ၍သာ ဝီထိစဉ်ကို အရှင်အနုရုဒ္ဓါဆရာ ပြဆိုထားပါသည်။

ဆောင်း။ ။ စိတ် စေတသိက်, တိတ် နာဂတ်ရုပ်, ဝိမုတ် ပညတ်, နိဗ္ဗာန်ဓာတ်တို့, ထင်လတ်ပါလျှင်, တီဘဝင်ကို, မလိုချဖွယ်၊ ပန်ရုပ်ဝယ်, ချဖွယ်သင့်ပါ၏။

တစ်နည်း။ ။ စေနှင့်စိတ်၊ တိတ် နာဂတ် ရူပါ၊
ပညတ်–နိဗ္ဗာန်ဓာတ်ငယ်၊ ထင်လတ်သည့် ခါ၊
အတီတ ဘဝင်္ဂါ၊ ချဖွယ်ရာ မရှိ၊
ပစ္စုပ္ပန်–ရုပ် အချို့ဝယ်၊ ချဖို့ သင့်၏။

၁၈။ မနောဒွါရ၌ မထင်ရှားသော အာရုံတစ်ပါးပါး ထင်လာသည့်အခါ (ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း) ဇော ၇–ကြိမ်၏အဆုံး၌ ဘဝင်သာ ကျရတော့သည်၊ တဒါရုံ ဖြစ်ခွင့်မရှိတော့ပါ။

အတီတဘဝင် မကျသော ဝိထိ

ဝိဘူတာရုံ ၁= န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ– တဒါရမဏဝါရ၊
အဝိဘူတာရုံ ၂= န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ – – – ဇဝနဝါရ။

အတီတဘဝင်ကျသော ၇–ဝိထိ

ဝိဘူတာရုံ ၅
- တီ– န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ ဘ ဘ
- တီ–၂ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ ဘ
- တီ–၃ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ
- တီ–၄ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ
- တီ–၅ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ

} တဒါရမဏဝါရ

အဝိဘူတာရုံ ၂
- တီ–၆ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ
- တီ–၇ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ

} ဇဝနဝါရ

http://www.dhammadownload.com

ဝိထိစိတ်သရုပ် သင်္ဂဟဂါထာ

၁၉။ ဇဝ်ထ–ဤကာမဇော မနောဒွါရ၌၊ ဝိထိစိတ္တာနိ–တို့ကို၊ တီဏေဝ– ၃–ပါး တို့ဟူ၍သာလျှင်၊ ဤရိတာနိ–ဆိုအပ်ကုန်၏၊ စိတ္တုပ္ပာဒါ–စိတ်တို့၏ဖြစ်ခြင်းအားဖြင့်၊ ဒသ– ၁၀–ပါးတို့ဟူ၍၊ ဤရိတာ–ကုန်၏၊ ဝိတ္ထာရေန ပန–အကျယ်အားဖြင့်ကား၊ ကေစတ္ထာလီသ– ၄၁–ပါးဟူ၍၊ ဝိဘာဝယေ–ထင်စွာပြရာ၏။

အယံ–ဤဆိုအပ်ခဲ့ပြီးသောစကားသည်၊ ဇဝ်ထ–ဤဝိထိသင်္ဂဟအရာ၌၊ ပရိတ္တဇဝန ဝါရော–ကာမဇောဝါရတည်း။

မနောဒွါရ အပ္ပနာဇောဝါရ

၂၀။ ပန–ကား၊ အပ္ပနာဇဝနဝါရေ–အပ္ပနာဇောဝါရ၌၊ ဝိဘူတာဝိဘူတဘေဒေါ– "ဝိဘူတာရုံ၊ အဝိဘူတာရုံ"ဟု ကွဲပြားခြင်းသည်၊ နတ္ထိ–မရှိ၊ တဒါရမဏ္ဏပ္ပဘေဒစ–တဒါရုံတို့၏ဖြစ်ခြင်းသည်လည်း၊ တထာ–ထို့အတူ၊ နတ္ထိ–မရှိ။

၂၁။ ဟိ–ချဲ့ဦးအံ့၊ တတ္ထ–ထိုအပ္ပနာဇောဝါရ၌၊ အဋ္ဌန္နံ– ၈–ပါးကုန်သော၊ ဉာဏသမ္ပယုတ္တကာမာဝစရဇဝနာနံ–ဉာဏသမ္ပယုတ်ကာမာဝစရဇောတို့တွင်၊ အညတရသ္မိ–

၁၉။ 'ဝိထိစိတ္တာနိ တီဏေဝ'စသော ဂါထာသည် ကာမဇော မနောဒွါရဝိထိ၌ ဆိုခဲ့သော ဝိထိစိတ်တို့ကို အကျဉ်းချုံး၍ ပေါင်းယူရေတွက်ပြသော သင်္ဂဟဂါထာဖြစ်သည်။

ဤကာမဇော မနောဒွါရဝိထိ၌ ဝိထိစိတ် အမျိုးအစား ၃–ပါး, ဝိထိစိတ်ဖြစ်သော အကြိမ် ၁၀–ပါး, ဖြစ်နိုင်သမျှစိတ် ၄၁–ပါး ဖြစ်သည်။

ဝိထိစိတ် အမျိုးအစား ၃–ပါး–ဟူသည်ကား မနောဒွါရာဝဇ္ဇန်း ၁–ပါး, ဇော ၁–ပါး, တဒါရုံ ၁–ပါးတို့ပင်တည်း။ (သာမည။)

ဝိထိစိတ်ဖြစ်သောအကြိမ် ၁၀–ဟူသည်ကား မနောဒွါရာဝဇ္ဇန်း ၁–ကြိမ်, ဇော ၇–ကြိမ်, တဒါရုံ ၂–ကြိမ်တို့ပင်တည်း။ (ဝိသေသ။)

ဖြစ်နိုင်သမျှသောစိတ် ၄၁–ပါးဟူသော်ကား မနောဒွါရာဝဇ္ဇန်း ၁–ပါး,ကာမဇော ၂၉–ပါး, တဒါရုံ ၁၁–ပါးတို့ပင်တည်း။

အဝိဘူတာရုံဖြစ်က ဝိထိစိတ် အမျိုးအစား ၂–ပါး, ဝိထိစိတ်ဖြစ်သောအကြိမ် ၈–ကြိမ်, ဖြစ်နိုင်သမျှစိတ် ၃၀–သာ ဖြစ်ဖွယ်ရာ ရှိပါသည်။

၂၀။ အပ္ပနာဇောဝါရ၌ "ဝိဘူတာရုံ, အဝိဘူတာရုံ"ဟု ၂–မျိုး ကွဲပြားမှု မရှိ၊ ဝိဘူတာရုံ ၁–မျိုးတည်းသာ ရှိသည်၊ တဒါရုံတို့၏ ဖြစ်ခြင်းလည်း မရှိပါ။

၂၁။ ထိုအပ္ပနာဇောဝါရ၌ (ဘဝင်္ဂစလန, ဘဝဂ္ဂုပယ္ဆေဒ, မနောဒွါရာဝဇ္ဇန်းတို့၏ အခြားမဲ့မှာ) မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၈–ပါးတို့တွင် တစ်ပါးပါးသော ဇောသည်

http://www.dhammadownload.com

အမှတ်မထား တစ်ပါးပါးသောဧကသည်၊ ပရိကမ္မောပစာရာနုလောမဂေါတြဘု နာမေန–"ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု"ဟူသောနာမည်ဖြင့်၊ စတုက္ခတ္တုံ ဇဝဝါ–၄–ကြိမ်သာလျှင်သော်လည်းကောင်း၊ တိက္ခတ္တုံမေဝဝါ–၃–ကြိမ်သာလျှင်သော်လည်းကောင်း၊ ယထာက္ကမံ–အစဉ်အားလျော်စွာ၊ ဥပဓိံတွာ–ဖြစ်ပြီး၍၊ နိရုဒ္ဓေ–ချုပ်သည်ရှိသော်၊ အနန္တရမေဝ–ချုပ်သည်၏ အခြားမဲ့၌သာလျှင်၊ ယထာရဟံ–တိက္ခ,မန္ဒပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ၊ စတုတ္ထဝါ–၄–ကြိမ်မြောက်သော်လည်းကောင်း၊ ပဉ္စမံဝါ–၅–ကြိမ်မြောက်သော်လည်းကောင်း၊ ဆဇ္ဈိသတိ မဟဂ္ဂတလောကုတ္တရ ဇဝနေသု–၂၆–ပါးသော မဟဂ္ဂုတ်လောကုတ္တရာဧကတို့တွင်၊ ယထာဘိနီဟာရဝသေန–အကြင်အကြင်သမထဝိပဿနာ ဘာဝနာစိတ်ကို ရှေးရှုဆောင်ခြင်း၏ အစွမ်းဖြင့်၊ ယံကိဉ္စိ–တစ်စုံတစ်ခုသော၊ ဇဝနံ–ဧကသည်၊ အပုနာဝဋ္ဌိ–အပုနာအစဉ်သို့၊ သြတရတိ–သက်ရောက်၏၊ တတော–ထိုအပုနာဝဋ္ဌိသို့ ရောက်ရာအခါမှ၊ ပရံ–နောက်၌၊ အပုနာဝသာနေ–အပုနာဧကၡဏ်၏ အဆုံး၌၊ ဘဝင်္ဂပါတောဝ–ဘဝင်ကျခြင်းသည်သာလျှင်၊ ဟောတိ–ဖြစ်၏။

"ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု"ဟူသောနာမည်ဖြင့် ၄–ကြိမ်သော်လည်းကောင်း, (သို့မဟုတ် ပရိကံမပါဘဲ) ၃–ကြိမ်မျှသော်လည်းကောင်း အစဉ်အတိုင်းဖြစ်၍ ချုပ်ပြီး သည်၏ အခြားမဲ့၌ တိက္ခပညာပုဂ္ဂိုလ်ဖြစ်က ၄–ကြိမ်မြောက်မှာဖြစ်စေ, မန္ဒပညာပုဂ္ဂိုလ်ဖြစ်က ၅–ကြိမ်မြောက်မှာဖြစ်စေ ၂၆–ပါးသော မဟဂ္ဂုတ်လောကုတ္တရာဧကတို့တွင် တစ်ပါးပါးသော ဧကသည် အပုနာအစဉ်သို့ သက်ရောက်ရတော့သည်၊ ထိုအပုနာ၏အဆုံးမှာကား ဘဝင်သာကျရတော့သည်။

ဗျာန် မဂ်ရခါနီး ဖိုလ်ဝင်စားခါနီး၌ဖြစ်သော မဟာကုသိုလ်ဧက, ဗျာန်ရခါနီး ဖိုလ်ဝင်စားခါနီး၌ဖြစ်သော မဟာကြိယာဧကတို့သည် ဉာဏ်နှင့်ယှဉ်သော စိတ်များသာ ဖြစ်ထိုက်သည်၊ ထို့ကြောင့် မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္မယုတ်ဧက ၈–ပါးတို့တွင် တစ်ပါးပါးကသာ ဧကရသည်၊ ဤဧကများကိုပင် "ဥပစာရသမာဓိဧကများ"ဟု ခေါ်ကြသည်၊ (ဥပစာရ–ဗျာန် မဂ် ဖိုလ်တို့၏ အနီးဥပစာ၌ ဖြစ်သော +သမာဓိ–တည်ကြည်သော ဧကများ။)

ယောဂီပုဂ္ဂိုလ်သည်=

"၁။ မန္ဒပညာပုဂ္ဂိုလ်= နုံ့သော ညံ့သော ပညာ ရှိသူ၊
၂။ တိက္ခပညာပုဂ္ဂိုလ်= ထက်မြက်သောပညာ ရှိသူ"ဟု ၂–မျိုး ရှိ၏။

မန္ဒပညာပုဂ္ဂိုလ်၌ အသိဉာဏ်နုံ့နေးသောကြောင့် ဥပစာရသမာဓိဧက ၄–ကြိမ်စေမှ ကိစ္စပြီး၏၊ ထို့နောက် ၅–ကြိမ်မြောက်မှာ အပုနာဧက စေရသည်၊ တိက္ခပညာပုဂ္ဂိုလ်၌ အသိဉာဏ်လျင်မြန်သောကြောင့် ဥပစာရသမာဓိဧကများ ၃–ကြိမ်စောရုံမျှဖြင့် ကိစ္စပြီးနိုင်သည်၊ ထို့နောက် ၄–ကြိမ်မြောက်မှာ အပုနာဧကများ စေရသည်၊ ဤကား ယထာရဟ စေပုံတည်း။

ယင်းသို့ အပုနာအစဉ်သို့ သက်ရောက်ရခြင်းမှာလည်း ဗျာန်ရအောင် အားထုတ်သော ပုဂ္ဂိုလ်က မိမိ၏ သမထဘာဝနာစိတ်ကို ဗျာန်သို့ရောက်အောင် ရှေးရှုဆောင်ခြင်း, မဂ်ရအောင်

http://www.dhammadownload.com

ကာမဇောနောင် အပွနာဇော စောပုံ

၂၂။ တတ္ထ–ထိုအပွနာဇောဝါရ၌၊ သောမနဿသဟဂတ ဇဝနာနန္တရံ–သောမနဿသဟဂုတ်ဇော၏ အခြားမဲ့၌၊ အပွနာပိ–အပွနာဇောကိုလည်း၊ သောမနဿသဟဂတာဝ–သောမနဿသဟဂုတ် အပွနာဇောကိုသာ၊ ပါဠိကခ်ိတဗ္ဗာ–အလိုရှိထိုက်၏၊ ဥပေက္ခာသဟဂတဇဝနာနန္တရံ–ဥပေက္ခာသဟဂုတ်ဇော၏ အခြားမဲ့၌၊ အပွနာပိ–ကိုလည်း၊ ဥပေက္ခာသဟဂတာဝ–ဥပေက္ခာသဟဂုတ် အပွနာဇောကိုသာ၊ ပါဠိကခ်ိတဗ္ဗာ–အလိုရှိထိုက်၏။

အားထုတ်သော သူကလည်း မိမိ၏ ဝိပဿနာ ဘာဝနာစိတ်ကို မဂ်–ဖိုလ်သို့ ရောက်အောင် ရှေးရှုဆောင်ခြင်းတို့၏ စွမ်းအင်သတ္တိကြောင့် သက်ရောက်ရခြင်း ဖြစ်ပေသည်။

ဤစကားရပ်များဖြင့် အပွနာဇောများ ဖြစ်ပုံ မသိသာ မထင်ရှားသေးပါ၊ ဇဝနိယမလာ "အာဒိကမ္မိကဿ ပန"အစရှိသော စကားရပ်များနှင့် ညှိနှိုင်းတွဲစပ် ကြည့်ရှုမှသာ သိသာထင်ရှားလာပါလိမ့်မည်၊ ထို့ကြောင့် ဝိထိများကို ဇဝနိယမသို့ရောက်မှ ပြပါမည်၊ သို့သော် ဤနေရာ၌ အမှတ်ရလွယ်ကူစေရန် မန္ဒပညပုဂ္ဂိုလ်, တိက္ခပညပုဂ္ဂိုလ်တို့၏ အစဆုံး ရအပ်သော (အာဒိကမ္မိက) စာနဝိထိ တစ်ခုမျှကို ပြပါမည်။

ဘ	နံ	ဒ	မ	ပ	ဥ	နု	ဂေါ	စျာန်	ဘ	ဘ		(မန္ဒ)
ဘ	နံ	ဒ	မ	ဥ	နု	ဂေါ	စျာန်	ဘ		ဘ		(တိက္ခ)

ဤအပွနာဇောဝါရ၌ ထင်လာသော အာရုံသည် ကသိဏ်းပညတ်စသော အာရုံ, နိဗ္ဗာန် အာရုံများ ဖြစ်သောကြောင့် အတီတဘဝင်ချဖွယ်လည်း မလိုပါ။

(ပ= ပရိကံ၊ ဥ= ဥပစာ၊ နု= အနုလုံ၊ ဂေါ= ဂေါတြဘု။)

၂၂။ "တတ္ထ"အစရှိသော စကားရပ်ဖြင့် ဥပစာရသမာဓိဇောနှင့် အပွနာဇောတို့ကို ဝေဒနာဘေဒဖြင့် ခွဲဝေသတ်မှတ်ပြသည်။

သောမနဿသဟဂုတ် ဥပစာရသမာဓိဇော၏ အခြားမဲ့မှာ သောမနဿသဟဂုတ် အပွနာဇောသာ စောသည်၊ ဥပေက္ခာသဟဂုတ်ဥပစာရသမာဓိဇော၏ အခြားမဲ့မှာလည်း ဥပေက္ခာသဟဂုတ်အပွနာဇောသာ စောသည်၊ "ဥပစာရသမာဓိဇောနှင့် အပွနာဇောများသည် သောမနဿသဟဂုတ်ချင်း, ဥပေက္ခာသဟဂုတ်ချင်း ရှေ့,နောက် တူရမည်"ဟု ဆိုလိုသည်။

မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် သောမနဿသဟဂုတ်ဇော ၄–ပါး်တို့၏ နောက်၌ မဟဂ္ဂုတ်သောမနဿသဟဂုတ်ဇော ၈–ပါး်၊ မဂ်သောမနဿသဟဂုတ်ဇော ၁၆–ပါး်၊ ဖိုလ်သောမနဿသဟဂုတ်ဇော ၁၆–ပါး်၊ ပေါင်း ၄၀– စောနိုင်သည်။ (သင်္ဂဟဂါထာ၌ "ဒွတ္တိ'သ သုခဥုညမှာ၊ သုခိတကြိယတော အဋ္ဌ"တို့၏အရ ဖြစ်လာပါလိမ့်မည်။)

မဟာကုသိုလ်, မဟာကြိယာ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၄–ပါး်တို့၏ နောက်၌ မဟဂ္ဂုတ်ဥပေက္ခာသဟဂုတ်ဇော ၁၀–ပါး်၊ မဂ်ဥပေက္ခာသဟဂုတ်ဇော ၄–ပါး်၊ ဖိုလ်ဥပေက္ခာသဟဂုတ်ဇော ၄–ပါး်၊ ပေါင်း ၁၈–ပါး် စောနိုင်သည်။ (သင်္ဂဟဂါထာ၌ "ဒွါဒသောပေက္ခကာ

http://www.dhammadownload.com

တတ္ထာပိ–ထိုတူသောဝေဒနာရှိသော ဇောဝါရ၌လည်း၊ ကုသလဇဝနာနန္တရံ–မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ၄–ခုတို့၏အခြားမဲ့၌၊ ကုသလဇဝနဥော–မဟဂ္ဂုတ်လောကုတ္တရာ ကုသိုလ်ဇောသည်လည်းကောင်း၊ ဟေဋ္ဌိမံ–အောက်ဖြစ်သော၊ ဖလတ္တယဉ္စ–

ပရံ၊ ဆ သမ္ဘောန္တိ ဥပေက္ခကာ”တို့၏အရ ဖြစ်လာပါလိမ့်မည်။) ဤသို့ ဝေဒနာဘေဒအားဖြင့် ဦးစွာ ဝေဖန်ထားပါ။

‘တတ္ထာပိ’အစရှိသော စကားရပ်ဖြင့် ဥပစာရသမာဓိဇောနှင့် အပ္ပနာဇောတို့ကို ပုဂ္ဂိုလ်စိတ်ရ (ပုဂ္ဂလဘေဒ)အားဖြင့် သတ်မှတ်ပြသည်။

မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ၄–ခုတို့၏နောက်၌ မဟဂ္ဂုတ်,လောကုတ္တရာကုသိုလ်ဇောနှင့် အောက်ဖိုလ် ၃–ခုသာ စောနိုင်သည်။ (ပုထုဇဉ် သေက္ခအတွက်။)

မဟာကြိယာဉာဏသမ္ပယုတ်ဇော ၄–ခုနောက်၌ မဟဂ္ဂုတ်ကြိယာဇောနှင့် အရဟတ္တဖိုလ်ဇောသာ စောနိုင်သည်။ (ရဟန္တာအတွက်။)

မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ၄–ခုတို့၏နောက်၌ မဟဂ္ဂုတ်ကုသိုလ်ဇော ၉–ပါး၊ လောကုတ္တရာကုသိုလ်ဇော ၂၀၊ အောက်ဖိုလ်ဇော ၁၅–ပါး၊ပေါင်း ၄၄–ပါးစောနိုင်သည်။ (သင်္ဂဟဂါထာ၌ “ပုထုဇ္ဇနာနသေက္ခာနံ, ကာမပုညတိဟေတုတော” ဟု ပြဆိုပါလိမ့်မည်။)

မဟာကြိယာဉာဏသမ္ပယုတ်ဇော ၄–ပါးတို့၏ နောက်၌ မဟဂ္ဂုတ်ကြိယာဇော ၉–ပါး၊ အရဟတ္တဖိုလ်ဇော ၅–ပါး၊ ပေါင်း ၁၄–ပါး စောနိုင်သည်။ (သင်္ဂဟဂါထာ၌ “တိဟေတုကာမကြိယတော, ဝိတရာဂါနမပ္ပနာ”ဟု ပြဆိုပါလိမ့်မည်။)

ဤသို့ ပုဂ္ဂလဘေဒအားဖြင့်လည်း ခွဲစိတ်ဝေဖန်ထားပါ၊ ထို့နောက် ဝေဒနာဘေဒနှင့် ပုဂ္ဂလဘေဒတို့ကို တွဲစပ် ခွဲစိတ် ဝေဖန်ပုံကို ပြပါမည်။

ဝေဒနာဘေဒနှင့် ပုဂ္ဂလဘေဒတို့ကို တွဲစပ်ဝေဖန်ပုံ

ဥပစာရသမာဓိဇောများ	မဟဂ္ဂုတ်ဇော ၁၈				လောကုတ္တရာဇော ၄၀						ပုဂ္ဂိုလ်အရေအတွက်	ဒေါသမူလ
	ကုသိုလ်		ကြိယာ		မဂ်		အောက်ဖိုလ်		အရဟတ္တဖိုလ်			
	၄ ပါး	၅ ပါး	၄ ပါး	၅ ပါး	၄ ပါး	၅ ပါး	၃ ပါး	၄ ပါး	၄ ပါး	၁ ပါး		
မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ၄	။				။		။				၃၂	၄၄
မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ၄		။				။		။			၁၂	
မဟာကြိယာဉာဏသမ္ပယုတ်ဇော ၄			။						။		၈	၁၄
မဟာကြိယာဉာဏသမ္ပယုတ်ဇော ၄				။						။	၆	

http://www.dhammadownload.com

ဖိုလ်ဧော ၃-ခု အပေါင်းသည်လည်းကောင်း၊ အပွေတိ-အပွနာဖြစ်၏၊ ကြိယဇဝနာနန္တရံ-မဟာကြိယာဉာဏသမ္မယုတ်ဧောင့်-ခုတို့၏အခြားမဲ့၌၊ ကြိယဇဝနဘွေဝ-မဟဂ္ဂုတ်ကြိယာဧောသည်လည်းကောင်း၊ အရဟတ္တဖလဘွ-အရဟတ္တဖိုလ်ဧောသည်လည်းကောင်း၊ အပွေတိ-အပွနာဖြစ်၏၊ ဣတိ-ဤသို့ မှတ်အပ်၏။

သင်္ဂဟဂါထာများ

၂၃။ သုခပုဉ္ဇမှာ-သောမနဿသဟဂုတ် မဟာကုသိုလ် ဉာဏသမ္မယုတ်ဧော ၂-ခုမှ၊ ပရံ-နောက်၌၊ ဒွတ္တိံသ- ၃၂-ပါးသော အပွနာဧောသည်၊ သမ္ဘောတိ-ဖြစ်၏၊ ဉပေက္ခကာ-ဉပေက္ခာသဟဂုတ် မဟာကုသိုလ် ဉာဏသမ္မယုတ်ဧော ၂-ခုမှ၊ ပရံ-၌၊ ဒွါဒသ- ၁၂-ပါးသောအပွနာဧောတို့သည်၊ သမ္ဘောန္တိ-ဖြစ်ကုန်၏၊ သုခိတကြိယတော-သောမနဿသဟဂုတ် မဟာကြိယာဉာဏသမ္မယုတ်ဧော ၂-ခုမှ၊ ပရံ-၌၊ အဋ္ဌ-၈-ပါးသော အပွနာဧောတို့သည်၊ သမ္ဘောန္တိ-ကုန်၏၊ ဥပေက္ခကာ-ဉပေက္ခာသဟဂုတ်မဟာကြိယာဉာဏသမ္မယုတ်ဧော ၂-ခုမှ၊ ပရံ-၌၊ ဆ- ၆-ပါးသော အပွနာဧော တို့သည်၊ သမ္ဘောန္တိ-ကုန်၏။

မဟာကုသိုလ် ဉာဏသမ္မယုတ် သောမနဿသဟဂုတ်ဧော ၂-ခု၏ နောက်၌ "မဟဂ္ဂုတ်ကုသိုလ်သောမနဿသဟဂုတ် ၄-ပါး၊ မဂ် သောမနဿသဟဂုတ်ဧော ၁၆-ပါး၊ အောက်ဖိုလ်သောမနဿသဟဂုတ် ၁၂-ပါး"အားဖြင့် ၃၂-ပါးသော အပွနာဧောတို့ ဖြစ်နိုင်သည်။ ('ဒွတ္တိံသ သုခပုဉ္ဇမှာ'၏အရ ဖြစ်သည်။)

မဟာကုသိုလ် ဉာဏသမ္မယုတ် ဉပေက္ခာသဟဂုတ်၏ နောက်၌ မဟဂ္ဂုတ်ကုသိုလ် ဉပေက္ခာသဟဂုတ် ၅-ပါး၊ မဂ်ဉပေက္ခာသဟဂုတ် ၄-ပါး၊ အောက်ဖိုလ် ဉပေက္ခာသဟဂုတ် ၃-ပါး၊ ပေါင်း ၁၂-ပါးသော အပွနာဧောတို့ ဖြစ်နိုင်သည်။ ('ဒွါဒသောပေက္ခကာ ပရံ'၏အရ ဖြစ်သည်။)

မဟာကြိယာ ဉာဏသမ္မယုတ် သောမနဿသဟဂုတ်ဧော ၂-ခုမှ နောက်၌ မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ် ၄-ပါး၊အရဟတ္တဖိုလ် သောမနဿသဟဂုတ် ၄-ပါး၊ ပေါင်း ၈-ပါးသော အပွနာဧောတို့ ဖြစ်နိုင်သည်။ ('သုခိတကြိယတော အဋ္ဌ'၏ အရတည်း။)

မဟာကြိယာ ဉာဏသမ္မယုတ် ဉပေက္ခာသဟဂုတ် ၂-ခု၏ နောက်၌ မဟဂ္ဂုတ်ကြိယာ ဉပေက္ခာသဟဂုတ် ၅-ပါး၊ အရဟတ္တဖိုလ် ဉပေက္ခာသဟဂုတ် ၁-ပါး၊ ပေါင်း ၆-ပါးသော အပွနာဧောတို့ ဖြစ်နိုင်သည်။ ('ဆ သမ္ဘောန္တိ ဉပေက္ခကာ'၏အရတည်း။)

၂၃။ 'ဒွတ္တိံသ သုခပုဉ္ဇမှာ'စသော ဂါထာသည် "တတ္ထ ။ပ ။ အရဟတ္တဖလဘွ"ဟူသော အကျယ်စကား ၂-ရပ်ကို ကောက်ချက်ချကာ ပေါင်းယူပြထားသော သင်္ဂဟဂါထာ ဖြစ်သည်၊ အရကောက်မှာ ဆိုခဲ့ပြီးသည့်အတိုင်းပင် ဖြစ်ပါသည်။

http://www.dhammadownload.com

၂၄။ ပုထုဇ္ဇနာနံ–တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့၏လည်းကောင်း၊ သေက္ခာနံ–အောက်ဖလဋ္ဌာန် ၃–ယောက်တို့၏လည်းကောင်း၊ ကာမပုညတိဟေတုတော–တိဟိတ်ကာမကုသိုလ် ၄–ခုမှ၊ ပရံ–နောက်၌၊ (စတုစတ္တာလီသ–၄၄–ပါးသော၊) အပ္ပနာ–အပ္ပနာဇောတို့သည်၊ သမ္ဘောန္တိ–ကုန်၏၊ ဝိတရာဂါနံ–ရဟန္တာပုဂ္ဂိုလ်တို့၏၊ တိဟေတုကာမကြိယတော–တိဟိတ်ကာမကြိယာ ၄–ခုမှ၊ ပရံ–၌၊ (စုဒ္ဒသ– ၁၄–ပါးကုန်သော၊) အပ္ပနာ–တို့သည်၊ သမ္ဘောန္တိ–ကုန်၏။

ဆောင်။ ။ ဟင်္ကု မဂ္ဂါ, အောက်ဖလာ, သောမှာ ဒွတ္တိ်ံသ၊
ဟင်္ကု မဂ္ဂါ, အောက်ဖလာ, ဥမှာ ဒွါဒသ၊
မဟင်္ကြိယာ, ဆုံးဖလာ, သောမှာ အဋ္ဌမ္မှ၊
မဟင်္ကြိယာ, ဆုံးဖလာ, ဥမှာ ဆ အရ။

၂၄။ 'ပုထုဇ္ဇနာနသေက္ခာနံ'စသောဂါထာသည် 'တတ္ထ'စသောအကျယ်စကားရပ်ကို အကျဉ်းချုံးကာ ပေါင်းယူပြထားသော သင်္ဂဟဂါထာ ဖြစ်သည်၊ အပေါင်းသရုပ် အဓိပ္ပာယ်တို့မှာ အကျယ်စကားရပ်၌ ပြဆိုခဲ့သည့်အတိုင်းပင်ဖြစ်သည်။

"ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်"ဟု ပုထုဇဉ်ပုဂ္ဂိုလ် ၄–မျိုးရှိသည်၊ မဂ္ဌဋ္ဌာန် ၄–ယောက်, အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်တို့ကို "သေက္ခပုဂ္ဂိုလ်"ဟု ခေါ်သည်၊ သို့သော် ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်ပုဂ္ဂိုလ်တို့မှာ အပ္ပနာဇောများ မဖြစ်နိုင်၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်များမှာလည်း သက်ဆိုင်ရာမဂ်စိတ် တစ်ခုစီမျှသာ ဖြစ်သည်၊ ကာမကုသိုလ်များ ဖြစ်ခွင့်မရှိ၊ ထို့ကြောင့် 'ပုထုဇ္ဇနာနသေက္ခာနံ'၌ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်တို့ကိုသာ ယူရသည်။

ထိုတွင် တိဟိတ်ပုထုဇဉ်အဖြစ်၌ မဟဂ္ဂုတ်ကုသိုလ်စျာန် ၉–ပါးကို ရနိုင်သည်၊ သောတာပတ္တိမဂ်ကိုလည်း ရနိုင်သည်၊ ထို့ကြောင့် တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄–ပါးနောက်၌ မဟဂ္ဂုတ်ကုသိုလ်ဇော ၉–ပါး၊ သောတာပတ္တိမဂ်ဇော ၅–ပါး၊ ပေါင်း ၁၄–ပါးသော အပ္ပနာဇောများ စောခွင့်ရှိသည်။ ယင်းကိုပင်–

၁။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿသဟဂုတ်ဇော ၂–ခုနောက်၌ မဟဂ္ဂုတ်ကုသိုလ် သောမနဿ ၄–ပါး၊ သောတာပတ္တိမဂ် သောမနဿ ၄–ပါး၊ ပေါင်း ၈–ပါးသော အပ္ပနာဇောများ စောခွင့်ရှိသည်။

၂။ တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥပေက္ခာသဟဂုတ်ဇော ၂–ခုနောက်၌ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ် ၅–ပါး၊ သောတာပတ္တိမဂ် ဥပေက္ခာသဟဂုတ် ၁–ပါး၊ ပေါင်း ၆–ပါးသော အပ္ပနာဇောများ စောခွင့် ရှိသည်၊ ဤသို့ ဝေဒနာဘေဒအားဖြင့်လည်း ထပ်မံခွဲနိုင်ပါသေးသည်။

သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်အဖြစ်၌ မဟဂ္ဂုတ်ကုသိုလ်စျာန် ၉–ပါးကို ရနိုင်သည်၊ ဖလသမာပတ်ဝင်စားသည့်အခါ သောတာပတ္တိဖိုလ်ဇောလည်းစောနိုင်သည်၊ သကဒါဂါမိမဂ်

http://www.dhammadownload.com

အယံ-ဤဆိုအပ်ပြီးသော စကားသည်၊ ဇတ္ထ-ဤဝိထိသင်္ဂဟ၌၊ မနောဒွါရေ-မနောဒွါရ၌၊ ဝိဆိစိတ္တပွဝတ္တိနယော-ဝိထိစိတ်တို့၏ ဖြစ်ပုံနည်းတည်း။

တဒါရမဏနိယမ

၂၅။ ပန-ကား၊ ဇတ္ထ-ဤဝိထိသင်္ဂဟ အရာ၌၊ သဗ္ဗတ္ထာပိ-အလုံးစုံသော ပဥ္စဒွါရ, မနောဒွါရ၌လည်း၊ အနိဋ္ဌေ-အနိဋ္ဌဖြစ်သော၊ အာရမဏေ-အာရုံ၌၊ အကုသလဝိပါကာ နေဝ-အကုသလဝိပါက်သာလျှင် ဖြစ်ကုန်သော၊ ပဥ္စဝိညာဏာ သမ္ပဋိစ္ဆန သန္တီရဏာ တဒါရမဏာနိ-ပဥ္စဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

ကိုလည်း ရနိုင်သည်၊ ထို့ကြောင့် သောတာပတ္တိမဂ္ဂဉာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဧော ၄-ပါးနောက်၌ ၁၉-ပါးသောအပွနာဧောများ စောခွင့်ရှိသည်၊ ယင်းကိုပင်-

၁။ သောတာပတ္တိဖလဉာန် ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿ သဟဂုတ်ဧော ၂-ခုနောက်၌ မဟဂ္ဂုတ်ကုသိုလ် သောမနဿ ၄-ပါး၊ သောတာပတ္တိဖိုလ်သောမနဿ ၄-ပါး၊ သကဒါဂါမိမဂ်သောမနဿ ၄-ပါး၊ ပေါင်း ၁၂-ပါးသော အပွနာဧောများ စောနိုင်သည်။

၂။ သောတာပတ္တိဖလဉာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥပေက္ခာသဟဂုတ်ဧော ၂-ခုနောက်၌ မဟဂ္ဂုတ်ကုသိုလ်ဥပေက္ခာသဟဂုတ် ၅-ပါး၊ သောတာပတ္တိဖိုလ် ဥပေက္ခာသဟဂုတ် ၁-ပါး၊ သကဒါဂါမိမဂ် ဥပေက္ခာသဟဂုတ် ၁-ပါး၊ ပေါင်း ၇-ပါးသော အပွနာဧောများ ဖြစ်နိုင်သည်၊ ဤသို့လည်း ဝေဒနာဘေဒအားဖြင့် ထပ်ဆင့်၍ ခွဲစိတ် ဝေဖန်နိုင်ပါသေးသည်။

သကဒါဂါမိ ဖလဉာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဧော ၄-ခုနောက်၌လည်း မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ သကဒါဂါမိဖိုလ်ဧော ၅-ပါး၊ အနာဂါမိမဂ်ဧော ၅-ပါး၊ ပေါင်း ၁၉-ပါးသော အပွနာဧောများ စောခွင့်ရှိသည်၊ ဝေဒနာဘေဒအားဖြင့်လည်း ထပ်ခွဲစိတ် ဝေဖန်ပါ၊ သိနိုင်လောက်ပါပြီ။

အနာဂါမိဖလဉာန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏသမ္ပယုတ်ဧော ၄-ခုနောက်၌လည်း မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ အနာဂါမိဖိုလ်ဧော ၅-ပါး၊ အရဟတ္တမဂ်ဧော ၅-ပါး၊ ပေါင်း ၁၉-ပါးသော အပွနာဧောများ စောခွင့်ရှိသည်၊ ဝေဒနာဘေဒအားဖြင့်လည်း ထပ်ခွဲပါဦး။

"တိဟေတုကာမကြိယတော, ဝိတရာဂါနမပွနာ"၌ "ဝိတရာဂါနံ"အရ အရဟတ္တဖလဉာန် ပုဂ္ဂိုလ်ကို ယူရသည်၊ ထိုအရဟတ္တဖလဉာန် (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ မဟာကြိယာ ဉာဏသမ္ပယုတ်ဧော ၄-ပါးနောက်မှာ မဟဂ္ဂုတ်ကြိယာ ၉-ပါး၊ အရဟတ္တဖိုလ်ဧော ၅-ပါး၊ ပေါင်း ၁၄-ပါးသာ စောခွင့်ရှိသည်၊ ဝေဒနာဘေဒအားဖြင့် ခွဲပုံကို ပြဆိုခဲ့ပြီးပါပြီ။

၂၅။ "မည်သည့်ဧောနောင် မည်သည့်တဒါရုံဖြစ်သည်"ဟု တဒါရုံကို ပိုင်းခြားသတ်မှတ် ပြရာဖြစ်သော အခန်းကို "တဒါရမဏနိယမ"ဟုခေါ်သည်၊ ပဓာနနည်းအားဖြင့် "တဒါရမဏာ

http://www.dhammadownload.com

၂၆။ ကုသ္ဒေ–ကုသ္ဒဖြစ်သော၊ အာရမဏော–အာရုံ၌၊ ကုသလဝိပါကာနိဇဝ–ကုသလဝိပါက်သာလျှင်ဖြစ်ကုန်သော၊ ပဋိညာဏ သမ္ပဋိစ္ဆန သန္တီရဏ တဒါရမဏာနိ–တို့သည်၊ ဟောန္တိ–ကုန်၏။ [လိုက်ပေးပါ။]

၂၇။ ပန–ကား၊ အတိကုသ္ဒေ–အတိကုသ္ဒဖြစ်သော၊ အာရမဏော–၌၊ သောမနဿသဟဂတာနေဝ–သောမနဿသဟဂုတ်သာလျှင် ဖြစ်ကုန်သော၊ သန္တီရဏ တဒါရမဏာနိ–သန္တီရဏ တဒါရုံတို့သည်၊ ဟောန္တိ–ကုန်၏။

နိယမ"ဆိုသော်လည်း ပဋိဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏတို့ကိုလည်း ပိုင်းခြား မှတ်သား၍ ပြပါလိမ့်မည်။ (တဒါရမဏ–တဒါရုံကို+နိယမ–ပိုင်းခြားမှတ်သားရာအခန်း။)

"သဗ္ဗတ္ထာပိ ။ပ။ သောမနဿသဟဂတာနေဝ သန္တီရဏ တဒါရမဏာနိ"ဟူသော စကားရပ်ဖြင့် ဝိပါက်အမှန် ဖြစ်ပုံကို ပြသည်။

ပဋိဒ္ဓါရ, မနောဒ္ဓါရ အကုန်လုံးမှာပင် အနိဋ္ဌာရုံ၌ အကုသလဝိပါက် ပဋိဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့သာ ဖြစ်ကြသည်။

၂၆။ ကုသ္ဒမဇ္ဈတ္တာရုံ၌ ကုသလဝိပါက်ပဋိဝိညာဉ်, သမ္ပဋိစ္ဆိုင်း, ဥပေက္ခာသန္တီရဏ, ဥပေက္ခာတဒါရုံတို့သာ ဖြစ်ကြသည်။

၂၇။ အတိကုသ္ဒဋ္ဌာရုံ၌ ကုသလဝိပါက်ပဋိဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သောမနဿသန္တီရဏ, သောမနဿတဒါရုံတို့သာ ဖြစ်ကြသည်။

ထိုတွင် လူလတ်တန်းစားတို့ အလိုမရှိထိုက်သော အာရုံမျိုးကို "အနိဋ္ဌာရုံ"ဟု ခေါ်သည်။ 'အသေကောင်ပုပ်, ကျင်ကြီးကျင်ငယ်'စသော မကောင်းသော အဆင်း, မကောင်းသောအသံ, မကောင်းသောအနံ့, မကောင်းသောအရသာ' စသည်တို့ပင်တည်း၊ ယင်းအာရုံများကို အချို့သော သတ္တဝါများက လိုလားနှစ်သက်နေကြသော်လည်း စင်စစ်အားဖြင့် အလိုမရှိထိုက်သော အာရုံများသာ ဖြစ်ကြပေသည်။

ရှေးအကုသိုလ်ကံက ပဝတ္တိကျိုးကို ပေးသောကြောင့် ယင်းအနိဋ္ဌာရုံများနှင့် ဆုံတွေ့ကြရသည်၊ သို့ဖြစ်၍ 'စက္ခုဝိညာဉ်'စသော အကျိုးဝိပါက်များမှာ အဟိတ်အကုသလ ဝိပါက်သာ ဖြစ်ကြရသည်၊ ဇောများမှာမူ 'ယောနိသော မနသိကာရ' စသည်အလိုက် ထိုက်သည်အားလျော်စွာ စောပါလိမ့်မည်။

လူလတ်တန်းစားပုဂ္ဂိုလ်တို့ သာမန်အလိုရှိအပ်သော အာရုံမျိုးကို "ကုသ္ဒမဇ္ဈတ္တာရုံ" ခေါ်သည်၊ 'သာမန်လောက်သာ လှသော အဆင်း, သာယာသောအသံ, ကောင်းသောအနံ့, ကောင်းသော အရသာ'စသည်တို့တည်း၊ ရှေးကာမာဝစရ ကုသိုလ်ကံက ပဝတ္တိကျိုးကို ပေးသည့်အတွက်သာ ဤအာရုံမျိုးနှင့် တွေ့ကြုံရသည်၊ သို့ဖြစ်၍ 'စက္ခုဝိညာဉ်'စသောဝိပါက်များသည် အဟိတ်ကုသလဝိပါက်နှင့် မဟာဝိပါက်တို့သာ ဖြစ်ကြရသည်၊ သို့သော် အတိကုသ္ဒဋ္ဌာရုံ၌ သောမနဿသန္တီရဏ, တဒါရုံတို့ကို ပြဆိုထားသောကြောင့် ဤကုသ္ဒမဇ္ဈတ္တာရုံ၌ သန္တီရဏ, တဒါရုံတို့သည် ဥပေက္ခာသဟဂုတ်များသာ ဖြစ်ကြရသည်။

http://www.dhammadownload.com

တတ္ထာပိ–ထိုတဒါရုံတို့တွင်လည်း၊ သောမနဿသဟဂတ ကြိယဇဝနာဝသာနေ–သောမနဿသဟဂုတ် ကြိယာဇော၏ အဆုံး၌၊ သောမနဿသဟဂတာနေဝ–သောမနဿသဟဂုတ်သာလျှင် ဖြစ်ကုန်သော၊ တဒါရမဏာနိ–တဒါရုံတို့သည်၊ ဘဝန္တိ–ဖြစ်ကုန်၏။။

ဥပေက္ခာသဟဂတကြိယဇဝနာဝသာနေစ–ဥပေက္ခာသဟဂုတ် ကြိယာဇော၏ အဆုံး၌လည်း၊ ဥပေက္ခာသဟဂတာနေဝ–ဥပေက္ခာသဟဂုတ်သာလျှင် ဖြစ်ကုန်သော၊ တဒါရမဏာနိ–တို့သည်၊ ဟောန္တိ–ကုန်၏။

၂၈။ ပန–ကား၊ ဒေါမနဿသဟဂတ ဇဝနာဝသာနေစ–ဒေါမနဿသဟဂုတ်ဇော၏ အဆုံး၌လည်း၊ တဒါရမဏာနိစေဝ–တဒါရုံတို့သည်လည်းကောင်း၊ ဘဝင်္ဂါနိစ–ဘဝင်တို့သည်လည်းကောင်း၊ ဥပေက္ခာသဟဂတာနေဝ–ဥပေက္ခာသဟဂုတ်တို့ချည်းသာလျှင်၊ ဘဝန္တိ–ဖြစ်ကုန်၏၊ တသ္မာ–ထို့ကြောင့်၊ သောမနဿပဋိသန္ဓိကဿ–သောမနဿ

လူလတ်တန်းစား ပုဂ္ဂိုလ်တို့ အလွန် အလိုရှိထိုက်သော အာရုံမျိုးကို "အတိဣဋ္ဌာရုံ"ဟု ခေါ်သည်၊ 'ဘုရားစသော အာရုံမျိုးနှင့် အလွန်လှပသော အဆင်း, အလွန်ကောင်းသော အသံ' စသည်တို့တည်း၊ ဤအတိဣဋ္ဌာရုံနှင့်တွေ့ကြုံသောအခါ သန္တီရဏနှင့် တဒါရုံတို့သည် သောမနဿသဟဂုတ်သာ ဖြစ်ကြရသည်၊ ဤသို့ အာရုံအားလျော်စွာ ဝေဒနာယှဉ်ပုံ မြဲသည် မှန်ကန်သည်ကိုပင် "ဝိပါက်အမှန်"ဟု ခေါ်သည်။

"တတ္ထာပိ ။ ပ ။ အာစရိယာ"ဟူသော စကားရပ်ဖြင့် ထိုထိုဇောနောင် ဖြစ်သင့်သော တဒါရုံကို သတ်မှတ်ပြသည်။

သောမနဿသဟဂုတ် ကြိယာဇော (၅–ခု)၏ အဆုံးမှာ သောမနဿသဟဂုတ် တဒါရုံ (၅–ပါး) ဖြစ်သည်။ (အတိဣဋ္ဌာရုံ၊ ဝိပါက်လည်း အမှန်၊ ဇောလည်း အမှန်။)

ဥပေက္ခာသဟဂုတ် ကြိယာဇော (၄–ခု)၏ အဆုံးမှာလည်း ဥပေက္ခာသဟဂုတ် တဒါရုံ (၆–ပါး)သာ ဖြစ်သည်၊ (အနိဋ္ဌာရုံနှင့် ဣဋ္ဌမဇ္ဈတ္တာရုံ၊ ဝိပါက်လည်း အမှန်၊ ဇောလည်းအမှန်။)

ဇောရောဝိပါက်ပါ အာရုံအားလျော်စွာ ဝေဒနာယှဉ်မှု မှန်ကန်(မြဲ)သောကြောင့် "ဝိပါက်လည်း အမှန်၊ ဇောလည်း အမှန်"ဟု ဆိုရသည်။

၂၈။ ဒေါမနဿသဟဂုတ်ဇော၏ အဆုံး၌လည်း ဥပေက္ခာတဒါရုံ ၆–ပါးသာ ဖြစ်ရသည်၊ တဒါရုံမဖြစ်ဘဲ ဘဝင်ကျပြန်လျှင်လည်း ဥပေက္ခာသဟဂုတ် ဘဝင်သာ ကျရမည်။ (ဇော အပြန်။)

ထို့ကြောင့် သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဇော၏ အဆုံးမှာ အကြောင်း တစ်စုံတစ်ရာကြောင့် တဒါရုံဖြစ်ခွင့် မရခဲ့ပါလျှင် ရှေ့က အလေ့အလာများသော ကာမအာရုံတစ်ပါးပါးကို အာရုံပြုလျက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်က အာဂန္တုက ဘဝင်ကိစ္စတပ်၍ ဖြစ်ပေးရသည်၊ ထို့နောက် သောမနဿဘဝင် ကျခွင့် ရတော့သည်၊ ဤသို့ အဋ္ဌကထာဆရာများ မိန့်ဆိုကြသည်။

http://www.dhammadownload.com

ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်၏၊ ဒေါမနဿ သဟဂတ ဧဝနာဝသာနေ–ဒေါမနဿသဟဂုတ်ဧော၏အဆုံး၌၊ တဒါရမဏသမ္ဘဝေါ–တဒါရုံ၏ ဖြစ်သင့်ခြင်းသည်၊ ယဒိနတ္ထိ–အကယ်၍ မရှိအံ့၊ (ဧဝံသတိ–ဤသို့ မရှိသည် ရှိသော်၊) တဒါ–ထိုအခါ၌၊ ယဲကိဉ္စိ–အမှတ်မထား တစ်ပါးပါးသော၊ ပရိစိတပုဗ္ဗံ–ရှေး၌ လေ့ကျက်အပ်ဖူးသော၊ ပရိတ္တာရမဏံ–ကာမအာရုံကို၊ အာရဗ္ဘ–အာရုံပြု၍၊ ဥပေက္ခာသဟဂတသန္တီရဏံ–ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ တံ–ထိုဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ကို၊ အနန္တရိတ္တာ–အခြားမဲ့ပြု၍၊ ဘဝင်္ဂပါတောဝ–သောမနဿဘဝင်ကျရခြင်းသည်သာ၊ ဟောတိ–၏၊ ဣတိ–ဤသို့၊ အာစရိယာ–ဆရာတို့သည်၊ ဝဒန္တိ–ဆိုကြကုန်၏။

ထိုတွင် သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်မှာ ဖြစ်ရိုးဖြစ်စဉ် ဘဝင်လည်း သောမနဿဘဝင်ပင် ဖြစ်ရမည်၊ မှန်ပါသည်= တစ်ဘဝ၌ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ် တို့သည် တစ်မျိုးတည်းသာ ဖြစ်ကြရသည်၊ ထို့ကြောင့် သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သော သူ၏ သန္တာန်၌ ဒေါသဧော၏ အဆုံးမှာ အကြောင်း တစ်စုံတစ်ရာကြောင့် တဒါရုံဖြစ်ခွင့် မရခဲ့ပါလျှင် ဘဝင်ကျရပေလိမ့်မည်၊ ထိုကျရမည့်ဘဝင်သည် သောမနဿဘဝင် ဖြစ်သည့်အတွက် ဒေါသဧောနှင့် ဆန့်ကျင်သည်၊ ဧောအားလျော်စွာ ဥပေက္ခာဘဝင် ဖြစ်ရမည်ဆိုပြန်လျှင်လည်း မူလပဋိသန္ဓေနှင့် ဆန့်ကျင်သည်၊ ဤသို့ တဒါရုံလည်း ဖြစ်ခွင့်မရ ဘဝင်လည်း မကျသာဘဲ အခက်ကြုံနေသည့်အခါ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အာဂန္တုက ဘဝင်ကိစ္စတပ်၍ ဖြစ်ပေးရသည်။

အာဂန္တုကဘဝင် ကျသော ဝိထိ

တီ နဒ ပဉ် စက် သံ တီ ဝု ဓေ ဓေ ဓေ ဓေ ဓေ ဓေ ဓေ (အာ–ဘ) ဘ ဘ (စက္ခုဒ္ဒါရ)

နဒ မ ဓေ ဓေ ဓေ ဓေ ဓေ ဓေ (အာ–ဘ) ဘ ဘ ဘ (မနောဒ္ဒါရ)

ဆိုခဲ့ပြီးသည်မှ ကြွင်းသော လောဘမူဧော ၈–ပါး၊ မောဟမူဧော ၂–ပါး၊ မဟာကုသိုလ်ဧော ၈–ပါး၊ ပေါင်း ၁၈–ပါးသော ဧောတို့၏ နောက်၌ တဒါရုံ ၁၁–ပါးလုံးပင် ဖြစ်ခွင့် ရှိသည်။

ဆောင်။ ။ ဥပေက် ကြီယာ, ဒေါသာခြောက်နောက်, တဒါခြောက်တည်း၊ ကြီသောနောက် ငါး, ကြွင်းငြား ဆယ့်ရှစ်, ဧောနောင်ဖြစ်သည် ... ... ဆယ့်တစ် တဒါရုံ ပေါင်းတည်း။

တစ်နည်း။ ။ဥ ကြီယ၊ ဒေါသ၏ နောက်မှာ၊
တဒါရုံ–ဖြစ်လာ ရောက်တယ်၊ ခြောက် ဥပေက္ခာ၊
ကြီသောနောက်– ငါး တဒါ၊ ဖြစ်ရပါ သောမနဿ၊
ကြွင်း နောက်ဝယ်–တစ်ဆယ့်တစ်ငယ်၊ ဖြစ်ရမချွတ်။

ထို့ပြင် ကာမာဝစရကုသိုလ်ဧောနှင့် အကုသိုလ်ဧောတို့၌ အာရုံအားလျော်စွာ ဝေဒနာယှဉ်ပုံ မြဲပါ၊ မမှန်ကန်ပါ၊ထိုဧောတို့၏ ရှေ့,နောက်၌ ဖြစ်ကြရသောဝိပါက်စိတ်တို့၌သာ ဝေဒနာယှဉ်ပုံ မြဲပါသည်၊ မှန်ကန်ပါသည်၊ ထို့ကြောင့် "ဝိပါက်အမှန် ဧောအပြန်" ဟုလည်း ဆိုကြပါသေးသည်။

http://www.dhammadownload.com

တဒါရုံ အင်္ဂါ

၂၉။ တထာ–ထိုမှတစ်ပါး၊ ကာမာဝစရ ဇဝနာဝသာနေဇဝ–ကာမာဝစရဧော၏ အဆုံးဌ်သာလျှင်၊ ကာမာဝစရသတ္တာနံ ဇဝ–ကာမာဝစရ သတ္တဝါတို့၏ သန္တာန်ဌ်သာလျှင်၊ အာရမဏာဘူတေသု–အာရုံဖြစ်၍ ဖြစ်ကုန်သော၊ ကာမာဝစရ ဓမ္မေသွေဝ–ကာမာဝစရ တရားတို့ဌ်သာလျှင်၊ တဒါရမဏံ–တဒါရုံကို၊ ဣ စ္ဆ န္တိ–အလိုရှိကြကုန်၏၊ ဣတိ–တဒါရမဏနိယမ အပြီးတည်း။

၃၀။ ကာမေ–ကာမဘုံဌ်၊ (ပရိယာပန္နာနံ–အကျုံးဝင်ကုန်သော၊) ဇဝနသတ္တာလမ္ဗဏာနံ–ဧော သတ္တဝါ အာရုံတို့၏၊ နိယမေ–အမှတ်အသားသည်၊ သတိ–ရှိလသော်၊ ဝိဘူတေ–ဝိဘူတာရုံဌ်လည်းကောင်း၊ အတိမဟန္တေ စ–အတိမဟန္တာရုံဌ်လည်းကောင်း၊ တဒါရမဏံ–တဒါရုံကို၊ ဣရိတံ–ဆိုအပ်၏။

ဧတ္ထ–ဣဝိထိသင်္ဂဟဌ်၊ အယံ–ဣဆိုအပ်ပြီးသည်ကား၊ တဒါရမဏနိယမော–တဒါရုံကို မှတ်သားခြင်းတည်း။

ဇဝနနိယမ

၃၁။ စ–အဖို့တစ်ပါးကား၊ ဇဝနေသု–ဧောတို့တွင်၊ ပရိတ္တဇဝနဝိထိယံ–ကာမဧော ဝိထိဌ်၊ ကာမာဝစရဇဝနာနိ–ကာမာဝစရဧောတို့သည်၊ သတ္တက္ခတ္တုံ၊ ဇဝဝါ– ၇–ကြိမ်

ဆောင်။　။ အာရုံလျော်စွာ, ဝေဒနာတို့, ဝိပါကြို, ယှဉ်ပါဘိ၍, 'ဝိ'လည်းအမှန်, ဧောအမှန်တည်း၊ ယှဉ်ဟန် ကုသိုလ်, အကုသိုလ်ဝယ်, ထိုထိုဝေဒနာ, မမှန်ပါဘဲ, 'ဝိ'မှာ မှန်ကန်, ဧောအပြန်သည်… … ဝေဖန် ခေါ်ဆိုကြရိုးတည်း။

တစ်နည်း။　။ အာရုံလိုက်၊ ယှဉ်ထိုက်သည့် 'ဝေ'နှစ်တန်၊
ဝိ ကြိမှာ–မှန်ပါဘိတယ်၊ 'ဝိ'ဧော အမှန်၊
ကု အကု–ယှဉ်ဖောက်ပြန်၊ 'ဝိ'မှန်ကန် ထောက်ထား၊
ဝိပါက်မှန်–ဧောပြန် မှတ်လို့ရယ်၊ ဆုံးဖြတ် အများ။

၂၉။ 'တထာ ကာမာဝစရ ဇဝနာဝသာနေ' အစရှိသော စကားရပ်ဖြင့် တဒါရုံကျကြောင်း အင်္ဂါကို ပြသည်။

၃၀။ 'ကာမေ' အစရှိသော ဂါထာဖြင့် ယင်းတဒါရုံအင်္ဂါပြ စကားရပ်ကိုပင် အကျဉ်းချုံး၍ ပေါင်းယူရေတွက်ပြထားသည်၊ သို့ဖြစ်၍ စကား ၂–ရပ်၏ အဓိပ္ပာယ်ကို တပေါင်းတည်း ပြပါမည်။

ဝိဘူတာရုံ အတိမဟန္တာရုံ ဝိထိဌ်–
၁။ ကာမဧော ဖြစ်ခြင်း၊
၂။ ကာမသတ္တဝါ ဖြစ်ခြင်း၊
၃။ ကာမအာရုံ ဖြစ်ခြင်း၊
ဣအင်္ဂါ ၃–ချက်စုံမှ တဒါရုံကျနိုင်သည်–ဟု ဆိုလိုပါသည်။

၃၁။ ဧောတို့ကို ပိုင်းခြားမှတ်သား၍ ပြရာစကားရပ်ကို "ဇဝနနိယမ"ဟု ခေါ်သည်။

http://www.dhammadownload.com

သာလျှင် သော်လည်းကောင်း၊ ဆက္ခတ္တုမေဝါ– ဖ–ကြိမ်သာလျှင် သော်လည်းကောင်း၊ ဇဝန်္တိ–စောကုန်၏။

၃၂။ ပန–ကား၊ မန္ဒပဝတ္တိယံ–အဟုန်ရှေ့ရဲ့ နုံနဲ့နဲ့ဖြစ်ရာအခါ၌၊ ဝါ–ဖြစ်ခြင်းကြောင့်၊ မရဏကာလာဒီသု–စုတေခါနီးကာလအစရှိသည်တို့၌၊ ပဋ္ဌဝါရမေဝ–ငါးကြိမ်သာလျှင်၊ ဇဝန်္တိ–စောကုန်၏။

၃၃။ ပန–ကား၊ ဘဂဝတော–မြတ်စွာဘုရား၏၊ ယမကပါဋိဟာရိယကာလာဒီသု–ရေမီးအစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြရာကာလ အစရှိသည်တို့၌၊ လဟုကပဝတ္တိယံ–လျင်မြန်စွာ ဖြစ်ရာအခါ၌၊ ဝါ–လျင်မြန်စွာ ဖြစ်ရခြင်းကြောင့်၊ စတ္တာရိဝါ– ၄–ကြိမ် သော်လည်း ဖြစ်ကုန်သော၊ ပဋ္ဌဝါ– ၅–ကြိမ်သော်လည်း ဖြစ်ကုန်သော၊ ပစ္ဆဝေကွဏ

"ဇဝနေသု စ ။ပ ။ ဝဒန္တိ"ဟူသော စကားရပ်ဖြင့် ကာမာဝစရဇောတို့ကို ပိုင်းခြားသတ်မှတ်ပြသည်၊ 'ဇဝန္တိ'တိုင်အောင်သော စကားရပ်ဖြင့် ပကတိရိုးရာ အခါမှာ စောပုံကို ပြသည်၊ 'မန္ဒပဝတ္တိယံ'စသော နောက်စကားရပ်ဖြင့် ဝိကတိ (ရိုးရာမဟုတ်သော) အခါမှာ စောပုံကို ပြသည်။

ကာမာဝစရဇောတို့သည် ပကတိရိုးရာအခါမှာ ၇–ကြိမ်သော်လည်း စောနိုင်သည်၊ ဖ–ကြိမ် သော်လည်း စောနိုင်သည်၊ ၇–ကြိမ်ထက် ပို၍လည်း မစောနိုင်၊ ဖ–ကြိမ်အောက် လျော့၍လည်းမစောနိုင်၊ ဤအဓိပ္ပာယ်ကို 'ဆက္ခတ္တုမေဝါ'၌ပါသော 'ဇဝ'သဒ္ဒါဖြင့်ပြသည်။

၃၂။ မိုရာဝတ္ထုရုပ် အားနည်း၍ စိတ်ဇောအားသေးသည့်အတွက် စုတေခါနီးကာလ စသည်တို့၌ ၅–ကြိမ်သာ စောသည်။

ထိုတွင် မရဏကာလာဒီသု–လာ 'အာဒိ'သဒ္ဒါဖြင့် –

၁။ မုစ္ဆာကာလ= ထိခိုက်ဒဏ်ရာရမှု, ရေနစ်မွန်းမှု စသည်တို့ကြောင့် တွေဝေမိန်းမော သေငယ်ဇောဖြင့် မေ့မျော၍ နေသည့်အခါမျိုး။

၂။ ဝိသညီဘူတ= သတိကင်း၍ မေ့နေရာ အခါမျိုး၊

၃။ အတိတရုဏကာလ= မွေးဖွားကာစ အခါမျိုး– စသည်တို့ကို ယူရသည်။

ဆောင်။ ။ တွေဝေမိန်းမော, သေငယ်ဇောဖြင့်, မေ့မျောတစ်သင်း, သတိကင်း၍, မေ့ခြင်းတစ်ဖြာ, မွေးဖွားကာစ, စသည်မျှကို, မရဏကာလာ, ဒိ–ဖြင့်သာ, ယူရာသင့်မြတ်လှ။

တစ်နည်း။ ။ တွေမိန်းမော၊ မေ့မျော၍ နေရာ၊
မေ့ပျောက်နေ–သတိယွင်းတယ်၊ မွေးကင်းစခါ၊
ဤသို့လာ၊ စသောခါ ကာလ၊
မရဏာ–ကာလာဒိဝယ်၊ ယူဘိ သင့်လှ။

၃၃။ ဘုရားရှင်၏ ရေမီးအစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြရာကာလ အစရှိသည်တို့၌ လျင်မြန်စွာ ဖြစ်ရသည့်အတွက် ပစ္ဆဝေကွဏာဇောများ ၄–ကြိမ်သော်လည်း စောနိုင်သည်၊ ၅–ကြိမ်သော်လည်း စောနိုင်သည်။

http://www.dhammadownload.com

စိတ္တာနိ–ပစ္စဝေက္ခဏာဇောစိတ်တို့သည်၊ ဘဝင်္ဂ–ဖြစ်ကုန်၏၊ ဣတိပိ–ဤသို့လည်း၊ ဝဒန္တိ–အဋ္ဌကထာဆရာတို့ ဆိုကြကုန်၏။

၃၄။ ပန–ကား၊ အာဒိကမ္မိကဿ–အစဆုံး ကမ္မဋ္ဌာန်းအားထုတ်မှု၌ ယှဉ်သော ပုဂ္ဂိုလ်၏၊ ပဌမကပ္ပနာယံ–ရှေးဦးစွာဖြစ်သော အပ္ပနာ၌၊ မဟဂ္ဂတဇဝနာနိ–မဟဂ္ဂုတ်ဇော တို့သည်၊ ဇကေဝါရမေဝ–တစ်ကြိမ်သာလျှင်၊ ဇဝင်္ဂိ–ကုန်၏၊ အဘိညာဇဝနာနိစ–အဘိညာဉ်ဇောတို့သည်လည်း၊ သဗ္ဗဒါပိ–အခါခပ်သိမ်းလည်း၊ ဇကဝါရမေဝ–သာလျှင်၊ ဇဝင်္ဂိ–ကုန်၏၊ တတော–ထိုတစ်ကြိမ်မှ၊ ပရံ–၌၊ ဘဝင်္ဂပါတော–သည်၊ ဟောတိ–၏။

လျင်မြန်စွာ ဖြစ်ရာအခါမျိုး မဟုတ်လျှင်ကား ၇–ကြိမ်ပင် စောနိုင်သည်၊ "တိက္ခဒ္ဒိယ (ထက်သော ပညာရှိသူ)အတွက် ၄–ကြိမ်, မုဒိန္ဒြိယ(နုသောပညာရှိသူ)အတွက် ၅–ကြိမ်" ဟုလည်းကောင်း, "ဘုရားရှင်အတွက် ၄–ကြိမ်, သာဝကများအတွက် ၅–ကြိမ်"ဟုလည်းကောင်း ယူကြသေးသည်။ (ဝိထိများမှာ သိသာထင်ရှားပါပြီ။)

၃၄။ 'အာဒိကမ္မိကဿ ပန' အစရှိသော စကားရပ်ဖြင့် အပ္ပနာဇောများကို သတ်မှတ်ပြသည်။

ကမ္မဋ္ဌာန်းအားထုတ်စပုဂ္ဂိုလ်၏ ပထမဆုံးရသော မဟဂ္ဂုတ်ဈာန်ဇောများသည် တစ်ကြိမ်သာ စောကြသည်။

ထိုထိုဈာန်အတွက်အစဦးဆုံး အားထုတ်သော ပုဂ္ဂိုလ်ကို "အာဒိကမ္မိကပုဂ္ဂိုလ်"ဟု ခေါ်သည်၊ ပထမဈာန် စသည်တို့ကို ရပြီးနောက် ဒုတိယဈာန် စသည်တို့ကို အားထုတ်ပြန်လျှင်လည်း အာဒိကမ္မိကပင်ဖြစ်သည်။ (အာဒိ–အစဆုံး+ကမ္မ–ကမ္မဋ္ဌာန်းအားထုတ်မှု, ဈာန်ရမှု၌+ကုက–ယှဉ်သောပုဂ္ဂိုလ်။)

ပထမအကြိမ်ဖြစ်သော အပ္ပနာသည် "ပထမကပ္ပနာ" မည်သည်၊ ရှေးဦးဆုံးဖြစ်သော ဈာန်–ဟု ဆိုသည်။

အာဒိကမ္မိက ဈာနဝီထိ

မန္ဒ	=	ဘ	နု	ဒ	မ	ပ	ဥ	နု	ဂေါ	ဈာန်	ဘ	ဘ	ဘ
တိက္ခ	=	ဘ	နု	ဒ	မ	ဥ	နု	ဂေါ	ဈာန်	ဘ	ဘ	ဘ	ဘ

အဘိညာဉ်ဇောတို့မူကား ပထမရစအခါမှာဖြစ်စေ, နောက်အခါမှာဖြစ်စေ အခါခပ်သိမ်း ၁–ကြိမ်သာ စောနိုင်သည်၊ အဘိညာဉ်အပြားနှင့် အဘိညာဉ်ဝီထိ ဖြစ်စဉ်ကို ကမ္မဋ္ဌာန်းပိုင်း၌ ရှုပါ၊ ဤနေရာ၌ ဝီထိပုံစံမျှသာ ပြသည်။

အဘိညာဉ်ဝီထိ

မန္ဒ	=	ဘ	နု	ဒ	မ	ပ	ဥ	နု	ဂေါ	ဘိ့	ဘ	ဘ	ဘ	ဘ
တိက္ခ	=	ဘ	နု	ဒ	မ	ဥ	နု	ဂေါ	ဘိ့	ဘ	ဘ	ဘ	ဘ	ဘ

http://www.dhammadownload.com

၃၅။ ပန–ကား၊ စတ္တာရော– ၄–ပါးကုန်သော၊ မဂ္ဂုပ္ပာဒါ–ဥပါဒ်သော မင်္ဂိုသည်၊ ဧကစိတ္တက္ခဏိကာ–တစ်ခုသော စိတ္တက္ခဏ ရှိကုန်၏၊ တတော–ထိုတစ်ကြိမ်မှ၊ ပရံ–နောက်၌၊ ဒွေတိဏှံဖလစိတ္တာနိ– ၂–ကြိမ် ၃–ကြိမ်သော ဖိုလ်စိတ်တို့သည်၊ ယထာရဟံ–မန္ဒ, တိက္ခ ပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ၊ ဥပ္ပဇ္ဇန္တိ–ဖြစ်ကုန်၏၊ တတော–ထိုဖိုလ်ဇောမှ၊ ပရံ–၌၊ ဘဝင်္ဂပါတော–သည်၊ ဟောတိ–၏။

၃၆။ နိရောဓသမာပတ္တိကာလေ–နိရောဓသမာပတ်ကို ဝင်စားခါနီးကာလ၌၊ ဒွိက္ခတ္တုံ–၂–ကြိမ်၊ စတုတ္ထာရုပ္ပဇဝနံ–စတုတ္ထအာရုပ္ပဇောသည်၊ ဇဝတိ–စောဒ်၏၊ တတော–ထိုစတုတ္ထအာရုပ္ပဇောမှ၊ ပရံ–၌၊ နိရောဓံ–စိတ် စေတသိက် စိတ္တဇရုပ်တို့၏ချုပ်ခြင်းသို့၊ ဖုသတိ–ရောက်၏။

၃၇။ ဝုဋ္ဌာနကာလေစ–နိရောဓသမာပတ်မှ ထရာကာလ၌လည်း၊ အနာဂါမိဖလံဝါ–အနာဂါမိဖိုလ်ဇောသည်သော်လည်းကောင်း၊ အရဟတ္တဖလံဝါ–အရဟတ္တဖိုလ်ဇောသည်သော်လည်းကောင်း၊ ယထာရဟံ–အနာဂါမ်, ရဟန္တာအလိုက် ထိုက်သည်အားလျော်စွာ၊ ဇဝဝါရံ– ၁–ကြိမ်၊ ဥပ္ပဇ္ဇိတွာ–ဖြစ်ပြီး၍၊ နိရုဒ္ဓေ–ချုပ်သည်ရှိသော်၊ ဘဝင်္ဂပါတောဝ–သည်သာလျှင်၊ ဟောတိ–၏။

၃၅။ မင်္ဂိုတို့သည် ၁–ကြိမ်သာဖြစ်ရိုးရှိသည်၊ ၁–ကြိမ်ဖြစ်ပြီးသည့်နောက် မန္ဒပညာပုဂ္ဂိုလ်၌ ဖိုလ်ဇော ၂–ကြိမ်, တိက္ခပညာပုဂ္ဂိုလ်၌ ဖိုလ်ဇော ၃–ကြိမ် ဆက်စောသည်၊ ထို့နောက် ဘဝင် ကျရတော့သည်။

သောတာပတ္တိ မဂ္ဂဝီထိ

မန္ဒ	=	ဘ	န	ဒ	မ	ပ	ဥ	နု	ဂေါ	မင်	ဖ	ဖ	ဘ	ဘ	ဘ
တိက္ခ	=	ဘ	န	ဒ	မ	ဥ	နု	ဂေါ	မင်	ဖ	ဖ	ဖ	ဘ	ဘ	ဘ

အထက်မဂ္ဂဝီထိ

မန္ဒ	=	ဘ	န	ဒ	မ	ပ	ဥ	နု	ဂေါ*	မင်	ဖ	ဖ	ဘ	ဘ	ဘ
တိက္ခ	=	ဘ	န	ဒ	မ	ဥ	နု	ဂေါ*	မင်	ဖ	ဖ	ဖ	ဘ	ဘ	ဘ

(*ဖ= ဖိုလ်၊ ဂေါ= ဂေါဒါန်၊ အထက်မဂ္ဂဝီထိများ၌ ဂေါတြဘုအစား ဂေါဒါန်ကို ထည့်သွင်းရသည်။)

၃၆၊ ၃၇။ နိရောဓသမာပတ် ဝင်စားခါနီး၌ နေဝသညာနာသညာယတနစျာန်ဇော ၂–ကြိမ် စောသည်၊ နိရောဓသမာပတ်မှ ထရာအခါမှာလည်း ဖိုလ်ဇော ၁–ကြိမ် ထိုက်သည်အားလျော်စွာ ဖြစ်ပြီးသည့်နောက် ဘဝင်ကျရတော့သည်။

ထိုတွင် စိတ်, စေတသိက်, စိတ္တဇရုပ်တို့ အခိုက်အတန့်မျှ ချုပ်ခြင်းသို့ ကောင်းစွာ ရောက်နေသည်ကို "နိရောဓသမာပတ် ဝင်စားသည်"ဟု ခေါ်သည်၊ ထိုနိရောဓသမာပတ်ကို အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်များသာ ဝင်စားနိုင်သည်၊ ထို့ကြောင့် "အနာဂါမ်ပုဂ္ဂိုလ်အတွက်

http://www.dhammadownload.com

၃၈။ သဗ္ဗတ္ထာပိ–အလုံးစုံလည်းဖြစ်သော၊ သမာပတ္တိဝိထိယံ–ဈာနသမာပတ္တိ, ဖလသမာပတ္တိ ဝိထိ၌၊ ဘဝင်္ဂသောတောဝိယ–ဘဝင်အလျဉ်သည်ကဲ့သို့၊ ဝိထိနိယမော–ဇောအစဉ်ကို မှတ်သားဖွယ်သည်၊ နတ္ထိ–မရှိပြီ၊ ဣတိကတွာ–ဤအကြောင်းကြောင့်၊ ဗဟူနိပိ–များစွာသော ဇောတို့ကိုလည်း၊ လဒ္ဓ န္တိ–ရအပ်ကုန်၏၊ ဣတိ–ဇဝနနိယမ အပြီးတည်း။

နေဝသညာနာသညာယတနကုသိုလ်ဇော အနာဂါမိဖိုလ်ဇော, ရဟန္တာအတွက် နေဝသညာနာသညာယတနကြိယာဇော အရဟတ္တဖိုလ်ဇော”ဟု ဈာန်ဇော ဖိုလ်ဇောတို့ကို ယထာရဟ ယူရသည်။

သမာပတ်အတွင်း၌ ချုပ်ငြိမ်းနေသော စိတ်, စေတသိက်, စိတ္တဇရုပ်များ ပြန်၍ ဖြစ်ပေါ်လာသည်ကိုပင် “နိရောဓသမာပတ်မှ ထသည်”ဟုခေါ်သည်၊ အကျယ်ကို ကမ္မဋ္ဌာန်းပိုင်း၌ ရှုပါ။

နိရောဓသမာပတ္တိ ဝိထိ

မန္ဒ = ဘ နဒ မပဥ နု ဂေါ ဈာန် ဈာန် (နိ) ဖ ဘ ဘ
တိက္ခ = ဘ နဒ မဥ နု ဂေါ ဈာန် ဈာန် (နိ) ဖ ဘ ဘ

၃၈။ ဘဝင်ကျနေသည့်အခါ “ဘဝင်အကြိမ် မည်၍မည်မျှ ဖြစ်နေသည်”ဟု သတ်မှတ်ချက် မရှိသကဲ့သို့ ထို့အတူ“သမာပတ်အတွင်း၌ ဈာန်ဇော, ဖိုလ်ဇောများ မည်၍မည်မျှ ဖြစ်သင့်သည်” ဟုသတ်မှတ်ချက် မရှိပါ၊ အကြိမ်ပေါင်းများစွာပင် စောနိုင်ပါသည်။

‘ဗဟူနိပိ’၌ ‘ပိ’သဒ္ဒါဖြင့် ဈာန်ဝင်စားမှု, ဖိုလ်ဝင်စားမှု၌ အလေ့အလာ မရသေးခင် ၂–ကြိမ် ၃–ကြိမ် စသည်ဖြင့် အနည်းငယ်လည်း ဖြစ်နိုင်သေးသည်ကိုဆည်းသည်။

သမာပတ္တိသည် “ဈာနသမာပတ္တိ,ဖလသမာပတ္တိ”ဟု ၂–မျိုး ရှိသည်၊ ဈာန်သို့ ကောင်းစွာ ရောက်ခြင်း, ဈာန်ဇောချည်း ထပ်ကာထပ်ကာ အကြိမ်များစွာ ဖြစ်နေခြင်းကို “ဈာနသမာပတ္တိ”ဟု ခေါ်သည်။ (ဈာန–ဈာန်သို့+သမာပတ္တိ–ကောင်းစွာရောက်ခြင်း= ဈာန်ဝင်စားခြင်း။)

ဖိုလ်သို့ ကောင်းစွာရောက်ခြင်း, ဖိုလ်ဇောချည်း ထပ်ကာထပ်ကာ အကြိမ်များစွာ ဖြစ်နေခြင်းကို“ဖလသမာပတ္တိ” ဟုခေါ်သည်။ (ဖလ–ဖိုလ်သို့+သမာပတ္တိ–ကောင်းစွာရောက်ခြင်း= ဖိုလ်ဝင်စားခြင်း။)

ဈာနသမာပတ္တိဝိထိ

မန္ဒ = ဘ နဒ မပဥ နု ဂေါ ဈာန် ဈာန် (အကြိမ်များစွာ) ဘ ဘ
တိက္ခ = ဘ နဒ မဥ နု ဂေါ ဈာန် ဈာန် (အကြိမ်များစွာ) ဘ ဘ ဘ

ဖလသမာပတ္တိဝိထိ

မန္ဒ = ဘ နဒ မနုနုနု ဖဖဖ (အကြိမ်များစွာ) ဘ ဘ
တိက္ခ = ဘ နဒ မနုနုနု ဖဖဖ (အကြိမ်များစွာ) ဘ ဘ ဘ

http://www.dhammadownload.com

သင်္ဂဟဂါထာ

၃၉။ ပရိတ္တာနိ-ကာမဓောတို့ကို၊ သတ္တက္ခတ္တုံ-အလွန်အားဖြင့် ၇-ကြိမ်၊ မတာနိ-သိအပ်ကုန်၏၊ မဂ္ဂါဘိညာ-မဂ်ဓော, အဘိညာဉ်ဓောတို့ကို၊ သကိ- ၁-ကြိမ်၊ မတာ-သိအပ်ကုန်၏၊ အဝသေသာနိ-ကြွင်းကုန်သော၊ ဇဝနာနိ-ဓောတို့ကို၊ ဗဟူနိပိ-အကြိမ်များစွာတို့ကိုလည်း၊ လဗ္ဘန္တိ-ရအပ်ကုန်၏။

ဇော-ဤဝီထိသင်္ဂဟ၌၊ အယံ-ဤဆိုအပ်ပြီးသော စကားသည်၊ ဇဝနိယမော-ဓောကိုပိုင်းခြားမှတ်သားခြင်းတည်း။

ပုဂ္ဂလဘေဒ

၄၀။ ပန-ကား၊ ဇော-ဤဝီထိစိတ်တို့တွင်၊ *ဒုဟေတုကာနံ-ဒွိဟိတ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌လည်းကောင်း၊ *အဟေတုကာနံ-အဟိတ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌လည်းကောင်း၊

၃၉။ 'သတ္တက္ခတ္တုံ ပရိတ္တာနိ'စသော ဂါထာသည် ဇဝနိယမ သင်္ဂဟဂါထာဖြစ်သည်။

"သတ္တက္ခတ္တုံ ပရိတ္တာနိ=ကာမဓောတို့ ၇-ကြိမ် စောနိုင်သည်"ဟူသော စကားသည် အလွန်ဆုံး စောနိုင်သည်ကိုသာ ပိုင်းခြားပြဆိုသော စကား ဖြစ်သည်၊ ကာမဓောတို့ ၆-ကြိမ် ၅-ကြိမ် ၄-ကြိမ်လည်း စောနိုင်ကြောင်းမှာ အကျယ်ပါဠိရပ်ဖြင့်ပင် သိသာထင်ရှားပါပြီ၊ ထို့ပြင် ဥပစာရသမာဓိဓော အဖြစ်ဖြင့် ၃-ကြိမ် ၄-ကြိမ်လည်း စောနိုင်ပါသေးသည်။

'မဂ္ဂါဘိညာ သကိ မတာ'ဖြင့် 'အဘိညာဇဝနာနိ စ ။ပ။ ဇကေစိတ္တက္ခဏိကာ'ကို ချုံးပြထားသည်၊ အဓိပ္ပာယ် ထင်ရှားပါပြီ။

'အဝသေသာနိ လဗ္ဘန္တိ, ဇဝနာနိ ဗဟူနိပိ' ဖြင့် 'အာဒိကမ္မိကဿ ပန ပဌမကပ္ပနာယံ မဟဂ္ဂတဇဝနာနိ ဧကဝါရမေဝ ဇဝန္တိ၊ တတော ပရံ ဒွေတိီဏိ ဖလစိတ္တာနိ ။ပ။ ဗဟူနိပိ လဗ္ဘန္တိ'ကို ချုံးပြထားသည်။

ကြွင်းသော စျာန်ဓော, ဖိုလ်ဓောတို့ကား အကြိမ်ပေါင်းများစွာလည်း စောနိုင်သည်၊ အကြိမ် အနည်းငယ်လည်း စောနိုင်သည်။ ('ဗဟူနိပိ'၌ 'ပိ'သဒ္ဒါဖြင့် အကြိမ်အနည်းငယ်ကို ဆည်းသည်။)

ထိုတွင် သမာပတ်အတွင်း၌ စျာန်ဓော, ဖိုလ်ဓောများသည် အကြိမ်များစွာ စောသော ဓောများ ဖြစ်ကြသည်။

အစဦးဆုံးရသောစျာန်၌ စျာန်ဓော ၁-ကြိမ်၊ နဂရောဓသမာပတ်ဝင်စားခါနီး စတုတ္ထာရုပ္ပ စျာန်ဓော ၂-ကြိမ်၊ မဂ္ဂါနန္တရဖိုလ်ဓော ၂-ကြိမ်, ၃-ကြိမ်၊ နိရောဓသမာပတ်မှ အထမှာ ဖိုလ်ဓော ၁-ကြိမ်၊ ဤဓောများသည် 'ပိ'သဒ္ဒါဖြင့် ပေါင်းဆည်းသော အကြိမ်အနည်းငယ်စောသော ဓောများ ဖြစ်သည်။

၄၀။ ပုဂ္ဂိုလ်အပြား ပုဂ္ဂိုလ်အပြားအားဖြင့် ခွဲစိတ်ဝေဖန်၍ ရထိုက်သော ဝီထိများကို ပြရာ အခန်းကို "ပုဂ္ဂလဘေဒ"ခေါ်သည်၊ "ပုဂ္ဂိုလ်စိတ်ရ"ဟုလည်း ခေါ်ကြသေးသည်။

http://www.dhammadownload.com

ကြိယဇဝနာနိစေဝ–ကြိယာဇောတို့ကိုလည်းကောင်း၊ အပွနာဇဝနာနိစ–အပွနာဇောတို့ကို လည်းကောင်း၊ န လဗ္ဘန္တိ–မရအပ်ကုန်။ [*ရှေး နိဿယများ၌ ဆင်ခြင်ကတ္တားချည်းပေးကြသည်။]

"ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်,ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ် ၉–ယောက်" အားဖြင့် ပုဂ္ဂိုလ် ၁၂–ယောက်ရှိသည်။

ထိုတွင် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏဖြင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်ကို (ဖြစ်ရာဘုံကိုလိုက်၍ 'ဒုဂ္ဂတိ' + ပဋိသန္ဓေကိုလိုက်၍ 'အဟိတ်' = ယင်း ၂–မျိုးကို ပေါင်းစပ်လျက်) "ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်"ဟု ခေါ်သည်။

အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်, (ဇိဝိတနဝကကလာပ်ရုပ်ဖြင့် ပဋိသန္ဓေနေသော အသညသတ်ပုဂ္ဂိုလ်တို့)ကို (ဖြစ်ရာဘုံကိုလိုက်၍ 'သုဂတိ'+ ပဋိသန္ဓေကိုလိုက်၍ 'အဟိတ်' =ယင်း ၂–ရပ်ကို ပေါင်းစပ်လျက်) "သုဂတိအဟိတ်ပုဂ္ဂိုလ်"ဟု ခေါ်သည်။

'အလောဘ, အဒေါသ' ဟိတ် ၂–ပါး ပါရှိသော မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄–ပါးတို့တွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေသူကို "ဒွိဟိတ်ပုဂ္ဂိုလ်"ဟု ခေါ်သည်။

'အလောဘ, အဒေါသ, အမောဟ' ဟိတ်၃–ပါး ပါရှိသောမဟာဝိပါက် ဉာဏသမ္ပယုတ် ၄–ပါး၊ မဟဂ္ဂုတ်ဝိပါက် ၉–ပါး၊ ဤ၁၃–ပါးသော တိဟိတ်ပဋိသန္ဓေတို့တွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေ နေသူကို "တိဟိတ်ပုဂ္ဂိုလ်"ဟု ခေါ်သည်၊ ယင်းတိဟိတ်ပုဂ္ဂိုလ်သည် "တိဟိတ်ပုထုဇဉ် ၁–ယောက်, မဂ္ဂဋ္ဌာန် ၄–ယောက်, ဖလဋ္ဌာန် ၄–ယောက်"အားဖြင့် ၉–ယောက်ရှိ၏။

ထိုတွင် သောတာပတ္တိမဂ်၏ ရှေး ဂေါတြဘုတိုင်အောင် ဖြစ်သင့်သော ရုပ်, နာမ်ဓမ္မတို့၏ ခဏတ္တယသမဂ်ီ ပုဂ္ဂိုလ်ကို "တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်"ဟု ခေါ်သည်။

သောတာပတ္တိမဂ်၏ ခဏတ္တယသမဂ်ီ အခိုက်အတန့်၌ ဖြစ်သော ပုဂ္ဂိုလ်ကို "သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်"ဟု ခေါ်သည်။

သောတာပတ္တိမဂ္ဂါနန္တရဖိုလ်မှ သကဒါဂါမိမဂ်၏ရှေး ဝေဒါန်တိုင်အောင် ဖြစ်ထိုက်သမျှသော ရုပ်, နာမ်ဓမ္မတို့၏ ခဏတ္တယသမဂ်ီ ပုဂ္ဂိုလ်ကို "သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်"ဟု ခေါ်သည်။

သကဒါဂါမိမဂ်၏ ခဏတ္တယသမဂ်ီ အခိုက်အတန့်၌ ဖြစ်သော ပုဂ္ဂိုလ်ကို "သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်"ဟု ခေါ်သည်။ သကဒါဂါမိ မဂ္ဂါနန္တရဖိုလ်မှ အနာဂါမိမဂ်၏ရှေး ဝေဒါန်တိုင်အောင် ဖြစ်ထိုက်သမျှသော ရုပ်, နာမ်ဓမ္မတို့၏ ခဏတ္တယသမဂ်ီ ပုဂ္ဂိုလ်ကို "သကဒါဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်"ဟု ခေါ်သည်။

အနာဂါမိမဂ်၏ ခဏတ္တယသမဂ်ီ အခိုက်အတန့်၌ ဖြစ်သော ပုဂ္ဂိုလ်ကို "အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်"ဟု ခေါ်သည်။

http://www.dhammadownload.com

၄၁။ တထာ–ထိမှတစ်ပါး၊ သုဂတိယံ–သုဂတိဘုံ၌၊ (ဒုဟေတုကာဟေတုကာနံ–ဒွိဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်တို့၏သန္တာန်၌၊) ဉာဏသမ္ပယုတ္တဝိပါကာနိစ–ဉာဏသမ္ပယုတ် ဝိပါက်စိတ်တို့ကိုလည်း၊ န လဗ္ဘန္တိ–ကုန်။

၄၂။ ပန–ကား၊ ဒုဂ္ဂတိယံ–ဒုဂ္ဂတိဘုံ၌၊ (အဟေတုကာနံ–ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တို့၏သန္တာန်၌၊) ဉာဏဝိပ္ပယုတ္တာနိ–ဉာဏဝိပ္ပယုတ်ဖြစ်ကုန်သော၊ မဟာဝိပါကာနိစ–မဟာဝိပါက်စိတ်တို့ကိုလည်း၊ န လဗ္ဘန္တိ–ကုန်။

၄၃။ တိဟေတုကေသုစ–တိဟိတ်ပုဂ္ဂိုလ် ၉–ယောက်တို့တွင်ကား၊ ခီဏာသဝါနံ–ရဟန္တာပုဂ္ဂိုလ်တို့၏သန္တာန်၌၊ ကုသလာကုသလဇဝနာနိ–ကုသိုလ်, အကုသိုလ်ဇောတို့ကို၊ န လဗ္ဘန္တိ–ကုန်။

အနာဂါမိမဂ္ဂါနန္တရဖိုလ်မှ စ၍ အရဟတ္တမဂ်၏ရှေး ဝေဒါန်တိုင်အောင်ဖြစ်ထိုက် ။ ပ ။ ပုဂ္ဂိုလ်ကို "အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်"ဟု ခေါ်သည်။

အရဟတ္တမဂ်၏ ခဏတ္တယသမဂ်ီ အခိုက်အတန့်၌ဖြစ်သော ပုဂ္ဂိုလ်ကို "အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်"ဟု ခေါ်သည်။

အရဟတ္တမဂ္ဂါနန္တရဖိုလ်မှ စ၍ ပစ္ဆိမစိတ်တိုင်အောင် ဖြစ်ထိုက်သမျှသော ရုပ်, နာမ်ခမ္မတို့၏ ခဏတ္တယသမဂ်ီပုဂ္ဂိုလ်ကို "အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်"ဟု ခေါ်သည်။

မဂ္ဂဋ္ဌာန် ၄–ယောက်, ဖလဋ္ဌာန် ၄–ယောက်တို့ကို "အရိယာ ၈–ယောက်"ဟုလည်း ခေါ်ကြသေးသည်။

ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်, သုဂတိအဟိတ် ပုဂ္ဂိုလ်, ဒွိဟိတ် ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ် ၃–ယောက်တို့မှာ ကာမကြိယာဇော ၉–ပါး, အပွနာဇော ၂၆–ပါး–တို့ကို မရ။

၄၁။ ထိုပုဂ္ဂိုလ် ၃–ယောက်တို့တွင် သုဂတိဘုံ၌ ဖြစ်သော "သုဂတိအဟိတ် ပုဂ္ဂိုလ်, ဒွိဟိတ် ပုဂ္ဂိုလ်" ၂–ယောက်တို့မှာ (ယခင်ဇောများအပြင်) မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄–ပါးကိုလည်း မရ။

၄၂။ ဒုဂ္ဂတိဘုံ၌ဖြစ်သော ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ (ဆိုခဲ့ပြီးသော စိတ်များအပြင်) မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄–ပါးကိုလည်း မရ။

ထို့ကြောင့် ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်၌ အကုသိုလ်စိတ် ၁၂–ပါး၊ ဟသိတုပ္ပာဒ်ကြဉ်သော အဟိတ်စိတ် ၁၇–ပါး၊ မဟာကုသိုလ်စိတ် ၈–ပါး၊ ပေါင်း ၃၇–ပါးသာ ရသည်။

သုဂတိအဟိတ် ပုဂ္ဂိုလ်, ဒွိဟိတ် ပုဂ္ဂိုလ်၌ အကုသိုလ်စိတ် ၁၂–ပါး၊ ဟသိတုပ္ပာဒ်ကြဉ်သော အဟိတ်စိတ် ၁၇–ပါး၊ မဟာကုသိုလ်စိတ် ၈–ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄–ပါး၊ ပေါင်း ၄၁–ပါးသာ ရသည်။

၄၃။ တိဟိတ် ပုဂ္ဂိုလ် ၉–ယောက်တို့တွင် ရဟန္တာများမှာ ကုသိုလ်, အကုသိုလ်ဇောများကို မရ။

http://www.dhammadownload.com

၄၄။ တထာ–ထိုမှတစ်ပါး၊ သေက္ခပုထုဇ္ဇနာနံ–သေက္ခပုဂ္ဂိုလ်, ပုထုဇ္ဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌၊ ကြိယဇနာနိ–ကြိယာဇောတို့ကို၊ န လဗ္ဘန္တိ–ကုန်။

၄၅။ သေက္ခာနံ–သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌၊ ဒိဋ္ဌဂတသမ္မယုတ္တ ဝိစိကိစ္ဆာဇနာနိ–ဒိဋ္ဌဂတသမ္မယုတ်ဇော, ဝိစိကိစ္ဆာဇောတို့ကိုလည်း၊ န လဗ္ဘန္တိ–ကုန်။

၄၆။ အနာဂါမိပုဂ္ဂလာနံ ပန–အနာဂါမ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ကား၊ ပဋိဃဇနာနိစ–ဒေါသမူဇောတို့ကိုလည်း၊ န လဗ္ဘန္တိ–ကုန်။

၄၇။ လောကုတ္တရဇနာနိစ–လောကုတ္တရာဇောတို့သည်ကား၊ ယထာရဟံ–ဖြစ်ထိုက်သည်အားလျော်စွာ၊ အရိယာနမေဝ–အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌သာလျှင်၊ သမုပ္ပဇ္ဇန္တိ–သီးခြားကောင်းစွာ ဖြစ်ကြပါကုန်၏။ ကတိ–ပုဂ္ဂလဘေဒအပြီးတည်း။

၄၄။ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်နှင့် တိဟိတ်ပုထုဇ်ဉပုဂ္ဂိုလ်တို့မှာ ကြိယာဇောတို့ကို မရ။

သေက္ခပုဂ္ဂိုလ် ၇–ယောက် ရှိသော်လည်း မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့မှာ ဆိုင်ရာမဂ်စိတ် ၁–ပါးစီမျှသာ ရသောကြောင့် သေက္ခအရ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃–ယောက်တို့ကိုသာ ယူရသည်၊ ထို့ပြင် "ပုထုဇ်"ဟု သာမန်ဆိုထားသော်လည်း ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်တို့ကို ပြုပြီးဖြစ်သောကြောင့် တိဟိတ်ပုထုဇ်ကိုသာ ယူရတော့သည်။

၄၅။ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃–ယောက်မှာ (ကြိယာဇောများအပြင်) ဒိဋ္ဌဂတသမ္မယုတ် ၄–ပါး၊ ဝိစိကိစ္ဆာသဟဂုတ် ၁–ပါး၊ ပေါင်း ၅–ပါးတို့ကိုလည်း မရ။

၄၆။ အနာဂါမ်ပုဂ္ဂိုလ်တို့မှာ (ဆိုခဲ့ပြီးသောဇောများအပြင်) ဒေါသမူဇောတို့ကိုလည်းမရ။

၄၇။ လောကုတ္တရာဇောတို့သည် ဖြစ်ထိုက်သည် အားလျော်စွာ အရိယာ ပုဂ္ဂိုလ်တို့မှာသာ အသီးအသီး ဖြစ်ကြသည်၊ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်မှာ သောတာပတ္တိ မဂ်ဇော ၁–ခုသာ ဖြစ်သည် ။ ပ ။ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ်ဇော ၁–ခုသာ ဖြစ်သည်–ဟု ဆိုလိုသည်။

ထို့ကြောင့် တိဟိတ်ပုထုဇ်ဉ်တို့မှာ အကုသိုလ်စိတ် ၁၂–ပါး၊ ဟသိတုဟွာဒ်ကြဉ်သော အဟိတ်စိတ် ၁၇–ပါး၊ မဟာကုသိုလ်စိတ် ၈–ပါး၊ မဟာဝိပါက်စိတ် ၈–ပါး၊ မဟဂ္ဂုတ်ကုသိုလ်ဇော ၉–ပါး၊ပေါင်း ၅၄–ပါး ဖြစ်နိုင်သည်။

သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်မှာ ဒိဋ္ဌဂတဝိပ္ပယုတ်ဇော ၄၊ ဒေါသဇော ၂၊ ဥဒ္ဓစ္စသဟဂုတ်ဇော ၁၊ ဟသိတုဟွာဒ်ကြဉ်သော အဟိတ်စိတ် ၁၇၊ မဟာကုသိုလ် ၈၊ မဟာဝိပါက် ၈၊ မဟဂ္ဂုတ်ကုသိုလ် ၉၊ သောတာပတ္တိဖိုလ် ၁၊ ပေါင်း ၅၀–ဖြစ်သည်။

သကဒါဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်မှာ ဒိဋ္ဌဂတဝိပ္ပယုတ်ဇော ၄၊ ဒေါသဇော ၂၊ ဥဒ္ဓစ္စသဟဂုတ်ဇော ၁၊ ဟသိတုဟွာဒ် ကြဉ်သော အဟိတ်စိတ် ၁၇၊ မဟာကုသိုလ် ၈၊ မဟာဝိပါက် ၈၊ မဟဂ္ဂုတ်ကုသိုလ် ၉၊ သကဒါဂါမိဖိုလ် ၁၊ ပေါင်း ၅၀–ပင်ဖြစ်သည်။

http://www.dhammadownload.com

အနာဂါမိဖလဌာန်ပုဂ္ဂိုလ်မှာ ဒိဋ္ဌိဂတဝိပ္ပယုတ်ဧော ၄၊ ဉဒ္ဓစ္စသဟဂုတ်ဧော ၁၊ ဟသိတုပ္ပာဒ်ကြဉ်သော အဟိတ်စိတ် ၁၇၊ မဟာကုသိုလ် ၈၊ မဟာဝိပါက် ၈၊ မဟဂ္ဂုတ်ကုသိုလ် ၉၊ အနာဂါမိဖိုလ်ဧော ၁၊ ပေါင်း ၄၈-ပါး ဖြစ်သည်။

ရဟန္တာပုဂ္ဂိုလ်မှာ အဟိတ်စိတ် ၁၈၊ မဟာဝိပါက် ၈၊ မဟာကြိယာ ၈၊ မဟဂ္ဂုတ်ကြိယာ ၉၊ အရဟတ္တဖိုလ်ဧော ၁၊ ပေါင်း ၄၄-ပါးဖြစ်သည်။

ကာမပုဂ္ဂိုလ် ဝိထိစိတ်ရ

ဝိထိစိတ် - ၈၀			ပုထုဇဉ် ၄			သေက္ခပုဂ္ဂိုလ် ၇				အရဟတ္တ ၁	ပုဂ္ဂိုလ်ပေါင်း
			ဒုဋ္ဌိ	ဒုဋ္ဌိ, ကင်္ခာ	တိဟိတ် ၃	ဒုဋ္ဌိ ၄	သောတာ ၁	သကဒါဂါ ၁	အနာဂါ ၁		
အကြင်သို့ ၁၇	ဒုဋ္ဌိ ၆	ဒိဋ္ဌိဂတသမ္မယုတ်ဧော ၄	။	။	။						၄
		ဒိဋ္ဌိဂတဝိပ္ပယုတ်ဧော ၄	။	။	။		။	။	။		၇
		ဒေါသမူဧော ၂	။	။	။		။	။			၆
	ဟေတု ၂	ဝိစိကိစ္ဆာသဟဂုတ်ဧော ၁	။	။	။						၄
		ဉဒ္ဓစ္စသဟဂုတ်ဧော ၁	။	။	။		။	။	။		၇
	ဟသိတုပ္ပာဒ်ကြဉ် အဟိတ်စိတ် ၁၇		။	။	။		။	။	။	။	၈
မဟတ္တ	ဉာဏသမ္မယုတ် ၄				။		။	။	။	။	၅
	ဉာဏဝိပ္ပယုတ် ၄			။	။		။	။	။	။	၇
	မဟာကုသိုလ်ဧော ၈		။	။	။		။	။	။		၇
	ကာမကြိယာဧော [မဟာကြိ, ဟသိ] ၉									။	၁
	မဟဂ္ဂုတ်ကုသိုလ်ဧော* ၉				။		။	။	။		၄
	မဟဂ္ဂုတ်ကြိယာဧော* ၉									။	၁
	မဂ်ဧော [ယထာရဟသာ] ၄					။					၁၅
	သောတာပတ္တိဖိုလ်ဧော ၁						။				၁
	သကဒါဂါမိဖိုလ်ဧော ၁							။			၁
	အနာဂါမိဖိုလ်ဧော ၁								။		၁
	အရဟတ္တဖိုလ်ဧော ၁									။	၁
ပုဂ္ဂိုလ် စိတ်ရ	စျာန်မရ		၃၇	၄၁	၄၅	၁	၄၁	၄၁	၃၉	၃၅	
	စျာန်ရ				၁၄		၅၀	၅၀	၄၈	၄၄	

ဧယားကို အပေါ်နှင့်အောက် ကြည့်ပါက ပုဂ္ဂိုလ်စိတ်ရကို တွေ့ရပါလိမ့်မည်၊ ထိုတွင် "စျာန်မရပုဂ္ဂိုလ်, စျာန်ရပုဂ္ဂိုလ်"ဟု ၂-မျိုး ခွဲထားရာ စျာန်မရသော ပုဂ္ဂိုလ်အတွက် မဟဂ္ဂုတ်စျာန်

http://www.dhammadownload.com

သင်္ဃဂါထာ

၄၈။ အသေက္ခာနံ–ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌၊ သမ္ဘဝါ–ဖြစ်သင့်သည်အားလျော်စွာ၊ စတုစတ္တာလီသ– ၄၄–ပါးသောဝိထိစိတ်ကို၊ ဥဒ္ဒိသေ–ညွှန်ပြရာ၏၊ သေက္ခာနံ–သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌၊ ဆပ္ပညာသ– ၅၆–ပါးသော ဝီထိစိတ်ကို၊ သမ္ဘဝါ–စွာ၊ ဥဒ္ဒိသေ–၏၊ အဝသေသာနံ–ကြွင်းသော ပုထုဇဉ်ပုဂ္ဂိုလ်တို့၏သန္တာန်၌၊ စတုပညာသ– ၅၄–ပါးသော ဝီထိစိတ်ကို၊ သမ္ဘဝါ ဥဒ္ဒိသေ။

ဇတ္ထ–ဤဝီထိသင်္ဃဟ၌၊ အယံ–ဤဆိုအပ်ပြီးသော စကားသည်၊ ပုဂ္ဂလဘေဒေါ–ပုဂ္ဂိုလ်အပြားအားဖြင့် စိတ်တို့ကို ခွဲခြားခြင်းတည်း။

ဇောများကို နုတ်ထားရုံမျှသာဖြစ်ပါသည်၊ထို့ပြင် ဈာန်ရပုဂ္ဂိုလ်သည်လည်း ဈာန် 'ဒ–ပါး ရသူ, ၂–ပါး ရသူ' စသည်ဖြင့် အမျိုးမျိုးရှိနိုင်ပါသေးသည်၊ သို့ပင်ဖြစ်စေကာမူ သရဝ်ခွဲလွယ်ကူအောင် မဟဂ္ဂုတ်ဈာန် ၉–ပါးလုံးရသူအတွက် ပြထားပါသည်။

ဇယားကို လက်ဝဲ,လက်ျာကြည့်ပါက ပုဂ္ဂိုလ်ပေါင်းကို တွေ့ရပါလိမ့်မည်၊ ဒိဋ္ဌဂတသမ္မယုတ် စိတ် ၄–ခုသည် "ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်ပုထုဇဉ်"အားဖြင့် ပုဂ္ဂိုလ် ၄–ယောက်တို့၌ ဖြစ်သည်– စသည်ဖြင့် ဇယားကုန်ဆုံးအောင်ဆိုတတ်ပါစေ။

မဂ်စိတ် ၄–ခုတို့ကိုမူ'သောတာပတ္တိမဂ်စိတ်သည် သောတာပတ္တိမဂ္ဂင်္ဂာန်၌သာ ဖြစ်သည်' စသည်ဖြင့် ယထာရဟ ခွဲဆိုပါ။

ဆောင်။　။ ဒုနှင့်သု ဒွိ, တိနှင့် သော သ, နာနှင့် အ–တို့,စိတ်ရမှတ်ဖွယ်, ကာမဝယ်က, သုံးဆယ့်ခုနစ်, လေးဆယ့်တစ်ထား, လေးဆယ့်ငါးနှင့်, တစ်ပါးလေးဆယ်, သုံးဆယ်ကိုးပါး, သုံးဆယ့်ငါးတည့်၊ ရထားသည့်ဈာန်, ပေါင်းထည့်ပြန်က, ဈာန်ရသူများ, စိတ်ဖြစ်ပွားသည်..... ..... မှတ်သား လျော်စွာ့ လျော်စွာတည်း။

၄၈။ အသေက္ခာနံ စတုစတ္တာလီသ　ရဟန္တာ၌ စိတ်ပေါင်း ၄၄–ပါး ဖြစ်နိုင်သည်၊ သို့သော် ပုဂ္ဂိုလ်တိုင်း၌ ၄၄–ပါးချည်း အပြည့်အဝ ဖြစ်နိုင်သည်မဟုတ်ပါ၊ ဖြစ်သင့်သည်အားလျော်စွာသာ ဖြစ်နိုင်ပါသည်၊ မဟဂ္ဂုတ်ဈာန်ဇောများသည် ဈာန်ရသူ၏သန္တာန်၌သာ ဖြစ်နိုင်ပါသည်။

ဈာန်ရသူပင် ဖြစ်စေကာမူ ဈာန် ၁–ပါးကို ရသူ၌ ၁–ပါးသာ ဖြစ်နိုင်ပါသည်၊ ။ ပ ။ ၈–ပါးကို ရသူ၌ ၈–ပါးသာ ဖြစ်နိုင်ပါသည်၊ ၉–ပါးလုံးကို ရသူ၌သာ အပြည့်အဝဖြစ်နိုင်ပါသည်၊ ထို့ပြင် ရူပပုဂ္ဂိုလ်, အရူပပုဂ္ဂိုလ်များဖြစ်က ထိုထိုဘုံအလိုက် မရထိုက်သော ဝီထိစိတ်များကို ထပ်ကြဉ်ရပါဦးမည်။

သေက္ခာနံ ဆပ္ပညာသ　သေက္ခပုဂ္ဂိုလ် ၇–ယောက်၌ ဒိဋ္ဌဂတဝိပ္ပယုတ် ၄၊ ဒေါသမူဇော ၂၊ ဥဒ္ဓစ္စသဟဂုတ် ၁၊ ဟသိတုပ္ပာဒ်ကြဉ်သော အဟိတ်စိတ် ၁၇၊ မဟာကုသိုလ် ၈၊ မဟာဝိပါက် ၈၊ မဟဂ္ဂုတ်ကုသိုလ် ၉၊ အရဟတ္တဖိုလ်မှတစ်ပါး လောကုတ္တရာဇော ၇၊ ပေါင်း ၅၆–ပါး ဖြစ်နိုင်သည်၊ ဖြစ်သင့်သည်အားလျော်စွာ ဖြစ်ပုံကို 'အသေက္ခာနံ' စသည်၌ ပြဆိုခဲ့သည်ကို နည်းမှီ၍ ဇယားကိုလည်းရှုလျက် ခွဲစိတ် ဝေဖန်ပါ။

http://www.dhammadownload.com

ဘူမိဝိဘာဂ

၄၉။ ပန-ကား၊ကာမဝစရဘူမိယဲ့-ကာမာဝစရဘုံ၌၊ သဗ္ဗာနိပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ ဧတာနိ ဝိထိစိတ္တာနိ-ဤဝိထိစိတ်တို့ကို၊ ယထာရဟံ-ပုဂ္ဂိုလ်အလိုက် ထိုက်သည်အား လျော်စွာ၊ ဥပလဗ္ဘန္တိ-ရအပ်ကုန်၏။

၅၀။ ရူပါဝစရဘူမိယဲ့-ရူပါဝစရဘုံ၌၊ ပဋိဃဧဝန တဒါရမဏာဝဇ္ဇိတာနိ-ဒေါသမူဇော တဒါရုံသည်ကြဉ်အပ်ကုန်သော၊ ဧတာနိ ဝိထိစိတ္တာနိ-တို့ကို၊ ယထာရဟံ-စွာ၊ ဥပလဗ္ဘန္တိ-ကုန်၏။

၅၁။ အရူပါဝစရဘူမိယဲ့-အရူပါဝစရဘုံ၌၊ ပဌမမဂ္ဂ ရူပါဝစရ ဟသန ဟေဋ္ဌိမာရုပ္ပ ဝဇ္ဇိတာနိစ-သောတာပတ္တိမဂ်, ရူပါဝစရစိတ်, ဟသိတုပ္ပါဒ်, အောက်အောက်သော အရူပစိတ်တို့သည်လည်း ကြဉ်အပ်ကုန်သော၊ ဧတာနိ ဝိထိစိတ္တာနိ-တို့ကို၊ ယထာရဟံ-စွာ၊ လဗ္ဘန္တိ-ရအပ်ကုန်၏။

အဝသေသာနံ စတုပညာသ "ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်"ဟု ဆိုအပ်သော ပုထုဇဉ် ၄-ယောက်၌ စိတ်ပေါင်း ၅၄-ပါး ဖြစ်သည်၊ ယင်း ၅၄-ပါး၏ သရုပ်မှာ သိသာထင်ရှားပါပြီ၊ ဖြစ်သင့်သည်အားလျော်စွာ ဖြစ်ပုံကိုလည်း ဆိုခဲ့ပြီးသည်ကို နည်းမှီ၍ ခွဲစိတ် ဝေဖန်ပါ။

၄၉။ ဘုံအားဖြင့် ရသင့်သော ဝိထိစိတ်တို့ကို ခွဲစိတ် ဝေဖန်ပြဆိုရာဖြစ်သော အခန်းကို"ဘူမိဝိဘာဂ"ဟုခေါ်သည်၊ "ဘုံစိတ်ရ"ဟုလည်း ခေါ်ကြပါသေးသည်။

ကာမာဝစရဘုံ၌ ဝိထိစိတ် ၈၀-လုံးကို ပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ ရနိုင်ပါသည်။ (ပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ ရနိုင်ပုံကို ပုဂ္ဂလဘေဒ၌ ပြခဲ့ပြီးပါပြီ။)

၅၀။ အသညသတ်ကြဉ်သော ရူပါဝစရ ၁၅-ဘုံ၌ ဒေါသမူဇော ၂၊ တဒါရုံကိစ္စတပ်သော မဟာဝိပါက် ၈၊ ပေါင်း ၁၀-ပါး တို့ကို မရထိုက်၊ (သန္တီရဏ ၃-ခုကား တဒါရုံကိစ္စအပြင် သန္တီရဏကိစ္စလည်း တပ်နိုင်သောကြောင့် ရူပါဝစရဘုံ၌ ဖြစ်ထိုက်သေးသည်။)

၅၁။ အရူပါဝစရဘုံ၌ သောတာပတ္တိမဂ် ၁၊ ရူပါဝစရစျာန်ဇော ၁၀၊ ဟသိတုပ္ပါဒ် ၁၊ (*အောက်အောက်သော အရူပါဝစရဇော) ပေါင်း ၁၂-ပါးတို့ကို မရထိုက်၊ 'စ'သဒ္ဒါဖြင့် ပေါင်းအပ်သော ဒေါသမူဇော, တဒါရုံတို့ကိုလည်း မရထိုက်။

(*အာကာသာနဉ္စာယတနဘုံ၌ အောက်စျာန်ဇော မရှိသောကြောင့် အရူပါဝစရစျာန်ဇော ၈-ပါး ရနိုင်သည်၊ ဝိညာနဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတနကြဉ်သော အရူပါဝစရစျာန်ဇော ၆-ပါး ရနိုင်သည်၊ အာကိဉ္စညာယတနဘုံ၌ အာကိဉ္စညာယတန, နေဝသညာနာသညာယတန အရူပါဝစရစျာန်ဇော ၄-ပါးသာ ရနိုင်သည်၊ နေဝသညာနာသညာယတနဘုံ၌ နေဝသညာနာသညာယတနစျာန်ဇော ၂-ပါးသာ ရနိုင်သည်။ (ဤသို့ ထိုက်သည်အားလျော်စွာ ရသင့်သောကြောင့် အရူပါဝစရစျာန်ဇောများကို ကြဉ်သည့်အထဲ၌ ထည့်မပေါင်းဘဲ ချန်ထားခဲ့သည်။)

http://www.dhammadownload.com

၅၂။ စ–ဆက်ဦးအံ့၊ သဗ္ဗတ္ထာပိ–အလုံးစုံသော ဘုံတို့၌လည်း၊ တံတံပသာဒရဟိတံ–ထိုထိုပသာဒမှကင်းသောပုဂ္ဂိုလ်တို့၏ သန္တာန်၌၊ တံတံ ဒွါရိကဝိထိစိတ္တာနိ–ထိုထို ဒွါရ၌ ဖြစ်သော ဝီထိစိတ်တို့ကို၊ နံ လဇ္ဇနေ့ဝ–မရအပ်ကုန်သည်သာလျှင်တည်း။

၅၃။ ပန–ကား၊ အသညသတ္တာနံ–အသညသတ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌၊ သဗ္ဗထာပိ–အလုံးစုံသောအပြားအားဖြင့်လည်း၊ စိတ္တပ္ပဝတ္တိ–စိတ်၏ဖြစ်ခြင်းသည်၊ နတ္ထေဝ–မရှိသည်သာလျှင်တည်း၊ ဣတိ–ဘူမိဝိဘာဂအပြီးတည်း။

သင်္ဂဟဂါထာ

၅၄။ ကာမေ–ကာမဘဝ–ဘုံ၌၊ အသီ တိ– ၈၀–သော၊ ဝီထိစိတ္တာနိ–ဝီထိစိတ်တို့ကို၊ ယထာရဟံ–ထိုထိုပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ၊ လဇ္ဇရေ–ရအပ်ကုန်၏၊

၅၂။ "ကာမ, ရူပ, အရူပ"ဟု ဆိုအပ်သော ဘုံအားလုံးမှာပင် ထိုထိုပသာဒ (ဒွါရ) မရှိသူတို့၏ သန္တာန်၌ ထိုထိုဒွါရ၌ဖြစ်သော ဝီထိစိတ်တို့ကို မရထိုက်။

ရူပဘုံ၌ ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ–တို့ မရှိ၊ ထို့ကြောင့် ဃာနဝိညာဉ် ၂၊ ဇိဝှါဝိညာဉ် ၂၊ ကာယဝိညာဉ် ၂၊ ပေါင်း ၆–ပါးတို့ကို မရထိုက်။

အရူပဘုံ၌ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယပသာဒ ၅–ပါးလုံးမရှိ၊ ထို့ကြောင့် ပဉ္စဒွါရ၌ ဖြစ်သော ဒွေးပဉ္စဝိညာဉ် ၁၀၊ သမ္မဋိစ္ဆိုင်း ဒွေး၊ သန္တီရဏ ၃–ခု၊ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ပေါင်း ၁၆–ပါးတို့ကို မရထိုက်။

ယင်းမရထိုက်သော စိတ်တို့ကို ဖယ်ထုတ်လျက် ရထိုက်သော စိတ်တို့ကို ရေတွက်ပြပါမည်၊ နှုတ်တက်နေအောင် ရေတွက်ထားစေလိုပါသည်။

ရူပဘုံ၌ လောဘမူ ၈၊ မောဟမူ ၂၊ စက္ခုဝိညာဉ် ၂၊ သောတဝိညာဉ် ၂၊ သမ္မဋိစ္ဆိုင်း၂၊ သန္တီရဏ ၃၊ အဟိတ်ကြိယာ ၃၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ မဟဂ္ဂုတ်ကုသိုလ် ၉၊ မဟဂ္ဂုတ်ကြိယာ ၉၊ လောကုတ္တရာ ၈၊ ပေါင်း ၆၄–ပါးသော ဝီထိစိတ်များ ဖြစ်နိုင်ကြသည်။ ('ရူပေ စတုသင်္ဌီ'အရ ဖြစ်ပါသည်။)

အရူပဘုံ၌ လောဘမူ ၈၊ မောဟမူ ၂၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အရူပကုသိုလ် ၄၊ အရူပကြိယာ ၄၊ အထက်မဂ် ၃၊ ဖိုလ် ၄၊ ပေါင်း ၄၂–ပါးသော ဝီထိစိတ်များ ဖြစ်နိုင်သည်။ ('အရူပေ ဒွေစတ္တာလီသ'အရ ဖြစ်သည်။)

၅၃။ အသညသတ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဘယ်နည်းနှင့်မျှ စိတ်ဖြစ်မှု မရှိနိုင်ပါ။

၅၄။ အသီတိ ဝီထိစိတ္တာနိ၊ ကာမေ ကာမဘုံ၌ ဝီထိစိတ် ၈၀–လုံးကို ထိုက်သည်အားလျော်စွာ ရနိုင်သည်၊ 'ဝီထိစိတ် ၈၀'ဟူသည်မှာ မဟဂ္ဂုတ်ဝိပါက် ၉–ပါးမှ တစ်ပါးသော စိတ်များပင်တည်း။

ရူပေ စတုသင်္ဌီ အသညသတ်ကြဉ်သော ရူပ ၁၅–ဘုံ၌ ဝီထိစိတ် ၆၄–ပါး ထိုက်သည်အားလျော်စွာ ဖြစ်နိုင်သည်၊ တိဟိတ်ပုထုဇဉ်, ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့နှင့်စပ်၍

http://www.dhammadownload.com

ရူပေ–အသညသတ်ကြဉ်သော ရူပ ၁၅–ဘုံ၌၊ စတုသဋ္ဌိ– ၆၄–ပါးသော၊ ဝီထိစိတ္တာနိ–တို့ကို၊ ယထာရဟံ–စွာ၊ လဗ္ဘရေ–ကုန်၏၊ တထာ–ထိုမှတစ်ပါး၊အရူပေ–အရူပ ၄–ဘုံ၌၊ ဒွေစတ္တာလီသ– ၄၂–ပါးသော၊ ဝီထိစိတ္တာနိ–တို့ကို၊ ယထာရဟံ–စွာ၊ လဗ္ဘရေ–ကုန်၏။

ဧတ္ထ–ဤဝီထိသင်္ဂဟ၌၊ အယံ–ဤဆိုအပ်ပြီးသော စကားသည်၊ ဘူမိဝိဘာဂေါ–ဘုံအားဖြင့် ဝီထိစိတ်တို့ကို ခွဲခြားဝေဖန်ခြင်းတည်း။

ထိုက်သည်အားလျော်စွာဖြစ်ပုံကို ဇယားဖြင့် ပြမည်၊ မဂ္ဂင်္ဂာန် ပုဂ္ဂိုလ်အတွက်မူကား အထူးစိစစ်ဖွယ်မလိုတော့သည့်အတွက် ထည့်သွင်းပြဆိုမှုကို ပြုတော့မည် မဟုတ်ပါ။

အရူပေ ဒွေစတ္တာလီသ အရူပဘုံ၌ ဝီထိစိတ် ၄၂–ပါး ထိုက်သည်အားလျော်စွာ ဖြစ်သည်၊ ထိုက်သည်အားလျော်စွာ ဖြစ်ပုံကို နောက်၌ ဇယားဖြင့် ပြထားသည်၊ 'စတုသဋ္ဌိ, ဒွေစတ္တာလီသ'တို့၏ သရုပ်ကို ရှေ့၌ပြဆိုထားခဲ့သည့်အတိုင်း ရေတွက်ပါ။

ထိုထိုဘုံ၌ ရသင့်သော ဝီထိစိတ်

ဝီထိစိတ် – ၈၀	၁၄ ဈာန်	၁၃ ဈာန်	၄ ဈာန်	ဘုံပေါင်း
ဒေါသမူ ၂, မဟာဝိ ၈, ဃာန ၂, ဇိဂှါ ၂, ကာယ ၂ = ၁၆	။			၁၁
စက္ခု ၂, သောတ ၂, မနောဓာတ် ၃, သန္တီရဏ ၃, ဟသိတုပ္ပာဒ် ၁, ရူပကု ၅, ရူပကြို ၅,သော–မဂ် ၁ } = ၂၂	။	။		၂၆
လော ၈, မော ၂, မ–ဇွန်း ၁, မဟာကု ၈, မဟာကြို ၈, အရူကု ၄, အရူကြို ၄, အထက်မဂ် ၃, ဖိုလ် ၄ } = ၄၂	။	။	။	၃၀
ရသောစိတ်ပေါင်း	၈၀	၆၄	၄၂	

ပထမဇယားကွက်ရှိ တရားများသည် ကာမဘုံ၌သာဖြစ်၍ ရူပဘုံ, အရူပဘုံတို့၌ မဖြစ်သော စိတ်များ ဖြစ်သည်၊ ဒုတိယဇယားကွက်ရှိစိတ်များသည် ကာမ, ရူပ ၂–မျိုး (ပဥ္စဝေါကာရဘုံ)၌သာ ဖြစ်နိုင်သော စိတ်များဖြစ်သည်၊ တတိယဇယားကွက်ရှိ စိတ်များသည် "ကာမ, ရူပ, အရူပ"ဘုံ ၃၀–၌ ဖြစ်နိုင်သောစိတ်များ ဖြစ်သည်။

http://www.dhammadownload.com

နိဂုံး

၅၅။ ကွစ္စေဝံ–ဤဆိုအပ်ပြီးသောအစဉ်ဖြင့်၊ ဆဒ္ဓါရိကစိတ္တာပ္ပဝတ္တိ– ၆–ဒွါရ၌ ဖြစ်သောစိတ်တို့၏ ဖြစ်ပုံသည်၊ ယထာသမ္ဘဝံ–ထိုထို့ဒွါရ၌ ဖြစ်ထိုက်သည် အားလျော်စွာ၊ ဘဝင်္ဂန္တရိတာ–အကြားအကြား ဘဝင်ခြားအပ်သည်၊ ဟုတွာ–ဖြစ်၍၊ ယာဝတာယုကံ–အသက်ရှည်သမျှ ကာလပတ်လုံး၊ အဗ္ဗောစ္ဆိန္နာ–မပြတ်မစဲ၊ ပဝတ္တတိ–ဖြစ်၏။

၅၅။ 'ကွစ္စေဝံ' စသည်ကား ဝီထိပိုင်း တစ်ပိုင်းလုံးကို အုပ်ဖုံးသော 'နိဂုံး' ဖြစ်သည်၊ ဆိုအပ်ပြီးသည်အားလျော်စွာ ဝီထိစိတ်များသည် တစ်ဝီထိနှင့်တစ်ဝီထိ အကြားအကြားမှာ ဘဝင်ခြားကာခြားကာဖြင့် အသက်ရှည်သမျှ ကာလပတ်လုံး ဆက်ကာဆက်ကာ ဖြစ်နေကြတော့သည်–ဟု ဆိုလိုပါသည်။

ယထာရဟံအရ ရူပပုဂ္ဂိုလ်တို့၏ စိတ်ရ

မဂ်စိတ်များမှတစ်ပါး ဝီထိစိတ်များနှင့်ရူပဝိပါက်			ဝိညတ္တိ ၂	သဒ္ဒ ၁	လဟုတာ ၁	မုဒုတာ ၁	ကမ္မညတာ ၁	ဥပစယ ၁
အကုသလဝိပါက် ၁၀	ဒွိ ၉	ဒိဋ္ဌဂတသမ္ပယုတ် ၄	။					၁
		ဒိဋ္ဌဂတဝိပ္ပယုတ် ၄	။	။	။	။		၄
	ဧက ၁	ဝိစိကိစ္ဆာသဟဂုတ် ၁	။					၁
		ဥဒ္ဓစ္စသဟဂုတ် ၁	။	။	။	။		၄
စက် ၂,သော ၂,သံ ၂,တီ ၃,အာ–ဇွန်း ၂ = ၁၁			။	။	။	။	။	၅
မဟာကုသိုလ်ဇော ၈			။	။	။	။		၄
ကာမကြိယာဇော[မဟာကြို, ဟသိ] ၉							။	၁
မဟဂ္ဂုတ်ကုသိုလ် ၉			။	။	။	။		၄
မဟဂ္ဂုတ်ကြိယာ ၉							။	၁
*ရူပဝိပါက် [ပဋိသန္ဓေ စသည်အတွက်] ၅			။	။	။	။	။	၅
သောတာပတ္တိဖိုလ် ၁				။				၁
သကဒါဂါမိဖိုလ် ၁					။			၁
အနာဂါမိဖိုလ် ၁						။		၁
အရဟတ္တဖိုလ် ၁							။	၁
ပုဂ္ဂိုလ်စိတ်ရ			၄၃	၃၉	၃၉	၃၉	၃၅	

http://www.dhammadownload.com

အဘိဓမ္မတ္ထသင်္ဂဟော–၌၊ဝီထိသင်္ဂဟဝိဘာဂေါ နာမ–ဝီထိသင်္ဂဟဝိဘာဂမည်သော၊ စတုတ္ထော– ၄–ပိုင်းတို့၏ ပြည့်ကြောင်းဖြစ်သော၊ ပရိစ္ဆေဒေါ–သည်၊ ဣတိ–ပြီးပြီ။

---

*ဇယားဌ၌ "ရူပဝိပါက် ၅–ခု"ဟု ပြထားသော်လည်း ထိုထိုဘုံအလိုက် ထိုက်သည့်အား လျော်စွာ ပထမစျာန် ၃–ဘုံ၌ ပထမစျာန်ဝိပါက်စိတ် ၁–ခု၊ ဒုတိယစျာန် ၃–ဘုံ၌ ဒုတိယစျာန်ဝိပါက်စိတ်, တတိယစျာန်ဝိပါက်စိတ် ၂–ခု၊ တတိယစျာန် ၃–ဘုံ၌ စတုတ္ထစျာန်ဝိပါက်စိတ် ၁–ခု၊ "ဓေဟပ္ပဓိလ်, သုဒ္ဓါဝါသ"ဟုဆိုအပ်သော စတုတ္ထစျာန်ဘုံ၌ ပဉ္စမစျာန်ဝိပါက်စိတ် ၁–ခု သာ ဖြစ်ခွင့်ရှိသည်။

ရူပဘုံ၌ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်, ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄–ယောက်တို့၏ သန္တာန်၌ အသီးအသီး ဖြစ်နိုင်သောစိတ်တို့ကို ဇယားကိုရှုလျက် ရေတွက်ကြည့်ပါ။

ယထာရဟံ–အရ အရူပပုဂ္ဂိုလ်တို့၏ စိတ်ရ

မဂ်စိတ်မှတစ်ပါး အရူပဘုံ၌ ဖြစ်နိုင်သမျှသောစိတ်			အာကာသာနဉ္စာယတန	ဝိညာဏဉ္စာယတန	အာကိဉ္စညာယတန	နေဝသညာနာသညာယတန	ပဋိသန္ဓေ
အကုသိုလ် ၁၀	ဒေါသမူလ ၂	ဒိဋ္ဌိဂတသမ္မယုတ် ၄	။				၁
		ဒိဋ္ဌိဂတဝိပ္ပယုတ် ၄	။	။	။	။	၄
	မောဟမူလ ၂	ဝိစိကိစ္ဆာသဟဂုတ် ၁	။				၁
		ဥဒ္ဓစ္စသဟဂုတ် ၁	။	။	။	။	၄
မနောဒွါရာဝဇ္ဇန်း ၁			။	။	။	။	။	၅
မဟာကုသိုလ်စိတ် ၈			။	။	။	။		၄
မဟာကြိယာစိတ် ၈							။	၁
အရူပကုသိုလ် ၄			။	။	။	။		၄
*အရူပကြိယာ ၄							။	၁
အရူပဝိပါက် [ပဋိသန္ဓေကိစ္စ စသည်အတွက်] ၄			။	။	။	။	။	၅
သောတာပတ္တိဖိုလ် ၁				။				၁
သကဒါဂါမိဖိုလ် ၁					။			၁
အနာဂါမိဖိုလ် ၁						။		၁
အရဟတ္တဖိုလ် ၁							။	၁
ပုဂ္ဂိုလ်စိတ်ရ			၂၇	၂၃	၂၃	၂၃	၁၈	

http://www.dhammadownload.com

•အရှုပဝိပါက် ၄-ခုတို့သည် အစဉ်အားလျော်စွာ မိမိ မိမိတို့၏ ဘုံ၌ တစ်ပါးစီ တစ်ပါးစီသာ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ တပ်နိုင်ကြသည်၊ အထက်အထက် ဘုံများ၌ အောက်အောက် အရှုပဇောများလည်း မဖြစ်နိုင်။

ဆောင်။ ။ တိနှင့် သော သ, နာနှင့် အတို့, စိတ်ရမှတ်ဖွယ်, ရှုပဝယ်ကား, လေးဆယ့်သုံးမျိုး, သုံးဆယ့်ကိုးပါး, သုံးဆယ့်ငါးမျှ၊ အရှုပဝယ်, သတ္တဝီသာ, တေဝီသာနှင့်, အဋ္ဌာရသ, လျော်စွာပြသည် .... မှတ်ကြစေ့စေ့ ဆေးဆေးတည်း။

လောဘမူ ၈၊ မောဟမူ ၂၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ၈၊ ဤ ၁၉-ခုသော စိတ်တို့သည် အရှုပ ၄-ဘုံ၌ ဖြစ်ကုန်သော အလုံးစုံသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ဆက်ဆံကုန်၏။

အာကာသာနဉ္စာယတနဘုံ၌ ဖြစ်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်အား ယင်း၁၉-ပါးတွင် အရှုပကုသိုလ် ၄-ခု၊ အာကာသာနဉ္စာယတနဝိပါက် ၁-ခု၊ ပေါင်း ၅-ခုကို ထည့်သည်ရှိသော် ၂၄-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

ဝိညာနဉ္စာယတနဘုံ၌ဖြစ်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်အား ယခင် ၁၉-ပါး၌ ဝိညာနဉ္စာယတန အစရှိသော အထက်အရှုပကုသိုလ် ၃-ခု၊ ဝိညာနဉ္စာယတနဝိပါက် ၁-ခု၊ ဤ ၄-ခုကို ထည့်၍ ၂၃-ခုသော စိတ်တို့သည် ဖြစ်ကုန်၏။

အာကိဉ္စညာယတနဘုံ၌ဖြစ်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်အား ယခင် ၁၉-ပါး၌ အာကိဉ္စညာယတနကုသိုလ်, နေဝသညာနာသညာယတနကုသိုလ်, အာကိဉ္စညာယတနဝိပါက်၊ဤ ၃-ပါးကို ထည့်၍ ၂၂-ခုသောစိတ်တို့သည် ဖြစ်ကုန်၏။

နေဝသညာနာသညာယတနဘုံ၌ဖြစ်သော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်အား ယခင် ၁၉-ပါးသော စိတ်တို့၌ နေဝသညာနာသညာယတနကုသိုလ်, ဝိပါက် ၂-ခု ထည့်၍ ၂၁-ပါးသောစိတ်တို့သည် ဖြစ်ကုန်၏။

ဒိဋ္ဌဂတဝိပ္ပယုတ် ၄-ခု၊ ဥဒ္ဓစ္စသဟဂုတ်, မနောဒွါရာဝဇ္ဇန်း,မဟာကုသိုလ် ၈-ခု၊ ဤ ၁၄-ခုသော စိတ်တို့၌ သောတာပတ္တိဖလဌာန်ပုဂ္ဂိုလ်အား သောတာပတ္တိဖိုလ်ကိုထည့်၍ ၁၅-ခု၊ သကဒါဂါမိဖလဌာန်ပုဂ္ဂိုလ်အား သကဒါဂါမိဖိုလ်ကိုထည့်၍ ၁၅-ခု၊ အနာဂါမိ ဖလဌာန်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ကို ထည့်၍ ၁၅-ခု၊ ဤစိတ်တို့သည် အရှုပဘုံ၌ ဖြစ်ကုန်သော အောက်ဖလဌာန် ၃-ယောက်တို့အား ဆက်ဆံကုန်၏ ၊ အကြွင်းကို တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် နည်းတူ ခွဲပါ။

မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာ ၈-ခု၊ အရဟတ္တဖိုလ် ၁-ခု၊ ဤ ၁၀-သော စိတ်တို့သည် အရှုပ ၄-ဘုံ၌ ဖြစ်ကုန်သော ရဟန္တာပုဂ္ဂိုလ်အား ဆက်ဆံကုန်၏။ ဘုံအားဖြင့် ထပ်ခွဲပါ။

လေ့ကျက်ရန် နည်းအမြွက်

ကာမ ၁၁-ဘုံတို့တွင် "အပါယ် ၄-ဘုံ၌ စိတ်ပေါင်း မည်မျှဖြစ်နိုင်ပါသနည်း?"ဟု အမေးပုစ္ဆာ ထွက်လာခဲ့ပါလျှင် အပါယ် ၄-ဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် ၁-ယောက်သာ ရှိနိုင်သည်၊ သို့ဖြစ်၍ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၏ စိတ်ရသည်ပင်လျှင်အပါယ်ဘုံစိတ်ရ ဖြစ်သင့်ကြောင်း သဘောဉာဏ် သက်ဝင်နိုင်ပါစေ။

http://www.dhammadownload.com

ရူပဘုံ၌ တိဟိတ်ပုထုဇဉ်မှာသာဖြစ်၍ ရဟန္တာမှာမဖြစ်သောစိတ်၊ ရဟန္တာမှာသာဖြစ်၍ တိဟိတ်ပုထုဇဉ်မှာ မဖြစ်သော စိတ်၊ တိဟိတ်ပုထုဇဉ်, ရဟန္တာ ၂-ဦးလုံးမှာ ဖြစ်သော စိတ်၊ ၂-ဦးလုံးမှာ မဖြစ်သော စိတ်-တို့ကိုလည်း ဇယားကို ရှုလျက် အသီးအသီး ရေတွက်ကြည့်ပါ၊ ဤသို့စသည်ဖြင့် ဉာဏ်ရှိသလောက် လေ့လာနိုင်ပါသည်။

အာကာသာနဉ္စာယတနဘုံ၌ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္မယုတ်ဧော ၂-ခုနောက်၌ ဖြစ်သင့်သောအပွနာဧောများ, ဥပေက္ခာသဟဂုတ်ဧော ၂-ခုနောက်မှာဖြစ်သင့်သော အပွနာဧောများ-စသည်တို့ကိုလည်း ရွေးချယ်စိစစ်ကြည့်ပါ။

လေ့ကျင့်ခန်း မေးခွန်းများ

၁။ ပဋိသန္ဓေနှင့် ပဝတ္တိကို အဘိဓမ္မာအလိုအားဖြင့် ပိုင်းခြားဝေဖန်ပြပါ။

၂။ ဝိထိမုတ်စိတ်တို့မှာ ဝိသယပွဝတ္တိ ဘယ်နှစ်ပါး ရှိပါသနည်း သရုပ်ရေတွက်ပြပါ။

၃။ မနောဝိညာဉ်နှင့် မနောဝိညာဏဓာတ်တို့ အရတူသလား, ထူးသလား၊ သိသာအောင် ရှင်းလင်းပြပါ။

၄။ အဘယ်တို့နှင့်စပ်၍ ဝိထိတို့ကို အမည်ပေးရပါသနည်း၊ သရုပ်ထည့်သွင်းရှင်းလင်းပြပါ။

၅။ အဘယ်ကို ဝိထိဟု ခေါ်ပါသနည်း၊ သာဓကသွင်းရှင်းလင်းပြပါ။

၆။ ပဉ္စဒ္ဒါရဝိသယပွဝတ္တိ, မနောဒ္ဒါရဝိသယပွဝတ္တိတို့၏အဓိပ္ပာယ်ကို အသီးအသီး ပြပါ။

၇။ နာမ်သက်နှင့် ရုပ်သက်တို့ကို ဥပါဒ်, ဌိ, ဘင်အားဖြင့် နှိုင်းယှဉ်ရေတွက်ပြပါ။

၈။ နာမ်သက်နှင့်ရုပ်သက်တို့ကို အဘယ်ကြောင့် ကြိုတင်ပြဆိုထားပါသနည်း။

၉။ စိတ္တက္ခဏ ၁-ချက်ခန့် ၂-ချက်ခန့်မှ ၁၅-ချက်ခန့်တိုင်အောင် လွန်ပြီးနောက် ဌိကို ရောက်မှသာ ပဉ္စာရုံတို့ ပဉ္စဒ္ဒါရမှာ ထင်လာရပုံသဘောကိုပြပါ။

၁၀။ အတိတဘဝင်, ဘဝင်္ဂစလနဟု ခေါ်ရပုံကို ပြ၍၊ အဘယ်ဘဝင်မျိုးကို ဘဝင်္ဂုပစ္ဆေဒ-ခေါ်ရကြောင်းကိုလည်း ပြပါ။

၁၁။ ကာမဧော တစ်ခုယုတ်သုံးဆယ်တို့ အကြောင်းအားလျော်စွာ ဧောရပုံကို ပြပါ။

၁၂။ ယေဘုယျေန သတ္တက္ခတ္တုံ ဇဝတိ-ဝယ် အဘယ်ကြောင့် "ယေဘုယျေန"သဒ္ဒါကို ထည့်ဆို ရပါသနည်း။

၁၃။ တဒါရမ္မဏဝါရ, ဇဝနဝါရ, ဝေါဋ္ဌဗ္ဗနဝါရ, မောဃဝါရ-တို့၌ အတိတဘဝင် ဘယ်နှစ်ကြိမ်စီ လွန်ကြောင်းကို အသီးအသီး ပြပါ။

၁၄။ ပဉ္စဒ္ဒါရဝီထိ အဘယ်မျှရှိပါသနည်း၊ ရေတွက်ပြပါ။

၁၅။ ပဉ္စဒ္ဒါရဝီထိစိတ် အမျိုးအစား, ဝီထိစိတ်အကြိမ်, ဝီထိအရေအတွက်တို့ကို အတိမဟန္တ, မဟန္တ, ပရိတ္တ, အတိပရိတ္တ-အလိုက် ရေတွက်ပြပါ။

http://www.dhammadownload.com

၁၆။ မနောဒွါရ၌ အတိတဘဝင် ချသင့်, မချသင့် အာရုံအားလျော်စွာ ပိုင်းခြားဝေဖန်ပြပါ။

၁၇။ မနောဒွါရ၌ ဝီထိစိတ်အမျိုးအစား, ဝီထိစိတ်အကြိမ်, ဖြစ်နိုင်သမျှစိတ်တို့ကို ဝိဘူတာရုံ, အဝိဘူတာရုံ-အလိုက် ဖြစ်ထိုက်သည်အားလျော်စွာ ရေတွက်ပြပါ။

၁၈။ အဘယ်ကို ဥပစာရသမာဓိဟော- ခေါ်ကြောင်း, ယင်းဟောများ၏ ဉာဏသမ္ပယုတ်သာ ဖြစ်ရကြောင်းတို့ကို ရှင်းလင်းဖြေဆိုပါ။

၁၉။ အပ္ပနာဟောဝါရ၌ အဘယ်ကြောင့် အတိတဘဝင် မကျရပါသနည်း။

၂၀။ ဥပစာရသမာဓိဟောနှင့် အပ္ပနာဟောတို့ကို ဝေဒနာဘေဒအားဖြင့်လည်းကောင်း, ပုဂ္ဂလ ဘေဒအားဖြင့်လည်းကောင်း ညှိနှိုင်းတွဲစပ် ရေတွက်ပြပါ။

၂၁။ (က) မဟာကုသိုလ်ဉာဏသမ္ပယုတ် သောမနဿဟော ၂-ခု၊
(ခ) မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥပေက္ခာဟော ၂-ခု၊
(ဂ) မဟာကြိယာဉာဏသမ္ပယုတ် သောမနဿဟော ၂-ခု၊
(ဃ) မဟာကြိယာဉာဏသမ္ပယုတ် ဥပေက္ခာဟော ၂-ခု-တို့နောင် ဖြစ်သင့်သော အပ္ပနာဟောများကို အသီးအသီး ရေတွက်ပြပါ။

၂၂။ ပုထုဇ္ဇနာနသေက္ခာနံ-ဝယ် ဤ၌ မယူသင့်သော ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်၊ ယူသင့်သော ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့ကို အကြောင်းထည့်သွင်း ဖြေရှင်းပြပါ။

၂၃။ (က) တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊
(ခ) သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၊
(ဂ) သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊
(ဃ) အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၏ မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿ သဟဂုတ်ဟော ၂-ခုတို့၏နောက်၌ ဖြစ်သင့်သော အပ္ပနာဟောများကို အသီးအသီး ရေတွက်ပြပါ။

၂၄။ (က) ဝိပါက်အမှန်, ဟောအမှန်၊ (ခ) ဝိပါက်အမှန်, ဟောအပြန်တို့၏ သဘောကို သိသာထင်ရှားအောင် ရှင်းလင်းပြပါ။

၂၅။ အဘယ်ဟောများနောက်မှာ အဘယ်တဒါရုံများ ဖြစ်သင့်ကြောင်းကို အတိအကျ သတ်မှတ် ရေတွက်ပြပါ။

၂၆။ တဒါရုံကျရန် လိုအပ်သော အကြောင်းအင်္ဂါများကို အကိုးသာဓကနှင့်တကွ ပြပါ။

၂၇။ ကာမာဝစရဟောများ အရာဌာနအားလျော်စွာ စောသင့်သော အကြိမ်အရေအတွက်ကို သတ်မှတ်ပြပါ။

၂၈။ ၁-ကြိမ်မျှသာဖြစ်သော အပ္ပနာဟောများ, ၂-ကြိမ် ၃-ကြိမ်ဖြစ်သော အပ္ပနာဟောများ, အကြိမ်ပေါင်းများစွာဖြစ်သော အပ္ပနာဟောများကို အတိအကျ သတ်မှတ်ပြပါ။

၂၉။ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်-ဟု အဘယ်ပုဂ္ဂိုလ်မျိုးကို ခေါ်ကြောင်း ပြ၍၊ တိဟိတ်ပုဂ္ဂိုလ် ဘယ်နှစ်ယောက် ရှိကြောင်းကိုလည်း သိသာအောင်ပြပါ။

http://www.dhammadownload.com

၃၀။ တိဟိတ်ပုဂ္ဂိုလ်ကိုးယောက်ကို ဝိထိဖြင့် ပိုင်းခြားဝေဖန်ပြပါ။

၃၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်နှင့် သုဂတိအဟိတ်ပုဂ္ဂိုလ်တို့မှာ ဖြစ်သင့်သောစိတ်များကို အသီးအသီး ရေတွက်ပြပါ။

၃၂။ (က) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်မှာသာဖြစ်၍ ဒွိဟိတ်ပုဂ္ဂိုလ်မှာ မဖြစ်သောစိတ်၊ (ခ) ဒွိဟိတ်ပုဂ္ဂိုလ်မှာသာဖြစ်၍ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်မှာ မဖြစ်သောစိတ်၊ (ဂ) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ် ၂-ပါးလုံးတို့မှာ ဖြစ်သောစိတ်၊ (ဃ) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ် ၂-ပါးလုံးမှာ မဖြစ်သောစိတ်တို့ကို အသီးအသီး ရေတွက်ပြပါ။

၃၃။ ပုထုဇဉ် ၄-ယောက်နှင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့မှာသာ ဖြစ်သင့်သောစိတ်များကို ကောက်ပြပါ။

၃၄။ ကာမတိဟိတ်ပုဂ္ဂိုလ်နှင့် အနာဂါမ်ပုဂ္ဂိုလ်တို့၏စိတ်ရကို အသီးအသီးရေတွက်ပြပါ။

၃၅။ (က) ကာမတိဟိတ်ပုဂ္ဂိုလ်မှာသာဖြစ်၍ အနာဂါမ်ပုဂ္ဂိုလ်မှာ မဖြစ်သောစိတ်၊
(ခ) အနာဂါမ်ပုဂ္ဂိုလ်မှာသာဖြစ်၍ ကာမတိဟိတ်ပုဂ္ဂိုလ်မှာ မဖြစ်သောစိတ်၊
(ဂ) ကာမတိဟိတ်ပုဂ္ဂိုလ်နှင့်အနာဂါမ်ပုဂ္ဂိုလ် ၂-ဦးလုံးမှာ ဖြစ်သောစိတ်၊
(ဃ) ၂-ဦးလုံးမှာမဖြစ်သောစိတ်တို့ကို ကောက်ပြပါ။

၃၆။ (က) ကာမဘုံ၌သာဖြစ်သော ဝိထိစိတ်၊ (ခ) ကာမ,ရူပဘုံတို့၌သာဖြစ်သော ဝိထိစိတ်၊
(ဂ) ကာမ,ရူပ,အရူပဘုံတို့၌ဖြစ်သော ဝိထိစိတ်တို့ကို အသီးအသီး ရေတွက်ပြပါ။

၃၇။ ရူပဘုံ၌ဖြစ်သော တိဟိတ်ပုဂ္ဂိုလ်, သောတာပန်ပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ်တို့၏စိတ်ရကို အသီးအသီး ရေတွက်ပြပါ။

၃၈။ ရူပအရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်၏စိတ်ရနှင့် အရူပအရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့၏ စိတ်ရကို အသီးအသီး ရေတွက်ပြပါ။

၃၉။ အရူပဘုံ၌ဖြစ်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်, သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်, သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်, အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၏ စိတ်ရကို အသီးအသီး ရေတွက်ပြပါ။

၄၀။ နေဝသညာနာသညာယတနဘုံ၌ဖြစ်သော တိဟိတ်ပုထုဇဉ်မှာ ဖြစ်နိုင်သောစိတ်တို့ကို ပြည့်စုံအောင်ဖော်ပြပါ။

၄၁။ အပါယ် ၄-ဘုံ၌ ဖြစ်သင့်သော ပဋိသန္ဓေ, ဖြစ်သင့်သောပုဂ္ဂိုလ်, ဖြစ်သင့်သောစိတ်များကို တိကျစွာ ဝေဖန်ပြပါ။

၄၂။ ဝိညာနဉ္စာယတနဘုံ၌ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏသမ္မယုတ်ဇော ၂-ခု နောက်မှာ ဖြစ်သင့်သော အပွနာဇောများ, ဥပေက္ခာသဟဂုတ်ဇော ၂-ခုနောက်မှာ ဖြစ်သင့်သော အပွနာဇောများကို အသီးအသီး စီစစ်ဝေဖန်ပြပါ။

၄၃။ ရူပဘုံ၌ဖြစ်သော တိဟိတ်ပုထုဇဉ်, ဖလဋ္ဌာန် ၄-ယောက်အားဖြင့် ၅-ယောက်လုံးမှာ ဖြစ်နိုင်သော ဝိထိစိတ်ကို အတိအကျရေတွက်ပြပါ။

ဝိထိဝိုင်း ပြီး၏။

http://www.dhammadownload.com

၅။ ဝိထိမုတ်ပိုင်း

ပဋိညာဉ်

၁။ ဧဝံ–ဤဆိုအပ်ပြီးသောနည်းဖြင့်၊ ဝိထိစိတ္တဝသေန–ဝိထိစိတ်တို့၏ အစွမ်းဖြင့်၊ ပဝတ္တိယံ–ပဝတ္တိအခါ၌၊ ပဝတ္တိသင်္ဂဟနာမ–ဖြစ်ပုံကိုပြ ပဝတ္တိမည်သောသင်္ဂဟကို၊ ဥဒီရိတော–ဆိုအပ်ပြီ၊ ဒါနိ–ယခုအခါ၌၊ သန္ဓိယံ–ပဋိသန္ဓေအခါ၌၊ ပဝတ္တိသင်္ဂဟနာမ–ဖြစ်ပုံကိုပြ ပဝတ္တိမည်သောသင်္ဂဟကို၊ ဝုစ္စတိ–ဆိုအပ်၏။

စတုက္ကမာတိကာ

၂။ စတသော– ၄–ပါးကုန်သော၊ ဘူမိယော–ဘုံတို့လည်းကောင်း၊ စတုဗ္ဗိဓာ–၄–ပါးပြားသော၊ ပဋိသန္ဓိ–ပဋိသန္ဓေလည်းကောင်း၊ စတ္တာရိ– ၄–ပါးကုန်သော၊ ကမ္မာနိ–ကံတို့လည်းကောင်း၊ စတုဓာ– ၄–ပါးပြားသော၊ မရဏုပ္ပတ္တိစ–မရဏုပ္ပတ္တိလည်းကောင်း၊ ဣတိ–ဤသို့၊ ဝိထိမုတ္တသင်္ဂဟော–ဝိထိမုတ္တသင်္ဂဟ၌၊ စတ္တာရိ– ၄–ပါးကုန်သော၊ စတုက္ကာနိ–စတုက္ကတို့ကို၊ ဝေဒိတဗ္ဗာနိ–သိထိုက်ကုန်၏။

ဘုံပိုင်း ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်သော စိတ် ၁၉–ပါးတို့ကို ဝိထိမှ အလွတ်ဖြစ်သောကြောင့် "ဝိထိမုတ်စိတ်" ဟုခေါ်သည်၊ ယင်းဝိထိမုတ်စိတ်တို့ကို ပြရာအပိုင်းအခန်းကိုလည်း "ဝိထိမုတ်ပိုင်း" ဟုပင် အမည်ပေးထားသည်၊ ထိုဝိထိမုတ်ပိုင်း၌ ဘုံနှင့် စပ်၍လည်း ကျယ်ဝန်းစွာ ပြဆိုထားပါသည်၊ ထို့ကြောင့် "ဘုံပိုင်း" ဟူ၍လည်း ခေါ်ကြပါသေးသည်။

၁။ 'ဝိထိစိတ္တဝသေနေဝံ'စသောဂါထာဖြင့် စကားစပ်နှင့်ပဋိညာဉ်ကို ပြသည်၊ ဆိုခဲ့ပြီးသောနည်းဖြင့် ပဝတ္တိအခါမှာ ဝိထိစိတ်တို့၏ ဖြစ်ပုံကိုပြ ပဝတ္တိသင်္ဂဟကို ဆိုခဲ့ပါပြီ၊ ယခုအခါ၌ ပဋိသန္ဓေအခါမှာ (ဝိထိမုတ်စိတ်တို့၏) ဖြစ်ပုံကိုပြ ပဝတ္တိသင်္ဂဟကို ပြပါတော့မည်–ဟု ဆိုလိုသည်။

ထိုစကားရပ်၌ "ပဋိသန္ဓေအခါမှာ ဖြစ်ပုံကိုပြ ပဝတ္တိသင်္ဂဟ" ဆိုသော်လည်း ပဋိသန္ဓေကိစ္စတပ်သည့်အခါမျှသာမက ဘဝင်ကိစ္စတပ်သည့်အခါ, စုတိကိစ္စတပ်သည့်အခါမှာလည်း ဝိထိမုတ်စိတ်တို့၏ ဖြစ်ပုံကို ပြပါလိမ့်မည်။

၂။ 'စတသော ဘူမိယော'စသော စကားရပ်ဖြင့် ဝိထိမုတ်ပိုင်း၏ အကျဉ်းဥဒ္ဒေသမာတိကာကိုပြသည်၊ ဝိထိမုတ်ပိုင်း၌ "ဘူမိစတုက္က, ပဋိသန္ဓိစတုက္က, ကမ္မစတုက္က, မရဏုပ္ပတ္တိစတုက္က"ဟု စတုက္က ၄–ပါးကို ဦးစွာမှတ်သားထားပါ–ဟု ဆိုလိုသည်။

http://www.dhammadownload.com

ဘူမိစတုက္က

၃။ တတ္ထ-ထို ၄-ပါးသော စတုက္ကတို့တွင်၊ အပါယဘူမိ-အပါယ်ဘုံလည်းကောင်း၊ ကာမသုဂတိဘူမိ-ကာမသုဂတိဘုံလည်းကောင်း၊ ရူပါဝစရဘူမိ-ရူပါဝစရဘုံလည်းကောင်း၊ အရူပါဝစရဘူမိ-အရူပါဝစရဘုံလည်းကောင်း၊ ဣတိ-ဤသည်တို့ကား၊ စတသော- ၄-ပါးကုန်သော၊ ဘူမိယောနာမ-ဘုံတို့မည်၏။

အပါယ် ၄-ဘုံ

၄။ တာသု-ထို ၄-ပါးသော ဘုံတို့တွင်၊ နိရယော-ငရဲလည်းကောင်း၊ တိရစ္ဆာနယောနိ-တိရစ္ဆာန် အစုအဝေးလည်းကောင်း၊ ပေတ္တိဝိသယော-ပြိတ္တာတို့၏ နေရာလည်းကောင်း၊ အသုရကာယောစ-အသူရကာယ်လည်းကောင်း၊ ဣတိ-သို့၊ အပါယဘူမိ-အပါယ်ဘုံသည်၊ စတုဗ္ဗိဓော- ၄-ပါးအပြားရှိသည်၊ ဟောတိ-ဖြစ်၏။

ကာမသုဂတိ ၇-ဘုံ

၅။ မနုဿာ-လူ့ဘုံလည်းကောင်း၊ စာတုမဟာရာဇိကာ-စာတုမဟာရာဇ်ဘုံလည်းကောင်း၊ တာဝတိံသာ-တာဝတိံသာဘုံလည်းကောင်း၊ ယာမာ-ယာမာဘုံလည်းကောင်း၊ တုသိတာ-တုသိတာဘုံလည်းကောင်း၊ နိမ္မာနရတိ-နိမ္မာနရတိဘုံလည်းကောင်း၊ ပရနိမ္မိတဝသဝတ္တိစ-ပရနိမ္မိတဝသဝတ္တိဘုံလည်းကောင်း၊ ဣတိ-သို့၊ ကာမသုဂတိဘူမိ-ကာမသုဂတိဘုံသည်၊ သတ္တဝိဓော-၇-ပါးအပြားရှိသည်၊ ဟောတိ-ဖြစ်၏။

၃။ ဘူမိစတုက္က 'တတ္ထ'မှစ၍ 'ဣဒမေတ္ထဘူမိစတုက္ကံ'တိုင်အောင်သော စကားရပ်ဖြင့် ဘူမိစတုက္ကကို အကျယ်ချဲ့ပြသည်၊ ထိုတွင် 'အပါယဘူမိ'စသည်ဖြင့် 'စတသော ဘူမိယော'အရ ဘုံ ၄-မျိုးကို အကျဉ်းရေတွက်ပြသည်။

အပါယ်ဘုံ, ကာမသုဂတိဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံ၊ ဤသည်တို့ကား 'စတသော ဘူမိယော'အရ ဘုံ ၄-မျိုးတည်း။

၄။ 'တာသု' အစရှိသောစကားရပ်ဖြင့် 'အပါယဘူမိ'အရ အကျယ်ပြသည်။

၁။ နိရယ= ချမ်းသာသုခ ရခွင့်မရှိသောဘုံ၊ ငရဲဘုံ၊
၂။ တိရစ္ဆာနယောနိ= တိရစ္ဆာန်တို့၏ အပေါင်းအစု၊
၃။ ပေတ္တိဝိသယ=ပြိတ္တာတို့၏ နေရာ၊
၄။ အသုရကာယ= အသုရာအပေါင်း။

ဤသို့ အပါယ်ဘုံ ၄-မျိုးရှိသည်။

၅။ 'မနုဿာ'အစရှိသောစကားရပ်ဖြင့် 'ကာမသုဂတိဘူမိ'အရ အကျယ်ပြသည်၊ လူ့ဘုံ, စာတုမဟာရာဇ်ဘုံ, တာဝတိံသာဘုံ, ယာမာဘုံ, တုသိတာဘုံ, နိမ္မာနရတိဘုံ, ပရနိမ္မိတဝသဝတ္တိဘုံ၊ ဤသို့ ကာမသုဂတိ ၇-ဘုံရှိသည်၊ ကောင်းသောလားရောက်ရာဘုံကို "သုဂတိဘုံ"ဟုခေါ်သည်။ (သု-ကောင်းသော+ဂတိ-လားရောက်ရာဘုံ။)

http://www.dhammadownload.com

၆။ ပန-ဆက်ဦးအံ့၊ ဧကာဒသဝိဓာပိ-၁၁-ပါးအပြားရှိသည်လည်းဖြစ်သော၊ သာအယံ-ထိုဘုံသည်၊ ကာမာဝစရဘူမိစွေဝ-ကာမာဝစရဘုံ-ဟူ၍သာလျှင်၊ သခ်ံ-ခေါ်ဝေါ်အပ်သည်၏အဖြစ်သို့၊ ဂစ္ဆတိ-ရောက်၏။

ရူပ ၁၆-ဘုံ

၇။ ဗြဟ္မပါရိသဇ္ဇာ-ဗြဟ္မပါရိသဇ္ဇာဘုံလည်းကောင်း၊ ဗြဟ္မပုရောဟိတာ-ဗြဟ္မပုရောဟိတာဘုံလည်းကောင်း၊ မဟာဗြဟ္မာစ-မဟာဗြဟ္မာဘုံလည်းကောင်း၊ ဣတိ-ဤ ၃-ဘုံသည်၊ ပဌမဈာနဘူမိ-ပထမစျာန်ဘုံတည်း။

၈။ ပရိတ္တာဘာ-ပရိတ္တာဘာဘုံလည်းကောင်း၊ အပ္ပမာဏာဘာ-အပ္ပမာဏာဘာဘုံလည်းကောင်း၊ အာဘာဿရာစ-အာဘာဿရာဘုံလည်းကောင်း၊ ဣတိ-ဤ ၃-ဘုံသည်၊ ဒုတိယဈာနဘူမိ-ဒုတိယစျာန်ဘုံတည်း။

၉။ ပရိတ္တသုဘာ-ပရိတ္တသုဘာဘုံလည်းကောင်း၊ အပ္ပမာဏသုဘာ-အပ္ပမာဏသုဘာဘုံလည်းကောင်း၊ သုဘကိဏ္ဏာစ-သုဘကိဏ္ဏာဘုံလည်းကောင်း၊ ဣတိ-ဤ ၃-ဘုံသည်၊ တတိယဈာနဘူမိ-တတိယစျာန်ဘုံတည်း။

၁၀။ ဝေဟပ္ဖလာ-ဝေဟပ္ဖိုလ်ဘုံလည်းကောင်း၊ အသညသတ္တာ-အသညသတ်ဘုံလည်းကောင်း၊ သုဒ္ဓါဝါသာစ-သုဒ္ဓါဝါသ ၅-ဘုံလည်းကောင်း၊ ဣတိ-ဤ ၇-ဘုံသည်၊ စတုတ္ထဈာနဘူမိ-စတုတ္ထစျာန်ဘုံတည်း၊ ဣတိ-သို့၊ ရူပါဝစရဘူမိ-ရူပါဝစရဘုံသည်၊ သောဠသဝိဓာ- ၁၆-ပါး အပြားရှိသည်၊ ဟောတိ-ဖြစ်၏။

၁၁။ အဝိဟာ-အဝိဟာဘုံလည်းကောင်း၊ အတပ္ပာ-အတပ္ပာဘုံလည်းကောင်း၊ သုဒဿာ-သုဒဿာဘုံလည်းကောင်း၊ သုဒဿီ-သုဒဿီဘုံလည်းကောင်း၊ အကနိဋ္ဌာစ-အကနိဋ္ဌာဘုံလည်းကောင်း၊ ဣတိ-သို့၊ သုဒ္ဓါဝါသဘူမိ-သုဒ္ဓါဝါသဘုံသည်၊ ပဉ္စဝိဓာ-၅-ပါးအပြားရှိသည်၊ ဟောတိ-ဖြစ်၏။

၆။ ဆိုခဲ့ပြီးသော အပါယ် ၄-ဘုံ, ကာမသုဂတိ ၇-ဘုံ၊ ပေါင်း၁၁-ဘုံကို "ကာမာဝစရဘုံ"ဟု ခေါ်သည်။

၇။ "ဗြဟ္မပါရိသဇ္ဇာ, ဗြဟ္မပုရောဟိတာ, မဟာဗြဟ္မာ"ဟု ပထမစျာန် ၃-ဘုံ။

၈။ "ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘာဿရာ"ဟု ဒုတိယစျာန် ၃-ဘုံ။

၉။ "ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏ္ဏာ"ဟု တတိယစျာန် ၃-ဘုံ။

၁၀။ ၁၁။ "ဝေဟပ္ဖိုလ်, အသညသတ်, ('အဝိဟာ, အတပ္ပာ, သုဒဿာ, သုဒဿီ, အကနိဋ္ဌ'ဟု) သုဒ္ဓါဝါသ ၅-ဘုံ"အားဖြင့် စတုတ္ထစျာန် ၇-ဘုံ။

ဤသို့ ရူပါဝစရ ၁၆-ဘုံ ရှိသည်၊ ဤစကားရပ်များဖြင့် 'ရူပါဝစရဘူမိ'၏ အကျယ်ကို ပြသည်။

http://www.dhammadownload.com

အရူပ ၄-ဘုံ

၁၂။ အာကာသာနဉ္စာယတနဘူမိ-အာကာသာနဉ္စာယတနဘုံလည်းကောင်း၊ ဝိညာနဉ္စာယတနဘူမိ-ဝိညာနဉ္စာယတနဘုံလည်းကောင်း၊ အာကိဉ္စညာယတနဘူမိ-အာကိဉ္စညာယတနဘုံလည်းကောင်း၊ နေဝသညာနာသညာယတနဘူမိစ-နေဝသညာနာသညာယတနဘုံလည်းကောင်း၊ ဣတိ-သို့၊ အရူပဘူမိ-အရူပဘုံသည်၊ စတုဗ္ဗိဓ-၄-ပါးအပြားရှိသည်၊ ဟောတိ-ဖြစ်၏။

ဘုံပုဂ္ဂိုလ်ရ သင်္ဂဟဂါထာများ

၁၃။ သုဒ္ဓါဝါသေသု-သုဒ္ဓါဝါသဘုံတို့၌၊ သဗ္ဗထာ-အလုံးစုံသော အပြားအားဖြင့်၊ ပုထုဇ္ဇနာ-ပုထုဇဉ်လည်း ဖြစ်ကုန်သော၊ သောတာပန္နာစ-သောတာပန်လည်း ဖြစ်ကုန်သော၊ သကဒါဂါမိနောစာပိ-သကဒါဂါမ်လည်း ဖြစ်ကုန်သော၊ ပဂ္ဂလာ-ပုဂ္ဂိုလ်တို့ကို၊ နလဗ္ဘန္တိ-မရအပ်ကုန်။

၁၄။ အသညာပါယဘူမိသု-အသညသတ်ဘုံ, အပါယ်ဘုံတို့၌၊ အရိယာ-အရိယာပုဂ္ဂိုလ်တို့ကို၊ နောပလဗ္ဘန္တိ-မရအပ်ကုန်၊ သေသဋ္ဌာနေသု-ကြွင်းသော ဘုံဋ္ဌာနတို့၌၊ အရိယာ-အရိယာပုဂ္ဂိုလ်တို့ကိုလည်းကောင်း၊ အနရိယာပိစ-ပုထုဇဉ်ပုဂ္ဂိုလ်တို့ကိုလည်းကောင်း၊ လဗ္ဘန္တိ-ရအပ်ကုန်၏။

ဣဒံ-ဤဆိုအပ်ပြီးသည်ကား၊ ဇေတ္တ-ဤဝိထိမုတ္တသင်္ဂဟ၌၊ ဘူမိစတုက္ကံ-ဘူမိစတုက္ကတည်း။

၁၂။ 'အရူပါဝစရဘူမိ'၏ အကျယ်ကို ပြလိုလျှင် 'အာကာသာနဉ္စာယတနဘူမိ' အစရှိသော စကားရပ်ကို မိန့်ဆိုသည်။

အာကာသာနဉ္စာယတနဘုံ, ဝိညာနဉ္စာယတနဘုံ, အာကိဉ္စညာယတနဘုံ, နေဝသညာနာသညာယတနဘုံ၊ ဤသို့ အရူပ ၄-ဘုံရှိသည်။

ဤသို့လျှင် "ကာမ ၁၁-ဘုံ, ရူပါဝစရ ၁၆-ဘုံ, အရူပါဝစရ ၄-ဘုံ"အားဖြင့် ဘုံပေါင်း ၃၁-ဘုံဖြစ်သည်၊ ထိုတွင် ကာမ ၁၁-ဘုံနှင့် အသညသတ်ကြဉ်သောရူပ ၁၅-ဘုံတို့ကို "ပဉ္စဝေါကာရ ၂၆-ဘုံ"ဟုလည်းကောင်း, အသညသတ်ဘုံကို "ဧကဝေါကာရဘုံ"ဟုလည်းကောင်း, အရူပါဝစရဘုံကို "စတုဝေါကာရ ၄-ဘုံ"ဟုလည်းကောင်း ခေါ်ကြသည်။

၁၃။ ၁၄။ ထိုထိုဘုံတို့၌ ရထိုက်သော ပုဂ္ဂိုလ်တို့ကို ပြလိုလျှင် "ပုထုဇ္ဇနာ နလဗ္ဘန္တိ" စသည်ကို မိန့်ဆိုရသည်။

သုဒ္ဓါဝါသဘုံများ၌ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့ကို အချင်းခပ်သိမ်း မရထိုက်ကုန်၊ အသညသတ်ဘုံ, အပါယ်ဘုံတို့၌ အရိယာပုဂ္ဂိုလ်တို့ကို မရထိုက်ကုန်၊ ကြွင်းသော ဘုံဋ္ဌာနတို့၌ အရိယာပုဂ္ဂိုလ်, ပုထုဇဉ်ပုဂ္ဂိုလ်တို့ကို ရထိုက်ကုန်၏။

http://www.dhammadownload.com

ထိုတွင် သုဒ္ဓါဝါသဘုံ၌ "ပုထုဇဉ်, သောတာပန်, သကဒါဂါမ်တို့ကို မရ"ဟု ဆိုသဖြင့် တိဟိတ်ပုထုဇဉ်အဖြစ်မှ တစ်ဆင့်တက်လာရသော သောတာပတ္တိမဂ္ဂဉာန်, သောတာပန်မှ တစ်ဆင့်တက်လာရသောသကဒါဂါမိမဂ္ဂဉာန်, သကဒါဂါမ်မှတစ်ဆင့်တက်လာရသော အနာဂါမိမဂ္ဂဉာန်ပုဂ္ဂိုလ်တို့ကိုလည်း ပယ်ပြီးဖြစ်တော့သည်၊ ထို့ကြောင့် သုဒ္ဓါဝါသဘုံ၌ "အနာဂါမိဖလဉာန်, အရဟတ္တမဂ္ဂဉာန်, အရဟတ္တဖလဉာန်" ဟု ဆိုအပ်သော အထက်အရိယာ ၃-ယောက်တို့ကိုသာ ရသင့်တော့သည်။

"အသညသတ်ဘုံ, အပါယ်ဘုံတို့၌ အရိယာပုဂ္ဂိုလ်တို့ကို မရ"ဟု ဆိုသဖြင့် "ပုထုဇဉ် ၄-ယောက် ရနိုင်သည်"ဟု အဓိပ္ပာယ်သက်ရောက်နေသည်၊ သို့သော် အပါယ်ဘုံ၌ အကုသလ ဝိပါက် ဥပေက္ခာသဟဂုတ် ပဋိသန္ဓေ ၁-ခုသာရှိကြောင်းကို ပဋိသန္ဓိစတုက္က (၁၈၅))၌ ပြထား ပါသည်၊ ယင်း အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်ကို "ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်" ခေါ်ရကြောင်းကိုလည်း ဝိထိပိုင်း ပုဂ္ဂလဘေဒ (၁၆၅)၌ ပြခဲ့ပါပြီ၊ ထို့ကြောင့် အပါယ် ၄-ဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ၁-ယောက်သာ ရသင့်သည်"ဟု မှတ်ပါ။

ထို့ပြင် သုဂတိအပါအဝင်ဖြစ်သော အသညသတ်ဘုံ၌ သမ္မယုတ်ဟိတ် မရှိသော ရုပ်ပဋိသန္ဓေ မျှသာ ရှိသည်၊ သို့ဖြစ်၍ ယင်း အသညသတ်ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်ကို (ဖြစ်ရာဘုံသို့ လိုက်၍ 'သုဂတိ'+ ပဋိသန္ဓေသို့ လိုက်၍ 'အဟိတ်' = ၂-ရပ်ကို ပေါင်းစပ်လျက်) "သုဂတိအဟိတ်"ဟု ခေါ်ရသည်၊ ထို့ကြောင့် "အသညသတ်ဘုံ၌လည်း သုဂတိအဟိတ်ပုဂ္ဂိုလ် ၁-ယောက်သာ ရသင့်သည်"ဟုမှတ်ပါ။

ကြွင်းသော ဘုံဌာနများတွင် လူနှင့်စာတုမဟာရာဇ အပါအဝင်ဖြစ်သော 'ဝိနိပါတိက အသုရာ'ခေါ် နတ်အငယ်စားများသာ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်ဖြင့် ပဋိသန္ဓေတည်နေနိုင်ကြသည်၊ ထို့ကြောင့် သုဂတိအဟိတ်ပုဂ္ဂိုလ်ကို လူ့ဘုံနှင့် စာတု မဟာရာဇ်ဘုံမှာသာ ရနိုင်သည်။

ဒွိဟိတ် ပဋိသန္ဓေသည် ကာမသုဂတိ ၇-ဘုံ၌သာ ရှိသည်၊ ထို့ကြောင့်ပင် ဒွိဟိတ်ပုဂ္ဂိုလ် ကိုလည်း ကာမသုဂတိ ၇-ဘုံ၌သာ ရသင့်သည်။

ကာမသုဂတိ ၇-ဘုံ, ဝေဟပ္ဖိုလ်တိုင်အောင်သောရူပါဝစရ ၁၀-ဘုံ, အရူပ ၄-ဘုံ-တို့၌ တိဟိတ်ပဋိသန္ဓေ ရှိသည်၊ ထို့ကြောင့် ယင်းဘုံများမှာ တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်ကို ရနိုင်သည်၊ ပဋိသန္ဓိစတုက္ကကိုလည်း ရှုပါ။

အရူပဘုံ၌ သောတာပတ္တိမဂ်ကို မရနိုင်ကြောင်း ဘူမိဘေဒက ပြခဲ့ပါပြီ၊ ထို့ကြောင့် "အရူပ ၄-ဘုံ၌ သောတာပတ္တိမဂ္ဂဉာန်ပုဂ္ဂိုလ်ကို မရနိုင်"ဟု မှတ်ပါ။

ဆောင်။ ။ အပါယ် ဒု၊ လူ့,စာတု ဒုကြဉ်ပါ၊
ထက်နတ်ဝယ်-ဆယ်ဒွိ,တိငယ်၊ ဝေထိ တိသာ၊
သည သု-ငါးသုဒ္ဓါ၊ ထက်ရိယာ သုံးယောက်၊
အရူဝယ်၊ စမဂ်ပယ်-တိဟိတ်ရှစ်ကို၊ စိစစ်ရွေးကောက်။

http://www.dhammadownload.com

ဘုံပုဂ္ဂိုလ်ရ

	ပုဂ္ဂိုလ် ၁၂-ယောက်	ဘုံ / ဥ	အဓိပတိ ၄	ဝီရိယ ၂	ဆန္ဒ ၁	ဝီမံသ ၀	ဥပက္ခာ ၁	သဒ္ဓါ ၁	ဒိဋ္ဌိ ၄	ပဋိပဒါ
ပထဝီဥ ၄	ဒုဂ္ဂတိအဟိတ်	၁	။							၄
	သုဂတိအဟိတ်	၁		။			။			၃
	ဒွိဟိတ်	၁		။	။					၅
	တိဟိတ်	၁		။	။	။			။	၂၁
အဓိဋ္ဌာန ၄	သောတာပတ္တိမဂ္ဂဋ္ဌာန်	၁		။	။	။				၁၅
	သော ဖ, သ မဖ, နာ မ	၄		။	။	။			။	၂၁
	နာ ဖ, အ မဖ	၃		။	။	။		။	။	၂၆
	ဘုံပုဂ္ဂိုလ်ရ		၁	၁၁	၁၀	၉	၁	၃	၈	၅၄
	ပုဂ္ဂိုလ်အပြား ၀ါကရား ၂၁၄		၄	၂၂	၅၀	၉၀	၁	၁၅	၃၂	

အပါယ် ၄-ဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် တစ်ယောက်သာ ရသည်။ (အပါယ် ဒု ။)

လူ့ဘုံ, စာတုမဟာရာဇ်ဘုံတို့၌ ဒုဂ္ဂတိ အဟိတ်မှတစ်ပါး ပုဂ္ဂိုလ် ၁၁-ယောက် ရသည်။ (လူ့စာတု ဒုကြဉ်ပါ။)

'တာဝတိ'သာ'အစရှိသော နတ်ပြည် ၅-ထပ်၌ ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ် ၉-ယောက်၊ ပေါင်း ၁၀-ယောက်သာ ရသည်။ (ထက်နတ်ဝယ် ဆယ်ဒွိ,တိငယ်။)

ဓေဟပ္ပိုလ်တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ၌ တိဟိတ်ပုဂ္ဂိုလ် ၉-ယောက်သာ ရသည်။ (ဝေထိ တိသာ။)

အသညသတ်ဘုံ၌ သုဂတိအဟိတ် ပုဂ္ဂိုလ် ၁-ယောက်သာ ရသည်။ (သည သု။)

သုဒ္ဓါဝါသ ၅-ဘုံ၌ "အနာဂါမိဖလဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန်"ဟူသော အထက်အရိယာပုဂ္ဂိုလ် ၃-ယောက်သာ ရသည်။ (ငါးသုဒ္ဓါ၊ ထက်ရိယာ သုံးယောက်။)

အရူပ ၄-ဘုံ၌ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်မှတစ်ပါး တိဟိတ်ပုဂ္ဂိုလ် ၈-ယောက် ရသည်။ (အရူဝယ်၊ စ-မင်္ဂဟယ် တိဟိတ်ရှစ်ကို။)

ရသောပုဂ္ဂိုလ်ကိုတူညီ၊ ဖြစ်ရာဘုံအသီးသီးဖြင့်မြှောက်၊ ရလဒ်ကို ပေါင်း၊ပုဂ္ဂိုလ်အပြား ဝါကရား=(၂၁၄) ဖြစ်၏၊ ဇယားခြံ အောက်ဆုံးအတန်းကို ရှုပါ။

ဆောင်။ ။ ပုဂ်ိဘုံ မြှောက်ကာ, လဒ်ချင်းသာ, ပေါင်းခါ ဝါကရား။

http://www.dhammadownload.com

ပဋိသန္ဓိစတုက္က

၁၅။ အပါယပဋိသန္ဓိ–အပါယ်ပဋိသန္ဓေလည်းကောင်း၊ ကာမသုဂတိပဋိသန္ဓိ–ကာမသုဂတိပဋိသန္ဓေလည်းကောင်း၊ ရူပါဝစရပဋိသန္ဓိ–ရူပါဝစရပဋိသန္ဓေလည်းကောင်း၊ အရူပါဝစရပဋိသန္ဓိစ–အရူပါဝစရ ပဋိသန္ဓေလည်းကောင်း၊ ဣတိ–ဤသည်တို့ကား၊ စတုဗ္ဗိဓာ–၄–ပါးအပြားရှိသော၊ ပဋိသန္ဓိနာမ–ပဋိသန္ဓေမည်၏။

အပါယ်ပဋိသန္ဓေ ၁–ပါး

၁၆။ တတ္ထ–ထို ၄–ပါးသော ပဋိသန္ဓေတို့တွင်၊ အကုသလဝိပါကောပေက္ခာသဟဂုတ် သန္တီရဏ်–အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည်၊ အပါယဘူမိယံ–အပါယ်ဘုံ၌၊ ဩက္ကန္တိကဏေ–သက်ရောက်ဆဲခဏ၌၊ ပဋိသန္ဓိ–ပဋိသန္ဓေသည်၊ ဟုတွာ–ဖြစ်၍၊ တတော–ထိုပဋိသန္ဓေအခါမှ၊ ပရံ–နောက်၌၊ ဘဝင်ံ –ဘဝင်သည်လည်းကောင်း၊ ပရိယောသာနေ–ဘဝအဆုံး၌၊ စဝနံ–စုတိသည်လည်းကောင်း၊ ဟုတွာ–ဖြစ်၍၊ ဧကဝါ–ဤပြတ်၏၊ ဧကာ– ၁–ခုသော၊ အယံ–ဤပဋိသန္ဓေသည်၊ အပါယပဋိသန္ဓိနာမ–အပါယ်ပဋိသန္ဓေမည်၏။

ဧယားကို လက်ဝဲ,လက်ျာ ရှုလျက် 'ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်သည် အပါယ် ၄–ဘုံ၌သာ ဖြစ်သည်' စသည်ဖြင့်လည်း ခွဲပါ။

၁၅။ "စတသော ဘူမိယော"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြပြီး၍ "စတုဗ္ဗိဓာ ပဋိသန္ဓိ"ဟူသောအကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြလိုသောကြောင့် 'အပါယ ပဋိသန္ဓိ'စသော စကားရပ်ကို မိန့်တော်မူသည်။

အပါယ်ပဋိသန္ဓေ, ကာမသုဂတိပဋိသန္ဓေ, ရူပါဝစရပဋိသန္ဓေ, အရူပါဝစရပဋိသန္ဓေ၊ ဤသည်တို့ကား 'စတုဗ္ဗိဓာ ပဋိသန္ဓိ'အရ ပဋိသန္ဓေ ၄–မျိုးတို့တည်း။

ဘဝဟောင်းနှင့်ဘဝသစ်ကို ဆက်စပ်သောအားဖြင့် ဘဝဟောင်းအပြတ်တွင် ဘဝသစ်၌ စိတ်, စေတသိက်, ကမ္မဇရုပ်တို့၏ အစဆုံးဖြစ်ခြင်းကိုပင် 'ပဋိသန္ဓေ'ဟုခေါ်သည်။

၁၆။ 'အပါယပဋိသန္ဓိ'အရကို အကျယ်ပြလိုသောကြောင့် 'တတ္ထ'အစရှိသော စကားရပ်ကို မိန့်ဆိုရသည်။

အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် အပါယ်ဘုံ၌ သက်ရောက်စမှာ ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်သည်၊ ထို့နောက် (ပဝတ္တိအခါမှာ ဝီထိစိတ်မဖြစ်လျှင်) ဘဝင်ကိစ္စ တပ်၍ ဖြစ်သည်၊ ဘဝအဆုံးမှာ စုတိကိစ္စတပ်၍ ဖြစ်သည်၊ အပါယ်ပဋိသန္ဓေကား ဤစိတ် ၁–ခုမျှသာတည်း။

ဤစကားရပ်ကိုထောက်၍ အပါယ်ဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ၁–ယောက်သာ ရနိုင်ကြောင်း သိပါ။

http://www.dhammadownload.com

ကာမသုဂတိပဋိသန္ဓေ ၉-ပါး

၁၇။ ပန-ကား၊ ကုသလဝိပါကောပေက္ခာသဟဂတသန္တီရဏံ-အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည်၊ ကာမသုဂတိယံ-ကာမသုဂတိဘုံ၌၊ ဧစ္စန္ဒာဒီနံ-သန္ဓေကန်းအစရှိကုန်သော၊ မနုဿာနဉ္စေဝ-လူတို့၏လည်းကောင်း၊ ဘုမ္မသိတာနံ-ဘုမ္မစိုးနတ်ကြီးတို့ကို မှီခိုနေကြကုန်သော၊ ဝိနိပါတိကာသုရာနံစ-ဝိနိပါတိကအသုရာတို့၏လည်းကောင်း၊ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန-ပဋိသန္ဓေ, ဘဝင်, စုတိတို့၏အစွမ်းဖြင့်၊ ပဝတ္တတိ-ဖြစ်၏။

၁၇။ 'ကာမသုဂတိ ပဋိသန္ဓိ'အရ အကျယ်ပြလိုသောကြောင့် 'ကုသလဝိပါကောပေက္ခာသဟဂတသန္တီရဏံ'စသော စကားရပ်ကို မိန့်ဆိုတော်မူသည်။

အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် ကာမသုဂတိဘုံ၌ ဧစ္စန္ဒ-စသော လူများနှင့်ဘုမ္မစိုးနတ်ကြီးတို့ကို မှီခိုကပ်ရပ်နေကြသည့် ဝိနိပါတိကအသုရာတို့၏ ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ, စုတိကိစ္စတပ်လျက် ဖြစ်သည်။

ဤစကားရပ်ကိုထောက်၍ လူ့ဘုံနှင့်စာတုမဟာရာဇ်ဘုံတို့မှာ သုဂတိအဟိတ်ပုဂ္ဂိုလ် ရနိုင်ကြောင်း သိနိုင်သည်။

ထိုတွင် စက္ခုပသာဒကို ဖြစ်စေနိုင်သော ကံ-မရှိသည့်အတွက် ဖြစ်ပေါ်ရမည့်အချိန်မှာ စက္ခုပသာဒ ဖြစ်ပေါ်မှု မရှိသောသူကို "ဧစ္စန္ဒ"ဟု ခေါ်သည်၊ ဖြစ်ပြီးမှ တစ်စုံတစ်ခုသောဘေးရန်ကြောင့် စက္ခုပျက်စီးရသူကား 'ဧစ္စန္ဒ' မဟုတ်ပါ။ (ဧာတိ-ပဋိသန္ဓေအားဖြင့်+အန္ဓ-ကန်းသူ=သန္ဓေကန်း။)

အာဒိသဒ္ဒါဖြင့်-

၁။ ဧစ္စဗဓိရ= ပဋိသန္ဓေအားဖြင့် နားထိုင်းသူ၊

၂။ ဧစ္စမူဂ= ပဋိသန္ဓေအားဖြင့် စကားမပီသူ၊ ထစ်အသူ၊

၃။ ဧစ္စဧဠ= ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်း, ဖျင်းအသူ၊

၄။ ဧစ္စ မွတ္တက= ပဋိသန္ဓေအားဖြင့် ရူးသွပ်သူ၊

၅။ ပဏ္ဍက= ကိလေသာ ထူထဲသူ- ကာမဂုဏ်မှ မငြိမ်းအေးနိုင်သူ၊

၆။ ဥဘတောဗျဉ္ဇနက= ဥဘတောဗျည်း၊ မိန်းမတစ်လှည့်, ယောကျ်ားတစ်လှည့် ဖြစ်သူ။

၇။ နပုံသက= မိန်းမအင်္ဂါလည်း မထင်ရှား, ယောကျ်ားအင်္ဂါလည်း မထင်ရှားသူ၊

၈။ မမ္မ= မန်းစွဲသူ၊ စကားပြောလျှင် အမျှင်မပြတ်ဘဲ ဒရွတ်ဆွဲပြောသူ။

ဤသို့ အစရှိသော လူရာမဝင်သူ, လူစင်မမိသူများကို ယူပါ။

ဆောင်။ ။ ဧာတိဗဓိရ, မူဂ ဧဠော, ဥမ္မတ္တာ ပဏ္ဍကော, ဥဘတော နပုံသက, မမ္မစရှိ, ယူကြဘိ, အာဒိဧစ္စန္ဓာ။

http://www.dhammadownload.com

၁၈။ ပန–ကား၊ အဋ္ဌ– ၈–ပါးကုန်သော၊ မဟာဝိပါကာနိ–မဟာဝိပါက်စိတ်တို့သည်၊ သဗ္ဗတ္ထာပိ–အလုံးစုံလည်းဖြစ်သော၊ ကာမသုဂတိယံ–ကာမသုဂတိဘုံ၌၊ ပဋိသန္ဓိဘဝင်စုတိဝသေန–ပဋိသန္ဓေ, ဘဝင်, စုတိတို့၏အစွမ်းဖြင့်၊ ပဝတ္တန္တိ–ဖြစ်ကုန်၏။

၁၉။ နဝ– ၉–ပါးကုန်သော၊ ကမ္မာ–ဤပဋိသန္ဓေတို့သည်၊ ကာမသုဂတိပဋိသန္ဓိယောနာမ–ကာမသုဂတိပဋိသန္ဓေတို့မည်၏။

၂၀။ ပန–ဆက်ဦးအံ့၊ ဒသဝိဓာပိ– ၁၀–ပါးအပြားရှိသည်လည်းဖြစ်သော၊ သာအယံ–ထိုပဋိသန္ဓေသည်၊ ကာမာဝစရပဋိသန္ဓိစွေဝ–ကာမာဝစရ ပဋိသန္ဓေဟူ၍သာလျှင်၊ **သခ်ံ** –ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ–ရောက်၏။

ကာမပုဂ္ဂိုလ်တို့၏ အသက်တမ်း

၂၁။ တေသု–ထိုပဋိသန္ဓေ နေသောပုဂ္ဂိုလ်တို့တွင်၊ စတုန္နံ– ၄–ပါးကုန်သော၊ အပါယာနံ–အပါယ်ဘုံသားတို့၏လည်းကောင်း၊ မနုဿာနံ–လူတို့၏လည်းကောင်း၊ ဝိနိပါတိကာသုရာနဉ္စ–ဝိနိပါတိက အသုရာတို့၏လည်းကောင်း၊ အာယုပ္ပမာဏဂဏနာယ–အသက်အတိုင်းအရှည်ကို ရေတွက်ခြင်း၏၊ နိယမော–အမြဲသတ်မှတ်ချက်သည်၊ နတ္ထိ–မရှိ။

တစ်နည်း။ ။ဗဓိရ၊ မူဂရယ်နှင့် ဇဋော၊
ဥမ္မတ္တာ ပဏ္ဍကောငယ်၊ ဥဘောတစ်ဖြာ၊
နပုံသ–မမ္မရယ်တဲ့ စသည်သာ၊ မဝင်ပါ လူထဲ၊
ဇစ္စန္ဓာ–အာဒိရင်ယ်၊ ကျန်ယူစွဲ။

မြေကြီးနှင့်စပ်သော သစ်ပင် တော တောင်ကို စောင့်သောနတ်များ, ကိုယ်စောင့်နတ်များ, အိမ်စောင့်နတ်များ စသည်တို့ကို "ဘုမ္မစိုးနတ်"ဟု ခေါ်သည်၊ အတော်အတန် တန်ခိုးရှိကြသည်။

ဝိနိပါတိကအသုရာတို့သည် ထိုဘုမ္မစိုးနတ်ကြီးများကို မှီခိုကပ်ရပ်၍ နေကြရသည်၊ စည်းစိမ်ဥစ္စာ အိပ်ရာနေရာ ကောင်းစွာမရှိဘဲ ဖောက်ပြန်ပျက်စီးနေသော နတ်သေးနတ်မွှား နတ်အငယ်စားကလေးတွေသာ ဖြစ်ကြသည်။

၁၈။ မဟာဝိပါက် ၈–ပါးတို့သည် ကာမသုဂတိ ၇–ဘုံလုံးမှာပင် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်၍ ဖြစ်သည်။

၁၉။ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ၁–ပါး၊ မဟာဝိပါက် ၈–ပါး၊ ဤ ၉–ပါးသော ပဋိသန္ဓေတို့သည် "ကာမသုဂတိပဋိသန္ဓေ"မည်၏။

၂၀။ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ၁–ပါး၊ ကာမသုဂတိ ပဋိသန္ဓေ ၉–ပါး၊ ပေါင်း ၁၀–ပါးကို "ကာမာဝစရပဋိသန္ဓေ"ဟုခေါ်သည်။

၂၁။ ကာမာဝစရပုဂ္ဂိုလ်တို့၏ အသက်တမ်းကို ဆက်လက်ပြလိုသောကြောင့် 'တေသု' အစရှိသော စကားရပ်ကို မိန့်ဆိုရပါသည်။

http://www.dhammadownload.com

၂၂။ ပန–ကား၊ စာတုမဟာရာဇိကာနံ–စာတုမဟာရာဇ်ဘုံသားဖြစ်ကုန်သော၊ ဒေဝါနံ–နတ်တို့၏၊ အာယုပွမာဏံ–အသက်အတိုင်းအရှည်သည်၊ ဒိဗ္ဗာနိ–နတ်၌ဖြစ်ကုန်သော၊ ပဉ္စဝဿသတာနိ–အနှစ် ၅၀၀–တို့တည်း၊ မနုဿဂဏနာယ–လူတို့၏အရေအတွက်ဖြင့်၊ နဝုတိဝဿသတသဟဿပွမာဏံ–အနှစ် ၉–သန်းအတိုင်းအရှည်ရှိသည်၊ ဟောတိ–ဖြစ်၏။

တာဝတိံသာနံ–တာဝတိံသာနတ်တို့၏၊ အာယုပွမာဏံ–အသက်အတိုင်းအရှည်သည်၊ တတော–ထိုစာတုမဟာရာဇ် နတ်သက်ထက်၊ စတုဂ္ဂုဏံ– ၄–ဆတက်၏၊ ယာမာနံ–ယာမာနတ်တို့၏ အာယုပွမာဏံ–သည်၊ တတော–ထိုတာဝတိံသာ နတ်သက်ထက်၊ စတုဂ္ဂုဏံ–၏၊ တုသိတာနံ–တုသိတာနတ်တို့၏၊ အာယုပွမာဏံ–သည်၊ တတော–ထိုယာမာနတ်သက်ထက်၊ စတုဂ္ဂုဏံ–၏၊ နိမ္မာနရတီနံ–နိမ္မာနရတိနတ်တို့၏၊ အာယုပွမာဏံ–သည်၊ တတော–ထိုတုသိတာနတ်သက်ထက်၊ စတုဂ္ဂုဏံ–၏၊ ပရနိမ္မိတဝသဝတ္တီနံ–ပရနိမ္မိတဝသဝတ္တီနတ်တို့၏၊ အာယုပွမာဏံ–သည်၊ တတော– ထိုနိမ္မာနရတိနတ်သက်ထက်၊ စတုဂ္ဂုဏံ– ၄–ဆတက်၏။

အပါယ် ၄–ဘုံသား, *လူ(ဇမ္ဗူဒီပါကျွန်းသူ), ဝိနိပါတိကအသုရာတို့မှာ အသက်တမ်းအမြဲမရှိ၊ ရံခါ တိုး၏၊ ရံခါ ရှည်၏၊ ထိုပုဂ္ဂိုလ်တို့တွင် တချို့က တစ်နံနက်မျှ အသက်ရှည်ကြသည်၊ တချို့က တစ်ရက်မျှအသက်ရှည်ကြသည်၊ တချို့က တစ်ခဏမျှအသက်ရှည်ကြသည်၊ တချို့က နှစ်ပေါင်း အသချေ် အသက်ရှည်ကြသည်၊ ထို့ကြောင့် အဆိုပါပုဂ္ဂိုလ်တို့၏ အသက်တမ်းကို အတိအကျသတ်မှတ်၍ မဖြစ်နိုင်ပါ။

(*တခြားကျွန်းသူတို့အတွက်မူ "ရှေ့ ခုနစ်ရာ, နောက် ငါးရာ, မြောက်မှာ တစ်ထောင်သက်"ဟု သတ်မှတ်ချက်ရှိပါသေးသည်။)

ဆောင်။ ။ အပါယ် လူ.ရွာ, ဝိနိပါတို့, ချို့မှာ နံနက်, ချို့တစ်ရက်မျှ, ချို့က သချေ်ယျာ, သက်ရှည်ပါ, သေချာ သက်တမ်း, မဖော်ညွှန်း။

တစ်နည်း။ ။ အပါယ၊ မနုဿ ဝိနိပါ၊
တချို့သူ–တစ်နံနက်ငယ်၊ ချို့ တစ်ရက်သာ၊
ချို့ ခဏ–အချို့က သချေ်ယျာ၊ သက်ဇီဝါရှည်ကြ၊
ထို့ကြောင့်ပင်– အသက်တမ်းကို၊ မညွှန်းတိကျ။

၂၂။ စာတုမဟာရာဇ်ဘုံသား နတ်များ၏ အသက်ပမာဏကား စာတုမဟာရာဇ်နတ်အရေအတွက်ဖြင့် နှစ်ပေါင်း ၅၀၀၊ လူ့အရေအတွက်ဖြင့် နှစ်ပေါင်း ၉–သန်းတည်း။

တာဝတိံသာနတ်သက်ကား စာတုမဟာရာဇ်နတ်သက်၏ ၄–ဆတည်း။
ယာမာနတ်သက်ကား တာဝတိံသာနတ်သက်၏ ၄–ဆတည်း၊
တုသိတာနတ်သက်ကား ယာမာနတ်သက်၏ ၄–ဆတည်း၊
နိမ္မာနရတိနတ်သက်ကား တုသိတာနတ်သက်၏ ၄–ဆတည်း၊
ပရနိမ္မိတဝသဝတ္တိနတ်သက်ကား နိမ္မာနရတိနတ်သက်၏ ၄–ဆတည်း။

http://www.dhammadownload.com

၂၃။ ဝသဝတ္တိသု-ဝသဝတ္တိနတ်တို့၌၊ အာယုပ္ပမာဏံ-သည်၊ ဝဿာနံ-နှစ်တို့၏၊ နဝသတဉ္စကောဋိယော-ကုဋေ ၉၀၀-တို့သည်လည်းကောင်း၊ ဧကဝီသကောဋိယော-၂၁-ကုဋေတို့သည်လည်းကောင်း၊ တထာ-ထိုမှတစ်ပါး၊ သဒ္ဓိ စ ဝဿသဟဿာနိ-အနှစ် ၆-သန်းတို့သည်လည်းကောင်း၊ ဟောတိ-ဖြစ်၏။

၂၃။ ပရနိမ္မိတဝသဝတ္တိနတ်တို့၏ အသက်ပမာဏသည် နှစ်ပေါင်း ၉၂၁-ကုဋေ, ၆-သန်းတည်း၊ ဤကား ၄-ဆတက်သည့်အခါ ချိန်ကိုက်၍ ရအောင် (မိဂပဒဝလဉ္ဇနနည်းဖြင့်) ကျမ်းဆရာကိုယ်တိုင် ထည့်သွင်းပြဆိုထားသော လူ့အရေအတွက်တည်း။

ထိုတွင် စာတုမဟာရာဇ် နတ်သက် ၅၀၀-ကိုတည်၊ ၄-ဖြင့်မြှောက်၊ ၂၀၀၀-ဖြစ်၏၊ ယင်း ၂၀၀၀-သည် စာတုမဟာရာဇ်နတ် အရေအတွက်ဖြင့် ရေတွက်ထားသော တာဝတိံသာနတ်သက်ဖြစ်၏၊ တာဝတိံသာနတ် အရေအတွက်ဖြင့် ရေတွက်ထားသော တာဝတိံသာနတ်သက် မဟုတ်သေးပါ။

တာဝတိံသာနတ်တို့၏ နေ့တာ, ည၌်တာသည် စာတုမဟာရာဇ်နတ်တို့၏ နေ့တာ, ည၌်တာထက် ၂-ဆ ပို၍ည်သည်၊ ထိုကြောင့် ယင်း ၂၀၀၀-ကိုတည်၊ ၂-ဖြင့်စား၊ ၁၀၀၀-ရ၏၊ ယင်း ၁၀၀၀-သည်သာလျှင် တာဝတိံသာနတ် အရေအတွက်ဖြင့် တာဝတိံသာနတ်သက်ဖြစ်၏၊ ဤသည်ကိုပင်ရည်ရွယ်၍ "ရက် ၂-ဆ၊ နှစ် ၂-ဆ တက်ရမည်"ဟု မိန့်ဆိုကြသည်၊ လူ့အရေအတွက်မှာမူ ၄-ဖြင့် မြှောက်ရုံမျှသာဖြစ်သည်။

အထက်အထက်နတ်တို့၏ နေ့တာ, ည၌်တာသည် အောက်အောက်နတ်တို့၏ နေ့တာ, ည၌်တာထက် ၂-ဆ ၂-ဆစီ ပို၍ ရှည်ကြသည်ချည်း၊ ဆိုခဲ့ပြီးသည့်အတိုင်း တက်ကြည့်ပါ၊ အလွယ်တွက်လိုက နတ်သက်ကို ၂-ဖြင့်လည်းကောင်း, လူ့အရေအတွက်ကို ၄-ဖြင့်လည်းကောင်း ဆင့်ကာဆင့်ကာမြှောက်ယူပါ။

ဆောင်။ ။ နတ်သက် နှစ်ဆ, လူ့ လေးဆ, တက်ကြစဉ်တိုင်းသာ။

တစ်နည်းအားဖြင့် ဆိုရပါမူ- လူ့ပြည်၌ အနှစ် ၅၀-သည် စာတုမဟာရာဇ်နတ်ဘုံ၌ တစ်နေ့နှင့် တစ်ည၌် (တစ်ရက်)ဖြစ်၏၊ ထိုနေ့ည၌်တို့ဖြင့် ပိုင်းခြားအပ်သော ရက် ၃၀-သည် တစ်လဖြစ်၏၊ ၁၂-လသည် တစ်နှစ်ဖြစ်၏၊ ထိုရက်, လ,နှစ်တို့ဖြင့် ပိုင်းခြားအပ်သော အနှစ် ၅၀၀-သည် စာတုမဟာရာဇ်နတ်တို့၏ အသက်ဖြစ်၏။

လူတို့နှစ် အရေအတွက်ကား (၅၀၀x၁၂x၃၀x၅၀=) အနှစ် ၉-သန်းရှိ၏။

စာတုမဟာရာဇ် ၂-ရက်သည် တာဝတိံသာ ၁-ရက်နှင့်ညီမျှ၏၊ ထို့ကြောင့် စာတုမဟာရာဇ်နတ်၏ တစ်ရက်ဖြစ်သော လူ့အနှစ် ၅၀-ကို၂-ဆတက်သော် (၅၀x၂=) အနှစ်တစ်ရာသည် တာဝတိံသာ၌ တစ်ရက်ဖြစ်၏၊ ဤကား ရက် ၂-ဆတက်တည်း။

တစ်ဖန် စာမဟာရာဇ်နတ်သက် ၅၀၀-ကို ၂-ဆတက်သော် (၅၀၀x၂=) အနှစ် ၁၀၀၀-သည် တာဝတိံသာနတ်သက်ဖြစ်၏၊ ဤကား နှစ် ၂-ဆတက်တည်း။

လူတို့နှစ် အရေအတွက်အားဖြင့်(၁၀၀၀x၁၂x၃၀x၁၀၀=)အနှစ် ၃-ကုဋေ ၆-သန်းရှိ၏။

ဆိုခဲ့ပြီးသည်ကိုပင် နည်းမှီ၍ အထက်နတ်သက်များကိုလည်း ဆက်လက်တွက်ကြည့်ပါ။

http://www.dhammadownload.com

ရူပပဋိသန္ဓေ ၆-ပါး

၂၄။ ပဌမဈာနဝိပါက်-ပထမစျာန်ဝိပါက်စိတ်သည်၊ ပဌမဈာနဘူမိယံ-ပထမစျာန်ဘုံ၌၊ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန-ပဋိသန္ဓေ,ဘဝင်,စုတိတို့၏အစွမ်းဖြင့်၊ ပဝတ္တတိ-ဖြစ်၏။

၂၅။ တထာ-ထို့အတူ၊ ဒုတိယဈာနဝိပါက်-ဒုတိယစျာန်ဝိပါက်စိတ်သည်လည်းကောင်း၊ တတိယဈာနဝိပါကဉ္စ-တတိယစျာန်ဝိပါက်စိတ်သည်လည်းကောင်း၊ ဒုတိယဈာနဘူမိယံ-ဒုတိယစျာန်ဘုံ၌၊ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန-ဖြင့်၊ ပဝတ္တတိ-၏။

၂၆။ စတုတ္ထဈာနဝိပါက်-စတုတ္ထစျာန်ဝိပါက်စိတ်သည်၊ တတိယဈာနဘူမိယံ-တတိယစျာန်ဘုံ၌၊ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန-ဖြင့်၊ ပဝတ္တတိ-၏။

၂၇။ ပဉ္စမဈာနဝိပါက်-ပဉ္စမစျာန်ဝိပါက်စိတ်သည်၊ စတုတ္ထဈာနဘူမိယံ-စတုတ္ထစျာန်ဘုံ၌၊ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန-ဖြင့်၊ ပဝတ္တတိ-၏။

၂၈။ ပန-အထူးကား၊ အသညသတ္တာနံ-အသညသတ်ဖြာဟ္မာတို့၏၊ ရူပမေဝ-ရုပ်ချည်းသာလျှင်၊ ပဋိသန္ဓိ-ပဋိသန္ဓေသည်၊ ဟောတိ-ဖြစ်၏၊ တထာ-ထို့အတူ၊ တတော-ထိုပဋိသန္ဓေခဏမှ၊ ပရံ-နောက်ဖြစ်သော၊ ပဝတ္တိယံ-ပဝတ္တိအခါ၌လည်းကောင်း၊ စဝနကာလေစ-စုတေရာအခါ၌လည်းကောင်း၊ ရူပမေဝ-ရုပ်ချည်းသာလျှင်၊ ပဝတ္တိတ္တာ-ဖြစ်၍၊ နိရုဇ္ဈတိ-ချုပ်၏။

ဆ- ၆-ပါးကုန်သော၊ ကုမာ-ဤပဋိသန္ဓေတို့သည်၊ ရူပါဝစရပဋိသန္ဓိယောနာမ-ရူပါဝစရပဋိသန္ဓေတို့မည်၏။

၂၄။ 'ရူပါဝစရပဋိသန္ဓိ'၏အရ အကျယ်ပြလို၍ 'ပဌမဈာနဝိပါက်' အစရှိသော စကားရပ်ကို မိန့်ဆိုရပေသည်။

ပထမစျာန်ဝိပါက်သည် ပထမစျာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သည်။

၂၅။ ဒုတိယစျာန်ဝိပါက်နှင့် တတိယစျာန်ဝိပါက်သည် ဒုတိယစျာန်ဘုံ၌ ပဋိသန္ဓေ,ဘဝင်, စုတိကိစ္စတပ်၏။

၂၆။ စတုတ္ထစျာန်ဝိပါက်သည် တတိယစျာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်၏။

၂၇။ ပဉ္စမစျာန်ဝိပါက်သည် စတုတ္ထစျာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်၏။

၂၈။ အသညသတ်ဖြာဟ္မာများမှာ ပဋိသန္ဓေအခါမှာလည်း ရုပ်ချည်းသာဖြစ်သည်၊ ပဝတ္တိအခါ, စုတိအခါမှာလည်း ရုပ်ချည်းသာဖြစ်၍ ချုပ်သည်၊ ဤသည်ကိုပင် အထောက်အထားပြု၍ အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုဂ္ဂိုလ် ၁-ယောက်သာ ရကြောင်းကို ဆိုခဲ့ရပေသည်။

ရူပါဝစရဝိပါက်စိတ် ၅-ခု၊ အသညသတ်ရုပ်ပဋိသန္ဓေ ၁-ခု၊ ဤ ၆-ခုသော ပဋိသန္ဓေတို့သည် "ရူပါဝစရပဋိသန္ဓေ" မည်၏။

http://www.dhammadownload.com

ရူပပုဂ္ဂိုလ်တို့၏ အသက်တမ်း

၂၉။ တေသု–ထိုပဋိသန္ဓေနေသောပုဂ္ဂိုလ်တို့တွင်၊ ဗြဟ္မပါရိသဇ္ဇာနံ–ဗြဟ္မပါရိသဇ္ဇာဘုံသားဖြစ်ကုန်သော၊ ဒေဝါနံ–ဗြဟ္မာတို့၏၊ အာယုပ္ပမာဏံ–သည်၊ ကပ္ပဿ–အသင်္ချေယျကပ်၏၊ တတိယောဘာဂေါ–သုံးဖို့တစ်ဖို့တည်း။

၃၀။ ဗြဟ္မပုရောဟိတာနံ–ပုရောဟိတဗြဟ္မာတို့၏၊ အာယုပ္ပမာဏံ–သည်၊ ဥပမှ ကပ္ပော–အသင်္ချေယျကပ် တစ်ဝက်တည်း။

၃၁။ မဟာဗြဟ္မာနံ–မဟာဗြဟ္မာတို့၏၊ အာယုပ္ပမာဏံ–သည်၊ ဧကော ကပ္ပော–အသင်္ချေယျ ၁–ကပ်တည်း။

၃၂။ ပရိတ္တာဘာနံ–ပရိတ္တာဘဗြဟ္မာတို့၏၊ အာယုပ္ပမာဏံ–သည်၊ ဒွေကပ္ပာနိ–မဟာကပ် ၂–ကပ်တို့တည်း။

၃၃။ အပ္ပမာဏာဘာနံ–အပ္ပမာဏာဘဗြဟ္မာတို့၏၊ အာယုပ္ပမာဏံ–သည်၊ စတ္တာရိ ကပ္ပာနိ–မဟာကပ် ၄–ကပ်တို့တည်း။

၃၄။ အာဘဿရာနံ–အာဘဿရဗြဟ္မာတို့၏၊ အာယုပ္ပမာဏံ–သည်၊ အဋ္ဌကပ္ပာနိ–မဟာကပ် ၈–ကပ်တို့တည်း။

၃၅။ ပရိတ္တသုဘာနံ–ပရိတ္တသုဘ ဗြဟ္မာတို့၏၊ အာယုပ္ပမာဏံ–သည်၊ သောဠသ ကပ္ပာနိ–မဟာကပ် ၁၆–ကပ်တို့တည်း။

၂၉။ ရူပါဝစရပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့၏အသက်တမ်းကို ဆက်လက် ပြဆိုလိုသောကြောင့် 'တေသု' အစရှိသော စကားရပ်ကို မိန့်ဆိုရပေသည်။

ထိုထိုလူတို့၏ အသက်တမ်းကို "အာယုကပ်"ဟုခေါ်သည်၊ ယင်းအာယုကပ်ဖြင့် မှတ်သားအပ်သော တက်ကပ်,ဆုတ်ကပ် တစ်စုံကို "အန္တရကပ်"ဟုခေါ်သည်၊ ယင်းအန္တရ ကပ်ပေါင်း ၆၄–ကပ်ကို "အသင်္ချေယျကပ်"ဟုခေါ်သည်၊ "သံဝဋ္ဋ=ပျက်ဆဲအခါ, သံဝဋ္ဋဌာယီ= အပျက်အတိုင်း တည်နေရာအခါ, ဝိဝဋ္ဋ=ဖြစ်ဆဲတည်ဆဲအခါ, ဝိဝဋ္ဋဌာယီ=ဖြစ်ပြီးနောက် တည်တံ့နေရာအခါ"ဟူကုန်သော ထိုအသင်္ချေယျ ၄–ကပ်ကို "မဟာကပ်"ဟု ခေါ်သည်၊ "၁–ကမ္ပာ"ဟူသည် မှာလည်း ဤမဟာကပ်ပင်တည်း။

ဤသို့ "အာယုကပ်, အန္တရကပ်, အသင်္ချေယျကပ်, မဟာကပ်"ဟု ကပ် ၄–မျိုးရှိရာ ပထမစျာန် ၃–ဘုံသည် ကမ္မာပျက်သည့်အခါတိုင်း မလွတ်သောကြောင့်မဟာကပ် ၁–ကပ်လုံး ပြည့်ဝအောင် မတည်နိုင်။

ထို့ကြောင့် ပထမစျာန်ဗြဟ္မာတို့၏ အသက်ကို မဟာကပ်ဖြင့် မရေတွက်ဘဲ မဟာကပ်၏ ၄–ပုံ ၁–ပုံဖြစ်သော အသင်္ချေယျကပ်ဖြင့်သာ ရေတွက်ရသည်။

ဒုတိယစျာန် အစရှိသော အထက်ဘုံများကား ကမ္မာပျက်တိုင်းမပါ၊ တစ်ခါတစ်ရံသာ ပါသည်၊ ထို့ကြောင့် ဒုတိယစျာန်ဗြဟ္မာစသည်တို့၏ အသက်တမ်းကို မဟာကပ်ဖြင့် ရေတွက်ရသည်။

http://www.dhammadownload.com

၃၆။ အပွမာဏသုဘာနံ-အပ္ပမာဏသုဘ ဗြဟ္မာတို့၏၊ အာယုပွမာဏံ-သည်၊ ဒွတ္တိံသကပ္ပာနိ-မဟာကပ် ၃၂-ကပ်တို့တည်း။

၃၇။ သုဘကိဏှာနံ-သုဘကိဏှဗြဟ္မာတို့၏၊ အာယုပွမာဏံ-သည်၊ စတုသဋ္ဌိ ကပ္ပာနိ-မဟာကပ် ၆၄-ကပ်တို့တည်း။

၃၈။ ဝေဟပ္ဖလာနံ-ဝေဟပ္ဖိုလ် ဗြဟ္မာတို့၏လည်းကောင်း၊ အသညသတ္တာနဉ္စ-အသညသတ် ဗြဟ္မာတို့၏လည်းကောင်း၊ အာယုပွမာဏံ-သည်၊ ပဉ္စကပ္ပသတာနိ-မဟာကပ် ၅၀၀-တို့တည်း။

၃၉။ အဝိဟာနံ-အဝိဟာဗြဟ္မာတို့၏၊ အာယုပွမာဏံ-သည်၊ ကပ္ပသဟဿာနိ-မဟာကပ် ၁-ထောင်တို့တည်း။

၄၀။ အတပ္ပာနံ-အတပ္ပဗြဟ္မာတို့၏၊ အာယုပွမာဏံ-သည်၊ ဒွေကပ္ပသဟဿာနိ-မဟာကပ် ၂-ထောင်တို့တည်း။

၄၁။ သုဒဿာနံ-သုဒဿဗြဟ္မာတို့၏၊ အာယုပွမာဏံ-သည်၊ စတ္တာရိကပ္ပ သဟဿာနိ-မဟာကပ် ၄-ထောင်တို့တည်း။

၄၂။ သုဒဿီနံ-သုဒဿီဗြဟ္မာတို့၏၊ အာယုပွမာနံ-သည်၊ အဋ္ဌကပ္ပသဟဿာနိ-မဟာကပ် ၈-ထောင်တို့တည်း။

၄၃။ အကနိဋ္ဌာနံ-အကနိဋ္ဌဗြဟ္မာတို့၏၊ အာယုပွမာဏံ-သည်၊ သောဠသကပ္ပ သဟဿာနိ-မဟာကပ် ၁၆-သောင်း ၆-ထောင်တို့တည်း။

အာရုပ္ပပဋိသန္ဓေ ၄-ပါး

၄၄။ ပဌမာရုပ္ပာဒိဝိပါကာနိ-ပထမာရုပ္ပအစရှိသော ဝိပါက်စိတ်တို့သည်၊ ပဌမာရုပ္ပာဒိဘူမိသု-ပထမအရူပအစရှိသောဘုံတို့၌၊ ယထာက္ကမံ-အစဉ်အားလျော်စွာ၊ ပဋိသန္ဓိ ဘဝင် စုတိဝသေန-ပဋိသန္ဓေ, ဘဝင်, စုတိတို့၏ အစွမ်းဖြင့်၊ ပဝတ္တန္တိ-ဖြစ်ကုန်၏။

စတသော-၄-ပါးကုန်သော၊ ဣမာ-ဤပဋိသန္ဓေတို့သည်၊ အာရုပ္ပပဋိယောနာမ-အာရုပ္ပပဋိသန္ဓေတို့ မည်၏။

ရေတွက်ပုံမှာ အနက်ဖြင့်ပင် သိသာထင်ရှားပါပြီ။

၄၄။ 'အရူပပဋိသန္ဓိ'၏အကျယ်ကို ပြလိုရှိ၍ 'ပဌမာရုပ္ပာဒိဝိပါကာနိ' အစရှိသောစကား ရပ်ကို မိန့်ဆိုတော်မူပါသည်။

အာကာသာနဉ္စာယတနဝိပါက်စိတ်သည် အာကာသာနဉ္စာယတနဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်၍ ဖြစ်သည်၊ ဝိညာနဉ္စာယတနဝိပါက်စိတ်သည် ဝိညာနဉ္စာယတနဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်၍ ဖြစ်သည်၊ အာကိဉ္စညာယတနဝိပါက်စိတ်သည် အာကိဉ္စညာယတနဘုံ၌

http://www.dhammadownload.com

အရူပပုဂ္ဂိုလ်တို့၏ အသက်တမ်း

၄၅။ ပန-ဆက်ဦးအံ့၊ တေသု-ထိုအာရုပ္ပပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့တွင်၊ အာကာသာနဉ္စာယတနူပဂါနံ-အာကာသာနဉ္စာယတဘုံသို့ ကပ်ရောက်ကုန်သော၊ ဒေဝါနံ-ဖြဟ္မာတို့၏၊ အာယုပ္ပမာဏံ-သည်၊ ဝီသတိကပ္ပသဟဿာနိ-မဟာကပ် ၂-သောင်း တို့တည်း။

၄၆။ ဝိညာနဉ္စာယတနူပဂါနံ-ဝိညာနဉ္စာယတနဘုံသို့ကပ်ရောက်ကုန်သော၊ ဒေဝါနံ-တို့၏၊ အာယုပ္ပမာဏံ-သည်၊ စတ္တာလီသကပ္ပသဟဿာနိ-မဟာကပ် ၄-သောင်း တို့တည်း။

၄၇။ အာကိဉ္စညာယတနူပဂါနံ-အာကိဉ္စညာယတနဘုံသို့ ကပ်ရောက်ကုန်သော၊ ဒေဝါနံ-တို့၏၊ အာယုပ္ပမာဏံ-သည်၊ သဋ္ဌိကပ္ပသဟဿာနိ-မဟာကပ် ၆-သောင်း တို့တည်း။

၄၈။ နေဝသညာနာသညာယတနူပဂါနံ-နေဝသညာနာသညာယတနဘုံသို့ ကပ်ရောက်ကုန်သော၊ ဒေဝါနံ-တို့၏၊ အာယုပ္ပမာဏံ-သည်၊ စတုရာသီတိကပ္ပ သဟဿာနိ-မဟာကပ် ၈သောင်း ၄-ထောင်တို့တည်း။

တစ်ဘဝ၌ တူမြဲတရား ၃-ပါး

၄၉။ ဧကဇောတိယံ- ၁-ခုသောဘဝ၌၊ ပဋိသန္ဓိ-ပဋိသန္ဓေစိတ်သည်လည်းကောင်း၊ ဘဝင်္ဂ-ဘဝင်စိတ်သည်လည်းကောင်း၊ တဒါ-ထိုမှတစ်ပါး၊ စဝနမာနသံ-စုတိစိတ် သည်လည်းကောင်း၊ ဧကမေဝ-တစ်မျိုးတည်းသာလျှင်လည်းကောင်း၊ တဒါ-ထို့အတူ၊ ဧကဝိသယံ ဧဝစ-တူသောအာရုံရှိသည်သာလျှင်လည်းကောင်း၊ ဟောတိ-ဖြစ်၏။

ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်၍ ဖြစ်သည်၊ နေဝသညာနာသညာယတနဝိပါက်စိတ်သည် နေဝသညာနာသညာယတနဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်၍ ဖြစ်သည်၊ ဤကား အရူပပဋိသန္ဓေ ၄-ပါးတည်း။

ဤသို့လျှင် "ကာမပဋိသန္ဓေ ၁၀-ပါး၊ ရူပါဝစရပဋိသန္ဓေ ၆-ပါး၊ အရူပါဝစရပဋိသန္ဓေ ၄-ပါး"အားဖြင့် ပဋိသန္ဓေ ၂၀-ဖြစ်သတည်း။

ရူပါဝစရပဋိသန္ဓေ ၆-ပါး၌ ရုပ်ပဋိသန္ဓေတစ်ခု ပါဝင်နေသည့်အတွက် ယင်းကို နုတ်ပါက ပဋိသန္ဓေစိတ် ၁၉-ပါးသာရှိနိုင်ပါသည်။

၄၅။ ပ ။ ၄၈။ အာရုပ္ပပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့၏အသက်တမ်းကို ဆက်လက်ပြလို သောကြောင့် 'တေသု ပန' စသော စကားရပ်ကို မိန့်ဆိုရပေသည်၊ အနက်ဖြင့်ပင် သိသာ ထင်ရှားပါပြီ။

၄၉။ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့၏ သဘောသွားကို ဆက်လက်ပြလိုသောကြောင့် 'ပဋိသန္ဓိဘဝင်္ဂ' အစရှိသောဂါထာကို မိန့်ဆိုရပါသည်။

http://www.dhammadownload.com

ကွဒ်–ဤဆိုအပ်ပြီးသည်ကား၊ ဇတ္ထ–ဤဝိထိမုတ္တသင်္ဂဟ၌၊ ပဋိသန္ဓိစတုက္ကံ–ပဋိသန္ဓိစတုက္ကတည်း။

ကမ္မစတုက္က

၅၀။ ဇနကံ–အကျိုးဝိပါက်ကို ဖြစ်စေတတ်သော ကံလည်းကောင်း၊ ဥပတ္ထမ္ဘကံ–ထောက်ပံ့ကူညီတတ်သော ကံလည်းကောင်း၊ ဥပပီဠကံ–ကပ်၍ နှိပ်စက်တတ်သော ကံလည်းကောင်း၊ ဥပဃာတကဿ–ကပ်၍သတ်တတ်သော ကံလည်းကောင်း၊ ဣတိ–ဤသည်တို့ကား၊ ကိစ္စဝသေန–ကိစ္စနှင့်စပ်သဖြင့်၊ စတ္တာရိ– ၄–ပါးကုန်သော၊ ကမ္မာနိနာမ–ကံတို့မည်၏။

တစ်ဘဝ၌ ပဋိသန္ဓေ,ဘဝင်,စုတိစိတ်တို့သည် တစ်မျိုးတည်းသာ ဖြစ်ရသည်၊ အာရုံလည်း တူကြရသည်၊ ဥပမာအားဖြင့် ပဋိသန္ဓေစိတ်က အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြစ်၍ ကံကို အာရုံပြုပါလျှင် ပဝတ္တိအခါ၌ ဖြစ်ဖြစ်သမျှသော ဘဝင်စိတ်နှင့် စုတိစိတ်တို့သည်လည်း အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်ဖြစ်၍ ကံကိုပင် အာရုံပြုကြရတော့သည်–ဟု ဆိုလိုသည်။

၅၀။ "စတုဇ္ဇိမာ ပဋိသန္ဓိ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြပြီးသည့်နောက် "စတ္တာရိ ကမ္မာနိ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြတော်မူလိုသောကြောင့် 'ဇနကံ' အစရှိသော စကားရပ်ကို မိန့်တော်မူရပါသည်။

ကံ ၄–မျိုးတို့၏ အပေါင်းကို "ကမ္မစတုက္က"ဟုခေါ်သည်၊ 'ကံ'ဟူသည်မှာလည်း ကုသိုလ်, အကုသိုလ် စေတနာပင် ဖြစ်သည်။

'ဝိပါက်စိတ်, စေတသိက်'ဟူသော နာမ်ခန္ဓာနှင့် ကံ–အကြောင်းခံ၍ ဖြစ်လာရသော ရုပ်ခန္ဓာတို့ကို "အကျိုးတရား"ဟု ခေါ်သည်၊ ယင်း အကျိုးတရားတို့ကို ပဋိသန္ဓေအခါမှာဖြစ်စေ, ပဝတ္တိအခါမှာဖြစ်စေ, အခွင့်သာရာ အခါ၌ မိမိကိုယ်တိုင် ဖြစ်စေနိုင်သောကံသည် "ဇနကကံ" မည်၏။

ဆောင်။ ။ ဝိပါက် နာမ်ခန်, ကံရုပ် ခန်ကို, သန္ဓေပဝတ်, ဖြစ်စေတတ်, ခေါ်မှတ် ဇနကံ။

တစ်နည်း။ ။ ဝိပါက်စိတ်၊ စေတသိက် နာမ်ခန္ဓာ၊
ကံကြောင်းခံ–ရုပ် ခန္ဓငယ်၊ ကျိုးဖလသာ၊
ခွင့်သင့်ရာ၊ သန္ဓေခါ ပဝတ်၊
ကိုယ်တိုင်ပင်–ဖြစ်စေကလျှင်၊ ဇန ကံမှတ်။

ကိုယ်တိုင်ကား အကျိုးမပေးနိုင်၊ သို့သော် တစ်ပါးသောကံ အကျိုးပေးခွင့်ရအောင်, အကျိုးပေးခွင့် ရနေပြန်လျှင်လည်း အကျိုးပေး သန်မာကြီးထွားလာအောင်, အကျိုးပေးပြီးသည့်အခါမှာလည်း အကျိုးတရားများ ရှည်ကြာအောင် သင့်လျော်လျောက်ပတ်စွာ ကူညီထောက်မတတ်သောကံသည် "ဥပတ္ထမ္ဘကံ"မည်၏။

http://www.dhammadownload.com

၅၁။ ဂရုကံ–ကြီးလေးသောကံလည်းကောင်း၊ အာသန္နံ–စုတေနီးခါ ဖြစ်ပေါ်လာသော ကံလည်းကောင်း၊ အာစိဏ္ဏံ–အမြဲမပြတ်လေ့ကျက်အပ်သော ကံလည်းကောင်း၊ ကဋတ္တာကမ္မဉ္စ–အမှတ်မထင်ပြုအပ်သော ကံလည်းကောင်း၊ ကတိ–ဤသည်တို့ကား၊ ပါဂဒါန

ဆောင်း။ ။ အကျိုးဖလ, ပေးခွင့်ရအောင်, ခွင့်ရလေပြန်, ကျိုးပေးသန်အောင်, ပေးပြန်ကျိုးများ, ကြာမြင့်ပွားအောင်, တစ်ပါးကမ္မ, ကူထောက်က, ဥပထမ္ဘကံ။

တစ်နည်း။ ။ ကံတစ်မျိုး၊ ကျိုးပေးခွင့် ရဖို့ရာ၊
ခွင့်ရပြန်–သန်မာထွားလို့ရယ်၊ ကြီးပွားဖို့သာ၊
ပေးပြီးပါ၊ ရှည်ကြာဖို့ အရေး၊
သင့်လျော်စွာ–ကူညီတတ်လျှင်၊ ဥပတ် မည်ပေး။

တစ်ပါးသောကံကို အကျိုးပေးခွင့်မရအောင်, အကျိုးပေးခွင့် ရပြန်လျှင်လည်း အကျိုးပေးမထက်သန်အောင် သိမ်ဖျင်းအောင်, ပေးပြီးသော အကျိုးကိုလည်း မဖွဲ့ဖြိုး မတိုးပွားအောင် ကပ်၍နှိပ်စက်တတ်သောကံသည် "ဥပပီဠကကံ" မည်၏။

ဆောင်း။ ။ အကျိုးပေးခွင့်, မရလင့်အောင်, ပေးခွင့်ရပြန်, ကျိုးမသန်အောင်, ပေးပြန်ကျိုးများ, မတိုးပွားအောင်, တစ်ပါးကမ္မ, နှိပ်စက်က, ဥပပီဠကံ။

တစ်နည်း။ ။ ကျိုးပေးခွင့်၊ မရလင့်ဖို့ရာ၊
ရလေပြန်–သန်မာကင်းလို့ရယ်၊ သိမ်ဖျင်းဖို့သာ၊
ပေးပြီးပါ၊ မပွားလာစေရေး၊
ကပ်၍ပင်–နှိပ်စက်ကလျှင်၊ ပီဠ မည်ပေး။

ကပ်၍ နှိပ်စက်ရုံမျှမက တစ်ပါးသောကံကို လုံးဝ အကျိုးမပေးနိုင်အောင်, ပေးပြီးသော အကျိုးများကိုလည်း ပြတ်စဲသွားအောင် သတ်ဖြတ်တတ်သော ကံသည် "ဥပဃာတကကံ" မည်၏။

ဆောင်း။ ။ အကျိုးလုံးဝ, မပေးရအောင်, ပေးကြကျိုးများ, ပြတ်စဲသွားအောင်, တစ်ပါးကမ္မ, သတ်ဖြတ်က, ဥပဃာတကံ။

တစ်နည်း။ ။ ကပ်ယှဉ်လျက်၊ နှိပ်စက်ရုံမကပါ၊
တစ်ပါးကံ–အကျိုးပေးငယ်၊ ကင်းဝေးအောင်သာ၊
ပေးပြီးသည့်–ကျိုးဖလာ၊ ပြတ်စိမ့်ဌာ သတ်ဖြတ်၊
ဃာတလီ–အမည်ရတယ်၊ တိကျသတ်မှတ်။

ဤသို့ ဖြစ်စေခြင်းကိစ္စ, ထောက်ပံ့ခြင်းကိစ္စ, နှိပ်စက်ခြင်းကိစ္စ, သတ်ဖြတ်ခြင်းကိစ္စတို့နှင့်စပ်၍ ကံ ၄–မျိုးပြားသည်။

၅၁။ ပင်ကိုယ်အားဖြင့် ကြီးလေးသော မဟဂ္ဂုတ်ကုသိုလ်ကံများနှင့် ပဉ္စာနန္တရိယကံများကို "ဂရုကကံ"ဟုခေါ်သည်၊ မဟဂ္ဂုတ်ကံများမှာ သိသာထင်ရှားပါပြီ။

http://www.dhammadownload.com

ပရိယာယေန–အကျိုးပေးလှည့် အစဉ်အားဖြင့်၊ စတ္တာရိ– ၄–ပါးကုန်သော၊ ကမ္မာနိနာမ–ကံတို့မည်၏။

၅၂။ ဒိဋ္ဌဓမ္မဝေဒနီယ–ဒိဋ္ဌဓမ္မဝေဒနီယကံလည်းကောင်း၊ ဥပပဇ္ဇဝေဒနီယ–ဥပပဇ္ဇဝေဒနီယကံလည်းကောင်း၊ အပရာပရိယဝေဒနီယ–အပရာပရိယဝေဒနီယကံလည်းကောင်း၊ အဟောသိကမ္မဉ္စ–အဟောသိကံလည်းကောင်း၊ ကုသိုလ်–ဉာဏသမ္ပယုတ်တို့ကား၊ ပါကကာလဝသေန–အကျိုးပေးရာ ကာလနှင့်စပ်သဖြင့်၊ စတ္တာရိ– ၄–ပါးကုန်သော၊ ကမ္မာနိနာမ–ကံတို့မည်၏။

ဒုတိယဘဝ၌ ဧကန်အကျိုးပေးမည့်––

၁။ "မာတုဃာတက= အမိကိုသတ်မှု၊
၂။ ပိတုဃာတက= အဖကိုသတ်မှု၊
၃။ အရဟန္တဃာတက= ရဟန္တာကို သတ်မှု၊
၄။ လောဟိတုပ္ပာဒက= ဘုရားရှင်၌ သွေးခြည်ဉာဏ်ဖောင် ပြုမှု၊
၅။ သံဃဘေဒက= သံဃာသင်းခွဲမှု"ဟူသော ကံ ၅–ပါးကို "ပဥ္စာနန္တရိယကံ"ဟု ခေါ်သည်။ (ပဥ္စ–ငါးပါး+အနန္တရ–အခြားမဲ့ဘဝ၌+ကုယ–အကျိုးပေးသော ကံ။)

သေခါနီးကာလ၌ အောက်မေ့အပ်, ပြုအပ်သောကံသည် "အာသန္နကံ"မည်၏။

အမြဲမပြတ်ဝတ်ထား၍ လေ့ကျက်အပ် တိုးပွားစေအပ်သော ကံမျိုးသည် "အာစိဏ္ဏကံ" မည်၏။

ဂရုက, အာသန္န, အာစိဏ္ဏ အခြေအနေသို့ မရောက်တတ်ဘဲ ယခုဘဝတွင် အမှတ်တမဲ့ သာမန်ပြုအပ်သောကံများနှင့် ရှေ့ရှေ့ဘဝကပြုအပ်ခဲ့သောကံများသည် "ကဋတ္တာကံ" မည်၏။

ဆောင်။ ။ပဥ္စာနန္တရိ, ဒိဋ္ဌ နိယတာ, မဟဂ္ဂါ, မှတ်ပါ ဂရုက။
သေခါနီးကပ်, အောက်မေ့အပ်, ပြုအပ် အာသန္နံ။
အမြဲဝတ်ထား, လေ့ကျင့်ငြား, တိုးပွား အာစိဏ္ဏ။
အမှတ်မထင်, ပြုကြလျှင်, မည်တွင် ကဋတ္တာ။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှာ ဤကံ ၄–မျိုးလုံးရှိနေခဲ့ပါလျှင် ဂရုကံက အကျိုးပေးပါလိမ့်မည်၊ ဂရုကံမရှိဘဲ နောက်ကံ ၃–ပါးသာရှိနေခဲ့ပါလျှင် အာသန္နကံက အကျိုးပေးပါလိမ့်မည်၊ အာသန္နကံလည်းမရှိဘဲ နောက် ၂–ပါးသာ ရှိခဲ့ပါလျှင် အာစိဏ္ဏကံက အကျိုးပေးပါလိမ့်မည်၊ အာစိဏ္ဏကံလည်း မရှိပါမှသာ ကဋတ္တာကံက အကျိုးပေးပါလိမ့်မည်၊ ဤသို့ အကျိုးပေးလှည့်အစဉ်အားဖြင့် ကံ ၄–မျိုး ပြားပြန်သည်။ (ပါက–အကျိုး+ဒါန–ပေးခြင်း+ပရိယာယ–အလှည့်အကြိမ်။)

၅၂။ မျက်မှောက်ဖြစ်သော ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးသောကံသည် "ဒိဋ္ဌဓမ္မဝေဒနီယကံ" မည်၏၊ ဧော ၇–ကြိမ်တို့တွင် ပထမဧောစေတနာတည်း။

http://www.dhammadownload.com

၅၃။ အကုသလ်-အကုသိုလ်ကံလည်းကောင်း၊ ကာမာဝစရကုသလ်-ကာမာဝစရကုသိုလ်ကံလည်းကောင်း၊ ရူပါဝစရကုသလ်-ရူပါဝစရကုသိုလ်ကံလည်းကောင်း၊ အရူပါဝစရကုသလဉ္စ-အရူပါဝစရကုသိုလ်ကံလည်းကောင်း၊ ဣတိ-ဤသည်တို့ကား၊ ပါကဋ္ဌာနဝသေန-အကျိုးပေရာဌာနနှင့်စပ်သဖြင့်၊ တထာ-ထို့အတူ၊ စတ္တာရိ- ၄-ပါး ကုန်သော၊ ကမ္မာနိနာမ-ကံတို့မည်၏။

အကုသိုလ်ကံ ၃-ပါး

၅၄။ တတ္ထ-ထို ၄-ပါးသောကံတို့တွင်၊ အကုသလ်-အကုသိုလ်ကံသည်၊ကာယကမ္မံ-ကာယကံလည်းကောင်း၊ ဝစီကမ္မံ-ဝစီကံလည်းကောင်း၊ မနောကမ္မဉ္စ-မနောကံလည်းကောင်း၊ ဣတိ-ဤသို့၊ ကမ္မဒွါရဝသေန-ကမ္မဒွါရနှင့်စပ်သဖြင့်၊ တီဝိဓံ- ၃-ပါးအပြားရှိသည်၊ ဟောတိ-ဖြစ်၏။

နောက်ဒုတိယဘဝ၌ အကျိုးပေးသောကံသည် "ဥပပဇ္ဇဝေဒနီယကံ"မည်၏၊ ဇော ၇-ကြိမ်တို့တွင် သတ္တမဇောစေတနာတည်း။

တတိယဘဝမှစ၍ နိဗ္ဗာန်မရမီအတွင်း၌ အကျိုးပေးသောကံသည် "အပရာပရိယဝေဒနီယကံ"မည်၏၊ ဇော ၇-ကြိမ်တို့တွင် အလယ်ဇော ၅-ချက်စေတနာတည်း။

အကျိုးလုံးဝမပေးသော ကံသည် "အဟောသိကံ"မည်၏၊ အကျိုးပေးရာကာလမှ လွန်သော ရှေ့ကံ ၃-ပါး။

ဆောင်။ ။ ပဇော ကမ္မ, ကျိုးပေးက, ဒိဋ္ဌဓမ္မသာ၊
ဇော သတ္တမ, ကျိုးပေးက, ဥပပဇ္ဇပါ၊
လယ်ဇော ပဉ္စ, ကျိုးပေးက, အပရပရိယာ၊
ကျိုးပေးကာလ, လွန်ကမ္မ, အဟောသိကသာ။

ပစ္စုပ္ပန်ကာလ, အခြားမဲ့ ဒုတိယဘဝကာလ, တတိယဘဝမှ နိဗ္ဗာန်မရမချင်းကာလ, လွန်လာသောကာလ- ဤသို့ အကျိုးပေးရာကာလနှင့် စပ်၍လည်း ကံ ၄-မျိုး ပြားပြန်သည်။

၅၃။ အကုသိုလ်ကံ, ကာမာဝစရကုသိုလ်ကံ, ရူပါဝစရကုသိုလ်ကံ, အရူပါဝစရကုသိုလ်ကံ- ဤသို့ အကျိုးပေးရာ ဘုံဌာနနှင့်စပ်၍လည်း ကံ ၄-မျိုး ပြားပြန်သည်။

ဤသို့ စတုက္က ၄-မျိုးဖြင့် ကမ္မစတုက္ကကို ဝေဖန်ပြဆိုထားသည်၊ သို့သော် ဤစတုက္က ၄-ပါးလုံးသည် အဘိဓမ္မာနည်းများ မဟုတ်ပါ၊ ရှေ့စတုက္က ၃-ပါးမှာ သုတ္တန်နည်းများဖြစ်၍ နောက်ဆုံး ပါကဋ္ဌာနစတုက္က တစ်ခုမျှသာ အဘိဓမ္မာနည်း ဖြစ်သည်၊ ထို့ကြောင့် ရှေ့စတုက္က ၃-ပါးကို သရုပ်မျှ ပြ၍ နောက်စတုက္ကကိုသာ အကျယ်ချဲ့ပြထားပါသည်။

၅၄။ အကုသိုလ်ကံ၏ အရ အကျယ်ပြလိုသောကြောင့် 'တတ္ထ' အစရှိသော စကားရပ်ကို မိန့်ဆိုထားရပါသည်။

http://www.dhammadownload.com

၅၅။ ကထံ–အဘယ်သို့ ပြားသနည်း?။

ပါဏာတိပါတော–ပါဏာတိပါတလည်းကောင်း၊ အဒိန္နာဒါန်–အဒိန္နာဒါနလည်းကောင်း၊ ကာမေသုမိစ္ဆာစာရော–ကာမေသု မိစ္ဆာစာရလည်းကောင်း၊ ဣတိ–ဤ ၃–ပါးသည်၊ ကာယဝိညတ္တိသင်္ခါတော–ကာယဝိညတ်ဟုဆိုအပ်သော၊ ကာယဒွါရေ–ကာယ ဒွါရ၌၊ ဗာဟုလ္လဝုတ္တိတော–များစွာဖြစ်ခြင်းကြောင့်၊ ကာယကမ္မံနာမ–ကာယကံမည်၏။

၅၆။ မုသာဝါဒေါ–မုသာဝါဒလည်းကောင်း၊ ပိသုဏာဝါစာ–ပိသုဏာဝါစာလည်းကောင်း၊ ဖရုသဝါစာ–ဖရုသဝါစာလည်းကောင်း၊ သမ္ဖပ္ပလာပေါ–သမ္ဖပ္ပလာပလည်းကောင်း၊ ဣတိ–ဤ ၄–ပါးသည်၊ ဝစီဝိညတ္တိသင်္ခါတော–ဝစီဝိညတ်ဟုဆိုအပ်သော၊ ဝစီဒွါရေ–ဝစီဒွါရ၌၊ ဗာဟုလ္လဝုတ္တိတော–ကြောင့်၊ ဝစီကမ္မံနာမ–ဝစီကံမည်၏။

ကံတို့၏ဖြစ်ကြောင်းကို "ကမ္မဒွါရ"ဟုခေါ်သည်၊ ထိုကမ္မဒွါရသည်–

၁။ "ကာယဒွါရ= ကာယဝိညတ်၊

၂။ ဝစီဒွါရ= ဝစီဝိညတ်၊

၃။ မနောဒွါရ=အတူတကွဖြစ်ရာ ဇောစိတ်"ဟု ၃–မျိုး ရှိသည်၊ သို့ဖြစ်၍ ထိုကမ္မဒွါရနှင့် စပ်၍ အကုသိုလ်ကံလည်း "ကာယကံ, ဝစီကံ, မနောကံ"ဟု ၃–မျိုး ပြားရသည်။

ကာယကံ ၃–ပါး

၅၅။ 'ကာယကမ္မံ'၏အရကို အကျယ်ပြလိုသောကြောင့် 'ပါဏာတိပါတော' အစရှိသော စကားရပ်ကို မိန့်ဆိုရသည်။

၁။ ပါဏာတိပါတ= သူ့အသက်ကို သတ်မှု၊

၂။ အဒိန္နာဒါန= သူ့ဥစ္စာကို တိုက်ခိုက် လှည့်ပတ် ခိုးယူမှု၊

၃။ ကာမေသုမိစ္ဆာစာရ= ကာမဂုဏ်၌ ယုတ်ယုတ်မာမာမှားယွင်းဖောက်ပြန်စွာ ပြုကျင့်မှု၊ မသွားလာသင့်သူတို့၌ သွားလာလွန်ကျူးမှု။

ဤ ၃–ပါးသည် 'ကာယဝိညတ်'ခေါ်သော ကာယဒွါရ၌ အဖြစ်များသောကြောင့် "ကာယကံ" မည်၏။

ဝစီကံ ၄–ပါး

၅၆။ ဝစီကံ၏အရ အကျယ်ကိုပြလိုသောကြောင့် 'မုသာဝါဒေါ' အစရှိသော စကားရပ်ကို မိန့်ဆိုရသည်။

၁။ မုသာဝါဒ= မုသား ပြောမှု၊ လိမ်ညာဝါဖြန်း၍ ပြောဆိုမှု၊

၂။ ပိသုဏာဝါစာ= ချောပစ်ကုန်းတိုက်မှု၊

၃။ ဖရုသဝါစာ= ကြမ်းတမ်းသော စကားကို ပြောဆိုမှု၊ ဆဲရေးတိုင်းထွာမှု၊

၄။ သမ္ဖပ္ပလာပ= ပိန်ဖျင်းသော စကားကို ပြောဆိုမှု၊

ဤ ၄–ပါးသည် "ဝစီဝိညတ်" ခေါ်သော ဝစီဒွါရ၌ အဖြစ်များသောကြောင့် "ဝစီကံ" မည်၏။

http://www.dhammadownload.com

၅၇။ အဘိဇ္ဈာ–အဘိဇ္ဈာလည်းကောင်း၊ ဗျာပါဒေါ–ဗျာပါဒလည်းကောင်း၊ မိဒ္ဓာဒိဒ္ဓိစ–မိဒ္ဓာဒိဒ္ဓိလည်းကောင်း၊ ဣတိ–ဤ ၃–ပါးကား၊ ဝိညတ္တိယာ–ကာယဝိညတ်, ဝစီဝိညတ်ကို၊ အညတြာပိ–ကြဉ်၍လည်း၊ မနသ္မိံ ယေဝ–မနောဒွါရ၌သာလျှင်၊ ဗာဟုလ္လဝုတ္တိတော–များစွာဖြစ်ခြင်းကြောင့်၊ မနောကမ္မံနာမ–မနောကံမည်၏။

၅၈။ တေသု–ထို ၁၀–ပါးတို့တွင်၊ ပါဏာတိပါတော–ပါဏာတိပါတသည်လည်းကောင်း၊ ဖရုသဝါစာ–ဖရုသဝါစာသည်လည်းကောင်း၊ ဗျာပါဒေါစ–ဗျာပါဒသည်လည်းကောင်း၊ ဒေါသမူလေန–ဒေါသမူလ, ဒေါသမူလရှိသော စိတ်ကြောင့်၊ ဇာယန္တီ–ဖြစ်ကုန်၏။။

မနောကံ ၃–ပါး

၅၇။ 'မနောကမ္မံ'၏အရ အကျယ်ကို ပြလိုသောကြောင့် 'အဘိဇ္ဈာ' အစရှိသော စကားရပ်ကို မိန့်ဆိုရပေသည်။

၁။ အဘိဇ္ဈာ= သူတစ်ပါးစည်းစိမ်ကို မတရားရယူလိုမှု၊
၂။ ဗျာပါဒ= သူတစ်ပါး သေကျေပျက်စီးရန် ကြံစည်မှု၊
၃။ မိဒ္ဓာဒိဒ္ဓိ= မှားမှားယွင်းယွင်း ယူမှု၊ အယူမှားမှု၊

ဤ ၃–ပါးတို့သည် ကိုယ်လည်းမလှုပ်, နှုတ်လည်းမပါ (အတူတကွဖြစ်ရာ "အကုသိုလ်ဓောစိတ်" ဟု ဆိုအပ်သော) မနောဒွါရ၌သာ အဖြစ်များသောကြောင့် "မနောကံ"မည်၏။

'အညတြာပိ'၌ 'ပိ'သဒ္ဒါဖြင့် ကာယဝိညတ်, ဝစီဝိညတ်ကို မကြဉ်ဘဲလည်း ဖြစ်၏–ဟူသော အနက်ကို ပေါင်းသည်–ဟု ရှေးဆရာများ ယူဆကြသည်။

ဆိုခဲ့ပြီးသော ကာယကံ ၃–ပါး, ဝစီကံ ၄–ပါး, မနောကံ ၃–ပါး–တို့ကို အပါယ်ရောက်ကြောင်း လမ်းခရီးသဖွယ်ဖြစ်သောကြောင့် "အကုသလကမ္မပထတရား ၁၀–ပါး"ဟု ခေါ်ကြသည်၊ မကောင်းသော အကျင့်စရိုက် ဖြစ်သောကြောင့် "ဒုစရိုက် ၁၀–ပါး" ဟုလည်း ခေါ်ကြသည်။

ကံ၏ ဖြစ်ကြောင်းတရားများ

ထိုထိုကံတို့၏ ဖြစ်ကြောင်း တရားများကို ပြလိုသောကြောင့် 'တေသု ပန' အစရှိသော စကားရပ်ကို မိန့်ဆိုရသည်။

၅၈။ ပါဏာတိပါတနှင့်ဖရုသဝါစာ၏ တရားကိုယ်သည် ဒေါသမူဒွေးခြင်းရှိသော စေတနာဖြစ်၏၊ ထို့ကြောင့် ယင်း ပါဏာတိပါတနှင့် ဖရုသဝါစာတို့သည် ဒေါသမူလကြောင့်လည်း ဖြစ်နိုင်သည်၊ ဒေါသမူလရှိသော စိတ်ကြောင့်လည်း ဖြစ်နိုင်သည်၊ ဗျာပါဒ၏ တရားကိုယ်ကား ဒေါသဖြစ်သည်၊ ထို့ကြောင့် ဗျာပါဒသည် ဒေါသမူလရှိသော စိတ်ကြောင့်သာ ဖြစ်ရသည်၊ ဒေါသမူလကြောင့် မဖြစ်နိုင်ပါ။

http://www.dhammadownload.com

၅၉။ ကာမေသုမိစ္ဆာစာရော–ကာမေသုမိစ္ဆာစာရသည်လည်းကောင်း၊ အဘိဇ္ဈာ–အဘိဇ္ဈာသည်လည်းကောင်း၊ မိစ္ဆာဒိဋ္ဌိစ–မိစ္ဆာဒိဋ္ဌိသည်လည်းကောင်း၊ လောဘမူလေန–လောဘမူလ, လောဘမူလရှိသောစိတ်ကြောင့်၊ ဇာယန္တိ–ဖြစ်ကုန်၏။

၆၀။ သေသာနိ–ကြွင်းကုန်သော၊ စတ္တာရိပိ– ၄–ပါးလုံးတို့သည်လည်း၊ ဒ္ဝီဟိ–၂–ပါး ကုန်သော၊ မူလေဟိ–လောဘမူလ, ဒေါသမူလတို့ကြောင့်၊ သမ္ဘဝန္တိ–ဖြစ်ကုန်၏။

၆၁။ ပန–ဆက်ဦးအံ့၊ စိတ္တုပ္ပာဒဝသေန–စိတ်ဖြစ်ခြင်း၏အစွမ်းဖြင့်၊ ဇေတံ အကုသလံ–ဤအကုသိုလ်ကံသည်၊ သဗ္ဗထာပိ–အလုံးစုံသော အပြားအားဖြင့်လည်း၊ ဒွါဒသဝိဓံ– ၁၂–ပါးအပြားရှိသည်၊ ဟောတိ–ဖြစ်၏။

ကာမာဝစရကုသိုလ်ကံ

၆၂။ ကာမာဝစရကုသလမ္ပိ–ကာမာဝစရကုသိုလ်ကံသည်လည်း၊ ကာယဒွါရေ–ကာယဒွါရ၌၊ ပဝတ္တံ–ဖြစ်သော၊ ကာယကမ္မံ–ကာယကံလည်းကောင်း၊ ဝစီဒွါရေ–ဝစီဒွါရ၌၊ ပဝတ္တံ–သော၊ ဝစီကမ္မံ–ဝစီကံလည်းကောင်း၊ မနောဒွါရေ–မနောဒွါရ၌၊ ပဝတ္တံ–သော၊ မနောကမ္မဉ္စ–မနောကံလည်းကောင်း၊ ဣတိ–သို့၊ ကမ္မဒွါရဝသေန–ကမ္မဒွါရနှင့်စပ်သဖြင့်၊ တိဝိဓံ– ၃–ပါးအပြားရှိသည်၊ ဟောတိ–ဖြစ်၏။

၅၉။ ကာမေသုမိစ္ဆာစာရ၏ တရားကိုယ်သည် လောဘမူဠ်ရှိသော စေတနာဖြစ်၏၊ မိစ္ဆာဒိဋ္ဌိ၏ တရားကိုယ်ကား ဒိဋ္ဌိစေတသိက်တည်း၊ ထို့ကြောင့် ကာမေသုမိစ္ဆာစာရနှင့် မိစ္ဆာဒိဋ္ဌိတို့သည် လောဘမူလကြောင့်လည်း ဖြစ်နိုင်သည်၊ လောဘမူလရှိသော စိတ်ကြောင့်လည်း ဖြစ်နိုင်သည်၊ အဘိဇ္ဈာ၏ တရားကိုယ်ကား လောဘသာတည်း၊ ထို့ကြောင့် အဘိဇ္ဈာသည် လောဘမူလကြောင့်မဖြစ်နိုင်ပါ၊ လောဘမူလရှိသော စိတ်ကြောင့်သာ ဖြစ်နိုင်ပါသည်။

၆၀။ ကြွင်းသော အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပ–တို့၏ တရားကိုယ်မှာ လောဘမူ, ဒေါသမူ–စသည်ဠ်ရှိသော စေတနာတည်း၊ ထို့ကြောင့် ယင်းတရား ၄–ပါးတို့သည် ရံခါလောဘကြောင့်ဖြစ်၍ ရံခါဒေါသကြောင့်ဖြစ်သည်။

မောဟကြောင့် မဖြစ်ရသော အကုသလကမ္မပထ–ဟူ၍ မရှိပါ၊ အကုသလကမ္မပထဖြစ်တိုင်း မောဟ အမြဲပါသည်၊ ထို့ကြောင့် မောဟကို အထူးမဆိုဘဲ လောဘနှင့်ဒေါသကိုသာ ဆိုသည်။

၆၁။ အကုသိုလ် ၁၂–ပါးလုံးသည် ထိုက်သည်အားလျော်စွာ ပါဏာတိပါတစသော သဘောအားဖြင့် ဖြစ်ကြရသည်၊ ထို့ကြောင့် အကုသလကမ္မပထတရား ၁၀–ပါး ဆိုစေကာမူ စိတ်ဖြစ်ပုံအားဖြင့် (ဘယ်လိုပင် စိစစ်စိစစ်) အကုသိုလ်စိတ် ၁၂–ပါးသာတည်း။

၆၂။ 'ကာမာဝစရကုသလ'၏ အကျယ်ကို ပြလိုသောကြောင့် 'ကာမာဝစရကုသလမ္ပိ' အစရှိသောစကားရပ်ကို မိန့်ဆိုရပေသည်။

အကုသိုလ်ကံကသာ ကမ္မဒွါရနှင့်စပ်၍ ၃–ပါးပြားသည်မဟုတ်၊ ကာမာဝစရကုသိုလ်ကံကလည်း ကမ္မဒွါရနှင့်စပ်၍ "ကာယကံ, ဝစီကံ, မနောကံ"ဟု ၃–ပါးပင် ပြားသည်။

http://www.dhammadownload.com

၆၃။ ဒါနသီလဘာဝနာဝသေန–ဒါန,သီလ,ဘာဝနာတို့၏ အပြားအားဖြင့်၊ တထာ–ထို့အတူ၊ တိဝိဓံ– ၃–ပါးအပြားရှိသည်၊ ဟောတိ–ဖြစ်၏။

၆၄။ ပန–ဆက်ဦးအံ့၊ စိတ္တုပ္ပာဒဝသေန–စိတ်ဖြစ်ခြင်း၏ အစွမ်းဖြင့်၊ ဧတံ–ဤကာမာဝစရကုသိုလ်ကံသည်၊ အဋ္ဌဝိဓံ– ၈–ပါးအပြားရှိသည်၊ ဟောတိ–ဖြစ်၏။

၆၅။ ဒါန သီလ ဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မသဝန ဓမ္မဒေသနာ ဒိဋ္ဌုကမ္မဝသေန–ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန,

---

ကာယကံ ၃–ပါး

၁။ ပါဏာတိပါတ ဝိရတိ=ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း၊
၂။ အဒိန္နာဒါန ဝိရတိ= အဒိန္နာဒါနမှ ရှောင်ကြဉ်ခြင်း၊
၃။ ကာမေသုမိစ္ဆာစာရ ဝိရတိ= ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်း။

ဝစီကံ ၄–ပါး

၁။ မုသာဝါဒ ဝိရတိ= မုသာဝါဒမှ ရှောင်ကြဉ်ခြင်း၊
၂။ ပိသုဏဝါစာ ဝိရတိ= ပိသုဏဝါစာမှ ရှောင်ကြဉ်ခြင်း၊
၃။ ဖရုသဝါစာ ဝိရတိ= ဖရုသဝါစာမှ ရှောင်ကြဉ်ခြင်း၊
၄။ သမ္ဖပ္ပလာပ ဝိရတိ= သမ္ဖပ္ပလာပမှ ရှောင်ကြဉ်ခြင်း။

မနောကံ ၃–ပါး

၁။ အနဘိဇ္ဈာ= အဘိဇ္ဈာမဖြစ်အောင် စောင့်စည်းခြင်း၊
၂။ အဗျာပါဒ= ဗျာပါဒမဖြစ်အောင် စောင့်စည်းခြင်း၊
၃။ သမ္မာဒိဋ္ဌိ= မှန်မှန်ကန်ကန်ယူခြင်း, အယူမှန်ခြင်း။

ဤ ၁၀–ပါးကို သုဂတိဘုံဘဝသို့ရောက်ကြောင်း လမ်းကြောင်းသဖွယ် ဖြစ်သောကြောင့် "ကုသလကမ္မပထတရား"ဟု ခေါ်သည်၊ ကောင်းသော အမူအကျင့်များ ဖြစ်သောကြောင့် "သုစရိုက်တရား"ဟုလည်းခေါ်သည်။

၆၃။ ကာယကံကုသိုလ်, ဝစီကံကုသိုလ်, မနောကံကုသိုလ်သည်ပင်လျှင် "ဒါန, သီလ, ဘာဝနာ"အားဖြင့် ၃–ပါးပြားပြန်သည်။

၆၄။ စိတ်ဖြစ်ပုံအားဖြင့် ဤကာမာဝစရကုသိုလ်ကံသည် ၈–ပါးပြားသည်၊ မဟာကုသိုလ်စိတ် ၈–ပါးပင်တည်း။

မဟာကုသိုလ်စိတ် ၈–ပါးသည်ပင် ထိုက်သည်အားလျော်စွာ 'ကာယကံ'စသော အနေအားဖြင့်လည်းဖြစ်သည်၊ 'ဒါန'စသော အနေအားဖြင့်လည်းဖြစ်သည်–ဟု ဆိုလိုသည်။

၆၅။ ပုညကြိယဝတ္ထု

၁။ ဒါန= စွန့်ကြဲပေးကမ်းလှူဒါန်းမှု၊
၂။ သီလ= ငါးပါး, ရှစ်ပါး, ဆယ်ပါးစသော သီလကို ထိန်းသိမ်းစောင့်ရှောက်မှု၊

http://www.dhammadownload.com

ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌုကမ္မ-တို့၏ အပြားအားဖြင့်၊ ဒသဝိဓ-၁၀-ပါးအပြားရှိသည်၊ ဟောတိ-ဖြစ်၏။

၃။ ဘာဝနာ= သမထ, ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်မှု၊
၄။ အပစာယန= အသက်, သိက္ခာ, ဂုဏ်ကြီးသူတို့အား အရိုအသေပြုမှု၊
၅။ ဝေယျာဝစ္စ= သူများကုသိုလ်ကိစ္စ၌ ကူညီဆောင်ရွက်မှု၊
၆။ ပတ္တိဒါန= မိမိရသော ကုသိုလ်အဖို့ကို အမျှပေးဝေမှု၊
၇။ ပတ္တာနုမောဒန= မိမိသို့ရောက်လာသော ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု၊
၈။ ဓမ္မဿဝန= တရားနာမှု၊
၉။ ဓမ္မဒေသနာ= လာဘ်လာဘကို မငဲ့ဘဲ တရားဟောမှု၊
၁၀။ ဒိဋ္ဌုကမ္မ= အယူကို ဖြောင့်မတ်စွာ ပြုမှု။

ဤ ပုညကြိယဝတ္ထု ၁၀-ပါး အပြားအားဖြင့်လည်း ကာမာဝစရကုသိုလ်ကံ ၁၀-ပါး ပြားပြန်သည်။

ကောင်းသောအကျိုး၏ တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ်မျိုးကို "ပုညကြိယဝတ္ထု" ဟု ခေါ်သည်။ (ပုည-ကောင်းမှုကုသိုလ်+ကြိယ-ပြုသင့်ပြုထိုက်သော+ဝတ္ထု-တည်ရာ။)

၁၀-ပါးက ၃-ပါးဖြစ်ပုံ

၁။ ပတ္တိဒါနနှင့် ပတ္တာနုမောဒနကို ဒါနသဘောဖြစ်သောကြောင့် ဒါန၌ ထည့်သွင်းရေတွက်ပါ၊
၂။ အပစာယနနှင့် ဝေယျာဝစ္စကို စာရိတ္တသီလဖြစ်သောကြောင့် သီလ၌ ထည့်သွင်းရေတွက်ပါ၊
၃။ ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌုကမ္မတို့ကို ကုသိုလ်၏ပွားရာဖြစ်သောကြောင့် ဘာဝနာ၌ ထည့်သွင်းရေတွက်ပါ။

ဤသို့ ထည့်သွင်းရေတွက်ပါလျှင် "ဒါန, သီလ, ဘာဝနာ" သုံးပါး၌ ပါဝင်သွားသည်၊ ဒါန, သီလ, ဘာဝနာ ၃-ပါးမျှသာ ဖြစ်တော့သည်။

ဆောင်း။ ။ ပတ္တိ ပတ္တာ, ဒါနသာတည်၊ ပစာ ဝေယျ, သီလမှတ်သား၊ နောက်သုံးပါး, သွင်းထား ဘာဝနာ။

တစ်နည်း။ ။ ဒါနသိ၊ ပတ္တိနှင့် နုမောဒါ၊
သီလတွင်-ပစာယဝယ်၊ သွင်းရဝေယျာ၊
သဝန-ဒေသနာ၊ နောက်ဆုံးလာကမ္မ၊
ဘာဝနာ-မြတ်အတွင်းဝယ်၊ ထည့်သွင်း မှတ်ကြ။

http://www.dhammadownload.com

၆၆။ ပန–ဆက်ဦးအံ့၊ ဝိသတိဝိဓမ္မိ– ၂၀–အပြားရှိသည်လည်းဖြစ်သော၊ တံဇေတံ–ထိုကုသိုလ် အကုသိုလ်ကံသည်၊ ကာမာဝစရကမ္မမိစ္ဆေဝ–ကာမာဝစရကံဟူ၍ သာလျှင်၊ သခ်ံ –ခေါ်ဝေါ်အပ်သည်၏အဖြစ်သို့၊ ဂစ္ဆတိ–ရောက်၏။

ရူပါဝစရကုသိုလ်ကံ

၆၇။ ပန–ကား၊ ရူပါဝစရကုသလံ–ရူပါဝစရကုသိုလ်ကံသည်၊ မနောကမ္မမေဝ–မနောကံ တစ်မျိုးသာတည်း၊ တဋ္ဌ–ထိုမနောကံသည်လည်း၊ ဘာဝနာမယံ–ဘာဝနာမယတည်း၊ အပွနာပတ္တံ–အပွနာသို့ရောက်၏၊ ဈာနင်္ဘေဒေန–ဈာန်အင်္ဂါတို့၏အပြားအားဖြင့်၊ ပဉ္စဝိဓံ– ၅–ပါးအပြားရှိသည်၊ ဟောတိ–ဖြစ်၏။

အရူပါဝစရကုသိုလ်ကံ

၆၈။ တထာ–ထိုမှတပါး၊ အရူပါဝစရကုသလဋ္ဌ–အရူပါဝစရကုသိုလ်ကံသည်လည်း၊ မနောကမ္မံ–မနောကံသာတည်း၊ တမွိ–ထိုမနောကံသည်လည်း၊ ဘာဝနာမယံ–ဘာဝနာမယတည်း၊ အပွနာပတ္တံ–အပွနာသို့ရောက်၏၊ အာရမ္မဏာဘေဒေန–အာရုံတို့၏အပြားအားဖြင့်၊ စတုဗ္ဗိဓံ– ၄–ပါးအပြားရှိသည်၊ ဟောတိ–ဖြစ်၏။

၆၆။ အကုသိုလ်ကံ ၁၂–ပါး၊ ကာမာဝစရကုသိုလ်ကံ ၈–ပါး၊ ပေါင်း ၂၀–ကို "ကာမာဝစရကံ"ဟုခေါ်သည်။

၆၇။ 'ရူပါဝစရကုသလံ'၏အရ အကျယ်ပြလိုသောကြောင့် 'ရူပါဝစရကုသလံ ပန' အစရှိသော စကားရပ်ကို မိန့်ဆိုရသည်။

ရူပါဝစရကုသိုလ်ကံသည် ကာမာဝစရကုသိုလ်ကံကဲ့သို့ "ကာယကံ, ဝစီကံ, မနောကံ"ဟု ၃–မျိုးမရှိ၊ မနောကံ ၁–မျိုးသာတည်း၊ ကာမာဝစရကုသိုလ်ကံကဲ့သို့ "ဒါန, သီလ, ဘာဝနာ"ဟု ၃–မျိုးလည်း မပြားပါ၊ ဘာဝနာ ၁–မျိုးသာဖြစ်ပါသည်၊ ယင်းသို့ မနောကံ, ဘာဝနာမယ ဖြစ်သော်လည်း ကာမာဝစရမနောကံ, ဘာဝနာမျိုး မဟုတ်၊ အပွနာသို့ရောက်သော ဘာဝနာမျိုး ဖြစ်သည်၊ ဈာန်အင်္ဂါတို့၏ယှဉ်ပုံ ၅–မျိုးပြားသောကြောင့် ရူပါဝစရကုသိုလ်ကံလည်း ၅–မျိုးပြားရတော့သည်။

၆၈။ 'အရူပါဝစရကုသလံ'၏ အရ အကျယ်ပြလိုသောကြောင့် 'တထာ အရူပါဝစရကုသလဋ္ဌ'အစရှိသော စကားရပ်ကို မိန့်ဆိုရသည်။

အရူပါဝစရကုသိုလ်ကံသည်လည်း မနောကံ, ဘာဝနာမျှသာ ဖြစ်သည်၊ အပွနာသို့ရောက်သည်၊ အာရုံ ၄–မျိုး ပြားသောကြောင့် အရူပါဝစရကုသိုလ်ကံလည်း ၄–မျိုးပြားရသည်။

http://www.dhammadownload.com

အကုသိုလ်ကံ၏ အကျိုးပေးရာဘုံ

၆၉။ ဇတ္ထ-ဤ ၄-မျိုးသောကံတို့တွင်၊ ဥဒ္ဓစ္စရဟိတံ-ဥဒ္ဓစ္စမှကင်းသော၊ အကုသလကမ္မံ-အကုသိုလ်ကံသည်၊ အပါယဘူမိယံ-အပါယ်ဘုံ၌၊ ပဋိသန္ဓိ-ပဋိသန္ဓေကို၊ ဇနေတိ-ဖြစ်စေ၏။

ပဝတ္တိယံပန-ပဝတ္တိအခါ၌ကား၊ သဗ္ဗမ္ပိ-အလုံးစုံလည်းဖြစ်သော၊ ဒွါဒသဝိဓံ-၁၂-ပါး အပြားရှိသော အကုသိုလ်ကံသည်၊ သတ္တ-၇-ပါးကုန်သော၊ အကုသလဝိပါကာနိ-အကုသလဝိပါက်စိတ်တို့ကို၊ သဗ္ဗတ္ထာပိ-အလုံးစုံလည်းဖြစ်သော၊ ကာမလောကေ-ကာမဘုံ၌လည်းကောင်း၊ ရူပလောကေစ-ရူပဘုံ၌လည်းကောင်း၊ ယထာရဟံ-(ဒွါရ အာရုံ အလိုက်) ထိုက်သည်အားလျော်စွာ၊ ဝိပစ္စတိ-ရင့်ကျက်စေ၏။ (အကျိုးကိုဖြစ်စေ၏။)

ကာမာဝစရကုသိုလ်ကံ၏ အကျိုးပေးရာဘုံ

၇၀။ ကာမာဝစရကုသလမ္ပိ-ကာမာဝစရကုသိုလ်ကံသည်လည်း၊ ကာမသုဂတိယမေဝ-ကာမသုဂတိဘုံ၌သာလျှင်၊ ပဋိသန္ဓိ-ကို၊ ဇနေတိ-၏။

တထာ-ထိုကာမဘုံ၌သာလျှင်၊ ပဝတ္တိယဉ္စ-ပဝတ္တိအခါ၌လည်း၊ မဟာဝိပါကာနိ-မဟာဝိပါက်စိတ်တို့ကို၊ ဇနေတိ-၏၊ အဟေတုကဝိပါကာနိပန-အဟိတ်ဝိပါက်တို့ကိုကား၊ အဋ္ဌပိ- ၈-ပါးလုံးတို့ကိုလည်း၊ သဗ္ဗတ္ထာပိ-အလုံးစုံလည်းဖြစ်သော၊ ကာမလောကေ-၌လည်းကောင်း၊ ရူပလောကေ-၌လည်းကောင်း၊ ယထာရဟံ-စွာ၊ ဝိပစ္စတိ-၏။

၆၉။ ပါကဋ္ဌာနအားဖြင့်ပြားသော ကံ ၄-မျိုးတို့၏ အကျိုးပေးရာဌာနကို ပြလိုသောကြောင့် 'ဇတ္ထာကုသလကမ္မ မုဒ္ဓစ္စရဟိတံ' အစရှိသောစကားရပ်ကို မိန့်ဆိုတော်မူသည်၊ ထိုတွင် 'ဝိပစ္စတိ' တိုင်အောင်သော ပထမစကားရပ်ဖြင့် အကုသိုလ်ကံ၏ အကျိုးပေးရာပါကဋ္ဌာနကို ပြသည်။

ဥဒ္ဓစ္စမှ တစ်ပါးသော အကုသိုလ်ကံ ၁၁-ပါးသည် အပါယ်လေးဘုံ၌ ပဋိသန္ဓေကျိုးကိုပေးသည်၊ ဥဒ္ဓစ္စနှင့်တကွ အကုသိုလ်ကံ ၁၂-ပါးလုံးသည် ကာမ ၁၁-ဘုံ, အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့၌ 'အကုသလဝိပါက် ၇-ပါး'ဟူသော ပဝတ္တိကျိုးကို ထိုက်သည်အားလျော်စွာ ပေးနိုင်သည်။ (ရူပဘုံ၌ ဃာန, ဇိဝှါ, ကာယဝိညာဉ်တို့ မဖြစ်သောကြောင့် "ယထာရဟံ= ထိုက်သည်အားလျော်စွာ"ဟု ဆိုရသည်။)

ဤသို့လျှင် ပဋိသန္ဓေကျိုးအတွက် အပါယ် ၄-ဘုံ, ပဝတ္တိကျိုးအတွက် ပဉ္စဝေါကာရ ၂၆-ဘုံသည် အကုသိုလ်ကံ၏ ပါကဋ္ဌာနဖြစ်သတည်း။

၇၀။ ကာမာဝစရကုသိုလ်ကံ၏ ပါကဋ္ဌာနကို ပြလိုသောကြောင့် "ကာမာဝစရကုသလမ္ပိ" အစရှိသော စကားရပ်ကို မိန့်ဆိုရပေသည်။

ကာမာဝစရကုသိုလ်ကံသည် ကာမသုဂတိ ၇-ဘုံ၌သာ ပဋိသန္ဓေကျိုးကိုပေးသည်၊ 'မဟာဝိပါက် ၈-ခု'ဟူသော ပဝတ္တိကျိုးကိုလည်း ကာမသုဂတိ ၇-ဘုံ၌သာပေးသည်၊ 'အဟိတ်ကုသလဝိပါက် ၈-ခု'ဟူသော ပဝတ္တိကျိုးကိုကား ကာမ ၁၁-ဘုံ, အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ (ပဉ္စဝေါကာရ ၂၆-ဘုံ)တို့၌ ထိုက်သည်အားလျော်စွာ ပေးနိုင်သည်။

http://www.dhammadownload.com

၇၁။ တတ္ထာပိ–ထိုကာမာဝစရကုသိုလ်ကံတွင်လည်း၊ တိဟေတုကံ–တိဟိတ်ဖြစ်သော၊ ဥက္ကဋ္ဌ–အမြတ်ဖြစ်သော၊ ကုသလံ–ကုသိုလ်ကံသည်၊ တိဟေတုကံ–တိဟိတ်ဖြစ်သော၊ ပဋိသန္ဓိ–ပဋိသန္ဓေကျိုးကို၊ ဒတ္တာ–ပေးပြီး၍၊ ပဝတ္တေ–ပဝတ္တိအခါ၌၊ သောဠသ ဝိပါကာနိ–၁၆–ပါးသောဝိပါက်စိတ်တို့ကို၊ ဝိပစ္စတိ–၏။

ဤသို့လျှင် ပဋိသန္ဓေကျိုးအတွက် ကာမသုဂတိ ၇–ဘုံ၊ 'မဟာဝိပါက်'ဟူသော ပဝတ္တိကျိုးအတွက် ကာမသုဂတိ ၇–ဘုံ၊ 'အဟိတ်ကုသလဝိပါက်'ဟူသော ပဝတ္တိကျိုးအတွက် ပဉ္စဝေါကာရ ၂၆–ဘုံသည် ကာမာဝစရကုသိုလ်ကံ၏ ပါကဋ္ဌာနဖြစ်သတည်း။

ပဋိသန္ဓေကျိုးကို ပေးသောကံကသာ ပဝတ္တိကျိုးကို ပေးနိုင်သည်မဟုတ်၊ အခြားသင့်လျော်သောကံကလည်း ပဝတ္တိကျိုးကိုပေးနိုင်သည်၊ "အဟေတုကာနိ ပန အဋ္ဌပိ သဗ္ဗတ္ထာပိ ကာမလောကေ ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ" ကိုထောက်ပါ။

ကာမာဝစရကုသိုလ်ကံအပြား

၇၁။ ကာမာဝစရကုသိုလ်ကံ၏အပြားနှင့် ထိုကံတို့၏ အကျိုးများကို ခွဲခြားပြလိုသောကြောင့် 'တတ္ထာပိ'အစရှိသော စကားရပ်ကို မိန့်ဆိုရပေသည်။

ပြုလုပ်စဉ် အခိုက်အတန့်၌ ကံ၏အကျိုးကို သိမြင်နားလည်နိုင်သော ကမ္မသကတာဉာဏ်တွဲယှဉ်ပါဝင်သော ကုသိုလ်မျိုးကို ("အလောဘ, အဒေါသ, အမောဟ" ဟိတ် ၃–ပါး ပါရှိသောကြောင့်) "တိဟိတ်ကုသိုလ်"ဟုခေါ်သည်၊ တရားကိုယ်မှာ မဟာကုသိုလ်ဉာဏ သမ္မယုတ်စိတ် ၄–ပါးဖြစ်သည်။

ပြုလုပ်စဉ် အခိုက်အတန့်၌ ကံ၏အကျိုးကို သိမြင်နားလည်သော ဉာဏ်တွဲယှဉ်ပါဝင်မှုမရှိသော ကုသိုလ်မျိုးကို("အလောဘ,အဒေါသ"ဟိတ် ၂–ပါးသာပါရှိသောကြောင့်) "ဒွိဟိတ်ကုသိုလ်"ဟုခေါ်သည်၊ တရားကိုယ်မှာ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄–ပါး ဖြစ်သည်။

ထိုကုသိုလ်တို့သည် မပြုခင်မှာဖြစ်စေ, ပြုပြီးသည့် နောက်ပိုင်းမှာဖြစ်စေ ကုသိုလ်စိတ်များ ခြံရံနေလျှင် သာလွန်မြင့်မြတ် ဥက္ကဋ္ဌအဖြစ်သို့ ရောက်၏၊ ပြုပြီးသောကုသိုလ်ကို သတိရတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြန်လျှင်လည်း အလွန်အလွန် မြင့်မြတ်လေတော့သည်။

မပြုခင်မှာဖြစ်စေ, ပြုပြီးသည့်နောက်ပိုင်းမှာဖြစ်စေ အကုသိုလ်များ ခြံရံနေလျှင် အညံ့စားသြမကအဖြစ်သို့ ရောက်သည်၊ ပြုပြီးသောကုသိုလ်ကို သတိရတိုင်း နှလုံးမသာမယာဖြစ်ပါမူကား သာ၍ပင် ယုတ်ညံ့လေတော့သည်။

ဆောင်။ ။ကံကျိုးမြင်သိ, ဉာဏ်ယှဉ်ဘိလျှင်, မှတ်သိ တိဟေ၊ မယှဉ်နေက, ဒွိဟေတုမှတ်၊ ကုသိုလ်ညှပ်မူ, ဥက္ကဋ္ဌဖြစ်လာ၊ အကုသာ, ညှပ်လာ သြမက။

တစ်နည်း။ ။ကံကျိုးသိ၊ ဉာဏ်ယှဉ်ဘိ တိဟိတ်ဆို၊
ကျိုးမမြင်–ဉာဏ်မရှိလျှင်၊ ဒွိဟိတ်ဖို့ကို၊
ရှေ့,နောက်ရပ်–ညှပ်ကုသိုလ်၊ မှတ်စေလို ဥက္ကဋ္ဌ၊
အကုသာ–ညှပ်လာရောလျှင်၊ သြမက မှတ်။

http://www.dhammadownload.com

၇၂။ တိဟေတုက်-သော၊ ဩမက်-အညံ့စားဖြစ်သော၊ ကုသလ်စ-ကုသိုလ်ကံသည်လည်းကောင်း၊ ဒွိဟေတုက်-ဒွိဟိတ်ဖြစ်သော၊ ဥက္ကဋ္ဌ-သော၊ ကုသလ်စ-သည်လည်းကောင်း၊ ဒွိဟေတုက်-သော၊ ပဋိသန္ဓိ်-ကို၊ ဒတွာ-၍၊ ပဝတ္တေ-၌၊ တိဟေတုက ရဟိတာနိ-တိဟိတ် မှကင်းကုန်သော၊ ဩဒသဝိပါကာနိ-၁၂-ပါးသော ဝိပါက်စိတ်တို့ကို၊ ဝိပစ္စတိ-၏။

၇၃။ ဒွိဟေတုက်-သော၊ ဩမက်-သော၊ ကုသလ်ပန-ကုသိုလ်ကံသည်ကား၊ အဟေတုကမေဝ-အဟိတ်သာလျှင်ဖြစ်သော၊ ပဋိသန္ဓိ်-ကို၊ ဒေတိ-ပေး၏၊ ပဝတ္တေစ-ပဝတ္တိအခါ၌လည်း၊ အဟေတုကဝိပါကာနေဝ-အဟိတ်ဝိပါက် စိတ်တို့ကိုသာလျှင်၊ ဝိပစ္စတိ-ရင့်ကျက်စေ၏။

ဆိုခဲ့ပြီးသည်အားလျော်စွာ "တိဟိတ်ဥက္ကဋ္ဌကုသိုလ်, တိဟိတ်ဩမကကုသိုလ်, ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်, ဒွိဟိတ်ဩမကကုသိုလ်"ဟု ကုသိုလ် ၄-မျိုးပြားသင့်ကြောင်း သိမြင်နားလည်နိုင်လောက်ပါပြီ။

ထိုတွင် တိဟိတ်ဥက္ကဋ္ဌကုသိုလ်သည် မဟာဝိပါက် ဉာဏသမ္မယုတ် ပဋိသန္ဓေကျိုးကို ပေး၍ မဟာဝိပါက် ၈-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၆-ပါးသော ပဝတ္တိကျိုးကိုပေးသည်။

၇၂။ တိဟိတ်ဩမကကုသိုလ်နှင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်သည် မဟာဝိပါက် ဉာဏဝိပ္ပယုတ် ပဋိသန္ဓေကျိုးကို ပေး၍ မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၂-ပါးသော ပဝတ္တိကျိုးကိုပေးသည်။

၇၃။ ဒွိဟိတ်ဩမကကုသိုလ်သည် အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ပဋိသန္ဓေကျိုးကိုပေး၍ "အဟိတ်ကုသလဝိပါက် ၈-ပါး"ဟူသော ပဝတ္တိကျိုးကို ပေးသည်၊ ဤပြဆိုခဲ့ပြီးသော စကားရပ်သည် အများလက်ခံအတည်ပြုထားသော တိပိဋကစူဠနာဂဏေရ်၏ အယူအဆ သမာနဝါဒဖြစ်သည်။

ပုဗ္ဗာပရဝိရောဓိဒေါသ

ဝီထိပိုင်း ပဂ္ဂလဘေဒ၌ "တထာ ဉာဏသမ္မယုတ္တဝိပါကာနိ စ သုဂတိယံ၊ ဒုဂ္ဂတိယံ ပန ဉာဏဝိပ္ပယုတ္တာနိ စ မဟာဝိပါကာနိ နလဗ္ဘန္တိ"ဟု သုဂတိအဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်တို့အား စိတ်ရတူကြောင်းကို ဆိုသည်။

ဤဝီထိမုတ္တသင်္ဂဟ၌ကား ဒွိဟေတုကမောမကံ ပန ကုသလံ အဟေတုကမေဝ ပဋိသန္ဓိ်ဒေတိ၊ ပဝတ္တေ စ အဟေတုကဝိပါကာနေဝ ဝိပစ္စတိ= (ဒွိဟိတ်ဩမကကုသိုလ်ကံသည် အဟိတ်ပဋိသန္ဓေကိုသာပေးသည်၊ ပဝတ္တိအခါ၌လည်း အဟိတ်ဝိပါက်စိတ်တို့ကိုသာ ဖြစ်စေတတ်သည်)" ဟု သုဂတိအဟိတ်ပုဂ္ဂိုလ်တို့အား သဟိတ်ဝိပါက်ကို မရနိုင်ကြောင်း 'ဇဝ'သဒ္ဒါနှင့် တကွ ဆိုထားသည်။

ရှေ့နောက် စကား ၂-ရပ် ဆန့်ကျင်နေသည့်အတွက် ပုဗ္ဗာပရဝိရောဓိဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော၊ ဤသို့ စောဒနာဖွယ်ရှိနေပါသည်။

http://www.dhammadownload.com

ကေစိဝါဒ

၇၄။ အသခ်ါရံ-အသခ်ါရိကကုသိုလ်ကံသည်၊ သသခ်ါရဝိပါကာနိ-သသခ်ါရိကဝိပါက်စိတ်တို့ကို၊ နပစ္စတိ-မရင့်ကျက်စေ၊ သသခ်ါရံ-သသခ်ါရိကကုသိုလ်ကံသည်၊ အသခ်ါရဝိပါကာနိ-အသခ်ါရိကဝိပါက်စိတ်တို့ကို၊ နပစ္စတိ-မရင့်ကျက်စေ၊ ကွတိ-ဤသို့၊ ကေစန-အချို့ဆရာတို့ ဆိုကြ၏။

တေသံ-ထိုဆရာတို့၏ အယူ၌၊ ယထာကွမံ-အစဉ်အားလျော်စွာ၊ ဒွါဒသ-၁၂-ပါးကုန်သော၊ ပါကာနိ-ဝိပါက်စိတ်တို့ကိုလည်းကောင်း၊ ဒသ- ၁၀-ပါးကုန်သော၊ ပါကာနိ-တို့ကိုလည်းကောင်း၊ အဋ္ဌ- ၈-ပါးကုန်သော၊ ပါကာနိစ-တို့ကိုလည်းကောင်း၊ ယထာဝုတ္တာနသာရေန-အကြင်အကြင်ဆိုအပ်ပြီးသည်ကို အစဉ်လျောက်သဖြင့်၊ ယထာသမ္ဘဝံ-ဖြစ်သင့်သည်အားလျော်စွာ၊ ဥဒ္ဒိသေ-ပြရာ၏။

ရှေ့နောက်ဆန့်ကျင်နေသည်မှာ မှန်ပါသည်၊ သို့သော် အရှင်အနုရုဒ္ဓါဆရာသည် အောက်ဝီထိသင်္ဂဟ ပုဂ္ဂလဘေဒဋ္ဌ မိမိ၏အလို, မိမိ၏အယူအဆကို တင်ပြထားသည်၊ ဤဝီထိမုတ္တသင်္ဂဟဋ္ဌကား တိပိဋကစူဠနာဂထေရ်၏အလို, တိပိဋကစူဠနာဂထေရ်၏အယူအဆကို တင်ပြထားသည်၊ ယင်းသို့ (သင်ယူသူများ အသိဉာဏ် တိုးပွားအောင်) ဝါဒန္တရကို တင်ပြထားသည့် အရာမျှသာဖြစ်သည့်အတွက် "ပဗ္ဗာပရဝိရောဓိဒေါသသင့်ရောက်သည်" ဟု မဆိုထိုက်တော့ပါ။

၇၄။ မောရဝါပိအရပ်၌ သီတင်းသုံးနေတော်မူသော 'မဟာဒတ္တထေရ်'ဟူသော အချို့ဆရာတို့ကမူကား "အသခ်ါရိကကုသိုလ်ကံသည် သသခ်ါရိကအကျိုးကို မပေးနိုင်၊ သသခ်ါရိကကုသိုလ်ကံကလည်း အသခ်ါရိကအကျိုးကို မပေးနိုင်" ဟုဆိုကြ၏။

ကံအပြားနှင့် အကျိုးတရား

ကုသလဝိပါက် - ၁၆		တိဟိတ်ဥက္ကဋ္ဌ		တို-ဩမကဒွိ-ဥက္ကဋ္ဌ		ဥဇုဝိပစ္စတ္တိက
		အ	သ	အ	သ	
မဟာဝိပါက် သံ - ၄	အသခ်ါရိက ၂	။				
	သသခ်ါရိက ၂		။			
မဟာဝိပါက် ဝိပ် - ၄	အသခ်ါရိက ၂	။		။		
	သသခ်ါရိက ၂		။		။	
အဟိတ်ကုသလဝိပါက် ၈		။	။	။	။	။
အကျိုးဝိပါက်ပေါင်း	ကေစိဝါဒအရ	၁၂	၁၂	၁၀	၁၀	၈
	သမာနဝါဒအရ	၁၆		၁၂		၈

http://www.dhammadownload.com

ရူပါဝစရကုသိုလ်ကဲ့၏ အကျိုးပေးရာဘုံ

၇၅။ ပန–ကား၊ ရူပါဝစရကုသလဲ–ရူပါဝစရကုသိုလ်ကို၊ ပဋ္ဌမဇ္ဈာနံ–ပထမစျာန်ကို၊ ပရိတ္တဲ့–ပရိတ္တစျာန်ဖြစ်အောင်၊ ဘာဝေတွာ–ဖြစ်စေ၍၊ ဝါ–ဖြစ်စေခြင်းကြောင့်၊ ဗြဟ္မပါရိသဇ္ဇေသု–ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့၌၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။

၇၆။ တဒေဝ–ထိုပထမစျာန်ကိုပင်၊ မဇ္ဈိမံ–မဇ္ဈိမစျာန်ဖြစ်အောင်၊ ဘာဝေတွာ–၍၊ ဗြဟ္မပုရောဟိတေသု–ဗြဟ္မပုရောဟိတာဗြဟ္မာတို့၌၊ ဥပ္ပဇ္ဇတိ–၏။

၇၇။ ပဏီတံ–ပဏီတစျာန်ဖြစ်အောင်၊ ဘာဝေတွာ–၍၊ မဟာဗြဟ္မေသု–မဟာဗြဟ္မာတို့၌၊ ဥပ္ပဇ္ဇတိ–၏။

ဆိုခဲ့ပြီးသည့်အတိုင်း ဖြစ်သင့်သည်အားလျော်စွာ ထိုဆရာတို့၏ အလိုအားဖြင့် ရေတွက်ပါလျှင်––

တိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိကကုသိုလ် ၂–ပါး ဖြစ်အံ့၊ မဟာဝိပါက်အသင်္ခါရိက ၄–ပါး၊ အဟိတ်ကုသလဝိပါက် ၈–ပါး၊ ပေါင်း ၁၂–ပါးသော အကျိုးကိုပေး၏၊ သသင်္ခါရိက ၂–ပါး ဖြစ်အံ့၊ မဟာဝိပါက် သသင်္ခါရိက ၄–ပါး၊ အဟိတ်ကုသလဝိပါက် ၈–ပါး၊ ပေါင်း ၁၂–ပါးသော အကျိုးကိုပေး၏။ (ဇယားကို အပေါ်နှင့်အောက် ကြည့်ပါ။)

တိဟိတ်ဩမက, ဒွိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိကကုသိုလ် ဖြစ်အံ့၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ၂–ပါး၊ အဟိတ်ကုသလဝိပါက် ၈–ပါး၊ ပေါင်း ၁၀–ပါးသော အကျိုးကို ပေး၏၊ သသင်္ခါရိကကုသိုလ် ဖြစ်အံ့၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် သသင်္ခါရိက ၂–ပါး၊ အဟိတ်ကုသလဝိပါက် ၈–ပါး၊ ပေါင်း ၁၀–ပါးသောအကျိုးကိုပေး၏။

ဒွိဟိတ်ဩမကကုသိုလ်ကား ထူးခြားမှု မရှိတော့ပါ၊ "အသင်္ခါရိက, သသင်္ခါရိက" ၂–မျိုးလုံးပင် 'အဟိတ်ကုသလဝိပါက် ၈–ပါး'တည်းဟူသော အကျိုးကိုသာ ပေးပါသည်၊ ဤသို့ ၅–မျိုး ဖြစ်လာပါသည်။

၇၅။ ရူပါဝစရကုသိုလ်ကဲ့၏ ပါကဋ္ဌာနကို ပြလိုရှိ၍ 'ရူပါဝစရကုသလံ ပန' အစရှိသော စကားရပ်ကို မိန့်ဆိုရပါသည်။

ဤရူပါဝစရကုသိုလ်ကဲ့၏ ပါကဋ္ဌာနကို အပေါ်နိဿယဖြင့်ပင် သိမြင်နားလည်နိုင်လောက်ပါပြီ၊ အနည်းငယ်ထူးရာမျှကိုသာ ပြပါမည်။

ပရိတ္တ, မဇ္ဈိမ, ပဏီတ စျာန်နှင့်ယှဉ်သော "ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသာ"ဟူသော အဓိပတိတရား ၄–ပါးတို့တွင် အမှတ်မထား တစ်ပါးပါးသည် အဓိပတိ (အကြီးအကဲ) ဖြစ်လေ့ရှိ၏၊ ယင်းအဓိပတိဖြစ်သောတရားက အညံ့စား ဖြစ်နေလျှင် လျော့နေလျှင် ပရိတ္တစျာန်ဖြစ်၏၊ အလယ်အလတ်ဖြစ်နေလျှင် မဇ္ဈိမစျာန်ဖြစ်၏၊ ထက်မြက်နေလျှင် ပဏီတစျာန်ဖြစ်၏၊ ဤကား ပရိတ္တ, မဇ္ဈိမ, ပဏီတအခွဲတည်း။

http://www.dhammadownload.com

၇၈။ တထာ–ထိုမှတစ်ပါး၊ ဒုတိယဈာနံ–ဒုတိယစျာန်ကိုလည်းကောင်း၊ တတိယဈာနဉ္စ–တတိယစျာန်ကိုလည်းကောင်း၊ ပရိတ္တဲ–အောင်၊ ဘာဝေတွာ–၍၊ ပရိတ္တာဘေသု–ပရိတ္တာဘဖြဟ္မာတို့၌၊ ဥပပဇ္ဇတိ–၏။

၇၉။ မဇ္ဈိမံ–အောင်၊ ဘာဝေတွာ–၍၊ အပ္ပမာဏာဘေသု–အပ္ပမာဏာဘဖြဟ္မာတို့၌၊ ဥပပဇ္ဇတိ–၏။

၈၀။ ပဏီတံ–အောင်၊ ဘာဝေတွာ–၍၊ အာဘဿရေသု–အာဘဿရဖြဟ္မာတို့၌၊ ဥပပဇ္ဇတိ–၏။

၈၁။ စတုတ္ထဈာနံ–စတုတ္ထစျာန်ကို၊ ပရိတ္တဲ–အောင်၊ ဘာဝေတွာ–၍၊ ပရိတ္တသုဘေသု–ပရိတ္တသုဘဖြဟ္မာတို့၌၊ ဥပပဇ္ဇတိ–၏။

၈၂။ မဇ္ဈိမံ–အောင်၊ ဘာဝေတွာ–၍၊ အပ္ပမာဏသုဘေသု–အပ္ပမာဏသုဘဖြဟ္မာတို့၌၊ ဥပပဇ္ဇတိ–၏။

၈၃။ ပဏီတံ–အောင်၊ ဘာဝေတွာ–၍၊ သုဘကိဏှေသု–သုဘကိဏှ ဖြဟ္မာတို့၌၊ ဥပပဇ္ဇတိ–၏။

၈၄။ ပဉ္စမဈာနံ–ပဉ္စမစျာန်ကို၊ ဘာဝေတွာ–၍၊ ဝေဟပ္ဖလေသု–ဝေဟပ္ဖိုလ် ဖြဟ္မာတို့၌၊ ဥပပဇ္ဇတိ–၏။

၈၅။ တဒေဝ–ထိုပဉ္စမစျာန်ကိုပင်၊ သညာဝိရာဂံ–သညာ၌ စက်ဆုပ်အောင်၊ ဘာဝေတွာ–၍၊ အသညသတ္တေသု–အသညသတ် ဖြဟ္မာတို့၌၊ ဥပပဇ္ဇတိ–၏။

ဆောင်။ ။ ဓိပတိတရား, တစ်ပါးပါးတို့, ညံ့စားဖြစ်လာ, ပရိတ္တာတည့်၊ လတ်မှာ မဇ္ဈိ, ထက်မြက်ဘိ, မှတ်သိ ပဏီတ။

တစ်နည်း။ ။ စျာန်ယှဉ်ဘိ၊ ဓိပတိ တရားတွင်၊
မှတ်မထင်–တစ်ပါးပါးငယ်၊ ညံ့စား ဖြစ်လျှင်၊
ပရိတ္တ–စျာနရယ်တဲ့ အမည်တွင်၊ လတ်ဖြစ်လျှင် မဇ္ဈိ၊
ထက်မြက်ပြီ–ပဏီတငယ်၊ ခွဲကြလေဘိ။

၈၅။ ပဉ္စမစျာန်ကိုရပြီးသော ပုဂ္ဂိုလ်သည် "ဤသညာသည် ဟိုအာရုံကိုမှတ်, ဒီအာရုံကိုမှတ်နှင့် မကောင်းတာကိုလည်း မှတ်တတ်သည်၊ ရောဂါ, အိုင်းအမာသဖွယ် ဖြစ်သည်၊ ရုပ်ချည်းသက်သက် ဖြစ်နေရလျှင် အပြစ်တစ်စုံတစ်ရာမရှိဘဲ အေးမြချမ်းငြိမ်းဖွယ်ရာ ရှိသည်" စသည်ဖြင့် သညာနှင့်တကွ စိတ်,စေတသိက်အပေါ်မှာ အပြစ်မြင်လျက် ပဉ္စမစျာန်ကို ထပ်ကာထပ်ကာ ဝင်စား၏၊ ထိုပဉ္စမစျာန်သည် သညာကိုစက်ဆုတ်သော သညာဝိရာဂဘာဝနာအဖြစ်သို့ ရောက်၏၊ ထိုပဉ္စမစျာန်မျိုးကြောင့် အသညသတ်ဘုံ၌ ဖြစ်ကြရတော့သည်။

http://www.dhammadownload.com

၈၆။ ပန-အထူးကား၊ အနာဂါမိနော-ပဋ္ဌမစျာန်ကို ရပြီးသော အနာဂါမ်ပုဂ္ဂိုလ် တို့သည်သာ၊ သုဒ္ဓါဝါသေသု-သုဒ္ဓါဝါသဗြဟ္မာတို့၌၊ ဥပပဇ္ဇန္တိ-ဖြစ်တတ်ကုန်၏။

အရူပါဝစရကုသိုလ်ကံ၏ အကျိုးပေးရာဘုံ

၈၇။ အရူပါဝစရကုသလဋ္ဌ-အရူပါဝစရကုသိုလ်ကိုလည်း၊ ယထာက္ကမံ-စွာ၊ ဘာဝေတွာ-၍၊ အရူပေသု-အရူပဗြဟ္မာတို့၌၊ ဥပပဇ္ဇန္တိ-ဖြစ်ကုန်၏။

နိဂုံးဂါထာ

၈၈။ က္ကတ္ထံ-ဤဆိုအပ်ပြီးသော အပြားအားဖြင့်၊ မဟဂ္ဂတံ-မဟဂ္ဂုတ်ဖြစ်သော၊ ပုညံ-ကုသိုလ်ကံသည်၊ ယထာဘူမိဝဝတ္ထိတံ-အကြင်အကြင် ပိုင်းခြားအပ်သောဘုံ၌၊ သဒိသံ-တူသော၊ ပါကံ-အကျိုးကို၊ ပဋိသန္ဓိပဝတ္တိယံ-ပဋိသန္ဓေအခါ, ပဝတ္တိအခါ၌၊ ဇနေတိ-ဖြစ်စေ၏။

က္ကဒံ-ဤသည်ကား၊ ဇတ္ထ-ဤဝိထိမုတ္တသင်္ဂဟ၌၊ ကမ္မစတုက္ကံ-ကမ္မစတုက္ကတည်း။

၈၆။ ပဋ္ဌမစျာန်ကို ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်များသာ သုဒ္ဓါဝါသဘုံ၌ ဖြစ်နိုင်ကြသည်၊ ယင်းသို့ဖြစ်ကြရသည့်အခါမှာလည်း သဒ္ဓါန္ဒြေထက်လျှင် အဝိဟာဘုံ၌ဖြစ်ရသည်၊ ဝီရိယိန္ဒြေထက်လျှင် အတပ္ပာဘုံ၌ဖြစ်ရသည်၊ သတိန္ဒြေထက်လျှင် သုဒဿာဘုံ၌ဖြစ်ရသည်၊ သမာဓိန္ဒြေထက်လျှင် သုဒဿီဘုံ၌ဖြစ်ရသည်၊ ပညိန္ဒြေထက်လျှင် အကနိဋ္ဌဘုံ၌ဖြစ်ရသည်။

ပဋ္ဌမစျာန်ကိုရပြီးသော အချို့သော အနာဂါမ်ပုဂ္ဂိုလ်များမှာ ဝေဟပ္ဖိုလ်ဘုံ၌လည်း ဖြစ်ခွင့်ရှိပါသေးသည်၊ သုဒ္ဓါဝါသဘုံ၌ကား အနာဂါမ် ပုဂ္ဂိုလ်မှတစ်ပါး အခြားပုဂ္ဂိုလ်များ ပဋိသန္ဓေမနေနိုင်ပါ။

ဆောင်း။ ။ က္ကန္ဒြေ ငါးပါး, ထက်စဉ်အားဖြင့်, ငါးပါးသုဒ္ဓါ, ဘုံတို့မှာ, ဖြစ်လာ စဉ်တိုင်းမှတ်။

တစ်နည်း။ ။ သဒ္ဓါကဲ၊ ဖြစ်လေမြဲ အဝိဟာ၊
ဝီရိလွန်-အတပ္ပငယ်၊ ဖြစ်ရ သေချာ၊
သတိထက်-သုဒဿာ၊ သမာဓာ ဒဿီ၊
ပညာလွန်-ကနိဋ္ဌဝယ်၊ ဖြစ်ရလေဘိ။

၈၇။ အရူပါဝစရကံ၏ ပါကဋ္ဌာနကို ပြလိုရှိ၍ 'အရူပါဝစရကုသလဋ္ဌ' အစရှိသော စကားရပ်ကို မိန့်ဆိုရပါသည်။

အာကာသာနဉ္စာယတနစျာန်ကိုရလျှင် အာကာသာနဉ္စာယတနဘုံ၌ဖြစ်၏၊ ။ ပ ။ နေဝသညာနာသညာယတနစျာန်ကို ရလျှင် နေဝသညာနာသညာယတနဘုံ၌ ဖြစ်၏၊ 'ဤကား 'ယထာက္ကမံ'အရ အစဉ်အတိုင်းဖြစ်ပုံတည်း။

၈၈။ 'က္ကတ္ထံ'အစရှိသော ဂါထာသည် ရူပါဝစရကံ, အရူပါဝစရကံတို့၏ ပါကဋ္ဌာနကို နိဂုံးအုပ်သောဂါထာဖြစ်သည်။

http://www.dhammadownload.com

မရဏုပ္ပတ္တိစတုက္က

၈၉။ အာယုက္ခယေန–အသက်တမ်း၏ကုန်မှုကြောင့် စုတေရခြင်းလည်းကောင်း၊ ကမ္မက္ခယေန–ကံစွမ်း၏ကုန်မှုကြောင့် စုတေရခြင်းလည်းကောင်း၊ ဥဘယက္ခယေန–အသက်တမ်း ကံစွမ်း ၂–ပါးစုံ၏ကုန်မှုကြောင့် စုတေရခြင်းလည်းကောင်း၊ ဥပစ္ဆေဒက ကမ္မုနာစ–ကပ်၍ဖြတ်တတ်သောကံကြောင့် စုတေရခြင်းလည်းကောင်း၊ ကွတိ–ဤသည်တို့ကား၊ စတုဓာ– ၄–ပါးပြားသော၊ မရဏုပ္ပတ္တိနာမ–မရဏုပ္ပတ္တိမည်၏။

၉၀။ ပန–ဆက်ဦးအံ့၊ တထာစ–ထိုအကြောင်းတို့ကြောင့်သာလျှင်၊ မရန္တာနံ–စုတေရသူတို့၏၊ မရဏကာလေ–စုတေခါနီးအခါ၌၊ ယထာရဟံ–(ထိုထိုဂတိ၌ ဖြစ်) ထိုက်သည်အားလျော်စွာ၊ အဘိမုခီဘူတံ–ရှေးရှုသကဲ့သို့ ဖြစ်သော၊ ဘဝန္တရေ–ဘဝတစ်ပါး၌၊ ပဋိသန္ဓိဇနကံ–ပဋိသန္ဓေကိုဖြစ်စေတတ်သော၊ ကမ္မံဝါ–ကုသိုလ်ကံအကုသိုလ်ကံသည်သော်လည်းကောင်း။

ဆိုခဲ့ပြီးသည်အားလျော်စွာ မဟဂ္ဂတ်ကုသိုလ်ကံသည် သတ်မှတ်ပိုင်းခြားထားသော ဘုံ၌ ‘ပဋိသန္ဓေအခါ, ပဝတ္တိအခါ’ ၂–ပါးလုံးမှာပင် တူသောအကျိုးကိုပေးသည်။

ပထမစျာန်ကုသိုလ်က ပထမစျာန်ဝိပါက်အကျိုးကို ပေးသည်။ ပ ။ နေဝသညာနာသညာယတနကုသိုလ်က နေဝသညာနာသညာယတနဝိပါက်အကျိုးကို ပေးသည်၊ ဤသို့ အကြောင်းကံနှင့်အကျိုးဝိပါက်တို့ တူသည်ကိုပင် “တူသောအကျိုးကို ပေးသည်”ဟုဆိုသည်။

ကာမာဝစရကုသိုလ်များကား ‘တူသောအကျိုး, မတူသောအကျိုး’ ၂–မျိုးလုံးကိုပင် ပေးနိုင်သည်၊ အကုသိုလ်ကံများမူကား မတူသော အကျိုးတစ်မျိုးကိုသာ ပေးနိုင်သည်၊ ဤသို့လည်း မှတ်သားသင့်သေးသည်။

၈၉။ “စတ္တာရိ ကမ္မာနိ”ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြပြီးသည့်နောက် “စတုဓာ မရဏုပ္ပတ္တိ”ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြတော်မူလိုရကား ‘အာယုက္ခယေန’စသည်ကို မိန့်။

စုတေခြင်း၏ဖြစ်ပုံကိုပြသော စတုက္ကကို “မရဏုပ္ပတ္တိ စတုက္က”ဟု ခေါ်သည်။ (မရဏ–သေခြင်း+ဥပ္ပတ္တိ–ဖြစ်ပုံ။)

သေခြင်း ၄–ပါး

၁။ အာယုက္ခယမရဏ= အသက်တမ်းကုန်မှုကြောင့် စုတေခြင်း၊

၂။ ကမ္မက္ခယမရဏ= ကံစွမ်း၏ကုန်မှုကြောင့် စုတေခြင်း၊

၃။ ဥဘယက္ခယမရဏ= ‘အသက်တမ်း, ကံစွမ်း’ ၂–ပါးစုံ ကုန်မှုကြောင့် စုတေခြင်း၊

၄။ ဥပစ္ဆေဒကမရဏ= ကပ်၍ဖြတ်တတ်သော ကံတစ်မျိုးမျိုးကြောင့် စုတေခြင်း။

ဤသို့ သေခြင်း ၄–မျိုး ရှိသည်။

စုတေခါနီး အာရုံထင်ပုံ

၉၀။ ‘တထာ စ’ အစရှိသောစကားရပ်သည် သေခါနီးမှာ အာရုံထင်လာပုံကိုပြသော စကားရပ်ဖြစ်သည်။

http://www.dhammadownload.com

တံ ကမ္မကရဏကာလေ–ထိုကံကိုပြုရာအခါ၌၊ ရူပါဒိကံ–ရူပါရုံအစရှိသော၊ ဥပလဒ္ဓပုဗ္ဗံ–ကံနှင့်ဆက်စပ် ရအပ်ဘူးသည်လည်းဖြစ်သော၊ ဥပကရဏဘူတဥ္စ–ကံပြီးမြောက်ရုံ အဆောက်အအုံဖြစ်၍လည်းဖြစ်သော၊ ကမ္မနိမိတ္တံဝါ–ကံ၏ အာရုံသည်သော်လည်းကောင်း။

အနန္တရံ–အခြားမဲ့၌၊ ဥပဓ္ဓမာနဘဝေ–ဖြစ်လတ္တံ့သော ဘဝ၌၊ ဥပလဘိတဗ္ဗံ–ရထိုက်(ရောက်ထိုက်)သည်လည်းဖြစ်သော၊ ဥပဘောဂဘူတဥ္စ–အသုံးအဆောင်ဖြစ်၍လည်းဖြစ်သော၊ဂတိနိမိတ္တံဝါ–လားရာဂတိ၌အာရုံသည်သော်လည်းကောင်း၊ ကမ္မဗလေန–ကံ၏အစွမ်းကြောင့်၊ ဆန္နံ–ဖ–ပါးကုန်သော၊ ဒွါရာနံ–ဒွါရတို့တွင်၊ အညတရသ္မိံ–တစ်ပါးပါးသောဒွါရ၌၊ ပစ္စုပဋ္ဌာတိ–ရှေးရှုထင်လာ၏။

ထိုအကြောင်းတရား ၄–ပါးတို့တွင် တစ်ပါးပါးသော အကြောင်းကြောင့် သေရသူတို့၏ သေခါနီးမှာ နောက်ဘဝ၌ ပဋိသန္ဓေကျိုးကို ပေးမည့် ကံတစ်ပါးပါးသော်လည်း ရှေးရှုပြူထွက်လာသကဲ့သို့ (မနောဒွါရမှာ) ထင်လာတတ်သည်။

သို့မဟုတ် ကံပြုစဉ် အခါတုန်းက ကံနှင့်ဆက်စပ်၍ တိုက်ရိုက်ရအပ်ဘူးသော 'ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်' ဖြစ်စေ, ကံပြီးမြောက်ဖို့ရာ အခြေအရံမျှသာဖြစ်သော 'ဥပကရဏဘူတကမ္မနိမိတ်' ဖြစ်စေ ထင်လာတတ်သည်၊ ဤကမ္မနိမိတ်သည် ထိုက်သည် အားလျော်စွာ အာရုံ ဖ–ပါးတွင် တစ်ပါးပါးဖြစ်နိုင်သည်၊ ဒွါရ ဖ–ပါးတို့တွင် တစ်ပါးပါးမှာ ထင်လာနိုင်သည်။

သို့မဟုတ် အခြားမဲ့ ဖြစ်ရမည့်ဘဝ၌ တိုက်ရိုက် ရောက်ထိုက်သော 'ဥပလဘိတဗ္ဗဂတိနိမိတ်' ဖြစ်စေ, အတွင်းအပ အသုံးအဆောင်ဖြစ်သော 'ဥပဘောဂဂတိနိမိတ်' ဖြစ်စေ ထင်လာတတ်သည်၊ ဤဂတိနိမိတ်သည် ရူပါရုံတစ်မျိုးသာရှိသည်၊ မနောဒွါရမှာသာ ထင်လာနိုင်သည်။

ထိုသို့ထင်လာခြင်းသည် ပဋိသန္ဓေကျိုးကိုပေးမည့် ကုသိုလ်ကံ,အကုသိုလ်ကံတို့၏စွမ်းအားကြောင့်ပင်ဖြစ်သည်။

ကမ္မနိမိတ် ထိုတွင် ကံပြုစဉ်တုန်းက တွေ့ကြုံရသမျှသော အာရုံများကို "ကမ္မနိမိတ်"ဟုခေါ်သည်၊ ထိုကမ္မနိမိတ်သည် "ဥပလဒ္ဓ ပုဗ္ဗကမ္မနိမိတ်, ဥပကရဏဘူတ ကမ္မနိမိတ်"ဟု ၂–မျိုးရှိ၏။ (ကမ္မ–ကံ+နိမိတ္တ–အာရုံ။)

ထိုတွင်–

၁။ ကံနှင့်ဆက်သွယ်၍ တိုက်ရိုက်ရအပ်ဖူးသော ပဓာနအာရုံသည် "ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်"မည်၏၊

၂။ ကံပြီးမြောက်ဖို့ရာ အခြေအရံမျှသာဖြစ်သော အပဓာနအာရုံသည် "ဥပကရဏဘူတကမ္မနိမိတ်"မည်၏။

ဥပမာအားဖြင့်–ကျောင်းဆောက်လုပ် လှူဒါန်းရာ၌ ကျောင်းသည် 'ဥပလဒ္ဓ'၊ သင်္ကန်းစသော အခြေအရံများသည် 'ဥပကရဏ' ဖြစ်သည်၊ ဘုရားကို ပန်းလှူရာ၌ ဘုရားသည် 'ဥပလဒ္ဓ'၊ ပန်းသည် 'ဥပကရဏ' ဖြစ်သည်၊ သားငါးကို သတ်ဖြတ်ရာ၌ကား သား ငါးသည် 'ဥပလဒ္ဓ'၊ ပိုက်ကွန်စသော လက်နက်များသည် 'ဥပကရဏ' ဖြစ်သည်။

http://www.dhammadownload.com

တတော-ထိုထင်လာသော အခါမှ၊ ပရံ-နောက်၌၊ တထောပဋိတံ-ထိုအခြင်းအရာဖြင့် ထင်လာသော၊ တမေဝအာရမဏံ-ထိုအာရုံကိုပင်၊ အာရဗ္ဘ-အာရုံပြု၍၊ ဝိပစ္စမာနကကမ္မာနုရူပံ-အကျိုးပေးလတ္တံ့သော ကံအားလျော်စွာ၊ ပရိသုဒ္ဓံ-စင်ကြယ်သည်မူလည်းဖြစ်သော၊ ဥပက္ကိလိဋ္ဌဝါ-ညစ်နွမ်းသည်မူလည်းဖြစ်သော၊ ဥပလဘိတဗ္ဗဘဝါနုရူပံ-ရထိုက်ရောက်ထိုက်သောဘဝအားလျော်စွာ၊ တတ္ထ-ထိုရထိုက်ရောက်ထိုက်သောဘဝ၌၊ သြနတံဝ-ညွတ်နေသကဲ့သို့၊ စိတ္တသန္တာနံ-စိတ်အစဉ်သည်၊ အဘိဏှံ-မပြတ်၊ ဗာဟုလ္လေန-များသောအားဖြင့်၊ ပဝတ္တတိ-ဖြစ်၏။

ဆောင်။　။ ကျောင်းနှင့်ဘုရား, သား ငါး ဥပ, လဒ္ဓမည်ညွန်း, သင်္ကန်းပန်းပါ, ပိုက်ကွန်မှာ, မှတ်ပါ ဥပကရဏာ။

တစ်နည်း။　။ ကျောင်းသင်္ကန်း၊ ဘုရားပန်း ဝေဝေ၊
သား ငါးမှန်-ပိုက်ကွန်များငယ်၊ ရှေ့ထား နောက်နေ၊
ရှေ့ရှေ့က-ဥပရယ်တဲ့ လဒ္ဓေ၊ နောက်နောက်နေ ကရဏာ၊
ထင်လာပုံ-အာရုံများကို၊ ခွဲခြား ကျန။

ဂတိနိမိတ်　လားရောက်ရမည့် ဘဝ၌ တွေ့ကြုံရမည့်အာရုံဟူသမျှကို "ဂတိနိမိတ်"ဟု ခေါ်သည်၊ ဤဂတိနိမိတ်သည်လည်း "ဥပလဘိတဗ္ဗဂတိနိမိတ်, ဥပဘောဂဂတိနိမိတ်"ဟု ၂-မျိုးပြားပြန်သည်။ (ဂတိ-လားရာဂတိ၌+နိမိတ္တ-တွေ့ကြုံထိုက်သော အာရုံ။) ထိုတွင်-

၁။　တိုက်ရိုက်ရောက်ထိုက်သော အရုပ်ကို "ဥပလဘိတဗ္ဗ"ဟုခေါ်သည်၊ လူ့ဘုံသွားမည့်သူဖြစ်လျှင် အမိဝမ်းရေ, ငရဲပြည်သွားမည့်သူဖြစ်လျှင် ငရဲဘုံ, ပြိတ္တာဖြစ်မည့်သူဖြစ်လျှင် တော တောင်စသည်, နတ်ပြည်သွားမည့်သူဖြစ်လျှင် နတ်ဗိမာန်-စသည်တို့တည်း။

၂။　ထိုထိုဘုံဘဝ၌ တွေ့ကြုံရမည့် အတွင်း,အပ အသုံးအဆောင် အခြံအရံများကို "ဥပဘောဂ"ဟုခေါ်သည်၊ ခွေး, ကျီး, ငရဲမီးလျှံ, နတ်သို့း, နတ်သား, ပဒေသာပင်-စသည်တို့တည်း။

ဆောင်။　။ အမိဝမ်းရေ, ငရဲပြေနှင့်, တောခြေ တောင်ယံ, နတ်ဗိမာန်, မှတ်ရန် လဘိတ။ ခွေး လင်းတ ကျီး, ငရဲမီးနှင့်, နတ်သို့း နတ်သား, စသည်ကား, မှတ်သား ဥဘောဂ။

တစ်နည်း။　။ အမိဝမ်း၊ ငရဲခန်း တော တောင်ယံ၊
နတ်ဗိမာန်-စသည်ငြိုလျှင်၊ လဘိတဗ္ဗံ၊
သုံးဆောင်သင့်-ခွေးနှင့်ကျီး မီးလျှံ၊ နတ်မိမွန် နတ်သား၊
ပဒေသာ-ထင်လာကလျှင်၊ ဘောဂ ပိုင်းခြား။

စုတေခါနီး စိတ်အစဉ် ဖြစ်ပုံ

"တတော ပရံ ။ပ။ ဗာဟုလ္လေန"ဟူသောစကားရပ်သည် အာရုံထင်လာပြီးနောက် မစုတေခင် စိတ်အစဉ်ဖြစ်နေပုံကိုပြသော စကားရပ်ဖြစ်သည်။

http://www.dhammadownload.com

ပန–ကံအာရုံထင်လာပုံ တစ်နည်းကား၊ ဇနကဘူတံ–ပဋိသန္ဓေကို ဖြစ်စေတတ်သည် ဖြစ်၍ဖြစ်သော၊ တမေဝဝါကမ္မံ–ထိုကံသည်ပင်လျှင်လည်း၊ အဘိနဝကရဏဝသေန–မိမိကို အသစ်ပြုခြင်း၏ အစွမ်းဖြင့်၊ ဒွါရပတ္တံ–မနောဒွါရသို့ရောက်သည်၊ ဟောတိ–ဖြစ်၏။

၉၁။ ပစ္စာသန္နမရဏာသ–အလွန်နီးကပ်သောစုတေခြင်းရှိသော၊ တာသ–ထိုသတ္တဝါ၏၊ ဝီထိစိတ္တာဝသာနေ–(“ဧော,တဒါရုံ”ဟူသော) ဝီထိစိတ်၏ အဆုံး၌သော်လည်းကောင်း၊ ဘဝင်္ဂယေဝါ–ဘဝင်အကုန်၌သော်လည်းကောင်း၊ စဝနဝသေန–ရွှေ့လျော

ထိုသို့ အာရုံထင်လာပြီးသည့်နောက် ထင်လာသော အာရုံတစ်ပါးပါးကို အာရုံပြုလျက် ကုသိုလ်ကံက အကျိုးပေးတော့မည်ဖြစ်လျှင် သန့်စင်ကြည်လင်သော ကုသိုလ်စိတ်အစဉ်သည်လည်းကောင်း, အကုသိုလ်ကံက အကျိုးပေးတော့မည်ဖြစ်လျှင် ညစ်နွမ်းသော အကုသိုလ်စိတ်အစဉ်သည်လည်းကောင်း မပြတ်မလပ် အများအားဖြင့် ဖြစ်တတ်သည်၊ ထိုစိတ်အစဉ်သည် ရထိုက်ရောက်ထိုက်သော ဘဝအားလျော်စွာ ရောက်ရမည့် ဘဝသစ်၌ ညွှတ်ကိုင်းနေသကဲ့သို့လည်း ဖြစ်နေသည်၊ အရုပ်တစ်ပါးသို့ ခရီးသွားမည့်သူသည် ပြင်ဆင်မှုကိစ္စကို ပြုလုပ်နေသော်လည်း သွားရမည့်အရုပ်သို့ စိတ်ညွှတ်နေသကဲ့သို့တည်း။

ကံအာရုံထင်ပုံ တစ်နည်း

‘တမေဝဝါ ပန’ အစရှိသော စကားရပ်သည် ကံအာရုံထင်လာပုံကို တစ်နည်းအားဖြင့်ပြသော စကားရပ်ဖြစ်သည်။

ကမ္မနိမိတ်, ဂတိနိမိတ်တို့သည် ကံ၏အစွမ်းအားဖြင့် ဒွါရ၌ထင်လာပါစေတော့၊ ကံသည်ကား ဘယ်နည်းဖြင့် ဒွါရ၌ထင်လာနိုင်ပါသနည်း?၊ ဤသို့စောဒနာဖွယ် ရှိသောကြောင့် ကံအာရုံထင်လာပုံကို တစ်နည်းအားဖြင့် ဆက်လက်ပြဆိုရပါသည်။

ပဋိသန္ဓေကျိုးကို ပေးတော့မည်ဖြစ်သော ကံသည်ပင်လျှင် မိမိကို အသစ်ပြုပြင်သည်၏အစွမ်းဖြင့် (ယခုလတ်တလောပြုနေရသလို) စိတ်အာရုံ၌ ပေါ်လွင်ထင်လာတတ်သည်၊ မနောဒွါရသို့ ရောက်သည်၊ မနောဒွါရ၌ထင်သည်–ဟု ဆိုလိုသည်။

တမေဝဝါ ‘တမေဝဝါ’၌ ‘ဧဝ’သဒ္ဒါသည် အဝဓာရဏာအနက် ရှိ၏၊ ထို‘ဧဝ’သဒ္ဒါဖြင့် “ကံကသာ မိမိ၏အစွမ်းကြောင့် ဒွါရပတ္တဖြစ်သည်၊ ကမ္မနိမိတ်, ဂတိနိမိတ်တို့သည် မိမိ၏အစွမ်းကြောင့် ဒွါရပတ္တ မဖြစ်ကုန်၊ ကံ၏ အစွမ်းကြောင့်သာ ဒွါရပတ္တဖြစ်ကုန်၏” ဟူသော အနက်ကိုပြသည်။

‘ဝါ’သဒ္ဒါသည် သမ္ပိဏ္ဍနအနက် ရှိ၏၊ ယင်း ‘ဝါ’သဒ္ဒါဖြင့် “ကမ္မနိမိတ်, ဂတိနိမိတ်တို့သာ ကံ၏အစွမ်းကြောင့် ထင်လာကုန်သည်မဟုတ်သေး၊ ကံလည်း ကံ၏အစွမ်းကြောင့် ထင်သေး၏” ဟူသော အနက်ကို ပေါင်းသည်။

မရဏာသန္နဝီထိ

၉၁။ ‘ပစ္စာသန္နမရဏာသ’ အစရှိသော စကားရပ်သည် မရဏာသန္နဝီထိများကို ပြသော စကားရပ်ဖြစ်သည်။

http://www.dhammadownload.com

ခြင်း၏အစွမ်းဖြင့်၊ ပစ္စုပ္ပန္နဘဝပရိယောသာနဘူတံ–ပစ္စုပ္ပန်ဘဝ၏ အဆုံးဖြစ်၍ဖြစ်သော၊ စုတိစိတ္တံ–စုတိစိတ်သည်၊ ဥပ္ပဇ္ဇိတ္ဝာ–ဖြစ်၍၊ နိရုဇ္ဈတိ–ချုပ်၏။

တသ္မိံ–ထိုစုတိစိတ်သည်၊ နိရုဒ္ဓါဝသာနေ–အဆုံးသတ် ချုပ်သည်ရှိသော်၊ တဿ–ထိုစုတိစိတ်၏၊ အနန္တရမေဝ–အခြားမဲ့၌သာလျှင်၊ တထာဂတိတံ–ထိုအခြင်းအရာဖြင့် မရဏာသန္နဇောသည် ယူအပ်ခဲ့သော၊ အာရမဏံ–(“ကံ, ကမ္မနိမိတ်, ဂတိနိမိတ်”ဟု ဆိုအပ်သော) အာရုံကို၊ အာရဗ္ဘ–အာရုံပြု၍၊ သဝတ္ထုကံဧဝါ–မှီရာဝတ္ထု ရှိသည်သာလျှင် မူလည်းဖြစ်သော၊ အဝတ္ထုကံဧဝါ–မှီရာဝတ္ထု မရှိသည်သာလျှင်မူလည်းဖြစ်သော၊ ယထာရဟံ–ထိုက်သည်အားလျော်စွာ၊ အဝိဇ္ဇာနုသယပရိကို့တွေ့နေ–အဝိဇ္ဇာနုသယသည်

စုတေဖို့ရန် အလွန်နီးကပ်နေသော သတ္တဝါ၏ ဝီထိစိတ်အဆုံးမှာဖြစ်စေ, ဘဝင်အကုန်မှာဖြစ်စေ စုတိစိတ်ဖြစ်၍ချုပ်သည်၊ ပစ္စုပ္ပန်ဘဝမှ ပြောင်းရွှေ့ ရွှေ့လျောသည်ကိုပင် “စုတေသည်–သေသည်”ဟုခေါ်သည်၊ ထိုစုတိစိတ်သည် ပစ္စုပ္ပန်ဘဝ၏ နောက်ဘိတ်ဆုံးစိတ်ပင် ဖြစ်သည်။

ထိုစကားရပ်၌ မရဏာသန္နဝီထိကျပြီးသည့်နောက် စုတေမည့်သတ္တဝါ, သို့မဟုတ် မရဏာသန္နဝီထိနောင် ဘဝင်အနည်းငယ် ကျပြီးသည်နောက် စုတေမည့် သတ္တဝါတို့ကို “ပစ္စာသန္နမရဏ= စုတေဖို့ရန် အလွန်နီးကပ်နေသော သတ္တဝါ”ဟု ဆိုရသည်။

“ဝီထိစိတ္တာဝသာနေ= ဝီထိစိတ်၏အဆုံးမှာ”ဟူသော စကားဖြင့်–

၁။ ဇောနောင် စုတိကျသောဝီထိ၊

၂။ တဒါရုံနောင် စုတိကျသောဝီထိတို့ကို ပြသည်။

“ဘဝင်္ဂကွယေဝါ= ဘဝင်အကုန်မှာ”ဟူသော စကားဖြင့်–

၃။ ဇော ဘဝင်နောင် စုတိကျသောဝီထိ၊

၄။ တဒါရုံ ဘဝင်နောင် စုတိကျသောဝီထိတို့ကို ပြသည်။

ဤစကား ၂–ရပ်ကို ပေါင်းစပ်လျက် အချုပ်အားဖြင့် မရဏာသန္န ၄–ဝီထိ ရှိကြောင်းကို သိရ၏၊ ထိုမရဏာသန္နဝီထိသည် “ပဠဝဂါရဝီထိ, မနောဒွါရဝီထိ”အားဖြင့် ၂–မျိုးပင် ရှိနိုင်ပါသည်။

ဤနေရာ၌ ဝီထိဖြစ်ပုံကို သီးသန့်မပြသော်လည်း နောက်၌ပြထားသည်ကို နည်းမှီ၍ ဝီထိအပြည့်အစုံ ချတတ်အောင်ကြိုးစားပါ။

ပဋိသန္ဓေစိတ် ဖြစ်ပုံ

“တသ္မိံ နိရုဒ္ဓါဝသာနေ ။ပ။ ပတိဋ္ဌာတိ ဘဝဋ္ဌရေ”ဟူသော စကားရပ်ဖြင့် ပဋိသန္ဓေစိတ် ဖြစ်ပုံကို ဆက်လက်ပြဆိုထားသည်။

ထိုစုတိစိတ် ချုပ်ပြီးသည်၏အဆုံးမှာ ကာလမခြားဘဲ ပဋိသန္ဓေစိတ်သည် ဥပါဒ်လျှင် ဥပါဒ်ချင်း ဘဝသစ်၌တည်သည်၊ ဘဝဟောင်းကဥပါဒ်ခဲ့၍ ဌီကျမှ ဘဝသစ်၌ တည်သည်မဟုတ်။

http://www.dhammadownload.com

ခြံရုံအပ်သော၊ တဏှာနုသယမူလကေန–တဏှာနုသယလျှင် အရင်းခံရှိသော၊ သန်ါရေန–ကုသိုလ် အကုသိုလ်ကံသည်၊ဇနိယမာနံ–ဖြစ်စေအပ်သော၊ သမ္မယုတ္တေဟိ–သမ္မယုတ်တရား တို့သည်၊ ပရိဂ္ဂယှမာနံ–ခြံရုံလျက် ယူအပ်သော၊ သဟဇာတာနံ–တကွဖြစ်ဖက်တရား တို့၏၊ အဓိဋ္ဌာနဘာဝေန–တည်ရာ၏အဖြစ်ကြောင့်၊ ပုဗ္ဗင်္ဂမဘူတံ–ရှေ့သွားခေါင်းဆောင် ဖြစ်၍ဖြစ်သော၊ ဘဝန္တရုပဋိသန္ဓာနဝသေန–ဘဝတစ်ပါးကို စပ်ပေးခြင်း၏ အစွမ်းကြောင့်၊ ပဋိသန္ဓိသန်ါတံ–ပဋိသန္ဓေဟု ခေါ်ဆိုအပ်သော၊ မာနသံ–စိတ်သည်၊ ဥပ္ပဇ္ဇမာနမေဝ–ဥပါဒ်လျှင်ဥပါဒ်ချင်းသာလျှင်၊ ဘဝန္တရေ–ဘဝတစ်ပါး၌၊ ပတိဋ္ဌာတိ–တည်၏။

ထိုပဋိသန္ဓေစိတ်သည် မစုတေမိ(ဘဝဟောင်းက) မရဏာသန္နဇောတို့ ယူအပ်သော အာရုံကို ဆက်လက်၍အာရုံပြုသည်။

ထိုပဋိသန္ဓေစိတ်သည် ကာမဘုံ, ရူပဘုံ၌ဖြစ်ခဲ့ပါလျှင် ဟဒယဝတ္ထုရုပ်ကိုမှီ၍သာ ဖြစ်သည်၊ အရူပဘုံ၌ဖြစ်ခဲ့ပါလျှင် ဝတ္ထုရုပ်ကို မမှီဘဲသာ ဖြစ်သည်။

ထိုပဋိသန္ဓေစိတ်သည် အလိုအလျောက်ပေါ်ပေါက်လာရသည်လည်း မဟုတ်ပါ၊ ရှေးရှေးက ပြုခဲ့သော "ကုသိုလ်ကံ, အကုသိုလ်ကံ"တည်းဟူသော သန်ါရကြောင့်သာ ဖြစ်ပေါ်လာရသည်၊ "ကံ"ဟုဆိုအပ်သော ထိုသန်ါရ၌ အဝိဇ္ဇာနုသယသည် ခြံရုံလျက်ရှိသည်၊ တဏှာနုသယလည်း အရင်းခံလျက် ရှိသည်။

ဖဿ, ဝေဒနာ အစရှိသော ယှဉ်ဖော်ယှဉ်ဖက် သမ္မယုတ်တရာများလည်း ထိုပဋိသန္ဓေစိတ်ကို ခြံရုံလျက် ပါလာကြသည်၊ အတူတကွ ဖြစ်ဖော်ဖြစ်ဖက်တရားတို့၏ တည်ရာမှီရာဖြစ်သောကြောင့် ထိုပဋိသန္ဓေစိတ်သည် ဖဿ, ဝေဒနာ အစရှိသော တရားတို့၏ ရှေ့သွားခေါင်းဆောင်လည်း ဖြစ်သည်။

ဘဝဟောင်းအပြတ်တွင် ဘဝသစ်ကို ဆက်စပ်ပေးတတ်သောကြောင့် "ပဋိသန္ဓိ=ပဋိသန္ဓေ" ဟူသော အမည်ကိုလည်း ရသည်။

ယထာရုဟံ 'ယထာရုဟံ အဝိဇ္ဇာနုသယပရိကွိတ္တေန'စသော စကားရပ်၌ ယထာရုဟံ၏ အဓိပ္ပာယ်ကို ဋီကာ၌ ၂–နည်းဖွင့်ပြထား၏၊ ကောက်ချက်ချ ရှင်းပြအံ့။

၁။ ကံပြုရာကာလသည် ဤပစ္စုပ္ပန်ဘဝ ဖြစ်အံ့၊ သန်ါရအရ ဥပပဇ္ဇဝေဒနီယကံကို ယူပါ၊ ရှေးဘဝဖြစ်အံ့၊ သန်ါရအရ အပရာပရိယဝေဒနီယကံကို ယူပါ။

၂။ အကျိုးပေးရာကာလသည် ဒုတိယဘဝ ဖြစ်အံ့၊ သန်ါရအရ ဥပပဇ္ဇဝေဒနီကံကို ယူပါ၊ တတိယဘဝမှစ၍ နိဗ္ဗာန်မရမီ ဖြစ်အံ့၊ သန်ါရအရ အပရာပရိယဝေဒနီယကံကို ယူပါ။

တစ်နည်း။ –

၁။ အကုသိုလ်ကံ အကျိုးပေးအံ့၊ ထိုအကုသိုလ်ကံအားလျော်စွာ ကံသန်ါရသည် (အဝိဇ္ဇာတဏှာနုသယတို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ ဇောနှင့် တကွသော

http://www.dhammadownload.com

၉၂။ ပန–ဆက်ဦးအံ့၊ ဇတ္ထ–ဤစုတိပဋိသန္ဓေအခန်း၌၊ မရဏာသန္နဝီထိယံ–မရဏာသန္နဝီထိ၌၊ မန္ဒပ္ပဝတ္တာနိ–အဟုန်ရော့ရဲ့ နုံနဲ့နဲ့ဖြစ်ကုန်သော၊ ဝါ–အဟုန်ရော့ရဲ့ နုံနဲ့နဲ့ဖြစ်ခြင်းကြောင့်၊ ပဌော– ၅–ကြိမ်သာလျှင်ဖြစ်ကုန်သော၊ ဇဝနာနိ–ဇောတို့ကို၊ ပါဋိကခ်ီတဇ္ဇာနိ–အလိုရှိထိုက်ကုန်၏။

တသ္မာ–ထို့ကြောင့်၊ ပစ္ဆုပ္ပန္နာရမဏေသု–ပစ္ဆုပ္ပန်အာရုံတို့သည်၊ အာပါတံ–ရှေးရှုကျခြင်းသို့၊ အာဂတေသု–ရောက်ကုန်လသော်၊ ဓရန္တေ သေ့ဝ–ထင်ရှားရှိကုန်စဉ်သာလျှင်၊ မရဏံ–စုတေခြင်းသည်၊ ယဒိဟောတိ–အကယ်၍ဖြစ်အံ့၊ တဒါ–ထိုအခါ၌၊ ပဋိသန္ဓိဘဝင်္ဂါနမိဝ–ပဋိသန္ဓေ, ဘဝင်စိတ်တို့၏လည်း၊ ပစ္ဆုပ္ပန္နာရမဏတာ–ပစ္ဆုပ္ပန်အာရုံရှိကုန်သည်၏ အဖြစ်ကို၊ လဇ္ဇတိ–ရအပ်၏၊ ဣတိတသ္မာ–ဤအကြောင်းကြောင့်၊ ကာမာဝစရပဋိသန္ဓိယာ–ကာမာဝစရပဋိသန္ဓေ၏၊ ဆဒ္ဒါရဂ္ဂဟိတံ–ဖ–ဒွါရဖြင့်ယူအပ်သော၊ ကမ္မနိမိတ္တံ–ကမ္မနိမိတ်လည်းဖြစ်သော၊ ဂတိနိမိတ္တဥ္စ–ဂတိနိမိတ်လည်းဖြစ်သော၊ ပစ္ဆုပ္ပန္နံ–ပစ္ဆုပ္ပန်လည်းဖြစ်သော၊ အတီတံ–အတိတ်လည်းဖြစ်သော၊ အာရမဏံ–အာရုံကို၊ ဥပလဇ္ဇတိ–ရအပ်၏။

အဝိဇ္ဇာတဏှာနုသယတို့၏ အစွမ်းအားဖြင့် လည်းကောင်း) အဝိဇ္ဇာနုသယ ခြံရုံအပ်၏၊ တဏှာနုသယလည်း အရင်းခံရှိ၏။

၂။ ကုသိုလ်ကံ အကျိုးပေးအံ့၊ ထိုကုသိုလ်ကံအားလျော်စွာ ကံသခ်ါရသည် (အဝိဇ္ဇာတဏှာနုသယတို့၏ အစွမ်းအားဖြင့်သာ) အဝိဇ္ဇာနုသယ ခြံရုံအပ်၏၊ တဏှာနုသယလည်း အရင်းခံရှိ၏။

ဤကား ယထာရဟံအဓိပ္ပာယ် ၂–နည်းတည်း။

ကာမပဋိသန္ဓေ၏အာရုံ

၉၂။ "မရဏာသန္နဝီထိယံ ။ပ။ ယထာရဟမာရမဏံ ဟောတိ" ဟူသော စကားရပ်သည် ပဋိသန္ဓေစိတ်၏ အာရုံကိုပြသော စကားရပ် ဖြစ်သည်၊ ထို 'မရဏာသန္နဝီထိယံ' အစရှိသော စကားရပ်ဖြင့် ကာမာဝစရပဋိသန္ဓေစိတ်၏ အာရုံကိုပြသည်။

မရဏာသန္နဝီထိ၌ စိတ်အားလုံးပင် ခပ်လျော့လျော့ ဖြစ်နေကြသည်၊ ဇောများလည်း အဟုန်မပြင်းလှပါ၊ သို့ဖြစ်၍ ၅–ကြိမ်သာစောရသည်။

ထို့ကြောင့် မရဏာသန္နဝီထိ၌ ပစ္ဆုပ္ပန်အာရုံများ (ကမ္မနိမိတ်ဖြစ်စေ, ဂတိနိမိတ်ဖြစ်စေ) ထင်လာ၍ မချုပ်သေးဘဲ ထင်ရှားရှိနေစဉ်ပင် စုတေခဲ့ပါလျှင် ပဋိသန္ဓေနှင့် ဘဝင်စိတ်တို့သည်လည်း မချုပ်သေးသော ပစ္ဆုပ္ပန်အာရုံကိုပင် ဆက်လက်အာရုံပြုနိုင်ကြသည်။

ဤအကြောင်းများကြောင့် ကာမာဝစရပဋိသန္ဓေ၏အာရုံသည် ကမ္မနိမိတ်နှင့် ဂတိနိမိတ်ဖြစ်လျှင် မရဏာသန္နဇောက ဖ–ဒွါရဖြင့် ထိုက်သည်အားလျော်စွာ ယူပေးအပ်သော အာရုံဖြစ်သည်၊ မချုပ်သေးလျှင် ပစ္ဆုပ္ပန်လည်းဖြစ်နိုင်သည်၊ ချုပ်ပြီးလျှင် အတိတ်လည်းဖြစ်နိုင်သည်၊ အနာဂတ်ကားမဖြစ်နိုင်ပါ။

http://www.dhammadownload.com

ကမ္မံ ပန–ကံအာရုံသည်ကား၊ အတီတမေဝ–အတိတ်တစ်မျိုးသာတည်း၊ တဉ္စ–ထိုအတိတ်ကံကိုလည်း၊ မနောဒွါရဂ္ဂဟိတံ–မနောဒွါရဖြင့် ယူအပ်၏၊ ပန–ဆက်ဦးအံ့၊ တာနိသဗ္ဗာနိပိ–ထိုအလုံးစုံသော အာရုံတို့သည်လည်း၊ ပရိတ္တာဓမ္မဘူတာနေဝ–ကာမတရား ချည်းသာဖြစ်ကုန်သော၊ အာရမဏာနိ–အာရုံတို့တည်း။

ဝိထိချ၍ ရှင်းပြပါဦးမည်၊ ဝိထိနှင့် တိုက်ဆိုင်ညှိနှိုင်း၍ သဘောဉာဏ် သက်ဝင်အောင် လေ့လာပါ။

ပစ္ဆုပ္ပန်အာရုံ မရဏာသန္နဝိထိများ

တီ နဒ ပဥ် စက် သံ တီ ဝု ဓဓဓဓဓ စုတိ ပဋိ ဘ	...	...	–၁၆ ချက်
တီ နဒ ပဥ် စက် သံ တီ ဝု ဓဓဓဓဓ ရုံ ရုံ စုတိ ပဋိ ဘ			–၁၆ ။
တီ နဒ မ ဓဓဓဓဓ စုတိ ပဋိ ဘ ဘ	...	...	–၁၆ ။
တီ နဒ မ ဓဓဓဓဓ ရုံ ရုံ စုတိ ပဋိ ဘ	...	...	–၁၆ ။
တီ နဒ မ ဓဓဓဓဓ ဘ ဘ စုတိ ပဋိ ဘ	...	...	–၁၆ ။
တီ နဒ မ ဓဓဓဓဓ ရုံ ရုံ ဘ ဘ စုတိ ပဋိ ဘ	...	...	–၁၆ ။

ဤ၌ စက္ခဒွါရဝီထိမျှကိုသာ ပြထားသည်၊ ကြွင်းသောပဉ္စဒွါရဝီထိတို့ကိုလည်း နည်းတူပင် မှတ်ပါ။

'ဇော'အဆုံးရှိသော ပဉ္စဒွါရဝီထိဖြစ်လျှင် အတီတဘဝင်မှစ၍ စုတိတိုင်အောင် အာရုံအသက် စိတ္တက္ခဏ ၁၄–ချက်သာ ရှိသေးသည်၊ ပစ္ဆုပ္ပန်အာရုံ မချုပ်သေး၊ ပဋိသန္ဓေသစ်နှင့် ဘဝင် ၂–ကြိမ်တို့ ပစ္ဆုပ္ပန်အာရုံကိုပင် ဆက်လက်အာရုံပြုကြသည်၊ တတိယဘဝင်မှစ၍ နောက်နောက် ဘဝင်များကား အတိတ်ကိုသာ အာရုံပြုကြရတော့သည်။

တဒါရုံဆုံးသော ပဉ္စဒွါရဝီထိဖြစ်လျှင် စုတိတိုင်အောင် အာရုံအသက် ၁၆–ချက် ရှိခဲ့ပြီ၊ ပဋိသန္ဓေသစ်ကသာ ပစ္ဆုပ္ပန်ကို အာရုံပြုနိုင်တော့သည်၊ ဘဝင်စိတ်တို့မှာ အတိတ်ကိုသာ အာရုံပြုကြသည်။

'ဇော'အဆုံးရှိသော မနောဒွါရဝီထိဖြစ်လျှင် စုတိတိုင်အောင် အာရုံအသက် ၁၀–ချက်သာ ရှိသေးသည်၊ ပဋိသန္ဓေသစ်နှင့် ဘဝင် ၆–ကြိမ်တို့ ပစ္ဆုပ္ပန်ကို အာရုံပြုကြသည်။

"တဒါရုံ"ဆုံးသော မနောဒွါရဝီထိဖြစ်လျှင် ပဋိသန္ဓေသစ်နှင့် ဘဝင် ၄–ကြိမ်တို့ ပစ္ဆုပ္ပန်ကို အာရုံပြုကြသည်၊ 'ဇော ဘဝင်'နောင် စုတိကျသော ဝိထိ, တဒါရုံ ဘဝင်'နောင် စုတိကျသော ဝီထိတို့ကိုလည်း စိစစ်ကြည့်ပါ။

ကံအာရုံမူကား အတိတ်တစ်မျိုးသာတည်း၊ ယင်းအတိတ်ကံအာရုံကို မနောဒွါရဖြင့်သာ ယူအပ်၏၊ ပဋိသန္ဓေစိတ်သည် ကံကို အာရုံပြုသည့်အခါ မရဏာသန္နဇောက မနောဒွါရဖြင့် ယူပေးအပ်သော အတိတ်ကံကိုသာ အာရုံပြုသည်–ဟု ဆိုလိုသည်။

ထို "ကံ, ကမ္မနိမိတ်, ဂတိနိမိတ်"ဟူသော အာရုံအားလုံးတို့သည် ကာမအာရုံချည်းသာ ဖြစ်ကြသည်၊

http://www.dhammadownload.com

၉၃။ ပန–ကား၊ ရူပါဝစရူပဋိသန္ဓိယာ–ရူပါဝစရူပဋိသန္ဓေ၏၊ ပညတ္တိဘူတံ–ပညတ်ဖြစ်၍ဖြစ်သော၊ ကမ္မနိမိတ္တမေဝ–ကမ္မနိမိတ်သည်သာလျှင်၊ အာရမဏံ–အာရုံသည်၊ ဟောတိ–ဖြစ်၏။

၉၄။ တထာ–ထို့အတူ၊အရူပါဝစရူပဋိသန္ဓိယာစ–အရူပါဝစရူပဋိသန္ဓေစိတ်၏လည်း၊ မဟဂ္ဂတဘူတံ–မဟဂ္ဂုတ်ဖြစ်၍လည်းဖြစ်သော၊ ပညတ္တိဘူတဉ္စ–ပညတ်ဖြစ်၍လည်းဖြစ်သော၊ ကမ္မနိမိတ္တမေဝ–ကမ္မနိမိတ်သည်ပင်လျှင်၊ ယထာရဟံ–(ဒုတိယ စတုတ္ထ, ပထမ တတိယ, ပဋိသန္ဓေအလိုက်) ထိုက်သည်အားလျော်စွာ၊ အာရမဏံ–အာရုံသည်၊ ဟောတိ–ဖြစ်၏။

ဆဒ္ဒါရဂ္ဂဟိတံ ကမ္မနိမိတ်ကို ဆဒ္ဒါရဖြင့် ယူအပ်၏၊ ဂတိနိမိတ်ကိုကား ဖ–ခုမြောက်ဖြစ်သော မနောဒ္ဒါရဖြင့်သာ ယူအပ်၏။

ပစ္စုပ္ပန္နမတီတံ ကမ္မနိမိတ်သည် "ပစ္စုပ္ပန်, အတိတ်" ၂–မျိုးပင် ဖြစ်နိုင်သည်၊ ဂတိနိမိတ်မူကား ပစ္စုပ္ပန်တစ်မျိုးသာဖြစ်နိုင်သည်၊ ဤသို့ဖြစ်သင့်သည်အားလျော်စွာသာ စပ်ဟပ်ယူရမည်၊ ထိုထိုကျမ်းဂန်များ၌ ပြဆိုလေ့ရှိသော "ယထာသမ္ဘဝနည်း, ယထာလာဘနည်း" မျိုးပေတည်း၊ အကုန်လုံးခြုံ၍ ကောက်ချက်ချသော် –

၁။ ကံသည် အတိတ် ဓမ္မာရုံ မနောဒ္ဒါရိကဖြစ်၏၊

၂။ ကမ္မနိမိတ်သည် ပစ္စုပ္ပန်, အတိတ်ဖြစ်သော အာရုံ ဖ–ပါး ဆဒ္ဒါရိကဖြစ်၏၊

၃။ ဂတိနိမိတ်မူကား ပစ္စုပ္ပန် ရူပါရုံ မနောဒ္ဒါရိကဖြစ်၏။

ဤသို့ သဘောတရား ၃–ချက် ပေါ်ထွက်လာ၏။

ရူပပဋိသန္ဓေ၏အာရုံ

၉၃။ 'ရူပါဝစရူပဋိသန္ဓိယာ ပန' စသည်ကား ရူပပဋိသန္ဓေ၏အာရုံကို ပြသော စကားရပ်ပေတည်း။

ရူပါဝစရူပဋိသန္ဓေ၏ အာရုံကား ပညတ်ကမ္မနိမိတ်သာဖြစ်သည်၊ မှန်၏= ရူပါဝစရစျာန်သည် 'ကသိဏ်း, ပညတ်'စသည်ကို အာရုံပြုသည်၊ ရူပါဝစရစျာန်က ပဋိသန္ဓေ ကျိုးကို ပေးတော့မည်ဆိုပါလျှင် စုတေခါနီး၌ ရူပစျာန်၏အာရုံဖြစ်သော 'ကသိဏ်း, ပညတ်'စသည်တို့တွင် တစ်ပါးပါးသည် ကမ္မနိမိတ်အဖြစ်ဖြင့် ထင်လာရသည်၊ ထို့ကြောင့် စုတေ၏ အခြားမဲ့၌ ဖြဟ္မာ့ပြည်မှာဖြစ်သော ပဋိသန္ဓေစိတ်သည်လည်း ကသိဏ်းစသော ပညတ် ကမ္မနိမိတ်ကိုပင် ဆက်လက် အာရုံပြုသည်။

အရူပပဋိသန္ဓေ၏အာရုံ

၉၄။ 'တထာ အာရုပ္ပပဋိသန္ဓိယာ စ' စသည်ကား အရူပပဋိသန္ဓေ၏ အာရုံကို ပြသော စကားရပ်တည်း။

အရူပါဝစရူပဋိသန္ဓေ၏ အာရုံသည်လည်း ရူပါဝစရူပဋိသန္ဓေ၏ အာရုံကဲ့သို့ ကမ္မနိမိတ်ပင် ဖြစ်သည်၊ သို့သော် ရူပါဝစရူပဋိသန္ဓေ၏ ကမ္မနိမိတ်ကဲ့သို့ ပညတ် တစ်မျိုးတည်း မဟုတ်ပါ၊ မဟဂ္ဂုတ်ပညတ် ထိုက်သလိုပင်ဖြစ်ပါသည်။

http://www.dhammadownload.com

၉၅။ ပန–ကား၊ အသညသတ္တာနံ–အသညသတ်ဘုံသားတို့၏၊ ဇီဝိတနဝကမေဝ–ဇီဝိတနဝကကလာပ်သည်သာလျှင်၊ ပဋိသန္ဓိဘာဝေန–ပဋိသန္ဓေ၏အဖြစ်ဖြင့်၊ ပတိဋ္ဌာတိ–တည်၏၊ တသ္မာ–ထို့ကြောင့်၊ တေ–ထိုအသညသတ်ဘုံသားတို့သည်၊ ရူပပဋိသန္ဓိကာနာမ–ရုပ်ပဋိသန္ဓေရှိသူတို့မည်၏။

၉၆။ အာရုပ္ပာ–အရူပဘုံသားတို့သည်၊ အရူပပဋိသန္ဓိကာ–နာမ်ပဋိသန္ဓေရှိသူတို့တည်း။

၉၇။ သေသာ–ကြွင်းသောဘုံသားတို့သည်၊ ရူပါရူပပဋိသန္ဓိကာ–ရုပ်,နာမ်အစုံပဋိသန္ဓေရှိသူတို့တည်း။

၉၈။ အာရုပ္ပစုတိယာ–အာရုပ္ပစုတိမှ၊ ပရံ–နောက်၌၊ ဟေဋ္ဌိမာရုပ္ပဝဇ္ဇီတာ–အောက်အောက်အာရုပ္ပသည်ကြဉ်အပ်ကုန်သော၊ အာရုပ္ပသန္ဓိစ–အာရုပ္ပပဋိသန္ဓေတို့သည်

မှန်၏= ဝိညာနဉ္စာယတနပဋိသန္ဓေနှင့် နေဝသညာနာသညာယတနပဋိသန္ဓေ၏ အာရုံသည် အစဉ်အတိုင်း "ပထမာရုပ္ပဝိညာဉ်, တတိယာရုပ္ပဝိညာဉ်"ဟူသော မဟဂ္ဂုတ် ကမ္မနိမိတ် ဖြစ်သည်၊ အာကာသာနဉ္စာယတနပဋိသန္ဓေနှင့် အာကိဉ္စညာယတနပဋိသန္ဓေ၏ အာရုံသည် အစဉ်အတိုင်း "ကောင်းကင်ပညတ်နှင့်နတ္ထိဘောပညတ်" ကမ္မနိမိတ်ဖြစ်သည်၊ ဤကား 'ယထာရဟ=ထိုက်သည်အားလျော်စွာ' ဖြစ်ပုံတည်း။

ရုပ်နာမ်ပဋိသန္ဓေ ခွဲခြားချက်

'အသညသတ္တာနံ ပန' အစရှိသော စကားရပ်သည် ရုပ်ပဋိသန္ဓေနေသူ, နာမ်ပဋိသန္ဓေနေသူ' စသည်တို့ကို ပိုင်းခြားသတ်မှတ်ပြသော စကားရပ်ဖြစ်သည်။

၉၅။ အသညသတ်ဘုံသား ဗြဟ္မာများသည် ဇီဝိတနဝက ရုပ်ကလာပ်ဖြင့် ပဋိသန္ဓေနေကြရသည်၊ ထို့ကြောင့် ရုပ်ပဋိသန္ဓေ နေသူတို့မည်၏။

၉၆။ အရူပဘုံသား ဗြဟ္မာများသည် နာမ်ပဋိသန္ဓေနေသူတို့ မည်၏။

၉၇။ ကြွင်းသော ကာမဘုံသား ရူပဘုံသား ပုဂ္ဂိုလ်များသည် ရုပ်,နာမ်အစုံ ပဋိသန္ဓေနေသူတို့ မည်၏။

ထို့ကြောင့် အသညသတ်ဘုံကို "ဧကဝေါကာရဘုံ"ဟုလည်းကောင်း၊ အရူပဘုံကို "စတုဝေါကာရဘုံ"ဟုလည်းကောင်း၊ ကြွင်းသော ကာမ, ရူပ ၂၆–ဘုံကို "ပဉ္စဝေါကာရဘုံ"ဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲကြသည်။ (ဧက–တစ်ပါး+ဝေါကာရ–ခန္ဓာ၊ စတု–လေးပါး၊ ပဉ္စ–ငါးပါး။)

"ရုပ်ခန္ဓာ တစ်ပါးသာရှိသောဘုံကို ဧကဝေါကာရဘုံ, နာမ်ခန္ဓာလေးပါးရှိသောဘုံကို စတုဝေါကာရဘုံ, ရုပ်–နာမ်အစုံ ခန္ဓာ ငါးပါးရှိသောဘုံကို ပဉ္စဝေါကာရဘုံ" ခေါ်သည်–ဟု ဆိုလိုပါသည်။

စုတိနောင် ပဋိသန္ဓေ

၉၈။ 'အာရုပ္ပစုတိယာ'စသော ဂါထာသည် ထိုထိုစုတိ၏နောက်၌ ဖြစ်သင့်သော ပဋိသန္ဓေတို့ကို အကျဉ်းချုပ်ပြသော ဂါထာဖြစ်သည်။

http://www.dhammadownload.com

လည်းကောင်း၊ တထာ–ထိုမှတစ်ပါး၊ ကာမတိဟေတုကာ–ကာမတိဟိတ်ပဋိသန္ဓေတို့သည် လည်းကောင်း၊ ဟောန္တိ–ဖြစ်ကုန်၏။

ရူပါဝစရစုတိယာ–ရူပါဝစရစုတိမှ၊ ပရံ–နောက်၌၊ အဟေတုရဟိတာ–အဟိတ်ပဋိသန္ဓေမှ တစ်ပါးသော ပဋိသန္ဓေတို့သည်၊ သိယုံ–ဖြစ်ကုန်၏၊ ကာမတိဟေတုမှာ–ကာမတိဟိတ်စုတိမှ၊ ပရံ–နောက်၌၊ သဗ္ဗာ–အလုံးစုံသော ပဋိသန္ဓေတို့သည်၊ သိယုံ–ကုန်၏၊ ကွတရာပန–ဆိုခဲ့ပြီးသည်မှ တစ်ပါးသော ကာမအဟိတ်, ဒွိဟိတ်စုတိမှကား၊ ပရံ–၌၊ ကာမေသွေဝ–ကာမ ၁၁–ဘုံတို့၌သာလျှင်၊ သိယုံ–ဖြစ်ကုန်၏။

အယံ–ဤဆိုအပ်ပြီးသော စကားရပ်သည်၊ ဇတ္ထ–ဤဝိထိမုတ္တသင်္ဂဟ၌၊ စုတိပဋိသန္ဓိက္ကမော–စုတိ, ပဋိသန္ဓေအစဉ်ကိုပြသောစကားတည်း။

အာရုပ္ပစုတိ ၄–ခုမှနောက်၌ အောက်အောက်သော အာရုပ္ပကြဉ်သော အာရုပ္ပပဋိသန္ဓေ ၄–ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄–ပါး၊ ပေါင်း ၈–ပါး ဖြစ်နိုင်သည်။

အထက်အထက်အရူပဘုံသို့ရောက်ပြီးသောသူသည် ရူပစျာန်နှင့် အောက်အောက်အရူပစျာန်တို့ကို အားမထုတ်ကြတော့ပါ၊ ထို့ကြောင့် ရူပဘုံနှင့်အောက်အောက်အရူပဘုံတို့၌ ပြန်မဖြစ်တော့ပါ၊ မိမိဖြစ်ရာဘုံ၌ကား ထပ်၍ဖြစ်နိုင်ပါသေးသည်။

ရူပါဝစရစုတိ ၅–ခုမှနောက်၌ သဟိတ်ပဋိသန္ဓေ ၁၇–ပါး ဖြစ်နိုင်သည်၊ အသညသတ်ရုပ်စုတိမှနောက်၌ကား ကာမဒွိဟိတ်, တိဟိတ်ပဋိသန္ဓေ ၈–ပါးသာဖြစ်နိုင်သည်။

ကာမတိဟိတ်စုတိ ၄–ခုမှနောက်၌ ရုပ်ပဋိသန္ဓေနှင့်တကွ ပဋိသန္ဓေ ၂၀–လုံးပင် ဖြစ်နိုင်ပါသည်။

ကာမဒွိဟိတ်, အဟိတ်စုတိ ၆–ခုမှ နောက်၌ကား ကာမပဋိသန္ဓေ ၁၀–ပါးသာ ဖြစ်နိုင်ပါသည်။

ဤစကားသည် ပုထုဇဉ်, အရိယာမခွဲခြားဘဲ သာမညဆိုထားသော စကားမျှသာဖြစ်သည်၊ အရိယာဖြစ်ပြီးသော ဗြဟ္မာတို့သည် အထက်အထက်ဖြစ်သောဘုံမှ အောက်အောက်ဘုံ၌ ဖြစ်ရိုးမရှိပါ၊ ထိုဘဝ၌ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို မရသေးပါက မိမိဖြစ်ဆဲဖြစ်သော ဘုံနှင့် အထက်အထက်ဖြစ်သော ဘုံများ၌သာ ဖြစ်နိုင်ပါတော့သည်၊ ဘဝသီသ ဘဝဂ္ဂ၌ ဖြစ်နေသော ပုဂ္ဂိုလ်များကား အခြားဘုံသို့ပင် ပြောင်း၍ မဖြစ်တော့ပါ၊ ထိုတွင်လည်း အကနိဋ္ဌဘုံ၌ဖြစ်သော ဗြဟ္မာသည် မိမိဘုံ၌ပင် ပြန်၍မဖြစ်တော့ပါ။

ဂါထာကညွန်ပြထားသည့်အတိုင်း ဇယားသဘောဖြင့် အသေးစိတ်ထပ်၍ သရုပ်ခွဲပြပါဦးမည်၊ ကြေညက်အောင် အပြန်ပြန်အလှန်လှန် သရုပ်ခွဲထားစေလိုပါသည်။

http://www.dhammadownload.com

ထိုထိုစုတိနောက်၌ ဖြစ်သင့်သော ပဋိသန္ဓေ

	ပဋိသန္ဓေ – ၂၀ ဝိတ္ထိ ၅	အရူပစုတိ ၄				ရူပစု ၆		ကာစု ၁၀		ပဋိသေ်ပင်း
		အာကာသာနဉ္စာယတနဝိညာဏဉ္စာယတန	အာကိဉ္စညာယတနနေဝသညာနာသညာယတန	ဝိညာဏဉ္စာယတန	နေဝသညာနာသညာယတန	ဣတ္ထိဘာဝဒသက	ပုရိသဘာဝဒသက	ဣတ္ထိဘာဝဒသက	ပုရိသဘာဝဒသက	
အရူပဝိပါက်	အာကာသာနဉ္စာယတန ပဋိ ၁	။				။		။		၁၀
	ဝိညာနဉ္စာယတန ပဋိ ၁	။	။			။		။		၁၁
	အာကိဉ္စညာယတန ပဋိ ၁	။	။	။		။		။		၁၂
	နေဝသညာနာသညာယတနပဋိ ၁	။	။	။	။	။		။		၁၃
ဒွိပဉ္စဝိပါက်	ရူပါဝစရ ပဋိ ၅					။		။		၉
	အသညသတ်ရုပ် ပဋိ ၁							။		၄
ကာမဝိပါက်	ကာမတိဟိတ် ပဋိ ၄	။	။	။	။	။	။	။	။	၂၀
	ဒွိဟိတ် ပဋိ ၄					။	။	။	။	၁၆
	အဟိတ် ပဋိ ၂							။	။	၁၀
	ပဋိသန္ဓေပေါင်း	၈	၇	၆	၅	၁၇	၈	၂၀	၁၀	

ဃောဃ အပေါ်နှင့်အောက်ကို ရှုလျက်–

"အာကာသာနဉ္စာယတနစုတိ၏ နောက်၌ အရူပပဋိသန္ဓေ ၄–ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄–ပါး၊ ပေါင်း ၈–ပါးသော ပဋိသန္ဓေတို့ဖြစ်နိုင်ကြသည်။

ဝိညာနဉ္စာယတနစုတိ၏ နောက်၌ ဝိညာနဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတနပဋိသန္ဓေ၊ ကာမတိဟိတ်ပဋိသန္ဓေ ၄–ပါး၊ ပေါင်း ၇–ပါးသော ပဋိသန္ဓေတို့ ဖြစ်နိုင်ကြသည်"စသည်ဖြင့် ဃောဃကုန်အောင်ဆိုပါ။

ဃောဃ၌ လက်ဝဲ,လက်ျာကိုရှုလျက်–

"အာကာသာနဉ္စာယတနပဋိသန္ဓေ၏ ရှေ့၌ အာကာသာနဉ္စာယတနစုတိ ၁–ခု၊ ရူပစုတိ ၅–ခု၊ ကာမတိဟိတ်စုတိ ၄–ခု၊ ပေါင်း ၁၀–ပါးသော စုတိတို့ဖြစ်နိုင်ကြသည်။

ဝိညာနဉ္စာယတနပဋိသန္ဓေ၏ ရှေ့၌ အာကာသာနဉ္စာယတနစုတိ ၁–ခု၊ ဝိညာနဉ္စာယတနစုတိ ၁–ခု၊ ရူပစုတိ ၅–ခု၊ကာမတိဟိတ်စုတိ ၄–ခု၊ ပေါင်း ၁၁–ခုသော စုတိစိတ်တို့ ဖြစ်နိုင်ကြသည်၊"စသည်ဖြင့် ဃောဃကုန်အောင်ဆိုပါ၊ သဘောဉာဏ်သက်ဝင်အောင် လေ့လာပါ။

http://www.dhammadownload.com

ဘဝင်နှင့်စုတိ ဖြစ်ပုံ

၉၉။ ကုစ္ဆော်–ဤဆိုအပ်ပြီးသော နည်းဖြင့်၊ ဂဟိတပဋိသန္ဓိကာနံ–ယူအပ်ပြီးသော ပဋိသန္ဓေ ရှိသူတို့၏၊ ပဋိသန္ဓိနိရောဓာနန္တရတော–ပဋိသန္ဓေစိတ် ချုပ်ခြင်း၏ အခြားမဲ့မှ၊ ပဘုတိ–စ၍၊ တမေဝါရမဏ်–ထိုပဋိသန္ဓေစိတ်၏ အာရုံကိုပင်၊ အာရဗ္ဘ–အာရုံပြု၍၊ တဒေဝ စိတ္တံ–ထိုပဋိသန္ဓေစိတ်သည်ပင်၊ ယာဝစုတိစိတ္တုပ္ပာဒါ–စုတိစိတ်ဖြစ်ရာကာလတိုင်အောင်၊ ဝီထိစိတ္တုပ္ပာဒေ–ဝီထိစိတ်ဖြစ်ခြင်းသည်၊ အသတိ–မရှိလသော်၊ ဘဝဿ–ဘဝ၏၊ အင်္ဂ ဘာဝေန–အကြောင်း၏ အဖြစ်ကြောင့်၊ ဘဝင်္ဂသန္တတိသဒ်္ဒါတံ–ဘဝင်အစဉ်ဟု ဆိုအပ်သော၊ မာနသံ–စိတ်သည်၊ အဗ္ဗောစ္ဆိန်နံ–မပြတ်မစဲ၊ နဒီသောတောဝိယ–မြစ်ရေအလျဉ်ကဲ့သို့၊ ပဝတ္တတိ–ဖြစ်၏။

၁၀၀။ ပရိယောသာနေ စ–ဘဝအဆုံး၌လည်း၊ စဝနဝသေန–ရွှေ့လျောခြင်း၏ အစွမ်းဖြင့်၊ စုတိစိတ္တံ–စုတိစိတ်သည်၊ ဟုတွာ–ဖြစ်၍၊ နိရုဇ္ဈတိ–ချုပ်၏။

သံသရာစက် လည်ပုံ

၁၀၁။ တတော–ထိုစုတိစိတ်မှ၊ ပရဉ္စ–နောက်၌လည်း၊ ပဋိသန္ဓာဒယော–ပဋိသန္ဓေ အစရှိသောစိတ်တို့သည်၊ ရထစက္ကမိဝ–ရထားစက်ဘီးသည်ကဲ့သို့၊ ယထာက္ကမံဧဝ–

၉၉။ "ကုစ္ဆော် ။ ပ ။ နိရုဇ္ဈတိ"ဟူသော စကားရပ်သည် ဘဝင်စိတ်နှင့် စုတိစိတ်ဖြစ်ပုံကို ပြသောစကားရပ်ဖြစ်သည်။

ဆိုခဲ့ပြီးသောနည်းဖြင့် ပဋိသန္ဓေ နေသူတို့မှာ ပဋိသန္ဓေစိတ် ချုပ်ပြီးသည်၏ အခြားမဲ့၌ ထို ပဋိသန္ဓေစိတ်နှင့် အလားတူစိတ်သည်ပင်လျှင် စုတိစိတ် မဖြစ်မီ အတွင်း၌ (ပဋိသန္ဓေနှင့် စုတိကြားမှာ) ဝီထိစိတ် မဖြစ်ခဲ့ပါလျှင် အကြိမ်ပေါင်းများစွာ ဆက်၍ မြစ်ရေအလျဉ်စီးသကဲ့သို့ ဘဝင်ကိစ္စတပ်လျက်ဖြစ်သည်၊ ပဋိသန္ဓေစိတ်၏ အာရုံကိုပင် အာရုံပြုသည်၊ ဘဝ၏ အကြောင်းဖြစ်သောကြောင့် ဘဝပြတ်အောင် ဆက်စပ်ပေးတတ်သောကြောင့် ထိုစိတ်ကို "ဘဝင်စိတ်"ဟု ခေါ်ရသည်။

၁၀၀။ ဘဝအဆုံးမှာလည်း ထိုပဋိသန္ဓေစိတ်နှင့် အလားတူစိတ်သည်ပင်လျှင် စုတိကိစ္စတပ်၍ ချုပ်သည်၊ ပဋိသန္ဓေစိတ်၏ အာရုံကိုပင်အာရုံပြုသည်။

တစ်ဘဝ၌ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် တစ်မျိုးတည်းသာဖြစ်၍ အာရုံတစ်မျိုးတည်းကိုပင် အာရုံပြုကြသည်–ဟု ဆိုလိုသည်၊ ပဋိသန္ဓိစတုက္ကဿ အဆုံး၌–

"ပဋိသန္ဓိဘဝင်္ဂ , တထာ စဝနမာနသံ၊
ဧကမေဝ တထေဝေက–ဝိသယဇ္ဈေကဇာတိယံ။"

ဟူသော စကားကိုလည်းဆိုခဲ့ပါပြီ။

၁၀၁။ 'တတော ပရဉ္စ' အစရှိသော စကားရပ်သည် သံသရာစက် လည်ပုံကို ပြသော စကားရပ်ဖြစ်သည်။

http://www.dhammadownload.com

အစဉ်အားလျော်စွာသာလျှင်၊ ပရိဝတ္တန္တာ–အဆက်ဆက် လည်ကုန်လျက်၊ ပဝတ္တန္တိ–ဖြစ်ကုန်၏။

၁၀၂။ ကုဟ–ဤပစ္စုပ္ပန်ဘဝ၌၊ ပဋိသန္ဓိ ဘဝင််ဝီထိယော–ပဋိသန္ဓေ, ဘဝင်, ဝီထိစိတ်တို့သည်လည်းကောင်း၊ စုတိစ–စုတိစိတ်သည်လည်းကောင်း၊ ပရိဝတ္တတိ ယထာ–ဆက်ကာဆက်ကာဖြစ်သကဲ့သို့၊ တထာ–ထို့အတူ၊ ဘဝန္တရေ–ဘဝတစ်ပါး၌၊ ပုန–တစ်ဖန်၊ သန္ဓိ ဘဝင််ံ ဤတိ–ပဋိသန္ဓေ, ဘဝင်အစရှိသော၊ အယံစိတ္တသန္တ တိ–ဤစိတ်အစဉ်သည်၊ ပရိဝတ္တတိ–ဆက်ကာဆက်ကာဖြစ်၏။ ['ဤတိ' သဒ္ဒါသည် အာဒျတ္ထ။]

သံသရာစက် ပြတ်ပုံ

ပန–သံသရာစက်အလည်ရပ်ပုံကို ပြဦးအံ့၊ ဗုဓာ–ပညာရှိတို့သည်၊ စိရာယ–ကြာမြင့်စွာသော ကာလပတ်လုံး၊ သုဗ္ဗတာ–ကောင်းသောအကျင့်ရှိကြကုန်သည်ဖြစ်၍၊ ဧတံ–အဆက်မပြတ် လည်ပတ်တွင်တွင် ဤစိတ်,စေတသိက်အစဉ်ကို၊ အဒ္ဓုဝံ–ဖြစ်ချည်ပျက်ချည် အမြဲမတည်ပါတကားဟူ၍၊ ပဋိသင်္ခါယ–ဉာဏ်ဖြင့်ထင်မြင် ရှုဆင်ခြင်ကုန်လတ်သော်၊ အစ္ဆုတံ–ပျက်စီးခြင်းကင်း စုတေခြင်းမရှိသော၊ ပဒံ–နိဗ္ဗာန်ကို၊ အဓိဂန္တွာ– မဂ်ဖိုလ်နှစ်တန်

စုတိစိတ် ချုပ်ပြီးသည်နောက် "ပဋိသန္ဓေ, ဘဝင်, စုတိ"ဟူသော စိတ်တို့သည် ရထားလှည်းဘီးစက်ပမာ ဆက်ကာဆက်ကာလည်လျက် ဖြစ်နေကြတော့သည်။

ရဟန္တာဖြစ်၍ နိဗ္ဗာန်ကိုရသည့်အခါကျမှသာ အလည်ရပ်ပါလိမ့်မည်၊ အလည်ရပ်ပုံကို နောက်၌ ပြထားပါသည်။

၁၀၂။ 'ပဋိသန္ဓိဘဝင််ဝီထိယော' အစရှိသော ဂါထာသည်လည်း သံသရာစက် လည်ပုံကိုပင် ပြလျက် "ဝီထိပိုင်း, ဝီထိမုတ်ပိုင်း" ၂–ပိုင်းလုံးကို နိဂုံးအုပ်သောဂါထာ ဖြစ်သည်။

ဤဘဝင်၌ ပဋိသန္ဓေ, ဘဝင်, ဝီထိ, စုတိစိတ်များ ဆက်ကာဆက်ကာ ဖြစ်သကဲ့သို့ နောက်ဘဝင်၌လည်း "ပဋိသန္ဓေ, ဘဝင်, ဝီထိ, စုတိ"ဟူသော ဤစိတ်အစဉ်သည် ဆက်ကာဆက်ကာ ဖြစ်ရပြန်တော့သည်။

'ပဋိသင်္ခါယ' အစရှိသော ဂါထာသည် သံသရာစက် အလည်ရပ်ပုံကို ပြသောဂါထာ ဖြစ်သည်။

သံသရာစက် အလည်ရပ်စေလိုလျှင်–

၁။ ဗုဓာ= တိဟိတ်ပဋိသန္ဓေနှင့် နေခဲ့ရသည့် တိဟိတ်ပုဂ္ဂိုလ် ဖြစ်စေရမည်၊

၂။ စိရာယသုဗ္ဗတာ= ကြာရှည်လေးမြင့် သီလကို စောင့်ထိန်းသူ, ခုတင်ဆောက်တည်သူ, သမထလုပ်ငန်းကို လုပ်နေသူ ဖြစ်စေရမည်၊

၃။ ပဋိသင်္ခါယ ပနေတမဒ္ဓုဝံ= "ပဋိသန္ဓေ, ဘဝင်, စုတိ"ဟု အဆက်မပြတ်လည်ပတ်နေသော စိတ်,စေတသိက်တို့ကို "ဖြစ်ချည်ပျက်ချည် အမြဲတည်တံ့မှု မရှိသော

http://www.dhammadownload.com

မှန်ကန်စွာ မျက်မှောက်ပြုခြင်းကြောင့်၊ သုသမုဒ္ဓိန္နသိနေဟ ဗန္ဓနာ–ကုန်ခန်း ပျက်ပျောက်ဖြတ်တောက်အပ်ပြီး တဏှာတည်းဟူသော အစေးအဖွဲ့ ရှိကြကုန်သည်ဖြစ်၍၊ သမံ–၅–ပါးခန္ဓာ ငြိမ်းရာမရွှေတ် နိဗ္ဗာန်မာတ်သို့၊ ဿန္တိ–ရောက်ကြရကုန်လတ္တံ့။

အဘိဓမ္မတ္ထသင်္ဂဟ–၌၊ ဝီထိမုတ္တသင်္ဂဟဝိဘာဂေါနာမ–ဝီထိမုတ္တသင်္ဂဟ ဝိဘာဂ မည်သော၊ ပဋ္ဌမော–၅–ခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ ပ်ရိစ္ဆေဒေါ–အပိုင်းသည်၊ ဣတိ–ပြီးပြီ။

အနိစ္စတရားပါတကား"ဟု ဝိပဿနာဉာဏ်ဖြင့် အနိစ္စလက္ခဏာ ထင်အောင် ရှုရမည်၊

၄။ အဓိဂန္ဆာ ပဒမစ္ဆုတံ= ယင်းသို့ ရှုဆင်ခြင်သည်ရှိသော် လက္ခဏာတွေ့ ထင်လျက် ရွှေ့လျောပျက်စီးခြင်းသဘောမရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်ပါလိမ့်မည်။

၅။ သုသမုဒ္ဓိန္နသိနေဟဗန္ဓနာ သမမေဿန္တိ= ယင်းသို့ မဂ်စိတ်, ဖိုလ်စိတ်များ ဖြစ်ပေါ်လာသည့်အတွက် တဏှာကုန်ခန်း၍ အနုပါဒိသေသနိဗ္ဗာနဓာတ်သို့ ဧကန်ရောက်ရပါလိမ့်မည်၊ နောက်ဖြစ်စရာ ပဋိသန္ဓေလည်း မရှိတော့ပါ၊ ယင်းသို့ ပဋိသန္ဓေမရှိသည့်အတွက် သံသရာစက်လည်း အလည်ရပ်ရလေတော့သည်။

ဤလမ်းစဉ် ၅–ချက်ကို လက်တွေ့ကျင့်သုံးကြည့်ပါ။

လေ့ကျင့်ခန်း မေးခွန်းများ

၁။ အပါယဘူမိ–ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသစကားရပ်လာ ဘုံများ၏ သဘောကို ပြပါ။

၂။ ကာမသုဂတိဘုံ, ကာမဘုံတို့၏ သရုပ်ကို အကိုးသာဓကနှင့်တကွ ဖော်ထုတ်ပြပါ။

၃။ ရူပါဝစရဘူမိ သောဠသဝိဓာ ဟောတိ–၌ သောဠသ၏ သရုပ်ကို ရေတွက်ပြပါ။

၄။ သုဒ္ဓါဝါသဘုံ၌ မရသင့်သောပုဂ္ဂိုလ်, ရသင့်သောပုဂ္ဂိုလ်များကို ပါဠိအကိုး သာဓက ထိုး၍ ပြပါ။

၅။ အသညသတ်ဘုံ, အပါယ်ဘုံတို့၌ အရိယာပုဂ္ဂိုလ်တို့ကို မရ–ဟုဆိုထားရာ ပုထုဇဉ် ၄–ယောက်လုံးကို ရသည်–ဟု ယူရမည်လော၊ အဘယ်သို့ ယူသင့်ပါသနည်း၊ ယုံမှားဖွယ်ဟကင်းစင်ပအောင် ရှင်းလင်းပြပါ။

၆။ သေသဒ္ဓာနေသု လဒ္ဓန္တိ အရိယာ နရိယာဝိ စ–ဝယ် အကြောင်းလုံလောက်အောင်ပြ၍ ဖြစ်သင့်သည်အားလျော်စွာ ဘုံနှင့်ပုဂ္ဂိုလ်တို့ကို တွဲစပ်ပြပါ။

၇။ ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်တို့၏ ဖြစ်ရာဘုံများကို အသီးအသီး ရေတွက်ပြပါ။

http://www.dhammadownload.com

၈။ ပုဂ္ဂိုလ်အပြား ဝါကရား–ဟု ရှေးဆရာများ အဆိုပြုထားရာ ဝါကရား၏ အရကို ပိုင်နိုင်စွာ ရေတွက်ပြပါ။

၉။ ကာမာဝစရပဋိသန္ဓေ, ရူပါဝစရပဋိသန္ဓေ, အရူပါဝစရပဋိသန္ဓေတို့ကို ပြည့်ပြည့်ဝဝ အသီးအသီး ရေတွက်ပြပါ။

၁၀။ ဇစ္စန္ဓာဒီနံ မနုဿာနဏ္ဍော–၌ "အာဒိ"သဒ္ဒါဖြင့် ယူသင့်သောပုဂ္ဂိုလ်များကို စုံစုံလင်လင် ဖော်ထုတ်ပြပါ။

၁၁။ အသက်တမ်းကို အတိအကျသတ်မှတ်၍ မဖြစ်နိုင်သော ပုဂ္ဂိုလ်များကို အကြောင်းခိုင်လုံစွာ ဖြေရှင်းပြပါ။

၁၂။ ယာမာနတ်သက်ကို ယာမာနတ်တို့၏ အရေအတွက်အားဖြင့်လည်းကောင်း, လူတို့၏ အရေအတွက်အားဖြင့်လည်းကောင်း သေချာစွာ ရေတွက်ပြပါ။

၁၃။ တတော စတုဂ္ဂဏ်–၌ ၄–ဆတက်ရပုံကို သိသာရုံမျှ ပြခဲ့ပါ။

၁၄။ ကပ္ပဿ တတိယော ဘာဂေါ–စသည်၌ပါသော "ကပ္ပ"သဒ္ဒါ, ဒွေကပ္ပာနိ စသည်၌ပါသော "ကပ္ပ"သဒ္ဒါတို့၏ ထူးခြားချက်ကို အကြောင်းထည့်စွက်၍ ပြပါ။

၁၅။ အာကိဉ္စညာယတနဗြဟ္မာတို့၏ ပဋိသန္ဓေနှင့် အသက်တမ်းကို ပြပါ။

၁၆။ တစ်ဘဝ၌ အမျိုးအစားတူ, အာရုံတူသော စိတ်များကို ဖော်ထုတ်ပြပါ။

၁၇။ ပါကဒါနပရိယာယက် ၄–မျိုးတို့၏ အဓိပ္ပာယ်ကို ပြပါ။

၁၈။ အကျိုးပေးရာကာလနှင့်နီးနွယ်နေသော က် ၄–ပါးတို့၏ သဘောသွားနှင့် အရကောက်တို့ကို ပြပါ။

၁၉။ ဒွါရသင်္ဂဟ၌လာသော ကာယဒွါရ, ကာယဒွါရ ဗာဟုလ္လဝုတ္တိတောဒ္ဒါလာသော ကာယဒွါရတို့၏ ထူးခြားပုံကို သာဓကသွင်း ရှင်းပြပါ။

၂၀။ ဒွါရသင်္ဂဟလာ မနောဒွါရ, မနသ္မိံယေဝ ဗာဟုလ္လဝုတ္တိတော–လာ မနောဒွါရတို့၏ ထူးခြားချက်ကို ပြပါ။

၂၁။ ကာယက် ၃–ပါး, ဝစီက် ၄–ပါး, မနောက် ၃–ပါးတို့ကိုပင် မည်ကဲ့သို့ ခေါ်ဝေါ်ကြသေးသည်ကို အကြောင်းထည့်သွင်း ရှင်းလင်းပြပါ။

၂၂။ လောဘမူလရှိသောစိတ်ကြောင့်သာ ဖြစ်သောတရား၊ လောဘမူလ, လောဘမူလရှိသော စိတ်ကြောင့် ဖြစ်သောတရားတို့ကို အကြောင်းနှင့်တကွ ပြပါ။

၂၃။ အဘယ်တရားများကို အဘယ်အကြောင်းကြောင့် ကုသလကမ္မပထတရား, သုစရိုက်တရားဟု ခေါ်ရပါသနည်း။

၂၄။ ပုညကြိယဝတ္ထုတို့၏ သရုပ်ကိုပြ၍ ၄င်းတို့ကို ပုညကြိယဝတ္ထု–ဟု ခေါ်ရခြင်း၏ အကြောင်းကိုလည်း ပြပါ။

၂၅။ ပုညကြိယဝတ္ထု ၁၀–ပါးက "ဒါန, သီလ, ဘာဝနာ"ဟု ၃–ပါးမျှသာ ဖြစ်လာရပုံကို အကြောင်းထည့်သွင်း ရှင်းလင်းပြပါ။

http://www.dhammadownload.com

၂၆။ ရူပါဝစရကုသိုလ်ကံသည် အဘယ်ကံမျိုးဖြစ်၍ အဘယ်နှစ်ပါး ပြားကြောင်းကို အကိုး သာဓကနှင့်တကွ ပြခဲ့ပါ။

၂၇။ အကုသိုလ်ကံတို့၏ ပဋိသန္ဓေကျိုးပေးပုံ, ပဝတ္တိကျိုး ပေးပုံတို့ကို ပြည့်စုံအောင် ပါဠိ အထောက်အထားနှင့်တကွ ပြပါ။

၂၈။ ကာမာဝစရကုသိုလ်ကံ၏ ပဋိသန္ဓေအကျိုးပေးပုံ, ပဝတ္တိအကျိုးပေးပုံကို ပါဠိအထောက် အထားနှင့်တကွ ပြည့်စုံအောင် ပြပါ။

၂၉။ ရူပါဝစရဗြဟ္မာများ မိမိဖြစ်ရာဘုံ၌ အသက်ရှိနေသမျှ ကောင်းသောအာရုံကို တွေ့ရ, မြင်ရ, ချမ်းသာစွာ နေရသည်မှာ အဘယ်ကံကြောင့် ဖြစ်ပါသနည်း၊ သာဓကသွင်း ရှင်းလင်းပြပါ။

၃၀။ အပါယ်ဘုံသား ခွေး, နွား–စသောသတ္တဝါတို့သည် ရံခါကောင်းသောအာရုံနှင့် တွေ့ကြုံရ၍, ရံခါ မကောင်းသောအာရုံနှင့် တွေ့ကြုံရသည်မှာ အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း၊ သာဓကသွင်း ရှင်းလင်း ဖြေဆိုခဲ့ပါ။

၃၁။ တိဟိတ်ကုသိုလ်, ဒွိဟိတ်ကုသိုလ်, ဥက္ကဋ္ဌကုသိုလ်, ဩမကကုသိုလ်တို့၏သဘောကို သိသာ ရုံမျှ ရှင်းလင်းပြပါ။

၃၂။ ဝိထိပိုင်း ပဋ္ဌလဘေဒ၌ "သုဂတိအဟိတ်ပုဂ္ဂိုလ်တို့မှာ ဉာဏသမ္ပယုတ်ဝိပါက်မျှကိုသာ မရ, ဉာဏဝိပ္ပယုတ်ဝိပါက်ကိုကား ရ၏"ဟု ဆိုထားသဖြင့် သုဂတိအဟိတ် ပုဂ္ဂိုလ်တို့မှာ သဟိတ်ဝိပါက်တို့ကို မရနိုင်ဟူသောဝါဒကို အရှင်အနုရုဒ္ဓါဆရာ "ပယ်–မပယ်" အကိုး သာဓကပြ ရှင်းလင်းပြပါ။

၃၃။ "ဒွိဟေတုကမောမကံ ပန ကုသလံ အဟေတုကမေဝ ပဋိသန္ဓိ· ဒေတိ၊ ပဝတ္တေ စ အဟေတုကဝိပါကာနေဝ ဝိပစ္စတိ"ဟု ဆိုထားရာ ဝိထိပိုင်း ပဋ္ဌလဘေဒစကားကို ထောက်ဆပါက အဘယ်သို့ ဖြစ်သင့်ပါသနည်း။

၃၄။ "အသင်္ခါရိကကုသိုလ်ကံက သသင်္ခါရိကအကျိုးကို မပေး၊ သသင်္ခါရိကကုသိုလ်ကံကလည်း အသင်္ခါရိကအကျိုးကို မပေး"ဟူသော ဝါဒကို အရှင်အနုရုဒ္ဓါဆရာ "လက်ခံ–မခံ" သာဓကပြ၍ ဆုံးဖြတ်ခဲ့ပါ။

၃၅။ အဘယ်စျာန်မျိုးကို "ပရိတ္တ, မဇ္ဈိမ, ပဏီတ"ဟု ခေါ်ရကြောင်းကို ရှင်းလင်းပြပါ။

၃၆။ အာဘဿရဗြဟ္မာတို့၌ အဘယ်စျာန်ကို အဘယ်ပုံပွားများ၍ ဖြစ်ကြရပါသနည်း၊ သာဓက နှင့်တကွ ပြပါ။

၃၇။ အဘယ်ကံကို အဘယ်ပုံပွားများက အပွမာဏသုဘာဘုံ၌ ဖြစ်ရပါသနည်း၊ သာဓကသွင်း ရှင်းလင်းပြပါ။

၃၈။ "အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပပဇ္ဇန္တိ"ဟု ဆိုထားရာ အမှတ်မဲ့ ဖြစ်လိုရာဘုံမှာ ဖြစ်ကြရပါသလော၊ အဘယ်နည်းအဘယ်ပုံ ဖြစ်ကြရပါသနည်း၊ သေချာတိကျ သတ်မှတ် ပြပါ။

http://www.dhammadownload.com

၃၉။ (က) တူသောအကျိုးကို ပေးသောက်၊ (ခ) မတူသောအကျိုးကို ပေးသောက်၊ (ဂ) တူသောအကျိုး မတူသောအကျိုးကို ပေးသောက်တို့ကို ဝေဖန်ပြပါ။

၄၀။ စတုတ္ထစျာန်ကို ပဏီတစျာန်ဖြစ်အောင် ပွားများပါလျှင် အဘယ်ဘုံမှာ ဖြစ်ရပါသနည်း၊ အကိုးသာဓကသွင်း ရှင်းလင်းပြပါ။

၄၁။ အဘယ်စျာန်ကို အဘယ်ပုံ ပွားများလျှင် အသညသတ်ဘုံ၌ အဘယ်ဖြင့် ပဋိသန္ဓေနေရ၍ အဘယ်မျှ အသက်ရှည်ကြောင်းကို သာဓကသွင်း ရှင်းလင်းဖြေဆိုခဲ့ပါ။

၄၂။ သေခါနီးမှာ ကံအာရုံ ထင်လာပုံကို အကိုးသာဓကနှင့်တကွ ပြည့်စုံအောင် ပြပါ။

၄၃။ သေခါနီးမှာ ကြည်လင်သောစိတ်အစဉ်ဖြစ်နေသူ, ညစ်နွမ်းသော စိတ်အစဉ်ဖြစ်နေသူတို့၏ ရထိုက်–ရောက်ထိုက်သောဘဝကို ညွှန်ပြခဲ့ပါ။

၄၄။ (က) ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်၊ (ခ) ဥပကရဏဘူတကမ္မနိမိတ်တို့ကို ကုသိုလ်–အကုသိုလ် အားလျော်စွာ ခွဲခြားပြပါ။

၄၅။ (က) ဥပလဘိတဗ္ဗဂတိနိမိတ်၊ (ခ) ဥပဘောဂဂတိနိမိတ်တို့၏ သဘောကို သိသာထင်ရှားအောင် ပြပါ။

၄၆။ မရဏာသန္နဝီထိ ၄–မျိုးရှိရာ အဘယ်စကားရပ်များဖြင့် အဘယ်ဝီထိတို့ကို ပြပါသနည်း၊ အသီးအသီး ယှဉ်တွဲစပ်ဟပ်ပြပါ။

၄၇။ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့ကို ကာလ, အာရုံ, ဒွါရတို့ဖြင့် ဖြစ်သင့်သည်အားလျော်စွာ ဝေဖန်ပိုင်းခြားပြပါ။

၄၈။ ရုပ်ပဋိသန္ဓေနေသူ, နာမ်ပဋိသန္ဓေနေသူ, ရုပ်နာမ်အစုံ ပဋိသန္ဓေနေသူတို့ကို ဝေဖန်ပြပါ။

၄၉။ ဧကဝေါကာရဘုံ, စတုဝေါကာရဘုံ, ပဉ္စဝေါကာရဘုံတို့ကို ခွဲစိတ်ဝေဖန်ပြပါ။

၅၀။ အာကာသာနဉ္စာယတန, ဝိညာနဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတနစုတိတို့နောင် ဖြစ်သင့်သောပဋိသန္ဓေတို့ကို အသီးအသီး ရေတွက်ပြပါ။

၅၁။ အာကာသာနဉ္စာယတန ပဋိသန္ဓေသည် အဘယ်စုတိတို့၏ နောက်၌ဖြစ်၍ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ် ပဋိသန္ဓေတို့သည် အဘယ်စုတိတို့၏နောက်၌ ဖြစ်ကြပါသနည်း။

၅၂။ သံသရာစက်လည်ပုံကို ပြ၍ အလည်ရပ်စေလိုလျှင် ပြုလုပ်ရမည့် လမ်းစဉ်တို့ကိုလည်း ရွေးချယ်ပြပါ။

၅၃။ ဗြဟ္မပုရောဟိတာဘုံ၌ ဖြစ်ကြောင်းကံ, ဖြစ်သင့်သော ပဋိသန္ဓေစိတ်, ယင်းပဋိသန္ဓေစိတ်၏ အာရုံ, အသက်အပိုင်းအခြားတို့ကို ပြည့်စုံအောင်ပြပါ။

၅၄။ အဘယ်ဘုံမှ အဘယ်ပုဂ္ဂိုလ်အဖြစ်ဖြင့် စုတေ့ပါက အဘယ်ဘုံများ၌ ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်နိုင်ပါသနည်း။

ဝိထိမုတ်ပိုင်း ပြီး၏။

http://www.dhammadownload.com

၆။ ရုပ်ပိုင်း

၁။ သပ္ပဘေဒပဝတ္တိကာ–ပဘေဒလည်းရှိပဝတ္တိလည်းရှိကုန်သော၊ စိတ္တစေတသိကာ–စိတ်,စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ–သဘောတရားတို့ကို၊ ဇေတ္တာဝတာ–ဤမျှအတိုင်းအရှည်ရှိသော ၅–ပိုင်းတို့ဖြင့်၊ ဟိ ယသ္မာ–အကြင့်ကြောင့်၊ ဝိဘတ္တာ–ဝေဖန်အပ်ကုန်ပြီ၊ တသ္မာ–ထို့ကြောင့်၊ ဒါနိ–ယခုအခါ၌၊ ရူပံ–ရုပ်ကို၊ ပဝုစ္စတိ–ဆိုအပ်၏။

၁။ အနုသန္ဓေနှင့် ပဋိညာဉ် စကားစပ်နှင့်ပဋိညာဉ်ကို ပြခြင်းငှာ "ဇေတ္တာဝတာ ။ ပ ။ ပဝုစ္စတိ" ဟူသော ဂါထာကို မိန့်ဆိုရသည်။

ပဘေဒလည်းရှိ ပဝတ္တိလည်းရှိသော စိတ်, စေတသိက်တရားတို့ကို အောက် ၅–ပိုင်းတို့ဖြင့် ဝေဖန်ပြီးဖြစ်သောကြောင့် ယခုအခါ ရုပ်ကို ပြပါတော့မည်။

ပဘေဒ "ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသ" ဟူသော အပြားတို့ကိုပင် "ပဘေဒ" ဟုဆိုသည်၊ ထိုတွင် အကျဉ်းခေါင်းစဉ်၍ ပြခြင်းသည် 'ဥဒ္ဒေသ'မည်၏၊ 'စိတ္တံ စေတသိက် ရူပံ နိဗ္ဗာနမီတိ'၌ 'စိတ္တံ'သည် စိတ်ကို အကျဉ်းချုပ်ပြသော ဥဒ္ဒေသစကားဖြစ်သည်၊ 'စေတသိကံ' သည်လည်း စေတသိက်ကို အကျဉ်းချုပ်ပြသော ဥဒ္ဒေသစကားပင် ဖြစ်သည်။

ထိုအကျဉ်းဥဒ္ဒေသကို အကျယ်ခဲ့ပြခြင်းသည် 'နိဒ္ဒေသ'မည်၏၊ 'တတ္ထ စိတ္တံ တာဝ စတုဒ္ဓိမံ ဟောတိ'မှစ၍ စိတ်ပိုင်း တစ်ပိုင်းလုံးသည် 'စိတ္တံ'ဟူသော အကျဉ်းပြ ဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသ ဖြစ်သည်၊ စေတသိက်ပိုင်းတစ်ပိုင်းလုံးသည် "စေတသိကံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ် နိဒ္ဒေသဖြစ်သည်။

တစ်မျိုးတစ်ဖုံ ထပ်၍ ခဲ့ပြခြင်းသည် "ပဋိနိဒ္ဒေသ"မည်၏၊ ပကိဏ်းပိုင်းတစ်ပိုင်းလုံးသည် စိတ်, စေတသိက် ၂–ပါးစုံကို တစ်မျိုးတစ်ဖုံ ထပ်၍ ခဲ့ပြသော ပဋိနိဒ္ဒေသဖြစ်သည်။

ဆောင်း။ ။ စိတ္တံ စေတသိကံ, ဥဒ္ဒေသံတည့်၊ ဆုံးညွှန်စိတ်ပိုင်း, စေအပိုင်းကို, နိဒ္ဒေဆိုသင့်၊ ယင်းကို တစ်ဖန်, ထပ်မံခဲ့.ထွင်, ပကိဏ်းပင်, မည်တွင် ပဋိနိဒ်။

တစ်နည်း။ ။ ဥဒ္ဒေသင့်၊ စိတ္တံနှင့် စေတသိကံ၊
စိတ်ပိုင်းကုန်–စေပိုင်းလုံးငယ်၊ ဆုံး နိဒ္ဒေသံ၊
စိတ်, စေတသိက်–ယင်းနှစ်တန်၊ ထပ်ခဲ့.ပြန် ပကိဏ်း၊
ပဋိဆို–နိဒ္ဒေသငယ်၊ မှတ်ကြ မတိမ်း။

http://www.dhammadownload.com

၂။ သမုဒ္ဒေသာ–ရုပ်တို့ကို အကျဉ်းချုပ်ပြခြင်းအားဖြင့်လည်းကောင်း၊ ဝိဘာဂါစ–ရုပ်တို့ကို အကျယ်ဝေဖန်ခြင်းအားဖြင့်လည်းကောင်း၊ သမုဋ္ဌာနာ–ရုပ်တို့၏ ဖြစ်ကြောင်းအားဖြင့် လည်းကောင်း၊ ကလာပတော–ရုပ်တို့ကို ကလာပ်ဖွဲ့ခြင်းအားဖြင့်လည်းကောင်း၊ ပဝတ္တိက္ကမတော–ရုပ်တို့၏ဖြစ်စဉ်အားဖြင့်လည်းကောင်း၊ ကတိ–ဤသို့၊ တတ္ထ–ထိုရူပသင်္ဂဟ၌၊ ပဋ္ဌာ–၅–ပါးအပြားအားဖြင့်၊ သင်္ဂဟော–ပေါင်းယူခြင်းသည်၊ ဟောတိ–ဖြစ်၏။

ရူပသမုဒ္ဒေသ

၃။ စတ္တာရိ– ၄–ပါးကုန်သော၊ မဟာဘူတာနိ–မဟာဘုတ်တို့လည်းကောင်း၊ စတုန္နံ–၄–ပါးကုန်သော၊ မဟာဘူတာနံ–မဟာဘုတ်တို့ကို၊ ဥပါဒါယရူပံစ–မှီ၍ဖြစ်သော ရုပ်လည်းကောင်း၊ ကတိ–ဤသို့၊ ဒုဝိဓမ်မိ– ၂–ပါးအပြားရှိသည်လည်း ဖြစ်သော၊ ဇတံရူပံ–ဤရုပ်သည်၊ ဧကာဒသဝိဓေန– ၁၁–ပါး အပြားအားဖြင့်၊ သင်္ဂဟံ–ပေါင်းယူအပ်သည်၏အဖြစ်သို့၊ ဂစ္ဆတိ–ရောက်၏

ပဝတ္တိ စိတ်, စေတသိက်တို့၏ ဖြစ်ပုံဖြစ်ဟန်သည်ပင် "ပဝတ္တိ"မည်၏၊ ယင်းဖြစ်ပုံသည်လည်း "ဝီထိစိတ်အနေဖြင့်ဖြစ်ပုံ, ဝီထိမုတ်စိတ်အနေဖြင့်ဖြစ်ပုံ"ဟု ၂–မျိုးရှိသည်၊ ဝီထိစိတ်အနေဖြင့်ဖြစ်ပုံကို ဝီထိပိုင်းဖြင့် ပြခဲ့သည်၊ ဝီထိမုတ်စိတ် အနေဖြင့် ဖြစ်ပုံကို ဝီထိမုတ်ပိုင်းဖြင့် ပြခဲ့သည်။

ဆောင်း။ ။ ဝီထိစိတ္တ, ဝိမုတ္တတို့, ဖြစ်ကြပုံဟန်, ခွဲပြညွှန်, မည်ပြန် ပဝတ္တိ။

တစ်နည်း။ ။ ဝီထိပါ၊ ဝိမုတ္တာသတ်မှတ်၊
ဖြစ်ကြပုံ– နည်းစုံပြလျှင်၊ ခေါ်ကြ ပဝတ်။

သင်္ဂဟ ၅–ပါး မာတိကာ

၂။ ရုပ်ပိုင်း၌ ပြဆိုလတ္တံ့သော သင်္ဂဟ ၅–ရပ်ကို အကျဉ်းခေါင်းစဉ်၍ ပြခြင်းငှာ "သမုဒ္ဒေသ ။ ပ ။ သင်္ဂဟော"ဟူသောဂါထာကို မိန့်ဆိုရပါသည်၊

၁။ ရူပသမုဒ္ဒေသ= ရုပ် ၂၈–ပါးကို အကျဉ်းသရုပ်မျှ ထုတ်၍ရေတွက်ပြရာ စကားရပ်၊
၂။ ရူပဝိဘာဂ= ဇကဝိဓစသောနည်းဖြင့် ရုပ်တို့ကို ခွဲခြမ်းဝေဖန်ပြရာ စကားရပ်၊
၃။ ရူပသမုဋ္ဌာန= ရုပ်ဖြစ်ကြောင်းတရားနှင့် ထိုအကြောင်းတရားကြောင့်ဖြစ်သော ရုပ်တို့ကို ပြဆိုရာ စကားရပ်၊
၄။ ရူပကလာပ= အတူတကွဖြစ်ဖက် ရုပ်များကို ပေါင်းစပ်ဖွဲ့စည်းပြရာ စကားရပ်၊
၅။ ရူပပဝတ္တိက္ကမ= ရုပ်တို့၏ဖြစ်ပျက်ပုံ အစဉ်ကို ပြဆိုရာ စကားရပ်၊
ဤသို့ ရုပ်ပိုင်းမှာ သင်္ဂဟ ၅–ရပ် ပါရှိသည်။

၃။ ရုပ်တို့၏ အရင်းခံအပြားနှင့် ဝေဖန်အပ်သောအပြားတို့ကို အကျဉ်းပြခြင်းငှာ **"စတ္တာရိ မဟာဘူတာနိ"**စသော စကားရပ်ကို မိန့်ဆိုရသည်။

မဟာဘုတ် ၄–ပါးတစ်မျိုး၊ မဟာဘုတ် ၄–ပါးကို မှီ၍ဖြစ်သော ဥပါဒါရုပ်တစ်မျိုး၊ ဤသို့ အရင်းခံ ရုပ် ၂–မျိုးသာရှိသည်၊ ယင်း ၂–မျိုးသော ရုပ်ကိုပင် ၁၁–ပါးသော အပြားအားဖြင့် သဘောတူရာ ပေါင်းယူရေတွက်၍ ပြပါမည်။

http://www.dhammadownload.com

၄။ ကထံ–အဘယ်သို့ရောက်သနည်း?၊ ပထဝီဓာတု–ပထဝီဓာတ်သည်လည်းကောင်း၊ အာပေါဓာတု–အာပေါဓာတ်သည်လည်းကောင်း၊ တေဇောဓာတု–တေဇောဓာတ်သည်လည်းကောင်း၊ ဝါယောဓာတု–ဝါယောဓာတ်သည်လည်းကောင်း၊ ဘူတရူပံ နာမ–ဘူတရုပ်မည်၏။

၅။ စက္ခု–စက္ခုသည်လည်းကောင်း၊ သောတံ–သောတသည်လည်းကောင်း၊ ဃာနံ–ဃာနသည်လည်းကောင်း၊ ဇိဝှါ–ဇိဝှါသည်လည်းကောင်း၊ ကာယော–ကာယသည်လည်းကောင်း၊ ပသာဒရူပံနာမ–ပသာဒရုပ်မည်၏။

မဟာဘူတ ကြီးကျယ်ထင်ရှားသောရုပ်များကို "မဟာဘုတ်"ဟုခေါ်သည်၊ မှန်၏= ထိုမဟာဘုတ်မည်သောရုပ်များသည် အခြားရုပ်များထက် အထည်ကိုယ်ဒြပ်အားဖြင့်လည်း ကြီးကျယ်သည်၊ သဘောလက္ခဏာအားဖြင့်လည်း ထင်ရှားသည်၊ ထို့ကြောင့် "မဟာဘုတ်" ဟူသော အမည်ကို ရကြသည်။ (မဟာ–ကြီးကျယ်သည်ဖြစ်၍+ဘူတ–ထင်ရှားသော ရုပ်များ။)

ဥပါဒါ။ ။ မဟာဘုတ် ၄–ပါးကို မှီ၍ဖြစ်သောရုပ်ကိုပင် "ဥပါဒါရုပ်"ဟုခေါ်သည်၊ ဤဥပါဒါရုပ်သည် မဟာဘုတ်ကို ခြယ်လှယ်အမွမ်းတင်သော ရုပ်များဖြစ်သည်၊ ၂၄–ပါး အပြားရှိသည်။

မဟာဘုတ် ၄–ပါး

၄။ "စတ္တာရိ မဟာဘူတာနိ"ဟူသော အကျဉ်းစကားရပ်၏ အကျယ်ကို ပြဖို့ရန် "ပထဝီဓာတု"အစရှိသော စကားရပ်ကို မိန့်ဆိုရပါသည်။

၁။ ပထဝီဓာတု= မြေဓာတ်၊
၂။ အာပေါဓာတု= ရေဓာတ်၊
၃။ တေဇောဓာတု= အင်္ဂေ့ဓာတ်၊
၄။ ဝါယောဓာတ်= လေဓာတ်။

ဤဓာတ်ကြီး ၄–ပါးသည် "ဘူတရုပ်"မည်၏၊ "မဟာဘုတ်"လည်းမည်သေးသည်၊ မိမိသဘောကို ဆောင်နိုင်သောကြောင့် (မိမိသဘောအတိုင်း ထင်ရှားသောကြောင့်) ပထဝီစသည်တို့ကို "ဓာတ်" ဟုခေါ်သည်။

ဥပါဒါရုပ် ၂၄–ပါး

၅။ "စတုန္နံ စ မဟာဘူတာနံ ဥပါဒါယရူပံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြလိုသောကြောင့် "စက္ခုသောတံ ။ ပ ။ ပဝုစ္စတိ"ဟူသော စကားရပ်ကို မိန့်ဆိုရပေသည်။

ပသာဒရုပ် ၅–ပါး

"စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ"ဟူသော ၅–ပါးသည် "ပသာဒရုပ်"မည်၏၊ ထိုတွင်–

http://www.dhammadownload.com

၆။ ရူပ်–အဆင်းအရောင်သည်လည်းကောင်း၊ သဒ္ဒါ–အသံသည်လည်းကောင်း၊ ဂန္ဓော–အနံ့သည်လည်းကောင်း၊ ရသော–အရသာသည်လည်းကောင်း၊ အာပေါဓာတု ဝိဝဇ္ဇိတံ–အာပေါဓာတ်သည်ကြဉ်အပ်သော၊ ဘူတတ္တယသခ်ါတံ–ဘူတရုပ် ၃–ခုတို့၏ အပေါင်းဟု ဆိုအပ်သော၊ ဖောဋ္ဌဗ္ဗံ–တွေ့ထိအပ်သော အတွေ့အထိသည်လည်းကောင်း၊ ဂေါစရရူပံနာမ–ဂေါစရရုပ်မည်၏။

၁။ မျက်စိအကြည်ဓာတ်ကို "စက္ခုပသာဒ"ဟုခေါ်သည်၊ ထိုစက္ခုပသာဒသည် မျက်လုံးအတွင်း မျက်နက်ဝန်းအလယ် သူငယ်ရိပ်ထင်ရာ အရုပ်၌ ပျံ့နှံ့လျက် ဖြစ်,ပျက်တည်ရှိနေသည်၊

၂။ နားအကြည်ဓာတ်ကို "သောတပသာဒ"ဟုခေါ်သည်၊ ထိုသောတပသာဒသည် နားပေါက်အတွင်းဝယ် လက်စွပ်ကွင်းသဏ္ဌာန်ရှိသော အရုပ်၌ ပျံ့နှံ့လျက် ဖြစ်,ပျက်တည်ရှိနေသည်၊

၃။ နှာခေါင်းအကြည်ဓာတ်ကို "ဃာနပသာဒ"ဟု ခေါ်သည်၊ ထိုဃာနပသာဒသည် နှာခေါင်းပေါက်အတွင်းဝယ် ဆိတ်ခွာသဏ္ဌာန်ရှိသော အရုပ်၌ ပျံ့နှံ့ တည်ရှိနေသည်၊

၄။ လျှာအကြည်ဓာတ်ကို "ဇိဝှါပသာဒ"ဟု ခေါ်သည်၊ ထိုဇိဝှါပသာဒသည် လျှာ၏အလယ် ကြာပွင့်ဖတ်ဖျားနှင့်တူသော အရုပ်ကို ပျံ့နှံ့လျက် တည်ရှိနေသည်၊

၅။ ကိုယ်အကြည်ဓာတ်ကို "ကာယပသာဒ"ဟု ခေါ်သည်၊ ထိုကာယပသာဒသည် အသားမာ, ခြောက်နေသောအရေ, ခြေသည်းဖျား, လက်သည်းဖျား, ဆံပင်ဖျား, အမွေးဖျားတို့မှတစ်ပါး တစ်ကိုယ်လုံး၌ ပျံ့နှံ့ဖြစ်,ပျက် တည်နေသည်။

အကြည်ဓာတ်သဘောရှိသောကြောင့် စက္ခုစသည်တို့ကို "ပသာဒ"ဟုခေါ်ရသည်။

ဂေါစရရူပ် ၇–ပါး

၆။ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, "ပထဝီ, တေဇော, ဝါယော"ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ၊ ဤရုပ် ၇–ပါးသည် ဂေါစရရုပ်မည်၏။

ထိုတွင် "ဖောဋ္ဌဗ္ဗာရုံ"ဟု ရုပ်အသီးအခြား မရှိပါ၊ တွေ့ထိရုစကောင်းသော "ပထဝီ, တေဇော, ဝါယော"ဓာတ်ကြီး ၃–ပါးကိုပင် "ဖောဋ္ဌဗ္ဗာရုံ"ဟု ခေါ်ထားပါသည်။

အပေါဓာတုဝိဝဇ္ဇိတံ အာပေါဓာတ်သည် ဓာတ်ကြီး ၄–ပါးတွင် အပါအဝင် ဖြစ်စေကာမူ သုခုမရုပ်ဖြစ်၍ အလွန်သိမ်မွေ့သည်၊ ထိတွေ့စမ်းသပ်၍ မရကောင်း၊ ထို့ကြောင့် "ဖောဋ္ဌဗ္ဗာရုံ"ဟု ခေါ်ဝေါ်သုံးစွဲရန် မသင့်လျော်ရကား "အာပေါဓာတုဝိဝဇ္ဇိတံ"ဟု ဆိုရသည်၊ ဖောဋ္ဌဗ္ဗာရုံအဖြစ်မှ ကြဉ်ဖယ်ထားရသည်။

ဆောင်း။ ။ အာပေါဓလေ့, လွန်သိမ်မွေ့သဖြင့် , ထိတွေ့စမ်းသပ်, မရအပ်, ဖောဋ္ဌဗ် မည်မရ။

တစ်နည်း။ ။ အာပေါဓာတ်၊ သိမ်မွေ့လတ် အလွန်၊
ထိစိမ့်ဌာ–စမ်းပါဘိလျှင်၊ မထိအမှန်၊
သို့အတွက်–ဖောဋ္ဌဗ္ဗံ၊ ခေါ်ဆိုရန် မသင့်၊
သို့ကြောင့်သာ–အာပေါဓာတ်ငယ်၊ ကြဉ်အပ် ဟောဖွင့်။

http://www.dhammadownload.com

၇။ ကုတ္ထိတ္တံ-ကုတ္ထိ၏ဖြစ်ကြောင်းရုပ်သည်လည်းကောင်း၊ ပုရိသတ္တံ-ပုရိသ၏ ဖြစ်ကြောင်းရုပ်သည်လည်းကောင်း၊ ဘာဝရူပံနာမ-ဘာဝရုပ်မည်၏။

၈။ ဟဒယဝတ္ထု-ဟဒယဝတ္ထုသည်၊ ဟဒယရူပံနာမ-ဟဒယရုပ်မည်၏။

၉။ ဇီဝိတိန္ဒြိယံ-ဇီဝိတိန္ဒြေသည်၊ ဇီဝိတရူပံနာမ-ဇီဝိတရုပ်မည်၏။

၁၀။ ကဗဠီကာရော-အလုပ်အလွေးပြုအပ်သော၊ အာဟာရော-အာဟာရသည်၊ အာဟာရရူပံနာမ-အာဟာရရုပ်မည်၏။

ဘာဝရုပ် ၂-ပါး:

၇။ ကုတ္ထိဘာဝ, ပုရိသဘာဝ၊ ဤ ၂-ပါးသည် "ဘာဝရုပ်" မည်၏၊ အထီး,အမ ဖြစ်ဖို့ရန် အကြောင်းခံရုပ်တစ်မျိုးကို "ဘာဝရုပ်"ဟု ခေါ်သည်၊ ကုတ္ထိဘာဝရုပ်သည် အမသတ္တဝါတို့၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ တည်၏၊ ပုရိသဘာဝရုပ်သည် အထီးသတ္တဝါတို့၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့၍တည်၏၊ အထီးအမတို့၏ အင်္ဂါဇာတ်ကား ဘာဝရုပ်မဟုတ်ပါ။

ဟဒယရုပ် ၁-ပါး:

၈။ ဟဒယဝတ္ထုသည် "ဟဒယရုပ်"မည်၏၊ သားမြှတ် ၂-ခုတို့၏အလယ် ရင်တွင်း၌ နှလုံးအိမ်ရှိသည်၊ ထိုနှလုံးအိမ်၏ အတွင်း၌ ပုန်းညက်စေ့ခန့်ကျယ်သော တွင်းငယ်ရှိသည်၊ ထိုတွင်းငယ်ထဲမှာ သွေးများစွာ စုဝေးတည်နေသည်၊ ယင်းသွေးတို့ကို ပျံ့နှံ့လျက် ဟဒယဝတ္ထုရုပ်ပေါင်းများစွာ ဖြစ်,ပျက်တည်ရှိနေသည်။

ဇီဝိတရုပ် ၁-ပါး:

၉။ ရုပ်ဇီဝိတိန္ဒြေသည် "ဇီဝိတရုပ်"မည်၏၊ ဤရုပ်ဇီဝိတသည် ကမ္မဇရုပ်တို့၏ အသက်ပင် ဖြစ်သည်၊ ကာယပသာဒကဲ့သို့ တစ်ကိုယ်လုံးမှာ ပျံ့နှံ့လျက်တည်ရှိနေသည်။

ဆောင်။ ။ ဘာဝ ကာယ, ဇီဝိတနှင့်, သုက္ကသည်းခြေ, သွေးတည်နေ, စိုပြေကိုယ်လုံးမှာ။

တစ်နည်း။ ။ ရုပ်ဘာဝ၊ ကာယနှင့် ဇီဝိတာ၊
သုက်သွေးတွေ-သည်းခြေများငယ်၊ ပြန့်ပွားလျက်သာ၊
စိုဖပ်ဖပ်-ကိုယ်ကာယာ၊ တည်နေပါ အမြဲ၊
သုက်စသည်-ရုပ်အမည်-သူ့သဘောမှာ၊ အာပေါလွန်ကဲ။

သုက်, သွေး, သည်းခြေများသည် ရုပ်သီးခြားမဟုတ်ပါ၊ အာပေါဓာတ်လွန်ကဲသော ရုပ်အစု အဝေးများသာ ဖြစ်ပါသည်။

အာဟာရရုပ် ၁-ပါး:

၁၀။ အလုပ်အလွေး ပြုအပ်သော အစာအာဟာရသည် "အာဟာရရုပ်"မည်၏၊ ဤ၌ ထမင်းလုပ်, ဆွမ်းလုပ်ကိုပင် "အလုပ်"ဟုခေါ်သည်၊ အလျင်စလို ဝါးမျိုစားသောက်သည်ကို "အလွေး"ဟုခေါ်သည်၊ "အလုပ်ကယ် ဧရာ၊ ငုံ့ကာသာ လွေးတော့သည်"ဟူသော ဝန်ကြီးပဒေသ ရာဇာ၏ လယ်သမားတျာချင်းကို ထောက်ပါ။

http://www.dhammadownload.com

၁၁။ စ–ဆက်ဦးအံ့၊ ကွတိ–ဤသို့၊ အဋ္ဌာရသဝိဓမ်ိဳ– ၁၈–ပါး အပြားရှိသည်လည်း ဖြစ်သော၊ ဧတံ ရူပံ–ဤရုပ်သည်၊ သဘာဝရူပန္တိ စ–သဘာဝရုပ်ဟူ၍လည်းကောင်း၊ သလက္ခဏရူပန္တိ စ–သလက္ခဏရုပ်ဟူ၍လည်းကောင်း၊ နိပ္ပန္နရူပန္တိ စ–နိပ္ပန္နရုပ်ဟူ၍လည်းကောင်း၊ ရူပရူပန္တိ စ–ရူပရုပ်ဟူ၍လည်းကောင်း၊ သမ္မသနရူပန္တိ စ–သမ္မသနရုပ်ဟူ၍လည်းကောင်း၊ သခံ –ခေါ်ဝေါ်အပ်သည်၏အဖြစ်သို့၊ ဂစ္ဆတိ–ရောက်၏။

သို့ဖြစ်၍ အဖတ်ဖြစ်စေ, အရည်ဖြစ်စေ အစားအစာဟူသမျှကိုပင် "ကဗဠီကာရ" ခေါ်နိုင်သည်–ဟုမှတ်ပါ၊ ဤစကားသည်လည်း တည်ရာဝတ္ထုနှင့်တကွ တွဲဖက်ပြဆိုထားသော စကားမျှသာ ဖြစ်သည်၊ အမှန်မှာ ထိုအစားအစာများ၌ ပါဝင်သော အဆီအနှစ်အစေး (ဗီတာမင်ဓာတ်မျိုး) ကိုသာ "အာဟာရရုပ်"ဟုခေါ်သည်၊ "ဩဇာ"ဟုလည်းခေါ်ကြပါသေးသည်။

သဘာဝရုပ် စသည်

၁၁။ ဘူတရုပ် ၄–ပါး၊ ပသာဒရုပ် ၅–ပါး၊ ဂေါစရရုပ် ၄–ပါး၊ (ရုပ်သီးခြား မဟုတ်သောကြောင့် ဖောဋ္ဌဗ္ဗာရုံကို သီးခြားမရေတွက်ရ) ဘာဝရုပ် ၂–ပါး၊ ဟဒယရုပ် ၁–ပါး၊ ဇီဝိတရုပ် ၁–ပါး၊ အာဟာရရုပ် ၁–ပါး၊ ပေါင်း ၁၈–ပါးသောရုပ်ကို–

၁။ "ကက္ခဋတ္တ" အစရှိသော ကိုယ်ပိုင်လက္ခဏာ အသီးအသီးရှိသောကြောင့် "သဘာဝရုပ်" ဟုလည်းခေါ်သည်၊

၂။ "အနိစ္စတာ, ဒုက္ခတာ, အနတ္တတာ" အစရှိသော အများဆိုင်ရာ လက္ခဏာရှိသောကြောင့် "သလက္ခဏရုပ်"ဟုလည်းခေါ်သည်၊

၃။ "ကံ, စိတ်, ဥတု, အာဟာရ"ဟူသော အကြောင်းတရားတို့က ဖြစ်စေတတ်သောကြောင့် "နိပ္ပန္နရုပ်"ဟုလည်းခေါ်သည်။

၄။ ရှေးအစဉ်မှ တစ်မျိုးတစ်ဖုံ ဖောက်ပြန်တတ်သောကြောင့် "ရူပရုပ်"ဟုလည်း ခေါ်သည်၊

၅။ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတင်၍ သုံးသပ်ကောင်းသောကြောင့် "သမ္မသနရုပ်"ဟုလည်းခေါ်သည်၊

ကြွင်းကျန်သောရုပ် ၁၀–ပါးတို့ကား ထိုကဲ့သို့ မဖြစ်နိုင်သောကြောင့် "အသဘာဝရုပ်, အလက္ခဏရုပ်, အနိပ္ပန္နရုပ်, အရူပရုပ်, အသမ္မသနရုပ်"ဟု ခေါ်ရတော့သည်။

ဆောင်။ ။ ကက္ခဋတ္တ, စသည်လက္ခဏာ, ကိုယ်စီပါကြ, ဆယ့်ရှစ်ဝ, သဘာဝဟုခေါ်၊
အနိစ္စတာ, အစလာသည့်, လက္ခဏာသာမည, ပါရှိကြ, သလက္ခဏခေါ်၊
ကံ စိတ်စသား, ဆိုင်ရာများက, ဖြစ်ပွားစေကြ, ဆယ့်ရှစ်ဝ, နိပ္ပန္နဟုခေါ်၊
ရှေးအစဉ်မှ, ဖောက်ပြန်ကြ, ရူပရုပ်ဟုခေါ်၊
လက္ခဏာတင်, ဆင်ခြင်အပ်စွ, ဆယ့်ရှစ်ဝ, သမ္မသနခေါ်။

http://www.dhammadownload.com

၁၂။ အာကာသဓာတု–အာကာသဓာတ်သည်၊ ပရိစ္ဆေဒရူပံနာမ–ပရိစ္ဆေဒရုပ်မည်၏။

၁၃။ ကာယဝိညတ္တိ–ကာယဝိညတ်သည်လည်းကောင်း၊ ဝစီဝိညတ္တိ–ဝစီဝိညတ်သည်လည်းကောင်း၊ ဝိညတ္တိရူပံနာမ–ဝိညတ်ရုပ်မည်၏။

၁၄။ ရူပဿ–တိဇနိပ္ပန္နရုပ်၏၊ လဟုတာ–ပေါ့ပါးသည်၏အဖြစ်သည်လည်းကောင်း၊ မုဒုတာ–နူးညံ့သည်၏ အဖြစ်သည်လည်းကောင်း၊ ကမ္မညတာ–အမှုဲ့ကောင်းသည်၏ အဖြစ်သည်လည်းကောင်း၊ ဝိညတ္တိဒွယံ–ဝိညတ်ရုပ် ၂–ပါးအပေါင်းသည်လည်းကောင်း၊ ဝိကာရရူပံနာမ–ဝိကာရရုပ်မည်၏။

၁၅။ ရူပဿ–နိပ္ပန္နရုပ်၏၊ ဥပစယော–စုခြင်းဖြစ်ခြင်း ဟူသမျှသည်လည်းကောင်း၊ သန္တတိ–ဆက်စပ်ဖြစ်ပွားခြင်းသည်လည်းကောင်း၊ ဇရတာ–ရင့်ရော်သည်၏အဖြစ်သည်

ပရိစ္ဆေဒရုပ် ၁–ပါး

၁၂။ အာကာသဓာတ်သည် "ပရိစ္ဆေဒရုပ်"မည်၏၊ ရုပ်ကလာပ်တို့ကို တစ်ခုနှင့်တစ်ခု မရောနှောရအောင် ပိုင်းခြားပေးတတ်သော အပေါက်အကြားကိုပင် "အာကာသ"ဟု ခေါ်သည်၊ ဤအာကာသသည် ပရမတ္ထအစစ်မဟုတ်၊ ရုပ်ကလာပ် ၂–ခု ဖြစ်ပေါ်လာသည့်အခါ အလို အလျောက် ပေါ်လာရသော ပညတ်သဘောမျှသာဖြစ်သည်၊ ဤအာကာသမျှသာ မဟုတ်သေးပါ၊ အနိပ္ပန္နရုပ်အကုန်လုံးသည်ပင် ပညတ်သဘောမျှသာ ဖြစ်ကြပါသည်။

ဝိညတ်ရုပ် ၂–ပါး

၁၃။ ကာယဝိညတ်နှင့် ဝစီဝိညတ်သည် "ဝိညတ်ရုပ်"မည်၏၊ မိမိ၏အလိုကို သူတစ်ပါးအား သိစေနိုင်သော အမှုအရာအထူးကို "ဝိညတ်"ဟု ခေါ်သည်၊ ထို့ကြောင့် ကိုယ်ဖြင့် သိစေတတ်သော အမှုအရာထူးသည် "ကာယဝိညတ်"မည်၏၊ နှုတ်ဖြင့်(စကားသံဖြင့်) သိစေတတ်သော အမှုအရာ အထူးသည် "ဝစီဝိညတ်"မည်၏။

ဝိကာရရုပ် ၅–ပါး

၁၄။ ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဝိညတ်ရုပ် ၂–ပါး၊ ပေါင်း ၅–ပါးသည် "ဝိကာရရုပ်"မည်၏။

ပေါ့ပါးမှု, နူးညံ့မှု, အမှုဲ့ကောင်းမှု, (ဖျတ်ဖျတ်လတ်လတ်သွက်သွက်လက်လက်ရှိမှု) ကိုယ်ဖြင့် သိစေမှု, နှုတ်ဖြင့် သိစေမှုတို့သည် ထူးခြားသော အမှုအရာများ ဖြစ်ကြသည်၊ ထိုထူးခြားသော အမှုအရာကိုပင် "ဝိကာရရုပ်"ဟုခေါ်သည်။

ရူပဿ ယင်းထူးခြားသော အမှုအရာများသည် ရှေးအတိတ်ကံကြောင့် ဖြစ်သော ကမ္မဇရုပ်များ၌ မရှိနိုင်၊ "စိတ်, ဥတု, အာဟာရ"ဟူသော ပစ္စက္ခအကြောင်း ၃–ပါးကြောင့်ဖြစ်သော တိဇရုပ်များမှာသာ ရှိနိုင်သည်၊ ယင်း တိဇရုပ်တို့တွင်လည်း အနိပ္ပန္နရုပ်များသည် ပရမတ္ထရုပ် အစစ်မဟုတ်ကြ၊ ပညတ်သဘောမျှသာ ဖြစ်ကြသည်၊ ထို့ကြောင့် ရူပဿ–အရ "တိဇနိပ္ပန္နရုပ်" ကိုသာ ယူရပါတော့သည်။

လက္ခဏရုပ် ၄–ပါး

၁၅။ ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ၊ ဤ ၄–ပါးသည် "လက္ခဏရုပ်"မည်၏။

http://www.dhammadownload.com

လည်းကောင်း၊ အနိစ္စတာ–မမြဲသည်၏ အဖြစ်သည်လည်းကောင်း၊ လက္ခဏရူပံနာမ–လက္ခဏရုပ်မည်၏။

၁၆။ ပန–အမှာအထား စကားတစ်ရပ် ကြားညှပ်ပြဦးအံ့၊ ဇတ္ထ–ဤလက္ခဏရုပ်၌၊ ဇာတိရူပမေဝ–ဇာတိရုပ် တစ်ခုတည်းကိုပင်၊ ဥပစယ သန္တ တိနာမေန–ဥပစယဟူသော အမည်, သန္တ တိဟူသောအမည်ဖြင့်၊ ပဝုစ္စတိ–၂–မျိုးခွဲ၍ ဆိုအပ်၏။

နိပ္ပန္နရုပ်များသည် ဆိုင်ရာအကြောင်းတရားတို့က စီမံလိုက်သည့်အတွက် ဖြစ်လာရသည်၊ ဖြစ်လာလျှင် ရင့်ရသည်၊ ရင့်လာလျှင် ပျက်ရသည်၊ ယင်း "ဖြစ်, တည်, ပျက်" လက္ခဏာကို တွေ့ရသဖြင့် နိပ္ပန္နရုပ်များ၏ သခ်ၤတဖြစ်ကြောင်းကို သိနိုင်လောက်သည်၊ ထို့ကြောင့်ပင် "ဥပစယ" အစရှိသည်တို့ကို "လက္ခဏရုပ်"ဟု ခေါ်သည်။

၁။ ဥပစယ= ပဋိသန္ဓေတည်နေစဉ် ပထမဖြစ်ခြင်း, ထို့နောက် တစ်ဘဝအတွက် ရထိုက်သမျှရုပ်များ ပြည့်စုံသည့်တိုင်အောင် အထက်အထက်၌ တိုးတက်၍ ဖြစ်ခြင်း။ (ဥပ–အစ၌, အထက်၌+စယ–ဖြစ်ခြင်း။)

၂။ သန္တ တိ= တစ်ဘဝအတွက် ရထိုက်သမျှရုပ်များ ပြည့်စုံသည်ကစ၍ အစဉ်မပြတ် ထပ်ကာထပ်ကာဖြစ်ခြင်း၊ ဥပါဒ်ခြင်း။ (သံ–ဆက်စပ်၍၊ ဝါ–ထပ်၍+တတိ–ကျယ်ပွားခြင်း၊ ဖြစ်ခြင်း။)

၃။ ဇရတာ= ရုပ်တို့၏ရင့်ရော်မှု ဌီ၊

၄။ အနိစ္စတာ= မမြဲမှု ပျက်စီးမှု ရုပ်တို့၏ ဘင်၊

ဆောင်။ ။ ရုပ်မစုံသမျှ, ဥပါဒ်က, "ပစယ"ဟုသိ၊
စုံပြီးနောက်မှာ, ဥပါဒ်လာ, မည်ပါ"သန္တ တိ"။

တစ်နည်း။ ။ တစ်ဘဝ၊ ရုပ်ပြည့်ဝ မစုံခင်၊
ဥပါဒ်လာ–ပစယငယ်၊ ခေါ်ကြ အစဉ်၊
ရုပ်စုံပြီး၊ အသီးသီး–ဥပါဒ်ပင်၊ အမည်တွင် သန္တ တိ၊
ဥပါဒ်သာ–နှစ်ဖြာခွဲလို့ရယ်၊ ခေါ်မြဲမှတ်သိ။

ဥပစယနှင့်သန္တ တိ ထူးသလား ?

၁၆။ ဤဥပစယနှင့်သန္တ တိတို့၏ ထူးခြားချက်ကို ဆရာမြတ်တို့၏ အလိုကို ပြလိုသောကြောင့်သာ ဆိုရပါသည်၊ ကျမ်းဆရာတို့၏ အလိုကျကား ဖြစ်မည်မထင်ပါ။

ကျမ်းဆရာတို့၏ အလိုအားဖြင့် ဥပစယနှင့် သန္တ တိတို့ ထူးခြားမှု မရှိပါ၊ ရုပ်၏ ဥပါဒ်အကုန်လုံးကိုပင် "ဥပစယ"ဟုလည်းခေါ်နိုင်သည်၊ "သန္တ တိ"ဟုလည်းခေါ်နိုင်သည်–ဟု သိစေလိုသောကြောင့် "ဇာတိရူပမေဝ ပနေတ္ထ ဥပစယသန္တ တိနာမေန ပဝုစ္စတိ"ဟူသော အမှာအထားစကားရပ်ကို ကြားညှပ်ထည့်သွင်းထားပါသည်။

http://www.dhammadownload.com

ကျတိ–ကျိသို့၊ ဧကာဒသဝိဓမ္မို–၁၁–ပါး အပြားရှိသည်လည်း ဖြစ်သော၊ ဧတဲ့ရူပ်–ဤရူပ်သည်၊ သရူပဝသေန–သရုပ်သကောင်၏အပြားအားဖြင့်၊ အဋ္ဌဝီသတိဝိဓံ–၂၈–ပါး အပြားရှိသည်၊ ဟောတိ–ဖြစ်၏။

၁၇။ ကထံ–၂၈–ပါး အဘယ်သို့ပြားသနည်း ?။

ဘူတပ္ပသာဒဝိသယာ–ဘူတရုပ်, ပသာဒရုပ်, ဝိသယရုပ်တို့လည်းကောင်း၊ ဘာဝေါ–ဘာဝရုပ်လည်းကောင်း၊ ဟဒယံ–ဟဒယဝတ္ထုလည်းကောင်း၊ ကျစ္စပိ–ဤသို့လည်း၊ ဇီဝိ

ထို့ပြင် ဥပစယနှင့်သန္တတိ ၂–ပါးလုံးတို့၏ ပဋိသန္ဓေအခါမှာလည်းဖြစ်နိုင်ကြောင်း, ပဝတ္တိအခါမှာလည်းဖြစ်နိုင်ကြောင်းကို "သဒ္ဒေါ ဝိကာရော ဇရတာ" စသည်ဖြင့် ရူပပဝတ္တိကျမ၏ အဆုံးမှာ မိန့်ဆိုထားပါသေးသည်။

"ကျတိ ဧကာဒသဝိဓမ္မေတံ"စသည်ဖြင့် ရူပသမုဒ္ဒေသ၏နိဂုံးကို ပြတော်မူသည်၊ ဤသို့ ၁၁–ပါးပြားသောရုပ်က သရုပ်အားဖြင့် ၂၈–ပါးဖြစ်လာပြန်သည်–ဟု ဆိုလိုပါသည်။

ရူပသမုဒ္ဒေသ ဇယား

အဋ္ဌဝီသတိဝိဓံ		ဂဏန်း	ဥပါဒါရုပ် ၂၄–ပါး									
			ဘူတ	ပသာဒ	ဂေါစရ	ဒွာရ	ဘာဝ	ဟဒယ	ဇီဝိတ	အာဟာရ	ပရိစ္ဆေဒ	ဝိညတ္တိ
နိပ္ဖန္နရုပ် ၁၈–ပါး	ပ,တေ,ဝါ[ဖောဋ္ဌဗ္ဗ]	၃	။		။							
	အာပေါ	၁	။									
	စ,သ,ဃာ,ဇိ,ကာ	၅		။								
	ရူပ,သဒ္ဒ,ဂန္ဓ,ရသ	၄			။							
	ကာယဝိညတ္တိဘာဝ,ပုမ္ဘာဝ	၂				။						
	ဟဒယဝတ္ထု	၁					။					
	ဇီဝိတ	၁						။				
	အာဟာရ [သြဇာ]	၁							။			
အနိပ္ဖန္နရုပ် ၁၀–ပါး	အာကာသ	၁								။		
	ကာယ, ဝစီဝိညတ်	၂									။	။
	လဟု,မုဒု,ကမ္မညတာ	၃										။
	ဥပ,သန္တ,ဇရ,အနိစ္စ	၄										။
ရုပ်ပေါင်း ၂၈		၄	၅	၅	၂	၁	၁	၁	၁	၂	၅	၄

http://www.dhammadownload.com

တာ ဟာရရူပေဟိ–ဇီဝိတရုပ် အာဟာရရုပ်တို့နှင့်တကွ၊ အဋ္ဌာရသဝိဓ– ၁၈–ပါး အပြားရှိသော နိပ္ပန္နရုပ်လည်းကောင်း၊ တထာ–ထိုမှတစ်ပါး၊ ပရိစ္ဆေဒေါစ–ပရိစ္ဆေဒရုပ်လည်းကောင်း၊ ဝိညတ္တိ–ဝိညတ်ရုပ်လည်းကောင်း၊ ဝိကာရော–ဝိကာရရုပ်လည်းကောင်း၊ လက္ခဏံ–လက္ခဏရုပ်လည်းကောင်း၊ ဣတိစ–ဤသို့လည်း၊ ဒသ– ၁၀–ပါးကုန်သော၊ အနိပ္ပန္နာစ–အနိပ္ပန္နရုပ်တို့လည်းကောင်း၊ ဣတိ–ဤသို့၊ အဋ္ဌဝီသတိဝိဓံ–၂၈–ပါး အပြားရှိသည်၊ ဘဝေ–ဖြစ်၏။

အယံ–ဤသည်ကား၊ ဇတ္ထ–ဤရူပပရိစ္ဆေဒ၌၊ ရူပသမုဒ္ဒေသော–ရူပသမုဒ္ဒေသတည်း။

ရူပဝိဘာဂ

၁၈။ ပန–ကား၊ သဗ္ဗဿ–အလုံးစုံလည်းဖြစ်သော၊ ဇတံရူပံ–ဤရုပ်သည်၊ အဟေတုကံဇေ–အဟေတုကချည်းသာတည်း၊ သပ္ပစ္စယံဇေ–သပ္ပစ္စယချည်းသာတည်း၊ သာသဝံဇေ–သာသဝချည်းသာတည်း၊ သခ်ံတံဇေ–သခ်ံတချည်းသာတည်း၊ လောကိယံဇေ–လောကိယချည်းသာတည်း၊ ကာမာဝစရံဇေ–ကာမာဝစရချည်းသာတည်း၊ အနာရမဏံဇေ–အနာရမဏချည်းသာတည်း၊ အပွဟာတဗ္ဗမေဝ–အပွဟာတဗ္ဗချည်းသာတည်း၊ ဣတိ–ဤသို့(အစရှိသည်ဖြင့်)၊ ဇကဝိဓမ်ပိ–တစ်ပါးစီသာ အဖို့ရှိသော်လည်း၊ အဏ္ဏတ္တိကဗာဟိရာဒိဝသေန–အဏ္ဏတ္တိကရုပ်, ဗာဟိရရုပ်အစရှိသည်တို့၏ အပြားအားဖြင့်၊ ဘေဒံ–ပြားခြင်းသို့၊ ဂစ္ဆတိ–ရောက်၏။

ဇကာဒသဝိဓ, အဋ္ဌာရသဝိဓအပြားနှင့်တကွ သင်္ဂဟဂါထာ၏ သဘောကိုပါ ဇယားကို ရှုလျက် လေ့လာပါ၊ လွယ်ပါပြီ။

ဇကဝိဓ

၁၈။ ရုပ် ၂၈–ပါးကို ဇကဝိဓစသောနည်းဖြင့် ဝေဖန်ပြလိုသောကြောင့် "သဗ္ဗဿ ပနေတံ ရူပံ" အစရှိသောစကားရပ်ကို မိန့်ဆိုရသည်။

ရုပ်ဟူသမျှသည် သမ္မယုတ်ဟိတ် မရှိသောကြောင့် "အဟေတုက"ချည်းသာတည်း၊ "သဟေတုက"ရုပ်ဟူ၍ မရှိ။

"ကံ, စိတ်, ဥတု, အာဟာရ"ဟူသော အကြောင်းရှိသောကြောင့် "သပ္ပစ္စယ"ချည်းသာတည်း၊ "အပ္ပစ္စယ"ရုပ် မရှိ။

အာသဝေါတရားတို့၏ အာရုံဖြစ်သောကြောင့် "သာသဝ"ချည်းသာတည်း၊ "အနာသဝ"ရုပ်ဟူ၍ မရှိ။

"ကံ"စသော အကြောင်းတို့သည် ပြုပြင်စီမံအပ်သောကြောင့် "သခ်ံတ"ချည်းသာတည်း၊ "အသခ်ံတ"ရုပ်ဟူ၍ မရှိ။

သခ်ါရလောကဌ် ပါဝင်သောကြောင့် "လောကိယ"ချည်းသာတည်း၊ "လောကုတ္တရာ" ရုပ်ဟူ၍ မရှိ။

http://www.dhammadownload.com

၁၉။ ကထံ–အဘယ်သို့ပြားသနည်း?။

ပသာဒသခ်ါတံ–ပသာဒဟု ဆိုအပ်သော၊ ပဋ္ဌဝိဓမွိ– ၅–ပါး အပြားရှိသည်လည်း ဖြစ်သော ရုပ်သည်၊ အဇ္ဈတ္တိကရူပံနာမ–အဇ္ဈတ္တိကရုပ်မည်၏၊ ကွတရံ–ကျန် ၂၃–ပါးသော ရုပ်သည်၊ ဗာဟိရရူပံ–ဗာဟိရရုပ်မည်၏။

၂၀။ ပသာဒဟဒယသခ်ါတံ–ပသာဒရုပ်, ဟဒယရုပ်ဟုဆိုအပ်သော၊ ဆဗ္ဗိဓမွိ–၆–ပါး အပြားရှိသည်လည်းဖြစ်သော ရုပ်သည်၊ ဝတ္ထုရူပံနာမ–ဝတ္ထုရုပ်မည်၏၊ ကွတရံ–ကျန် ၂၂–ပါးသောရုပ်သည်၊ အဝတ္ထုရူပံ–အဝတ္ထုရုပ်မည်၏။

ကာမတဏှာ၏ ကျင်လည်ရာဖြစ်သောကြောင့် "ကာမာဝစရ" ချည်းသာတည်း၊ "ကာမာဝစရမဟုတ်သောရုပ်"ဟူ၍ မရှိ။

အာရုံကို မယူနိုင်သောကြောင့် "အနာရမဏ" ချည်းသာတည်း၊ "သာရမဏရုပ်"ဟူ၍ မရှိ။

"တဒဂ်"စသည်၏ အစွမ်းအားဖြင့် မပယ်အပ်သောကြောင့် "အပ္ပဟာတဗ္ဗ" ချည်းသာတည်း၊ "ပဟာတဗ္ဗရုပ်"ဟူ၍ မရှိ။

ဤသို့စသည်ဖြင့် စိစစ်ပါလျှင် တစ်မျိုးတစ်ဖို့စီသာ ရှိနိုင်ပါသည်၊ သို့သော်– "အဇ္ဈတ္တိကရုပ် ဗာဟိရရုပ်" အစရှိသောအပြားအားဖြင့်ကား များစွားပင် ကွဲပြားနိုင်ပါသေးသည်။

အဇ္ဈတ္တိက, ဗာဟိရ

၁၉။ ပသာဒရုပ် ၅–ပါးသည် "အဇ္ဈတ္တိကရုပ်"မည်၏၊ ကျန် ၂၃–ပါးသောရုပ်သည် "ဗာဟိရရုပ်"မည်၏။

ကိုယ်ခန္ဓာအား ကျေးဇူးအများဆုံးဖြစ်သောကြောင့် ပသာဒရုပ် ၅–ပါးကို "အဇ္ဈတ္တိက (အတွင်း)ရုပ်"ဟုခေါ်ရသည်၊ အဇ္ဈတ္တိကရုပ်လောက် ကျေးဇူးမများသောကြောင့် ကျန် ၂၃–ပါး သောရုပ်ကို "ဗာဟိရ(အပြင်)ရုပ်"ဟုခေါ်ရသည်။

ဆောင်း။ ။ ကိုယ်ခန္ဓာအား, ကျေးဇူးများ၍, ခေါ်ငြား အဇ္ဈတ်, မများတတ်, ခေါ်မှတ် ဗာဟိရာ။

တစ်နည်း။ ။ ခန္ဓာအား၊ ကျေးဇူးများ အလွန်၊
ပသာဒါ– ငါး အရှိုင်ယ်၊ အဇ္ဈတ္တိကံ၊
ဂုဏ်ကျေးဇူး–ထူးမသန်၊ ကြွင်းကျန်သည့် ရုပ်များ၊
ဗာဟိရာ–အမည်ရကြတယ်၊ တိကျပိုင်းခြား။

ဝတ္ထုရုပ်, အဝတ္ထုရုပ်

၂၀။ ပသာဒရုပ် ၅–ပါး၊ ဟဒယရုပ် ၁–ပါး၊ ပေါင်း ၆–ပါးသောရုပ်သည် "ဝတ္ထုရုပ်" မည်၏၊ ကျန် ၂၂–ပါးသောရုပ်သည် "အဝတ္ထုရုပ်"မည်၏။

စိတ်, စေတသိက်တို့၏ မှီရာဖြစ်သောကြောင့် စက္ခုစသည်တို့သည် "ဝတ္ထုရုပ်"ဟူသော အမည်ကို ရကြသည်၊ စိတ်, စေတသိက်တို့၏ မှီရာမဟုတ်သောကြောင့် ကျန် ၂၂–ပါးသော

http://www.dhammadownload.com

၂၁။ ပသာဒဝိညတ္တိသဒ်္ဒါတဲ့–ပသာဒရုပ် ဝိညတ်ရုပ်ဟုဆိုအပ်သော၊ သတ္တဝိဓမ္မို– ၇–ပါး အပြားရှိသည်လည်းဖြစ်သော ရုပ်သည်၊ ဒွါရရူပံနာမ–ဒွါရရုပ်မည်၏၊ ဣတရံ– ကျန် ၂၁–ပါးသောရုပ်သည်၊ အဒွါရရူပံ–အဒွါရရုပ်မည်၏။

၂၂။ ပသာဒဘာဝဇီဝိတသဒ်္ဒါတဲ့–ပသာဒရုပ် ဘာဝရုပ် ဇီဝိတရုပ်ဟုဆိုအပ်သော၊ အဋ္ဌဝိဓမ္မို– ၈–ပါး အပြားရှိသည်လည်းဖြစ်သောရုပ်သည်၊ ဣန္ဒြိယရူပံနာမ–ဣန္ဒြိယရုပ် မည်၏၊ ဣတရံ–ကျန် ၂၀–သောရုပ်သည်၊ အနိန္ဒြိယရူပံ–အနိန္ဒြိယရုပ်မည်၏။

၂၃။ ပသာဒဝိသယသဒ်္ဒါတဲ့–ပသာဒရုပ် ဝိသယရုပ်ဟုဆိုအပ်သော၊ ဒွါဒသဝိဓမ္မို– ၁၂–ပါးအပြားရှိသည်လည်းဖြစ်သောရုပ်သည်၊ သြဠာရိကရူပံ–သြဠာရိကရုပ်လည်းမည်၏၊

ရုပ်တို့သည် "ဝတ္ထု" ဟူသောအမည်ကို မရနိုင်ကြပါ၊ (စိတ်, စေတသိက်တို့က မည်သို့ မှီကြသည်ကို ဝတ္ထုသဂ်ဟ၌ ပြထားခဲ့ပါပြီ။)

ဒွါရရုပ်, အဒွါရရုပ်

၂၁။ ပသာဒရုပ် ၅–ပါး၊ ဝိညတ်ရုပ် ၂–ပါး၊ ပေါင်း ၇–ပါးသောရုပ်သည် "ဒွါရရုပ်" မည်၏၊ ကျန် ၂၁–ပါးသောရုပ်သည် "အဒွါရရုပ်" မည်၏။

ဝိထိစိတ်၏ဖြစ်ကြောင်း ကာယက်,ဝစီက်၏ အထမြောက်ကြောင်းဖြစ်သောကြောင့် စက္ခု စသောရုပ် ၇–ပါးတို့သည် "ဒွါရရုပ်" မည်ကြသည်။

ထိုတွင် –

၁။ ပသာဒရုပ် ၅–ခုသည် ဝိထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သည်၊ ထို့ကြောင့် "ဥပ္ပတ္တိ ဒွါရ" ဟူသောအမည်ကို ရသည်၊

၂။ ဝိညတ်ဒွေးသည် ကာယက် ဝစီက်တို့၏ ထမြောက်အောင်မြင်ကြောင်းဖြစ်သည်၊ ထို့ကြောင့် "ကမ္မဒွါရ" ဟူသောအမည်ကို ရသည်။

ထိုကဲ့သို့ အကြောင်းမဟုတ်သောကြောင့် ကျန် ၂၁–ပါးသောရုပ်များသည် "အဒွါရရုပ်" မည်ကြသည်။

ဣန္ဒြိယရုပ်, အနိန္ဒြိယရုပ်

၂၂။ ပသာဒရုပ် ၅–ပါး၊ ဘာဝရုပ် ၂–ပါး၊ ဇီဝိတရုပ် ၁–ပါး၊ ပေါင်း ၈–ပါးသောရုပ်တို့သည် "ဣန္ဒြိယရုပ်" မည်၏၊ ကျန် ၂၀–သောရုပ်သည် "အနိန္ဒြိယရုပ်" မည်၏။

ထိုတွင် မြင်ခြင်း အစရှိသော မိမိတို့၏ ဆိုင်ရာကိစ္စ၌ အစိုးရသောကြောင့် စက္ခုစသော ရုပ် ၈–ပါးသည် "ဣန္ဒြိယရုပ်" မည်သည်၊ ထိုသို့ အစိုးရမှုမရှိသောကြောင့် ကျန် ၂၀–သော ရုပ်သည် "အနိန္ဒြိယရုပ်" မည်သည်။

သြဠာရိကရုပ်, သုခုမရုပ်စသည်

၂၃။ ပသာဒရုပ် ၅–ပါး၊ ဝိသယရုပ် ၇–ပါး၊ ပေါင်း ၁၂–ပါးသောရုပ်သည် "သြဠာရိက ရုပ်" လည်း မည်၏၊ "သန္တိကေရုပ်" လည်း မည်၏၊ "သပ္ပဋိဃရုပ်" လည်း မည်၏၊ ကျန်

http://www.dhammadownload.com

သန္တိကေရုပ်-သန္တိကေရုပ်လည်းမည်၏၊ သပ္ပဋိဃရူပဥ္စ-သပ္ပဋိဃရုပ်လည်းမည်၏၊ ဣတရံ-ကျန် ၁၆-ပါးသောရုပ်သည်၊ သုခုမရူပံ-သုခုမရုပ်လည်းမည်၏၊ ဒူရေရူပံ-ဒူရေရုပ်လည်းမည်၏၊ အပ္ပဋိဃရူပဥ္စ-အပ္ပဋိဃရုပ်လည်းမည်၏။

၂၄။ ကမ္မဇံ-ကမ္မဇရုပ်သည်၊ ဥပါဒိန္နရူပံ-ဥပါဒိန္နရုပ်မည်၏၊ ဣတရံ-ကျန်တိဇရုပ်သည်၊ အနုပါဒိန္နရူပံ-အနုပါဒိန္နရုပ်မည်၏။

၁၆-ပါးသောရုပ်သည် "သုခုမရုပ်" လည်းမည်၏၊ "ဒူရေရုပ်" လည်း မည်၏၊ "အပ္ပဋိဃရုပ်" လည်း မည်၏။

ထိုတွင် ဉာဏ်စက္ခုဖြင့် ကြည့်ရှုဆင်ခြင်သည့်အခါ ပေါ်လွင်ထင်ရှားစွာ သိရသောရုပ် ၁၂-ပါးသည် "သြဠာရိကရုပ်" မည်၏၊ ဉာဏ်စက္ခုဖြင့် ကြည့်ရှုဆင်ခြင်သည့်အခါ ပေါ်လွင်ထင်ရှားစွာ မသိရသော ရုပ် ၁၆-ခုသည် "သုခုမရုပ်" မည်၏။

သိလွယ်သောကြောင့် သြဠာရိကရုပ် ၁၂-ခုကို "သန္တိကေရုပ်" ဟုလည်းခေါ်သည်၊ သိဖို့ရန် မလွယ်ကူသောကြောင့် သုခုမရုပ် ၁၆-ခုကို "ဒူရေရုပ်" ဟုလည်းခေါ်သည်။

ဓာတ်သဘာဝအလိုက် ထိခိုက်တတ်သောကြောင့် သြဠာရိကရုပ် ၁၂-ခုကို "သပ္ပဋိဃရုပ်" ဟုလည်းခေါ်သည်၊ ဓာတ်သဘာဝအလိုက် မထိခိုက်တတ်သောကြောင့် သုခုမရုပ် ၁၆-ခုကို "အပ္ပဋိဃရုပ်" ဟုလည်းခေါ်သည်။

ဆောင်။　။ ဉာဏ်စက္ခုဖြင့်, ရှုကြည့်သည့်ခါ, ထင်စွာသိဘိ, သြဠာရိတည့်၊ မသိ သုခု၊ သိလွယ်မှုကြောင့်, မည်ပြုသန္တိ၊ မလွယ်ဘိလျှင်, ဒူရေတွင်၏၊ ထို့ပြင်သဘာဝ, ဓာတ်ခိုက်ကြသော်, သပ္ပဋိဃာ၊ မခိုက်လာ, မည်ပါ အပ္ပဋိဃ။

တစ်နည်း။　။ ပသာဒရယ်နဲ့၊ ဝိသယရုပ်တို့မှာ၊
ဉာဏ်ဖြင့်ပင်-ဆင်ခြင်ကြလျှင်၊ သိရထင်စွာ၊
ထို့ကြောင့်သာ၊ မည်ရပါသြဠာရိ၊
သို့မထင်-ဆယ့်ခြောက်ခုငယ်၊ သုခု မည်ရှိ။

သိလွယ်မှု၊ အမည်ပြု သန္တိကေ၊
သိမလွယ်-သုခုမကို၊ မှတ်ကြ ဒူရေ၊
ဓာတ်ခိုက်မိ-သပ္ပဋိ မည်ရလေ၊ မထိနေရုပ်စု၊
မည်ရပါ-အပ္ပဋိငယ်၊ မှတ်သိ စေ့ငု။

ဥပါဒိန္နရုပ်, အနုပါဒိန္နရုပ်

၂၄။ ကမ္မဇရုပ်သည် "ဥပါဒိန္နရုပ်" မည်၏၊ ကျန်တိဇရုပ်သည် "အနုပါဒိန္နရုပ်" မည်၏။

ကံက "ငါ၏အကျိုး" ဟု စွဲယူအပ်သော ကံ၏အကျိုးဖြစ်သောရုပ်ကို "ဥပါဒိန္နရုပ်" ဟုခေါ်သည်၊ ကံ၏အကျိုးမဟုတ်သော တိဇ("စိတ်, ဥတု, အာဟာရ" ဟူသောအကြောင်း ၃-ပါးကြောင့်ဖြစ်သော)ရုပ်ကို "အနုပါဒိန္နရုပ်" ဟု ခေါ်သည်။ (ဥပ-တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော လောကီကုသိုလ်, အကုသိုလ်ကံက+အာဒိန္န-ငါ၏အကျိုးဟု စွဲယူအပ်သော ရုပ်။)

http://www.dhammadownload.com

၂၅။ ရူပါယတနံ-ရူပါရုံသည်၊ သနိဒဿနရူပံ-သနိဒဿနရုပ်မည်၏၊ ကွတရံ-ကျန် ၂၇-ပါးသောရုပ်သည်၊ အနိဒဿနရူပံ-အနိဒဿနရုပ်မည်၏။

၂၆။ အသမ္မတ္တဝသေန-မိမိထံမှောက်သို့ မရောက်မထိ မငြိမကပ်သောအာရုံကို ယူတတ်သည်၏အစွမ်းဖြင့်၊ (ပဝတ္တံ-ဖြစ်သော၊) စက္ခာဒိဒ္ဝယံ-စက္ခုအစရှိသော ရုပ် ၂-ခုတို့၏အပေါင်းလည်းကောင်း၊ သမ္မတ္တဝသေန-မိမိထံမှောက်သို့ ရောက်ထိငြိကပ်သောအာရုံကို ယူတတ်သည်၏အစွမ်းဖြင့်၊ (ပဝတ္တံ-ဖြစ်သော၊) ဃာနာဒိတ္တယံ-ဃာနအစရှိသော ရုပ် ၃-ခုတို့၏ အပေါင်းလည်းကောင်း၊ ကွတိ-ဤသို့၊ ပဥ္စဝိဓမ္မိ- ၅-ပါး အပြားရှိသည်လည်းဖြစ်သော ရုပ်သည်၊ ဂေါစရဂ္ဂါဟကရူပံ-ဂေါစရဂ္ဂါဟကရုပ်မည်၏။ ကွတရံ-ကျန် ၂၃-ပါးသောရုပ်သည်၊ အဂေါစရဂ္ဂါဟကရူပံ-အဂေါစရဂ္ဂါဟကရုပ်မည်၏။

သနိဒဿနရုပ်, အနိဒဿနရုပ်

၂၅။ ရူပါရုံသည် "သနိဒဿနရုပ်"မည်၏၊ ကျန် ၂၇-ပါးသောရုပ်သည် "အနိဒဿနရုပ်" မည်၏။

စက္ခုဝိညာဉ်ဖြင့် မြင်စကောင်းသောရုပ်ကို "သနိဒဿနရုပ်"ဟု ခေါ်သည်၊ မမြင်စကောင်းသော ရုပ်ကို "အနိဒဿနရုပ်"ဟုခေါ်သည်။

ဂေါစရဂ္ဂါဟကရုပ်, အဂေါစရဂ္ဂါဟကရုပ်

၂၆။ အသမ္မတ္တဂ္ဂါဟကမည်သော စက္ခု,သောတ ၂-ပါး၊ သမ္မတ္တဂ္ဂါဟကမည်သော ဃာန, ဇိဝှါ, ကာယ ၃-ပါး၊ ပေါင်း ၅-ပါးသောရုပ်သည် "ဂေါစရဂ္ဂါဟကရုပ်"မည်၏၊ ကျန် ၂၃-ပါးသောရုပ်သည် "အဂေါစရဂ္ဂါဟကရုပ်"မည်၏။

အာရုံကိုယူတတ်သောကြောင့် ပသာဒရုပ် ၅-ပါးကိုပင် "ဂေါစရဂ္ဂါဟကရုပ်"ဟု ခေါ်သည်၊ သို့သော် မုချအားဖြင့် ခေါ်နိုင်သည်ကားမဟုတ်ပါ၊ ဌာနျုပစာအားဖြင့်သာ ခေါ်နိုင်ပါသည်။

စက္ခုပသာဒ စသည်တို့သည် စက္ခုဝိညာဉ်စသည်တို့၏ မှီရာဌာနဖြစ်၍ စက္ခုဝိညာဉ်စသည်တို့သည် ထိုစက္ခုပသာဒ စသည်ကို မှီတတ်သောဌာနီဖြစ်ကြ၏၊ ထို့ပြင် ဌာနဖြစ်သော စက္ခုပသာဒ စသည်က မုချအားဖြင့် အာရုံကို မယူတတ်၊ ဌာနီဖြစ်သော စက္ခုဝိညာဉ် စသည်တို့ကသာ ယူတတ်ကြသည်၊ ယင်းသို့ အာရုံကို ယူတတ်သော ဌာနီစက္ခုဝိညာဉ်စသည်တို့၏ "ဂေါစရဂ္ဂါဟက"ဟူသော အမည်ကို ဌာနဖြစ်သော စက္ခုပသာဒ စသည်၌ တင်စားလျက် ဌာနဖြစ်သော စက္ခုပသာဒစသည်တို့ကိုလည်း "ဂေါစရဂ္ဂါဟက"ဟုပင်ခေါ်ရသည်။

ထိုပသာဒရုပ် ၅-ပါးတွင်လည်း "စက္ခု, သောတ" ၂-ပါးတို့သည် မိမိထံမှောက်သို့ မရောက်မထိ မငြိမကပ်သော အာရုံကို ယူကြသည်၊ ထို့ကြောင့် "အသမ္မတ္တဂ္ဂါဟက"ဟူသော အမည်ကို ရကြသည်၊ ဃာနစသောရုပ် ၃-ခုသည် မိမိထံသို့ ထိစပ်ငြိကပ်မိသော အာရုံကို ယူကြသည်၊ ထို့ကြောင့် "သမ္မတ္တဂ္ဂါဟက"ဟူသောအမည်ကို ရကြသည်။

http://www.dhammadownload.com

၂၇။ ဝဏ္ဏော–အဆင်းအရောင်လည်းကောင်း၊ ဂန္ဓော–အနံ့လည်းကောင်း၊ ရသော–အရသာလည်းကောင်း၊ သြဇာ–အဆီအနှစ် အစေးလည်းကောင်း၊ ဘူတစတုက္ကဇ–မဟာဘုတ် ၄–ပါးတို့၏ အပေါင်းလည်းကောင်း၊ ကူတိ–ဤသို့၊ အဋ္ဌဝိဓမိ– ၈–ပါး အပြား

ရူပဝိဘာဂ ဇယား

ရုပ် ၂၈ – ပါး		အစက္ခုဒသက	ဝတ္ထုဒသက	ဇီဝိတဒသက	ကာယဒသက	ဘာဝဒသက	ဟဒယဒသက	ဇာတိဒသက	ဇရာဒသက	အနိစ္စတာဒသက	အမည်ပေါင်း
ပသာဒရုပ်	၅	။	။	။	။	။	။		။		၇
ဟဒယဝတ္ထု	၁		။				။				၂
ဇီဝိတိန္ဒြေး	၂			။							၁
ဘာဝ–၂,ဇီဝိတ –၁=၃					။		။				၂
ဓာတ် ၄ ဖိုသဗ္ဗရုပ် ၇ ရူပါရုံ	၁					။	။	။		။	၄
သဒ္ဒါရုံ	၁					။					၁
ဂန္ဓာရုံ, ရသာရုံ	၂					။	။			။	၃
ပ,တေ,ဝါ [ဖော]	၃					။	။			။	၃
အာပေါ	၁						။			။	၂
သြဇာ	၁						။			။	၂
အာကာသ	၁						။				၁
လဟုတာဒိတ္တယ,လက္ခဏ ၄ = ၇											
ရုပ်ပေါင်း		၅	၆	၇	၈	၁၂	၁၈	၁	၅	၈	
ရုပ်ပေါင်း		၂၃	၂၂	၂၁	၂၀	၁၆	တိဇ	၂၇	၂၃	၂၀	
ဣတ္ထိ၏ သက်ဆိုင်ရာ အမည်		**စက္ခုဒသက**	**ဝတ္ထုဒသက**	**ဇီဝိတဒသက**	**ကာယဒသက**	**ဘာဝဒသက**	**ဟဒယဒသက**	**ဇာတိဒသက**	**ဇရာဒသက**	**အနိစ္စတာဒသက**	

အဝိနိဗ္ဘောဂရုပ်, ဝိနိဗ္ဘောဂရုပ်

၂၇။ အဆင်း ရူပါရုံ ၁၊ အနံ့ ဂန္ဓာရုံ ၁၊ အရသာ ရသာရုံ ၁၊ သြဇာ အာဟာရရုပ် ၁၊ မဟာဘုတ် ၄–ပါး၊ ပေါင်း ၈–ပါးသောရုပ်သည် "အဝိနိဗ္ဘောဂရုပ်"မည်၏၊ ကျန် ၂၀–သော ရုပ်သည် "ဝိနိဗ္ဘောဂရုပ်"မည်၏။

http://www.dhammadownload.com

ရှိသည်လည်းဖြစ်သော ရုပ်သည်၊ အဝိနိဗ္ဘောဂရှုပ်-အဝိနိဗ္ဘောဂရုပ် မည်၏၊ ဣတရံ-ကျန် ၂၀-သောရုပ်သည်၊ ဝိနိဗ္ဘောဂရှုပ်-ဝိနိဗ္ဘောဂရုပ်မည်၏။

နိဂုံး

၂၈။ စ-နိဂုံးကိုဆိုဦးအံ့၊ ဣစ္စေဝံ-ဤသို့အစရှိသော အပြားအားဖြင့်၊ ဝိစက္ခဏာ-ပညာရှိတို့သည်၊ အဋ္ဌဝီသတိဝိဓမွိ- ၂၈-ပါး အပြားရှိသည်လည်းဖြစ်သောရုပ်ကို၊ အဇ္ဈတ္တိကာဒိဘေဒေန-အဇ္ဈတ္တိကအစရှိသော အပြားအားဖြင့်၊ ယထာရဟံ-ဝေဖန်ထိုက်သည်အားလျော်စွာ၊ ဝိဘဇေန္တိ-ဝေဖန်ကြကုန်၏။

အယံ-ဤသည်ကား၊ ဇတ္ထ-ဤရူပပရိစ္ဆေဒ၌၊ ရူပဝိဘာဂေါ-ရူပဝိဘာဂတည်း။

ရူပသမုဋ္ဌာန

၂၉။ ကမ္မံ-ကံလည်းကောင်း၊ စိတ္တံ-စိတ်လည်းကောင်း၊ ဥတု-ဥတုလည်းကောင်း၊ အာဟာရောစ-အာဟာရလည်းကောင်း၊ ဣတိ-ဤသို့၊ စတ္တာရိ- ၄-ပါးတို့သည်၊ ရူပသမုဋ္ဌာနာနိနာမ-ရုပ်တို့ကိုဖြစ်စေတတ်သော အကြောင်းတို့မည်၏။

၃၀။ တတ္ထ-ထို ၄-ပါးသော အကြောင်းတို့တွင်၊ ကာမာဝစရံ-ကာမာဝစရကုသိုလ်, အကုသိုလ်စေတနာ ၂၀-လည်းကောင်း၊ ရူပါဝစရဿ-ရူပါဝစရကုသိုလ်စေတနာ ၅-ပါးလည်းကောင်း၊ ဣတိ-ဤသို့၊ ပဉ္စဝီသတိဝိဓမွိ- ၂၅-ပါး အပြားရှိသည်လည်းဖြစ်သော၊

တစ်ခုစီခွဲခြား၍ မရစကောင်း၊ တပေါင်းတည်းသာ ဖြစ်ရသောကြောင့် "ဝဏ္ဏ"စသည်တို့ကို "အဝိနိဗ္ဘောဂရုပ်"ဟုခေါ်သည်၊ တစ်ခုစီခွဲခြား၍ ရစကောင်းသောကြောင့် ကျန် ၂၀-သောရုပ်တို့ကို "ဝိနိဗ္ဘောဂရုပ်"ဟုခေါ်သည်။

၂၈။ ဤသို့အစရှိသောအားဖြင့် ပညာရှိတို့သည် ရုပ် ၂၈-ပါးကို "အဇ္ဈတ္တိက"အစရှိသော အပြားအားဖြင့် ထိုက်သည်အားလျော်စွာ ဝေဖန်ကြသည်။

ရုပ်ဖြစ်ကြောင်းတရား ၄-ပါး

၂၉။ "ကံ,စိတ်, ဥတု, အာဟာရ"ဟု ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရား ၄-ပါးရှိသည်။

ကံက ရုပ်ကို ဖြစ်စေပုံ

၃၀။ "ကံ"ဟူသော အကြောင်းတရားက ရုပ်ဖြစ်စေပုံကို ပြလိုသော် "တတ္ထ ကာမာဝစရံ" အစရှိသောစကားရပ်ကို မိန့်ဆိုရပေသည်။

အကုသိုလ်စေတနာ ၁၂-ပါး၊ ကာမာဝစရကုသိုလ်စေတနာ ၈-ပါး၊ ရူပါဝစရကုသိုလ်စေတနာ ၅-ပါး၊ ပေါင်း ၂၅-ပါးသော ကုသိုလ်, အကုသိုလ် စေတနာသည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ စိတ်၏ ခဏတိုင်းခဏတိုင်းမှာ ရုပ်ကို ဖြစ်စေသည်၊ ထိုကံကြောင့်ဖြစ်သော ရုပ်ကိုလည်း "ကမ္မဇရုပ်"ဟုပင်ခေါ်ရသည်။

http://www.dhammadownload.com

အဘိသန်တံ–ပြုစီမံအပ်ပြီးသော၊ ကုသလာကုသလကမ္မံ–ကုသိုလ်, အကုသိုလ်ကံသည်၊ အဇ္ဈတ္တိကသန္တာနေ–အဇ္ဈတ္တသန္တာန်၌၊ ကမ္မသမုဋ္ဌာနရူပံ–ကံကြောင့်ဖြစ်သောရုပ် အပေါင်းကို၊ ပဋိသန္ဓိ–ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကို၊ ဥပါဒါယ–အစပြု၍၊ ခဏော ခဏော–စိတ်၏ခဏတိုင်းခဏတိုင်း၌၊ သမုဋ္ဌာပေတိ–ဖြစ်စေ၏။

၃၁။ အာရုပ္ပဝိပါကဒွိပဉ္စဝိညာဏဇဝနွိတံ–အရူပဝိပါက်, ဒွေးပဉ္စဝိညာဉ်သည်ကြဉ် အပ်သော၊ ပဉ္စသတ္တတိဝမွိ– ၇၅–ပါးအပြားရှိသည်လည်းဖြစ်သော၊ စိတ္တံ–စိတ်သည်၊ စိတ္တသမုဋ္ဌာနရူပံ–စိတ်ကြောင့်ဖြစ်သော ရုပ်အပေါင်းကို၊ ပဌမဘဝင်–ပထမဘဝင်စိတ်၏ ဥပါဒ်ကို၊ ဥပါဒါယ–အစပြု၍၊ ဇာယန္တေ မေဝ–ဥပါဒ်လျှင်ဥပါဒ်ချင်းသာလျှင်၊ သမုဋ္ဌာပေတိ–ဖြစ်စေ၏။

၃၂။ တတ္ထ–ထို ၇၅–ပါးသောစိတ်တို့တွင်၊ အပုနာဇဝနံ–အပြန်ာဇောသည်၊ ကုရိယာ ပထမ်ိ–ကုရိယာပုတ်ကိုလည်း၊ သန္နာမေတိ–ကောင်းစွာညွတ်စေ ဆောင်ထားလေ၏။

ထိုစေတနာများသည် မိမိသန္တာန်၌ ပြုစီမံအပ်ပြီး ဖြစ်စေအပ်ပြီးသော အတိတ်စေတနာများပင် ဖြစ်ကြသည်။ (အဘိသန်တံ။)

ထိုပြုစီမံအပ်ပြီး ဖြစ်စေအပ်ပြီးသော စေတနာသည်လည်း သူတစ်ပါးသန္တာန်မှာ သွား၍ အကျိုးပေးသည် မဟုတ်ပါ၊ မိမိသန္တာန်မှာသာ အကျိုးပေးခွင့် သင့်ရာဘဝ၌ အကျိုးပေးသည်၊ ကမ္မဇရုပ်များကို ဖြစ်စေသည်။ (အဇ္ဈတ္တိကသန္တာနေ။)

ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ စိတ်၏ (“ဥပါဒ်, ဌိ, ဘင်”ဟု ဆိုအပ်သော) ခဏတိုင်းခဏတိုင်းမှာ ဖြစ်ကြရသည်၊ ဤသို့ မှတ်သားထားပါ။

စိတ်က ရုပ်ကို ဖြစ်စေပုံ

၃၁။ “အာရုပ္ပဝိပါက ဒွိပဉ္စဝိညာဏဇဝနွိတံ”စသော စကားရပ်ဖြင့် “စိတ်”ဟူသော အကြောင်းတရားက ရုပ်ကိုဖြစ်စေပုံကို ပြသည်။

အရူပဝိပါက် ၄–ပါးနှင့် ဒွေးပဉ္စဝိညာဉ် ၁၀–မှတစ်ပါး ၇၅–ပါးသော စိတ်တို့သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ မိမိတို့၏ ဥပါဒ်ခဏ ဥပါဒ်ခဏမှာသာ ရုပ်ကို ဖြစ်စေသည်၊ ယင်းစိတ်ကြောင့်ဖြစ်သော ရုပ်ကိုလည်း “စိတ္တဇရုပ်”ဟုပင်ခေါ်သည်။

စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ ရုပ်ကို ဖြစ်စေနိုင်သော စိတ်တို့၏ ဥပါဒ်တိုင်းဥပါဒ်တိုင်းမှာ ဖြစ်ကြရသည်၊ ဤသို့ မှတ်သားထားပါ။

ရုပ်ကို ဖြစ်စေသော စိတ်တို့၏ သတ္တိထူး

၃၂။ “တတ္ထ အပုနာဇဝနံ” အစရှိသောစကားရပ်ဖြင့် ရုပ်ကိုဖြစ်စေနိုင်သော စိတ်တို့၏ သတ္တိထူးကို ဆက်လက်ပြဆိုထားသည်။

http://www.dhammadownload.com

၃၃။ ပန–ကား၊ ဝေါဋ္ဌဗ္ဗနကာမာဝစရဇဝနာဘိညာ–ဝုဋ္ဌော့ကာမဇောတစ်ခုယုတ်သုံးဆယ်, အဘိညာဉ်ဒွေးတို့သည်၊ ဝိညတ္တိမွိ–ကာယဝိညတ်, ဝစီဝိညတ်ကိုလည်း၊ သမုဋ္ဌာပေန္တိ–ဖြစ်စေနိုင်ကုန်၏။

၃၄။ ပန–အထူးကား၊ ဇော–ဤဝုဋ္ဌော့ကာမဇော, အဘိညာဉ်တို့တွင်၊ တေရသ–၁၃–ပါးကုန်သော၊ သောမနဿဇဝနာနိ–သောမနဿဇောတို့သည်၊ ဟသနမွိ–ပြုံးရယ်ခြင်းကိုလည်း၊ ဇနေန္တိ–ဖြစ်စေနိုင်ကုန်၏။

ထို ၇၅–ပါးသော စိတ်တို့တွင် (အဘိညာဉ်ဒွေးမှတစ်ပါး) အပွနာဇော ၂၆–ပါးသည် ကြရိယာပုတ်ကိုလည်း ထောက်ပံ့နိုင်သည်၊ ရုပ်သာမညကိုလည်း ဖြစ်စေနိုင်သည်။ (ဤကား "ဝိ"သဒ္ဒါဖြင့်ပေါင်းထားအပ်သောအနက်တည်း၊ နောက်လည်း ဤနည်းချည်းမှတ်ပါ။)

ထိုတွင် သွားမှု, ရပ်မှု, ထိုင်မှု, လျောင်းမှုကို "ကြရိယာပုတ်"ဟု ဆိုသည်၊ ကြရိယာပုတ်နှင့် ဝိညတ်မပါသော ရုပ်များကို "ရုပ်သာမည"ဟု ဆိုသည်။

၃၃။ ဝုဋ္ဌော ၁–ပါး၊ ကာမဇော ၂၉–ပါး၊ အဘိညာဉ် ၂–ပါး၊ ပေါင်း ၃၂–ပါးသောစိတ်တို့သည် "ကာယဝိညတ်, ဝစီဝိညတ်" ၂–ပါးကိုလည်းဖြစ်စေနိုင်သည်၊ ရုပ်သာမညကိုလည်းဖြစ်စေနိုင်သည်၊ ကြရိယာပုတ်ကိုလည်း ထောက်ပံ့နိုင်သည်။

၃၄။ ဤ ၃၂–ပါးသောစိတ်တို့တွင် လောဘမူသောမနဿ ၄–ပါး၊ ဟသိတုပ္ပာဒ် ၁–ပါး၊ မဟာကုသိုလ်သောမနဿ ၄–ပါး၊ မဟာကြိယာသောမနဿ ၄–ပါး၊ ပေါင်း ၁၃–ပါးသော ကာမာဝစရသောမနဿသဟဂုတ် ဇောတို့သည် ပြုံးရွှင်ခြင်းကိုလည်း ဖြစ်စေနိုင်သည်၊ ဝိညတ်ကိုလည်း ဖြစ်စေနိုင်သည်၊ (ရုပ်သာမညနှင့် ကြရိယာပုတ်ကိုကား ဝိညတ္တိမွိ–တုန်းက ဆည်းခဲ့ပြီ။)

သတ္တိအားလျော်စွာ စိတ်က ရုပ်ကို ဖြစ်စေပုံ

စိတ်တစ်ခုယုတ်ကိုးဆယ်[ရူပပဋိသန္ဓေစျာန် ၂–ထပ်ပါဝင်]	ရုပ်သာမညဇနကစိတ်	ဝိညတ္တိဇနကစိတ်	ဝိညတ်ဇနကစိတ်	ပြုံးရယ်ခြင်းဇနကစိတ်	ပေါင်း
မနောဓာတ် ၃, တဒါရုံ ၁၁, ရူပဝိပါက် ၅ = ၁၉	။				၁
အဘိညာဉ်ဒွေးမှတစ်ပါး အပွနာဇော ၂၆	။	။			၂
ဝုဋ္ဌော ၁, ဒေါ ၂, ကာဉဇော ၁၄, ဘိ ၂ = ၁၉	။	။	။		၃
ကာမာဝစရသောမနဿဇော ၁၃	။	။	။	။	၄
အရူပဝိပါက် ၄, ဒွေးပဋိညာဉ် ၁၀ = ၁၄					
ရုပ်သာမညစသည်ကို ဖြစ်စေသော စိတ်ပေါင်း	၇၅	၅၆	၃၂	၁၃	

http://www.dhammadownload.com

၃၅။ သီတုဏှောတုသမညာတာ–သီတဥတု, ဥဏှဥတုဟု အသိအမှတ်ပြုအပ်သော၊ တေဇောဓာတု–တေဇောဓာတ်သည်၊ ဠိတိပ္ပတ္တာဝ–ဠိသို့ ရောက်မှသာလျှင်၊ ဥတုသမုဋ္ဌာန ရူပံ–ဥတုကြောင့်ဖြစ်သော ရုပ်ကို၊ အဇ္ဈတ္တဉ္စ–အဇ္ဈတ္တသန္တာန်၌လည်းကောင်း၊ ဗဟိဒ္ဓါစ–ဗဟိဒ္ဓသန္တာန်၌လည်းကောင်း၊ ယထာရဟံ–ထိုက်သည်အားလျော်စွာ၊သမုဋ္ဌာပေတိ–၏။

ဆောင်း။　။ မနောဓာတုံ, တဒါရုံက, ရူပဝိပါက်, ၁၉–ချက်မှာ, ရုပ်ကိုသာတည်း၊ အပ္ပနာဇဝန, ဆဋ္ဌိသကား, ယာပထလည်း, ဖွဲ့တည်းခိုင်စေ၊ တစ်ထွေ ဝုဋ္ဌော, ကာ'ဉ'ဇောနှင့်, ဒေါအဘိညာ, ၁၉–မှာလျှင်, ၂–ဖြာဝိညတ်, ကိုလည်း တတ်၏၊ သောမနသ်ဟု, ၁၃–ခုကား, ရုပ်မှရွှင်ခြင်း, လည်းပြုလျှင်း၏၊ ကြွင်း အာရုပ္ပ, ဝိပါကနှင့်, ပဋ္ဌဝိညာ, ၁၄–ဖြာသည်.....ဘယ်ဟာ ဖြစ်စေနိုင်ဘူးတည်း။(ဆရာမြတ်တို့၏ ဆောင်ပုဒ်ကို အနည်းငယ် ပြင်ထားပါသည်။)

တစ်နည်း။　။ မနောဓာ၊ တဒါရမဏငယ်နှင့်၊ ရူပါဝစရ ဝိပါကာ။ ဆယ့်ကိုးဆို–ထိုစိတ္တငယ်၊ ရုပ်ကိုမျှသာ။ အပ္ပနာ–ဇဝနတို့မှာလ၊ ပထပါ ထောက်ပံ့ကြပါသတဲ့၊ ဝု ဒေါသာ–ဥပေက္ခာ ဇောကာမရဂယ်နှင့်၊ ဘိ်နှစ်ဝ ဆယ့်ကိုးဖြာ၊ ဝိညတ်ပါဆောင်ထမ်း။ သောမနာ ဇောကာမာ–တေရသရုယ်က၊ ရုယ်မှုပါ ဖြစ်စေရုပါသတဲ့၊ အရူပါ–ဝိပါကရုယ်နှင့်၊ ပဉ် ဝိညာ–စုဒ္ဒသတို့မှာ၊ ဘာမျှ မစွမ်း။

ပြိုးရွှင်ခြင်းကို ဖြစ်စေတတ်သောစိတ် ၁၃–ပါးတွင် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လောဘမူ သောမနဿ ၄–ပါး၊ မဟာကုသိုလ် သောမနဿ ၄–ပါး၊ ပေါင်း ၈–ပါးသော စိတ်တို့တွင် တစ်ပါးပါးဖြင့် ပြိုးရယ်ကြသည်။

"သောတာပန်, သကဒါဂါမ်, အနာဂါမ်"ဟုဆိုအပ်သော သေက္ခပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သောမနဿ ၂–ပါး၊ မဟာကုသိုလ် သောမနဿ ၄–ပါး၊ ပေါင်း ၆–ပါး တို့တွင် တစ်ပါးပါးဖြင့် ပြိုးရယ်ကြသည်။

ဘုရား, ရဟန္တာပုဂ္ဂိုလ်တို့သည် ဟသိတုပဟာဒ် ၁–ပါး၊ မဟာကြိယာ သောမနဿသဟဂုတ် ၄–ပါး၊ ပေါင်း ၅–ပါးတို့တွင် တစ်ပါးပါးဖြင့် ပြိုးရယ်ကြသည်။

ဆောင်း။　။ ပုထု အဋ္ဌ, သေက္ခ ခြောက်ဖြာ, ရဟန္တာ, ငါးဖြာ ရယ်ကြောင်းစိတ်။

တစ်နည်း။　။ပု ရှစ်ဖြာ၊ သေက္ခမှာ ခြောက်ပါး၊
ရဟန္တာ–ငါး ရကောင်းတယ်၊ ရယ်ကြောင်း စိတ်များ။

ဥတုက ရုပ်ကို ဖြစ်စေပုံ

၃၅။ "သီတုဏှောတုသမညာတာ"စသော စကားရပ်ဖြင့် "ဥတု"ဟူသော အကြောင်းတရားက ရုပ်ကို ဖြစ်စေပုံကို ပြသည်။

"ဥတု"ဟူသည် "အအေးငွေ့, အပူငွေ့"ဟူသော တေဇောဓာတ်ပင် ဖြစ်သည်၊ ဥတုနှင့် တေဇောဓာတ်မှာ အခေါ်သာကွဲသည်၊ သဘောအဓိပ္ပာယ် အတူတူပင်ဖြစ်သည်၊ ယင်းတေဇော ဓာတ်သည် ဥပါဒ်ပြီးနောက် ဠိသို့ရောက်မှသာ ဥတုဇရုပ်ကို အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်မှာ ထိုက်သည်အားလျော်စွာဖြစ်စေသည်၊ ထို "တေဇော"ဟူသော ဥတုကြောင့်ဖြစ်သော ရုပ်ကိုလည်း "ဥတုဇရုပ်"ဟုပင် ခေါ်သည်။

http://www.dhammadownload.com

၃၆။ သြဇာသင်္ခါတော-သြဇာဟု ဆိုအပ်သော၊ အာဟာရော-အာဟာရသည်၊ အာဟာရသမုဋ္ဌာနရူပ်-အာဟာရကြောင့်ဖြစ်သော ရုပ်ကို၊ အဇ္ဈောဟရဏကာလေ-မျိုအပ်ရာအခါ၌၊ ဌာနပွတ္တောဝ-ဌီသို့ ရောက်မှသာလျှင်၊ သမုဋ္ဌာပေတိ-ဖြစ်စေ၏။

၃၇။ တတ္ထ-ထိုရုပ်တို့တွင်၊ ဟဒယဂ္ဂန္ဒြိယရူပါနိ-ဟဒယရုပ်,ဂ္ဂန္ဒြိယရုပ်တို့သည်၊ ကမ္မဇာနေဝ-ကမ္မဇရုပ်တို့ချည်းသာတည်း။

ဥတုဇရုပ်များသည် အဇ္ဈတ္တသန္တာန်မှာ ပဋိသန္ဓေစိတ်၏ ဌီခဏမှ စ၍ စိတ်၏ ခဏတိုင်း ခဏတိုင်းမှာ ဖြစ်ကြရသည်၊ ဗဟိဒ္ဓသန္တာန်မှာ ဖြစ်သော ဥတုဇရုပ်များကိုမူ ထိုကဲ့သို့ သတ်မှတ်၍ မဖြစ်နိုင်ပါ။

ဤ၌ သက်ရှိသတ္တဝါတို့၏ ရုပ်ခန္ဓာအစဉ်ကို "အဇ္ဈတ္တသန္တာန်"ဟု ခေါ်သည်၊ အသက်ဝိညာဉ်မရှိသော သစ်ပင်, တောင်, တောင်, ရေ, မြေ, သမုဒ္ဒရာ စသည်တို့၏ ရုပ်ခန္ဓာ အစဉ်ကို "ဗဟိဒ္ဓသန္တာန်"ဟု ခေါ်သည်။

အဇ္ဈတ္တသန္တာန်၌ ဥတုဇရုပ်ကလာပ် ၄-စည်းလုံး ဖြစ်နိုင်သည်၊ ဗဟိဒ္ဓသန္တာန်၌ ၂-စည်း ဖြစ်နိုင်သည်၊ ဤသည်ကိုပင် "ယထာရဟံ-ထိုက်သည် အားလျော်စွာ ဖြစ်စေသည်"ဟု ဆိုသည်။

အာဟာရက ရုပ်ကို ဖြစ်စေပုံ

၃၆။ "သြဇာသင်္ခါတော" အစရှိသော စကားရပ်ဖြင့် "အာဟာရ"ဟူသော အကြောင်းတရားက ရုပ်ကိုဖြစ်စေပုံကို ပြသည်။

"သြဇာ"ဟူသော အာဟာရသည် မျိုအပ်သည့်အခါ ဌီသို့ ရောက်မှသာ အာဟာရဇရုပ်ကို ဖြစ်စေသည်၊ ထိုအာဟာရကြောင့်ဖြစ်သော ရုပ်ကိုလည်း "အာဟာရဇရုပ်"ဟုပင်ခေါ်ရသည်။

တစ်စုံတစ်ခုသော စားဖွယ်သောက်ဖွယ်ကို စားသောက်သည့်အခါ ထိုစားဖွယ် သောက်ဖွယ် အတွင်း၌ သြဇာလည်း ပါဝင်နေသည်၊ ထိုသြဇာသည် "ဥပါဒ်, ဌီ, ဘင်"အားဖြင့် အစဉ်မပြတ် ဖြစ်ပျက်နေရာ ဥပါဒ်ပြီးနောက် ဌီသို့အရောက်မှာ ရုပ်သစ် တစ်မျိုးကို ဖြစ်ပွားစေသည်၊ ထို "သြဇာ"ဟူသော အာဟာရကြောင့်ဖြစ်သော ရုပ်ကိုလည်း "အာဟာရဇရုပ်"ဟုပင် ခေါ်ရသည်၊ ဤသို့ ဆိုလိုပါသည်။

အာဟာရဇရုပ်များသည် သြဇာပျံ့နှံ့သည့် အခါမှစ၍ စိတ်၏ ခဏတိုင်းခဏတိုင်းမှာ ဖြစ်လာကြသည်၊ ဤသို့ မှတ်သားထားပါ။

ဆိုင်ရာအကြောင်းကြောင့်ဖြစ်သောရုပ်များ

၃၇။ "တတ္ထ" အစရှိသော စကားရပ်ဖြင့် ဆိုင်ရာအကြောင်းများကြောင့် ဖြစ်သော ရုပ်တို့ကို စုပေါင်းပြဆိုသည်။

ဟဒယရုပ် ၁-ပါး၊ ဂ္ဂန္ဒြိယရုပ် ၈-ပါး၊ ဤ ၉-ပါးသော ရုပ်တို့သည် ကံ တစ်ခုတည်းကြောင့်သာ ဖြစ်ကြသည်၊ "ကမ္မဇဧကန် ၉-ပါး"ဟု မှတ်ပါ။

http://www.dhammadownload.com

၃၈။ ဝိညတ္တိဒ္ဒယံ–ဝိညတ်ဒွေးသည်၊ စိတ္တဇမေဝ–စိတ္တဇချည်းသာတည်း။

၃၉။ သဒ္ဒေါ–သဒ္ဒသည်၊ စိတ္တောတုဇော–စိတ်, ဥတု ၂–မျိုးတို့ကြောင့်ဖြစ်၏။

၄၀။ လဟုတာဒိတ္တယံ–လဟုတာစသော ရုပ်၃–ခုတို့၏အပေါင်းသည်၊ ဥတုစိတ္တာဟာရေဟိ–ဥတု, စိတ်, အာဟာရတို့ကြောင့်၊ သမ္ဘောတိ–ဖြစ်၏။

၄၁။ အဝိနိဗ္ဘောဂရူပါနိစေဝ–အဝိနိဗ္ဘောဂရုပ် ၈–ခုတို့သည်လည်းကောင်း၊ အာကာသဓာတုစ–အာကာသဓာတ်သည်လည်းကောင်း၊ စတူဟိ– ၄–ပါးသော အကြောင်းတို့ကြောင့်၊ သမ္ဘူတာနိ–ဖြစ်ကုန်၏။

၄၂။ လက္ခဏရူပါနိ–လက္ခဏရုပ်တို့သည်၊ ကုတောစိ–မည်သည့်အကြောင်းကြောင့်မျှ၊ နဇာယန္တိ–မဖြစ်ကုန်။

၄၃။ ကမ္မစိတ္တောတုကာဟာရဇာနိ–ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့သည်၊ အဋ္ဌာရသ– ၁၈–ပါးတို့လည်းကောင်း၊ ပန္နရသ– ၁၅–ပါးတို့လည်းကောင်း၊ တေရသ–၁၃–ပါးတို့လည်းကောင်း၊ ဒွါဒသစ–၁၂–ပါးတို့လည်းကောင်း၊ ဣတိ–ဤသို့၊ ယထာက္ကမံ–အစဉ်အားလျော်စွာ၊ ဟောန္တိ–ဖြစ်ကုန်၏။

၃၈။ ဝိညတ်ဒွေးသည် စိတ်တစ်ခုတည်းကြောင့်သာဖြစ်သည်၊ "စိတ္တဇကေန် ၂–ပါး"ဟု မှတ်ပါ။

ကမ္မဇကေန် ၉–ပါး။ စိတ္တဇကေန် ၂–ပါး၊ ပေါင်း ၁၁–ပါးသည် "ဇကဇ (အကြောင်းတစ်ပါးကြောင့်သာဖြစ်သော) ရုပ်"မည်၏။

၃၉။ သဒ္ဒသည် "စိတ်, ဥတု" ၂–ပါးကြောင့် ထိုက်သည်အားလျော်စွာ ဖြစ်သည်၊ "ဒွိဇရုပ် ၂–ပါး"ဟု မှတ်ပါ။

၄၀။ လဟုတာ, မုဒုတာ, ကမ္မညတာ ၃–ပါးသည် "စိတ်, ဥတု, အာဟာရ"တို့ကြောင့် ထိုက်သည်အားလျော်စွာ ဖြစ်သည်၊ "တိဇရုပ် ၃–ပါး"ဟု မှတ်ပါ။

၄၁။ အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ အာကာသဓာတ် ၁–ပါး၊ ပေါင်း ၉–ပါးသော ရုပ်တို့သည် အကြောင်း ၄–ပါးကြောင့် ထိုက်သည်အားလျော်စွာ ဖြစ်ကြသည်၊"စတုဇရုပ် ၉–ပါး"ဟု မှတ်ပါ။

၄၂။ လက္ခဏရုပ် ၄–ခုတို့သည် မည်သည့်အကြောင်းကြောင့်မျှ ဖြစ်သည် မဟုတ်ကြပါ၊ "နှ ကုတောစိသမုဋ္ဌာန် (သမုဋ္ဌာနဝိမုတ္တ)ရုပ် ၄–ပါး"ဟု မှတ်ပါ။

၄၃။ "အဋ္ဌာရသ"စသော ဂါထာဖြင့် ကမ္မဇရုပ်စသည်တို့ကို အကျဉ်းချုပ် ရေတွက်ပြသည်။

ကမ္မဇရုပ် ၁၈–ပါး၊ စိတ္တဇရုပ် ၁၅–ပါး၊ ဥတုဇရုပ် ၁၃–ပါး၊ အာဟာရဇရုပ် ၁၂–ပါး ဖြစ်သည်–ဟူ၏။

"ကမ္မဇရုပ် ၁၈–ပါး"ဟူသော်ကား ကမ္မဇရုပ်ဇကေန် ၉–ပါး၊ အနေကန် ၉–ပါးတို့တည်း၊ "စိတ္တဇရုပ် ၁၅–ပါး"ဟူသော်ကား စိတ္တဇရုပ်ဇကေန် ၂–ပါး၊ အနေကန် ၁၃–ပါးတို့တည်း၊ "ဥတုဇရုပ် ၁၃–ပါး"ဟူသော်ကား ဥတုဇရုပ်အနေကန် ၁၃–ပါးတို့တည်း၊ "အာဟာရဇရုပ် ၁၂–ပါး"ဟူသော်ကား အာဟာရဇရုပ် အနေကန် ၁၂–ပါးတို့တည်း၊ ဇယားကိုလည်း ရှုပါ။

http://www.dhammadownload.com

၄၄။ ဟိ–အကြောင်းကိုပြဦးအံ့၊ လက္ခဏာနိ–လက္ခဏာရုပ်တို့သည်၊ ကေဝလံ–သက်သက်၊ ဇာယမာနာဒိရူပါနံ–ဖြစ်ဆဲအစရှိသော ရုပ်ကလာပ်တို့၏၊ သဘာဝတ္ထာ–သဘောတံထွာ ဓမ္မတာ၏အဖြစ်ကြောင့်၊ ကေဟိစိ–ဘယ်အကြောင်းတို့ကြောင့်မျှ၊ နဇာယန္တိ–မဖြစ်ကုန်၊ ဣတိ–ဤသို့၊ ပကာသိတံ–ပြအပ်၏။

အယံ–ဤသည်ကား၊ ဇတ္ထ–ဤရူပပရိစ္ဆေဒ၌၊ ရူပသမုဋ္ဌာနနယော–ရူပသမုဋ္ဌာန်နည်းတည်း။

သမုဋ္ဌာနဝိမုတ္တ

၄၄။ "ဇာယမာနာဒိရူပါနံ"အစရှိသော ဂါထာဖြင့် လက္ခဏာရုပ် ၄–ခုတို့၏ "နကုတောစိ သမုဋ္ဌာန်"မည်ခြင်း၏အကြောင်း,"သမုဋ္ဌာနဝိမုတ္တ"ဖြစ်ခြင်း၏ အကြောင်းကို ပြတော်မူသည်။

လက္ခဏာရုပ်တို့သည် ဖြစ်ဆဲအစရှိသော ရုပ်တို့၏ သဘောလက္ခဏာမျှသာ ဖြစ်သောကြောင့် "နကုတောစိ သမုဋ္ဌာန် (သမုဋ္ဌာနဝိမုတ္တ)"မည်ရပါသည်။

ချဲ့ပါဦးမည်= ဥပစယနှင့် သန္တတိတို့သည် ဖြစ်ဆဲရုပ်တို့၏ သဘောလက္ခဏာမျှသာ ဖြစ်သည်၊ ဇရတာသည် ရင့်ဆဲရုပ်တို့၏ သဘောလက္ခဏာမျှသာ ဖြစ်သည်၊ အနိစ္စတာသည် ပျက်ဆဲရုပ်တို့၏ သဘောလက္ခဏာမျှသာဖြစ်သည်၊ ထို့ကြောင့် "ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ"ဟူသော လက္ခဏာရုပ် ၄–ခုတို့ကို "မည်သည့်အကြောင်းကြောင့် ဖြစ်သည်"ဟု မဆိုထိုက်ပါ။

ဥပစယနှင့် သန္တတိကို ပရိယာယ်အားဖြင့် "အကြောင်း ၄–ပါးကြောင့် ဖြစ်သည်"ဟု အဋ္ဌကထာဆရာများ မိန့်ဆိုထားပါသေးသည်၊ ယင်းမိန့်ဆိုချက်ကိုပင် အထောက်အထားပြု၍ "ကမ္မဇရုပ် ဝိသ, စိတ္တဇရုပ် သတ္တရသ, ဥတုဇရုပ် ပန္နရသ, အာဟာရဇရုပ် စုဒ္ဒသ"ဟု မာတိကာအရကောက်၌ ဆိုထားပါသည်။

ထိုထိုအကြောင်းကြောင့်ဖြစ်သော ရုပ်များ

ရုပ် – ၂၈ – ပါး	ကံ	စိတ်	ဥတု	အာဟာရ	ကြည်လင်ဖွယ်ရာ
ပသာဒ ၅, ဘာဝ ၂, ဇီဝိတ ၁၊ ဟဒယ ၁ = ၉	။				၁
ဝိညတ်ဒွေး ၂		။			၁
သဒ္ဒ ၁		။	။		၂
လဟုတာ, မုဒုတာ, ကမ္မညတာ ၃		။	။	။	၃
အဝိနိဗ္ဘောဂရုပ် ၈, အာကာသဓာတ် ၁ = ၉	။	။	။	။	၄
လက္ခဏာရုပ် ၄					၈
ထိုထိုအကြောင်းကြောင့်ဖြစ်သော ရုပ်ပေါင်း	၁၈	၁၅	၁၃	၁၂	

http://www.dhammadownload.com

ရူပကလာပ

၄၅။ ဇကုပ္ပဘဒါ–တူသောဖြစ်ခြင်း ရှိကုန်သည်လည်းကောင်း၊ ဇကနိရောဓာ–တူသောချုပ်ခြင်းရှိကုန်သည်လည်းကောင်း၊ ဇကနိဿယာ–တူသောမှီရာမဟာဘုတ် ရှိကုန်သည်လည်းကောင်း၊ ဟုတ္ဝာ–ဖြစ်ကုန်၍၊ သဟဝုတ္တိနော–အတူတကွဖြစ်ခြင်းရှိသော ရုပ်အပေါင်းတို့သည်၊ ဇကဝီသတိ–၂၁–စည်းသော၊ ရူပကလာပါနာမ–ရုပ်ကလာပ်တို့ မည်၏။

ဇယားကို လက်ဝဲ,လက်ျာ ရူပါက ဟဒယ, ဣန္ဒြေယ(ပသာဒ ၅, ဘာဝ ၂, ဇီဝိတ, ဟဒယ) ရုပ်တို့သည် ကံကြောင့်သာဖြစ်သည်၊–စသော ဆိုခဲ့ပြီးသော သဘောကိုပင် တွေ့ရပါမည်။

အပေါ်,အောက် ရူပါက ဇကဇ ၉–ပါး၊ စတုဇ ၉–ပါး၊ ပေါင်း ကမ္မဇရုပ် ၁၈–ပါးဖြစ်သည်၊ –စသော သင်္ဂဟဂါထာလာ သဘောသွားကို တွေ့ရမည်။

ကလာပ်အင်္ဂါ ၃–ပါး

၄၅။ "ဇကုပ္ပဘဒါ" အစရှိသော စကားရပ်ဖြင့် ရုပ်ကလာပ်တို့၏ အင်္ဂါနှင့် အရေအတွက်ကို ပြတော်မူသည်။

၁။　ဇကုပ္ပဘဒ= အတူတကွ ဖြစ်ခြင်း၊
၂။　ဇကနိရောဓ= အတူတကွချုပ်ခြင်း၊
၃။　ဇကနိဿယ= တူသောမှီရာ မဟာဘုတ် ရှိခြင်း။

ဤလက္ခဏာ ၃–ပါးနှင့် ပြည့်စုံ၍ အတူတကွဖြစ်သော ရုပ်အပေါင်းကို "ကလာပ်"ဟု ခေါ်သည်၊ ထိုရုပ်ကလာပ်သည် (ကမ္မဇကလာပ် ၉–စည်း၊ စိတ္တဇကလာပ် ၆–စည်း၊ ဥတုဇကလာပ် ၄–စည်း၊ အာဟာရဇကလာပ် ၂–စည်းအားဖြင့်) ၂၁–စည်းရှိ၏။

ကာယဝိညတ္တိနဝကကလာပ်, ဝစီဝိညတ္တိဒသကကလာပ်ဝယ် ဇကုပ္ပဘဒ, ဇကနိဿယကား ဖြစ်ပါ၏၊ ဝိညတ်သည် စိတ်၏ဘင်နှင့်ပြိုင်၍ ချုပ်ရကား ဇကနိရောဓ မဖြစ်ပါ၊ ဇကနိရောဓ မဖြစ်သော် အသို့လျှင် ကလာပ်မည်အံ့နည်း?။

ဧစတသိက ပရိဏ္ဍေဒ၌ ၄–ပါးသော ဧစတသိက်လက္ခဏာတွင် စတုဝေါကာရဘုံ၌ ဝတ္ထုရုပ် မရှိခြင်းကြောင့် ဇကဝတ္ထုကလက္ခဏာကို မရ၊ သို့ပင် မရသော်လည်း ပဉ္စဝေါကာရဘုံ၌ ရခြင်း ကြောင့် လေးပါးသော လက္ခဏာကို ဆိုအပ်သကဲ့သို့ ဝိညတ်တစ်စိတ် မရသော်လည်း တစ်ပါးသော ကလာပ်၌လည်းကောင်း, ကလာပ်ဖော်ရုပ်တို့၌လည်းကောင်း ရသင့်ရကား ၃–ပါးပင် ဆိုလေသည်၊ နည်း ၄၀–လာ "ယေဘုယျနည်း"မျိုးတည်း။

ကလာပ်ဖွဲ့ရန် အခြေခံ

စတုဇရုပ် ၉–ပါးတို့တွင် အာကာသကို ကြဉ်ထားပါက အဝိနိဗ္ဘောရုပ် ၈–ခု ကျန်သည်၊ ယင်း အဝိနိဗ္ဘောဂရုပ် ၈–ခုသည် မူလအခြေခံရုပ် ဖြစ်သည်၊ အဝိနိဗ္ဘောဂရုပ် ၈–ခုမှလွတ်သော ရုပ်ဝတ္ထုဟု မရှိသင့်၊ ရုပ်ဝတ္ထုသာ မှန်ပါက အဝိနိဗ္ဘောဂရုပ် ၈–ခု ပါဝင်ရသည်ချည်း။

http://www.dhammadownload.com

၄၆။ တတ္ထ–ထိ ၂၁–စည်းသော ရုပ်ကလာပ်တို့တွင်၊ ဇီဝိတံ–ဇီဝိတရုပ်ကိုလည်းကောင်း၊ အဝိနိဗ္ဘောဂရူပဉ္စ–အဝိနိဗ္ဘောဂရုပ် ၈–ပါးကိုလည်းကောင်း၊ စက္ခုနှာ–စက္ခု ပသာဒနှင့်၊ သဟ–တကွဖြစ်သည်ရှိသော်၊ စက္ခုဒသကန္တိ–စက္ခုဒသကဟူ၍၊ ပဝုစ္စတိ–

သို့ဖြစ်၍ အဆိုပါ မူလအခြေခံဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈–ခုတို့၌ စတုဇရုပ်မှတစ်ပါးသော ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့ကို ဖြစ်ထိုက်သည်အားလျော်စွာ ပေါင်းထည့်ပါက ရုပ်ကလာပ် ၂၁–စည်းဖြစ်လာပါလိမ့်မည်။

၄၆။ ထို့ပြင် ဇီဝိတသည် ကမ္မဇရုပ်တို့၏အသက်ဖြစ်၏၊ ကမ္မဇကလာပ်တိုင်းမှာ ဇီဝိတ ပါဝင်ရသည်၊ ဇီဝိတမပါဝင်သော ကမ္မဇကလာပ်ဟူ၍ မရှိသင့်၊ ထို့ကြောင့် ကမ္မဇရုပ် ကလာပ်ကို ရေတွက်ရာ၌ "သုဒ္ဓဋ္ဌကကလာပ်"ဟု မရေတွက်ရ၊ အယုတ်ဆုံးအားဖြင့် ဇီဝိတနဝကကလာပ်မှ စတင် ရေတွက်ရသည်၊ ဇယားများနှင့် တိုက်ဆိုင်ညှိနှိုင်း၍ သဘောဉာဏ် သက်ဝင်လာအောင် လေ့လာပါ။

ကမ္မဇကလာပ် ၉–စည်း

အာကာသကြွင်းသော ကမ္မဇရုပ် [၁၇]		**ဇီဝိတနဝဓာတု**	**ဇာတိဒသက**	**ဘာဝဒသက**	**ဟဒယဒသက**	**ဇီဝိတဒသက**	**စက္ခုဒသက**	**သောတဒသက**	**ဃာနဒသက**	**ဇိဝှါဒသက**
အဝိနိဗ္ဘောဂရုပ်	၈	။	။	။	။	။	။	။	။	။
ဇီဝိတ	၁	။	။	။	။	။	။	။	။	။
စက္ခု	၁		။							
သောတ	၁			။						
ဃာန	၁				။					
ဇိဝှါ	၁					။				
ကာယ	၁						။			
ဣတ္ထိဘာဝ	၁							။		
ပုမ္ဘာဝ	၁								။	
ဟဒယဝတ္ထု	၁									။
ရုပ်ပေါင်း	**၁၇**	၉	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀

စာကိုယ်၌ ဇီဝိတနဝကကို နောက်ဆုံးထား၍ ပြသော်လည်း သရုပ်ခွဲရာ၌ အမြင်ရှင်းစေရန် ဇီဝိတနဝကကို ရှေ့တန်းတင်၍ ပြဆိုထားပါသည်။

http://www.dhammadownload.com

ဆိုအပ်၏၊ တထာ–ထို့အတူ၊ သောတာဒီဟိ–သောတပသာဒအစရှိသည်တို့နှင့်၊ သဒ္ဒိ–တကွဖြစ်သည်ရှိသော်၊ သောတဒသက်–သောတဒသကဟူ၍လည်းကောင်း၊ ဃာနဒသက်–ဃာနဒသကဟူ၍လည်းကောင်း၊ ဇိဝှါဒသက်–ဇိဝှါဒသကဟူ၍လည်းကောင်း၊ ကာယဒသက်–ကာယဒသကဟူ၍လည်းကောင်း၊ ဣတ္ထိဘာဝဒသက်–ဣတ္ထိဘာဝဒသကဟူ၍လည်းကောင်း၊ ပုမ္ဘာဝဒသက်–ပုမ္ဘာဝဒသကဟူ၍လည်းကောင်း၊ ဝတ္ထုဒသက်စ–ဝတ္ထုဒသကဟူ၍လည်းကောင်း၊ ဣတိ–ဤသို့၊ ဃထာဣမံ–စွာ၊ ယောဇေတဗ္ဗံ–ယှဉ်စေအပ်၏၊ အဝိနိဘ္ဘောဂရူပမေဝ–အဝိနိဘ္ဘောဂရုပ် ၈–ပါးကိုပင်၊ ဇီဝိတေန–ဇီဝိတနှင့်၊ သဟ–တကွဖြစ်သည်ရှိသော်၊ ဇီဝိတနဝကန္တိ–ဇီဝိတနဝကဟူ၍၊ ပဝုစ္စတိ–ဆိုအပ်၏၊ ဣမေ နဝ–ဤ ၉–စည်းတို့သည်၊ ကမ္မသမုဋ္ဌာနကလာပါ–ကံကြောင့်ဖြစ်သော ရုပ်ကလာပ်တို့တည်း။ (ကမ္မဇရုပ်ကလာပ်တို့တည်း။)

၄၇။ ပန–ကား၊ အဝိနိဘ္ဘောဂရူပ်–အဝိနိဘ္ဘောဂရုပ် ၈–ပါးသည်၊ သုဒ္ဓဋ္ဌက်–သုဒ္ဓဋ္ဌကမည်၏၊ တဒေဝ–ထိုအဝိနိဘ္ဘောဂရုပ်သည်ပင်လျှင်၊ ကာယဝိညတ္တိယာ–ကာယဝိညတ်နှင့်၊ သဟ–တကွဖြစ်သည်ရှိသော်၊ ကာယဝိညတ္တိနဝက်–ကာယဝိညတ္တိနဝကမည်၏၊ ဝစီဝိညတ္တိသဒ္ဒေဟိ–ဝစီဝိညတ်,သဒ္ဒရုပ် ၂–ပါးတို့နှင့် ၊ သဟ–သော်၊ ဝစီဝိညတ္တိဒသက်–ဝစီဝိညတ္တိဒသကမည်၏၊ လဟုတာဒီဟိ–လဟုတာအစရှိသော ရုပ် ၃–ခုတို့နှင့်၊ သဒ္ဒိ–

၄၇။ ဝစီဝိညတ်သည် စိတ္တဇသဒ္ဒနှင့်ကင်း၍ မဖြစ်သင့်သော်လည်း စိတ္တဇသဒ္ဒမူကား ဝစီဝိညတ်နှင့်ကင်း၍ ဖြစ်သင့်သည်သာ၊ ချဲဆတ်သံ, ချောင်းဆိုးသံ, အိပ်ပျော်နေစဉ် ဟောက်သံ–အစရှိသည်တို့သည် ဝိညတ်မပါသော စိတ္တဇသဒ္ဒများပင်ဖြစ်ကြသည်၊ သို့ဖြစ်၍ ဝိညတ်မပါသော

စိတ္တဇကလာပ် ၆–စည်း / ၈–စည်း

အာကာသကြဉ်သောစိတ္တဇရုပ် [၁၄]		ဇာတိရူပ	ဇရတာရူပ	အနိစ္စတာရူပ	ဒုက္ခတာရူပ	ဥပဓိဝိကာရရူပ	သန္တတိရူပ	ဥပစယရူပ	လက္ခဏရူပ
အဝိနိဘ္ဘောဂရုပ်	၈	။	။	။	။	။	။	။	။
ကာယဝိညတ်	၁		။			။			
ဝစီဝိညတ်	၁			။			။		
သဒ္ဒ	၁			။			။	။	။
လဟုတာဒီ	၃				။	။	။		။
ရုပ်ပေါင်း	**၁၄**	၈	၉	၁၀	၁၁	၁၂	၁၃	၉	၁၂

http://www.dhammadownload.com

သော်၊ လဟုတာဒေကာဒသကံ–လဟုတာဒေကာဒသကမည်၏၊ (ကာယဝိညတ္တိလဟုတာဒီဟိ–ကာယဝိညတ်,လဟုတာအစရှိသောရုပ် ၃–ပါး၊ တို့နှင့်၊ သဒ္ဒိ–သော်၊) ကာယဝိညတ္တိလဟုတာဒိဒွါဒသကံ–ကာယဝိညတ္တိ လဟုတာဒိဒွါဒသကမည်၏၊ (ဝစီဝိညတ္တိသဒ္ဒလဟုတာဒီဟိ–ဝစီဝိညတ်သဒ္ဒ လဟုတာစသောရုပ် ၃–ပါး၊ တို့နှင့်၊ သဒ္ဒိ–သော်၊) ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသကဉ္စ–ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသကလည်းမည်၏၊ ဣတိ–ဤသို့၊ ဆ– ၆–စည်းတို့သည်၊ စိတ္တသမုဋ္ဌာနကလာပါ–စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်တို့တည်း။

၄၈။ သုဒ္ဓဋ္ဌကံ–သုဒ္ဓဋ္ဌကလည်းကောင်း၊ သဒ္ဒနဝကံ–သဒ္ဒနဝကလည်းကောင်း၊ လဟုတာဒေကာဒသကံ–လဟုတာဒေကာဒသကလည်းကောင်း၊ သဒ္ဒလဟုတာဒိဒွါဒသကဉ္စ–သဒ္ဒလဟုတာဒိဒွါဒသကလည်းကောင်း၊ ဣတိ–ဤသို့၊ စတ္တာရော– ၄–စည်းတို့သည်၊ ဥတုသမုဋ္ဌာနကလာပါ–ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်တို့တည်း။

၄၉။ သုဒ္ဓဋ္ဌကံ–သုဒ္ဓဋ္ဌကလည်းကောင်း၊ လဟုတာဒေကာဒသကဉ္စ–လဟုတာဒေကာဒသကလည်းကောင်း၊ ဣတိ–ဤသို့၊ ဒွေ–၂–စည်းတို့သည်၊ အာဟာရသမုဋ္ဌာနကလာပါ–အာဟာရဇရုပ်ကလာပ်တို့တည်း။

သဒ္ဒနဝကကလာပ်တစ်မျိုးလည်း ဖြစ်သင့်သေးသည်၊ ထိုသို့ဖြစ်သည့်အခါမျိုးမှာ သဒ္ဒလဟုတာဒိဒွါဒသကကလာပ်ကိုလည်း ရထိုက်သည်၊ ထို့ကြောင့် စိတ္တဇကလာပ်ကား ၆–စည်းမျှမကဘဲ ၈–စည်းထိအောင် ရှိနိုင်ပါသည်။

ဇယားခွဲ ပြထားသော ရှေ့ ၆–စည်းသည် အဘိဓမ္မတ္ထသင်္ဂဟခွဲ ဆိုထားသည့်အတိုင်းပင် ဖြစ်ပါသဲ့သည်၊ နောက် ၂–စည်းမျှသာ ထူးပါသည်။

ဥတုဇကလာပ် ၄–စည်း နှင့် အာဟာရဇကလာပ် ၂–စည်း

အာကာသကြဉ်သော ဥတုဇရုပ် ၁၂, အာဟာရဇရုပ် ၁၁		ဇီဝိတိန္ဒြေ	ကာယပသာဒ	ဘာဝရူပ	ဟဒယဝတ္ထု	ဥတုဇကလာပ်
အဝိနိဗ္ဘောဂရုပ်	၈	။	။	။	။	၂
သဒ္ဒ	၁		။		။	၃
လဟုတာဒိ	၃			။	။	၂
ပါဝင်သော ရုပ်ပေါင်း	**၁၂**	၈	၉	၁၁	၁၂	

http://www.dhammadownload.com

၅၀။ တတ္ထ–ထို ၂၁–စည်းသော ရုပ်ကလာပ်တို့တွင်၊ သုဒ္ဓဋ္ဌက်–သုဒ္ဓဋ္ဌကလည်းကောင်း၊ သဒ္ဒနဝကဋ္ဌ–သဒ္ဒနဝကလည်းကောင်း၊ ဣတိ–ဤသို့၊ ဒွေ– ၂–စည်းကုန်သော၊ ဥတုသမုဋ္ဌာနကလာပါ–ဥတုဇရုပ်ကလာပ်တို့ကို၊ ဗဟိဒ္ဓါဝိ–ဗဟိဒ္ဓ သန္တာန်၌လည်း၊ လဇ္ဇနန္တိ–ရအပ်ကုန်၏၊ ပန–ကား၊ အဝသေသာ–ဥတုဇရုပ်ကလာပ် ၂–စည်းမှကြွင်းကုန်သော၊ သမ္မေပိ–အလုံးစုံသောကလာပ်တို့ကိုလည်း၊ အဏ္ဏတ္တမေဝ–အဏ္ဏတ္တသန္တာန်၌သာ၊ လဇ္ဇနန္တိ–ရအပ်ကုန်၏၊ ဣတိ–ရူပကလာပအပြီးတည်း။

သင်္ဂဟဂါထာများ

၅၁။ ကမ္မစိတ္တောတုကာဟာရသမုဋ္ဌာနာ–ကမ္မဇ, စိတ္တဇ, ဥတုဇ,အာဟာရဇရုပ်ကလာပ်တို့သည်၊ ယထာက္ကမံ–အစဉ်အားလျော်စွာ၊ နဝ– ၉–စည်းတို့သည်လည်းကောင်း၊ ဆ– ၆–စည်းတို့သည်လည်းကောင်း၊ စတုရော– ၄–စည်းတို့သည်လည်းကောင်း၊ ဒွေ– ၂–စည်းတို့သည်လည်းကောင်း၊ ဟောန္တိ–ဖြစ်ကုန်၏၊ ဣတိ–ဤသို့၊ ကလာပါ–ရုပ်ကလာပ်တို့သည်၊ ဧကဝီသတိ– ၂၁–စည်းတည်း။

အဏ္ဏတ္တ, ဗဟိဒ္ဓကလာပ်ခွဲပုံ

၅၀။ "တတ္ထ သုဒ္ဓဋ္ဌက်" အစရှိသော စကားရပ်ဖြင့် အဏ္ဏတ္တသန္တာန်၌ ဖြစ်သော ရုပ်ကလာပ်, ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ရုပ်ကလာပ်တို့ကို ခွဲခြားပြတော်မူသည်။

ထိုရုပ်ကလာပ် ၂၁–စည်းတို့တွင် "သုဒ္ဓဋ္ဌက, သဒ္ဒနဝက"ဟူသော ဥတုဇကလာပ် ၂–စည်းတို့ကို ဗဟိဒ္ဓသန္တာန်၌လည်း ရထိုက်သည်။ (အဏ္ဏတ္တသန္တာန်၌လည်း ရသင့်သည်။)

ဤစကားရပ်အားလျော်စွာ သစ်ပင်, တော,တောင်စသော ဗဟိဒ္ဓသန္တာန်၌ "အဝိနိဗ္ဘောဂ ရုပ်ဇ–ပါး, သဒ္ဒ, အာကာသ, လက္ခဏရုပ် ၄–ပါး"အားဖြင့် ရုပ်ပေါင်း ၁၄–ပါးဖြစ်သည်–ဟု မှတ်ပါ။

အဆိုပါ ဥတုဇ ၂–စည်းမှကြွင်းသော ရုပ်ကလာပ် အကုန်လုံးတို့ကို အဏ္ဏတ္တသန္တာန်၌သာ ရသင့်သည်။

ထို့ကြောင့် အဏ္ဏတ္တသန္တာန်၌သာ ရသင့်၍ ဗဟိဒ္ဓသန္တာန်၌ မရသင့်သော ရုပ်ကလာပ်များကား "သုဒ္ဓဋ္ဌက, သဒ္ဒနဝက" ဥတုဇရုပ်ကလာပ် ၂–စည်းမှတစ်ပါး ကြွင်းသော ရုပ်ကလာပ် ၁၉–စည်းတို့တည်း။

"အဏ္ဏတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်" ၂–ပါးစုံ၌ ရသင့်သော ရုပ်ကလာပ်များကား "သုဒ္ဓဋ္ဌက, သဒ္ဒနဝက"ဟူသော ဥတုဇရုပ်ကလာပ် ၂–စည်းတည်း၊ ဤသို့ ခွဲစိတ်ဝေဖန်သင့်ပါသည်။

၅၁။ "ကမ္မစိတ္တောတုကာဟာရ" အစရှိသော သင်္ဂဟဂါထာဖြင့် ဆိုခဲ့ပြီးသော ရုပ်ကလာပ်တို့ကို အကျဉ်းချုံး၍ စုပေါင်းပြတော်မူသည်။

ကမ္မဇကလာပ် ၉–စည်း၊ စိတ္တဇကလာပ် ၆–စည်း၊ ဥတုဇကလာပ် ၄–စည်း၊ အာဟာရဇကလာပ် ၂–စည်း၊ ပေါင်း ကလာပ် ၂၁–စည်းဖြစ်သည်၊ နဝ–စသည်တို့၏ သရုပ်ကို အကျယ်စကားရုပ်ကို ကြည့်ရှုရေတွက်ပါ။

http://www.dhammadownload.com

အာကာသံ–အာကာသဓာတ်ကိုလည်းကောင်း၊ လက္ခဏာနိစ–လက္ခဏာရုပ်တို့ကိုလည်းကောင်း၊ ကလာပါနံ–ရုပ်ကလာပ်တို့၏၊ ပရိစ္ဆေဒလက္ခဏတ္တာ–အပိုင်းအခြားအမှတ်အသားတို့၏ အဖြစ်ကြောင့်၊ ကလာပင်္ဂံ ဣတိ–ကလာပ်၏ အစိတ်အပိုင်းဟူ၍၊ ဝိစက္ခဏာ–ပညာရှိတို့သည်၊ န အာဟု–မဆိုကြကုန်။

အယံ–ဤသည်ကား၊ ဇတ္ထ–ဤရူပပရိစ္ဆေဒ၌၊ ကလာပယောဇနာ–ကလာပ်တို့ကိုယှဉ်စပ်ဖွဲ့ပြခြင်းတည်း။

ရူပပဝတ္တိကြွမ

၅၂။ ပန–ကား၊ သဗ္ဗာနိပိ–အလုံးစုံလည်း ဖြစ်ကုန်သော၊ ဇာတာနိ ရူပါနိ–ဤရုပ်တို့ကို၊ ကာမလောကေ–ကာမဘုံ၌၊ ယထာရဟံ–(ဘာဝ, ပသာဒ ရသည်အလိုက်) ထိုက်သည်အားလျော်စွာ၊ အနူနာနိ–မယုတ်လျော့ကုန်သည်ဖြစ်၍၊ ပဝတ္တိယံ–ပဝတ္တိ အခါ၌၊ ဥပလဗ္ဘန္တိ–ရအပ်ကုန်၏။

ကလာပ်မထိုက်သော ရုပ် ၅–ပါး

"ကလာပါနံ" အစရှိသော ဂါထာဖြင့် အာကာသဓာတ်နှင့် လက္ခဏာရုပ်တို့ ကလာပ်အစိတ်အပိုင်းမှာ မပါဝင်ရခြင်း၏ အကြောင်းကို ပြတော်မူသည်။

ရုပ်ကလာပ်တို့၏ အပိုင်းအခြားမျှသာဖြစ်သောကြောင့် "အာကာသကို ကလာပ်၏ အစိတ်အပိုင်း"ဟုမဆိုသင့်။

ကလာပ်တို့၏ အမှတ်အသားမျှသာ ဖြစ်သောကြောင့် "လက္ခဏာရုပ်တို့ကိုလည်း ကလာပ်တို့၏အစိတ်အပိုင်း"ဟု မဆိုသင့်။

ကလာပ် ၂–ခုစပ်လျှင် "အာကာသ"ဟူသောအကြား အလိုအလျောက်ပါလာသည်၊ သို့ဖြစ်၍ အာကာသသည် ကလာပ်၏ အပြင်ဘက်ကို ရောက်နေသည်၊ ကလာပ်၏ အစိတ်အပိုင်းမဖြစ်နိုင်၊ လက္ခဏာရုပ်တို့သည်လည်း ရုပ်ကလာပ်တို့၏ "ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်း"ဟူသော အမှတ်အသားမျှသာဖြစ်သည်၊ ရုပ်အစစ်မဟုတ်၊ ရုပ်ကလာပ်တို့၏ အစိတ်အပိုင်းမဖြစ်နိုင်။

ကာမဘုံ၌ ရုပ်ဖြစ်စဉ်

၅၂။ ကာမဘုံ၌ ရုပ် ၂၈–ပါးလုံးကို ပဝတ္တိအခါမှာ ထိုက်သည်အားလျော်စွာ ယုတ်လျော့မှုမရှိဘဲ အပြည့်အဝပင် ရနိုင်သည်။

ယထာရဟံ အမဖြစ်လျှင် ပုရိသဘာဝရုပ်ကို မရ၊ အထီးဖြစ်လျှင် ဣတ္ထိဘာဝရုပ်ကို မရ၊ ဘာဝချို့သူဖြစ်လျှင် ၂–ပါးလုံးကိုပင် မရ၊ စက္ခုစသည် ချို့တဲ့သူဖြစ်လျှင် စက္ခုအစရှိသော အချို့ရုပ်များကို မရ၊ ထို့ကြောင့် "ယထာရဟံ– ဘာဝ, ပသာဒ ရသည်အလိုက် ထိုက်သည်အားလျော်စွာ"ဟု ဆိုရသည်။

အနူနာနိ ယင်းသို့ ထိုထိုပုဂ္ဂိုလ်အလိုက် အချို့ရုပ်များကို မရထိုက်သော်လည်း ကာမဘုံအတွက်ကား မည်သည့်ရုပ်မျှ ယုတ်လျော့စရာ မရှိပါ၊ အကုန်လုံးကိုပင် ရသင့်ပါသည်၊ ထို့ကြောင့် "အနူနာနိ–ယုတ်လျော့မှု မရှိဘဲ အပြည့်အဝရနိုင်သည်"ဟု ဆိုထား ပါသည်။

http://www.dhammadownload.com

၅၃။ ပဋိသန္ဓိယံ ပန–ပဋိသန္ဓေအခါ၌ကား၊ သံသေဒဇာနဥ္စေဝ–သံသေဒဇ သတ္တဝါတို့၏သန္တာန်၌လည်းကောင်း၊ ဩပပါတိကာနဥ္စ–ဩပပါတိကသတ္တဝါတို့၏သန္တာန်၌လည်းကောင်း၊ ဥက္ကဋ္ဌဝသေန–အလွန်ကိုပိုင်းခြားခြင်း၏အစွမ်းဖြင့်၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဝတ္ထုဒသကသခ်ါတာနိ–စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက–ဟုဆိုအပ်ကုန်သော၊ သတ္တဒသကာနိ–၇–ပါးသော ဒသကတို့သည်၊ ပါတုဘဝန္တိ–ထင်ရှားဖြစ်ကုန်၏။

၅၃။ "ပဋိသန္ဓိယံ ပန"စသော စကားရပ်ဖြင့် ကာမဘုံ၌ ပဋိသန္ဓေအခါမှာ ရုပ်ဖြစ်ပုံကို ပြတော်မူသည်။

ပဋိသန္ဓေအခါ၌ သံသေဒဇ, ဩပပါတိကသတ္တဝါတို့၏ သန္တာန်မှာ အလွန်ဆုံးအားဖြင့် "စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက"ဟုဆိုအပ်သော ဒသက ၇–ပါးတို့ဖြစ်နိုင်သည်၊ ထိုတွင် ရဲခါ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဘာဝဒသကတို့ကို မရနိုင်ပါ၊ ထို့ကြောင့် ယင်းမရကောင်းသော ဒသကတို့နှင့် စပ်လျဉ်း၍ ကလာပ်တို့၏ ယုတ်လျော့မှုကို သိသင့်သည်။

သတ္တဝါ အမျိုးအစား

၁။ သံသေဒဇသတ္တဝါ=ငြိကပ်တွယ်တာရာအရပ်၌ ဖြစ်သောသတ္တဝါ၊ ပဒုမ္မာကြာပန်း၌ ပဋိသန္ဓေတည်နေသော ပဒုမဝတီမိဖုရား၊ ဝါးပင်၌ ပဋိသန္ဓေတည်နေသော ဝေဠုဝတီမိဖုရား၊ ရေပုပ်, ငါးပုပ်စသည်၌ ပဋိသန္ဓေ တည်နေသော ပိုးလောက်စသော သတ္တဝါများ၊

၂။ ဩပပါတိကသတ္တဝါ= ဘဝဟောင်းမှ ခုန်လွှား၍ကျလာသကဲ့သို့ကိုယ်ခန္ဓာ အထင်အရှားဖြစ်သူ၊ ကမ္ဘာဦးကလူများနှင့် နတ်စသောသတ္တဝါများ၊

၃။ ဂဗ္ဘသေယျကသတ္တဝါ= အမိဝမ်းတွင်းအောင်း၍ ပဋိသန္ဓေနေသော သတ္တဝါများ၊

ထိုတွင် ဂဗ္ဘသေယျကသတ္တဝါသည် –

၁။ ဧလာဇဧသတ္တဝါ= သားအိမ်၌ဖြစ်သောသတ္တဝါ၊ လူ, ခွေး–စသော သတ္တဝါများ၊

၂။ အဏ္ဍဇသတ္တဝါ= ဥခွံ၌ဖြစ်သောသတ္တဝါ၊ ကြက်, ဒုက်–စသော သတ္တဝါများ။

ဤသို့ ၂–မျိုးရှိပြန်သည်၊ ထို့ကြောင့် "သံသေဒဇ, ဩပပါတိက, ဂဗ္ဘသေယျက"ဟု ပုဂ္ဂိုလ် ၃–များ၊ တစ်နည်းအားဖြင့်–"သံသေဒဇ, ဩပပါတိက, ဧလာဇဧ, အဏ္ဍဇ"ဟု ပုဂ္ဂိုလ် ၄–များ ရှိသည်ဟုမှတ်ပါ၊ ယောနိ ၄–များ–ဟုလည်း ခေါ်ကြသည်။

၃၁–ဘုံ၌ဖြစ်ကြသော သတ္တဝါတို့တွင် ဘုမ္မစိုးနတ်မှတစ်ပါးသော နတ်ဗြဟ္မာများ, "နိဗ္ဗာမတဏှိက"ဟုခေါ်ဆော ပြိတ္တာများ, ငရဲဘုံတို့၌ ဥပပတ် ပဋိသန္ဓေ တစ်များသာ ရသည်၊ ကြွင်းသော ဂတိ(ဌာန)များ၌ ယောနိ ၄–ပါးလုံးကိုပင် ရနိုင်သည်။ (ယောနိ–အမျိုးဇာတ်။)

http://www.dhammadownload.com

ပန–ကား၊ သြမကဝဿေန–အယုတ်အလျော့ကို ပိုင်းခြားခြင်း၏ အစွမ်းဖြင့်၊ စက္ခု သောတ ဃာန ဘာဝဒသကာနိ–စက္ခု, သောတ, ဃာန, ဘာဝဒသကတို့ကို၊ ကဒါစိ–တစ်ရံတစ်ခါ၌၊ န လဗ္ဘန္တိ–မရအပ်ကုန်၊ တသ္မာ–ထို့ကြောင့်၊ တေသံ–ထိုစက္ခု သောတ ဃာန ဘာဝတို့နှင့်၊ ဝသေန–စပ်သဖြင့်၊ ကလာပဟာနိ–ကလာပ်တို့၏ ယုတ်လျော့ခြင်းကို၊ ဝေဒိတဗ္ဗာ–သိထိုက်၏။

၅၄။ ပန–ကား၊ ဂန္ဓသေယျကသတ္တာနံ–ဂန္ဓသေယျကသတ္တဝါတို့၏ သန္တာန်၌၊ ကာယ ဘာဝ ဝတ္ထုဒသကသခ်ါတာနိ–ကာယ, ဘာဝ, ဝတ္ထုဒသက–ဟု ဆိုအပ်ကုန်သော၊ တီဏိ– ၃–ပါးကုန်သော၊ ဒသကာနိ–ဒသကတို့သည်၊ ပါတုဘဝန္တိ–ထင်ရှားဖြစ်ကုန်၏၊ တတ္ထာပိ–ထို ၃–ပါးသော ဒသကတို့တွင်လည်း၊ ဘာဝဒသကံ–ဘာဝဒသကကို၊ ကဒါစိ–တစ်ရံတစ်ခါ၌၊ န လဗ္ဘတိ–မရအပ်။

ဆောင်။ ။ ကြဉ်လတ်ဘုမ္မာ, နတ်ဖြဟ္မာနှင့်, နိဗ္ဗာမတဏှိက, ပေတတစ်ဖြာ, ငရဲရွာဝယ်, တစ်သာသြပ, ကြွင်းဘဝ, ရကြ လေးယောနိ။

တစ်နည်း။ ။ ဘုမ္မစိုး၊ ပယ်ကြဉ်ရိုး နတ်ဖြဟ္မာ၊
နိဗ္ဗာမာ–တဏှိကငယ်၊ ခေါ်ကြ ပြိတ္တာ၊
ငရဲရွာ၊ ဥပပတ်သာ အမြဲ၊
အကြွင်းမှာ–လေး ယောနိငယ်၊ ရရှိ ဝေခွဲ။

ရုပ် ၂၀ "သံသေဒဇပုဂ္ဂိုလ်နှင့် သြပပါတိကပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေဇာဉ် ကမ္မဇကလာပ် ၇–စည်း ဖြစ်နိုင်သည်"ဟု ဆိုထားရာ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ သန္တာန်၌ ဘာဝရုပ် တစ်ခုခုသာ ဖြစ်သင့်သောကြောင့် ဘာဝဒသကကို တစ်ခုမျှသာ ရေတွက်ထားသည်၊ အမှန်မှာ ဇီဝိတနဝကမှတစ်ပါး ကမ္မဇကလာပ် ၈–စည်းပင် ဖြစ်နိုင်သည်။

ယင်း ရုပ်ကလာပ်များ ဖြစ်သည့်အခါ ရုပ်ကလာပ်တို့၏ အပိုင်းအခြားဖြစ်သော အာကာသလည်းဖြစ်လာရသည်၊ ရုပ်ကလာပ်တို့၏ အမှတ်အသားဖြစ်သော ဥပစယနှင့် သန္တတိတို့လည်း ဖြစ်လာရသည်၊ ပဋိသန္ဓေ စိတ်,စေတသိက်နှင့် ကမ္မဇရုပ်တို့၏ ဥပါဒ်ကိုသာ "ပဋိသန္ဓေ"ဟု ခေါ်ရသောကြောင့် ဇရတာနှင့် အနိစ္စတာတို့ကား မဖြစ်နိုင်သေးပါ။

ထို့ကြောင့် သံသေဒဇပုဂ္ဂိုလ်နှင့် သြပပါတိကပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေဇာဉ် "(အာကာသ နှင့်တကွ) ကမ္မဇရုပ် ၁၈–ပါး, ဥပစယ, သန္တ တိ"အားဖြင့် ၂၀–သောရုပ်များ ဖြစ်နိုင်ကြသည်။

၅၄။ ဂန္ဓသေယျက(ဇလာဇုဇ, အဏ္ဍဇ) သတ္တဝါများမှာ "ကာယ, ဘာဝ, ဝတ္ထု"ဟု ဆိုအပ်သော ဒသက ၃–ခုဖြစ်သည်၊ ထို ၃–ပါးတို့တွင်လည်း ဘာဝဒသကကို တစ်ရံတစ်ခါ၌ မရသင့်၊ ပဋိသန္ဓေနောက် ပဝတ္တိအခါ၌ အစဉ်အတိုင်း ကြီးပွားလာခဲ့သည်ရှိသော် (၁၁= သတ္တာဟ= ၇၇–ရက်လောက်ကြာမှ) စက္ခု, သောတ, ဃာန, ဇိဝှါဒသကတို့ (၇–ရက် ၇–ရက်စီ ခြားကာ) ဖြစ်လာကြရသည်။

http://www.dhammadownload.com

တတော–ထိုပဋိသန္ဓေအခါမှ၊ ပရံ–နောက်၌၊ ပဝတ္တိကာလေ–ပဝတ္တိအခါ၌၊ ကမေန–အစဉ်အားဖြင့်၊ ဝါ–တရွေ့ရွေ့၊ (ဝမုမာနာနံ–ကြီးပွားကုန်လသော်၊) စက္ခုဒသကာဒီနိစ–စက္ခုဒသက အစရှိသည်တို့သည်လည်း၊ ဝါ–စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသကတို့သည်လည်း၊ ပါတုဘဝန္တိ–ထင်ရှားဖြစ်ကုန်၏။

၅၅။ ဣဿေဝံ–ဤဆိုအပ်ပြီးသော အစီအစဉ်ဖြင့်၊ ပဋိသန္ဓိ–ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကို၊ ဥပါဒါယ–အစပြု၍၊ ကမ္မသမုဋ္ဌာနာ–ကမ္မဇရုပ်တို့လည်းကောင်း၊ ဒုတိယ

ချို့ကောင်းသော ဒသက ချို့ကောင်းသောဒသကများနှင့်စပ်လျဉ်း၍ ဤသို့ ကောက်ချက်ချကာမှတ်သားရာ၏၊ သံသေဒဇသတ္တဝါနှင့် ဂဗ္ဘသေယျကသတ္တဝါတို့၌ "စက္ခုဒသက, သောတဒသက, ဃာနဒသက, ဘာဝဒသက"အားဖြင့် ဒသက ၄–မျိုး ချို့နိုင်သည်။

ဥပပတ်ပဋိသန္ဓေနေသော သတ္တဝါများတွင် အပါယ်ဘုံသား သတ္တဝါများမှာသာ "စက္ခုဒသက, သောတဒသက, ဘာဝဒသက"အားဖြင့် ဒသက ၃–မျိုး ချို့ကောင်းသည်။

သုဂတိဘုံ၌ ဥပပတ်ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့တွင် ကမ္ဘာဦးလူများမှာသာ ဘာဝဒသက ချို့ကောင်းသည်၊ ကမ္ဘာဦးလူများကား ယောက်ျားလည်း မဟုတ်၊ မိန်းမလည်း မဟုတ်သေးပါ၊ အခြားသုဂတိဘုံက ဥပပတ်ပုဂ္ဂိုလ်များမှာ မည်သည့်ရုပ်ကလာပ်မျှ မချို့တဲ့ပါ။

ဆောင်။ ။ စက္ခု သောတ, ဃာန ဘာဝါ, ချို့ကောင်းရာကား, နှစ်ဖြာဂဗ္ဘ, သံသေဒမှတ်၊ ဥပပတ်မှာ, ပါယ်၌သာလျှင်, စက္ခာ သောတ, ဘာဝချို့ဘိ၊ သုဂတိကား, ကပ်ဦးသား, ချို့ငြားဘောတစ်ခု။

တစ်နည်း။ ။ စက် သောတ၊ ဃာနရယ်တဲ့ ဘာဝါ၊
ချို့ကောင်းရာ–သံသေဒငယ်၊ ဂဗ္ဘ သေယျာ၊
ဥပပတ်–ပါယ်၌သာ၊ စက် သော ဘာ ချို့ကြ၊
သု သြပါ–ကပ်ဦးသားငယ်၊ ချို့ငြား ဘာဝ။

ရုပ် – ၁၆ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေခဏ၌ ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက"အားဖြင့် ဒသက ၃–ခု ဖြစ်သည်ဟု ဆိုထားရာ ဘာဝဒသက ၂–မျိုး ရှိနေသည့်အတွက် "သာမန်အားဖြင့် ဒသက ၄–ခုဖြစ်သည်"ဟု မှတ်သင့်သည်၊ ထိုတွင် အာကာသနှင့် ဥပစယ,သန္တတိတို့ကို ပေါင်းထည့်ပါက ရုပ်ပေါင်း ၁၆–ပါး ဖြစ်ပါသည်၊ စက္ခု, သောတ, ဃာန, ဇိဝှါကြည်သော ကမ္မဇရုပ် ၁၄–ပါးနှင့် ဥပစယ,သန္တတိတို့ပေတည်း၊ ပုဂ္ဂိုလ်တစ်ဦးတစ်ဦးအတွက် အလွန်ဆုံး ၁၅–ပါးသာ ရနိုင်ကြောင်းကိုလည်း သတိပြုပါ။

၅၅။ "ဣဿေဝံ"အစရှိသော စကားရပ်ဖြင့် ရုပ်တို့၏ ဖြစ်စဉ်ကို ဆက်လက်ပြဆိုထားသည်။

ဆိုအပ်ခဲ့ပြီးသော အစီအစဉ်ဖြင့် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ စိတ်၏ခဏတိုင်း ခဏတိုင်းမှာ ကမ္မဇရုပ်များဖြစ်ကြသည်၊ ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ (ရုပ်ကိုဖြစ်စေ

http://www.dhammadownload.com

စိတ္တ-ပထမဘဝင်စိတ်၏ ဥပါဒ်ခဏကို၊ ဥပါဒါယ-၍၊ စိတ္တသမုဋ္ဌာနာ-စိတ္တဇရုပ်တို့လည်းကောင်း၊ ဌိတိကာလ-ပဋိသန္ဓေစိတ်၏ ဌီကာလကို၊ ဥပါဒါယ-၍၊ ဥတုသမုဋ္ဌာနာ-ဥတုဇရုပ်တို့လည်းကောင်း၊ သြဇာဖရဏ-သြဇာပျံ့နှံ့ရာအခါကို၊ ဥပါဒါယ-၍၊ အာဟာရသမုဋ္ဌာနာစ-အာဟာရသမုဋ္ဌာန်ရုပ်တို့လည်းကောင်း၊ ဣတိ-ဤသို့၊ စတုသမုဋ္ဌာနရူပကလာပသန္တတိ- ၄-ပါးသော အကြောင်းတို့ကြောင့်ဖြစ်သော ရုပ်ကလာပ်

တတ်သော စိတ်တို့၏) ဥပါဒ်တိုင်းဥပါဒ်တိုင်းမှာ စိတ္တဇရုပ်များ ဖြစ်ကြသည်၊ ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ (ခဏတိုင်းခဏတိုင်း) ဥတုဇရုပ်များ ဖြစ်ကြသည်၊ သြဇာပျံ့နှံ့ရာအခါမှ အစပြု၍ (ခဏတိုင်း ခဏတိုင်း) အာဟာရဇရုပ်များ ဖြစ်ကြသည်၊ ဤသို့ အကြောင်း ၄-ပါးကြောင့်ဖြစ်သော ရုပ်ကလာပ်အစဉ်သည် ကာမဘုံ၌ ဆီမီးအလျှံကဲ့သို့လည်းကောင်း, မြစ်ရေအလျဉ်ကဲ့သို့လည်းကောင်း အသက်ရှည်သမျှကာလပတ်လုံး မပြတ်မစဲ ဖြစ်နေတော့သည်။

ဒုတိယစိတ္တံ တစ်ဘဝ၌ ပဋိသန္ဓေစိတ်သည် ပထမစိတ် ဖြစ်သည်၊ ထိုပဋိသန္ဓေစိတ်ကို ထောက်ဆ၍ ပဋိသန္ဓေ၏ နောက်၌ဖြစ်သော ပထမဆုံးသော ဘဝင်စိတ်ကို "ဒုတိယစိတ်"ဟု ခေါ်သည်၊ ထို့ကြောင့် "ဒုတိယစိတ္တံ"အရ ပဋိသန္ဓေနောင် ပထမဘဝင်ကို ယူရသည်။

ဌိတိကာလံ ပဋိသန္ဓေစိတ်နှင့် အတူဥပါဒ်သော ကမ္မဇရုပ်များ၌ "ဥတု"ခေါ်သော တေဇောဓာတ်ပါလာသည်၊ ထိုတေဇောဓာတ်သည် ပဋိသန္ဓေစိတ်၏ ဌီခဏသို့ရောက်လျှင် သူကိုယ်တိုင်လည်း ဌီသို့ ရောက်လာရသည်၊ ထိုသို့ ဌီသို့ ရောက်လာရသည့်အခါမှာ ဥတုဇရုပ်များကို ဖြစ်စေနိုင်ကြသည်၊ ထို့ကြောင့် "ဌိတိကာလံ"အရ ပဋိသန္ဓေစိတ်၏ ဌီခဏကို ယူရသည်။

သြဇာဖရဏံ သံသေဒဇပုဂ္ဂိုလ်နှင့် သြပပါတိကပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေနေပြီးနောက် တစုံတစ်ခုသောစားဖွယ်, သောက်ဖွယ်ကို စားသောက်ရသည့်အခါမျိုး, အယုတ်ဆုံးအားဖြင့် မိမိ၏ တံတွေးကို မျိုချသော အခါမျိုးသည် သြဇာပျံ့နှံ့ရာအခါ ဖြစ်သည်၊ ဂဗ္ဘသေယျက ပုဂ္ဂိုလ်များမှာ ပဋိသန္ဓေတည်နေပြီးသည့်နောက် ၁-သတ္တာဟ, ၂-သတ္တာဟလောက် အရောက်တွင် မိခင်က တစ်စုံတစ်ခုသော အစာအာဟာရကို စားသောက်သည့် အခါမျိုးသည် သြဇာပျံ့နှံ့ရာအခါ ဖြစ်သည်။

ဒီဃရာဇာ စိယ မီးစာနှင့် ဆီတို့ကို အကြောင်းပြု၍ တောက်လောင်နေသော ဆီမီးသည် မျက်မြင်အားဖြင့် တစ်ခုတည်းကဲ့သို့ ထင်ရစေကာမူ မြင်ရ,ထင်ရသည့်အတိုင်း တစ်ခုတည်း မဟုတ်ပါ၊ ရှေးရှေးဆီနှင့်မီးစာတို့ ကုန်ကျွမ်းသလောက် မီးတောက်ပါ ချုပ်၍ချုပ်၍ အသွားမှာ နောက်နောက်ဆီနှင့် မီးစာတို့ကြောင့် မီးတောက် အသစ်အသစ် ပေါ်ထွက်လာပါသည်၊ ထို့အတူ သတ္တဝါတို့၏ ရုပ်ခန္ဓာသည်လည်း မျက်မြင်အားဖြင့် တစ်ခုတည်း ထင်ရစေကာမူ ရှေးရှေး ("ကံ, စိတ်, ဥတု, အာဟာရ"တည်းဟူသော) အကြောင်းတရားတို့ကြောင့်ဖြစ်သော ရုပ်ခန္ဓာအစဉ်က ချုပ်၍ချုပ်၍ အသွားမှာ နောက်နောက် ကံ, စိတ်,ဥတု, အာဟာရတို့ကြောင့်

http://www.dhammadownload.com

အစဉ်သည်၊ ကာမလောကေ– ကာမဘုံ၌၊ ဒီပဇာလာဝိယ– ဆီမီးအလျှံသည်ကဲ့သို့လည်းကောင်း၊ နဒီသောတောဝိယ စ–မြစ်ရေအလျဉ်သည်ကဲ့သို့လည်းကောင်း၊ ယာဝတာယုကံ–အသက်ရှည်သမျှကာလပတ်လုံး၊ အတ္တောစ္ဆိန္နံ–မပြတ်မစဲ တဖွဖွ၊ ပဝတ္တတိ–ဖြစ်၏။

၅၆။ ပန–ဖြစ်စဉ်မှတစ်ပါး၊ ချုပ်စဉ်ကို ပြဦးအံ့၊ မရဏကာလေ–စုတေကာနီးအခါ၌၊ စုတိစိတ္တောပရိသတ္တရသမစိတ္တဿ–စုတိစိတ်မှအထက် ၁၇–ချက်မြောက်သောစိတ်၏၊ ဠိတိကာလံ–ဠီကာလကို၊ ဥပါဒါယ–၍၊ ကမ္မဇရူပါနိ–ကမ္မဇရုပ်တို့သည်၊ နဥပ္ပဇ္ဇန္တိ–မဖြစ်ကုန်၊ ပုရေတရံ–ဠီခဏ၏ ရှေးဖြစ်သော ဥပါဒ်ခဏ၌၊ ဥပ္ပန္နာနိ–ဖြစ်ကုန်ပြီးသော၊


ဖြစ်သော ရုပ်အစဉ်များ အသစ်အသစ်ပေါ်ထွက်လာရသည်၊ ဤကဲ့သို့ ဖြစ်,ပျက်နေသည်ကိုပင် "ဆီမီးအလျှံကဲ့သို့ မပြတ်မစဲဖြစ်သည်"ဟု ဆိုရသည်။

နဒီသောတောဝိယ မြစ်ရေအလျဉ်ကို ကြည့်သည့်အခါမှာလည်း တစ်ခုတည်းပင် ထင်ရစေကာမူ တစ်ခုတည်းမဟုတ်ပါ၊ အမှန်မှာ–ရှေးရှေး မြစ်ရေက စီးသွားလိုက်၊ နောက်နောက် မြစ်ရေက ရောက်လာလိုက်၊ ဤသို့ အဆက်မပြတ် ဖြစ်နေခြင်းသာဖြစ်ပါသည်၊ထို့အတူသတ္တဝါတို့၏ ရုပ်ခန္ဓာသည်လည်း တစ်ခုတည်း ထင်ရစေကာမူ တစ်ခုတည်းမဟုတ်ပါ၊ အမှန်မှာ– ရှေးရှေးရုပ်အစဉ်က ချုပ်ပျောက်လိုက်၊ နောက်နောက် ရုပ်အစဉ်က ပေါ်ပေါက်လာလိုက်၊ ဤသို့ အဆက်မပြတ် ဖြစ်နေခြင်းသာဖြစ်ပါသည်၊ ယင်းသို့ ဖြစ်နေသည်ကိုပင် "မြစ်ရေအလျဉ်ကဲ့သို့ မပြတ်မစဲဖြစ်နေသည်"ဟု ဆိုရပါသည်။

ရုပ်ချုပ်စဉ်

၅၆။ "မရဏကာလေပန" အစရှိသော စကားရပ်ဖြင့် ရုပ်တို့၏ ပျက်စဉ်ကို ပြတော် မူသည်။

ဤသို့ အကြောင်း ၄–ပါးကြောင့်ဖြစ်သော ရုပ်တို့အစဉ်မပြတ် ဖြစ်ကာ,ချုပ်ကာ လာခဲ့ရာ စုတေဖို့ရန် နီးကပ်လာသည့်အခါ စုတိစိတ်မှ နောက်ဆုတ်ရေတွက်ပါလျှင် ၁၇–ချက်မြောက်သော စိတ်၏ ဠီခဏမှစ၍ ကမ္မဇရုပ်သစ်များ မဖြစ်ကြတော့ချေ၊ ထို ၁၇–ချက် မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ဖြစ်ကြသော ကမ္မဇရုပ်များသည်လည်း စုတိစိတ်၏ ဘင်နှင့်ပြိုင်၍ ချုပ်ကြရတော့သည်၊ ထိုကမ္မဇရုပ် ချုပ်ပြီးသည့်နောက် စိတ္တဇရုပ်, အာဟာရဇရုပ် တို့လည်း ပြတ်စဲကြသည်၊ ထိုသို့ ကမ္မဇ, စိတ္တဇ, အာဟာရဇရုပ်တို့ ချုပ်ပြီးသည့်နောက် ဥတုဇရုပ်အဆက်ဆက်တို့သည် "အလောင်းကောင်"ဟု ခေါ်ဆိုရသည်တိုင်အောင် ဖြစ်နေကြရသည်။



http://www.dhammadownload.com

ကမ္မဇရူပါနိစ–ကမ္မဇရုပ်တို့သည်လည်း၊ စုတိစိတ္တသမကာလမေဝ–စုတိစိတ်နှင့် ညီမျှသော ကာလတိုင်အောင်သာလျှင်၊ ပဝတ္တိတ္တာ–ဖြစ်တည်ကုန်၍၊ နိရုဇ္ဈန္တိ–ချုပ်ကုန်၏၊ တတော–ထိုကမ္မဇရုပ်တို့ ချုပ်ရာအခါမှ၊ ပရံ–နောက်၌၊ စိတ္တဇာဟာရဇရူပဉ္စ–စိတ္တဇရုပ်, အာဟာရဇရုပ်သည်လည်း၊ ဝေါစ္ဆိဇ္ဇတိ–ပြတ်စဲ၏၊ တတော–ထိုတိဇရုပ် ချုပ်ရာအခါမှ၊ ပရံ–နောက်၌၊ ဥတုသမုဋ္ဌာနရူပပရမ္မရာ–ဥတုဇရုပ် အဆက်ဆက်တို့သည်၊ ယာဝမတကဋ္ဌေဝရသခ်ဏိတာ–စုတေပြီးနောင် အလောင်းကောင်ဟု ခေါ်ဆိုအပ်သည်တိုင်အောင်၊ ပဝတ္တန္တိ–ဖြစ်ကုန်၏။

ကမ္မဇ ဝီထိပုံမှာ ပြထားသည့်အတိုင်း စုတိစိတ်မရောက်မီ ၁၇–ချက်မြောက်သောစိတ်၏ ဥပါဒ်ထိအောင်သာ ကမ္မဇရုပ်များ ဖြစ်ကြရသည် ဌီခဏမှစ၍ နောက်ပိုင်းမှာ ကမ္မဇရုပ်သစ်များမဖြစ်ကြတော့ပါ၊ အဘယ့်ကြောင့်နည်း?၊ တစ်ဘဝအတွက် ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတတို့ တစ်ပြိုင်နက် အပြီးသတ်ချုပ်သည်ကိုပင် "စုတေသည်၊ အသက်ကုန်သည်"ဟု ဆိုရသည်၊ နောက်ဆက်လက်၍ ကမ္မရုပ်သစ်များ ဖြစ်နေပါက "စုတေမှု, အသက်ကုန်မှု"ပင် မဖြစ်နိုင်သောကြောင့်တည်း။

စိတ္တဇ ရဟန္တာတို့၏ စုတိစိတ်မှ တစ်ပါးသော စုတိစိတ်များသည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်ကြသည်၊ ထို့ကြောင့် စုတိစိတ်၏ ဥပါဒ်ခဏ၌ အဆုံးသတ်ဖြစ်ကြရသော စိတ္တဇရုပ်များသည် ကမ္မဇရုပ် ချုပ်ပြီးသည်နောက် (စုတေပြီးနောက်) ခဏငယ် ၄၈–ချက်ခန့် ကြာမှ ချုပ်သည်၊ ရဟန္တာတို့၏ စိတ္တဇရုပ်မှာမူ ခဏငယ် ၄၅–ခန့်အကြာမှာ ချုပ်ပါလိမ့်မည်။

အာဟာရဇ အာဟာရဇရုပ်များကား ဝိညာဉ်အထောက်အပံ့ ရှိသေးသောကြောင့် စုတိစိတ်၏ဘင်ခဏတိုင်အောင်ပင် ဖြစ်နိုင်ကြသည်၊ ထို့ကြောင့် စုတေပြီးနောက် ခဏငယ် ၅၀–ခန့်ကြာမှ အာဟာရဇရုပ်များ ချုပ်ကြသည်၊ ခဏကြီးဖြင့်လည်း ရေတွက်ကြည့်ပါ။

ဥတုဇ ဥတုဇရုပ်များကား ရုပ်ကလာပ် ဆက်ကာဆက်ကာဖြင့် ကမ္မာပျက်သည်တိုင်အောင်ပင် ဖြစ်နေရစ်ကြသည်၊ သို့သော် တစ်ဘဝအတွက် ပုံသဏ္ဌာန်မပျက်သေးခင် ဖြစ်နေပုံကို ပြလိုသောကြောင့် "ယာဝ မတကဋ္ဌေဝရသခ်ဏိတာ ပဝတ္တန္တိ= အလောင်းကောင်–ဟု ခေါ်ဆိုရသည်တိုင်အောင် ဖြစ်နေကြသည်"ဟု ဆိုထားသည်။

ဆောင်။ ။ ကမ္မဇရုပ်, ချုပ်ပြီးနောက်မှ, စိတ္တဇတို့, ခဏအငယ်, လေးဆယ်ရှစ်မျှ၊ ဟာရဇမူ, ခဏငါးဆယ်, ပျောက်ကွယ်ချုပ်ရ, ဥတုဇ, ဆက်ကြကမ္မာ ပျက်အောင်သာ။

တစ်နည်း။ ။ ကမ္မဇ၊ ချုပ်ပြီးမှ စိတ္တဇ၊
ခဏငယ်–လေးဆယ်ရှစ်ငယ်၊ တွက်စစ် ရှည်ကြာ၊
ဟာရဇ–ငါးဆယ်သာ၊ တည်နေကာ ပျက်ပြား၊
ဥတုဇာ–ကမ္မာပျက်အောင်၊ ဖြစ်လျက် ဆက်သွား။

http://www.dhammadownload.com

၅၇။ ကလ္လေဝံ-ဤဆိုအပ်ပြီးသော အစဉ်ဖြင့်၊ မတသတ္တာနံ-စုတေကုန်သော သတ္တဝါတို့၏ သန္တာန်၌၊ ပုနဒေဝ-တစ်ဖန်သာလျှင်၊ ဘဝန္တရေ-ဘဝတစ်ပါး၌၊ ပဋိသန္ဓိ-ပဋိသန္ဓေကို၊ ဥပါဒါယ-အစပြု၍၊ တထာ-ထိုဆိုခဲ့ပြီးသည့်အတိုင်း၊ ရူပံ-ရုပ်သည်၊ ပဝတ္တတိ-ဖြစ်ပြန်၏။

၅၈။ ပန-ကား၊ ရူပလောကေ-ရူပဘုံ၌၊ ဃာန ဇိဝှါ ကာယ ဘာဝဒသကာနိစေဝ-ဃာန, ဇိဝှါ, ကာယ, ဘာဝဒသကတို့ကိုလည်းကောင်း၊ အာဟာရဇကလာပါနိစ-အာဟာရဇကလာပ်တို့ကိုလည်းကောင်း၊ န လဗ္ဘန္တိ-မရအပ်ကုန်၊ တသ္မာ-ထို့ကြောင့်၊ တေသံ-ထိုရူပဖြာဟ္မာတို့၏၊ ပဋိသန္ဓိကာလေ-ပဋိသန္ဓေအခါ၌၊ စက္ခုသောတဝတ္ထုဝသေန-

---

ဘဝတစ်ပါး ရုပ်ဖြစ်မှုး

၅၇။ "ကလ္လေဝံ" အစရှိသောဂါထာသည် တစ်ဘဝပြီးတစ်ဘဝ ဆက်ကာဆက်ကာ ရုပ်ဖြစ်နေပုံကို ပြသောဂါထာဖြစ်သည်။

ပြဆိုခဲ့ပြီးသည့် အစဉ်အားလျော်စွာ စုတေသောသတ္တဝါတို့၏ နောက်ဘဝမှာ ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ဆိုခဲ့ပြီးသည့်အတိုင်း ရုပ်တရားများ ထပ်ဖြစ်ပြန်သည်။

ရူပဘုံ၌ ရုပ်ဖြစ်စဉ်

၅၈။ "ရူပလောကေ ပန" အစရှိသော စကားရပ်ဖြင့် ရူပဘုံ၌ ရထိုက်သော ရုပ်ကလာပ်တို့ကို ပြသည်။

ရူပဘုံ၌ ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသကတို့ကို မရထိုက်၊ ထို့ပြင် အာဟာရဇကလာပ်တို့ကိုလည်း မရထိုက်၊ ထို့ကြောင့် ယင်းရူပဖြာဟ္မာတို့၏ ပဋိသန္ဓေ ခဏ၌ "စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတနဝက" ဟူသော ကမ္မဇကလာပ် ၄-စည်းတို့ကိုသာ ရထိုက်သည်၊ ပဝတ္တိအခါ၌ကား စိတ္တဇ, ဥတုဇရုပ်ကလာပ်တို့ကိုလည်း ရထိုက်သည်၊ ရူပဘုံ၌ ဥပပတ်ပဋိသန္ဓေသာရှိကြောင်း ဆိုခဲ့ပြီ။

ဃာန, ဇိဝှါ, ကာယ, ဘာဝရုပ်တို့သည် ကာမစိတ်ဓာတ်ကို တိုးပွားစေကြသည်၊ "ရူပဘုံ" ဟူသည်မှာလည်း ကာမဂုဏ် အာရုံယုတ်ကို စက်ဆုပ်ကြသော ဖြာဟ္မာတို့၏ နေထိုင်ရာ ဌာနဖြစ်ပေသည်၊ ထို့ကြောင့် ရူပဘုံ၌ ဃာန-စသော ရုပ် ၅-ပါး မဖြစ်ကြပါ၊ ဘုရားဖူး, တရားနာ ကျေးဇူးများသော အရာလည်း ရှိသေးသောကြောင့် စက္ခုနှင့် သောတအတွက် ခြွင်းချက်ထားရသည်။

ဆောင်။ ။ ကာမစိတ်ဓာတ်, ပွားစေတတ်၍, ဃာနတ္တယ, ဒွေဘာဝ, မရ ရူပမှာ။

တစ်နည်း။ ။ ဃာနာဒိ၊ ဒ္ဝိဘာဝ ငါးဖြာ၊
ကာမဂုဏ်-အာရုံများကို၊ ပွားတိုးစေပါ၊
ကာမယုတ်-စက်ဆုပ်ကြ များဖြဟ္မာ၊ နေထိုင်ရာ အရပ်၊
ကြောင်း လောက်လုံ-ဘုံရူပမှာ၊ ရုပ်ပဋ္ဌ လွတ်။

http://www.dhammadownload.com

စက္ခု, သောတ, ဝတ္ထုတို့၏ အပြားအားဖြင့်၊ တိဏ်–၃–ပါးကုန်သော၊ ဒသကာနိ–ဒသကတို့လည်းကောင်း၊ ဇိဝိတနဝကဿ–ဇိဝိတနဝကလည်းကောင်း၊ ဣတိ–ဤသို့၊ စတ္တာရော–၄–ပါးကုန်သော၊ ကမ္မသမုဋ္ဌာနကလာပါ–ကမ္မသမုဋ္ဌာန်ကလာပ်တို့ကို၊ လဇ္ဇနွိ–ရအပ်ကုန်၏၊ ပဝတ္တိယံ–ပဝတ္တိအခါ၌၊ စိတ္တောတုသမုဋ္ဌာနာစ–စိတ္တဇကလာပ် ဥတုဇကလာပ်တို့ကိုလည်း၊ လဇ္ဇန္တိ–ရအပ်ကုန်၏။

၅၉။ ပန–ကား၊ အသညသတ္တာနံ–အသညသတ်ဗြဟ္မာတို့၏သန္တာန်၌၊ စက္ခု သောတ ဝတ္ထုသဒ္ဒါပိ–စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, သဒ္ဒနဝကတို့ကိုလည်း၊ နလဇ္ဇန္တိ–မရအပ်ကုန်၊ တထာ–ထို့အတူ၊ သဇ္ဇာနိပိ–အလုံးစုံလည်းဖြစ်ကုန်သော၊ စိတ္တဇရူပါနိ–စိတ္တဇရုပ်တို့ကို၊ နလဇ္ဇန္တိ–မရအပ်ကုန်၊ တသ္မာ–ထို့ကြောင့်၊ တေသံ–ထိုအသညသတ်ဗြဟ္မာတို့၏၊ ပဋိသန္ဓိကာလေ–ပဋိသန္ဓေအခါ၌၊ ဇိဝိတနဝကမေဝ–ဇိဝိတနဝကကလာပ်သည်သာလျှင်လည်းကောင်း၊ ပဝတ္တိယဿ–ပဝတ္တိအခါ၌လည်း၊ သဒ္ဒဝဇ္ဇိတံ–သဒ္ဒသည်ကြဉ်အပ်သော၊ ဥတုသမုဋ္ဌာနရူပံ–ဥတုဇရုပ်သည်လည်းကောင်း၊ အတိရိစ္ဆတိ–ကြွင်းကျန်၏။

ရုပ်– ၁၅ "ရူပဗြဟ္မာတို့၏ ပဋိသန္ဓေခဏ၌ ကမ္မဇကလာပ် ၄–စည်း ဖြစ်နိုင်သည်"ဟု ဆိုထားရာ ယင်းကလာပ် ၄–စည်းဖြစ်က အာကာသဓာတ်နှင့် ဥပစယ,သန္တတိတို့လည်း ဇကန်ပင် ဖြစ်လာရကြပါလိမ့်မည်၊ ထို့ကြောင့် ရူပဗြဟ္မာတို့၏ ပဋိသန္ဓေခဏ၌ "အဝိနိဗ္ဘောဂရုပ် ၈–ပါးနှင့် ဇိဝိတ, စက္ခု, သောတ, ဝတ္ထု, အာကာသဓာတ်, ဥပစယ, သန္တတိ" အားဖြင့် ရုပ်ပေါင်း ၁၅–ပါး ဖြစ်နိုင်သည်၊ တစ်နည်းအားဖြင့် ဃာန, ဇိဝှါ, ကာယ,ဣတ္ထိဘာဝ, ပုမ္ဘာဝကြဉ်သော ကမ္မဇရုပ် ၁၃–ပါးနှင့် ဥပစယ, သန္တတိတို့ပင်တည်း။

ဇိဝိတနဝက ရူပဗြဟ္မာတို့၏သန္တာန်၌ ဇိဝိတနဝကကလာပ်ကို အဘယ့်ကြောင့် ရသနည်း?၊ ရူပဗြဟ္မာတို့အား ကာယပသာဒ မရှိသောကြောင့် ဇိဝိတနဝကကလာပ်သည် ကာယဒသက၏အရာ၌ တည်သည်ဖြစ်၍ ရူပဗြဟ္မာတို့၏ သန္တာန်၌ ဇိဝိတနဝကကလာပ်ကို ရပါသည်။

ထို့ပြင် ရူပဘုံ၌ "ကံ, စိတ်, ဥတု"ဟူသော ရုပ်ဖြစ်ကြောင်း ၃–ပါး "ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်"ဟု ရုပ် ၃–မျိုးသာရှိသည်၊ ထို့ကြောင့် ပဝတ္တိအခါ၌ ဃာန, ဇိဝှါ, ကာယ, ဣတ္ထိဘာဝ, ပုမ္ဘာဝမှတစ်ပါးသော ရုပ် ၂၃–ပါးသာ ဖြစ်နိုင်သည်၊ သင်္ဂဟကထာဝယ် "တေဝိသ ရူပိသု"၌ "တေဝိသ"၏အရ ဖြစ်လာပါလိမ့်မည်။

အသညသတ် ရုပ်ဖြစ်စဉ်

၅၉။ အသညသတ်ဗြဟ္မာတို့၏သန္တာန်၌ စက္ခု, သောတ, ဝတ္ထု, သဒ္ဒ–တို့ကိုလည်း မရထိုက်၊ စိတ္တဇရုပ် အကုန်လုံးတို့ကိုလည်း မရထိုက်၊ ထို့ကြောင့် အသညသတ်ဗြဟ္မာတို့၏ ပဋိသန္ဓေခဏ၌ ဇိဝိတနဝကကလာပ် တစ်စည်းသာ ရထိုက်သည်။

ပဝတ္တိအခါမှာလည်း (ယင်း ဇိဝိတနဝကကလာပ်နှင့်) သဒ္ဒမှတစ်ပါးသော ဥတုဇရုပ်မျှသာ ကြွင်းတော့သည်။

http://www.dhammadownload.com

၆၀။ ကျစ္စော်-ဤဆိုအပ်ပြီးသောအစဉ်ဖြင့်၊ ကာမရူပသညီသခ်ါတေသု-ကာမ, ရူပ, အသညသတ်ဟုဆိုအပ်ကုန်သော၊ တီသု-၃-ပါးကုန်သော၊ ဌာနေသု-ဘုံဌာနတို့၌၊ ပဋိသန္ဓိပဝတ္တိဝသေန-ပဋိသန္ဓေ, ပဝတ္တိတို့၏အပြားအားဖြင့်၊ ဒုဝိဓာ-၂-ပါး အပြားရှိသော၊ ရူပပဝတ္တိ-ရုပ်တို့၏ ဖြစ်ပျက်ပုံကို၊ ဝေဒိတဗ္ဗာ-သိထိုက်၏။

သင်္ဂဟဂါထာများ

၆၁။ ကာမေသု-ကာမဘုံတို့၌၊ အဋ္ဌဝိသတိ-၂၈-ပါးသော၊ ရူပါနိ-ရုပ်တို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ ရူပီသု-အသညသတ်မှတစ်ပါးသော ရူပ ၁၅-ဘုံတို့၌၊ တေဝီသ-၂၃-ပါးသော၊ ရူပါနိ-ရုပ်တို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ အသညီနံ-အသညသတ် ဗြဟ္မာတို့၏သန္တာန်၌၊ သတ္တရသေဝ-၁၇-ပါးသော ရုပ်တို့သည်သာ၊ ဟောန္တိ-ဖြစ်ကုန်၏၊ အရူပေ-အရူပဘုံ၌၊ ကိဉ္စိပိ-ဘယ်ရုပ်တစ်ခုမျှလည်း၊ နတ္ထိ-မရှိ။

ထိုတွင် "စက္ခု, သောတ, ဝတ္ထု, သဒ္ဒတို့ကိုလည်း မရထိုက်"ဟုဆိုသဖြင့် "ရှေးရူပ ဗြဟ္မာများမှာ မရထိုက်သော ဃာန, ဇိဝှါ, ကာယ, ဘာဝဒသကနှင့် အာဟာရဇရုပ်တို့ကိုလည်း မရထိုက်" ဟူသော အနက်သည် ပါဝင်ပြီးပင် ဖြစ်ပါတော့သည်၊ ယင်းအနက်တို့ကို "အဝိ"သဒ္ဒါဖြင့် ပေါင်းသည်။

အသညသတ်ဗြဟ္မာတို့၏ ပဋိသန္ဓေခဏ၌ ဇီဝိတနဝကကလာပ်တစ်မျိုး၊ ယင်းရုပ် ၉-ခု၌ အာကာသနှင့် ဥပစယ, သန္တတိတို့ကို ထည့်က ရုပ်ပေါင်း ၁၂-ပါးသာဖြစ်နိုင်၏။

ပဝတ္တိအခါ၌ ဇီဝိတနဝကကလာပ်တစ်စည်း၊ "သုဒ္ဓက, လဟုတာဒေကာ ဒသက"ဟူသော ဥတုဇကလာပ် ၂-စည်း၊ ပေါင်း ကလာပ် ၃-စည်း၊ ထိုတွင် အာကာသနှင့် လက္ခဏရုပ်တို့ကို ပေါင်းထည့်ပါက ရုပ်ပေါင်း ၁၇-ပါးဖြစ်နိုင်ပါသည်၊ ယင်း ၁၇-ပါးကား ဇီဝိတနဝက ၉-ပါးနှင့် အာကာသ, လဟုတာဒိတ္တယ, လက္ခဏရုပ် ၄-ခုတို့ပင်တည်း၊ သင်္ဂဟဂါထာ၌ "သတ္တရသေဝ သညီနံ"ဝယ် "သတ္တရသ"အရ ဖြစ်လာပါလိမ့်မည်။

အသညသတ်ဘုံ၌ "ကံ, ဥတု"ဟုဆိုအပ်သော ရုပ်ကိုဖြစ်စေတတ်သော အကြောင်း ၂-ပါး၊ "ကမ္မဇရုပ်, ဥတုဇရုပ်"ဟု ရုပ် ၂-မျိုးသာရှိသည်။

ဆောင်။　။ဇီဝိတ၊ နဝက အာကာသ၊
လဟုတာဒိတ္တယငယ်၊ လက္ခဏပါ၊
ဆယ့်ခွန်သာ၊ အသဉ်မှာ ဖြစ်လတ်၊
သန္ဓိခါ-ဒွါဒသငယ်၊ တိကျဆုံးဖြတ်။

၆၀။ "ကျစ္စော်" အစရှိသည်ဖြင့် ဆိုခဲ့ပြီးသည်ကို နိဂုံးအုပ်တော်မူသည်၊ အဓိပ္ပာယ်မှာ အပေါ်နိဿယဖြင့်ပင် သိသာထင်ရှားပါပြီ။

၆၁။ "အဋ္ဌဝိသတိ ကာမေသု" အစရှိသော ဂါထာသည် ဆိုခဲ့ပြီးသည်ကိုပင် အကျဉ်းချုံး၍ စုပေါင်းပြဆိုသော သင်္ဂဟဂါထာဖြစ်သည်။

http://www.dhammadownload.com

သဒ္ဒါ–သဒ္ဒရုပ်ကိုလည်းကောင်း၊ ဝိကာရော–ဝိကာရရုပ် ၅–ခုကိုလည်းကောင်း၊ ဇရတာ–ဇရတာရုပ်ကိုလည်းကောင်း၊ မရဏာဒ္ဓ–အနိစ္စတာရုပ်ကိုလည်းကောင်း၊ ဥပပတ္တိယံ–ပဋိသန္ဓေတည်နေခါစ ဥပါဒ်ခဏ၌၊ နာ လဇ္ဇာ္ဂိ–မရအပ်ကုန်၊ ပဝတ္တေတု–ပဝတ္တိအခါ၌ကား၊ ကိဉ္စိပိ–ဘယ်ရုပ်တစ်ခုကိုမျှလည်း၊ နာနလဇ္ဇတိ–မရအပ်သည်မဟုတ်။ (ရအပ်သည်သာ။)

အယံ–ဤသည်ကား၊ ဇတ္ထ–ဤရူပပရိစ္ဆေဒ၌၊ ရူပပဝတ္တိက္ကမော–ရူပပဝတ္တိက္ကမတည်း။

နိဗ္ဗာန်

၆၂။ ပန–ကား၊ လောကုတ္တရသခ်ါတံ–လောကုတ္တရာဟုဆိုအပ်သော၊ စတုမဂ္ဂဉာဏော–၄–ပါးသောမဂ်ဉာဏ်ဖြင့်၊ သစ္ဆိကာတဗ္ဗံ–မျက်မှောက်ပြုထိုက်သော၊ မဂ္ဂဖလာနံ–မဂ်ဖိုလ်တရားတို့၏၊ အာရမဏာဘူတံ–အာရုံဖြစ်၍ဖြစ်သော၊ နိဗ္ဗာနံ–နိဗ္ဗာန်ကို၊ ဝါနသခ်ါ

အဓိပ္ပာယ်နှင့်တကွ သခ်ါသဒ္ဒါတို့၏ အရကောက်မှာ ဆိုခဲ့ပြီးသော စကားရပ်များဖြင့်ပင် သိသာထင်ရှားပါပြီ။

ပဋိသန္ဓေအခါမှာ မရသောရုပ်

"သဒ္ဒါ ဝိကာရော ဇရတာ"အစရှိသော ဂါထာသည် ပဋိသန္ဓေအခါမှာ မရထိုက်သော ရုပ်တို့ကို စုပေါင်းပြဆိုထားသော သင်္ဂဟဂါထာဖြစ်သည်။

ပဋိသန္ဓေအခါ၌ သဒ္ဒရုပ်, ဝိညတ်ဒွေး, လဟုတာဒိတ္တယ, ဇရတာ, အနိစ္စတာတို့ကို မရနိုင်၊ ကမ္မဇရုပ် ၁၈–ခုနှင့် ဥပစယ,သန္တတိ၊ ပေါင်း ၂၀–တို့ကိုသာ ရနိုင်သည်။

ပဝတ္တိအခါမှာ "မရနိုင်သော ရုပ်"ဟူ၍ မရှိ၊ ရုပ် ၂၈–ပါးလုံးကိုပင် ထိုက်သည်အားလျော်စွာ ရနိုင်သည်။

၆၂။ "စိတ္တံ့ စေတသိကံ့ ရူပံ့ နိဗ္ဗာနံ့"ဟူသော မာတိကာစဉ်၌ "ရူပံ့"၏အရ အကျယ်ပြပြီး၍ "နိဗ္ဗာနံ့"၏အရ အကျယ်ပြလိုရကား "နိဗ္ဗာနံ့ ပန"စသောစကားရပ်ကို ဆိုရသည်။

နိဗ္ဗာန်ကို "ဝါန"ဟုခေါ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် "နိဗ္ဗာန်"ဟုခေါ်သည်၊ ယင်းနိဗ္ဗာန်သည် "လောကုတ္တရာ"ဟုဆိုအပ်သော တရားတစ်မျိုးဖြစ်သည်၊ မဂ်ဉာဏ် ၄–ပါးဖြင့် မျက်မှောက်ပြုထိုက်သော တရားမျိုး, မဂ်, ဖိုလ်၏အာရုံဖြစ်သော တရားမျိုးလည်းဖြစ်သည်။

ထိုစကားရပ်၌ "နိဗ္ဗာနံ့"ဟူသော ရှေ့ပုဒ်သည် "နိဗ္ဗာန်"ဟူသော သဘောတရားကို ပြသောပုဒ်ဖြစ်သည်၊ "နိဗ္ဗာနံ့"ဟူသော နောက်ပုဒ်သည် "နာမည်"ကို ပြသောပုဒ် ဖြစ်သည်။

ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝကို ဆက်စပ်ပေးတတ်သောကြောင့် တဏှာကို "ဝါန"ဟုခေါ်ရသည်၊ တဏှာ၏ အာရုံအပြုမခံရခြင်းကိုပင် "တဏှာမှလွတ်မြောက်သည်"ဟု ဆိုရသည်။

မျက်စိဖြင့် မြင်ရသကဲ့သို့ မြင်ရခြင်းမျိုးကို "မျက်မှောက်ပြုသည်"ဟု ဆိုရသည်၊ နိဗ္ဗာန်ကို ကာမာဝစရဉာဏ်ဖြင့်လည်း သိမြင်နိုင်သည်၊ မဂ်ဉာဏ်ဖြင့်လည်း သိမြင်နိုင်သည်၊ ထိုတွင်

http://www.dhammadownload.com

တာယ–ဝါနဟုဆိုအပ်သော၊ တဏှာယ–တဏှာမှ၊ နိက္ခန္တ္တတ္တာ–ထွက်မြောက်တတ်သည်၏ အဖြစ်ကြောင့်၊ နိဗ္ဗာနန္တိ–နိဗ္ဗာန်ဟူ၍၊ ပဝုစ္စတိ–ဆိုအပ်၏။

၆၃။ တဒေတံ–ထိုနိဗ္ဗာန်သည်၊ သဘာဝတော–သဘောအားဖြင့်၊ ဧကဝိဓမ္မိ–တစ်မျိုးတည်းသာ အဖို့ရှိပါသော်လည်း၊ သဥပါဒိသေသနိဗ္ဗာနဓာတု–သဥပါဒိသေသနိဗ္ဗာနဓာတ်လည်းကောင်း၊ အနုပါဒိသေသနိဗ္ဗာနဓာတုစ–အနုပါဒိသေသနိဗ္ဗာနဓာတ်လည်းကောင်း၊ ဣတိ–သို့၊ ကာရဏပရိယာယေန–မှတ်သားကြောင်းပရိယာယ်အားဖြင့်၊ ဒုဝိဓံ–၂–ပါး အပြားရှိသည်၊ ဟောတိ–ဖြစ်၏။

မဂ်ဉာဏ်ကိုမရခင် ကာမာဝစရဉာဏ်ဖြင့် သိမြင်ခြင်းမျိုးကား မှန်းဆ၍ သိမြင်ခြင်းမျိုးသာ ဖြစ်သည်၊ မဂ်ဉာဏ် ၄–ပါးတို့ဖြင့် သိမြင်ခြင်းမျိုးကသာ မျက်စိဖြင့်မြင်ရသကဲ့သို့ ပိုင်ပိုင်နိုင်နိုင် သိမြင်ခြင်းမျိုး ဖြစ်သည်။

၆၃။ ထိုနိဗ္ဗာန်သည် ငြိမ်းအေးခြင်းသဘောအားဖြင့် တစ်မျိုးတည်းသာ ရှိပါသော်လည်း "သဥပါဒိသေသနိဗ္ဗာနဓာတ်, အနုပါဒိသေသနိဗ္ဗာနဓာတ်"ဟု အကြောင်းပရိယာယ် (ကာရဏူပစာ)အားဖြင့် ၂–ပါး ပြားသည်။

ထိုတွင် ကိလေသာတို့မှ ကြွင်းကျန်ရစ်သော ဝိပါက်နာမက္ခန္ဓာ, ကမ္မဇရုပ် မချုပ်သေးခင် (ပရိနိဗ္ဗာန် မဝင်စံခင်)အာရုံပြုအပ်သော နိဗ္ဗာန်သည် "သဥပါဒိသေသ နိဗ္ဗာနဓာတ်" မည်၏၊ (သ–ရှိသည်+ဥပါဒိ–ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်+သေသ–ကိလေသာတို့မှ ကြွင်းကျန်ရစ်သော။)

ကိလေသာတို့မှ ကြွင်းကျန်ရစ်သော ဝိပါက်နာမက္ခန္ဓာ, ကမ္မဇရုပ် ချုပ်ပြီးနောက် (ပရိနိဗ္ဗာန် ဝင်စံသည့်အခါ) ရအပ်သော နိဗ္ဗာန်သည် "အနုပါဒိသေသ နိဗ္ဗာနဓာတ်" မည်၏။ (န–မရှိတော့ +ဥပါဒိ–ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်+သေသ–ကိလေသာတို့မှ ကြွင်းကျန်ရစ်သော။)

"ဝိပါက်နာမက္ခန္ဓာ,ကမ္မဇရုပ်တို့၏ ရှိခြင်း–သဥပါဒိသေသ, မရှိခြင်း–အနုပါဒိသေသ" ဟူသော အမည်သည် မှတ်သားကြောင်းလက္ခဏာ၏ အမည်ဖြစ်သည်၊ ထိုအကြောင်း လက္ခဏာ၏ "သဥပါဒိသေသ, အနုပါဒိသေသ"ဟူသော အမည်ကို အကျိုးလက္ခဏာဖြစ်သော နိဗ္ဗာန်၌ တင်စား၍ ကာရဏူပစာအားဖြင့် အကျိုးဖြစ်သော နိဗ္ဗာန်ကိုလည်း "သဥပါဒိသေသ နိဗ္ဗာနဓာတ်, အနုပါဒိသေသနိဗ္ဗာနဓာတ်"ဟု ခေါ်ဝေါ်သုံးစွဲခြင်းကိုပင် "ကာရဏပရိယာယ–အကြောင်းပရိယာယ်"ဟု ဆိုသည်။

ဆောင်။ ။ ဝိပါက်နာမ, ကမ္မဇတို့, မချုပ်သေးမှု, အာရုံပြုက, သ–ဥ မှတ်ကြ၊ ချုပ်ပြီးမှသာ, ရအပ်ပါ, နုပါဒိသေသ။

တစ်နည်း။ ။ ဝိပါက၊ ကမ္မဇ ရူပါ၊
မချုပ်ခင်–အာရုံပြုလျှင်၊ သ–ဥ မှတ်ပါ၊
ချုပ်ပြီးမှ–ရအပ်ပါ၊ အနုပါ ခေါ်ရိုး၊
ကြောင်း အမည်–ကျိုးတင်စားလို့ရယ်၊ ခွဲခြား နှစ်မျိုး။

http://www.dhammadownload.com

၆၄။ တထာ–ထိုမှတစ်ပါး၊ သုညတံ–သုညတနိဗ္ဗာန်လည်းကောင်း၊ အနိမိတ္တံ–အနိမိတ္တနိဗ္ဗာန်လည်းကောင်း၊ အပ္ပဏိဟိတဉ္စ–အပ္ပဏိဟိတနိဗ္ဗာန်လည်းကောင်း၊ ဣတိ–ဤသို့၊ အာကာရဘေဒေန–အခြင်းအရာတို့၏အပြားအားဖြင့်၊ တိဝိဓံ–၃–ပါးအပြားရှိသည်၊ ဟောတိ–ဖြစ်၏။

၆၅။ အစ္ဆုတံ–စုတေရွှေ့လျော သေရခြင်းသဘောလည်းမရှိသော၊ အစ္ဆန္တံ–အဆုံးအပိုင်းအခြားကိုလည်းလွန်ပြီးထသော၊ အသင်္ခံတံ–ကံစသောအကြောင်း ၄–ပါးတို့တွင် ဘယ်အကြောင်းတစ်ခုမျှ မပြုအပ်သည်လည်းဖြစ်ထသော၊ အနုတ္တရံ–မိမိထက်လွန်မြတ်သော တရားလည်းမရှိထသော၊ ပဒံ–ရောက်သင့်ရောက်ရန် လျော်ကန်သင့်မြတ် ထင်ရှားရှိသောဓာတ်တစ်မျိုးကို၊ ဝါနမုတ္တာ–တဏှာမှလွတ်တော်မူကြကုန်ပြီးသော၊ မဟေသယော–မဟာဂ္ဂသိ မုနိထွဋ်တင် ဘုရားရှင်တို့သည်၊ နိဗ္ဗာနမိတိ–နိဗ္ဗာန်ဟူ၍၊ ဘာသန္တိ–ဟောတော်မူကြကုန်၏။

၆၄။ တစ်ဖန် "သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်, အပ္ပဏိဟိတနိဗ္ဗာန်"ဟု အခြင်းအရာတို့၏အပြားအားဖြင့် ၃–ပါးပြားပြန်သည်။

ရာဂ, ဒေါသ, မောဟနှင့် ခန္ဓာ ၅–ပါးတို့၏ ဆိတ်သုဉ်းပုံ အခြင်းအရာကို စွဲမှတ်၍ "သုညတနိဗ္ဗာန်"ဟုခေါ်သည်။

အထည်ကိုယ် ပုံပန်းသဏ္ဌာန်မရှိပုံ အခြင်းအရာကို စွဲမှတ်၍ "အနိမိတ္တနိဗ္ဗာန်"ဟုခေါ်သည်။

ပူပူဆာဆာ တဏှာပဏိဓိဖြင့်လည်း မတောင့်တအပ်, ပူပူဆာဆာ တောင့်တတတ်သော တဏှာပဏိဓိလည်းမရှိပုံ အခြင်းအရာကိုစွဲ၍ "အပ္ပဏိဟိတနိဗ္ဗာန်"ဟုခေါ်သည်။

ဆောင်း။ ။ရာ ဒေါ မောဟာ, ငါးခန္ဓာ၏, ဆိတ်ကာသုဉ်းလတ်, ခြင်းရာမှတ်၍, ခေါ်အပ်သုည၊ သဏ္ဌာနလျှင်, ကင်းပခြင်းရာ, မှတ်ပါ အနိ၊ ပဏိဓိဟူ, ပူပူဆာဆာ, တဏှာ ကင်းလွတ်, ခြင်းရာမှတ်, ခေါ်အပ် အပ္ပဏိ။

တစ်နည်း။ ။ရာဂ ဒေါ၊ မောဟနှင့် ငါးခန္ဓာ၊
ဆိတ်သုဉ်းပုံ–ခြင်းရာမှတ်လို့ရယ်၊ ခေါ်အပ် သုညာ၊
ထည်ပုံပန်း–သဏ္ဌာနာ၊ မရှိပါ အနိ၊
ပူဆာဆာ–တဏှာလွတ်ပါတဲ့၊ ခြင်းအရာ–စွဲကာ မှတ်တော့တယ်၊ အပ္ပဏိဟိ။

နိဗ္ဗာန်ဂုဏ်ပုဒ် အကျဉ်းချုပ်

၆၅။ "ပဒမစ္ဆုတမစ္ဆန္တံ"အစရှိသောဂါထာသည် နိဗ္ဗာန်ဂုဏ်ပုဒ်ကို အကျဉ်းချုပ်ပြဆိုသော သင်္ဂဟဂါထာဖြစ်သည်။

ရောက်ဖို့ရန် သင့်လျော်ထိုက်တန်သည့် ထင်ရှားရှိသော ဓာတ်တစ်မျိုးကို တဏှာမှ လွတ်တော်မူကြပြီးသော ဘုရားရှင်အဆူဆူတို့က "နိဗ္ဗာန်"ဟု ဟောတော်မူကြသည်၊ ယင်း နိဗ္ဗာန်သည်

http://www.dhammadownload.com

ပရမတ္ထ ၄-ပါး နိဂုံး

ကွတိ-ဤ ဖ-ပါးသော ပရိစ္ဆေဒဖြင့်၊ (နိဒ္ဒိဋ္ဌ-အကျယ်ပြအပ်သော၊) စိတ္တ-စိတ်လည်းကောင်း၊ စေတသိက်-စေတသိက်လည်းကောင်း၊ ရူပ-ရုပ်လည်းကောင်း၊ နိဗ္ဗာန-နိဗ္ဗာန်လည်းကောင်း၊ ကု စ္ဆပိ-ဤသို့လျှင်၊ ပရမတ္ထ-ပရမတ္ထတရားကို၊ စတုဓာဝ-၄-ပါးအပြားအားဖြင့်သာလျှင်၊ တထာဂတာ-ဘုရားရှင်ကိုသည်၊ ပကာသေန္တိ-ထင်ရှားပြတော်မူကြကုန်၏။

အဘိဓမ္မတ္ထသင်္ဂဟော-၌၊ ရူပသင်္ဂဟဝိဘာဂေါနာမ-ရူပသင်္ဂဟဝိဘာဂမည်သော၊ ဆဋ္ဌော-ဖ-ပိုင်းတို့၏ ပြည့်ကြောင်းဖြစ်သော၊ ပရိစ္ဆေဒေါ-အပိုင်းသည်၊ ကွတိ-ပြီးပြီ။

စုတေရွှေ့လျော သေရခြင်းသဘောလည်း မရှိပါ၊ အဆုံးအပိုင်းအခြားကိုလည်း လွန်မြောက်ပြီးဖြစ်၏၊ အကြောင်းတရား ၄-ပါးတို့၏ ပြုပြင်ခြင်းမှလည်း ကင်း၏၊ ထိုနိဗ္ဗာန်ထက် လွန်မြတ်သော တရားလည်း မရှိတော့ပါ။

"ကွတိ စိတ္တံ" အစရှိသော ဂါထာသည် ပရမတ္ထတရား ၄-ပါးလုံးကို နိဂုံးအုပ်သော ဂါထာဖြစ်သည်။

အဓိပ္ပာယ်မှာ နိဿယဖြင့်ပင် ထင်ရှားပါပြီ။

လေ့ကျင့်ခန်း မေးခွန်းများ

၁။ မဟာဘုတ်မည်ပုံ, ဥပါဒါရုပ်မည်ပုံကို သိသာရုံမျှ ပြ၍ မဟာဘုတ် ၄-ပါးတို့၏ သဘောကိုလည်း အသီးအသီးပြပါ။

၂။ အာပေါဓာတ်ကို ဖောင်္ဂဗွာရုံအဖြစ်မှ ကြဉ်ဖယ်ထားရခြင်း၏ အကြောင်းကိုပြ၍ ဘာဝရုပ် ၂-ပါး၏ သဘောနှင့် တည်ရာဌာနကိုလည်း တိကျစွာပြပါ။

၃။ သဘာဝရုပ်, သလက္ခဏရုပ်, နိပ္ဖန္နရုပ်, ရူပရုပ်, သမ္မသနရုပ်တို့၏ သဘောကိုပြပါ။

၄။ ရူပဿ လဟုတာ-စသည်၌ ရူပဿ-အရ ယူသင့်သော ရုပ်များကို စိစစ်ပြပါ။

၅။ ဥပစယနှင့်သန္တ တိတို့၏အရ တူသလား,ထူးသလား စိစစ်ပြပါ။

၆။ ရုပ် ၂-ပါးမှ ၁၁-ပါး ပြားလာရုံကို ပြ၍ ၁၁-ပါးမှ ၂၈-ပါး ပြားလာရုံကိုလည်း ပြပါ။

၇။ ဒွါရရုပ် ၇-ပါးကို ဥပ္ပတ္တိဒွါရ, ကမ္မဒွါရအားဖြင့် ခွဲစိတ်ဝေဖန်ပြပါ။

၈။ ဩဇာရိကရုပ်, သင်္ဟိကေရုပ်, သပ္ပဋိဃရုပ်တို့၏ သဘောနှင့် သုခုမရုပ်, ဒူရေရုပ်, အပ္ပဋိဃရုပ်တို့၏သဘောကို ပြပါ။

၉။ ဂေါစရုပ်များကို သမ္မတ္တဂ္ဂါဟက, အသမ္မတ္တဂ္ဂါဟကအားဖြင့် ခွဲစိတ်ဝေဖန်ပြပါ။

၁၀။ ဩဇာရိက, ဥပါဒိန္န, သနိဒဿန, အဝိနိဗ္ဘောဂ-၄-မည်ရသောရုပ်နှင့် ဩဇာရိက, ဥပါဒိန္န, အဝိနိဗ္ဘောဂ-၃-မည်ရသောရုပ်တို့ကို ဖော်ပြပါ။

http://www.dhammadownload.com

၁၁။ ရုပ်ကိုဖြစ်စေတတ်သော နာမ်, ရုပ်ကို ဖြစ်စေတတ်သော ရုပ်တို့၏ ရုပ်ကိုဖြစ်စေပုံကို အကျယ်ဝေဖန်ပြပါ။

၁၂။ ဣရိယာပုတ်ကိုဖြစ်စေနိုင်သော စိတ်, ဝိညတ်ကို ဖြစ်စေနိုင်သော စိတ်တို့ကို ကုန်စင်အောင် ရေတွက်ပြပါ။

၁၃။ ဧကဇရုပ်, ဒွိဇရုပ်, တိဇရုပ်, စတုဇရုပ်, နကုတောစိရုပ်တို့ကို ပြပါ။

၁၄။ ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့ မည်မျှစီရှိကြောင်း အသီးအသီး ရေတွက်ပြပါ။

၁၅။ ကာယဝိညတ္တိနဝက, ဝစီဝိညတ္တိဒသက-ကလာပ်များ၌ ဝိညတ်သည် ဧကုပ္ပာဒ, ဧကနိဿယကား ဖြစ်နိုင်ပါ၏၊ ဧကနိရောဓကား မဖြစ်နိုင်ပါ၊ သို့ဖြစ်ပါလျက် အဘယ်သို့ အဘယ်ပုံ ကလာပ်မည်ရပါသနည်း။

၁၆။ သစ်ပင်, တောင်, တောင်စသော ဗဟိဒ္ဓသန္တာန်၌ ရသင့်သော ရုပ်ကလာပ်နှင့် ရသင့်သော ရုပ်များကို ပြပါ။

၁၇။ အာကာသဓာတ်နှင့် လက္ခဏာရုပ်တို့ ကလာပ်အစိတ်အပိုင်းမှာ အဘယ်ကြောင့် မပါဝင်သနည်း။

၁၈။ သံသေဒဇပုဂ္ဂိုလ်နှင့် ဩပပါတိကပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေခဏမှာ ဖြစ်နိုင်သော ရုပ်များကို အသီးအသီး ပြပါ။

၁၉။ သတ္တဝါအားလျော်စွာ ချို့ကောင်းသော အာယတနများကို ပိုင်းခြားဝေဖန်ပြပါ။

၂၀။ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေခဏမှာ ဖြစ်နိုင်သောရုပ်များကို ပြပါ။

၂၁။ တစ်ဘဝ၌ ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့ စတင်ဖြစ်ပေါ်ပုံ, ဆက်လက်ဖြစ်ပွားပုံ, အဆုံးသတ်ဖြစ်ပုံ, အဆုံးသတ်ချုပ်ပုံတို့ကို ရှင်းလင်းပြပါ။

၂၂။ ရူပဇြဟ္မာတို့၏ ပဋိသန္ဓေခဏ၌ ဖြစ်သင့်သောရုပ်ကလာပ်နှင့်ရုပ်များ, ပဝတ္တိအခါ ဖြစ်သင့်သောရုပ်ကလာပ်နှင့်ရုပ်များကို ပြပါ။

၂၃။ အသညသတ်ဇြဟ္မာတို့၏ ပဋိသန္ဓေအခါ ရထိုက်သောရုပ်ကလာပ်နှင့်ရုပ်များ, ပဝတ္တိအခါ ရထိုက်သော ရုပ်ကလာပ်နှင့်ရုပ်များကို ပြပါ။

၂၄။ ပဋိသန္ဓေအခါ မရထိုက်သောရုပ်များကိုပြ၍ ပဝတ္တိအခါမှာ မရထိုက်သော ရုပ်များ "ရှိ-မရှိ"ကိုလည်း သာဓကသွင်း၍ ရှင်းလင်းပြပါ။

၂၅။ နိဗ္ဗာန်၏သဘောကို သင်္ဂဟကျမ်းလာအတိုင်း သိသာရုံမျှ ပြပါ။

၂၆။ ကာရဏပရိယာယ်အားဖြင့်ပြားသော နိဗ္ဗာန်, အာကာရဘေဒအားဖြင့်ပြားသော နိဗ္ဗာန်တို့၏ သဘောကို ရှင်းပြ၍ နိဗ္ဗာန်၏ဂုဏ်ပုဒ်ကိုလည်း အကျဉ်းချုပ်အားဖြင့် ပြပါ။

၂၇။ ပရမတ္ထတရား ၄-ပါး၏ နိဒုံးကိုပြသော ဂါထာကို အနက်ယောဇနာပြပါ။

ရုပ်ပိုင်း ပြီး၏။

http://www.dhammadownload.com

၇။ သမုစ္စည်းပိုင်း

၁။ ဒွါသတ္တတိဝိဓာ–၇၂–ပါးအပြားရှိကုန်သော၊ သလက္ခဏာ–မိမိဆိုင်ရာလက္ခဏာရှိကုန်သော၊ ဝတ္ထုဓမ္မာ–ပရမတ်အလို အထည်ကိုယ်ဝတ္ထု ရစကောင်းသောတရား**တို့**ကို၊ ဝုတ္တာ–ဆိုအပ်ကုန်ပြီ၊ ဒါနိ–ယခုအခါ၌၊ တေသံ–ထိုတရားတို့၏၊ ယထာယောဂံ–ယှဉ်ထိုက်သည်အားလျော်စွာ၊ သမုစ္စယံ–သဘောတူချင်း ပေါင်းသင်းစုပြ သမုစ္စယသင်္ဂဟကို၊ ပဝက္ခာမိ–ဆိုပေအံ့။

၂။ အကုသလသင်္ဂဟော–အကုသလသင်္ဂဟလည်းကောင်း၊ မိဿကသင်္ဂဟော–မိဿကသင်္ဂဟလည်းကောင်း၊ဗောဓိပက္ခိယသင်္ဂဟော–ဗောဓိပက္ခိယသင်္ဂဟလည်းကောင်း၊

၁။ ပဌိညာဉ် "ဒွါသတ္တတိဝိဓာ"အစရှိသောဂါထာဖြင့် စကားစပ်နှင့်ပဋိညာဉ်ကိုပြတော်မူသည်။ မိမိဆိုင်ရာလက္ခဏာရှိကြသည့် တရားကိုယ်ရစကောင်းသော ၇၂–ပါးသောတရားတို့ကို ပြဆိုပြီးပါပြီ၊ ယခုအခါ ထိုတရားတို့ကို ထိုက်သည်အားလျော်စွာ စုစည်း၍ ပြပါတော့မည်–ဟု ဆိုလိုပါသည်။

ဝတ္ထုဓမ္မာ ထိုတွင် တရားကိုယ် ရစကောင်းသော ဝတ္ထုဓမ္မများကား (စိတ်နှင့် စေတသိက်ဟုဆိုအပ်သော) "နာမ် တေပညာသ= ၅၃, နိပ္ပန္နရုပ် အဋ္ဌာရသ= ၁၈, နိဗ္ဗာန်" အားဖြင့် ၇၂–ပါးတို့တည်း ။

ဆောင်။ ။ နာမ် တေပညံ, ရုပ်နိပ္ပန်, နိဗ္ဗာန်ဟူဘိ, ဒွါသတ္တတိ။

တစ်နည်း။ ။ နာမ် တေပဏ်၊ ရုပ်နိပ္ပန် နိဗ္ဗာန၊
ခုနစ်ဆယ်–နှစ်ပါးစုငယ်၊ ဝတ္ထုဓမ္မ။

သမုစ္စယသင်္ဂဟ ပရမတ္ထတရားတို့ကို သဘောတူချင်း ပေါင်းသင်းစုစည်းပြရာ အပိုင်းကို "သမုစ္စယသင်္ဂဟ–သမုစ္စည်းပိုင်း"ဟု ခေါ်သည်။

ဥဒ္ဒေသ

၂။ "အကုသလသင်္ဂဟော"အစရှိသော စကားဖြင့် သမုစ္စည်းပိုင်း၌ ပြဆိုမည့် သင်္ဂဟ ၄–ရပ်၏ ခေါင်းစဉ်မာတိကာ ဥဒ္ဒေသကို ပြတော်မူသည်။

http://www.dhammadownload.com

သဗ္ဗသင်္ဂဟော စ-သဗ္ဗသင်္ဂဟလည်းကောင်း၊ ကွတိ-ကျသို့၊ သမုစ္စယသင်္ဂဟော-သမုစ္စယသင်္ဂဟကို၊ စတုဗ္ဗိဓော- ၄-ပါးအပြားရှိ၏ဟူ၍၊ ဝေဒိတဗ္ဗော-သိထိုက်၏။

အကုသလသင်္ဂဟ

၃။ ကထံ-သင်္ဂဟ ၄-ပါး အဘယ်သို့ပြားသနည်း? ။

တာဝ-မိဿကသင်္ဂဟ စသည်တို့မှရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေ-ညွှန်ပြအပ်သော၊) အကုသလသင်္ဂဟော-အကုသလသင်္ဂဟ၌၊ အာသဝါ-အာသဝတို့သည်၊ ကာမာသဝေါ-ကာမာသဝလည်းကောင်း၊ ဘဝါသဝေါ-လည်းကောင်း၊ ဒိဋ္ဌာသဝေါ-လည်းကောင်း၊ အဝိဇ္ဇာသဝေါ-လည်းကောင်း၊ ကွတိ-သို့၊ စတ္တာရော- ၄-ပါးတို့တည်း။

၁။ အကုသလသင်္ဂဟ= အကုသိုလ်တရားကို ပေါင်းစုပြရာအခန်း၊

၂။ မိဿကသင်္ဂဟ= ကုသိုလ်, အကုသိုလ်, အဗျာကတတရားတို့ကို ရောနှောပေါင်းစုပြရာအခန်း၊

၃။ ဗောဓိပက္ခိယသင်္ဂဟ= မဂ်ဉာဏ်၏ အသင်းအပင်းဖြစ်သော တရားတို့ကို ပေါင်းစုရေတွက်ပြရာအခန်း၊

၄။ သဗ္ဗသင်္ဂဟ= ပရမတ္ထတရားအားလုံးကို ပေါင်းစုရေတွက်ပြရာအခန်း၊

ဤသို့ သမုစ္စယသင်္ဂဟ၌ အခန်းကဏ္ဍ ၄-ခု ပါဝင်သည်။

အာသဝ ၄-ပါး

၃။ "ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ"ဟု အာသဝတရား ၄-ပါး ရှိသည်။

အာသဝ အာသဝသဒ္ဒါ၏ ဟောရင်းအနက်မှာ စိမ်ရည်အရက်ပင် ဖြစ်သည်၊ ဤအရာ၌ ယင်းစိမ်ရည်အရက်နှင့်တူသော လောဘ, ဒိဋ္ဌိ, မောဟ-တို့ကို (သဒိသူပစာအားဖြင့်) "အာသဝ"ဟုဆိုထားသည်၊ ထိုလောဘ, ဒိဋ္ဌိ, မောဟ-တို့သည် အနမတဂ္ဂသံသရာဝယ် "ရုပ်ခန္ဓာ, နာမ်ခန္ဓာအစဉ်"ဟုဆိုအပ်သော အရက်အိုးကို၌ ထုံထား စိမ်ထားသကဲ့သို့ ဖြစ်သည်၊ အခိုးလည်း ပြင်းလှပေသည်၊ သတ္တိလည်းထက်လှပေသည်။

ထို"အာသဝ"စသော တရားတို့၏ ဝတ္ထုဓမ္မကိုလည်း ထုတ်ပြပါဦးမည်၊ ယင်းသို့ ဝတ္ထုဓမ္မများကို ထုတ်နုတ်ပြဆိုခြင်းကိုပင် "တရားကိုယ် အရကောက်ပြသည်"ဟု ဆိုရပါသည်။

ဝတ္ထုအာရုံ ကာမဂုဏ်၌ တပ်မက်တတ်သော တဏှာသည် "ကာမာသဝ"မည်၏၊ တရားကိုယ်မှာ လောဘမူစိတ် ၈-ပါး၌ရှိသော လောဘစေတသိက်ဖြစ်သည်။

ရူပဈာန်, အရူပဈာန်နှင့် "ထိုဈာန်၏ အကျိုးဝိပါက်"ဟူသော ဘဝ၌နှစ်သက်မှု တဏှာသည် "ဘဝါသဝ"မည်၏၊ တရားကိုယ်မှာ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘစေတသိက်ပင် ဖြစ်သည်။

ဒိဋ္ဌာသဝ၏ တရားကိုယ်မှာ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ဒိဋ္ဌိစေတသိက် ဖြစ်သည်။

http://www.dhammadownload.com

၄။ ဩဿာ–ဩဿတို့သည်၊ ကာမောဿော–ကာမောဿလည်းကောင်း ။ ပ ။ လည်းကောင်း၊ ဣတိ–သို့၊ စတ္တာရော–၄–ပါးတို့တည်း။

၅။ ယောဂါ–ယောဂတို့သည်၊ ကာမယောဂေါ–ကာမယောဂလည်းကောင်း ။ ပ ။ လည်းကောင်း၊ ဣတိ–သို့၊ စတ္တာရော–၄–ပါးတို့တည်း။

သိတတ်သောဉာဏ်၏ ဆန့်ကျင်ဘက်ဖြစ်သော မောဟသည် "အဝိဇ္ဇာ"မည်၏၊ တရားကိုယ်မှာ အကုသိုလ်စိတ် ၁၂–ခုခွဲရှိသော "မောဟ"ဖြစ်သည်။

ဆောင်။ ။ စိမ်ရည်ရက်၊ ဟောရင်းနက် အာသဝါ၊
သဒိသူ–ညီတူ ညှိလို့ရယ်၊ မှတ်သိကြပါ၊
နမတဂ်–သံသရာ၊ ကိုယ်ခန္ဓာ အရက်အိုး၊
ထုံ လောဘာ–ဒိဋ္ဌ မောဟငယ်၊ ပြင်းလှ အခိုး။

ဩဿ ၄–ပါး

၄။ "ကာမောဿ, ဘဝေါဿ, ဒိဋ္ဌောဿ, အဝိဇ္ဇောဿ"ဟု ဩဿ ၄–ပါး ရှိသည်၊ ဩဿသဒ္ဒါ၏ ဟောရင်းအနက်မှာ အဟုန်ပြင်းထန်သော ရေအလျဉ်ဖြစ်သည်၊ ဤအရာ၌ကား ထိုရေအလျဉ်နှင့် တူသော လောဘ,ဒိဋ္ဌ, မောဟကို (သဒိသူပစာအားဖြင့်)"ဩဿ"ဟု ဆိုထားသည်၊ မှန်ပါသည်= ရေအလျဉ်သည် သတ္တဝါတို့ကို လွှမ်းဖိနှစ်မြုပ်၍ သတ်တတ်သည်၊ ထို့အတူ လောဘ, ဒိဋ္ဌ, မောဟတို့သည်လည်း မိမိကိန်းရာ သတ္တဝါကို ဝင့်ဒုက္ခ၌ လွှမ်းဖိနှစ်မြုပ်၍ သတ်တတ်သည်၊ ထို့ကြောင့် "ဩဿ"ဟူသော အမည်ကိုလည်း ရကြသည်၊ တရားကိုယ် အရကောက်မှာ အာသဝနှင့် မထူးတော့ပါ။

ဆောင်။ ။ ရေလျဉ်ပြင်း၊ ဟောရင်းနက် ဩဿ၊
သဒိသူ–ညီတူ ညှိလို့ရယ်၊ မှတ်သိကြပါ၊
မိမိကိန်း–သတ္တဝါ၊ လွှမ်းဖိကာ မြုပ်သတ်၊
ဆိုခဲ့ပါ–လော ဒိဋ္ဌ မောတို့ကို၊ ဩဿ–ဟု မှတ်။

ယောဂ ၄–ပါး

၅။ "ကာမယောဂ,ဘဝယောဂ,ဒိဋ္ဌိယောဂ,အဝိဇ္ဇာယောဂ"ဟု ယောဂ ၄–ပါး ရှိသည်။

ဝတ္ထု ၂–ခုတို့ကို အစေးဖြင့်ကပ်၍ စပ်ဟပ်ထားဘိသကဲ့သို့ သတ္တဝါတို့ကို ဝဋ်ဆင်းရဲခြင်း မကွဲမကွာအောင် ခိုင်မြဲစွာ စပ်ဟပ်ပေးတတ်သော "လောဘ, ဒိဋ္ဌ, မောဟ"ဟူသော တရား ၃–ပါးကိုပင် "ယောဂ"ဟုခေါ်သည်၊ တရားကိုယ်အရကောက်မှာ အာသဝနှင့်တူပါပြီ၊ ဝေနေယျတို့၏ အလိုသို့ လိုက်၍ "အာသဝ, ဩဃ, ယောဂ"ဟု ၃–မျိုးခွဲလျက် ဟောထားရုံ မျှသာဖြစ်သည်။

ဆောင်။ ။ စေးဖြင့်ကပ်၊ စပ်ဟပ်သည့် ပမာ၊
သတ္တဝါ–ဝဋ်ဆင်းရဲဝယ်၊ စွဲမြဲစိမ့်ငှာ၊
မြဲစွာဟပ်–စပ်ထားပါ၊ သုံးဖြာသော တရား၊
ဆိုခဲ့ပါ–လော ဒိဋ္ဌ မောတို့ကို၊ ယောဂ မှတ်သား။

http://www.dhammadownload.com

၆။ ဂန္ဆာ–ဂန္ဆ တို့သည်၊ အဘိဇ္ဈာ–အဘိဇ္ဈာမည်သော၊ ကာယဂန္ထော–ကာယဂန္ထ လည်းကောင်း၊ ဗျာပါဒေါ–ဗျာပါဒမည်သော၊ ကာယဂန္ထော–လည်းကောင်း၊ သီလဗ္ဗတ ပရာမာသော–သီလဗ္ဗတပရာမာသမည်သော၊ ကာယဂန္ထော–လည်းကောင်း၊ ကြဒံသစ္စာ ဘိနိဝေသော–ကြဒံသစ္စာဘိနိဝေသမည်သော၊ ကာယဂန္ထော–လည်းကောင်း၊ ကြတိ–သို့၊ စတ္တာရော–၄–ပါးတို့တည်း။

ဂန္ထ ၄–ပါး

၆။ "အဘိဇ္ဈာကာယဂန္ထ, ဗျာပါဒကာယဂန္ထ, သီလဗ္ဗတပရာမာသကာယဂန္ထ, ကြဒံသစ္စာ ဘိနိဝေသကာယဂန္ထ"ဟု ဂန္ထ ၄–ပါးရှိသည်။

သံကွင်းချင်းဆက်၍ ဖွဲ့နှောင်ထားသကဲ့သို့ သတ္တဝါတို့၏ နာမကာယနှင့် ရူပကာယတို့ကို ဝဋ်ဆင်းရဲမှ မထွက်ခွာရအောင်, မလွတ်မြောက်ရအောင် (စုတိပြီးလျှင် ပဋိသန္ဓေ, ပဋိသန္ဓေပြီးလျှင် စုတိအားဖြင့်) ဆက်စပ်ပေးတတ်သော "လောဘ, ဒေါသ, ဒိဋ္ဌ"တရားတို့ကို "ဂန္ထ"ဟု ခေါ်သည်။

အာရုံတစ်ခုခုကို ရှေးရှုကြဲစည်ခြင်း, လိုချင်ခြင်းသည် "အဘိဇ္ဈာ" မည်၏၊ တရားကိုယ်မှာ လောဘစေတသိက် ဖြစ်သည်၊ အကုသလကမ္မပထ၌ သူတစ်ပါးစည်းစိမ်ဥစ္စာကို မတရား လိုချင်သော လောဘကိုသာ ကောက်ရသည်၊ ဤ၌ကား လောဘဟူသမျှကိုပင် ကောက်ရသည်။ (အဘိ–ရှေးရှု+ဈာ–ကြဲစည်ခြင်း။)

စိတ်ဖောက်ပြန်ပျက်စီးခြင်းသို့ရောက်ကြောင်း ဒေါသသည် "ဗျာပါဒ" မည်၏၊ အကုသလ ကမ္မပထ၌ သူတစ်ပါးကို သေစေလိုသော ဒေါသကိုသာကောက်ရသည်၊ ဤ၌ကား ဒေါသမှန်သမျှ ကိုပင် ကောက်ရသည်။ (ဝိ–စိတ်၏ ဖောက်ပြန်ပျက်စီးခြင်းသို့+အာပါဒ–ရောက်ကြောင်း ဒေါသ။)

"နွား, ခွေး–စသည်တို့၏အကျင့်ကို ကျင့်လျှင် ကိလေသာမှလည်း စင်ကြယ်သည်၊ သံသရာ မှလည်း လွတ်မြောက်နိုင်သည်"ဟု မှားယွင်းစွာ သုံးသပ်စွဲလမ်းတတ်သော တရားကို "သီလဗ္ဗတ ပရာမာသ"ခေါ်သည်၊ တရားကိုယ်မှာ ဒိဋ္ဌစေတသိက်ပင်ဖြစ်သည်။ (သီလ–နွား,ခွေး–စသည်တို့၏ အလေ့+ဝတ–နွား, ခွေး–စသည်တို့၏ အကျင့်+ပရ–မှားမှားယွင်းယွင်း+အာမာသ– သုံးသပ် စွဲလမ်းခြင်း။)

အလွဲလွဲအမှားမှား ယူပြီးလျှင် "ငါ့အယူသာ မှန်သည်၊ ကျန်အယူအားလုံး အလွဲအမှားချည်း ဖြစ်သည်"ဟု လွန်လွန်ကဲကဲ စွဲလမ်းခြင်းသည် "ကြဒံသစ္စာဘိနိဝေသ"မည်၏။ (ကြဒံ–ဤ ငါ့အယူ သာ+သစ္စံ–အမှန်ဟု+အဘိ–လွန်လွန်ကဲကဲ+နိဝေသ–နှလုံးသွင်းမှု, စွဲလမ်းမှု။)

ဆောင်။ ။ သံကွင်းဆက်၊ ဖွဲ့နှောင်ယှက် ပမာ၊
ရုပ်နှင့်နာမ်–နှစ်ကာယကို၊ ဝဋ်မှထွက်ခွာ၊
မလွတ်ရ–ဖွဲ့တတ်ပါ၊ လော ဒေါသာ ဒိဋ္ဌ၊
ဤသုံးဖြာ–ဆိုးဝါးလှတယ်၊ ဂန္ထ–ဟု သိ။

http://www.dhammadownload.com

၇။ ဥပါဒါနာနိ–ဥပါဒါန်တို့သည်၊ ကာမုပါဒါနံ–ကာမုပါဒါန်လည်းကောင်း ။ ပ ။ လည်းကောင်း၊ ဣတိ–သို့၊ စတ္တာရိ–၄–ပါးတို့တည်း။

၈။ နိဝရဏာနိ–နိဝရဏတို့သည်၊ ကာမစ္ဆန္ဒနိဝရဏံ–ကာမစ္ဆန္ဒနိဝရဏလည်းကောင်း ။ ပ ။ လည်းကောင်း၊ ဣတိ–သို့၊ ဆ–၆–ပါးတို့တည်း။

ဥပါဒါန် ၄–ပါး

၇။ "ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်"ဟု ဥပါဒါန် ၄–ပါး ရှိသည်။

မြွေက ဖားကို ဖမ်းထားသကဲ့သို့ မစွန့်နိုင် မလွတ်ရက်ဘဲ စွဲစွဲလမ်းလမ်း ခိုင်မြဲစွာ အာရုံပြုတတ် ယူထားတတ်သော တရားကို "ဥပါဒါန်"ဟုခေါ်သည်။

ငါးပါးအာရုံ ကာမဂုဏ်၌ စွဲလမ်းတတ်သော တရားသည် "ကာမုပါဒါန်"မည်၏၊ တရားကိုယ်မှာ လောဘစေတသိက်ဖြစ်သည်။

သီလဗ္ဗတပရာမာသ, အတ္တဝါဒဒိဋ္ဌိတို့မှတစ်ပါး ကျန်ဒိဋ္ဌိအမျိုးမျိုးသည် "ဒိဋ္ဌုပါဒါန်" မည်၏၊ တရားကိုယ်မှာ ဒိဋ္ဌိစေတသိက်ပင် ဖြစ်သည်၊ သီလဗ္ဗတုပါဒါန်မှာ သီလဗ္ဗတပရာမာသနှင့် မထူးတော့ပါ။

"အတ္တ ရှိ၏"ဟု ပြောဆိုစွဲလမ်းမှုသည် "အတ္တဝါဒုပါဒါန်"မည်၏၊ တရားကိုယ်မှာ ဒိဋ္ဌိ စေတသိက်ပင်ဖြစ်သည်၊ ဒိဋ္ဌိစေတသိက် တစ်ခုတည်းကိုပင် စွဲလမ်းပုံ ကွဲပြား၍ ၃–မျိုး ခွဲဟောသည်။

ဆောင်။　။ မြွေက ဖား၊ ဖမ်းထားသည့် ပမာ၊
မစွန့်နိုင်–မလွတ်တမ်းရယ်၊ စွဲလမ်း မြဲစွာ၊
အာရုံပြု–တရားမှာ၊ ဥပါဒါ မှတ်သား၊
တရားကိုယ်–လော ဒိဋ္ဌိငယ်၊ မှတ်သိ နှစ်ပါး။

နိဝရဏ ၆–ပါး

၈။ "ကာမစ္ဆန္ဒနိဝရဏ, ဗျာပါဒနိဝရဏ, ထိနမိဒ္ဓနိဝရဏ, ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏ, ဝိစိကိစ္ဆာ နိဝရဏ, အဝိဇ္ဇာနိဝရဏ"ဟု နိဝရဏ ၆–ပါး ရှိသည်။

စျာန်, မဂ်, ဖိုလ်တို့ကို မဖြစ်အောင် တားမြစ်ပိတ်ပင်တတ်သော တရားတို့ကို "နိဝရဏ"ဟု ခေါ်သည်၊ ထိုနိဝရဏ တရားဆိုးတို့သည် တရားကိုယ်အားဖြင့် ၈–ပါး ရှိသည်။

ငါးပါးအာရုံ ကာမဂုဏ်ကို လိုချင်နှစ်သက်မှုသည် "ကာမစ္ဆန္ဒ"မည်၏၊ တရားကိုယ်မှာ လောဘဖြစ်သည်၊ အကြွင်းမှာ သိသာထင်ရှားပြီ။

ဆောင်။　။ မဂ် ဖိုလ် စျာန်၊ မဖြစ်ရန် မြစ်တား၊
နိဝရဏာ–ခေါ်ဆိုကြတယ်၊ ဆိုးလှ ရှစ်ပါး။

http://www.dhammadownload.com

၉။ အနုသယာ–အနုသယတို့သည်၊ ကာမရာဂါနုသယော–ကာမရာဂါနုသယ လည်းကောင်း ။ ပ ။ လည်းကောင်း၊ ဣတိ–သို့၊ သတ္တ– ၇–ပါးတို့တည်း။

၁၀။ သုတ္တန္တေ–သုတ္တန်ပါဠိတော်၌၊ (ဝုတ္တာနိ–ဟောတော်မူအပ်ကုန်သော၊) သံယောဇနာနိ–သံယောဇဉ်တို့သည်၊ ကာမရာဂသံယောဇနံ–ကာမရာဂသံယောဇဉ်လည်းကောင်း၊ ။ ပ ။ လည်းကောင်း၊ ဣတိ–သို့၊ ဒသ–ဆယ်ပါးတို့တည်း။

၂–ပါး ပေါင်းဟောရခြင်း ထိနနှင့် မိဒ္ဓသည် တွန့်တိုမှုကိစ္စအားဖြင့် တူသည်၊ ပျင်းရိခြင်းဟူသော အကြောင်းအားဖြင့်လည်း တူသည်၊ ဝိရိယ၏ ဆန့်ကျင်ဘက်ဖြစ်ခြင်း အားဖြင့်လည်း တူသည်။

ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့သည် မငြိမ်သက်ခြင်းအားဖြင့် တူသည်၊ ဉာတိဗျသန–စသည်ကို ကြံစည်ခြင်းဟူသော အကြောင်းအားဖြင့်လည်း တူသည်၊ သမထ၏ ဆန့်ကျင်ဘက်အားဖြင့်လည်း တူသည်။

ဤသို့ ကိစ္စ, အကြောင်း, ဆန့်ကျင်ဘက်တူသောကြောင့် ထိန,မိဒ္ဓနိဝရဏနှင့် ဥဒ္ဓစ္စ,ကုက္ကုစ္စ နိဝရဏတို့၌ တရားကိုယ် ၂–ပါးစီရသော်လည်း နိဝရဏတစ်ပါးစီသာ ဆိုရသည်။

ဆောင်။ ။ တွန့်တိုတို–မှုကိစ္စရယ်နဲ့၊ ပျင်းရိလှ–ကြောင်းအရာ။ မြဲဆန့်ကျင်–ဝိရိယငယ်၊ ထိန မိဒ္ဓါ။ မှုကိစ္စာ–မငြိမ်သက်ရယ်နဲ့၊ အကြောင်းမှာ–ဗျသနာ ကြံစည်ချက်သာပ၊ ဆန့်ကျင်ဘက် သမထာ၊ ဥဒ်ကုစ္စာ နှစ်ပါး။ မှုကိစ္စာ–ကြောင်းအရာ ဆန့်ကျင်ဘက်ငယ်တို့၊ ဤသို့သာ–တူသည်တွက်ကယ်ကြောင့်၊ ပေါင်းလျက် ဟောထား။

အနုသယ ၇–ပါး

၉။ "ကာမရာဂါနုသယ, ဘဝရာဂါနုသယ, ပဋိဃာနုသယ,မာနာနုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, အဝိဇ္ဇာနုသယ"ဟု အနုသယ ၇–ပါးရှိသည်။

သတ္တဝါတို့၏ သန္တာန်၌ အစဉ်တစိုက် ကိန်းအောင်းပါဝင်နေသော ကိလေသာကို "အနုသယ"ဟုခေါ်သည်။

ယှဉ်ဖက်တရားတို့ကို ဖျက်ဆီးတတ်သော တရားတို့ကို "ပဋိဃ"ဟုခေါ်သည်၊ တရားကိုယ်မှာ ဒေါသဖြစ်သည်၊ ကြွင်းသောအနုသယတို့၏ တရားကိုယ်အရကောက်မှာ သိသာထင်ရှားပါပြီ။

ဆောင်။ ။ သတ္တဝါ၊ သန္တာန်မှာ စဉ်တစိုက်၊
ကိန်းအောင်းနေ–ကိလေစုကို၊ အနု သမိုက်။

သုတ္တန်နည်း သံယောဇဉ် ၁၀–ပါး

၁၀။ "ကာမရာဂသံယောဇဉ်,ရူပရာဂသံယောဇဉ်, အရူပရာဂသံယောဇဉ်, ပဋိဃ သံယောဇဉ်, မာနသံယောဇဉ်, ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတပရာမာသသံယောဇဉ်, ဝိစိကိစ္ဆာ

http://www.dhammadownload.com

၁၁။ အဘိဓမ္မေ–အဘိဓမ္မာပါဠိတော်၌၊ (ဝုတ္တာနိ–ကုန်သော၊) အပရာနိပိ–အခြားတစ်မျိုးလည်းဖြစ်ကုန်သော၊ သံယောဇနာနိ–တို့သည်၊ ကာမရာဂသံယောဇနံ–လည်းကောင်း ။ ပ ။ လည်းကောင်း၊ ဣတိ–သို့၊ ဒသ–၁၀–ပါးတို့တည်း။

၁၂။ ကိလေသာ–ကိလေသာတို့သည်၊ လောဘော–လောဘလည်းကောင်း ။ ပ ။ အနောတ္တပ္ပံ–အနောတ္တပ္ပလည်းကောင်း၊ ဣတိ–သို့၊ ဒသ–ဆယ်ပါးတို့တည်း။

သံယောဇဉ်, ဥဒ္ဓစ္စသံယောဇဉ်, အဝိဇ္ဇာသံယောဇဉ်"ဟု သုတ္တန်နည်း သံယောဇဉ် ၁၀–ပါး ရှိသည်။

သတ္တဝါတို့ကို ထိုထိုဘဝမှ မလွတ်ရအောင် ကြိုးဖြင့်ချည်နှောင်သကဲ့သို့ ချည်နှောင်တတ်သော တရားကို "သံယောဇဉ်"ဟုခေါ်သည်။

ဆောင်။　။ သတ္တဝါ၊ လွတ်မခွာ ဘဝ၊
ချည်နှောင်ပါ–ကြိုးသဘောငယ်၊ သံယောဇန။

ရူပဈာန်နှင့် ထိုဈာန်၏ အကျိုးဝိပါက်၌ နှစ်သက်မှုတဏှာကို "ရူပရာဂ"ဟု ခေါ်သည်၊ အရူပဈာန်နှင့် ထိုဈာန်၏ အကျိုးဝိပါက်၌ နှစ်သက်မှုတဏှာကို "အရူပရာဂ"ဟု ခေါ်သည်၊ ၂–ပါလုံး၏ တရားကိုယ်မှာ ဘဝါသဝ၏ တရားကိုယ်ကဲ့သို့ ဒိဋ္ဌဂတဝိပ္ပယုတ် ၄–ခုခွဲရှိသော လောဘပင် ဖြစ်သည်၊ အကြွင်းမှာ သိသာထင်ရှားပါပြီ။

လောဘ,ဒေါသ,မာန,ဒိဋ္ဌိ,ဝိစိကိစ္ဆာ,ဥဒ္ဓစ္စ* ,မောဟ"ဟု တရားကိုယ် ၇–ပါးသာ ရသည်။

အဘိဓမ္မာနည်း သံယောဇဉ် ၁၀–ပါး

၁၁။ "ကာမရာဂသံယောဇဉ်, ဘဝရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်, မာနသံယောဇဉ်, ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတပရာမာသသံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ်, ဣဿာသံယောဇဉ်, မစ္ဆရိယသံယောဇဉ်, အဝိဇ္ဇာသံယောဇဉ်"ဟု အဘိဓမ္မာနည်း သံယောဇဉ် ၁၀–ပါးရှိသည်။

တရားကိုယ်မှာ "လောဘ, ဒေါသ, မာန, ဒိဋ္ဌိ,ဝိစိကိစ္ဆာ, ဣဿာ* ,မစ္ဆရိယ* , မောဟ" အားဖြင့် ၈–ပါး ဖြစ်သည်။

၂–နည်းပေါင်း တရားကိုယ်　လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, မောဟ၊ ဤ ၆– ပါးသည် သုတ္တန်နည်း, အဘိဓမ္မာနည်း ၂–ပါလုံးမှာ ပါဝင်သည်၊ ဥဒ္ဓစ္စသည် သုတ္တန်နည်းမှာသာပါသည်၊ အဘိဓမ္မာနည်းမှာမပါ၊ ဣဿာ, မစ္ဆရိယ ၂–ပါးသည် အဘိဓမ္မာနည်းမှာသာပါသည်၊ သုတ္တန်နည်းမှာမပါ။ ထို့ကြောင့် သုတ္တန်နည်း, အဘိဓမ္မာနည်း ၂–မျိုးပေါင်းလျှင် တရားကိုယ် ၉–ပါးဖြစ်သည်။

ဆောင်။　။ လော ဒေါ မာ၊ ဒိဋ္ဌ ကိစ္ဆာ ဥဒ္ဓစ္စ၊
ဣဿ မစ္ဆာ–မောဟများငယ်၊ ပေါင်းထား နဝ။

ကိလေသာ ၁၀–ပါး

၁၂။ "လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ"ဟု ကိလေသာ ၁၀–ပါး ရှိသည်။

http://www.dhammadownload.com

၁၃။ ပန–အမှာအထား စကားတစ်ရပ် ကြားညှပ်ပြဦးအံ့၊ ဧတ္ထ–ဤအကုသလ သင်္ဂဟဝယ်၊ အာသဝါဒီသု–အာသဝအစရှိသည်တို့၌၊ ကာမဘဝနာမေန–ကာမနာမည် ဘဝနာမည်ဖြင့်၊ တဗ္ဘတ္ထုကာ–ထိုကာမ, ဘဝဟူသော မှီရာအာရုံ ရှိသော၊ တဏှာ–တဏှာကို၊ အဓိပ္ပေတာ–အလိုရှိအပ်၏၊ တထာပဝတ္တံ–ထိုယူပုံ အခြင်းအရာအားဖြင့် ကွဲပြားလျက်ဖြစ်သော၊ ဒိဋ္ဌိဂတမေဝ–ဒိဋ္ဌိစေတသိက်ကိုပင်၊ သီလဗ္ဗတပရာမာသော–သီလဗ္ဗတပရာမာသဟူ၍လည်းကောင်း၊ ကဏ္ဌသစ္စာဘိနိဝေသော–ကဏ္ဌသစ္စာဘိနိဝေသဟူ၍လည်းကောင်း၊ အတ္တဝါဒုပါဒေါစ–အတ္တဝါဒုပါဒါန်ဟူ၍ လည်းကောင်း၊ ပဝုစ္စတိ–ဆိုအပ်၏။

စိတ်ကို ပြောင်ပြောင်လက်လက် မဖြစ်စေဘဲ ညစ်ပေအောင်ပြုတတ်သော လောဘ, ဒေါသ စသည်တို့ကို "ကိလေသာ"ဟုခေါ်သည်၊ တရားကိုယ်မှာ သိသာထင်ရှားပါပြီ။

ဆောင်။ ။ စိတ်မပြောင်၊ ညစ်ပေအောင် ပြုတတ်၊
လော ဒေါသာ– စသည်စုကို၊ ကိလေဟုမှတ်။

တစ်ထောင့်ငါးရာ ကိလေသာ

ယင်းကိလေသာ၏ အာရုံဖြစ်သော တရားတို့သည် "နာမ် တေပညာသ, နိပ္ပန္နရုပ် အဋ္ဌာရသ, လက္ခဏရုပ် ၄–ပါး"အားဖြင့် ၇၅–ပါး ဖြစ်သည်၊ ယင်း ၇၅–ပါးကို တည်လျက် "အဇ္ဈတ္တသန္တာန်မှာ ဖြစ်သောအာရုံ, ဗဟိဒ္ဓသန္တာန်မှာ ဖြစ်သောအာရုံ"ဟု ၂–ပါး ပြားသင့်သောကြောင့် သန္တာန် ၂–ပါးဖြင့်မြှောက်က (၇၅X၂=) ၁၅၀–ဖြစ်သည်၊ ကိလေသာ ၁၀–ပါးတို့သည် ယင်း ၁၅၀–သော အာရုံကို အသီးအသီး အာရုံပြုနိုင်သောကြောင့် ကိလေသာ ၁၀–ပါးဖြင့် ထပ်မြှောက်က(၁၅၀X၁၀=) ၁၅၀၀–ဖြစ်၏၊ ယင်းကိုပင် "၁၅၀၀–ကိလေသာ"ဟုဆိုကြသည်။

ဆောင်။ ။ နာမ် တေပညာသ, နိပ္ပန္နနှင့်, လက္ခဏရူပါ, ပေါင်းထားပါ၍, နှစ်ဖြာသန္တာန်,
ဆယ်တန် ကိလေ, ဆင့်မြှောက်လေ, ကိလေ ထောင့်ငါးရာ။

တစ်နည်း။ ။ အာရုံမှန်၊ နာမ် တေပညာသရယ်နှင့်၊ ဌာရသ နိပ္ပန္နာ၊
လက္ခဏ်–ရုပ်လေးပါးငယ်၊ ပေါင်းထား တည်ပါ၊
အဇ္ဈတ္တ–ဗဟိဒ္ဓါ၊ သန် နှစ်ဖြာ မြှောက်ထား၊
ကိလေသာ–ဆယ်ဖြာဆင့်လျှင်၊ ထောင်နှင့် ရာငါး။

တရားကိုယ်ကောက်ရန် အမှာ

၁၃။ "အာသဝါဒီသု ပနေတ္ထ" စသည်ဖြင့် အကုသလသင်္ဂဟဝယ် တရားကိုယ်ကောက်ရန် အမှာအထား စကားတစ်ရပ် ကြားညှပ်လျက် မှတ်ချက်ချကာ ပြတော်မူသည်။

http://www.dhammadownload.com

၁၄။ ဝတ္ထုတော-ပရမတ်အလို တရားကိုယ်အားဖြင့်၊ အာသဝေါဃစ-အာသဝ သြဃတို့ကိုလည်းကောင်း၊ ယောဂါ စ-ယောဂတို့ကိုလည်းကောင်း၊ ဂန္ထာစ-ဂန္ထ တို့ကို လည်းကောင်း၊ တယော- ၃-ပါးတို့ဟူ၍၊ ဝုတ္တာ-ဆိုအပ်ကုန်၏၊ ဥပါဒါနာ-ဥပါဒါန် တို့ကို၊ ဒုဝေ- ၂-ပါးတို့ဟူ၍၊ ဝုတ္တာ-ဆိုအပ်ကုန်၏၊ နိဝရဏာ-နိဝရဏတို့သည်၊ အဋ္ဌ-၈-ပါးတို့သည်၊ သိယုံ-ဖြစ်ကုန်၏။

အနုသယာ-အနုသယတို့သည်၊ ဆဋ္ဌေဝ- ၆-ပါးတို့သည်သာလျှင်၊ ဟောန္တိ-ဖြစ်ကုန်၏၊ သံယောဇနာ-သံယောဇဉ်တို့ကို၊ နဝ-၉-ပါးတို့ဟူ၍၊ မတာ-သိအပ်ကုန်၏၊ ကိလေသာ-ကိလေသာတို့ကို၊ ဒသ- ၁၀-ပါးတို့ဟူ၍၊ မတာ-ကုန်၏၊ ဣတိ-သို့၊ အယံပါပသင်္ဂဟော-ဤအကုသလသင်္ဂဟကို၊ နဝဓာ-၉-ပါး အပြားအားဖြင့်၊ ဝုတ္တော-ဆိုအပ်ပြီ။

အကုသလသင်္ဂဟ၌ အာသဝ, သြဃ, ယောဂ, ဥပါဒါန်, နိဝရဏ, အနုသယ, သံယောဇဉ် တို့၌ ကာမ၏အရ, ဘဝ၏အရ ထိုကာမနှင့်ဘဝတို့ကို အာရုံပြုသော တဏှာကို ယူရမည်၊ ယူပုံ အခြင်းအရာအားဖြင့် ကွဲပြားလျက် ဖြစ်သောကြောင့် ဒိဋ္ဌစေတသိက် တစ်ခုတည်း ကိုပင် "သီလဗ္ဗတပရာမာသ, ကဉ္စဒသစ္ဆာဘိနိဝေသ, အတ္တဝါဒုပါဒ"ဟု အမည် အမျိုးမျိုးဖြင့် ဆိုရသည်။

ဤ၌ "ကာမ"သဒ္ဒါသည် ဝတ္ထုအာရုံ ကာမဂုဏ်ကို ဟောသည်၊ "ဘဝ"သဒ္ဒါလည်း ရူပဈာန် အရူပဈာန်နှင့် ထိုဈာန်တို့၏ အကျိုးဝိပါက်ကို ဟောသည်၊ သို့သော် ဤအကုသလသင်္ဂဟဝယ် အာရုံဌာနဖြစ်သော ကာမဂုဏ်နှင့်ဘဝတို့၏ ကာမဟူသောအမည်, ဘဝဟူသောအမည်ကို အာရမဏိက ဌာနီဖြစ်သော တဏှာအပေါ်၌ တင်စား၍ ဌာနူပစာအားဖြင့် အာရမဏိကဖြစ်သော တဏှာကို "ကာမ, ဘဝ"ဟု ဟောထားသည်၊ ထို့ကြောင့် ကာမအရ ကာမတဏှာ, ဘဝအရ ဘဝတဏှာတို့ကိုသာ ယူရသည်။

သင်္ဂဟဂါထာများ

၁၄။ "အာသဝေါဃ စ" စသော ၂-ဂါထာဖြင့် ဆိုခဲ့ပြီးသည်တို့ကို ပေါင်းရုံး၍ ပြတော်မူသည်။

တရားကိုယ်အားဖြင့် အာသဝ, သြဃ, ယောဂ, ဂန္ထ တို့ ၃-ပါးစီ ဖြစ်ကြသည်၊ ဥပါဒါန် ၂-ပါးဖြစ်သည်၊ နိဝရဏ ၈-ပါး ဖြစ်သည်။

အနုသယ ၆-ပါး ဖြစ်သည်၊ သံယောဇဉ် ၉-ပါး ဖြစ်သည်၊ ကိလေသာ ၁၀-ပါးပင် ဖြစ်သည်၊ ဤသို့ အကုသလသင်္ဂဟကို (အာသဝအစရှိသော) ၉-ပါးသော အပြားအားဖြင့် ဆိုထားပါသည်။

http://www.dhammadownload.com

အမည်အားဖြင့် အာသဝ ၄-ပါး ရှိသော်လည်း တရားကိုယ်အားဖြင့် ရေတွက်လျှင် "လောဘ, ဒိဋ္ဌ, မောဟ"ဟု ၃-ပါးသာ ဖြစ်သည်၊ ဤသို့ စသည်ဖြင့် သင်္ခါသဒ္ဒါတို့၏ သဘော်ယျကို ပြဆိုထားခဲ့သည်အားလျော်စွာ ရေတွက်ပါ။

အကုသလသင်္ဂဟ လေ့လာရန်

အကုသိုလ်စေတသိက် ၁၄-ပါး		အာသဝ	ဩဃ	ယောဂ	နီဝရဏ	ပရာမဋ္ဌ	နိဝရဏ	အနုသယ	သံယောဇန	ဂန္ထ	ဥပါဒါန်	ဟိန်ပေါင်း
လောဘ	၁	။	။	။	။	။	။	။	။	။	။	၉
ဒိဋ္ဌ	၁	။	။	။	။	။		။	။	။	။	၈
မောဟ	၁	။	။	။			။	။	။	။	။	၇
ဒေါသ	၁				။		။	။	။	။	။	၅
ထိန	၁						။			။	။	၂
မိဒ္ဓ	၁						။					၁
ဥဒ္ဓစ္စ	၁						။		။	။		၃
ကုက္ကုစ္စ	၁						။					၁
ဝိစိကိစ္ဆာ	၁						။	။	။	။	။	၆
မာန	၁							။	။	။	။	၃
ကြသာ, မစ္ဆရိယ	၂								။			၁
အဟိရိက,အနောတ္တပ္ပ	၂									။	။	၁
တရားကိုယ်ပေါင်း	**၁၄**	၃	၃	၃	၃	၂	၈	၆	၈	၁၀	၁၀	

ဇယားကို အပေါ်နှင့်အောက်ကို ရှုလျက် အာသဝ၏ တရားကိုယ်ကား "လောဘ, ဒိဋ္ဌ, မောဟ"အားဖြင့် ၃-ပါးတည်း စသည်ဖြင့် ရေတွက်ပါ။

လက်ဝဲ,လက်ျာကို ရှုလျက် "လောဘသည် အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန, နီဝရဏ, အနုသယ, သံယောဇန, ကိလေသာ ၉-ဌာနဲ့ ပါဝင်သည်။

ဒိဋ္ဌသည် အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါန, အနုသယ, သံယောဇန, ကိလေသာ ၈-ဌာနဲ့ ပါဝင်သည်။

မောဟသည် အာသဝ, ဩဃ, ယောဂ, နီဝရဏ, အနုသယ, သံယောဇန, ကိလေသာ ၇-ဌာနဲ့ ပါဝင်သည်"စသည်ဖြင့် ရေတွက်ပါ။

http://www.dhammadownload.com

မိဿကသင်္ဃ

၁၅။ မိဿကသင်္ဃော–မိဿကသင်္ဃဋ္ဌ၊ ဟေတူ–ဟိတ်တို့သည်၊ လောဘော–လောဘလည်းကောင်း ။ ပ ။ လည်းကောင်း၊ ဣတိ–သို့၊ ဆ–၆–ပါးတို့တည်း။

၁၆။ စျာနင်္ဂါနိ–စျာန်အင်္ဂါတို့သည်၊ ဝိတက္ကော–ဝိတက်လည်းကောင်း ။ ပ ။ လည်းကောင်း၊ ဣတိ–သို့၊ သတ္တ– ၇–ပါးတို့တည်း။

ဟိတ် ၆–ပါး

၁၅။ "လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ"ဟု ဟိတ် ၆–ပါး ရှိသည်။

ရဲသောက်မြစ်သည် မိမိနှင့်တကွဖြစ်သော သစ်ပင်ကို စည်ပင်စေရန် ခိုင်မြဲစေရန် ကူညီ ထောက်ပံ့သကဲ့သို့ ထို့အတူ မိမိနှင့် အတူတကွဖြစ်ကြသော ရုပ်တရား, နာမ်တရားတို့ကို ခိုင်မာစေ, ပြန့်ပွားစေဖို့ရန် ထောက်ကူသမှု ကျေးဇူးပြုတတ်သော တရားကို "ဟေတု–ဟိတ်"ဟု ခေါ်သည်၊ တရားကိုယ်မှာ ထင်ရှားပါပြီ။

ဆောင်။ ။ ရဲသောက်မြစ်၊ တကွဖြစ် သစ်ပင်ကို၊
စည်ပင်စေ–မြဲခိုင်ခံ့ဖို့ရယ်၊ ထောက်ပံ့သလို၊
တူတကွ–ဖြစ်ကြသည့် ရုပ်,နာမ်ကို၊ ခိုင်စေလို ပြန့်ပွား၊
ထောက်ခံကာ–ကျေးဇူးပြုတယ်၊ "ဟိတ်"ဟု မှတ်သား။

စျာနင် ၇–ပါး

၁၆။ "ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ"ဟု စျာန်အင်္ဂါ ၇–ပါးရှိသည်။

ဆိုင်ရာအာရုံကို စူးစူးစိုက်စိုက် အာရုံပြုတတ်, ရှုတတ်သော ဝိတက်, ဝိစာရစသော တရားအပေါင်းတို့ကို "စျာန်"ဟုခေါ်သည်၊ ထို"စျာန်"ဟုခေါ်သော တရားအပေါင်း၏ တစ်ခုစီ တစ်ခုစီသော အစိတ်အစိတ် အင်္ဂါများကို "စျာန်အင်္ဂါ"ဟုခေါ်သည်။

ဆောင်။ ။ စူးစိုက်ကာ၊ အာရုံပြု တရားပေါင်း၊
စျာန်ခေါ်တွင်–တစ်ခုစီ စိတ်အင်များငယ်၊ စျာနင် ထပ်လောင်း။

ဝိတက်ယှဉ်ရာစိတ် ၅၅–ပါး၌ရှိသော ဝိတက်စေတသိက်သည် "ဝိတက်စျာနင်" မည်၏၊ ဝိစာရယှဉ်ရာ စိတ်ပေါင်း ၆၆–ပါး၌ရှိသော ဝိစာရစေတသိက်သည် "ဝိစာရစျာနင်" မည်၏၊ ပီတိယှဉ်ရာစိတ် ၅၁–ပါး၌ရှိသော ပီတိစေတသိက်သည် "ပီတိစျာနင်" မည်၏၊ ဒွေးပဉ္စဝိညာဉ် မှတစ်ပါး စိတ် ၇၉–ခု၌ရှိသော ဧကဂ္ဂတာစေတသိက်သည် "ဧကဂ္ဂတာစျာနင်" မည်၏။ ("ပဉ္စဝိညာဏော သု စျာနင်္ဂါနိ"ဟူသော အမှာစကားအားလျော်စွာ ပဉ္စဝိညာဉ်ကိုကြဉ်၍ ကောက်ရသည်။)

သောမနဿသဟဂုတ် ၆၂–ပါး၌ရှိသော ဝေဒနာစေတသိက်သည် "သောမနဿစျာနင်" မည်၏၊ ဒေါသမူဒွေး၌ရှိသော ဝေဒနာစေတသိက်သည် "ဒေါမနဿစျာနင်" မည်၏၊ စက္ခုဝိညာဉ်

http://www.dhammadownload.com

၁၇။ မဂ္ဂင်္ဂါနိ–မဂ္ဂင်တို့သည်၊ သမ္မာဒိဋ္ဌိ–သမ္မာဒိဋ္ဌိလည်းကောင်း ။ ပ ။ မိစ္ဆာသမာဓိ–မိစ္ဆာသမာဓိလည်းကောင်း၊ ဣတိ–သို့၊ ဒွါဒသ–၁၂–ပါးတို့တည်း။

ဒွေး, သောတဝိညာဉ်ဒွေး, ဃာနဝိညာဉ်ဒွေး, ဇိဝှါဝိညာဉ်ဒွေးကြဉ်သော ဥပေက္ခာသဟဂုတ် ၄၇–ပါး၌ရှိသော ဝေဒနာစေတသိက်သည့် "ဥပေက္ခာစျာနင်"မည်၏၊ "ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ"ဟု တရားကိုယ် ၅–ပါးသာရသည်။

မဂ္ဂင် ၁၂–ပါး

၁၇။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ , သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ"ဟု မဂ္ဂင် ၁၂–ပါး ရှိသည်။

သုဂတိဘုံဘဝ, ဒုဂ္ဂတိဘုံဘဝသို့ သွားရောက်ခိုလှုံဖို့ရာ လမ်းကြောင်းဖြစ်သော တရားအပေါင်းကို "မဂ္ဂ"ဟုခေါ်သည်၊ မှန်၏= သမ္မာဒိဋ္ဌိအစရှိသော တရားအပေါင်းသည် သုဂတိသို့ ရောက်ဖို့ရာ လမ်းကြောင်းဖြစ်၏၊ မိစ္ဆာဒိဋ္ဌိအစရှိသော တရားအပေါင်းကား ဒုဂ္ဂတိသို့ ရောက်ဖို့ရာ လမ်းကြောင်းဖြစ်၏၊ ထိုမဂ္ဂမည်သော တရားအပေါင်း၏ တစ်ခုစီတစ်ခုစီသော အစိတ်အင်္ဂါများကိုသာ "မဂ္ဂင်"ဟုခေါ်ရသည်။

ဆောင်။ ။ ဂတိစုံ၊ ရောက်ခိုလှုံ လမ်းကြောင်း၊
မင်္ဂခေါ်တွင်၊ တစ်ခုစီ–စိတ်အင်များငယ်၊ မဂ္ဂင် ထပ်လောင်း။

သမ္မာဒိဋ္ဌိစသည်တို့၏ တရားကိုယ်ကို သောဘနစိတ်၌ ယှဉ်ထိုက်သမျှသော ပညာစသည်တို့ကိုသာ ကောက်ရမည်၊ အဘယ်ကြောင့်နည်း?၊ "သမ္မာ"သဒ္ဒါသည် "အကောင်း"ဟူသော အနက်ကို ဟောသည်၊ "အကောင်း"ဟူသည်မှာလည်း မဖောက်မပြန် လမ်းမှန်ကျမှုပင် ဖြစ်သည်၊ ထို့ကြောင့်တည်း။

တိဟိတ်စိတ်၌ရှိသော ကောင်းစွာသိမြင်မှု ပညာသည် "သမ္မာဒိဋ္ဌိမဂ္ဂင်"မည်၏၊ "ကာမာဝစရ သောဘနစိတ် ၂၄–ခု, ပထမစျာန် ၁၁–ခု"အားဖြင့် စိတ် ၃၅–ခု၌ရှိသော ကောင်းစွာကြံစည်မှု ဝိတက်သည် "သမ္မာသင်္ကပ္ပမဂ္ဂင်"မည်၏၊ "မဟာကုသိုလ်စိတ် ၈–ခု, လောကုတ္တရာစိတ် ၈–ခု"အားဖြင့် စိတ် ၁၆–ခု၌ရှိသော သမ္မာဝါစာ စေတသိက်သည် "သမ္မာဝါစာမဂ္ဂင်"မည်၏၊ သမ္မာကမ္မန္တ စေတသိက်သည် "သမ္မာကမ္မန္တ မဂ္ဂင်"မည်၏၊ သမ္မာအာဇီဝစေတသိက်သည် "သမ္မာ အာဇီဝမဂ္ဂင်"မည်၏၊ သောဘနစိတ် တစ်ခုယုတ်ခြောက်ဆယ်၌ရှိသော ဝီရိယ စေ တသိက်သည် "သမ္မာဝါယာမမဂ္ဂင်"မည်၏၊ သတိစေတသိက်သည် "သမ္မာသတိမဂ္ဂင်" မည်၏၊ ဧကဂ္ဂတာ စေတသိက်သည် "သမ္မာသမာဓိမဂ္ဂင်"မည်၏။

မိစ္ဆာဒိဋ္ဌိစသည်၌ ပါဝင်သော "မိစ္ဆာ"သဒ္ဒါသည် "မှားယွင်းဖောက်ပြန်ခြင်း"ဟူသော အနက်ကို ဟောသည်၊ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိစသည်တို့၏ အရကို အကုသိုလ်စိတ်၌ ထိုက်သည် အားလျော်စွာ ယှဉ်သော "ဒိဋ္ဌိစေတသိက်"စသည်တို့ကို ကောက်ယူရမည်။

မှားယွင်းဖောက်ပြန် မဟုတ်မမှန် ရှုမြင်တတ်သော သဘောတရားသည် "မိစ္ဆာဒိဋ္ဌိ"မည်၏၊ တရားကိုယ်မှာ "ဒိဋ္ဌိစေတသိက်"ပင်ဖြစ်သည်။

http://www.dhammadownload.com

၁၈။ ကုန္ဒြိယာနိ–ကုန္ဒြေတို့သည်၊ စက္ခုန္ဒြိယံ–စက္ခုန္ဒြေလည်းကောင်း။ ပ ။ အညာတာဝိန္ဒြိယံ–အညာတာဝိန္ဒြေလည်းကောင်း၊ ကုတိ–သို့၊ ဗာဝီသတိ–၂၂–ပါးတည်း။

မှားယွင်းဖောက်ပြန် မဟုတ်မမှန် ကြံစည်မှုသည် "မိစ္ဆာသင်္ကပ္ပ" မည်၏၊ တရားကိုယ်မှာ အကုသိုလ်စိတ်၌ယှဉ်သော "ဝိတက်"ဖြစ်သည်။

မှားယွင်းဖောက်ပြန် မဟုတ်မမှန် အားထုတ်မှုသည် "မိစ္ဆာဝါယာမ" မည်၏၊ တရားကိုယ်မှာ အကုသိုလ်စိတ်၌ယှဉ်သော "ဝီရိယ"ဖြစ်သည်။

မှားယွင်းဖောက်ပြန် မဟုတ်မမှန် တည်ကြည်မှုသည် "မိစ္ဆာသမာဓိ" မည်၏၊ တရားကိုယ်မှာ ဝိစိကိစ္ဆာသဟဂုတ်မှတစ်ပါး အကုသိုလ်စိတ် ၁၁–ပါး၌ရှိသော "ဧကဂ္ဂတာစေတသိက်"ဖြစ်သည်။ ("တထာ ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂင်္ဂန္တြိယဇလဘာဝံ နာ ဂစ္ဆတိ"ကို ထောက်ပါ။)

မဂ္ဂင် ၁၂–ပါးရှိသော်လည်း "ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ"ဟု တရားကိုယ် ၉–ပါးသာရသည်။

ကုန္ဒြေ ၂၂–ပါး

၁၈။ "စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ကုတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇိဝိတိန္ဒြေ, မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ"ဟု ကုန္ဒြေ ၂၂–ပါးရှိသည်။

မိမိဆိုင်ရာကိစ္စ၌ အလွန်အစိုးရသော မိမိနှင့်သက်ဆိုင်သော တရားတို့ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်သော တရားများကို "ကုန္ဒြေ"ဟုခေါ်သည်။

ဆောင်။　။ ကိုယ့်ဆိုင်ရာ၊ ကိစ္စမှာ လွန်မင်း၊
စိုးရပါ–ကုန္ဒြိုင်ယ်၊ မှတ်သိ ရှင်းရှင်း။

စက္ခုပသာဒရုပ်သည် "စက္ခုန္ဒြေ" မည်၏ ။ ပ ။ ကာယပသာဒရုပ်သည် "ကာယိန္ဒြေ" မည်၏၊ ကုတ္ထိဘာဝရုပ်သည် "ကုတ္ထိန္ဒြေ" မည်၏၊ ပုရိသဘာဝရုပ်သည် "ပုရိသိန္ဒြေ" မည်၏။ (ရုပ်ကုန္ဒြေ ၇–ပါး။)

ဇိဝိတရုပ်နှင့် ဇိဝိတိန္ဒြေစေတသိက်သည် "ဇိဝိတိန္ဒြေ"မည်၏၊ (ရုပ်,နာမ် ၂–မျိုးရောသော ကုန္ဒြေ ၁–ပါး၊ ကြွင်းသော မနိန္ဒြေစသည်တို့ကား နာမ်ကုန္ဒြေများ ဖြစ်ကြသည်။)

စိတ်တစ်ခုယုတ်ကိုးဆယ်သည် "မနိန္ဒြေ"မည်၏၊ သုခသဟဂုတ် ကာယဝိညာဉ်၌ရှိသော ဝေဒနာစေတသိက်သည် "သုခိန္ဒြေ"မည်၏၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်၌ရှိသော ဝေဒနာစေတသိက်သည် "ဒုက္ခိန္ဒြေ"မည်၏၊ သောမနဿသဟဂုတ် ၆၂–ခု၌ရှိသော ဝေဒနာစေတသိက်သည် "သောမနဿိန္ဒြေ မည်၏၊ ဒေါသမူဌေး၌ရှိသော ဝေဒနာစေတသိက်သည် "ဒေါမနဿိန္ဒြေ" မည်၏၊ ဥပေက္ခာသဟဂုတ် ၅၅–ပါး၌ရှိသော ဝေဒနာစေတသိက်သည် "ဥပေက္ခိန္ဒြေ"မည်၏။ (ဝေဒနိန္ဒြေ ၅–ပါး။)

http://www.dhammadownload.com

၁၉။ ဗလာနိ–ဗိုလ်တို့သည်၊ သဒ္ဒါဗလံ–သဒ္ဒါဗိုလ်လည်းကောင်း ။ ပ ။ အနောတ္တပ္ပ ဗလံ–အနောတ္တပ္ပဗိုလ်လည်းကောင်း၊ (ဣတိ–သို့၊) နဝ–၉–ပါးတို့တည်း။

၂၀။ အဓိပတီ–အဓိပတိတို့သည်၊ ဆန္ဒာဓိပတိ–ဆန္ဒာဓိပတိလည်းကောင်း ။ ပ ။ ဝီမံသာဓိပတိ–ဝီမံသာဓိပတိလည်းကောင်း၊ ဣတိ–သို့၊ စတ္တာရော–၄–ပါးတို့တည်း။

သောဘနစိတ်၌ရှိသော သဒ္ဒါစေတသိက်သည် "သဒ္ဓိန္ဒြေ"မည်၏၊ ဝီရိယဃဋ်ရာစိတ် ၇၃–ပါး၌ရှိသော ဝီရိယစေတသိက်သည် "ဝီရိယိန္ဒြေ"မည်၏၊ သောဘနစိတ်၌ရှိသော သတိစေတသိက်သည် "သတိန္ဒြေ"မည်၏၊ ဝီရိယမယှဉ်သော စိတ် ၁၆–ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်မှတစ်ပါး ကြွင်းသောစိတ် ၇၂–ပါး၌ရှိသော ဧကဂ္ဂတာစေတသိက်သည် "သမာဓိန္ဒြေ" မည်၏။

တိဟိတ်စိတ် ၄၇–ပါး၌ရှိသော ပညာစေတသိက်သည် "ပညိန္ဒြေ" မည်၏၊ သောတာပတ္တိမဂ်၌ရှိသော ပညာစေတသိက်သည် "အနညာတညဿာမီတိန္ဒြေ"မည်၏၊ အထက်မဂ် ၃–ခု, အောက်ဖိုလ် ၃–ခု၌ရှိသော ပညာစေတသိက်သည် "အညိန္ဒြေ"မည်၏၊ အရဟတ္တဖိုလ်၌ရှိသော ပညာစေတသိက်သည် "အညာတာဝိန္ဒြေ"မည်၏။ (ပညိန္ဒြေ ၄–ပါး။)

ဣန္ဒြေ ၂၂–ပါး ရှိသော်လည်း တရားကိုယ် ၁၆–ပါးမျှသာ ရသည်၊ ပြန်ရေတွက်ကြည့်ကြပါ။

ဗိုလ် ၉–ပါး

၁၉။ "သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်, ဟိရိဗိုလ်, ဩတ္တပ္ပဗိုလ်, အဟိရိကဗိုလ်, အနောတ္တပ္ပဗိုလ်"ဟု ဗိုလ် ၉–ပါး ရှိသည်၊ ထိုထိုကိစ္စ၌ ဆန့်ကျင်ဘက်တရားကြောင့် မလှုပ်ရှားနိုင် မြဲခိုင်သော တရားကို "ဗိုလ်"ဟုခေါ်သည်၊ တရားကိုယ်အရကောက်မှာ ထင်ရှားပါပြီ။

ဆောင်။ ။ သီးသီးသာ၊ ကိုယ့်ဆိုင်ရာ ကိစ္စ၊
မလှုပ်ယိုင်–မြဲခိုင်ဘိတယ်၊ မှတ်သိ ဗလ။

အဓိပတိ ၄–ပါး

၂၀။ "ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာဓိပတိ"ဟု အဓိပတိတရား ၄–ပါးရှိသည်။

မိမိနှင့် အတူတကွဖြစ်ဖက် တရားတို့၏ အကြီးအကဲ အရှင်သခင်ဖြစ်သော တရားကို "အဓိပတိ"ဟုခေါ်သည်။

ဆောင်။ ။ တကွသာ၊ ဖြစ်လာသည့် တရားများ၊
ကြီးကဲမှန်–ဓိပတိငယ်၊ မည်ရှိ ထင်ရှား။

ဒွိဟိတ်ဧော, တိဟိတ်ဧော ၅၂–ခု၌ရှိသော ဆန္ဒစေတသိက်သည် "ဆန္ဒာဓိပတိ" မည်၏၊ ဝီရိယစေတသိက်သည် "ဝီရိယာဓိပတိ"မည်၏၊ ဒွိဟိတ်ဧော, တိဟိတ်ဧော ၅၂–ခုသည် "စိတ္တာ

http://www.dhammadownload.com

၂၁။ အာဟာရာ–အာဟာရတို့သည်၊ ကဗဠီကာရော အာဟာရော–ကဗဠီကာရာဟာရလည်းကောင်း၊ ဒုတိယော–ဒုတိယဖြစ်သော၊ ဖဿော–ဖဿာဟာရလည်းကောင်း၊ တတိယော–တတိယဖြစ်သော၊ မနောသဉ္စေတနာ–မနောသဉ္စေတနာဟာရလည်းကောင်း၊ စတုတ္ထံ–စတုတ္ထဖြစ်သော၊ ဝိညာဏံ–ဝိညာဏာဟာရလည်းကောင်း၊ ဣတိ–သို့၊ စတ္တာရော–၄–ပါးတို့တည်း။

ဓိပတိ"မည်၏၊ တိဟိတ်ဧော ၃၄–ခုဉ်ရှိသော ပညာစေတသိက်သည် "ဝိမံသာဓိပတိ"မည်၏။ (စူးစမ်းဆင်ခြင် သိမြင်တတ်သော ပညာကို "ဝိမံသာ"ဟုခေါ်သည်။)

အဓိပတိနှင့် ဣန္ဒြေ အဓိပတိဖြစ်သော တရားများသည် တကွဖြစ်ဖက် စိတ်,စေတသိက်များတွင် တစ်ပါးတည်းသာ အဓိပတိတပ်၏၊ အခြားစိတ်,စေတသိက်များ၏ အလိုသို့မလိုက်ရ၊ အခြားစိတ်,စေတသိက်များကသာ အဓိပတိတပ်သော တရား၏အလိုသို့ လိုက်၍ ဆိုင်ရာကိစ္စကို ဆောင်ရွက်ကြရသည်။

ဣန္ဒြေကား တကွဖြစ်ဖက် တရားစုဌ် ဣန္ဒြေထိုက်သောတရား "၂–ခု, ၃–ခု" စသည် ပါလျှင် မိမိကိစ္စမှတစ်ပါး အခြားကိစ္စများ၌ အခြားအခြားသောဣန္ဒြေတို့၏ အလိုသို့ လိုက်ပါရ၍ မိမိဆိုင်ရာကိစ္စ၌သာ အစိုးရသည်၊ ဤသို့ အဓိပတိနှင့် ဣန္ဒြေတို့ အစိုးရပုံချင်း ထူးခြားကွဲပြားသည်။

ဆောင်။ ။ ဓိပတိ၊ ပြိုင်မရှိ အုပ်စိုးပါ၊
ဣန္ဒြေ–သူ့ကိစ္စကို၊ သူ့လိုကျသာ၊
လိုက်ပြီးက–ကိုယ့်ဆိုင်ရာဝယ်၊ ကိုယ်ကသာ လွှမ်းမိုး၊
ဓိနှင့်ဣန်–သို့ကွဲပြားတယ်၊ ထူးခြား လေရိုး။

အာဟာရ ၄–ပါး

၂၁။ "ကဗဠီကာရာဟာရ, ဖဿာဟာရ, မနောသဉ္စေတနာဟာရ, ဝိညာဏာဟာရ"ဟု အာဟာရ ၄–ပါးရှိသည်။

မိမိဆိုင်ရာအကျိုးကို ဆောင်ရွက်နိုင်, ဖြစ်စေနိုင်ကြသည့် အဖျံတွှာခန္ဓာအစဉ်မှာ အလွန်ကျေးဇူးများသော တရားကို "အာဟာရ"ဟုခေါ်သည်။

ဩဇာရုပ်သည် "ကဗဠီကာရာဟာရ"မည်၏၊ စိတ်တစ်ခုယုတ်ကိုးဆယ်၌ရှိသော ဖဿစေတသိက်သည် "ဖဿာဟာရ"မည်၏၊ စေတနာစေတသိက်သည် "မနောသဉ္စေတနာဟာရ" မည်၏၊ စိတ်တစ်ခုယုတ်ကိုးဆယ်သည် "ဝိညာဏာဟာရ"မည်၏။

ထိုတွင် ကဗဠီကာရာဟာရသည် ဩဇာနှင့်တကွဖြစ်သော ရုပ် ၈–ပါးတို့ကို (အာဟာရဇ အဋ္ဌကလာပ်ရုပ်ကို) ဆောင်ရွက်သည်၊ ဖြစ်စေသည်။

ဖဿာဟာရသည် ဝေဒနာတည်းဟူသော အကျိုးကို ဆောင်ရွက်သည်၊ ဖြစ်စေသည်။ (ဖဿပစ္စယာ ဝေဒနာ။)

http://www.dhammadownload.com

၂၂။ ပန–အမှာအထား စကားတစ်ရပ် ကြားညှပ်ပြဦးအံ့၊ ဇတ္ထ–ဤမိဿကသင်္ဃာ၌၊ ဣန္ဒြိယေသု–ဣန္ဒြေတို့တွင်၊ သောတာပတ္တိမဂ္ဂဉာဏ်–သောတာပတ္တိမဂ်ဉာဏ်ကို၊ အနညာတညဿာမီတိန္ဒြိယံတိ–အနညာတညဿာမီတိန္ဒြေဟူ၍၊ ပဝုစ္စတိ–ဆိုအပ်၏။

၂၃။ အရဟတ္တဖလဉာဏ်–အရဟတ္တဖိုလ်ဉာဏ်ကို၊ အညာတာဝိန္ဒြိယံတိ–အညာတာဝိန္ဒြေဟူ၍၊ ပဝုစ္စတိ–ဆိုအပ်၏။

၂၄။ မဇ္ဈေ–အလယ်၌၊ ဆဉာဏာနိ–အထက်မဂ်, အောက်ဖိုလ် ၆–ပါးသောဉာဏ်တို့ကို၊ အညိန္ဒြိယာနီတိ–အညိန္ဒြေတို့ဟူ၍၊ ပဝုစ္စန္တိ–ဆိုအပ်ကုန်၏။

၂၅။ ဇီဝိတိန္ဒြိယဉ္စ–ဇီဝိတိန္ဒြေသည်လည်း၊ ရူပါရူပဝသေန–ရုပ်ဇီဝိတ, နာမ်ဇီဝိတတို့၏ အပြားအားဖြင့်၊ ဒုဝိဓံ–၂–ပါး အပြားရှိသည်၊ ဟောတိ–ဖြစ်၏။

စေတနာဟာရသည် ပဋိသန္ဓေဝိညာဉ်ဟူသော အကျိုးကို ဆောင်ရွက်သည်၊ ဖြစ်စေသည်။ (သခ်ါရပစ္စယာ ဝိညာဏံ။)

ဝိညာဏာဟာရသည် တကွဖြစ်ဖက် စေတသိက်ဟူသောနာမ်နှင့် ရုပ်တရားကို ဆောင်ရွက်သည်၊ ဖြစ်စေသည်။ (ဝိညာဏပစ္စယာ နာမရူပံ။)

ဆောင်။ ။ သြဇဋ္ဌ၊ ရူပနှင့် ဝေဒနာ၊
ပဋိသန်–ဝိညာဏငယ်၊ နာမ ရူပါ၊
ထိုက်သည်အား လျော်စွာ၊ ကျိုးဖလာ ဆောင်ကြ၊
ကိုယ်ခန္ဓာ–လွန်တရာ ကျေးဇူးများတယ်၊ မှတ်သား ဟာရ။

တရားကိုယ်အရကောက်ရန် အမှာ

၂၂။ "ဣန္ဒြိယေသု ပနေတ္ထ" အစရှိသော စကားရပ်ဖြင့် မိဿကသင်္ဃာအတွက် တရားကိုယ်ကောက်ရန် အထူးမှတ်ချက်ကို ဆက်လက်ပြတော်မူသည်။

မိဿကသင်္ဃာ၌ ဣန္ဒြေတို့တွင် သောတာပတ္တိမဂ်ဉာဏ်ကို "အနညာတညဿာမီတိန္ဒြေ" ဟုဆိုသည်။ (အနညာတံ–မသိအပ်ဘူးသော သစ္စာ ၄–ပါးကို+ဥဿာမီတိ–သိအံ့ဟု ဖြစ်သော ဣန္ဒြေတည်း။)

၂၃။ အရဟတ္တဖိုလ်ဉာဏ်ကို "အညာတာဝိန္ဒြေ" ဟုဆိုသည်။ (အညာတာဝိနော–သိပြီးသော ရဟန္တာဘုဂ္ဂိုလ်၏+ဣန္ဒြိယံ–ဣန္ဒြေတည်း။)

၂၄။ အထက်မဂ်, အောက်ဖိုလ် ၆–ပါးသော အလယ်ဉာဏ်တို့ကို "အညိန္ဒြေ" ဟုဆိုသည်။ (အညာ–သောတာပတ္တိမဂ်သိအပ်သော အပိုင်းအခြားကို မလွန်မူ၍သစ္စာ ၄–ပါးကို သိတတ်, သိပြီးဖြစ်သော အရိယာပုဂ္ဂိုလ်၏+ဣန္ဒြိယံ–ဣန္ဒြေတည်း။)

၂၅။ ဇီဝိတိန္ဒြေကား "ရုပ်ဇီဝိတ, နာမ်ဇီဝိတ"ဟု ၂–ပါး ပြားသည်။

http://www.dhammadownload.com

၂၆။ ပဉ္စဝိညာဏေသု–ဒွေးပဉ္စဝိညာဉ်တို့၌၊ ဈာနင်္ဂါနိ–ဈာနင်တို့ကိုလည်းကောင်း၊ အဝိရိယေသု–ဝိရိယမရှိသော စိတ် ၁၆–ပါးတို့၌၊ ဗလာနိ–ဗိုလ်တို့ကိုလည်းကောင်း၊ အဟေတုကေသု–အဟိတ်စိတ်တို့၌၊ မဂ္ဂင်္ဂါနိ–မဂ္ဂင်တို့ကိုလည်းကောင်း၊ န လဗ္ဘန္တိ–မရအပ်ကုန်။

၂၇။ တထာ–ထိုမှတစ်ပါး၊ ဝိစိကိစ္ဆာစိတ္တေ–ဝိစိကိစ္ဆာစိတ်၌၊ ဧကဂ္ဂတာ–ဧကဂ္ဂတာသည်၊ မဂ္ဂင်္ဂြိယဗလဘာဝံ–မဂ္ဂင်, ဣန္ဒြေ, ဗိုလ်အဖြစ်သို့၊ န ဂစ္ဆတိ–မရောက်။

၂၆။ ဒွေးပဉ္စဝိညာဉ်တို့၌ ဈာနင်တို့ကို မရထိုက်၊ ဝိရိယမရှိသောစိတ် ၁၆–ပါးတို့၌ ဗိုလ်တို့ကို မရထိုက်၊ အဟိတ်စိတ်တို့၌ မဂ္ဂင်တို့ကို မရထိုက်။

ထိုတွင် အာရုံသို့ တင်ပေးမည့် ဝိတက်နှင့် မယှဉ်သောကြောင့် ပဉ္စဝိညာဉ်တို့၌ ရှိသော ဧကဂ္ဂတာ,ဝေဒနာတို့သည် "ဈာနင်"အမည် မရထိုက်၊ ဝိတက်စသည်တို့ကား ပင်ကိုယ်ကပင် ပဉ္စဝိညာဉ်၌ မယှဉ်ကြပါ။

ဆောင်။　။ ဝိတက်ပင်၊ မယှဉ်သည့် အတွက်၊
ပဉ်ဝိညာဉ်–ဈာနင်္ဂယ်၊ မရ ဆက်ဆက်။

ဝိရိယကွာကင်း တရားဖျင်းတို့ကို "ဗိုလ်"ဟု မဆိုထိုက်သောကြောင့် ဝိရိယမယှဉ်သော စိတ် ၁၆–ပါး၌ ဧကဂ္ဂတာသည် "သမာဓိဗိုလ်"ဟူသောအမည်ကို မရထိုက်၊ သဒ္ဒါ–စသည်တို့ကား ပင်ကိုယ်ကပင် အဝိရိယစိတ်၌ မယှဉ်ကြပါ။

ဆောင်။　။ ဝိရိပင်၊ မယှဉ်သည့် အတွက်၊
ဗိုလ်မမည်–ဆယ့်ခြောက်ပါးဝယ်၊ ယှဉ်ငြား ဧကဂ်။

ရေသောက်မြစ်သဖွယ် ခိုင်မြဲသော ဟိတ်ပါမှသာ "သုဂတိလမ်းကြောင်း, ဒုဂ္ဂတိလမ်းကြောင်း"ဟု ဆိုထိုက်သည်၊ ဟိတ်မပါက မဆိုထိုက်၊ အဟိတ်စိတ်–ဟူသည်မှာလည်း သမ္မယုတ်ဟိတ် မရှိသောတရားမျိုး ဖြစ်ပေသည်၊ ထို့ကြောင့် အဟိတ်စိတ်၌ရှိသော ဝိတက်, ဝိရိယ, ဧကဂ္ဂတာ–တို့သည် "မဂ္ဂင်"အမည် မရထိုက်ကြပါ၊ ပညာစသည်တို့ကား ပင်ကိုယ်ကပင် မယှဉ်ကြပါ။

ဆောင်။　။ ဟိတ်နှင့်လျှင်၊ မယှဉ်သည့် အတွက်၊
အဟိတ်တွင်–မဂ္ဂင်္ဂယ်၊ မရဆက်ဆက်။

၂၇။ ဝိစိကိစ္ဆာစိတ်၌ ဧကဂ္ဂတာသည် မဂ္ဂင်လည်းမထိုက်၊ ဣန္ဒြေလည်းမထိုက်၊ ဗိုလ်လည်းမထိုက်ပါ။

ဤ၌ မှတ်ဖွယ်အထူးကား– ဝိစိကိစ္ဆာစိတ်နှင့်ယှဉ်သော ဧကဂ္ဂတာသာ ဣန္ဒြေမမည်သည်မဟုတ်၊ အဝိရိယစိတ် ၁၆–ပါး၌ ယှဉ်သော ဧကဂ္ဂတာလည်း ဣန္ဒြေမမည်ပါ၊ ထို့ကြောင့်ပင် ဝိရိယမယှဉ်သော စိတ် ၁၆–ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်မှတစ်ပါး ကြွင်းသောစိတ် ၇၂–ပါး၌ ရှိသော ဧကဂ္ဂတာစေတသိက်သည် "သမာဓိန္ဒြေမည်၏"ဟု ဆိုခဲ့ရပေသည်။

http://www.dhammadownload.com

မိဿကသင်္ဂဟ သရုပ်ခွဲ လေ့လာရန်

မိဿကသင်္ဂဟ၌ပါဝင်သောတရား ၃၆-ပါး		ဖောဋ္ဌဗ္ဗ	ဖုသန	ဝိရတိ	ကရုဏာ	မုဒိတာ	ဟိရီ	ဩတ္တပ္ပ	ပဉ္ဉာ
လောဘ, ဒေါသ, မောဟ	၃	။							၁
အလောဘ, အဒေါသ	၂	။							၁
အမောဟ [ပညာ]	၁	။		။	။	။	။		၅
ဝိတက်	၁		။	။					၂
ဝိစာရ, ပီတိ	၂		။						၁
ဧကဂ္ဂတာ	၁		။	။	။	။			၄
ဝေဒနာ	၁		။		။				၂
သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ	၃			။					၁
ဝီရိယ	၁			။	။	။	။		၄
သတိ	၁			။	။	။			၃
ဒိဋ္ဌိ	၁			။					၁
ရုပ်ကလာပ်ဖြစ် ၇+ဇီဝိတ ၂ =	၉				။				၁
စိတ်	၁				။		။	။	၃
သဒ္ဓါ	၁				။	။			၂
ဟိရီ,ဩတ္တပ္ပ,အဟိရိက,အနောတ္တပ္ပ	၄					။			၁
ဆန္ဒ	၁						။		၁
ဩဇာ, ဖဿ, စေတနာ	၃							။	၁
တရားကိုယ်ပေါင်း	**၃၆**	၆	၅	၉	၁၆	၉	၄	၄	

ဇယားခွဲ အပေါ်နှင့်အောက်ကို ကြည့်ပါက တရားကိုယ်များကို တွေ့ရပါလိမ့်မည်၊ လက်ဝဲ, လက်ျာကြည့်ပါက ထိုတရားတို့၏ ရသင့်သောဌာနကို တွေ့ရပါလိမ့်မည်၊ ဆိုခဲ့ပြီးသည့်အတိုင်း သရုပ်ခွဲပါ။

ထို့ပြင် ဟေတုတစ်ဌာနခွဲသာ ပါဝင်၍ "ဈာနင်" စသော ၆-ဌာနတို့ခွဲ မပါဝင်သော တရားများကား "လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ" ၅-ပါးတို့တည်း။

"ဟေတု, မဂ္ဂင်, ဣန္ဒြိယ, ဗလ, အဓိပတိ" ၅-ဌာနခွဲသာ ပါဝင်၍ "ဈာနင်, အာဟာရ" ၂-ဌာနတို့ခွဲ မပါဝင်သော တရားများကား ပညာတည်း။

http://www.dhammadownload.com

၂၈။ ဒွိဟေတုက တိဟေတုကဇဝနေသွေဝ–ဒွိဟိတ်ဧော တိဟိတ်ဧောတို့၌သာလျှင်၊ ယထာသမ္ဘဝံ–ဖြစ်သင့်သည်အားလျော်စွာ၊ အဓိပတိ–အဓိပတိကို၊ ဧကောဝ–တစ်ပါး တည်းကိုသာလျှင်၊ လဇ္ဇတိ–ရအပ်၏။

၂၉။ ဝတ္ထုတော–ပရမတ်အလို တရားကိုယ်အားဖြင့်၊ ဟေတူ–ဟိတ်တို့ကို၊ ဆ–ဖ–ပါးတို့ဟူ၍၊ ဤရိတာ–ဆိုအပ်ကုန်၏၊ စျာနင်္ဂါ–စျာနင်တို့ကို၊ ပဉ္စ– ၅–ပါးတို့ဟူ၍၊ ဤရိတာ–ကုန်၏၊ မဂ္ဂင်္ဂါ–မဂ္ဂင်တို့ကို၊ နဝ– ၉–ပါးတို့ဟူ၍၊ ဤရိတာ–ကုန်၏၊ ဣန္ဒြိယ ဓမ္မာစ–ဣန္ဒြေတရားတို့ကိုကား၊ သောဠသ–၁၆–ပါးတို့ဟူ၍၊ ဤရိတာ–ကုန်၏၊ ဗလဓမ္မာ–ဗိုလ်တရားတို့ကို၊ နဝ– ၉–ပါးတို့ဟူ၍၊ ဤရိတာ–ကုန်၏။

အဓိပတီ–အဓိပတိတို့ကို၊ စတ္တာရော– ၄–ပါးတို့ဟူ၍၊ ဝုတ္တာ–ဆိုအပ်ကုန်၏၊ အာဟာရာ–အာဟာရတို့ကို၊ တထာ–ထို့အတူ ၄–ပါးတို့ဟူ၍၊ ဝုတ္တာ–ကုန်၏၊ ဣတိ–ဤသို့၊ ကုသလာဒိသမာကိဏ္ဏော–ကုသိုလ်အစရှိသည်တို့ဖြင့် ရောပြွမ်းသော၊ မိဿက သင်္ဂဟော–မိဿကသင်္ဂဟကို၊ သတ္တမော– ၇–ပါး အပြားအားဖြင့်၊ ဝုတ္တော–ဆိုအပ်ပြီ။

စျာနင်္ဂ်,မဂ္ဂင်္ဂနှစ်ဌာနဌသာပါဝင်၍ ဟေတု, ဣန္ဒြေ, ဗိုလ်, အဓိပတိ, အာဟာရတို့၌ မပါဝင်သော တရားကား ဝိတက်တည်း။

စျာနင်တစ်ဌာနဌသာပါဝင်၍ ကြွင်းခြောက်ဌာနတို့၌ မပါဝင်သောတရားများကား ဝိစာရနှင့် ပီတိတို့တည်း၊ ဤသို့စသည်ဖြင့်လည်း သရုပ်ခွဲထားပါ။

၂၈။ ဒွိဟိတ်ဧော, တိဟိတ်ဧောတို့၌သာ ဖြစ်သင့်သည်အားလျော်စွာ အဓိပတိကို တစ်ပါး စာည်းသာ ရသင့်သည်။

ယထာသမ္ဘဝံ အဓိပတိတို့သည် အဓိပတိအဖြစ်ဖြင့် ၄–ပါး ပြိုင်တူဖြစ်ရိုး မရှိကြ၊ ဆန္ဒ ဦးဆောင်၍ ဆန္ဒထက်သန်ရာအခါ၌ ဆန္ဒသည် အဓိပတိ အမည်ရ၏၊ ဝီရိယ, စိတ္တ, ဝီမံသ–တို့ ဦးဆောင်၍ ဝီရိယ, စိတ္တ, ဝီမံသ–တို့ ထက်သန်ရာအခါ၌ အသီးအသီး တစ်ပါး စီသာ အဓိပတိ အမည်ရ၏၊ "အဓိပတိ ၄–ပါးတို့တွင် တစ်ပါးပါး ဦးဆောင်၍ အဓိပတိအမည် ရခိုက် ကျန် ၃–ပါးက နောက်လိုက်ဖြစ်ရသည်"ဟု ဆိုလိုသည်၊ ဤကား ယထာသမ္ဘဝံ–အဓိပ္ပာယ်တည်း။

သင်္ဂဟဂါထာများ

၂၉။ "ဆ ဟေတူ"စသော ဂါထာများသည် ဆိုခဲ့ပြီးသည်ကို အကျဉ်းချုံး၍ စုရုံးပြဆိုသော သင်္ဂဟဂါထာများ ဖြစ်ကြသည်။

တရားကိုယ်အားဖြင့် ဟိတ် ၆–ပါး၊ စျာနင် ၅–ပါး၊ မဂ္ဂင် ၉–ပါး၊ ဣန္ဒြေ ၁၆–ပါး၊ ဗိုလ် ၉–ပါး၊ အဓိပတိ ၄–ပါး၊ အာဟာရ ၄–ပါး ဖြစ်သည်၊ ဤသို့ ကုသိုလ်အစရှိသည်တို့ဖြင့် ရောပြွမ်းသော မိဿကသင်္ဂဟကို ၇–ပါးသော အပြားအားဖြင့် ဆိုထားသည်၊ သန်္ဂါတို့၏ အရကောက်မှာ လွယ်ပါပြီ။

http://www.dhammadownload.com

ဗောဓိပက္ခိယသင်္ဂဟ

၃၀။ ဗောဓိပက္ခိယသင်္ဂဟေ–ဗောဓိပက္ခိယသင်္ဂဟ၌၊ သတိပဋ္ဌာနာ–သတိပဋ္ဌာန်တို့သည်၊ ကာယာနုပဿနာသတိပဋ္ဌာနံ–ကာယာနုပဿနာသတိပဋ္ဌာန်လည်းကောင်း၊ ။ပ။ လည်းကောင်း၊ ဣတိ–သို့၊ စတ္တာရော– ၄–ပါးတို့တည်း။

၃၁။ သမ္မပ္ပဓာနာ–သမ္မပ္ပဓာန်တို့သည်၊ ဥပ္ပန္နာနံ–ဥပ္ပန္နဟုဆိုအပ်ကုန်သော၊ ပါပကာနံ–အကုသိုလ်တရားတို့ကို၊ ပဟာနာယ–ပယ်ခြင်းငှာ၊ ဝါယာမော–အားထုတ်ခြင်း

သတိပဋ္ဌာန် ၄–ပါး

၃၀။ ဗောဓိပက္ခိယသင်္ဂဟ၌ "ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်"ဟု သတိပဋ္ဌာန် ၄–ပါး ရှိသည်။

မဂ်ဉာဏ်၏ အပင်းအသင်း၌ ဖြစ်သောတရားကို "ဗောဓိပက္ခိယတရား"ဟု ခေါ်သည်၊ ထို့ကြောင့် ဗောဓိပက္ခိယတရားတို့၏ တရားကိုယ်ကို ကောက်ရာ၌ မဂ်,ဖိုလ်နှင့်ယှဉ်သော တရားများနှင့် မဂ်,ဖိုလ်၏ရှေ့သွား (သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ–စသည်ဖြင့်) ကျေးဇူးများသော လောကီကုသိုလ် ကြိယာနှင့်ယှဉ်ခိုက်တရားတို့ကိုသာ ထိုက်ဆလိုကောက်ရသည်။

မိမိဆိုင်ရာအာရုံ၌ လွန်လွန်ကဲကဲ စွဲမြဲစွာတည်သောသတိထူးကို "သတိပဋ္ဌာန်"ဟုခေါ်သည်။

ဆောင်။ ။ အာရုံမှာ၊ လွန်ကဲစွာ တည်ဘိ၊
သတိပဋ္ဌာန်–အမည်ရတယ်၊ ထူးလှ သတိ။

တရားကိုယ်မှာ မဟာကုသိုလ်, မဟာကြိယာ, အပွနာဧော ဆဗ္ဗီသင်္ခ်ရှိသော သတိစေတသိက်ချည်းသာ ဖြစ်သည်။

၄–မျိုး ခွဲဟောရခြင်း ထိုသို့ တရားကိုယ်အားဖြင့် သတိစေတသိက်တစ်ပါးတည်းသာ ဖြစ်ပါသော်လည်း "ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ"ဟု အာရုံ ၄–မျိုးပြားခြင်း, "အသုဘ, ဒုက္ခ, အနိစ္စ, အနတ္တ"ဟု ရှုပုံအခြင်းအရာ ၄–မျိုး ပြားခြင်း, "သုဘ, သုခ, နိစ္စ, အတ္တ"ဟု ထင်မှားမှုကို ပယ်ခွာခြင်းကိစ္စက ၄–မျိုးပြားခြင်းကြောင့် ၄–မျိုးခွဲ၍ ဟောတော်မူသည်။

ဆောင်။ ။ သတိ တစ်၊ ဖြစ်စေကာ၊
အာရုံမှာ–လေးပါးပြားတယ်၊ လေးပါး ခြင်းရာ၊
ပယ်ခွာခြင်း–မူကိစ္စာ၊ လေးမျိုးသာ ပြားလတ်၊
သို့ကြောင့်ပင်–မြတ်ဘုရားငယ်၊ လေးပါး ဟောမှတ်။

သမ္မပ္ပဓာန် ၄–ပါး

၃၁။ ဥပ္ပန္နဖြစ်သော အကုသိုလ်တို့ကို ပယ်ဖို့ရန် အားထုတ်ခြင်း၊
အနုပ္ပန္နဖြစ်သော အကုသိုလ်တို့၏ မဖြစ်ဖို့ရန် အားထုတ်ခြင်း၊
အနုပ္ပန္နဖြစ်သော ကုသိုလ်တရားတို့၏ ဖြစ်ခြင်းငှာ အားထုတ်ခြင်း၊
ဥပ္ပန္နဖြစ်သော ကုသိုလ်တရားတို့၏ တိုးပွားဖို့ရန် အားထုတ်ခြင်း၊
ဤသို့ သမ္မပ္ပဓာန် ၄–ပါး ရှိသည်။

http://www.dhammadownload.com

လည်းကောင်း၊ အနုပ္ပန္နာနံ–အနုပ္ပန္နဟု ဆိုအပ်ကုန်သော၊ ပါပကာနံ–အကုသိုလ်တရား တို့၏၊ အနုပ္ပာဒါယ–မဖြစ်ခြင်းငှာ၊ ဝါယာမော–လည်းကောင်း၊ အနုပ္ပန္နာနံ–အနုပ္ပန္နဟု ဆိုအပ်ကုန်သော၊ ကုသလာနံ–ကုသိုလ်တရားတို့၏၊ ဥပ္ပာဒါယ–ဖြစ်ခြင်းငှာ၊ ဝါယာမော–လည်းကောင်း၊ ဥပ္ပန္နာနံ–ဥပ္ပန္နဟု ဆိုအပ်ကုန်သော၊ ကုသလာနံ–တို့၏၊ ဘိယ္ယောဘာဝါယ–တိုးပွားသည်၏အဖြစ်ဟူသော အကျိုးငှာ၊ ဝါယာမော–အားထုတ်ခြင်းလည်းကောင်း၊ ဣတိ–သို့၊ စတ္တာရော–တို့တည်း။

ကောင်းစွာ အားထုတ်မှုကို "သမ္မပ္ပဓာန်"ဟု ခေါ်သည်၊ ဤသမ္မပ္ပဓာန်ကိစ္စ ၄–ပါးသည် ရဟန္တာများနှင့် မသက်ဆိုင်တော့ပါ၊ ရဟန္တာများမှာ ထိုသို့ အားထုတ်ဖွယ်ရာလည်း မလိုတော့ပါ၊ ထို့ကြောင့် ရဟန္တာတို့သန္တာန်မှာဖြစ်သော ကြိယာစိတ်၌ရှိသော ဝီရိယကို သမ္မပ္ပဓာန်အရ မကောက်ယူသင့်၊ ထို့ပြင် ဤသမ္မပ္ပဓာန်ကိစ္စသည် ဖိုလ်တရားများနှင့်လည်း မသက်ဆိုင်ပါ၊ ထို့ကြောင့် သမ္မပ္ပဓာန်အရ ကုသိုလ်စိတ် ဧကဝိသ၌ရှိသော ဝီရိယ စေတသိက်ကိုချည်းသာ ကောက်ရပါသည်။

ထိုသို့ တရားကိုယ်အားဖြင့် ဝီရိယစေတသိက် တစ်ပါးတည်းသာ ဖြစ်ပါသော်လည်း "အကုသိုလ်ကိုပယ်ခြင်း"အစရှိသော ကိစ္စက ၄–ပါးရှိသောကြောင့် သမ္မပ္ပဓာန် ၄–ပါး ဟောထားရပါသည်။

ဆောင်။　။ကုသိုလ်၌၊ ယှဉ်နေခိုက် ဝီရိယာ၊
သမ္မပ္ပဓာန်–လေးပါးရကို၊ တိကျကောက်ပါ၊
ဝီရိယ–တစ်ပါးမျှ ဖြစ်စေကာ၊ လေးကိစ္စာ ပြားလတ်၊
ထို့ကြောင့်သာ–လေးမျိုးထားလို့ရယ်၊ ခွဲခြား ဟောမှတ်။

ဥပ္ပန္နပါပက ရွေးကဖြစ်စေ, ယခုဘဝမှာဖြစ်စေ တကယ်ဖြစ်ပြီးသော အကုသိုလ်ကို "ဥပ္ပန္နပါပက"ဟုခေါ်သည်၊ ဖြစ်ပြီးအကုသိုလ်နှင့် (ပါဏာတိပါတချင်း စသည်ဖြင့်) တူသော မဖြစ်သေးသော အကုသိုလ်ကိုလည်း "ဥပ္ပန္နပါပက"ဟုပင်ခေါ်ရသည်။

အနုပ္ပန္နပါပက သံသရာတစ်ခွင် ကျင်လည်ရသောသတ္တဝါများ၌"မဖြစ်ဘူးသော အကုသိုလ်" ဟူ၍ မရှိတော့ပါ၊ ထို့ကြောင့် ဤဘဝ၌ လုံးဝမဖြစ်ဘူးသေးသော အကုသိုလ်ကို "အနုပ္ပန္နပါပက"ဟုခေါ်သည်၊ အာရုံအသစ်အဆန်းတစ်ခုကိုစွဲ၍ မဖြစ်သေးသော အကုသိုလ်မျိုး ကိုလည်း "အနုပ္ပန္နပါပက"ဟုပင်ခေါ်ရသည်။

ဆောင်။　။ဖြစ်ပြီးကြ၊ ယင်းတူမျှ အကုသိုလ်၊
ဥပ္ပန္နာ–ပါပကငယ်၊ မည်ရ ခေါ်ဆို၊
ဤဘဝ–မဖြစ်ကြ အကုသိုလ်၊ အာရုံကို စွဲလျက်၊
မဖြစ်ပြန်–နုပ္ပန္နငယ်၊ ကျန် ဟောမြွက်။

အနုပ္ပန္နကုသလ ဤဘဝ၌ မဖြစ်ဘူးသေးသော "သမထ ဝိပဿနာ"စသော လောကီကုသိုလ်မျိုးသည် "အနုပ္ပန္နကုသလ"မည်သည်၊ သံသရာ၌ တစ်ရံတစ်ဆစ်မျှမဖြစ်ခဲ့ဘူးသော မဂ်–ကုသိုလ်မျိုးသည်လည်း "အနုပ္ပန္နကုသလ"ပင်မည်သည်။

http://www.dhammadownload.com

၃၂။ ဣန္ဒိပါဒါ–ဣန္ဒိပါဒ်တို့သည်၊ ဆန္ဒိဒ္ဓိပါဒေါ–ဆန္ဒိဒ္ဓိပါဒ်လည်းကောင်း။ ပ ။ ဝိမံသိဒ္ဓိပါဒေါ–ဝိမံသိဒ္ဓိပါဒ်လည်းကောင်း၊ ဣတိ–သို့၊ စတ္တာရော–တို့တည်း။

၃၃။ ဣန္ဒြိယာနိ–ဣန္ဒြေတို့သည်၊ သဒ္ဓိန္ဒြိယံ–သဒ္ဓိန္ဒြေလည်းကောင်း ။ ပ ။ ပညိန္ဒြိယံ–ပညိန္ဒြေလည်းကောင်း၊ ဣတိ–သို့၊ ပဋ္ဌ– ၅–ပါးတို့တည်း။

၃၄။ ဗလာနိ–ဗိုလ်တို့သည်၊ သဒ္ဓါဗလံ–သဒ္ဓါဗိုလ်လည်းကောင်း ။ ပ ။ ပညာဗလံ–ပညာဗိုလ်လည်းကောင်း၊ ဣတိ–သို့၊ ပဋ္ဌ–တို့တည်း။

၃၅။ ဗောဇ္ဈင်္ဂါ–ဗောဇ္ဈင်တို့သည်၊ သတိသမ္ဗောဇ္ဈင်္ဂေါ–သတိသမ္ဗောဇ္ဈင်လည်းကောင်း၊ ။ ပ ။ လည်းကောင်း၊ ဣတိ–သို့၊ သတ္တ– ၇–ပါးတို့တည်း။

ဥပ္ပန္နကုသလ ဤဘဝ၌ဖြစ်စေ၊ ရှေးရှေးဘဝ၌ဖြစ်စေ ဖြစ်ပြီးသော "ဒါန, သီလ"စသော လောကီကုသိုလ်များသည် "ဥပ္ပန္နကုသလ"မည်သည်။

ဆောင်။ ။ ဤဘဝ၊ မဖြစ်ကြ ကီကုသိုလ်၊
သံသရာ–ဖြစ်လာကင်းတယ်၊ လေးသင်း မင်္ဂကို၊
ကုသလ–နုပ္ပန္န ခေါ်ဆို၊ ဤ ထိုထို ဘဝ၊
ဖြစ်လေပြီ–လောကီကုယ်၊ မှတ်ပြု ပန္နံ။

ဣန္ဒြိပါဒ် ၄–ပါး:

၃၂။ "ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝိမံသိဒ္ဓိပါဒ်"ဟု ဣဒ္ဓိပါဒ် ၄–ပါး ရှိသည်။

ပြီးစီးထမြောက်သော ဈာန်, မင်္ဂ, ဖိုလ်တည်းဟူသော အကျိုးတို့၏ အခြေခံအကြောင်းတရားကို "ဣဒ္ဓိပါဒ်"ဟုခေါ်သည်၊ ထို့ကြောင့် ကုသိုလ်စိတ်၌ယှဉ်ခိုက် ဆန္ဒ, ဝီရိယ, ပညာနှင့် ကုသိုလ်စိတ်များကိုသာ ယထာရဟတရားကိုယ်ကောက်ရမည်။

ဆောင်။ ။ ပြီးစီးကြ၊ ထမြောက်ရ ဈာန် မင်္ဂ ဖိုလ်၊
အခြေခံ–အကြောင်းရပ်ကို၊ ဣဒ္ဓိပါဒ်ဆို၊
သို့ကြောင်းဟိတ်–စိတ်ကုသိုလ်၊ သင့်သလို ယှဉ်တတ်၊
ဆန္ဒ ဝီ–စသည်များငယ်၊ မှတ်သား ကောက်အပ်။

ဣန္ဒြေ ၅–ပါး:

၃၃။ "သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ"ဟု ဣန္ဒြေ ၅–ပါး ရှိသည်။

ဗိုလ် ၅–ပါး:

၃၄။ "သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်"ဟု ဗိုလ် ၅–ပါး ရှိသည်။

ဤဣန္ဒြေနှင့် ဗိုလ်တို့၌ မဟာကုသိုလ်, မဟာကြိယာ, အပွနာဇောတို့၌ရှိသော "သဒ္ဓါ" စသည်ကို တရားကိုယ် ကောက်ပါ။

ဗောဇ္ဈင် ၇–ပါး:

၃၅။ "သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်"ဟု ဗောဇ္ဈင် ၇–ပါးရှိသည်။

http://www.dhammadownload.com

၃၆။ မဂ္ဂင်္ဂါနိ–မဂ္ဂင်တို့သည်၊ သမ္မာဒိဋ္ဌိ–သမ္မာဒိဋ္ဌိလည်းကောင်း ။ပ။ လည်းကောင်း၊ ဣတိ–သို့၊ အဋ္ဌ–၈–ပါးတို့တည်း။

သစ္စာ ၄–ပါးကို သိကြောင်း "ဗောဓိ"မည်သော တရားအပေါင်း၏ အစိတ်အစိတ်ကို "ဗောဇ္ဈင်" ခေါ်သည်၊ မဟာကုသိုလ်, မဟာကြိယာ, အပွနာဇော်၌ရှိသော သတိစသည်ကိုပင် ကောက်ပါ။

ဆောင်း။　။လေး သစ္စာ၊ သိကြောင်းမှာ ဗောဓိ၊
သီးသီးပင်–တစ်ခုစီ စိတ်အင်တို့ကို၊ "ဗောဇ္ဈင်"ဟု သိ။

မဟာကုသိုလ်, မဟာကြိယာ, အပွနာဇောတို့၌ရှိသော သတိစေတသိက်သည် "သတိသမ္ဗောဇ္ဈင်"မည်၏၊ ပညာစေတသိက်သည် "ဓမ္မဝိစယသမ္ဗောဇ္ဈင်"မည်၏၊ ဝီရိယစေတသိက်သည် "ဝီရိယသမ္ဗောဇ္ဈင်"မည်၏၊ ပီတိစေတသိက်သည် "ပီတိသမ္ဗောဇ္ဈင်"မည်၏၊ ကာယပ္ပဿဒ္ဓိ, စိတ္တပ္ပဿဒ္ဓိစေတသိက်သည် "ပဿဒ္ဓိသမ္ဗောဇ္ဈင်"မည်၏၊ ဧကဂ္ဂတာစေတသိက်သည် "သမာဓိသမ္ဗောဇ္ဈင်"မည်၏၊ တတြမဇ္ဈတ္တတာစေတသိက်သည် "ဥပေက္ခာသမ္ဗောဇ္ဈင်"မည်၏။

မဂ္ဂင် ၈–ပါး

၃၆။ "သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ"ဟု မဂ္ဂင် ၈–ပါးရှိသည်။

မဟာကုသိုလ်, မဟာကြိယာ, အပွနာဇော်၌ရှိသော ပညာစေတသိက်သည် "သမ္မာဒိဋ္ဌိ"မည်၏၊ –စသည်ဖြင့်အရကောက်ပါ။

ဗောဓိပက္ခိယသင်္ဂဟ လေ့လာရန်

ဗောဓိပက္ခိယတရားကိုယ် ၁၄–ပါး	ဝိတိဏ္ဏဒိဋ္ဌိ	ဝိတိဏ္ဏသံသယ	မိဒ္ဓ	ဥဒ္ဓစ္စ	အလောဘ	အဒေါသ	ပညာ	ပါးပေါင်း
ဆန္ဒ , စိတ္တ = ၂			။					၁
တတြမဇ္ဈတ္တတာ, ပီတိ, ပဿဒ္ဓိ = ၃						။		၁
ဝိတက်, ဝိစရတိ ၂–ပါး: = ၄							။	၁
သဒ္ဓါ ၁				။	။			၂
ဧကဂ္ဂတာ ၁				။	။	။	။	၄
ပညာ ၁			။	။	။	။	။	၅
*သတိ ၁	။			။	။	။	။	၆
*ဝီရိယ ၁		။	။	။	။	။	။	၇
တရားကိုယ်ပေါင်း ၁၄	၁	၁	၄	၅	၅	၇	၆	

http://www.dhammadownload.com

၃၇။ ပန–အမှာအထား စကားတစ်ရပ် ကြားညှပ်ပြဦးအံ့၊ ဇတ္ထ–ဤဟောဓိပက္ခိယ သင်္ဂဟ၌၊ သမ္မာသတိဇကောဝ–သမ္မာသတိတစ်ပါးတည်းကိုပင်၊ စတ္တာရော သတိပဋ္ဌာနာတိ–စတ္တာရော သတိပဋ္ဌာနာဟူ၍၊ ပဝုစ္စတိ–ဆိုအပ်၏။

၃၈။ တထာ–ထို့အတူ၊ သမ္မာဝါယာမော–သမ္မာဝါယာမ တစ်ပါးတည်းကိုပင်၊ စတ္တာရော သမ္မပ္ပဓာနာတိ စ–စတ္တာရော သမ္မပ္ပဓာနာဟူ၍လည်း၊ ပဝုစ္စတိ–ဆိုအပ်၏။

၃၉။ ဆန္ဒော–ဆန္ဒစေတသိက်လည်းကောင်း၊ စိတ္တံ–စိတ်လည်းကောင်း၊ ဥပေက္ခာစ–တတြမဇ္ဈတ္တုပေက္ခာလည်းကောင်း၊ သဒ္ဓါ–သဒ္ဓါလည်းကောင်း၊ ပဿဒ္ဓိပီတိယော–ပဿဒ္ဓိပီတိတို့လည်းကောင်း၊ သမ္မာဒိဋ္ဌိစ–ပညာလည်းကောင်း၊ သက်ပွေ–ဝိတက်လည်းကောင်း၊ ဝါယာမော–ဝီရိယလည်းကောင်း၊ ဝိရတိတ္တယံ–ဝိရတိ ၃–ပါးအပေါင်းလည်းကောင်း၊

သမ္မာသတိ–သတိလည်းကောင်း၊ သမာဓိ–ဧကဂ္ဂတာလည်းကောင်း၊ ဣတိ–သို့၊ သဘာဝတော–သဘောအားဖြင့်၊ ဧတေ–ဤဟောဓိပက္ခိယတရားတို့သည်၊ စုဒ္ဒသ–၁၄–ပါးတို့တည်း၊ ပဘေဒေန–အပြားအားဖြင့်၊ သတ္တတိံသ– ၃၇–ပါးတည်း၊ တတ္ထ–ထိုဟောဓိပက္ခိယတရားတို့၌၊ သင်္ဂဟော–သင်္ဂဟသည်၊ သတ္တဓာ– ၇–ပါးပြား၏။

သတိအတွက် သတိပဋ္ဌာန်ကို ၄–ဌာန၊ ဝီရိယအတွက် သမ္မပ္ပဓာန်ကို ၄–ဌာန ယူထားသည်၊ ဇယားသဘောကို နားလည်လောက်ပြီ။

တရားကိုယ်အတွက် မှာထားချက်

၃၇။ "ဇတ္ထ ပန" စသောစကားရပ်ဖြင့် ဟောဓိပက္ခိယသင်္ဂဟ၌ တရားကိုယ်အတွက် ညွှန်ကြားချက်ကို ဆက်လက်ပြဆိုသည်။

သတိပဋ္ဌာန်၏ တရားကိုယ်မှာ သမ္မာသတိခေါ်သော သတိစေတသိက် တစ်ပါးသာ ဖြစ်သည်။

၃၈။ သမ္မပ္ပဓာန်၏ တရားကိုယ်မှာလည်း သမ္မာဝါယာမခေါ်သော ဝီရိယ တစ်ပါးသာ ဖြစ်သည်။

တရားကိုယ်ပဘေဒသင်္ဂဟ

၃၉။ "ဆန္ဒော ။ပ။ တတ္ထသင်္ဂဟော"ဟူသော ၂–ဂါထာဖြင့် ဟောဓိပက္ခိယ တရားတို့၏ တရားကိုယ် နာမည်အပြား၊ သင်္ဂဟအပြားတို့ကို ပြသည်။

ဟောဓိပက္ခိယတရားတို့သည် "ဆန္ဒ, စိတ်, တတြမဇ္ဈတ္တတာစေတသိက်, သဒ္ဓါ, ပဿဒ္ဓိ, ပီတိ, ပညာ, ဝိတက်, ဝီရိယ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သတိ, ဧကဂ္ဂတာ"ဟု တရားကိုယ်အားဖြင့် ၁၄–ပါး ရှိသည်။ (ကာယပွဿဒ္ဓိ, စိတ္တပွဿဒ္ဓိ ၂–ပါးကို တစ်ပေါင်းတည်းပြု၍ "ပဿဒ္ဓိ"ဟု တစ်ခုတည်း ယူထားသည်။)

http://www.dhammadownload.com

၄၀။ သင်္ကပ္ပ ပဿဒ္ဓိ စ–ဝိတက် ပဿဒ္ဓိတို့သည်လည်းကောင်း၊ ပီတုပေက္ခာ–ပီတိ တတြမဇ္ဈတ္တတာတို့သည်လည်းကောင်း၊ ဆန္ဒောစ–ဆန္ဒသည်လည်းကောင်း၊ စိတ္တံ–စိတ်သည်လည်းကောင်း၊ ဝိရတိတ္တယဉ္စ–ဝိရတိ ၃–ပါး အပေါင်းသည်လည်းကောင်း၊ နဝ– ၉–ပါးသော တရားတို့သည်၊ ကေဋ္ဌာနာ–တစ်ဌာနစီသာ ရှိကြကုန်၏၊ ဝီရိယံ–ဝီရိယသည်၊ နဝဋ္ဌာနံ– ၉–ဌာန ရှိ၏၊ သတိ–သတိသည်၊ အဋ္ဌဌာနာ– ၈–ဌာန ရှိ၏၊ သမာဓိ–ဧကဂ္ဂတာသည်၊ စတုဋ္ဌာနော– ၄–ဌာန ရှိ၏၊ ပညာ–ပညာသည်၊ ပဉ္စဌာနာ–၅–ဌာန ရှိ၏၊ သဒ္ဓါ–သဒ္ဓါသည်၊ ဒုဋ္ဌာနာ– ၂–ဌာန ရှိ၏၊ ဣတိ–သို့၊ ဥတ္တမသတ္တတ္တိ˚သဓမ္မာနံ–မြတ်သော ၃၇–ပါးသော ဗောဓိပက္ခိယတရားတို့၏၊ ပဝရော–ကောင်းမြတ်သော၊ ဧသော ဝိဘာဂေါ–ဤခွဲစိတ်ဝေဖန်ခြင်းသည်၊ ဟောတိ–ဖြစ်၏။

၄၁။ သဗ္ဗေ–အလုံးစုံသော ဗောဓိပက္ခိယတရားတို့သည်၊ လောကုတ္တရေ–လောကုတ္တရာစိတ်၌၊ ဟောန္တိ–ဖြစ်ကုန်၏၊ သင်္ကပ္ပ ပီတိဿော–သင်္ကပ္ပ ပီတိတို့သည်ကား၊

သတိပဋ္ဌာန် ၄–ပါး, သမ္မပ္ပဓာန် ၄–ပါး, ဣဒ္ဓိပါဒ် ၄–ပါး, ဣန္ဒြေ ၅–ပါး, ဗိုလ် ၅–ပါး, ဗောဇ္ဈင် ၇–ပါး, မဂ္ဂင် ၈–ပါး၊ ဤသို့ နာမည်အပြားအားဖြင့် ၃၇–ပါးဖြစ်သည်။

"သတိပဋ္ဌာနသင်္ဂဟ, သမ္မပ္ပဓာနသင်္ဂဟ, ဣဒ္ဓိပါဒသင်္ဂဟ, ဣန္ဒြိယသင်္ဂဟ, ဗလသင်္ဂဟ, ဗောဇ္ဈင်္ဂသင်္ဂဟ, မဂ္ဂင်္ဂသင်္ဂဟ"ဟု သင်္ဂဟ ၇–ပါးပြားသည်။

ဖြစ်ရာ ဌာန

၄၀။ "သင်္ကပ္ပ ပဿဒ္ဓိစ ။ပ ။ ဝိဘာဂေါ"ဟူသော ဂါထာဖြင့် တရားကိုယ် ၁၄–ပါး တို့၏ ဖြစ်ရာဌာနကို ခွဲခြားဝေဖန်ပြသည်။

ဝိတက်, ပဿဒ္ဓိ, ပီတိ, တတြမဇ္ဈတ္တတာ, ဆန္ဒ, စိတ္တ, ဝိရတိ၃–ပါး၊ ပေါင်း ၉–ပါး တို့သည် တစ်ဌာနစီသာရှိကုန်၏၊ ထိုတွင် ဝိတက်သည် "သမ္မာသင်္ကပ္ပမဂ္ဂင်"ဟူသော တစ်ဌာန၌သာ ပါဝင်သည်– စသည်ဖြင့် ဧယားနှင့် တိုက်ဆိုင်လေ့လာပါ။

ဝီရိယသည် ၉–ဌာန၌ ပါဝင်၏၊ ထို ၉–ဌာနတို့ကား သမ္မပ္ပဓာန် ၄, ဝီရိယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယသမ္ဗောဇ္ဈင်, သမ္မာဝါယာမမဂ္ဂင်တို့တည်း၊ နောက်လည်း ဤကဲ့သို့ ရသင့်သည်အားလျော်စွာ ရေတွက်ပါ။

သတိသည် ၈–ဌာန၌ ပါဝင်၏၊ ဧကဂ္ဂတာသည် ၄–ဌာန၌ ပါဝင်၏၊ ပညာသည် ၅–ဌာန၌ ပါဝင်၏၊ သဒ္ဓါသည် "သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်"ဟူသော ၂–ဌာန၌ ပါဝင်၏၊ ဤသို့လျှင် ဗောဓိပက္ခိယတရား ၃၇–ပါးတို့က မွန်မြတ်သည်အားလျော်စွာ ခွဲစိတ်ဝေဖန်ခြင်းမှာလည်း မွန်မြတ်လှပေသည်။

ဖြစ်ရာစိတ်

၄၁။ "သဗ္ဗေ လောကုတ္တရေ ဟောန္တိ"အစရှိသော ဂါထာဖြင့် ဗောဓိပက္ခိယတရားတို့ ရထိုက်ရာစိတ်ကို သတ်မှတ်ပြတော်မူသည်။

http://www.dhammadownload.com

ဝါ–အချို့သော လောကုတ္တရာစိတ်၌၊ နှ ဟောန္တို–မဖြစ်ကုန်၊ ဆဇ္ဈသုဒ္ဓိပဝတ္တိယံ–သီလဝိသုဒ္ဓိ စသော ၆–ပါးသော ဝိသုဒ္ဓိတို့၏ ဖြစ်ရာအခါ၌၊ လောကိယေပိ–လောကီကုသိုလ် ကြိယာ စိတ်၌လည်း၊ ယထာယောဂံ–ယှဉ်ထိုက်သည်အားလျော်စွာ၊ ဟောန္တိ–ဖြစ်နိုင်ကုန်၏။

သဗ္ဗသင်္ဂဟ

၄၂။ သဗ္ဗသင်္ဂဟေ–သဗ္ဗသင်္ဂဟ၌၊ ခန္ဓာ–ခန္ဓာတို့သည်၊ ရူပက္ခန္ဓော–ရူပက္ခန္ဓာ လည်းကောင်း။ ပ ။ လည်းကောင်း၊ ဣတိ–သို့၊ ပဋ္ဌ–၅–ပါးတို့တည်း။

၄၃။ ဥပါဒါနက္ခန္ဓာ–ဥပါဒါနက္ခန္ဓာတို့သည်၊ ရူပုပါဒါနက္ခန္ဓော–ရူပုပါဒါနက္ခန္ဓာ လည်းကောင်း ။ ပ ။ လည်းကောင်း၊ ဣတိ–သို့၊ ပဋ္ဌ– ၅–ပါးတို့တည်း။

ဗောဓိပက္ခိယတရားအားလုံးသည် လောကုတ္တရာစိတ်၌ ဖြစ်ကုန်၏၊ သင်္ခ်ပွ, ဝိတိတို့သည် အချို့သော လောကုတ္တရာစိတ်၌ မဖြစ်ကုန်၊ "သီလဝိသုဒ္ဓိ"စသော ၆–ပါးသော ဝိသုဒ္ဓိတို့၏ ဖြစ်ရာအခါ၌ လောကီကုသိုလ်, ကြိယာစိတ်၌လည်း ယှဉ်ထိုက်သည်အားလျော်စွာ ဖြစ်ကုန်၏။

ဤသို့ သာမညအားဖြင့် ပေါင်းစုဆိုထားစေကာမူ "သတိပဋ္ဌာန်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်တို့အရ မဟာကုသိုလ်, မဟာကြိယာ, အပွနာဇော်၌ယှဉ်သော တရားများကို ကောက်ယူရမည်၊ သမ္မပ္ပဓာန်နှင့် ဣဒ္ဓိပါဒ်တို့အရ ကုသိုလ်နှင့်ယှဉ်သော တရားတို့ကိုသာ ကောက်ယူရမည်"ဟု ဝိသေသအားဖြင့် ခွဲခြားမှတ်သားရာ၏။

ဆောင်။ ။ သတိပ၊ ဣန် ၈ ဗော မဂ္ဂင်၊
စိတ်မဟာ–ကုသလရယ်နဲ့၊ ကြိယ အပြင်၊
၉၀န–အပွနာတွင်၊ ယှဉ်သမျှ ကောက်ထိုက်၊
နှစ်မျိုးသာ၊ ပဓာန–ဣဒ္ဓိပါဒ်တို့ကို၊ ကောက်အပ် ကု–၌။

သတိပဋ္ဌာန်နှင့် ပဋ္ဌာန်း

၁။ သတိပဋ္ဌာန်= အာရုံ၌ စွဲမြဲစွာ သက်ဝင်တည်နေတတ်သော တရား၊ သတိစေတသိက်ကို "သတိပဋ္ဌာန်"ဟုခေါ်သည်၊

၂။ ပဋ္ဌာန်း= အထူးထူးအပြားပြား များသောအကြောင်း ပစ္စယသတ္တိ, သတ္တိမန္တ ပစ္စည်း တရားတို့ကို ဟောရာကျမ်းကို "ပဋ္ဌာန်း"ဟုခေါ်သည်။

ခန္ဓာ ၅–ပါး

၄၂။ "ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ" ဟု ခန္ဓာ ၅–ပါးရှိသည်။

"ခန္ဓ"သဒ္ဒါသည် "အပေါင်းအစု"ဟူသော အနက်ကို ဟောသည်၊ ထို့ကြောင့် "အတိတ်, အနာဂတ်–စသောအားဖြင့် ပေါင်းစုသော ရုပ်–အစရှိသည်တို့ကို 'ခန္ဓာ'ခေါ်သည်" ဟု မှတ်ပါ၊ တရားကိုယ်အရကောက်မှာ နောက်၌ထင်ရှားပါလိမ့်မည်။

ဥပါဒါနက္ခန္ဓာ ၅–ပါး

၄၃။ "ရူပုပါဒါနက္ခန္ဓာ, ဝေဒနုပါဒါနက္ခန္ဓာ, သညုပါဒါနက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာ, ဝိညာဏုပါဒါနက္ခန္ဓာ"ဟု ဥပါဒါနက္ခန္ဓာ ၅–ပါးရှိသည်။

http://www.dhammadownload.com

၄၄။ အာယတနာနိ–အာယတနတို့သည်၊ စက္ခာယတနံ–စက္ခာယတနလည်းကောင်း ။ ပ ။ လည်းကောင်း၊ ဣတိ–သို့၊ ဒွါဒသ–၁၂–ပါး တို့တည်း။

၄၅။ ဓာတုယော–ဓာတ်တို့သည်၊ စက္ခုဓာတု–စက္ခုဓာတ်လည်းကောင်း ။ ပ ။ လည်းကောင်း၊ ဣတိ–သို့၊ အဋ္ဌာရသ–၁၈–ပါး တို့တည်း။

ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ခန္ဓာကို "ဥပါဒါနက္ခန္ဓာ" ဟုခေါ်သည်၊ ဥပါဒါန်တရားတို့ဟူသည်မှာလည်း လောဘနှင့်ဒိဋ္ဌိတို့သာတည်း၊ ယင်း လောဘနှင့်ဒိဋ္ဌိတို့သည် လောကီတရားများကိုသာ အာရုံပြုနိုင်ကြသည်၊ လောကုတ္တရာတရားများကို အာရုံမပြုနိုင်ကြ၊ ထို့ကြောင့် ဥပါဒါနက္ခန္ဓာအရ လောကီ စိတ်,စေတသိက်နှင့်ရုပ်တရားများကိုသာ ယူရသည်၊ လောကုတ္တရာတရားများကို မယူရ။

ခန္ဓာ ၂–မျိုး ဟောရခြင်း ထိုတွင် ရထိုက်သမျှသော လောကီ, လောကုတ္တရာ တရားအားလုံးကို သိမ်းသွင်းပေါင်းယူ၍ ခန္ဓာဖွဲ့ခြင်းငှာ ပထမခန္ဓဒေသနာကို ဟောတော်မူသည်။

ယောဂီများ ဝိပဿနာရှုဖို့အတွက် လောကီတရားသက်သက်မျှကိုသာ ခန္ဓာဖွဲ့ပြခြင်းငှာ ဥပါဒါနက္ခန္ဓာ ဒေသနာတော်ကို ဆက်လက်ဟောတော်မူသည်။

ဆောင်။　။ ကိန္နု ကုတ်၊ မယုတ်ယွင်း ဓမ္မာ၊
သိမ်းသွင်းယူ–ပေါင်းကာ ပြလို့ရယ်၊ ဟောရ ခန္ဓာ၊
ယောဂီများ–ရှုဖို့ရာ၊ လောကီသာ သက်သက်၊
ဥပါဒါ–ခန္ဓာစုကို၊ ဟောပြု ဆက်လက်။

အာယတန ၁၂–ပါး

၄၄။ "စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန, ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန" ဟု အာယတန ၁၂–ပါး ရှိသည်။

စိတ်,စေတသိက်တို့၏ ဖြစ်ကြောင်းတရားကို "အာယတန" ဟုခေါ်သည်၊ စက္ခုပသာဒသည် "စက္ခာယတန" မည်၏ ။ ပ ။ ကာယပသာဒသည် "ကာယာယတန" မည်၏၊ စိတ်တစ်ခုယုတ်ကိုးဆယ်သည် "မနာယတန" မည်၏၊ ရူပါရုံသည် "ရူပါယတန" မည်၏၊ ။ ပ ။ "ပထဝီ, တေဇော, ဝါယော" ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် "ဖောဋ္ဌဗ္ဗာယတန" မည်၏၊ ဓမ္မာယတန၏ တရားကိုယ်ကား နောက်၌ထင်ရှားပါလိမ့်မည်။

ဓာတ် ၁၈–ပါး

၄၅။ "စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယဓာတ်, ရူပဓာတ်, သဒ္ဒဓာတ်, ဂန္ဓဓာတ်, ရသဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်, ဓမ္မဓာတ်" ဟု ဓာတ် ၁၈–ပါး ရှိသည်။

http://www.dhammadownload.com

၄၆။ အရိယသစ္စာနိ–အရိယသစ္စာတို့သည်၊ ဒုက္ခံ–ဒုက္ခဟူသော၊ အရိယသစ္စံ–အရိယသစ္စာလည်းကောင်း၊ ဒုက္ခသမုဒယော–ဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော၊ အရိယသစ္စံ–လည်းကောင်း၊ ဒုက္ခနိရောဓော–ဒုက္ခ၏ချုပ်ရာဖြစ်သော၊ အရိယသစ္စံ–လည်းကောင်း၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါ–ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော၊ အရိယသစ္စံ–လည်းကောင်း၊ ဣတိ–သို့၊ စတ္တာရိ– ၄–ပါးတို့တည်း။

၄၇။ ပန–အမှာအထား စကားတစ်ရပ် ကြားညှပ်ပြဦးအံ့၊ ဇတ္ထ–ဤသဗ္ဗသင်္ဂဟ၌၊ စေတသိက သုခုမရူပ နိဗ္ဗာနဝသေန–စေတသိက်, သုခုမရုပ်, နိဗ္ဗာန်တို့၏ အပြားအားဖြင့်၊ ဧကူနသတ္တတိဓမ္မာ–တစ်ခုယုတ်ခုနစ်ဆယ်သော တရားတို့သည်၊ ဓမ္မာယတန ဓမ္မဓာတူတိ–ဓမ္မာယတန, ဓမ္မဓာတ်ဟူ၍၊ သခ်ံ–ခေါ်ဝေါ်အပ်ကုန်သည်၏ အဖြစ်သို့၊ ဂစ္ဆန္တိ–ရောက်ကုန်၏။

မိမိသဘောကို ဆောင်တတ်, မိမိသဘောလက္ခဏာအတိုင်း ထင်ရှားစွာ ဖြစ်တတ်သော တရားကို "ဓာတ်"ဟုခေါ်သည်။

"စက္ခုဓာတ်"စသည်တို့၏ အရကောက်မှာ "စက္ခာယတန"စသည်တို့၏ အရကောက်နှင့် တူပါပြီ၊ စက္ခုဝိညာဉ်ဒွေးသည် "စက္ခုဝိညာဏဓာတ်" မည်၏၊သောတဝိညာဉ်ဒွေးသည် "သောတဝိညာဏဓာတ်"မည်၏ ။ ပ ။ ကာယဝိညာဉ်ဒွေးသည် "ကာယဝိညာဏဓာတ်"မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္မဋိစ္ဆိုင်းဒွေးသည် "မနောဓာတ်"မည်၏၊ ကြွင်းသောစိတ် ၇၆–ပါးသည် "မနောဝိညာဏဓာတ်"မည်၏၊ "ဓမ္မဓာတ်"၏ အရကောက်ကား နောက်၌ထင်ရှားပါလိမ့်မည်။

သစ္စာ ၄–ပါး

၄၆။ "ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ"ဟု သစ္စာ ၄–ပါးရှိသည်။

ဒုက္ခ,ဒုက္ခ၏ဖြစ်ကြောင်း, နိရောဓ,နိရောဓသို့ရောက်ကြောင်း သဘောအားဖြင့် မှန်ကန်ကြသော တရားတို့ကို "သစ္စာ"ဟုခေါ်သည်၊ ယင်းသစ္စာ ၄–ပါးကိုပင် အရိယာပုဂ္ဂိုလ်တို့ သိအပ်သောကြောင့် "အရိယသစ္စာ"ဟုလည်းခေါ်ပြန်သည်၊ တရားကိုယ်အရကောက်မှာ နောက်၌ထင်ရှားပါလိမ့်မည်။

တရားကိုယ်အတွက် အထူးမှတ်ချက်

၄၇။ သဗ္ဗသင်္ဂဟအတွက် အရေးပါသော မှတ်ချက်ကို ဆက်ပြလို၍ "ဇတ္ထ ပန"စသော စကားရပ်ကို မိန့်ဆိုထားသည်။

ဓမ္မာယတန , ဓမ္မဓာတ် ထိုတွင် "စေတသိက သုခုမ ။ ပ ။ ဂစ္ဆန္တိ"ဟူသောစကားရပ်ဖြင့် "ဓမ္မာယတန, ဓမ္မဓာတ်"တို့၏ တရားကိုယ်ကို ပြတော်မူသည်။

စေတသိက် ဒွေးပညာသ, သုခုမရုပ်သောဌသ, နိဗ္ဗာန် (ဤတစ်ခုယုတ် ခုနစ်ဆယ်သော တရား)သည် "ဓမ္မာယတန"မည်၏၊ "ဓမ္မဓာတ်"လည်းမည်၏။

http://www.dhammadownload.com

၄၈။ မနာယတနမေဝ–မနာယတနတစ်ခုတည်းကပင်၊ သတ္တဝိညာဏာဓာတုဝသေန–၇–ပါးသော ဝိညာဏာဓာတ်တို့၏ အပြားအားဖြင့်၊ ဘိဇ္ဇတိ–ပြား၏။

၄၉။ ရူပဋ္ဌ–ရုပ်လည်းကောင်း၊ ဝေဒနာ–ဝေဒနာစေတသိက်လည်းကောင်း၊ သညာ–သညာစေတသိက်လည်းကောင်း၊ သေသစေတသိကာ–ဝေဒနာ,သညာမှကြွင်းသော စေတသိက် ၅၀–တို့လည်းကောင်း၊ တထာ–ထိုမှတစ်ပါး၊ ဝိညာဏံ–ဝိညာဉ်လည်းကောင်း၊ ကတိ–သို့၊ ဇတေ ပဋ္ဌ–ဤ ၅–မျိုးတို့.ကို၊ ပဋ္ဌာနန္ဒာတိ– ၅–ပါးသော ခန္ဓာတို့.ဟူ၍၊ ဘာသိတာ–ဆိုအပ်ကုန်၏။

၅၀။ တေဘူမကာ–ဘုံ ၃–ပါး၌ဖြစ်ကုန်သော၊ တထာ–ထိုရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့.ကို၊ ပဋ္ဌပါဒါနက္ခန္ဓာတိ– ၅–ပါးသော ဥပါဒါနက္ခန္ဓာတို့.ဟူ၍၊ မတာ–သိအပ်ကုန်၏၊ နိဗ္ဗာနံ–နိဗ္ဗာန်သည်၊ ဘေဒါဘာဝေန–အတိတ်,အနာဂတ်စသောအားဖြင့် အကွဲအပြားမရှိခြင်းကြောင့်၊ ခန္ဓသင်္ဂဟနိဿဒံ–ခန္ဓာအတွင်း၌ သွင်းယူခြင်းမှလွတ်၏။

သတ္တဝိညာဏာဓာတ်

၄၈။ "မနာယတနမေဝ ။ ပ ။ ဘိဇ္ဇတိ"ဖြင့် သတ္တဝိညာဏာဓာတ်တို့၏ တရားကိုယ်အရကောက်ကို ပြသည်။

မနာယတနတစ်ခုတည်းကပင် ဝိညာဓာတ် ၇–ပါး ကွဲပြားရသည်၊ "ဝိညာဏာဓာတ် ၇–ပါးအရ ထိုက်သည်အားလျော်စွာ စိတ်တစ်ခုယုတ်ကိုးဆယ်ကို ဝေဖန်ကောက်ယူပါ"ဟု ဆိုလိုသည်၊ ကောက်ပြခဲ့ပါပြီ။

ခန္ဓာ ၅–ပါး တရားကိုယ်

၄၉။ "ရူပဋ္ဌ"စသော ဂါထာဖြင့် ခန္ဓာ ၅–ပါး၏ တရားကိုယ်အရကောက်ကိုပြသည်။

ရုပ်အဋ္ဌဝိသသည် "ရူပက္ခန္ဓာ" မည်၏၊ ဝေဒနာစေတသိက်သည် "ဝေဒနာက္ခန္ဓာ"မည်၏၊ သညာစေတသိက်သည် "သညာက္ခန္ဓာ"မည်၏၊ ဝေဒနာ, သညာမှကြွင်းသော စေတသိက် ၅၀–သည် "သင်္ခါရက္ခန္ဓာ"မည်၏၊ စိတ်တစ်ခုယုတ်ကိုးဆယ်သည် "ဝိညာဏက္ခန္ဓာ"မည်၏၊ ဤ ၅–ပါးတို့.ကို "ပဋ္ဌက္ခန္ဓာ"ဟုဆိုအပ်ကုန်၏။

ဥပါဒါနက္ခန္ဓာ တရားကိုယ်

၅၀။ "ပဋ္ဌပါဒါနက္ခန္ဓာတိ တထာ တေဘူမကာ မတာ"ဖြင့် ဥပါဒါနက္ခန္ဓာတို့.၏ တရားကိုယ်ကို ပြသည်။

"ကာမ, ရူပ, အရူပ"ဟူသော ဘုံသုံးပါး၌ဖြစ်သော (လောကီဖြစ်သော) ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့.ကို "ဥပါဒါနက္ခန္ဓာ"အရ ကောက်ယူရမည်–ဟုဆိုလိုသည်။

ထို့ကြောင့် ရုပ်အဋ္ဌဝိသသည် "ရူပုပါဒါနက္ခန္ဓာ"မည်၏၊ လောကီစိတ် ၈၁–ပါး၌ယှဉ်သော ဝေဒနာစေတသိက်သည် "ဝေဒနုပါဒါနက္ခန္ဓာ"မည်၏၊ သညာစေတသိက်သည် "သညုပါဒါနက္ခန္ဓာ"မည်၏၊ ဝေဒနာ, သညာမှကြွင်းသော စေတသိက် ၅၀–သည် "သင်္ခါရုပါဒါနက္ခန္ဓာ"

http://www.dhammadownload.com

၅၁။ ဒွါရာလမ္ဗဏဘေဒေန–ဒွါရ ဖ–ဖုံ, အာရုံ ဖ–ပါးတို့၏ ကွဲပြားခြင်းကြောင့်၊ အာယတနာနိ–အာယတနတို့သည်လည်း၊ ဒွါဒသ– ၁၂–ပါးတို့သည်၊ ဘဝန္တိ–ဖြစ်ကုန်၏၊

မည်၏၊ လောကီစိတ် ၈၁–ပါးသည် "ဝိညာဏုပါဒါနက္ခန္ဓာ" မည်၏၊ ဤသို့ အရကောက်ပါ။

ခန္ဓဝိမုတ် "ဘေဒါဘာဝေန နိဗ္ဗာနံ, ခန္ဓသင်္ဂဟနိဿဋ္ဌံ"ဖြင့် နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရခြင်း၏ အကြောင်းကိုပြသည်၊ "အတိတ်, အနာဂတ်–စသောအားဖြင့် ကွဲပြားမှုမရှိသောကြောင့် နိဗ္ဗာန်ကို ခန္ဓာမဖွဲ့သင့်"ဟုဆိုလိုသည်။

တရားတစ်မျိုးမျိုးသည် "အတိတ်,အနာဂတ်,ပစ္စုပ္ပန်"ဟု ကွဲပြားနေခဲ့ပါလျှင် ထို"အတိတ်, အနာဂတ်,ပစ္စုပ္ပန်တရား" ၃–မျိုးကို စုပေါင်း၍ ခန္ဓာဖွဲ့ကောင်းသည်။

"အဈ္ဈတ္တ (ခန္ဓာကိုယ်အတွင်း၌တည်သော)တရား, ဗဟိဒ္ဓ (ခန္ဓာကိုယ်၏ အပြင်၌တည်သော)တရား"ဟု ၂–မျိုးကွဲပြားလျှင်လည်း ထိုတရားနှစ်မျိုးကို စုပေါင်း၍ ခန္ဓာဖွဲ့ကောင်းသည်။

"သြဠာရိက(ရုန့်ရင်းသော)တရား, သုခုမ (သိမ်မွေ့သော)တရား"ဟု ကွဲပြားလျှင်လည်း ထို ၂–မျိုးကို စုပေါင်း၍ ခန္ဓာဖွဲ့ကောင်းသည်။

"ဟီန (ယုတ်ညံ့သော)တရား, ပဏီတ (မွန်မြတ်သော)တရား"ဟု ကွဲပြားနေလျှင်လည်း ထို ၂–မျိုးကို စုပေါင်း၍ ခန္ဓာဖွဲ့ကောင်းသည်။

"ဒူရေ(အသိခက်သဖြင့် ဉာဏ်နှင့်ဝေးသော)တရား, သန္တိကေ(အသိလွယ်သဖြင့် ဉာဏ်နှင့်နီးသော)တရား"ဟု ကွဲပြားနေပြန်လျှင်လည်း ထို ၂–မျိုးကို စုပေါင်း၍ ခန္ဓာဖွဲ့ကောင်းသည်။

နိဗ္ဗာန်ကား ကာလ ၃–ပါးမှလွတ်၍ ကာလဝိမုတ်ဖြစ်သည်၊ "အတိတ်,အနာဂတ်,ပစ္စုပ္ပန်" အားဖြင့် ကွဲပြားမှု မရှိ၊ ကိုယ်ခန္ဓာ၏ အပြင်ဘက်မှာ တည်သောကြောင့် ဗဟိဒ္ဓတစ်မျိုးသာ ဖြစ်သည်၊ "အဈ္ဈတ္တ, ဗဟိဒ္ဓ" ကွဲပြားမှုမရှိ၊ သိမ်မွေ့သောကြောင့် သုခုမတစ်မျိုးသာ ဖြစ်သည်၊ "သြဠာရိက,သုခုမ"ကွဲပြားမှုမရှိ၊ မြတ်သောကြောင့် ပဏီတတစ်မျိုးသာ ဖြစ်သည်၊ "ဟီန, ပဏီတ" ကွဲပြားမှုမရှိ၊ ဉာဏ်နှင့်ဝေးသောကြောင့် ဒူရေတစ်မျိုးသာဖြစ်သည်၊ "ဒူရေ, သန္တိကေ" ၂–မျိုး ကွဲပြားမှုမရှိ၊ ဤသို့ "ကာလ ၃–ပါး စသောအားဖြင့် ကွဲပြားမှု မရှိသောကြောင့် နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရ။

ဆောင်။ ။ သုံးကာလ၊ အဈ္ဈတ္တ ဗဟိဒ္ဓါ၊
သြဠာရာ–သုခုမငယ်၊ ဟီန ပဏီတာ၊
ဒူရနှင့်–သန္တိကာ၊ ကွဲမှုသာ ဖွဲ့ရ၊
ထိုသို့သာ၊ နိဗ္ဗာန်မှာ– ပြားမရှိတယ်၊ ဝိမုတ် ခန္ဓ။

အာယတန, ဓာတ် ပြားပုံ

၅၁။ "ဒွါရာလမ္ဗနဘေဒေန"စသော ဂါထာဖြင့် အာယတန ၁၂–ပါး, ဓာတ် ၁၈–ပါး ကွဲပြားရခြင်း၏ အကြောင်းကို ပြသည်။

http://www.dhammadownload.com

ဒွါရာလမ္ဗတဒုပ္ပန္နပရိယာယေန–ဒွါရ ဖ–ဖုံ, အာရုံ ဖ–တန် ထိုဒွါရအာရုံတို့၌ဖြစ်သော ဝိညာဉ် ဖ–သွယ် ပရိယာယ် အမြွက်အားဖြင့်၊ ဓာတုယော–ဓာတ်တို့သည်၊ (အင်္ဂါရသ–၁၈–ပါး‌တို့သည်၊) ဘဝန္တိ–ဖြစ်ကုန်၏။

၅၂။ တေဘူမကံ–ဘုံသုံးပါး၌ဖြစ်သော၊ ဝဋ်–ဝဋ်တရားသည်၊ ဒုက္ခံ–ဒုက္ခသစ္စာမည်၏၊ တဏှာ–တဏှာသည်၊ သမုဒယော–သမုဒယသစ္စာမည်သည်၊ ဘဝေ–၏၊

ထိုတွင် "ဒွါရာလမ္ဗဏာဘေဒေန , ဘဝန္တာဃတနာနိ စ"ဖြင့် အာယတန ၁၂–ပါး ကွဲပြားရခြင်း၏ အကြောင်းကို ပြသည်။

"ဒွါရ ဖ–ပါး, အာရုံ ဖ–ပါး ကွဲပြားခြင်းကြောင့် အာယတန ၁၂–ပါး ဖြစ်ရသည်"ဟု ဆိုလိုသည်။

စက္ခုဒွါရနှင့်ရူပါရုံသည် စက္ခုဒွါရိကဝီထိစိတ်(စေတသိက်)တို့၏ ဖြစ်ကြောင်းဖြစ်သည်။ ပ ။ မနောဒွါရနှင့်ဓမ္မာရုံသည် မနောဒွါရိကဝီထိစိတ်(စေတသိက်)တို့၏ ဖြစ်ကြောင်းဖြစ်သည်၊ ဤသို့ စိတ်,စေတသိက်တို့၏ဖြစ်ကြောင်း ဒွါရနှင့်အာရုံတို့ ဖ–ပါးစီပြားကြသောကြောင့် အာယတန ၁၂–ပါး ပြားလာရသည်၊ထို့ကြောင့်ပင်"စိတ်,စေတသိက်တို့၏ ဖြစ်ကြောင်းတရားကို အာယတန–ခေါ်သည်"ဟု ဆိုခဲ့ရပေသည်။

"ဒွါရာလမ္ဗတဒုပ္ပန္နပရိယာယေန ဓာတုယော"ဖြင့် ဓာတ် ၁၈–ပါး ပြားရခြင်း၏ အကြောင်းကို ပြသည်။

"ဒွါရဖ–ပါး, အာရုံ ဖ–ပါး, ဝိညာဉ် ဖ–ပါး ပြားခြင်းကြောင့် ဓာတ် ၁၈–ပါး ဖြစ်ရသည်" ဟုဆိုလိုသည်။

၁။	စက္ခု ဒွါရ	ရူပါရုံ	စက္ခုဝိညာဉ်
၂။	သောတဒွါရ	သဒ္ဒါရုံ	သောတဝိညာဉ်
၃။	ဃာနဒွါရ	ဂန္ဓာရုံ	ဃာနဝိညာဉ်
၄။	ဇိဝှါဒွါရ	ရသာရုံ	ဇိဝှါဝိညာဉ်
၅။	ကာယဒွါရ	ဖောဋ္ဌဗ္ဗာရုံ	ကာယဝိညာဉ်
၆။	မနောဒွါရ	ဓမ္မာရုံ	မနောဝိညာဉ်

ဤသို့ ဒွါရ ဖ–ပါး, အာရုံ ဖ–ပါး, ထိုဒွါရ–အာရုံကို မှီ၍ဖြစ်သော ဝိညာဉ် ဖ–ပါး အစဉ်အားဖြင့် ဓာတ် ၁၈–ပါး ပြားသည်။

"မနောဓာတ်ကို မနောဒွါရ, ဓမ္မဓာတ်ကို ဓမ္မာရုံ"ဟုဆိုခြင်းသည် မုချမဖြစ်နိုင်ပါ၊ ပရိယာယ်အားဖြင့်သာဖြစ်နိုင်သည်၊ ထို့ကြောင့် "ပရိယာယေန"ဟု အရှင်အနုရုဒ္ဓါဆရာ ထည့်သွင်းပြဆိုထားပါသည်။

သစ္စာတရားကိုယ်

၅၂။ "ဒုက္ခံ တေဘူမကံ"စသော ဂါထာဖြင့် သစ္စာ ၄–ပါး၏ တရားကိုယ် အရကောက်ကို ပြသည်။

http://www.dhammadownload.com

နိဗ္ဗာနံ–နိဗ္ဗာန်သည်၊ နိရောဓောနာမ–နိရောဓသစ္စာမည်၏၊ လောကုတ္တရော–လောကုတ္တရာဖြစ်သော၊ မဂ္ဂေါ–မဂ္ဂင်တရားကိုယ် ၈–ပါးကို၊ မဂ္ဂေါ–မဂ္ဂသစ္စာဟူ၍၊ မတော–သိအပ်၏။

၅၃။ မဂ္ဂယုတ္တာ–မဂ်နှင့်ယှဉ်လတ် မဂ်စိတ္တုပ္ပာဒ် ၂၉–ပါးတို့သည်လည်းကောင်း၊ ဖလာစေဝ–ဖိုလ်စိတ္တုပ္ပာဒ် ၃၇–ပါးတို့သည်လည်းကောင်း၊ စတုသစ္စဝိနိဿဇာ–သစ္စာ ၄–ပါးမှ လွတ်ကုန်၏၊ ဣတိ–ဤသို့၊ သဗ္ဗသင်္ဂဟော–သဗ္ဗသင်္ဂဟကို၊ ပဋ္ဌပ္ပဘေဒေန–၅–ပါးသော အပြားအားဖြင့်၊ ပဝုတ္တော–ဆိုအပ်၏။

အဘိဓမ္မတ္ထသင်္ဂဟော–၌၊ သမုစ္စယသင်္ဂဟဝိဘာဂေါနာမ–သမုစ္စယသင်္ဂဟ ဝိဘာဂ မည်သော၊ သတ္တမော– ၇–ပိုင်းတို့၏ ပြည့်ကြောင်းဖြစ်သော၊ပရိစ္ဆေဒေါ–သည်၊ ဣတိ–ပြီးပြီ။

လောကီစိတ် ၈၁၊ လောဘကြဉ်သော စေတသိက် ၅၁၊ ရုပ် ၂၈–သည် "ဒုက္ခသစ္စာ"မည်၏၊ ဤတရားများကိုပင် "ဘုံ ၃–ပါး၌ အကျုံးဝင်သောတရား"ဟု ဆိုထားသည်၊ လောဘကိုမူ သီးခြားဆိုလတ္တံ့ဖြစ်၍ ကြဉ်ရသည်၊ လောဘသည် "သမုဒယသစ္စာ"မည်၏၊ နိဗ္ဗာန်သည် "နိရောဓသစ္စာ"မည်၏၊ မဂ်စိတ် ၄–ခု၌ရှိသော "သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ,သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ"ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၈–ပါးသည် "မဂ္ဂသစ္စာ"မည်၏။

သစ္စဝိမုတ်

၅၃။ "မဂ္ဂယုတ္တာ ဖလာ စေဝ, စတုသစ္စဝိနိဿဇာ"ဖြင့် သစ္စဝိမုတ် (သစ္စာမှလွတ်သော) တရားတို့ကို ပြသည်။

မဂ်စိတ္တုပ္ပာဒ် ၂၉–ပါး, ဖိုလ်စိတ္တုပ္ပာဒ် ၃၇–ပါးတို့သည် "သစ္စဝိမုတ်"ဖြစ်ကုန်၏။

မဂ်စိတ် ၄–ပါး၌ စေတသိက် ၃၆–ပါး ယှဉ်သည်၊ မဂ္ဂင် ၈–ပါးကို မဂ္ဂသစ္စာဖွဲ့ပြီး ဖြစ်သောကြောင့် ထို ၃၆–ပါးမှ ပယ်နုတ်လိုက်က စေတသိက် ၂၈–ပါး ကျန်သည်၊ ထိုတွင် မဂ်စိတ်တို့ကို တစ်ခုတည်းပြု၍ ထည့်ပါက ၂၉–ပါး ဖြစ်လာသည်၊ ယင်းကိုပင် "မဂ်စိတ္တုပ္ပာဒ် ၂၉–ခု"ဟုခေါ်သည်။

ဖိုလ်စိတ် ၄–ပါး၌လည်း စေတသိက် ၃၆–ပါးပင် ယှဉ်သည်၊ ထိုတွင် ဖိုလ်စိတ်တို့ကို တစ်ခုတည်းပြု၍ ထည့်လိုက်က ၃၇–ပါးဖြစ်လာသည်၊ ယင်းကိုပင် "ဖိုလ်စိတ္တုပ္ပာဒ် ၃၇–ခု" ဟုခေါ်သည်။

သစ္စဝိမုတ်နှင့် သစ္စာ ဖိုလ်စိတ်၌ရှိသော မဂ္ဂင်တရားကိုယ် ၈–ပါးကို မဂ္ဂင်ချင်း တူသောကြောင့် သဒိသူပစာအားဖြင့် မဂ္ဂသစ္စာ၌ သွင်းသင့်သည်။

ကြွင်းသော မဂ်စိတ္တုပ္ပာဒ် ၂၉–ပါးနှင့် ဖိုလ်စိတ္တုပ္ပာဒ် ၂၉–ပါးတို့ကို "သဗ္ဗေ သခ်ါရာ **ဒုက္ခာ"ဟု** ဟောထားသောကြောင့် ဒုက္ခသစ္စာအတွင်း၌ သွင်းသင့်သည်၊ ဤသို့ ထည့်သွင်းလိုက်ပါက သစ္စာ ၄–ပါးမှလွတ်သောတရားဟူ၍ မရှိတော့ပါ။

http://www.dhammadownload.com

ဆောင်။　။ဖိုလ်စိတ်ရှိ၊ အဋ္ဌင်္ဂ မဂ်တို့ကို၊
သဒိသူ-ပစာရငယ်၊ သွင်း မဂ္ဂဆို၊
စိတ္တုပ္ပာဒ်-အကြွင်းကို၊ ဒုက္ခဆို ဟောထား၊
ထို့ကြောင့်သာ-ဒုက္ခတွင်းဝယ်၊ သွတ်သွင်း ယူထား။

နိဂုံး　"ဣတိ ပဋ္ဌပဘေဒေန, ပဝုတ္တော သဗ္ဗသင်္ဂဟော"ဖြင့် သဗ္ဗသင်္ဂဟ၏ နိဂုံးကို ပြသည်။

ဤသို့ သဗ္ဗသင်္ဂဟကို "ခန္ဓ, ဥပါဒါနက္ခန္ဓ, အာယတန, ဓာတု, သစ္စာ"ဟူသော ၅-ပါး အပြားအားဖြင့် ဆိုထားခဲ့သည်-ဟု ဆိုလိုသည်။

လေ့ကျင့်ခန်း မေးခွန်းများ

၁။ ဒွါသတ္တတိဝိဓာ ဝုတ္တာ၌ ဒွါသတ္တတိအရကိုပြ၍ အာဘယ်ကို သမုစ္စယသင်္ဂဟခေါ်ကြောင်းကိုလည်း ပြပါ။

၂။ အာဘယ်တရားများကို အာဘယ်နည်းအားဖြင့် အာသဝ-ဟု ခေါ်ရကြောင်းကို သိသာထင်ရှားအောင် ပြပါ။

၃။ ကာမာသဝနှင့် ဘဝါသဝတို့၏ သဘောနှင့် တရားကိုယ်အရကောက်တို့ကို တိကျစွာ ပြပါ။

၄။ ဩဃ ၄-ပါးကို ရေတွက်ပြ၍ ယင်းတရားတို့၏ ဩဃမည်ပုံကိုလည်း သိသာထင်ရှားအောင် ပြပါ။

၅။ ယောဂနှင့် ဂန္ထတို့၏ သဘောအဓိပ္ပာယ်ကို ပြ၍ အဘိဇ္ဈာ ကာယဂန္ထ, ဗျာပါဒ ကာယဂန္ထနှင့် အကုသလကမ္မပထ၌ လာသော အဘိဇ္ဈာ, ဗျာပါဒတို့၏ ထူးခြားချက်ကို ပြပါ။

၆။ သီလဗ္ဗတပရာမာသ, ကဋ္ဌသစ္စာဘိနိဝေသတို့၏ သဘောအဓိပ္ပာယ်နှင့် တရားကိုယ်အရကောက်တို့ကို ပြပါ။

၇။ ဥပါဒါန်မည်ပုံကို ထင်ရှားအောင် ပြ၍ ဒိဋ္ဌစေတသိက် တစ်ခုတည်းကိုပင် ဥပါဒါန် ၃-ပါး ခွဲခြားဟောထားရခြင်းသဘောကိုလည်း ပြပါ။

၈။ နီဝရဏ-တရားကိုယ်များကို ပြ၍ ယင်းတို့၏ နီဝရဏ-မည်ပုံကိုလည်း ပြပါ။

၉။ တရားကိုယ် ၂-ပါးစီရကြပါလျက် ထိနမိဒ္ဓနီဝရဏနှင့် ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏတို့ကို အဘယ်ကြောင့် တစ်ပါးစီသာ ဆိုရပါသနည်း။

၁၀။ သံယောဇဉ် ၁၀-ပါးတို့တွင်-
(က) သုတ္တန်နည်းမှာသာ ပါ၍ အဘိဓမ္မာနည်းမှာ မပါသော တရားကိုယ်၊
(ခ) အဘိဓမ္မာနည်းမှာသာ ပါ၍ သုတ္တန်နည်းမှာ မပါသော တရားကိုယ်၊
(ဂ) ၂-ပါးလုံးမှာ ပါသော တရားကိုယ်တို့ကို ထုတ်ပြပါ၊

http://www.dhammadownload.com

၁၁။ သုတ္တန်နည်း, အဘိဓမ္မာနည်း ၂-မျိုးပေါင်းက သံယောဇဉ်တရားကိုယ် အဘယ်မျှ ရှိပါသနည်း၊ ၄င်းတို့ကို ရေတွက်ပြပါ။

၁၂။ ဘယ်လိုတရားမျိုးကို ကိလေသာခေါ်ကြောင်းပြု၍ ကိလေသာ ၁၀-ပါးက ၁၅၀၀-ဖြစ်လာပုံကိုလည်း ပြပါ။

၁၃။ အကုသလသင်္ဂဟ၌ မောဟသည် အဘယ်ဌာနများမှာ ပါဝင်ကြောင်းကိုပြု၍ ဂန္ဆ, နီဝရဏ, အနုသယ,သံယောဇန,ကိလေသာ ၅-ဌာနမှာသာ ပါဝင်သော တရားကိုလည်း ပြပါ။

၁၄။ ဟိတ်မည်သောတရားတို့ကို ရေတွက်ပြု၍ ၄င်းတို့၏ ဟိတ်အမည်ရပုံကိုလည်း သိသာထင်ရှားအောင် ပြပါ။

၁၅။ အဘယ်ကို "မဂ္ဂ"ဟုခေါ်ရကြောင်းကို ပြု၍ ယင်း"မဂ္ဂ"၏ အစိတ်အင်္ဂါများကိုလည်း တရားကိုယ်အားဖြင့် ရေတွက်ပြပါ။

၁၆။ သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေတို့၏ အရကို တိကျစွာကောက်ပြခဲ့ပါ။

၁၇။ အဓိပတိတရားကိုယ်များကို တိကျစွာကောက်ပြု၍ အဓိပတိနှင့် ဣန္ဒြေတို့ အစိုးရပုံချင်း ထူးခြားပုံကိုလည်း ပြပါ။

၁၈။ ပဋ္ဌဝိညာဉ်၌ ရှိသော ဧကဂ္ဂတာ, ဝေဒနာတို့ စွာနင်မမည်ရခြင်း၊ အဝိရိယစိတ် ၁၆-ပါး၌ ရှိသော ဧကဂ္ဂတာ၏ ဗိုလ်မမည်ရခြင်း အကြောင်းတို့ကို ပြပါ။

၁၉။ စွာနင်, မဂ္ဂင်, ဣန္ဒြေ, ဗိုလ် ၄-ဌာနခု၌ ပါဝင်သောတရား၊ စွာနင်, မဂ္ဂင် ၂-ဌာနခု၌သာ ပါဝင်သောတရားတို့ကို ပြပါ။

၂၀။ ဒွိဟေတုက တိဟေတုက ဇဝနသွေဝ ယထာသမ္ဘဝံ အဓိပတိ ဧကောဝ လဗ္ဘတိ-၌ ဒွိဟိတ်ဇော, တိဟိတ်ဇောတို့၏ သရုပ်ကိုပြု၍ ယထာသမ္ဘဝံ၏ အဓိပ္ပာယ်ကို ပြပါ။

၂၁။ အဘယ်အကုသိုလ်မျိုးကို ဥပ္ပန္နပါပက, အနုပ္ပန္နပါပကခေါ်၍ အဘယ်ကုသိုလ်မျိုးကို အနုပ္ပန္နကုသလ, ဥပ္ပန္နကုသလခေါ်ပါသနည်း။

၂၂။ ဗောဓိပက္ခိယသင်္ဂဟ၌ တစ်ဌာနစီသာဖြစ်သော တရားများကို ဖြစ်ရာဌာနနှင့် တွဲစပ်ပြု၍ ပညာ၏ဖြစ်ရာဌာနများကိုလည်း ပြပါ။

၂၃။ ဥပါဒါနက္ခန္ဓာအရ ယူရမည့်တရားတို့ကို အကြောင်းထည့်သွင်း ရှင်းပြု၍ ခန္ဓာ ၂-မျိုး ဟောရခြင်းကိုလည်း ရှင်းပြပါ။

၂၄။ နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရခြင်း၏အကြောင်းကို ပြု၍ အာယတန ၁၂-ပါး, ဓာတ် ၁၈-ပါး ကွဲပြားရခြင်း၏အကြောင်းကိုလည်း ပြပါ။

၂၅။ သစ္စဝိမုတ်တရားတို့ကိုပြု၍ ယင်းတရားတို့ကို သစ္စာအတွင်း ထည့်သွင်းလိုက မည်သို့ ထည့်သွင်းသင့်ကြောင်းကိုလည်း ပြပါ။

သမုစ္စည်းပိုင်း ပြီး၏။

http://www.dhammadownload.com

၈။ ပစ္စည်းပိုင်း

၁။ ယေသံ သခ်ံတဓမ္မာနံ–စိတ်,စေ,ရူပ သုခ်ံတမှန် အကြင်ပစ္စယုပ္ပန်တရားတို့အား၊ ယေဓမ္မာ–ရုပ်နာမ်နှစ်ရပ်, ပရမတ်နှင့်, ပညတ်ဟူကြား, အကြင်ပစ္စည်းတရားတို့သည်၊ ယထာ–အကြင်အကြင် ဟေတုသတ္တိ, အာရမဏသတ္တိ, အစရှိသော အခြင်းအရာဖြင့်၊ ပစ္စယာ–ဖြစ်စေ တည်စေ, နှစ်ထွေသတ်မှတ်, ကျေးဇူးပြုတတ်ကုန်သည်၊ ဟောန္တိ–ကုန်၏၊ တံ ဝိဘာဂံ–ထိုပစ္စည်း ပစ္စယုပ္ပန်, ကျေးဇူးပြုဟန် သတ္တိအပြားကို၊ ဣဟ–ဤပစ္စယသင်္ဂဟ၌၊ ဣဒါနိ–ယခုအခါ၌၊ ယထာရဟံ–ကြောင်းကျိုးသတ္တိ, ရှိသည့်အလိုက်, ထိုက်သည်အား လျော်စွာ၊ အဟံ–ငါသည်၊ ပဝက္ခာမိ–ဆိုပေအံ့။

၁။ ပဋိညာဉ် "ယေသံ သခ်ံတဓမ္မာနံ"အစရှိသော ဂါထာသည် ပဋိညာဉ်ကိုပြသော ဂါထာ ဖြစ်သည်၊ယခုအခါ ဤပစ္စည်းပိုင်း၌ ပစ္စည်းတရား, ပစ္စယုပ္ပန်တရား ကျေးဇူးပြုဟန် သတ္တိအပြားကို ထိုက်သည်အားလျော်စွာ ပြပါမည်–ဟု ဆိုလိုသည်။

ထိုတွင် "ယေသံ သခ်ံတဓမ္မာနံ"ဟူသော ပါဠိဖြင့် ပစ္စယုပ္ပန်တရားကို ပြသည်၊ အကြောင်း ပစ္စည်းကြောင့်ဖြစ်ရသော အကျိုးတရားကို "ပစ္စယုပ္ပန်"ဟုခေါ်သည်၊ ထို့ကြောင့် ပစ္စယုပ္ပန်တရား ထဲ၌ သခ်ံတဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၁၊ ရုပ် ၂၈–တို့သာ ထိုက်သည်အားလျော်စွာ ပါဝင်နိုင်ပေသည်၊ အသခ်ံတဖြစ်သော နိဗ္ဗာန်နှင့်ပညတ်တို့ မပါဝင်နိုင်ခေ။

"ယေ ဓမ္မာ"ဟူသော ပါဠိဖြင့် ပစ္စည်းတရားကို ပြသည်၊ အကျိုးပစ္စယုပ္ပန်တရားတို့၏ စွဲ၍ဖြစ်ကြောင်း (တည်နေကြောင်း)တရားကို "ပစ္စယ–ပစ္စည်း"ဟု ခေါ်သည်၊ ထိုပစ္စည်းတရား ထဲ၌ "စိတ်, စေတသိက်, ရုပ်"ဟူသော အကျိုးပစ္စယုပ္ပန်တရားတို့၏ အကြောင်းဖြစ်ထိုက်သ မျှသော သခ်ံတတရားများလည်း ပါဝင်နိုင်သည်၊ နိဗ္ဗာန်ဟူသော အသခ်ံတတရားလည်း ပါဝင် နိုင်သည်၊ ပညတ်တရားလည်း ပါဝင်နိုင်သည်၊ ထို့ကြောင့်ပင် "ယေ ဓမ္မာ"ဟု သာမန်အားဖြင့် ဆိုထားရသည်။

"ပစ္စယာ ယထာ"ဟူသော ပါဠိဖြင့် "ဟေတုသတ္တိ, အာရမဏသတ္တိ" အစရှိသော ၂၄–ပစ္စည်းတို့၏ ကျေးဇူးပြုနိုင်သော အခြင်းအရာသတ္တိကို ပြသည်။

http://www.dhammadownload.com

၂။ ပဋိစ္စသမုပ္ပာဒနယော–ပဋိစ္စသမုပ္ပာဒ်နည်းလည်းကောင်း၊ ပဋ္ဌာနနယော စ–ပဋ္ဌာန်းနည်းလည်းကောင်း၊ ဣတိ–သို့၊ ပစ္စယသင်္ခေပော–ပစ္စယသင်္ဂဟကို၊ ဒုဝိဓော–၂–ပါး အပြားရှိ၏ဟူ၍၊ ဝေဒိတဗ္ဗော–သိအပ်၏။

၃။ တတ္ထ–ထိုနည်း ၂–ပါးတို့တွင်၊ တဗ္ဘာဝဘာဝိဘာဝါကာရမတ္တောပလက္ခိတော–ထိုအဝိဇ္ဇာအစရှိသော အကြောင်းတို့၏ ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိသော သခ်ါရအစရှိသော အကျိုးတရားတို့၏ ဖြစ်ပုံအခြင်းအရာမျှဖြင့် မှတ်အပ်သော နည်းသည်၊ ပဋိစ္စသမုပ္ပာဒနယော–ပဋိစ္စသမုပ္ပာဒ်နည်းမည်၏၊ ပဋ္ဌာနနယော ပန–ပဋ္ဌာန်းနည်းကိုကား၊ အာဟစ္စ ပစ္စယဋ္ဌိတိ–အထူးပြု၍ဖြစ်သော ပစ္စည်းဟုဆိုအပ်သော အကျိုးတရားတို့၏ တည်ရာအကြောင်းကို၊ အာရဗ္ဘ–အစွဲပြု၍၊ ပဝုစ္စတိ–ဟောတော်မူအပ်၏။

ပန–ဆက်ဦးအံ့၊ ဥဘယံ–နည်း ၂–ပါးကို၊ ဝေါမိဿိတ္တာ–ရောနှောလျှင်၊ အာစရိယာ–အဋ္ဌကထာဆရာတို့သည်၊ ပပဉ္စေန္တိ–ချဲ့ဖွင့်ကြကုန်၏။

ထိုတွင် "ပစ္စယ"သဒ္ဒါသည် သဒ္ဒါနိဿိတ်အားဖြင့် "အကြောင်း"ဟူသော အနက်ကိုဟောသည်၊ လက္ခဏ (အများမှတ်သားအပ်သော) အနက်အားဖြင့် "ဥပကာရက–ကျေးဇူးပြုသည်"ဟူသော အနက်ကိုဟောသည်၊ "ကျေးဇူးပြုသည်"ဟူသည်မှာလည်း မဖြစ်သေးသော အကျိုးပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေခြင်း, ဖြစ်ပြီးသော အကျိုးပစ္စယုပ္ပန် တရားတို့ကို တည်တံ့အောင် ထောက်ပံ့ခြင်း ပင်တည်း။

"တံ ဝိဘာဂံ"၌ "တံ"၏အရ "ယေသံ သခ်ါတမ္မာနံ, ယေမမ္မာ, ယထာ"တို့၌ပါဝင်သော "ယ"သဒ္ဒါ ၃–မျိုးကို ပြန်စွဲရသည်၊ "ဝိဘာဂ"သဒ္ဒါကား "ဝေဖန်အပ်သော အထူးအပြား"ဟူသော အနက်ကို ဟောသည်၊ ထို့ကြောင့် "တံ ဝိဘာဂံ–ထိုပစ္စည်းပစ္စယုပ္ပန် ကျေးဇူးပြုဟန် သတ္တိအပြားကို"ဟု အနက်မြန်မာပြန်ဆိုရပါသည်။

ဆောင်။ ။ပရမတ်၊ ပညတ်ရယ်တဲ့ ပစ္စည်းမှာ၊
စိတ်နှင့်စေ–ရုပ်ကုန်မျှရယ်၊ ယူရ ပန္နာ၊
ကျေးဇူးပြု–ခြင်း အရာ၊ ဟေတာဒိ သတ္တိ၊
ခွဲဝေဖန်–ပစ္စည်းပိုင်းဝယ်၊ ဟုတ်တိုင်း မှတ်သိ။

နည်း ၂–ပါးနှင့် ထူးခြားချက်

၂။ "ပဋိစ္စသမုပ္ပာဒနယော ။ပ။ ပဝုစ္စတိ"ဟူသော စကားရပ်ဖြင့် ပစ္စည်းပိုင်း၌ ပါဝင်သော နည်း ၂–ပါးနှင့် ထိုနည်း ၂–ပါးတို့၏ ထူးခြားပုံကို ပြသည်။

ပစ္စည်းပိုင်း၌ "ပဋိစ္စသမုပ္ပာဒ်နည်း, ပဋ္ဌာန်းနည်း"ဟူ၍ နည်း ၂–ပါးပါဝင်သည်။

၃။ ထိုနည်း ၂–ပါးတို့တွင် အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်ပုံမျှကို ပြ၍ ပစ္စယသတ္တိကို မပြသောနည်းသည် "ပဋိစ္စသမုပ္ပာဒ်နည်း"မည်၏။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပာဒ်နည်း

၄။ တတ္ထ–ထိုနည်း ၂–ပါး၊ တို့တွင်၊ အဝိဇ္ဇာပစ္စယာ–၄–ပါး သစ္စာ, ပုဗ္ဗန္တာပရန္တ, ၃– ပါး မျှနှင့်, ပဋိစ္စသမုပ္ပာဒ်, ဤ ၈–ရပ်ကို, မပြတ်ပိတ်ကာ, အဝိဇ္ဇာဟူသော အကြောင်း ကြောင့်၊ သင်္ခါရာ–ပုညာပုည, အာနေဉ္ဇဟု, သုံးဝကွဲပြား, သင်္ခါရတရားတို့သည်၊ သမ္ဘဝန္တိ–ဖြစ်ကုန်၏။

"အကြောင်းတရား, အကျိုးတရား, ပစ္စယသတ္တိ" ၃–မျိုးကို စုံလင်စွာ ပြသောနည်းသည် "ပဋ္ဌာန်းနည်း"မည်၏–ဟု ဆိုလိုသည်။

ဆောင်။　။ စွဲည်း+ပွန်မျှ၊ ထုတ်ဖော်ပြ လေပါ၊
သတ္တိကို–ထူးမပြတယ်၊ ပဋိစ္စမှာ၊
စွဲည်း+ပွန်မျှ–မကပါ၊ ပစ္စယာ သတ္တိ၊
ပဋ္ဌာန်းမှာ–စုံစွာပြတယ်၊ ထူး ဤမျှသိ။

သီးသန့်ပြမည်　ပဋိစ္စသမုပ္ပာဒ်နည်းကို ဖွင့်ဆိုသော အဋ္ဌကထာဆရာသည် ပဋ္ဌာန်းနည်းကိုပါ ရောနှောထည့်သွင်း ဖွင့်ပြထားသည်၊ ငါတို့မူကား နည်း ၂–ပါးကို မရောနှောဘဲ သီးသန့် ပြဆိုပါမည်။

အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်သည်

၅။ သိသင့်သိထိုက်သော အရာဌာနကိုမသိတတ်သော, မသိအောင် ဖုံးလွှမ်းပိတ်ကာ ထားတတ်သော တရားသည် "အဝိဇ္ဇာ"မည်၏၊ တရားကိုယ်မှာ အကုသိုလ်စိတ် ၁၂–ပါး၌ ယှဉ်သော မောဟစေတသိက်ပေတည်း။

ထို အဝိဇ္ဇာမည်သောမောဟသည် "ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ" ဟူသော သစ္စာ ၄–ပါးကိုလည်း မသိအောင် ဖုံးလွှမ်းတတ်သည်၊ အတိတ်ကဖြစ်ခဲ့သော ခန္ဓာ, အာယတန, ဓာတ်အဖို့အစုဟူသော "ပုဗ္ဗန္တ"၊ အနာဂတ်၌ဖြစ်မည့် ခန္ဓာ, အာယတန, ဓာတ်အဖို့အစုဟူသော "အပရန္တ"၊ အတိတ်ကဖြစ်ခဲ့သော ခန္ဓာ, အာယတန, ဓာတ်အဖို့အစုနှင့် အနာဂတ်၌ ဖြစ်မည့် ခန္ဓာ, အာယတန, ဓာတ်အဖို့အစုဟူသော ပုဗ္ဗန္တာပရန္တ၊ ဤတရား ၃–မျိုးကိုလည်း မသိအောင် ဖုံးလွှမ်းပိတ်ကာထားတတ်သည်၊ ပဋိစ္စသမုပ္ပာဒ်တရား သဘောကိုလည်း မသိအောင် ဖုံးလွှမ်းပိတ်ကာထားတတ်သည်။

ဤ ၈–ဌာနတို့နှင့် စပ်လျဉ်း၍ မသိမြင်ခြင်းမျိုးကိုသာ "အဝိဇ္ဇာ"ဟုခေါ်ရသည်၊ ဉာဏ်ကြီးရှင်တို့၏ အရာဖြစ်သော အချက်အလက်များကို ပိုင်ပိုင်နိုင်နိုင် မသိခြင်းမှာ "အဝိဇ္ဇာ" မဟုတ်ပါ၊ မိမိတို့၏ ဉာဏ်သတ္တိသည်ဖျင်းမှုမျှသာ ဖြစ်ပါသည်။

"ရုပ်, နာမ်"ဟူသော အကျိုး (သင်္ခတ)တရားကို ပြုပြင်စီမံတတ်သော လောကီကုသိုလ် အကုသိုလ်စေတနာကို "သင်္ခါရ"ဟုခေါ်သည်၊ ထိုသင်္ခါရသည်လည်း "ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ"ဟု ၃–ပါး ပြားသေးသည်၊ သင်္ခါရနှင့် အဘိသင်္ခါရသည် အနက်တူ၏။

http://www.dhammadownload.com

သခ်ါရပစ္စယာ–သခ်ါရဟူသော အကြောင်းကြောင့်၊ ဝိညာဏ်–လောကီသက်သက် ဝိပါက်တရား ၃၂–ပါးသော ဝိညာဉ်သည်၊ သမ္ဘဝတိ–ဖြစ်၏။

ထိုတွင် မဟာကုသိုလ်စိတ် ၈–ခု, ရူပကုသိုလ် ၅–ခု၌ ယှဉ်သော စေတနာ ၁၃–ပါးသည် "ပုညာဘိသခ်ါရ"မည်၏၊ အကုသိုလ်စိတ်၌ယှဉ်သော စေတနာ ၁၂–ပါးသည် "အပုညာဘိသခ်ါရ"မည်၏၊ အရူပကုသိုလ်၌ ယှဉ်သော စေတနာ ၄–ပါးသည် "အာနေဉ္ဇာဘိသခ်ါရ"မည်၏။

(ဤ၌ "အာနေဉ္ဇ"သဒ္ဒါသည် "မတုန်မလှုပ်"ဟူသောအနက်ကို ဟောသည်၊ အရူပစျာန်များသည် သမာဓိအားကောင်းလှသည့်အတွက် ဆန့်ကျင်ဘက်တရားတို့က ဘယ်လိုပင်လှုပ်ချောက်ချားအောင် ပြုလုပ်စေကာမူမတုန်လှုပ် မချောက်ချားတော့ပါ၊ မယိမ်းမယိုင် မြဲခိုင်တည်တံ့လှပါသည်၊ ထို့ကြောင့် "အာနေဉ္ဇ"ဟူသောအမည်ကို ရကြသည်။

အဝိဇ္ဇာ မကင်းသေးသော သူတို့သည် အဝိဇ္ဇာ၏ ဖုံးလွှမ်းပိတ်ကာထားမှုကြောင့် ယခုတွေ့ကြုံရမည့် ဆင်းရဲဒုက္ခ, ဘဝသံသရာ၌ တွေ့ကြုံရမည့် ဆင်းရဲဒုက္ခတို့ကို အမှန်အတိုင်း မမြင်နိုင်ကြသည့်အတွက် "အပုညာဘိသခ်ါရ"ခေါ်သော အကုသိုလ်များကိုလည်း ပြုလုပ်ကြသည်၊ "ပုညာဘိသခ်ါရ"ခေါ်သော ကုသိုလ်များကိုလည်း ပြုလုပ်ကြသည်၊ "အာနေဉ္ဇာဘိသခ်ါရ" ကုသိုလ်များကိုလည်း ပြုလုပ်ကြသည်၊ ဤသို့ သခ်ါရ ၃–ပါးသည်ပင်လျှင် အဝိဇ္ဇာကို အခြေခံ၍ ဖြစ်လာရသည်။

အဝိဇ္ဇာကင်းပြီးသော ရဟန္တာ အရှင်မြတ်များမူကားအရဟတ္တမဂ်ဖြင့် ပယ်ပြီးဖြစ်သည့်အတွက် အကုသိုလ်များကို မပြုလုပ်ကြတော့ပါ၊ "ဒါန, သီလ–စသော ကုသိုလ်ကောင်းမှုမျိုးကို မူကား ပြုလုပ်ကြပါသေးသည်၊ သို့သော် သူတို့ပြုလုပ်သမျှ ကုသိုလ်ကောင်းမှု အစုစုတို့သည် အဝိဇ္ဇာမရှိတော့သည့်အတွက် "ပုညာဘိသခ်ါရ"လည်း မဖြစ်တော့ပါ၊ "အာနေဉ္ဇာဘိ သခ်ါရ" လည်း မဖြစ်တော့ပါ၊ ကြိယာမျှသာ ဖြစ်ရပါတော့သည်။

သခ်ါရကြောင့် ဝိညာဉ်ဖြစ်သည်

ဤ၌ ဝိညာဉ်အရ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ထိုက်သည်အားလျော်စွာဖြစ်သော လောကီဝိပါက် ၃၂–ပါးကိုသာ ယူရသည်၊ ဝဋ်တရားတို့ကို ပြဆိုရာဖြစ်သောကြောင့် လောကုတ္တရာဝိပါက်များကို မယူရ။

ထိုတွင် ပုညာဘိသခ်ါရကြောင့် အဟိတ်ကုသလဝိပါက် ၈–ပါး, မဟာဝိပါက် ၈–ပါး, ရူပဝိပါက် ၅–ပါး၊ ပေါင်း ၂၁–ပါးသောဝိညာဉ်ဖြစ်သည်၊ အပုညာဘိသခ်ါရကြောင့် "အကုသလဝိပါက်"ဟု ဆိုအပ်သော ဝိညာဉ် ၇–ပါး ဖြစ်သည်၊ အာနေဉ္ဇာဘိသခ်ါရကြောင့် "အရူပဝိပါက်"ဟု ဆိုအပ်သော ဝိညာဉ် ၄–ပါးဖြစ်သည်၊ ကမ္မစတုက္ကကဆိုခဲ့ပြီးသည့်အတိုင်းပင် ဖြစ်သည်။

(အကြောင်းသခ်ါရ၌ ဥဒ္ဒစ္စစေတနာနှင့် အဘိညာဉ်စေတနာကို ကြဉ်ရမည်၊ အကျိုးသခ်ါရ၌ကား ကြဉ်ရန်မလိုပါ။)

http://www.dhammadownload.com

ဝိညာဏပစ္စယာ–ဝိညာဉ်ဟူသော အကြောင်းကြောင့်၊ နာမရူပံ–ဝိပါက်ယှဉ်ဘို, စေတသိက, ကမ္မဇဟု, နာမ်ရုပ်အစုသည်၊ သမ္ဘဝတိ–၏။

နာမရူပပစ္စယာ–နာမ်, ရုပ်, နာမ်ရုပ်ဟူသော အကြောင်းကြောင့်၊ သဠာယတနံ–အဂ္ဂါတ္တိကာယတန ၆–ပါး, ၆–ခုမြောက်သော မနာယတနတရားသည်၊ သမ္ဘဝတိ–၏။

ဝိညာဉ်ကြောင့် နာမ်,ရုပ် ဖြစ်သည်

ဤ၌လည်း ဝိညာဉ်အရ လောကီဝိပါက်ဝိညာဉ်ကိုပင် ယူရသည်၊ နာမရူပံ–အရ ထို ဝိပါက်ဝိညာဉ်၌ယှဉ်သော စေတသိက်နှင့် ကမ္မဇရုပ်များကိုသာ ယူရသည်၊ ဝိပါက်ဝိညာဉ်ကိုကား နာမ်အမည်ရပါသော်လည်း အကြောင်းအနေဖြင့် ယူပြီးဖြစ်သောကြောင့် မယူရတော့ပါ။

ပဋိသန္ဓေဝိညာဉ် ဖြစ်လာသည့်အခါ ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များလည်း အတူတကွဖြစ်လာကြသည်၊ ထိုတွင် ဝိညာဉ်သည် ရှေ့သွားခေါင်းဆောင်ဖြစ်သည်၊ ဝိညာဉ်ဖြစ်သည့် အတွက်သာ စေတသိက်နှင့် ကမ္မဇရုပ်များ ဖြစ်ကြရသည်၊ ဝိညာဉ်မဖြစ်က ဖြစ်နိုင်ဖွယ်ရာပင်မရှိပါ၊ ပဝတ္တိအခါ၌ဖြစ်သော စေတသိက်နှင့် ကမ္မဇရုပ်များသော်မှလည်း ပဋိသန္ဓေဝိညာဉ်နှင့် ကင်းကွာ၍ မဖြစ်နိုင်ကြပါ၊ ဤသည်ကိုပင် ရည်ရွယ်၍ ဋီကာဆရာကလည်း "တဒုဘယမ္ပိ ဣဓ ပဋိသန္ဓိဝိညာဏ သဟဂတန္တိ ဒဋ္ဌဗ္ဗံ"ဟု မိန့်ဆိုထားသည်။

ထို့ကြောင့် ဝိညာဉ်သည် နာမ်,ရုပ်ဖြစ်ဖို့ရန် အားကြီးသော အကြောင်းဖြစ်သည်၊ နာမ်,ရုပ်တို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၊ ဤနေရာ၌ ကင်း၍မဖြစ်နိုင်ခြင်း သဘောကိုပင် သုတ္တန်နည်းအားဖြင့် "ပကတူပနိဿယသတ္တိ"ဟု ဆိုထားပါသည်။

နာမ်,ရုပ်ကြောင့် သဠာယတန ဖြစ်သည်

ဤ၌လည်း နာမ,ရူပ–အရ မထူးတော့ပါ၊ ဆိုခဲ့ပြီးသော နာမ,ရူပများပင် ဖြစ်ကြသည်၊ "အဂ္ဂါတ္တိကာယတန ၆–ပါး"ဟူသည်ကား စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန–တို့ပင်တည်း။

မနာယတန–အရကိုလည်း စိတ်အကုန်လုံးကို မယူရ၊ လောကီဝိပါက် ၃၂–ပါးကိုသာ ယူရသည်၊ ဤအာယတန ၆–ပါးသည် ပဋ္ဌဝေါကာရဘုံ၌သာ အပြည့်အစုံ ရှိနိုင်သည်၊ အရူပဘုံ၌ကား ၆–ခုမြောက်ဖြစ်သော မနာယတနတစ်ခုသာ ရှိနိုင်သည်။

ထိုတွင် ပဋ္ဌဝေါကာရဘုံ၌ လောကီဝိပါက် နာမက္ခန္ဓာနှင့် ကမ္မဇရုပ်များ ဖြစ်လာသည့်အခါမှာ စေတသိက်နာမ်သည် ဝိပါက်ဝိညာဉ်တည်းဟူသော မနာယတနကိုသာ သဟဇာတပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်၊ အတူတကွဖြစ်စေသည်၊ ကမ္မဇရုပ်များ ဖြစ်သည့်အတွက်ကြောင့်ပင် "စက္ခာယတန"စသော အဂ္ဂါတ္တိကာယတန ၅–ပါးလည်း ဖြစ်လာရသည်၊ ကမ္မဇရုပ်များ မဖြစ်က ရုပ်အာယတန ၅–ပါးလည်း မဖြစ်နိုင်။

ထို့ပြင် နာမ်က ရုပ်အာယတနကိုလည်းကောင်း၊ ရုပ်က နာမ်အာယတနကိုလည်းကောင်း သုတ္တန် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြသည်၊ အတူတကွ ဖြစ်စေကြသည်၊ ဤသို့ ပဋ္ဌဝေါကာရဘုံဝယ် "နာမ်,ရုပ်"၂–ပါးလုံးက အာယတန ၆–ပါးကို ကျေးဇူးပြုနိုင်ကြသည်။

http://www.dhammadownload.com

သဋ္ဌာယတနပစ္စယာ–အာယတန ဖ–ပါးဟူသော အကြောင်းကြောင့်၊ ဖဿော–စက္ခုသမ္ဖဿ, စသည်ကွဲပြား, ဖ–ဒွါရဠဖြစ်သော ဖဿတရားသည်၊ သမ္ဘဝတိ–၏။

ဖဿပစ္စယာ–ဖဿဟူသော အကြောင်းကြောင့်၊ ဝေဒနာ–စက္ခုသမ္ဖဿဇာ, အစလာသည့်, ဒွါရစွမ်းအား, ဖ–ပါးပြားသော ဝေဒနာတရားသည်၊ သမ္ဘဝတိ–၏။

ထို့ပြင် ပဋ္ဌဝေါကာရဘုံ၌သော်မှလည်း ဝိပါက်ဝိညာဉ် မဖြစ်သည့်အခါမှာ ရုပ်ကသာ ရုပ်အာယတန ၅–ပါးကို ဖြစ်စေနိုင်သည်၊ အရူပဘုံ၌မူ နာမ်ကသာ မနာယတနကို ဖြစ်စေသည်၊ ထိုမနာယတနသည်လည်း အဇ္ဈတ္တိကာယတန ဖ–ပါးတို့တွင် ဖ–ခုမြောက် အာယတန ဖြစ်ပေသည်။

ထို့ကြောင့် "နာမရူပပစ္စယာ–နာမ်,ရုပ် နာမ်ရုပ်ဟူသော အကြောင်းကြောင့်၊ သဋ္ဌာယတန်–အဇ္ဈတ္တိကာယတန ဖ–ပါး, ဖ–ခုမြောက်သော မနာယတနတရားသည်၊ သမ္ဘဝတိ–ဖြစ်၏။" ဟု အနက်မြန်မာ ပြန်ဆိုရသည်။

သဋ္ဌာယတနကြောင့် ဖဿဖြစ်သည်

ဤ၌လည်း သဋ္ဌာယတန–အရ မထူးတော့ပါ၊ ဆိုခဲ့ပြီးသည့်အတိုင်းပင် ဖြစ်ပါသည်၊ "သမ္ဖဿ ဖ–ပါး "ဟူသည်ကား စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ–တို့ပေတည်း၊ ထိုတွင် စက္ခုပသာဒ၌မှီသော ဖဿသည် "စက္ခုသမ္ဖဿ"မည်၏၊ တရားကိုယ်မှာ စက္ခုဝိညာဉ်၌ယှဉ်သော ဖဿစေတသိက်ပင် ဖြစ်သည်၊ ထိုစက္ခုသမ္ဖဿသည် စက္ခာယတနမရှိလျှင် မဖြစ်နိုင်၊ စက္ခာယတနရှိမှသာဖြစ်နိုင်သည်၊ "သောတသမ္ဖဿ–စသည် ဖြစ်ပုံကိုလည်း နည်းမှီ၍ သိမြင်နိုင်လောက်ပါပြီ။

ဒွေးပဋ္ဌဝိညာဉ် ၁၀–ကြဉ်သော လောကီဝိပါက် ၂၂–ပါး၌ ယှဉ်သော ဖဿသည် "မနောသမ္ဖဿ" မည်၏၊ ထိုမနောသမ္ဖဿသည်လည်း မနာယတနမရှိလျှင် မဖြစ်နိုင်၊ မနာယတနရှိမှသာ ဖြစ်နိုင်သည်၊ ထို့ကြောင့် "အာယတန ဖ–ပါးကြောင့် ဖဿ ဖ–ပါး ဖြစ်သည်"ဟု ဆိုရသည်၊ တရားကိုယ်မှာ လောကီဝိပါက်၌ယှဉ်သော ဖဿ ၃၂–ပါးပင်တည်း၊ ဖဿနှင့် သမ္ဖဿသည် အနက်အားဖြင့် မထူးပါ။

ဖဿကြောင့် ဝေဒနာဖြစ်သည်

"ဖဿ"ဟူသော အတွေ့ဓာတ် မဖြစ်သမျှ "ဝေဒနာ"ဟူသော ခံစားမှုလည်း မဖြစ်နိုင်၊ "ဖဿ"ဟူသောအတွေ့ဓာတ် ဖြစ်ပေါ်လာလျှင် "ဝေဒနာ"ဟူသော ခံစားမှုလည်း ဖြစ်ပေါ်လာရသည်၊ ထို့ကြောင့် "ဖဿကြောင့် ဝေဒနာဖြစ်သည်"ဟု ဟောတော်မူသည်။

ထိုဝေဒနာသည်လည်း "စက္ခုသမ္ဖဿဇာဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ, ဃာနသမ္ဖဿဇာ ဝေဒနာ, ဇိဝှါသမ္ဖဿဇာ ဝေဒနာ, ကာယသမ္ဖဿဇာ ဝေဒနာ, မနောသမ္ဖဿဇာ ဝေဒနာ"ဟု ဒွါရ ဖ–ပါးနှင့် စပ်၍ ဖ–ပါးပင် ပြားသည်၊ ဖဿကြောင့်ဖြစ်သော ဝေဒနာကိုပင် "သမ္ဖဿဇာဝေဒနာ"ဟုခေါ်သည်၊ တရားကိုယ်မှာ လောကီဝိပါက် ၃၂–ခုဉ်ယှဉ်သော ဝေဒနာ စေတသိက်ပင် ဖြစ်သည်။

http://www.dhammadownload.com

ဝေဒနာပစ္စယာ–ဝေဒနာဟူသော အကြောင်းကြောင့်၊ တဏှာ–ကာမ ဘဝ, ဝိဘဝဟု, သုံးဝတဏှာ, အာကာသန္ဉာန်, မြောက်ပြန်ဆင့်ပွား, တစ်ရာ့ရှစ်ပါးသောတဏှာတရားသည်, သမ္ဘဝတိ–ဖြစ်၏။

နည်း ၂–မျိုး ပဋိစ္စသမုပ္ပာဒ် ဟောပုံသည် "အဘိဓမ္မာနည်း, သုတ္တန်နည်း"ဟု ၂–မျိုး ရှိသည်, စိတ်တစ်ခုယုတ်ကိုးဆယ်သည် ဝိညာဉ်မည်၏၊ စေတသိက် ဒွေးပညာသ, ရုပ် အဋ္ဌဝီသသည် နာမ်–ရုပ် မည်၏၊ စိတ်တစ်ခုယုတ်ကိုးဆယ်, ပသာဒရုပ် ၅–ခုသည် သဠာယတန မည်၏၊ စိတ်တစ်ခုယုတ်ကိုးဆယ်၌ရှိသော ဖဿစေတသိက်သည် ဖဿမည်၏၊ စိတ်တစ်ခုယုတ် ကိုးဆယ်၌ရှိသော ဝေဒနာစေတသိက်သည် ဝေဒနာမည်၏။

ဤသို့ အဘိဓမ္မာနည်းအားဖြင့် ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့၏ အရုကို အကြွင်းအကျန် မရှိအောင် ကောက်ရသည်၊ ဓာတုကထာအရကောက်၌ ဤအဘိဓမ္မာနည်း အလိုအားဖြင့် ကောက်ပြထားသည်၊ ဤနည်း၌ "အတိတ်အကြောင်း, ပစ္စုပ္ပန်အကျိုး"စသည် ခွဲရန်လည်း မလိုတော့ပါ။

သုတ္တန်နည်း အလိုအားဖြင့်မူကား "အတိတ်အကြောင်း, ပစ္စုပ္ပန်အကျိုး"စသည် ခွဲခြားရမည် ဖြစ်၍ "ဝိညာဉ်"စသည်တို့၏အရုကို လောကီဝိပါက်, ထိုဝိပါက်၌ယှဉ်သော စေတသိက်, ကမ္မဇရုပ် တို့ကိုသာထိုက်သည်အားလျော်စွာ ကောက်ယူရသည်၊ ဤအဘိဓမ္မတ္ထသင်္ဂဟ၌မူကား သုတ္တန်နည်း အလိုအားဖြင့်သာ ကောက်ရသည်၊ သို့မှလည်း ဖလပဉ္စကအရနှင့် ညီညွတ်ဖွယ်ရာ ရှိပါသည်။

ဆောင်။ ။ဝိဉ် နာမ၊ မန ဖဿ ဝေဒနာ၊
ခြွင်းမချန်–ကောက်ပြန်ဘိတယ်၊ နည်း ဘိဓမ္မာ၊
ဤ၌ကား–လောကီသာ၊ ဝိပါကာ ကောက်အပ်၊
သို့မှသာ–ပဉ္စကငယ်၊ ညီမျှ မချွတ်။

ဝေဒနာကြောင့် တဏှာဖြစ်သည်

ခံစားမှုဝေဒနာကို အကြောင်းပြု၍ တပ်မက်မှုတဏှာဖြစ်ပေါ်လာရသည်၊ ထိုတဏှာ သည်လည်း "ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ"ဟု ၃–ပါးရှိသည်။

ထိုတွင် အာရုံ ၆–ပါးကို သာယာတပ်မက်သော တဏှာသည် "ကာမတဏှာ"မည်၏၊ သဿတဒိဋ္ဌနှင့်တကွဖြစ်သော တဏှာသည် "ဘဝတဏှာ"မည်၏၊ ဥစ္ဆေဒဒိဋ္ဌနှင့်တကွဖြစ်သော တဏှာသည် "ဝိဘဝတဏှာ"မည်၏။

ထို ၃–ပါးတို့တွင်လည်း တစ်ပါးတစ်ပါးသည် "ရူပါရုံကို တပ်မက်တတ်သော ရူပတဏှာ, သဒ္ဒါရုံစသည်ကို တပ်မက်တတ်သော သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မာရုံကိုတပ်မက်တတ်သော ဓမ္မတဏှာ"ဟု ၆–မျိုးစီ ပြားပြန်သည်၊ ထို့ကြောင့် (၃x၆=) ၁၈–ပါး ဖြစ်လာရသည်။

တစ်ဖန် "အတိတ်တဏှာ, အနာဂတ်တဏှာ, ပစ္စုပ္ပန်တဏှာ"ဟု ၃–ပါးစီ ပြားပြန် သောကြောင့် (၁၈x၃=) ၅၄–ပါး ဖြစ်လာရသည်။

http://www.dhammadownload.com

တဏှာပစ္စယာ–တဏှာဟူသော အကြောင်းကြောင့်၊ ဥပါဒါန်–ကာမုပါဒါန, စသည် လေးပါး, ဥပါဒါန်တရားသည်၊ သမ္ဘဝတိ–၏။

ဥပါဒါနပစ္စယာ–ဥပါဒါန်ဟူသော အကြောင်းကြောင့်၊ ဘဝေါ–ကမ္မဘဝ, ဥပပတ္တိဘဝသည်၊ သမ္ဘဝတိ–၏။

တစ်ဖန် "အဇ္ဈတ္တတဏှာ, ဗဟိဒ္ဓတဏှာ"ဟု ၂–မျိုးစီ ပြားပြန်သောကြောင့် (၅၄x၂=) ၁၀၈–ပါးဖြစ်လာရသည်၊ တရားကိုယ်ကား လောဘမူဠ်ဖြစ်သော လောဘစေတသိက်ပင် ဖြစ်သည်။

ဆောင်။ ။ကာ ဘဝ၊ ဝိဘဝရယ်တဲ့ သုံးတဏှာ၊
ခြောက်အာရုံ–သုံးကာလငယ်၊ နှစ်ဝ သန္တာ၊
ရှေ့တည်သင့်–နောက်ဖြင့်သာ၊ မြောက်ယူပါ ဆက်လက်၊
ရှာရှစ်ဖြာ–တဏှာများငယ်၊ ဖြစ်ပွား ပေါ်ထွက်။

တဏှာကြောင့် ဥပါဒါန် ဖြစ်သည်

လွန်လွန်ကဲကဲ စွဲလမ်းမှုကို "ဥပါဒါန်" ခေါ်သည်၊ ယင်းဥပါဒါန်သည် "ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်"အားဖြင့် ၄–ပါး ပြားသည်၊ တရားကိုယ်အားဖြင့် တဏှာနှင့် ဒိဋ္ဌိသာတည်း။

တဏှာနှင့် ကာမုပါဒါန် အကြောင်းဖြစ်သော တဏှာနှင့် အကျိုးဖြစ်သော ကာမုပါဒါန်တို့၏ ထူးခြားပုံကို ဆက်ပြပါဦးမည်၊ အားသေးသော လိုချင်တပ်မက်မှုသည် "တဏှာ"မည်၏၊ အားကြီးသောလိုချင်တပ်မက်မှုသည် "ကာမုပါဒါန်"မည်၏၊ တစ်နည်းကား= တစ်စုံတစ်ခုသောအာရုံကို မရသေးခင် လိုချင်တောင့်တမှုသည် "တဏှာ"မည်၏၊ ရပြီးသည်နောက် စုံစုံမက်မက် နှစ်သက်စွဲလမ်းမှုသည် "ကာမုပါဒါန်"မည်၏။

တဏှာသည် အပ္ပိစ္ဆတာ(မလိုချင်မှု)၏ ဆန့်ကျင်ဘက်ဖြစ်သည်၊ ဥပါဒါန်သည် သန္တောသ (တင်းတိမ်ရောင့်ရဲမှု)၏ ဆန့်ကျင်ဘက်ဖြစ်သည်။

တဏှာသည် ရှာဖွေမှုကြောင့်ဖြစ်သော ဆင်းရဲဒုက္ခ၏ အကြောင်းရင်းဖြစ်သည်၊ ကာမုပါဒါန်သည် စောင့်ရှောက်ရခြင်းကြောင့်ဖြစ်သော ဆင်းရဲဒုက္ခ၏အကြောင်းရင်းဖြစ်သည်။

ဤသို့ အကြောင်းဖြစ်သော တဏှာနှင့် အကျိုးဖြစ်သော ကာမုပါဒါန်တို့ ထူးခြားကြသည်။

ဆောင်။ ။ဒုဗ္ဘလ၊ ဗလဝရယ်တဲ့ တစ်နည်းမှာ၊
မရခင်–လိုချင်မှုရယ်နဲ့၊ ရပြီးလျှင်–ခုံမင်မှုငယ်၊ တဏှုပါဒါ၊
အပ္ပိစ္ဆ–သန္တောသာ၊ ဆန့်ကျင်လာ စဉ်သင့်၊
ရှာဒုက္ခာ–အကြောင်းရင်းငယ်နဲ့၊ စောင့် ဒုက္ခာ–အကြောင်းရင်းတို့ကို၊
ရှင်းလင်း ခွဲဖွင့်။

ဥပါဒါန်ကြောင့် ဘဝဖြစ်သည်

ဘဝသည် "ကမ္မဘဝ, ဥပပတ္တိဘဝ"ဟု ၂–မျိုးရှိသည်၊ ထိုတွင် လောကီကုသိုလ် ၁၇၊ အကုသိုလ် ၁၂–ပွဲယှဉ်သောစေတနာ ၂၉–ပါးသည် "ကမ္မဘဝ"မည်၏၊ သခ်ါရနှင့် အရကောက်တူသည်။

http://www.dhammadownload.com

ဘဝပစ္စယာ–ကမ္မဘဝဟူသော အကြောင်းကြောင့်၊ ဇာတိ–လောကီဝိပါက ကမ္မဇဟု နာမ်ရုပ်အစုဏ၏ ဥပါဒ်ခြင်းသည်၊ သမ္ဘဝတိ–ဏ၏။

ဇာတိပစ္စယာ–ဇာတိဟူသော အကြောင်းကြောင့်၊ ဇရာမရဏံ–ဇရာမရဏာသည် လည်းကောင်း၊ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ–ဝမ်းနည်းခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာပင်ပန်းခြင်းတို့သည်လည်းကောင်း၊ သမ္ဘဝန္တိ–ဖြစ်ကုန်၏။

ထိုကဲ့ကြောင့်ဖြစ်သော လောကီဝိပါက်စိတ်, စေတသိက်, ကမ္မဇရုပ်များသည် "ဥပပတ္တိဘဝ" မည်၏၊ ဤဥပပတ္တိဘဝအပြားကို ဓာတုကထာအရကောက်၌ တွေ့ရပါလိမ့်မည်။

သန်ဒါရနှင့် ကမ္မဘဝ

"အရကောက်တူပါလျှင် သန်ဒါရနှင့်ကမ္မဘဝတို့ အဘယ်သို့ ထူးခြားပါသနည်း?"ဟု တွေးတောစဉ်းစားဖွယ်ရာ ရှိပါသည်၊ ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးဖို့ရန်အတိတ်ဘဝကဖြစ်ခဲ့သော စေတနာသည် "သန်ဒါရ"မည်၏။ (အဝိဇ္ဇာ သန်ဒါရာ အတိတော အဒ္ဓါ။)

အနာဂတ်ဘဝ၌ အကျိုးပေးဖို့ရန် ပစ္စုပ္ပန်ဘဝ၌ ဖြစ်သော စေတနာသည် "ကမ္မဘဝ" မည်၏။ (မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ။)

သန်ဒါရနှင့် ကမ္မဘဝတို့ ဤသို့ ထူးခြားကြသည်။

ဆောင်။ ။ အတိတ်မှာ၊ ဖြစ်ခဲ့သည့် စေတနာကိုလ၊ သန်ဒါ မှတ်ကြ၊
ပစ္စုပ္ပန်၊ ဖြစ်နေသည့် စေတနာမှန်လျှင်တော့၊ ကမ္မ ဘဝ။

ဘဝကြောင့် ဇာတိဖြစ်သည်

ကုသိုလ်ကံ အကုသိုလ်ကံကသာ ဇာတိကို ဖြစ်စေနိုင်သည်၊ ထို့ကြောင့် ဘဝပစ္စယာ၌ ဘဝအရ ကမ္မဘဝကိုသာယူရသည်၊ ဥပပတ္တိဘဝကိုမယူရ၊ ထို့ပြင် ဇာတိအရကိုလည်း လောကီဝိပါက်စိတ်, စေတသိက်, ကမ္မဇရုပ်တို့၏ ဖြစ်ခြင်း ဥပါဒ်ကိုသာ ယူရသည်၊ ဓာတုကထာ၌ကဲ့သို့ ရုပ်နာမ် အားလုံးတို့၏ ဥပါဒ်ကို မယူရ။

ဇာတိကြောင့် ဇရာမရဏာဖြစ်သည်၊ ဝမ်းနည်းခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာပင်ပန်းခြင်းတို့လည်း ဖြစ်သည်။

လောကီဝိပါက်စိတ်, စေတသိက်, ကမ္မဇရုပ်တို့၏ ရင့်ခြင်း ဌိသည် "ဇရာ" မည်၏၊ ပျက်ခြင်းဘင်သည် "မရဏာ" မည်၏၊ ဝမ်းနည်းခြင်းသည် "သောက"မည်၏၊ တရားကိုယ်မှာ ဒေါသမူဒွေးဥ်ရှိသော ဒေါမနဿဝေဒနာဖြစ်သည်၊ တစ်စုံတစ်ရာပျက်စီးဆုံးရှုံးမှုကြောင့် တမ်းတငိုကြွေးခြင်းသည် "ပရိဒေဝ"မည်၏၊ တရားကိုယ်မှာ စိတ္တဇဝိပလ္လာသသဒ္ဒရုပ် ဖြစ်သည်၊ ကိုယ်ဆင်းရဲမှုသည် "ဒုက္ခ"မည်၏၊ တရားကိုယ်မှာ ဒုက္ခသဟဂုတ် ကာယဝိညာဉ်၌ယှဉ်သော ဝေဒနာစေတသိက် ဖြစ်သည်၊ စိတ်ဆင်းရဲမှု နှလုံးမသာယာမှုသည် "ဒေါမနဿ"မည်၏၊ တရားကိုယ်မှာ ဒေါသမူဒွေးဥ် ရှိသော ဝေဒနာစေတသိက် ဖြစ်သည်၊ သောကပရိဒေဝတို့ထက် လွန်ကဲလျက်

http://www.dhammadownload.com

ဧဝံ-ဤ "အဝိဇ္ဇာ"အစရှိသော အကြောင်းတို့ကြောင့်သာ၊ ကေဝလဿ-ချမ်းသာမဖက် သက်သက်သော၊ ဝါ-အလုံးစုံသော၊ ဧတဿ ဒုက္ခက္ခန္ဓဿ-ဤဒုက္ခစုဏ်၊ သမုဒယော-ဖြစ်ပုံသည်၊ ဟောတိ-ထင်ရှား၏။

အယံ-ဤသည်ကား၊ ဧတ္ထ-ဤပစ္စယသင်္ဂဟ၌၊ ပဋိစ္စသမုပ္ပာဒနယော-ပဋိစ္စသမုပ္ပာဒ်နည်းတည်း။

၅။ တတ္ထ-ထိုပဋိစ္စသမုပ္ပာဒ်၌၊ တယော- ၃-ပါးကုန်သော၊ အဒ္ဓါ-ကာလတို့ကိုလည်းကောင်း၊ ဒွါဒသ- ၁၂-ပါးကုန်သော၊ အင်္ဂါနိ-အင်္ဂါတို့ကိုလည်းကောင်း၊ ဝီသတိ-၂၀-သော၊ အာကာရာ-အပြားတို့ကိုလည်းကောင်း၊ တိသန္ဓိ- ၃-ပါးသော အစပ်ကို

အသံမျှမထွက်နိုင်အောင် ရှိုက်ကြီးတင်ဖြစ်ကာ အတွင်းဆွေးဆွေးခြင်းသည် "ဥပါယာသ" မည်၏၊ တရားကိုယ်မှာ ဒေါသမူဒွေးဒွဲယှဉ်သော ဒေါသစေတသိက် ဖြစ်သည်။ (ဥပ-လွန်စွာ+အာယာသ-ပင်ပန်းခြင်း။)

ထူးခြားချက် သောက ပရိဒေဝ ဥပါယာသတို့၏ ထူးခြားပုံကို အိုးဖြင့် ဆီချက်သည်နှင့် နှိုင်းယှဉ်ပြကြသည်၊ ထိုတွင် ဝမ်းနည်းခြင်း=သောကသည် အိုးအတွင်းမှာ ဆီကျက်နေခြင်းနှင့်တူသည်၊ ငိုသံထွက်ခြင်း=ပရိဒေဝသည် ကျက်အားကြီး၍ ဆီများဝေလျှံတက်ခြင်းနှင့်တူသည်၊ အတွင်းဆွေးဆွေးကာ လွန်စွာပူလောင်ခြင်း=ဥပါယာသသည် ဝေလျှံပြီးနောက် ကျန်ရစ်သောဆီများ၏ ကုန်ခန်းသွားအောင်ကျက်ခြင်းနှင့် တူသည်။

ဆောင်။ ။ အိုးအတွင်း၊ ဆီကျက်ခြင်း တစ်ဖြာ၊
နောက်တစ်ဖန်-အလွန်ကျက်လို့ရယ်၊ လျှံတက် ဝေပါ၊
ကုန်အောင်ကျက်-ဤသုံးဖြာ၊ စဉ်တိုင်းသာ နှိုင်းညှိ၊
တူ သောကာ- ပရိ ဥငယ်၊ ထူးမူ မှတ်သိ။

ပါဠိတော် နိဂုံး "ဧဝမေတဿ။ ပ ။ သမုဒယော ဟောတိ" ဟူသော စကားရပ်သည် ပဋိစ္စသမုပ္ပာဒ်ကို နိဂုံးအုပ်သော စကားရပ်ဖြစ်သည်၊ "ဤ 'အဝိဇ္ဇာ' အစရှိသော အကြောင်းတို့ကြောင့်သာ ချမ်းသာမဖက်ဆင်းရဲစု သက်သက်၏ဖြစ်ခြင်း ထင်ရှားပါသည်၊ ဗြဟ္မာ, ဗိဿဏှိုး, တန်ခိုးကြီးမား နတ်ဘုရားတို့ ဖန်ဆင်းသည့်အတွက် ဖြစ်ရသည် မဟုတ်ပါ၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား , မိန်းမ၏ ဖြစ်ခြင်းလည်း မဟုတ်ပါ၊ ဒုက္ခအစုဏ်၏ ဖြစ်ခြင်းမျှသာ ဖြစ်ပါသည်"ဟု ဆိုလိုသည်။

သိမှတ်ဖွယ်ရာ ဥပဒေသ

၅။ ပဋိစ္စသမုပ္ပာဒ်နည်းဝယ် သိမှတ်ဖွယ်ရာများကို ဆက်လက်ပြလိုသောကြောင့် "တတ္ထ တယော အဒ္ဓါ"စသော အကျဉ်းဥဒ္ဒေသ ခေါင်းစဉ်မာတိကာကို ဆိုသည်။

"ကာလ ၃-ပါး၊ အင်္ဂါ ၁၂-ပါး၊ အပြား ၂၀၊ အစပ် ၃-ပါး၊ အဖို့အစု ၄-ပါး၊ ဝဋ် ၃-ပါး၊ မူလ ၂-ပါးတို့ဖြင့် ပဋိစ္စသမုပ္ပာဒ်နည်းကို ခွဲစိတ်ဝေဖန်၍ သိသင့်သေးသည်၊ သိအောင် ကြိုးစားအားထုတ်ရမည်"ဟု ဆိုလိုသည်။

http://www.dhammadownload.com

လည်းကောင်း၊ စတုသခ်ေပါ–၄–ပါးသောအဖို့အစုတို့ကိုလည်းကောင်း၊ တိဏ်ိ– ၃–ပါး ကုန်သော၊ ဝဋ္ဌာနိ–ဝဋ်တို့ကိုလည်းကောင်း၊ ဒွေ– ၂–ပါးကုန်သော၊ မူလာနိ စ–မူလတို့ကို လည်းကောင်း၊ ဝေဒိတဗ္ဗာနိ–သိထိုက်ကုန်၏။

၆။ ကထံ–အဘယ်သို့ သိအပ်ကုန်သနည်း?။

အဝိဇ္ဇာသခ်ါရာ–အဝိဇ္ဇာ သခ်ါရတို့သည်၊ အတီတော–အတိတ်ဘဝဟူသော၊ အဒ္ဓါ–ကာလမည်၏၊ ဏတိဇရာမရဏံ–ဇာတိဇရာမရဏသည်၊ အနာဂတော–အနာဂတ်ဟူသော၊ အဒ္ဓါ–၏၊ မဇ္ဈေ–အလယ်၌၊ အဋ္ဌ–(ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝဟုဆိုအပ်သော) ၈–ပါးသော တရားတို့သည်၊ ပစ္စုပ္ပန္နော–ပစ္စုပ္ပန်ဘဝ ဟူသော၊ အဒ္ဓါ–၏၊ ဣတိ–သို့၊ တယော– ၃–ပါးကုန်သော၊ အဒ္ဓါ–ကာလတို့ကို၊ ဝေဒိတဗ္ဗာ–သိထိုက်ကုန်၏။

၆။ ဆိုခဲ့ပြီးသော အကျဉ်းဥဒ္ဒေသ မာတိကာ၏ အကျယ်ဝိတ္ထာရကို ပြလိုသောကြောင့် "ကထံ အဝိဇ္ဇာ သခ်ါရာ။ ပ ။ ဝေဒိတဗ္ဗာနိ"ဟူသော စကားရပ်ကို ဆိုတော်မူသည်။

ကာလ ၃–ပါး

အဝိဇ္ဇာသခ်ါရတို့သည် အတိတ်ကာလ မည်၏၊ ဇာတိဇရာမရဏသည် အနာဂတ်ကာလ မည်၏၊ အလယ်၌ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ တို့သည် ပစ္စုပ္ပန်ကာလမည်၏၊ ဤသို့ ကာလဖြင့်ခွဲစိတ်ဝေဖန်၍ နားလည်ရမည်။

ထိုတွင် ကာလဟူသည် ထင်ရှားရှိသည်မဟုတ်၊ ပညတ်သဘောမျှသာဖြစ်သည်၊ ထို့ကြောင့် ကာလ၌ဖြစ်သော တရားတို့ကိုသာ ဌာနူပစာအားဖြင့် "အတိတ်ကာလ"စသည်ဖြင့် အမည်တပ်၍ ကောက်ယူရသည်၊ ဌာနကို ဆိုထားပါလျက် ဌာနီကို ယူရသည်ကိုပင် "ဌာနူပစာ"ဟု ခေါ်သည်။

ဤပဋိစ္စသမုပ္ပာဒ်ဝယ် အတိတ်ဘဝ၌ အကျုံးဝင်သော "အဝိဇ္ဇာ"အစရှိသော အကြောင်း တို့ကိုသာ အလိုရှိထိုက်သည်၊ ပစ္စုပ္ပန်ဘဝ၌ အကျုံးဝင်သော အကြောင်းတို့ကို အလိုမရှိထိုက်၊ ထို့ကြောင့် အဝိဇ္ဇာနှင့်သခ်ါရတို့သည် အတိတ်ကာလမည်ရသည်။

ပစ္စုပ္ပန်ဘဝ၌ အကျုံးဝင်သော "တဏှာ,ဥပါဒါန်"အစရှိသော အကြောင်းကြောင့် အနာဂတ်၌ ဖြစ်ရခြင်းကြောင့် ဇာတိ,ဇရာ,မရဏသည် အနာဂတ်ကာလမည်ရသည်။

အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်ဘဝ၌ဖြစ်သော အကျိုး၏ အဖြစ်ကြောင့်လည်းကောင်း, အနာဂတ်အကျိုး၏ ပစ္စုပ္ပန်အကြောင်း ဖြစ်သောကြောင့်လည်းကောင်း "ဝိညာဉ်"အစရှိသော အလယ် ၈–ပါးသည် ပစ္စုပ္ပန်ကာလမည်ရသည်၊ ထို ၈–ပါးတို့တွင် ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ–တို့သည် ပစ္စုပ္ပန်အကျိုးများ ဖြစ်ကြသည်၊ တဏှာ, ဥပါဒါန်, ကမ္မဘဝတို့သည် ပစ္စုပ္ပန်အကြောင်းများ ဖြစ်ကြသည်။

http://www.dhammadownload.com

၇။ အဝိဇ္ဇာ–အဝိဇ္ဇာလည်းကောင်း၊ သင်္ခါရာ–သင်္ခါရတို့လည်းကောင်း။ ပ ။ ဇာတိ–ဇာတိလည်းကောင်း၊ ဇရာမရဏ–ဇရာမရဏလည်းကောင်း၊ ကျတိ–သို့၊ ဒွါဒသ–၁၂–ပါး ကုန်သော၊ အင်္ဂါနိ–အင်္ဂါတို့ကို၊ ဝေဒိတဗ္ဗာနိ–သိထိုက်ကုန်၏။

၈။ ပန–ဆက်ဦးအံ့၊ ဇတ္ထ–ဤပဋိစ္စသမုပ္ပာဒ်ပါဠိ၌၊ သောကာဒိဝစနံ–သောက အစရှိသော သဒ္ဒါသည်၊ နိဿန္ဒဖလနိဒဿနံ–ဇာတိအတွက် အဆက်ဆက်အကျိုးကို ပြခြင်းမျှသာတည်း။

၉။ ပန–ကား၊ ဇတ္ထ–ဤပဋိစ္စသမုပ္ပာဒ်၌၊ အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန–အဝိဇ္ဇာ သင်္ခါရတို့ကို ယူသဖြင့်၊ တဏှုပါဒါနဘဝါပိ–တဏှာ, ဥပါဒါန်, ကမ္မဘဝတို့သည်လည်း၊ ဂဟိတာ–ယူအပ်ကုန်သည်၊ ဘဝန္တိ–ဖြစ်ကုန်၏၊ တထာ–ထို့အတူ၊ တဏှုပါဒါနဘဝဂ္ဂ

အင်္ဂါ ၁၂–ပါး

၇။ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ၊ ဤအင်္ဂါ ၁၂–ရပ်ဖြင့်လည်း ပဋိစ္စသမုပ္ပာဒ်ကို နားလည်ထားရမည်။

ထိုတွင် "အင်္ဂါ"ဟူသည် မပါလျှင်မပြီး အရေးကြီးသော အစိတ်အပိုင်းများပင် ဖြစ်သည်၊ ယင်းအစိတ်အပိုင်း တစ်ခုခု ပျက်စီးပါက ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်လည်း အလည်ရပ်ရပေလိမ့်မည်။

ဇရာမရဏတို့သည် သတ္တဝါတိုင်းမှာ ဖြစ်ကြရသည်၊ ဇရာမရဏမဖြစ်သော သတ္တဝါဟူ၍ မရှိ၊ ထို့ကြောင့် ဇရာမရဏတို့သည် ဇာတိ၏ မုချအကျိုးရင်း ဖြစ်သည်၊ ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်၌ အရေးကြီးသော အစိတ်အပိုင်း တစ်ခုအနေဖြင့် ပါဝင်ခွင့်ရှိသည်။

ဇာတိ၏ အကျိုးဆက်

၈။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့မူကား သတ္တဝါတိုင်းမှာ ဖြစ်ကြသည် မဟုတ်ပါ၊ အချို့နတ်,လူများနှင့် ဗြဟ္မာများမှာ "သောက"စသည်တို့ ဖြစ်ပင်မဖြစ်နိုင်ပါ၊ ထို့ကြောင့် "သောက"စသည်တို့သည် ဇာတိ၏ မုချအကျိုးရင်း မဟုတ်ကြ၊ ဆက်သွယ်၍ ဖြစ်ဖွယ်ရာရှိသော အကျိုးဆက်မျှသာ ဖြစ်ကြသည်၊ ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်၌ မပါလျှင်မပြီး အရေးကြီးသော အစိတ်အပိုင်းအနေဖြင့် ပါဝင်ခွင့်လည်း မရှိတော့ပါ။

အပြား–၂၀၊ ၃–သွယ်အစပ် ၄–ရပ်အဖို့

၉။ အပြား–၂၀, ၃–သွယ်အစပ်, ၄–ရပ်သော အဖို့အစုတို့ကို ပြလိုသောကြောင့် "အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန ။ ပ ။ စတုသန္ဓေပါ စ ဘဝန္တိ"ဟူသော စကားရပ်ကို မိန့်ဆိုရသည်။

ထိုတွင် "အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန ။ ပ ။ ကျတိ ကတွာ"ဟူသော စကားရပ်သည် အတိတ်အကြောင်း ၅–ပါး, ပစ္စုပ္ပန်အကျိုး ၅–ပါး, ပစ္စုပ္ပန်အကြောင်း ၅–ပါး, အနာဂတ်အကျိုး ၅–ပါး ဖြစ်ပေါ်လာပုံကိုပြသော အခြေခံစကားရပ် ဖြစ်သည်။

http://www.dhammadownload.com

ဟဏော်နေ စ–တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကို ယူသဖြင့်လည်း၊ အဝိဇ္ဇာသင်္ခါရာ–အဝိဇ္ဇာသင်္ခါရတို့သည်၊ ဂဟိတာ–ကုန်သည်၊ ဘဝန္တိ–ကုန်၏၊ ဇာတိဇရာ မရဏဂဟဏော်နေစ–ဇာတိ ဇရာ မရဏတို့ကို ယူသဖြင့်လည်း၊ ဝိညာဏာဒိ ဖလပဋ္ဌကမေဝ–ဝိညာဉ်အစရှိသော အကျိုး ၅–ပါး အပေါင်းကိုသာလျှင်၊ ဂဟိတံ–ယူအပ်၏၊ ဣတိကတွာ–ဤအကြောင်းကြောင့်–

အဝိဇ္ဇာနှင့် သင်္ခါရကို ယူသဖြင့် တဏှာဥပါဒါန် ကမ္မဘဝတို့ကိုလည်း ယူပြီးဖြစ်သည်။

"အဝိဇ္ဇာသင်္ခါရာ အတီတော အဒ္ဓါ"ဟု အတိတ်ကာလအရ အဝိဇ္ဇာသင်္ခါရတို့ကို ယူခဲ့သည်၊ ထိုတွင် အဝိဇ္ဇာသည် ကိလေသာဒ္ဒ်ပါဝင်သည်၊ ကိလေသဝဋ်ဖြစ်သည်၊ တဏှာနှင့် ဥပါဒါန်တို့သည်လည်း ကိလေသဝဋ်ဒ္ဒ်ပင် ဖြစ်သည်၊ ထိုသို့ ကိလေသဝဋ်ချင်း တူသောကြောင့် အဝိဇ္ဇာကို ယူသဖြင့် တဏှာနှင့် ဥပါဒါန်တို့ကို ယူပြီးဖြစ်တော့သည်၊ ထိုပြင် သင်္ခါရသည် ကမ္မဝဋ်ဖြစ်သည်၊ ကမ္မဘဝလည်း ကမ္မဝဋ်ပင်ဖြစ်သည်၊ ထိုသို့ ကမ္မဝဋ်ချင်း တူသောကြောင့် သင်္ခါရကို ယူလိုက်သဖြင့် ကမ္မဘဝကိုလည်း ယူပြီးဖြစ်တော့သည်၊ ဤသို့လျှင် "အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ"ဟု အတိတ်အကြောင်း ၅–ပါးဖြစ်သည်။

ဆောင်။　။ ကိလေဝဋ်၊ တူမျှလတ် တဏှုပါ၊
အဝိဇ္ဇာ–ယူလိုက်ကလျှင်၊ တကွ ပါလာ၊
ကမ္မဝဋ်–တူမျှပါ၊ သင်္ခါရာ ယူထား၊
ကမ္မဆို–ထိုဘဝငယ်၊ မုချ ပါသွား။

သင်္ခါရနှင့် ကမ္မဘဝ

အဝိဇ္ဇာပစ္စယာ သင်္ခါရာဒ္ဒ် သင်္ခါရ၏ အရုန်ဉ ဥပါဒါနပစ္စယာ ဘဝေါဒ္ဒ် ကမ္မဘဝ၏ အရတို့သည် စေတနာချင်း တူသော်လည်း "အတိတ်စေတနာ, ပစ္စုပ္ပန်စေတနာ"ဟု ကွဲပြားကြသဖြင့် ထူးခြားကြကြောင်းကို ဆိုခဲ့ပါပြီ၊ ဤနေရာဒ္ဒ်ကား အတိတ်အကြောင်း ၅–ပါးတွင် သင်္ခါရနှင့်ကမ္မဘဝတို့ကို ပေါင်းစုယူထားသဖြင့် "ကာလကွဲပြားမှုရှိသည်"ဟု မဆိုနိုင်တော့ပါ၊ သို့ဖြစ်၍ "သင်္ခါရနှင့်ကမ္မဘဝတို့ အဘယ်ပုံ ထူးခြားသနည်း? "ဟု စဉ်းစားဖွယ် ရှိလာပြန်သည်။

ထိုထို ကုသိုလ်ကံ, အကုသိုလ်ကံကို ပြုလုပ်ရာဒ္ဒ် အထမမြောက်မီ ရှေ့အဖို့ဒ္ဒ်ဖြစ်သော ပုဗ္ဗစေတနာသည် "သင်္ခါရ" မည်၏၊ အထမြောက်သော မုဉ္စစေတနာသည် "ကမ္မဘဝ" မည်၏။

တစ်နည်းကား= ဇော ၇–ကြိမ်တို့တွင် ရှေ့ဇော ၆–ကြိမ်ဒ္ဒ်ယှဉ်သော စေတနာသည် "သင်္ခါရ" မည်၏၊ သတ္တမဇောဒ္ဒ်ယှဉ်သော စေတနာသည် "ကမ္မဘဝ"မည်၏။

တစ်နည်းကား= စေတနာနှင့်ယှဉ်သော စိတ်, စေတသိက်သည် "သင်္ခါရ"မည်၏၊ စေတနာဟူသမျှသည် "ကမ္မဘဝ"မည်၏၊ ဤသို့ ထိုထို ပါဠိတော်အားလျော်စွာ ကောက်ယူလိုက်ပါက ဤနေရာဒ္ဒ်လည်း သင်္ခါရနှင့်ကမ္မဘဝတို့ ထူးခြားကွဲပြားကြသည်သာ။

http://www.dhammadownload.com

၁၀။ အတီတေ-အတိတ်ဘဝ၌၊ ပဋ္ဌ- ၅-ပါးကုန်သော၊ ဟေတဝေါ-အကြောင်းတို့ လည်းကောင်း၊ ဣဒါနိ-ဤပစ္စုပ္ပန်ဘဝ၌၊ ဖလပဋ္ဌကံ-အကျိုး ၅-ပါးအပေါင်းလည်း ကောင်း၊ ဣဒါနိ-ဤပစ္စုပ္ပန်ဘဝ၌၊ ပဋ္ဌ- ၅-ပါးကုန်သော၊ ဟေတဝေါ-အကြောင်းတို့ လည်းကောင်း၊ အာယတိ-နောင်အနာဂတ်ဘဝ၌၊ ဖလပဋ္ဌကံ-အကျိုး ၅-ပါးအပေါင်း လည်းကောင်း၊ ဣတိ-ဤသို့၊ ဝိသတိ-၂၀-သော၊ အာကာရာ-အပြားတို့သည် လည်းကောင်း၊ တိသန္ဓိ- ၃-ပါးသော အစပ်သည်လည်းကောင်း၊ စတုသန္ဓံပါ- ၄-ပါး သော အဖို့အစုတို့သည်လည်းကောင်း၊ ဘဝန္တိ-ဖြစ်ကုန်၏။

ဆောင်။ ။ ရှေးပုဗ္ဗ၊ မုဠ္ဆရယ်တဲ့ စေတနာ၊
ဧောခြောက်ကြိမ်-သတ္တမဝယ်၊ ယှဉ်ကြ တစ်ဖြာ၊
စိတ္တုပ္ပာဒ်-စေတနာ၊ သီးသီးသာ ခွဲထား၊
ရှေးရှေးလာ-သန်ဓိရယ်နှင့်၊ နောက်နောက်မှာ-ကံဘဝငယ်၊
ကျန ပိုင်းခြား။

ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကား ပစ္စုပ္ပန်ဘဝအကျိုး ၅-ပါး တို့တည်း၊ ဤအကျိုး ၅-ပါးလုံးပင် ပဋိစ္စသမုပ္ပာဒ်ပါဠိ၌ တိုက်ရိုက်လာရှိသည်။

တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကို ယူသဖြင့် အဝိဇ္ဇာ, သန်ဓိရတို့ကိုလည်း ယူပြီးဖြစ် တော့သည်။

ပစ္စုပ္ပန်ကာလ၌ "တဏှာ, ဥပါဒါန်, ကမ္မဘဝ"ဟူသော အကြောင်း ၃-ခုသာ ပါရှိသည်၊ ယင်း ၃-ပါးကို ယူလိုက်သဖြင့် ထိုက်သည်အားလျော်စွာ ကိလေသဝဋ်ချင်း ကမ္မဝဋ်ချင်း တူသောကြောင့် အဝိဇ္ဇာ, သန်ဓိရတို့ကိုလည်း ယူပြီးဖြစ်တော့သည်၊ ဤသို့လျှင် ပစ္စုပ္ပန်ဘဝ၌ "တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သန်ဓိရ"ဟု အကြောင်း ၅-ပါး ဖြစ်ပြန်သည်။

ဧာတိ, ဇရာ, မရဏတို့ကို ယူသဖြင့် "ဝိညာဉ်"အစရှိသော အကျိုး ၅-ပါး အပေါင်းကိုလည်း ယူပြီးဖြစ်တော့သည်။

ဧာတိ, ဇရာ, မရဏတို့မှာ တရားကိုယ် သီးခြားမရှိ၊ "ဝိညာဉ်"စသည်တို့၏ ဥပါဒ်, ဌိ, ဘင်မျှသာဖြစ်သည်၊ ထို့ကြောင့် "ဧာတိ ဇရာမရဏံ အနာဂတော အဒ္ဓါ"၌ အနာဂတ်ကာလအရ ဧာတိ ဇရာ မရဏတို့ကို ယူလိုက်သဖြင့် "ဝိညာဉ်"အစရှိသော အကျိုး ၅-ပါးကိုလည်း ယူပြီးပင် ဖြစ်တော့သည်၊ ဤသို့လျှင် အနာဂတ်ဘဝ၌ "ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ" ဟု အကျိုး ၅-ပါး ဖြစ်ပြန်သည်။

အပြား ၂၀

၁၀။ ထို့ကြောင့် အတိတ်ဘဝ၌ "အဝိဇ္ဇာ, သန်ဓိရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ"ဟု အကြောင်း ၅-ပါး။

ပစ္စုပ္ပန်ဘဝ၌ "ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ"ဟု အကျိုး ၅-ပါး၊ "တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သန်ဓိရ"ဟု အကြောင်း ၅-ပါး။

http://www.dhammadownload.com

၁၁။ စ–အဖို့တစ်ပါးကား၊ အဝိဇ္ဇာတဏှုပါဒါနာ–အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည်၊ ကိလေသဝဋ်–ကိလေသဝဋ် မည်၏၊ ကမ္မဘဝသခ်ၤါတော–ကမ္မဘဝဟု ဆိုအပ်သော၊ ဘဝေကဒေသော–ဘဝတစ်စိတ်သည်လည်းကောင်း၊ သခ်ၤါရာစ–သခ်ၤါရတို့သည်လည်းကောင်း၊ ကမ္မဝဋ်–ကမ္မဝဋ်မည်၏၊ ဥပပတ္တိဘဝသခ်ၤါတော–ဥပပတ္တိဘဝဟု ဆိုအပ်သော၊ ဘဝေကဒေသော–ဘဝတစ်စိတ်သည်လည်းကောင်း၊ အဝသေသာ စ–ကြွင်းကျန်သော ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာမရဏတို့သည်လည်းကောင်း၊ ဝိပါကဝဋ်–ဝိပါကဝဋ်မည်၏၊ ဣတိ–ဤသို့၊ တီဏိ– ၃–ပါးကုန်သော၊ ဝဋ္ဋာနိ–ဝဋ်တို့ကို၊ ဝေဒိတဗ္ဗာနိ–သိထိုက်ကုန်၏။

၁၂။ အဝိဇ္ဇာတဏှာဝသေန–အဝိဇ္ဇာတဏှာတို့၏ အပြားအားဖြင့်၊ ဒွေ– ၂–ပါးကုန်သော၊ မူလာနိ စ–မူလတို့ကိုလည်း၊ ဝေဒိတဗ္ဗာနိ–သိထိုက်ကုန်၏။

အနာဂတ်ဘဝ၌ "ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ"ဟု အကျိုး ၅–ပါး။

ဤသို့အားဖြင့် အပြား ၂၀–ဖြစ်သည်၊ ယင်းအပြား ၂၀–ကိုပင် "အခြင်းအရာ ၂၀" ဟုလည်း ခေါ်ကြသေးသည်။

သုံးသွယ် အစပ် အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုး တစ်စပ်၊ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း တစ်စပ်၊ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုး တစ်စပ်၊ ဤသို့ အစပ် ၃–ပါးဖြစ်သည်။

လေးရပ် အဖို့ "အတိတ်အကြောင်း တစ်ဖို့, ပစ္စုပ္ပန်အကျိုး တစ်ဖို့, ပစ္စုပ္ပန်အကြောင်း တစ်ဖို့, အနာဂတ်အကျိုး တစ်ဖို့"အားဖြင့် ၄–ဖို့ ၄–ပုံဖြစ်သည်၊ "အလွှာ ၄–ပါး"ဟုလည်း ခေါ်ကြပါသေးသည်။

ဝဋ် ၃–ပါး

၁၁။ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည် "ကိလေသဝဋ်" မည်၏၊ ကမ္မဘဝနှင့်သခ်ၤါရတို့သည် "ကမ္မဝဋ်" မည်၏၊ ဥပပတ္တိဘဝ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာမရဏတို့သည် "ဝိပါကဝဋ်"မည်၏။

ဤ၌ "ဝဋ္ဋ"သဒ္ဒါသည် ဘီးများ လည်နေသကဲ့သို့ လှည့်လည်ခြင်းအနက်ကို ဟောသည်၊ ထို့ကြောင့် "အကြောင်းပြီးလျှင် အကျိုး, အကျိုးပြီးလျှင် အကြောင်း"ဟု အကြောင်းအကျိုး မပြတ်ဘဲ ဆက်စပ်လည်နေသော ပဋိစ္စသမုပ္ပဒ် တရားများကိုလည်း "ဝဋ္ဋ–ဝဋ်"ဟု ခေါ်သည်၊ ထို့ကြောင့် ပဋိစ္စသမုပ္ပဒ် တရားများကိုပင် ဝဋ် ၃–ပါးဖြင့် ခွဲပြရသည်။

ဝဋ်မြစ် ၂–ပါး

၁၂။ "အဝိဇ္ဇာ တဏှာ"ဟူသော မူလ ၂–ပါးနှင့် စပ်၍လည်း ပဋိစ္စသမုပ္ပဒ်ကို သိနားလည် ထိုက်သည်။

http://www.dhammadownload.com

၁၃။ စ–ဆက်ဦးအံ့၊ တေသမေဝ မူလာနံ–အဝိဇ္ဇာနှင့်တဏှာ ထို ၂–ဖြာသော မူလတို့၏ပင်လျှင်၊ နိရောဓေန–အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ပျက်ခြင်းကြောင့်၊ ဝဋ်–ကြောင်းကျိုးဆက်စပ် လည်ပတ်နေငြား ပဋိစ္စသမုပ္ပဒ် ဝဋ်တရားသည်၊ နိရုဇ္ဈတိ–မလည်ဆက်လက် ချုပ်ပျက်ရတော့၏။

ဧရာမရဏမုစ္ဆာယ–အိုခြင်း, သေခြင်း, တွေဝေမိန်းမောကြောင်း သောကစသောတရား အပေါင်းသည်၊ အဘိဏှသော–မပြတ်မလပ်၊ ပီဠိတာနံ–နှိပ်စက်အပ်ကုန်သော သတ္တဝါတို့၏သန္တာန်၌၊ အာသဝါနံ–အာသဝေါတရားတို့၏၊ သမုပ္ပာဒါ–ဖြစ်ခြင်းကြောင့်၊ အဝိဇ္ဇာစ–အဝိဇ္ဇာသည်လည်း၊ ပဝတ္တာတိ–ဖြစ်ပြန်၏။

ထိုတွင် ရင်းမြစ်အစကို "မူလ"ဟုခေါ်သည်။

၁။ "အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ,"ဟု ရှေ့ပိုင်းတစ်ပိုင်း၊

၂။ "တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဧရာမရဏ"ဟု နောက်ပိုင်း တစ်ပိုင်း၊ ဤသို့ ၂–ပိုင်း ပိုင်းကြည့်ပါ၊ ရှေ့ပိုင်း၌ အဝိဇ္ဇာသည် ရင်းမြစ်မူလ ဖြစ်ကြောင်းကိုလည်းကောင်း, နောက်ပိုင်း၌ တဏှာသည် ရင်းမြစ်မူလဖြစ်ကြောင်းကိုလည်းကောင်း တွေ့ရပါလိမ့်မည်။

ဝဋ်ပြတ်ပုံ

၁၃။ "တေသမေဝ စ မူလာနံ နိရောဓေန နိရုဇ္ဈတိ"ဖြင့် ပဋိစ္စသမုပ္ပာဒ် ချုပ်ပျက်ပုံကို ပြသည်၊ "အဝိဇ္ဇာနှင့်တဏှာဟူသော မူလရင်းမြစ် ၂–ခုကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ဖျက်ဆီးလိုက်သည့်အခါ ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်လည်း အလည်ရပ်လျက် ချုပ်ပျက်ရတော့သည်" ဟု ဆိုလိုသည်။

အဝိဇ္ဇာ၏အကြောင်း

"ဧရာမရဏမုစ္ဆာယ ။ ပ ။အဝိဇ္ဇာ စ ပဝတ္တာတိ"ဖြင့် အဝိဇ္ဇာ၏ အကြောင်းကို ပြသည်၊ အိုခြင်း, သေခြင်း, (တွေဝေမိန်းမောကြောင်းဖြစ်သော)ဝမ်းနည်းခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း , အတွင်းဆွေးဆွေးခြင်းတရားတို့သည် သတ္တဝါများကို အမြဲမပြတ် နှိပ်စက်နေကြသည်၊ ယင်းတရားတို့၏ နှိပ်စက်မှုကို ခံနေကြရသော သတ္တဝါတို့၏သန္တာန်မှာ အာသဝေါတရားများ ဖြစ်ပွားလာခြင်းကြောင့် အဝိဇ္ဇာလည်း ဖြစ်လာရသည်။

ထိုတွင် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ဖြစ်လျှင် ထိုက်သည်အား လျော်စွာ အဝိဇ္ဇာလည်း အတူတကွဖြစ်စေ, ရှေ့နောက်ဖြစ်စေ ပါလာရတော့သည်၊ ထိုသောက စသော တရားအပေါင်းကား "ကာမာသဝ"စသော အာသဝေါတရားတို့ကြောင့် ဖြစ်ရသည်၊ ထို့ကြောင့် "အာသဝကြောင့် အဝိဇ္ဇာဖြစ်သည်"ဟုမှတ်ပါ။

ဆောင်။ ။ အာသဝေါ၊ ဖြစ်သောကြောင့် သောကာ၊
ပရိဒေ–စသည်များငယ်၊ ဖြစ်ပွားသည့်ခါ၊
မကင်းသင့်–အဝိဇ္ဇာ၊ ပါဝင်လာ သို့တွက်၊
အကြောင်းမှာ–အာသဝပါတဲ့၊ အဝိဇ္ဇာ ဖြစ်ပုံပြတော့တယ်၊
မှတ်ကြ ဆက်လက်။

http://www.dhammadownload.com

ကျစ္စေဝံ–ဤဆိုအပ်ပြီးသောနည်းဖြင့်၊ အာဗန္ဓံ–အဆက်မပြတ် ဖွဲ့စပ်အပ်သော၊ အနာဒိကံ–ဘယ်ခါကာလ, အဘယ်မှ စသည်ဟု အစလည်းမရှိထသော၊ တေဘူမကံ–ဘုံ ၃–ပါးတွင် အကျုံးဝင်ထသော၊ ဝဋ္ဋ–ကိလေ,ကမ္မ ဝိပါကဟု သုံးဝအပြား ဝဋ်တရားကို၊ ပဋိစ္စသမုပ္ပာဒေါတိ–ပဋိစ္စသမုပ္ပာဒ်, စက်ရဟတ်ဟူ၍၊ မဟာမုနိ–မုနိထွဋ်ထား မြတ်ဘုရားသည်၊ ပဋ္ဌပေသိ–ဟောထားတော်မူခဲ့လေပြီ။

ပဋ္ဌာန်းနည်း

၁၄။ ဟေတုပစ္စယော–ဟေတုပစ္စည်းလည်းကောင်း ။ ပ ။ အဝိဂတပစ္စယော–အဝိဂတပစ္စည်းလည်းကောင်း၊ ဣတိ–ဤသို့၊ (ပစ္စယာ–ပစ္စည်းတို့သည်၊ စတုဝိသတိ–၂၄–ပါးတည်း။)

အယံ–ဤသည်ကား၊ ဇတ္ထ–ဤပစ္စယသင်္ဂဟ၌၊ ပဋ္ဌာနနယော–ပဋ္ဌာန်းနည်းတည်း။

နိဂုံး

"ဝဋ္ဋမာဗန္ဓမိစ္စေဝံ"စသော ဂါထာဖြင့် နိဂုံးကို ပြသည်၊ "ကိလေသဝဋ္ဋ, ၈ မျိုး, ဝိပါကဝဋ္ဋ"ဟု ၃–ပါးပြားသော ဝဋ်တရားကို ဘုရားရှင်က "ပဋိစ္စသမုပ္ပာဒ်"ဟု ဟောထားတော်မူခဲ့သည်၊ ယင်းပဋိစ္စသမုပ္ပာဒ် စက်ရဟတ်သည် ကြောင်းကျိုးစပ်ကာ မပြတ်လည်နေပါသည်၊ "ဘယ်အခါက စဖြစ်ခဲ့သည်၊ ဘယ်တရားက စဖြစ်ခဲ့သည်"ဟု အစလည်းမရှိပါ၊ ဘုံ ၃–ပါး၌ အကျုံးဝင်သော တရားမျိုးသာ ဖြစ်ပါသည်၊ လောကုတ္တရာ တရားမျိုးကား မဖြစ်နိုင်ပါ။

ပဋ္ဌာန်းနည်း

အကျယ်တစ်နည်းကား

၁၄။ ဟေတုပစ္စယော–ရဂသောက်မြစ်လျှင်, ကိုယ့်သစ်ပင်ကို, စိမ်းရွှင်ညွှန့်ဝေ, စည်ပင်စေထ, ထောက်ပံ့မသို့, တကွဖြစ်ဟန်, ရုပ်နှင့်နာမ်ကို, စွမ်းသန်စေမှု, ဟေတုပစ္စယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ဟိတ် ၆–ပါး ဟေတုပစ္စည်းတရားလည်းကောင်း။

အာရမဏပစ္စယော–တောင်ဒေးကြိုးတန်း, လူမစွမ်းကို, မပန်းရလေ, ထိုင်ထစေသို့, စိတ်စေ ၄–ဖြာ, နာမ်ခန္ဓာအား, မှီရာလွန်ကြူး, အာရမဏပစ္စယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော အာရုံ ၆–ပါး အာရမဏပစ္စည်းတရားလည်းကောင်း။

အဓိပတိပစ္စယော–စကြာဘုန်းဋ္ဌ, များဗိုလ်လူကို, ပြိုင်သူမရှိ, အုပ်စိုးဘိသို့, သာဓိနာမ, ရူပဝဝတ်, သဟဇာတ်နှင့်, လေးမြတ်လည်းပြု, ရှစ်ခုလောဘ, အဋ္ဌမဟာ, ကုသလာတည့်, ကြိယာသမ်, ရှစ်တန်လောကုတ်, လွှမ်းမိုးချုပ်လျက်, စိုးအုပ်လွန်ကြူး, အဓိပတိသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော "ဆန္ဒ ဝီရိယ, စိတ္တ ဝီမံသာ"ဟူသော သဟဇာတာဓိပတိ၊ နိပ္ပန်ဣဋ္ဌ, ဌာရသနှင့်, ဒေါသ မောဟ, ဒုက္ခကြဉ်ဖယ်, ရှစ်ဆယ်လေးတန်, စိတ် နိဗ္ဗာန်ဟူသော အာရမဏာဓိပတိ ပြားဘိန့်စပါး, အဓိပတိပစ္စည်းတရားလည်းကောင်း။

အနန္တရပစ္စယော–သားကြီးရိပ်ရာ, ရစိမ့်ငှာလျှင်, စကြာမင်းဖျား, နတ်ရွာလားသို့, အခြားမဲ့မှာ, ဖြစ်ပွားလာသည့်, နာမကွန်ဇာတ်, ကြားမပြတ်အောင်, စွမ်းဆောင်ကွန့်မြူး,

http://www.dhammadownload.com

အနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရဟန္တာစုတိ, ကြည်ဘိပယ်ထား, ရှေးရှေးသော နာမ်ခန္ဓာလေးပါး, အနန္တရပစ္စည်းတရားလည်းကောင်း။

သမနန္တရပစ္စယော–သားကြီးရိပ်ရာ, ရစိမ့်ငှာလျှင်, စကြာမင်းဖျား, တောထွက်သွားသို့, အခြားမဲ့မှာ, ဖြစ်ပွားလာသည့်, နာမကွန်ဇာတ်, ကြားမပြတ်အောင်, ပိုင်းဖြတ်ခွဲခြား, မထင်ရှားဘဲ, တစ်သားတည်းသာ, ကဲ့ပမာသို့, လွန်စွာပြန့်ပြူး, သမနန္တရသတ္တိထူးဖြင့်, ကျေးဇူးပြုခြင်းလက္ခဏာရှိသော ရဟန္တာစုတိ, ကြည်ဘိပယ်ထား, ရှေးရှေးသော နာမကွန်ခာလေးပါး, သမနန္တရပစ္စည်းတရားလည်းကောင်း။

သဟဇာတပစ္စယော–အလင်းဖြစ်မှု, ဆီမီးပြုသို့, ပေါင်းစုတူကွ, ဖြစ်လာကြသည့်, နာမရူပါ, ဘူတုပါနှင့်, ဝိပါဝတ္ထု, တရားစုအား, ဥပါဒ်အတူ, ဖြစ်စေခြင်းဟူသော သဟဇာတသတ္တိထူးဖြင့်, ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမကွန်ခာ မဟာဘူတ, ဝိပါကနှင့်, ဟဒယဟူငြား, သဟဇာတပစ္စည်းတရားလည်းကောင်း။

အညမညပစ္စယော–သစ်သားသုံးခွ, ချင်းချင်းမသို့, တကွဖြစ်လာ, နာမ်ခန္ဓာချင်း, ဘုတ်ချင်းချင်းနှင့်, ချင်းချင်းဟဒယ, ဝိပါကအား, ထောက်ထားလှန်ပင်း, အချင်းချင်းဟူသော အညမညသတ္တိထူးဖြင့်, ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမကွန်ခာ, မဟာဘူတ, ဝိပါကနှင့်, ဟဒယဟူငြား, အညမညပစ္စည်းတရားလည်းကောင်း။

နိဿယပစ္စယော–သစ်ပင်အားမြေ, ထောက်ပံ့လေသို့, နှစ်ထွေသဟဇ, နာမ်ရူပနှင့်, စိတ္တကမ္မ, ပဋပမာ, သတ်ဝိညာဏ်အား, တည်ရာမှီရာဟူသော အဓိဋ္ဌာနာကာရ နိဿယာကာရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသောနာမကွန်ခာ, မဟာဘူတ, ဝိပါကနှင့်, ဟဒယဟူသော သဟဇာတနိဿယ၊ ပဝတ္တိစု, ဆဝတ္ထုဟူသော ပုရေဇာတနိဿယ၊ ပြားကြနှစ်ပါး, နိဿယပစ္စည်းတရားလည်းကောင်း။

ဥပနိဿယပစ္စယော–မိုးကိုအားထား, ဝတ္ထုများကို, ကြီးမားသွန်ဖြိုး, ရွာသည့်မိုးသို့, သုံးမျိုးကွဲပြား, စိတ်စေအားလျှင်, အားကြီးသောမှီရာ အကြောင်း၏ အဖြစ်တည်းဟူသော ဥပနိဿယသတ္တိထူးဖြင့်, ကျေးဇူးပြုခြင်းလက္ခဏာရှိသော နိပ္ပန်ကွဋ္ဌ, ဌာရသနှင့်, ဒေါသမောဟ, ဒုက္ခကြဉ်ဖယ်, ရှစ်ဆယ်လေးတန်, စိတ်နိဗ္ဗာန်ဟူသော အာရမဏူပနိဿယ၊ ရဟန္တာစုတိ, ကြည်ဘိပယ်ထား, ရှေးရှေးသော နာမကွန်ခာလေးပါးဟူသော အနန္တရူပနိဿယ၊ ဗလဝစိတ်, စေတသိက်ရှု, ပညတ်ဟူသော ပကတူပနိဿယ၊ ပြားကြသုံးပါး, ဥပနိဿယပစ္စည်းတရားလည်းကောင်း။

ပုရေဇာတပစ္စယော–နောက်နောက်ဖြစ်လာ, လူများစွာကို, ကမ္ဘာအစ, ပေါ်ထွန်းပသည့်, နေလမသွေ, နောက်ဖြစ်လေသည့်, စိတ်စေတို့အား, ရှေ့ဖြစ်ပွားလျက်, ထင်ရှားတည်ကာ, ပုရေဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဝတ္တိ စု, ဆဝတ္ထုဟူသော ဝတ္ထုပုရေဇာတ၊ ရူပနိပ္ဖန်, ပစ္စုပ္ပန်ဟူသော အာရမဏပုရေဇာတ၊ ပြားကြနှစ်ပါး, ပုရေဇာတပစ္စည်းတရားလည်းကောင်း။

ပစ္ဆာဇာတပစ္စယော–လင်းတပေါက်စ, ကိုယ်ကာယအား, ဟာရအာသာ, စေတနာသို့, ရှေ့မှာဖြစ်ကြ, ရုပ်ခမ္မအား, နောက်မှပင့်မြှောက်, ပင့်ထောက်ခိုင်မာ, ပစ္ဆာဇာတသတ္တိထူးဖြင့်

http://www.dhammadownload.com

ကျေးဇူးပြုခြင်း လက္ခဏာရှိသော နောက်နောက်ပဋ္ဌဝေါကာ, နာမ်ခန္ဓာလေးပါး, ပစ္ဆာဇာတ ပစ္စည်းတရားလည်းကောင်း။

အာသေဝနပစ္စယော–နောက်သင်စရာ, ကျမ်းဂန်စာအား, ရှေ့မှာသင်ထား, ကျမ်းဂန်လားသို့, အခြားမပြတ်, မျိုးဇာတ်တူစွာ, ကုသလာကုသလ, ကြိယသဘော, နောက်နောက် ဇောအား, ရှိန်မြင့်မားအောင်, ခွန်အားဟုန်ပြင်း, ယူစေလျှင်း၍, ထုံခြင်းဟူသော အာသေဝနသတ္တိထူးဖြင့်, ကျေးဇူးပြုခြင်းလက္ခဏာရှိသော ဆုံးဇောကြဉ်ဘိ, လောကီရှေးရှေး, လေးဆယ့်ခုနစ်ပါး, အာသေဝနပစ္စည်းတရားလည်းကောင်း။

ကမ္မပစ္စယော–သစ်ပင်တို့အား, မျိုးစေ့လားသို့, ကြွင်းကြားသဟဇာ, နာမ်ရူပါနှင့်, ဝိပါကမ္မဇ, ဒွေဓမ္မအား, လုံ့လသည်းစွာ, အမှုအရာဟူသော သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟဇာတာ, စေတနာဟူသော သဟဇာတကမ္မ၊ အတိတ်ကုသိုလ်, အကုသိုလ်စေတနာဟူသော နာနာက္ခဏိကကမ္မ၊ ပြားကြနှစ်ပါး, ကမ္မပစ္စည်းတရားလည်းကောင်း။

ဝိပါကပစ္စယော–အခြားလူအေး, ငြိမ်သက်အေးဖို့, လူအေးကလျှင်, ပြုစီရင်သို့, တူပင်ဖြစ်လတ်, သဟဇာတ်အား, ငြိမ်ဝပ်လွန်ကြူး, ဝိပါကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိပါက်နာမက္ခန္ဓာဟူသော ဝိပါကပစ္စည်းတရားလည်းကောင်း။

အာဟာရပစ္စယော–မယိမ်းမယိုင်, မြဲခိုင်သောအား, ထောက်သည့်ကျားသို့, နှစ်ပါးသဟဇာ, နာမ်ရူပါနှင့်, လေးဖြာသန္တတိ, စတုသမုဋ္ဌာနိကရုပ်အား, ဆောင်ထားထောက်ပံ့ခြင်းဟူသော အာဟာရသတ္တိထူးဖြင့်, ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဖဿ, စေတနာ, ဝိညာဉ်ဟူသော နာမ်အာဟာရ၊ အဏ္ဏတ်ဗဟို, စတုသမုဋ္ဌာနိကဩဇာဟူသော ရုပ်အာဟာရ၊ ပြားကြနှစ်ပါး, အာဟာရပစ္စည်းတရားလည်းကောင်း။

ဣန္ဒြိယပစ္စယော–တစ်ပြည်အတွင်း ချင်းချင်းမဆန့်, ခွဲခန့်အုပ်စီး, ဝန်ကြီးပမာ, သဟဇာတ, နာမ်ရူပနှင့်, ပဋ္ဌဝိညာ, တူစွာကလာပ, ကမ္မဇအား, အခြားမသွေ, မိမိသို့လိုက်စေခြင်းဟူသော ဣန္ဒြိယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော "ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဇကဂ္ဂတာ, ပညာ"ဟူသော သဟဇာတိန္ဒြိယ၊ မဇ္ဈိမာယုက, ပသာဒစု, ရုပ်ငါးခုဟူသော ပုရေဇာတိန္ဒြိယ၊ ဇီဝိတရုပ်ဟူသော ရူပဇီဝိတိန္ဒြိယ၊ ပြားကြသုံးပါး ဣန္ဒြိယပစ္စည်းတရားလည်းကောင်း။

ဈာနပစ္စယော–သစ်ပင်တောင်ဂူ, တက်သသူသည်, အောက်လူတို့အား, ပြေသည့်လားသို့, နှစ်ပါးရုပ်နာမ်, သဟဇံအား, ထင်ရှားတပ်တပ်, ကပ်၍ရှုခြင်းဟူသော အာရုံမဏူပနိဇ္ဈာန, လက္ခဏူပနိဇ္ဈာန သတ္တိထူးဖြင့်, ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဋ္ဌဝိညာဉ်ကြဉ်, စိတ်မှာယှဉ်သည့်, ဈာနင်တရားကိုယ် ၅–ပါး ဈာနပစ္စည်းတရားလည်းကောင်း။

မဂ္ဂပစ္စယော–ထိုဤမှာသို့, ဆောင်ယူပို့သည့်, ကူးတို့မသွေ, သဟေတုကတ်, သဟဇာတ်အား, ဖြူဆွတ်မည်းညစ်, ဤအဖြစ်မှ, ပြန်လှစ်ဆူလှယ်, ထုတ်ဆယ်ဆောင်ယူ, ထွက်မြောက်ကြောင်းဟူသော မဂ္ဂသတ္တိထူးဖြင့်, ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟိတ်မှာယှဉ်, မဂ္ဂင်တရားကိုယ် ၉–ပါး, မဂ္ဂပစ္စည်းတရားလည်းကောင်း။

http://www.dhammadownload.com

၁၅။ တု–ပစ္စည်းပစ္စယုပ္ပန်, နှစ်တန်စွမ်းအား ခွဲခြားပြဦးအံ့၊ နာမံ–နာမ်သည်၊ နာမဿ–နာမ်အချင်းချင်းအား၊ ဆဓာ–၆–ပစ္စယသတ္တိတို့ဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏၊ နာမံ–နာမ်သည်၊ နာမရူပီနံ–နာမ်ရုပ်နှစ်ပါးတို့အား၊ ပဥ္စဓာ–၅–ပစ္စယသတ္တိတို့ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏၊ ပုန–တစ်ဖန်၊ နာမံ–နာမ်သည်၊ ရူပဿ–ရုပ်အား၊ ဧကဓာ–တစ်ပစ္စယသတ္တိဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏၊ ရူပံစ–ရုပ်သည်လည်း၊ နာမဿ–နာမ်အား၊ ဧကဓာ–တစ်ပစ္စယသတ္တိဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

သမ္မယုတ္တပစ္စယော–စတုမရူ, ရောသည့်မူသို့, လေးဆူနာမ်အား, လေးပါးအင်္ဂါ, မက္ခာ ချင်းချင်း, ယှဉ်ကြခြင်းဟူသော သမ္မယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်ခန္ဓာ ၄–ပါး, သမ္မယုတ္တပစ္စည်းတရားလည်းကောင်း။

ဝိပ္ပယုတ္တပစ္စယော–ရသာခြောက်ပါး, ရောစပ်ထားသို့, နှစ်ပါးရုပ်နာမ်, စွဲညီးပန်တကွ, ဆုံမိကြလည်း, သမသဘော, မရောနှောခြင်းဟူသော ဝိပ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဋိဝေါကာရ, ရူပသမုဋ္ဌာနိကစိတ်စေ, သန္ဓေဝိပါက, ဟဒယဟူသော သဟဇာတဝိပ္ပယုတ်၊ ပဝတ္တိစု, ဆဝတ္ထုဟူသော ပုရေဇာတဝိပ္ပယုတ်၊ နောက်နောက်ပဋိဝေါကာ, နာမ်ခန္ဓာ ၄–ပါးဟူသော ပစ္ဆာဇာတဝိပ္ပယုတ်၊ သမုတ် ၃–ပါး, ဝိပ္ပယုတ္တပစ္စည်းတရား လည်းကောင်း။

အတ္ထိပစ္စယော–မြေမြင်းမိုရ်သည်,ထိုထိုစိမ်းရွှင်, မြက်သစ်ပင်အား, ထင်ရှားရှိမှု, ထောက်ပံ့ ပြုသို့, နှစ်ခုရှိခိုက်, အထိုက်လျောက, ဥပထမ္ဘကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော သ–ပု–ပစ္ဆာ, အာဟာ–ဣန္ဒြိယ, ပြားကြ ၅–ပါး, အတ္ထိပစ္စည်းတရားလည်းကောင်း။

နတ္ထိပစ္စယော–မိုက်မှောင်ဖြစ်စေ, ငြိမ်းသေလေပြီး, ဆီမီးပုံသွေး, ဖြစ်ခွင့်ပေး၍, ကျေးဇူး ပြုခြင်းလက္ခဏာရှိသော နတ္ထိပစ္စည်းတရားလည်းကောင်း။

ဝိဂတပစ္စယော–နေရောင်ပျောက်ကင်း, လရောင်လင်းသို့, ချုပ်ကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ဝိဂတပစ္စည်းတရားလည်းကောင်း။

အဝိဂတပစ္စယော–ငါးတို့ပျော်ရာ, မဟာသမုဒ်, ရေအစုတ်သို့, မချုပ်တင်းလင်း, မကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော အဝိဂတပစ္စည်းတရားလည်းကောင်း။

ဣတိ–ဤသို့၊ စကုဝိသတိ–ရေတွက်ပိုင်းခြား, ၂၄–ပါးသော၊ ပစ္စယာ–ထိုထို အကျိုး, ဖွဲ့ဖြိုးစေငြား, အကြောင်းတရားတို့သည်၊ မဟာပကရဏော–အနန္တနယ, သမန္တပဋ္ဌာန်း, ခုနစ်ခု မြောက်ဖြစ်သော အဘိဓမ္မာကျမ်း၌၊ ဒွိတာ–ထင်ရှားမူသော, တည်ရှိကြပေ၏။

ပစ္စည်း ၆–မျိုး ဥဒ္ဒေသ

၁၅။ **"ဆဓာ နာမံ တု နာမဿ ။ ပ ။ ဆဒ္ဓိဓာ ပစ္စယာ ကထံ"**ဟူသော ၂–ဂါထာသည် ပစ္စည်းတရား ပစ္စယုပ္ပန်တရားအားလျော်စွာ ကွဲပြားလာသော ပစ္စည်း ၆–မျိုးတို့၏ အကျဉ်းဥဒ္ဒေသ မာတိကာမျှကို ပြသောဂါထာများ ဖြစ်ကြသည်။

http://www.dhammadownload.com

ပညတ္တိနာမရူပါနိ–ပညတ်နာမ်ရုပ်တို့သည်၊ နာမသ–နာမ်အား၊ ဒုဝိဓာ– ၂–ပစ္စယသတ္တိတို့ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏၊ ဒွယံစ–နာမ်ရုပ် ၂–ပါး အပေါင်းသည်ကား၊ ဒွယသ–နာမ်ရုပ် ၂–ပါးအပေါင်းအား၊ နဝဓာ– ၉–ပစ္စယသတ္တိတို့ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏၊ ဣတိ–ဤသို့၊ ပစ္စယာ– ၂၄–ပစ္စည်းတို့သည်၊ ဆဗ္ဗိဓာ– ၆–ပါးသော အပြားအားဖြင့်၊ ဒ္ဒိတာ–တည်ကုန်၏။

ကထံ–ပစ္စည်း ၆–ပါး အဘယ်သို့ ပြားသနည်း?။

၁၆။ အနန္တရနိရုဒ္ဓါ–အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော၊ စိတ္တစေတသိကာ–စိတ်စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ–ရဟန္တာတို့စုတိကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး ပစ္စည်းတရားတို့သည်၊ ပဋ္ဌပ္ပန္နာနံ–အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော၊ စိတ္တစေတသိကာနံ–စိတ်စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာနံ–ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ ၄–ပါး ပစ္စယုပ္ပန်တရားတို့အား၊ အနန္တရ သမနန္တရ နတ္ထိ ဝိဂတဝသေန–အနန္တရသတ္တိ, သမနန္တရသတ္တိ, နတ္ထိသတ္တိ, ဝိဂတသတ္တိဖြင့်၊ ပစ္စယာ–ကျေးဇူးပြုကုန်သည်၊ ဟောန္တိ–ကုန်၏။

ဤပစ္စည်းပိုင်း၌ ပစ္စည်း ပစ္စယုပ္ပန် တူရာစုပေါင်းထားသောကြောင့် ၆–မျိုးတို့ကို ၂၄–ပစ္စည်းစုံအောင် အကျယ်ဖွင့်ပြလျက် အဆုံး၌ "ပညတ္တိနာမရူပါနံ, ဝသေန တိဝိဓာ ဒ္ဒိတာ"ဟု နိဂုံးအုပ်ထားသည်။

၂၄–ပစ္စည်းတို့ကို ပစ္စည်းတရား ပစ္စယုပ္ပန်တရား သဘောတူရာ ခွဲခြားဝေဖန်ပါက–

၁။ နာမ်က နာမ်အား ကျေးဇူးပြုသောပစ္စည်း　---　---　၆–ပါး၊
၂။ နာမ်က နာမ်ရုပ်အား ကျေးဇူးပြုသောပစ္စည်း　---　---　၅–ပါး၊
၃။ နာမ်က ရုပ်အား ကျေးဇူးပြုသောပစ္စည်း　---　---　၁–ပါး၊
၄။ ရုပ်က နာမ်အား ကျေးဇူးပြုသောပစ္စည်း　---　---　၁–ပါး၊
၅။ ပညတ်,နာမ်,ရုပ်တို့က နာမ်အား ကျေးဇူးပြုသောပစ္စည်း　---　၂–ပါး၊
၆။ နာမ်,ရုပ် ၂–ပါးက နာမ်,ရုပ် ၂–ပါးအား ကျေးဇူးပြုသောပစ္စည်း---　၉–ပါး။

ဤသို့ ၆–မျိုး ဖြစ်လာပါသည်၊ "ဆဓာ"စသော သန်္ဓာတို့၏ သရော်ယျမှာ နောက်၌ ထင်ရှားလာပါလိမ့်မည်။

နာမ်က နာမ်အား ၆–ပစ္စည်း

၁၆။ "အနန္တရနိရုဒ္ဓါ ။ ပ ။ဆဓာ နာမံ နာမဿ ပစ္စယော"ဖြင့် "ဆဓာ နာမံ တု နာမဿ" ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြသည်။

နာမ်က နာမ်အား ကျေးဇူးပြုသော ၆–ပစ္စည်းဟူသည် အနန္တရ, သမနန္တရ, အာသေဝန, သမ္မယုတ္တ, နတ္ထိ, အဝိဂတပစ္စည်းတို့ပင် ဖြစ်သည်–ဟု ဆိုလိုသည်။

ထိုတွင် ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက် ဒွေးပညာသ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ ဤတရားတို့သည် အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတပစ္စည်းတပ်သော တရားတို့မည်၏။

http://www.dhammadownload.com

ပုရိမာနိ–ရှေးရှေး၌ဖြစ်ကုန်သော၊ ဇဝနာနိ–အဆုံးဖောကြဉ်သော လောကီဖော သတ္တစတ္တာလီသတို့သည်၊ ပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ ဇဝနာနံ–ပထမဖော, ဖိုလ်ဖောကြဉ်သော ဖောဇကပညာသတို့အား၊ အာသေဝနဝသေန–အာသေဝနသတ္တိဖြင့်၊ ပစ္စယာ–ကုန်သည်၊ ဟောန္တိ–ကုန်၏။

သဟဇာတာ–တကွဖြစ်ကုန်သော၊ စိတ္တစေတသိကာ–စိတ် စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ–အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမကွန္ဓာ ၄–ပါး ပစ္စည်းတရားတို့သည်၊ အညမညံ–အချင်းချင်း၊ ဝါ–တစ်ပါးသည်တစ်ပါးအား၊ သမ္မယုတ္တဝသေန–သမ္မယုတ္တသတ္တိဖြင့်၊ ပစ္စယာ–ကုန်သည်၊ ဟောန္တိ–ကုန်၏။

ဣတိစ–ဤသို့လျှင်၊ နှာမံ–နာမ်သည်၊ နာမဿ–နာမ်အား၊ ဆဓာ– ၆–ပစ္စယသတ္တိဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမကွန္ဓာ ၄–ပါး၊ ဤတရားတို့သည် အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတပစ္စည်းတို့၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

အဆုံးဖောကြဉ်သော ရှေးရှေးသော လောကီဖော သတ္တစတ္တာလီသ၊ ဤတရားတို့သည် အာသေဝနပစ္စည်းတပ်သော တရားတို့မည်၏။

ပထမဖော, ဖိုလ်ဖောကြဉ်သော နောက်နောက်သော ဖောဇကပညာသ၊ ဤတရားတို့သည် အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမကွန္ဓာ ၄–ပါး၊ ဤတရားတို့သည် သမ္မယုတ္တပစ္စည်းတပ်သော တရားတို့မည်၏။

အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမကွန္ဓာ ၄–ပါး၊ ဤတရားတို့သည် သမ္မယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

ထိုတွင် "အချင်းချင်းမှ ထောက်အပ်သော"ဟူသည် "အချင်းချင်းမှ ထောက်ဆအပ်သော" ပင် ဖြစ်သည်၊ မှန်၏= နာမကွန္ဓာ ၄–ပါးတို့သည် အချင်းချင်းကို ထောက်ဆ၍ ပစ္စယုပ္ပန်ဖြစ်ကြသည်၊ ဝေဒနာကွန္ဓာက ပစ္စည်းဖြစ်လျှင် ထိုဝေဒနာကွန္ဓာကို ထောက်ဆ၍ ကျန်နာမကွန္ဓာ ၃–ပါးသည် ပစ္စယုပ္ပန် ဖြစ်ရသည်၊ ကျန်နာမကွန္ဓာ ၃–ပါးက ပစ္စည်းဖြစ်လျှင် ထိုနာမကွန္ဓာ ၃–ပါးကိုထောက်ဆ၍ ဝေဒနာကွန္ဓာက ပစ္စယုပ္ပန် ဖြစ်ရသည်၊ ဤသို့ စသည်ဖြင့် အချင်းချင်းကို ထောက်ဆ၍ ပစ္စယုပ္ပန် ဖြစ်ကြရသည်။

ဤသို့ ပစ္စည်း, ပစ္စယုပ္ပန်တရားတို့ကို တိတိကျကျ ကောက်တတ်အောင် လေ့လာထားပါ၊ နှုတ်တက်နေပါစေ၊ သို့မှသာ "ပဋ္ဌာန်းအရကောက်"စသည်တို့ကို တစ်ဆင့်တက်၍ လေ့လာသင်ယူသည့်အခါ လွယ်ကူသက်သာမှုကို ရနိုင်ပါလိမ့်မည်၊ အသေးစိတ်အဓိပ္ပာယ်များကိုမူ "ပဋ္ဌာန်းအရကောက်"စသည်တို့ကို လေ့လာသင်ယူရင်း နားလည်သွားပါလိမ့်မည်။

ဤပစ္စည်းများ၌ ပစ္စည်းဘက်မှာရော ပစ္စယုပ္ပန်ဘက်မှာပါ နာမ်ချည်းဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်၊ နောက်၌လည်း ဤနည်းအတိုင်း ထိုထို ပစ္စည်းအားလျော်စွာ ဝေဖန်ကြည့်ရှုပါ။

http://www.dhammadownload.com

၁၇။ ဟေတုစ္စာနဂ််မဂ္ဂဂ်ါနိ-ဟိတ်, စ္စာနင်, မဂ္ဂင်တို့သည်၊ သဟဇာတာနံ-တကွဖြစ်ကုန်သော၊ နာမရူပါနံ-နာမ်ရုပ်တို့အား၊ ဟေတာဒိဝသေန-"ဟိတ်"အစရှိသော သတ္တိဖြင့်၊ ဝါ-ဟေတုသတ္တိ, စ္စာနသတ္တိ, မဂ္ဂသတ္တိဖြင့်၊ ပစ္စယာ-ကုန်သည်၊ ဟောန္တိ-ကုန်၏။

သဟဇာတာ-တကွဖြစ်သော၊ စေတနာ-စိတ်တစ်ခုယုတ်ကိုးဆယ်၌ရှိသော စေတနာသည်၊ သဟဇာတာနံ-တကွဖြစ်ကုန်သော၊ နာမရူပါနံ-စိတ်တစ်ခုယုတ်ကိုးဆယ်, စေတနာကြဉ်သောစေတသိက် ဧကပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား၊ ကမ္မဝသေန-သဟဇာတကမ္မသတ္တိဖြင့်၊ ပစ္စယော-သည်၊ ဟောတိ-၏။

နာမ်က နာမ်ရုပ်အား ၅-ပစ္စည်း

၁၇။ "ဟေတု ။ပ ။ပဋ္ဌာ နာမံ နာမရူပါနံ ပစ္စယော ဟောတိ"ဖြင့် "နာမံ ပဋ္ဌာ နာမရူပါနံ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြသည်။

"နာမ်က နာမ်ရုပ်အား ကျေးဇူးပြုသော ၅-ပစ္စည်း"ဟူသည် ဟေတု, စ္စာန, ကမ္မ, မဂ္ဂ, ဝိပါကပစ္စည်းများပင် ဖြစ်ကြသည်။

ထိုတွင် "ဟေတုစ္စာနဂ််မဂ္ဂဂ်ါနိ"စသော ဝါကျကို-

၁။ ဟေတူ သဟဇာတာနံ နာမရူပါနံ ဟေတုဝသေန,
၂။ စ္စာနဂ််ါနိ သဟဇာတာနံ နာမရူပါနံ စ္စာနဝသေန,
၃။ မဂ္ဂဂ်ါနိ သဟဇာတာနံ နာမရူပါနံ မဂ္ဂဝသေန,

ဤသို့ ၃-ဝါကျ ခွဲယူပါ၊ ရထိုက်သည်အားလျော်စွာ သရုပ်ဖော်၍ အနက်ယောဇနာလျက် ပစ္စည်း, ပစ္စယုပ္ပန် ခွဲပြပါဦးမည်။

၁။ ဟေတူ-ဟိတ် ၆-ပါးတို့သည်၊ သဟဇာတာနံ-တကွဖြစ်ကုန်သော၊ နာမရူပါနံ-သဟိတ်စိတ် ဧကသတ္တတိ, မောဟမူဒွေးဌ် မောဟကြဉ်သော စေတသိက် ဒွေးပညာသ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့အား၊ ဟေတုဝသေန-ဟေတုသတ္တိဖြင့်၊ ပစ္စယာ-ကုန်သည်၊ ဟောန္တိ-ကုန်၏။

လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် ၆-ပါးတို့သည်၊ ဟေတုပစ္စည်းတပ်သော တရားတို့မည်၏၊

သဟိတ်စိတ် ဧကသတ္တတိ, မောဟမူဒွေးဌ် မောဟကြဉ်သော စေတသိက် ဒွေးပညာသ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

၂။ စ္စာနဂ််ါနိ-စ္စာနင်တရားကိုယ် ၅-ပါးတို့သည်၊ သဟဇာတာနံ-တကွဖြစ်ကုန်သော၊ နာမရူပါနံ-ဒွေးပဋ္ဌဝိညာဉ် ၁၀-ကြဉ်သော စိတ်တစ်ခုယုတ်ရှစ်ဆယ်, စေတသိက် ဒွေးပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား၊ စ္စာနဝသေန-စ္စာနသတ္တိဖြင့်၊ ပစ္စယာ-ကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

http://www.dhammadownload.com

နာနာက္ခဏိကာ–အသီးအသီးသောခဏ၌ဖြစ်သော၊ စေတနာ–အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ်စေတနာ ၃၃–ခုသည်၊ ကမ္မာဘိနိဗ္ဗတ္တာနံ–ကံကြောင့်ဖြစ်ကုန်သော၊ နာမရူပါနံ–ဝိပါက်စိတ် ဆတ္တိံသ, စေတသိက် အဋ္ဌတ္တိံသနာမက္ခန္ဓာ, ပဋိသန္ဓေကမ္မဇရုပ်, အသညသတ် ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား၊ ကမ္မဝသေန–နာနာက္ခဏိက ကမ္မသတ္တိဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

ဝိပါကက္ခန္ဓာ–ဝိပါက်စိတ် ဆတ္တိံသ, စေတသိက် အဋ္ဌတ္တိံသ နာမက္ခန္ဓာ ၄–ပါး တို့သည်၊ အညမညံ–အချင်းချင်းအားလည်းကောင်း၊ သဟဇာတာနံ–တကွဖြစ်ကုန်သော၊ ရူပါနံ–(ဝိညတ်ဒွေးကြဉ်သော) စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ဝိပါကဝသေန–ဝိပါကသတ္တိဖြင့်၊ ပစ္စယာ–ကုန်သည်၊ ဟောန္တိ--ကုန်၏။

ဣတိ–သို့၊ နာမံ–နာမ်သည်၊ နာမရူပါနံ–နာမ်ရုပ်တို့အား၊ ပဋ္ဌာ– ၅–ပစ္စယသတ္တိဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

ဝိတ်က်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ၊ ဤစျာနင်တရားကိုယ် ၅–ပါးတို့သည် စျာနပစ္စည်းတပ်သော တရားတို့မည်၏။

ဒွေးပဋ္ဌဝိညာဉ် ၁၀–ကြဉ်သော စိတ်တစ်ခုယုတ်ရှစ်ဆယ်, စေတသိက် ဒွေးပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် စျာနပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

၃။ မဂ္ဂင်္ဂါနိ–မဂ္ဂင်တရားကိုယ် ၉–ပါးတို့သည်၊ သဟဇာတာနံ–တကွဖြစ်ကုန်သော၊ နာမရူပါနံ–သဟိတ်စိတ် ဧကသတ္တတိ, စေတသိက်ဒွေးပညာသ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့အား၊ မဂ္ဂဝသေန–မဂ္ဂသတ္တိဖြင့်၊ ပစ္စယာ–ကုန်သည်၊ ဟောန္တိ–ကုန်၏။

ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ၊ ဤမဂ္ဂင်တရားကိုယ် ၉–ပါးတို့သည် မဂ္ဂပစ္စည်းတပ်သော တရားတို့မည်၏။

သဟိတ်စိတ် ဧကသတ္တတိ, စေတသိက် ဒွေးပညာသ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

ကမ္မပစ္စည်းသည် "သဟဇာတကမ္မ, နာနာက္ခဏိကကမ္မ"အားဖြင့် ၂–ပါး အပြားရှိ၏၊ ထိုတွင်–

စိတ်တစ်ခုယုတ်ကိုးဆယ်၌ရှိသော စေတနာ၊ ဤတရားတို့သည် သဟဇာတကမ္မပစ္စည်းတပ်သော တရားတို့မည်၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, စေတနာကြဉ်သော စေတသိက် ဧကပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတကမ္မပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

http://www.dhammadownload.com

၁၈။ ပစ္ဆာဇာတာ–နောက်နောက်၌ဖြစ်ကုန်သော၊ စိတ္တစေတသိကာ–စိတ်, စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ–ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄–ခု ကြဉ်သော ပထမဘဝင်အစရှိသော နာမက္ခန္ဓာ ၄–ပါး ပစ္စည်းတရားတို့သည်၊ ပုရေဇာတဿ–ရှေးရှေး၌ဖြစ်သော၊ ဣမဿ–ဤသို့သဘောရှိသော၊ ကာယဿ–ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဦသို့ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယအား၊ ပစ္ဆာဇာတဝသေန–ပစ္ဆာဇာတသတ္တိဖြင့်၊ ပစ္စယာ–ကုန်သည်၊ ဟောန္တိ–ကုန်၏။

ဣတိ–သို့၊ နာမံ–သည်၊ ရူပဿ–ရုပ်အား၊ ဧကဓာဝ–တစ်ပစ္စယသတ္တိဖြင့်သာလျှင်၊ ပစ္စယော–သည်၊ ဟောတိ–၏။

အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ်စေတနာ ၃၃–ခု၊ ဤတရားတို့သည် နာနာက္ခဏိကကမ္မပစ္စည်းတပ်သော တရားတို့မည်၏။

ဝိပါက်စိတ် ဆတ္တိံသ, စေတသိက် အဋ္ဌတ္တိံသ, ပဋိသန္ဓေကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နာနာက္ခဏိကကမ္မပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

ဝိပါက်စိတ် ဆတ္တိံသ, စေတသိက် အဋ္ဌတ္တိံသ, အလုံးစုံသော ပဝတ္တိ,ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ ဤတရားတို့သည် ဝိပါကပစ္စည်းတပ်သော တရားတို့ မည်၏။

အချင်းချင်းမှ ထောက်အပ်သော ဝိပါက်စိတ် ဆတ္တိံသ, စေတသိက် အဋ္ဌတ္တိံသနာမက္ခန္ဓာ, ထိုနာမက္ခန္ဓာသည် ယထာရဟပြုအပ်သော (ဝိညတ်ခွေးကြဉ်သော) စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

နာမ်က ရုပ်အား ၁–ပစ္စည်း

၁၈။ "ပစ္ဆာဇာတာ ။ ပ ။ ဧကဓာဝ နာမံ ရူပဿ ပစ္စယော ဟောတိ"ဖြင့် "နာမံ ဧကဓာပုန ရူပဿ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကိုပြသည်။

"နာမ်က ရုပ်အား ကျေးဇူးပြုသော တစ်ပစ္စည်း"ဟူသည် ပစ္ဆာဇာတပစ္စည်းပင် ဖြစ်သည်။ ထိုတွင်–

ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄–ခုကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်၌ဖြစ်သော နာမက္ခန္ဓာ ၄–ပါး၊ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်းတပ်သော တရားတို့မည်၏။

"ပဋိသန္ဓေ"အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဦသို့ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ၊ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

http://www.dhammadownload.com

၁၉။ ဆ– ဖ–ပါးကုန်သော၊ ဝတ္ထုနိ–ဝတ္ထုရုပ်တို့သည်၊ တစ်နည်း–ဆဝတ္ထုနိ–"မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက" အားဖြင့် ၃–ပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင် တစ်ချက်လွန်နှင့် ဥပါဒ်ဖြိုင်သော စက္ခုဝတ္ထု, ။ပ။ ကာယဝတ္ထု, ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု, နိရောဓသမာပတ်မှ ထသော အခါ ရှေ့စိတ္တက္ခဏတစ်ချက်ခန့် ကာလ၌ဖြစ်သော ဟဒယဝတ္ထု, မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော *ဆဝတ္ထုဟု ဆိုအပ်သော ဖ–ပါးသော ဝတ္ထုရုပ်တို့သည်၊ ပဝတ္တိယံ–ပဝတ္တိအခါ၌၊ သတ္တန္နံ– ၇–ပါး ကုန်သော၊ ဝိညာဏာဓာတုနံ–အရူပဝိပါက် ၄–ခုကြဉ်သော ဝိညာဏာဓာတ်တို့အား၊ ပုရေဇာတဝသေန–ပုရေဇာတသတ္တိဖြင့်၊ ပစ္စယာ–ကုန်သည်၊ ဟောန္တိ–ကုန်၏။

ပဋ္ဌာရမဏာနိ စ– ၅–ပါးသော အာရုံတို့သည်လည်း၊ ပဋ္ဌဝိညာဏဝီထိယာ–ပဋ္ဌဝိညာဏဝီထိအား၊ ပုရေဇာတဝသေန–အာရမဏပုရေဇာတသတ္တိဖြင့်၊ ပစ္စယာ–ကုန်သည်၊ ဟောန္တိ–ကုန်၏။ (မပြည့်စုံပါ၊ ပစ္စည်းပစ္စယုပ္ပန်တရား ကျန်နေသည်။)

ဣတိ–ဤသို့၊ ရူပံ–ရုပ်သည်၊ နာမဿ–နာမ်အား၊ ဧကဓာဝ–တစ်ပစ္စယသတ္တိဖြင့် သာလျှင်၊ ပစ္စယော–သည်၊ ဟောတိ–၏။

ရုပ်က နာမ်အား ၁–ပစ္စည်း

၁၉။ "ဆ ဝတ္ထုနိ ။ပ။ ဧကဓာဝ နာမံ ရူပဿ ပစ္စယော ဟောတိ" ဖြင့် "ရူပံ နာမဿ ဧကဓာ" ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြသည်။

"ရုပ်က နာမ်အား ကျေးဇူးပြုသော တစ်ပစ္စည်း" ဟူသည် ပုရေဇာတပစ္စည်းပင် ဖြစ်သည်။

ဤပုရေဇာတပစ္စည်းသည် "ဝတ္ထုပုရေဇာတ, အာရမဏပုရေဇာတ" အားဖြင့် ၂–ပါး အပြားရှိ၏။ ထိုတွင်–

ပဝတ္တိအခါ ဆဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတပစ္စည်းတပ်သော တရားတို့မည်၏၊ တစ်နည်းကား– "မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက" အားဖြင့် ၃–ပါးသော စက္ခုဝတ္ထုတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင် တစ်ချက်လွန်နှင့် ဥပါဒ်ဖြိုင်သော စက္ခုဝတ္ထု ။ပ။ ကာယဝတ္ထု၊ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှ ထသောအခါ ရှေးစိတ္တက္ခဏ တစ်ချက်ခန့် ကာလ၌ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇–ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဆဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတပစ္စည်းတပ်သော တရားတို့မည်၏။

ပဋ္ဌဝေါကာရပဝတ္တိအခါ အရူပဝိပါက် ၄–ခုကြဉ်သော သတ္တဝိညာဏာဓာတ်၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

ပစ္စုပ္ပန်နိပ္ပန္နရုပ် အဠာရသ၊ ဤတရားတို့သည် အာရမဏပုရေဇာတပစ္စည်းတပ်သော တရားတို့မည်၏။

http://www.dhammadownload.com

၂၀။ ပညတ္တိနာမရူပါနိ–ပညတ်, နာမ်,ရုပ်တို့သည်၊ နာမသေဝ–နာမ်အားသာလျှင်၊ အာရမဏဝသေန–အာရမဏသတ္တိဖြင့်လည်းကောင်း၊ ဥပနိဿယဝသေနစ–ဥပနိဿယသတ္တိဖြင့်လည်းကောင်း၊ ဣတိ–သို့၊ ဒုဝိဓာ–၂–ပစ္စယသတ္တိဖြင့်၊ ပစ္စယာ–ကုန်သည်၊ ဟောန္တိ–ကုန်၏။

၂၁။ တတ္ထ–ထို ၂–ပါးတို့တွင်၊ အာရမဏံ–အာရမဏပစ္စည်းသည်၊ ရူပါဒိဝသေန–ရူပါရုံအစရှိသည်တို့၏အပြားအားဖြင့်၊ ဆဗ္ဗိဓံ–၆–ပါးအပြားရှိသည်၊ ဟောတိ–ဖြစ်၏။

၂၂။ ပန–ကား၊ ဥပနိဿယော–ဥပနိဿယပစ္စည်းသည်၊ အာရမဏူပနိဿယော–အာရမဏူပနိဿယလည်းကောင်း၊ အနန္တရူပနိဿယော–အနန္တရူပနိဿယလည်းကောင်း၊ ပကတူပနိဿယောစ–ပကတူပနိဿယလည်းကောင်း၊ ဣတိ–သို့၊ တိဝိဓော–၃–ပါးအပြားရှိသည်၊ ဟောတိ–ဖြစ်၏။

၂၃။ တတ္ထ–ထို ၃–ပါးတို့တွင်၊ ဂရုကတံ–အလေးအမြတ်ပြုအပ်သော၊ အာရမဏမေဝ–ဣဋ္ဌဖြစ်သော နိဗ္ဗန္နရုပ် အဋ္ဌာရသ, ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ် ၈၄–ခု, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇–ခု, နိဗ္ဗာန်–ဟုဆိုအပ်သော အာရုံ ၆–ပါးသည်ပင်လျှင်၊ အာရမဏူပနိဿယော–အာရမဏူပနိဿယပစ္စည်းမည်၏။

ကာမစိတ် စတုပညာသ, အဘိညာဉ်ဒွေး, အပ္ပမညာကြဉ်သော စေတသိက် ပညာသ၊ ဤတရားတို့သည် အာရမဏပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

(သင်္ဂြိဟ်ပါဠိ၌ ပစ္စယနိဒ္ဒေသကို မှီ၍ "ပဋ္ဌာရမဏာနိ ပဋ္ဌဝိညာဏဝိထိယာ"မျှသာ ပြဆိုထားပါသည်၊ စက္ခုံ အနိစ္စတော ဒုက္ခတော –စသည်ဖြင့် ဟောထားသော ပဉ္စဝါရ ပဋ္ဌာန်းပါဠိတော်နှင့် မညီ၊ ထို့ကြောင့် ပဉ္စဝါရ ပါဠိတော်နှင့် ညီအောင် အရကောက်ကို ပြင်ထားပါသည်။)

ပညတ်နာမ်ရုပ်က နာမ်အား ၂–ပစ္စည်း

၂၀။ "အာရမဏဝသေန ။ပ။ နာမသေဝ ပစ္စယာ ဟောန္တိ"ဖြင့် "ပညတ္တိနာမရူပါနိ နာမဿ ဒုဝိဓာ"ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကို ပြသည်။

"ပညတ်နာမ်ရုပ်က နာမ်အား ကျေးဇူးပြုသော ၂–ပစ္စည်း"ဟူသည် အာရမဏပစ္စည်း, ဥပနိဿယပစ္စည်းတို့ပင် ဖြစ်ကြသည်။ ထိုတွင်–

စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်, ပညတ်၊ ဤအာရုံ ၆–ပါး ပစ္စည်းတရားတို့သည် အာရမဏပစ္စည်းတပ်သော တရားတို့မည်၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက်ဒွေးပညာသ, ဤတရားတို့သည် အာရမဏပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏

ဥပနိဿယပစ္စည်းသည် "အာရမဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပ နိဿယ" အားဖြင့် ၃–ပါး အပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

၂၄။ အနန္တရနိရုဒ္ဓါ–အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော၊ စိတ္တစေတသိကာ–စိတ်စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ–ရဟန္တာတို့စုတိကြဉ်သော အလုံးစုံသော ပဝတ္ထိ, ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး ပစ္စည်းတရားတို့သည်၊ အနန္တရူပနိဿယော–အနန္တရူပ နိဿယ ပစ္စည်းမည်၏။

၂၅။ ပန–ကား၊ ရာဂါဒယော–ရာဂအစရှိကုန်သော၊ ဓမ္မာ–အကုသိုလ်တရားတို့သည်လည်းကောင်း၊ သဒ္ဓါဒယော–သဒ္ဓါအစရှိကုန်သော၊ ဓမ္မာ–ကုသိုလ်တရားတို့သည်လည်းကောင်း၊ သုခံ–ကာယိကသုခသည်လည်းကောင်း၊ ဒုက္ခံ–ကာယိကဒုက္ခသည်လည်းကောင်း၊ ပဂ္ဂလော–ကလျာဏမိတ္တစသော ပုဂ္ဂိုလ်သည်လည်းကောင်း၊ ဘောဇနံ–သပ္ပာယ အစရှိသော ဘောဇဉ်သည်လည်းကောင်း၊ ဥတု–သပ္ပာယအစရှိသော ဥတုသည်လည်းကောင်း၊ သေနာသနဉ္စ–သပ္ပာယအစရှိသော ကျောင်း, အိပ်ရာ, နေရာသည်လည်းကောင်း၊ ယထာရဟံ–ထိုက်သည်အားလျော်စွာ၊ အဗျတ္တဉ္စ–အဗျတ္တသန္တာန်၌လည်းကောင်း၊ ဗဟိဒ္ဓါ စ–ဗဟိဒ္ဓသန္တာန်၌လည်းကောင်း၊ ကုသလာဒိဓမ္မာနံ–ကုသိုလ်အစရှိသော တရားတို့အားလည်းကောင်း၊ ကမ္မံ–ဗလဝဖြစ်သောကုသိုလ်ကံ, အကုသိုလ်ကံသည်၊ ဝိပါကာနံ–ဝိပါက်စိတ် ဆတ္တိံသ နာမက္ခန္ဓာတို့အားလည်းကောင်း၊ (ပစ္စယော–သည်၊ ဟောတိ–၏။) ဣတိစ–ဤသို့လျှင်၊ ပကတူပနိဿယော–ပကတူပ နိဿယ ပစ္စည်းသည်၊ ဗဟုဓာ–များသောအပြားအားဖြင့်၊ ဟောတိ–ဖြစ်၏။

အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ပန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော စိတ် ၈၄–ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇–ခု၊ နိဗ္ဗာန်၊ ဤတရားတို့သည် အာရမဏူပနိဿယ ပစ္စည်းတပ်သော တရားတို့မည်၏။

အလေးအမြတ်ပြုတတ်သော လောဘမူစိတ်၈–ခု၊ မဟာကုသိုလ်စိတ် ၈–ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄–ခု၊ လောကုတ္တရာစိတ် ၈–ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပမညာကြဉ်သော စေတသိက် ၄၅–ခု၊ ဤတရားတို့သည် အာရမဏူပနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

၂၄။ ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက် ဒွေးပညာသ, ပဝတ္ထိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ ဤတရားတို့သည် အနန္တရူပနိဿယပစ္စည်းတပ်သော တရားတို့မည်၏။

ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ ၄–ပါး၊ ဤတရားတို့သည် အနန္တရူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

၂၅။ ဗလဝဖြစ်သော ရှေးရှေးသော စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, ပစ္စည်းထိုက်သော အချို့သောပညတ်၊ ဤတရားတို့သည် ပကတူပနိဿယပစ္စည်းတပ်သော တရားတို့မည်၏။

http://www.dhammadownload.com

၂၆။ နာမရူပါနိ–နာမ်ရုပ်တို့သည်၊ နာမရူပါနံ–နာမ်ရုပ်တို့အား၊ အဓိပတိဝသေန–အဓိပတိသတ္တိလည်းကောင်း၊ သဟဇာတဝသေန–သဟဇာတသတ္တိလည်းကောင်း၊ အညမညဝသေန–အညမညသတ္တိလည်းကောင်း၊ နိဿယဝသေန–နိဿယသတ္တိလည်းကောင်း၊ အာဟာရဝသေန–အာဟာရသတ္တိလည်းကောင်း၊ ဣန္ဒြိယဝသေန–ဣန္ဒြိယသတ္တိလည်းကောင်း၊ ဝိပ္ပယုတ္တဝသေန–ဝိပ္ပယုတ္တသတ္တိလည်းကောင်း၊ အတ္ထိဝသေန–အတ္ထိသတ္တိလည်းကောင်း၊ အဝိဂတဝသေန စ–အဝိဂတသတ္တိလည်းကောင်း၊ ဣတိ–ဤသို့၊ ယထာရုဟံ–ထိုက်သည်အားလျော်စွာ၊ နဝဓာ– ၉–ပစ္စယသတ္တိဖြင့်၊ ပစ္စယာ–ကုန်သည်၊ ဘဝန္တိ–ကုန်၏။

[“အဓိပတိဝသေန, သဟဇာတဝသေန”စသည် ဆိုလိုလျက် ဝါကျကျဉ်းအောင် ရှေးရှေးသော “ဝသေန”သဒ္ဒါများကို ချေထားသည်၊ အဆုံး၌ “ဝသေန”သဒ္ဒါတစ်ခုကိုသာ ပြထားသည်၊ “ဝသေနစာတိ”ဟု စသဒ္ဒါ ပါသင့်သည်။]

၂၇။ တတ္ထ–ထို ၉–ပါးတို့တွင်၊ ဂရုကတံ–အလေးအမြတ်ပြုအပ်သော၊ အာရမဏံ–“ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ, ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ် ၈၄–ခု, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇–ခု, နိဗ္ဗာန်”ဟု ဆိုအပ်သော အာရုံ ၆–ပါးသည်၊ နာမာနံ–အလေးအမြတ်

နောက်နောက်သော စိတ်တစ်ခုယုတ်ကိုးဆယ်, စေသိက် ဒွေးပညာသ၊ ဤတရားတို့သည် ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

ယထာရုဟံ

ရာဂ, သဒ္ဓါ, သုခ, ဒုက္ခတို့သည် အဏ္ဏတ္တသန္တာန်၌ ဖြစ်ကြ၏၊ ပုဂ္ဂလ, ဘောဇန, ဥတု, သေနာသနတို့သည် ဗဟိဒ္ဓ၌ ဖြစ်ကြ၏၊ ဤကား ယထာရုဟံ–အဓိပ္ပာယ်တည်း။

(“ရာဂါဒယော ပန ဓမ္မာ” အစရှိသော ပါဠိများကို ဤ၌ အကျယ်ဖွင့်ဆိုမှု မပြုတော့ပါ၊ ပဋ္ဌာန်း ပဉ္စဝါရကို လေ့လာသည့်အခါ ရှင်းလင်းလွယ်ကူစွာ သိမြင်နားလည် လာပါလိမ့်မည်။)

နာမ်ရုပ်က နာမ်ရုပ်အား ၉–ပစ္စည်း

၂၆။ “အဓိပတိ ။ပ။ ဘဝန္တိ”ဖြင့် “ဒွယံ ဒွယဿ နဝဓာ”ဟူသော အကျဉ်းဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသကိုပြသည်။

“နာမ်ရုပ် ၂–ပါးက နာမ်ရုပ် ၂–ပါးအား ကျေးဇူးပြုသော ၉–ပစ္စည်း”ဟူသည် အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ–တို့ ဖြစ်ကြသည်။

၂၇။ ထိုတွင် အဓိပတိပစ္စည်းသည် “အာရမဏာဓိပတိ, သဟဇာတာဓိပတိ”အားဖြင့် ၂–ပါးအပြားရှိ၏။ ထိုတွင်–

http://www.dhammadownload.com

ပြုတတ်သော လောဘမူစိတ် ၈-ခု, မဟာကုသိုလ်စိတ် ၈-ခု, မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု, လောကုတ္တရာစိတ် ၈-ခု, ဒေါသ ကျသာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပွမညာကြဉ်သော စေတသိက် ၄၅-ခု နာမကွန်ရှာတို့အား၊ အာရမဏာဓိပတိဝသေန-အာရမဏာဓိပတိသတ္တိဖြင့်၊ ပစ္စယော-သည်၊ ဟောတိ-၏။

စတုဗ္ဗိဓော ပိ- ၄-ပါး အပြားရှိသည်လည်းဖြစ်သော၊ သဟဇာတာဓိပတိ-"အဓိပတိတပ်ခိုက်တပ်နေ သာဓိပတိဇော ၅၂-ခုဉ်ရှိသော ဆန္ဒ, ဝီရိယ, ဝိမံသ, သာဓိပတိဇော ၅၂-ခု"ဟု ဆိုအပ်သော သဟဇာတာဓိပတိသည်၊ သဟဇာတာနံ-တကွဖြစ်ကုန်သော၊ နာမရူပါနံ-အဓိပတိပစ္စည်းကို ရခိုက်ရနေ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ခု, ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဧကပညာသ, သာဓိပတိစိတ္တဧရုပ်တို့အား၊ သဟဇာတဝသေန-သဟဇာတာဓိပတိသတ္တိဖြင့်၊ ပစ္စယော-သည်၊ ဟောတိ-ဖြစ်၏။

ဣတိ စ-ဤသို့လျှင်၊ အဓိပတိပစ္စယော-အဓိပတိပစ္စည်းသည်၊ ဒုဝိဓော-၂-ပါး အပြားရှိသည်၊ ဟောတိ-၏။

အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ပန္နရုပ် အဋ္ဌာရသ ။ ပ ။ နိဗ္ဗာန်၊ ဤတရားတို့သည် အာရမဏာဓိပတိပစ္စည်းတပ်သော တရားတို့မည်၏။

အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ခု ။ ပ ။ စေတသိက် ၄၅-ခု၊ ဤတရားတို့သည် အာရမဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

အဓိပတိပစ္စည်း တပ်ခိုက်,တပ်နေ မောဟမူဒွေး ဟသိတုပ္ပာဒ်ကြဉ်သော သာဓိပတိဇော ၅၂-ခုဉ်ရှိသော"ဆန္ဒ, ဝီရိယ, ဝိမံသ, သာဓိပတိဇော ၅၂-ခု ဟု ဆိုအပ်သော စိတ်"အားဖြင့် အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင် တစ်ပါးပါး၊ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်းတပ်သော တရားတို့မည်၏။

အဓိပတိပစ္စည်းကို ရခိုက်ရနေ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ခု၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဧကပညာသ၊ သာဓိပတိစိတ္တဧရုပ်၊ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

"အဓိပတိတပ်ခိုက်"ဟူသော စကားသည် အနေကန်ကို ရည်ညွှန်းသော စကားဖြစ်သည်၊ ကာမဇောကို ရည်ရွယ်သည်၊ မှန်၏= ကာမဇောဉ်ပါသော ဆန္ဒ-စသည်တို့သည် တစ်ရံတစ်ခါမှာသာ အဓိပတိသတ္တိ ရှိသည်။

"တပ်နေ"ဟူသော စကားသည် ဧကန်ကိုပြသော စကားဖြစ်သည်၊ မဟဂ္ဂုတ် လောကုတ္တရာဇောတို့ကို ရည်ရွယ်သည်။

http://www.dhammadownload.com

၂၈။ စိတ္တစေတသိကာ–စိတ် စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ–နာမကွန္ဓာတရား တို့သည်၊ အညမညံ–အချင်းချင်းအားလည်းကောင်း၊ သဟဇာတရူပါနံ–တကွဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ပစ္စယာ–ကုန်သည်၊ ဟောန္တိ–ဖြစ်ကုန်၏။

မဟာဘူတာ–မဟာဘုတ်တို့သည်၊ အညမညံ–အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရူပါနဉ္စ–ဥပါဒါရုပ်တို့အားလည်းကောင်း၊ ပစ္စယာ–ကုန်သည်၊ ဟောန္တိ–ဖြစ်ကုန်၏။

ပဋိသန္ဓိက္ခဏေ–ပဋိသန္ဓေခဏ၌၊ ဝတ္ထုဝိပါကာ–ဟဒယဝတ္ထု ပဋိသန္ဓေဝေါကာရ ပဋိသန္ဓေနာမကွန္ဓာတို့သည်၊ အညမညံ–အား၊ ပစ္စယာ–ကုန်သည်၊ ဟောန္တိ–ဖြစ်ကုန်၏။

ဣတိ စ–ဤသို့လျှင်၊ သဟဇာတပစ္စယော–သဟဇာတပစ္စည်းသည်၊ တိဝိဓော–၃–ပါးအပြားရှိသည်၊ ဟောတိ–ဖြစ်၏။

၂၉။ စိတ္တစေတသိကာ–စိတ် စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ–နာမကွန္ဓာတရား တို့သည်၊ အညမညံ–အချင်းချင်းအား၊ ပစ္စယာ–ကုန်သည်၊ ဟောန္တိ–ကုန်၏၊ မဟာဘူတာ–မဟာဘုတ်တို့သည်၊ အညမညံ–အချင်းချင်းအား၊ ပစ္စယာ ဟောန္တိ၊ ပဋိသန္ဓိက္ခဏေ–၌၊ ဝတ္ထုဝိပါကာ–တို့သည်၊ အညမညံ–အား၊ ပစ္စယာ ဟောန္တိ၊ ဣတိ စ–ဤသို့လျှင်၊ အညမညပစ္စယော–အညမညပစ္စည်းသည်၊ တိဝိဓော–သည်၊ ဟောတိ–၏။

၂၈။ အချင်းချင်းအားလည်းကောင်း, အချင်းချင်းနာမကွန္ဓာစိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း တပ်သော အလုံးစုံသောစိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက် ဒွေးပညာသ–ဟူသော ပဝတ္တိပဋိသန္ဓေနာမကွန္ဓာ ၄–ပါး။

အချင်းချင်းအားလည်းကောင်း, ဥပါဒါရုပ်အားလည်းကောင်း တပ်သော အလုံးစုံသော မဟာဘုတ် ၄–ပါး၊ အချင်းချင်းအားတပ်သော ပဋိသန္ဓေဝေါကာရ ပဋိသန္ဓေနာမကွန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတပစ္စည်းတပ်သော တရားတို့မည်၏။

အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမကွန္ဓာ ၄–ပါး၊ ဥပါဒါရုပ်နှင့်တကွ အလုံးစုံသော မဟာဘုတ် ၄–ပါး၊ ပဋိဝေါကာရ ပဋိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ ဟဒယဝတ္ထုမှ ထောက်အပ်သော ပဋိဝေါကာရပဋိသန္ဓေနာမကွန္ဓာ၊ ဤတရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

၂၉။ အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမကွန္ဓာ ၄–ပါး၊ အချင်းချင်းအားတပ်သော "စိတ္တဇ, ပဋိသန္ဓေကမ္မဇ, ဗာဟိရ, အာဟာရဇ, ဥတုဇ, အသညသတ်ကမ္မဇ, ပဝတ္တိကမ္မဇ" အားဖြင့် မဟာဘုတ် ၄–ပါး၊ အချင်းချင်းအားတပ်သော ပဋိဝေါကာရ ပဋိသန္ဓေနာမကွန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် အညမညပစ္စည်းတပ်သော တရားတို့မည်၏။

http://www.dhammadownload.com

၃၀။ စိတ္တစေတသိကာ-စိတ် စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ-တို့သည်၊ အညမညံ-အားလည်းကောင်း၊ သဟဇာတရူပါနဉ္စ-တို့အားလည်းကောင်း၊ ပစ္စယာ ဟောန္တိ။

မဟာဘူတာ-တို့သည်၊ အညမညံ-အားလည်းကောင်း၊ ဥပါဒါရူပါနဉ္စ-တို့အားလည်းကောင်း၊ ပစ္စယာ ဟောန္တိ။

ဆ- ၆-ပါးကုန်သော၊ ဝတ္ထူနိ-ဝတ္ထုရုပ်တို့သည်၊ တစ်နည်း-ဆဝတ္ထူနိ-မန္ဒာယုက ။ ပ ။ကာယဝတ္ထု, ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် ။ ပ ။ ၁၇-ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဆဝတ္ထုဟု ဆိုအပ်သော ၆-ပါးသော ဝတ္ထုရုပ်တို့သည်၊ သတ္တန္နံ- ၇-ပါးကုန်သော၊ ဝိညာဏာဟာရတူနံ-ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော ဝိညာဏာဟာရတ်တို့အား၊ ပစ္စယာ ဟောန္တိ။

ဣတိစ-ဤသို့လျှင်၊ နိဿယပစ္စယော-နိဿယပစ္စည်းသည်၊ တိဝိဓော- ၃-ပါး အပြားရှိသည်၊ ဟောတိ-၏။

အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး၊ အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော မဟာဘုတ် ၄-ပါး၊ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု, ဟဒယဝတ္ထုမှ ထောက်အပ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဤတရားတို့သည် အညမညပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

၃၀။ နိဿယပစ္စည်းသည် "သဟဇာတနိဿယ, ပုရေဇာတနိဿယ"အားဖြင့် ၂-ပါး အပြားရှိ၏၊ (ပါဠိ၌ လာသော တိဝိဓောနှင့် မဆိုင်ပါ၊) ထိုတွင် အချင်းချင်းအားလည်းကောင်း, အချင်းချင်းနာမက္ခန္ဓာစိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း တပ်သော ။ ပ ။နာမက္ခန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတနိဿယပစ္စည်းတပ်သော တရားတို့မည်၏။

အချင်းချင်းမှ ထောက်အပ်သော ။ ပ ။ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဤတရားတို့သည် သဟဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

ပုရေဇာတနိဿယသည်လည်း "ဝတ္ထုပုရေဇာတနိဿယ, ဝတ္ထာရမ္မဏပုရေဇာတနိဿယ" အားဖြင့် ၂-ပါး အပြား ရှိပြန်၏။ (သဟဇာတနိဿယ တတိယအချက်နှင့် ဤပုရေဇာတနိဿယ ၂-ပါးလုံးကိုပင် "ဆဝတ္ထူနိ"အစရှိသော ပါဠိဖြင့် ပြသည်-ဟု ကြံပါ။) ထိုတွင်-

ပဝတ္တိအခါ ဆဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်းတပ်သော တရားတို့မည်၏၊ တစ်နည်းကား- မန္ဒာယုက ။ ပ ။ မရဏာသန္နအခါ စုတိမှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဆဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်းတပ်သော တရားတို့မည်၏။

ပဉ္စဝေါကာရပဝတ္တိအခါ အရူပဝိပါက် ၄-ခုကြဉ်သော သတ္တဝိညာဏာဟာတ်၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

http://www.dhammadownload.com

၃၁။ ကဗဋ္ဌီကာရော–အလုပ်အလွေးပြုအပ်သော၊ အာဟာရော–ခဲဖွယ်ဘောဇဉ်၌ တည်သော ဗဟိဒ္ဓဩဇာသည်၊ ဣမဿ–ဤသို့ သဘောရှိသော၊ ကာယဿ–အာဟာရဇကာယအား၊ တစ်နည်းကား–ကဗဋ္ဌီကာရော–အလုပ်အလွေးပြုအပ်သော၊ အာဟာရော–အဖျော်တွ သန္တာန်၌ရှိသော စတုသမုဋ္ဌာနိက ဩဇာ, ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာသည်၊ဣမဿ–ဤသို့သဘောရှိသော၊ ကာယဿ–ကလာပ်တူဩဇာကြဉ်သော ကလာပ်တူ,ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကကာယအား၊ ပစ္စယော–ရူပအာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်၊ ဟောတိ–၏။

အရူပိနော–နာမ်ဖြစ်ကုန်သော၊ အာဟာရာ–အာဟာရတရားကိုယ် ၃–ပါးတို့သည်၊ သဟဇာတာနံ–တကွဖြစ်ကုန်သော၊ နာမရူပါနံ–စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက်ဩဠာပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား၊ ပစ္စယာ–နာမ်အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်သည်၊ ဟောန္တိ–ကုန်၏။

ဣတိ စ–ဤသို့လျှင်၊ အာဟာရပစ္စယော–အာဟာရပစ္စည်းသည်၊ ဒုဝိဓော–၂–ပါးအပြားရှိသည်၊ ဟောတိ–၏။

မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသည်ရှိသော် ၁၇–ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ ဤတရားတို့သည် ဝတ္ထာရမဏပုရေဇာတနိဿယပစ္စည်းတပ်သော တရားတို့မည်၏။

မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း, ကာမဇော တစ်ခုယုတ်သုံးဆယ်, တဒါရုံ ဇောဒသ, ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိရတိ အပွမညာကြဉ်သော စေတသိက် စတုစတ္တာလီသ၊ ဤတရားတို့သည် ဝတ္ထာရမဏပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

၃၁။ အာဟာရပစ္စည်းသည် "ရုပ်အာဟာရ, နာမ်အာဟာရ" အားဖြင့် ၂–ပါးအပြားရှိ၏။ ထိုတွင်–

"ကဗဋ္ဌီကာရအာဟာရ"ဟု ဆိုအပ်သော ခဲဖွယ်ဘောဇဉ် အစရှိသည်၌တည်သော ဗဟိဒ္ဓဩဇာ၊ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်းတပ်သော တရားတို့မည်၏။

အာဟာရသမုဋ္ဌာနိကရုပ်၊ ဤတရားတို့သည် အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

တစ်နည်းကား=အဖျော်တွသန္တာန်၌ ရှိသော စတုသမုဋ္ဌာနိကဩဇာ၊ ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာ၊ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်းတပ်သော တရားတို့မည်၏။

ကလာပ်တူဩဇာကြဉ်သော ကလာပ်တူကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်၊ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

http://www.dhammadownload.com

၃၂။ ပဋ္ဌ- ၅-ပါးကုန်သော၊ ပသာဒါ-ပသာဒတို့သည်၊ တစ်နည်းကား-ပဋ္ဌ ပသာဒါ-မန္ဒာယုက ။ ပ ။ ကာယပသာဒတို့သည်၊ ပဋ္ဌန်- ၅-ပါးကုန်သော၊ ဝိညာဏာနံ-ဝိညာဉ်တို့အား၊ ဝါ-စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်တို့အား၊ ပစ္စယာ-ဝတ္ထုပုရေဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုကုန်သည်၊ ဟောန္တိ-ကုန်၏။

ရူပဇီဝိတိန္ဒြိယံ-ပဝတ္တိ, ပဋိသန္ဓေအားဖြင့် ရုပ်ဇီဝိတိန္ဒြေသည်၊ ဥပါဒိန္နရူပါနံ-ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား၊ ပစ္စယော-ရူပဇီဝိတိန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။

အရူပိနော-နာမ်ဖြစ်ကုန်သော၊ ဣန္ဒြိယာ-ဣန္ဒြေတရားကိုယ် ၈-ပါးတို့သည်၊ သဟဇာတာနံ-တကွဖြစ်ကုန်သော၊ နာမရူပါနံ-စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက်ဒွေးပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား၊ ပစ္စယာ-သဟဇာတိန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်သည်၊ ဟောန္တိ-ကုန်၏။

ဣတိ စ-ဤသို့လျှင်၊ ဣန္ဒြိယပစ္စယော-ဣန္ဒြိယပစ္စည်းသည်၊ တိဝိဓော- ၃-ပါး အပြားရှိသည်၊ ဟောတိ-ဖြစ်၏။

"ဖဿ, စေတနာ, ဝိညာဉ်"ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃-ပါး၊ ဤတရားတို့သည် နာမ်အာဟာရပစ္စည်းတပ်သော တရားတို့မည်၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက်ဒွေးပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်၊ဤတရားတို့သည် နာမ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

၃၂။ ဣန္ဒြိယပစ္စည်းသည် "ပုရေဇာတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယ, သဟဇာတိန္ဒြိယ"အားဖြင့် ၃-ပါးအပြားရှိ၏။ ထိုတွင်-

"မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက"အားဖြင့် ၃-ပါးပြားသော စက္ခုဝတ္ထုတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင် တစ်ချက်အလွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု ။ ပ ။ ကာယဝတ္ထု၊ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်းတပ်သော တရားတို့မည်၏။

ဒွေးပဋ္ဌဝိညာဉ် ၁၀, သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခု၊ ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

ပဝတ္တိ ပဋိသန္ဓေအားဖြင့် အလုံးစုံသော ရုပ်ဇီဝိတိန္ဒြေ၊ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်းတပ်သော တရားတို့မည်၏။

ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၈-ခု, ၉-ခု၊ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

http://www.dhammadownload.com

၃၃။ သြက္ကန္တိကွဏော-ပဉ္စဝေါကာရဘဝိသန္ဓေခဏ၌၊ ဝတ္ထု-ဟဒယဝတ္ထုသည်၊ ဝိပါကာနံ-ပဉ္စဝေါကာရဘဝိသန္ဓေ နာမက္ခန္ဓာတို့အားလည်းကောင်း၊ စိတ္တစေတသိကာ ဓမ္မာ-ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက်,ဖြစ်နေ အရူပဝိပါက် ၄-ခု ဒွေးပဉ္စဝိညာဉ်-၁၀ ရဟန္တာတို့စုတိကြဉ်သော စိတ် ၇၅-ခု, စေတသိက် ဒွေးပညာသ, ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာတို့သည်၊ သဟဇာတာနံ-တကွဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ သဟဇာတဝသေန- သဟဇာတဝိပွယုတ္တသတ္တိဖြင့်၊ ပစ္စယာ-ကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

ပစ္ဆာဇာတာ-နောက်နောက်၌ဖြစ်ကုန်သော၊ စိတ္တစေတသိကာ-စိတ် စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ-ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော ပထမဘဝင်အစရှိသော နာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားတို့သည်၊ ပုရေဇာတသဒ္ဒေါ-ရှေးရှေး၌ဖြစ်သော၊ ဣမဿ-ဤသို့သဘောရှိသော၊ ကာယဿ-ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဇေဇောကာယ, ဒ္ဝိဇောကာယ, တိဇောကာယ, စတုဇောကာယအား၊ ပစ္ဆာဇာတဝသေန-ပစ္ဆာဇာတဝိပွယုတ္တသတ္တိဖြင့်၊ ပစ္စယာ-ကုန်သည်၊ ဟောန္တိ-ကုန်၏။

ဆ- ၆-ပါးကုန်သော၊ ဝတ္ထူနံ-ဝတ္ထုရုပ်တို့သည်၊ တစ်နည်းကား=ဆဝတ္ထူနံ-မန္ဒာယုက, အမန္ဒာယုက ။ ပ ။ ၁၇-ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဆဝတ္ထု-ဟု ဆိုအပ်သော ၆-ပါးသော ဝတ္ထုရုပ်တို့သည်၊ ပဝတ္တိယံ-ပဝတ္တိအခါ၌၊ သတ္တန္နံ-၇-ပါးကုန်သော၊ ဝိညာဏာဟာရတူနံ-အရူပဝိပါက် ၄-ခုကြဉ်သော ဝိညာဏာဟာရတ်တို့အား၊ ပုရေဇာတဝသေန-ပုရေဇာတဝိပွယုတ္တသတ္တိဖြင့်၊ ပစ္စယာ-ကုန်သည်၊ ဟောန္တိ-ကုန်၏။

ဣတိ စ-ဤသို့လျှင်၊ ဝိပွယုတ္တပစ္စယော-ဝိပွယုတ္တပစ္စည်းသည်၊ တိဝိဓော-သည်၊ ဟောတိ-၏။

"ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ"ဟူသော နာမ်ကွန်ဒြေ တရားကိုယ် ၈-ပါး၊ ဤတရားတို့သည် သဟဇာတိန္ဒြိယ ပစ္စည်းတပ်သော တရားတို့မည်၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက် ဒွေးပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

၃၃။ ဝိပွယုတ္တပစ္စည်းသည် "သဟဇာတဝိပွယုတ်, ပစ္ဆာဇာတဝိပွယုတ်, ပုရေဇာတဝိပွယုတ်" အားဖြင့် ၃-ပါးအပြားရှိ၏။ ထိုတွင်-

ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်,ဖြစ်နေ အရူပဝိပါက် ၄-ခု ဒွေးပဉ္စဝိညာဉ်-၁၀ ရဟန္တာတို့စုတိကြဉ်သော စိတ် ၇၅-ခု, စေတသိက် ဒွေးပညာသ-ဟူသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ

http://www.dhammadownload.com

၃၄။ သဗ္ဗထာ–အလုံးစုံသော အပြားအားဖြင့်၊ သဟဇာတံ–သဟဇာတပစ္စည်းလည်းကောင်း၊ ပုရေဇာတံ–ပုရေဇာတပစ္စည်းလည်းကောင်း၊ ပစ္ဆာဇာတဉ္စ–ပစ္ဆာဇာတပစ္စည်းလည်းကောင်း၊ ကဗဠီကာရော အာဟာရော–ကဗဠီကာရ အာဟာရလည်းကောင်း၊ ဝါ–ရုပ်အာဟာရပစ္စည်းလည်းကောင်း၊ ရူပဇီဝိတံ–ရူပဇီဝိတိန္ဒြိယပစ္စည်းလည်းကောင်း၊ ဣတိ–ဤသို့၊ ပဉ္စဝိဓော– ၅–ပါး အပြားရှိသော၊ ဣတိ အယံ–ဤပစ္စည်းသည်၊ အတ္ထိ

၄–ပါး၊ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမကွန္ဓာ, ဟဒယဝတ္ထု၊ ဤတရား တို့သည် သဟဇာတဝိပ္ပယုတ္တပစ္စည်းတပ်သော တရားတို့မည်၏။

စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ပဉ္စဝေါကာရ ပဋိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ ဟဒယဝတ္ထုမှ ထောက်အပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမကွန္ဓာ၊ ဤတရား တို့သည် သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄–ခုကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်ဖြစ်သော နာမကွန္ဓာ ၄–ပါး၊ ဤတရားတို့သည် ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်းတပ်သော တရားတို့မည်၏။

ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌိသို့ရောက်သော ဇာဂေကာယ, ဒွိဇာကာယ, တိဇာကာယ, စတုဇာကာယ၊ ဤတရားတို့သည် ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

ပုရေဇာတဝိပ္ပယုတ်သည် "ဝတ္ထုပုရေဇာတဝိပ္ပယုတ်, ဝတ္ထာရမဏပုရေဇာတဝိပ္ပယုတ်" အားဖြင့် ၂–ပါးအပြားရှိ၏။ ထိုတွင်–

ပဝတ္တိအခါ ဆဝတ္ထု၊ တစ်နည်းကား–"မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက"အားဖြင့် ၃–ပါးသော စက္ခုဝတ္ထုတို့တွင် ။ ပ ။ ၁၇–ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဆဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်းတပ်သော တရားတို့မည်၏။

ပဉ္စဝေါကာရ ပဝတ္တိအခါ အရူပဝိပါက် ၄–ခုကြဉ်သော သတ္တဝိညာဏာဓာတ်၊ ဤတရား တို့သည် ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏။

မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ ဤတရားသည် ဝတ္ထာရမဏပုရေဇာတ ဝိပ္ပယုတ္တပစ္စည်းတပ်သောတရားမည်၏။

မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း, ကာမဇော တစ်ခုယုတ်သုံးဆယ်, တဒါရုံ ဇောဒသ၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတိ, အပ္ပမညာကြဉ်သော စေတသိက် စတုစတ္တာလီသ၊ ဤတရားတို့သည် ဝတ္ထာရမဏ ပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်၏ ။

၃၄။ "သဟဇာတံ ။ ပ ။ ပဉ္စဝိဓော ဟောတိ အတ္ထိပစ္စယော အဝိဂတပစ္စယော စ"ဖြင့် အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့၏ အပြားကိုပြသည်။

http://www.dhammadownload.com

ပစ္စယော–အတ္ထိပစ္စည်းသည်လည်းကောင်း၊ အဝိဂတပစ္စယောစ–အဝိဂတပစ္စည်းသည်လည်းကောင်း၊ ဟောတိ–၏။

၃၅။ စ–ဆက်ဦးအံ့၊ အာရမ္မဏူပနိဿယကမ္မတ္ထိပစ္စယေသု–အာရမ္မဏပစ္စည်း, ဥပနိဿယပစ္စည်း, ကမ္မပစ္စည်း, အတ္ထိပစ္စည်းတို့၌၊ သဗ္ဗေပိ–အလုံးစုံလည်းဖြစ်ကုန်သော၊ ပစ္စယာ–ပစ္စည်းတို့သည်၊ သမောဓာန်–ပေါင်းဆုံခြင်းသို့၊ ဂစ္ဆန္တိ–ရောက်ကုန်၏။

၁။ သဟဇာတတ္ထိ၊ သဟဇာတ အဝိဂတ= သဟဇာတပစ္စည်းနှင့် တူသည်၊
၂။ ပုရေဇာတတ္ထိ၊ ပုရေဇာတ အဝိဂတ= ဝတ်ပု၊ အာပုနှင့် တူသည်၊
၃။ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတ အဝိဂတ= ပစ္ဆာဇာတနှင့် တူသည်၊
၄။ ရူပအာဟာရတ္ထိ၊ ရူပအာဟာရ အဝိဂတ= ရုပ်အာဟာရနှင့် တူသည်၊
၅။ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ရူပဇီဝိတိန္ဒြိယ အဝိဂတ= ရူပဇီဝိတိန္ဒြိယနှင့် တူသည်။

ဤသို့ အတ္ထိပစ္စည်း ၅–မျိုး၊ အဝိဂတပစ္စည်း ၅–မျိုး ရှိသည်၊ ပစ္စည်း ပစ္စယုပ္ပန်တို့ကိုလည်း ဆိုခဲ့ပြီးသည်အားလျော်စွာ အသီးအသီး ခွဲစိတ်ဝေဖန်ပါ။

ပစ္စည်းအကျဉ်း ၄–မျိုး

၃၅။ "အာရမ္မဏူပနိဿယ ။ပ ။ ဂစ္ဆန္တိ"ဖြင့် အကျဉ်းချုပ်အားဖြင့် ပစ္စည်း ၄–မျိုးသာ ရှိကြောင်းကို ပြသည်။

ပစ္စည်းအားလုံးတို့သည် အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ၊ ဤ ၄–ပစ္စည်းတွင် ပါဝင်ကြသည်။

ထိုတွင် အာရမ္မဏမျိုး ၈–ပါးသည် အာရမ္မဏပစ္စည်း၌ ပါဝင်သည်၊ အနန္တရမျိုး ၇–ပါးသည် အနန္တရူပနိဿ၌ ပါဝင်သည်၊ ပကတူပနိဿယမျိုး ၂–ပါးသည် ပကတူပနိဿယ၌ ပါဝင်သည်၊ နာနာက္ခဏိကကမ္မမျိုး ပစ္စည်း ၁–ပါးသည် ကမ္မပစ္စည်း၌ ပါဝင်သည်၊ သဟဇာတမျိုး ၁၅–ပါးသည် သဟဇာတတ္ထိ၌ ပါဝင်သည်၊ ဝတ္ထုပုရေဇာတမျိုး ၆–ပါးသည် ပုရေဇာတတ္ထိ၌ ပါဝင်သည်၊ ပစ္ဆာဇာတမျိုး ၄–ပါးသည် ပစ္ဆာဇာတတ္ထိ၌ ပါဝင်သည်၊ ရူပအာဟာရမျိုး ၃–ပါးသည် ရူပအာဟာရတ္ထိ၌ ပါဝင်သည်၊ ရူပဇီဝိတိန္ဒြိယမျိုး ၃–ပါးသည် ရူပဇီဝိတိန္ဒြိယတ္ထိ၌ ပါဝင်သည်၊ ဤသို့ အဆွယ်အပွားနှင့်တကွ ၂၄–ပစ္စည်းကို အကျဉ်းချုံး၍ ပေါင်းယူလိုက်လျှင် အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ၊ ဤ ၄–ပစ္စည်းတို့၌ ထိုက်သည်အားလျော်စွာ ပါဝင်ကြရလေသည်၊ ၈–ပစ္စည်း ၉–မျိုး အခွဲကို ပဋ္ဌာနပန်းကုံး၌ ရှုပါ။

ဆောင်။　။အာ ရုစ်၀၊ ပါဝင်ရ အာရမ်မာ၊
နန္တ ရူ–ပကတူမျိုးတို့ငယ်၊ ပါရိုး ဥပါ၊
မျိုးကမ္မ–တစ်ပါးသာ၊ ကမ္မမှာ သွင်းညှိ၊
သဟဇာ–ဝတ္ထုမျိုးငယ်နှင့်၊ ပစ္ဆာ ဟာ ရုပ်ကျန် မျိုးတို့ကို၊ သွင်းရိုး အတ္ထိ။

46-A

http://www.dhammadownload.com

၃၆။ ပန–မှတ်ဖွယ်အထူး ဆက်ပြဦးအံ့၊ ဇတ္ထ–ဤပဌာန်းနည်း၌၊ သဗ္ဗတ္ထာပိ–အလုံးစုံသော သဟဇာတမျိုးတို့၌လည်း၊ သဟဇာတရူပန္တိ–"သဟဇာတရူပ"ဟူသည်ကား၊ ပဝတ္တေ–ပဝတ္တိအခါ၌၊ စိတ္တသမုဋ္ဌာနာနံ–စိတ္တဇရုပ်တို့၏လည်းကောင်း၊ ပဋိသန္ဓိယံ–ပဋိသန္ဓေအခါ၌၊ ကဋတ္တာရူပါနဉ္စ–ကမ္မဇရုပ်တို့၏လည်းကောင်း၊ ဝသေန–အပြားအားဖြင့်၊ ဒုဝိဓံ–၂–ပါးအပြားရှိသည်၊ ဟောတိ–ဖြစ်၏၊ ဣတိ–သို့၊ ဝေဒိတဗ္ဗံ–သိအပ်၏။

၃၇။ ဣတိ–ဤသို့၊ သမ္ဘဝါ–ဖြစ်သင့်သည်အားလျော်စွာ၊ တေကာလိကာ–ကာလ ၃–ပါး၌လည်း ဖြစ်ကုန်သော၊ ကာလမုတ္တာစ–ကာလ ၃–ပါးမှလည်း လွတ်ကုန်သော၊ အဇ္ဈတ္တဉ္စ–အဇ္ဈတ္တသန္တာန်၌လည်း ဖြစ်ကုန်သော၊ ဗဟိဒ္ဓါ စ–ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်ကုန်သော၊ သခံတာစ–သခံတလည်း ဖြစ်ကုန်သော၊ အသခံတာစ–အသခံတလည်း ဖြစ်ကုန်သော၊ တထာ–ထိုမှတစ်ပါး၊ ပညတ္တိနာမရူပါနံ–ပညတ်နာမ်ရုပ်တို့၏၊ ဝသေန–အပြားအားဖြင့်၊ တိဓာ– ၃–ပါး အပြားအားဖြင့်၊ ဌိတာ–တည်ကုန်သော၊ ဓမ္မာ–တရားတို့သည်၊ ပဌာနေ–ပဌာန်းအရာ၌၊ သဗ္ဗထာ–အလုံးစုံသော အပြားအားဖြင့်၊ စတုဝိသတိ–၂၄–ပါးသော၊ ပစ္စယာနာမ–ပစ္စည်းတို့မည်သည်၊ ဟောန္တိ–ကုန်၏။

သဟဇာတရူပ

၃၆။ "သဟဇာတရူပန္တိ ပနေတ္ထ"အစရှိသော စကားရပ်သည် မှတ်သားဖွယ်ရာအချက်ကို ဆက်လက်ပြဆိုသော စကားရပ်ဖြစ်သည်။

သဟဇာတမျိုးဟူသမျှဝယ် "သဟဇာတရူပ"အရ ပဝတ္တိအခါဖြစ်လျှင် စိတ္တဇရုပ်ကို ယူရမည်၊ ပဋိသန္ဓေအခါဖြစ်လျှင် ကမ္မဇရုပ်ကို ယူရမည်၊ ဤသို့ "စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်"ဟု သဟဇာတရုပ် ၂–မျိုး ရှိသည်–ဟု ဆိုလိုသည်။

"တေကာလိက"စသည်အစွဲ

၃၇။ "ဣတိ တေကာလိကာ"စသော ဂါထာများသည် ၂၄–ပစ္စည်းကို တေကာလိက–စသည်ဖြင့် ခွဲပြသော ဂါထာများဖြစ်ကြသည်။

ပဌာန်း၌ နည်းအမျိုးမျိုးဖြင့် ဟောထားသော ၂၄–ပစ္စည်းတို့သည် "တေကာလိက, ကာလဝိမုတ္တ"အားဖြင့်လည်း ပြားသည်၊ "အဇ္ဈတ္တ,ဗဟိဒ္ဓ"အားဖြင့်လည်း ပြားသည်၊ "သခံတ, အသခံတ"အားဖြင့်လည်း ပြားသည်၊ "ပညတ်, နာမ်, ရုပ်"အားဖြင့်လည်း ပြားသည်–ဟု ဆိုလိုသည်။

ထိုတွင် "တေကာလိကတရာ"ဟူသည် စိတ်, စေတသိက်,ရုပ်တရားတို့တည်း၊ "ကာလဝိမုတ်"ဟူသည်ကား နိဗ္ဗာန်နှင့်ပညတ်တို့တည်း။

ဟေတု, သဟဇာတ, အညမည, နိဿယ, ပုရေဇာတ, ပစ္ဆာဇာတ, ဝိပါက, အာဟာရ, ဣန္ဒြေယ, ဈာန, မဂ္ဂ, သမ္မယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ဤ ၁၅–ပစ္စည်းတို့သည် ပစ္စုပ္ပန်ကာလနှင့်ယှဉ်ကုန်၏၊ အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ၊ ဤ ၅–ပစ္စည်းတို့သည် အတိတ်ကာလနှင့် ယှဉ်ကုန်၏၊ ကမ္မပစ္စည်းသည် "ပစ္စုပ္ပန်, အတိတ်ကာလ" ၂–ပါးနှင့် ယှဉ်၏၊

http://www.dhammadownload.com

အာရမဏ, အဓိပတိ, ဥပနိဿယ၊ ဤ ၃-ပါးသော ပစ္စည်းတို့သည် တိကာလိက, ကာလဝိမုတ္တ ပစ္စည်းတို့ မည်သည်။

ဆောင်။　။ဟေ သဟ၊ အဉ နိ ပု ပစ္စာ၊
ဝိ ဟာ ဣန်-စျာ မဂ္ဂင်္ဃ်၊ သမ္မ ဝိပ္ပ၊
အတ် အဝိ-ပန်ချည်းသာ၊ နန် နန် အာ နတ် ဝိ၊
အတိတ်သာ-ကမ္မမှာ ပန်တီတရယ်နဲ့၊ တိကာလ-ဝိမုတ္တငယ်၊ ဥပ အာ ဓိ။

"အဏ္ဏတ္တိက"ဟူသည် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနတို့တည်း၊ ထိုမှ ကြွင်းသော တရားတို့ကား ဗဟိဒ္ဓတို့တည်း၊ ဤသို့ အဏ္ဏတ္တ-ဒုက်ဖြင့် ၂၄-ပစ္စည်းတို့ကို ဝေဖန်ရမည်။

သို့ဖြစ်ရကား ဟေတု, ကမ္မ, စျာန, မဂ္ဂ၊ ဤ ၄-ပစ္စည်းတို့သည် ဗဟိဒ္ဓပစ္စည်း ဖြစ်သည်၊ ကြွင်း ၂၀-သော ပစ္စည်းတို့သည် အဏ္ဏတ္တိကလည်း ဖြစ်သည်၊ ဗဟိဒ္ဓလည်း ဖြစ်သည်။

ဆောင်။　။ဟေ ကံ စျာ၊ မဂ္ဂမှာ ဗဟိ၊
ကြွင်း နှစ်ဆယ်- ရွေးချယ် စစ်လို့ရယ်၊ အဓိ, ဗ-မှတ်သိ။

"သခ်ံတ"ဟူသည် အကြောင်းတရားတို့ ပြုပြင်စီမံအပ်သော စိတ်, စေတသိက်, ရုပ်တို့တည်း၊ "အသခ်ံတ"ဟူသည်မှာ နိဗ္ဗာန်, ပညတ်တည်း။

ထို့ကြောင့် အာရမဏ, အဓိပတိ, ဥပနိဿယ၊ ဤ ၃-ပစ္စည်းတို့သည် "သခ်ံတ, အသခ်ံတ" ၂-ပါးပင် ဖြစ်သည်၊ ကျန်သော ၂၁-ပစ္စည်းတို့သည် "အသခ်ံတ" တစ်မျိုးသာ ဖြစ်သည်။

ဆောင်။　။ဓိ ဥ အာ၊ သခ်ံတာ, သခ်ံတ၊
ကြွင်း သိလွယ်-နှစ်ဆယ်တစ်ငယ်၊ စိစစ် သခ်ံ။

ထို့ပြင် ဟေတု, အနန္တရ, သမနန္တရ, ပစ္ဆာဇာတ, အာသေဝန, ကမ္မ, ဝိပါက, စျာန, မဂ္ဂ, သမ္မယုတ္တ, နတ္ထိ, ဝိဂတ၊ ဤ ၁၂-ပစ္စည်းတို့သည် နာမ်ဖြစ်သော ပစ္စည်းများ မည်၏။ (ဆဓာ နာမံ တု နာမဿ၊ ပဥ္စဓာ နာမရူပိနံ၊ ဧကဓာ ပုန ရူပဿ၊ ၃-မျိုးပေါင်း ဖြစ်သည်။)

ပုရေဇာတပစ္စည်းသည် ရုပ်ဖြစ်သော ပစ္စည်းမည်၏။ (ရူပံ နာမဿ စေကဓာ-အရ ဖြစ်သည်။)

အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ဤ ၉-ပစ္စည်းတို့သည် "နာမ်,ရုပ်" ၂-ပါးဖြစ်သော ပစ္စည်းတို့ မည်၏။ (ဒွယံ ဒွယဿ နဝဓာ-အရ ဖြစ်သည်။)

အာရမဏ, ဥပနိဿယ၊ ဤ ၂-ပစ္စည်းတို့သည် "ပညတ်, နာမ်, ရုပ်"ဖြစ်သော ပစ္စည်းတို့မည်၏။ (ပညတ္တိနာမရူပါနိ, နာမဿ ဒုဝိဓာ- အရဖြစ်သည်။)

http://www.dhammadownload.com

၃၈။ တတ္ထ–ထိုပညတ်နာမ်ရုပ်တို့တွင်၊ ရူပက္ခန္ဓော၀–ရူပက္ခန္ဓာကိုသာလျှင်၊ ရူပမ္မာ–ရုပ်တရားတို့ဟူ၍၊ ပဝုစ္စတိ–ဆိုအပ်၏၊ စိတ္တစေတသိကသင်္ခါတာ–စိတ် စေတသိက်ဟု ဆိုအပ်ကုန်သော၊ စတ္တာရော– ၄–ပါးကုန်သော၊ အရူပိနော–နာမ်ဖြစ်ကုန်သော၊ ခန္ဓာ–ခန္ဓာတို့လည်းကောင်း၊ နိဗ္ဗာနဉ္စ–နိဗ္ဗာန်လည်းကောင်း၊ ဣတိ–သို့၊ ပဉ္စဝိဓမ်ဳ– ၅–ပါး အပြားရှိသည်လည်း ဖြစ်သောတရားကို၊ အရူပန္တိ စ–အရူပဟူ၍လည်းကောင်း၊ နာမန္တိ စ–နာမ်ဟူ၍လည်းကောင်း၊ ပဝုစ္စတိ–ဆိုအပ်၏။

၃၉။ ပန–ကား၊ တတော–ထိုနာမ်,ရုပ်မှ၊ အ၀သေသာ–ကြွင်းသော၊ ပညတ္တိ–ပညတ်သည်၊ ပညာပီယတ္တာ–အပြားအားဖြင့် သိစေအပ်သည်၏အဖြစ်ကြောင့်၊ ပညတ္တိ–အတ္ထပညတ်လည်းကောင်း၊ ပညာပနတော–အပြားအားဖြင့် သိစေတတ်သည်၏အဖြစ်ကြောင့်၊ ပညတ္တိစ–သဒ္ဒပညတ်လည်းကောင်း၊ ဣတိ–ဤသို့၊ ဒ္၀ိဓာ– ၂–ပါး အပြားရှိသည်၊ ဟောတိ–၏။

ဆောင်။ ။ ဟေတု နန် နန်–ပစ် ကမ္မနှင့်၊ အာသေ ပါက စျာ မဂ္ဂါ၊
သမ် နတ် ဝိကို–နာမ်မှတ်သားလို့၊ ပုရေကိုကား ရုပ်ဟုသာ၊
ဓိ သ အညာ–နိ ဟာရတဲ့၊ ဣန္ဒြေနှင့် ဝိပွ အတ် အမှာ၊
နာမ်,ရုပ် မဂ္ဂါတ်၊ အာ ဥမှတ်၊ ပညတ်, နာမ်, ရူပါ၊
အဲဒါက..... သေချာသတ်မှတ်–ပညတ် နာမ် ရုပ် အခွဲပါ။

"ပညတ္တိ နာမရူပါနံ"အရ ရုပ်, နာမ်, ပညတ်တို့ကို ခွဲခြားပြလိုသောကြောင့် "တတ္ထ ရူပမ္မာ ။ ပ ။ လောကသင်္ကေတနိမ္မိတာ"ဟူသော စကားရပ်ကို ဆက်လက် ပြဆိုထားသည်။

ရုပ် နာမ်

၃၈။ ထိုတွင် "ရူပမ္မာ ။ ပ ။ ပဝုစ္စတိ"ဟူသော စကားရပ်သည် "ရုပ်,နာမ်" ၂–ပါးကို ခွဲခြားပြသော စကားရပ်ဖြစ်သည်။

"ရူပက္ခန္ဓာကိုပင် ရုပ်တရား"ဟု ဆိုရသည်၊ "၀ေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာနှင့် နိဗ္ဗာန်တို့ကိုပင် နာမ်တရား"ဟုဆိုရသည်။

ပညတ် ၂–မျိုး

၃၉။ "တတော ။ ပ ။ ဒ္၀ိဓာ ဟောတိ"ဖြင့် ပညတ် ၂–မျိုးကို အကျဉ်းပြသည်။

ထိုတွင် "ပညာပီယတ္တာ ပညတ္တိ"ဖြင့် အတ္ထပညတ်ကိုပြသည်၊ အပြားအားဖြင့် သိစေအပ်သောကြောင့် "အတ္ထပညတ်မည်၏"ဟု ဆိုလိုသည်။

"ပညာပနတော ပညတ္တိ"ဖြင့် သဒ္ဒပညတ်ကိုပြသည်၊ အပြားအားဖြင့် သိစေတတ်သောကြောင့် "သဒ္ဒပညတ်မည်၏"ဟု ဆိုလိုသည်။

http://www.dhammadownload.com

၄၀။ ကထံ-ပညတ် ၂-ပါး အဘယ်သို့ ပြားသနည်း?။

တံတံ ဘူတဝိပရိဏာမာကာရံ-ထိထိ ပထဝီအစရှိသော မဟာဘုတ်တို့၏ ထူးခြားဖုံဖုံ ထက်ဝန်းကျင်မှ ညွှတ်ကိုင်းပေါင်းစုလျက် တည်နေပုံ အခြင်းအရာကို၊ ဥပါဒါယ-စွဲ၍၊ တထာတထာ-ထိထို ဘူမိ ပဗ္ဗတ အစရှိသော အပြားအားဖြင့်၊ ပညတ္တာ-အပြားအားဖြင့် သိစေအပ်သော၊ ဘူမိပဗ္ဗတာဒိကာ-ဘူမိ ပဗ္ဗတအစရှိသော သန္တာနပညတ်လည်းကောင်း။

သမ္ဘာရသန္နိဝေသာကာရံ-သစ်ဝါးစသော အဆောက်အဦတို့၏ စုဝေးတည်နေပုံ အခြင်းအရာကို၊ ဥပါဒါယ-စွဲ၍၊ တထာတထာ-ထိထို ဂေဟ ရထ သကဋ အစရှိသော အပြားအားဖြင့်၊ ပညတ္တာ-သော၊ ဂေဟ ရထ သကဋာဒိကာ-ဂေဟ ရထ သကဋ အစရှိသော သမူဟပညတ်လည်းကောင်း။

ခန္ဓပဉ္စကံ-ခန္ဓာ ၅-ပါးအပေါင်းကို၊ ဥပါဒါယ-၍၊ တထာတထာ-ထိထို ပုရိသ ပုဂ္ဂလ အစရှိသော အပြားအားဖြင့်၊ ပညတ္တာ-သော၊ ပုရိသပုဂ္ဂလာဒိကာ-ပုရိသ ပုဂ္ဂလ အစရှိသော သတ္တပညတ်လည်းကောင်း ၊ စန္ဒာဝဋ္ဋနာဒိကံ-လ,နေ,နက္ခတ်တို့၏ မြင်းမိုရ်တောင်ကို လက်ျာရစ်လှည့်လျက် ထွက်ပုံ,ဝင်ပုံ အစရှိသည်ကို၊ ဥပါဒါယ-၍၊ တထာတထာ-ထိထို ဒိသာ,ကာလ အစရှိသော အပြားအားဖြင့်၊ ပညတ္တာ-သော၊ ဒိသာကာလာဒိကာ-ပုဗ္ဗဒိသာ အစရှိသော ဒိသာပညတ်, ပုဗ္ဗဏှအစရှိသော ကာလပညတ်လည်းကောင်း။

အသမ္မုဠှာကာရံ-မဟာဘုတ်ချင်း မထိမစပ်ပုံ အခြင်းအရာကို၊ ဥပါဒါယ-၍၊ တထာတထာ-ထိထို ကူပ ဂုဟာ အစရှိသော အပြားအားဖြင့်၊ ပညတ္တာ-သော၊ ကူပဂုဟာဒိကာ-ကူပ ဂုဟာ အစရှိသော အာကာသပညတ်လည်းကောင်း။

အတ္ထပညတ်

၄၀။ ထိထို ဘူမိ ပဗ္ဗတ စသည်ဖြင့် သမုတ်အပ်သော အရာဝတ္ထု အထည်ကိုယ်ဒြပ်စုသည် မဟာဘုတ်တို့၏ အစီအစဉ်ကို စွဲ၍ဖြစ်သောကြောင့် "သန္တာနပညတ်"မည်၏။

ဂေဟ ရထ သကဋစသည်ဖြင့် ပညတ်အပ်သော အတည်ကိုယ်ဝတ္ထု ဒြပ်စုသည် အဆောက်အဦတို့၏ ပေါင်းစုနေပုံကို စွဲ၍ ဖြစ်သောကြောင့် "သမူဟပညတ်"မည်၏။

ပုရိသပုဂ္ဂလစသည်ဖြင့် ပညတ်အပ်သော အထည်ကိုယ်ဝတ္ထု ဒြပ်စုသည် သတ္တဝါကို စွဲ၍ ဖြစ်သောကြောင့် "သတ္တပညတ်"မည်၏၊ ခန္ဓာပဉ္စကကို စွဲ၍ဖြစ်သောကြောင့် "ဥပါဒါပညတ်"ဟုလည်း ဆိုသင့်သည်။

ကူပ ဂုဟာစသည်ဖြင့် ပညတ်အပ်သော အရာများကို ဟာလာဟင်းလင်း အာကာသကို စွဲ၍ ပညတ်အပ်သောကြောင့် "အာကာသပညတ်"ဟုခေါ်သည်။

http://www.dhammadownload.com

တံတံ ဘူတနိမိတ္တံ-ပထဝီကသိဏ်း အစရှိသော ထိုထို မဟာဘုတ်အာရုံကို လည်းကောင်း၊ ဘာဝနာဝိသေသဿ-ပရိကမ္မဘာဝနာ အစရှိသော ဘာဝနာအစဉ်ထူးကို လည်းကောင်း၊ ဥပါဒါယ-၍၊ တထာတထာ-ထိုထို ကသိဏနိမိတ္တအစရှိသော အပြားအားဖြင့်၊ ပညတ္တာ-သော၊ ကသိဏနိမိတ္တာဒိကာ-ကသိဏ်းပညတ်, ပရိကမ္မနိမိတ် အစရှိသော နိမိတ္တပညတ်လည်းကောင်း။

ဣတိ ဧဝမာဒိပဘေဒါ ပန-ဤသို့ အစရှိသော အနက်ကိုကား၊ ပရမတ္ထတော-ပရမတ္ထအားဖြင့်၊ အဝိဇ္ဇမာနာပိ-ထင်ရှားမရှိသော်လည်း၊ အတ္ထစ္ဆာယာကာရေန-မဟာဘုတ် စသော ပရမတ္ထတို့၏ အရိပ်အရောင်ဖြစ်သော အခြင်းအရာအားဖြင့်၊ စိတ္တုပ္ပာဒါနံ-စိတ်, စေတသိက်တို့၏၊ အာရမဏဘူတာ-အာရုံဖြစ်၍ဖြစ်သည်လည်းကောင်း၊ တံတံ-ထိုထို အရာဝတ္ထုကို၊ ဥပါဒါယ-စိတ်ဖြင့်ကပ်ယူ၍၊ ဝါ-စွဲ၍၊ ဥပနိဓာယ-ထောက်ဆ၍၊ ကာရဏ်-ပညတ်ခြင်း၏ အကြောင်းကို၊ ကတွာ-ပြု၍၊ တထာတထာ-ထိုထိုအပြားအားဖြင့်၊ ပရိကပ္ပိယမာနာ-ကြံဆ၍ယူအပ်သည်လည်းကောင်း၊ ဟုတွာ-ဖြစ်၍၊ ဝါ-ဖြစ်ခြင်းကြောင့်၊ သခ်ါယတိ-ကောင်းစွာပြောဆိုအပ်၏၊ သမညာယတိ-အညီအမျှသိအပ်၏၊ ဝေါဟရီယတိ-ခေါ်ဝေါ်သုံးစွဲအပ်၏၊ ပညာပီယတိ-အပြားအားဖြင့်သိစေအပ်၏၊ ဣတိ-ထို့ကြောင့်၊ ပညတ္တီတိ-ပညတ္တိဟူ၍၊ ပဝုစ္စတိ-ဆိုအပ်၏၊ အယံပညတ္တိ-ဤအတ္ထပညတ်သည်၊ ပညာပီယတ္တာ-အပြားအားဖြင့် သိစေအပ်သည်၏ အဖြစ်ကြောင့်၊ ပညတ္တိ နာမ-အတ္ထပညတ်မည်၏။

၄၁။ ပန-ကား၊ ပညာပနတော-အပြားအားဖြင့် သိစေတတ်သည်၏ အဖြစ်ကြောင့်၊ ပညတ္တိ-သဒ္ဒပညတ်ကို၊ နာမ နာမကမ္မာဒိနာမေန-နာမ, နာမကမ္မအစရှိသော အမည်ဖြင့်၊ ပရိဒီပိတာ-ပြအပ်၏။

သဒ္ဒပညတ်

၄၁။ သဒ္ဒပညတ်ကို "နာမ, နာမကမ္မ"အစရှိသော အမည်များဖြင့် ထင်ရှားအောင်ပြသင့်သည်။

ထိုတွင် သဒ္ဒပညတ်ဟူသမျှသည် မိမိတို့ကိုယ်တိုင်ကလည်း အနက်သို့ ညွှတ်တတ်၏၊ မိမိသို့လည်း အနက်တို့ကို ညွှတ်စေတတ်၏၊ ထို့ကြောင့် "နာမ-နာမ်" မည်ကြသည်။

သဒ္ဒပညတ်ဟူသမျှသည် ရှေးပညာရှင်တို့ ပြုစီရင်အပ်, မှည့်ခေါ်အပ်သော နာမည်ချည်းသာဖြစ်ကြသည်၊ ထို့ကြောင့် "နာမကမ္မ"လည်း မည်ပြန်သည်။

သဒ္ဒပညတ်ဟူသည် ရှေးပညာရှင် တို့ ပညတ်တင်ထားအပ်သော နာမည်များသာဖြစ်ကြသည်၊ ထို့ကြောင့် "နာမဓေယျ"လည်း မည်ပြန်သည်။

သဒ္ဒပညတ်ဟူသမျှသည် ထုတ်ဖော်ရွတ်ဆိုအပ်သော နာမည်များပင်ဖြစ်ကြသည်၊ ထို့ကြောင့် "နာမနိရုတ္တိ"လည်း မည်ပြန်သည်။

http://www.dhammadownload.com

သာ–ထိုသဒ္ဒပညတ်သည်၊ ဝိဇ္ဇမာနပညတ္တိ–ဝိဇ္ဇမာနပညတ်လည်းကောင်း၊ အဝိဇ္ဇမာနပညတ္တိ–အဝိဇ္ဇမာနပညတ်လည်းကောင်း၊ ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ္တိ–ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်လည်းကောင်း၊ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ္တိ–အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်လည်းကောင်း၊ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ္တိ– ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်လည်းကောင်း၊ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ္တိ–အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်လည်းကောင်း၊ ဣတိ–ဤသို့၊ ဆဗ္ဗိဓာ–၆–ပါးအပြားရှိသည်၊ ဟောတိ–၏။

၄၂။ ပန–ချဲ့ဦးအုံ၊ တတ္ထ–ထို ၆–ပါးတို့တွင်၊ ယဒါ–အကြင်အခါ၌၊ ပရမတ္ထတော–ပရမတ္ထအားဖြင့်၊ ဝိဇ္ဇမာနံ–ထင်ရှားရှိသော၊ ရူပဝေဒနာဒိ–ရုပ် ဝေဒနာ အစရှိသည်ကို၊ ဧတာယ–ဤသဒ္ဒပညတ်ဖြင့်၊ ပညာပေန္တိ–အပြားအားဖြင့် သိစေကြကုန်၏၊ တဒါ–ထိုအခါ၌၊ အယံ–ဤသဒ္ဒပညတ်ကို၊ ဝိဇ္ဇမာနပညတ္တိတိ–ဝိဇ္ဇမာနပညတ်ဟူ၍၊ ပဝုစ္စတိ–ဆိုအပ်၏၊ ယဒါပန–အကြင်အခါ၌ကား၊ ပရမတ္ထတော–ဖြင့်၊ အဝိဇ္ဇမာနံ–ထင်ရှားမရှိသော၊ ဘူမိပဗ္ဗတာဒိ–ဘူမိ ပဗ္ဗတ အစရှိသည်ကို၊ ဧတာယ–ဤသဒ္ဒပညတ်ဖြင့်၊ ပညာပေန္တိ–ကုန်၏၊ တဒါ–၌၊ အယံ–ဤသဒ္ဒပညတ်ကို၊ အဝိဇ္ဇမာနပညတ္တိတိ–အဝိဇ္ဇမာနပညတ်ဟူ၍၊ ပဝုစ္စတိ–ဆိုအပ်၏၊ ပန–အဖို့တစ်ပါးကား၊ ဥဘိန္နံ–ဝိဇ္ဇမာန အဝိဇ္ဇမာနအားဖြင့် ၂–ပါးသောအနက်တို့၏၊ ဝေါမိဿကဝသေန–ရောနှောခြင်း၏ အစွမ်းဖြင့်၊ သေသာ–ကြွင်းသော ပညတ်တို့ကို၊ ယထာက္ကမံ–အစဉ်အားလျော်စွာ၊ ဆဋ္ဌဘိညောတိ–ဆဋ္ဌဘိညဟူ၍

သဒ္ဒပညတ်ဟူသမျှသည် အနက်ဒြပ် အတ္ထပညတ်ကို ထင်ရှားပြတတ်သော နာမည်များပင် ဖြစ်ကြသည်၊ ထို့ကြောင့် "နာမဗျူဟ"လည်း မည်ပြန်သည်။

သဒ္ဒပညတ်ဟူသမျှသည် အနက်ကိုရည်မှတ်၍ ရွတ်ဆိုအပ်, ပြောဆိုအပ်သော နာမည်ချည်းသာ ဖြစ်ကြသည်၊ ထို့ကြောင့် "နာမာဘိလာပ"လည်း မည်ကြပြန်သည်။

ဆောင်။ ။ နာမ် ကမ် ဓေ နိ, ဗျည် အဘိ, ရှေးရှိ နာမာ, နောက် ငါးမှာ။

ထိုသဒ္ဒပညတ်သည် ဝိဇ္ဇမာနပညတ်စသော အားဖြင့် ၆–ပါးပြားသည်။

၄၂။ ထိုတွင် ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ဒြပ်မျိုးကို ရည်မှတ်ခေါ်ဝေါ်ရသော သဒ္ဒပညတ်မျိုးသည် "ဝိဇ္ဇမာနပညတ်"မည်၏၊ ရူပ, ဝေဒနာအစရှိသော ပညတ်မျိုးတည်း။

ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အထည်ကိုယ်ဝတ္ထု အနက်ဒြပ်စုကို ရည်မှတ်ခေါ်ဝေါ်သော သဒ္ဒပညတ်မျိုးသည် "အဝိဇ္ဇမာနပညတ်"မည်၏၊ ဘူမိ ပဗ္ဗတအစရှိသော ပညတ်မျိုးတည်း။

"ဝိဇ္ဇမာနေန အဝိဇ္ဇမာန"အစရှိသော နောက်ပညတ် ၄–မျိုးကား ရှေ့ ၂–ပါးကို ရောနှော စပ်ဟပ်သောအားဖြင့် ဖြစ်ပေါ်လာသော မိဿကပညတ်များသာ ဖြစ်ကြသည်။

(ဆဋ္ဌဘိည–အဘိညာဉ် ၆–ပါးရှိသူ)=အဘိညာဉ် ၆–ပါးသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၊ ဝိဇ္ဇမာနတည်း၊ အဘိညာဉ်ရှိသောသူ(ပုဂ္ဂိုလ်)ကား ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊

http://www.dhammadownload.com

လည်းကောင်း၊ ဣတ္ထိသဒ္ဒေါတိ–ဣတ္ထိသဒ္ဒဟ္ဝါလည်းကောင်း၊ စက္ခုဝိညာဏံတိ–စက္ခုဝိညာဏဟ္ဝါလည်းကောင်း၊ ရာဇပုတ္တောတိ စ–ရာဇပုတ္တဟ္ဝါလည်းကောင်း၊ ဝေဒိတဗ္ဗာ–သိထိုက်ကုန်၏။

၄၃။ ဝစီဃောသာနုသာရေန–စကားသံကို အစဉ်လိုက်သဖြင့်၊ သောတဝိညာဏဝီထိယာ–သောတဝိညာဏဝီထိ, တဒနုဝတ္တိကာ မနောဒ္ဝါရဝီထိ၏၊ ပဝတ္တာနန္တရုပ္ပန္နမနောဒ္ဝါရသ–ဖြစ်သည်၏အခြားမဲ့၌ဖြစ်သော မနောဒ္ဝါရဝီထိ၏၊ ဂေါစရာ–အာရုံဖြစ်သော၊ ယသာ–အကြင်နာမပညတ်ကို၊ အနုသာရေန–အစဉ်လိုက်သဖြင့်၊ တတော–ထို တတိယ မနောဒ္ဝါရဝီထိမှ၊ ပရံ–နောက်၌၊ အတ္ထာ–အနက်ဒြပ် အတ္ထပညတ်တို့ကို၊ ဝိညာယန္တိ–

အဝိဇ္ဇမာနတည်း၊ ဤသို့ "ဝိဇ္ဇမာန, အဝိဇ္ဇမာန" ၂–ခုရောစပ်နေသောကြောင့် "ဆဋ္ဌိသမာသော" ဟူသော သဒ္ဒပညတ်သည် "ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်" မည်သည်။

(ဣတ္ထိသဒ္ဒေါ–မိန်းမအသံ)= ဤ၌ "မိန်းမ"ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော အရာဝတ္ထုမဟုတ်၊ အဝိဇ္ဇမာနတည်း၊ "အသံ"ဟူသော သဒ္ဒရုပ်ကား ပရမတ္ထအားဖြင့် ထင်ရှားရှိသော အရာဖြစ်သည်၊ ဝိဇ္ဇမာနတည်း၊ ထိုသို့ "အဝိဇ္ဇမာန, ဝိဇ္ဇမာန" ၂–ခုကို ရောနှောပညတ်ထားသောကြောင့် "ဣတ္ထိသဒ္ဒေါ"ဟူသော သဒ္ဒပညတ်ကို "အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်"ဟု ဆိုရသည်။

(စက္ခုဝိညာဏံ–စက္ခုပသာဒဒ္ဝိမှိသော ဝိညာဉ်)= ဤ၌ စက္ခုပသာဒကလည်း ထင်ရှားရှိသည်၊ ဝိညာဉ်ကလည်း ထင်ရှားရှိသည်၊ ၂–ခုလုံးပင် ဝိဇ္ဇမာနဖြစ်ကြသည်၊ ထိုသို့ ဝိဇ္ဇမာန ၂–ခုကို ရောစပ်ပညတ်ထားသောကြောင့် "စက္ခုဝိညာဏံ"ဟူသော သဒ္ဒပညတ်ကို "ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်"ဟု ဆိုရသည်။

(ရာဇပုတ္တော–မင်းသား)= ဤ၌ မင်းကလည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ သားကလည်း ထင်ရှားမရှိ၊ ၂–ခုလုံးပင် အဝိဇ္ဇမာနချည်းဖြစ်နေသည်၊ ထိုသို့ အဝိဇ္ဇမာန ၂–ရပ်ကို ရောစပ်၍ ပညတ်ထားသောကြောင့် "ရာဇပုတ္တော"ဟူသော သဒ္ဒပညတ်ကို "အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်"ဟု ဆိုရသည်။

ပညတ် ၂မျိုးကို သိပုံနှင့် နာမပညတ်ဖြစ်လာပုံ

၄၃။ "ဝစီဃောသာနုသာရေန ။ ပ ။ လောကသင်္ကေတနိမ္မိတာ"ဖြင့် သဒ္ဒပညတ်, အတ္ထပညတ်ကို သိသောဝီထိနှင့် သဒ္ဒပညတ်ဖြစ်ပေါ်လာပုံကို ပြသည်။

၁။ "ဂေါ"ဟူသော စကားသံကို ကြားရသောအခါ ထို "ဂေါ"ဟူသော ပစ္ဆုပ္ပန်သဒ္ဒါရုံကို အာရုံပြုလျက် သောတဝိညာဏဝီထိ ဖြစ်သည်။

၂။ ထို့နောက် ချုပ်သွားပြီးသော အတိတ်သဒ္ဒါရုံကိုပင် အာရုံပြုလျက် တဒနုဝတ္တိကာ မနောဒ္ဝါရဝီထိ ဖြစ်ရပြန်သည်။ (ထို့ကြောင့် "သောတဝိညာဏဝီထိယာ–သောတဝိညာဏဝီထိ, တဒနုဝတ္တိကာ မနောဒ္ဝါရဝီထိ၏"ဟု အနက်မြန်မာ ပြန်ဆိုမှုကို ပြုရသည်။)

http://www.dhammadownload.com

သိအပ်ကုန်၏၊ သာယံ ပညတ္တိ–ထိုနာမပညတ်ကို၊ လောကသင်္ကေတနိမ္မိတာ–လောကသင်္ကေတ, အနေကျအောင်, တစ်စတစ်စစီစဉ်, တီထွင်ဖန်ဆင်းအပ်၏ဟူ၍၊ ဝိညေယျာ–သိထိုက်၏။

အဘိဓမ္မတ္ထသင်္ဂဟေ–၌၊ ပစ္စယသင်္ဂဟဝိဘာဂေါနာမ–ပစ္စယသင်္ဂဟဝိဘာဂမည်သော၊ အဋ္ဌမော–၈–ပိုင်းတို့၏ ပြည့်ကြောင်းဖြစ်သော၊ ပရိစ္ဆေဒေါ–သည်၊ ကွတိ–ပြီးပြီ။

၃။ ထို့နောက် "ဂေါ"ဟူသော သဒ္ဒပညတ်ကို အာရုံပြုလျက် မနောဒွါရဝီထိ ဖြစ်ရပြန်သည်။

၄။ ထို့နောက် "နွား"ဟူသော အနက်ဒြပ် အတ္ထပညတ်ကို အာရုံပြုလျက် မနောဒွါရဝီထိ ဖြစ်ရသည်၊ ထိုစတုတ္ထမနောဒွါရဝီထိဖြင့်သာ အနက်ဒြပ် အတ္ထပညတ်တို့ကို သိရသည်။

ဆောင်။ ။ပထမ၊ သောတဖြင့် ပွန်သဒ္ဒါ၊
ဒုတိဆို–တဒနုငယ်၊ သိမှု တီတာ၊
တတိယ သဒ္ဒရယ်တဲ့ ပညတ္တာ၊ ဆက်လက်ကာ သိရှိ၊
စတုတ္ထာ–နက်ဒြပ်ငယ်၊ ပိုင်းဖြတ်၍ သိ။

ထို နာမပညတ်အမျိုးမျိုးကို သတ္တဝါတို့၏ အမှတ်သင်္ကေတ အနေသို့ ရောက်လာအောင် ရွေးလူကြီးသူမတို့က တစ်စတစ်စ စီစဉ်လာရသည်၊ တီထွင်လာရသည်၊ တချို့မှာ ကာလရှည်ကြာလာသည့်အခါ ပျောက်ကွယ်သွားကြသည်၊ တချို့မှာ ကာလရှည်ကြာလာသော်လည်း ပျောက်ကွယ်မသွားဘဲ ဆက်လက်တည်ရှိနေကြသည်။

ထို့ကြောင့် ယခုလက်ရှိအခြေအနေမှာ ပြောမကုန်,ဆိုမကုန်အောင် သဒ္ဒပညတ်စကားလုံးတွေ ပေါပေါက်လာရသည်၊ များပြားလာရသည်၊ ယခုလည်း အသစ်အသစ် စကားလုံးများ ဆန်းပြားပေါထွက်နေဆဲပင် ဖြစ်ပါသည်၊ နောက်လည်း သတ္တဝါတွေ ရှိနေသမျှ ပေါထွက်နေပေဦးမည်။

လေ့ကျင့်ခန်း မေးခွန်းများ

၁။ ပစ္စယုပ္ပန်အရယူရမည့် တရားတို့ကို ပါဠိအထောက်အထားဖြင့် တိကျစွာ ပြပါ။

၂။ ပဋိစ္စသမုပ္ပာဒ်နည်းနှင့် ပဋ္ဌာန်နည်း ၂–ပါးတို့၏ ထူးခြားပုံကို ပြပါ။

၃။ အဝိဇ္ဇာ၏ ဖုံးလွှမ်းပိတ်ကာထားရာ ဌာနများကိုပြ၍ ဉာဏ်ကြီးရှင်တို့၏အရာဖြစ်သော အချက်အလက်များနှင့်စပ်၍ ပိုင်ပိုင်နိုင်နိုင် မသိမှုကို အဝိဇ္ဇာဆိုသင့် မဆိုသင့် စိစစ်ပြပါ။

၄။ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနဉ္ဇာဘိသင်္ခါရတို့ကြောင့် ဖြစ်ရသော ဝိညာဉ်တို့ကို အသီးအသီး တွဲစပ်ပြ၍ အကျိုးသင်္ခါရနှင့် အကြောင်းသင်္ခါရတို့၏ ထူးခြားချက်ကိုလည်း ပြပါ။

၅။ ဝိညာဏပစ္စယာ နာမရူပံ–၌ ဝိညာဉ်၏ အရှန့် နာမရူပ၏ အရတို့ကို တိကျစွာ ကောက်ပြပါ။

http://www.dhammadownload.com

၆။ နာမ်ရုပ်ကြောင့် သင်္ခါယတနဖြစ်ပုံနှင့် သင်္ခါယတနကြောင့် ဖဿဖြစ်ပုံတို့ကိုပြပါ။

၇။ ပဋိစ္စသမုပ္ပာဒ်နှင့်စပ်၍ အဘိဓမ္မာနည်းနှင့်သုတ္တန်နည်းတို့ အရကောက်အားဖြင့် ထူးခြားပုံကို သိသာရုံမျှ ပြပါ။

၈။ တဏှာအစစ် ၁၀၈-ဖြစ်လာရပုံကိုပြ၍ အကြောင်းတဏှာနှင့် အကျိုး ကာမုပါဒါန်တို့၏ အထူးကိုလည်း ပြပါ။

၉။ အရကောက်အားဖြင့် တူပါသော်လည်း သခ်ါရနှင့် ကမ္မဘဝတို့၏ ထူးခြားပုံကို ပြ၍ ဘဝကြောင့် ဇာတိဖြစ်သည်ဆိုရာ၌ ယူရမည့်ဘဝကိုလည်း အကြောင်းနှင့်တကွ ပြည့်ပြည့်စုံစုံ ပြပါ။

၁၀။ သောက, ပရိဒေဝ, ဥပါယာသတို့၏ ထူးခြားပုံကို ဥပမာဆောင်ထင်အောင်ပြ၍ တေဘူမက ဒုက္ခ၏ ဖြစ်ကြောင်းတရားကိုလည်း ပြပါ။

၁၁။ တယော အဒ္ဓါ၏အရကို ဓေဖန်ပြ၍ ဒွါဒသင်္ဂါနိ-အရ အင်္ဂါ ၁၂-ပါးကိုလည်း ရေတွက်ပြပါ။

၁၂။ ဇရာမရဏနှင့် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ ပဋိစ္စသမုပ္ပာဒ်အင်္ဂါ ထဲ၌ ပါသင့်-မပါသင့် ရှင်းပြပါ။

၁၃။ အတိတ်အကြောင်း ၅-ပါး, ပစ္စုပ္ပန်အကြောင်း ၅-ပါး, အနာဂတ်အကျိုး ၅-ပါးဖြစ်လာရပုံတို့ကို ရှင်းလင်းဖော်ပြပါ။

၁၄။ ၃-သွယ်အစပ်, ၄-ရပ်အလွှာနှင့် ဝဋ် ၃-ပါးတို့ကို ပြပါ။

၁၅။ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်ဟု အဘယ်တရားများကို ခေါ်ပါသနည်း။

၁၆။ ဝဋ်မြစ်၂-ပါးနှင့် ပဋိစ္စသမုပ္ပာဒ်စက်ရဟတ်၏ အလည်ရုပ်ရခြင်းအကြောင်းတို့ကို ပြပါ။

၁၇။ အဝိဇ္ဇာကြောင့် သခ်ါရဖြစ်သည်-ဟု ဆိုထားရာ အဝိဇ္ဇာသည် အကြောင်းကင်း၍ ဖြစ်ပါသလော၊ အဘယ်ပုံ ဖြစ်လာရပါသနည်း။

၁၈။ ပဋိစ္စသမုပ္ပာဒ်၏ သဘောကို သိသာရုံမျှ ပြပါ။

၁၉။ နာမ်ပစ္စည်းတရားက နာမ်ပစ္စယုပ္ပန်တရားတို့အား အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

၂၀။ အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတပစ္စည်းတပ်သောတရားများနှင့် ပစ္စယုပ္ပန်ဖြစ်သောတရားများကို ပြပါ။

၂၁။ "ပုရိမာနိ ဇဝနာနိ ပစ္ဆိမာနံ ဇဝနာနံ အာသေဝနဝသေန" ဟူသောပါဠိ၌ ကတ္တားပါဠိ၏အရ, သမ္မဒါန်ပါဠိ၏အရဖြစ်သော တရားတို့ကို တိကျစွာ ကောက်ပြပါ။

၂၂။ အာသေဝနပစ္စည်းတပ်သောတရား, ပစ္စယုပ္ပန်ဖြစ်သောတရားများနှင့် သမ္မယုတ္တပစ္စည်း ပစ္စယုပ္ပန်ဖြစ်သော တရားတို့ကို အသီးအသီး ပြပါ။

၂၃။ နာမ်ပစ္စည်းတရားက နာမ်ရုပ်ပစ္စယုပ္ပန်တရားတို့အား အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

http://www.dhammadownload.com

၂၄။ ဟေတုပစ္စည်း၏ ပစ္စည်းတရား, ပစ္စယုပ္ပန်တရားတို့ကို ပိုင်းခြားဝေဖန်ပြပါ။

၂၅။ ဈာနပစ္စည်းတပ်သော တရားနှင့် ပစ္စယုပ္ပန်ဖြစ်သော တရားတို့ကို ပိုင်းခြားဝေဖန်ပြပါ။

၂၆။ မဂ္ဂပစ္စည်းတပ်သောတရားနှင့် ပစ္စယုပ္ပန်ဖြစ်သော တရားတို့ကို ပိုင်းခြားဝေဖန်ပြပါ။

၂၇။ (က) သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ၊ (ခ) နာနာက္ခဏိကာ စေတနာ ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကမ္မဝသေန–ဟူသောပါဠိ၌ ပါဝင်သော ကတ္တားပါဠိများ, သမ္ပဒါန်ပါဠိများ၏ အရတို့ကို တိကျစွာ ကောက်ပြပါ။

၂၈။ ကမ္မပစ္စည်း၏အပြားနှင့် ၄င်းတို့၏ ပစ္စည်းပစ္စယုပ္ပန်တို့ကို အသီးအသီး ခွဲဝေပြပါ။

၂၉။ ဝိပါကပစ္စည်းတပ်သောတရား,ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ကို ပြပါ။

၃၀။ "ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတ ပဒေသန"ဟူသောပါဠို၌ ကတ္တားပုဒ်၏အရ, သမ္ပဒါန်ပုဒ်၏အရ, ကရိဏ်းပုဒ်၏အရတို့ကို အသီးအသီး ကောက်ပြပါ။

၃၁။ ပစ္စည်းဘက်ကနာမ် ပစ္စယုပ္ပန်ဘက်က ရုပ်ဖြစ်သောပစ္စည်း၏ ပစ္စည်းတရားနှင့် ပစ္စယုပ္ပန် တရားတို့ကို တိကျစွာ ပြပါ။

၃၂။ ရုပ်ကနာမ်အား ကျေးဇူးပြုသော ပစ္စည်းကိုပြ၍ ယင်းပစ္စည်း၏ အပြားနှင့် ၄င်းတို့၏ ပစ္စည်းတရား ပစ္စယုပ္ပန်တရားတို့ကိုလည်း အသီးအသီး ပြပါ။

၃၃။ ပညတ်နာမ်ရုပ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်းများကို ရေတွက်ပြပါ။

၃၄။ အာရမဏပစ္စည်းတပ်သောတရား ပစ္စယုပ္ပန်ဖြစ်သော တရားတို့ကို ပြပါ။

၃၅။ ဥပနိဿယပစ္စည်း၏ အပြားကိုပြ၍ ထိုပစ္စည်းများ၏ပစ္စည်းတရား, ပစ္စယုပ္ပန်တရား တို့ကိုလည်း ခွဲစိတ်ဝေဖန်ပြပါ။

၃၆။ ပစ္စည်းဘက်မှာလည်း နာမ်ရုပ်, ပစ္စယုပ္ပန်ဘက်မှာလည်း နာမ်ရုပ်ဖြစ်သော ပစ္စည်းများကို ပြည့်စုံအောင် ရေတွက်ပြပါ။

၃၇။ အဓိပတိပစ္စည်း၏ ဘေဒနှင့် ၄င်းတို့၏ ပစ္စည်း ပစ္စယုပ္ပန်များကိုလည်း အသီးအသီး ခွဲစိတ် ဝေဖန်ပြပါ။

၃၈။ သဟဇာတပစ္စည်းတပ်သော တရားနှင့် ပစ္စယုပ္ပန်ဖြစ်သော တရားတို့ကို ပြပါ။

၃၉။ အညမညပစ္စည်းတပ်သော တရားနှင့် ပစ္စယုပ္ပန်ဖြစ်သော တရားတို့ကို ပြည့်စုံအောင်ပြပါ။

၄၀။ နိဿယပစ္စည်း၏ဘေဒကို ဖြစ်နိုင်သမျှ ခွဲစိတ်ဝေဖန်ပြ၍ ၄င်းတို့၏ ပစ္စည်းတရား, ပစ္စယုပ္ပန်တရားများကိုလည်း အသီးအသီး ဝေဖန်ပြပါ။

၄၁။ အာဟာရပစ္စည်း၏အပြားကို ပြ၍ ၄င်းတို့၏ ပစ္စည်းတရား, ပစ္စယုပ္ပန်တရားများကိုလည်း အသီးအသီး ဝေဖန်ပြပါ။

http://www.dhammadownload.com

၄၂။ ဣန္ဒြိယပစ္စည်း၏အပြားကို ဖြစ်သင့်သမျှ ဝေဖန်ပြ၍ ၄င်းတို့၏ ပစ္စည်းတရား , ပစ္စယုပ္ပန်တရားတို့ကိုလည်း အသီးအသီး ဝေဖန်ပြပါ။

၄၃။ ဝိပ္ပယုတ္တပစ္စည်း၏ အပြားကို ဖြစ်သင့်သမျှ ဝေဖန်ပြ၍ ယင်းတို့၏ ပစ္စည်းတရား, ပစ္စယုပ္ပန်တရားတို့ကိုလည်း အသီးအသီး ခွဲစိတ် ဝေဖန်ပြပါ။

၄၄။ အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့၏အပြားကို ရသင့်သမျှ ရေတွက်ပြပါ။

၄၅။ သဟဇာတတ္ထိ, သဟဇာတအဝိဂတပစ္စည်းတို့၏ ပစ္စည်းတရား, ပစ္စယုပ္ပန်တရားတို့ကို အသီးအသီး ခွဲဝေပြပါ။

၄၆။ ပုရေဇာတတ္ထိ, ပုရေဇာတအဝိဂတပစ္စည်းတို့၏ အပြားကိုပြ၍ ၄င်းတို့၏ ပစ္စည်း, ပစ္စယုပ္ပန်တရားများကိုလည်း အသီးအသီး ဝေဖန်ပြပါ။

၄၇။ ပစ္ဆာဇာတတ္ထိ, ပစ္ဆာဇာတအဝိဂတပစ္စည်းတို့၏ ပစ္စည်း, ပစ္စယုပ္ပန်တို့ကို အသီးအသီး ဝေဖန်ပြပါ။

၄၈။ ရူပအာဟာရတ္ထိ, ရူပအာဟာရအဝိဂတပစ္စည်းတို့၏ ပစ္စည်း, ပစ္စယုပ္ပန်များကို ဝေဖန်ပြပါ။

၄၉။ ရူပဇီဝိတိန္ဒြိယတ္ထိ, ရူပဇီဝိတိန္ဒြိယ အဝိဂတပစ္စည်းတို့၏ ပစ္စည်းတရား, ပစ္စယုပ္ပန်တရားတို့ကို ခွဲစိတ်ဝေဖန်ပြပါ။

၅၀။ အာရမဏ, ဥပနိဿယ, ကမ္မ,အတ္ထိပစ္စည်းတို့၌ ပစ္စည်းအားလုံးပါဝင်ပုံကို ရှင်းလင်းပြပါ။

၅၁။ အဘယ်ရုပ်များကို သဟဇာတရူပခေါ်ပါသနည်း။

၅၂။ ပစ္ဆုပ္ပန်ကာလနှင့်ယှဉ်သော ပစ္စည်း, အတိတ်ကာလနှင့်ယှဉ်သော ပစ္စည်း, ပစ္စုပ္ပန်အတိတ်ကာလနှင့်ယှဉ်သောပစ္စည်း, တိကာလိက ကာလဝိမုတ္တပစ္စည်းတို့ကို အသီးအသီး ရေတွက်ပြပါ။

၅၃။ ၂၄-ပစ္စည်းများကို အဒ္ধတ္တိကပစ္စည်း, ဗဟိဒ္ধပစ္စည်း ၂-မျိုးဖြင့် ခွဲစိတ်ဝေဖန်ပြပါ။

၅၄။ ပဋ္ဌာန်း ၂၄-ပစ္စည်းကို သခ်ံတ, အသခ်ံတအားဖြင့် ဖြစ်ထိုက်သည် အားလျော်စွာ ခွဲပြပါ။

၅၅။ နာမ်ဖြစ်သောပစ္စည်း, ရုပ်ဖြစ်သောပစ္စည်း, နာမ်ရုပ် ၂-ပါးဖြစ်သော ပစ္စည်း, ပညတ်နာမ်ရုပ်ဖြစ်သော ပစ္စည်းတို့ကို ပြပါ။

၅၆။ ရုပ်တရား, နာမ်တရား, ပညတ်တရားတို့ကို အကိုးသာဓကနှင့်တကွ ပိုင်းခြားဝေဖန် ပြပါ။

၅၇။ ပညတ် ၂-မျိုး၏ သဘောကို ပြ၍ အတ္ထပညတ်၏ အပြားကိုလည်း ပါဠိမှာလာတိုင်းပိုင်းခြားဝေဖန်ပြပါ။

၅၈။ သဒ္ဒပညတ် ၆-ပါး၏ အဓိပ္ပာယ်ကို ပုံစံပါတွဲဖက်လျက် ရှင်းလင်းဝေဖန်ပြခဲ့ပါ။

၅၉။ သဒ္ဒပညတ်, အတ္ထပညတ်ကိုသိသောဝိထိနှင့် သဒ္ဒပညတ်ဖြစ်ပေါ်လာပုံကို သိသာရုံမျှ ပြပါ။

ပစ္စည်းပိုင်း ပြီး၏။

http://www.dhammadownload.com

၉။ ကမ္မဋ္ဌာန်းပိုင်း

၁။ ကတော–ဤပစ္စယသင်္ဂဟမှ၊ ပရံ–နောက်၌၊ သမထဝိပဿနာနံ–သမထဝိပဿနာဟု ဆိုအပ်ကုန်သော၊ ဘာဝနာနံ–ဘာဝနာတို့၏၊ ဒုဝိဓမ္မိ– ၂–ပါးအပြားရှိသည်လည်းဖြစ်သော၊ ကမ္မဋ္ဌာနံ–ကမ္မဋ္ဌာန်းကို၊ ယထာက္ကမံ–အစဉ်အားလျော်စွာ၊ ပဝက္ခာမိ–ဆိုပေအံ့။

၁။ ပဌိညာဉ် "သမထဝိပဿနာနံ"စသော ဂါထာဖြင့် ပဋိညာဉ်ကို ပြသည်၊ ပစ္စယသင်္ဂဟ၏နောက်မှာ သမထဘာဝနာ ဝိပဿနာဘာဝနာ, သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့ကို အစဉ်အတိုင်း ပြပါမည်–ဟု ဆိုလိုသည်။

ဘာဝနာ သမထတရား, ဝိပဿနာတရားတို့သည် လွန်စွာအကျိုးများသော တရားများဖြစ်ကြသည်၊ မိမိတို့သန္တာန်မှာ မဖြစ်သေးလျှင်လည်း ဖြစ်စေသင့်သည်၊ ဖြစ်ပြီးလျှင်လည်း ထပ်ကာထပ်ကာ ဖြစ်စေသင့်သည်၊ ထို့ကြောင့် "ဘာဝနာ"ဟူသော အမည်ကို ရကြသည်။ (ဘာဝေတဗ္ဗာတိ–ဘာဝနာ။)

သမထ ထိုဘာဝနာသည် ဆိုခဲ့ပြီးသည်အားလျော်စွာ "သမထဘာဝနာ, ဝိပဿနာဘာဝနာ"ဟု ၂–မျိုး ရှိသည်၊ ထိုတွင် နိဝရဏစသည်တို့ကို ငြိမ်သက်စေနိုင်သော သမာဓိကို "သမထဘာဝနာ"ဟု ခေါ်သည်၊ ဤသမထဘာဝနာ သမထကမ္မဋ္ဌာန်းကို ပွားများအားထုတ်လျှင် မဟဂ္ဂုတ်စျာန်များကို ရနိုင်သည်။ (သမေတီတိ–သမထော။)

ဝိပဿနာ ဘုံ ၃–ပါး၌ဖြစ်သော ရုပ်တရား, နာမ်တရားတို့ကို "အနိစ္စ, ဒုက္ခ, အနတ္တ"စသည်ဖြင့် ရှုတတ်သော ဉာဏ်ပညာကို "ဝိပဿနာဘာဝနာ"ဟုခေါ်သည်၊ ဤဝိပဿနာဘာဝနာ, ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်လျှင် မဂ်တရား, ဖိုလ်တရားကို ရနိုင်သည်။ (ဝိဝိဓေန ပဿတီတိ–ဝိပဿနာ။)

ကမ္မဋ္ဌာန်း ဘာဝနာ ၂–ပါးကို ပွားများအားထုတ်မှု၏ တည်ရာဖြစ်သော ပထဝီကသိုဏ်းစသောအာရုံ, ဘုံ ၃–ပါး၌ဖြစ်သော ရုပ်နာမ်အာရုံများကို "ကမ္မဋ္ဌာန်း"ဟုခေါ်သည်။ (ကမ္မဿ ဋ္ဌာနံ–ကမ္မဋ္ဌာနံ။)

http://www.dhammadownload.com

သမထကမ္မဋ္ဌာန်းနည်း

၂။ တတ္ထ–ထိ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့တွင်၊ သမထသင်္ဂဟ–သမထကမ္မဋ္ဌာနသင်္ဂဟဋ္ဌ၊ တာဝ–ရှေးဦးစွာ၊ ဒသ–၁၀–ပါးကုန်သော၊ ကသိဏာနိ–ကသိဏ်းတို့လည်းကောင်း၊ ဒသ–ဆယ်ပါးကုန်သော၊ အသုဘာ–အသုဘတို့လည်းကောင်း၊ ဒသ–၁၀–ပါးကုန်သော၊ အနုဿတိယော–အနုဿတိတို့လည်းကောင်း၊ စတသ္သော–၄–ပါးကုန်သော၊ အပ္ပမညာယော–အပ္ပမညာတို့လည်းကောင်း၊ ဧကော–၁–ပါးသော၊ သညာ–အာဟာရေပဋိကူလသညာလည်းကောင်း၊ ဧကံ–၁–ပါးသော၊ ဝဝတ္ထာန်–စတုဓာတုဝဝတ္ထာန်လည်းကောင်း၊ စတ္တာရော–၄–ပါးကုန်သော၊ အာရုပ္ပာစ–အာရုပ္ပတို့လည်းကောင်း၊ ဣတိ–ဤသို့၊ သတ္တဝိဓေန–၇–ပါးအပြားအားဖြင့်၊ သမထကမ္မဋ္ဌာနသင်္ဂဟော–သမထကမ္မဋ္ဌာနသင်္ဂဟကို၊ ဝေဒိတဗ္ဗော–သိထိုက်၏။

၃။ ရာဂစရိတာ–ရာဂစရိုက်လည်းကောင်း၊ ဒေါသစရိတာ–ဒေါသစရိုက်လည်းကောင်း၊ မောဟစရိတာ–မောဟစရိုက်လည်းကောင်း၊ သဒ္ဓါစရိတာ–သဒ္ဓါစရိုက်လည်းကောင်း၊ ဗုဒ္ဓိစရိတာ–ဗုဒ္ဓိစရိုက်လည်းကောင်း၊ ဝိ–ပညာစရိုက်လည်းကောင်း၊ ဝိတက္ကစရိတာစ–ဝိတက်စရိုက်လည်းကောင်း၊ ဣတိ–ဤသို့၊ ဆဗ္ဗိဓေန–၆–ပါးအပြားအားဖြင့်၊ စရိတသင်္ဂဟော–စရိတသင်္ဂဟကို၊ ဝေဒိတဗ္ဗော–သိထိုက်၏။

၄။ ပရိကမ္မဘာဝနာ–ပရိကမ္မဘာဝနာလည်းကောင်း၊ ဥပစာရဘာဝနာ–ဥပစာရဘာဝနာလည်းကောင်း၊ အပ္ပနာဘာဝနာစ–အပ္ပနာဘာဝနာလည်းကောင်း၊ ဣတိ–သို့၊ တိဿော–၃–ပါးကုန်သော၊ ဘာဝနာ–ဘာဝနာတို့ကို၊ ဝေဒိတဗ္ဗာ–သိထိုက်ကုန်၏။

၅။ ပရိကမ္မနိမိတ္တံ–ပရိကမ္မနိမိတ်လည်းကောင်း၊ ဥဂ္ဂဟနိမိတ္တံ–ဥဂ္ဂဟနိမိတ်လည်းကောင်း၊ ပဋိဘာဂနိမိတ္တဥ္စ–ပဋိဘာဂနိမိတ်လည်းကောင်း၊ ဣတိ–သို့၊ တီဏိ–၃–ပါးကုန်သော၊ နိမိတ္တာနိစ–နိမိတ်တို့ကိုလည်း၊ ဝေဒိတဗ္ဗာနိ–သိထိုက်ကုန်၏။

ကမ္မဋ္ဌာန်း ၄၀

၂။ ကသိဏ်း ၁၀–ပါး၊ အသုဘ ၁၀–ပါး၊ အနုဿတိ ၁၀–ပါး၊ အပ္ပမညာ ၄–ပါး၊ အာဟာရေ ပဋိကူလသညာ ၁–ပါး၊ စတုဓာတုဝဝတ္ထာန် ၁–ပါး၊ အာရုပ္ပ ၄–ပါး၊ ပေါင်း ကမ္မဋ္ဌာန်း ၄၀–ဖြစ်သည်၊ "ကသိဏ်း, အသုဘ" စသော ၇–ပါးကိုပင် "သတ္တဝိဓေန" ဟုဆိုထားသည်။

စရိုက် ၆–ပါး

၃။ ပင်ကိုယ်ရိုးရာ ဓမ္မတာထက် ပိုလွန်၍ အဖြစ်များခြင်းကို "စရိုက်" ဟု ခေါ်သည်၊ သို့ဖြစ်၍ "ရာဂအဖြစ်များသူ" စသည်တို့ကို "ရာဂစရိုက်ရှိသူ" စသည်ဖြင့်ခေါ်ရသည်။

ဆောင်။ ။ဓမ္မတာ၊ ရိုးရာထက် လွန်များ၊
စရိုက်သာ–ခေါ်ပါရတယ်၊ မှတ်ကြ ခြောက်ပါး။

http://www.dhammadownload.com

၆။ ကထံ-အဘယ်သို့ သိထိုက်ကုန်သနည်း?။

ပထဝီကသိဏ်-မြေကသိုဏ်းလည်းကောင်း၊ ဝါ-အားလုံးကုန်စင် တစ်ပြိုင်နက် ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုအပ်သော မြေလည်းကောင်း၊ အာပေါကသိဏ်-ရေကသိုဏ်းလည်းကောင်း၊ တေဇောကသိဏ်-မီးကသိုဏ်းလည်းကောင်း၊ ဝါယောကသိဏ်-လေကသိုဏ်းလည်းကောင်း၊ နီလကသိဏ်-ညိုသောအဆင်း ကသိုဏ်းလည်းကောင်း၊ ပီတကသိဏ်-ရွှေသောအဆင်း ကသိုဏ်းလည်းကောင်း၊ လောဟိတကသိဏ်-နီသောအဆင်း ကသိုဏ်းလည်းကောင်း၊ ဩဒါတကသိဏ်-ဖြူသောအဆင်း ကသိုဏ်းလည်းကောင်း၊ အာကာသကသိဏ်-ကောင်းကင်အပေါက်ကသိုဏ်းလည်းကောင်း၊ အာလောကကသိဏ္စ-အလင်းရောင် ကသိုဏ်းလည်းကောင်း၊ ဝါ-အားလုံးကုန်စင် တစ်ပြိုင်နက်ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုအပ်သော အလင်းရောင်လည်းကောင်း၊ ဣတိ ဣမာနိ-ဤသည်တို့သည်၊ ဒသ-ကုန်သော၊ ကသိဏာနိနာမ-ကသိုဏ်းတို့မည်၏။

၇။ ဥဒ္ဓုမာတကံ-သေပြီးနောက်မှာ, ဖူးရောင်လာ၍, လွန်စွာနံပုပ်, စက်ဆုပ်ဖွယ်ရာ, မသာလောင်းလည်းကောင်း၊ ဝိနီလကံ-အဖြူအနီ, စသည်ရောယှက်, ညိုနက်ညစ်ပုပ်, စက်ဆုပ်ဖွယ်ရာ, မသာလောင်းလည်းကောင်း၊ ဝိပုဗ္ဗကံ-ပြည်တစက်စက်, ယိုစီးထွက်လျက်, စက်ဆုပ်ဖွယ်ရာ, မသာလောင်းလည်းကောင်း၊ ဝိစ္ဆိဒ္ဒကံ-အလယ်ခြားနား, ပိုင်းဖြတ်ထား၍, ဆိုးဝါးညံ့ယုတ်, စက်ဆုပ်ဖွယ်ရာ, မသာလောင်းလည်းကောင်း၊ ဝိက္ခာယိတကံ-အိမ်ခွေး ခွေးအ, စသည်များစွာ, သတ္တဝါတို့, လိုရာအသား, နည်းစုံအားဖြင့်, ခဲစားညံ့ယုတ်, စက်ဆုပ်ဖွယ်ရာ, မသာလောင်းလည်းကောင်း၊ ဝိက္ခိတ္တကံ-ထူးထူးပိုင်းဖြတ်, ထိုက္ခဏရပ်ဝယ်, ပစ်အပ်ညံ့ယုတ်, စက်ဆုပ်ဖွယ်ရာ, မသာလောင်းလည်းကောင်း၊ ဟတဝိက္ခိတ္တကံ-ကျီးခြေစသား, ပုံစံအားဖြင့်, ဓားဖြင့်မြွှင်းလတ်, ထိုက္ခဏရပ်ဝယ်, ပစ်အပ်ညံ့ယုတ်, စက်ဆုပ်

ကသိဏ်း ၁၀-ပါး

၆။ "ကသိဏ"သဒ္ဒါသည် "အလုံးစုံ"ဟူသော အနက်ကို ဟောသည်၊ ကမ္မဋ္ဌာန်းအလုပ်အား‌ထုတ်သော ယောဂီပုဂ္ဂိုလ်က အလုံးစုံအကုန်အစင် တစ်ပြိုင်နက်ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုအပ်သော အာရုံကိုလည်း "ကသိဏ်း"ဟုခေါ်သည်၊ ထိုအာရုံနှင့် အလားတူစွာ ထင်ပေါ်လာသော ပဋိဘာဂနိမိတ်ကိုလည်း သဒိသူပစာအားဖြင့် "ကသိဏ်း"ဟူ၍ပင်ခေါ်သည်၊ ထိုပဋိဘာဂနိမိတ်ကို အာရုံပြု၍ရအပ်သော ဈာန်ကိုလည်း အဆင့်ဆင့် တင်စားသောအားဖြင့် "ကသိဏ ဈာန်"ဟုပင်ခေါ်သည်။

အသုဘ ၁၀-ပါး

၇။ "အသုဘ"သဒ္ဒါသည် "မတင့်မတယ်"ဟူသော အနက်ကို ဟောသည်၊ ဤနေရာ၌ကား သေပြီးသည့်နောက် ကိုယ်ခန္ဓာနှင့်စပ်၍ အမျိုးမျိုး ပေါ်ပေါက်လာတတ်သော ပုပ်နံ့သဏ္ဌာန် အမျိုးမျိုးကို "အသုဘ"ဟုခေါ်သည်၊ "ဥဒ္ဓုမာတက"စသည်တို့၏ အကျဉ်းချုပ်အဓိပ္ပာယ်ကို အနက်မြန်မာပြန်ဆိုထားသည့် အတိုင်းပင်မှတ်ပါ။

http://www.dhammadownload.com

ဖွယ်ရာ, မသာလောင်းလည်းကောင်း၊ လောဟိတက်–သွေးယိုသွင်သွင်, ကပ်လိမ်းတင်၍, အမြင်မဖွယ်, မတင့်တယ်သော, မသာလောင်းလည်းကောင်း၊ ပုဋ္ဌဝက်–ပိုးလောက်ပြွမ်းစု, ထွက်နေမှုကြောင့်, ကြည့်ရှုမဖွယ်, မတင့်တယ်သော, မသာလောင်းလည်းကောင်း၊ အဋ္ဌိကဋ္ဌ–အရိုးအစု, တစ်ခုဖြစ်စေ, အသရေယုတ်, စက်ဆုပ်ဖွယ်ရာ, မသာလောင်းလည်းကောင်း၊ ဣတိ ဣမေ–ဤသည်တို့ကား၊ ဒသ–ကုန်သော၊ အသုဘာနာမ–အသုဘတို့မည်၏။

၈။ ဗုဒ္ဓါနုဿတိ–ဘုရားမြတ်ပုံ, ဂုဏ်ပေါင်းစုံကို, အာရုံမပြတ်, အဖန်ဖန်အထပ်ထပ်, အောက်မေ့အမှတ်ရတတ်သော သတိလည်းကောင်း၊ ဓမ္မာနုဿတိ–မဂ် ဖိုလ် နိဗ္ဗာန်, ဓမ္မကျန်ဟု, ဆယ်တန်တရား, ဂုဏ် ၆–ပါးကို, ပွားများထပ်ထပ်, အောက်မေ့အမှတ်ရတတ်သော သတိလည်းကောင်း၊ သံဃာနုဿတိ– ရှစ်ပါးအရိယာ, မြတ်သံဃာ၏, လွန်စွာမြင့်မား, ဂုဏ် ၉–ပါးကို, ပွားများထပ်ထပ်, အောက်မေ့အမှတ်ရတတ်သော သတိလည်းကောင်း၊ သီလာနုဿတိ–မိမိစောင့်အပ်, သီလမြတ်၏, ဖြူဆွတ်အလွန်, သန့်စင်ဟန်ကို, အဖန်ဖန်အထပ်ထပ်, အောက်မေ့အမှတ်ရတတ်သော သတိလည်းကောင်း၊ စာဂါနုဿတိ–ကိုယ်ကလောက်လုံ, စွန့်ကြဲပုံကို, အာရုံမပြတ်, အဖန်ဖန်အထပ်ထပ်,

---

အနုဿတိ ၁၀–ပါး

၈။ အာရုံတစ်ခုခုကို အဖန်ဖန်အထပ်ထပ် အောက်မေ့ဆင်ခြင်တတ်သော သတိစေတသိက်ကို "အနုဿတိ"ဟု ခေါ်သည်၊ "ဗုဒ္ဓါနုဿတိ"စသည်၌ သတိစေတသိက်သည် "အာရမဏိကကမ္မဋ္ဌာန်း"ဖြစ်သည်၊ "ဘုရားဂုဏ်တော်" စသည်တို့သည် ထိုသတိ၏ "အာရုံဖြစ်သော ကမ္မဋ္ဌာန်းများ"ဖြစ်ကြသည်။

အနု ပါ,မပါ "ဗုဒ္ဓါနုဿတိ"အစရှိသော ရှေးရှစ်ပါးကား ဥပစာရသမာဓိ၏ အာရုံမျှသာဖြစ်သောကြောင့် "အနု"သဒ္ဒါနှင့် ဆိုအပ်သည်၊ နောက် ၂–ပါးကား အပ္ပနာသမာဓိ၏ အာရုံဖြစ်သောကြောင့် "အနု"သဒ္ဒါ မပါဘဲ ဆိုအပ်ပေသည်။

ရှေးဆရာတော်ကြီးတို့ကား–

၃၂–ပါးသော အစုဌ် "ကေသာ, လောမာ, နခါ, ဒန္တာ, တစော"ဟူ၍လည်းကောင်း၊ "တစော, ဒန္တာ, နခါ, လောမာ, ကေသာ"ဟူလည်းကောင်း၊ အနုလောမ, ပဋိလောမအားဖြင့် သရဇ္ဈာယ်ခြင်းကို ပြုအပ်သောကြောင့် ကာယဂတာသတိဌ် "အနု"သဒ္ဒါ မပါဘဲ ဆိုထားသည်။

လွန်လေပြီးသော ထွက်သက်,ဝင်သက်ကိုလည်း အာရုံမပြုရ၊ လာလတ္တံ့သော ထွက်သက်, ဝင်သက်ကိုလည်း အာရုံမပြုရ၊ ပစ္စုပ္ပန်ဖြစ်သော ထွက်သက်,ဝင်သက်ကိုလည်း တစ်ကြိမ်သာ အာရုံပြု၍ အောက်မေ့ရသောကြောင့် အနာပါနသတိဌ်လည်း "အနု"သဒ္ဒါ မပါဘဲဆိုထားသည်၊ ဤသို့ မိန့်တော်မူကြကုန်၏။

အချို့ဆရာတို့ကား သုခုစ္စာရဏအကျိုးငှာ ချေသည်– ဟူကုန်၏၊ နှစ်သက်ရာကို မှတ်ကြပါ။

http://www.dhammadownload.com

အောက်မေ့အမှတ်ရတတ်သော သတိလည်းကောင်း၊ ဒေဝတာနုဿတိ–နတ်ဗြဟ္မာများ, သက်သေထား၍, ကိုးစားလောက်လုံ့, မိမိဂုဏ်ကို, အာရုံမပြတ်, အဖန်ဖန်အထပ်ထပ်, အောက်မေ့အမှတ်ရတတ်သော သတိလည်းကောင်း၊ ဥပသမာနုဿတိ–ဒုက္ခခပ်သိမ်း, အေးငြိမ်းမြင့်မြတ်, နိဗ္ဗာန်ဓာတ်ဂုဏ်, အဖုံဖုံကို, အာရုံမပြတ်, အဖန်ဖန်အထပ်ထပ်, အောက်မေ့အမှတ်ရတတ်သော သတိလည်းကောင်း၊ မရဏာနုဿတိ–သေခြင်းသဘော, သံဝေနောလျက်, တွေးတောမပြတ်, အဖန်ဖန်အထပ်ထပ်, အောက်မေ့အမှတ်ရတတ်သော သတိလည်းကောင်း၊ ကာယဂတာသတိ–ဆံပင်စသား, စုဝေးများ၌, ဖြစ်ပွားတုံဘိ, အောက်မေ့အမှတ်ရတတ်သော သတိလည်းကောင်း၊ အာနာပါနဿတိ စ–ထွက်သက်ဝင်သက်, အချက်ချက်၌, ဆက်ဆက်မပြတ်, အောက်မေ့အမှတ်ရတတ်သော သတိလည်းကောင်း၊ ဣတိ ဣမာ–ဤသည်တို့ကား၊ အနုဿတိယောနာမ–အနုဿတိတို့မည်၏။

၉။ မေတ္တာ–မေတ္တာလည်းကောင်း၊ ကရုဏာ–ကရုဏာလည်းကောင်း၊ မုဒိတာ–မုဒိတာလည်းကောင်း၊ ဥပေက္ခာစ–ဥပေက္ခာလည်းကောင်း၊ ဣတိ ဣမာ–ဤသည်တို့ကား၊ စတသော– ၄–ပါးကုန်သော၊ အပ္ပမညာယောနာမ–အပ္ပမညာတို့မည်၏၊ ဗြဟ္မဝိဟာရောတိ စ–ဗြဟ္မဝိဟာရဟူ၍လည်း၊ ပဝုစ္စတိ–ဆိုအပ်၏။

ဤကား ချောင်းဒေါင်းရွာနေ သုခမ္မာလင်္ကာရာဘိဓေ့ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့အမည် ရှိသော ထေရ်၏ အဘိဓမ္မတ္ထသင်္ဂဟနိဿယမူသစ်လာ အဆုံးအဖြတ်များပေတည်း။

အပ္ပမညာ ၄–ပါး

ဂု။ မေတ္တာ သတ္တဝါများ၏ကောင်းကျိုးစီးပွားကို လိုလားခြင်း, ချစ်ခင်မြတ်နိုးခြင်း သဘော တရားသည် "မေတ္တာ"မည်၏၊ တရားကိုယ်မှာ အဒေါသစေတသိက်ပင်ဖြစ်သည်၊ သို့သော် "ဘုရားဖူး, တရားနာ"စသောအခါမျိုး၌ ယှဉ်တွဲပါလာသော အဒေါသစေတသိက်ကား "မေတ္တာ" မဟုတ်ပါ၊ သို့ဖြစ်၍ "အဒေါသစေတသိက်ကို မေတ္တာ"ဟု ဆိုသော်လည်း အဒေါသစေတသိက်တိုင်း "မေတ္တာ"မည်သည်ကား မဟုတ်ပါ။

ကရုဏာ ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ သနားကြင်နာခြင်း သဘောသည် "ကရုဏာ"မည်၏။

မုဒိတာ သုခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘောသည် "မုဒိတာ"မည်၏။

ဥပေက္ခာ သတ္တဝါပညတ်ကို အာရုံပြု၍ လျစ်လျူရှုခြင်းသဘော (ချစ်ခင်ဝမ်းသာ သနားကြင်နာမှု မပြုဘဲ သင့်တင့်အောင် ရှုတတ်သော သဘော) သည် "ဥပေက္ခာ"မည်၏၊ တရားကိုယ်မှာ တတြမဇ္ဈတ္တတာစေတသိက်ဖြစ်သည်၊ သို့သော် တတြမဇ္ဈတ္တတာမှန်သမျှကိုမူ "ဥပေက္ခာ"ဟု မခေါ်ရပါ။

အပ္ပမညာ ဤမျှသော သတ္တဝါကိုသာ အာရုံပြုသည်၊ ဤမျှသော သတ္တဝါကို အာရုံမပြု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို အာရုံပြုသည့်အခါမှာလည်း အထက်ပိုင်းကိုသာ

http://www.dhammadownload.com

၁၀။ အာဟာရေ-အစာအာဟာရ၌၊ ပဋိကူလသညာ-စက်ဆုပ်ဖွယ်ဟု အမှတ်ပြုသော သညာသည်၊ ဧကော-တစ်ပါးသော၊ သညာနာမ-သညာမည်၏။

၁၁။ စတုဓာတုဝဝတ္ထာနံ-ဓာတ် ၄-ပါးကို ပိုင်းခြားမှတ်သားခြင်းသည်၊ ဧကံ-တစ်ခုသော၊ ဝဝတ္ထာနံနာမ-ဝဝတ္ထာန်မည်၏။

၁၂။ အာကာသာနဉ္စာယတနာဒယော-အာကာသာနဉ္စာယတနဈာန်အစရှိသည်တို့သည်၊ စတ္တာရော-၄-ပါးကုန်သော၊ အာရုပ္ပာနာမ-အာရုပ္ပတို့မည်၏၊ ကုတိ-ဤသို့၊

အာရုံပြုသည်၊ အောက်ပိုင်းကို အာရုံမပြု၊ ဤသို့စသည်ဖြင့် အရေအတွက်အားဖြင့်လည်း ပိုင်းခြားကန့်သတ်မှု မရှိ၊ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းအားဖြင့်လည်း ပိုင်းခြားကန့်သတ်မှု မရှိသော သတ္တဝါများကို "အပွမာဏ"ဟုခေါ်သည်။

ထိုသို့ ပိုင်းခြားကန့်သတ်မှု မရှိသော "အပွမာဏ"ခေါ်ဆိုရသော သတ္တဝါပညတ်ကို အာရုံပြု၍ဖြစ်သော တရားကို "အပွမညာ"ဟုခေါ်ရသည်။

ဆောင်။ ။ဤမျှဟု၊ ပိုင်းခြားမှု ကင်းကွာ၊ အပွမာဏာ၊
သတ္တဝါ၊ အာရုံပြုတရား၊
အပွမဉ်-မညတွင်ဘိတယ်၊ မှတ်သိ လေးပါး။

ဖြဟ္မဝိဟာရ ဤအပွမညာ ၄-ပါးကို ပွားများ၍ နေထိုင်ခြင်းသည် မြင့်မြတ်အထက်တန်းကျသော နေထိုင်ခြင်းမျိုး ဖြစ်သည်၊ တစ်နည်းအားဖြင့် ဆိုရပါမူ မြင့်မြတ်အထက်တန်းကျသူတို့၏ နေထိုင်ခြင်းမျိုးဖြစ်သည်၊ ထို့ကြောင့် ဤအပွမညာ ၄-ပါးကို "ဖြဟ္မဝိဟာရ"ဟုလည်း ခေါ်ကြပြန်သည်။

ဤ "မေတ္တာ"စသည်တို့လည်း အာရုံမဏိကကမ္မဋ္ဌာန်းများသာ ဖြစ်ကြသည်၊ အတိုင်းမသိသော သတ္တဝါပညတ်ကို ထိုက်သည်အားလျော်စွာ အာရုံပြုကြသည်။

အာဟာရေ ပဋိကူလသညာ

၁၀။ စားစရာ သောက်စရာဖြစ်သော အစာအာဟာရ၌ "စက်ဆုပ်ဖွယ်"ဟု ထင်မှတ်လာအောင် ရှုတတ်သော သညာကို "အာဟာရေ ပဋိကူလသညာ"ဟုခေါ်သည်၊ ဤအာဟာရေ ပဋိကူလသညာသည်လည်း အာရုံမဏိကကမ္မဋ္ဌာန်းပင် ဖြစ်သည်၊ အစာအာဟာရကိုပင် အာရုံပြုသည်။

စတုဓာတုဝဝတ္ထာန်

၁၁။ ခန္ဓာကိုယ်၌ "ပထဝီ, အာပေါ, တေဇော, ဝါယော"ဟူသော ဓာတ်ကြီး ၄-ပါးကို ပိုင်းခြားတတ်သောဉာဏ်သည် "စတုဓာတုဝဝတ္ထာန်" မည်၏၊ ဤစတုဓာတုဝဝတ္ထာန်သည်လည်း အာရုံမဏိကကမ္မဋ္ဌာန်းပင် ဖြစ်သည်၊ ယင်းအာရုံကကမ္မဋ္ဌာန်းကား ဓာတ်ကြီး ၄-ပါးပင်တည်း။

အာရုပ္ပ ၄-ပါး

၁၂။ "အာကာသာနဉ္စာယတနဈာန်" အစရှိသည်တို့သည်လည်း အာရုံမဏိကကမ္မဋ္ဌာန်းများပင် ဖြစ်ကြသည်၊ "ကောင်းကင်ပညတ်"စသော ၄-ပါးတို့သည် ထိုတရားတို့၏ အာရုံကမ္မဋ္ဌာန်းများ ဖြစ်ကြသည်။

http://www.dhammadownload.com

သဗ္ဗထာပိ–အလုံးစုံသော အပြားအားဖြင့်လည်း၊ သမထနိဒ္ဒေသ–သမထနိဒ္ဒေသဌ္ဌ၊ စတ္တာလီသ–၄၀–သော၊ ကမ္မဋ္ဌာနာနိ–ကမ္မဋ္ဌာန်းတို့သည်၊ ဘဝန္တိ–ဖြစ်ကုန်၏။

သပ္ပာယဘေဒ

၁၃။ ပန–ဆက်ဦးအံ့၊ စရိတာသု–စရိုက်တို့တွင်၊ ဒသ–ဆယ်ပါးကုန်သော၊ အသုဘာ–အသုဘတို့သည်လည်းကောင်း၊ ကာယဂတာသတိသင်္ခါတာ–ကာယဂတာသတိဟုဆို အပ်သော၊ ကောဋ္ဌာသဘာဝနာစ–ကောဋ္ဌာသဘာဝနာသည်လည်းကောင်း၊ ရာဂစရိတဿ–ရာဂစရိုက်ရှိသူအား၊ သပ္ပာယာ–လျောက်ပတ်ကုန်၏။

၁၄။ စတသ္သော–၄–ပါးကုန်သော၊ အပ္ပမညာယော–အပ္ပမညာတို့သည်လည်းကောင်း၊ နီလာဒီနိ–နီလအစရှိကုန်သော၊ ဝါ–"နီလ, ပီတ, လောဟိတ, ဩဒါတ" ဟုဆိုအပ်ကုန်သော၊ စတ္တာရိ–၄–ပါးကုန်သော၊ ကသိဏာနိ စ–ကသိုဏ်းတို့သည်လည်းကောင်း၊ ဒေါသစရိတဿ–ဒေါသစရိုက် ရှိသူအား၊ သပ္ပာယာနိ–လျောက်ပတ်ကုန်၏။

၁၅။ အာနာပါနံ–အာနာပါနသည်၊ မောဟစရိတဿ–မောဟစရိုက်ရှိသူအားလည်းကောင်း၊ ဝိတက္ကစရိတဿစ–ဝိတက်စရိုက်ရှိသူအားလည်းကောင်း၊ သပ္ပာယံ–လျောက်ပတ်၏။

၁၆။ ဗုဒ္ဓါနုဿတိအာဒယော–ဗုဒ္ဓါနုဿတိ အစရှိကုန်သော၊ ဝါ–"ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ" ဟုဆိုအပ်ကုန်သော၊ ဆ– ၆–ပါး သော ကမ္မဋ္ဌာန်းတို့သည်၊ သဒ္ဓါစရိတဿ–သဒ္ဓါစရိုက်ရှိသူအား၊ သပ္ပာယာ–လျောက်ပတ်ကုန်၏။

သပ္ပာယဘေဒ

၁၃ ။ ပ ။ ၁၆။ ထိုထိုစရိုက်ရှိသူအတွက် အသင့်တော်ဆုံး ကမ္မဋ္ဌာန်းကို ဖော်ညွှန်းပြဆိုရာ အပိုင်းကို "သပ္ပာယဘေဒ" ဟုခေါ်သည်၊ ရာဂ, ဒေါသ, မောဟ, ဝိတက္ကစရိုက်တို့သည် မကောင်းသော စရိုက်များဖြစ်ကြသည်၊ ယင်းစရိုက်များ လျော့ပါးဖို့ရန် စရိုက်၏ ဆန့်ကျင်ဘက်ကမ္မဋ္ဌာန်းကို အားထုတ်သင့်သည်၊ သဒ္ဓါစရိုက်, ဗုဒ္ဓိစရိုက်တို့သည် ကောင်းသောစရိုက်များ ဖြစ်ကြသည်၊ ယင်းစရိုက်များ တိုးတက်လာအောင် စရိုက်အား လျော်သော ကမ္မဋ္ဌာန်း, စရိုက်၏ အကြိုက်ဖြစ်သော ကမ္မဋ္ဌာန်းကို အားထုတ်သင့်သည်။

ဆောင်။　။ရာ ဒေါသ၊ မောဟရယ်တဲ့ ဝိတက္ကာ၊
မူမမှန်–ဓာတ်ခံဆိုးတို့ကို၊ နှိမ်ချိုးဖို့ရာ၊
ကြိုက်မဟုတ်–အားထုတ်ပါ၊ သဒ္ဓါနှင့် ဗုဒ္ဓိ၊
စရိုက်မွန်–ဓာတ်ခံတိုးအောင်၊ ကြိုက်မျိုး ရွေးဘိ။

http://www.dhammadownload.com

၁၇။ မရဏဥပသမသညာဝဝတ္ထာနာနိ–မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရေ ပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်တို့သည်၊ ဗုဒ္ဓိစရိတဿ–ဗုဒ္ဓိစရိုက်ရှိသူအား၊ သပ္ပာယာနိ–လျောက်ပတ်ကုန်၏။

၁၈။ ပန–ကား၊ သေသာနိ–ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော၊ သဗ္ဗာနိပိ–အလုံးစုံလည်းဖြစ်ကုန်သော၊ ကမ္မဋ္ဌာနာနိ–ကမ္မဋ္ဌာန်းတို့သည်၊ ဝါ–ဘူတစတုက္ကာ, အာကာအာလောက, ကသိုဏ်းဆန့်, အာရုပ္ပ ၄–ခန်း, ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့သည်၊ သဗ္ဗေသမ္မိ–အလုံးစုံသော သူတို့အားလည်း၊ သပ္ပာယာနိ–လျောက်ပတ်ကုန်၏။

တတ္ထာပိ–ထို ၁၀–ပါးသော ကမ္မဋ္ဌာန်းတို့တွင်လည်း၊ ကသိဏေသု–ဘုတ်ကြီး ၄–ဖြာ, အာကာအာလောက, ၆–ပါးမျှသော ကသိုဏ်းတို့၌၊ ပုထုလ်ဧ၀–ကောက်နယ်တလင်းနှယ်, လွန်ပြန့်ကျယ်သော ကသိုဏ်း၀န်းသည်သာ၊ မောဟစရိတဿ–မောဟစရိုက်ရှိသူအား၊ သပ္ပာယ်–လျောက်ပတ်၏၊ ခုဒ္ဒကံဧ၀–တစ်ပေမျှကျယ်, ကျဉ်းငယ်သော ကသိုဏ်း၀န်းသည်သာ၊ ဝိတက္ကစရိတဿ–ဝိတက်စရိုက်ရှိသူအား၊ သပ္ပာယ်–၏၊ ဣတိ–သပ္ပာယဘေဒအပြီးတည်း။

အယံ–ဤဆိုအပ်ပြီးသည်ကား၊ ဧတ္ထ–ဤကမ္မဋ္ဌာနသင်္ဂဟ၌၊ သပ္ပာယဘေဒေါ–သပ္ပာယဘေဒတည်း။

စရိုက်ကမ္မဋ္ဌာန်း သင့်ရာညွှန်း

ကမ္မဋ္ဌာန်း - ၄၀	ရာဂစရိုက်	ဒေါသစရိုက်	မောဟ+လေးပွင့်	သဒ္ဓါစရိုက်	ဉာဏ်စရိုက်	စရိုက်ပေါင်း
အသုဘ ၁၀, ကာယဂတာသတိ =၁၁	။					၁
အပ္ပမညာ ၄,နီလ,ပီတ,လောဟိတ,ဩဒါတ = ၈		။				၁
အာနာပါနဿတိ ၁			။			၂
ဗုဒ္ဓါနုဿတိ–စသော အနုဿတိ ၆				။		၁
မရဏ, ဥပသမ, သညာ, ဝဝတ္ထာန် = ၄					။	၁
ပ, အာ, တေ, ဝါ, အာ, အာ, အာရုပ္ပ ၄ =၁၀	။	။	။	။	။	၆
ကမ္မဋ္ဌာန်းပေါင်း	၂၁	၁၈	၁၁	၁၆	၁၄	

http://www.dhammadownload.com

ဘာဝနာဘေဒ

၁၉။ ပန–ကား၊ ဘာဝနာသု–ဘာဝနာတို့တွင်၊ သဗ္ဗတ္ထာပိ–အလုံးစုံသော ကမ္မဋ္ဌာန်းတို့၌လည်း၊ ပရိကမ္မဘာဝနာ–ပရိကမ္မဘာဝနာကို၊ လဗ္ဘတေဝ–ရအပ်သည်သာတည်း။

ဗုဒ္ဓါနုဿတိအာဒီသု–ဗုဒ္ဓါနုဿတိအစရှိကုန်သော၊ အဋ္ဌသု– ၈–ပါးသော ကမ္မဋ္ဌာန်းတို့လည်းကောင်း၊ သညာဝဝတ္ထာနေသုစ–အာဟာရေပဋိကူလသညာ စတုဓာတုဝဝတ္ထာန်တို့လည်းကောင်း၊ ဣတိ–သို့၊ ဒသသု– ၁၀–ပါးကုန်သော၊ ကမ္မဋ္ဌာနေသု–ကမ္မဋ္ဌာန်းတို့၌၊ ဥပစာရဘာဝနာဝ–ဥပစာရဘာဝနာသည်သာလျှင်၊ သမ္ဖဇ္ဇတိ–ပြည့်စုံ၏၊ အပ္ပနာ–အပ္ပနာဘာဝနာသည်၊ နတ္ထိ–မရှိ။

၂၀။ ပန–ကား၊ သေသေသု–ကြွင်းကုန်သော၊ သမတ္တိံသကမ္မဋ္ဌာနေသု–အတိအကျ ၃၀–သော ကမ္မဋ္ဌာန်းတို့၌၊ အပ္ပနာဘာဝနာပိ–အပ္ပနာဘာဝနာသည်လည်း၊ သမ္ဖဇ္ဇတိ–ပြည့်စုံ၏။

ဘာဝနာဘေဒ

၁၉၊ ၂၀။ ကမ္မဋ္ဌာန်း ၄၀–ကို ဘာဝနာ ၃–ပါး အပြားအားဖြင့် ရသင့်သည်အားလျော်စွာ ဝေဖန်ပြရာ အဝိုင်းအခန်းကို "ဘာဝနာဘေဒ"ဟုခေါ်သည်။

ပရိကမ္မဘာဝနာ ကမ္မဋ္ဌာန်းအားထုတ်သော ယောဂိပုဂ္ဂိုလ်သည် အစဦးစွာ ကမ္မဋ္ဌာန်းတစ်ခုခုကို အာရုံပြုလျက် "ပထဝီ, ပထဝီ"စသည်ဖြင့် နှုတ်ကရွတ်၍သော်လည်း စီးဖြန်းပွားများမှုကို ပြုရသည်၊ စိတ်ကမှန်း၍သော်လည်း စီးဖြန်းပွားများမှုကို ပြုရသည်၊ ယင်းသို့ ဦးစွာ စီးဖြန်းပွားများမှုကို "ပရိကမ္မဘာဝနာ"ဟုခေါ်သည်၊ သို့ဖြစ်၍ မည်သည့်ကမ္မဋ္ဌာန်းမှာမဆို ပရိကမ္မဘာဝနာ လိုပါသည်၊ ဤပရိကမ္မဘာဝနာမှသာ အထက်အထက် ဘာဝနာများသို့ အဆင့်ဆင့် တက်ယူရသည်။

ဥပစာရဘာဝနာ အပ္ပနာဘာဝနာ၏ အနီးအပါး၌ဖြစ်သော ဘာဝနာကို "ဥပစာရဘာဝနာ"ဟုခေါ်သည်၊ အထက်အဆိုပါ ပရိကမ္မဘာဝနာသည်ပင် တဖြည်းဖြည်း ရင့်လာသည့်အခါ "ဥပစာရဘာဝနာ"အမည်ရသည်၊ "ဗုဒ္ဓါနုဿတိ"စသော ကမ္မဋ္ဌာန်း ၁၀–ပါးကို ပွားများအားထုတ်လျှင် ဥပစာရဘာဝနာတိုင်အောင်သာ ရောက်နိုင်သည်၊ အပ္ပနာဘာဝနာသို့ မရောက်နိုင်။

အပ္ပနာဘာဝနာ ဥပစာရဘာဝနာထက် လွန်ကဲစွမ်းစွာ ဆိုင်ရာအာရုံ၌ သက်ဝင်တည်နေတတ်သော စျာန်များကို "အပ္ပနာဘာဝနာ"ဟုခေါ်သည်၊ ကျန် ၃၀–သော ကမ္မဋ္ဌာန်းကို အားထုတ်လျှင် ဥပစာရဘာဝနာသို့လည်း ရောက်နိုင်သည်၊ အပ္ပနာဘာဝနာသို့လည်း ရောက်နိုင်သည်။

http://www.dhammadownload.com

၂၁။ တတ္ထာပိ–ထိုအတိအကျ ၃၀–သော ကမ္မဋ္ဌာန်းတို့တွင်လည်း၊ ဒသကသိဏာနိ–ကသိုဏ်း ၁၀–ပါးတို့သည်လည်းကောင်း၊ အာနာပါနဉ္စ–အာနာပါနသည်လည်းကောင်း၊ ပဉ္စကဈာနိကာနိ–စျာန် ၅–ပါးအပေါင်းနှင့် ယှဉ်ကုန်၏။

၂၂။ ဒသအသုဘာ–အသုဘ ၁၀–ပါးတို့သည်လည်းကောင်း၊ ကာယဂတာသတိစ–ကာယဂတာသတိသည်လည်းကောင်း၊ ပဌမဈာနိကာ–ပထမစျာန်နှင့် ယှဉ်ကုန်၏။

၂၃။ မေတ္တာဒယော–မေတ္တာအစရှိကုန်သော၊ တယော– ၃–ပါးသော ဗြဟ္မဝိဟာရတို့သည်၊ စတုက္ကဈာနိကာ–စျာန် ၄–ပါးအပေါင်းနှင့် ယှဉ်ကုန်၏။

၂၄။ ဥပေက္ခာ–ဥပေက္ခာဗြဟ္မဝိဟာရသည်၊ ပဉ္စမဈာနိကာ–ပဉ္စမစျာန်နှင့် ယှဉ်၏၊ ဣတိ–ဤသို့၊ ရူပါဝစရဈာနိကာနိ–ရူပါဝစရစျာန်နှင့် ယှဉ်ကုန်သော၊ ကမ္မဋ္ဌာနာနိ–ကမ္မဋ္ဌာန်းတို့သည်၊ ဆဗ္ဗီသတိ– ၂၆–ပါးတည်း။

ရူပါဝစရစျာန်၏ အာရုံကမ္မဋ္ဌာန်း

၂၁။ ကသိဏ်း ၁၀–ပါးနှင့် အာနာပါနသတိတို့သည် ရူပစျာန် ၅–ပါးလုံး၏ အာရုံဖြစ်ကြသည်၊ ယင်းကမ္မဋ္ဌာန်းတို့တွင် တစ်ပါးပါးကို အားထုတ်လျှင် ရူပစျာန် ၅–ပါးလုံးကို ရနိုင်သည်။ (ပဉ္စ–စျာန်ငါးပါး+က–အပေါင်း။)

၂၂။ အသုဘ ၁၀–ပါးနှင့် ကာယဂတာသတိတို့သည် ပထမစျာန်၏ အာရုံဖြစ်သည်၊ ယင်းကမ္မဋ္ဌာန်းတို့တွင် တစ်ပါးပါးကို အားထုတ်လျှင် ပထမစျာန်ကိုသာ ရနိုင်သည်။

၂၃။ မေတ္တာ, ကရုဏာ, မုဒိတာတို့သည် ပထမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်တို့၏ အာရုံများဖြစ်ကြသည်၊ ယင်းဗြဟ္မဝိဟာရ ၃–ပါးတို့တွင် တစ်ပါးပါးကို အားထုတ်လျှင် အောက်စျာန် ၄–ပါးကို ရနိုင်သည်။ (စတု–စျာန်လေးပါး+က–အပေါင်း။)

၂၄။ ဥပေက္ခာ ဗြဟ္မဝိဟာရသည် ရူပါဝစရပဉ္စမစျာန်၏ အာရုံဖြစ်သည်၊ ဥပေက္ခာဗြဟ္မဝိဟာရကို အားထုတ်လျှင် ရူပါဝစရပဉ္စမစျာန်ကို ရနိုင်သည်။

ဤသို့လျှင် "ကသိဏ်းပညတ် ၁၀–ပါး, အသုဘပညတ် ၁၀–ပါး, ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကောဋ္ဌာသပညတ်, အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်–ဝင်သက်ပညတ်, မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဗြဟ္မဝိဟာရ ၄–ပါး၏ အာရုံဖြစ်သော အတိုင်းမသိသောသတ္တဝါပညတ်"အားဖြင့် ရူပါဝစရစျာန်၏ အာရုံဖြစ်သော ပညတ် ၂၆–ပါး ဖြစ်သည်။

http://www.dhammadownload.com

၂၅။ ပန-ကား၊ စတ္တာရော- ၄-ပါးကုန်သော၊ အာရုပ္ပာ-အာရုပ္ပကမ္မဋ္ဌာန်းတို့သည်၊ အာရုပ္ပဈာနိကာ-အာရုပ္ပစျာန်နှင့် ယှဉ်ကုန်၏၊ ဣတိ-ဘာဝနာဘေဒအပြီးတည်း။

အယံ-ဤဆိုအပ်ပြီးသည်ကား၊ ဇေတ္ထ-ဤကမ္မဋ္ဌာနသင်္ဂဟ၌၊ ဘာဝနာဘေဒေါ-ဘာဝနာဘေဒတည်း။

ရူပါဝစရစျာန်၏ အာရုံ

ရူပါဝစရစျာန်၏ အာရုံကမ္မဋ္ဌာန်းများ	ပဌမစျာန်	ဒုတိ, တ, ပဉ္စမ	ပဉ္စမစျာန်	ကြွင်းပါဒေသ
ကသိုဏ်း ၁၀, အာနာပါနဿတိ ၁ = ၁၁	။	။	။	၅
အသုဘ ၁၀, ကာယဂတာသတိ ၁ = ၁၁	။			၁
မေတ္တာ, ကရုဏာ, မုဒိတာ ၃	။	။		၄
ဥပေက္ခာ ၁			။	၁
ထိုထို စျာန်၏ ကမ္မဋ္ဌာန်း အာရုံပေါင်း	၂၅	၁၄	၁၂	

ပထမစျာန်စိတ် ၃-ပါးသည် ကသိုဏ်းပညတ် ၁၀-ပါး, အသုဘ ၁၀-ပါး, အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်-ဝင်သက်ပညတ်, ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကောဋ္ဌာသပညတ်, မေတ္တာ ကရုဏာ မုဒိတာ ဗြဟ္မဝိဟာရတရား ၃-ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ ၂၅-ပါးသော ပညတ်ကို အာရုံပြုသည်၊ အာရမဏသင်္ဂဟက ပြဆိုခဲ့သော "ပဉ္စဝိသုံးတန်"၏ အကျယ်ဖြစ်သည်၊ "ဆယ့်လေး ကိုးလီ၊ ဆယ့်နှစ် သုံးပင်"တို့၏ အရကိုလည်း ဇယားကို ရှုလျက် အကျယ် ဖော်ထုတ်ပါ။

အရူပစျာန်၏ အာရုံကမ္မဋ္ဌာန်း

၂၅။ အာရုပ္ပကမ္မဋ္ဌာန်း ၄-ပါးတို့သည် အစဉ်အတိုင်း အာရုပ္ပစျာန် ၄-ပါး၏ အာရုံဖြစ်သည်၊ ယင်းကမ္မဋ္ဌာန်း ၄-ပါးကို အားထုတ်လျှင် အစဉ်အတိုင်း အရူပစျာန် ၄-ပါးကို ရနိုင်သည်။

ဤသို့လျှင် "ကောင်းကင်ပညတ်, ပထမာရုပ္ပဝိညာဉ်, နတ္ထိဘောပညတ်, တတိယာရုပ္ပဝိညာဉ်" အားဖြင့် အရူပါဝစရစျာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း ၄-ပါး ဖြစ်သတည်း။

ပညတ်, ပရမတ်

ရူပါဝစရစျာန်၏ အာရုံဖြစ်သော ပညတ် ၂၆-ပါး၊ အာရုပ္ပစျာန်၏ အာရုံဖြစ်သော ပညတ် ၂-ပါးအားဖြင့် ပညတ်ကမ္မဋ္ဌာန်း ၂၈-ပါး ဖြစ်သည်၊ ကြွင်း ၁၂-ပါးသော ကမ္မဋ္ဌာန်းကား ပရမတ္ထကမ္မဋ္ဌာန်းဖြစ်သည်။

http://www.dhammadownload.com

ဂါထာဘေဒ

၂၆။ ပန–ကား၊ နိမိတ္တေသု–နိမိတ်တို့တွင်၊ ပရိကမ္မနိမိတ္တံ–ပရိကမ္မနိမိတ်ကိုလည်း ကောင်း၊ ဥဂ္ဂဟနိမိတ္တဉ္စ–ဥဂ္ဂဟနိမိတ်ကိုလည်းကောင်း၊ သဇ္ဈတ္ထာပိ–အလုံးစုံသော ကမ္မဋ္ဌာန်း တို့၌လည်း၊ ယထာရဟံ–အာရုံအလိုက် ထိုက်သည်အားလျော်စွာ၊ ပရိယာယေန–ပရိယာယ် အားဖြင့်၊ လဒ္ဓန္တေ ဝ–ရအပ်ကုန်သည်သာ။

ဆောင်။ ။ကသိဏ၊ အသုဘ ကောဋ္ဌာသာ၊
အာနာ ဇြပ်–ဆဗ္ဗီသငယ်၊ ရူပတွက်သာ၊
ကောင်းကင် နတ်– အာရုပ္ပါ၊ ဌဝီသာ ပညတ်၊
ကြွင်း သေသာ၊ ဆယ့်နှစ်ဖြာ–ပရမတ်ငယ်၊ တိကျ ခွဲမှတ်။

ဂါထာဘေဒ

၂၆။ ကမ္မဋ္ဌာန်းတို့ကို အာရုံ ၃–ပါး အပြားအားဖြင့် ရသင့်သည်အားလျော်စွာ ခွဲခြမ်း ဝေဖန်ပြရာအပိုင်းအခန်းကို "ဂါထာဘေဒ"ဟုခေါ်သည်၊ ဤနေရာ၌ "ဂါထာ"သဒ္ဒါ, "နိမိတ္တ" သဒ္ဒါ ၂–ခုလုံးပင် "အာရုံ"ဟူသော အနက်ကို ဟောသည်။

ပရိကမ္မ, ဥဂ္ဂဟ ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့ကို ကမ္မဋ္ဌာန်း အကုန်လုံးမှာပင် ထိုက်သည်အားလျော်စွာ ပရိယာယ်အားဖြင့် ရသင့်သည်၊ ထိုတွင် ပရိကမ္မဘာဝနာ၏ အာရုံကို "ပရိကမ္မနိမိတ်"ဟုခေါ်သည်၊ စိတ်ဖြင့်မှန်းဆ၍ ယူအပ်သောအာရုံကို "ဥဂ္ဂဟနိမိတ်"ဟု ခေါ်သည်၊ ဤ ဥဂ္ဂဟနိမိတ်ကိုလည်း ပရိကမ္မဘာဝနာကပင် အာရုံပြုပါသည်၊ သို့သော် "ဥဂ္ဂဟနိမိတ်"ဟူသော အမည်ထူးကို ရထားသောကြောင့် "ပရိကမ္မနိမိတ်"ဟု မခေါ်ရ တော့ပါ။

ယထာရဟံ ဤ "ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့ကို ပရိယာယ်အားဖြင့် ရသင့်သည်" ဟုဆိုစေကာမူ ကမ္မဋ္ဌာန်း ၄၀–လုံးမှာပင် ပရိယာယ်အားဖြင့် ရသင့်သည် မဟုတ်ပါ၊ "ဗုဒ္ဓါနုဿတိ"အစရှိသော အချို့သောကမ္မဋ္ဌာန်းများမှာသာ ပရိယာယ်အားဖြင့် ရသင့်ပါသည်၊ မှန်၏= "ဗုဒ္ဓါနုဿတိ"စသည်တို့၌ မူလစီးဖြန်းစကပင် "ဘုရားဂုဏ်တော်" စသည်တို့ကို စိတ်ဖြင့်မှန်း စီးဖြန်းရသည်၊ "ဘယ်အခိုက်မှာ ပရိကမ္မနိမိတ်, ဘယ်အခိုက်မှာ ဥဂ္ဂဟနိမိတ်"ဟု အထင်အရှား ခွဲခြား၍ မရပါ၊ "ဂုဏ်တော်များ မထင်ရှားသေးသည့်အခါမှာ ပရိကမ္မနိမိတ်, အတော်ထင်ရှားလာသည့်အခါမှာ ဥဂ္ဂဟနိမိတ်"ဟု အမှန်းအတား ပရိယာယ် အားဖြင့်သာ ခွဲခြား၍ ရနိုင်သည်။

ဆောင်။ ။ပရိကမ္မာ, ဥဂ္ဂဟာတို့, ဗုဒ္ဓါနုဿတိ, အစရှိသည့်, ပဋိဘာဂ, နိမိတ္တကို, မရပယ်ညွှန်း, ကမ္မဋ္ဌာန်း၀ယ်, ပရိယာယ်သာ၊ ကြွင်း၀ယ်မုချ, ဧကန်ရသည်..... ခွဲကြအာရုံ လျော်စွာတည်း။

ပဋိဘာဂနိမိတ် ရကောင်းသော "ကသိဏ်း ၁၀–ပါး, အသုဘ ၁၀–ပါး, ကာယဂတာသတိ, အာနာပါနဿတိ"ဟူသော အချို့သော ကမ္မဋ္ဌာန်းများမှာကား "ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်" ၂–ပါးကို ကွဲပြားခြားနား မုချအားဖြင့် ရသင့်ပါသည်၊ ထို့ကြောင့် "ယထာရဟံ–အာရုံအလိုက် ထိုက်သည်အားလျော်စွာ"ဟု ဆိုရသည်။

http://www.dhammadownload.com

၂၇။ ပဋိဘာဂနိမိတ္တံ ပန–ပဋိဘာဂနိမိတ်ကိုကား၊ ကသိဏာသုဘကောဋ္ဌာသ အာနာပါနေသွေဝ–ကသိုဏ်း ၁၀–ပါး, အသုဘ ၁၀–ပါး, ဆံအစရှိသောကောဋ္ဌာသ, အာနာပါနတို့၌သာလျှင်၊ လဇ္ဇတိ–ရအပ်၏၊ ဟိ–မှန်၏၊ တတ္ထ–ထို ကသိုဏ်း, အသုဘ, ကောဋ္ဌာသ, အာနာပါနတို့၌၊ ပဋိဘာဂနိမိတ္တံ–ပဋိဘာဂနိမိတ်ကို၊ အာရဇ္ဈ–အာရုံပြု၍၊ ဥပစာရသမာဓိ–ဥပစာရသမာဓိသည်လည်းကောင်း၊ အပွနာသမာဓိ စ–အပွနာသမာဓိ သည်လည်းကောင်း၊ ပဝတ္တန္တိ–ဖြစ်ကုန်၏။

၂၈။ ကထံ–အဘယ်သို့ ဖြစ်ကုန်သနည်း?။

ဟိ–ချဲ့ဦးအုံ၊ အာဒိကမ္မိကဿ–ရှေးဦးစတင် ကမ္မဋ္ဌာန်းအားထုတ်မှု၌ယှဉ်သည်ဖြစ်၍၊ ပထဝီမဏ္ဍလာဒီသု–ပထဝီကသိုဏ်းဝန်း အစရှိသည်တို့၌၊ နိမိတ္တံ–အာရုံကို၊ ဥဂ္ဂဏှန္တဿ–

ပဋိဘာဂ

၂၇။ ကသိုဏ်း ၁၀–ပါး, အသုဘ ၁၀–ပါး, ကာယဂတာသတိ၏အာရုံဖြစ်သော ဆံအစရှိသောကောဋ္ဌာသပညတ်, အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်–ဝင်သက်တို့၌သာ ပဋိဘာဂနိမိတ်ကို ရသင့်သည်။

"ဗုဒ္ဓါနုဿတိ"အစရှိသော ကမ္မဋ္ဌာန်း ၁၈–ပါးတို့၌မူကား ပဋိဘာဂနိမိတ်ကို မရသင့်ပါ၊ အဘယ်ကြောင့်နည်း?၊ "ပဋိဘာဂနိမိတ်"ဟူသည် စီးဖြန်းခါစ မူလအာရုံနှင့်တူသော အာရုံတစ်မျိုးပင် ဖြစ်သည်၊ စီးဖြန်းခါစ မူလအာရုံမျိုး မဟုတ်ပါ၊ ဘုရားဂုဏ်တော် စသည်တို့ကား စီးဖြန်းခါစနှင့် ဘာဝနာအသားကျရာ နောက်အခါမှာ တစ်မျိုးတစ်ဖုံ ကွဲပြားု၍ ထင်လာရိုး မရှိသောကြောင့်တည်း။

မှန်၏ = ကသိုဏ်း, အသုဘ, ကောဋ္ဌာသ, အာနာပါနတို့၌ ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဥပစာရသမာဓိ, အပွနာသမာဓိတို့ ဖြစ်ကြရသည်။

သို့ဖြစ်၍ ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်ကို ပရိကမ္မဘာဝနာက အာရုံပြုသည်၊ ပဋိဘာဂနိမိတ်ကို ဥပစာရဘာဝနာ, အပွနာဘာဝနာတို့က အာရုံပြုကြသည်၊ ပဋိဘာဂနိမိတ် မရကောင်းသော ကမ္မဋ္ဌာန်းတို့၌ကား ထိုက်သည်အားလျော်စွာ ဥပစာရဘာဝနာ, အပွနာဘာဝနာတို့က ဥဂ္ဂဟနိမိတ်ကိုသာ အာရုံပြုကြသည်၊ ဤသို့ ခွဲခြားမှတ်သားထားပါ။

ဆောင်။ ။ ရင်း မူလ၊ ပရိကမ္မ ဘာဝနာ၊
ပ–ဥဂ်ဆို–နိမိတ် ဒွိကို၊ ရှုဘိ သေချာ၊
ဥပနှင့်–အပွနာ၊ ပဋိဘာ ရှုတတ်၊
ပဋိဘာ–မရှိသည် မှန်ပါက၊ ဥဂ္ဂဟာ နိမိတ္တကို၊ ရှုရမြဲမှတ်။

ပရိကမ္မနိမိတ်နှင့်ပရိကမ္မဘာဝနာ

၂၈။ ပထဝီကသိုဏ်းကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် အငယ်ဆုံး တစ်ပေ, အကြီးဆုံး ကောက်နယ်တလင်းခန့်ရှိသော ပထဝီကသိုဏ်းဝန်းကို ပြုလုပ်ထားရသည်၊ ထို့နောက်

http://www.dhammadownload.com

ယူသော ယောဂီပုဂ္ဂိုလ်၏၊ တံ အာရမဏံ–ထို အာရုံကို၊ ပရိကမ္မနိမိတ္တန္တိ–ပရိကမ္မနိမိတ်ဟူ၍၊ ပဝုစ္စတိ–ဆိုအပ်၏၊ သာ စ ဘာဝနာ–ထိုဘာဝနာသည်လည်း၊ ပရိကမ္မဘာဝနာနာမ–ပရိကမ္မဘာဝနာမည်၏။

၂၉။ ပန–ကား၊ ယဒါ–အကြင်အခါ၌၊ တံ နိမိတ္တံ–ထိုပရိကမ္မနိမိတ်သည်၊ စိတ္တေန–စိတ်ဖြင့်၊ သမုဂ္ဂဟိတံ–ကောင်းစွာယူအပ်သည်၊ ဟောတိ–ဖြစ်၏၊ စက္ခုနာ–မျက်စိဖြင့်၊ ပဿန္တော ဃေဝ–မြင်ရဘိသကဲ့သို့၊ မနောဒွါရဿ–မနောဒွါရ၏၊ အာပါတံ–ရှေ့ရှုကျခြင်းသို့၊ အာဂတံ–ရောက်လာသည်၊ ဟောတိ–ဖြစ်၏၊ တဒါ–ထိုအခါ၌၊ တမေဝအာရမဏံ–ထိုအာရုံသည်ပင်လျှင်၊ ဥဂ္ဂဟနိမိတ္တံနာမ–ဥဂ္ဂဟနိမိတ်မည်၏၊ သာ စ ဘာဝနာ–ထိုဘာဝနာသည်လည်း၊ သမာဓိယတိ–တည်ကြည်၏၊ ဝါ–သမာဓိရ၏။

၃၀။ ပန–ကား၊ တထာ–ထိုဆိုအပ်ပြီးသော အခြင်းအရာဖြင့်၊ သမာဟိတသန–တည်ကြည်သော၊ ဇတသန–ဤယောဂီပုဂ္ဂိုလ်သည်၊ တတော–ထိုဥဂ္ဂဟနိမိတ်ထင်ရာအခါမှ၊ ပရံ–နောက်၌၊ တသ္မိံ ဥဂ္ဂဟနိမိတ္တေ–ထိုဥဂ္ဂဟနိမိတ်၌၊ ပရိကမ္မသမာဓိနာ–ပရိကမ္မသမာဓိဖြင့်၊ ဘာဝန်–ပွားများမှုကို၊ အနုယုဉ္ဇန္တ သန–အဖန်ဖန် အားထုတ်ပြန်သည်ရှိသော်၊ ယဒါ–အကြင်အခါ၌၊ တပ္ပဋိဘာဂံ–ထိုဥဂ္ဂဟနိမိတ်နှင့် တူသော၊ ဝတ္ထုဓမ္မ

ယင်း ကသိဏ်းဝန်းကို မျက်လုံးဖြင့် စူးစိုက်ကြည့်ရှုလျက် "ပထဝီ,ပထဝီ"ဟု ပါဠိလိုဖြစ်စေ, "မြေ, မြေ"ဟု မြန်မာလိုဖြစ်စေ အလိုရှိသလို နှုတ်ကရွတ်၍သော်လည်း ပွားများနိုင်သည်၊ နှုတ်ကမရွတ်ဆိုဘဲ စိတ်ထဲက ဆင်ခြင်၍သော်လည်း ပွားများနိုင်သည်၊ ရဲခါ မျက်လုံးမှိတ်ထားလျက်လည်း ပွားများနိုင်သည်၊ ဤသို့ ကြည့်တစ်ခါ မှိတ်တစ်လှည့်ဖြင့် ဥဂ္ဂဟနိမိတ် မထင်သမျှ ကြိုးပမ်းအားထုတ်ရမည်။

ဤသို့ မျက်လုံးဖြင့် ကြည့်ရှုအပ်, မျက်စိဖြင့် မှန်းဆအပ်သော အာရုံကို "ပရိကမ္မနိမိတ်"ဟု ခေါ်သည်၊ ကြည့်ရှုမှန်းဆ၍ ပွားများမှုကို "ပရိကမ္မဘာဝနာ"ဟုခေါ်သည်။

ဥဂ္ဂဟနိမိတ်နှင့် ပရိကမ္မဘာဝနာ

၂၉။ ဤသို့ မှိတ်တုံဖွင့်တုံ အာရုံပြု၍ ပွားများရင်း မျက်စိမှိတ်၍ ဆင်ခြင်သည့်အခါ မျက်စိဖြင့် တိုက်ရိုက် မြင်နေရသကဲ့သို့ စိတ်အာရုံထဲမှာ ထင်ထင်ရှားရှား ပေါ်လာတတ်သည်၊ ထိုသို့ စိတ်အာရုံထဲမှာ ထင်ထင်ရှားရှား ပေါ်လာသောအာရုံကို "ဥဂ္ဂဟနိမိတ်"ဟု ခေါ်သည်၊ ထိုဥဂ္ဂဟနိမိတ်ကို အာရုံပြုသော ပရိကမ္မဘာဝနာသည်လည်း ရှေးကထက် သမာဓိအားကောင်းလာပါပြီ၊ တည်ကြည်လာပါပြီ။

ပဋိဘာဂနိမိတ်နှင့် ဥပစာရဘာဝနာ

၃၀။ ထိုပရိကမ္မဘာဝနာဖြင့် ဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ စိတ်တည်ကြည်နေသော ယောဂီပုဂ္ဂိုလ်သည် ထိုဥဂ္ဂဟနိမိတ်ကိုပင် ပရိကမ္မဘာဝနာဖြင့် ဆက်လက်ပွားများ အားထုတ်ပြန်သည်ရှိသော် ထိုဥဂ္ဂဟနိမိတ်နှင့် ပုံသဏ္ဌာန် ပမာဏတူမျှသော အာရုံတစ်မျိုးသည် စိတ်၌ငြိမ်သက်စွာ

http://www.dhammadownload.com

ဝိမုစ္စိတံ–ဝတ္ထု ဒြပ် ပရမတ်သဘောမှ လွတ်သော၊ ပညတ္တိသင်္ခါတံ–ပညတ်ဟု ဆိုအပ်သော၊ ဘာဝနာမယံ–ဘာဝနာကြောင့် ဖြစ်ပေါ်လာသော၊ အာရမဏံ–အာရုံသည်၊ စိတ္တေ–စိတ်၌၊ သန္နိသိန်နံ–ငြိမ်သက်စွာတည်နေသည်၊ သမပ္ပိတံ–ကောင်းစွာသွင်းထားအပ်သည်၊ ဟောတိ–ဖြစ်၏၊ တဒါ–ထိုအခါ၌၊ တံပဋိဘာဂနိမိတ္တံ–ထိုပဋိဘာဂနိမိတ်ကို၊ သမုပ္ပန္နန္တိ–ကောင်းစွာဖြစ်ပြီဟူ၍၊ ပဝုစ္စတိ–ဆိုအပ်၏။

၃၁။ တတော–ထိုပဋိဘာဂနိမိတ် ထင်လာရာအခါမှ၊ ပဋ္ဌာယ–စ၍၊ ပရိဗန္ဓဝိပ္ပဟီနာ–သမာဓိ၏ဘေးရန်ဖြစ်သော နိဝရဏ်ကို ပယ်ရှားတတ်သော၊ ကာမာဝစရသမာဓိသင်္ခါတာ–ကာမာဝစရသမာဓိဟု ဆိုအပ်သော၊ ဥပစာရဘာဝနာ–ဥပစာရဘာဝနာသည်၊ နိပ္ပန္နာနာမ–ပြီးသည်မည်သည်၊ ဟောတိ–ဖြစ်၏။

၃၂။ တတော–ထိုဥပစာရဘာဝနာ ဖြစ်ရာအခါမှ၊ ပရံ–နောက်၌၊ တမေဝ ပဋိဘာဂနိမိတ္တံ–ထိုပဋိဘာဂနိမိတ်ကိုပင်၊ ဥပစာရသမာဓိနာ–ဥပစာရသမာဓိဖြင့်၊ သမာသေဝန္တော သေ–ကောင်းစွာ မှီဝဲသည်ရှိသော်၊ ရူပါဝစရပဌမဇ္ဈာနံ–ရူပါဝစရပထမဈာန်သည်၊ အပ္ပေတိ–သက်ရောက်၏။

တည်နေသည်၊ စိတ်ထဲ၌ ကောင်းစွာသွင်းထားသကဲ့သို့ ဖြစ်သည်၊ မပျောက်မပျက် ကွင်းကွင်းကွက်ကွက် ထင်လာသည်၊ ထိုအာရုံသည် အထည်ကိုယ် ဝတ္ထုဒြပ် ပရမတ် မဟုတ်တော့ပါ၊ ပညတ်မျှသာဖြစ်ပါတော့သည်၊ ဘာဝနာသညာ၏အစွမ်းကြောင့် ဖြစ်ပေါ်လာရသည်၊ ထိုဥဂ္ဂဟနိမိတ်နှင့် အလားတူစွာ ထင်လာသော အာရုံသည်ပင် "ပဋိဘာဂနိမိတ်" မည်ပါသည်၊ ပဋိဘာဂနိမိတ် ကောင်းစွာ ဖြစ်ပေါ်လာပါပြီ။

၃၁။ ထိုပဋိဘာဂနိမိတ် ဖြစ်ပေါ်လာသည်မှစ၍ ဘာဝနာစိတ်အစဉ်သည်လည်း ပရိကမ္မဘာဝနာ အဆင့်အတန်းကို လွန်ပြီးလျှင် ဥပစာရဘာဝနာ အဆင့်အတန်းသို့ ရောက်လာခဲ့ပါပြီ၊ ထိုဥပစာရဘာဝနာသည် "ပရိဗန္ဓ"အမည်ရသော "ကာမစ္ဆန္ဒ"စသော နိဝရဏ ၅–ပါးကို ပယ်ခွာနိုင်သည်၊ သမာဓိပြဓာန်းသော ကာမာဝစရဇော်စိတ်ပင် ဖြစ်သည်။

ဥပစာရဈာန်

ဤဥပစာရဘာဝနာ ဖြစ်ပေါ်လာသည့်အခါမှာ "ကာမစ္ဆန္ဒ"စသော နိဝရဏများကင်းကွာ၍ "ဝိတက်"စသော ဈာန်အင်္ဂါ ၅–ပါးတို့သည် ကိုယ့်ကိစ္စကိုကိုယ် အထင်အရှား ဆောင်ရွက်နေကြလေပြီ၊ ထို့ကြောင့် ဤဥပစာရဘာဝနာကိုပင် "ဥပစာရဈာန်" ဟုလည်း ခေါ်ကြပါသေးသည်၊ "အပွနာ၏ အနီးအပါး၌ဖြစ်သောဈာန်"ဟုဆိုလိုသည်။

ပဋိဘာဂနိမိတ်နှင့် အပွနာဘာဝနာ

၃၂။ ပဋိဘာဂနိမိတ် ထင်လာ၍ ဥပစာရဘာဝနာသို့ ရောက်ပြီးသော ပုဂ္ဂိုလ်သည် ထိုထင်လာသော ပဋိဘာဂနိမိတ်ကို အာရုံပြုလျက် ဆက်လက် အားထုတ်လျှင် ထက်မြက်သော ဉာဏ်ကြီးရှင်တို့မှာ မကြာမီပင် ရူပါဝစရ ပထမဈာန် ဖြစ်ပေါ်လာရတော့သည်။

ထိုမျှလောက် ဉာဏ်မထက်မြက်သူတို့မှာ ရပြီးသော ပဋိဘာဂနိမိတ်ကိုပင် ပျောက်ကွယ်မသွားအောင် အထူးစောင့်ရှောက်ရမည်၊ အဆက်မပြတ် အထပ်ထပ် အားထုတ်ရမည်၊ ယင်းသို့

http://www.dhammadownload.com

၃၃။ တတော–ထိုပထမစျာန်မှ၊ ပရံ–နောက်၌၊ တမေဝ ပဋမဇ္ဈာနံ–ထိုပထမစျာန်ကိုပင်၊ အာဝဇ္ဇနံ–(စျာန်၏အင်္ဂါ, ဆင်ခြင်ရာဝယ်, ဇောမှာလေးငါး, ဘွင်မများဘဲ, ဆက်သွားဆင်ခြင်, အာဇာ၏ပင်လျှင်, စွမ်းအင်ထွက်ပေါ်) အာဝဇ္ဇန ဝသီဘော်လည်းကောင်း၊ သမာပဇ္ဇနံ–(ဝင်စားလိုလျှင်, ပိုဘဝင်တို့, ကြားဝင်မကျ, ထိုခဏဝယ်, လိုသမျှစျာန်, အမြန်ဖြစ်ပေါ်) သမာပဇ္ဇနဝသီဘော်လည်းကောင်း၊ အဓိဋ္ဌာနံ–(ရေလျှဉ်မြစ်တား, တာရိုးလားသို့, ဆီးတားဘဝင်, စျာန်အစဉ်ကို, ထားချင်သမျှ, ထားလို့ရအောင်, စွမ်းဆောင်ထင်ပေါ်) အဓိဋ္ဌာန ဝသီဘော်လည်းကောင်း၊ ဝုဋ္ဌာနံ–(မှန်းသည့်ခဏ, စျာန်မှထရန်, စွမ်းသန်ထင်ပေါ်) ဝုဋ္ဌာန ဝသီဘော်လည်းကောင်း၊ ပစ္စဝေက္ခဏာစ–(စျာန်၏အင်္ဂါ, ဆင်ခြင်ရာဝယ်, ဇောမှာလေးငါး, ဘွင်မများဘဲ, ဆက်သွားဆင်ခြင်, ဇော၏ပင်လျှင်, စွမ်းအင်ထွက်ပေါ်) ပစ္စဝေက္ခဏာ ဝသီဘော်လည်းကောင်း၊ ဣတိ–သို့၊ ပဋ္ဌမ–၅–ပါးကုန်သော၊ ဣမာဟိ ဝသီတာဟိ–ဤဝသီဘော်တို့ဖြင့်၊ ဝသီဘူတံ–ဝသီဘော်သို့ရောက်သည်ကို၊ ကတ္တာ–ပြု၍၊ ဝိတက္ကာဒိကံ–ဝိတက်အစရှိသော၊ သြဠာရိကင်္ဂံ–ရုန့်ရင်း

အားထုတ်ခြင်းကိုပင် "ကောင်းစွာမှီဝဲသည်"ဟု ဆိုသည်၊ ထိုသို့ အားထုတ်ပါလျှင် ရူပါဝစရပထမစျာန် ဧကန်ပင် ဖြစ်ပေါ်လာရတော့သည်၊ ယင်း "ပထမစျာန်"စသည်တို့ကိုပင် "အပ္ပနာဘာဝနာ"ဟု ခေါ်သည်။

၃၃။ ပထမစျာန်ရပြီးသည့်အပြင် "ဒုတိယစျာန်"စသည်တို့ကိုရလိုသော ယောဂီပုဂ္ဂိုလ်သည် မိမိရပြီးသော ပထမစျာန်ကို ဝသီဘော် ၅–ပါးတို့ဖြင့် အစွမ်းသတ္တိ ထက်မြက်လာအောင် လေ့လာထားရမည်၊ အသားကျအောင် အထပ်ထပ် ဝင်စားရမည်၊ ဝသီဘော် ၅–ပါး၏အဓိပ္ပာယ်ကို နိဿယနှင့် ဆောင်ပုဒ်အတိုင်းပင် အကျဉ်းမှတ်ပါ။

ဆောင်။ ။ စျာန်အင်္ဂါ–ဆင်ခြင်မှုမှာလ၊ များဘဝင်–ခြားဝင်မခုဘဲရယ်နဲ့၊ ဆက်သွားကာ–ဆင်ခြင်ပြုလျှင်တော့၊ မည်ရမူ–အာဝဇ္ဇာ။ ဝင်စားချင်–ပိုဘဝင် မခြားဘဲရယ်နဲ့၊ လျင်စွာပင်–စျာန်ဝင်စားလျှင်တော့၊ ခေါ်ထား သမာ။ တန့်ထားချင်– ဘဝင်မကျရအောင်ပ၊ စျာန်အစဉ်–ထားနိုင်ကလျှင်၊ မည်သညာ–မိဋ္ဌာနပါတဲ့၊ လိုခဏ–ထနိုင်ပါ၊ ဝုဋ္ဌာနာ မည်လတ်။ အာဝဇ္ဇာ–ဝသီမြောက်လျှင်လ၊ ဝေက္ခဏာ–အပြီးရောက်တော့တယ်၊ စစ်ပေါက် မြဲမှတ်။

ထိုသို့ ပထမစျာန်ကို အစွမ်းကုန်ထက်အောင်လေ့လာ၍ စျာန်အင်္ဂါစုကို ဆင်ခြင်မှုများလာသည့်အခါ "ဝိတက်"ဟူသော စျာန်အင်္ဂါအပေါ်မှာ အပြစ်မြင်လာသည်၊ "ကြမ်းတမ်းသည်"ဟု ထင်လာသည်၊ "ဝိတက်မပါမှ စိတ်ငြိမ်သက်ဖွယ်ရာ ရှိသည်၊ ဝိတက်မပါသော စျာန်က ပိုလွန်ကောင်းမည်"ဟုလည်း ထင်လာသည်၊ ဤသို့ ထင်လာသည် အားလျော်စွာ ဝိတက်အလျှင်း မပါအောင် ပယ်ခွာဖို့ရန်လည်းကောင်း, ပထမစျာန်အခိုက်မှာထက်သိမ်မွေ့သော ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ–စျာန်အင်္ဂါတို့ ဖြစ်ပေါ်လာရန်လည်းကောင်း ပဋိဘာဂနိမိတ်ကိုပင် ဆက်လက်ပွားများ အားထုတ်ခဲ့လျှင် "ဒုတိယစျာန်"ဟူသော အပ္ပနာဘာဝနာ ဖြစ်ပေါ်လာရပြန်သည်။

http://www.dhammadownload.com

သောစျာန်အင်္ဂါကို၊ ပဟာနာယ–ပယ်ခြင်းငှာလည်းကောင်း၊ ဝိစာရာဒိသုခ မင်္ဂုပ္ပတ္တိယာ–ဝိစာရအစရှိသော သိမ်မွေ့သော စျာန်အင်္ဂါ၏ ဖြစ်ပေါ်လာခြင်းငှာလည်း ကောင်း၊ ပဒဟတော–အားထုတ်သည်ရှိသော်၊ ယထာက္ကမံ–အစဉ်အားလျော်စွာ၊ ဒုတိယဈာနာဒယော–ဒုတိယစျာန် အစရှိသည်တို့သည်၊ ယထာရဟံ–ကသိဏ်းစသော အာရုံအလိုက် ထိုက်သည်အားလျော်စွာ၊ အပ္ပေန္တိ–သက်ရောက်ကုန်၏။

၃၄။ ကုစ္ဆေဝံ–ဤသို့လျှင်၊ ပထဝီကသိဏာဒီသု–ပထဝီကသိဏ်း အစရှိကုန်သော၊ ဒွါဒိသတိ ကမ္မဋ္ဌာနေသု–၂၂–ပါးသော ကမ္မဋ္ဌာန်းတို့၌၊ ပဋိဘာဂနိမိတ္တံ–ပဋိဘာဂနိမိတ်ကို၊ ဥပလဇ္ဈတိ–ရအပ်၏။

၃၅။ ပန–ကား၊ အဝသေသေသု–ကြွင်းသော ကမ္မဋ္ဌာန်းတို့တွင်၊ အပ္ပမညာ–အပ္ပမညာတို့သည်၊ သတ္တပညတ္တိယံ–သတ္တဝါပညတ်၌၊ ပဝတ္တန္တိ–ဖြစ်ကုန်၏။

၃၆။ ပန–ကား၊ အာကာသဝဍ္ဎိတကသိဏေသု–အာကာသသည်ကြဉ်အပ်သော ကသိဏ်း ၉–ပါးတို့တွင်၊ ယံကိဉ္စိ–အမှတ်မထား တစ်ပါးပါးသော၊ ကသိဏံ–ကသိဏ်းကို၊ ဥဋ္ဌဒေတွာ–ဆွာ၍၊ လဒ္ဓံ–ရအပ်သော၊ အာကာသံ–ကောင်းကင်ပညတ်ကို၊ (အာရဗ္ဘ–အာရုံပြု၍၊) အနန္တ ဝသေန–အဆုံးမရှိသည်၏ အဖြစ်ဖြင့်၊ ပရိကမ္မံ–ပရိကမ်ကို၊ ကရောန္တ သေ–ပြုသော ပုဂ္ဂိုလ်၏၊ ပဌမာရုပ္ပံ–ပထမာရုပ္ပစျာန်သည်၊ အပ္ပေတိ–သက်ရောက်၏။

တတိယစျာန်ကို ရလိုပြန်လျှင် ဝိစာရကို အပြစ်မြင်ရမည်၊ "ဝိတိ"စသည်တို့ကို "သိမ်မွေ့သည်"ဟု ထင်ရမည်၊ စတုတ္ထစျာန်ကို ရလိုပြန်လျှင် "ဝိတိ"ကို အပြစ်မြင်ရမည်၊ "သုခ"စသည်တို့ကို "သိမ်မွေ့သည်"ဟု ထင်ရမည်၊ ပဉ္စမစျာန်ကို ရလိုပြန်လျှင် "သုခ" စသည်ကို အပြစ်မြင်ရမည်၊ ပယ်ခွာဖို့ရန် အားထုတ်ရမည်၊ "ဥပေက္ခာ"စသည်တို့ကို "သိမ်မွေ့သည်"ဟု ထင်လာရမည်၊ ထိုသို့ ထင်လာသည် အားလျော်စွာ သုခကို ပယ်ခွာဖို့ရန် လည်းကောင်း၊ "ဥပေက္ခာ, ဧကဂ္ဂတာ" စျာန်အင်္ဂါတို့ ဖြစ်ပေါ်ဖို့ရန်လည်းကောင်း ပဋိဘာဂ နိမိတ်ကိုပင် ဆက်လက်ပွားများအားထုတ်ခဲ့ပါလျှင် "ဥပေက္ခာ, ဧကဂ္ဂတာ" စျာန်အင်္ဂါ ၂–ပါးနှင့်ယှဉ်သော "ပဉ္စမစျာန်" ဟူသော အပ္ပနာဘာဝနာ ဖြစ်ပေါ်လာရပြန်သည်။

၃၄။ ဤသို့လျှင် "ကသိဏ်း ၁၀–ပါး, အသုဘ ၁၀–ပါး, ကောဋ္ဌာသ, အာနာပါန" ဟူသော ကမ္မဋ္ဌာန်း ၂၂–ပါးတို့၌ ပဋိဘာဂနိမိတ်ကို ရနိုင်သည်။

၃၅။ အဝသေသ၏ အပါဒါန်ကား ဆိုခဲ့ပြီးသော ပဋိဘာဂနိမိတ်ကို ရကောင်းသော ကမ္မဋ္ဌာန်း ၂၂–ပါး ဖြစ်သည်၊ အဝသေသ၏ အရကား အပ္ပမညာ ၄–ပါးနှင့် အာရုပ္ပ ၄–ပါး ဖြစ်သည်။

၃၆။ ရူပါဝစရပဉ္စမစျာန်ကို ရပြီးသည့်နောက် ပထမာရုပ္ပစျာန်ကို ရလိုပြန်လျှင် အာကာသမှတစ်ပါး ကသိဏ်း ၉–ပါးတို့တွင် တစ်ပါးပါးကို ဘာဝနာဖြင့် ပယ်ခွာရမည်၊ ရလာထင်လာသော

http://www.dhammadownload.com

၃၇။ တမေဝ ပဋမာရုပ္ပဝိညာဏံ–ထိုပထမာရုပ္ပဝိညာဉ်ကိုပင်၊ (အာရဗ္ဘ–၍၊) အနန္တ ဝသေန–အဆုံးအပိုင်းအခြား မရှိသည်၏ အဖြစ်ဖြင့်၊ ပရိကမ္မံ–ပရိကမ်ကို၊ ကရောန္တ သေ–၏၊ ဒုတိယာရုပ္ပံ–ဒုတိယာရုပ္ပစျာန်သည်၊ အပ္ပေတိ–သက်ရောက်၏။

၃၈။ ပန–ကား၊ တမေဝ ပဋမာရုပ္ပဝိညာဏာဘာဝံ–ထိုပထမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကိုပင်၊ (အာရ ဗ္ဘ–၍၊) နတ္ထိကိဉ္စိတိ–နတ္ထိ ကိဉ္စိဟူ၍၊ ပရိကမ္မံ–ပရိကမ်ကို၊ ကရောန္တ သေ–၏၊ တတိယာရုပ္ပံ–တတိယာရုပ္ပစျာန်သည်၊ အပ္ပေတိ–သက်ရောက်၏။

၃၉။ တတိယာရုပ္ပံ–တတိယာရုပ္ပဝိညာဉ်ကို၊ (အာရဗ္ဘ–၍၊) ဧတံ–ဤတတိယာရုပ္ပဝိညာဉ်သည်၊ သန္တံ–ငြိမ်သက်ပေစွ၊ ဧတံ–ဤတတိယာရုပ္ပဝိညာဉ်သည်၊ ပဏီတံ–မွန်မြတ်ပေစွ၊ ဣတိ–ဤသို့၊ ပရိကမ္မံ–ကို၊ ကရောန္တ သေ–၏၊ စတုတ္ထာရုပ္ပံ–စတုတ္ထာရုပ္ပစျာန်သည်၊ အပ္ပေတိ–သက်ရောက်၏။

၄၀။ စ–အဖို့တစ်ပါး၊ အဝသေသေသု–ကြွင်းကျန်ကုန်သော၊ ဒသသု–၁၀–ပါးကုန်သော၊ ကမ္မဋ္ဌာနေသု–ကမ္မဋ္ဌာန်းတို့၌၊ ဗုဒ္ဓဂုဏာဒိကံ–ဘုရားဂုဏ်တော် အစရှိသော၊ အာရမဏံ–အာရုံကို၊ အာရ ဗ္ဘ–အာရုံပြု၍၊ ပရိကမ္မံ–ပရိကမ်ကို၊ ကတွာ–ပြု၍၊

ကောင်းကင်ပညတ်ကို အာရုံပြုလျက် "အာကာသော အနန္တော, အာကာသော အနန္တော"ဟု နှုတ်ဖြင့်ရွတ်ဆို၍လည်း အားထုတ်နိုင်သည်၊ စိတ်ဖြင့်မှန်း၍လည်း ပွားများအားထုတ်နိုင်သည်၊ ဤသို့ ပွားများအားထုတ်မှုကိုပင် "ပရိကမ်ပြုသည်"ဟု ဆိုသည်၊ ထိုသို့ အားထုတ်ရင်း ဘာဝနာ အသားတက်၍ အဆင့်ဆင့်ရင့်ကာ ဥပစာရဘာဝနာ, အပ္ပနာ ဘာဝနာသို့ ရောက်ရလေတော့သည်။

၃၇။ ပထမာရုပ္ပစျာန်ကို ရပြီးသည့်နောက် ဒုတိယာရုပ္ပစျာန်ကို ရလိုပြန်လျှင် မိမိရထားသော ပထမာရုပ္ပဝိညာဉ်ကိုပင် အာရုံပြု၍ "ဝိညာဏံ အနန္တံ, ဝိညာဏံ အနန္တံ"ဟု ပရိကမ်ပြုသည့်အခါ ဒုတိယာရုပ္ပစျာန်ကို ရရှိပြန်တော့သည်။

၃၈။ ဒုတိယာရုပ္ပစျာန်ကို ရပြီးသည့်နောက် တတိယာရုပ္ပစျာန်ကို ရလိုပြန်လျှင် ပထမာရုပ္ပဝိညာဉ်၏ မရှိခြင်း နတ္ထိဘောပညတ်ကို အာရုံပြု၍ "နတ္ထိ ကိဉ္စိ, နတ္ထိ ကိဉ္စိ" ဟု ပရိကမ်ပြုသည့်အခါ တတိယာရုပ္ပစျာန်ကို ရရှိပြန်တော့သည်။

၃၉။ တတိယာရုပ္ပစျာန်ကို ရပြီးသည့်နောက် စတုတ္ထာရုပ္ပစျာန်ကို ရလိုပြန်လျှင် မိမိရထားသော တတိယာရုပ္ပဝိညာဉ်ကို အာရုံပြု၍ "သန္တံ ဧတံ, ပဏီတံ ဧတံ"ဟု ပရိကမ်ပြုသည့်အခါ စတုတ္ထာရုပ္ပစျာန်ကို ရရှိပြန်တော့သည်။

အပ္ပနာသို့ မရောက်စေနိုင်သော ကမ္မဋ္ဌာန်းများ

၄၀။ အပ္ပနာသို့ ရောက်စေနိုင်သော ကမ္မဋ္ဌာန်း ၃၀–တို့၏ ဘာဝနာနှင့် နိမိတ်တို့ကို ပြပြီးပါပြီ၊ အပ္ပနာသို့ မရောက်စေနိုင်သော ကမ္မဋ္ဌာန်း ၁၀–ပါးတို့၏ ဘာဝနာနှင့် နိမိတ်တို့ကို မပြရသေးပါ၊ ကြွင်းကျန်နေပါသေးသည်။

http://www.dhammadownload.com

တသ္မိ'နိမိတ္တေ–ထိုဘုရားဂုဏ်တော်အစရှိသော အာရုံကို၊ သာဓုကံ–ကောင်းစွာ၊ ဥဂ္ဂဟိတေ–ယူအပ်သည်ရှိသော်၊ တတ္ထေဝ–ထိုဘုရားဂုဏ်တော် အစရှိသော အာရုံ၌ပင်၊ ပရိကမ္မဉ္စ–ပရိကမ်ဘာဝနာသည်လည်း၊ သမာဓိယတိ–ကောင်းစွာတည်ကြည်၏၊ ဥပစာရောစ–ဥပစာရဘာဝနာသည်လည်း၊ သမ္ပဇ္ဇတိ–ပြည့်စုံ၏။

၄၁။ ပန–ဆက်ဦးအံ့၊ အဘိညာဝသေန–အဘိညာဉ်၏အစွမ်းဖြင့်၊ ပဝတ္တမာနံ–ဖြစ်သော၊ ရူပါဝစရပဉ္စမဇ္ဈာနံ–ရူပါဝစရပဉ္စမစျာန်သည်၊ အဘိညာပါဒကပဉ္စမဇ္ဈာနာ–အဘိညာဉ်၏ အခြေခံဖြစ်သော ပဉ္စမစျာန်မှ၊ ဝုဋ္ဌဟိတွာ–ထပြီး၍၊ အဓိဋ္ဌေယျာဒိကံ–အဓိဋ္ဌာန်အပ်သော အာရုံအစရှိသည်ကို၊ အာဝဇ္ဇေတွာ–ဆင်ခြင်၍၊ ပရိကမ္မံ–ပရိကမ်ကို၊

ထိုကမ္မဋ္ဌာန်း ၁၀–ပါးတို့တွင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသောသူသည် အရဟံ ဂုဏ်တော်ကို စီးဖြန်းပွားများလိုလျှင် ထိုအရဟံဂုဏ်တော်ကို အာရုံပြု၍ "ဣတိပိ သော ဘဂဝါ အရဟံ"ဟု ပရိကမ် ပြုရမည်၊ ဂုဏ်တော်သည် "ပရိကမ္မနိမိတ်"မည်၏၊ ပွားများအားထုတ်မှုသည် "ပရိကမ္မဘာဝနာ"မည်၏။

ထိုဂုဏ်တော်အာရုံကို ကောင်းစွာယူမိလျှင် "ဥဂ္ဂဟနိမိတ် ထင်လာပြီ"ဟု ဆိုသင့်ပါသည်၊ ထိုသို့ ဥဂ္ဂဟနိမိတ်ထင်လာသည့်အခါမှာ ပရိကမ္မဘာဝနာလည်း တည်ကြည်လာပါပြီ၊ ထိုထက် သမာဓိရလာသောအခါ နိဝရဏ ကိလေသာများလည်း ကင်းကွာနေပါပြီ၊ ဥပစာရ ဘာဝနာ အဆင့်အတန်းသို့ ရောက်ရှိလာပါပြီ၊ ထိုထက် တိုးတက်၍ကား အပ္ပနာဘာဝနာ မဖြစ်နိုင်ပါ၊ ဤ၌ သဒိသူပစာအားဖြင့်သာ "ဥပစာရဘာဝနာ"ဟု ဆိုရပါသည်။

"ဗုဒ္ဓဂုဏာဒိကံ"၌ "အာဒိ"သဒ္ဒါဖြင့် တရားဂုဏ်တော်စသော ကျန်ကမ္မဋ္ဌာန်း ၉–ပါးကို ယူပါ။

အဘိညာဉ်

၄၁။ အထူးအားဖြင့်သိတတ်သော ရူပါဝစရကုသိုလ်,ကြီယာ ပဉ္စမစျာန်မှာယှဉ်သောဉာဏ်ကို "အဘိညာဉ်"ဟုခေါ်သည်၊ ထိုဉာဏ်နှင့် ယှဉ်သောကြောင့် ပဉ္စမစျာန်ကိုလည်း "အဘိညာဉ်"ဟုပင် ခေါ်ရသည်။

ပါရမီထူးရှိသူများကား မဂ်ကိုရရုံ, ပဉ္စမစျာန်ကို ရရုံမျှဖြင့်ပင် အဘိညာဉ်ကို ရနိုင်ကြသည်၊ ယင်းသို့ ပါရမီရှိသူများမဟုတ်ပါလျှင် သမာပတ် ၈–ပါး (စျာန် ၉–ပါး)ကို ရအောင် အားထုတ်ရသည်၊ ယင်းသမာပတ်များကို ကသိုဏ်း ၁၀–ပါးဝယ် အမျိုးမျိုး အဖုံဖုံ အစုန်အဆန် ပြန်လှန်ခုန်ကျော်လျက် ဝသီဘော်မြောက်အောင် သွက်သွက်ကြီး လေ့လာထားရသည်၊ မိမိစိတ်ကို နူးညံ့အောင် ပြုပြင်ထားရသည်၊ ဤသို့ လေ့လာထားမှသာ အဘိညာဉ်ကို ပြည့်စုံစေနိုင်သည်။

[ပါဒကစျာန်, အဓိဋ္ဌာန်နှင့်, တစ်ဖန်ပါဒက, ဖြစ်ပြီးမှ, ကျတုံအဘိညာ။]–ဟူသည်နှင့် အညီ ဆိုခဲ့ပြီးသည့်အတိုင်း စိတ်ကိုဆုံးမ၍ အဘိညာဉ်တစ်ခုခုကို ဖြစ်စေလိုလျှင် ရှေးဦးစွာ အဘိညာဉ်၏ အခြေခံဖြစ်သော ရူပါဝစရပဉ္စစျာန်ကို ဝင်စားရသည်။

http://www.dhammadownload.com

ကရောန္တ သ–၏၊ ရူပါဒိသု–ရူပါရုံအစရှိကုန်သော၊ အာရမ္မဏေသု–အာရုံတို့၌၊ ယထာရဟံ–ထိုက်သည်အား လျော်စွာ၊ အပ္ပေတိ–သက်ရောက်၏။

၄၂။ စ–ဆက်ဦးအံ့၊ အဘိညာနာမ–အဘိညာဉ်မည်သည်၊ ဣဒ္ဓိဝိဓ–ဣဒ္ဓိဝိဓအဘိညာဉ်လည်းကောင်း၊ ဒိဗ္ဗသောတံ–ဒိဗ္ဗသောတအဘိညာဉ်လည်းကောင်း၊ ပရစိတ္တဝိဇာနနာ–ပရစိတ္တဝိဇာနနအဘိညာဉ်လည်းကောင်း၊ ပုဗ္ဗေနိဝါသာနုဿတိ–ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်လည်းကောင်း၊ ဒိဗ္ဗစက္ခု–ဒိဗ္ဗစက္ခုအဘိညာဉ်လည်းကောင်း၊ ဣတိ–ဤသို့၊ ပဉ္စဓာ– ၅–ပါးပြား၏။

အယံ–ဤသည်ကား၊ ဇ္ဈာ–ဤကမ္မဋ္ဌာနသင်္ဂဟ၌၊ ဂေါစရဘေဒေါ–ဂေါစရဘေဒတည်း။

စ–နိဂုံးကား၊ သမထကမ္မဋ္ဌာနနယော–သမထကမ္မဋ္ဌာန်းနည်းသည်၊ နိဋ္ဌိတော–ပြီးပြီ။

ထိုပဉ္စမစျာန်မှ ထပြီးနောက် အဘိညာဉ်ဆိုင်ရာ အဓိဋ္ဌာန်အပ်သော အာရုံတစ်ခုခုကို မှန်း၍ "သတံ ဟောမိ၊ သဟသဲ ဟောမိ"စသည်ဖြင့် ပရိကမ်ပြုသော ကာမဇော မနော ဒွါရဝီထိ ဖြစ်သည်၊ ထိုဝီထိကို အဓိဋ္ဌာန်ပြုသော ဝီထိဖြစ်၍ "အဓိဋ္ဌာနဝီထိ"ဟုလည်း ခေါ်သည်။

ထို့နောက် ကသိဏ်းတစ်ပါးပါးကို အာရုံပြု၍ ရူပါဝစရပဉ္စမစျာန်ကို ဝင်စားသော သမာပဇ္ဇနဝီထိဖြစ်ပြန်သည်၊ ထိုဝီထိသည်လည်း အဘိညာဉ်၏ အခြေခံဖြစ်သော ပါဒကစျာနဝီထိ–ပင် ဖြစ်သည်။ (ဤအဘိဓမ္မတ္ထသင်္ဂဟ်ဝယ်ကျမ်း၌ ပါဒကစျာနဝီထိကို မပြဆိုခဲ့ပါ။)

ထို့နောက် ပရိကမ်ပြုအပ်ပြီးသော "သတ, သဟဿနိမ္မိတ"သော ဆိုင်ရာအာရုံတစ်ခုခုကို အာရုံပြု၍ ရူပါဝစရ ပဉ္စမစျာန်စိတ်သည် "အဘိညာဉ်"ဟူသော အမည်ဖြင့် အပ္ပနာသို့ ရောက်သည်။

အဘိညာဉ်အပြား

၄၂။ ယင်း အဘိညာဉ်သည်–

၁။ ဣဒ္ဓိဝိဓ= တန်ခိုးအမျိုးမျိုးဖန်ဆင်းနိုင်သော အဘိညာဉ်၊

၂။ ဒိဗ္ဗသောတ= နတ်တို့၏ သောတပသာဒကဲ့သို့ ဝေးသောအသံ, တိုးသောအသံကိုလည်း ကြားနိုင်သော အဘိညာဉ်၊

၃။ ပရစိတ္တဝိဇာနနာ= သူများစိတ်ကို သိနိုင်သော အဘိညာဉ်၊

၄။ ပုဗ္ဗေနိဝါသာနုဿတိ= ရှေးရှေးဘဝတို့၌ ဖြစ်ခဲ့သမျှ အကြောင်းကို ပြန်ပြောင်း၍ အောက်မေ့နိုင်သော အဘိညာဉ်၊

၅။ ဒိဗ္ဗစက္ခု= နတ်မျက်စိကဲ့သို့ ဝေးသောအဆင်း, သေးသောအဆင်းကိုလည်း မြင်နိုင်သောအဘိညာဉ်၊

ဤသို့ ၅–ပါးပြားသည်။

http://www.dhammadownload.com

ဝိပဿနာကမ္မဋ္ဌာန်းနည်း

၄၃။ ပန–ကား၊ ဝိပဿနာကမ္မဋ္ဌာနေ–ဝိပဿနာကမ္မဋ္ဌာန်း၌၊ သီလဝိသုဒ္ဓိ–သီလဝိသုဒ္ဓိလည်းကောင်း၊ စိတ္တဝိသုဒ္ဓိ–စိတ္တဝိသုဒ္ဓိလည်းကောင်း၊ ဒိဋ္ဌိဝိသုဒ္ဓိ–လည်းကောင်း၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ–လည်းကောင်း၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ–လည်းကောင်း၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ–လည်းကောင်း၊ ဉာဏဒဿနဝိသုဒ္ဓိစ–လည်းကောင်း၊ ဣတိ–ဤသို့၊ သတ္တဝိဓေန– ၇–ပါး အပြားအားဖြင့်၊ ဝိသုဒ္ဓိသင်္ဂဟော–ဝိသုဒ္ဓိသင်္ဂဟကို၊ ဝေဒိတဗ္ဗော–သိထိုက်၏။

၁။ ဒိဗ္ဗစက္ခု၊ ၂။ ဒိဗ္ဗသောတ၊ ၃။ ဣဒ္ဓိဝိဓ၊ ၄။ ပရစိတ္တဝိဇာနနာ၊
၅။ ပုဗ္ဗေနိဝါသာနုဿတိ၊

၆။ ယထာကမ္မူပဂ= ကံအားလျော်စွာ ထိုထိုဘုံ၌ ဖြစ်ရသူများကို မြင်နိုင်သော အဘိညာဉ်၊

၇။ အနာဂတံသ= နောင်အနာဂတ်၌ဖြစ်မည့် အကြောင်းအရာများကို သိမြင်နိုင်သော အဘိညာဉ်။

ဤသို့ ပဌာန်းပါဠိတော် စသည်တို့မှာ အဘိညာဉ် ၇–ပါး ခွဲခြား ဟောထားပါသည်။

ယင်း ၇–ပါးတို့တွင် ယထာကမ္မူပဂနှင့် အနာဂတံသတို့ကို ဒိဗ္ဗစက္ခုနှင့် မကင်းသောကြောင့် ဒိဗ္ဗစက္ခု၌ ပေါင်းယူထည့်သွင်းထား၍ အဘိညာဉ် ၅–ပါး ဖြစ်လာရပါသည်။

ယင်း ၅–ပါးတွင် အာသဝက္ခယအဘိညာဉ်ကို ထည့်စွက်ပါက အဘိညာဉ် ၆–ပါး ဖြစ်လာရပြန်သည်။ (အာသဝေါတရားတို့ကို ကုန်ခန်းစေနိုင်သော အရဟတ္တမဂ်ဉာဏ်ကို "အာသဝက္ခယအဘိညာဉ်" ဟုခေါ်သည်။)

ဆောင်။　။စက် သောတ၊ ဣဒ် ပရ ပုဗ် ယထာ၊
နာဂတံ–ပေါင်းခုနစ်ငယ်၊ တွက်စစ် ဘိညာ၊
ငါးပါးဖြစ်–စက္ခုမှာ၊ ယထာ နာ–ထည့်ထား၊
ယင်း ငါးမှာ–အာသဝက်ကို၊ ထည့်စွက် ခြောက်ပါး။

ဝိပဿနာနည်း၀ယ် သိမှတ်ဖွယ်

ဤဝိပဿနာကမ္မဋ္ဌာန်းနည်း၌ ဝိသုဒ္ဓိ ၇–ပါး၊ လက္ခဏာ ၃–ပါး၊ အနုပဿနာ ၃–ပါး၊ ဝိပဿနာဉာဏ် ၁၀–ပါး၊ ဝိမောက္ခ ၃–ပါး၊ ဝိမောက္ခမုခ ၃–ပါး၊ ဤ ၆–မျိုးကို ဦးစွာ ကြိုတင်နားလည်ထားသင့်သည်။

ဝိသုဒ္ဓိ

၄၃။ ထိုတွင် အထူးစင်ကြယ်သော တရားကို "ဝိသုဒ္ဓိ" ဟုခေါ်သည်၊ သရုပ်မျှကိုသာ ရေတွက်မှတ်သားထားပါဦး၊ နောက်၌ အကျယ်ပြပါလိမ့်မည်။

http://www.dhammadownload.com

၄၄။ အနိစ္စလက္ခဏ–အနိစ္စလက္ခဏာလည်းကောင်း၊ ဒုက္ခလက္ခဏ–ဒုက္ခလက္ခဏာလည်းကောင်း၊ အနတ္တလက္ခဏစ–အနတ္တလက္ခဏာလည်းကောင်း၊ ဣတိ–ဤသို့၊ တီဏိ–၃–ပါးကုန်သော၊ လက္ခဏာနိ–လက္ခဏာတို့ကို၊ ဝေဒိတဗ္ဗာနိ–သိထိုက်ကုန်၏။

၄၅။ အနိစ္စာနုပဿနာ–အနိစ္စာနုပဿနာလည်းကောင်း၊ ဒုက္ခာနုပဿနာ–ဒုက္ခာနုပဿနာလည်းကောင်း၊ အနတ္တာနုပဿနာစ–အနတ္တာနုပဿနာလည်းကောင်း၊ ဣတိ–ဤသို့၊ တိသော– ၃–ပါးကုန်သော၊ အနုပဿနာ–အနုပဿနာတို့ကို၊ ဝေဒိတဗ္ဗာ–သိထိုက်ကုန်၏။

၄၆။ သမ္မသနဉာဏ်–သမ္မသနဉာဏ်လည်းကောင်း၊ ဥဒယဗ္ဗယဉာဏ်–လည်းကောင်း၊ ဘင်္ဂဉာဏ်–လည်းကောင်း၊ ဘယဉာဏ်–လည်းကောင်း၊ အာဒီနဝဉာဏ်–လည်းကောင်း၊ နိဗ္ဗိဒါဉာဏ်–လည်းကောင်း၊ မုစ္စိတုကာမျတာဉာဏ်–လည်းကောင်း၊ ပဋိသင်္ခါဉာဏ်–လည်းကောင်း၊ သင်္ခါရုပေက္ခာဉာဏ်–လည်းကောင်း၊ အနုလောမဉာဏ်စ–အနုလောမဉာဏ်လည်းကောင်း၊ ဣတိ–ဤသို့၊ ဒသ– ၁၀–ပါးကုန်သော၊ ဝိပဿနာ ဉာဏာနိ–ဝိပဿနာဉာဏ်တို့ကို၊ ဝေဒိတဗ္ဗာနိ–သိထိုက်ကုန်၏။

၄၇။ သုညတော–သုညတမည်သော၊ ဝိမောက္ခော–ဝိမောက္ခလည်းကောင်း၊ အနိမိတ္တော–မည်သော၊ ဝိမောက္ခော–လည်းကောင်း၊ အပ္ပဏိဟိတော–မည်သော၊ ဝိမောက္ခောစ–လည်းကောင်း၊ ဣတိ–ဤသို့၊ တယော– ၃–ပါးကုန်သော၊ ဝိမောက္ခာ–ဝိမောက္ခတို့ကို၊ ဝေဒိတဗ္ဗာ–သိထိုက်ကုန်၏။

လက္ခဏ

၄၄။ သင်္ခါရတရားတို့၏ အမှတ်အသားကို "လက္ခဏ" ဟုခေါ်သည်၊ ယင်း ၃–ပါးကိုပင် လေ့ယာဉ်,လှည်းယာဉ်အလား နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သောကြောင့် "လက္ခဏတ္တယ–လက္ခဏာယာဉ် ၃–ပါး" ဟုလည်း ခေါ်ကြသည်။

အနုပဿနာ

၄၅။ သင်္ခါရတရားတို့ကို "အနိစ္စ, ဒုက္ခ, အနတ္တ" ဟု အဖန်ဖန်ရှုတတ်သော ဉာဏ်ကို "အနုပဿနာ" ဟု ခေါ်သည်၊ ဝိပဿနာဉာဏ်ပင်တည်း။

ဝိပဿနာဉာဏ်

၄၆။ ဆိုခဲ့ပြီးသော အနုပဿနာဉာဏ်သည်ပင်လျှင် "သမ္မသနဉာဏ်" စသည်ဖြင့် ၁၀–ပါး ပြားပြန်သည်၊ ဤ ၁၀–ပါးကိုပင် "ဝိပဿနာဉာဏ် ၁၀–ပါး" ဟု ခေါ်သည်။

ဝိမောက္ခ

၄၇။ ကိလေသာတို့မှ လွတ်သော မဂ်တရား, ဖိုလ်တရားကို "ဝိမောက္ခ" ဟု ခေါ်သည်။

http://www.dhammadownload.com

၄၈။ သုညတာနုပဿနာ–သုညာတာနုပဿနာလည်းကောင်း၊အနိမိတ္တာနုပဿနာ–လည်းကောင်း၊ အပ္ပဏိဟိတာနုပဿနာစ–လည်းကောင်း၊ ကွတိ–ဤသို့၊ တီဏိ–၃–ပါး ကုန်သော၊ ဝိမောက္ခမုခါနိ စ–ဝိမောက္ခမုခတို့ကိုလည်း၊ ဝေဒိတဗ္ဗာနိ–သိထိုက်ကုန်၏။

ဝိသုဒ္ဓိဘေဒ

၄၉။ ကထံ–အဘယ်သို့ သိအပ်ကုန်သနည်း?။

ပါတိမောက္ခသံဝရသီလ–ပါတိမောက္ခသံဝရသီလလည်းကောင်း၊ ဣန္ဒြိယသံဝရသီလ–လည်းကောင်း၊ အာဇီဝပါရိသုဒ္ဓိသီလ–လည်းကောင်း၊ ပစ္စယသန္နိဿိတသီလ–လည်းကောင်း၊ ဣတိ–ဤသို့၊ စတုပါရိသုဒ္ဓိသီလ–စတုပါရိသုဒ္ဓိသီလသည်၊ သီလဝိသုဒ္ဓိ နာမ–သီလဝိသုဒ္ဓိမည်၏။

ဝိမောက္ခမုခ

၄၈။ ဝိမောက္ခအမည်ရသော မဂ်,ဖိုလ်သို့ ဝင်ရောက်ဖို့ရာ တံခါးဂိတ်ဝအလား အဝင်ဝ ဖြစ်သော ဝိပဿနာတရားသည် "ဝိမောက္ခမုခ"မည်၏၊ ဤ၌ "မုခ"သဒ္ဒါသည် "အဝင်ဝ" ဟူသော အနက်ကို ဟောသည်။

(၁) သီလဝိသုဒ္ဓိ

၄၉။ ဝိနည်းပိဋကတ်၌ ပညတ်ထားသမျှသော သိက္ခာပုဒ်သီလဟူသမျှကို စောင့်ရှောက် ထိန်းသိမ်းခြင်းသည် "ပါတိမောက္ခသံဝရသီလ"မည်၏။

"စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန" ၆–ဝသော ဣန္ဒြေတို့ကို အကုသိုလ်မဖြစ်အောင် စောင့်စည်းခြင်းသည် "ဣန္ဒြိယသံဝရသီလ"မည်၏။

"ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး"ပစ္စည်း ၄–ပါးတို့ကို မအပ်မစပ် မတရားသောနည်းဖြင့် မရှာဖွေဘဲ အပ်စပ်သောနည်း, တရားသောနည်းဖြင့်သာလျှင် ရှာဖွေသုံးဆောင်မှုသည် "အာဇီဝ ပါရိသုဒ္ဓိသီလ"မည်၏။

တရားနည်းလမ်းဖြင့် ရလာသော ပစ္စည်း ၄–ပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်သုံးစွဲမှုသည် "ပစ္စယသန္နိဿိတသီလ"မည်၏။

ဤ ၄–ပါးကို "စတုပါရိသုဒ္ဓိသီလ"ဟုခေါ်သည်၊ "ထက်ဝန်းကျင်မှ စင်ကြယ်သော သီလ ၄–မျိုး"ဟု ဆိုလိုသည်၊ ရဟန်းတော်များမှာ ဤသီလ ၄–မျိုးလုံး လုံခြုံမှသာ သီလဝိသုဒ္ဓိဖြစ်သည်၊ ကမ္မဋ္ဌာန်းတရားကို အားထုတ်တော့မည်ဆိုလျှင် လူဝတ်ကြောင် စသည်တို့မှာလည်း မိမိတို့ဆိုင်ရာ သီလ ၄–မျိုး စင်ကြယ်ရမည်ပင်။

http://www.dhammadownload.com

၅၀။ ဥပစာရသမာဓိ–ဥပစာရသမာဓိလည်းကောင်း၊ အပ္ပနာသမာဓိစ–အပ္ပနာသမာဓိလည်းကောင်း၊ ဣတိ–ဤသို့၊ ဒုဝိဓောပိ– ၂–ပါးအပြားရှိသည်လည်းဖြစ်သော၊ သမာဓိ–သမာဓိသည်၊ စိတ္တဝိသုဒ္ဓိနာမ–စိတ္တဝိသုဒ္ဓိမည်၏။

၅၁။*လက္ခဏရသပစ္စုပဋ္ဌာနဝသေန–လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်တို့၏အစွမ်းဖြင့်၊ နာမရူပပရိဂ္ဂဟော–နာမ်ရုပ်တို့ကို ပိုင်းခြား၍ယူနိုင်ခြင်းသည်၊ ဒိဋ္ဌဝိသုဒ္ဓိနာမ–ဒိဋ္ဌဝိသုဒ္ဓိမည်၏။

၅၂။ စ–အဖို့တစ်ပါးကား၊ တေသမေဝ နာမရူပါနံ–ထိုနာမ်ရုပ်တို့၏ပင်လျှင်၊ ပစ္စယပရိဂ္ဂဟော–အကြောင်းကို ပိုင်းခြား၍ ယူနိုင်ခြင်းသည်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိနာမ–ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

---

(၂) စိတ္တဝိသုဒ္ဓိ

၅၀။ သမထကမ္မဋ္ဌာန်းနည်း၌ပြခဲ့သော ဥပစာရဘာဝနာကို "ဥပစာရသမာဓိ"ဟု ခေါ်သည်၊ အပ္ပနာဘာဝနာကို "အပ္ပနာသမာဓိ"ဟု ခေါ်သည်၊ ထိုဥပစာရဘာဝနာ, အပ္ပနာဘာဝနာသို့ ရောက်သော စိတ်အစဉ်သည် နိဝရဏ, ကိလေသာအနောက်အကျူတို့မှ ကင်းဝေး၏၊ သန့်ရှင်းစင်ကြယ်၏၊ ထို့ကြောင့်ပင် "စိတ္တဝိသုဒ္ဓိ"ဟူသော အမည်ကို ရရှိလေတော့သည်။

(၃) ဒိဋ္ဌဝိသုဒ္ဓိ

၅၁။ ကမ္မဋ္ဌာန်းကို ရှုမှတ်နေသော ပုဂ္ဂိုလ်၏ ပင်ကိုယ်သဘော(လက္ခဏာ)အားဖြင့်ဖြစ်စေ, စွမ်းအင်သတ္တိကိစ္စ(ရသ)အားဖြင့်ဖြစ်စေ, ရှုမှတ်သူ၏ အသိဉာဏ်ထဲမှာ ပေါ်လွင်ထင်ရှားလာပုံအမူအရာ(ပစ္စုပဋ္ဌာန်)အားဖြင့်ဖြစ်စေ နာမ်–ရုပ်တို့ကို အမှန်အတိုင်းသိမြင်မှုကို "နာမရူပပရိစ္ဆေဒဉာဏ်"ဟုခေါ်သည်၊ ထိုဉာဏ်သည်ပင်လျှင် အတ္တဒိဋ္ဌိအညစ်အကြေးမှ သန့်ရှင်းစင်ကြယ်သောကြောင့် "ဒိဋ္ဌဝိသုဒ္ဓိ"လည်းမည်သည်။

*ဒိဋ္ဌဝိသုဒ္ဓိကို ပြဆိုသောအရာ၌ သင်္ဂြိဟ် ပါဠိတိုင်းမှာပင် "လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန"ဟု ပဒဋ္ဌာန်ပုဒ် ပါလျက် ရှိသည်၊ လိုမည်မထင်၊ အဘယ့်ကြောင့်နည်း?–ဟူမူ ဒိဋ္ဌဝိသုဒ္ဓိ၏ အရာ၌ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်–တို့၏ အစွမ်းအားဖြင့်သာ နာမ်ရုပ်တို့ကို သိမ်းဆည်းသင့်သည်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိအရာ၌ ပဒဋ္ဌာန်၏ အစွမ်းအားဖြင့် နာမ်–ရုပ်တို့ကို သိမ်းဆည်းသင့်သည်၊ ထို့ကြောင့် လိုမည်မထင်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၌ "တေသမေဝ စ နာမရူပါနံ ပစ္စယပရိဂ္ဂဟော"ပါဌ်ဖြင့် နာမ်–ရုပ်ကို ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်းသောအရာကို ပြသည်၊ ဆင်ခြင်ကြပါ၊ သင့်မှုယူရာ၏၊ မသင့်မှုစွန့်ရာ၏။

ဤကား တလုတ်မြို့နယ် ချောင်းဒေါင်းရွာနေ သုဓမ္မာလင်္ကာရာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့အမည်ရှိသော ထေရ် ၁၂၀၆–ခုနှစ် ရေးသားစီရင်အပ်သော သင်္ဂြိဟ်နိဿယမူသစ်(သံ–ကျော)၌လာသော အဆုံးအဖြတ်တည်း။

(၄)ကင်္ခါဝိတရဏဝိသုဒ္ဓိ

၅၂။ ကမ္မဋ္ဌာန်းရှုမှတ်ခိုက်မှာပင် နာမ်–ရုပ်တို့၏ အကြောင်းကို ထိုက်သည်အားလျော်စွာ တွေ့မြင်၍ "အကြောင်း နာမ်–ရုပ်ကြောင့် အကျိုးနာမ်–ရုပ်မျှသာ ဖြစ်ပေါ်နေသည်"ဟု ဆုံးဖြတ်

http://www.dhammadownload.com

၅၃။ ပန-ကား၊ တတော-ထိုကခ်ိဝိတရဏဝိသုဒ္ဓိမှ၊ ပရံ-နောက်၌၊ တထာ-ထိုဆိုအပ်ပြီးသော အခြင်းအရာအားဖြင့်၊ ပရိဂ္ဂဟိတေသု-ပိုင်းခြား၍ ယူအပ်ကုန်ပြီးသော၊ သပ္ပစ္စယေသု-အကြောင်းနှင့်တကွဖြစ်ကုန်သော၊ အတီတာဒိဘေဒဘိန္နေသု-အတိတ်အစရှိသော အပြားအားဖြင့် ပြားကုန်သော၊ တေဘူမကသင်္ခါရေသု-တေဘူမကသင်္ခါရတို့၌၊ ခန္ဓာဒိနယံ-ခန္ဓာအစရှိသောနည်းကို၊ အာရဗ္ဘ-အစွဲပြု၍၊ ကလာပဝသေန-အပေါင်း၏ အစွမ်းဖြင့်၊ သံခိပိတွာ-ချုံး၍၊ ခယဋ္ဌေန-ကုန်ခန်းခြင်း အနက်သဘောကြောင့်၊ အနိစ္စံ-အနိစ္စတည်း၊ ဘယဋ္ဌေန-ကြောက်ဖွယ်မဟေး ဘေးဟူသောအနက်သဘောကြောင့်၊ ဒုက္ခံ-

---

နိုင်သော ဉာဏ်သည် "ပစ္စယပရိဂ္ဂဟဉာဏ်"မည်၏၊ ဤဉာဏ်သည်ပင်လျှင် "ငါဟာ ရှေးက ဖြစ်မှဖြစ်ဖူးခဲ့ရဲ့လား?"စသော ၁၆-ပါးသော ယုံမှားမှု, အလုံးစုံကို သိနိုင်တဲ့ ဘုရားဆိုတာ ရှိမှရှိနိုင်ပါ့မလား?"စသော ၈-ပါးသော ယုံမှားမှုတို့ကို လွန်မြောက်ပယ်ခွာနိုင်သောကြောင့် "ကခ်ိဝိတရဏဝိသုဒ္ဓိ"လည်းမည်သည်။

(၅)မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

၅၃။ ကခ်ိဝိတရဏဝိသုဒ္ဓိ ဖြစ်ပြီးသည့်နောက် ဒိဋ္ဌိဝိသုဒ္ဓိဖြင့် ပိုင်းခြား၍ သိမြင်ပြီးသော နာမ်တရား-ရုပ်တရား, ကခ်ိဝိတရဏဝိသုဒ္ဓိဖြင့် ဖြစ်ကြောင်းကုန်စင် သိမြင်ပြီးသော နာမ်တရား-ရုပ်တရားတို့သည် "အတိတ်, အနာဂတ်, ပစ္စုပ္ပန်"စသည်ဖြင့် ၁၁-ပါး ကွဲပြားသည်၊ ထိုနာမ်တရား, ရုပ်တရားတို့သည် သင်္ခါရတရားများပင် ဖြစ်သည်၊ ဝိပဿနာရှုသည့် အခါမှာလည်း မိမိတို့တွေ့ကြုံဆဲဖြစ်သော ထိုတေဘူမက လောကီသင်္ခါရတရားတို့ကိုသာ ရှုနိုင်ပါသည်၊ ယင်းသို့ရှုသည့် အခါမှာလည်း "ခန္ဓာ ၅-ပါး, ဒွါရ ၆-ပါး, အာရုံ ၆-ပါး"စသည်ကို အစွဲပြု၍-

၁။ ကလာပသမ္မသနနည်း= ခန္ဓာတစ်ခုခုကို အပေါင်းပြု၍ သုံးသပ်ခြင်း၊

၂။ အဒ္ဓါသမ္မသနနည်း= အတိတ်ဘဝ၌ဖြစ်သော ရုပ်ခန္ဓာ, ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ရုပ်ခန္ဓာစသည်ဖြင့် ဘဝခွဲခြား၍ သုံးသပ်ခြင်း၊

၃။ သန္တတိသမ္မနနည်း= အအေးရုပ်အစဉ်, အပူရုပ်အစဉ်စသည်ဖြင့် တစ်ဘဝတည်း၌ပင် အစဉ်အမျိုးမျိုးခွဲ၍ သုံးသပ်ခြင်း၊

၄။ ခဏသမ္မသနနည်း= ရုပ်အစဉ်တစ်မျိုးတည်း၌ပင်လျှင် "ဥပါဒ်, ဌိ, ဘင်"ဟူသော လက္ခဏာအားဖြင့် သုံးသပ်ခြင်း။

ဤနည်း ၄-ပါးဖြင့် အစဉ်အတိုင်း ရှုရမည်၊ လက္ခဏာထင်အောင် ဆင်ခြင်သုံးသပ်ရမည်၊ ယင်းသို့ ဆင်ခြင်သုံးသပ်သော စိတ်အစဉ်မှာ ဉာဏ်နှင့်ယှဉ်လျက်ရှိသည်၊ ထိုဉာဏ်ကိုပင် "သမ္မသနဉာဏ်"ဟုခေါ်သည်၊ အကျယ်ပြပါဦးမည်။-

၁။ ကလာပသမ္မန

သဗ္ဗံ ရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန ။ပ။ သဗ္ဗံ ဝိညာဏံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

ရုပ်မှန်သမျှ ကုန်ခန်းပျက်စီးခြင်းသဘော ရှိတဲ့အတွက် မမြဲပါတကား၊ ကြောက်မက်ဖွယ်သဘောရှိတဲ့အတွက် ဒုက္ခချည်းပါတကား၊ အနှစ်သာရမရှိတဲ့အတွက် အတ္တမဟုတ်ပါတကား ။ပ။ ဝိညာဉ်မှန်သမျှ ။ပ။ တကား။

http://www.dhammadownload.com

ဒုက္ခတည်း၊ အသာရကဋ္ဌေန–အတ္တအနှစ် မရှိသည်၏အဖြစ်ဟူသော အနက်သဘော ကြောင့်၊ အနတ္တာ–အတ္တမဟုတ်၊ ဣတိ–ဤသို့၊ အဒ္ဓါဝသေန–ကာလနှင့်စပ်သဖြင့် လည်းကောင်း၊ သန္တ တိဝသေန–အစဉ်နှင့် စပ်သဖြင့်လည်းကောင်း၊ ခဏဝသေန ဝါ–ခဏနှင့် စပ်သဖြင့်လည်းကောင်း၊ သမ္မသနဉာဏေန–သမ္မသနဉာဏ်ဖြင့်၊ လက္ခဏတ္တယံ–

၂။ အဒ္ဓါသမ္မသန

ယံ အတီတေ ရူပံ၊ တံ ယသ္မာ အတီတေယေဝ ခီဏံ၊ န ယိမံ ဘဝံ သမ္မတ္တန္တိ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

ယံ အနာဂတံ အနုန္တ ရဘဝေ နိဗ္ဗတ္တိဿတိ၊ တံပိ တတ္ထေဝ ခီယိဿတိ၊ န တတော ပရံ ဘဝံ ဂမိဿတိ၊ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

ယံ ပစ္စုပ္ပန္နံ ရူပံ၊ တံပိ ဣဒေဝ ခီယတိ၊ န ဣတော ဂစ္ဆတိတိ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

အတိတ်ဘဝ၌ ဖြစ်သောရုပ်သည် အတိတ်ဘဝ၌ပင် ချုပ်ခဲ့ပြီ၊ ဤပစ္စုပ္ပန်ဘဝသို့ မရောက်၊ ထိုသို့ ကုန်ခန်းပျက်စီးခြင်း သဘောရှိတဲ့အတွက် အနိစ္စပါတကား၊ ကြောက်မက်ဖွယ်သဘော ရှိတဲ့အတွက် ဒုက္ခပါတကား၊ အနှစ်သာရ မရှိတဲ့အတွက် အနတ္တပါတကား။

၃။ သန္တတိသမ္မသန

အပူရုပ်အစဉ်သည် အအေးရုပ်အစဉ်သို့ မရောက်၊ ဤသို့ ကုန်ခန်းပျက်စီးခြင်း သဘောရှိတဲ့ အတွက် အနိစ္စပါတကား၊ ကြောက်ဖွယ်သဘော ရှိတဲ့အတွက် ဒုက္ခပါတကား၊ အနှစ်သာရ မရှိတဲ့ အတွက် အနတ္တပါတကား။

ထိုင်နေသောအခါ ဖြစ်သောရုပ်အစဉ်သည် ထသောအခါ ဖြစ်သောရုပ်အစဉ်သို့ မရောက်၊ ဤသို့ ။ ပ ။–

ပထမအရွယ်မှာဖြစ်သော ရုပ်အစဉ်သည် ဒုတိယအရွယ်မှာဖြစ်သော ရုပ်အစဉ်သို့ မရောက်၊ ဤသို့ ။ ပ ။ –အနတ္တပါတကား၊ ဤသို့စသည်ဖြင့် ဆင်ခြင်သုံးသပ်ရာ၏။

၄။ ခဏသမ္မသန

အတိတ်ခဏ၌ဖြစ်သော ရုပ်အစဉ်သည် အတိတ်ခဏ၌ပင် ချုပ်လေပြီ၊ ပစ္စုပ္ပန်ခဏသို့ မရောက်၊ ဤသို့ ။ ပ ။–အနတ္တပါတကား။

အတီတဘဝင်စိတ်သည် ဘဝင်္ဂစလနသို့ မရောက်၊ ဤသို့ ။ ပ ။ –အနတ္တပါတကား။ ဤသို့ စသည်ဖြင့် ရုပ်ဝီထိ, နာမ်ဝီထိအစဉ်ကိုကြည့်၍ ပွားများရာ၏။

ဤသို့ တောဘူမက သင်္ခါရ၌ "ကလာပသမ္မသန"စသောနည်းဖြင့် "အနိစ္စ, ဒုက္ခ, အနတ္တ"ဟု သုံးသပ်ဆင်ခြင်တတ်သော ဉာဏ်ကို "သမ္မသနဉာဏ်"ဟုခေါ်သည်။

မျက်မှောက်သိရသော "ဖြစ်ဆဲရုပ်–နာမ်"စသည်တို့၌ လက္ခဏာရေး ၃–ပါးကို သုံးသပ် ဆင်ခြင်၍ ယုံမှားမရှိ ဆုံးဖြတ်နိုင်သောသူအား အနိစ္စ, ဒုက္ခ, အနတ္တသဘောကို စူးစမ်းဆင်ခြင်ရန် အထူးကြောင့်ကြ မစိုက်တော့ဘဲ ဖြစ်ခိုက်ဖြစ်ခိုက်နာမ်–ရုပ်ကို မှတ်ရုံသာမှတ်လျက် "အစနှင့် အဆုံး"ဟူသော အဖြစ်အပျက်ကို ရှင်းလင်းစွာ သိမြင်သော ဝိပဿနုပေက္ခာ ဖြစ်ပေါ်လာသည်၊

http://www.dhammadownload.com

လက္ခဏာ ၃-ပါး အပေါင်းကို၊ သမ္မသန္တ သ-သုံးသပ်သူလည်းဖြစ်သော၊ တေသွေဝ-ထို တေဘူမက သခ်ါရတို့၌ပင်၊ ပစ္စယဝေသန-အကြောင်းနှင့်စပ်သဖြင့်လည်းကောင်း၊ ခဏဝေသန-ခဏနှင့်စပ်သဖြင့်လည်းကောင်း၊ ဥဒယဗ္ဗယဉာဏေန-ဥဒယဗ္ဗယဉာဏ်ဖြင့်၊ ဥဒယဗ္ဗယံ-အဖြစ်,အပျက်ကို၊ သမနုပဿန္တ သစ-အဖန်ဖန် ကြည့်ရှုသူလည်းဖြစ်သော၊ (ယောဂိနော-ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌။)

သြဘာသော-ကိုယ်ရောင်ကိုယ်ဝါလည်းကောင်း၊ ပီတိ-နှစ်သက်ခြင်းလည်းကောင်း၊ ပဿဒ္ဓိ-ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးခြင်းလည်းကောင်း၊ အဓိမောက္ခေစ-သက်ဝင်ယုံကြည်သော သဒ္ဓါလည်းကောင်း၊ ပဂ္ဂဟော-စိတ်ကို ချီးမြှောက်တတ်သော ဝီရိယလည်းကောင်း၊ သုခံ-သုခဝေဒနာလည်းကောင်း၊ ဉာဏံ-ထက်မြက်လျင်မြန် အမြင်သန်သော ဝိပဿနာဉာဏ်လည်းကောင်း၊ ဥပဋ္ဌာနံ-အာရုံ၌ စွဲမြဲစွာတည်သော သတိလည်းကောင်း၊ ဥပေက္ခာစ-တတြမဇ္ဈတ္တုပေက္ခာ, အာဝဇ္ဇနုပေက္ခာလည်းကောင်း၊ နိကန္တိစ-ဝိပဿနာကို နှစ်သက်မှု နူးညံ့သောတဏှာလည်းကောင်း။

ထိုအခါမှစ၍ ဖြစ်ခိုက် ပစ္စုပ္ပန်ရုပ်-နာမ်တို့၏ အဖြစ်အပျက်ကို သိမြင်သော ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာသည်။

ထို့ပြင် ယခုမှတ်သိ ဖြစ်ပျက်ခိုက် ရုပ်-နာမ်သည် မပေါ်လာမီက ဘယ်နေရာမှာမျှ စုဝေးတည်နေခဲ့သည်မဟုတ်၊ ပျောက်ကွယ်သွားသော အခါမှာလည်း ဘယ်နေရာကိုမျှ ပြောင်းရွှေ့သွားသည် မဟုတ်၊ ပျောက်ကွယ်ပြီးသောအခါမှာလည်း ဘယ်နေရာမှာမျှ စုဝေးတည်နေတော့သည် မဟုတ်၊ အမှန်မှာ သူ့အကြောင်းအားလျော်စွာ သည်နေရာမှာပင် ပေါ်လာ၍ သည်နေရာမှာပင် လုံးလုံးပျောက်ကွယ်သွားသည်၊ ဤသို့လည်း ဆုံးဖြတ်နိုင်သည်၊ သဘောကျနိုင်သည်။

ဝိပဿနုပက္ကိလေသ ၁၀-ပါး

ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်စ ရှေ့ပိုင်းကာလ၌-

၁။ သြဘာသ= ကိုယ်ရောင်ကိုယ်ဝါ၊

၂။ ပီတိ= ဝိပဿနာဉာဏ်နှင့်ယှဉ်သော ပီတိ၊

၃။ ပဿဒ္ဓိ= ကာယပ္ပဿဒ္ဓိ, စိတ္တပ္ပဿဒ္ဓိစေတသိက်၊

၄။ အဓိမောက္ခ= ကမ္မဋ္ဌာန်းအာရုံ၌ စူးစိုက်စွာ သက်ဝင်ယုံကြည်သော သဒ္ဓါ၊

၅။ ပဂ္ဂဟ= ဝိပဿနာစိတ်ကို အားပေးချီးမြှောက် ထောက်ပံ့တတ်သော ဝီရိယ၊

၆။ သုခ= အလွန်ချမ်းမြေ့သော သုခဝေဒနာ၊

၇။ ဉာဏ= သွက်လက်လျင်မြန် အမြင်သန်သော ဝိပဿနာဉာဏ်၊

၈။ ဥပဋ္ဌာန= ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာတည်သော သတိ၊

၉။ ဥပေက္ခာ= တတြမဇ္ဈတ္တုပေက္ခာ, အာဝဇ္ဇနုပေက္ခာ၊

၁၀။ နိကန္တိ= သိမ်မွေ့သော တဏှာ။

http://www.dhammadownload.com

ဣတိ–ဤသို့၊ သြဘာသာဒိ ဝိပဿနုပက္ကိလေသ*ပရိပန္ထ ပရိဂ္ဂဟဝသေန–သြဘာသ အစရှိသော ဝိပဿနာ၏ ညစ်ညူးကြောင်း၊ ဘေးရန်တို့ကို ပိုင်းခြားရှုယူခြင်း၏ အစွမ်းဖြင့်၊ မဂ္ဂါမဂ္ဂလက္ခဏဝဝတ္ထာနံ–ဝိပဿနာ၏ လမ်းမှန်–လမ်းမမှန် လက္ခဏာကို ပိုင်းခြား သတ်မှတ် ဆုံးဖြတ်တတ်သောဉာဏ်သည်၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနာမ–မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိမည်၏။

ဤ ၁၀–ပါးသော ဝိပဿနာ၏ ညစ်နွမ်းကြောင်း ဘေးရန်အန္တရာယ်များ ဖြစ်ပေါ်လာတတ်သည်၊ ထိုတွင် သြဘာသစသော ၉–ပါးတို့ကို "တဏှာ, မာန, ဒိဋ္ဌ" ဟူသော ညစ်နွမ်းကြောင်းတို့၏ တည်ရာဖြစ်သောကြောင့်သာ (ဌာနူပစာ, ဖလူပစာအားဖြင့်) "ဝိပဿနာ၏ ညစ်နွမ်းကြောင်း ဘေးရန်" ဟုဆိုရသည်၊ အကုသိုလ်ဖြစ်သောကြောင့် ဆိုရသည်မဟုတ်ပါ၊ နိကန္တိမူကား ညစ်နွမ်းကြောင်းအစစ်လည်းဖြစ်သည်၊ ညစ်နွမ်းကြောင်းတို့၏ တည်ရာလည်းဖြစ်သည်။

ဤသို့ သြဘာသစသည်တို့ ဖြစ်ပေါ်လာသည့်အခါမှာ ပရိယတ်အခြေခံမရှိသော အချို့ယောဂီသည် "ငါ့မှာ ဤကဲ့သို့ ရှေးက ကိုယ်ရောင်ကိုယ်ဝါများ တစ်ကြိမ်တစ်ခါမျှ မထွက်စဘူး၊ ယခု ကိုယ်ရောင်ကိုယ်ဝါများ ထွက်ပေါ်လာခဲ့ပြီ၊ ဤကိုယ်ရောင်ကိုယ်ဝါကို ဖြစ်စေနိုင်သော စိတ်သည် မဂ်စိတ်, ဖိုလ်စိတ်ပင် ဖြစ်သည်၊ ငါ မဂ်,ဖိုလ်ကို ရခဲ့ပြီ" ဟု ထင်မြင်ယူဆတတ်သည်၊ "မဂ်,ဖိုလ်ကို ရသည့်အတွက်ကြောင့်သာ ဤသို့ ထူးခြားစွာ ဖြစ်ပေါ်လာရသည်" ဟုလည်း ထင်မြင်ယူဆတတ်သည်။

ဤသို့ ထင်မြင်ယူဆသောပုဂ္ဂိုလ်သည် ရှုမှတ်မှုဝိပဿနာလမ်းစဉ်မှ လွဲချော်၍ သွားရလေတော့သည်၊ အထက်ဉာဏ်များ တရားထူးများကိုရအောင် ကြိုးကြိုးစားစားရှုမှတ်မှုကို မပြုတော့ပါ၊ လုံးဝ ရှုမှတ်မှုကို မပြုဘဲသော်လည်း နေတတ်သည်၊ ဖြစ်ပေါ်လာသော "ကိုယ်ရောင်ကိုယ်ဝါ" စသည်တို့ကိုသာ တဏှာစွဲ, မာနစွဲ, ဒိဋ္ဌစွဲတို့ဖြင့် စွဲလမ်း၍ နေလေတော့သည်။

ပရိယတ် အခြေခံရှိသော အချို့ယောဂီမူကား "ဤ ကိုယ်ရောင်ကိုယ်ဝါ စသည်တို့သည် ဝိပဿနာဉာဏ်၏ ညစ်နွမ်းကြောင်း ဘေးရန်များ ဖြစ်ကြသည်၊ မဂ်,ဖိုလ်ကို ရသည့်အတွက် ဖြစ်ပေါ်လာသည်လည်း မဟုတ်၊ မဂ်,ဖိုလ်လည်း မဟုတ်၊ ဤတရားများကို စဉ်းစားဆင်ခြင်၍ နေခြင်းသည် ဝိပဿနာလမ်းမှန်မဟုတ်၊ ဤတရားများသည် ရှေးကမရှိဘဲ ယခုမှသာ ဖြစ်ပေါ်လာကြသည်၊ ထို့ကြောင့် အမြဲမရှိသော တရားများသာဖြစ်ကြသည်၊ ဆင်းရဲသော တရားများသာ ဖြစ်ကြသည်၊ အတ္တမဟုတ်သော တရားများသာ ဖြစ်ကြသည်၊ ရှုမှတ်ရမည့် တရားချည်းသာ ဖြစ်သည်၊ ပေါ်တိုင်းပေါ်တိုင်းကို ထင်ရှားရှိသည့်အခိုက်မှာ ရှုမှတ်ခြင်းကသာ ဝိပဿနာလမ်းမှန် ဖြစ်သည်၊" ဤသို့ ဆင်ခြင်ဆုံးဖြတ်နိုင်သည်၊ ပေါ်လာတိုင်း ပေါ်လာတိုင်းသော ရုပ်–နာမ် အမှုအရာများကို ရှုမှတ်လျက်သာ နေတော့သည်၊ "ကိုယ်ရောင်ကိုယ်ဝါ" စသည်တို့ကို မစဉ်းစားမဆင်ခြင်တော့ပါ။

ဤသို့ ရှုမှတ်မှုကိုသာ အလေးဂရုပြု၍ မပြတ်မလပ် ရှုမှတ်နေသောပုဂ္ဂိုလ်မှာ နာမ်–ရုပ်တို့၏ ဖြစ်ပျက်မှုသည် အထူးသန့်ရှင်းစင်ကြယ်စွာ ထင်ပေါ်လာသည်၊ လက္ခဏာ ၃–ပါးလည်း အထူးသန့်ရှင်းစင်ကြယ်စွာ ထင်ပေါ်လာသည်။

---

* ဆဋ္ဌမူဋ္ဌ ပရိဗန္ဓရှိနေသည်

http://www.dhammadownload.com

၅၄။ ပန–ကား၊ တထာ–ထိုဆိုအပ်ပြီးသော အခြင်းအရာအားဖြင့်၊ ပရိပန္ထဝိမုတ္တာသဒ္ဒေးရန်မှလွတ်ပြီးသော၊ တသ–ထိုယောဂီပုဂ္ဂိုလ်၏ သန္တာန်၌၊ ဥဒယဗ္ဗယဉာဏတော–ဥဒယဗ္ဗယဉာဏ်မှ၊ ပဋ္ဌာယ–စ၍၊ ယာဝါနုလောမာ–အနုလောမဉာဏ်တိုင်အောင်၊ တိလက္ခဏံ–လက္ခဏာယာဉ် ၃–ပါးသို့၊ (အာရောပေတွာ–တင်၍၊) ဝိပဿနာပရံပရာယ–ဝိပဿနာဉာဏ် အဆက်ဆက်အားဖြင့်၊ ပဋိပဇ္ဇန္တသ–လွန်စွာကြိုးကုတ် အားထုတ်သည် ရှိသော်၊ နဝ–၉–ပါးကုန်သော၊ ဝိပဿနာ ဉာဏာနိ–ဝိပဿနာ ဉာဏ်တို့သည်၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနာမ–ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။

၅၅။ ပန–ဆက်ဦးအံ့၊ ဧဝံ–ဤဝိပဿနာ အစဉ်ဖြင့်၊ ပဋိပဇ္ဇန္တသ–ကျင့်ကြံကြိုးကုတ် အားထုတ်သော၊ တသ–ထိုယောဂီပုဂ္ဂိုလ်၏ သန္တာန်၌၊ ဝိပဿနာပရိပါကံ–ဝိပဿနာဉာဏ်၏ ရင့်သန်ခြင်းကို၊ အာဂမ္မ–စွဲ၍၊ ဣဒါနိ–ယခုပင်၊ အပ္ပနာ–အပ္ပနာသည်၊ ဥပ္ပဇ္ဇိဿတိ–ဖြစ်တော့လတ္တံ့၊ ဣတိ–ဤသို့ ဆိုထိုက်ရာခဏ၌၊ ဘဝင်ံ–ဘဝင်ကို၊ ဝေါစ္ဆိန္ဒိတွာ–ဖြတ်၍၊ ဥပ္ပန္နမနောဒွါရာဝဇ္ဇနာနန္တရံ–ဖြစ်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌၊ ဒွေတီဏိ– ၂–ကြိမ် ၃–ကြိမ်ကုန်သော၊ ဝိပဿနာစိတ္တာနိ–ဝိပဿနာစိတ်တို့သည်၊ ယံကိဉ္စိ–အမှတ်မထား တစ်ပါးပါးသော၊ အနိစ္စာဒိလက္ခဏံ–အနိစ္စ–အစရှိသော လက္ခဏာကို၊ အာရဗ္ဘ–အာရုံပြု၍၊ ပရိကမ္မောပစာရာနုလောမနာမေန–"ပရိကမ်, ဥပစာ, အနုလုံ"ဟူသော အမည်အားဖြင့်၊ ပဝတ္တန္တိ–ဖြစ်ကုန်၏။

ဤသို့လျှင် "ကိုယ်ရောင်ကိုယ်ဝါ–စသည်တို့သည် မဂ်–ဖိုလ် မဟုတ်၊ မဂ်–ဖိုလ်ကြောင့် ဖြစ်ပေါ်လာကြသည်လည်း မဟုတ်၊ ဤ 'ကိုယ်ရောင်ကိုယ်ဝါ' စသည်တို့ကို စဉ်းစားဆင်ခြင်မှုသည်လည်း ဝိပဿနာလမ်းမှန် မဟုတ်၊ ပေါ်လာသမျှသော ရုပ်–နာမ်တို့ကို ထင်ရှားရှိခိုက်မှာ မပြတ်မလပ် ရှုမှတ်ခြင်းကသာ ဝိပဿနာလမ်းမှန်ဖြစ်သည်"ဟု ဆင်ခြင်ဆုံးဖြတ်နိုင်သော ဉာဏ်သည် "မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ"မည်၏။

(၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

၅၄။ ဆိုခဲ့ပြီးသည့်အတိုင်း ဝိပဿနာဉာဏ်၏ညစ်နွမ်းကြောင်း ဘေးရန်တို့မှ လွတ်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်မှစ၍ အစဉ်အတိုင်း တိုးတက်၍ ဆက်လက် ကြိုးစားအားထုတ်သည်ရှိသော် အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၉–ပါးတို့သည် အစဉ်အတိုင်း ဖြစ်ပေါ်လာကြသည်၊ ထိုဝိပဿနာဉာဏ် ၉–ပါးကိုပင် "ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ"ဟု ခေါ်သည်၊ "မဂ်ဖိုလ်သို့ရောက်ဖွယ် စင်ကြယ်သော ဉာဏ်အမြင်"ဟု ဆိုလိုသည်။

၅၅။ ဤသို့ ဉာဏ်စဉ်အတိုင်း အားထုတ်လာခဲ့ရာ ဝိပဿနာဉာဏ် ရင့်သန်သည့်အတွက် အပ္ပနာခေါ်သော မဂ်ဉာဏ်ဖြစ်ခါနီးမှာ"ဘဝင််စလန, ဘဝင်ုပစ္ဆေဒ"ဟု ဘဝင်အစဉ်ပြတ်သည်၊ မနောဒွါရာဝဇ္ဇန်းစိတ်လည်း ဖြစ်ပေါ်လာသည်။

ထို့နောင် တိက္ခပုဂ္ဂိုလ်ဖြစ်က "ဥပစာ, အနုလုံ"ဟု ဝိပဿနာဇောစိတ် ၂–ကြိမ် ဖြစ်သည်၊ မန္ဒပုဂ္ဂိုလ်ဖြစ်က "ပရိကမ်, ဥပစာ, အနုလုံ"ဟု ဝိပဿနာဇောစိတ် ၃–ကြိမ် ဖြစ်သည်၊ ထိုဝိပဿနာ

http://www.dhammadownload.com

၅၆။ ယာ–အကြောင် သခ်ါရပေက္ခာဉာဏ်သည်၊ သိခါပတ္တာ–အထွတ်အထိပ်သို့ ရောက်၏၊ သာနုလောမာ–အနုလောမဉာဏ်နှင့်တကွဖြစ်သော၊ သာ သခ်ါရပေက္ခာ–ထိုသခ်ါရပေက္ခာဉာဏ်ကို၊ ဝုဋ္ဌာနဂါမိနီဝိပဿနာတိ စ–ဝုဋ္ဌာနဂါမိနီဝိပဿနာဟူ၍လည်း၊ ပဝုစ္စတိ–ဆိုအပ်၏။

၅၇။ တတော–ထိုအနုလုံမှ၊ ပရံ–နောက်၌၊ ဂေါတြဘုစိတ္တံ–ဂေါတြဘုစိတ်သည်၊ နိဗ္ဗာနံ–နိဗ္ဗာန်ကို၊ အာလမ္မိတွာ–အာရုံပြု၍၊ ပုထုဇ္ဇနဂေါတ္တံ–ပုထုဇဉ်အနွယ်ကို၊ အဘိဘဝန်္တံ–လွှမ်းမိုးလျက်လည်းကောင်း၊ အရိယဂေါတ္တံ–အရိယာအနွယ်သို့၊ အဘိသမ္ဘောန္တံ ဥ–ရောက်လျက်လည်းကောင်း၊ ပဝတ္တတိ–ဖြစ်၏။

၅၈။ တဿ–ထိုဂေါတြဘုစိတ်၏၊ အနန္တရမေဝ–အခြားမဲ့၌ပင်လျှင်၊ မဂ္ဂေါ–မဂ်သည်၊ ဒုက္ခသစ္စံ–ဒုက္ခသစ္စာကို၊ ပရိဇာနန္တော–ပိုင်းခြား၍ သိလျက်လည်းကောင်း၊ သမုဒယသစ္စံ–သမုဒယသစ္စာကို၊ ပဇဟန္တော–ပယ်စွန့်လျက်လည်းကောင်း၊ နိရောဓသစ္စံ–နိရောဓသစ္စာကို၊ သစ္ဆိကရောန္တော–မျက်မှောက်ပြုလျက်လည်းကောင်း၊ မဂ္ဂသစ္စံ–မဂ္ဂသစ္စာကို၊ ဘာဝနာဝသေန– ဖြစ်စေခြင်း၏ အစွမ်းဖြင့်၊ အပုနာဝတ္တိ– အပုနာဝတ္တိသို့၊ သြတရတိ–သက်ရောက်၏။

ဇောစိတ်များသည် နိဗ္ဗာန်ကို အာရုံမပြုနိုင်သေးပါ၊ အနိစ္စ, ဒုက္ခ, အနတ္တ–တို့တွင် တစ်ပါးပါးကို အာရုံပြုကြသည်၊ တောဘူမကသခ်ါရကိုသာ အာရုံပြုကြသည်။

၅၆။ "ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်"ဟူသည် အထွတ်အထိပ်သို့ရောက်သော သခ်ါရပေက္ခာဉာဏ်နှင့် အနုလောမဉာဏ်တို့ပင် ဖြစ်ကြသည်၊ ထိုတွင် သခ်ါရပေက္ခာဉာဏ်ကို ၃–ပိုင်း ပိုင်း၍ အနုလောမဉာဏ်နှင့် ကပ်နေသော အပိုင်းကို "အထွတ်အထိပ်သို့ရောက်သော သခ်ါရပေက္ခာဉာဏ်"ဟုခေါ်သည်၊ "အနုလောမဉာဏ်"ဟူသည်မှာလည်း "ပရိကမ်, ဥပစာ, အနုလုံ"အမည်ရသော ဝိပဿနာဉာဏ်များပင် ဖြစ်ကြသည်။

၅၇။ အနုလုံနောက်၌ ဂေါတြဘုစိတ်ဖြစ်သည်၊ ထိုဂေါတြဘုစိတ်သည် ပရိကမ်, ဥပစာရ, အနုလုံတို့ကဲ့သို့ တောဘူမက သခ်ါရတရား လက္ခဏာ ၃–ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုသည် မဟုတ်ပါ၊ နိဗ္ဗာန်ကိုသာ အာရုံပြုပါသည်။

ဂေါတြဘုစိတ်၏ နောက်မှာ မဂ်စိတ်ဖြစ်ပေါ်လာလျှင် အရိယာအနွယ်သို့ ရောက်သွားပါပြီ၊ သို့ဖြစ်၍ ဂေါတြဘုစိတ်သည် ပုထုဇဉ်အနွယ်ကို လွှမ်းမိုးကျော်လွန်သော တရားလည်း ဖြစ်ပေသည်၊ အရိယာအနွယ်သို့ ရောက်သော, အရိယာအနွယ်ကို ဖြစ်စေတတ်သော တရားလည်း ဖြစ်ပေသည်။

၅၈။ ဂေါတြဘုစိတ်၏ အခြားမဲ့၌ မဂ်စိတ်သည် ကိစ္စ ၄–ချက်ကို တစ်ပြိုင်နက် ပြီးစေလျက် အပုနာဝတ္တိသို့ ရောက်သည်၊ ထင်ရှားစေပါဦးမည်၊ =ဆီမီးသည် မီးစာကိုလောင်ခြင်း, အမှောင်ကိုပယ်ခြင်း, အလင်းကိုပြုခြင်း, ဆီကိုကုန်စေခြင်း"ဟူသော ကိစ္စ ၄–ချက်ကို တစ်ပြိုင်နက် ပြီးစေသကဲ့သို့ မဂ်တရားလည်း "ဒုက္ခသစ္စာဟူသည် လောကီစိတ်, စေတသိက်, ရုပ်တရားမျှသာ

http://www.dhammadownload.com

၅၉။ တတော–ထိုမဂ်စိတ်တစ်ကြိမ်မှ၊ ပရံ–နောက်၌၊ ဒွေတီဏိ– ၂–ကြိမ် ၃–ကြိမ် ကုန်သော၊ ဖလစိတ္တာနိ–ဖိုလ်စိတ်တို့၏၊ ပဝတ္တိတ္တာ–ဖြစ်ခြင်းကြောင့်၊ ဘဝင်္ဂပါတောဝ–ဘဝင်ကျခြင်းသည်သာလျှင်၊ ဟောတိ–ဖြစ်၏။ [“ကတ္တားကွဲဘိ, မတူရှိသော်, မိမိကတ္တား, သမ္မန်ထား၍, ဖြစ်ငြားဟိတ်မှာ, သက်တော့ရာသည် .....မှတ်ပါ တွာဒိပစ္စည်း သဘောတည်း” ဟူသည်နှင့်အညီတည်း။]

ပုန–တစ်ဖန်၊ ဘဝင်္ဂ–ဘဝင်ကို၊ ဝေါစ္ဆိန္နိတ္တာ–ဖြတ်၍၊ ပစ္စဝေက္ခဏာဉာဏာနိ–ပစ္စဝေက္ခဏာဉာဏ်တို့သည်၊ ပဝတ္တန္တိ–ဖြစ်ကုန်၏။

၆၀။ ပဏ္ဍိတော–လောကုတ္တရာပညာရှိသည်၊ မဂ္ဂ–မဂ်ကိုလည်းကောင်း၊ ဖလ–ဖိုလ်ကိုလည်းကောင်း၊ နိဗ္ဗာနံ–နိဗ္ဗာန်ကိုလည်းကောင်း၊ ပစ္စဝေက္ခတိ–အမှန်ဆင်ခြင်၏၊ ဟီနေ–ပယ်အပ်ကုန်ပြီးသော၊ ကိလေသေ–ကိလေသာတို့ကိုလည်းကောင်း၊ သေသေ–ကြွင်းကျန်ကုန်သော၊ ကိလေသေစ–ကိလေသာတို့ကိုလည်းကောင်း၊ ပစ္စဝေက္ခတိဝါ–ဆင်ခြင်သူလည်းရှိ၏၊ န ပစ္စဝေက္ခတိဝါ–မဆင်ခြင်သူလည်းရှိ၏။

ဖြစ်သည်၊ ဤထက် အပိုအလွန် မရှိ”ဟု ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း–ဟူသော ပရိညာကိစ္စ၊ “သမုဒယသစ္စာ–တဏှာလောဘကို ပယ်စွန့်ခြင်း”ဟူသော ပဟာန ကိစ္စ၊ “နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း”ဟူသော သစ္ဆိကြိယာကိစ္စ၊ “မဂ္ဂသစ္စာကို မိမိ သန္တာန်၌ ဖြစ်ပေါ်စေခြင်း” ဟူသော ဘာဝနာကိစ္စ၊ ဤကိစ္စ ၄–ချက်ကို တစ်ပြိုင်နက် ပြီးစေနိုင်သည်။

၅၉။ ထိုသို့ မဂ်စိတ် ၁–ကြိမ်ဖြစ်ပြီးသည့်နောက် မန္ဒပုဂ္ဂိုလ်ဖြစ်က ဖိုလ်ဇော ၂–ကြိမ်, တိက္ခပုဂ္ဂိုလ်က ဖိုလ်ဇော ၃–ကြိမ်ဖြစ်ပြီးသည့်အတွက် ဘဝင်ကျရတော့သည်။

မဂ္ဂဝီထိနောက် ဘဝင်အပြတ်မှာ ပစ္စဝေက္ခဏာဝီထိများဖြစ်ကြသည်၊ ထိုပစ္စဝေက္ခဏာဝီထိများ၌ပါသော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်ဇောနှင့် ယှဉ်သောဉာဏ်များကို “ပစ္စဝေက္ခဏာဉာဏ်”ဟုခေါ်သည်။

ပစ္စဝေက္ခဏာဉာဏ် ၁၉–တန်

၆၀။ မဂ်,ဖိုလ်ရပြီးသော ပညာရှိမှာ မိမိရထားသော မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ, ဖိုလ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ, နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ ဤ၃–မျိုးကား ဧကန်ဖြစ်ရသည်။

မဂ်ဖြင့်ပယ်အပ်ပြီးသော ကိလေသာတို့ကို ပြန်၍ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ, ကြွင်းကျန်သော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ ဤ ၂–မျိုးကား အချို့ပုဂ္ဂိုလ်မှာသာဖြစ်သည်၊ အချို့ပုဂ္ဂိုလ်မှာ မဖြစ်ပါ။

ဤသို့လျှင် “သောတာပတ္တိမဂ် ရပြီးနောက် ၅–ဝီထိ, သကဒါဂါမိမဂ်ရပြီးနောက် ၅–ဝီထိ, အနာဂါမိမဂ် ရပြီးနောက် ၅–ဝီထိ, အရဟတ္တမဂ် ရပြီးနောက် ကြွင်းကျန်သော ကိလေသာ

http://www.dhammadownload.com

ဧဝံ–ဤဆိုအပ်ပြီးသည့်အတိုင်း၊ ဆဗ္ဗိသုဒ္ဓိကမေန–ဝိသုဒ္ဓိ ၆–ပါးအစဉ်အားဖြင့်၊ ဘာဝေတဗ္ဗော–ဖြစ်စေထိုက်သော၊ စတုဗ္ဗိဓော– ၄–ပါး အပြားရှိသော၊ မဂ္ဂေါ–မဂ်ကို၊ ဉာဏဒဿနဝိသုဒ္ဓိနာမ–ဉာဏဒဿနဝိသုဒ္ဓိမည်၏ဟူ၍၊ ပဝုစ္စတိ–ဆိုအပ်၏။

ဇတ္ထ–ဤဝိပဿနာကမ္မဋ္ဌာန်း၌၊ အယံ–ဤဆိုအပ်ပြီးသည်ကား၊ ဝိသုဒ္ဓိဘေဒေါ–ဝိသုဒ္ဓိဘေဒတည်း။

မရှိတော့သည့်အတွက် ၄–ဝိထိ”အားဖြင့် ပစ္စဝေက္ခဏာဝိထိ ၁၉–ဝိထိ ဖြစ်ခွင့် ရှိသည်၊ ယင်း ၁၉–ဝိထိကိုပင် “ပစ္စဝေက္ခဏာဉာဏ် ၁၉–တန်”ဟုလည်း ခေါ်ကြသည်။

(၇) ဉာဏဒဿနဝိသုဒ္ဓိ

ဆိုခဲ့ပြီးသည့်အတိုင်း အောက်ဝိသုဒ္ဓိ ၆–ပါးကို အစဉ်အတိုင်း အားထုတ်လျက် ဖြစ်စေထိုက်သော မဂ်(ဉာဏ်) ၄–ပါးကို “ဉာဏဒဿနဝိသုဒ္ဓိ”ဟု ခေါ်သည်၊ “ဆိုင်ရာ ကိလေသာတို့မှ စင်ကြယ်၍ သစ္စာ ၄–ပါးကို တိုက်ရိုက်သိတတ်သော ဉာဏ်”ဟု ဆိုလိုသည်။

မဂ်၏ရှေ့နား အနုလုံသို့ရောက်လျှင် အောက်ဝိသုဒ္ဓိ ၆–ပါး ပြီးသည်၊ ထို့ကြောင့် “မဂ် ၄–ပါးကို ဉာဏဒဿနဝိသုဒ္ဓိ ခေါ်သည်”ဟု ဆိုလိုသည်။

ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်

သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ–အခိုက်တို့၌ ရုပ်တရား, နာမ်တရားတို့ကို လက္ခဏာတင် မဆင်ခြင် မသုံးသပ်ရသေးသောကြောင့် သမ္မသနဉာဏ် မဖြစ်သေးပါ။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ–အခိုက်၌ကား သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ရှေ့ပိုင်း တစ်စိတ်ဖြစ်သည်။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ–အခိုက်၌ ဥဒယဗ္ဗယဉာဏ်နောက်ပိုင်း တစ်စိတ်နှင့် ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်တို့ ဖြစ်ကြသည်။

ဉာဏဒဿနဝိသုဒ္ဓိ–အခိုက်၌ကား ဝိပဿနာဉာဏ် မလိုတော့ပါ။

ဆောင်။ ။သီ စိတ္တ၊ ဒိဋ္ဌကင်္ခ လေးဖြာ၊
လက္ခဏာ–မသုံးသပ်တယ်၊ ဉာဏ်လွတ်လေပါ၊
မဂ္ဂါမဂ်– အခိုက်မှာ၊ ဉာဏ်သမ္မာ ဥ–အစ၊
ပဋိဝယ်–ဥနောက်မှလျှင်၊ နုရောက် နဝ။

http://www.dhammadownload.com

ဝိမောက္ခဘေဒ

၆၁။ တတ္ထ–ထိ"အနိစ္စာနုပဿနာ"အစရှိသော ဥဒ္ဒေသဒ္ဒါ၊ အနတ္တာနုပဿနာ–အနတ္တာနုပဿနာသည်၊ အတ္တာဘိနိဝေသ–"အတ္တ"ဟူ၍ စွဲလမ်းခြင်းကို၊ မုဉ္စန္တီ–စွန့်လွှတ်နိုင်သည်၊ (ဟုတွာ–ဖြစ်၍၊ ဝါ–ဖြစ်ခြင်းကြောင့်၊) သုညတာနုပဿနာနာမ–သုညတာနုပဿနာမည်သော၊ ဝိမောက္ခမုခံ–ဝိမောက္ခမုခသည်၊ ဟောတိ–ဖြစ်၏။

၆၂။ အနိစ္စာနုပဿနာ–သည်၊ ဝိပလ္လာသနိမိတ္တံ–ဝိပလ္လာသနိမိတ်ကို၊ မုဉ္စန္တီ–သည်၊ (ဟုတွာ–၍၊ ဝါ–ကြောင့်၊) အနိမိတ္တာနုပဿနာနာမ–မည်သော၊ ဝိမောက္ခမုခံ–သည်၊ ဟောတိ–၏။

၆၃။ ဒုက္ခာနုပဿနာ–သည်၊ တဏှာပဏိဓိ–တောင့်တတတ်သော တဏှာကို၊ မုဉ္စန္တီ–သည်၊ (ဟုတွာ–၍၊ ဝါ–ကြောင့်၊) အပ္ပဏိဟိတာနုပဿနာနာမ–မည်သော၊ ဝိမောက္ခမုခံ–သည်၊ ဟောတိ–၏။

၆၄။ တသ္မာ–ထို့ကြောင့်၊ ဝုဋ္ဌာနဂါမိနီဝိပဿနာ–ဝုဋ္ဌာနဂါမိနီဝိပဿနာသည်၊ အနတ္တတော–အနတ္တအားဖြင့်၊ ယဒိ ပဿတိ–အကယ်၍ရှုအံ့၊ ဧဝံ သတိ–ဤသို့ ရှုသည်ရှိသော်၊ မဂ္ဂေါ–မဂ်သည်၊ သုညတော ဝိမောက္ခောနာမ–သုညတဝိမောက္ခမည်သည်၊ ဟောတိ–၏။

၆၁။ "အနတ္တ"ဟု ရှုသော ဝိပဿနာသည် "အတ္တရှိသည်"ဟု ထင်မှတ်စွဲလမ်းမှုကို ပယ်စွန့်နိုင်သည်၊ ထို့ကြောင့် "သုညတာနုပဿနာ"ဟူသော အမည်ကို ရလျက် ဝိမောက္ခသို့ ဝင်ရာလမ်းပေါက် တစ်မျိုး ဖြစ်သည်။ (သုညတ–အတ္တမှ ကင်းဆိတ်၏ဟု+အနုပဿနာ–ရှုတတ်သောဉာဏ်။)

၆၂။ "အနိစ္စ"ဟု ရှုသော အနုပဿနာသည် ရုပ်–နာမ်အပေါင်းကို တစ်လုံးတစ်ခဲတည်း ပုံပန်းသဏ္ဌာန်အနေအားဖြင့် ထင်မှားမှုကို စွန့်လွှတ်နိုင်သည်၊ ထို့ကြောင့် "အနိမိတ္တာနုပဿနာ" ဟူသော အမည်ကို ရလျက် ဝိမောက္ခသို့ ဝင်ရာ လမ်းပေါက်တစ်မျိုး ဖြစ်သည်။ (အနိမိတ္တ–ပုံပန်းသဏ္ဌာန်မရှိဟု+အနုပဿနာ–ရှုတတ်သောဉာဏ်။)

၆၃။ "ဒုက္ခ"ဟု ရှုသောဝိပဿနာသည် တောင့်တတတ်သော တဏှာကို ပယ်ခွာနိုင်သည်၊ ထို့ကြောင့် "အပ္ပဏိဟိတာနုပဿနာ"ဟူသော အမည်ကိုရလျက် ဝိမောက္ခသို့ ဝင်ရာ လမ်းပေါက် (ဂိတ်ဝ)တစ်မျိုး ဖြစ်သည်။ (အပ္ပဏိဟိတ–တောင့်တဖွယ်မရှိဟု+အနုပဿနာ–ရှုတတ်သောဉာဏ်။)

၆၄။ ဝုဋ္ဌာနဂါမိနီဝိပဿနာအခိုက်သို့ မရောက်မီ "အနိစ္စ"ဟုလည်း ရှုကောင်းရှုပေလိမ့်မည်၊ "ဒုက္ခ"ဟုလည်း ရှုကောင်း ရှုပေလိမ့်မည်၊ "အနတ္တ"ဟုလည်း ရှုကောင်းရှုပေလိမ့်မည်၊ မည်သို့ပင် ရှုသည်ဖြစ်စေ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာအခိုက်မှာကား တစ်မျိုးတည်းကိုသာ ရှုရသည်။

http://www.dhammadownload.com

၆၅။ အနိစ္စတော–အနိစ္စအားဖြင့်၊ ယဒိဝိပဿတိ–အံ့၊ ဧဝံ သတိ–သော်၊ မဂ္ဂေါ–သည်၊ အနိမိတ္တော ဝိမောက္ခောနာမ–မည်သည်၊ ဟောတိ–၏။

၆၆။ ဒုက္ခတော–ဒုက္ခအားဖြင့်၊ ယဒိဝိပဿတိ–အံ့၊ ဧဝံ သတိ–သော်၊ မဂ္ဂေါ–သည်၊ အပ္ပဏိဟိတော ဝိမောက္ခောနာမ–မည်သည်၊ ဟောတိ–၏။

ကတိစ–ဤသို့လည်း၊ မဂ္ဂေါ–မဂ်သည်၊ ဝိပဿနာဂမနဝသေန–မဂ်၏ဖြစ်ပေါ်လာကြောင်းဖြစ်သော ဝိပဿနာနှင့်စပ်သဖြင့်၊ တီဏိ– ၃–မျိုးကုန်သော၊ နာမာနိ–အမည်တို့ကို၊ လဘတိ–ရ၏၊ တထာ–ထို့အတူ၊ ဖလဋ္ဌ–ဖိုလ်သည်လည်း၊ မဂ္ဂဝီထိယံ–မဂ္ဂ

၆၅။ ဝုဋ္ဌာနဂါမိနီဝိပဿနာက "အနိစ္စ"ဟု ရှုသဖြင့် "အနိမိတ္တဝိမောက္ခမုခ" အမည်ရခဲ့ပါလျှင် မဂ်လည်း "အနိမိတ္တဝိမောက္ခ" အမည်ရလေတော့သည်။

၆၆။ ဝုဋ္ဌာနဂါမိနီဝိပဿနာက "ဒုက္ခ"ဟု ရှုသဖြင့် "အပ္ပဏိဟိတဝိမောက္ခမုခ" အမည်ရခဲ့ပါလျှင် မဂ်လည်း "အပ္ပဏိဟိတဝိမောက္ခ" အမည် ရလေတော့သည်။

ဤသို့လျှင် မဂ်ဖြစ်ပေါ်လာကြောင်း ဝိပဿနာနှင့်စပ်၍ မဂ်မှာ "သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ"ဟူသော အမည် ၃–မျိုးရသည်။

မဂ္ဂဝီထိ၌ မဂ်နှင့်တစ်ဆက်တည်းဖြစ်ပေါ်လာရသော ဖိုလ်သည်လည်း မဂ်နှင့်စပ်၍ အမည် ၃–မျိုးပင်ရသည်၊ မဂ်က သုညတဝိမောက္ခအမည်ရလျှင် မဂ်နောက်၌ဖြစ်သော ဖိုလ်များသည်လည်း "သုညတဝိမောက္ခ"ပင်မည်သည်၊ မဂ်က အနိမိတ္တဝိမောက္ခ အမည်ရလျှင် မဂ်နောက်၌ဖြစ်သောဖိုလ်များလည်း "အနိမိတ္တဝိမောက္ခ"ပင်မည်သည်၊ မဂ်က အပ္ပဏိဟိတဝိမောက္ခအမည်ရလျှင် မဂ်နောက်၌ဖြစ်သော ဖိုလ်များလည်း "အပ္ပဏိဟိတဝိမောက္ခ"ပင် မည်သည်–ဟု ဆိုလိုသည်။

ဤနေရာအလိုက် မဂ်,ဖိုလ်ဖြစ်ပုံ သဒ္ဒါနည်းလွန်ကဲသောသူသည် "အနိစ္စ"ဟု အရှုများသောကြောင့် အနိမိတ္တဝိမောက္ခမုခဖြင့် အနိမိတ္တဝိမောက္ခ မဂ်, ဖိုလ်ကို ရတတ်သည်။

သမာဓိနည်းလွန်ကဲသောသူသည် "ဒုက္ခ"ဟု အရှုများသောကြောင့် အပ္ပဏိဟိတဝိမောက္ခမုခဖြင့် အပ္ပဏိဟိတဝိမောက္ခမဂ်, ဖိုလ်ကို ရတတ်သည်။

ပညာနည်းလွန်ကဲသောသူသည် "အနတ္တ"ဟု အရှုများသောကြောင့် သုညတဝိမောက္ခမုခဖြင့် သုညတဝိမောက္ခမဂ်, ဖိုလ်ကို ရတတ်သည်။

ဆောင်။ ။ သဒ္ဒါပွား၊ အရှုများ အနိစ္စာ၊
သမာဓိန်–လွန်ကဲကလျှင်၊ ဒုက္ခဟုသာ၊
ပညာကဲ–လွန်သူမှာ၊ အနတ္တာ ရှုတတ်၊
ဝိမောက္ခာ–မဂ်,ဖိုလ်များငယ်၊ ပိုင်းခြား ဆုံးဖြတ်။

http://www.dhammadownload.com

ဝိထိဋ္ဌ၊ မဂ္ဂါဂမနဝသေန–ဖိုလ်၏ဖြစ်ပေါ်လာကြောင်းဖြစ်သော မဂ်နှင့်စပ်သဖြင့်၊ တီဏိ–၃–မျိုးကုန်သော၊ နာမာနိ–အမည်တို့ကို၊ လဘတိ–ရ၏။

၆၇။ ပန–ကား၊ ဖလသမာပတ္တိဝိထိယံ–ဖလသမာပတ္တိဝိထိဋ္ဌ၊ ယထာဝုတ္တနယေန–အကြောင်းအကြောင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ ဝိပဿနာံ–ဝိပဿနာရှုကုန်သောပုဂ္ဂိုလ်တို့၏ သန္တာန်၌၊ ယထာ သင်္ခ–အကြောင်းအကြောင် မိမိ၏ဥစ္စာဖြစ်သော၊ ဖလံ–ဖိုလ်သည်၊ ဥပ္ပဇ္ဇမာနမ္ပိ–ဖြစ်ပါသော်လည်း၊ ဝိပဿနာဂမနဝသေနေဝ–ဖိုလ်၏ ဖြစ်ပေါ်လာကြောင်းဖြစ်သော ဝိပဿနာနှင့်စပ်သဖြင့်သာလျှင်၊ သုညတာဒိဝိမောက္ခာတိ စ–သုညတာဝိမောက္ခအစရှိသည်ဟူ၍လည်း၊ ပဝုစ္စတိ–ဆိုအပ်၏။

ပန–ကား၊ အာရမ္မဏဝသေန–နိဗ္ဗာန်အာရုံနှင့် စပ်သဖြင့်လည်းကောင်း၊ သ ရသဝသေနစ–မိမိသဘောနှင့် စပ်သဖြင့်လည်းကောင်း၊ နာမတ္တယံ–သုညတဝိမောက္ခစသော အမည် ၃–မျိုးတို့၏အပေါင်းသည်၊ သဗ္ဗတ္ထ–အလုံးစုံသော မဂ္ဂဝီထိ, ဖလဝီထိဋ္ဌ၊ သဗ္ဗေသမ္ပိ–အလုံးစုံသောပုဂ္ဂိုလ်တို့၏ သန္တာန်၌လည်း၊ သမမေဝစ–တူသည်သာလျှင်တည်း။

ဇေတ္ထ–ဤဝိပဿနာကမ္မဋ္ဌာန်း၌၊ အယံ–ဤဆိုအပ်ပြီးသည်ကား၊ ဝိမောက္ခဘေဒေါ–ဝိမောက္ခဘေဒတည်း။

၆၇။ မိမိရပြီးသော ဖိုလ်ကိုဝင်စားလိုလျှင် ဝိပဿနာရှုရပြန်သည်၊ ဝိပဿနာက သုညတဝိမောက္ခမုခဖြစ်လျှင် ဝိပဿနာနှင့်စပ်၍ ဖိုလ်လည်း "သုညတဝိမောက္ခ"ဟူသော အမည်ကို ရသည်၊ ဖိုလ်၏ ရှေးကဖြစ်သော ဝိပဿနာက အနိမိတ္တဝိမောက္ခမုခဖြစ်လျှင် ဖိုလ်လည်း "အနိမိတ္တဝိမောက္ခမုခ"အမည်ရသည်၊ ဖိုလ်၏ရှေးကဖြစ်သော ဝိပဿနာက အပ္ပဏိဟိတဝိမောက္ခမုခဖြစ်လျှင် ဖိုလ်လည်း "အပ္ပဏိဟိတဝိမောက္ခ" အမည်ရသည်၊ မဂ်ရပြီးစက မဂ်နှင့်စပ်၍ ရခဲ့သော အမည်နှင့် မသက်ဆိုင်တော့ပါ။

မဂ်က သုညတမဂ်ဖြစ်၍ ဖလသမာပတ်ဝင်စားသည့်အခါမှာ ဝိပဿနာက အနိမိတ္တဝိပဿနာဖြစ်စေကာမူ မဂ်၏နောက်သို့ လိုက်ဖွယ်ရာ မလိုတော့ပါ၊ ယခု လောလောဆယ် ရှေ့သွားဖြစ်သော ဝိပဿနာနောက်သို့သာ လိုက်ရတော့သည်၊ ဤသို့ စသည်ဖြင့် မှတ်ပါ။

မဂ်,ဖိုလ်တို့သည် ဝိပဿနာနှင့်စပ်၍သာ သုညတဝိမောက္ခ–စသော အမည်ကို ရကြရသည် မဟုတ်ပါ၊ အာရုံနှင့်စပ်၍လည်း ရနိုင်ပါသည်၊ မိမိသဘောအားဖြင့်လည်း ရနိုင်ပါသည်။

မဂ်,ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကြသည်၊ ထိုအာရုံဖြစ်သော နိဗ္ဗာန်သည် သုညတလည်း မည်သည်၊ အနိမိတ္တလည်း မည်သည်၊ အပ္ပဏိဟိတလည်း မည်သည်၊ ထို့ကြောင့် မဂ်,ဖိုလ်တို့သည် အာရုံနှင့် ဆက်သွယ်၍ သုညတဝိမောက္ခလည်း မည်သည်၊ အနိမိတ္တဝိမောက္ခလည်း မည်သည်၊ အပ္ပဏိဟိတဝိမောက္ခလည်းမည်သည်၊ ဤနာမည် ၃–မျိုးကို တစ်ပြိုင်နက်ရနိုင်ကြသည်။

ထို့ပြင် မဂ်,ဖိုလ်တရားတို့သည် ဈာဂ, ဒေါသ, မောဟ–တို့နှင့် အတူမှကင်းဆိတ်သော သုညတသဘောရှိသည်၊ အထည်ကိုယ်ပုံဟန် သဏ္ဌာန်နိမိတ်လည်း မရှိကြချေ၊ တောင့်တ

http://www.dhammadownload.com

ပုဂ္ဂလဘေဒ

၆၈။ ပန–ဆက်ဦးအံ့၊ ဇတ္ထ–ဤမင်္ဂလာတို့တွင်၊ သောတာပတ္တိမဂ်–သောတာပတ္တိမဂ်ကို၊ ဘာဝေတွာ–ဖြစ်စေသည်ရှိသော်၊ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန–ဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်ခြင်းဖြင့်၊ ပဟီနာပါယဂမနော–ပယ်အပ်ပြီးသော အပါယ်ရောက်ကြောင်းတရားရှိသည်၊ ဟုတွာ–ဖြစ်၍၊ သတ္တက္ခတ္တုပရမောနာမ–သတ္တက္ခတ္တုပရမမည်သော၊ သောတာပန္နော–သောတာပန်သည်၊ ဟောတိ–၏။

တတ်သော တဏှာပဏိဓိလည်းမရှိကြချေ၊ ထို့ကြောင့် မဂ်,ဖိုလ်တရားတို့သည် မိမိ၏ ပင်ကိုယ်သဘောအတိုင်းပင် "သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ" ဟူသောအမည် ၃-မျိုးကို တစ်ပြိုင်နက်ရနိုင်ကြသည်။

ဤသို့လျှင် အာရုံနှင့်စပ်၍ ရသောအမည် ၃-မျိုး၊ မိမိသဘောအားဖြင့် ရသောအမည် ၃-မျိုးတို့သည် အလုံးစုံသောပုဂ္ဂိုလ်တို့၌ "မဂ္ဂဝိထိ"အခိုက်မှာလည်း မထူးခြားတော့ပါ၊ ဖလသမာပတ္တိဝိထိအခိုက်မှာလည်း မထူးခြားတော့ပါ၊ ထပ်တူထပ်မျှသာလျှင် ဖြစ်ပါတော့သည်။

(ဝိပဿနာက "အနိစ္စ, ဒုက္ခ, အနတ္တ"ဟု တစ်ပြိုင်နက် မရှုနိုင်ပါ၊ တစ်မျိုးတစ်မျိုးသာ ရှုနိုင်ပါသည်၊ ထို့ကြောင့် ဝိပဿနာနှင့် စပ်၍ရသော အမည်တို့သည် မဂ်,ဖိုလ်တစ်မျိုးလျှင် အမည်တစ်မျိုးစီသာ ဖြစ်နိုင်ကြပါသည်၊ အာရုံနှင့်စပ်၍ရသောအမည်, မိမိသဘောအားဖြင့်ရသော အမည်တို့ကား တစ်ပြိုင်နက် ၃-မျိုးလုံးပင် ဖြစ်နိုင်ကြသည်။)

သောတာပန်

၆၈။ သောတာပတ္တိမဂ်ကိုရလျှင် ကိလေသာ ၁၀-ပါးတို့တွင် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို အကုန်အစင် ပယ်သည်၊ ကျန်ဥဒ္ဓစ္စမှတစ်ပါးကိလေသာများကိုကား အပါယ်ကိုရောက်စေနိုင်သည့် ကြမ်းတမ်းသော သတ္တိလောက်ကိုသာ ပယ်သည်၊ ထို့ကြောင့် သောတာပန်ဖြစ်လျှင် အပါယ်ရောက်ကြောင်းတရားများကို မပြုလုပ်တော့ပြီ၊ ကာမဘုံ၌လည်း အလွန်ဆုံး ၇-ကြိမ်မျှသာ ပဋိသန္ဓေ နေနိုင်တော့သည်၊ ၇-ကြိမ်ထက် ပိုလွန်၍ ကာမဘုံ၌ ပဋိသန္ဓေ မနေတော့ပါ၊ ဗြဟ္မာ့ပြည်၌ကား ၇-ကြိမ်ထက် ပိုလွန်၍လည်း ပဋိသန္ဓေ နေနိုင်ပါသေးသည်။

သောတာပန်ပုဂ္ဂိုလ်သည် အကုသိုလ်စိတ် ၁၂-ပါးတို့တွင် ဒိဋ္ဌိဂတသမ္ပယုတ် ၄-ပါး, ဝိစိကိစ္ဆာသဟဂုတ် ၁-ပါး၊ ပေါင်း ၅-ပါးကိုအကြွင်းမဲ့ ပယ်သည်၊ ကြွင်းသော ဥဒ္ဓစ္စသဟဂုတ်မှတစ်ပါး အကုသိုလ်စိတ် ၆-ပါး၏ အပါယ်ကျစေနိုင်သော အစွမ်းသတ္တိမျှကိုသာ ပယ်သည်၊ ဥဒ္ဓစ္စသဟဂုတ်ကိုကား အပါယ်ကျစေနိုင်သော အစွမ်းသတ္တိ မရှိသည့်အတွက် လုံးဝ မပယ်သေးပါ။

၁။ ဧကဗီဇီ သောတာပန်= ကာမဘုံ၌ ပဋိသန္ဓေမျိုးစေ့ (ခန္ဓာမျိုးစေ့) တစ်ကြိမ်သာ ရှိသူ၊ တစ်ကြိမ်ပဋိသန္ဓေနေပြီးနောက် ရဟန္တာဖြစ်မည့်သူ။

၂။ ကောလံကောလသောတာပန်= အမျိုးကောင်းတစ်ခုမှ အမျိုးကောင်းတစ်ခုသို့ ကူးပြောင်း၍ ပဋိသန္ဓေနေသူ၊ ကာမဘုံ၌ ၂-ကြိမ်မှ ၆-ကြိမ်တိုင်အောင် ပဋိသန္ဓေနေနိုင်သည်၊ ထို့နောက် ရဟန္တာဖြစ်မည့်သူ၊

၃။ သတ္တက္ခတ္တုပရမသောတာပန်= ကာမဘုံ၌ ၇-ကြိမ်ပဋိသန္ဓေနေပြီးလျှင် ရဟန္တာဖြစ်မည့်သူ၊ ဤသို့ သောတာပန် ၃-မျိုးရှိသည်။

http://www.dhammadownload.com

၆၉။ သကဒါဂါမိမဂ္ဂံ–သကဒါဂါမိမဂ်ကို၊ ဘာဝေတွာ–ဖြစ်စေသည်ရှိသော်၊ ရာဂဒေါသမောဟာနံ–ရာဂ, ဒေါသ, မောဟတို့ကို၊ တနုကရတ္တာ–နည်းပါးအောင်ပြုတတ်သည့်အတွက်၊ သကိဒေဝ–တစ်ကြိမ်သာလျှင်၊ ဣမံ လောကံ–ဤကာမဘုံသို့၊ အာဂန္ဆာ–ပဋိသန္ဓေနေလာခြင်းကြောင့်၊ သကဒါဂါမီနာမ–သကဒါဂါမ်မည်သည်၊ ဟောတိ–၏။

၇၀။ အနာဂါမိမဂ္ဂံ–အနာဂါမိမဂ်ကို၊ ဘာဝေတွာ–သော်၊ ကာမရာဂဗျာပါဒါနံ–ကာမရာဂ, ဗျာပါဒတို့ကို၊ အနဝသေသပဟာနေန–အကြွင်းမရှိအောင်ပယ်သည့်အတွက်၊ ဣတ္ထတ္တံ–ဤကာမဘုံသို့၊ အနာဂန္ဆာ–ပဋိသန္ဓေ မနေလာခြင်းကြောင့်၊ အနာဂါမီနာမ–အနာဂါမ်မည်သည်၊ ဟောတိ–ဖြစ်၏။

၇၁။ အရဟတ္တမဂ္ဂံ–အရဟတ္တမဂ်ကို၊ ဘာဝေတွာ–သော်၊ အနဝသေသကိလေသပ္ပဟာနေန–အကြွင်းမရှိအောင် ကိလေသာတို့ကို ပယ်ခြင်းကြောင့်၊ ခီဏာသဝေါ–ကုန်ပြီးသော အာသဝေါရှိသော၊ လောကေ–လောကဌ်၌၊ အဂ္ဂဒက္ခိဏေယျော–မြတ်သော အလှူခံပုဂ္ဂိုလ်ဖြစ်သော၊ အရဟာနာမ–ရဟန္တာမည်သည်၊ ဟောတိ–ဖြစ်၏။

ဧတ္ထ–ဤဝိပဿနာကမ္မဋ္ဌာန်း၌၊ အယံ–ဤဆိုအပ်ပြီးသည်ကား၊ ပုဂ္ဂလဘေဒေါ–ပုဂ္ဂလဘေဒတည်း။

သကဒါဂါမ်

၆၉။ သကဒါဂါမိမဂ်ကိုရလျှင် ရာဂ, ဒေါသ, မောဟတို့ကို နည်းပါးရုံမျှသာ ပြုနိုင်သည်၊ မည်သည့်ကိလေသာကိုမျှ အကြွင်းမဲ့မပယ်နိုင်ပါ၊ ဤကာမဘုံ၌ တစ်ကြိမ်သာ ပဋိသန္ဓေ လာနေနိုင်သည်၊ သို့သော် ကာမဘုံချင်း ပြောင်းရွှေ့လာနေခြင်းသာဖြစ်သည်၊ ဗြဟ္မာ့ပြည်မှ လာနေသည် မဟုတ်ပါ။

ထိုသို့ ကာမဘုံ၌ တစ်ကြိမ်မျှသာ ပဋိသန္ဓေလာနေနိုင်သောကြောင့် "သကဒါဂါမ်"ဟူသော အမည်ကို ရရှိလေတော့သည်။ (သကိ˚–တစ်ကြိမ်+အာဂါမိ–ပဋိသန္ဓေလာနေသူ။)

အနာဂါမ်

၇၀။ ကာမဂုဏ် ၅–ပါး၌ တပ်မက်သောတဏှာကို "ကာမရာဂ"ဟုခေါ်သည်၊ ဒေါသကိလေသာကို "ဗျာပါဒ"ဟုခေါ်သည်။

အနာဂါမိမဂ်ကိုရလျှင် ထိုကာမရာဂနှင့် ဗျာပါဒတို့ကို လုံးဝပယ်ပြီးဖြစ်၍ ကာမဘုံသို့ ပဋိသန္ဓေ မနေလာသောကြောင့် "အနာဂါမ်"ဟူသော အမည်ကို ရရှိလေတော့သည်၊ အနာဂါမ်များသည် ကာမရာဂကို ပယ်ပြီးဖြစ်သည့်အတွက် ကာမဂုဏ်ခံစားခြင်းလည်း မရှိတော့ပါ၊ ဗျာပါဒကို ပယ်ပြီးဖြစ်သည့်အတွက် ဒေါသလည်း မထွက်တော့ပါ။

ရဟန္တာ

၇၁။ အရဟတ္တမဂ်ကိုရလျှင် အောက်မဂ်များ မပယ်နိုင်၍ ကျန်နေသော ကိလေသာ ၇–ပါးကို အကြွင်းမဲ့ပယ်သည်၊ အာသဝေါတရားတို့လည်း ကုန်ပြီးဖြစ်သည်၊ လောကဌ် အမြတ်ဆုံးသော အလှူခံပုဂ္ဂိုလ်လည်းဖြစ်သည်၊ "ရဟန္တာ"ဟူသောအမည်ကိုလည်း ရရှိလေတော့သည်။

http://www.dhammadownload.com

သမာပတ္တိဘေဒ

၇၂။ ပန-ဆက်ဦးအံ့၊ ဧတ္ထ-ဤသမာပတ်တို့တွင်၊ ဖလသမာပတ္တိဝိထိယော-ဖလသမာပတ္တိဝိထိတို့သည်၊ သဗ္ဗေသမွိ-အလုံးစုံသောဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၏လည်း၊ ယထာသကဖလဝသေန-အကြင်အကြင် မိမိဥစ္စာဖြစ်သော ဖိုလ်၏အစွမ်းဖြင့်၊ သာမာရဏာဝ-ဆက်ဆံကုန်သည်သာတည်း။

၇၃။ ပန-ကား၊ နိရောဓသမာပတ္တိသမာပန္နန်-နိရောဓသမာပတ် ဝင်စားခြင်းကို၊ အနာဂါမိနဥ္စေဝ-အနာဂါမ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌လည်းကောင်း၊ အရဟန္တာနဥ္စ-ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌လည်းကောင်း၊ လဒ္ဓတိ-ရအပ်၏။

တတ္ထ-ထိုနိရောဓသမာပတ်ကို ဝင်စားရာ၌၊ ယထာက္ကမံ-အစဉ်အားလျော်စွာ၊ ပဌမဈာနာဒိမဟဂ္ဂတသမာပတ္တိ-ပထမစျာန်အစရှိသော မဟဂ္ဂုတ်သမာပတ်ကို၊ သမာပဇ္ဇိတွာ-ဝင်စား၍၊ ဝုဋ္ဌာယ-သမာပတ်မှ ထပြီးလျှင်၊ တတ္ထဂတေ-ထိုသမာပတ်၌ဖြစ်ကုန်သော၊ သခ်ါရဓမ္မေ-သင်္ခါရတရားတို့ကို၊ တတ္ထ တတ္ထေဝ-ထိုထို သမာပတ်မှ

ဖလသမာပတ်

၇၂။ ဖလသမာပတ် ဝင်စားသည့်အခါ မည်သည့် အရိယာပုဂ္ဂိုလ်မဆို မိမိဖိုလ်နှင့်သာ သက်ဆိုင်သည်၊ မိမိဆိုင်ရာ ဖိုလ်ကိုသာ ဝင်စားနိုင်သည်။

သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကိုသာ ဝင်စားနိုင်သည်။ ပ ။ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကိုသာ ဝင်စားနိုင်သည်-ဟုဆိုလိုသည်။

နိရောဓသမာပတ်

၇၃။ သမာပတ် ၈-ပါး (စျာန် ၉-ပါး)ကို ရပြီးသော အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့သာ နိရောဓသမာပတ်ကို ဝင်စားနိုင်သည်။

ထိုအနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့သည် နိရောဓသမာပတ် ဝင်စားလိုလတ်သော် မိမိရပြီးသော လောကီစျာန်တို့တွင် ပထမစျာန်ကိုဝင်စားရသည်၊ ယင်း ပထမစျာန်မှ ထပြီးနောက် ပထမစျာန်၌ပါသော "စိတ်,စေတသိက်"ဟူသော သင်္ခါရကို "အနိစ္စ, ဒုက္ခ, အနတ္တ"ဟု ဝိပဿနာရှုရသည်၊ ထိုနည်းတူစွာ ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်, အာကာသာနဉ္စာယတနစျာန်, ဝိညာနဉ္စာယတနစျာန်တို့ကို ဝင်စားရသည်၊ စျာန်မှ ထတိုင်းထတိုင်း စျာန်၌ပါသော သင်္ခါရကို ဝိပဿနာရှုရသည်၊ ထို့နောက် အာကိဉ္စညာယတနစျာန်ကို ဝင်စားရသည်၊ စျာန်မှအထတွင် ဝိပဿနာမရှုတော့ဘဲ-

၁။ နာနာဇဒ္ဓအဝိကောပန= အခြားနေရာ၌ ရှိနေသော မိမိ၏ဘဏ္ဍာကို "ရန်သူတို့ မဖျက်ဆီးနိုင်ပါစေသတည်း"ဟု အဓိဋ္ဌာန်ခြင်း။ (မိမိနှင့် စပ်နေသော သင်္ခါရ ၈သည်ကိုကား အဓိဋ္ဌာန်ရန် မလိုပါ၊ သမာပတ်အစွမ်းကြောင့် ပျက်လည်း မပျက်စီးနိုင်ပါ။)

http://www.dhammadownload.com

ထပြီးရာခဏ္ဍပင်လျှင်၊ ဝိပဿနေ္ဓာ-ဝိပဿနာရှုလျက်၊ ယာဝ အာကိဉ္စညာယတနံ-အာကိဉ္စညာယတနစျာန်တိုင်အောင်၊ ဂန္ထာ-စိတ်အစဉ်ဖြင့် သွား၍၊ တတော-ထိုအာကိဉ္စညာယတနစျာန်မှ၊ ပရံ-နောက်၌၊ အဓိဋ္ဌေယျာဒိကံ-အဓိဋ္ဌာန်ခြင်းအစရှိသော၊ ပုဗ္ဗကိစ္စံ-ပုဗ္ဗကိစ္စ ၄-ပါး၊ ကတွာ-ပြုပြီး၍၊ နေဝသညာနာသညာယတနံ-နေဝသညာနာသညာယတနစျာန်၊ သမာပဇ္ဇတိ-ဝင်စား၏၊ တဿ-ထိုနေဝသညာနာသညာယတနစျာန်၏၊ ဒွိန္နံ-၂-ကြိမ်ကုန်သော၊ အပွနာဇဝနာနံ-အပွနာဇောတို့၏၊ ပရတော-နောက်၌၊ စိတ္တသန္တတိ-စိတ်အစဉ်သည်၊ ဆေါ့ဇ္ဇတိ-ပြတ်၏၊ တတော-ထိုစိတ်အစဉ်ပြတ်ခြင်းကြောင့်၊ နိရောဓသမာပန္နောနာမ-နိရောဓသမာပတ်သို့ရောက်သည်မည်သည်၊ ဝါ-နိရောဓသမာပတ် ဝင်စားသည်မည်သည်၊ ဟောတိ-ဖြစ်၏။

၇၄။ ပန-ဆက်ဦးအံ့၊ ဝုဋ္ဌာနကာလေ-သမာပတ်မှထရာကာလ၌၊ အနာဂါမိနော-အနာဂါမ်ပုဂ္ဂိုလ်၏သန္တာန်၌၊ အနာဂါမိဖလစိတ္တံ-အနာဂါမိဖိုလ်စိတ်သည်လည်းကောင်း၊ အရဟတော-ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌၊ အရဟတ္တဖလစိတ္တံ-အရဟတ္တဖိုလ်စိတ်သည်လည်းကောင်း၊ ဧကဝါရမေဝ-တစ်ကြိမ်တည်းသာလျှင်၊ ပဝတ္တိတ္ထာ-ဖြစ်ပြီးသည်ရှိသော်၊ ဘဝင်္ဂံပါတော-ဘဝင်ကျခြင်းသည်၊ ဟောတိ-၏၊ တတော-ထိုဘဝင်မှ၊ ပရံ-နောက်၌၊ ပစ္ဆာဝေက္ခဏာဇဝံ-ပစ္ဆာဝေက္ခဏာဇောဇဉ်သည်၊ ပဝတ္တတိ-ဖြစ်၏။

ဧတ္ထ-ဤဝိပဿနာကမ္မဋ္ဌာန်း၌၊ အယံ-ဤဆိုအပ်ပြီးသည်ကား၊ သမာပတ္တိဘေဒေါ-သမာပတ္တိဘေဒတည်း။

စ-နိဂုံးကား၊ ဝိပဿနာကမ္မဋ္ဌာနနယော-ဝိပဿနာကမ္မဋ္ဌာန်းနည်းသည်၊ နိဋ္ဌိတော-ပြီးပြီ။

၂။ သံဃပဋိမာနန= သံဃာက မျှော်လင့်စောင့်ဆိုင်းသည့်အခါ "အခေါ်မလာမီ သမာပတ်မှ ထအံ့"ဟု ဆင်ခြင်ခြင်း၊

၃။ သတ္ထုပက္ကောသန= "ဘုရားရှင် ခေါ်တော်မူလိုသည့်အခါ အခေါ်မလွတ်မီ သမာပတ်မှ ထအံ့"ဟု ဆင်ခြင်ခြင်း၊

၄။ အဒ္ဓါနပရိစ္ဆေဒ= မိမိအသက်ရှည်ရာကာလကို ပိုင်းခြားခြင်း။

ဤပုဗ္ဗကိစ္စကို ပြုပြီးသောအခါ ကာမဇော မနောဒွါရဝီထိတို့ ဖြစ်သည်၊ ထို့နောက် နေဝသညာနာသညာယတနစျာန်ကို ဝင်စားရသည်၊ စျာန်ဇော ၂-ကြိမ်အဆုံးမှာ စိတ်အစဉ်ပြတ်စဲသည်၊ စိတ်အစဉ်ပြတ်လျှင် စေတသိက်နှင့် စိတ္တဇရုပ်များလည်း ဖြစ်ခွင့် မရှိတော့ပါ၊ ဤသို့ စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းခြင်းကိုပင် "နိရောဓသမာပတ် ဝင်စားသည်"ဟု ခေါ်သည်။

၇၄။ နိရောဓသမာပတ်မှထသောအခါ အနာဂါမ်ပုဂ္ဂိုလ်မှာ အနာဂါမိဖိုလ်ဇော တစ်ကြိမ်ဖြစ်သည်၊ ရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ်ဇော တစ်ကြိမ် ဖြစ်သည်၊ ထို့နောက် ဘဝင်ကျသည်၊ ဘဝင်နောက်မှာ ပစ္စဝေက္ခဏာဝီထိဖြစ်သည်။

http://www.dhammadownload.com

၇၅။ ပန–တိုက်တွန်းဦးအံ့၊ သာသနေ–ဗုဒ္ဓမြတ်စွာ သာသနာတော်၌၊ ပဋိပတ္တိရသဿာဒံ–ပဋိပတ္တိအရသာ, သာယာဖွယ်တောင်း, စျာန်ချမ်းသာဖိုလ်ချမ်းသာ ၂–ပါး အပေါင်းကို၊ ပတ္ထယန္တေန–လိုလားတောင့်တသော ပုဂ္ဂိုလ်သည်၊ ကုစ္ဆေဝံ–ဤဆိုအပ်ပြီးသောအစဉ်ဖြင့်၊ ဥတ္တမံ–မွန်မြတ်သော၊ ဘာဝနာဒွယံ–သမထ,ဝိပဿနာ ဘာဝနာ ၂–ပါးအပေါင်းကို၊ ဘာဝေတဗ္ဗံ–ဖြစ်စေအပ် ဖြစ်စေထိုက်၏။

အဘိဓမ္မတ္ထသင်္ဂဟေ–၌၊ ကမ္မဋ္ဌာနသင်္ဂဟဝိဘာဂေါနာမ–ကမ္မဋ္ဌာနသင်္ဂဟဝိဘာဂမည်သော၊ နဝမော– ၉–ပိုင်းတို့၏ ပြည့်ကြောင်းဖြစ်သော၊ ပရိစ္ဆေဒေါ–အပိုင်းသည်၊ ဣတိ–ပြီးပြီ။

ဥယျောဇဉ်

၇၅။ ဗုဒ္ဓမြတ်စွာ သာသနာတော်၌ စျာန်ချမ်းသာ, ဖိုလ်ချမ်းသာတို့သည် သာယာဖွယ်အကောင်းဆုံးသော ချမ်းသာများ ဖြစ်ကြသည်၊ မှန်ကန်သော ပဋိပတ်အရသာများလည်း ဖြစ်ကြသည်၊ ယင်း "စျာန်ချမ်းသာ, ဖိုလ်ချမ်းသာ" ၂–ပါးကို လိုလားတောင့်တသော ပုဂ္ဂိုလ်သည် ဆိုခဲ့ပြီးသော အစဉ်ဖြင့် "သမထ, ဝိပဿနာ" ဘာဝနာ ၂–ပါးကို ပွားများရမည်၊ အားထုတ်ရမည်။

လေ့ကျင့်ခန်း မေးခွန်းများ

၁။ သမထ, ဝိပဿနာ,ဘာဝနာတို့၏သဘောကို ပြဆို၍ ကမ္မဋ္ဌာန်း၏သဘောအဓိပ္ပာယ်ကိုလည်း ပြပါ။

၂။ စရိုက်၏သဘောအဓိပ္ပာယ်ကို ပြ၍ စရိုက်အပြားကိုလည်း ရေတွက်ပြပါ။

၃။ အနုဿတိ ၁၀–ပါးတွင် ရှေ့ရှစ်ပါး၌သာ "အနု"သဒ္ဒါပါ၍ နောက်နှစ်ပါး၌ "အနု" သဒ္ဒါ မပါရခြင်း၏ အကြောင်းကို သိသာအောင် ပြပါ။

၄။ အပွမညာ၏ သဘောကို ပြ၍ အပွမညာ ၄–ပါးကိုပင် ဗြဟ္မဝိဟာရ–ဟု ခေါ်ရခြင်းအကြောင်းကိုလည်း ပြပါ။

၅။ အာနာပါနဿတိနှင့် သင့်တော်သောပုဂ္ဂိုလ်ကို ပြ၍ ဗုဒ္ဓစရိုက်ရှိသူအား သင့်တော်သော ကမ္မဋ္ဌာန်းကိုလည်း ပြပါ။

၆။ အလုံးစုံသောသူတို့အား သင့်တော်သောကမ္မဋ္ဌာန်း, ဗုဒ္ဓါနုဿတိစသော အနုဿတိ ၆–ပါးနှင့် သင့်တော်သော ပုဂ္ဂိုလ်တို့ကို ပြပါ။

၇။ ဥပစာရဘာဝနာတိုင်အောင်သာ ရောက်နိုင်၍ အပွနာဘာဝနာသို့ မရောက်နိုင်သော ကမ္မဋ္ဌာန်း၊ ဥပစာရဘာဝနာသို့လည်းရောက်နိုင်, အပွနာဘာဝနာသို့လည်း ရောက်နိုင်သော ကမ္မဋ္ဌာန်းများကို ခွဲခြားပြပါ။

http://www.dhammadownload.com

၈။ ရူပစျာန် ၅-ပါးလုံးကို ရစေနိုင်သော ကမ္မဋ္ဌာန်း၊ ပထမစျာန်မျှကိုသာ ရစေနိုင်သော ကမ္မဋ္ဌာန်း၊ ပထမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်ကို ရစေနိုင်သော ကမ္မဋ္ဌာန်း၊ ပဉ္စမစျာန်ကို ရစေနိုင်သော ကမ္မဋ္ဌာန်းတို့ကို ခွဲစိတ်ဝေဖန်ပြပါ။

၉။ အရူပါဝစရစျာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်းများကို အာရမဏိကနှင့် ယှဉ်တွဲစပ်ဟပ်ပြပါ။

၁၀။ အပွနာသို့ရောက်စေနိုင်သော ကမ္မဋ္ဌာန်းများကို ပညတ်,ပရမတ် ခွဲခြားပြပါ။

၁၁။ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်တို့ကိုရနိုင်သော ကမ္မဋ္ဌာန်းများကို ဖော်ပြ၍ ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့၏ သဘောအဓိပ္ပာယ်ကိုလည်း ရှင်းလင်းပြပါ။

၁၂။ ပဋိဘာဂနိမိတ်ကို ရသင့်သောကမ္မဋ္ဌာန်း, မရသင့်သောကမ္မဋ္ဌာန်းတို့ကို အကြောင်းယုတ္တိသွင်း ရှင်းပြပါ။

၁၃။ ရူပါဝစရပထမစျာန် ဖြစ်ပေါ်လာသည့်တိုင်အောင် နိမိတ်နှင့် ဘာဝနာတို့ ဖြစ်ပေါ်လာပုံကို ပြည့်စုံအောင် ပြပါ။

၁၄။ ပထမစျာန်ရပြီးလျှင် အထက်စျာန်များကိုရအောင် အားထုတ်ရပုံ အစီအစဉ်ကို ပြပါ။

၁၅။ အဝသေသသု ပန အပွမညာ-စသောစကားရပ်၌ အဝသေသ၏အပါဒါန်နှင့် အဝသေသ-အရတို့ကို ပြပါ။

၁၆။ ရူပါဝစရပဉ္စမစျာန်ကို ရပြီးသည့်နောက် အရူပစျာန်များကို တစ်ခုပြီးတစ်ခု ရလိုက အားထုတ်ရမည့်အစီအစဉ်များကို ပြပါ။

၁၇။ အဘိညာဉ်ဖြစ်ပုံကို အစီအစဉ်သာမန်အားဖြင့် သိသာရုံမျှ ပြ၍ အဘိညာဉ်အပြားကိုလည်း အဓိပ္ပာယ်နှင့် တွဲစပ်ပြပါ။

၁၈။ ပဌာန်းပါဠိတော်၌ အဘိညာဉ် ၇-ပါး ဟောထားပါလျက် အဘယ်နည်းအဘယ်ပုံဖြင့် အဘိညာဉ် ၅-ပါးသာ ဖြစ်လာရပါသနည်း ရှင်းပြ၍ အဘိညာဉ် ၆-ပါး ဖြစ်လာရပုံကိုလည်း ပြပါ။

၁၉။ ဝိမောက္ခနှင့် ဝိမောက္ခမုခတို့၏ သဘောအဓိပ္ပာယ်ကို သိသာရုံ ပြပါ။

၂၀။ စတုပါရိသုဒ္ဓိသီလ၏ အဓိပ္ပာယ်နှင့် သီလဝိသုဒ္ဓိဖြစ်ပုံကို ပြပါ။

၂၁။ စိတ္တဝိသုဒ္ဓိဖြစ်ပုံ, ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ, ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ပုံတို့ကို ပြပါ။

၂၂။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ အစီအစဉ်ကို သိသာရုံမျှ ရှင်းလင်းပြပါ။

၂၃။ ကလာပသမ္မသန, အဒ္ဓါသမ္မသန, သန္တတိသမ္မသန, ခဏသမ္မသန-နည်းတို့ဖြင့် သုံးသပ်ပုံများကို သိသာရုံပြ၍ ယင်းသို့သုံးသပ်သောဉာဏ်၏ အမည်ကိုလည်း ပြပါ။

၂၄။ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာပုံနှင့် ယင်းဉာဏ်၏ ရှေ့ပိုင်းမှာ ဖြစ်ပေါ်လာတတ်သော ဝိပဿနုပက္ကိလေသတရားများကို လိုရင်းအဓိပ္ပာယ်နှင့် ယှဉ်တွဲပြပါ။

၂၅။ ဝိပဿနုပက္ကိလေသတရားများ ဖြစ်ပေါ်လာသည့်အခါ အဘယ်ပုံဆင်ခြင်သုံးသပ်ရမည်နည်း။

http://www.dhammadownload.com

၂၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပေါ်လာပုံကို ပြ၍ ယင်းဝိသုဒ္ဓိ၏ အဓိပ္ပာယ်ကို ရှင်းလင်းပြပါ။

၂၇။ ဝုဋ္ဌာနဂါမိနီဝိပဿနာဟု အဘယ်ကိုခေါ်ကြောင်းပြ၍ အဘယ်ကို အထွတ်အထိပ်သို့ ရောက်သောအခါ သင်္ခါရုပေက္ခာဉာဏ်ခေါ်ရကြောင်းကိုလည်း ပြပါ။

၂၈။ ပရိကမ်, ဥပစာ, အနုလုံနှင့် ဂေါတြဘုစိတ်တို့၏ အာရုံကိုပြ၍ ဂေါတြဘုမည်ပုံကိုလည်း ပြပါ။

၂၉။ ကိစ္စ ၄-ချက်ကို တစ်ပြိုင်နက် ပြီးစေလျက် မဂ်စိတ်ဖြစ်ပေါ်လာပုံကို ထင်ရှားအောင်ပြ၍ ဖိုလ်စိတ်များ ဖြစ်ရပုံကိုလည်း ပြပါ။

၃၀။ ပစ္စဝေက္ခဏာဉာဏ်ဟု အဘယ်ကိုခေါ်ကြောင်းပြ၍ ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်ကိုလည်း ရေတွက်ပြပါ။

၃၁။ အဘယ်ကို ဉာဏဒဿနဝိသုဒ္ဓိခေါ်ရသည်ကို ပြ၍ ဉာဏဒဿနဝိသုဒ္ဓိ၏ သဘော အဓိပ္ပာယ်ကိုလည်း ပြပါ။

၃၂။ ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ်စဉ် ၁၀-ပါးကို သင့်တော်သလို ယှဉ်တွဲစပ်ဟပ်ပြပါ။

၃၃။ မဂ်၏ သုညတဝိမောက္ခ၊ အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတဝိမောက္ခ-အမည်ရပုံကို အသီးအသီး ပြ၍ မဂ္ဂဝီထိ၌ ဖိုလ်၏အမည် ၃-မျိုးရပုံကိုလည်း ပြပါ။

၃၄။ ဖလသမာပတ္တိဝီထိ၌ ဖိုလ်စိတ်တို့ သုညတဝိမောက္ခ-စသည် မည်ပုံကို ရှင်းလင်းပြပါ။

၃၅။ အာရုံနှင့်စပ်၍ဖြစ်စေ, မိမိသဘောနှင့်စပ်၍ဖြစ်စေ မဂ်ဖိုလ်တို့ သုညတဝိမောက္ခမည်ပုံကို သိသာအောင် ပြပါ။

၃၆။ သောတာပန်ပုဂ္ဂိုလ်က အကြွင်းမဲ့ပယ်သော အကုသိုလ်၊ တစ်စိတ်တစ်ဒေသပယ်သော အကုသိုလ်၊ လုံးဝမပယ်သော အကုသိုလ်တို့ကို ခွဲခြားဝေဖန်ပြပါ။

၃၇။ ဧကဗီဇီ, ကောလံကောလ, သတ္တက္ခတ္တုပရမသောတာပန်တို့၏သဘောကို ပြပါ။

၃၈။ သကဒါဂါမိမဂ်က ပယ်အပ်သော ကိလေသာတို့ကို ပယ်ပုံ အခြင်းအရာနှင့် တကွပြ၍ သကိဒေဝ အာဂန္တွာ၌ အဘယ်ဘုံမှလာ၍ ဤကာမဘုံ၌ ပဋိသန္ဓေ နေရကြောင်းကိုလည်းပြပါ။

၃၉။ အနာဂါမိမဂ်ဖြင့် ပယ်သောတရားကို ပြ၍ အနာဂါမ်မည်ကြောင်းကိုလည်း ပြပါ။

၄၀။ အရဟတ္တမဂ်ဖြင့် ပယ်သောကိလေသာတို့ကို ပြ၍ ရဟန္တာ၏ ဂုဏ်ကိုလည်း ပါဠိသာဓကသွင်း၍ ပြပါ။

၄၁။ နိရောဓသမာပတ်ကို ဝင်စားနိုင်သော ပုဂ္ဂိုလ်နှင့် နိရောဓသမာပတ်ဝင်စားပုံ အစီအစဉ်ကို ပြပါ။

၄၂။ ဗုဒ္ဓမြတ်စွာသာသနာတော်၌ စာနာချမ်းသာနှင့်ဖိုလ်ချမ်းသာကို အလိုရှိသူတို့ ပွားများအားထုတ်ရမည့် တရားတို့ကိုပြပါ။

ကမ္မဋ္ဌာန်းပိုင်း ပြီး၏။

http://www.dhammadownload.com

ကျမ်းပြီးနိဂုံး

(က) စာရိတ္တသောဘိတဝိသာလကုလောဒယေန,
သဒ္ဓါဘိဝုမုပရိသုဒ္ဓဂုဏောဒယေန၊
နမ္မဒ္ဓယေန ပဏိဓာယ ပရာနုကမ္ပံ,
ယံ ပတ္ထိတံ ပကရဏံ ပရိနိဋ္ဌိတံ တံ။

(က) စာရိတ္တသောဘိတဝိသာလကုလောဒယေန–စာရိတ္တကြွယ်, လွန်တင့်တယ်၍, ကြီးကျယ်မျိုးရိုး, ပွားတိုးသက်ဆင်း, ဖြစ်ပွားရခြင်းလည်း ရှိပေသော၊ သဒ္ဓါဘိဝုမု ပရိသုဒ္ဓဂုဏောဒယေန–သဒ္ဓါတိုးပွား, စင်ကြယ်သော ဂုဏ်အများတို့၏, မြင့်မားတိုးတက်ခြင်းလည်း ရှိပေထသော၊ နမ္မဒ္ဓယေန–နမ္မအမည်ရှိသော ဒါယကာသည်၊ ပရာနုကမ္ပံ–သူတစ်ပါးအား, သနားကြင်နာ, ကရုဏာကို၊ ပဏိဓာယ–စိတ်ဝယ်သွင်းမှု, အရင်းပြု၍၊ ယံ ပကရဏံ–အကြင်အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းကို၊ ပတ္ထိတံ–ရေးသားဖို့ရန်, ရွေးရွေတောင်းပန်အပ်ခဲ့ပါပြီ၊ တံ ပကရဏံ–ထိုအဘိဓမ္မတ္ထ သင်္ဂြိဟ်ကျမ်းသည်၊ ပရိနိဋ္ဌိတံ–လုံးစုံဝန်းကျင်, ပြီးစီးအောင်မြင်ခဲ့ပါပြီ။

နမ္မမည်သောဒါယကာသည် အကျင့်စာရိတ္တအားဖြင့် အလွန်တင့်တယ်သည်၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသောမျိုးရိုးမှ သက်ဆင်းဖြစ်ပွားလာသူလည်းဖြစ်သည်၊ တိုးတက်သော သဒ္ဓါတရားလည်း ရှိသည်၊ စင်ကြယ်ပေါများ တိုးပွားသော သူတော်ကောင်းတို့၏ ဂုဏ်နှင့်လည်း ပြည့်စုံသည်။

ထိုသို့ အမျိုးဂုဏ်, အကျင့်ဂုဏ်နှင့်ပြည့်စုံသည့် နမ္မမည်သောဒါယကာက **အဘိဓမ္မာ** အရာ၌ တွေဝေနေသော ရဟန်းရှင်လူများကို တွေ့မြင်နေရသည့်အခါမှာ ထိုသူများအပေါ်၌ သနားကြင်နာ ကရုဏာသက်ဝင်လာသည်၊ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းကို ရေးသားစီရင်ပေးပါမည့်အကြောင်း အကျွန်ုပ်(အရှင်အနုရုဒ္ဓါ)ထံ လာရောက် တောင်းပန်သည်။

ဤသို့ နမ္မမည်သော ဒါယကာ တောင်းပန်သဖြင့် ဤအဘိဓမ္မတ္ထ သင်္ဂြိဟ်ကျမ်းကို ရေးသားစီရင်လာခဲ့ရာ ယခုအခါ လုံးဝ ပြီးစီးအောင်မြင်ခဲ့ပါပြီ။

http://www.dhammadownload.com

အာသီသပတ္ထနာ

(ခ) ပုညေန တေန ဝိပုလေန တု မူလသောမံ,
ဧညာ ဓိဝါသ မုဒိတော ဒိတ မာယုဂန္ဆံ၊
ပညာဝဒါတ ဂုဏသောဘိတလဒ္ဓိ ဘိက္ခူ,
မညန္တု ပုညဝိဘဝေါဒယ မင်္ဂလာယ။

(ခ) တု-တောင့်တချက်ကို ပြဆိုဦးအံ့၊ ဝိပုလေန-ကြီးကျယ်များပြား, လွန်တိုးပွားသော၊ တေန ပုညေန-ကျမ်းဂန်ပြုစု, ထိုကောင်းမှုကြောင့်၊ ပညာဝဒါတဂုဏသောဘိတလဒ္ဓိ-မင်္ဂပညာ၏ စင်ကြယ်ကြောင်း, သီလအစရှိသော ဂုဏ်အပေါင်းဖြင့် တင့်တယ်သည့်, လဒ္ဓိသူတော်ကောင်း ဖြစ်ကုန်သော၊ ဘိက္ခူ-အဆက်ဆက်ထွန်းပေါ်, ရဟန်းတော်တို့သည်၊ ဧညာဓိဝါသံ-ဘုန်းရှိသူတို့၏သာ, နေထိုင်ရာလည်းဖြစ်ပေသော၊ ဥဒိတောဒိတံ-အလွန်ထင်ပေါ်, အကျော်အမော်လည်းဖြစ်ပေသော၊ မူလသောမံ-မူလသောမ, မည်ရဂဲ့ချီး, ကျောင်းတိုက်ကြီးကို၊ အာယုဂန္ဆံ-ယုဂ်လေးကြိမ်သုဉ်း, ကမ္ဘာဆုံးသည့် တိုင်အောင်၊ ပုညဝိဘဝေါဒယမင်္ဂလာယ-ကောင်းမှုစည်းစိမ်, အရှိန်ပွားတိုး, မင်္ဂလာအကျိုးငှာ၊ မညန္တု-အမြဲမပြတ်, အမှတ်ရကြပါစေကုန်သတည်း။

အကျွန်ုပ်တို့၏ နေထိုင်ရာ ဤမူလသောမ ကျောင်းတိုက်ကြီးသည် သာမည ကျောင်းတိုက်ကြီးမျိုးမဟုတ်ပါ၊ ဘုန်းရှင်ကံရှင် သမ္ဘာရှင်တို့၏သာ နေထိုင်ရာ ဖြစ်ပါသည်၊ ဤသီဟိုဠ်ကျွန်း၌ အကျော်ကြားဆုံး ကျောင်းတိုက်လည်း ဖြစ်ပါသည်။

အကျွန်ုပ်သည် ဤအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းကို ရေးသားစီရင်သည့်အတွက် ကြီးကျယ်များပြားလှစွာသော ကုသိုလ်ကောင်းမှုကို ရရှိပါသည်၊ ထိုကုသိုလ်ကောင်းမှုကြောင့် နောင်အဆက်ဆက် ပေါ်ထွန်းလာသော ရဟန်းတော်တို့သည် အရိယာမင်္ဂပညာ၏ စင်ကြယ်ကြောင်း သီလအစရှိသော ဂုဏ်အပေါင်းဖြင့် တင့်တယ်သည့် လဒ္ဓိသူတော်ကောင်းချည်းဖြစ်ကြ၍ အကျွန်ုပ်တို့၏ နေထိုင်ရာ မူလသောမကျောင်းတိုက်ကြီးကို ကမ္ဘာဆုံးသည့် တိုင်အောင် ကုသိုလ်ကောင်းမှုတို့၏ တိုးပွားရာ မင်္ဂလာအောင်မြေအလို့ငှာ အမြဲမပြတ် အမှတ်တရ စောင့်ရှောက်ရစ်ကြပါစေ။

အနုရုဒ္ဓါစရိယေန-အနုရုဒ္ဓါ မြတ်ဆရာသည်၊ ရစိတံ-ရေးသားပြုပြင် စီရင်အပ်သော၊ အဘိဓမ္မတ္ထသင်္ဂဟနာမ-အဘိဓမ္မတ္ထသင်္ဂဟမည်သော၊ ပကရဏံ-ကျမ်းသည်၊ ဣတိ-ပြီးပြီ။

http://www.dhammadownload.com

အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး

၏

နိဂုံး

နိဋ္ဌာပိတာ ဘိဓမ္မတ္ထ–သင်္ဂဟဿ စ ဝဏ္ဏနာ၊
တာယူပတ္ထမ္ဘိတာ ကိ ံ န , လဘေယျုံ ပဝရံ ဝရံ။

စ–ကျမ်း၏အဆုံး, ကမ္ဘတ်ဖုံး၍, နိဂုံးစကား, မြွက်ဆိုကြားပါဦးအံ့၊ မယာ–နက်ကျယ်လွန်စွာ, ဘိဓမ္မာကို, လေ့လာသူများ, သိဉာဏ်ပွားအောင်, ကြိုးစားအားထုတ်, အကျွန်ုပ်သည်၊ အဘိဓမ္မတ္ထသင်္ဂဟဿ–သွင်ပြင်တစ်မျိုး, မြင်မရိုးသည့်, နည်းမျိုးစုံပြွမ်း, အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၏၊ ဝဏ္ဏနာ–အနက်ပြည့်ကြွယ်, အဓိပ္ပာယ်ဆောင်ပုဒ်, သရုပ်ဖေ်ား, သွင်းထား ပေါင်းကာ, အဘိဓမ္မတ္ထသင်္ဂဟပန်းကုံးတည်းဟူသော အဖွင့် သံဝဏ္ဏနာကို၊ နိဋ္ဌာပိတာ–ချီးကျူးစရာကုံလုံ, ဆည်းပူးစရာအဖုံဖုံဖြင့်, နည်းစုံဖြန့်ဝေ, ပြီးဆုံးစေခဲ့လေပြီ။

တာယ–နည်းထူးများမြတ်, ဆည်းပူးသွတ်၍, ပြုအပ်သေချာ, ထို အဘိဓမ္မတ္ထသင်္ဂဟပန်းကုံးတည်းဟူသော အဖွင့်သံဝဏ္ဏနာသည်၊ ဥပတ္ထမ္ဘိတာ–အနက်ဖြင့်တစ်သွယ်, အဓိပ္ပာယ်ဖြင့်တစ်နဲ့, သရုပ်ခွဲဖြင့်တစ်တန်, အဖန်ဖန် အထပ်ထပ်, ထောက်ပံ့ကူညီအပ်ကုန်သော သူတို့သည်၊ တစ်နည်း= တာယူပတ္ထမ္ဘိတာ–ထိုအဘိဓမ္မတ္ထ, သင်္ဂဟပန်းကုံး, မှည့်ထုံးမကွာ, သံဝဏ္ဏနာ၏, သေချာကျန, အကူအညီကို ရရှိကြသူတို့သည်၊ ပဝရံ–နိုင်ငံအတွင်း, ပြိုင်စံကင်းအောင်, အောင်ခြင်းမြင့်မြတ်, ပထမကျော်တည်းဟူသော ဆုလာဘ်ကိုလည်းကောင်း၊ ဝရံ–ငယ်လတ်ကြီးတန်း, ရည်ရွယ်မှန်းတိုင်း, အောင်ခန်းအောင်မှု, အောင်မြင်ခြင်းတည်းဟူသော ဆုကိုလည်းကောင်း၊ ကိ ံ န လဘေယျုံ–ကူညီဟန်ကလည်း လမ်းမှန်, အကူခံကလည်း စွမ်းသန်ပါလျှင်, ဝန်းရံများစွာ, ကောင်းကျိုးတွေ လာတတ်ပါ၍, အဘယ်မှာလျှင် မရတုံဘဲ ရှိကြပါတော့မည်နည်း?၊ လဘေယျုံ ဧဝ–မြေကြီးလက်ခတ်, မလွဲတတ်သို့, မချွတ်သေချာ, ရကြရာတော့သည်သာတည်း။

http://www.dhammadownload.com

အရှင်ကုမာရ၏ကျမ်းစာများ

၁။ အလက်ာပန်းကုံး
၂။ မာတိကာ မာတုကထာပန်းကုံး
၃။ ယမကပန်းကုံး ပထမတွဲ,
၄။ ယမကပန်းကုံး ဒုတိယတွဲ
၅။ ပဋ္ဌာန်းပန်းကုံး
၆။ ကဗျာအုတ်မြစ်စနစ်သစ်
၇။ အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး
၈။ မြောင်းမြဆရာတော် သာသနာဘယ်လိုပြုခဲ့သလဲ
၉။ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း
၁၀။ ဗုဒ္ဓအလိုတော်ကျ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး
၁၁။ ဝိနယသင်္ဂဟ အဋ္ဌကထာပန်းကုံး (မရိုက်ရသေး)
၁၂။ ဓမ္မပဒ ပန်းကုံး(ပထမတွဲ-ရိုက်ပြီး)
၁၃။ မာတွတ္ထပန်းကုံး(မရိုက်ရသေး)

http://www.dhammadownload.com

ပါရဂူဓမ္မစာပေ

၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်

နှင့်

၂၈၂၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်

၌

ရရှိနိုင်သည့် စာအုပ်များ

ပထမရွေးကျင်ဆရာတော်ဘုရားကြီး

စူဠသီသကောဝါဒနှင့် မဟာသီသကောဝါဒကျမ်း	၁၈၀ ကျပ်

စစ်ကိုင်းတောင်ရိုးရွှေဟင်္သာဆရာတော်ဘုရားကြီး

မဟာသတိပဋ္ဌာန်တရားတော်	၂၀၀ ကျပ်
အဒမရိကန်ခရီးသွားမှတ်တမ်း	၅၀၀ ကျပ်

http://www.dhammadownload.com

အမရပူရမဟာဂန္ဓာရုံဆရာတော် အရှင်ဓနကာဘိဝံသ

တစ်ဘဝသာသနာ	၅၀၀ ကျပ်
ကိုယ်ကျင့်အဘိဓမ္မာ	၁၂၅ ကျပ်
ဗုဒ္ဓဘာသာသင်ခန်းစာ	၁၂၀ ကျပ်
သိပ္ပံအမြင်နှင့်ဗုဒ္ဓအဘိဓမ္မာအဖြေများ	၂၅ ကျပ်
ဩဝါဒကထာ	၁၅ ကျပ်
မဟာဝါဘာသာဋ္ဌီကာ	၂၃၀ ကျပ်

သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ

ဗောဇ္ဈင်ခုနစ်ပါးတရားမြတ်ရတနာ	၄၀ ကျပ်

အရှင်ကုမာရ

ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း	၁၄၀ ကျပ်
ဗုဒ္ဓအလိုတော်ကျ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး	၂၅၀ ကျပ်
ဓမ္မပဒပန်းကုံး	၂၅ကျပ်

http://www.dhammadownload.com

ပဋ္ဌာန်းသိပ္ပံဆရာတော် အရှင်ဣန္ဒက

ပဋ္ဌာန်းလမ်းညွှန်ကျမ်း	၁၀၀ ကျပ်

ဦးသုခ

ဓမ္မရသ အလှမျိုးစုံ စာမျိုးစုံ	၁၅၀ ကျပ်
အကျော်ဒေးယျဗုဒ္ဓသမီးတော်များ	၆၀ ကျပ်
လောကနီတိ	၁၀၀ ကျပ်
ချယ်ရီအလှ စာအလှ	၉၀ ကျပ်

ဦးရွှေအောင်

ဗုဒ္ဓ–လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်	၃၂၅ ကျပ်
ဓမ္မပဒ ယမကဝဂ်နှင့် ထေရဝါဒအုတ်မြစ်	၇၅ ကျပ်
သောရေယျသူဌေးသားနှင့် ဓမ္မပဒ စိတ္တဝဂ် ဝတ္ထုများ	၄၅ ကျပ်

ပခုက္ကူဦးတင်စိုး

ဗုဒ္ဓ၏ပရိတ်တော် ၃၉ သုတ်	၄၀ ကျပ်
ပုတီးစိပ်နည်းအသွယ်သွယ်	၃၀ကျပ်

http://www.dhammadownload.com

ပါရဂူဓမ္မစာပေ

မှ

ဆက်လက် ထုတ်ဝေမည့် စာအုပ်များ

အမရပူရမဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ
သူတော်ကောင်းလက္ခဏာ
ဩဝါဒကောက်နုတ်ချက်များ
အနာဂတ်သာသနာရေး

ဦးမာနိတသီရိ
ပထမရွှေကျင်ဆရာတော်

စာတမ်းရှင်များ
ရွှေကျင်ရာပြည့် စာတမ်းများ

အရှင်ကုမာရ
ဓမ္မပဒပန်းကုံး (ပ၊ဒု၊တ) ပေါင်းချုပ်

ဦးသုခ
ရာမခရစ်ရှနာပုံပြင်များ
သုခမှတ်စု
သုခဝတ္ထုတိုများ
စိတ်ဆိုသောစိတ်နှင့် ဝဠုနာဒီပနီ

ဦးရွှေအောင်
ဗုဒ္ဓလောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်(ဒုတိယတွဲ)

U Shwe Aung
Buddha- the Peerless Leader Of The World
(Translated by U Hla Maung)